www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
* အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်ရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာအုပ် ၁၉

# သခင်ဘသောင်း

# လောကနိဗ္ဗာန်

THE FALL OF TITAN BY IGOR GOUZENKO

ကျော့်မွေး
အမှတ် (၁၂-ခ)၊ တတိယအလွှာ၊ စက်တွင်းလမ်း
ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၀၅၇၇၉၁

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၂၀၇၁၂၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၂၄၃၀၂၀၉
ပုံနှိပ်ခြင်း ပထမအကြိမ်၊ ရန်ကုန်၊ ဗမာ့ခေတ်သတင်းစာ
ပတွဲ ၁၉၅၆၊ ဒုတွဲနှင့် တတိယအတွဲ ၁၉၅၇
ဒုတိယအကြိမ်၊ ပ ၃ တ စုပေါင်းပုံနှိပ်ခြင်း ၂၀၁၀၊ ရှုလိုင် 'ကျော်မွေး'
အုပ်ရေ ၅၀၀
ကွန်ပြူတာစာစီ ဝင်းဝင်းရွှေ
မျက်နှာဖုံး မှတ်သုန်
အတွင်းဖလင် 'ပုံရိပ်ရှင်' အောင်ဇော်
ထုတ်ဝေသူ ဒေါ်သင်းသင်းမွန်၊ သင်းစာပေ
အမှတ်(၁၀) ရတနာမြိုင်လမ်း၊ ၁၂ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
မျက်နှာဖုန်းနှင့် အတွင်းပုံနှိပ်မုံရွေးစာပေ၈၀/ ခသုံလွင်လမ်း ဗဟန်းမြို့နယ် ရန်ကုန်
စာအုပ်ချုပ် ကိုမြင့်
တန်ဖိုး **၅၀၀၀ ကျပ်**

ဘသောင်း၊ သခင် ၈၉၃.၈၃
လောကနိဗ္ဗာန်/ သခင်ဘသောင်း။ – ရန်ကုန်။
သင်းစာပေ၊ ၂၀၀၉။
၆၅၀–စာ၊ ၁၃ × ၂၀ စင်တီ။
(၁) လောကနိဗ္ဗာန်

## ဘာသာပြန်သူ၏နိဒါန်း

ကမ္ဘာကျော်ဝတ္ထုမျိုးကို ရေးနိုင်သောပုဂ္ဂိုလ်မျိုးသည် ရာလိုက်ထောင်လိုက် ပေါ်မျိုးမဟုတ်။ မတစ်ထောင်တစ်ကောင်ဖွား ပေါ်မျိုးသာဖြစ်သည်။

၁၉၁၇–ခုနှစ် ကွန်မြူနစ်လက်နက်ကိုင်တော်လှန်ရေးကြီးမပေါ်မီ ဇာဘုရင်များ ကြီးစိုးသော ရုရှပြည်၌ ဒေါက်စတိုယီတ်စကီ၊ တော်လစတွိုင်း စသော ကမ္ဘာကျော်ဝတ္ထုရေး ပုဂ္ဂိုလ်ကြီးများပေါ်ခဲ့ဖူးသည်။

ထိုနည်းတူစွာပင် အင်္ဂလိပ်၊ ပြင်သစ် စသော နိုင်ငံများတွင်လည်း ကမ္ဘာကျော် ဝတ္ထုရေးပုဂ္ဂိုလ်များ ပေါ်ခဲ့ဖူး၏။

၁၉၅၀–ပြည့်နှစ်ဆီလောက်တွင်လည်း ကွန်မြူနစ် ရုရှပြည်ကြီးတွင် ကမ္ဘာကျော်ဝတ္ထုရေး ပုဂ္ဂိုလ်တစ်ဦးပေါ်လာသည်။ သူ့နာမည်ကို အီဂေါ်ပူဇိန်ကိုဟု ခေါ်သည်။

အီဂေါ်ပူဇိန်ကိုသည် ဒေါက်စတိုယီတ်စကီနှင့် တော်လစတွိုင်းတို့၏ စံချိန်ကို မီအောင်ရေးနိုင်သော ဝတ္ထုရေးသမားတစ်ဦးဖြစ်သည်ဟု ဝေဖန်မှုပညာရှင်တို့က ဝန်ခံကြသည်။

ဒေါက်စတိုယီတ်စကီနှင့် တော်လစတွိုင်းတို့သည် ဇာဘုရင်တို့၏ ရုရှပြည်ကို ပတ်ဝန်းကျင်ပြု၍ သူတို့၏ ကမ္ဘာကျော်ဝတ္ထုကြီးများကို ရေးကြသည့်နည်းတူ အီဂေါ်ပူဇိန်ကိုသည်လည်း သူ့ခေတ် ကွန်မြူနစ် ရုရှပြည်ကို ပတ်ဝန်းကျင်ပြု၍ "ပညာရှိကြီး အင်ဦးကျခုံးရပုံ" အမည်ရှိသော ကမ္ဘာကျော် ဝတ္ထုရှည်ကြီးကိုရေးသည်။ ၎င်းဝတ္ထုကြီးသည် ရုရှပြည်၌ "လောကနိဗ္ဗာန်" တည်ဆောက်ခြင်း၏ အကြောင်းရင်းကို ကိုယ်တွေ့ မျက်မြင် စာမင်ခြယ်၍ပြအပ်သော ကိုယ်တွေ့ စာပန်းချီကားကြီးပင်ဖြစ်သည်။

အီဂေါ်ပူဇိန်ကိုသည် ရုရှ လောကနိဗ္ဗာန်ကြီးကို တည်ဆောက်ရာတွင် ကိုယ်တိုင် ပါဝင်ဆောင်ရွက်ရသော လက်ထောက်ဗိသုကာတစ်ဦးလည်းဖြစ်သဖြင့် ၎င်းဝတ္ထုကြီးကို "ငါတွေ့ရုရှ" ဟု ခေါ်မည်ဆိုလျှင်ပင် ခေါ်နိုင်သည်။ အီဂေါ်ပူဇိန်ကိုက

www.burmeseclassic.com

www.burmeseclassic.com



သူ့ဝတ္ထုကြီးကို ရုရှတော်လှန်ရေး၏ ရှေ့ပြေးဖြစ်သော စာရေးဆရာကြီး မိခေဝိုရင်ကို စာတ်ဆောင်အဖြစ် ထား၍ "ပညာရှိကြီးတစ်ဦးကျဆုံးရပုံ"ဟု နာမည်ပေး၍ ထားသော်လည်း၊ သူ၏ဆိုလိုရင်း အာသီသမှာ ကွန်မြူနစ် ရုရှပြည်ကြီး၌ ဖြစ်ပျက်နေသော အခြင်းအရာများကို အချိုးကျကျ၊ စကေးမှန်မှန်၊ ပန်းချီမျက်စီ ပါစပက်တစ်ဝင်အောင် ဖော်ပြလိုခြင်းဖြစ်သဖြင့် ထိုအာသီသနှင့် လျော်ကပ်ပတ်လိမ့်မည်ဟု သဘောရသော "လောကနိဗ္ဗာန်"အမည်ကို ပေးလိုက်ပါသည်။

ထို့ကြောင့် ဤ "လောကနိဗ္ဗာန်"ဝတ္ထုကြီးသည် အီဂေါ်ဂူဇိန်ကို၏ "ပညာရှင်ကြီးတစ်ဦးကျဆုံးရပုံ"ဝတ္ထုကြီးပင်ဖြစ်သည်ကိုလည်း စာဖတ်ပရိသတ်တို့သိစေလိုပါသည်။

အီဂေါ်ဂူဇိန်ကိုသည် ရုရှ လောကနိဗ္ဗာန်ကြီးကိုတည်ဆောက်ရာတွင် ကိုယ်တိုင်ကိုယ်ကျ ပါဝင်တည်ဆောက်ခဲ့သော ဓိသုကာအမြောက်အမြားအနက် တစ်ဦးအပါအဝင်ဖြစ်ခဲ့သော်လည်း၊ ဤဝတ္ထုကြီးကို ရေးသည့်အချိန်တွင် လောကနိဗ္ဗာန်ကြီး၌ မပျော်ပိုက်သဖြင့် ကနေဒါပြည်သို့ သွားရောက်ခိုလှုံ၍ နေရသူတစ်ဦးအဖြစ်သို့ရောက်၍နေပါသည်။

ဤဝတ္ထုကို အီဂေါ်ဂူဇိန်ကို ရေးသောအချိန်တွင် ၁၉၅၃-ခုနှစ်၊ မတ်လ ၅ ရက်နေ့က ကွယ်လွန်ခဲ့သော ရုရှ အာဏာရှင် စတာလင်အား သူနှင့်လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော ဗူလဂင်နင်၊ ခရုယှက် စသော ယခုလက်ရှိ ရုရှ ကွန်မြူနစ်ခေါင်းဆောင်ကြီးတို့က လူသတ်သမားကြီး၊ တစ်ကိုယ်ကောင်းအာဏာရှင်သမားကြီးဖြစ်သည်ဟု အတိအလင်း ကမ္ဘာသိကမ္ဘာကြား မစွပ်စွဲမပုတ်ခတ်ကြသေးပါ။

"လောကနိဗ္ဗာန်"ဝတ္ထုကြီးထဲတွင် ဗေရီးယား၊ စတာလင်၊ မိုရိုရှိုလောက်စသော ရုရှ ကွန်မြူနစ်ခေါင်းဆောင်ကြီးတို့၏ အကြောင်းနှင့်ပတ်သက်၍ တင်ကြို၍ ဟောစာတမ်းထုတ်သည့် နိမိတ်ဖတ်ချက်များပါရှိသဖြင့် ထိုနိမိတ်ဖတ်ချက်များကို စတာလင်ကို ရှုတ်ချပြီးသည့်နောက်အဖို့တွင် ထင်ရှား၍လာသောအချက်များနှင့် နှိုင်းယှဉ်၍ကြည့်ခြင်းအားဖြင့် အီဂေါ်ဂူဇိန်ကို၏ နိမိတ်ဖတ်ချက်များမှန်ကန်နေသည်ကိုသိနိုင်ပါသည်။

၁၉၄၁-ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီးသို့ ရုရှပြည်က ဝင်လာသောအချိန်တွင် အီဂေါ်ဂူဇိန်ကိုမှာ အသက် ၂၂-နှစ်အရွယ်ရှိ၍ မော်စကိုမြို့က ဓိသုကာတက္ကသိုလ်တွင် အနုပညာနှင့်ဓိသုကာအတတ်ကို တတိယနှစ်ကျောင်းသားအဖြစ်နှင့် သင်လျက်ရှိသည်။ ဓိသုကာတက္ကသိုလ်တွင် အမှတ်အများဆုံးရသဖြင့် အီဂေါ်ဂူဇိန်ကိုအား မော်စကိုမြို့ရှိ စစ်ဘက်သတင်းထောက်လှမ်းရေး တက္ကသိုလ်သို့ ပို့လိုက်သည်။ ထိုကျောင်းမှ လက်ဖတင်နင်ဗိုလ်အတန်းနှင့် စာမေးပွဲအောင်၍ ထွက်လာပြီးနောက် အီဂေါ်ဂူဇိန်ကိုအား ၁၉၄၃-ခုနှစ်တွင် ကနေဒါပြည်၊ ရုရှသံရုံးလျှို့ဝှက်စာရေးခြင်းဌာနတွင် စာရေးတော်ကြီးအဖြစ်ဖြင့် ရုရှ အစိုးရက ခန့်ထားလိုက်သည်။

အီဂေါ်ဂူဇိန်ကိုသည် ၁၉၄၃ ခုနှစ်တွင် လောကနိဗ္ဗာန်၏ အလုပ်များကို ငြီးငွေ့လာသဖြင့် ကနေဒါပြည်တွင် ခိုလှုံရရန် ကနေဒါအစိုးရထံသို့ ခွင့်တောင်းသည်။



ထိုအချိန်ကစ၍ အီဂေါ်ဂူဇိန်ကိုမှာ ထရော်စကီအား စတာလင်၏ လူများက တွေ့ဆီကိုပြည်တွင် လိုက်၍ တူနှင့်ထုသတ်လိုက်သလို၊ ရုရှတို့၏ လုပ်ကြံခြင်းကို မခံရလေအောင် နာမည်လည်း လူသိမပေး၊ နေရာလည်း လူသိမပေးဝံ့ဘဲ ကနေဒါမြင်းစီးရဲတို့၏ အစောင့်အရှောက်ဖြင့် ယနေ့တိုင်ပုန်းအောင်း၍နေရသည်။

သူ့ဇနီးမှာ သူနှင့်ဓိသုကာတက္ကသိုလ်တွင် ကျောင်းနေဖက်ဖြစ်သော ဆွက်တလာနာဂူဆိတ်ခေါ် ရုရှသူဖြစ်သည်။ သူတို့ ဇနီးမောင်နှံတွင် ကနေဒါပြည်ရောက်မှ မွေးသော ကလေးနှစ်ယောက်ရှိသည်။ အီဂေါ်ဂူဇိန်ကို၏ ဝတ္ထုကိုဖတ်ရသောအခါ ရုရှစာရေးဆရာကျော်၊ အမေဝတ္ထုရေးသူ မက္ကဆင်ဂေါ်ကီကိုသွား၍ သတိရကြမည်သာဖြစ်သည်။

အီဂေါ်ဂူဇိန်ကို ဝတ္ထုမှာ ကမ္ဘာကျော်ဝတ္ထုကြီးဖြစ်သည်ဟု ဝေဖန်မှုပညာရှင်များက ရက်ရက်ရောရော ချီးမွမ်းကြသည်။ ဤဘာသာပြန်ချက် "လောကနိဗ္ဗာန်"မှာ ဘယ်လိုနေမည်နည်း။ အဖြေကို ဘာသာပြန်သူက မပေးနိုင်။ ဖတ်သူများကသာ ပေးရလိမ့်မည်။

ဘာသာပြန်ဆိုသည်မှာ ပန်းထိုးထည်ကို အတွင်းဘက်မှ ပြခြင်းသာဖြစ်သည်ဟု အချို့ဆရာတို့က မိန့်ကြသည်။ အချို့ဆရာတို့ကလည်း၊ ဘာသာပြန်ကောင်းလျှင် ဝင်ကိုယ်ဉာဏ်နှင့်ရေးသော မူရင်းကျမ်းတစ်မျိုးပင်ဖြစ်သည်ဟု ဆိုကြသည်။

ဤသို့ ပညာရှိများ သဘောကွဲလွဲနေသောအချက်တွင် ဤဘာသာပြန်သူက ညည်ကဲ့သို့မျှ ဝင်၍ ထင်မြင်ချက်မပေးလို၊ သို့ရာတွင် သူ့အဖို့ ပြောရမည်ဆိုလျှင် သူ၏ဘာသာပြန်ချက်ကို ဖတ်ရသူတို့ ကြိုက်မည် မကြိုက်မည်ဟု အသေအချာ မပြောနိုင်သော်လည်း ဘာသာပြန်ရသောအလုပ်သည် ချွေးထုတ်ဆေး မသောက်ရဘဲနှင့် ချွေးဖြိုင်ဖြိုင်ကျသော အလုပ်ဖြစ်သည်ဟုသာ ပြောလိုပါသည်။

၁၉၅၆ ခုနှစ် အောက်တိုဘာလ ၅ ရက် သောကြာနေ့ကစ၍ လောကနိဗ္ဗာန်ဝတ္ထုရှည်ကြီးကို ဗမာ့ခေတ်သတင်းစာဖတ် ပရိသတ်များစ၍ ဖတ်ကြရလိမ့်မည်ဖြစ်ပါသဖြင့် မိမိတို့ကိုယ်တွေ့ ကောင်းသည် မကောင်းသည်ကို သိကြရပါလိမ့်မည်။

ဤဝတ္ထု၌ပါသော အချက်အလက်များ မှန်ခြင်း မမှန်ခြင်းမှာ ဘာသာပြန်သူ၏ တာဝန်မဟုတ်ဘဲ၊ မူလဝတ္ထုရေးရင်း အီဂေါ်ဂူဇိန်ကို၏ တာဝန်သာဖြစ်ပါသည်။ မြန်မာလို ပြန်ရာ၌ ဖတ်၍ အဓိပ္ပာယ်ပေါ်မပေါ်၊ ရှင်းမရှင်းသာလျှင် ဘာသာပြန်သူ၏ တာဝန်ဖြစ်ပါသည်။ ဤအချက်နှင့်ပတ်သက်၍ အလိုအပိုမရှိစေရအောင် ဘာသာပြန်သူက သတိကြီးစွာထား၍ ပြန်လိုက်ပါသည်။ သို့ပင်ဖြစ်သော်လည်း ဤဝတ္ထုကို လုံးစေ့ပတ်စေ ပြန်ခြင်းမဟုတ်ဘဲ စာမျက်နှာတိုအောင် ချန်၍ရသော အချက်များကို အနည်းငယ်ချန်၍ ပြန်ခြင်းဖြစ်သည်ကိုလည်း စာဖတ်ပရိသတ်တို့ သိစေလိုပါသည်။

သခင်ဘသောင်း

ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း-၂၂၂

၂-၁၀-၅၆

www.burmeseclassic.com

## သခင်ဘသောင်း

(၁၉ဝ၁-၁၉၈၁)

၁၉ဝ၁ ဖေဖော်ဝါရီ ၇ ကြာသပတေးနေ့တွင် နတ်မောက်မြို့ ပွေးချိုင်ဒိုင် ဖုန်ကုန်းရွာ၌ ဖွားသည်။ အဖဦးမြစ်၊ အမိဒေါ်လေးခင်တို့ဖြစ်သည်။ ဖခင်မှာ သီပေါမင်းလက်ထက် နန်းတွင်းလက်ဘက်ရည်တော်၊ တောင်တွင်းတော်တွင်းကြီးစစ်ကဲ၊ အင်္ဂလိပ်လက်ထက်မြို့အုပ်ဖြစ်သည်။ မွေးချင်းသုံးယောက်တွင် အကြီးဆုံးဖြစ်သည်။ အမည်ရင်း ခေါင်ဘသောင်းဖြစ်သည်။

၁၉၂၀ ပြည့်နှစ် ပထမအကြိမ် ကျောင်းသားသပိတ်တွင် မန္တလေးကျောင်းသားခေါင်းဆောင်အဖြစ် ဆောင်ရွက်သည်။ သပိတ်ကိုယ်စားလှယ်အဖြစ် ရန်ကုန်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ ၁၀ တန်းစာမေးပွဲကို ရာသက်ပန် သပိတ်မှောက်၍ ဝံသာနုနိုင်ငံရေးလောက ဝင်ရောက်ခဲ့သည်။

မန္တလေး၊ ရွှေဘို၊ ပုသိမ်မြို့များ၌ အမျိုးသားကျောင်းဆရာအဖြစ် ဆောင်ရွက်သည်။ ၁၉၂၁ နိုဝင်ဘာတွင် ဗြိတိသျှအိမ်ရှေ့စံ ဝေလမင်းသား မန္တလေး အလာ ဦးဆောင်ဆန္ဒပြ၍ ထောင်ဒဏ်ချမှတ်ခံရသည်။ ၁၉၂၄-၂၅ ရန်ကုန် နယူးဘားမား အင်္ဂလိပ်သတင်းစာလက်ထောက်အယ်ဒီတာ။ ကင်းဝန်မင်းကြီး လ/ထ ပိဋကတ်တိုက်မှူး။ ၁၉၂၈-၃၁ ဂန္ထလောကမဂ္ဂဇင်း မြန်မာပိုင်းအယ်ဒီတာ။ ၁၉၃၀-၃၁ ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းဌာန ဘာသာပြန်နည်းပြအဖြစ် ဆောင်ရွက်သည်။

၁၉၃၀ မေလတွင် တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သည်။ သခင်အမည်ကို ပထမဦးဆုံးခံယူသည်။ ၁၉၃၀-၃၄ တို့ဗမာအစည်းအရုံး အတွင်းရေးမှူး။ ၁၉၃၃ တွင် ရွှေဘိုဒိုင်အာခီ ကြားဖြတ်ရွေးကောက်ပွဲကို ဝင်ရောက်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။ ရွေးကောက်ပွဲအပြီးတွင် ရွှေဘိုအရေးပိုင်၏ ပုဒ်မ ၁၄၄ ကိုဖီဆန်၍ ထောင်ဒဏ်သုံးလကျသည်။ ၁၉၃၄ တွင် တို့ဗမာ အစည်းအရုံး ရန်ပုံငွေရှာဖွေရေးအတွက် အခြားခေါင်းဆောင်များနှင့် သဘောကွဲလွဲသည်။ ၁၉၃၆ တွင် ငွေတုလုပ်မှုဖြင့် ထောင်ကျခဲ့သည်။ ထောင်မှထွက်လာပြီးနောက် စာရေးဆရာအဖြစ် အသက်မွေးဝမ်းကျောင်းပြုသည်။ စစ်ပြီးနောက် တို့ဗမာအစည်းအရုံး ရန်ကုန်စီရင်စု ဒု-ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။ ၁၉၅၃ တွင် ကွန်မင်တေတာ အင်္ဂလိပ်သတင်းစာအယ်ဒီတာ။ ၁၉၅၉-၆၀ တွင် မြန်မာနှင့်ကမ္ဘာစာစောင် အယ်ဒီတာအဖြစ် တာဝန်ယူ၍ စာရေးဆရာအဖြစ် အသက်မွေးသည်။ ၁၉၆၀ ရွေးကောက်ပွဲတွင် နတ်မောက်အရှေ့ပိုင်းမဲဆန္ဒနယ်မှ တသီးပုဂ္ဂလအမတ်လောင်းအဖြစ် ယှဉ်ပြိုင်အရွေးခံရာ ရှုံးနိမ့်ခဲ့သည်။

၁၉၁၈- စတန်းကျောင်းသားဘဝမှာပင် မန္တလေးဗဟိုရ်စည်သတင်းစာ၊ နယူးဘားမား အင်္ဂလိပ်သတင်းစာများတွင် စာစတင်ရေးသားခဲ့သည်။ ၁၉၂၇ တွင် ဂန္ထလောကဘာသာပြန်ပြိုင်ပွဲ၌ ငါးကြိမ်ဆက်တိုက် ပထမရခဲ့သည်။ ၁၉၂၉-၃၀ တွင် ကမ္ဘာ့ရာဇဝင်ချုပ်ဘာသာပြန်ဖြင့် ဝေလမင်းသား ဆုငွေတစ်ထောင်ကျပ်ရသည်။ ၁၉၅၉-၆၀တွင် 'ကမ္ဘာပတ်လည်ရက်ရှစ်ဆယ်'ဖြင့် ယူနက်စကိုဘာသာပြန်ဆုရသည်။ သခင်ဘသောင်း၊ မိုးကြိုးဒေါက်တာဂုံမင်း-ကလောင်အမည်များဖြင့် စာအုပ် ၄၀ ကျော် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာရေးသားခဲ့သည်။ ၁၉၃၀ ဝန်းကျင်တွင် ဒေါ်ကြင်နှင့်အိမ်ထောင်ကျသည်။ ပထမအိမ်ထောင်ပျက်ပြီးနောက် ဒေါ်သန်းကြည်နှင့် ထပ်မံအိမ်ထောင်ကျ၍ သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။ ၁၉၈၁ မေ ၂၁ ရက်နေ့တွင် ကွယ်လွန်သည်။

## အပိုင်း ၁

### အခန်း(၁)

ဒရို့သည် ပါမောက္ခ ဖီယိုဒိုနိုဗီကောက်ကို မျက်ရိပ်မျက်ခြည်ပြ၍ သူ့နောက်သို့လိုက်ရန် ခေါ်ပြီးနောက် မလှမ်းမကမ်းမှ စောင့်၍နေသည်။ ပါမောက္ခ နိုဗီကောက်သည် ဒရို့ခေါ်ရာ ခေါင်းမြစ်ဘက်ဆီသို့ နောက်ယောင်ခံ၍ လိုက်သွားသည်။ နခိချိုပောဖန်ဆိပ်သို့ ရောက်သောအခါ ဒရို့က နိုဗီကောက်အား ချုံပုတ်များဖုံးကွယ်နေသဖြင့် လူသူလေးပါး မမြင်နိုင်သော ချောင်းဝကလေးရှိရာသို့ လိုက်ခဲ့ရန် အချက်ပေးလိုက်သည်။ ထိုနေရာတွင် စင်ရော်ငှက်များမှတစ်ပါး အခြားသတ္တဝါများ ဘာမျှမရှိ။

ပါမောက္ခ နိုဗီကောက်ရောက်လာသောအခါ ဒရို့က သူ့စိတ်တွင် အနှောင့်အယှက်ဖြစ်သော အမူအရာဖြင့် "တွေ့ဖို့ချိန်းတဲ့ နေရာကတော့ဖြင့် တကယ့်ကိုမကောင်းတဲ့ နေရာပဲ"ဟုပြောသည်။

ထိုအခါ နိုဗီကောက်က ဒရို့၏မျက်နှာကို အကဲခတ်ရင်း ကြည့်၍ "မှန်တာပဲ။ ဒီနေရာမှာ ငါ့ကို သိတဲ့လူ အင်မတန်များသည်"ဟု တည်တည်ကြီး ပြောသည်။

ဒရို့သည် အသက်ငါးဆယ်ကျော်ခန့်ရှိပြီး၊ နားသယ်တွင် ဆံပင်များဖြူ၍နေပြီ။ သူ၏ပြည့်ပြည့်ဝဝရှိသော မျက်နှာလည်း အသားဆုတ်ယုတ်ခါစဖြစ်သည်။ အရပ်အမောင်းမှာ မနိမ့်မမြင့်ဖြစ်သည်။ သူ၏ စိမ်းလဲ့လဲ့ရှိသော မျက်စိများမှာ တည်ကြည်၍ ငြိမ်သက်သောအခြင်းအရာရှိသည်။ သူသည် ပါတီဝင် သို့မဟုတ် အစိုးရဘက်တွင် အလုပ်လုပ်သူတို့နည်းတူ စစ်ဝတ်စစ်စားဆန်ဆန် အဝတ်ကိုဝတ်သည်။ ခါးတွင် စစ်ခါးပတ်ကိုလည်း ပတ်ထားသည်။ သူ့အသွင်မှာ ပါတီဝင်အလတ်တန်းစား အသွင်မျိုးဖြစ်သည်။ သူ့မျက်နှာထားမှာ သူတို့အရာရှိထုံးစံအလိုက် တင်းမာပြီးလျှင် ထူးခြားသောတန်ခိုးရှိသည့်ပုံ ပေါက်နေသည်။ သူ့ကို အကဲခတ်ရသည်မှာ အမိန့်ဩဇာပေးနေကျပုံပေါက်၍ သူ့ကို ပြန်ပြီးဆင်ခြေပေးလျှင် ကြိုက်ပုံမရ။

ဒရို့သည် အချိန်ဖြုန်းမနေဘဲ နိုဗီကောက်အား သူနှင့်တွေ့ရန် ချိန်းရသည့်ကိစ္စကို ပွင့်ပွင့်ကြီးပြောသည်။ "ငါ ဘုတာရုံက တောက်လျှောက်လာခဲ့သည်။ ဒီမြို့ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သင်က လွဲရင် ငါတွေ့ဖို့ လူတစ်ယောက်ပဲရှိသည်။ အဲဒီလူကို တွေ့ပြီးရင် မနက်ဖြန်ခါပဲ မော်စကိုမြို့ကို ငါ ပြန်မည်။ အခု သင်နှင့်ငါ ပြောမည့်ကိစ္စကို သင်နှင့်ငါ နှစ်ယောက် ကလွဲပြီး ဘယ်သူမှမသိဘူး။ အယ့်နယ်လည်း သဘောပေါက်ရဲ့လား။

နိုဗိကောက်က သဘောပေါက်ကြောင်း ခေါင်းညိတ်ပြသည်။

ဒရို့က သူ့အိတ်ထဲမှ ငွေစီးကရက်ဘူးကို ထုတ်၍ စီးကရက်တည့်သည်။ နိုဗိကောက်သည် စီးကရက်တစ်လိပ်ကို လှမ်းယူရင်း သူ့လက်က အနည်းငယ်တုန်နေသည်ကို တွေ့သဖြင့် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ဒရို့က ""ထပ်ယူပါဦး။ ဒါဟာ မော်စကို စီးကရက်၊ ဒါမျိုး ဒီမှာ မရနိုင်ဘူး""ဟု ပြောသည်။

နိုဗိကောက်သည် စီးကရက် လေးငါးခြောက်လိပ် နှိုက်ယူပြီးလျှင် သောက်ဖို့ တစ်လိပ်ကိုချန်ထား၍ ပိုသမျှအိတ်ထဲသို့ ထည့်လိုက်သည်။ နိုဗိကောက်သည် ""စီးကရက်ကို သောက်ရာတွင် တစ်ရှိုက်ပြီးတစ်ရှိုက် ဆက်ခါရှိုက်၍ သောက်နေသဖြင့် သူ၏ စိတ်ထဲတွင် ချောက်ချား၍နေသည့်အဖြစ်ကို ဒရို့က ရိပ်မိသည်။ နိုဗိကောက်သည် အပြင်ပန်းဟန်လုပ်ကောင်းသော်လည်း အတွင်းစိတ်တွင် ငြိမ်သက်ခြင်းမရှိလှ။ ဒရို့က စီးကရက်တစ်လိပ်ကို မီးညှိပြီး နိုဗိကောက်အား ""သင်လုပ်ရမည့်အလုပ်ဟာ တော်တော် ခက်ပြီး တော်တော်တာဝန်ကြီးတယ်နော်။ သင်ဟာ အလုပ်သင်ခါစလူ မဟုတ်ဘူး ဆိုတာလည်း ငါ သိပါတယ်။ အရင်က ငါတို့နှင့် လုပ်ခဲ့ဖူးတဲ့လူဆိုတာလည်း ငါ သိပါတယ်။ဒါပေမယ့် ယခုပြောရတာက အရင်က သင်လုပ်ခဲ့ဖူးတဲ့ အလုပ်တွေဟာ အခုလုပ်ရမယ့် အလုပ်နဲ့စာရင် ကလေးကစားတဲ့ အလုပ်မျိုးလောက်ပဲ ရှိလိမ့်မည်။ အခု သင် ဆက်ဆံရမည့် လူဟာက ယီးတီးယားတား လူမဟုတ်ဘူး၊ တကယ့် အဓိကရ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပဲ""ဟု ပြောသည်။

""ဒီ လူက ဘယ်သူလဲ""ဟု နိုဗိကောက်က မေးသည်။

""တခြားလူမဟုတ်ပါဘူး။ စာရေးဆရာကြီး မိခေဂိုရင်လေ""ဟု ဒရို့က ပြန်ပြော ပြီး၊ ဒရို့သည် မိခေဂိုရင်နာမည်ကို ကြားလိုက်သည့်အခါတွင် နိုဗိကောက် ငည်ကဲ့သို့ဖြစ်၍ သွားသည်ကို အကဲခတ်၍နေသည်။

နိုဗိကောက်က အံ့အားသင့်သော အမူအရာဖြင့် ""စာရေးဆရာကြီး မိခေဂိုရင်လား၊ သူဘာဖြစ်လို့လဲ""ဟု ဒရို့ကိုမေးသည်။ နိုဗိကောက်က မိမိကို အရေးကြီးသော ကိစ္စများကိုသာ ခိုင်းလေ့ရှိသဖြင့် ဤကိစ္စတွင် မိခေဂိုရင်သည် တစ်စုံတစ်ခုဖြစ်နေပြီဟု တွေးမိသည်။ ထို့ကြောင့် နိုဗိကောက်သည်အတော်ပင် အံ့အားသင့်၍သွားသည်။ ဂိုရင်သည် ထင်ရှားကျော်ကြားသော ရုရှ စာရေးဆရာကြီးလည်းဖြစ်သည်။ ပါတီကလည်း ရုရှစာကောင်းစာညွှန့်တို့၏ ဖခင်ကြီးဖြစ်သည်ဟု အသိအမှတ်ပြုထား သူလည်း ဖြစ်သည်။ သူ၏စာများကို ကမ္ဘာပေါ်ရှိ ခပ်သိမ်းသော ဘာသာရပ်များသို့ လည်း ဘာသာပြန်၍ယူကြရသည်။ ရုရှ တော်လှန်ရေးသမား အဆက်ဆက်နှင့် အခြား တိုင်းပြည်က တော်လှန်ရေးသမားများလည်း သူ၏စာများကိုသာ မှီငြမ်းပြုကြရသည်။



ဂိုရင်သည် လီနင်နှင့် အလွန် ချစ်ကျွမ်းဝင်သူလည်း ဖြစ်သည်။ လီနင်မရှိသည့်နောက် စတာလင်ပေါ်လာတော့လည်း စတာလင်နှင့် အင်မတန် ချစ်ကျွမ်းဝင်သူဖြစ်သည်။ အယုတ်သဖြင့်ဆိုသော် ဆိုဗီယက်လမ်းညွှန်စာအုပ်များက ထိုကဲ့သို့ဖော်ပြကြသည်။ ယခု ကိစ္စမှာ ဂိုရင်ကိစ္စဆိုလျှင် ဘယ်နည်းနှင့်မှ မဖြစ်နိုင်။ ဒရို့က သူ့ကို လှောင်နေပြီထင်သည်။

သို့ရာတွင် ဒရို့သည် မျက်နှာထားတည်တည်နှင့် ပြောနေသဖြင့် လှောင် ပြောင်နေခြင်းမဟုတ်သည်မှာ ထင်ရှားသည်။ ဒရို့က ဂိုရင်ဟာ မကြာဘူး ကိုးရိုးကားရား လုပ်တော့မည်။ အဲဒါကို ပိုလစ်ဗျူရို(ကြိုးကိုင်)အဖွဲ့က သိနေပြီ။ ပါတီက လယ်ယာ စုပေါင်းထွန်ယက် လုပ်ကိုင်ရေးကို အတင်းအကြပ် လုပ်တော့မည်ဆိုတာကို သိတဲ့အချိန် တစပြီး ဂိုရင်က အဲဒီလို အတင်းအကြပ်လုပ်မှာကို သူမကြိုက်သည့်အကြောင်းကို အမြဲပြောပြပြီး သူနှင့်နီးစပ်သည့် မိတ်ဆွေများကျတော့ သူ ဒေါသဖြစ်သည့်အကြောင်း တောင် ပြောပြနေသည်။ ဂိုရင် ဒီလိုလုပ်နေတာမျိုးကို ပါတီက ကြည့်နေနိုင်မှာ မဟုတ်ဘူး။ အရေးမကြီးတဲ့ လူတစ်ယောက်ယောက်က ဘာပြောနေနေ ကိစ္စမရှိဘူး။ ဒါပေမယ့် ဂိုရင်လို ရောမ ပုဂ္ဂိုလ်ကြီးတစ်ယောက်က ဆူဆူပူပူလုပ်နေမည်ဆိုလျှင်တော့ အစိုးရက အရေးယူပြီး တစ်ခုခုတော့လုပ်ရမှာပဲ။

""တိုတိုပြောရမည်ဆိုလျှင်တော့ ပိုလစ်ဗျူရိုက ဂိုရင်ကို အခုအချိန်ထိ ပါတီကို ထောက်ခံလာခဲ့သလို ဆက်ပြီးထောက်ခံစေချင်သည်။ အခုလို အခက်အခဲနှင့် ကြုံတွေ့ နေရတဲ့ အချိန်ကြီးမျိုးမှာ ပါတီရဲ့ ဝါဒကို ဂိုရင်က ထောက်ခံသည်ဆိုလျှင် ရုရှပြည်တွင်း အတွက်သာမဟုတ်ဘူး၊ အခြားပြည်များအတွက်လည်း အင်မတန် တန်ဖိုးရှိမည်။ ဂိုရင် ဟာ လူသတ္တဝါတွေအပေါ်မှာ ချစ်ခင်ကြင်နာစိတ်ရှိသည်ဆိုတာ အားလုံးကပဲသိကြ သည်။ ငါတို့ဟာ လေမရှိရင် နေလို့မဖြစ်နိုင်သလိုပဲ၊ ဂိုရင်လို လူသတ္တဝါတွေကို ချစ်ခင်ကြင်နာစိတ်ရှိသူတစ်ဦးရဲ့ ထောက်ခံချက်မရှိလျှင် နေလို့ဖြစ်နိုင်မှာ မဟုတ်ဘူး။ သူ့ထောက်ခံချက်ရအောင် လုပ်ဖို့ရာဟာ သင့်တာဝန်ပဲ""ဟု ဒရို့က ပြောသည်။ နောက်ဆုံး စကားရပ်ကို ဒရို့ကပြောသည့်လေသံမှာ သူကိုယ်တိုင်က ပြောသည့်အနေမျိုးမဟုတ်ဘဲ၊ အထက်က အာဏာပိုင်ကြီးကြီးတစ်ယောက်ယောက်က အပြောခိုင်း၍ ပြောရသည့် အနေမျိုး သဘောရောက်သည်။ နိုဗိကောက်သည် မိမိ လုံးလုံးမမျှော်လင့်သော စကားများကို ကြားရသဖြင့် တကယ်ပင် တုန်လှုပ်၍သွားသည်။

နိုဗိကောက်က ""ဒီတာဝန်မျိုးကို ငါထမ်းနိုင်မည်လို့ သင်တို့ဘယ်လို ပြောနိုင်သလဲ။ ဂိုရင်ကို စိတ်သဘောပြောင်းအောင် လုပ်ဖို့ဆိုတာကို မပြောပါနှင့် သူ စကားမပြောဘဲနေတာကို ပြောအောင်လုပ်ဖို့ဆိုရင်တောင်မှ အင်မတန်ခက်ပါသည်"" ဟု တုန်တုန်ယင်ယင်နှင့် ပြောသည်။

ဒရို့သည် နိုဗိကောက်ကို ခဏစိုက်၍ကြည့်ပြီးနောက် ""ငါတို့ ခေါင်းဆောင်များ ကတော့ ဒီကိစ္စကို သင်ကလွဲရင် ဘယ်သူမှ ဖြစ်မြောက်အောင်လုပ်နိုင်မယ် မထင်ဘူး""ဟု ပြောသည်။ ဤစကားကို ဒရို့က အင်မတန် လေးနက်စွာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဂိုရင်ကို ငါသိတောင်မှ မသိသေးဘဲနှင့်ဟာပဲ"ဟု နီဗိကောက်က ပြောသည်။

"ဒါကြောင့် သင်နှင့် ပိုပြီး တော်သည်ပြောတာပေါ့။ လူသစ်ဆိုတော့ အကြံဉာဏ်လည်း သစ်မယ် မဟုတ်လား။ ပြီးတော့ ဂိုရင်နှင့်သိဟောင်းကျွမ်းဟောင်း ထဲကဆိုရင် ဒီကိစ္စကို ဘယ်သူမှ ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး"ဟု ဒရိုက ပြောသည်။

နီဗိကောက်က ဆင်ခြေပေးဦးမည် ကြံနေတုန်းတွင် ဒရိုက "ငါ သိပါသည်။ ငါ သိပါသည်။ သင်က ဂိုရင်နှင့် ဘယ်လို အသိမိတ်ဆွေဖြစ်အောင် လုပ်ရမည်ဆိုတာ စိတ်ပူနေတာပါ။ ဒီအတွက် မပူပါနှင့်၊ ငါတို့အားလုံး စီစဉ်ပြီးပါပြီ။ ဂိုရင်နှင့်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက်ဟာ ငါတို့နှင့်လည်း အင်မတန်ရင်းနှီးပါသည်။ အဲဒီမိတ်ဆွေက သင့်ကို ဂိုရင်နှင့် မိတ်ဖွဲ့ပေးပါလိမ့်မည်။ အဲဒီလိုမိတ်ဆွေဖြစ်တဲ့ အချိန်ကစပြီးတော့ သင့်ဟာသင် တော်သလို ကြည့်ပြီးလုပ်ရလိမ့်မည်"

နီဗိကောက်မှာ ဒရိုကစိုက်၍ ကြည့်နေသဖြင့် သူ့ဟာသူ လွတ်လွတ်လပ်လပ် စဉ်းစား၍မရသည့်အတွက် မြစ်ဘက်သို့ မျက်နှာလွှဲ၍နေသည်။ ထိုအခါ ဒရိုက မျက်စောင်းထိုး၍ နီဗိကောက်အား အကဲခတ်သည်။ နီဗိကောက်မှာ အသက် ၃၀ ခန့်သာရှိသေးသည်။ မျက်နှာသွယ်၍ အရုပ်အမောင်း ကောင်းသည်။ ပခုံး ကျယ်သည်။ ပါးရိုး မောက်သည်။ မျက်နှာသွယ်သော်လည်း အသားအရေတင်း၍ ကျန်းမာသည်။ အားခွန်ကောင်း၍ သွက်လက်ပုံရသည်။ မျက်ခွက်အနည်းငယ် ကျယ်၍ ပါးစပ် ဖြောင့်သဖြင့် ကြည့်၍ ကျက်သရေရှိသည်။ ဆံပင်မှာထူ၍ ရှည်ပြီးလျှင် ဦးခေါင်းမှ ကြည့်၍ကောင်းအောင် အစီအရီကျ၍နေသည်။ ဤကား ဒရို့၏ အာရုံ၌ထင်ပေါ်ပုံ ဖြစ်သည်။ အထူးသဖြင့် ကျယ်ပြန့်သော နဖူး၏အောက်ဆွယ် မျက်တွင်းနက်နက်ထဲတွင် သံမဏိရောင်ပေါက်၍နေသော မျက်လုံးနှစ်လုံးကို ဒရို့က သဘောကျသည်။ သူ့ မျက်လုံးများသည် သွက်လက်ချက်ချာသော အသွင်ကိုဆောင်၍ ကြည့်သည့်အခါတွင် တည်ကြည်၍ တည့်မတ်ရိုးဖြောင့်ပုံရသည်။

ဒရိုသည် နီဗိကောက်ကို အကဲခတ်ပြီးနောက် "အင်း ဒီလူတော့ ဟန်မှာပဲ။ ပါးရည်နပ်ရည်ရှိသည်။ ကြွားဝါခြင်းလည်း မရှိဘူး။ ရဲတော့ ရဲသည်။ သို့သော် ရေမြီး အောင်မြင်စရာရှိလျှင် ဒီလိုလူမျိုးပဲ အောင်မြင်တတ်သည်"ဟု ဒရို့တွေးသည်။

နီဗိကောက်က ဒရို၏အကြံကို သိသည့်အလား "ကောင်းပါပြီ၊ ငါ တတ်နိုင်သမျှ ကြိုးစားပါမည်။ ဒါပေမယ့် အောင်မြင်လိမ့်မည်ဟုတော့ ငါ တာဝန်မခံပါ"ဟု ပြောသည်။

ထိုအခါ ဒရို့က "အောင်မြင်ရမည်။ ဒီတော့မှပဲ သင့်အဖို့ ကောင်းမည်။ ပိုလစ်ဗျူရိုကရော ရဲဘော်စတာလင်ကိုယ်တိုင်ကရော အောင်မြင်လိမ့်မည်လို့ မျှော်လင့်ကြတာကိုလည်း သင် သတိပြုစေလိုပါသည်။ ဒီကိစ္စဟာ အထူးလျှို့ဝှက်တဲ့ အစိုးရကိစ္စပါ။ အောင်မြင်လျှင်တော့ သင့်ကိုငါ အများကြီး အားကျမှာပဲ"ဟု ဖြည်းဖြည်းနှင့် လေးနက်စွာ ပြောသည်။



ထိုအခါ နီဗိကောက်စိတ်ထဲက "တကယ်လို့ မအောင်မြင်ရင်ကော" ဟု မေးလိုက် ချင်သည်။ သို့သော် သူ့ကိုယ်ကိုသူ ချုပ်တည်း၍ မမေးဖြစ်ပေ။ တကယ်ဆိုတော့ မအောင်မြင်လျှင် ဘာဖြစ်မည်ကို နီဗိကောက်သည် သူ့ဟာသူ သိပြီးဖြစ်သည်။

⁂ ⁂ ⁂

## အခန်း(၂)

ထိုအချိန်မှာ ရုရှလူမျိုးတို့အဖို့ အင်မတန်ကျပ်တည်း၍နေသော အချိန်ဖြစ်သည်။ ထိုအချိန်တွင် စတာလင်သည် တိုင်းသူပြည်သားတို့၏ အလိုကို ဆန့်ကျင်ကာ အတင်းအကျပ် စုပေါင်းဆောင်ရွက်ရေးကို လုပ်နေသည်။ ထိုအချိန်တွင် တိုင်းသူပြည်သား တို့ တွေ့ကြုံကြရသော ဆင်းရဲမှု၊ ကျပ်တည်းမှု၊ အောက်တန်းကျရမှုတို့မှ ရုရှ သမိုင်းတစ် လျှောက်လုံးတွင် မတွေ့ကြုံဖူးလောက်အောင် ဖြစ်သည်။ ထိုအချိန်သည် စိတ်နှလုံးမချမ်း မြေ့ဖွယ်ဖြစ်သော အချိန်ဖြစ်သည်ကို လူသတ္တဝါတို့သည် မည်သည့်အခါတွင်မျှ မေ့ကြ သိမ့်မည်မဟုတ်။ ထိုအချိန်တွင် လုံးဝ အပြစ်မရှိကြသော ကုဋေကုဋာမျှသော သူတို့မှာ အချို့ ဝေါ်ပြတ်ပြီး သေကြရသည်။ အချို့ သေနတ်နှင့် အပစ်ခံရပြီး သေကြရသည်။ အချို့ အညှဉ်းပန်း အနှိပ်စက်ခံပြီး သေကြရသည်။ အချို့ ချွေးတပ်အဆွဲ ခံကြရသည်။

ထိုအချိန်တွင် ဆိုဗီယက်အစိုးရ၏ အမိန့်အရ နောက်ပေါ်ရုရှပညာတတ် လူတန်းစားတို့သည် လူအများတို့ ဆင်းရဲဒုက္ခဖြစ်ရခြင်းကို စည်းစိမ်သုခ ခံစားနေ ရသည့်ပမာ ဖွဲ့နွဲ့အမွှန်းတင်၍ ရေးကြသည်။ အဆိုပါ ရက်စက်မှုများသည် တရားနှင့် ညီသောအမှုများ ဖြစ်သည်ဟုလည်း အမျိုးမျိုးကြံ၍ အဆိုးကို အကောင်းဖြစ်အောင် ဆင်ခြေပေးကြသည်။ ကုန်ကုန်ပြောရမည်ဆိုလျှင် ဝေါ်ပြတ်နေကြသော တောင်သူလယ် သမားများနှင့် အလုပ်သမား များ၏ နာမည်နှင့်ပင် စတာလင်ထံသို့ သူတို့အပေါ်တွင် စတာလင်က ပြုစုစောင့်ရှောက်သည့်အတွက် ကျေးဇူးတင်ကြောင်း စာရေးကြရသည်။

ထိုကဲ့သို့ အစိုးရအပြစ်ဒဏ်ကို ကြောက်၍ သူ့ထက်ငါ မျက်နှာချိုသွေးကာ အလုအယက် အလိုတော်ရိ လုပ်နေကြသည့်အထဲတွင် အသံတစ်သံ ပျောက်၍နေသည်။ ထိုအသံမှာ မိခေဂိုရင်၏ အသံပင်ဖြစ်သည်။ ဂိုရင်၏ အသံတစ်သံ မပါခြင်းသည် ထောင်ပေါင်းများစွာသော အလိုတော်ရိတို့၏ အသံများကို အချည်းနှီးဖြစ်စေသည်။

ဆိုဗီယက် စာရေးဆရာများအနက် ဂိုရင်မှာ ထူးခြားသူဖြစ်သည်။ ဂိုရင်မှာ အခြားသော စာရေးဆရာများကဲ့သို့ ဆိုဗီယက်အစိုးရက ချီးမြှင့်ထား၍ ကြီးမြင့်နေသူ မဟုတ်။ သူ့အပေါ်တွင် အစိုးရကျေးဇူး လုံးလုံးမရှိ။ အစိုးရအပေါ်မှာသာ သူ့ကျေးဇူးရှိ သည်။ ဂိုရင် စာရေးဆရာအဖြစ်နှင့် နာမည်ကျော်ခဲ့သည်မှာ ရုရှတော်လှန်ရေးကြီး သည်ဆီမှာ နေမှန်းမသိသေးခင်ကပင် ဖြစ်သည်။ လီနင်သည် ဂိုရင်၏ မိတ်ဆွေများတွင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အပါအဝင်ဖြစ်ရခြင်းကို ဂုဏ်ဟုယူဆသည်။ စတာလင်လည်း လီနင်၏ အတုကိုလိုက်၍ သူလည်း ဂိုရင်၏ မိတ်ဆွေတစ်ယောက်ဖြစ်သည်ဟု အများက အထင်ရောက်စေရန် အစွမ်းကုန်ကြိုးစားသည်။ ဂိုရင်နှင့် စတာလင်တို့ တွေ့ဆုံနှုတ်ဆက်သည့်ပုံများကို ဓာတ်ပုံရိုက်၍ ဆိုဗီယက်အစိုးရ ဝါဒဖြန့်ဌာနမှ အကြီးအကျယ်ဝေငှပြီးလျှင် စတာလင်သည် ဂိုရင်နှင့် အင်မတန်ရင်းနှီးသူဖြစ်သည်ဟု အထင်ရောက်စေသည်။ ဝါဒဖြန့်ရန် ဓာတ်ပုံများ မရှိသောအခါတွင် ဂိုရင်နှင့်စတာလင်တို့ လက်ဆွဲနှုတ်ဆက်နေပုံ ပန်းချီကားများကို ရေး၍ဝေငှသည်။ ထိုကားများထဲတွင် ဂိုရင်နှင့်စတာလင်တို့မှာ တစ်ဦးကိုတစ်ဦး ချစ်ခင်စွာကြည့်၍ လက်ဆွဲနှုတ်ဆက်နေပုံများကို ဖော်ပြထားသည်။ ပန်းချီကျော် ချိုလင်ရေးသောကားမှာ ဂိုရင်က သူဖွဲ့သည့် ကဗျာကို ဖတ်နေစဉ် ရဲဘော်စတာလင်နှင့် ရဲဘော်ဗိုရိုရှီလောက်တို့က နားထောင်နေကြဟန် ပုံဖြစ်သည်။ ထိုပန်းချီကားကို စတာလင်၏ အမိန့်အရ ထရက်ကီယာကောက်ပြတိုက်တွင် ဆွဲချိတ်၍ထားသည်။ ထို့ပြင် ထိုကားကို အချပ်ပေါင်း ကုဋေကုဋာကူးပြီးလည်း ဝေငှသည်။

အဘယ်ကြောင့် ထိုကဲ့သို့ ပြုလုပ်ရသည်ဆိုသောအကြောင်းကို ဝေးဝေးလံလံ ဦးရှာဖို့မလို။ ဂိုရင်၏နာမည်မှာ လူသတ္တဝါတို့အပေါ်တွင် ချစ်ခင်ကြင်နာသူဟု အဓိပ္ပာယ်ပေါက်နေသည်။ အရုပ်ဆိုးသော မိန်းမတစ်ယောက်သည် မိမိ၏ အရုပ်ဆိုးခြင်းကို မျက်နှာချေနှင့် ဖုံးဖိထားရန် လိုသည့်နည်းတူ လူသတ္တဝါတို့ကို နှိပ်စက်ညှဉ်းပန်းနေသော စတာလင်အဖို့တွင်လည်း သူ၏ နှိပ်စက်ညှဉ်းပန်းမှုများကို ဖုံးဖိရန်အလို့ငှာ လူသတ္တဝါတို့ကို ချစ်ခင်ကြင်နာသော ဂိုရင်နှင့် မိတ်ဖွဲ့ထားဖို့လိုသည်။

ဂိုရင်သည် စတာလင်ကို ရှောင်၍နေသည်မှာ မကြာသေး။ ပထမတွင် ဂိုရင်က စတာလင်သည် သူတတ်နိုင်သမျှ စေတနာကောင်းနှင့် လုပ်နေသည်ဟု ယုံကြည်ခဲ့သည်။ ရက်စက်ကြမ်းကြုတ်မှုများ၊ မတရားလုပ်မှုများအကြောင်းနှင့် ပတ်သက်၍ သူ၏နားသို့ ပေါက်ကြားလာသော သတင်းများကိုပင် ခေတ်ပြောင်းခေတ်လွှဲအခါတွင် ဟုတ်မှန်စွာ မစဉ်းစားတတ်သော ထိတ်လန့်နေသည့် ပညာရှိပိုင်းက အရမ်းကြောက်ပြီး အော်နေကြသော အသံများသာဖြစ်သည်ဟု ယူဆခဲ့သည်။ ထိုကဲ့သို့ ဂိုရင် ယူဆသည့်အတိုင်း ဆက်လက်၍ ယူဆနေစေရန် စတာလင်က အားပေးသည်။

တစ်နေ့တွင် ဂိုရင်က ရက်စက်ညှဉ်းပန်းမှုများနှင့် ပတ်သက်၍ ကောလာဟလသတင်းများကို ကြားရဖန်များ၍ နားငြီးလာသဖြင့် အကြောင်းမှန်ကိုသိရအောင် ကိုယ်တိုင် ချွေးတပ်စခန်းတစ်ခုသို့ သွား၍ စုံစမ်းကြည့်လိုကြောင်း ပြောသည်။ ထိုအခါ စတာလင်ကိုယ်တိုင်၏ ခွင့်ပြုချက်အရ ပင်လယ်ဖြူဘက် တူးမြောင်းဖောက်နေသော မြောက်ပိုင်းရှိ ချွေးတပ်စခန်းတစ်ခုသို့ ဂိုရင်ကိုယ်တိုင် သွား၍ကြည့်ရန်အတွက် စီစဉ်ပေးသည်။

ထိုချွေးတပ်စခန်းအဝင်ဝတွင် စိမ်းစိုသော သစ်ကိုင်းများစိုက်ထူပြီးနောက် စာတန်းများလည်း ဆွဲထားသည်။ အကြီးဆုံးသောစာတန်းတွင် ဂိုရင်၏ နာမည်ကျော်



ချက် တစ်ခုဖြစ်သော "ကမ္ဘာပေါ်တွင် လူ့ထက် အဖိုးတန်သောအရာ မရှိ" ဟူသော ချက်ကို ရေးထားသည်။

ထိုချွေးတပ်စခန်းတွင်းရှိ လမ်းများကို သဲဖြူများ ခင်းထားပြီးလျှင် အဆောက်အဦများကိုလည်း ထုံးဖြူသုတ်၍ ဆေးများခြယ်ထားသည်။ ဂိုရင်သည် ဗိုရိုရှီလောက်နှင့် အခြားနောက်ပါ အဖော်များနှင့် ပထမအဆောက်အဦတွင်းသို့ ဝင်သွားသောအခါ လောက်အောင် ကျန်းကျန်းမာမာ ဝဖြိုးဖြိုး၊ အဝတ်အစား သန့်သန့်ပြန့်ပြန့်နှင့် တပ်သားများသည် အချို့က ဖဲကစား၍ အချို့က စစ်တုရင်ထိုး၍ နေကြသည်ကို သည်။ ဂိုရင်သည် အင်မတန်ယုံကြည်လွယ်သူဖြစ်သဖြင့် ချွေးတပ်သားများ ဝတ်သည့် အဝတ်အစားများမှာ အစွန်းအပြောက် တစ်ခုမျှမရှိအောင် သန့်ရှင်းဖြူစင်နေသည့် ကိုလည်း သတိမပြုမိ။ ပြီးလျှင် သူတို့ ဖတ်၍နေကြသော စာအုပ်များမှာလည်း တမှ ဝယ်လာသည့် စာအုပ်သစ်များ ဖြစ်နေပုံကိုလည်း သတိမပြုမိခဲ့။

ချွေးတပ်သားတို့သည် အဲ့သည်လောက်ကြီး ဂိုရင်ကို ချီးမြှောက်ရန်အတွက် ပွဲတော်ကျင်းပကြသည်။ ထိုကပွဲတွင် ချွေးတပ်သားတစ်စုက ဂိုရင်စီကုံးသည့် "ဖော်လဂါ က လှေသမားများ" ဆိုသော သီချင်းကို သံပြိုင်ဆို၍ တီးမှုတ်ကြသည်။ ထို့နောက် ည့်ခံပွဲကို စီစဉ်ပေးကြသူတို့မှာ စိတ်အားထက်သန်မှု လွန်သွားသဖြင့် ဂိုရင်ကိုပင် ဆောင် ချွေးတပ်သားအဖြစ် ချီးမြှင့်ဖို့ ကြံကြသည်။ ထိုအကြံကို ဗိုရိုရှီလောက်က ဖက်လှည့်ဖြင့် ဖျက်လိုက်ရသည်။

ဂိုရင်သည် သူ့ကို လိမ်လိုက်သည်ကို လုံးဝမရိပ်မိ။ ချွေးတပ်စခန်းကအပြန် ဂိုရင်က ချွေးတပ်စခန်းများသည် ပညာသင်ပေးရာစခန်းများဖြစ်၍ များစွာ အဖိုးတန် အကြောင်း ဆောင်းပါးတစ်စောင် ရေးလိုက်သည်။ ထိုအခါ စတာလင်ကိုယ်တိုင်၏ ချီးတင်ခြင်းကို ခံရသည်။ သို့ရာတွင် များမကြာမီပင် အကြောင်းတစ်စုံတစ်ခု ပေါက်လာ၍လောမသိ၊ ဂိုရင်သည် ဟုတ်မှန်သည့်အတိုင်း သိမြင်၍လာသည်။ စိတ်ထဲက ဟုတ်မှန်သည်ဟု ထင်နေသောအရာများသည် တကယ်မဟုတ်မှန်သေးဟန် ၍လာသည်။ ဂိုရင်မှာ ယခင်က သူရေးခဲ့သမျှစာများကို မေ့လျော့ပစ်ရန်နှင့် သူ၏ အယူအဆတို့ကို ပြောင်း၍ပစ်ရန် နှစ်လမ်းပင် ရှိတော့သည်။ သို့ရာတွင် ဘယ်နည်းနှင့်မျှ စာများကို သူမေ့လျော့ပစ်၍တော့ မဖြစ်နိုင်တော့ပြီ။ အဘယ်ကြောင့်ဆိုသော် သူ၏ ဝတစ်ခုလုံးကို မေ့ပစ်ရမည့်အဖြစ်သို့ ရောက်မည်ဖြစ်သောကြောင့် ဖြစ်သည်။ သို့ဖြစ် သော် သူ့အယူအဆကို ပြောင်း၍ပစ်လျှင်ကော မဖြစ်နိုင်ဘူးလား။ မဖြစ်နိုင် (သို့) ပြောင်းပစ်ရန်အတွက် သူ၏ ဆင်ခြင်တုံတရား(အသိဉာဏ်)က ခွင့်မပြု၊ လူသတ္တဝါတို့ကို ချစ်ခင်ကြင်နာသူဟူ၍၊ နှလုံးပုပ်မှု၊ ယုတ်မာမှု၊ ရက်စက်ကြမ်းကြုတ်မှုမှစ၍ လောကတွင် ညစ်ညမ်းဆိုးသွမ်းမှုမှန်သမျှကို တိုက်ဖျက်သူဟူ၍၊ နာမည်ကြီးတစ်လုံးနှင့် သူမှာ ဂိုရင်ပင် မဟုတ်ပါလော။ ဂိုရင်သည် သူ၏ ဂုဏ်သတင်းကို မြတ်နိုးသည်။ သူ၏ ဂုဏ်သတင်းကို သူပြန်၍ သစ္စာဖောက်ရမည် ဆိုသောအလုပ်ကို သူ မလုပ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုရင်သည် စဉ်းစား၍ တိတ်ဆိတ်စွာနေသည်။ သူ့ရှေ့မှောက်တွင် တွေ့မြင်၍ နေရသော အမှန်အဖြစ်အပျက်တို့သည် ကြောက်မက်ဖွယ်ကောင်းလှသဖြင့် သူသည် တွေဝေ၍ တစ်စုံတစ်ခု လုပ်ကိုင်ဆောင်ရွက်လိုစိတ် ကင်းပျောက်လျှက်ရှိသည်။ သူသည် ရုရှ တော်လှန်ရေးကြီး မပေါ်မီက ကြောက်ရကောင်းမှန်း သိသူလည်းမဟုတ်။ လွတ်လပ်ခြင်းအတွက်၊ လူတို့၏ ဂုဏ်သရေအတွက် ကြွားကြွားရွရွ စကားများကို ဆိုခဲ့သည်။ သို့ရာတွင် ယခုအခါတွင်မူကား မတရားမင်းနှင့် မျက်နှာချင်းဆိုင်၍ ပျစ်ပျစ်ခါခါ ပြောရဲသော သတ္တိမရှိတော့။ နှုတ်ပိတ်၍သာ နေတော့သည်။

ပိုလစ်ဗျူရို၏အမြင်တွင် ဂိုရင် ဤကဲ့သို့ နှုတ်ပိတ်၍နေခြင်းသည်ပင် ပြစ်မှုကြီးတစ်ခုဖြစ်သည်။ ပိုလစ်ဗျူရိုသည် ဂိုရင်၏ နှုတ်ဖြင့်ထောက်ခံချက်ကို အလိုရှိသည်။ ဂိုရင်က စတာလင်နှင့် ပိုလစ်ဗျူရိုအား ထောက်ခံသည်ကို တိုင်းသူပြည်သားတို့ တွေ့ကြ မြင်ကြရမှ ဖြစ်မည်။ ပိုလစ်ဗျူရို၏ သဘောအရတွင် ဂိုရင် ထိုကဲ့သို့ နှုတ်ပိတ်နေခြင်းသည် ကံကြီးထိုက်သောအပြစ် ရိုင်းပျခြားနားတော်လှန်ပုန်ကန်သော အပြစ်ပင်ဖြစ်သည်။ ပိုလစ် ဗျူရိုသည် စတာလင်၏ စေခိုင်းချက်အရ ဂိုရင်ကိစ္စကို စုံစမ်း၍ ဂိုရင်အား ဆိုဗီယက်အုပ်ချုပ်နည်းကို ဘုန်းတော်ဘွဲ့သီဆိုကြသည့် လူများထဲတွင် တစ်ယောက်အပါအဝင် ဖြစ်အောင် လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

ဂိုရင်ကို သူတို့အလိုသို့ပါအောင် ဘယ်လို လုပ်မည်နည်း။ လူတစ်ယောက်၏ စိတ်၊ လူတစ်ယောက်၏ ဝိညာဉ်ကို ဘယ်ကဲ့သို့ ချုန်းအုပ်မည်နည်း။ ဂိုရင်သည် လူတစ်ယောက် ဖြစ်သည်။ ကျွန်တစ်ယောက် မဟုတ်။ သို့ရာတွင် ပိုလစ်ဗျူရိုလည်း လူကို ကျွန်ဖြစ်အောင် လုပ်ရသည့်ကိစ္စတွင် ဂိုရင်တစ်ယောက်၏ကိစ္စကိုသာ တွေ့ဖူးသည်မဟုတ်။ လူစင်စစ်ကို ကျွန်ဖြစ်အောင်လုပ်သည့်အတတ်တွင် ပိုလစ်ဗျူရိုသည် တစ်ဖက်ကမ်းခတ်တတ်သည်။ ထိုအတတ်သည် အနုပညာအဖြစ်သို့ပင် ရောက်လျက်ရှိပြီ၊ ထိုအတတ်ကို အသုံးပြု၍နေကြသူတို့မှာ အစွမ်းသတ္တိ အလွန်ကောင်းသူများပင် ဖြစ်သည်။

ဤနည်းဖြင့် စတာလင်၏ဗောင်းတော်ညိတ်လိုက်ချက်အရ ဒရို့နှင့်နီဗီကောက်တို့ ဓာတ်ခံပေါ်၌ ပေါ်လာကြခြင်းဖြစ်သည်။ သူတို့သည် လူနာကို ခဲယဉ်းစွာ ခွဲစိတ်၍ ကုရမည့် ဆရာဝန်ကြီးများကဲ့သို့ သူတို့၏အလုပ် အောင်မြင်နိုင်လမ်းကို အေးဆေးစွာ ချိန်ဆ၍ အလုပ်ပြီးမြောက်ဖို့ နည်းလမ်းကိုရွေးချယ်ကြသည်။ သူတို့သည် ဆရာဝန်ကြီးများနည်းတူ အတွေ့အကြုံများ၍ သူတို့အလုပ်ကို သူတို့ ကောင်းစွာနားလည်ကြသူများဖြစ်သည်။ သူတို့အလုပ်ကိုလည်း သူတို့ ဂုဏ်ယူကြသည်။ သူတို့စိတ်ထဲတွင် သို့လော သို့လောမရှိ၊ သူတို့၏ လက်များသည်လည်း ဘယ်အခါမျှမရွံ့။ သူတို့သည် သူတို့၏ ဦးခေါင်းပိုင်ရှင် ယုံမှတ်ကိုးစားသည့်အတိုင်း သူတို့၏အလုပ်ကို သေသပ်စွာ လုပ်၍ပြလိုကြသည်။



သူတို့ဒဏ်ကို ခံရမည့် ဂိုရင်ကား သူတို့၏အကြံကို အရိပ်အမြွက်သော်မျှမသိ။ ထည်ကဲ့သို့မျှ သက်သာမကင်းခြင်းလည်း မဖြစ်။ သူ့ဟာသူ မတွေးတတ်နိုင်အောင်ဖြစ်ကာ စိတ်ဆင်းရဲလျက်ရှိသဖြင့် နှုတ်ပိတ်၍နေသည်။ ထိုအခိုက်တွင် လက်မရွံ့ဆရာကြီးများ သည် သူ၏ဝိညာဉ်ကို ခွဲစိတ်ရန် အသင့်စောင့်လင့်ကာ နေကြသည်။

⁂ ⁂ ⁂

## အခန်း(၃)

ဒရို့နှင့်နီဗီကောက်တို့ စကားပြောနေကြသည်မှာ တစ်နာရီကျော်၍သွားပြီ။

"ကိုင်း ပြောစရာတော့ ကုန်လောက်ပြီထင်ပါရဲ့။ ဒီနေ့ ဂိုရင်နှင့်မိတ်ဆက်ပေးမည့်လူကို သူ့အိမ်မှာ သင်တွေ့လိမ့်မည်။ သူ့နာမည်က ဂလူယက်တဲ့။ သူဟာ ပညာကျော်အဖွဲ့ဝင်တစ်ယောက်ပဲ။ သူ့လိပ်စာကိုလည်း သင့်ကို ပေးပြီးပြီ။ သင့်ကို ငါ ပြောထားတဲ့အတိုင်းပဲ။ သင့်ကိစ္စအတွက် သူ့ကို ဘာမျှ မတိုင်ပင်နှင့်။ ဒီအကြောင်းကို သူ ဘာမျှမသိဘူး။ သူ့တာဝန်က သင့်ကို ဂိုရင်နှင့် မိတ်ဆက်ပေးရုံပဲ။ ဒီပြင် ဘာများ ပြောစရာ ကျန်သေးသလဲ မသိဘူး။ ဪ သတိရပြီ၊ ဂိုရင်ဟာ ဟိုစပ်စပ် ဒီစပ်စပ်လုပ်တာမျိုးကို မကြိုက်ဘူး။ အဲဒါကို သတိထားပါ။ အဲဒါပါပဲ"ဟု ဒရို့က ပြောသည်။

နီဗီကောက်က စကားပြန်မပေးဘဲ ငြိမ်၍နေသည်။ သူ့စိတ်ထဲတွင် သူတို့နှစ်ယောက်ပြောနေကြသော စကားများနှင့်တကွ သူ၏တာဝန်ကြီးကို တစ်ခဏတာမျှ စဉ်စားစေ မမှုပစ်လိုက်ချင်သဖြင့် မြစ်ထဲသို့ဆင်း၍ ရေကူးရန် ကြံ၍နေသည်။ ထိုအခိုက်တွင် သူငယ်ငယ်က မြစ်ထဲသို့ရေလာကူးခဲ့သည်များကို ပြန်၍သတိရသည်။ သူငယ်စဉ်ကဆိုလျှင် အင်မတန် ပျော်စရာကောင်းသည်။ တစ်နေ့လုံး ရေကူးပြီး အချိန်ကုန်မှ အိမ်ပြန်သည်။ ဟိုတုန်းကဆိုလျှင် ဒရို့လည်း မရှိ စိတ်ပူစရာလည်း မရှိ။ တာဝန်လည်း မရှိ။ ခေါင်းမြစ်ကြီးကဲ့သို့ပင် သာယာပျော်ရွှင်စရာချည်း ဖြစ်သည်။

ထို့နောက် သူတို့နှစ်ယောက် တုံးလုံးချွတ်၍ မြစ်ထဲသို့ ရေဆင်းကူးကြပြီးနောက် ပူနွေးသောသောင်ပြင်ပေါ်တွင် အချိန်ကုန်စေရန် လဲလျောင်းနေကြသည်။

ထို့နောက် ဒရို့က "သင့် နေရေးထိုင်ရေးကော ဘယ့်နှယ်နေသလဲ"ဟုမေးသည်။

နီဗီကောက်က မှန်သည့်အတိုင်း မဖြေဘဲနှင့် "တယ် မဆိုးလှပါဘူး"ဟု ဖြေသည်။

ဒရို့က မှန်သည့်အတိုင်း မဖြေမှန်းသိ၍ "ဒါတော့ ဟုတ်တာပေါ့။ အခုနေအိမ်တော့ ခေတ်ကြီးကလည်း ဆိုးသကိုး။ လယ်ယာမြေစုပေါင်း လုပ်ကိုင်ရေးကလည်း ဒုတိယတော်လှန်ရေး လုပ်ရသလောက်ပဲ ဖြစ်နေသည်။ ဒါလည်း အချိန်ကျတော့ ပျောက်သွားမှာပါပဲ။ ဒီမြို့မှာ စားရေးသောက်ရေး အတော်ပဲ ကြပ်မည်ထင်ပါရဲ့။ ဘယ့်နှယ်လည်း ဟုတ်ရဲ့လား" ဟု အလိုက်သင့် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်တော့ နိုဗီကောက်က ''စားရေးသောက်ရေးကတော့ တော်တော်ပဲ ကြပ်ကြပါသည်။ လူတွေလည်း ငတ်ပြီးသေကုန်ကြပြီ''ဟု ပြောသည်။

ဒရို့က ''ဒါကတော့ အရေးမကြီးပါဘူး။ နောက်ထပ် မွေးဖို့လူတွေ အများကြီးကျန်ဦးမှာပေါ့''ဟုပြောသည်။

နိုဗီကောက်က စကားပြန်မပေး။

''သင့် တက္ကသိုလ်က အလုပ်ကကော ဘယ့်နှယ်နေသလဲ။ ငါ ကြားတော့ ရှေးဆလပ်လူမျိုးများအကြောင်းကို ရေးသည့်အတွက် သင် နာမည် အများကြီး ကြီးနေတယ် လို့''ဟု ဒရို့ကပြောသည်။ နိုဗီကောက်က ''နာမည်ကြီးတာကတော့ မကြီးထိုက်ဘဲ ကြီးနေတာပါ''ဟု ပြောသည်။ သို့ရာတွင် သူ့စိတ်ထဲတွင် နာမည်ကြီးသည့်အကြောင်းကို ဒရို့ကသိ၍ ဖွင့်ပြီး ပြောသဖြင့် ဝမ်းသာလျက်ရှိသည်။

ထို့နောက် သူတို့နှစ်ယောက် အဝတ်များ ပြန်၍ဝတ်ပြီးလျှင် ဒရို့က ''ကိုင်း သွားကြစို့။ သင့်အလုပ် အောင်မြင်ပါစေ''ဟု ပြောသည်။

နိုဗီကောက်သည် ဒရို့၏ လက်ကိုဆွဲ၍ နှုတ်ဆက်သောအခါ ဒရို့မှာ ရင်များ ခုန်နေသည်ကိုတွေ့ရသဖြင့် သူရွက်ဆောင်ရမည့် တာဝန်ကြီးမှာ အလွန်ကြီးလေးသည့် အဖြစ်ကို သဘောပေါက်သွားသည်။

ထို့နောက် နိုဗီကောက်သည် ဒရို့ တော်တော်ဝေး၍ ချုံများကွယ်သွားသည့် တိုင်အောင် စောင့်နေပြီးမှ မြို့ဘက်ဆီသို့ ရှေ့ရှုပြန်လာခဲ့သည်။

⁂ ⁂ ⁂

---

## အခန်း(၄)

---

အပြန်တွင် နိုဗီကောက်သည် ခရီးဝေးသော်လည်း ဓာတ်ရထားစီး၍မပြန်။ အစာဝအောင် မစားရ၍ စိတ်တိုနေသူများနှင့် တိုးဝှေ၍လည်း မစီးလို။ ရေချိုးပြီးခါစတွင် ညစ်ပတ်ပေရေသော လူ့ကိုယ်များမှ နံစော်သော ချွေးနံ့များကိုလည်း မခံလို။ ပြီးတော့ မနေ့တ က တွေ့ခဲ့ရသမျှအကြောင်းများကိုလည်း စိတ်အေးလက်အေး စဉ်းစားကြည့်ချင် သေးသည်။ ထို့ကြောင့် သူသည် ခြေလျင်လျှောက်၍ ပြန်ခဲ့သည်။

သင်္ဘောဆိပ်သို့ ရောက်သောအခါ ကျောပေါ်တွင်အဝတ်မရှိ မျက်နှာကလည်း ဆာလောင်မွတ်သိပ်၊ အဝတ်ကလည်းစုတ်ပြတ်နေသည့် ကုန်တင်ကုန်ချ အလုပ်သမားများ ယောက်ယက်ခတ်၍ နေကြသည်ကိုတွေ့ရသည်။ အလုပ်သမားတစ်ယောက်သည် သူထမ်းလာသော ဂုံအိတ်ကိုဖောက်၍ လက်နှင့်နှိုက်မိုးနေသည်ကို သူရာယစ်နေသောအလုပ်သမားခေါင်း ကတွေ့သဖြင့် လိုက်၍ရိုက်ရာ လွတ်အောင်ထွက်ပြေးသွားသည်ကိုလည်း သူမြင်လိုက်ရသည်။

ထို့နောက် နိုဗီကောက်သည် အလုပ်သမားများနေထိုင်ရာ မြို့ဆင်ခြေဖုံးသို့ ရောက်လာသည်။ ထိုအရပ်သည် စက်ဆီများဖြင့် ညစ်ထေးပေကျံနေသည်။ မြက်ပင်



တစ်ပင်မျှလည်း မပေါက်။ မီးသွေးချော်များဖြင့် ဖုံးလျက်ရှိသည်။ ရေကောင်းရေသန့် လည်းမရှိ။ ရေပုပ် ရေသိုး ဗွက်အိုင်များသာရှိသည်။ လေကောင်းလေသန့်လည်း မရ။ မီးသွေးမှုန့်များဖြင့် ဖုံးအုပ်၍နေသည်။ ယောကျာ်းကြီး၊ မိန်းမကြီးများကို အလုပ်သွားနေကြသဖြင့် မတွေ့ရ။ ကလေးများကိုသာ အမြောက်အမြား တွေ့ရသည်။ သူတို့သည် အမှိုက်ပုံများထဲ၌ တူးဆွ၍ အရိုးအရင်းကို လုယက်နေကြသည့် ခွေးလေများ တစ်ကောင်နှင့်တစ်ကောင် ကိုက်ကြသည့်အလား အပြင်းအထန် သတ်ပုတ်လျက် နေကြသည်။ ထိုနေရာတစ်ဝိုက်တွင် ပြုံးရွှင်သော မျက်နှာထားနှင့် လူများကိုမတွေ့ရ။ ချိုသာစွာ စကားပြောသံ ရယ်ရွှင်သံကိုလည်း မကြားရ။ ထိုနေရာသည် ငတ်မွတ်ခြင်းနှင့် ပေရေခြင်း ဘုရင်နှစ်ပါးတို့ ကြီးစိုးရာနေရာဖြစ်သည်။ ငတ်မွတ်ခြင်းသည် လူတို့ကို အတွင်းမှနေ၍ စားပြီးလျှင် ပေရေခြင်းသည် အပြင်မှစားလျက် ရှိသည်။ အလုပ်ရုံများမှ နံစော်သော အနံ့များနှင့် အမှိုက်ပုံများမှ ယင်ကောင်အုပ်ကြီးများ သည် အိမ်ပြတင်းပေါက်များထဲသို့ အစုလိုက် အပြုံလိုက် ဝင်လျက်ရှိသည်။

ဤအခြင်းအရာများသည် နိုဗီကောက်အဖို့တွင် မဆန်းပြားတော့၊ နေ့နှင့်ည ထဲ့သို့ ရှောင်လွှဲ၍မရသော အရာများသာဖြစ်သည်။ သူ့စိတ်ထဲမှ ''လူတွေဟာ အခုကတည်း က ငတ်နေကြပြီ၊ ဆောင်းတွင်းကျလျှင် သူတို့တွေ ဘယ်လိုဖြစ်ကုန်ကြမလဲ''ဟူသော အချက်တစ်ခုကိုသာ စဉ်းစားမိသည်။ လမ်းသွားလမ်းလာများ၏ မျက်နှာများကို ကြည့် ထိုတ်သည့်အခါတွင် ''ငါတို့ အကုန်သေကုန်ကြမှာပဲ''ဆိုသော ကြောက်ဖွယ်ကောင်းသည့် အဖြေကိုပေးနေကြပုံရသည်။

ထိုကဲ့သို့ လူအများဆင်းရဲနေသည်ကို မြင်ရသောအခါ နိုဗီကောက်သည် ကြုတ်သီးမွေးညင်းထ၍ ကြောက်လန့်သော်လည်း မခံမရပ်နိုင်သော စိတ်မဖြစ်။ သူ ကိုယ်တိုင် ကံမကောင်းသည့်တစ်နေ့တွင် ထိုသူများဆင်းရဲသကဲ့သို့ ဆင်းရဲသွားရမည် ကိုလည်း ကြောက်မိသည်။ ထိုအခါမျိုးတွင် သူ ယခုရောက်ရှိနေသော အခြေအနေမှ ဆင်းရဲခြင်းချောက်ထဲသို့ ပြန်၍ လျှောကျမသွားစေရအောင် အထက်တန်းရောက်ဖို့ ကြိုးစားသည်။ သူသည် လက်တွေ့သမားဖြစ်သည်။ ထိုသို့ဖြစ်ခြင်းကိုလည်းဂုဏ်ယူသည်။

ထို့နောက် လမ်းတစ်လမ်းသို့ ရောက်သွားသောအခါ ထောင်ကို တိုးချဲ့ ဆောက်နေသည်ကို တွေ့ရသည်။ ထောင်တွင်း၌ ဘာဖြစ်နေသည်ဟု အပြင်ကလူများ သာ၍မသိရ။

မြို့တွင်းစည်ကားသောနေရာသို့ ရောက်သောအခါ လူအများ လူးလာခေါက် တုံ့သွားနေကြသည်ကို တွေ့ရသည်။ ထိုလူများကို နိုဗီကောက်က အားကျသည်။ သူတို့၏ဘဝမှာ ခဲယဉ်းငြိုငြင်၍ စိတ်မချမ်းသာဖွယ်ရာ ဖြစ်မည်မှာ မှန်သော်လည်း၊ သူတို့သည် ခေါင်းတစ်လုံးထဲ၌ ရေအိုးနှစ်အိုးရွက်၍ နေကြသူများမဟုတ်။ သူ့ဘဝမှာမူ ခေါင်းတစ်လုံးထဲတွင် ရေအိုးနှစ်လုံးရွက်၍နေသော ဘဝဖြစ်နေသည်။ သူသည် တစ်ဘက်က ရောက်စတောက်တက္ကသိုလ်တွင် ပါမောက္ခလုပ်နေသည်။ နောက်တစ်

www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင်မှ ပညာရှိလူတန်းစားများကို စုံထောက်ရန်၊ အစိုးရသူလျှိုလည်း လုပ်နေရသေးသည်။ ထိုအလုပ်နှစ်ခုစလုံးမှာ အင်မတန်တာဝန်ကြီး၍ ဂရုစိုက်ပြီးလုပ်ရသောအလုပ်ချည်းဖြစ်သည့်ပြင် တစ်လုပ်နှင့် တစ်လုပ်မှာ ဆန့်ကျင်ဘက်ဖြစ်သဖြင့် အခက်အခဲများ ပေါ်ပေါက်ပြီးလျှင် သူ့စိတ်ကို များစွာအနှောင့်အယှက်ပေးသည်။

သူလျှိုအလုပ်ကြောင့် သူ့မှာချမ်းချမ်းသာသာ နေနိုင်သည်။ ထိုအလုပ်ကို မလုပ်ဘဲ ဖြောင့်ဖြောင့်မတ်မတ်သာ လုပ်ပါမူ သူခံစားနေရသော စည်းစိမ်ကို ခံစားနိုင်ဖို့ များစွာခဲယဉ်းသည်။ တက္ကသိုလ်၌ ပါမောက္ခအလုပ်ကို ရခြင်းသည်ပင် သူလျှိုလုပ်သည့်အလုပ်၏ကျေးဇူးပင်ဖြစ်သည်။ အသက်ငယ်ငယ်နှင့် ပါမောက္ခဖြစ်ပြီး၊ ရောက်စတောက် တက္ကသိုလ်ရာဇဝင်၌အနှံ့ အကြီးအကဲဖြစ်ရခြင်းမှာ သူလျှိုလုပ်ခြင်း၏ကျေးဇူးပင်တည်း။

နိုဗိကောက်သည် ခေတ်ကာလမကောင်းသဖြင့် သူ လက်ရှိခံစားနေရသည့် စည်းစိမ်သည် တစ်ခဏချင်းနှင့် ပျောက်ကွယ်၍ ဆင်းရဲတွင်းသို့ ကျသွားပြီးလျှင် အသက်မသေလျှင်ပင် ကံကောင်းသည်ဟု ခေါ်ရမည့်အဖြစ်ကိုလည်း သူဟာသူ သဘောပေါက်သည်။ သူ့အသိမိတ်ဆွေများထဲမှ ထိုကဲ့သို့ ဖြစ်သွားရသူအများကိုလည်း သူကိုယ်တိုင် တွေ့မြင်ဖူးသည်။ သူသည် ခေါင်းတစ်လုံးတွင် ရေအိုးနှစ်လုံး ရွက်နေသည့်အတွက် သူများထက်နှစ်ဆအကျမြန်ချင်မြန်နိုင်သည့် အဖြစ်ကိုလည်းသိသည်။ မည်သူ့အဖို့တွင်မဆို အလုပ်တစ်ခုတည်းကိုလုပ်၍ အသက်မွေးရခြင်းသည်ပင် တာဝန်အင်မတန်ကြီးလှပြီ မဟုတ်ပါလော။

နိုဗိကောက်မှာ သူ၏တာဝန်အသစ်ကို ဘယ်လိုစ၍ ရွက်ဆောင်ရပါမည်နည်းဟု တွေး၍နေရပြီ။ ထိုကိစ္စနှင့်ပတ်သက်၍ သူသည် မည်သူနှင့်မျှ တိုင်ပင်၍မဖြစ်။ သူ့ဟာသူတစ်ယောက်တည်း- တော်သလိုကြည့်၍ လုပ်ရမည်သာဖြစ်သည်။

ဂိုရင်နှင့် မတွေ့ရမီတွင် ဂိုရင်၏ စိတ်သဘောကို အထိုက်အလျောက် သိအောင်လုပ်ထားနှင့်ဖို့ လိုလိမ့်မည်။ ဂိုရင်ရေးသည့် စာအုပ်များကိုဖတ်လျှင် ဂိုရင်၏ စရိုက်ကိုသိနိုင်မည်လော။ စာအုပ်နှင့်လူမှာ တခြားစီသာဖြစ်သည်။ သို့ရာတွင် ဂိုရင်ရေးသော စာအုပ်များကို ဖတ်ခြင်းအားဖြင့် သူ့၌ အကျိုးမယုတ်နိုင်။

❋❋❋

## အခန်း(၅)

နိုဗိကောက် တက္ကသိုလ်ပြန်ရောက်သောအချိန်မှာ နေ့လယ်စာစားချိန်ဖြစ်သဖြင့် နိုဗိကောက်သည် ထမင်းစားခန်းသို့ဝင်ရန် တန်းစီနေသူများနှင့်အတူဝင်၍ တန်းစီရသည်။ ထမင်းစားခန်းတွင် ကျောင်းသားများအတွက် တစ်ခန်းနှင့် ဆရာများအတွက်တစ်ခန်း၊ သစ်သား ထရံကာ၍ခွဲထားသည်။ ကျောင်းအုပ်ကြီးနှင့် ကွန်မြူနစ်ပါတီအတွင်းရေးမှူးတို့သည် ဒုတိယအထပ်တွင်ရှိသော သီးခြားအခန်းတစ်ခု၌ထမင်းစား



ကြသည်။ သူတို့ ဘယ်လိုအစာမျိုးကို စားရသည်ဟု မည်သူမျှမသိနိုင်။ တစ်ခါတစ်ရံ ထမင်းချက်များနှုတ်မလုံသဖြင့် သူတို့စားသော အစာများအကြောင်းကို ကြားရသောအခါ ကြားရသူတိုင်းပင် သွားရည်ယိုကြသည်။

နိုဗိကောက်သည် ထမင်းစားခန်းသို့ ဝင်သွားသောအခါ သူ့ညီ နိကိုလေ စောင့်နေသည်ကို တွေ့ရသည်။ နိကိုလေသည် သူ့အောက် ငါးနှစ်ငယ်၍ သူ့ထက် အရပ်နိမ့်သည်။ သူသည် သူ့အစ်ကိုထက် ရိုး၍ ပျော်ပျော်ရွှင်ရွှင် ရယ်ရယ်မောမောနှင့် နေတတ်သဖြင့် လူချစ်လူခင်ပေါသည်။ နိကိုလေသည် ဆေးပညာကိုသင်၍နေသည်။ အမှန်အတိုင်းဆိုလျှင် သူသည် ကျောင်းသားများ ထမင်းစားခန်း၌သာ စားရမည့်သူဖြစ်သည်။ သို့ရာတွင် သူ့အစ်ကိုက စာကြည့်တိုက်တွင် တတိယစာတိုက်မှူးခန့်ထားသဖြင့် ဆရာများစားသောအခန်း၌ သူ့အစ်ကိုနှင့် ရော၍စားရသည်။ ထိုအလုပ်မှာ သက်သက်ခဲ့ သူ့အစ်ကိုကကြံ၍ ပေးထားသော အလုပ်ဖြစ်၍ နိကိုလေ၏အတွက်မှတစ်ပါး မည်သူ့အတွက်မျှ အကျိုးရှိသောအလုပ်မဟုတ်။ စာကြည့်တိုက်မှူးအလုပ်မှာ လခများစွာရသောအလုပ်မဟုတ်။ သို့ရာတွင် လခများများရခြင်းသည် အရေးမဟုတ်။ ဆရာများ ထမင်းစားခန်း၌ စားခွင့်ရခြင်းသည်သာ အရေးဖြစ်သည်။ ကျောင်းသားများထမင်းစားခန်း၌စားရခြင်းကို နိကိုလေကမကြိုက်။ ထိုထမင်းစားခန်းကို ပေါင်မုန့်နှင့် ရေတင်းတုပ်ဟုခေါ်ကြသည်။

သူ့အစ်ကို၏ ကျေးဇူးကြောင့်သာ ဆရာများထမင်းစားခန်း၌ စားရသဖြင့် နိကိုလေသည် အထူးဂရုပြု၍ သူ့အစ်ကိုကို အမြဲချစ်ခင်၍ ရှိသေသည်။

နိကိုလေသည် သူ့အဖို့ ပေးထားသော အစာနှင့်မလောက်သဖြင့် သူ့အစ်ကို အကျန်ကို အမြဲစောင့်၍စားသည်။ သူ့အစ်ကိုစား၍ အမြဲကျန်သည်မဟုတ်၊ ကျန်သောအခါများတွင်မူကား နိကိုလေက ဝတ္တရားမလစ်ဟင်းစေရ။

ထမင်းစားဆောင်၏ နံရံတွင် လွန်ခဲ့သော အလုပ်သမားနေ့က ဆွဲထားသည့် စာတန်းများရှိနေသေးသည်။ စာတန်းတစ်ခုတွင်

'လယ်ပိုင်ရှင်ကလေးများကို အမျိုးဖြုတ်ပစ်ရမည်။'

ဟု ရေးထားသည်။ အခြားစာတန်းတစ်ခုတွင်

'လူထု၏ စိတ်သန္တာန်တွင် ရှိနေသေးသော မနေရှင်အယူအဆ အကြွင်းအကျန်များကို အမြစ်ပါတူးပစ်ရမည်။'

ဟု ရေးထားသည်။

ညီအစ်ကိုနှစ်ယောက် ထမင်းစားနေကြသောအခါ နိကိုလေက "အစ်ကို မနက်က ဘယ်သွားနေသလဲ"ဟု မေးသည်။

နိုဗိကောက်က "ငါ အညောင်းပြေ မြစ်ထဲသွားပြီး ရေကူးသည်"ဟု ပြောသည်။

ပါးအို့နီနီနှင့် စားပွဲထိုးမကလေးက ထမင်းစားခွင့် ကူပွန်လက်မှတ်လာတောင်းသောအခါ နိကိုလေက သူတို့ညီအစ်ကိုနှစ်ယောက်အတွက် ကူပွန်များပေးလိုက်ရင်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အမွဲထိုးမလေး၏ ဖြူးသောလက်မောင်းကလေးကို အသာဆိတ်လိုက်ပြီး ''နေကောင်းရဲ့လား နဒယာ''ဟု မေးလိုက်သည်။

နဒယာက နေကောင်းကြောင်း ပြန်ပြောသောအခါ နိကိုလေက ထပ်၍ ''သင်ဟာ တစ်နေ့တခြား လှလှလာပါလား''ဟု ပြောသည်။ သည်တော့ နဒယာက ''ဒီလိုပဲ ဖြစ်ရမှာပေါ့''ဟုပြောသည်။ နဒယာသည် တောသူမကလေးဖြစ်သည်။ မျက်နှာထားလေးတ ချစ်စရာကောင်းသည်။ ရိုးပုံရသည်။

''ဒီည သင်တို့ဆီ ငါလာရင် ငါကို ဘာကျွေးမလဲ''ဟု နိကိုလေက မေးသည်။ နဒယာက ''ကျွေးစရာတွေအများကြီး ရှိတာပေါ့။ ဒါပေမယ့် သင့်ကို ကျွေးရင် ငါတို့ ဒုက္ခဖြစ်မှာပေါ့''ဟု ရယ်၍ပြောသည်။

အမွဲနံ့ကို ရှင်းလင်းပြီး နာဒယာပြန်သွားသောအခါ နိကိုလေက သူ့အစ်ကိုအား ''ဒီကောင်မလေးက ချစ်စရာကလေး အစ်ကိုရဲ့၊ ငါနှင့်သူနှင့် အတော်ခင်ကြတယ် အစ်ကိုရေး တကယ်ဆိုတော့ မီးဖိုဘက်က လူတွေနှင့် အလွမ်းသင့်အောင် မလုပ်ဘူးဆိုတဲ့လူဟာ စိတ်မနှံ့လို့ဘဲလို့ဆိုရမှာပဲ။ ငါ့သူငယ်ချင်း သမိုင်းသင်တန်းတက်နေတဲ့ကျောင်းသားတစ်ယောက်ဟာ ထမင်းချက်မတစ်ယောက်က ကျွေးမွေးထားတာပဲ၊ အဲဒီ ထမင်းချက်မကတော့ အတော်ပဲအရုပ်ဆိုးသည်။ ဒါပေမဲ့ အရေးကြီးတာက အရုပ်ဆိုးတာ လှတာ မဟုတ်ဘူး။ အပိုစားရတာ မစားရတာဘဲ။ ငါ့သူငယ်ချင်းဟာ ပါးစုံ့ကြီးတွေကို ယောဒီလို ထွက်နေပြီ'' ဟု ပြော၍ ပါးကိုဖောင်းပြသည်။

နဒယာက ဟင်းချိုခွက်များလာချသောအခါ နိကိုလေအတွက် ဟင်းချိုပန်းကန်တွင် အဆီပက်များပိုထည့်ထားသည်ကို နိုဗိကောက်တွေ့သဖြင့် ''အင်း စားဖိုချောင်နှင့် အလွမ်းသင့်အောင်ပေါင်းခြင်းဟာလည်း အကျိုးရှိတာပဲကိုး''ဟု အောက်မေ့မိသည်။

ဒုတိယအကြိမ်တွင် နဒယာသည် အမဲစင်းကောလုံးတစ်လုံးစီယူလာသည်။ စင်းကောလုံးများတွင် အမဲသားထက် ပေါင်မုန့်ရောထားသည်ကများသည်။ အမဲစင်းကောလုံးနှင့်အတူ ဂေါ်ဖီရွက်ပြုတ်နှစ်ရွက်နှင့် အာလူးပြုတ်အကြေတစ်ဇွန်းခန့်စီပါသည်။ အစားအသောက်မှာ ဖောဖောသီသီ အလျှဉ်းမရှိ ချို့ချို့တဲ့တဲ့သာဖြစ်သည်။

နဒယာသည် အမဲစင်းကောလုံးအပို တစ်လုံးကို နိကိုလေ၏ ပန်းကန်ထဲသို့ သူများမမြင်ရအောင် တိတ်တိတ်ထည့်ပေးပြီးလျှင် ''သူများတွေမြင်ကုန်မည်။ မြန်မြန်စားပစ်လိုက်''ဟု တိုးတိုးကလေးပြောသည်။ ပြီးလျှင် သူ့တင်ပါးကျယ်ကြီးနှင့် ထွယ်၍ထားသည်။ နိကိုလေသည် အမဲသားလုံးကို ထက်ခြမ်းခွဲလိုက်ပြီးလျှင် တစ်ခြမ်းကို သူ့အစ်ကိုကိုပေးသည်။ ပြီးလျှင် သူတို့နှစ်ယောက်သား ဣန္ဒြေကြီးတွေနှင့် ပလုပ်ပလောင်းလွေးကြသည်။ အမှတ်တမဲ့ဘေးကကြည့်လျှင် ပါမောက္ခ နိုဗိကောက်တို့ ညီအစ်ကို နှစ်ယောက်သည် ခိုးရာပါအမဲလုံးကိုစား၍နေကြသည်ဟု မည်သူမျှထင်မြင်မည်မဟုတ်ဘဲ ရှေးဆလပ်လူမျိုးတို့ သမိုင်းကိုလေးနက်စွာ ဆွေးနွေးနေကြသည်ဟုသာ ထင်ကြမည်။



အမဲစင်းကောလုံးပျောက်ကွယ်သွားသဖြင့် စိုးရိမ်စရာမရှိတော့သောအခါ နဒယာသည် သူ့ဆူဖြိုးသော လက်မောင်းဖြင့် နိကိုလေအား မတော်တဆတိုက်မိဟန်မျိုးဖြင့် တိုက်၍သွားသည်။

အမဲစင်းကောတစ်လုံး၏ ကျေးဇူးကြောင့် နိုဗိကောက်သည် သူ့ညီနိကိုလေအား ''တယ်ရှက်တဲ့အကောင်''ဟု သဘောမထားတော့ဘဲ ''နာဒယာက သင်တစ်ယောက်ပဲ ကြင်နာစိတ်ထားသလား''ဟု မေးသည်။

''ဒါတော့ ငါတစ်ယောက်တည်း ဘယ်ကမလည်း အစ်ကိုရဲ့၊ တစ်ဆယ့်နှစ်ယောက်ထက်တော့ ဘယ်နည်းပါ့မလဲ။ စားဖိုချောင်ထဲမယ်ဆိုတာက သူတို့မစားချင်အဆုံးပေါ့''ဟု နိကိုလေကပြောသည်။

အမဲစင်းကောလုံးစားပြီးနောက် နိုဗိကောက်သည် ရုတ်တရက်စီးကရက်ဘစ်လိပ်ညှိ၍သောက်သည်။ ညှိပြီးနောက်မှ မော်စကိုမြို့က စီးကရက်ဖြစ်နေမှန်းသိသဖြင့် မဝှက်သာဝှက်သာနှင့် ဝှက်ထားရန်ကြံသည်။ သို့ရာတွင် နိကိုလေက အနံ့ရပြီးဖြစ်သဖြင့် ''ဒီစီးကရက်အကောင်းစားကို အစ်ကို ဘယ်ကရသလဲ''ဟု မေးသည်။ ထိုသို့မေးသည်ကို နိုဗိကောက်ကစိတ်ဆိုး၍ ''ကျောင်းအုပ်ကြီး မော်စကိုသွားတုန်းက ပါလာလို့ ပေးထားတဲ့စီးကရက်ပါကွာ''ဟုပြောသည်။

နိကိုလေက မယုံကြည်သော မျက်နှာထားနှင့်ကြည့်ပြီး ''တိုသွားတော့ လွှင့်မပစ်ပါနှင့် ငါ့ကိုပေးပါ''ဟုဆိုသည်။

နိုဗိကောက်က ''တစ်လိပ်ကျန်တာ သင့်ကိုပေးမည်။ ဟိုလူလိုက်ကြွား ဒီလူလိုက် ကြွားတော့ လုပ်မနေနှင့်''ဟု ပြောသည်။

⁂

---

အခန်း(၆)

---

နိုဗိကောက် ငှား၍နေသော အိမ်ခန်းနှစ်ခန်းသည် ၁၉၁၇ ခုနှစ်၊ ရုရှတော်လှန်ရေးမတိုင်မီက ဆောက်ထားသောအိမ်ဖြစ်သည်။ ထိုအိမ်ကို ပြည်သူပိုင်မလုပ်မီတွင် အိမ်ရှင်က ပြင်ဆင်ထားသည်။ နောက်ထပ် ပြင်ဆင်ခြင်းမရှိ။ ''ပြည်သူ''ဆိုသောစကားမှာ နားထောင်၍ကောင်းသော်လည်း အကောင်အထည်မရှိသဖြင့် အဓိပ္ပာယ်ဗသဲကွဲသော စကားဖြစ်သည်။ ထို့ကြောင့် ထိုအိမ်နှင့်တကွ ရောက်စတောက်မြို့ရှိ အခြားအိမ်များမှာ ထိန်းသိမ်းစောင့်ရှောက်မည့်သူမရှိဘဲ ညစ်ပတ်ပေကျံ၍ ပျက်စီးချို့ယွင်းနေကြသည်ချည်း ဖြစ်သည်။

ထိုအိမ်ကိုပိုင်သည့် ဥစ္စာရှင်မှာ ကံကောင်းထောက်မသဖြင့် (နေရှင်) သွားစုတ်ကောင်တို့ အသေးအမွှားတို့ သွားမြဲလမ်းအတိုင်း သေနတ်စာဖြစ်ပြီး သူ့အိမ်ဝင်းနောက်ဖေးဘက်တွင် အမြှုပ်မခံရဘဲ ထိုအိမ်၏မြေအောက်ထပ်ရှိ အခန်းငယ်ကလေးတစ်ခု၌ နေထိုင်ခွင့်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအိမ်ရှိ အခြားအခန်းများတွင် လူအမျိုးမျိုး အမြောက်အမြား စု၍နေသဖြင့် ဘယ်နှယောက်ရှိသည်ဟု နိုဗိကောက်မပြောနိုင်။

မူလအိမ်ပိုင်ရှင်မှာ တစ်နေ့တစ်ခြားစုတ်ချာ၍ အသက်လည်း အိုမင်း၍လာသဖြင့် သူ့အိမ်ကဲ့သို့ပင် သနားစရာကောင်း၍ ညစ်ပတ်ပေရေလျက်ရှိသည်။ အိမ်ရှင်မှာ အိမ်စောင့်အလုပ်ဖြင့် မှတ်ပုံတင်ထားရသည်။ အိမ်စောင့်အလုပ်သည် အရေးကြီးသော အလုပ်မဟုတ်သဖြင့် အောက်တန်းအကျဆုံး ရာရှင်ကိုသာရသည်။ သူ ရာရှင်ရသည့် အစားအစာမှာ ထိုင်၍ တံတွေးထွေးနေနိုင်လောက်ရုံသာ အင်အားဖြစ်စေနိုင်သည်။ ထို့ကြောင့် အိမ်ရှင်သည် အိမ်ရှေ့ပေါက်တွင် တစ်နေ့လုံးထိုင်၍ လမ်းသွားလမ်းလာတို့ ခြေနင်းဖတ်သို့ တံတွေးတစ် ပျစ်ပျစ်ထွေး၍သာနေသည်။ သည့်အလုပ်အပြင် သူ့မှာ တခြားအလုပ်မရှိ။

တော်လှန်ရေးအောင်မြင်စတွင် အိမ်ရှင်ဟောင်းသည် အကျင့်ပါနေသဖြင့် သူပိုင်ခဲ့သောအိမ်ကို သန့်ရှင်းအောင် လှည်းကျင်း၍ ပြင်ဆင်စရာရှိသည်များကို သူ တတ်နိုင်သလောက် ပြင်ဆင်ကာနေသည်။ သူ့အိမ်ပျက်နေသည်ကို သူ မကြည့်ရက်။ သို့ရာတွင် သူသည် ဒီလိုလုပ်သည်ကို မည်သူကမျှ အကောင်းမထင်။ အချို့က သူ ဒီလို အိမ်ကို သန့်ရှင်းအောင် လုပ်နေခြင်းသည်ပင် ဓနရှင်ခေတ်က ပစ္စည်းပိုင်ရှင်စိတ်မပျောက်၍ လုပ်နေခြင်းဖြစ်သဖြင့် တော်လှန်ရေးကို ဖျက်ဆီးနေသည်ဟုပင် ထင်ကြသည်။

တစ်နေ့တွင် အနီးအနားမှ အိမ်စောင့်တစ်ယောက်က စိတ်ဆိုးမာန်ဆိုးနှင့် အိမ်ရှင်ဟောင်းအိမ်စောင့်ဆီသို့လာ၍ ''ဒီမှာကြည့်စမ်း အီဗန်၊ သင်ဟာ အိမ်ပိုင်ရှင်ရဲ့ အရှုအကျင့်တွေကို ပျောက်ဖျက်ပစ်ဖို့ အချိန်တော်ပြီ။ အခုခေတ်ဟာလည်း ဓနရှင်ခေတ် မဟုတ်တော့ဘူး။ ဒီအိမ်ဟာလည်း သင့်အိမ် မဟုတ်တော့ဘူး။ အလုပ်သမားအစည်းအရုံး ပိုင်အိမ်ဖြစ်သွားပြီ။ သင်ဟာလည်း အိမ်ပိုင်ရှင် မဟုတ်တော့ဘူး။ အဲဒါပဲ ပြောလိုက်မည်။ သင်ဟာ သတိထားနေပါ။ သတိထားမနေလို့ရှိရင် သင့်ကို ထရံကပ်ပြီး သေနတ်နှင့် ပစ်သတ်လိုက်လို့ သင့် ခေါင်းနှင့်ကိုယ်ဟာ အိုးစားကွဲသွားမည်''ဟု ပြောသည်။

ထိုသို့ပြောပြီးသည့် အချိန်ကစ၍ အိမ်ရှင်ဟောင်းအီဗန်သည် ဘာမျှ မလုပ်တော့ဘဲ အိမ်အဝင်ဝ၌ ငုတ်တုတ်ထိုင်၍သာနေတော့သည်။ ထိုကဲ့သို့ ငုတ်တုတ်ထိုင်၍ နေခဲ့သည်မှာ ဆယ်နှစ်ခန့်ရှိပြီ။ ထို့နောက် သူ့ကိုယ်သူ ငါဟာ အိမ်ပိုင်ရှင်မဟုတ်တော့ဘူးဟု သဘောပေါက်ခဲ့သည်မှာ အချိန်ကာလအတော် ကြာမြင့်သွားခဲ့ပြီဖြစ်သဖြင့် သူ့အိမ် ဘယ်လိုနေနေ သူ့လမ်း ဘယ်လိုနေနေ သူ့ကိုယ်တိုင် ဘယ်လိုနေနေ သူ့စိတ်ထဲ၌ ဘာမျှဂရုမစိုက်တော့။

နိုဗိကောက် ပြန်လာသောအခါ အိမ်စောင့်သည် သူထိုင်နေကျနေရာတွင် ထိုင်နေပြီးလျှင် လမ်းတောင်ဖယ်ပေးဖော်မရသဖြင့် နိုဗိကောက်မှာ သူ့အပေါ်ကကျော်၍ အိမ်တွင်းသို့ ဝင်ရသည်။ အိမ်တွင်းမှာလည်း မှောင်ပိန်းနေသဖြင့် ခလုတ်တိုက်လဲပြီး လည်ပင်းကျိုးမသွား စေရန်အတွက် မီးခြစ်၍ဝင်ရသည်။ အိမ်လှေကားသည် ရေနံ့ဆီနံ့၊ အဝတ်ဟောင်းနံ့၊ ကြွက်နံ့၊ ကြောင်ချေးနံ့တို့ဖြင့် ညစ်ပတ်နံစော်လျက်ရှိသည်။



နိုဗိကောက်အခန်းနှင့်ယှဉ်လျက် အခန်းနှစ်ခန်းရှိရာ ထိုအခန်းနှစ်ခန်းမှ ကလေးများအော်သံ၊ လေမီးဖိုမြည်သံ၊ မိန်းမများ မြည်တွန်တောက်တီးသံတို့သည် ထွက်လာလျက် ရှိသည်။

နိုဗိကောက်နေသော အခန်းနှစ်ခန်းမှာ အကောင်းဆုံးအခန်းနှစ်ခန်းဖြစ်၍ ရောက်စတောက်မြို့၏စံချိန်နှင့် ဆုံးဖြတ်ရမည်ဆိုလျှင် ဇိမ်ခံအခန်းများဟုပင် ခေါ်နိုင်သည်။ အခန်းတစ်ခန်းကို တစ်အိမ်ထောင်တည်း သတ်သတ်နေခွင့်ရသူတို့ကို ကံကောင်းသူများဟု ယူဆကြသည်။ ယေဘုယျအားဖြင့် ဘုံဝါဒသဘောတရားအလျောက် အခန်းတစ်ခန်းထဲတွင် ကိုယ့်အိမ်သားစုသာမဟုတ်ဘဲ လူအများစု၍ နေကြသည်။

နိုဗိကောက်နေသော အခန်းပြတင်းပေါက်များမှနေ၍ ကြည့်လိုက်လျှင် အိမ်ဝင်းထဲ၌ အမှိုက်ပုံများ၊ တစ်စီတစ်တန်းကြီး လှန်းထားသော အဝတ်ကြိုးတန်းကြီးများကို မြင်ရသည်။ အမြဲတမ်း ဆူညံနေသည့် ကလေးများအော်သံ၊ ငိုသံကိုလည်း အမြဲကြားရသည်။ ထို့ပြင် အိမ်ခန်းအကုန်လုံးအတွက် အိမ်သာသုံးလုံးသာရှိသဖြင့် မနက်အိပ်ရာထတွင် အိမ်သာသုံးလုံးရှေ့၌ နောက်ဖေးသွားရန် တန်းစီပြီး အောင့်အည်း၍ ခံနေသောမျက်နှာဖြင့် စောင့်နေကြရသူများကိုလည်း နိုဗိကောက်၏ ပြတင်းပေါက်မှ မြင်ရသည်။

ရောက်စတောက်မြို့တွင် ကိုယ့်အိမ်၌ ကိုယ့်ဟာကို တိတ်ဆိတ်လွတ်လပ်စွာ နေရခြင်း မရှိသလောက်ဖြစ်သဖြင့် နိုဗိကောက်သည် သူ့ဟာသူ အိမ်ခန်းနှစ်ခန်းရ၍ တိတ်ဆိတ်စွာနေရခြင်းများကို များစွာနှစ်သက်သည်။ နိုဗိကောက်သည် သူ့အိပ်ခန်းနှစ်ခန်းကို သန့်ရှင်းစွာထားပြီးလျှင် ရေဆိုးပုံးပြည့်နေလျှင်လည်း သူ့ဟာသူအောက်သို့ ဆင်းသာ အမှိုက်ပုံကိုသွား၍သွန်သည်။ ဒရိုနှင့်တွေ့သောနေ့ ညနေပိုင်းတွင် နိုဗိကောက်သည် ဂလူယက်၏ အိမ်သို့သွားရန် ထွက်ခဲ့သည်။ အချိန်စောသေးသည်နှင့် လီနင်ဥယျာဉ်တွင်းရှိ ခုံတန်းတစ်ခုတွင်ထိုင်၍ သတင်းစာဖတ်နေသည်။ သို့ရာတွင် သူ့စိတ်ထဲ၌ နေ့က ဒရိုနှင့်တွေ့ခဲ့ရသောအကြောင်းကို စဉ်းစားမိပြီးနောက် သူငယ်စဉ်က အကြောင်းများ ချမ်းချမ်းသာသာ ပျော်ရွှင်စွာနေခဲ့ရသည်များကို ပြန်ပြောင်း၍သတိရသည်။ သူ့အဖေသည် မီးရထားအင်ဂျင်နီယာဖြစ်၍ အိမ်ကောင်းယာကောင်း အခြွေအရံပြည့်စုံစွာနှင့်နေနိုင်သူဖြစ်သည်။ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီး ဖြစ်သောအခါ နိုဗိကောက်မှာ ကလေးအရွယ် ကျောင်းနေစဉ်သာ ဖြစ်သည်။ ထိုအခါ ကလေးတို့ဘာဝ၊ ကစားစရာ သေနတ်ကလေးများကိုကိုင်၍ စစ်တိုက်တမ်းကစားရသည်ကို အင်မတန်ပျော်သည်။ သေနတ်ပစ်၍ မီးခိုးများ ထွက်သွားသောအခါ ပြာလဲ့သောကောင်းကင်တွင် တိမ်ညွှန့်များ ထွန်း၍နေသကဲ့သို့ အင်မတန်ကြည့်၍ကောင်းသည်။

တနင်္ဂနွေနေ့တစ်နေ့တွင် စစ်သားသစ်များကို ကြိုဆို၍ အားပေးမြှောက်ပင့်ရန် နိုဗိကောက်နှင့်သူ့သူငယ်ချင်းတစ်စုတို့သည် မီးရထားရုံသို့သွားကြသည်။ မီးရထားရုံသို့ ရောက်သောအခါ သူတို့မျှော်လင့်သကဲ့သို့ စစ်သားသစ်တင်လာသော မီးရထားဝင်

www.burmeseclassic.com

www.burmeseclassic.com



မလာဘဲ အနောက်ဘက်မှ မီးရထားတစ်စင်း ဝင်လာပြီးလျှင် ဆိုက်နေကျနေရာတွင် မဆိုက်ဘဲ၊ ဘူတာရုံနှင့်အဝေးဆုံး နေရာတွင်သွား၍ ဆိုက်သည်။ ထိုမီးရထားသည် စစ်သားသစ်များ တင်လာသော မီးရထားမဟုတ်ဘဲ၊ အနောက်ဘက်စစ်မျက်နှာမှ ဒဏ်ရာရလာသော စစ်သားများကို တင်လာသည့် သူနာတင် မီးရထားဖြစ်သည်။ ထိုမီးရထားကို ပန်းစည်း ပန်းခိုင်ကိုင်၍ ကြိုဆိုမည့်သူများ တစ်ယောက်မျှမရှိ။ ဘူတာရုံ၌ အလံများ ဝေဝေဆာဆာထိုး၍ ပြင်ဆင်ထားခြင်းလည်းမရှိ။ ဘူတာရုံက လုပ်သား အနည်းငယ်သာရှိသည်။

ထိုရထားဆိုက်ပြီးနောက် မကြာမီတွင် ထမ်းစင်များပေါ်တွင် ဖြူရော်ရော်ရှိ စောင်များ၊ အင်္ကျီရှည်ကြီးများအုပ်၍ သူနာများချနေသည်ကို နိုဗိကောက် မြင်ရသည်။ ထို့နောက် မကြာမီအတွင်းတွင် စစ်မြေပြင်မှ ဒဏ်ရာရလာသည့် စစ်သားများကို တင်လာကြောင်း ဘူတာထဲတွင် တိုးတိုး တိုးတိုးနှင့် ပြောလာကြသည်။ ထိုအခါ နိုဗိကောက်သည် အခြားသူများနှင့်အတူ မီးရထားလမ်းများကို ဖြတ်ကျော်၍ သူနာတင် မီးရထားဆိုက်ရာသို့ ပြေး၍ ကြည့်သည်။ အနားသို့ရောက်သောအခါ ထမ်းစင်များ တစ်စီတစ်တန်းကြီးကို တွေ့ရသဖြင့် နိုဗိကောက်သည် ကြက်သေသေ၍ရပ်နေသည်။ ထမ်းစင်များပေါ်တွင် အဝတ်အစားများ စုတ်ပြတ်၍ သွေးမရှိသောမျက်နှာများဖြင့် ဒဏ်ရာရလာသော စစ်သားများ လျောင်း၍ နေကြသည်ကို တွေ့ရသည်။ အချို့က ခေါင်းတွင်၊ အချို့က လက်တွင်၊ အချို့က ခြေထောက်တွင် အဝတ်ဖြူများ စည်း၍ထားသည်ကို တွေ့ရသည်။ အားလုံးသော ဒဏ်ရာရသူများမှာ မချိသောမျက်နှာထားနှင့်ချည်း ဖြစ်ကြသည်။ သူနာများသည် စုရုံး၍လာသော လူစုကို ကျော်၍ ဝေးရာသို့ ငေးကြည့် နေကြသည်။ အားလုံးသော သူနာတို့သည် ညည်း၍နေကြသည်။ အချို့က ကျယ်လောင်စွာ ညည်းကြသည်။ အချို့က သနားစဖွယ် ညည်းကြသည်။ အချို့က ခွေးနာညည်းသကဲ့သို့ တအိအိညည်းကြသည်။ နိုဗိကောက် တကယ်တွေ့မြင်ရသော အခြင်း အရာများသည် သူ ကလေးတွေးတွေး၍ စစ်တိုက်တမ်းကစားသလို ပျော်ရွှင်စရာကောင်းသောအရာများ မဟုတ်သည်ကို တွေ့ရသည်။ ထိုနေ့တွင် နိုဗိကောက်သည် စစ်သားသစ်များ တင်လာသော မီးရထားဆိုက်အောင် မစောင့်ဘဲ ပြန်ခဲ့သည်။

နိုဗိကောက်၏ အဖေသည်လည်း ယခင်ကဲ့သို့ သားသမီးများကိုမြင်၍ ရွှင်ပျခြင်းမရှိတော့ဘဲ တစ်နေ့တခြားနက်နဲစွာ တွေး၍လာသည်ကို နိုဗိကောက် တွေ့ရသည်။ လူများသည် တစ်နေ့တခြား စိတ်မချမ်းမသာဖြစ်၍ လာကြပြီးလျှင် စစ်မြေပြင်မှ သတင်းဆိုးများ အကြောင်း နေပြည်တော်တွင် မငြိမ်မသက်ဖြစ်နေခြင်းအကြောင်းများ၊ စားကုန်သောက်ကုန် တစ်နေ့တစ်ခြား ဈေးကြီးလာခြင်းအကြောင်း၊ အချို့ တော်ပြတ် ကုန်ကြပြီဆိုသည့်အကြောင်း၊ ပွစိပွစိ နှင့်ပြော၍နေကြသည်။ ထို့ပြင် မော်စကိုမြို့နှင့် ပီထရိုဂရက်မြို့များမှ မယ်မယ်ရရမရှိသော သတင်းများလည်း ပေါက်ကြားလာသည်။



"တော်လှန်ရေး" ဆိုသော စကားသည်ပင် ရောက်စတောက်မြို့သားတွေ၏ နှုတ်များသို့ ရောက်၍နေပြီ။

မြို့သူမြို့သားတို့၏ အခြေအနေမှာ သိသိသာသာကြီးပြောင်းလွဲ၍လာပြီ။ နိုဗိကောက်၏အဖေလည်း အိမ်တွင်ခိုင်းစေရန် လူများအနက် တစ်ယောက်ကိုသာ ထားပြီး ကျန်သောသူများကို ဆက်၍မထားနိုင်တော့။ ရှိသမျှမြင်းများအနက်လည်း တစ်ကောင်ကို သာချန်၍ အကုန်ရောင်းပစ်လိုက်သည်။ နိုဗိကောက်၏အဖေသည် ရထားဘက်၌ အလုပ်မလုပ်တော့။ ထိုင်ပြီးစိတ်ညစ်၍သာနေသည်။ သူ့မိတ်ဆွေများ လည်း အိမ်သို့လာ၍ တစ်ခါတစ်ရံ တိုးတိုး၊ တစ်ခါတစ်ရံ ကျယ်ကျယ် ကိုယ်ဟန်လက်ဟန် နှင့် စကားပြောကြသည်။ တစ်ခါတစ်ရံ ဘာစကားမျှမပြောကြဘဲ ပြတင်းပေါက်မှနေ၍ ငေးကြည့်နေကြသည်။

※※※

အခန်း(၇)

၁၉၁၇ ခုနှစ်၊ အောက်တိုဘာလ တော်လှန်ရေးရောက်ခါနီးချိန်တွင် နိုဗိကောက်၏ တစ်သက်တွင် မမေ့နိုင်စရာအကြောင်းတစ်ခု ဖြစ်ပေါ်လာသည်။

ထိုအကြောင်းမှာ အခြားမဟုတ် နိုဗိကောက်နေသောကျောင်းကို စစ်ဆေးရုံ ပိတ်လိုက်ခြင်းဖြစ်သည်။ အတန်းကြီးသော ကျောင်းသားများကို ကမန်းကတန်း စာမေးပွဲလုပ်၍ အောင်လက်မှတ်များ ထုတ်ပေးလိုက်သည်။ ထိုအချိန်တွင် ကျောင်းကို ဆေးရုံမလုပ်ရသေး၊ ကျောင်းပေါ်မှ ထိုင်ခုံများကို ကျောင်းဝင်းထဲသို့ချပြီး ရှင်းလင်း ဖြစ်သည်။ စာမေးပွဲကို စစ်ဘက်က မသိမ်းရသေးသည့် အခန်းတစ်ခန်း၌စစ်သည်။

ထိုအချိန်တွင် နိုဗိကောက်သည် ကျောင်းပေါ်မှ အောက်သို့ဆင်းလာသော နံပူးတွင်ဒလက်နီတံဆိပ်ကြီးတပ်၍ထားသော သူနာပြုဆရာမလေးတစ်ယောက်ကို တွေ့သည်။ ဆရာမကလေးကို မြင်သောအခါ သူနှင့်ဆရာဝန်ကြီးတစ်ယောက် အဖော်ပါ သည်ကိုမျှ ဂရုမစိုက်နိုင်ဘဲ နိုဗိကောက်သည် ရပ်တန့်၍သွားသည်။ နိုဗိကောက် မျက်စိထဲတွင် အခြားဘာကိုမျှမမြင်။ ဆရာမကလေး၏ မျက်နှာကိုသာ မြင်သည်။ ဆရာမကလေးမှာ အသက်နှစ်ဆယ်ခန့်ရှိ၍ လှပပြည့်ဖြိုးသည်။

နိုဗိကောက်သည် လမ်းပေါ်တွင် ရပ်နေသဖြင့် ဆရာဝန်ကြီးကလည်း သူ့ကို ရှောင်၍သွားရသည်။ ဆရာမကလေးကလည်း အံ့အားသင့်လျက် နိုဗိကောက်ကို ရှောင်၍သွားရသည်။ ဆရာဝန်ကြီးနှင့် ဆရာမကလေးတို့ လွန်၍သွားပြီးနောက်တွင်ပင် နိုဗိကောက်သည် နေရာကမရွေ့နိုင်ဘဲ ကျန်ရစ်ခဲ့ပြီးလျှင် ကိုယ်ဟန်ကျော့ရှင်းသော ဆရာ မကလေးကို ငေးမျှော်၍ကြည့်နေရင်း သူ့အသည်းနှလုံးကို ဓားထက်ထက်နှင့် ထိုးလိုက် သကဲ့သို့ ဖြစ်သွားပြီးလျှင် အာခေါင်များပင် ခြောက်၍လာသည်။ ထိုအချိန်ကစ၍

www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေး၏မျက်နှာသည် နိုဗိကောက်၏ မျက်စိထဲမှ မထွက်တော့။ နိုဗိကောက်သည် အိမ်ကလူကြီးများ ပြောကြဆိုကြသည်ကိုလည်း နားမထောင်တော့။ သူ့အဖေ စိတ်ညစ်နေသည်ကိုလည်း ဂရုမစိုက်တော့။ ထို့ပြင် တိုင်းပြည်၌ အကြီးအကျယ် ပြောင်းလဲမှုများ ဖြစ်နေသည်ကိုလည်း ဂရုမပြုမိတော့။ သူ့အဖို့တွင် တစ်လောကလုံး သူနာပြုဆရာမကလေး တစ်ယောက်တည်းသာရှိသည်။ ထိုအချိန်တွင် သူ၏အသက်မှာ တစ်ဆယ့်ခြောက်နှစ်ရှိပြီ။

ဆရာမကလေးမှာ မော်စကိုမြို့တွင် မငြိမ်မသက်ဖြစ်သဖြင့် ကောကေဆပ်နယ်သို့ ပြောင်းရွှေ့သွားပြီးနောက် ရောက်စတောက်မြို့ ဆေးရုံသစ်တွင် သူနာပြုဆရာမလုပ်ရန် ရောက်လာသူဖြစ်သည်။ သူ့နာမည်မှာ အီရီနာဖြစ်သည်။ တစ်ညတွင် နိုဗိကောက်သည် ဆရာမကလေးထံသွား၍ ချစ်ကြောင်းကြိုက်ကြောင်းကို ဖွင့်ဟ၍ပြောမည်အကြံနှင့် ဆရာမကလေးနေသောအခန်းတွင်းသို့ တံခါးကို အတင်းတိုးဖွင့်၍ ဝင်သွားသည်။ နိုဗိကောက်သည် အခန်းတွင်းက မီးရောင်ကြောင့် ရုတ်တရက် ဘာမျှမမြင်ရ။ မျက်စိကို ခဏမှိတ်ထားပြီးနောက် ဖွင့်လိုက်သောအခါ သူ့စိတ်ထဲတ အင်မတိ အင်မတန် မြတ်နိုး၍နေသော ဆရာမကလေးသည် အသားညိုညို စစ်သားတစ်ယောက်၏ ပေါင်ပေါ်တွင် ဇိမ်နှင့်ထိုင်နေသည်ကို တွေ့ရသည်။ နိုဗိကောက်မှာ သေချင်၍ပင်သွားသည်။ စစ်သားသည် အပေါ်အင်္ကျီနှင့် မြင်းစီးဖိနပ်ကြီးများကိုချွတ်၍ သူတို့နှစ်ယောက် ထိုင်နေကြသော ပက်လက်ကုလားထိုင်ဘေးတွင် ချထားသည်။ ဆရာမကလေးသည် စစ်သားကြီး၏ ဆံပင်ကို လက်တစ်ဖက်ဖြင့် သပ်ပေးပြီးလျှင် လက်တစ်ဖက်က---

စစ်သားကြီးသည် အံ့အားသင့်နေရာမှ သတိပြန်ရပြီးလျှင် "ဟိတ်ကောင် ဘာလာလုပ်တာလဲ။ ချက်ချင်းထွက်သွား" ဟု အော်ကာ နိုဗိကောက်ကို မောင်းထုတ်သည်။ ဆရာမကလေးသည် အရက်မူးနေသဖြင့် သူ့ဟာသူ ဘာဖြစ်နေသည်ဟု သိဟန်မပေါ်။ ထို့နောက် စစ်သားကြီးသည် သူ့ မြင်းစီးဖိနပ်တစ်ဖက်နှင့်ကောက်၍ နိုဗိကောက်အား တစ်အားပေါက်လိုက်ရာ ရင်ဘတ်ကိုထိသွားသည်။ နိုဗိကောက်လည်း ကြောက်အားလန့်အားနှင့် အတင်းဆင်းပြေးသည်။ လှေကားအောက်သို့ရောက်သောအခါ နောက်ဖိနပ်တစ်ဖက်သည် နိုဗိကောက်ဇက်ပိုးသို့ လာ၍ ထိမှန်ပြန်သည်။

ဆရာမကလေး "ဒီကောင်လေးဟာ ရူးများနေသလားမသိဘူး။ ငါ့နောက်ကို တကောက်ကောက်ပဲ လိုက်နေသည်" ဟု စစ်သားကြီးကို ပြောသည်။

နိုဗိကောက်မှာ ဖိနပ်မှန်သည့်ဒဏ်ထက် သူ၏ချစ်သူသည် စစ်သားကြီး၏ ပေါင်ပေါ်၌ ထိုင်နေသည်ကို မကျေနိုင်မချမ်းနိုင် ဖြစ်၍နေသည်။ နိုဗိကောက်သည် လမ်းဘေး မီးတိုင်အောက်တွင် ထိုင်၍စဉ်းစားနေသောအခါ မိန်းမတစ်ယောက် ပေါက်လာပြီး "အောင်မယ် တယ်ချောတဲ့ လူကလေးပါလားဟေ့၊ တစ်ယောက်တည်းလား၊ ငါနဲ့လိုက်လေ။ ပျော်အောင်လုပ်ပေးမယ်" ဟု ပြောသည်။ နိုဗိကောက်သည် ပြည့်တန်ဆာမ



အား တစ်ခဏတာမျှ ငေးကြည့်နေပြီးနောက် သူဖြစ်ခဲ့သမျှအကြောင်းများကို တွေးမိပြီး ဒတ်ဟက်ပက်ပက် ရယ်လိုက်သည်။

ပြည့်တန်ဆာမလည်း နိုဗိကောက်သည် သူ့ကိုပင်ရယ်သလား။ သူ့ဟာသူပင် ရယ်သလားဟု မတွေးတတ်အောင်ရှိသဖြင့် ကြောင်၍နေသည်။ နိုဗိကောက်သည် အာမျှ မပြောဘဲ မျက်ရည်များ ထွက်လာသည့်တိုင်အောင် ဟားတိုက်၍ ရယ်ပြန်သည်။

ပြည့်တန်ဆာမသည် စိတ်ဆိုးလာပြီးလျှင် "ဘာရယ်ရတာလဲ၊ နင်မကြိုက်ရင် ငါ့ဓါတာမလိုက်ရုံပေါ့။ သူ့ကြည့်တော့ဖြင့် ကျောင်းသားပဲရှိသေးတယ်" ဟု ပြောကာ နှာခေါင်းကို ဆောင့်၍နင်းပြီး ထွက်သွားသည်။

နိုဗိကောက်သည် သူ့ဟာသူဖျင်းကြောင်း၊ အကြောင်းကို သိသဖြင့် "ကောင်းသယ်၊ ဒီလိုဖြစ်တာပဲကောင်းတယ်" ဟု ပါးစပ်မှ ရွတ်လျှက်ရှိသည်။ နိုဗိကောက်သည် နောက် ကြီးပြင်းလာသောအခါတွင် ထိုပြည့်တန်ဆာမကို ကျေးဇူးတင်မိသည်။

နိုဗိကောက်သည် ပြည့်တန်ဆာမနှင့် တွေ့ပြီးသည့်အချိန်မှစ၍ လောကတွင် စိတ်ကူးနှင့်ရူးနေ၍ မဖြစ်သည့်အဖြစ်ကို သဘောပေါက်၍သွားသည်။

ထိုညက နိုဗိကောက် သူ့အိမ်သို့ ပြန်ရောက်သွားသောအခါ သူ့အဖေမှာ အရူးပင်ကြောက်လန့် တုန်လှုပ်နေသည်ကို တွေ့ရသည်။ သူ့အဖေက သူ့အား "သင် ဘယ်သွားနေသလဲ။ ငါတို့ သင့်ကို လိုက်ရှာလိုက်ရတာ တစ်မြို့လုံးကို နှံ့နေတာပဲ။ ဒီလောရက်မြို့က သတင်းကလည်း မကောင်းဘူး။ ဘော်ရှီဗစ်တွေက ကာရင်စကီအစိုးရကို လက်နက်နှင့် ဖြုတ်ချပြီး အာဏာသိမ်းလိုက်ပြီတဲ့။ မကြာခင် ရုရှတစ်ပြည်လုံးကို သူတို့သိမ်းတော့မှာပဲ" ဟုပြောသည်။

နိုဗိကောက်သည် သူ့အဖေ့စကားကိုကြားသောအခါ အံ့အားသင့်၍နေသည်။ သူ့အဖေသည် ဘာကိုဆိုလိုသည်ဟုမသိ၊ သူ့အဖေသည် အဘယ်ကြောင့် ကာရင်စကီအစိုးရဟာလည်း မကောင်းပါဘူးဟု သူကိုယ်တိုင်ကပြောပြီးနောက် ဘော်ရှီဗစ်များ အာဏာ သိမ်းမည်ကို ကြောက်ရသနည်း။

နိုဗိကောက်သည် အဝတ်အစားများလဲရင်းနှင့် "အံ့အားသင့်စရာတွေ များလှချည်လား။ တော်ပြီ နောက်ကို ငါ ဘာမျှ အံ့အားမသင့်တော့ဘူး။ ဘော်ရှီဗစ်တွေဟာ ရုရှတစ်ပြည်လုံးကို နိုင်မှာပဲ။ ငါလည်း ဒီနေ့ ငါ့စိတ်ကို ငါနိုင်ပြီးပြီ။ လောကမှာ ဒါဟာ အရေးကြီးသည်" ဟု ထင်မြင်မိသည်။

※※※

## (၁)

နိုဗိကောက်စိတ်ထဲက သူသည် နောက်တွေ့ရအံ့သော အခက်အခဲများကို အလွယ်တကူ ရင်ဆိုင်နိုင်တော့မည်ဟု ထင်နေခြင်းမှာ အချည်းနှီးသာဖြစ်သည်။ အခက်

www.burmeseclassic.com



အခဲများမှာ စကာစသာဖြစ်သည်။ တစ်တိုင်းပြည်လုံးမှာ ငန်းဖမ်းသော သူနာကဲ့သို့ အလူးအလဲ ဖြစ်၍နေသည်။ အနှစ်အရာအထောင်ကြာ တည်လာခဲ့သော သဘောတရားများသည်လည်းကောင်း၊ အေးချမ်းတည်တံ့စွာ နေထိုင်ရမှုသည်လည်းကောင်း ကွဲအက်ပြိုပျက်သွားလေပြီ။ တော်လှန်ရေး လေပွေမိုက်သည် သူ့ထက်အဆများစွာ ကြံ့ခိုင်သော စိတ်ထားရှိသူများကိုပင် တိုက်ခတ်၍ ဖျက်ဆီးပစ်ခဲ့ပြီ။

တော်လှန်ရေးသည် ပေါ်ဦးစသာရှိသေးသည်။ သို့ရာတွင် ရုရှပြည်ကြီးမှာ ရုပ်ဆင်းသဏ္ဌာန်ကွယ်ပျောက်လုခမန်း ဖြစ်၍သွားပြီ။ နောက်နေ့ နီဗိကောက် အိပ်ရာမှ နိုးသောအခါ လောကဟောင်းပျောက်ကွယ်၍ လောကသစ်သို့ ရောက်လျက်ရှိနှင့်ပြီ။

သူ့အဖေသည် ဖျော့တော့သောမျက်နှာဖြင့် နီဗိကောက်အား အိပ်ရာမှနှိုးသည်။ နီဗိကောက်သည် သူ့အဖေ ထိုမျှမျက်စိမျက်နှာ ပျက်ဖူးသည်ကို တစ်ခါမျှတွေ့စဘူး။

"ဟဲ့သား၊ မြန်မြန်ထ မြန်မြန်ထ တော်လှန်ရေးဟာ တို့မြို့ထဲရောက်လာပြီ" ဟု နီဗိကောက်အား ပြော၍နှိုးသည်။

"ဘာ တော်လှန်ရေးလဲ အဖေရဲ့"

"ကြည်းတပ်သားတွေနဲ့ ရေတပ်သားတွေက ဘူတာရုံရယ်၊ ကြေးနန်းရုံရယ်၊ ဓာတ်အားရုံတွေရယ်၊ လက်နက်တိုက်ရယ် သိမ်းလိုက်ပြီ။ တစ်မြို့လုံး ဖမ်းတဲ့သူဖမ်း၊ အသတ်ခံရတဲ့သူ အသတ်ခံရဖြစ်ကုန်ပြီ။ တို့ဆီကိုလည်း မကြာခင်ပဲ ရောက်လာလိမ့်မည် ထင်သည်။ သူတို့မရောက်ခင် တို့လွတ်အောင်ပြေးမှဖြစ်မည်။ အဝတ်သွားလဲ မြန်မြန်လုပ်"

နီဗိကောက်သည် အဝတ်အစားလဲပြီး အိမ်ရှေ့ခန်းသို့ ထွက်သွားသောအခါ သူ့အမေမှာ မျက်စိသင်ငယ်နှင့် အခန်းထဲတွင် လူးလာခေါက်တုံ့ပြေး၍ အသုံးမကျသည့် ပစ္စည်းများကို ထုပ်ပိုး၍နေသည်။ အစေခံမလည်း လက်ထဲတွင် ကောက်၍ကိုင်မိသော လက်ဖက်ရည်ကရားကိုကိုင်၍ ကြက်သေသေနေသည်။ နီဗိကောက်နှင့် သူ့နှမ အော်လကါမှာ ချမ်းချမ်းနှင့်နှစ်ယောက်သားပူး၍နေကြပြီး ဘာဖြစ်နေသည်ဆိုသည့် အကြောင်းကို မသိကြ။ နီဗိကောက်၏ အဖေသည် အထုပ်များကိုထမ်း၍ အိမ်ရှေ့ဝင်းထဲသို့ ပို့သည်။ နီဗိကောက်ကလည်း သူ့အဖေကိုကူ၍ ထမ်းပေးသည်။ မိုးတွေလည်းမည်း၍ မိုးဖွဲဖွဲကျပြီး အလွန်အေးသည်။ ရထားမြင်းမှာလည်း မိုးရေများရွှဲနေသည်။

သူတို့အိမ်မှာ မြို့အစွန်ကျသည်။ နီဗိကောက်သည် မြို့ဘက်မှ ဂျိုးဂျိုး ဂျိန်းဂျိန်း အသံများကြားရသဖြင့် နားစွင့်၍ထောင်နေသည်။ သူတို့အိမ်နားဆီသို့ ထရပ်ကားကြီးတစ်စီး မောင်း၍လာသည်။ လူတွေကလည်း အော်ဟစ်လျက်ရှိသည်။ ဘာတွေ အော်ဟစ်ကြသည်ဟု သေသေချာချာမကြားရ။ ထရပ်ကား လွန်၍သွားသောအခါ အော်သံဟစ်သံများ ပျောက်သွားပြီးလျှင် မြို့ဘက်မှ မြည်ဟိန်းသံများကိုသာ ဆက်၍ ကြားရသည်။

"အဖေ ငါတို့ ဘယ်ကိုသွားကြမလဲ"



"ဘယ်သွားရမယ်လို့ မပြောတတ်သေးပါဘူး သားရယ်။ အဖေ့စိတ်ထဲမှာ တော့ ဒေါင်းမြစ်ကိုဆန်ပြီး ကောက်ဆက်လူမျိုးတွေ နေကြတဲ့နယ်ကို သွားမယ်ကြံတာပဲ။ ဓာတ်ကို အေးချမ်းတော့မှပဲ တို့ ရောက်စတောက်ကို ပြန်လာကြတာပေါ့"

နီဗိကောက်တို့ သားအဖနှစ်ယောက် စကားပြောနေကြစဉ် သူတို့အိမ်ဝင်း အတွင်းသို့ လူတစ်ယောက် မြင်းကို ဒုန်းစိုင်းပြီး ဒလကြမ်းဝင်လာသည်။ မြင်းမှာ မောလွန်း၍ ကိုယ်တွင် ချွေးမြှုပ်များထနေသည်။ ပါးစပ်မှလည်း ချွေးမြှုပ်များ တစ်ပေါက်ပေါက် ကျနေသည်။

မြင်းစီးလာသူမှာ စစ်ဗိုလ်အဝတ်ကို ဝတ်ဆင်လျက် မြင်းပေါ်မှ ကမန်းကတန်း ခုန်ဆင်းပြီးလျှင် နီဗိကောက်အဖေဆီသို့ပြေးလာသည်။ ထိုသူသည် နီဗိကောက်အဖေ၏ မိတ်ဆွေတစ်ယောက်ဖြစ်သည်ကို နီဗိကောက်က ရုတ်တရက် မမှတ်မိ။

"တော်ပါသေးရဲ့ကွာ၊ ငါ့စိတ်ထဲမှာ သင့်ကို တွေ့မှတွေ့ပါ့မလားလို့ ပူတောင်နေသည်။ ငါ့ကို အရပ်ဝတ်အရပ်စား ပေးစမ်းပါကွာ။ ဒီစစ်အဝတ်ကြီး ချွတ်ချင်းလဲပစ်မှပါ။ ငါ့ကို ဒီအဝတ်နဲ့တွေ့သွားရင် ခွေးကိုပစ်သတ်သလို ပစ်သတ်ကြလိမ့်မည်"ဟု မြင်းစီးလာသူက နီဗိကောက်အဖေကို ပြောသည်။

"သားရေ မြန်မြန်သွားပြီး သင့်အဝတ်အစားတွေ ယူပေးလိုက်ပါကွာ၊ သင့်အဝတ်နဲ့သူနဲ့ဆို အတော်ပဲနေမှာပါပဲ"ဟု နီဗိကောက်၏အဖေက ပြောသည်။

နီဗိကောက်က သူ၏အဝတ်အစားများကို ယူ၍လာသောအခါ စစ်ဗိုလ်သည် ဝတ်လာသော စစ်ဝတ်များကို ဆုတ်ဖြဲ၍ပစ်ပြီးလျှင် နီဗိကောက်၏ အဝတ်များကို ကပျာကယာ ဝတ်၍ထားသည်။

စစ်ဗိုလ်က နီဗိကောက်၏အဖေအား "ပါဗယ်ရာမြို့ထဲဖြစ်နေတာတွေ သင်မြင်စေချင်စမ်းသကွာ။ ငါ့မျက်စိအောက်တွင်ပဲဟော့ စစ်သားတွေက စစ်ဗိုလ်တွေကို သေနတ်နှင့် ပစ်သတ်ကြသည်။ ငါတောင် အနိုင်နိုင်ထွက်လာခဲ့သည်။ ငါလည်း ကြောက်ကြောက်နှင့် မြင်းပေါ်ခုန်တက်ပြီး ဒလကြမ်းပြေးလာခဲ့ရတာ။ ဒါတောင် ငါ့ကို လှမ်းပြီးပစ်လိုက်ကြသေးတယ်။ ကံကောင်းလို့ မမှန်ပေလို့ပေါ့။ မြန်မြန်လုပ်ကြ [illegible]။ ဘော်ရှီဗစ်စစ်သားတွေ ရောက်လာရင် မြို့အဝင်အထွက်လမ်းတွေကို တစ်ခါတည်း ပိတ်ပစ်လိုက်လိမ့်မည်"

ထို့နောက် စစ်ဗိုလ်သည် နီဗိကောက်တို့ မြင်းရထားပေါ်တွင် တိုလီမိုလီ အထုပ်ကလေးများ အပြည့်တင်ထားသည်ကို တွေ့သောအခါ "ပါဗယ်ရယ် သင်ဟာ ရူးနေသလားကွာ။ အချိန်ကုန်ခံပြီး အဖိုးမတန်တာတွေ တင်မနေစမ်းပါနှင့်။ သင့် စိတ်ထဲ ထည့်လို့ရတာလောက်ပဲ ယူပါ။ သင် အခုတင်ထားတဲ့ ပစ္စည်းတွေဟာ ဘော်ရှီဗစ် စစ်သားတွေက သိမ်းမယူတောင်မှဘဲ မြို့ပြင်ကျရင် ဓားပြတွေက အကုန်လုယူမှာပဲ။ ခင်း ဒီပစ္စည်းတွေပါတဲ့အတွက် သင့်ကိုတောင် ရိုက်ချင် ရိုက်ကြဦးမည်။ မြန်မြန်လုပ်ပါ၊ အချိန်ရှိတုန်း လွတ်အောင်ပြေးပါ"ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်ဗိုလ်သည် ပြောပြောဆိုဆိုနှင့် သူ့မြင်းပေါ်သို့ ခုန်တက်ပြီးလျှင် "ပါဗယ်ရေ သင်တို့အဝတ်ပေးတဲ့ကျေးဇူးကို ငါ မမေ့ပါဘူးကွာ။ ကိုင်း သွားတော့မယ်ဟေ့။ နောက်ကို သင်နှင့်ငါနှင့် ပြန်ပြီးတွေ့ချင်မှဘဲ တွေ့ကြရတော့မယ်နော်" ဟုပြောသည်။

"နေပါဦး၊ အခု သင် ဘယ်ကိုသွားမှာလဲ"

"နိုဗိုချာကတ်ကိုလေ၊ အဲဒီမှာ ဗိုလ်ချုပ်ကလေဒင်ရှိသည်။ ခက်တာပဲကွယ်။ တို့အဓိ ရုရှပြည်ကြီးတော့ ချည်ဝင်အုပေါက်ဖြစ်ကုန်ပြီ။ နောက်ဆုံး ဘယ်လိုဖြစ်မည်တော့ မပြောတတ်ဘူး" ဟု ပြောပြီးလျှင် စစ်ဗိုလ်သည် မြင်းကို ဒုန်းစိုင်း၍ ထွက်သွားသည်။

နိုဗိကောက်၏ အဖေလည်း ဗျာများလျက် "မြန်မြန်တင်ကြဟေ့၊ အားလုံးကို ခေါ်တော့ဟေ့" ဟု ပြောသည်။

နိုဗိကောက်သည် သူ့အမေရယ်၊ ကလေးတွေရယ်၊ အစေခံမရယ်၊ အကုန်စု၍ ခေါ်လာပြီး ရထားပေါ်တက်စေသည်။ ထို့နောက် သူ့အဖေသည် ရထားအနည်းငယ် ချောင်စေရန်သဘောနှင့် အထုပ်တစ်ထုပ်နှစ်ထုပ်ကို ရထားပေါ်မှ ပစ်ချခဲ့သည်။ သူတို့ရထား ထွက်သွားသောအခါ လမ်းပေါ်တွင် သူတို့ကဲ့သို့ ဝန်စည်စလယ်များတင်၍ လာကြသော ရထားများ ပြည့်၍နေသည်။ မြို့အထွက်လမ်းမကြီးတွင် ရထားတန်းကြီးမှာ တစ်မျှော်တစ်ခေါ်ကြီးဖြစ်သည်။ ခဏကြာသောအခါ လမ်းပိတ်လိုက်သည်။ "ဘော်ရှီဗစ်စစ်တပ်က လမ်းပိတ်လိုက်ပြီလို့ ပြောကြသည်။ ဘယ်သူမှ မသွားရတော့ဘူး"

"ဒီမြင် သွားဖို့လမ်း ရှိချင်ရှိဦးမှာပေါ့"

"စိတ်ချပါ။ ရှိဦးမှာပေါ့။ သင့်အတွက် သတ်သတ် သူတို့က လမ်းတစ်လမ်း ဖွင့်ပေးမှာပေါ့"

ထိုအခိုက်တွင် ရေတပ်သားနှစ်ယောက်သည် လမ်းဘေးတစ်ဖက်တစ်ချက်မှ မြင်းနှင့် ဖြတ်ကျော်သွားကြသည်။ ရေတပ်သားနှစ်ယောက်သည် စက်သေနတ်ယမ်းတောင့်များကို စလွယ်သိုင်း လွယ်၍ထားသည်။ ပါးရိုးမောက်မောက်၊ ကျောက်ပေါက်မှတ်ထူထူနှင့် ရေတပ်သားက "ဟေ့ ဓနရှင်တွေ အကုန်လုံး လှည့်ပြန်ကြ။ မြို့ထဲက တစ်ယောက်မှ မထွက်ရဘူး။ နင်တို့ကို အတွင်းကြေချေရဦးမည်။ ပြန်လှည့်ကြဆိုတာ မကြားဘူးလား။ လက်ပစ်ဗုံးနဲ့ ပစ်လိုက်လို့ အရိုးအသားရှာမရဘဲ ဖြစ်သွားမယ်နော် သိလား။ အခု အာဏာကို တို့ပိုင်တယ်" ဟု အော်၍ပြောသည်။

ထိုအခါ အခြားရေတပ်သားက ရယ်သည်။ နှစ်ယောက်စလုံး အရက်မူးပြီး ပျော်ရွှင်နေကြသည်။ အရက်တန်ခိုးနှင့် အာဏာသစ်တန်ခိုးကြောင့် မျက်နှာများနီမြန်းပြီး ပျော်မဆုံး ဖြစ်နေကြသည်။

ရထားပေါ်ကလူများသည် ငြိမ်သွားကြပြီး တစ်စီးပြီးတစ်စီး လှည့်၍ပြန်ကြသည်။ နိုဗိကောက်တို့ မိသားတစ်စုသည် နှစ်နာရီခန့်ကြာသောအခါ သူတို့အိမ်သို့ သူတို့ ပြန်ရောက်ကြသည်။



နိုဗိကောက်သည် အဆာပြေမုန့်အနည်းငယ်ကို ကမန်းကတန်း လွေးပြီးလျှင် မြို့တွင်းသို့ အပြေးအလွှားသွားသည်။ သူသည် မြို့တွင်း၌ ဘာတွေဖြစ်နေသည်ကို သိလိုသောဇောဖြင့် အင်မတန် ပြင်း၍နေသည်။ သူ့အဖေလို မကြောက်။ သူ့စိတ်သည် နားမငြိမ်။ အိမ်တွင် ထိုင်နေ၍မရ။ လူစုစုရှိရာသို့သွား၍ အကြီးအကျယ်ဖြစ်နေသော ကိစ္စများကို ကိုယ်တိုင်သွား၍ ကြည့်လိုသည်။ သူသည် ထူးသောသတင်း၊ ဆန်းသောသတင်း၊ အံ့အားသင့်ဖွယ် သတင်းများစွာကို ကြားရသည်။ မြို့လယ်ခေါင်ကျလေလေ လမ်းများသည်လည်း လူစည်လေလေ ဖြစ်သည်ကို သူတွေ့ရသည်။ ဗဟိုပန်းခြံကြီးရှိရာသို့ သူ့လိုလာကြည့်ကြသူများလည်း အများပင်ရှိသည်။ ဆင်နယာလမ်းနှင့် ဆဒိုဗယလမ်းဆုံတွင်သွေးသံရဲရဲနှင့်လူတစ်ယောက် သေနေသည်ကိုတွေ့၍ လူအများဝိုင်းကြည့်နေကြသည်။

နိုဗိကောက်ဆက်၍ ပြေးသွားရာ လမ်းတွင် အတုံးအရုံးသေနေသော လူသေကောင်များကိုလည်း တွေ့သည်။

ဘုရင်ခံ၏ နန်းတော်အဝင်ဝတွင် ပင်လယ်နက်ရေတပ်မှ စစ်သားနှစ်ယောက် သေနတ်ကိုယ်စီကိုင်၍ စောင့်နေကြသည်။ ဘုရင်ခံ၏နန်းတော်ဝင်းထဲသို့ ဝင်သည့်ဘက်တွင်လည်း ရေတပ်သားနှစ်ယောက်သည် သေနတ်ပြောင်းများကို လူအုပ်ဘက်သို့ ချိန်ကာ စောင့်လျက်ရှိသည်။

ရောက်စတောက်မြို့ စစ်ဘက်တော်လှန်ရေးအဖွဲ့သည် ဘုရင်ခံအိမ်ကို သိမ်းပိုက်၍ထားသည်။

စစ်ဗိုလ်ကလေး ဆယ်ယောက် ဆယ့်နှစ်ယောက်နှင့် ဗိုလ်ချုပ်ကြီးနှစ်ယောက်တို့ ထရပ်ကားကြီးနှင့်တင်၍ ဘုရင်ခံအိမ်တွင်းသို့ မောင်းသွားသည်။ သူတို့တွေသည် အကျဉ်းခံများဖြစ်သည်။ လူအုပ်ကြီးထဲမှအချို့က လှေချွန်၍ အချို့က ဩဘာပေးကြသည်။ အချို့ကလည်း ဘုရားတကြသည်။

"ဒီစစ်ဗိုလ်တွေကိုတော့ အကုန်ပစ်သတ်တော့မှာပဲထင်တယ်"

"ဒါပေါ့ကွ၊ တော်လှန်ရေးဆိုတာ ဒီလိုပေါ့"

တစ်ခဏကြာသောအခါ နန်းတော်ဒုတိယထပ် လေသာဆောင်ဘက်သို့ အရပ်ရှည်ရှည်နှင့် အမည်မသိသူတစ်ယောက် ထွက်လာပြီး လက်များကို မြှောက်လိုက်ရာ လူအုပ်ကြီးသည် ငြိမ်၍သွားသည်။ ထိုသူက "ရဲဘော်တို့ ရဲဘော်တို့" ဟု အော်ပြီးလျှင် ငြိမ်သက်ငြိမ်သွားအောင် ခဏစောင့်နေသည်။ ပြီးလျှင် ဆက်၍ "ရဲဘော်တို့၊ ရဲဘော်တို့ တော်လှန်ရေးကြီးအောင်မြင်သည့်အတွက် သင်တို့ကို ငါ ချီးကျူးပါသည်" ဟု ပြောသည်။

"သင့်ကိုလည်း ငါတို့က ချီးကျူးပါသည်" ဟု ပရိသတ်ထဲမှ လူတစ်ယောက်က ပြန်ပြောသည်။

ပရိသတ်က ဟား ဟား ဟား ဟု ရယ်ကြသည်။

"ဦးကြီးက နေစမ်းပါ။ ဟိုကပြောမှာ ဆက်ပြောပါရစေ" ဟု လူတစ်ယောက်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လေသာဆောင်ပေါ်က လူက ဆက်၍ ""ရဲဘော်တို့ ရဲဘော်တို့ တော်လှန်ရေးကြီး အောင်မြင်တဲ့အတွက် သင်တို့ကို ငါချီးကျူးပါတယ်။ ယခုအခါ အာဏာကို သင်တို့ပိုင်ပါပြီ။ အာဏာသည် လူထုအာဏာဖြစ်ပါပြီ။ ယခုအခါ လယ်ယာမြေများကို လယ်သမားပိုင်ပါပြီ။ အလုပ်ရုံများကိုလည်း အလုပ်သမားပိုင်ပါပြီ။ သို့ရာတွင် တော်လှန်ရေးကို ဖျက်ဆီးလိုသူ အသေးအမွှားများက သင်တို့ ယခုလို အခြေအနေသို့ ရောက်လာသည်ကို မကြိုက်ကြပါ။ သူတို့က တော်လှန်ရေးစိတ်ရှိသော ရောက်စတောက်မြို့သူမြို့သားများ၏ လည်ပင်းကို ဗိုလ်ချုပ်ကလေဒင်၏ သွေးပေနေသောလက်များဖြင့် ညှစ်သတ်ပစ်တာကို မြင်လိုကြပါသည်။ ဒီလိုတော့ ဘယ်တော့မှ မဖြစ်နိုင်တော့ပါဘူး။ ငါတို့သည် ညီညီညွတ်ညွတ် ရောက်စတောက်မြို့ကြီးကို ငါတို့အသက်ပေး၍ ကာကွယ်ကြရန်အံ့""ဟု ပြောသည်။

နိုင်ငံခြားကောက်၏ ပတ်ဝန်းကျင်၌ရှိကြသော လူအုပ်ကြီးသည် တစ်ခဲနက် အော်ဟစ်ကြသည်။ နိုဗီကောက်သည် လေးဘက်လေးတန်မှ ဝိုင်း၍တိုးသော လူများကြားတွင် ညပ်၍နေသည်။ ထို့နောက် လေသာဆောင်ပေါ်က တရားဟောပုဂ္ဂိုလ်သည် လက်သီးဖြင့် လေသာဆောင်လက်ရမ်းကို တစ်အားထုလိုက်သဖြင့် လက်ရမ်းမှာ တုန်၍သွားပါသည်။ သူလည်း မျက်နှာနီမြန်း၍ ချွေးများပြန်လာပါသည်။ ပြီးလျှင် တရားဟောပုဂ္ဂိုလ်က ကလေဒင်တို့ ကော်နီလောက်တို့၊ ကာရင်စကီတို့ကို၊ ညစ်ညစ်ညမ်းညမ်း ဆဲဆိုသည်။ ပြီးလျှင် ကလေဒင်တို့လို သွေးစုတ်နေတဲ့ သရဲသဘက်တွေသာမရှိလျှင် လူတိုင်းလူတိုင်းဟာ နန်းတော်ကြီးတွေထဲမှာ ဖော့ဒကာသေရည်ကိုသောက်ပြီး နတ်စည်းစိမ်မျိုးကို ခံစားနေရမည် သာဖြစ်ကြောင်း ပြောသည်။

ထိုအချိန်တွင် နိုဗီကောက်တွင် သူ့စိတ်သူ့အလိုမရှိဘဲ အခြားတစ်ဦး တစ်ယောက်သောသူ၏ စိတ်အလိုနောက်သို့ လိုက်၍နေသဖြင့် လူစုလူအုပ်ကြီးထဲတွင် ပါဝင်နေသူတို့၏ ဓမ္မတာအတိုင်း ဘာပြောပြော ယုံကြည်လိုသော ဆန္ဒရှိနေသည်။ ဤနည်းဖြင့် သူ့ဟာသူလည်း အဓိပ္ပာယ်မသိဘဲနှင့် ""ကောင်းတယ်၊ ကောင်းတယ်""ဟု နိုဗီကောက်က အော်မိသည်။ ထို့နောက် တရားဟောသူများ တစ်ယောက်ပြီးတစ်ယောက် ထွက်လာပြီး ရှရှမနေရှင်ကိုရော ကမ္ဘာပေါ်မှာရှိသမျှ နေရှင်တွေကိုရော ရစရာမရှိအောင် မှတ်ချရေရွတ်ကြသည်။ နိုဗီကောက်သည် အခြားသူများ၏နည်းတူ ပြောဟောသော စကားတို့၏ အနက်အဓိပ္ပာယ်ကို မစဉ်းစား။ သူတို့အဖို့တွင် အကျိုးနှင့်အကြောင်းသည် အရေးမကြီး။ ပြောပုံ ရှူးရှူးရှဲရှဲ ရှိခြင်းနှင့် ဒေါမာန်ပါခြင်းတို့သာ အရေးကြီးသည်။

တရားဟောကြသူများအနက် စစ်သားအင်္ကျီကိုဝတ်၍ ခေါင်းတွင် ပဝါနီစည်းထားသော ရဲမေတစ်ယောက်ကို နိုဗီကောက် တော်တော်နှင့်မမေ့နိုင်။ ထိုရဲမေသည် တရားဟောရင်း စိတ်တက်ကြွလာသဖြင့် မော်ဇာသေနတ်ကြီးတစ်လက်ကို ဆွဲထုတ်လာပြီးလျှင် လည်ပင်းကြောကြီးများထလာအောင် မဲ့ရွဲ့လျက် ပရိသတ်ဘက်သို့ သေနတ်ကြီးကိုဝှေ့ယမ်းပြီးလျှင် ""ဒါက ကလေဒင်၏ခေါင်းထဲကို ပစ်သွင်းဖို့ကျည်ဆန်။



ဒါက ကော်နီလောက်၏ ခေါင်းထဲကို ပစ်သွင်းဖို့ကျည်ဆန်။ ဒီတိရစ္ဆာန်တွေကို ငါတို့ အတုန်လုံး သေနတ်နှင့်ပစ်မည်။ ပြီးတော့ ဓားသင်းပစ်မည်""ဟု ပြောပြီး ညစ်ညစ်ပတ်ပတ်ဆဲသည်။

ဤကဲ့သို့ ဆဲရေးတိုင်းထွာခြင်းများကို လူထုပရိသတ်က ညာသံပေး၍ ထောက်ခံကြသည်။

သို့ရာတွင် မည်သည့်အရာမဆို အဆုံးသတ်ရှိရမြဲဖြစ်သည့်အတိုင်း တရားဟောခြင်းသည်ပင် အဆုံးသတ်ခဲ့ပြီ။ တရားဟောပွဲအပြီးတွင် နန်းတော်ဝင်းတံခါးမှ ဘော်ရှီဗစ်စစ်သားများသည် စည်းကမ်းတကျ စီတန်းထွက်လာပြီး ပန်းဥယျာဉ်ဘက်သို့သွား၍ ရှာယီးဗျာယာလုပ်သည့် အမှုအရာမပါဘဲ စနစ်တကျ လူထုပရိသတ်အား ဥယျာဉ်ထဲမှ မောင်းထုတ်သွားခိုင်းသည်။ ဥယျာဉ်မှလူများကိုရှင်းပုံမှာ အံ့သြလောက်အောင်ပင် စနစ်တကျရှိသည်။

ထိုအခါ နိုဗီကောက်စိတ်ထဲ၌ ""တရားဟောသူတွေက မီးလောင်လေပင့် သာပြောချင်သလို ဟောပြောကြပေမယ့် တော်လှန်ရေးတာဝန်ခံအဖွဲ့ထဲတွင် စည်းကမ်းသေဝပ်အောင် စီစဉ်ပေးဖို့တာဝန်ကို သတိမမေ့တဲ့ သူတစ်ယောက်ယောက် ရှိနေပြီလား မပြောတတ်ဘူး။ တစ်မျိုးဆိုရင်လည်း ဒီလို ဟောပြောနေကြတာဟာ ကိုယ့်ဟာကို အလိုအလျောက်စိတ်ပါလို့ ဟောပြောနေကြတာမဟုတ်ဘဲ တမင်သက်သက် တွက်ချက်ပြီး ဆင်ဖဲရိုက်တာများ ဖြစ်နေမလား မပြောတတ်ဘူး""ဟု အောက်မေ့မိသည်။

ပြီးတော့ ညတုန်းက သူ့အဖေနှင့် စကားပြောကြတော့ သူ့အဖေက ""ဘော်ရှီဗစ်တွေကို ပြန်ပြီးမောင်းထုတ်ဖို့ မလွယ်လှဘူး။ သူတို့တွေဟာ အင်မတန်ဖွဲ့စည်းကောင်းသည်""ဟု ပြောသည်ကိုလည်း နိုဗီကောက်သတိရသည်။

လူအုပ်ကြီးသည် တရားဟောသံများဖြင့် ယစ်၍ အောက်ခြေလွှတ်နေရာမှ တဖြည်းဖြည်း မိမိတို့အခြေမှန်ကို ပြန်၍သတိရလာသည်။ အချို့မှာ မျက်စိမျက်နှာ ပျက်၍ အချို့မှာအိုးတိုးအမ်းတမ်း ဖြစ်၍နေသည်ကို နိုဗီကောက် တွေ့သည်။

""ကြည့်စမ်း၊ ငါတို့ကို အတင်းမောင်းထုတ်နေသည်။ ဒင်းတို့က ငါတို့ကို နွားတွေများ အောက်မေ့နေသလားမသိဘူး""ဟု တစ်ယောက်ကပြောသည်။

""နွားတွေလို မအောက်မေ့လို့ နတ်တွေလိုအောက်မေ့လိမ့်မလားကွ""ဟု အခြားတစ်ယောက်က ပြန်ပြောသည်။

""မျက်နှာကို သေနတ်ဒင်နှင့်ပိတ်ပြီး မဆောင့်ရင်ဘဲ တော်သေးတယ် မှတ်ပေါ့ ဦးကြီးရဲ့""ဟု တတိယလူက ဝင်၍ထောက်သည်။

ထို့နောက် အားလုံးပိုင်း၍ရယ်ကြသည်။ သို့ရာတွင် သူတို့ရယ်ခြင်းမှာ အထိပ်ပက်ပက် မရှိ။

နိုဗီကောက်သူ့အိမ်သို့ ပြန်ရောက်သွားသည့်အချိန်မှာ နေဝင်ရီတရော အချိန်ဖြစ်သည်။ သူ့အဖေသည် ဖြစ်သမျှအကြောင်း အကောင်းချည်းဟု သဘောထားကာ ရှုံ့လှုပ်ချောက်ချားခြင်း မရှိတော့။

www.burmeseclassic.com

www.burmeseclassic.com



"သားရေ၊ တို့ ဒီမြို့က ထွက်မသွားဖြစ်တာလည်း ခပ်ကောင်းကောင်းပဲပေါ့၊ အခုဆိုတော့ ကိုယ့်အိမ်မှာပဲ ကိုယ့်ပစ္စည်းနဲ့ နေရသေးတယ်။ တကယ်လို့ တို့သာ ထွက်သွားဖြစ်မယ်ဆိုရင် သူစိမ်းတွေကြားထဲမှာ တယောင်လည်လည် ဖြစ်နေကြမှာ ပဲ" ဟု သူ့အဖေက ပြောသည်။

❋❋❋

## အခန်း(၉)

ရောက်စတောက် မြို့သူမြို့သားတို့သည် ကျိုးလန့်စာစား ဖြစ်နေကြသည်။ ညတွင်လည်း မည်သူမျှ စိတ်ချလက်ချ မအိပ်ဝံ့ကြ။ ဘော်ရှီဗစ်စစ်သားများစွာတို့သည် လမ်းကြို့လမ်းကြား တင်းလှည့်လျက်ရှိသည်။ သူတို့သည် ဥစ္စာရှင်များ ထွက်ပြေး၍ ကျန်ရစ်ခဲ့သည့် အိမ်ကြီးအိမ်ကောင်းများကို ဝင်၍နေကြပြီးလျှင် သူတို့တစ်သက်လုံး မခံစားရသော စည်းစိမ်များကို ခံစားကာ ဗော့ဒကာ သေရည်ကိုသောက်၍ အိမ်ထောင် ပရိဘောဂများကို ထင်းဆိုက်ပြီးလျှင် မီးမလှုကြ၊ ခိုက်ရန်ဖြစ်ကြ ဖြစ်နေကြသည်။ အိစက်ပူနွေးသော ငန်းမွေးမွေ့ရာများကို ငြီးငွေ့၍လာသောအခါများတွင် ပန်းခြံများထဲသို့ ထွက်၍ မူးကြရူးကြသည်။ ကြောက်ဒူးတုန်၍နေကြသော မြို့သူမြို့သားတို့သည် ပြတင်းပေါက်ကြားမှ ချောင်းမြောင်းကြည့်ကြသောအခါ လမ်းမီးတိုင်များကို ရိုက်ခွဲနေကြ သည်ကို၊ ယစ်ထုပ်များပီပီ စိတ်ကူးယဉ်ယဉ်နှင့် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်နေ ကြသည်ကို၊ အပျော်ကြူးကာ မြူးထူးနေကြသည်ကို၊ မြင်သူရှက်စရာ နောက်ဖေး နောက်ဖီ သွားနေကြသည်ကို မြင်ကြရသည်။ ထိုအခါ မြို့သူမြို့သားတို့သည် ကြောက်၍ ကြသဖြင့် အဆိုပါ လူသရမ်းတို့၏ အော်သံများနှင့် မိန်းမတို့၏ ကယ်ပါယူပါအော်သံများကို မကြားရကြစေခြင်းငှာ တံခါးများကို လုံခြုံစွာပိတ်၍နေကြသည်။

ဘော်ရှီဗစ်စစ်သားတို့သည်-အားလုံးသော ရုရှလူမျိုးတို့၏နည်းတူ စိတ်ဓာတ် ချောက်ချားကာ အကျိုးအကြောင်း မဆင်ခြင် မစဉ်းစားတတ်ဘဲ ဖြစ်၍နေသည်။ ည သန်းခေါင်ကျော်တွင် လမ်းသွားလမ်းလာများကိုထွက်၍ အကျီအဝတ်အစား၊ လက်ပတ် နာရီ စသည်တို့ကို လုယူကြသည့်အခါများတွင်လည်း တစ်ခါတစ်ရံ အလုခံရသူများအား တကယ်ပဲ သတ်ပစ်တော့မည့်ပမာ ခြောက်လုံးပူးသေနတ်များဝင့်၍ ဝင့်၍ ချိန်လိုချိန်၍ တစ်ခါတစ်ရံ အရက်တန်ခိုးနှင့် ကြို့တစ်ထိုးတည်းထိုးကာ အလုအယက်ခံရသူများကို မျက်ရည်စက်လက်ဖြင့် နမ်းရှုပ်ချင်နမ်းရှုပ် လုပ်နေကြသည်။ သူတို့သည် ကိုယ့်ဟာကိုပင် ဘယ်လိုဖြစ်၍နေကြသည်ကိုပင် မသိကြ။

သို့ရာတွင် လူသတ္တဝါတို့သည်-အခြေအနေအလိုက် တော်သလိုကြည့်၍ နေနိုင်သော သတ္တိရှိသူများဖြစ်သည်။

ဤနည်းဖြင့် ရုရှလူမျိုးတို့သည် တော်လှန်ရေးဖြစ်ပေါ်လာပြီး မကြာမြင့်မီပင် ကမောက်ကမ စည်းလွတ်ဝါးလွတ် ဖြစ်ချင်သလို ဖြစ်၍နေသော အခြေအနေများကိုပင်



ဆီတို့ တွေ့ရိုးတွေ့စဉ် ပုံမှန်အခြေအနေမျိုးပမာ သဘောထား၍လာကြသည်။ သူတို့အဖို့ အွင် ဖြစ်ရိုးဖြစ်စဉ် ပုံမှန်အခြေအနေမျိုးဖြစ်ခြင်း၊ သို့မဟုတ် ဖောက်လွဲဖောက်ပြန် ကမောက်ကမ အခြေအနေမျိုးဖြစ်ခြင်းတို့သည် အရေးမကြီး။ ဝမ်းထဲ၌ အစာရှိဖို့ဝဲ အရေးကြီးသည်။ ရောက်စတောက် မြို့သူမြို့သားတို့အဖို့တွင် တစ်နေ့တစ်နေ့ အချိန် မြန်မြန်ကုန်သွားဖို့နှင့် ညအိပ်ရာဝင်သည့်အခါတွင် ဗိုက်ထဲတွင် အစာပြည့်ဖို့တစ်ခု တည်းပင် အရေးကြီးသည်။ သို့လော သို့လော နက်နဲစွာ ဆင်ခြင်သုံးသပ်ဖို့ အချိန်မရ။

နိုဗိကောက်တို့သားအဖသည် မိမိတို့တွင်ရှိသည့် ပစ္စည်းများကို ဟင်းသီး ဟင်းရွက်၊ သားငါးပုစွန်စသည်တို့နှင့် ဖလှယ်ရန် ဈေးသို့ တစ်နေ့ကုန်တစ်နေ့ခန်း သွားကြရသည်။ သူ့မိခင်နှင့်သမီးများက အိမ်တွင် လုပ်စရာများကို လုပ်ကြသည်။ သူတို့နိုင်သည့် မိန်းမလည်း သူတို့မြို့နှင့်စာလျှင် နတ်ပြည်တစ်မျှ ပေါများကြွယ်ဝသော တောရွာသို့ လစ်၍ပြေးသည်။

နိုဗိကောက်၏ အဖေသည် တစ်နေ့ ဘော်ရှီဗစ်စစ်သားများအလစ်တွင် အစားအစာရှာဖွေရန် တောရွာများသို့ သူတို့သားအဖနှစ်ယောက်သွားဖို့ စိတ်ကူး ယူထားသည်။ ရုရှ၏ ပြင်းထန်သော ဆောင်းဥတုသို့ရောက်လျှင် သူတို့အားလုံး ငတ်ပြတ်ချမ်းအေး သေကုန်ကြရမည့် အဖြစ်ကိုလည်း တွေး၍စိတ်မအေး။ နိုဗိကောက်၏ အမေနှင့်အမေတို့သည် ဂျုံမှုန့်၊ အမဲဆီ၊ အာလူးစသည်တို့နှင့် ဖလှယ်ရန်၊ တောကလူများ ကြိုက်တတ်မည့် ပစ္စည်းများကိုပင် ရွေးချယ်စုဆောင်း၍ ထားကြပြီ။

နိုဗိကောက်တို့ သားအဖသည် ထိုကဲ့သို့ စွန့်စား၍ထွက်ကြမည့်အလုပ်တွင် ပျော်လင့်သော ကိစ္စတစ်ခု ဖြုန်းခနဲပေါ်ပေါက်လာသဖြင့် သူတို့အကြံ ပျက်၍ သွားသည်။

တစ်နေ့သောနံနက်တွင် နိုဗိကောက်သည် ဝင်းခြံထဲ၌နေသာသဖြင့် ကောင်း ကင်သို့ ကြည့်နေခိုက်တွင် လက်နက်ကိုင်လူလေးယောက်သည် မြင်းကိုယ်စီစီး၍ ခြံတံခါးမှ သူ့ဆီသို့ ပြေးဝင်လာကြသည်။ သူတို့လက်မောင်းတွင် အနီပဝတ်များ ပတ်ထားသဖြင့် သူတို့သည် ဘော်ရှီဗစ်စစ်သားများ ဖြစ်သည်ဟုသိရသည်။ မျက်မှောင် ကြုတ်ထုပ်နှင့် လူပိန်ပိန်တစ်ယောက်က အခြားစစ်သားသုံးယောက်၏ ရှေ့ကလာသဖြင့် ထိုသူမှာ ဗိုလ်ဖြစ်သည်ဟု နိုဗိကောက် သိရသည်။

ဗိုလ်လုပ်သူက "ဒီအိမ်ဟာ အင်ဂျင်နီယာ ပါဗယ်နိုဗိကောက်ရဲ့အိမ် ဟုတ်လား" ဟု မေးသည်။

"ဟုတ်ပါသည်"

"အိမ်ထဲမှာရှိတဲ့လူတွေ အကုန်ခေါ်လိုက်စမ်း၊ ငါတို့ စကားနည်းနည်း ပြောစရာရှိသည်"

နိုဗိကောက်သည် ပြေး၍ မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြစ်နေသော မိသားတစ်စုကိုခေါ်၍ လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘော်ရှီဗစ်စစ်သားတို့သည် မြင်းပေါ်ကမဆင်းဘဲ နိုဗီကောက်တို့ အိမ်သားတစ်စုကို မိမိတို့ကလွဲ၍ တခြားဘယ်သူမျှမသိသော အကြောင်းကိစ္စတစ်ခုရှိသည့်ပမာ အတန်ကြာ ဘာမျှမပြောဘဲ စိုက်၍ကြည့်ကြသည်။ နောက်ဆုံးတွင် ဗိုလ်လုပ်သူက "သည်မှာ နိုင်ငံသား ပါဗယ်နိုဗီကောက် သင့်အိမ်နှင့် သင့်ပစ္စည်းအားလုံးကို ရောက်စတောက် တော်လှန်ရေးတာဝန်ခံအဖွဲ့က သိမ်းလိုက်ပြီ။ ငါ အမိန့်ကိုဖတ်ပြမည်။ နားထောင်"ဟု ပြောသည်။

ပါဗယ်နိုဗီကောက်သည် ဘာပြောလိုက်သည်ဟုမသိအောင် ဖြစ်သွားသဖြင့် ငြိမ်၍နေသည်။ ထိုအခိုက်တွင် ဗိုလ်လုပ်သူက စာရွက်တစ်ခုကိုထုတ်၍ အောက်ပါအတိုင်း ဖတ်ပြသည်။

"ရောက်စတောက်မြို့ စစ်ဘက်ဆိုင်ရာ တော်လှန်ရေးတာဝန်ခံအဖွဲ့က အင်ဂျင်နီယာ ပါဗယ်နိုဗီကောက်၏ အိမ်ကို တော်လှန်ရေး၏ အကျိုးငှာ အထူးအမိန့်ဖြင့် သိမ်းယူလိုက်သည်။ ယခုအချိန်ကစ၍ အိမ်တွင်းရှိ အိမ်ထောင်ပရိဘောဂများနှင့်တကွ ရှိရှိသမျှပစ္စည်းများကို ပစ္စည်းမဲ့လူတန်းစား အစိုးရပိုင်ဟု မှတ်ယူမည်။ ဤပစ္စည်းများကို သယ်ယူရွှေ့ပြောင်း လုပ်သူများကို အစစ်အဆေးမရှိဘဲ သေနတ်နှင့်တစ်ခါတည်း ပစ်သတ်မည်"

"နိုင်ငံသား ပါဗယ်နိုဗီကောက်ကိုမူ အလေးအမြွား သွေးစုပ်ကောင်ဟု သဘောမထားဘဲ ခေတ်ရှင်ယဉ်ကျေးမှုကြောင့် အမြင်မှားနေသော ပညာတတ်တစ်ယောက်ဟုသာ သဘောထားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်းမပြု။ သို့ရာတွင် သူနှင့်တကွ သန့်စွမ်းသော သူ့ အိမ်သူအိမ်သားအားလုံးသည် တော်လှန်ရေးအဖွဲ့က စီမံခန့်ခွဲရာကို နာခံ၍ ကိုယ်နှင့်ရင်းရသော အလုပ်များကိုလုပ်ကြရမည်။

"ယခုအမိန့်ကို အမေးအမြန်းမရှိဘဲ လိုက်နာရမည်။ မလိုက်နာလျှင် သေဒဏ်ပေးမည်"

စစ်ဘက်ဆိုင်ရာ တော်လှန်ရေးတာဝန်ခံအဖွဲ့။

သဘာပတိ၊ နိုကိုလေချူဗါရက်။

နိုဗီကောက်၏ အဖေသည် သေမင်းနှင့်ရင်ဆိုင်တွေ့ရသည့်ပမာ မျက်နှာတွင် သွေးများဆုတ်သွားပြီး ဘာမျှစကားမပြောနိုင်ဘဲ တုန်၍နေသည်။ သူတို့ တစ်သက်လုံး ပင်ပန်းကြီးစွာနှင့် ရှာဖွေစုဆောင်းထားရခဲ့သမျှ ပစ္စည်းအားလုံးသည် ထိုခဏတွင်းပင် ဆုံးရှုံးရပြီဆိုသောအဖြစ်ကို မယုံနိုင်လောက်အောင်ပင် ရှိပြီးလျှင် ကြောက်ခြင်းလန့်ခြင်းပင်မရှိတော့ဘဲ မေ့မြော၍သေမည်ကဲ့သို့ ဖြစ်သွားသည်။

နိုဗီကောက်၏ အမေက "ဒါဖြင့် ဘယ်လိုလုပ်ကြမတုံး"ဟု တိုးတိုးမေးသည်။ ကလေးများသည် ကြောက်လန့်၍ ခိုလှုံရာရှာသောသဘောဖြင့် လူကြီးများအနားသို့ ပူးကပ်၍နေကြသည်။ ထို့နောက် နိုဗီကောက်၏ အမေက "ဒီလိုဆိုရင် ငါတို့ ဘယ်မှာသွားနေရမလဲ"ဟု မေးသည်။



စစ်ဗိုလ်က "ဒါဟာ တို့အလုပ်မဟုတ်ဘူး"ဟု ပြောသည်။ ထိုအခိုက်တွင် နိုဗီကောက်၏အဖေက "ငါတို့မြင်းဇောင်းထဲမှာ နေပါရစေ"ဟုပြောသည်။ စစ်သားတို့သည် တစ်ခဏတာမျှ အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီးနောက် ကြင်နာစိတ်ပေါ်လာဟန်ဖြင့် လက်ရိပ်ပြပြီး "ကောင်းပြီ၊ နေနိုင်သည်။ အမိန့်ထဲမှာ မြင်းဇောင်းထဲမှာ မနေရဘူးလို့ မပါဘူး။ ဒါပေမယ့် နက်ဖြန်မနက်စောစော တော်လှန်ရေးအဖွဲ့ကိုသွားပြီး ရာရှင်လက်မှတ်နှင့် ပေါက်တူးသွားယူဖို့တော့ မမေ့ကြနှင့်။ နက်ဖြန်ခါမဲ့ သင်တို့ သူရဲခိုကျင်းများ တူးကြရမည်"ဟု ပြောသည်။

ထိုအခိုက်တွင် နိုဗီကောက်၏ အမေသည် အိမ်ထဲသို့ အတင်းပြေး၍ ဝင်သွားသည်။

ဗိုလ်လုပ်သူက ကြိမ်လုံးကို ဝင့်၍ "ဘယ်လဲ၊ ရုပ်လိုက် တော်တော်ခက်တဲ့ ဘာကြီးပဲ"ဟု ပြောသည်။ စစ်သားတစ်ယောက်သည် မြင်းပေါ်မှဆင်း၍ ပြေးလိုက်သွားသည်။ သို့ရာတွင် နိုဗီကောက်၏အမေသည် တုန်တုန်ယင်ယင်နှင့် ဘုရားရုပ်တုကို လက်တွင်ကိုင်၍ အိမ်ထဲမှထွက်လာနေပြီ။

"ရုပ်တုတော်ဟာ သင်တို့အဖို့ အသုံးမကျပါဘူး။ သင်တို့ဟာ ဘုရားကိုမှ အယုံအကြည်ရှိတာမဟုတ်ဘဲ"ဟု နိုဗီကောက်အမေက ကျယ်လောင်စွာပြောပြီးလျှင် ရုပ်တုကိုပိုက်၍ မြင်းဇောင်းသို့ပြေးသွားသည်။

စစ်သားများက "သင့်ဟာသင်ပဲ ယူပါ။ ဒါမျိုးလည်း ငါတို့မလိုချင်ပါဘူး"ဟု ပြောပြီးရယ်ကြသည်။

စစ်ဗိုလ်က မြင်းပေါ်မှဆင်းနေသော စစ်သားအား "ဒီမှာ အကီမောက်၊ ဒီဘိစ္စ ဒါပဲမဟုတ်လား။ ဒီလိုဆို တို့ပြန်မည်။ သင် နောက်ထပ်အမိန့်မရမချင်း ဒီမှာစောင့်နေရမည်။ အလုပ်သမား ပါဗယ်နိုဗီကောက်တို့ကို စောင်တို့အိပ်ရာခင်းတို့ ဆောင်းတွင်းအထည်တွေ ထုတ်ပေးလိုက်၊ နို့မို့ရင် သွေးခဲပြီး သေကုန်ဦးမည်။ ပြီးတော့ ဒီလိုရတဲ့အကြောင်း သူတို့ ဆီက လက်မှတ်လည်းယူထားဖို့ မမေ့နှင့်"ဟု ပြောသည်။

အကီမောက်က "ကောင်းပါပြီ ဗိုလ်ကြီး၊ စားစရာသောက်စရာတွေကိုကော ဘယ်လိုလုပ်ရမလဲ ဗိုလ်ကြီး"ဟု မေးသည်။

"စားစရာသောက်စရာတွေကတော့ သူတို့ပိုင်ပါသကွာ၊ သွားမလုပ်ပါနှင့်၊ သူတို့တွေဟာ တစ်ကိုယ်ကောင်းသမားတွေ ဟုတ်မယ်မဟုတ်ပါဘူး။ သင့်ကိုလည်း ခွဲဝေပေးကြမှာပါပဲ။ ဘယ့်နှယ်လည်း ပေးကြမယ်မဟုတ်လား"ဟု ပါဗယ်နိုဗီကောက်ဘက်သို့ လှည့်၍မေးပြီးလျှင် မုန်းစရာအပြုံးမျိုးနှင့် ပြုံး၍နေသည်။ အမေးခံရသူက ဘာမျှပြန်မပြောဘဲ ငြိမ်၍နေသည်။ ထိုအခါ စစ်ဗိုလ်က "သဘောတူလို့ ငြိမ်နေတာပေါ့ကွာ။ ကျေးပါလိမ့်မည်။ ကိုင်း တို့ သွားမည်။ ဒီကပြီးရင် ဘယ်သွားရမလဲဟေ့၊ စာရင်းကြည့်စမ်း။ အာဗူဇောက် အိမ်ထင်သည်"ဟု ပြောပြီးလျှင် အကီမောက်ကို

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗိကောက်တို့အားစောင့်ရန် ထားခဲ့ပြီးလျှင် စစ်သားသုံးယောက် မြင်းစီး၍ထွက်သွားကြသည်။

***

## အခန်း(၁၀)

နိဗ္ဗိကောက်တို့ အိမ်သားတစ်စုသည် မှောင်မည်းသော မြင်းဇောင်းထဲ၌ ဘာကိုလုပ်ရမည်မသိဘဲ မတ်တတ်ရပ်၍နေကြသည်။ သူတို့၏မမျှော်လင့်ပဲနှင့် ပြောင်းလဲသွားသောအခြေအနေမှာ လျှင်မြန်လွန်းလှသဖြင့် လက်မကိုင်မိ ခြေမကိုင်မိ ဖြစ်နေကြသည်။ သူတို့အားလုံးစိတ်ထဲတွင် အိပ်မက်မက်၍ နေကြသကဲ့သို့ ဖြစ်နေသည်။ ရှေးဦးစွာ နိဗ္ဗိကောက်၏အဖေက သတိရ၍ "ဒီလိုနေကြလို့ မဖြစ်သေးဘူးဟေ့။ တစ်ခုခုတော့ လုပ်ကြမှ ဖြစ်မည်။ ဒီနေရာမှာ တို့လေးငါးရက်လောက်ပဲ နေရနေရ၊ နေထိုင်ကောင်းအောင်တော့ လုပ်ကြရလိမ့်မည်။ ကိုင်း လာကြ၊ လှည်းကြ ကျင်းကြရအောင်" ဟု ပြောသည်။

ထို့နောက် မြင်းဇောင်းကို အားလုံးဝိုင်း၍ လှည်းကြကျင်းကြသည်။ နိဗ္ဗိကောက်၏အမေသည် တံမြက်စည်းလှည်းနေရာမှ စိတ်ပျက်လက်ပျက်နှင့် တံမြက်စည်းကို လွှတ်ချလိုက်ပြီးနောက် သူ့ရှေ့တည့်တည့်သို့ တွေ၍ကြည့်နေသည်။ ခဏကြာမှ သတိပြန်ရပြီးလျှင် ဆက်၍လှည်းပြန်သည်။ တစ်နာရီခွဲခန့် လှည်းကျင်းပြီးသောအခါ မြင်းဇောင်းမှာ ရှင်းလင်းပြီး ကြည့်သာရှုသာရှိသွားသည်။ ထို့နောက် သူတို့သည် အပန်းဖြေထိုင်နေကြသည်။

အကီမောက်သည် မြင်းဇောင်းသို့လာ၍ ချိုသာစွာဖြင့် "ဘယ်နှယ့်လည်း မနေ့ရှင်တို့လောကကြီးဟာ သင်တို့အပေါ်ကောင်းရဲ့လားဟုမေးသည်။ သူသည် နိဗ္ဗိကောက်တို့၏ သေရည်များကို ကြိုက်ရာရွေး၍ သောက်လာသည်။ သူ၏ပါးရိုးမောက်သောမျက်နှာပြင်ကြီးသည် နီမြန်း၍နေပြီးလျှင် ရွှင်ရွှင်ပျပျ ပြုံး၍နေသည်။ သူသည် နိဗ္ဗိကောက်အဖေ၏ ဘောင်းဘီသစ်နှင့် အင်္ကျီသစ်များကို ဝတ်ထားသည်။ နိဗ္ဗိကောက်တို့က ဘာမျှစကားပြန်မပေးသဖြင့် အကီမောက်သည် ရှက်ကိုးရှက်ကန်းဖြစ်သွားပြီး တံခါးပေါက်ကိုမှီ၍ နိဗ္ဗိကောက်တို့ အိမ်သားတစ်စုကို တစ်ယောက်ပြီးတစ်ယောက် ကြည့်နေသည်။ ပြီးလျှင် သင်တို့ကို ငါ အံ့ဩသည်။ ဘာမျှ အဖိုးမတန်တဲ့ကလေးအတွက်နှင့် ဘာကြောင့် ဒါလောက်ဝမ်းနည်းပမ်းနည်း ဖြစ်နေကြရတာလဲ။ သင်တို့ အိမ်ဆုံးရတာတော့ မှန်တာပေါ့။ ဒါပေမယ့် သင်တို့အိမ်က ဘယ်လောက်များ အဖိုးတန်လို့လဲ။ ဝမ်းနည်းလောက်အောင် မဟုတ်ပါဘူး။ သင်တို့ အသက်မသေရတာက ပိုပြီး အရေးကြီးတယ်မဟုတ်လား။ အိမ်ဆိုတာကတော့ ဒီနေ့ရှိသေးပေမယ့် မနက်ဖြန်ကျတော့ ပြာကျချင်ကျသွားမှာပဲ။ ပြာကျဖို့ဆိုတာလည်း ခက်တာမဟုတ်ပါဘူး။ မီးခြစ်ဆံ



တစ်ချောင်းရှိရင် ပြီးတာပဲ။ အဲဒီလို ပြာကျသွားလို့ ဒီအိမ် မီးဘယ်လိုလောင်သလဲလို့မေးရင် နိဗ္ဗိကောက်တို့ ရှိတာပေါ့လို့ ဖြေလိုက်ရုံပဲ။ ပြီးရင် နိဗ္ဗိကောက်တို့လည်း အုတ်တံတိုင်းနံရံမှီပြီး သေနတ်နှင့် ပစ်အသတ်ခံကြရမှာပဲ။ ဒါပေမယ့် ငါပြောတာနှင့် ကြောက်လည်း မကြောက်ကြပါနှင့်။ ငါက ဖြစ်နိုင်တဲ့သဘောကိုပြောပြတာပါ။ တကယ်ဆိုတော့ သင်တို့ကို ဒါ မှန်းစရာအကြောင်း မရှိပါဘူး" ဟု ပြောသည်။

နိဗ္ဗိကောက်သည် လေပေါသော စစ်သားကို သေသေချာချာ အကဲခတ်၍ နေသည်။ အကီမောက်၏ စကားများကို ထောက်သဖြင့် သူ့မှာခိုင်မာသော ယုံကြည်ချက် မရှိလျှင် သူလုပ်သမျှသည် မှန်ကန်သည်ဟု သဘောပေါက်နေသည်ကို သိရသည်။

ထို့နောက် အကီမောက်က ဆက်၍ "တစ်နည်းတော့လည်း သင်တို့က ငါ့ကို စိတ်ဆိုးချင်လည်း ဆိုးနေကြမှာပေါ့လေ။ သင်တို့က မေးမည်ဆိုရင်လည်း မေးနိုင်ပါသည်။ ဘယ့်နှယ်ကြောင့် သူက ငါတို့ရဲ့ ဘောင်းဘီနှင့်အင်္ကျီကို ဝတ်နေရတာလဲလို့။ ဒါကိုတော့ သင်တို့က စိတ်ဆိုးဖို့မကောင်းပါဘူး။ သင်တို့ ငါတို့ဟာ သွေးတူသားတူ ရုရှအမျိုးသားတွေချည်းပဲ မဟုတ်ဘူးလား။ ဒီတော့ အေးအေးချမ်းချမ်းနှင့် ညီလိုအစ်ကိုလို တစ်ယောက်ရှိတာ တစ်ယောက်မျှပြီး ပေးကြရမှာပေါ့" ဟု ပြောသည်။

"သင့် သဘောအရဆိုရင် ဒါဟာ အခွင့်အရေးတူညီခြင်း၊ သားချင်းစိတ်ရှိခြင်းဆိုတာပဲပေါ့နော်" ဟု ပါဗယ်နိဗ္ဗိကောက်က ငေါ့လိုက်သည်။

အခွင့်အရေးတူညီခြင်း၊ သားချင်းစိတ်ရှိခြင်းဆိုတဲ့ စကားများဟာ အင်မတန်မြင့်မြတ်သည်။ ဒီစကားများဟာ ဘာကိုဆိုလိုတယ်လို့ ဘယ်သူမျှမသိဘူး။ လူတို့ရဲ့ အတွင်းစိတ်သန္တာန်မှာရှာမှသာ အဓိပ္ပာယ်သိနိုင်သည်" ဟု အကီမောက်က စဉ်းစား၍ပြောသည်။

နိဗ္ဗိကောက်အဖေသည် အကီမောက် ကြပ်ကြပ်တည်းတည်းနှင့် ဝတ်ထားသော သူ့ဘောင်းဘီကိုကြည့်၍ "ဒါပေမယ့် သင်ကတော့ အဓိပ္ပာယ်ကို သိနေပုံရပါသလား" ဟု အရွဲ့တိုက်ပြောပြန်သည်။ အကီမောက်သည် သူ့ကို အရွဲ့တိုက်မေးသည်ကို မှုမထားဘဲ "အတွင်းစိတ်သန္တာန်ဟာ စောက်မနက်တဲ့လူအဖို့မှာ ဒီစကားတွေဟာ ဘာမျှ အဓိပ္ပာယ် မရှိဘူး။ အတွင်းစိတ်သန္တာန် စောက်တိမ်တဲ့လူဆိုရင် တော်လှန်ရေးကို သဘောပေါက်နိုင်မှာ မဟုတ်ဘူး။ တော်လှန်ရေးကို နားလည်ချင်တဲ့လူဟာ အတွင်းစိတ်သန္တာန်မှာ အဓိကသဘောတစ်ခုပဲ ချန်ထားပြီး တခြားဟာတွေကို အကုန်ဖျောက်ရသည်။ ဒါဟာ အမှန်သဘောပဲ။ လောကမှာ ရုရှ လူမျိုးတစ်မျိုးတည်းပဲ။ တော်လှန်ရေးလုပ်နိုင်တဲ့ အရည်အချင်းရှိသည်" ဟု ဆက်၍ပြောသည်။

နိဗ္ဗိကောက်အဖေသည် အနည်းငယ် စိတ်ဝင်စားလာသဖြင့် "ဘာကြောင့် ရုရှလူမျိုး တစ်မျိုးတည်းမှာသာ အရည်အချင်းရှိတာလဲ" ဟု မေးသည်။

အကီမောက်က "ဘာကြောင့်ရမလဲ။ ရုရှလူမျိုးတွေဟာ အဖတ်ဆယ်လို့ ရသည့်လူမျိုးမဟုတ်လို့ပေါ့။ သူ့စိတ်သန္တာန်ဟာလည်း အိတ်ပေါက်ကြီးလို၊ ဘာမဆို ဆံ့ရုံဝင်တာပဲ။ ပြီးတော့ အထဲမှာလည်း ဟောင်းလောင်းနေတာပဲ။ ဥပမာဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တခြားသူကို မကြည့်နှင့်၊ ငါ့ကိုပဲကြည့်၊ ငါဟာ အခုအချိန်မှာဆိုရင် သင်တို့နှင့် ငါတွေ့ရတာကိုလည်း အင်မတန် ဝမ်းသာတယ်။ သင်တို့ကိုလည်း မိတ်ရင်းဆွေရင်းလိုပဲ အောက်မေ့တယ်။ ခုနေ သင်တို့အတွက် ငါ့အသက်ကို ပေးဦးဆိုရင်လည်း ပေးဦးမှာပဲ။ ဒါပေမယ့် မနက်ဖြန်ခါကျလို့ သူက ဟော့ အကီမောက် သင် နိုဗိကောက်တို့ အိမ်သား တစ်စုကို သတ်ပစ်လိုက်လို့ဆိုရင် ပုရွတ်ဆိတ်ကလေး တစ်ကောင်လောက်တောင် သင်တို့ကို မသနားဘဲနှင့် ငါသတ်မှာပဲ။ ငါဟာ သူများကို သနားဖို့ဆိုတာတော့ မပြောနဲ့၊ ငါ့ကိုယ်ငါတောင် မသနားဘူး" ဟုပြောသည်။

ထိုအခါ နိုဗိကောက်အမေက "ရုရှလူမျိုးတွေကတော့ ဒီလိုမဟုတ်ပါဘူး။ သင်သာ ဒီလိုဟုတ်တာပါ။ သင်တို့ဟာ ဘုရားတရားရှိတာ မဟုတ်တော့၊ ဒီလိုပဲ အရမ်းလျှောက်လုပ်နေကြမှာပဲ။ အခုဆိုရင် သင်တို့ဟာ ငါတို့ဆီက ငါတို့အိမ်ကိုလည်း လုယူထားတယ်။ ရောက်စတောက်တစ်မြို့လုံးကိုလည်း မြို့သူမြို့သားတွေဆီက လုယူထားတယ်။ ပြီးတော့ ရုရှတစ်ပြည်လုံးပါ ဆက်ပြီး လုယူကြဦးမှာပဲ" ဟု မခံချင်စိတ်နှင့် ဝင်၍ပြောသည်။

"အို ဖြစ်မှဖြစ်ရလေ အမေရယ်။ အမေက ရုရှပြည်သာပြောနေတာကိုး။ ရုရှပြည်ဆိုတာက အစပဲရှိသေးတာ။ ရုရှလူမျိုးတို့မှာ ကမ္ဘာတစ်ဝက်ကို ရမယ်ဆိုရင်တောင် နည်းတယ်လို့ထင်ဦးမှာပဲ" ဟု အကီမောက်က ပြန်ပြောသည်။

"နေပါဦး၊ တို့ရုရှက ဘာလို့ တစ်ကမ္ဘာလုံးကို လိုချင်ရမှာလဲ။ ရုရှပြည်မှာ လူဦးရေကြပ်နေတာ မဟုတ်ပါဘူး။ ရုရှပြည်ဟာ အင်မတန်ကို ကျယ်ပါတယ်" ဟု ပါဗယ်နိုဗိကောက်က ဒေါနှင့်မောနှင့်ပြောသည်။

"ရုရှပြည်က အရေးကြီးတာမဟုတ်ပါဘူး။ ရုရှလူမျိုးက ကမ္ဘာကြီးရယ် လူသား တွေအကုန်လုံးရယ်ကို ကယ်တင်ဖို့က အရေးကြီးတာပါ။ ဒီတာဝန်ကတော့ ရုရှလူမျိုး ပေါ်လာကတည်းက ပါလာတဲ့တာဝန်ပါ" ဟု အကီမောက်က ပြောသည်။

"အနို့ တခြားလူမျိုးတွေက အကယ်တင်မခံချင်ဘူးဆိုရင်ကော ဘယ်လို လုပ်မလဲ။ ပြီးတော့ သင်တို့က မကယ်တင်တာကိုဘဲ ငါတို့ကြိုက်ပါတယ်လို့ တခြား လူမျိုးတွေက ပြောရင်ကော ဘယ့်နှယ်လုပ်မလဲ"

"အကယ်တင်မခံချင်ဘူးဆိုတာက နားမလည်လို့ပြောတာပါ"

"ဒီတော့ နားလည်အောင် ဘယ်လိုလုပ်မလဲ"

"အကြမ်းမှုနဲ့ လုပ်ရမှာပေါ့"

"ဒီလိုဆိုရင် နည်းနည်းမလွန်လွန်းဘူးလား။ ဒီမှာ ရဲဘော်အကီမောက် အလုပ်ကျယ်လွန်းရင် ဘောင်းဘီစုတ်သွားတတ်တယ်။ အဲဒါလည်း သတိထားပါဦး။ သူများတိုင်းပြည်တွေကို သွားပြီးမစွက်ဖက်ခင် ကိုယ့်တိုင်းပြည်မှာ ကမောက်ကမ ဖြစ်နေတာတွေကိုပဲ နိုင်နိုင်နင်းနင်း အေးချမ်းအောင် စီမံပါဦး"

"ဒါကို သင် နားမလည်နိုင်ပါဘူး။ သင့်မှာ ရှေးဖြစ်ဟောင်းက ကြိုးတန်း လန်းဖြစ်နေတာကိုး နိုင်ငံသားပါဗယ်နိုဗိကောက်ရဲ့၊ ဒီအကြောင်းကို သင်နဲ့ငါနဲ့ ရန်ဖြစ်



[illegible]တို့ အလကားပါပဲ။ ငါလာတာက ကိစ္စနဲ့လာတာပါ။ အခုသင့်သားကို ငါခေါ် [illegible]သွားချင်တယ်။ သင့်အိမ်က ပစ္စည်းတွေကို စာရင်းလုပ်ရမယ်။ ဒီတော့ သင့်သားက [illegible]ကို ကူညီလုပ်ပေးရလိမ့်မည်"

"ခေါ်သွားချင်လည်း ခေါ်သွားပေါ့။ သင်ပြောတာတွေကို ငါ့ထက် [illegible]သားက ပိုပြီး သဘောပေါက်ကောင်း ပေါက်ပါလိမ့်မည်"

"ဒါကတော့ မပြောနိုင်ဘူးပေါ့။ ငယ်ရွယ်သူဆိုတော့ ပိုပြီး သဘောပေါက် [illegible]နိုင်ပါတယ်" ဟု ပြောပြီးလျှင် အကီမောက်သည် နိုဗိကောက်ကို ခေါ်၍သွားသည်။

အကီမောက်နှင့်နိုဗိကောက်အမေတို့ အပြန်အလှန် ပြောနေကြသည့်အခါတွင် [illegible]ကောက်သည် အကီမောက်ကို အမြဲစိုက်၍ကြည့်နေသည်။ သူသည် သူ့စိတ်ထဲက [illegible]ကြောင့်ဟု မပြောနိုင်သော်လည်း အကီမောက်ကို သဘောကျ၍နေသည်။ အကီမောက် [illegible]သည် စကားများကိုသာမဟုတ် အကီမောက်၏ ယုံကြည်ချက်ခိုင်မာပုံကိုလည်း [illegible]အံ့ဩမိသည်။

နိုဗိကောက်အဖို့တွင် ဤအကြိမ်သည် ရုရှ အမျိုးသားရေးဝါဒနှင့် တော်လှန် [illegible]ဝင်နီးနှစ်ခု ရောထွေးပြောဆိုချက်ကို ပထမကြားဖူးခြင်းဖြစ်သည်။ "ဘော် [illegible]နိုစစ်တွေဟာ ဒီလိုလူစားမျိုးတွေကို" ဟုလည်း သူ့စိတ်ထဲက အောက်မေ့မိသည်။

အကီမောက်က "ဒါတော့ မပြောနိုင်ဘူးပေါ့" ဟု ပြောခြင်းကို နိုဗိကောက် [illegible]၌ ကြားယောင်နေသည်။ နိုဗိကောက်စိတ်ထဲက အကီမောက်သည် ရွာတစ်ရွာရွာ [illegible] ကျောင်းဆရာလုပ်ဖူးကောင်းလုပ်ဖူးမလားမသိဘူး။ သူပြောသည့်စကားတွေထဲတွင် [illegible]ရခက်၍ ကြောက်ခမန်းလိလိ ကြီးကျယ်သော ရည်ရွယ်ချက်၏မျိုးစေ့များ [illegible]သည်လားမသိဟူ၍ အောက်မေ့သည်။ ပြီးလျှင် "ရုရှလူမျိုးအဖို့မှာ ကမ္ဘာတစ်ဝက် [illegible]မယ်ဆိုတောင် နည်းတယ်ထင်ဦးမှာပဲ" ဟု အကီမောက်က ပြောသည်ကိုလည်း [illegible]အောက် သတိရလျက်ရှိသည်။ ပြီးလျှင် အကီမောက်၏ ထွားကျိုင်းသော ကိုယ်လုံး [illegible]ပေါက်ကို ကြည့်၍ နိုဗိကောက်က "ဘာပြောပြော အကီမောက်ဟာ အတော်ခံနိုင်သည့် [illegible]" ဟုလည်း ထင်မိသည်။

ထိုခဏတွင် နိုဗိကောက်စိတ်၌ သူတို့အိမ်နှင့် ပစ္စည်းများဆုံးရှုံးရခြင်းနှင့်တကွ [illegible]အိမ်သားတစ်စု၏ အကျိုးစီးပွားသည်ပင် အရေးကြီးပုံမပေါ်တော့ "တစ်တိုင်း [illegible]လုံးကိုတောင် အကီမောက်လိုလူမျိုးတွေက အမြစ်ပါတူးပစ်လိုက်မှာပဲ၊ တို့အိမ် [illegible]တော့ အလကားပေါ့" ဟုလည်း နိုဗိကောက်စိတ်ထဲတွင် တွေးမိသည်။

နိုဗိကောက်သည် မှတ်ဉာဏ်ကောင်းသော အရွယ်ဖြစ်သည်။ အကီမောက်က [illegible]ရွယ်ဘဲနှင့် ပစ်ကြဲလိုက်သော ဝါဒမျိုးစေ့သည် ရေမိုးအဆင်သင့်သော မြေပေါ်သို့ [illegible]သွားပြီ။

အိမ်ခန်းထဲသို့ နှစ်ယောက်သားဝင်ကြရင်းနှင့် အကီမောက်က နိုဗိကောက် [illegible] အသံသြကြီးနှင့်ပြောသည်။ "သင်ဟာ အဘိုးကြီးအမယ်ကြီးတွေနှင့် လမ်းခွဲရင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမည် ထင်သည်။ တစ်သက်လုံး သင့်အမေထဘီစဆွဲလိုက်နေလို့ ဖြစ်မလား။ သူတို့ဘဝက လမ်းဆုံးနေပြီ။ သင့်ဘဝက အခုမှ စမည်ကြံ့ခါပဲရှိသေးသည်။ သင့်ဘဝကို အခုမှ မစဘူးဆိုရင် နောက်ကို ဘယ်တော့မှ စနိုင်တော့မည်မဟုတ်ဘူး''လို့။

''အဲဒါကတော့ ဟုတ်ပါတယ်။ ဘယ်လိုလုပ်ပြီး စရမလဲ''

''စတယ်ဆိုရင် မီးကျရမှာ တိုက်ရခိုက်ရမှာပေါ့''

''အေးအေးချမ်းချမ်းလုပ်လို့ မရဘူးလား''

''အေးအေးချမ်းချမ်း အို ဖြစ်မှဖြစ်ရပလေ။ ငါ့ညီ တို့တစ်သက်မှာ အေးအေး ချမ်းချမ်းနေဖို့ဆိုတာကို မမျှော်လင့်နဲ့။ အခုခေတ်က အတိုက်အခိုက်ခေတ်''

နိုဗိကောက်သည် စိုးရိမ်ပူပန်ခြင်းဖြင့် ရင်လေးလျက်ရှိသည်။ သူ့စိတ်ထဲတွင် နက်ရှိုင်းသော ချောက်ကြီးတစ်ခုသည် ပေါ်လာသကဲ့သို့ ထင်သည်။ ထိုချောက်ကြီးသည် ဆင်း၍ကြည့်ချင်စရာလည်းကောင်းသည် ကြောက်စရာလည်း ကောင်းသည်။ နိုဗိကောက်သည် မတွေးတတ်နိုင်အောင်ရှိသည်။

အကီမောက်က ''နောင်ရေးဟာ တို့အရေးပဲ။ ဒီတော့ လူငယ်တွေ တို့ဘက် ပါမှဖြစ်မည်။ သင့်ကိုကြည့်ရတာ မဝေခွဲနိုင်အောင် ဖြစ်နေပုံရသည်။ လွန်ခဲ့တာတွေကို စွဲလမ်းမနေပါနှင့်။ ဓားနှင့်ဖြတ်ပစ်သလို တစ်ခါတည်း တိတိပါအောင် ဖြတ်ပစ်လိုက်ပါ။ သက်သောင့်သက်သာမှုတို့ ငြိမ်းချမ်းမှုတို့ သာယာမှုတို့ဆိုတာတွေဟာ မရှိတော့ဘူး။ နောင်လည်း ရှိမှာမဟုတ်တော့ဘူး။ အခုအခါမှာ သင့်အဖို့ လိုလည်းမလိုတော့ပါဘူး။ ဒီတော့ ရှိသမျှအကုန်လုံး စွန့်ပစ်ပြီး ငါတို့ထဲကိုဝင်ပါ''ဟု ထပ်၍ပြောသည်။

ညနေပိုင်းတွင် နိုဗိကောက်သည် မြင်းဇောင်းထဲမှ ထွက်၍လာသည်။ အကီမောက် ကြမ်းတမ်းစွာ သူ့မြင်းကို ပွတ်တိုက်ပေးနေသည်။

နိုဗိကောက်ကို မြင်သောအခါ အကီမောက်က ''ဘယ့်နှယ်လဲ နေဝင်ခါနီး နေကြီးရဲနေတာကိုကြည့်ပြီး သဘောကျနေသလား။ သိပ်လှတာပဲနော်။ နေကြီးက နီလိုက်တာ ရဲနေတာပဲ။ အားလုံးလူတွေ သတ်ကြဖြတ်ကြတဲ့ သွေးတွေက အရောင်ပြန် ဟပ်နေတာ ကျနေတာပဲ။ အနီရောင်ဟာ မုန်းထားခြင်း၊ ရန်တုံ့ပြန်ခြင်းစတဲ့ မကောင်းတဲ့ စိတ်ဓာတ်တွေရဲ့ အထိမ်းအမှတ်ပဲ။ အခုတော့ တော်လှန်ရေးအရောင်ဖြစ်လာပြီ။ ဒီမှာ ကြည့်စမ်း။ ငါ့လက်မောင်းက အပတ်ဟာလည်း အနီရောင်ပဲ။ အမိပွာယ်က သွေးလို့ဆို တာပဲ''ဟု ပြောသည်။

နိုဗိကောက်က ''အကီမောက်ဟာ ဘာကြောင့် ဒါလောက်ဒေါသစိတ် ဖြစ် နေပါလိမ့်မလဲ။ လောကကြီးက ဒီလိုပဲထင်ပါရဲ့၊ ဝမ်းထဲမှာ နူးညံ့တဲ့စိတ်ရှိနေရင်လည်း ရန်သူကို လည်ပင်းဖြတ်ပြီး အနိုင်တိုက်ဖို့ ဖြစ်နိုင်မှာမဟုတ်ဘူး ထင်ပါရဲ့''ဟု အောက်မေ့ မိသည်။



အကီမောက်သည် နိုဗိကောက်စိတ်ထဲက စဉ်းစားနေသည်ကို သိသည့်အလား ''လူတွေကို ငါတို့က ဒေါသဖြစ်နေတာက အလကားမဟုတ်ပါဘူး။ သူတို့ကောင်းဖို့ အတွက်ပါ။ သူတို့ ညံ့ဖျင်းတာတွေကို အကြမ်းမှုနှင့် ဖျက်ဆီးမပစ်ရင်မရဘူး'' ဟုပြောသည်။

***

---

## အခန်း(၁၁)

---

နောက်နေ့နံနက်တွင် နိုဗိကောက်တို့အိမ်သားအားလုံးသည် စစ်ဘက်ဆိုင်ရာ တော်လှန်ရေးအဖွဲ့ရုံးသို့ သွားကြသည်။ သူတို့ရောက်သောအခါ ရာရှင်လက်မှတ်များ ထောင်းရန်နှင့် ပေါက်တူးများယူ၍ အာဏာပိုင်အသစ်များထံ၌ အလုပ်လုပ်ရန် စာရင်း သွင်းဖို့အတွက် လူအများကြီးရောက်နေနှင့်ပြီ။ ငယ်ရွယ်သော ဘော်ရှိဗစ်စစ်သားကလေး တစ်ယောက်သည် စုရုံးလာသောလူများကို စောင့်ကြပ်၍တန်းစီပေးနေသည်။ စစ်သားတစ်ယောက် က မလွယ်ပေါက်မှနေ၍ လူတစ်ယောက်စီ တစ်ယောက်စီ နာမည်များခေါ်နေသည်။

နိုဗိကောက်၏ ရှေ့တွင် အသက် ၅၀ ခန့် အရပ်ပုပု အာဖူဇောက်ခေါ် လူ ရှေ့နေရှိသည်။ ရှေ့နေက သူ၏ဆံပင်ဖြူနေသော ဦးခေါင်းကိုခါ၍ အနားကလူကို ''ဒါတော့ ငါတို့အပြစ်ပဲ။ လူတိုင်းလူတိုင်းပါးစပ်က ဇာဘုရင်အလိုမရှိ၊ လွတ်လပ်ရေး လွတ်လပ်ရေးပေးနှင့် အော်နေကြတာပဲ။ ငါကိုယ်တိုင်တောင် ဖဲကြိုးအနီကို ရင်ဘတ်မှာ တပ်ခဲ့ဖူးသေးတယ်။ အခုတော့ ကောင်းတာပေါ့။ ငါလည်း ငှက်များလွတ်လပ်သလို လွတ်လပ်ပြီ။ နေစရာအိမ်တောင် မရှိတော့ဘူး''ဟုပြောသည်။

''အချင်းချင်း သတ်ချင်သလို သတ်နေကြတာဟာ သင့်အဖို့ လွတ်လပ်ခြင်း ပေါ့''ဟု သူ့အနားက လူကပြန်ပြောသည်။

အသက်ငါးဆယ်ကျော် ခြောက်ဆယ်အတွင်းရှိ လက်မှုပညာသည်ဖြစ်ပုံရ သော လူတစ်ယောက်က ရင်ဘတ်ကိုတီး၍ ''ငါ သေရင်ကောင်းမှာပဲ။ ငါတတ်တဲ့ပညာ တွေ ပျောက်ကုန်ရင်ကောင်းမှာပဲ။ လူတွေတော့ ဒုက္ခပဲ။ ဘာပဲဖြစ်ဖြစ် လူတွေကိုတော့ သတ်ဖို့မလိုပါဘူး။ သနားစရာတွေပါ။ သင်တို့တွေဟာ တောထဲက တိရစ္ဆာန်တွေလိုပဲ။ လူသွေးငတ်နေကြပြီ။ ဝတယ်လို့ရှိတော့မှာ မဟုတ်တော့ဘူး''ဟု ပြောသည်။

နိုဗိကောက်နှင့်သိသော မျက်မှန်နှင့် ကဗျာဆရာတစ်ယောက်ကလည်း ''တစ်နေ့မှာ ရှင်သူက သေသူကို အားကျရမည့်အချိန် ရောက်လာလိမ့်မည်လို့ ပြောတာ မှန်နေပြီ မဟုတ်လား''ဟု ပြောသည်။

နားထောင်နေသူက ''မှန်တာပဲ၊ မှန်တာပဲ''ဟုထောက်ခံသည်။

နောက်ဆုံးတွင် နိုဗိကောက်တို့ အလှည့်ရောက်လာသည်။ နိုဗိကောက် ကသည် သူ့အိမ်သားများအတွက် ရာရှင်လက်မှတ်ကိုယူပြီးလျှင် ပေါက်တူးများယူရန်

www.burmeseclassic.com

www.burmeseclassic.com



အတွက် ဝင်းထဲသို့သွားရသည်။ နိုကိုလေနှင့် အော်လကာ့တို့မှာ ငယ်သေးသဖြင့် နိုဗိကောက်တို့ သားအဖသုံးယောက်အဖို့သာ ပေါက်တူးသုံးလက် ပေးလိုက်သည်။

ထို့နောက် ""တန်းစီ""ဆိုသော အမိန့်သံ ထွက်လာသည်။

လူထုသည် မညီမညာ ကဘောက်တိ ကဘောက်ချာတန်းစီနေသည်။ နောက်ဆုံးတွင် ဘော်ရှီဗစ်စစ်သားတို့၏ တွန်းထိုးကန်ကြောက်ခြင်း၏ အကူအညီဖြင့် တန်းစီမှု အောင်မြင်သွားသည်။ သူတို့သည် လေးယောက်တစ်တန်း စီလျက်ရှိသည်။ သူတို့အထဲတွင်လူမျိုးစုံပါသည်။ ကုန်သည်လည်းပါသည်။ စက်ဆရာလည်းပါသည်။ ကျောင်းဆရာလည်းပါသည်။ ခေါင်းရွက်ဗျပ်ထိုးလည်း ပါသည်။ ရှေ့နေလည်းပါသည်။ အမှုထမ်းအရာထမ်းများလည်း ပါသည်။ သူတို့၏ အခြေအနေမှာ ဘော်ရှီဗစ်တို့ပြုမှု နရမည့် အခြေအနေမျိုးဖြစ်နေသဖြင့် သနားစရာလည်းကောင်းသည်။ ရယ်စရာလည်းကောင်းသည်။ ဘော်ရှီဗစ်စစ်သားတို့သည် တန်းစီနေရသောလူထုကို စုဝိုင်း၍ကြည့်ကာ ကရော်ကမယ် လှောင်ပြောင်ရယ်မောကြသည်။

ဘော်ရှီဗစ်စစ်သားတို့က ""သင်တို့ဟာ အလုပ်မလုပ်ဘဲ ထိုင်စားနေခဲ့ကြတာကြာပြီ။ အခုတော့ အလုပ်လုပ်ရတော့မည်""ဟု တန်းစီနေသူများကို ပြောသည်။

ဤသို့ပြောနေရင်း စစ်သားများသည် တစ်ခါတည်းငြိမ်၍သွားပြီးလျှင် တည့်တည့်မတ်မတ်ရပ်၍ ဝင်းတံခါးပေါက်ဆီသို့ ကြည့်ကာနေကြသည်။ ထိုအခိုက်တွင် မြင်းသုံးစီးကိုစီး၍ လူသုံးယောက်ဝင်လာသည်။ ထိုသူသုံးယောက်အနက် သားရေအကျီကိုဝတ်၍ ရှေ့ဆုံးကဝင်လာသူမှာ တော်လှန်ရေးအောင်မြင်သည့်နေ့က ရောက်စတောက်မြို့သူမြို့သားတို့အား မိန့်ခွန်းပြောကြားသူဖြစ်သည်ကို နိုဗိကောက်မှတ်မိသည်။

သားရေအကျီကို ဝတ်ထားသူသည် မညီမညာစီတန်းနေသည့် လူထုအား ကြည့်၍ မသိမသာပြုံးပြီးလျှင် သူ့ဘေးရှိ မြင်းစီးသမားတစ်ယောက်အား တီးတိုးစကားပြောလိုက်သည်။ ထိုမြင်းစီးသမားသည် တစ်ဖက်သို့ မြင်းနှင့်လေးငါးလှမ်းသွားပြီးလျှင်

""အလုပ်သမားတပ်စု၊ သတိချပ်""ဟု ကျယ်လောင်စွာ အမိန့်ပေးသည်။ လူထုက အနေအထားပြင်ဆင်ကြသဖြင့် ရုတ်ရုတ်သဲသဲဖြစ်သွားပြီး အားလုံးငြိမ်သက်စွာ သတိချပ်နေကြသည်။ ပြီးလျှင် ထိုရဲဘော်က ဆက်၍ ""နားထောင် ရောက်စတောက်စစ်ဘက်ဆိုင်ရာ တော်လှန်ရေးတာဝန်ခံအဖွဲ့ သဘာပတိ ရဲဘော်ချူဗာရိတ်က မိန့်ခွန်းပေးလိမ့်မည်""ဟု ပြောသည်။

နိုဗိကောက်စိတ်ထဲက ""ပစ္စည်းကိုသိမ်းပြီး ဘယ်သူ့ကိုမဆို မစစ်မဆေးဘဲနှင့် သတ်နိုင်တဲ့အာဏာပိုင် ချူဗာရိတ်ဆိုတာသူပေကိုး""ဟု အောက်မေ့မိသည်။

လူထုသည် မီးကို ရေနှင့်သတ်ထားသကဲ့သို့ ငြိမ်၍နေကြသည်။ ချူဗာရိတ်က ပညာတတ်နိုင်ငံသားတို့ သင်တို့သည် တော်လှန်ရေးအတွက် သုရဲခိုကျင်းများကို တူးကြရမည်။ သင်တို့သည် ရောက်စတောက်မြို့တစ်ဝိုက်တွင် အလုပ်လုပ်ကြရမည်။



သတိထားပြီး ကောင်းကောင်းလုပ်ကြပါ။ ဘယ်သူမျှ မခိုကြပါနှင့်။ သင်တို့ဟာ အရင်တုန်းက အချောင်ခိုနေခဲ့ကြလို့ နုနယ်နေကြတယ်ဆိုတာကို ငါသိသည်။ အဲဒီအကျင့်ဆိုးကို ငါတို့တုတ်နဲ့ရိုက်ပြီး ဖျောက်ပေးမည်။ အလုပ်ကောင်းကောင်း မလုပ်တဲ့သူကို အစာငတ်ထားမည်။ ပြီးတော့ ငါပြောလိုက်မည်။ ဘယ်သူမျှ ရှပ်ကြမွှေကြ ည်တော့ မကြံကြနှင့်နော်။ သင်တို့ပညာတတ် တွေဟာ အင်မတန် စကားများသည်။ ငါတို့ ဘော်ရှီဗစ်တွေက သင်တို့ရဲ့ အဲဒီညဉ်ဆိုးကို အကုန်ဖျောက်ပစ်မည်။ သင်တို့လျှာ ကိုကောင်းကောင်းထိန်းကြပါ။ ငါပြောတာကို နားမထောင်လျှင် သင်တို့လျှာရော သင်တို့ခေါင်းရော ပြတ်သွားလိမ့်မည်""ဟု ပြောပြီးလျှင် အားရပါးရရယ်သည်။ ထိုအခါ ""အချောင်နိုပညာတတ်တို့""သည် ကျောချမ်း၍သွားသည်။

ချူဗာရိတ်သည် ထိပ်များတွင် ခဲလုံးတပ်ထားသည့် ကြိမ်လုံးဖြင့် လူထုဘက်ကို ရွယ်ပြီးလျှင် ""ပြီးတော့ သင်တို့ကို ငါ သတိပေးလိုက်မည်နော်။ သင်တို့ဟာ အလုပ်ကထွက်ပြေးဖို့၊ ဒီမြို့က ထွက်ပြေးဖို့ဆိုတာတွေကို မစဉ်းစားကြနှင့်။ သင်တို့ထဲမှာ အဲဒီလိုထွက်ပြေးပြီး ခွေးကလေဒင်ရဲ့ အမြီးအောက်မှာသွားပြီး ခိုချင်တဲ့သူတွေ အများကြီး ရှိသည်ဆိုတာလည်း ငါသိသည်။ ဒါပေမယ့် သင်တို့ ထွက်ပြေးလို့ရမှာ မဟုတ်ဘူး။ မြို့ထဲက ထွက်သွားတဲ့သူမှန်သမျှကို တွေ့ရာနေရာမှာ ပစ်သတ်ဖို့ ငါ အမိန့်ပေးထား ပြီးပြီ။ ကိုင်း အလုပ်သွားလုပ်ကြတော့။ အချိန်ကုန်မခံနိုင်ဘူး။ သင်တို့ အလုပ်လုပ်တာကို ငါကိုယ်တိုင်လိုက်ကြည့်မည်""ဟုပြောသည်။

ချူဗာရိတ်၏ စကားမှာ တိုသော်လည်း ပြတ်သားသဖြင့် ကြားရသည့်လူထုသည် တစ်ခါတည်းအားပျက်၍ သွားကြသည်။ သူတို့တွင် အခွင့်အရေးတစ်ခုမျှမရှိတော့။ သေဒဏ်အခံတ်ခံရသူများပမာ ကိုးကွယ်ရာလည်းမရှိတော့ပြီဖြစ်ကြောင်း သိကြသည်။ လူထုသည် ဘော်ရှီဗစ်စစ်သားတို့၏ အော်သံ ဝေါက်သံကိုနားခံရင်း မြို့စတောင်ဘက်သို့ ခြေလှမ်းမညီမညာဖြင့် တစ်ယောက်နှင့်တစ်ယောက် စကားမပြောနိုင်ဘဲသွားကြသည်။

မြို့ပြင်တွင် ပထမအဆင့်ဖြစ်သော သုရဲခိုကျင်းများကို သူတို့၏အလျင် ရောက်နေသော လူထုက တူး၍နေနှင့်ကြပြီ။ နိုဗိကောက်တို့ ပါသောလူထုသည် ထိုသုရဲခိုကျင်းများနှင့် တစ်မိုင်လောက်ဝေးသောနေရာကို သွား၍တူးကြရသည်။ သုရဲခိုကျင်းများရှေ့တွင် သံဆူးကြိုးများ တန်း၍ထားသည်။ သံဆူးကြိုးတန်းကြီးများမှာ ထပ်ချော်တစ်ခေါကြီးဖြစ်သည်။ ဘော်ရှီဗစ်တို့သည် မြို့ကို အထပ်ထပ်ဝိုင်း၍ သုရဲခိုကျင်းများတူး၍ကာကွယ်ရန် ရည်ရွယ်ဟန်တူသည်။

နိုဗိကောက်တို့သားအဖနှစ်ယောက်သည် ကြိုးစားပမ်းစားတူးကြသည်။ ထိုနေရာတွင် နိုဗိကောက်၏အမေမှာ မောလှသဖြင့် နား၍ နား၍ တူးသည်။

မွန်းတည့်ချိန်တွင် နံနက်စာစားရန် အလုပ်နားခွင့်ရသည်။ စစ်သားတို့သည် ပေါင်မုန့်ပုပ်ပုပ်ကို ခွက်များထဲတွင်ထည့်၍ အလုပ်သမားများကိုပေးသည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com



ဆာဆာလောင်လောင်နှင့် စကားမပြောဘဲ စားကြသည်။ နိုဗိကောက်သည် သူ့အလှည့်ကို စောင့်နေရင်း အမှတ်တမဲ့သောသို့လှည့်၍ ကြည့်လိုက်သောအခါ သူနှင့်ဆယ်လှမ်းလောက် အကွာတွင် အင်္ကျီစုတ်စုတ်ချာချာဖြင့် သူ့ဘက်သို့ နောက်ကျောပေး၍ ထိုင်နေသော လူတစ်ယောက်ကို တွေ့သည်။ သူ့စိတ်ထဲက ဒီလူကို ငါတွေ့ဖူးပါတယ်။ ဘယ်မှာများ တွေ့ဖူးပါလိမ့်ဟု အောက်မေ့ကာ တွေး၍နေသည်။ သို့သော် တွေး၍မရ။

ထိုအခိုက်တွင် အဆိုပါလူသည် နိုဗိကောက်က စိုက်၍ကြည့်ခြင်းကို သိသည့် အလား နိုဗိကောက်ရှိရာသို့ လှည့်၍ကြည့်လိုက်သည်။ နိုဗိကောက်သည် ထိုလူကို မြင်လျှင်မြင်ချင်း လန့်၍အော်မိတော့မလိုပင် ဖြစ်သွားသည်။ ထိုလူမှာ အခြားမဟုတ် အီရီနာအခန်းထဲတွင် သူတွေ့ခဲ့သော စစ်သားကြီးပင်ဖြစ်သည်။

စစ်သားကြီးသည် နိုဗိကောက်ကို ခဏစိုက်၍ ကြည့်ပြီးလျှင် ချက်ချင်းပင် သူ့မျက်နှာတွင် သွေးများဆုတ်၍သွားသည်။ စစ်သားကြီးသည် တစ်ခဏတာမျှ မှင်တက်မိ၍နေပြီးနောက် သူ့မျက်နှာကို လွှဲ၍ပစ်လိုက်ပြီးလျှင် နိုဗိကောက်ရှိသည့် ဘက်သို့ တစ်ခါတည်းမကြည့်တော့။

နိုဗိကောက်သည် စစ်သားကြီးကို မြင်ရသဖြင့် အီရီနာ၏အခန်းမှ သူ ထွက်ပြေးလာရစဉ်အခါက ခံစားရသော နှလုံးမသာယာမှုကို အပြင်းအထန် ပြန်၍ ခံစားနေရပြန်သဖြင့် မခံမရပ်နိုင်အောင် ဒေါသဖြစ်လာသည်။

"သူလည်း ဟိုနေ့ညက လွတ်အောင်မပြေးနိုင်လို့ အခုလို အရပ်အဝတ် အစားဝတ်ပြီး ကျောင်းဆရာယောင်ယောင် စာရေးယောင်ယောင်လုပ်ပြီး ညာနေတာနှင့် တူသည်။ ဟန်ပြီ သူ့အသက်ဟာ ငါ့လက်ထဲမှာ ရောက်နေပြီ" ဟု နိုဗိကောက်က အောက်မေ့မိသည်။

နံနက်စာစားပြီးနောက် သူတို့အားလုံး ကျင်းများဆင်း၍တူးကြသည်။ စစ်သားကြီး သည် နိုဗိကောက်အား တစေ့တစောင်းကြည့်၍ နှစ်ခါမျှသူ့နားက ဖြတ်၍သွားသည်ကို နိုဗိကောက်တွေ့လိုက်သည်။ စစ်သားကြီးသည် မျက်တောင်မခတ်။ သူ့မျက်လုံးကြီးများ ကလည်း ကြောက်စရာကောင်းသည်။ ထို့နောက် စစ်သားကြီးသည် နိုဗိကောက်၏အနီး သူရဲခိုကျင်းထဲသို့ ပြုန်းခနဲခုန်ဆင်း၍ လာသည်။ နိုဗိကောက်သည် သူ အင်မတန် မုန်းသူတစ်ယောက် သူ့အနားသို့ နီးနီးကပ်ကပ်ရောက်လာသဖြင့် ကြောက်လန့်၍ လက်များခြေဖျားများ အေး၍နေသည်။ စစ်သားကြီးသည် မြေကြီးများကို သူ့ရှေ့တည့် တည့်တွင်ပစ်ချပြီး စကားတစ်ခွန်းမျှမပြောဘဲ နိုဗိကောက်ကိုသာ မျက်စောင်းထိုး၍ နေသည်။ ထို့နောက် စစ်သားကြီးသည် ပေါက်တူးကိုချ၍ သူ့ရှေ့တည့်တည့်သို့ စိုက်၍ကြည့်နေရင်း တခြားသူများမကြားဘဲ နိုဗိကောက်တစ်ယောက်တည်း ကြား လောက်ရုံတိုးတိုးကလေးပြောသည်။ "သင် ငါ့ အကြောင်းကို ဘယ်သူ့မှမပြောနှင့်နော်။ ငါဟာ ဘယ်သူဘယ်ဝါပဲဆိုတာကို သူများသွားပြောလျှင် သင့်ကို ဒီနေရာမှာပဲ တစ်ခါတည်း ငါသတ်ပစ်မည်" လို့။



နိုဗိကောက်သည် ဘာမျှပြန်မပြောဘဲ မြေကြီးကိုဆက်၍ တူးမြဲတူးနေသည်။

"ငါပြောတာ ဘယ်လိုလဲ"

"မကြောက်ပါနှင့်၊ သင့်အကြောင်းကို ငါဘယ်သူ့ကိုမှ မပြောပါဘူး" ဟု နိုဗိကောက်က ပြန်ပြောသည်။ ပြီးလျှင် နိုဗိကောက်က "သင်နဲ့ အီရီနာ သိတာကြာပြီလား" ဟု မေးသည်။ ဤသို့မေးမိသဖြင့် သူ့ဟာသူ အံ့ဩ၍နေသည်။

"အဲဒီကိစ္စဟာ အရေးမကြီးတော့ဘူး။ အရေးကြီးတာက ငါ့အကြောင်းကို ဘယ်သူ့မှမပြောဖို့ဘဲ အရေးကြီးသည်။ ငါပြောတာ နားလည်ရဲ့လား" ဟု စစ်သားကြီးက မေးသည်။

ခဏစဉ်းစား၍နေပြီးလျှင် စစ်သားကြီးက "အီရီနာအကြောင်းကို သိချင်ရင် ငါပြောမည်။ မော်စကိုမြို့မှာဆိုရင် သူ့ဆီကိုသွားရမှာ မပျင်းတဲ့လူတိုင်း သူ့ကိုရတာချည်း ပဲ" ဟု ပြောသည်။

"ဒါဟာ သက်သက် မတရားပြောတာ" ဟု နိုဗိကောက်က မခံမရပ်နိုင် ဖြစ်စွာ အော်၍ပြောလိုက်သည်။

နိုဗိကောက်အဖေက "ဟဲ့ ဘာဖြစ်တာလဲ" ဟု နိုဗိကောက်ကို မေးသည်။

နိုဗိကောက်က အော်၍ပြောလိုက်သောအခါ စစ်သားကြီးသည် လန့်၍ ခုန်ထွက်သွားပြီးလျှင် နိုဗိကောက်အား ကြောက်စရာမျက်လုံးကြီးများနှင့် ကြည့်ပြီး "သင် သတိကောင်းကောင်းထားနေ။ ဒါပဲ ငါပြောမည်" ဟုပြောသည်။

※※※

## အခန်း(၁၂)

ညနေကျသောအခါ မြေတူးသမားများကို စာရင်းခေါ်သည်။ နိုဗိကောက် အဖေ၏နာမည်ကို ခေါ်လိုက်သောအခါ နိုဗိကောက်အဖေက "ရှိပါသည်" ဟု ပြန်ပြောသည်။ နောက် နိုဗိကောက်နှင့် သူ့အမေနာမည်ကို အလှည့်ကျခေါ်ရာ "ရှိပါ သည်" ဟု အလှည့်ကျပြောကြသည်။ ထို့နောက် နိုဗိကောက်သည် စစ်သားကြီး၏ နာမည်ခေါ်သံကိုစောင့်၍ နားထောင်နေရာမကြားရ။ နောက်မှ အိဗန်ဗူဂျက်နာမည်ကို ခေါ်လိုက်သောအခါ စစ်သားကြီးက "ရှိပါသည်" ဟု ပြောသည်ကို တွေ့ရသည်။ စစ်သားကြီးသည် သူ့နာမည်ကို လိမ်ပြောထားသည်ကို နိုဗိကောက်သိရသည်။

အလုပ်သိမ်းသဖြင့် ချက်ချင်းပင် အိမ်ကိုပြန်ကြရလိမ့်မည်ဟု မြေတူးသမား များက မျှော်လင့်၍နေကြသော်လည်း သူတို့အား အကြောင်းမပြဘဲ အကြာကြီးစီတန်း၍ ရပ်ခိုင်းထားသည်။ ထိုအချိန်တွင် လေကလည်း ပြင်းထန်စွာ တိုက်လျက်ရှိပြီးလျှင် မိုးသီးမိုးသားများကလည်း လေ၏အဟုန်ဖြင့် မောပန်းနေကြသော မြေတူးသမားများ၏ ဦးခေါင်းပေါ်မှ ဖြတ်၍သွားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် သဘာပတိချုပ်ဗာရိတ်နှင့် တိုယ်ရံနှစ်ယောက်တို့သည် မြင်းများစီး၍ ရောက်လာကြသည်။

ချူဗာရိတ်က မြင်းပေါ်မှနေ၍ "ဘယ်နှယ့်လဲ ပညာတတ်တို့ အလုပ်ကောင်းကောင်းလုပ်ကြရဲ့လား။ အလုပ်လုပ်ရတာ အညောင်းအညာပြေသည် မဟုတ်လား" ဟု ပြုံးရယ်ကာ ပြောသည်။

ထို့နောက် ချူဗာရိတ်သည် မျက်နှာပိုးသတ်ပြီးလျှင် "သင်တို့အထဲက ကိုမာရိတ်ရယ်၊ လေဗေဒီတ်ရယ်၊ ရှူဒတ်ရယ်ရှေ့ကို ဆယ်လှမ်းထွက်ခဲ့ကြစမ်း" ဟု ပြောသည်။ ထိုသူ သုံးယောက်လည်း ခြေလှမ်းမှန်မှန်ဖြင့် ထွက်၍လာကြရာ "ရှစ်၊ ကိုး၊ တစ်ဆယ်။ ရပ်" ဟု အမိန့်ပေးလိုက်သည်။ လူသုံးယောက်သည် မလှုပ်မယှက် မတ်တတ်ရပ်၍ နေကြသည်။ သူတို့ကို ချူဗာရိတ်က ဘာကြောင့်ခေါ်သည်ဟု ဘယ်သူမျှမသိ။ ချူဗာရိတ်က ပထမလူအား "ကိုမာရိတ်၊ သင့် နာမည်ဘယ်သူလဲ" ဟုမေးသည်။

ထိုအခိုက်တွင် ဒေါင်းမြစ်ဘက်မှ သင်္ဘောဥသြသံကို သဲ့သဲ့ကြားရသည်မှ တစ်ပါး အားလုံးတိတ်ဆိတ်၍နေသည်။

ခဏနေသောအခါ ကိုမာရိတ်က အသံတုန်တုန်နှင့် "ဘာလို့မေးရတာလဲ၊ ငါ့နာမည်ဟာ ကိုမာရိတ်ပါ" ဟု ဖြေသည်။

"မလိမ်နှင့်။ သင့်နာမည်ဟာ နီကိုလေဗာဆစ်ဆိတ်မဟုတ်လား။ ဗိုလ်မှူးကာနယ်နီကိုလေဗာဆစ်ဆိတ်လေ။ ဘာပြောချင်သေးသလဲ" ဟုချူဗာရိတ်က ပြောသည်။

"အဲဒါ ငါ့နာမည်မဟုတ်ဘူး။ ငါ့နာမည်ဟာ ကိုဗာရိတ်ပဲ" ဟု အမေးခံရသူကဖြေသည်။

"ဟော့ ခွေးကောင် စကားမများနှင့်" ဟု ပြောပြီးလျှင် ချူဗာရိတ်သည် မကြားကောင်းမနာသာဆဲသည်။ ထို့နောက်ဆက်၍ "သေခါနီးမှ အလိမ်သင်ချင်မနေပါနှင့်ကွာ။ အကြောင်းမထူးပါဘူး" ဟု ပြောသည်။ ပြီးလျှင် ချူဗာရိတ်သည် မျက်နှာကြီးနီလာပြီး အလုပ်သမားတပ်ဘက်သို့လှည့်၍ "အရာရှိသုံးယောက် သင်တို့ထဲမှာတွေ့သည်။ ဒီလို ပြည်သူ့ရန်သူတွေကို အခုချက်ချင်း အဆုံးစီရင်ပစ်မည်" ဟု ကျယ်လောင်စွာပြောသည်။

ဤသို့ပြောသည်ကို လူထုသည် ရုတ်တရက် သဘောမပေါက်။ ခဏကြာမှ သဘောပေါက်ပြီး အသက်ပင် မှန်မှန်မရှူနိုင်အောင် ဖြစ်သွားကြသည်။ မိန်းမတစ်ယောက်ကအမယ်လေးဟုပင်လွှတ်ခနဲအော်လိုက်မိသည်။ ချူဗာရိတ်သည် လူထုအထိတ်တလန့်ဖြစ်နေသည်ကို ကျေနပ်သွားပြီးလျှင် "သင်တို့ထဲမှာ ဒီလိုကောင်မျိုးတွေ အများကြီးရှိသေးတာ ငါသိသည်။ အချိန်ကျရင်အကုန်မိအောင်ဖမ်းပြီး လည်လိမ်သတ်ပစ်မည်" ဟုပြောသည်။

ချူဗာရိတ်၏ တပည့်တစ်ယောက်က သူ့အနားသို့ကပ်ပြီး တိုးတိုးပြောရာ ချူဗာရိတ်က ခေါင်းခါ၍ပြပြီးလျှင် "လျှို့ထဲ ဘာလို့ ခေါ်သွားရမှာလဲ။ ဒီနေရာမှာပဲ ပစ်သတ်မည်။ ဒါမှ ပညာတတ်တွေ သင်ခန်းစာရသွားမည်။ ပြီးတော့ ငါတို့က



သူအပေါ်မှာ ဘာမျှလောကဝတ်ကြေအောင် မလုပ်ဘူးဆိုတာကိုလည်း သူတို့ သွားရင်ကောင်းသည်" ဟု အားလုံးကြားလောက်အောင် ကျယ်ကျယ်ကြီးပြောသည်။

နိုဗီကောက်သည် တခြားကိုမကြည့်နိုင်ဘဲ အသတ်ခံရမည့်သူ သုံးယောက် ဘ စိမ်းစိမ်းပါအောင်ကြည့်၍နေသည်။ လူသုံးယောက်လည်း မသိလိုက် မသိဘာဖြင့် ချင်းချင်းပူးကပ်၍ ရပ်နေကြသည်။

ကိုမာရိတ်သည် ချူဗာရိတ်ရှိရာဆီသို့ ရုတ်တရက်ပြေးသွားပြီးလျှင် ထောက်၍ လက်နှစ်ဖက်ကို အသနားခံသောသဘောဖြင့် မြှောက်ကာ "ငါ့ကို တ်ပါနှင့်၊ ငါ့အသက်ကို ချမ်းသာပေးပါ။ ဗိုရိုနိတ်မြို့မှာ ငါ့သားသမီးတွေနှင့် ရှိပါသည်။ ငါ့သားသမီးတွေ သနားသဖြင့် ငါ့ကိုမသတ်ပါနှင့်" ဟု ကြေကွဲဖွယ် နားခံသည်။ သို့ရာတွင် သူ့ဟာသူ ဘယ်နည်းနှင့်မျှ တောင်းပန်၍ ရလိမ့်မည်မဟုတ် ည်ကိုလည်း သူ့အသံတွင် ပေါ်၍နေသည်။

ချူဗာရိတ်သည် ဒူးထောက်၍နေသော ကိုမာရိတ်ကိုကြည့်၍ သူ့ခါးမှ ခြောက်လုံးပူးကိုဆွဲ၍ "ဟိတ်ကောင် ထစမ်း" ဟုဆိုသည်။

အခြားသေရမည့် သူတစ်ယောက်သည် ကိုမာရိတ်ဆီသို့ ပြေးလာပြီးလျှင် "ကိုမာရိတ်ရာ ထပါကွာ မရှက်ဘူးလား" ဟု ပြော၍ထူပေးသည်။

ကိုမာရိတ်သည် ထိုသူ၏လက်ကို ဖယ်ရှားပစ်ပြီးလျှင် ချူဗာရိတ်ဆီသို့ င်းပြေးပြီးလျှင် ချူဗာရိတ်၏ဖိနပ်ကို သူ၏တုန်နေသောလက်များဖြင့် သွား၍ကိုင် ည်။ ချူဗာရိတ်သည် သူ့ခြေထောက်ကို အတင်းဖယ်ပစ်လိုက်ပြီးလျှင် ကိုမာရိတ်ကို င်ကန်ပစ်လိုက်သည်။ ကိုမာရိတ်လည်း မြေကြီးပေါ်သို့ လဲကျသွားသည်။ လဲရာက ရိတ်အား မော့၍ကြည့်နေသည်။ ချူဗာရိတ်သည် ခြောက်လုံးပူးကို ဆွဲ၍ထုတ်လိုက် ကိုမာရိတ်မှာ ခြောက်လုံးပူးကိုကြည့်၍ နှုတ်ခမ်းများတုန်နေသည်။ ပြီးလျှင် "ငါ့ကို ကို မသတ်ပါနှင့်" ဟု ပြောသည်။

ချူဗာရိတ်သည် ကိုမာရိတ်၏မျက်နှာကို ခြောက်လုံးပူးနှင့် ချိန်၍ထားသည်။ ရိတ်သည် အမယ်လေးဟု ငယ်သံပါအောင် အော်သည်။

ထိုအချိန်နှင့် မရှေးမနှောင်းပင် ခြောက်လုံးပူးသံ ဒိန်းခနဲပေါ်လာသည်။ ရိတ်၏ အော်သံလည်း ရပ်သွားသည်။ နိုဗီကောက်လည်း ကြောက်အားလန့်အားနှင့် အနေားကပ်၍သွားပြီးလျှင် စိတ်မကောင်းဖြစ်သွားသည်။ သူ့အဖေက "ဘယ်လို ကြတာလဲ၊ ဘယ်လိုလုပ်ကြတာလဲ" ဟု ညည်းသည်။

ထို့နောက် ကိုမာရိတ်၏အလောင်းသည် ချူဗာရိတ်၏ ပြောင်လက်နေသော လက်များအနီးတွင် တုံးလုံးကြီးလဲ၍နေသည်ကို နိုဗီကောက်မြင်ရသည်။ ထို ခိုက်တွင် "အလောင်းကို ဆွဲထုတ်လိုက်။ ကျန်တဲ့နှစ်ကောင်ကို လျှို့ထဲသွားသတ် ။ ကဲ ပွဲ ပြီးပြီ" ဟု ကျယ်လောင်စွာ ပြောသောအသံ ပေါ်လာသည်။ ပထမတွင် သူ့အသံဖြစ်သည်ဟု နိုဗီကောက် မသိလိုက်။ နောက်မှ ချူဗာရိတ်၏အသံ ပဲဟု တွေးမိသည်။ ပြီးလျှင် နိုဗီကောက်လည်း သတိမေ့၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်သည် နှစ်မိနစ်ခန့်ကြာသောအခါ သတိပြန်ရသဖြင့် သူတို့သားအဖ သုံးယောက် သုတ်သီးသုတ်ပျာနှင့် အိမ်သို့ပြန်ခဲ့ကြသည်။ ''သား သင်တစ်ယောက်တည်း ဒီလိုဖြစ်တာမဟုတ်ဘူး။ တခြားလူတွေအားလုံးလည်း သင်စိတ်မကောင်းဖြစ်သလို ဖြစ်ကြတာပဲ''ဟု သူ့အဖေကပြောသည်။ နိုဗိကောက်စိတ်ထဲ၌ ''ဒီစစ်ဗိုလ်သုံးယောက်ကို သတ်ပစ်လိုက်တာ မြင်ရတော့ ဟိုစစ်သားကြီးလည်း သိပ်ကြောက်နေမှာပဲ''ဟု အောက်မေ့မိသည်။ ပြီးလျှင် ဟိုစစ်သားကြီးက သူ့အား ''သင် သတိကောင်းကောင်းထားနေ ဒါပဲ ငါပြောမည်'' ဟု ပြောလိုက်သည်ကိုလည်း သူ့နားထဲ၌ကြားနေမိသည်။ နေလည်း အတော် စောင်းသွားပြီ။ နီရဲ၍နေသော နေဝန်းကြီးကို မြင်သောအခါ နိုဗိကောက်သည် အကီမောက်ကို သွား၍သတိရသည်။ ''ဘယ့်နှယ်လည်း ဘော်ရှီဗစ်ကြီးရဲ့ သင်တို့ဝါဒက တယ်ကောင်းပါလား''ဟု သူ ဒီနေ့မြင်ရသော ရက်စက်ကြမ်းကြုတ်မှုကို ပြောပြပြီး အကီမောက်အား မေးချင်စိတ်ပေါ်လာသည်။

''အဖေတို့ အမေတို့ မြန်မြန်လာကြ။ မိုးတောင် တော်တော်ချုပ်သွားပြီ''ဟု နိုဗိကောက်က ပြောသည်။ နိုဗိကောက်တို့ သူတို့လမ်းသို့ရောက်သောအခါ အတော်မှောင်သွားပြီ၊ လမ်းတွင် လမ်းသွားလမ်းလာလည်း မရှိ။

''ဘယ်သူ့ လှည့်လှည့်ကြည့်နေရတာလဲသား''ဟု သူ့အဖေက နိုဗိကောက်ကို မေးသည်။

''ငါတို့နောက်ကို လူတစ်ယောက်ယောက် လိုက်နေတယ်ထင်တယ် အဖေရဲ့'' ဟု နိုဗိကောက်က ပြောသည်။

''မဟုတ်ပါဘူး ထင်ပါရဲ့ကွယ်၊ သင့်စိတ်က ချောက်နေတာနဲ့ တူပါတယ်သားရယ်''ဟု သူ့အဖေက ပြောသည်။ သူ့အဖေက ဘယ်လိုပြောပြော သူထင်သည့်အတိုင်း သူတို့နောက်ကို တစ်ယောက်ယောက်လိုက်နေသည်ဟု သူယုံကြည်သည်။

''အဖေရေ ငါတို့တစ်အိမ်အိမ် ခဏဝင်နားကြရင် မကောင်းဘူးလား''

''ဘာလို့ နားရမှာလဲ သားရဲ့''

''တကယ်ပဲအဖေ ငါတို့နောက်က ရန်သူလိုက်နေတယ်''

''မဟုတ်ပါဘူးကွယ်၊ သင့်စိတ်ကချောက်လို့ပါ၊ တို့ကိုဘာလို့ လိုက်ရမှာလဲကွဲ့ ဒီနေ့ ဟိုမှာ ကြောက်စရာလန့်စရာ မြင်လာခဲ့ရတာနဲ့ သင့်စိတ်က ချောက်နေတာပါ''

ထိုအခိုက်တွင် လူတစ်ယောက်သည် မီးလင်းနေသော နေရာကိုဖြတ်၍ လမ်းဘေးမှောင်သည့်ဘက်သို့ ခုန်ကူးသွားသည်ကို နိုဗိကောက်တို့သားအဖအားလုံး မြင်လိုက်ရသည်။

''စစ်သားကြီး စစ်သားကြီး၊ အဖေ ပြေးပြေး တစ်နေရာမှာပုန်းနေ စစ်သားကြီး စစ်သားကြီး''ဟု နိုဗိကောက်က အထိတ်တလန့်အော်သည်။

''ဘာလဲသားရဲ့ ဘယ်ကစစ်သားကြီးလဲ''ဟု နိုဗိကောက်၏အဖေနှင့် အမေတို့က မေးကြသည်။



စစ်သားကြီးသည် နိုဗိကောက်အော်သံကိုကြားသဖြင့် ပုန်း၍မလိုက်တော့ဘဲ သူတို့နောက်သို့ ပြေး၍လိုက်လာသည်။

နိုဗိကောက်တို့ သားအဖသုံးယောက်လည်း ရှေ့မှပြေးကြသည်။ သူတို့အိမ်ရောက်ဖို့လည်း ငါးအိမ်ခြောက်အိမ်လောက်သာ လိုတော့သည်။

''အဖေတို့အမေတို့ မီးရောင်နားမသွားကြနဲ့၊ မှောင်တဲ့ဘက်မှာကပ်ပြီး ပြေးနေကြ'' ဟု နိုဗိကောက်က ပြောသည်။

ထိုအခိုက်တွင် သေနတ်သံတစ်ချက်ပေါ်လာပြီး သူ့နားရွက်နားသို့ ဗိုခနဲ ကျည်ဆန်တစ်ဆန် ဖြတ်သွားသည်ကို သိလိုက်သည်။ နိုဗိကောက်သည် မြေကြီးပေါ်သို့ ခေါက်လဲ့လိုက်သည်။ ထိုအခိုက်တွင် သေနတ်သံတစ်ချက် ထပ်ကြားရပြီး ''အမယ်လေး သေပါပြီ''ဟု အော်၍ သူ့အဖေလည်း လဲကျသွားသည်။

နိုဗိကောက်သည် သူ့ကိုရောက်မည့်ဘေးကို ဂရုမစိုက်ဘဲ သူ့အဖေကို သွား၍ ထူသည်။ အနီးရှိအိမ်များမှ တံခါးပိတ်သံနှင့် ဝင်းတံခါးဖွင့်သံများကို ကြားရပြီးလျှင် ပြေးကြလွှားကြသော လူများ၏ အော်သံဟစ်သံများကိုလည်း ကြားရသည်။

ထိုအခိုက်တွင် အိမ်ရိပ်တစ်ခုထဲမှ လူတစ်ယောက်ထွက်လာပြီး လမ်းကိုဖြတ်၍ လမ်းကြားကလေးတစ်ခုထဲသို့ ဝင်ပြေးသည်ကိုလည်း နိုဗိကောက်တွေ့လိုက်ရသည်။

''ဖမ်းကြပါ။ ဖမ်းကြပါ။ စစ်သားကြီး စစ်သားကြီး''ဟု နိုဗိကောက်က သံကုန်ဟစ်၍အော်သည်။ အရပ်ထဲကလူနှစ်ယောက် စစ်သားကြီးနောက်သို့ပြေးလိုက်ကြသည်။

''အသက်ရှိသေးတယ်။ အသက်ရှိသေးတယ်။ ဆရာဝန်ကို မြန်မြန်သွားခေါ်ပါ'' ဟု အရပ်ထဲမှဝိုင်း၍လာသော သူတစ်ယောက်က နိုဗိကောက်၏အဖေအား ကြည့်၍ပြောသည်။

''နိုဗိကောက်ရဲ့ အဖေပါလား။ ဘယ်လိုဖြစ်တာလဲ''ဟု အကီမောက်က မေးသည်။ အကီမောက်သည် အခြားသူများကဲ့သို့ပင် သေနတ်သံနှင့် အော်သံဟစ်သံများ ကို ကြားသဖြင့် ပြေးလာခဲ့သည်။

အကီမောက်က နိုဗိကောက်အဖေအား သွေးစမ်းကြည့်ပြီးလျှင် ''ကိစ္စမရှိဘူး အသက်ရှိသေးတယ်။ ဒါပေမယ့် မြန်မြန်လုပ်မှ ဖြစ်မယ်။ ကြာနေလို့ မဖြစ်ဘူး။ ဆရာကို စည်းရအောင် သင့်ရှပ်အင်္ကျီကိုဆုတ်လိုက် နိုဗိကောက်''ဟု ပြောသည်။

ပြီးလျှင် အကီမောက်က ''ကိုင်း လာကြစမ်းဟေ့ မကြစမ်း။ ရှေ့ သင်တို့က ခြေထောက်ကမ ငါက ခေါင်းဘက်ကမမည်။ ဖြည်းဖြည်းလည်းလုပ်ကြဟေ့''ဟု ပြောပြီးလျှင် နိုဗိကောက်တို့အိမ်သို့ မ၍ယူသွားကြသည်။

''အိမ်က ကလေးတွေတော့ ငါနှင့်ညစာစားပြီးကြပြီ။ အခု သူတို့အိပ်နေကြ ရှာခမ်းပါဦး။ ဓားပြလား၊ ဘာလဲ''ဟု အကီမောက်ကမေးသည်။ ဝိုင်း၍ကြည့်နေသူ တစ်ယောက်က ''စစ်သားကြီးတစ်ယောက်လို့ ပြောတာပဲ။ ဒီသူငယ်က ဖမ်းကြပါ၊

www.burmeseclassic.com

www.burmeseclassic.com



စစ်သားကြီး စစ်သားကြီးလို့ အော်တာနဲ့ ငါရယ် ဟောဒီက အီဗန်ရယ်နောက်က လိုက်ဖမ်းတာပဲ။ ဒါပေမယ့် မှောင်နေတော့ ဘာမျှ မတတ်နိုင်ဘူးပေါ့''ဟု ပြောသည်။

''သြော် စစ်သားကြီးတဲ့လား။ အေး ဟုတ်ပြီ''ဟု အကီမောက်ကပြောပြီးလျှင် နောက်ထပ်စကားမဆက်တော့။

နိုဗီကောက်၏အဖေအား သူတို့အိမ်ထဲက သူအိပ်နေကြခုတင်ပေါ်တွင် ဖြည်းညင်းစွာချထားသည်။ အကီမောက်ကိုယ်တိုင်ကပင် ထိုခုတင်ပေါ်၌ချထားရန်ပြောသည်။

အရပ်ထဲမှ ယောကျာ်းများ၊ မိန်းမများ၊ ကလေးများသည် စုရုံး၍ လိုက်လာကြသည်။

ဆရာဝန်ရောက်လာ၍ စမ်းသပ်ကြည့်သောအခါ နိုဗီကောက်၏အဖေမှာ အသက်မရှိတော့သည်ကို တွေ့ရသည်။

နိုဗီကောက်သည် မှောင်ရိပ်ထဲသို့ တစ်ယောက်တည်းသွား၍ စိတ်ရှိလက်ရှိ အော်၍ ငိုနေသည်။ သူ့စိတ်ထဲတွင် စစ်သားကြီးကိုစိတ်ဆိုးပြီး လက်စားချေဖို့သာ ကြံနေသည်။ ထိုအခိုက်တွင် အကီမောက်က နိုဗီကောက်၏ပခုံးကို လာ၍ကိုင်သည်။ နိုဗီကောက်က ဘယ်လိုမှမပြော။ အကီမောက်က တစ်အောင့်လောက်စောင့်ပြီး ''ကိုင်း နိုဗီကောက် အခု သင် ဘယ်လိုလုပ်မလဲ''ဟု မေးသည်။

''သင် လုပ်စေချင်တာ ငါ လုပ်မည်''

''ငါ လုပ်စေချင်တာက ဘာမှအရေးမကြီးပါဘူး။ အခုဆိုရင် သင်ဟာ သင်တို့အိမ်သားတွေအတွက် အကြီးအကဲဖြစ်သွားပြီ။ သင့်အမေဟာလည်း စိတ်ထောင်းကိုယ်ကြေဖြစ်သွားပြီ။ အရင်ကရုပ်နှင့် တစ်စက်မှမတူတော့ဘူး။ ဒီတော့ သင်က သင်တို့ အိမ်သားအားလုံးအတွက် စဉ်းစားရလိမ့်မည်''ဟု အကီမောက်က ပြောသည်။

နိုဗီကောက်က ဘာမျှပြန်မပြော။ သူတို့မှာ ဘဝယောင်းပျောက်၍ ဘဝသစ်နှင့် ရင်ဆိုင်တွေ့နေသည်ကို နိုဗီကောက်သိသည်။ သို့ရာတွင် ဘဝသစ်ကို ဘယ်လိုစရမည်ကားမသိ။

''စစ်သားကြီးက ဘာလို့ သင့်အဖေကို ပစ်ရတာလဲ''

''ငါ့အဖေကိုပစ်တာ မဟုတ်ဘူး။ ငါ့ကို ပစ်တာ။ သူဟာ စစ်သားရိုးရိုး မဟုတ်ဘူး။ စစ်ဗိုလ်။ သူ့စိတ်ထဲမှာ သူ့အကြောင်းကို ငါက ဖော်လိမ့်မယ်ထင်နေတယ်''ဟု နိုဗီကောက်က ပြောသည်။

''အနို့ အခု သင်က မဖော်ဘူးလား''

''အို ဖော်ရုံလောက်တော့ အလကားပေါ့။ ငါ့ကိုယ်တိုင်ကို လည်ပင်းညှစ်သတ်ပစ်မယ်''ဟု နိုဗီကောက်ပြောသည်။

''အေး ဒီလိုမှပေါ့။ သင့်ကြည့်ရတာ သိပ်ဒေါသထွက်နေပုံရသည်။ အဲဒါ ကောင်းသည်။ အခုခေတ်ကြီးမှာ ဒေါသမရှိရင် နေလို့မဖြစ်ဘူး''ဟု အကီမောက်က ပြောသည်။



နိုဗီကောက်က ဘာမျှပြန်မပြော။

''ကောင်းသည်။ ဒီမှာခဏနေပြီး အားရအောင်ငိုပစ်လိုက်။ များများငိုလေ ကောင်းလေပဲ။ ပြီးတော့ သင် စိတ်သက်သာရာရသွားမည်။ ဒါပေမယ့် ငါ တစ်ခု ပြောချင်သည်။ အခု 'သင်ငိုတာဟာ နောက်ဆုံးငိုခြင်းပဲနော်''ဟု အကီမောက်က ပြောသည်။

နိုဗီကောက်သည် အံ့အားသင့်သွားပြီး ''ဘာလို့ နောက်ဆုံးငိုခြင်းဖြစ်ရမှာ လဲ''ဟု အကီမောက်ကို မေးသည်။

''မကြောက်ပါနှင့် တခြားကြောင့်မဟုတ်ပါဘူး။ သင်ရဲ့ ကလေးဘဝဟာ ဆုံးခန်းကိုရောက်လာလို့ ပြောတာပါ။ အနို့လူကြီးတော့ မငိုဘူးလားဆိုတော့ လူကြီးလည်း ငိုတာပါပဲ။ ဒါပေမယ့် လူကြီးက မျက်ရည်ထွက်အောင် မငိုဘူး။ မျက်ရည်မထွက်တဲ့နှင့်ငိုရတာဟာ ပိုပြီးပင်ပန်းသည် ငါ့ညီ''ဟု အကီမောက်သည် နိုဗီကောက်ကို ဆွဲခဲ့ပြီး အိမ်ထဲဝင်သွားသည်။

နိုဗီကောက်၏အဖေကို မသာချသောအခါ လိုက်ပို့မည့်သူမရှိ အကီမောက်နှင့် သူ့အိမ်သားတစ်စုသာ လိုက်ပို့ကြသည်။ ဘုန်းကြီးပင် ပင့်လို့မရ။ အချို့ဘုန်းကြီးများမှာ ထွက်ပြေးကုန်ပြီ။ ထွက်မပြေးကြသည့် ဘုန်းကြီးများလည်း ပုန်းလျှိုး၍နေကြရသည်။ အလောင်းကို မြှုပ်ခါနီးတွင် အကီမောက်က စကားအနည်းငယ်ပြောသည်။ ''နိုင်ငံသား ပါဗယ်နိုဗီကောက်သည် သေပြီ။ သူ့ဟာသူ သေရခြင်းမဟုတ်။ အရာရှိတစ်ယောက်၏ ကျည်ဆန်သင့်၍ သေရခြင်းဖြစ်သည်။ သို့သော် ဒီလိုသေရတာလည်း တစ်နည်းတော့ ကောင်းသည်လို့ပဲ ဆိုရမှာပဲထင်ပါရဲ့။ ဒီ့ထက်တော့လည်း မပြောနိုင်ဘူးပေါ့။ သူ့ကို သိတာလည်း မကြာသေးပါဘူး။ နာရီပိုင်းလောက်ပဲ ရှိပါသေးသည်။ ငါ့သဘောအရ တော့ သူဟာသဘောကောင်းတဲ့ လူတစ်ယောက်ပါပဲ။ အသေစောတာလည်း ငါသနား သည်။ သူနှင့်ငါ စကားကောင်းကောင်း ပြောချိန်မရလိုက်ဘူး။ ဒါပေမယ့် သူကြည့်ရ တာ စကားပြောတဲ့အခါမှာ တော်တော်စိတ်တိုပုံရသည်။ သူနှင့်ငါ သတ်လားပုတ်လား ကောင်း ဖြစ်တော့မလို့။ ကိုင်း နိုင်ငံသားပါဗယ်နိုဗီကောက် သင်သည် ချမ်းသာစွာ အိပ်နေရစ်ခဲ့ပေတော့။ သင့်အတွက် ပူပန်စရာကို ငါတို့တာဝန်ခံ၍ ပူပါမည်''လို့။

၁၉၁၇-ခု၊ ဆောင်းကုန်ခါနီးဆီတွင် အင်ဂျင်နီယာ ပါဗယ်နိုဗီကောက်အား အကီမောက်၏ ထူးဆန်းသော စကားကိုနှာခံရင်း သင်္ဂြိုဟ်လိုက်ကြသည်။ အကီမောက် ပြောတာလည်း မှန်ချင်မှန်လိမ့်မည်။ ပါဗယ်နိုဗီကောက်သည် တော်လှန်ရေးခေတ်သစ်ကြီး ဦးမှ နေတတ်ချင်မှ နေတတ်ပေမည်။ သူနှစ်သက်သော ခေတ်ဟောင်းသည် မပြန်လာ တော့ပြီ။ ခေတ်သစ်ကြီးသည်လည်း သူ့အား ကြည်ကြည်သာသာ လက်မခံ။

အလောင်းကို မြေမြှုပ်ပြီး၍ အိမ်သို့ပြန်ရောက်လာသောအခါ အကီမောက်က နိုဗီကောက်အား လက်တို့၍ခေါ်ပြီးလျှင် ''ငါတို့ တော်လှန်ရေးတာဝန်ခံအဖွဲ့ကို သွားရ မည်။ အဲဒီမှာ သင့်ကိုတွေ့ချင်တဲ့ လူတစ်ယောက်ရှိသည်'' ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်လည်း အကြောင်းကိုရိပ်မိသဖြင့် အမှတ်မထင်ပင် ''ကောင်းပြီ သွားတာပေါ့''ဟု ပြန်ပြောလိုက်သည်။

တော်လှန်ရေး တာဝန်ခံအဖွဲ့ လှေကားထစ်ကို တက်မိသည့်အချိန်သည် သူ့တစ်သက်တွင် အရေးကြီးဆုံးခြေလှမ်းတစ်လှမ်းဖြစ်သည်ကိုကား နိုဗိကောက် မရိပ်မိသေး။ အမှန်ဆိုသော် ထိုအချိန်သည် သူ၏ဘဝဟောင်းကို တိတိရိရိနေအောင် ဓားထက်ထက်နှင့် ဖြတ်လိုက်ခြင်းပင်ဖြစ်သည်။ ထိုအချိန်၌ သူ့အဖို့တွင် အဖြစ်ဟောင်းကိုသာ မေ့ပစ်ဖို့လိုသည်မဟုတ်။ သူအမိနို့ကို ပထမစို့လာခဲ့သည့်အချိန်တစ၍ သူ မှတ်ယူလာခဲ့သော အရှက်အကြောက်တရားတို့၊ လူတို့ပြုကျင့်အပ်သော ကျင့်ဝတ်တရားတို့၊ ဆင်ခြင်တုံတရား စသည်တို့ကို အကြွင်းမဲ့စွန့်ပစ်ရသည့်အဖြစ်သို့ ရောက်သွားသည်။

အကီမောက်သည် နိုဗိကောက်အား တော်လှန်ရေးတာဝန်ခံအဖွဲ့ ရဲဘော်ပိုတာပေါက်အခန်းသို့ ပို့ပြီးနောက် ပြန်သွားသည်။ ပိုတာပေါက်သည် ပိန်ပိန်ပါးပါး အသက်ငါးဆယ်ကျော် ခြောက်ဆယ်ခန့်ဖြစ်သည်။

''ဒီကနေ့ပဲ သင့်အဖေကို သင် သင်္ဂြိုဟ်လိုက်ရတယ်နော်။ ငါလည်း စိတ်မကောင်းပါဘူး။ ဒီတော့ ငါ ကြာကြာမပြောပါဘူး။ ငါလည်း သင့်အဖေအကြောင်းကို ဟိုတုန်းကပဲ ကြားဖူးပါတယ်။ ဂုဏ်ကြီးတစ်လုံးနှင့် နေခဲ့တဲ့လူပေါ့။ ဒီလိုလူကြီးတစ်ယောက်ဟာ ခွေးလိုအရာရှိတစ်ယောက်က သတ်ပစ်လို့သေရတယ်ဆိုတာ ဘဝကံလို့ပဲ ဆိုရမှာပေါ့ကွယ်''ဟု ပြောသည်။ ထို့နောက် ပိုတာပေါက်သည် နိုဗိကောက်ကို သေသေချာချာကြည့်၍ ''ဒီအရာရှိကို တို့ရအောင် ရှာနိုင်ပါသည်။ သူ ဘယ်လိုမှ မပြေးနိုင်ပါဘူး။ သူ့နာမည်ကို ဗူဂျက်လို့ ပြောထားသည်မဟုတ်လား''ဟု ပြောပြန်သည်။

နိုဗိကောက်က ''ဟုတ်ပါသည်။ လူတွေရဲ့နာမည်ခေါ်တုန်းက ဗူဂျက်လို့ခေါ်တော့ သူက ရှိပါသည်ဟု ပြန်ပြောပါသည်''ဟု ပြောသည်။

''အဲဒါဟာ သူ့နာမည်အမှန် မဟုတ်ဘူး။ အခု သူတစ်နေရာရာမှာ ပုန်းနေလိမ့်မည်။ ဒါပေမယ့် ကြာရှည်ပုန်းခိုနေနိုင်မှာ မဟုတ်ပါဘူး။ စားစရာမရှိတော့ ထွက်လာမှာပါပဲ။ တစ်နေ့မှာ သူရှိတဲ့ ပစ္စည်းကလေးများနှင့် ဈေးကိုသွားပြီး စားစရာနှင့် လဲရမှာပါပဲ။ သူ့ကို လက်ခံထားမည့်သူ ဘယ်သူရှိသလဲ၊ သင် သိသလား''ဟု ပိုတာပေါက်က နိုဗိကောက်ကိုမေးသည်။

နိုဗိကောက်သည် အီဗီနှာကိုသတိရသော်လည်း တခြားလူတစ်ယောက်ကို ဆွဲမထည့်လိုသဖြင့် ''မသိပါဘူး''ဟု ပြောလိုက်သည်။

''အနို့ နေစမ်းပါဦး။ သင်နှင့်အဲဒီအရာရှိနဲ့က ဘယ်လိုစပြီးသိကြတာလဲ'' နိုဗိကောက်က မှန်သည့်အတိုင်းမပြောဘဲ ဖဲရိုက်ရာတွင် စကားများဖူး၍ စစ်သားကြီးက သူ့ကို ရန်ငြိုးထားတာဖြစ်ပါလိမ့်မည်။ ပြီးတော့ သူ့စိတ်ထဲကလည်း သူ့အကြောင်းကို ဖော်ပြောလိမ့်မည်ဟု ထင်ချင်လည်း ထင်နေပါလိမ့်မည်ဟု ဖြေသည်။



ပိုတာပေါက်က ''သူနေတဲ့နေရာကို သင်မသိဘူးဆိုရင်တော့ ခက်တာပဲ။ ပြီးတော့ သူ့ကိုလည်း သင်တစ်ယောက်ပဲ မြင်ဖူးတယ်ဆိုတော့ ရှာဖို့အခက်သားပဲ။ သူ့ဓာတ်ပုံလည်း ငါတို့ဆီမှာမရှိဘူး။ ဒါပေမယ့် တစ်နည်းနည်းနှင့်တော့ သူ့ကို မိအောင်ဖမ်းရမှာပဲ။ ဒီမြို့ထဲက အရာရှိဟောင်းတွေကို တစ်ယောက်မျှအရှင်ထားလို့မဖြစ်ဘူး။ ပြီးတော့ ဗိုလ်ချုပ်ကလေဒင်ကလည်း ငါတို့ကို လာတိုက်ဖို့ စစ်ပြင်နေသည်။ ပြီးတော့ သင့်အဖေအတွက်ကလည်း လက်စားချေဖို့လိုသေးသည် မဟုတ်လား''ဟု ပြောပြီးလျှင် နိုဗိကောက်က ဘယ်လိုပြောမည်ကို စောင့်ကြည့်နေသည်။

နိုဗိကောက်က ဘာမျှစကားပြန်မပေး။

ပိုတာပေါက်က ''ဒီကိစ္စကို သင်နှင့်ငါတို့ ပေါင်းပြီးလုပ်မှ ဖြစ်မည်ထင်သည်။ သင့်ကိုလည်း ငါတို့အသုံးပြုရလိမ့်မည်။ ငါတို့ဆီက လူတစ်ယောက်ခေါ်ပြီး သင်က ဈေးပေါက်ကစောင့်ဖမ်းရမည်။ ပြီးတော့ အရပ်ထဲလည်း လျှောက်ရှာကြပေါ့။ ဘယ့်နှယ်လည်း ငါတို့ကို အကူအညီမပေးချင်ဘူးလား''ဟုမေးသည်။

နိုဗိကောက်က ဘယ်လိုမှပြန်မပြောရခင် ပိုတာပေါက်က ''ဒီအတောအတွင်းမှာ သင့်ကို အလုပ်ကကင်းလွတ်ခွင့်ပေးထားမည်။ ရာရှင်လက်မှတ်များလည်း ရမြဲအတိုင်းဆက်ရစေမည်။ ဒါပေမယ့် သင်တို့အိမ်ကိုတော့ ငါတို့ဆက်ပြီး နေရလိမ့်ဦးမည်။ သင်တို့နေဖို့အတွက်တော့ မြို့ထဲမှာ နှစ်ခန်းသုံးခန်းရှိတဲ့ အိမ်တစ်အိမ်အိမ်ရအောင် ငါတို့ရှာပေးမည်။ မြို့ထဲမှာဆိုတော့ မြင်းဇောင်းထဲ နေရတာထက်ကောင်းတာပေါ့။ ပြီးတော့ သင်တို့အိမ်ထဲကလည်း သင်လိုချင်တဲ့ ပစ္စည်းမှန်သမျှယူသွားနိုင်သည်။ ယူသွားနိုင်ဖို့အတွက်လည်း ငါ ဆိုင်ရာကိုပြောလိုက်မည်''ဟုပြောသည်။

နိုဗိကောက်က ဘာမျှပြန်မပြောဘဲ နားထောင်နေရာ ပိုတာပေါက်က လက်ဆွဲနှုတ်ဆက်ပြီး ''သင့် အလုပ်အောင်မြင်ပါစေလို့ ငါဆုတောင်းပါသည်။ အဲဒီစစ်ဗိုလ်ကို တွေ့ရင် သင့်အစ်မကိုလည်း အလုပ်ကင်းလွတ်ခွင့်ပေးဖို့ ငါတာ ဝန်ခံပါသည်။ သင့်အမေ ဘာအသက်ကြီးပါပြီ။ ပေါက်တူးကိုင်နိုင်တဲ့အရွယ်လည်း မဟုတ်တော့ပါဘူး''ဟု ပြောသည်။

※※※

အခန်း(၁၃)

အင်မတန် အေး၍ဆီးနှင်းများ ကျဆင်းနေသည့် နံနက်တစ်နံနက်တွင် နိုဗိကောက်နှင့် ကွန်မြူနစ် စစ်သားတစ်ယောက်သည် တောသားဟန်ဆောင်၍ ဈေးပေါက်မှာ စောင့်နေကြသည်။

အဝတ်စုတ်စုတ်ပြတ်ပြတ်နှင့် ဝိန်ညှောင်နေသော သူတစ်ယောက်သည် ဒွတ်ဖိနပ်တစ်ရံကိုကိုင်၍ ''ယောဒီဖိနပ် ပေါင်မုန့်ငါးလုံးနှင့်လဲမည်''ဟု အော်၍ နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗီကောက်က သူ့အဖော် ကွန်မြူနစ်စစ်သားအား "သူပဲ၊ သူပဲ"ဟု လက်တို့၍ ပြောသည်။ စစ်ဗိုလ်ယောင်းကြီးသည် နိုဗီကောက်ကိုမြင်သဖြင့် ကမန်းကတန်း ဈေးကလူအုပ်ထဲသို့ တိုးဝင်၍ပြေးသည်။ စစ်ဗိုလ်ယောင်းကြီးမှာ သနားစရာအခြေမျိုးသို့ ရောက်နေသဖြင့် နိုဗီကောက်စိတ်ထဲက ကရုဏာသက်၍ သွားသလိုပင် ဖြစ်သွားသည်။ သို့ရာတွင် သူ့အဖေကိုသတ်သူ့အပေါ်တွင် အဘယ်မှာနိုဗီကောက်သည်ကြေနိုင်မည်နည်း။

စစ်ဗိုလ်ယောင်းသည် လွတ်အောင်မပြေးနိုင်။ ကွန်မြူနစ်စစ်သား၏လက်သို့ ပါသွားသည်။ နောက်တွင် သူဘယ်လိုဖြစ်သည်ဟု နိုဗီကောက်လည်း မသိတော့။

နိုဗီကောက်၏ အမေလည်း ပိုတာပေါက်ကတိပေးသည့်အတိုင်း အလုပ်မှ ကင်းလွတ်ခွင့်ရသည်။ ပြီးလျှင် ပိုတာပေါက်က စစ်ဗိုလ်ယောင်းကို ဖမ်းသည့်အကြောင်း အစီရင်ခံစာရေးပေးရမည်ဟု နိုဗီကောက်အား ပြောသည်။ နိုဗီကောက်လည်း ဒီတော့မှပင် "ဪ သဘောက ဒီလိုကိုး"ဟု သိသည်။ သို့ရာတွင် သူ့အဖို့ နောက်ပြန်၍ ဆုတ်လမ်း မရှိတော့။

တစ်နေ့တွင် နိုဗီကောက်သည် အကီမောက်နှင့် လမ်းမှာတွေ့သည်။ အကီမောက်က "ဘယ့်နှယ်လည်း နိုဗီကောက်၊ သင် အခု ငါတို့ဘက် ရောက်လာပြီမဟုတ်လား"ဟု မေးသည်။ နိုဗီကောက်က "ဆိုပါတော့"ဟုပြောသည်။ "ဘာလို့ ဆိုပါတော့ရတာလဲ၊ အကုန်လုံးစီစဉ်မပြီးသေးလို့လား"ဟု အကီမောက်က ပြန်မေးသည်။

နိုဗီကောက်က "သင်တို့ဘက်ကို ဒီလိုနည်းနှင့် ငါဝင်မည်လို့ စိတ်ကူးတာ မဟုတ်ဘဲ"ဟု ညည်းငြူယယ်စွာပြောသည်။

အကီမောက်က "ဒါကတော့ ဒီလိုပါ ငါ့ညီရယ်၊ တို့ရန်သူက သိပ်ပြီး ဝရိယာယ်များသည်မဟုတ်လား။ ဒီတော့ တို့ဘက်မှာ သင်တို့လို ပညာရှိတဲ့လူတွေ ဦးနှောက်ရှိတဲ့လူတွေပါဖို့ အရေးကြီးတာပေါ့။ ဒါကြောင့် ဒီလိုပဲလုပ်ရတာပဲ။ စိတ်ညစ် မနေပါနှင့်တော့ ငါ့ညီရာ၊ လုပ်စရာရှိတာ တန်းတိုက်တိုက် တိုင်တိုက်တိုက်ပဲ လုပ်ပါ တော့"ဟု ပြောသည်။

နိုဗီကောက်စိတ်ထဲတွင် "ဟုတ်သားပဲ၊ ငါဘာလို့စိတ်ညစ်နေရမှာလဲ၊ ရုရှရဲ့ သိနိုင်ခဲ့တဲ့ ကမ္ဘာ့ဝါဒကိုလည်း အကီမောက်ဆီက ငါကြားပြီးပြီပဲဟာပဲ၊ ဒီအချိန်ဟာ အဲဒီသိနိုင်ခဲ့တဲ့ ဝါဒဟာ ဘာဆိုတာသိရအောင် လုပ်ဖို့အချိန်ပဲ သေးကရပ်ကြည့်နေလို့ ဘာမှအကျိုးမထူးဘူး။ တစ်ဘက်ဘက်ကို ပါမှပဲ ကောင်းမည်။ သူတို့ဘက်မှာဆိုရင် အကုန်လုံးအသစ်ချည်းပဲ။ တို့ဘက်မှာဆိုရင် ရှေးဟောင်းနွမ်းကျပြီး ခေတ်မမီတဲ့ သဘောတွေချည်းပဲ၊ သူတို့ဘက်မှာ ရက်စက်တာ ကြမ်းကြုတ်တာတွေချည်းပဲဆိုတာ လည်း မှန်တာပဲ။ ဒါပေမယ့် တို့ဘက်မှာ ဘာရှိလို့လဲ"ဟု တွေးမိသည်။ ထိုသို့တွေးပြီးမှ နိုဗီကောက်က အကီမောက်အား "အကီမောက့် သင်ဟာ တစ်ဖက်သားကို သွေးထိုးအပေး တော်တော်ကောင်းသည်။ အမှန်ပြောရမည်ဆိုတော့ ငါလည်း သင်ပြောတာကို အကုန်လုံးသဘောကျပါသည်။ ဒါပေမယ့် တစ်ခုတော့ သင့်ကို ငါ မေးချင်သေးသည်။



အဲဒီလို မေးချင်နေတာ တော်တော်ကြာနေပြီ။ သင် မှတ်မိသည်မဟုတ်လား။ ငါ့အဖေကို တစ်နေ့က ချူဗာရိတ်က သူကိုယ်တိုင် အပြစ်မရှိတဲ့ လူတစ်ယောက်ကို ငါတို့မျက်စိ အောက်တွင်ပဲ သေနတ်နှင့်သတ်ပစ်လိုက်တာလေ။ ဒါ ကောင်းသလား။ ကိုင်း သင်ပဲ ပြောစမ်းပါ။ ဒီလို သတ်ဖို့လိုသလား"ဟု မေးသည်။

အကီမောက်သည် ရုတ်တရက်ပြန်မဖြေဘဲ ခဏစဉ်းစားပြီး "ဒီကိစ္စက တော်တော်ဖြေရခက်သည်။ လီနင်ကပြောသည်။ လူသုံးပုံတစ်ပုံ ကောင်းစားမည်ဆိုလျှင် လူသုံးပုံနှစ်ပုံ သေကြေပျက်စီးပါစေ။ အရေးမကြီးဘူးလို့ စဉ်းစားကြည့်မည်ဆိုလျှင် လီနင်ပြောတဲ့စကားဟာ တော်တော်ကို ကြောက်စရာကောင်းတဲ့ စကားပဲ။ လီနင် ပြောသမျှဟာ ငါ့အဖို့မှာ အကုန်အရေးကြီးတာချည်းပဲ။ ဒါပေမယ့် လီနင်ပြောလို့သာ ကြားရသည်။ သင်တော့ တုန်လှုပ်သွားမှာပဲ။ ဒီတော့ လီနင်က ဒီလိုပြောတာမျိုးကို ယုံကြည်နိုင်ဖို့အတွက်ဆိုလျှင် ပထမဆုံးယုံကြည်တဲ့လူဟာ သူ့ရဲ့ ဆင်ခြင်တုံတရားကို သတ်ပြီး သူ့ကိုယ်သူ ကျောက်တိုင်ကျောက်ခဲလို ဖြစ်လာအောင်လုပ်ရလိမ့်မည်။ ချူဗာရိတ်ကတော့ လီနင်ရဲ့ စကားကို သဘောပေါက်နေပြီနှင့် တူပါသည်။ အဲဒီလိုမှ သဘောမပေါက်သေးဘူးဆိုလျှင် ဘယ်မှာ သူဒီလိုလုပ်နိုင်ပါမလဲ"ဟု ပြောသည်။

"အနို့ သင်ကိုယ်တိုင်ကော ဘယ်လိုလဲ"ဟု နိုဗီကောက်က မေးသည်။

အကီမောက်သည် သူ့ကိုယ်သူ စစ်တုရင်ထိုးရာတွင် အစားခံဖို့ နယ်ရုပ်ပမာ သဘောထားပုံမျိုးဖြင့် "ငါသည် တော်လှန်ရေးစစ်သားတစ်ယောက် ဖြစ်သည်။ ငါ့အား သေနတ်နှင့် ပစ်သတ်ခိုင်းလျှင် မည်သူ့ကိုမဆို ငါပစ်သတ်မည်။ စကားပုံရှိသည် မဟုတ် လား။ သေခြင်းကို သေခြင်းပဲနိုင်သည်ဟု ဆိုလိုတာကတော့ သေခြင်းမရှိဘဲနှင့် ဘယ်အလုပ်မှ လုပ်မရဘူးဘဲ"ဟု ပြောသည်။

"သင် ပြောသလိုဆိုတော့ သတ်တဲ့နည်းကလွဲလို့ တခြားနည်းမရှိတော့ ဘူးပေါ့" ဟု နိုဗီကောက်က မေးသည်။

"မရှိပါဘူး ရှင်းပါသည်"

"ဒီလိုတော့ အားမရှိတဲ့သူတွေ အပြစ်မရှိတဲ့သူတွေကိုလည်း အယူအဆမတူ ဘူးနှင့် သတ်ပစ်ရမည်ဆိုပါတော့"

"ဟုတ်တယ်။ အပြစ်မရှိတဲ့လူတွေတောင် သတ်ပစ်ရမည်။ တစ်မျိုးတစ်ဖုံ ယူဆနေတာကိုပဲ သူတို့ရဲ့အပြစ်ပဲ။ အခုဖြစ်နေတဲ့ စစ်ပွဲက အယူအဆစစ်ပွဲ၊ အယူအဆဟာ ဘယ်မှာရှိသလဲ။ ခေါင်းထဲမှာရှိသည်။ ဒါကြောင့် ခေါင်းကို ချိန်ရမည်၊ ခေါင်းကို ဖြတ်ရမည်။

သင်ကိုယ်တိုင် စစ်မတိုက်ဖူးသေးလို့၊ သင်ကိုယ်တိုင် လူတွေအပြောက် အမြားသေတာ မတွေ့ဖူးသေးလို့။ သင်ဟာ အခုလို ပြောနေတာလို့ ငါထင်တယ်၊ ကမ္ဘာ့နည်းလောက် တိုက်ဖူးခိုက်ဖူးလာတယ်ဆိုရင် အားလုံးကို သင့်အမြင်ရှင်းသွား လိမ့်မည်။ ဒီတော့မှ လီနင် ဘာပြောတယ်ဆိုတာကိုလည်း သင် သဘောပေါက်လာ

www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။ ဒီလိုသဘောပေါက်လာဖို့လည်း နောက်ကိုသိပ်မကြာပါဘူး''ဟု အကီမောက်က ပြောသည်။

အကီမောက် ပြောတာမှန်သည်။ တနင်္ဂနွေတစ်ပတ်မကြာခင်ပင် ''ဗိုလ်ချုပ်ကလေဒင်က တိုက်စစ်ဆင်လာပြီ''ဆိုသော သတင်းသည် တောမီးလောင်သကဲ့သို့ မြည်ဟည်း၍ ပျံ့လာသည်။

၁၉၁၇-ခုနှစ်၊ ဒီဇင်ဘာလ ၈-ရက်နေ့တွင် ကလေဒင်၏ အမြောက်သံများကို နီဗိကောက်ကြားရသည်။ ဗိုလ်ချုပ်ကလေဒင်၏ စစ်အင်အားမှာ တော်လှန်ရေးတာဝန်ခံအဖွဲ့က တွက်ချက်မိသည်ထက် အများကြီး ပို၍နေသည်။ ကလေဒင်၏ စစ်သားများသည် တကယ်ပင် ရှပ်ရှပ်ချွံချွံနှင့် တိုက်ကြသည်ကို တွေ့ရပြန်သောအခါ ကွန်မြူနစ်တို့သည် ပို၍ပင်အံ့အားသင့်၍သွားကြသည်။ ရောက်စတောက်မြို့ပြင်ရှိ တော်လှန်ရေးတာဝန်ခံအဖွဲ့က ပင်ပင်ပန်းပန်းတူးထားသော သူရဲခိုကျင်းများသည် တစ်ခုပြီးတစ်ခု ကျဆုံးလျက်ရှိသည်။ ကလေဒင်၏ စစ်တပ်များက ရသမျှအမြောက်များနှင့် ဆက်ကာဆက်ကာ ဒလကြမ်းပစ်ခွင်းကြသဖြင့် ရောက်စတောက် သူရဲခိုကျင်းများကို ဝိုင်း၍ကာထားသော သံဆူးကြိုးတန်းများသည် တစ်ခုပြီးတစ်ခု ကြိုးပေါက်ကုန်သည်။ ကြိုးပေါက်လေရာ နေရာတိုင်းမှလည်း ကလေဒင်၏ စစ်တပ်တို့သည် တစ်သုတ်ပြီးတစ်သုတ် ထိုးဝင်လာကြသည်။

ဘော်ရှီဗစ်စစ်သားများသည် စွန့်စွန့်စားစား ခံ၍တိုက်ကြသည်။ သို့ရာတွင် သူရဲခိုကျင်းများ တစ်ခုပြီးတစ်ခု ကြိုးပေါက်သွားသဖြင့် မခံမရပ်နိုင်ကြတော့ဘဲ မြို့တွင်းသို့ ဆုတ်ပေးကြရသည်။ တော်လှန်ရေးစစ်သားတို့သည် အဆောက်အဦရှိသမျှမှနေ၍ ခုခံကြသည်။ ဘူတာရုံမှာ ကလေဒင် စစ်သားများလက်ထဲရောက်လိုက် တော်လှန်ရေးစစ်သားများ လက်ထဲရောက်လိုက်နှင့် အကြိမ်ကြိမ် အဖန်ဖန် တစ်ပြန်စီ တစ်လှည့်စီ ဖြစ်၍နေသည်။ ကလေဒင်စစ်တပ်များသည် တတိယတစ် ချီတက်လာကြသဖြင့် နောက်ဆုံး ခုနစ်ရက်မြောက်သည့်နေ့တွင် တော်လှန်ရေးစစ်သားများ မြို့ကိုပစ်၍ ဗိုရိုနိတ်မြို့ဘက်သို့ ဆုတ်၍ပြေးကြရသည်။ ထိုသို့ ဆုတ်ခွာပြေးကြရာသို့ နီဗိကောက် ပါမသွား။

ကလေဒင်စစ်တပ်များချီလာ၍ တတိယမြောက်သောနေ့တွင် ဘော်ရှီဗစ်တို့သည် ဘယ်နည်းနှင့်မျှ ခုခံ၍မနိုင်တော့ဘူးဟုဆိုတာကို သိသဖြင့် ပိုတာပေါက်က နီဗိကောက်အား သူ့ရုံးသို့လာရန် အမိန့်ပေးသည်။

နီဗိကောက်ရောက်သွားသောအခါ ပိုတာပေါက်သည် ကျောက်ဖြူဖြင့် ပြုလုပ်ထားသော မီးလှုံဖိုကြီးအပေါ်သို့ကုန်း၍ စာရွက်စာတမ်းများကို မီးရှို့၍နေသည်။ ပိုတာပေါက်က ''အေး နီဗိကောက်လာပလားဟေ့ ကောင်းတယ်ကွာ'' ဟုပြောသည်။

ပိုတာပေါက်သည် တန်လှပ်ချောက်ချားခြင်း လုံးဝမရှိသည်ကို တွေ့ရသဖြင့် နီဗိကောက်က အံ့ဩမိသည်။ တော်လှန်ရေးတာဝန်ခံအဖွဲ့၏ ကံကြမ္မာကို သူတို့ရုံးပြတင်း



...ပြင်ဘက်တွင် ဆုံးဖြတ်ဖို့လုပ်နေသည်ကိုပင် ပိုတာပေါက် ထည့်၍စဉ်းစားဟန် ... ထိုအချိန်တွင် အမြောက်သံများလည်း တဒုန်းဒုန်း တဒိုင်းဒိုင်းဖြစ်နေသည်။ ...တို့ ရုံးလုပ်ထားသည့် ယခင်က ဘုရင်ခံ၏အိမ်တော်ကြီးလည်း ဝင်းတွင်းသို့ ...တစ်လုံးကျ၍ ပေါက်ကွဲသဖြင့် သိမ့်သိမ့်တုန်၍သွားပြီးလျှင် မှန်ပြတင်းပေါက် ...သည်း ဂေါက်ဂေါက်ဂက်ဂက်နှင့် မြည်သွားသည်။

ပိုတာပေါက်က ''စစ်အကြောင်းကို သင်သိသွားတာ ငါဝမ်းသာသည်။ ...စစ်သားဖြစ်ပြီ။ သင် ရှပ်ရှပ်ချွံချွံ တိုက်သည်ဆိုတာလည်း အစီရင်ခံစာရလို့ ...ရသည်။ အဲဒီတော့ကာ ရဲဘော်နီဗိကောက်ရဲ့၊ သင့်ကို ရဲဘော်လို့ ခေါ်မည်နော်။ ...သာတျူရဲ့လား''ဟုပြောသည်။

နီဗိကောက်က ''သင့် သဘောအတိုင်း ခေါ်ချင်သလို ခေါ်နိုင်ပါသည်'' ... ပြောသည်။

''ဒီတော့ကာ အခု ငါတို့ ဒီမြို့က ဆုတ်ပေးရတော့မည်ဆိုတာတော့ ...သည်း သိရောပေါ့နော်။ ဆုတ်ပေးတာကတော့ ခဏပါပဲ။ နောက်တစ်လ၊ နှစ်လဆိုရင် ...အခင်ကို ဒီမြို့က ပြန်မောင်းထုတ်လိုက်မှာပါပဲ။ အဲဒီတော့ ငါပြောချင်တာက သင်ဟာ ...နှင့်မလိုက်ဘဲ ဒီမှာ ချန်နေရစ်ခဲ့ရမယ်ဆိုတာပဲ'' ဟု ပိုတာပေါက်ကပြောသည်။

နီဗိကောက်သည် အံ့အားသင့်သွားပြီး ''ဟာ ဒီလိုတော့ ဘယ်ဖြစ်မလဲ'' ... ကျယ်ကျယ်ကြီးပြောသည်။ ပိုတာပေါက်က ပြုံး၍ ဆေးတံကို မီးဖိုဘောင်နှင့် ...ရင်း ''ဒါကိုတော့ သင်ကိုယ်တိုင်လည်း စဉ်းစားမိလိမ့်မည်လို့ ငါ ထင်သည်။ ... မှုင်းလည်း အရှင်းကြီးဟာပဲ။ ငါတို့ ဒီမြို့ကဆုတ်သွားရင် ဒီမှာ ငါတို့အတွက် ...နှင့်နားလိုတယ်မဟုတ်လား။ တို့ဆီက လူတစ်ယောက် မင်းဆီကိုအမြဲလာတွေ့ပြီး ...လိုလုပ်ရမည်။ ဘယ်လိုကိုင်ရမည်ဆိုတာကို ပြောလိမ့်မည်။ ဒါပေမယ့် ခုကတည်း ... သင့်ကို ငါသတိပေးထားမယ်။ သင် သစ္စာတော့မဖောက်နှင့်။ စစ်ဗိုလ်ယောင်းကြီးကို ...ပေးတဲ့ သင့်အစီရင်ခံစာဟာ ငါတို့လက်ထဲမှာရှိနေတာကိုလည်း သင်သတိပြုပါ။ ...စ်လို့ ဒီအစီရင်ခံ တို့လက်ထဲမှာမရှိဘူးဆိုတောင်မှဘဲ သင်ဟာ ငါတို့လက်က ...အောင် မပြေးနိုင်ပါဘူး။ တကယ်လို့ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် တို့ဟာ ...ထဲက လျှို့ပြီးပဲဖြစ်ဖြစ်၊ သင့်ကို မရအရဖမ်းမှာပဲ။ ဒါပေမယ့် မင်းပြောလို့သာ ...ပေါ၊ ဒီလိုထိအောင် လုပ်နေဖို့မလိုဘူးဆိုတာ ငါ သိပါသည်။ သင့်ကို ငါ ...သည်''ဟု ပြောသည်။

ပိုတာပေါက်သည် စကားလုံးများကို သေသေချာချာရွေး၍ အေးအေးချိချိ ...ည်။ သို့ရာတွင် သူ့မျက်နှာထားမှာ တည်လှသဖြင့် နီဗိကောက်မှာ အနေရအထိုင်ရ ...၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရဲဘော်ပိုတာပေါက်၊ ငါ့ကို စစ်တပ်ထဲမှာပင် နေခွင့်ပြုစေချင်ပါသည်။ ငါ သူလျှိုအလုပ် မလုပ်ချင်ဘူး။ ဒီအလုပ်လုပ်ဖို့ ငါဘယ်နည်းနှင့်မျှ စဉ်းစားလို့မရပါ"ဟု နီဗိကောက်ကပြောသည်။

ပိုတာပေါက်က မျက်မှောင်ကြုတ်၍ "နေစမ်းပါဦး၊ သင့်ကို ဘယ်သူက သူလျှိုလုပ်ရမည်ပြောနေလို့လဲ။ တို့မှာ သူလျှိုတစ်ယောက်မှ မရှိဘူး။ အသက်အသေခံပြီး ကိုယ်ကျိုးစွန့်လွှတ်တဲ့ လူတွေပဲရှိသည်။ အဲဒီလူတွေဟာ စစ်တိုက်မှုမှာ အရေးအကြီးဆုံး ဌာနတစ်ခုဖြစ်တဲ့ ကင်းထောက်တဲ့အလုပ်ကို လုပ်ကြသည်"ဟု ပြောသည်။ ပိုတာပေါက်၏အသံတွင် စိတ်ဆိုးသံပါနေသည်ကို နီဗိကောက် ရိပ်မိသည်။ ထို့နောက် ပိုတာပေါက်က ဆက်၍ "ရဲဘော်နီဗိကောက်၊ သင့်မှာ မနေ့ရှင်အစွဲအလမ်းတွေ အများကြီးကျန်နေသေးသည်။ ဒါကြောင့် သင်ဟာ အခုလို တောင်စဉ်ရေမရစကားတွေကို ပြောနေတာ။ စိတ်ကူးနည်းနည်းကလေးယဉ်ပေးပြီး စွန့်စားမှုကို ရှာစမ်းပါ။ ရှောင်မနေ ခမ်းပါနှင့်။ သင့်အဖေက အင်ဂျင်နီယာကြီး ပါဗယ်နီဗိကောက်ဆိုတော့ သင့်အပေါ်မှာ ဘယ်သူကမှ သံကာမကင်းဖြစ်မှာ မဟုတ်ပါဘူး။ ရဲဘော်နီဗိကောက်ရဲ့"ဟု ပြောပြန်သည်။

နီဗိကောက်က "ဒါတော့လည်း ဟုတ်ပါသည်။ ဒါပေမယ့် အဲဒီအလုပ်ကို ဖြစ်မြောက်အောင် လုပ်နိုင်လိမ့်မည်လို့ ငါ့စိတ်က မထင်လို့ပါ။ စစ်မြေပြင်မှာပဲ ငါနေရင် ပိုအောင်းမည်ထင်ပါသည်"ဟု ပြောသည်။

"ဒီလိုတော့ မဖြစ်နိုင်ဘူး။ စစ်မြေပြင်အတွက် တို့မှာ လူတွေအများကြီးရှိသည်။ သင့်ကို မလိုဘူး။ သင်ဟာ စစ်မြေပြင်ထွက်ပြီး တိုက်ချင်တယ်ဆိုတာဟာလည်း ချီးကျူးစရာပါပဲ။ ပြီးတော့ အထူးသဖြင့် သင့်လိုအမျိုးအနွယ်ထဲက ဒီလိုဆန္ဒမျိုးရှိတယ်ဆိုတာကိုလည်း ငါသဘောကျပါသည်။ ဒါပေမယ့် သင့်ကို ခပ်ရှင်းရှင်း ပြောရမည်ဆိုလျှင် သင့်ကို အခုလို ငါတို့ဒီမှာ ထားခဲ့ဖို့အကြံရတာက တခြားကြောင့်မဟုတ်ဘူး။ သင့်ဟာသင် အလိုအလျောက် လက်နက်ကိုင်ပြီး ငါတို့နှင့်တွဲတိုက်တဲ့အတွက်ပဲ"ဟု ပိုတာပေါက်က ပြောသည်။ ထို့နောက် ပိုတာပေါက်သည် နီဗိကောက်အား စေ့စေ့ကြည့်၍ "တကယ်ဆိုတော့ ငါဟာ သင့်ကိုအမိန့်ပေးပြီး ခိုင်းလိုက်ရင်လည်း သင်ဟာ ငါ့အမိန့်ကိုခံရမှာပါပဲ။ အဲဒီတော့ ငါက သင့်ကိုအမိန့်ပေးစေချင်သလား။ အမိန့်မပေးစေချင်ဘူးလား။ ဒါပဲ သိချင်သည်။ ငါ့သဘောကတော့ အမိန့်မပေးဘဲနှင့် မိတ်ဆွေချင်းတစ်ယောက် သဘောတစ်ယောက်နားလည်လို့ ဖြစ်တဲ့အနေမျိုး ဖြစ်စေချင်တယ်"ဟု ပြောသည်။

နီဗိကောက်က ကုလားထိုင်တစ်ခုပေါ်သို့ ထိုင်ချလိုက်ပြီးလျှင် "အမိန့်မပေးရဘဲနှင့် ဖြစ်ရတာပဲကောင်းပါသည်"ဟု ပြန်ပြောသည်။

❋❋❋



## ...(၁၄)

ပိုတာပေါက်ကြီးမှူးသော တော်လှန်ရေးတာဝန်ခံအဖွဲ့မှာ ၁၉၁၇-ခုနှစ် ...ဗိုလ်ဇီကပင် လီနင်၏ အကြံပေးချက်အရ ဖွဲ့ထားသော လျှို့ဝှက်သည့် အဖွဲ့ဖြစ်ပြီးလျှင် ...ရှီဗစ်ပါတီ၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းကို နောက်မှ နီဗိကောက်သိရသည်။ ...၁၇-ခုနှစ် တော်လှန်ရေးရှုံးနိမ့်သွားသောအခါ ဘော်ရှီဗစ်ပါတီဝင်များထဲတွင် ...တလက်ပျက်၍ နေကြသူများ များလာသည်။ ထိုသူများကို စောင့်ကြပ်ထိန်းသိမ်း... ...လိုလျှင်လိုသလို နောက်မှထပ်ကြပ်လိုက်၍ စုံထောက်စေရန်အတွက် ထိုလျှို့ဝှက်သော ...ကို ဖွဲ့ထားခြင်း ဖြစ်သည်။

၁၉၁၇-ခုနှစ် တော်လှန်ရေးပေါ်ဦးကပင်လျှင် အဆိုပါ လျှို့ဝှက်သောအဖွဲ့ ... တစ်နေ့တခြားများပြား၍ ကြီးပွားလာသည်။ ထိုအဖွဲ့များသည် ရုရှတစ်ပြည်လုံးရှိ ...တတ်ဆိုင်ရာ တော်လှန်ရေးတာဝန်ခံအဖွဲ့များ၏ အစိတ်အပိုင်းများ ဖြစ်လာသည်။ ...အဖွဲ့များ၏တာဝန်မှာ တော်လှန်ရေးကို ဆန့်ကျင်ကြသော ဗိုလ်ချုပ်ကော်နီလောက် ...ချုပ်ကလေဒင်နှင့်တကွ အခြားဗိုလ်ချုပ်များ၏ စစ်တပ်များအကြောင်းကို ထောက် ...စုံစမ်းရန်ဖြစ်သည်။ ၁၉၁၇-ခုနှစ်၊ ဒီဇင်ဘာလတွင် လီနင်သည် ကြောက်စရာ ...ကောင်းသော ရုရှပြည်လုံးဆိုင်ရာ အထူးအဖွဲ့ကြီးကို ဖွဲ့လိုက်သည်။ ထိုအဖွဲ့ကြီး၏ ...တာဝန်မှာ စစ်တွင်းကွန်မြူနစ်ဝါဒဓါ-နှိပ်စက်ညှဉ်းပန်းရေးဝါဒဖြစ်သည်။ ထိုအဖွဲ့ကြီး ...ခေါင်းဆောင်မှာ ကွန်မြူနစ် ရုရှသမိုင်းတွင် အယုတ်မာဆုံးသူတစ်ယောက်ဖြစ်သော ...ဇာဒင်စကီ ဆိုသူဖြစ်သည်။ ထိုအဖွဲ့ကြီး၏ အမည်မှာ ချေကာဖြစ်သည်။ နောက် ... ဂျီပီယူအမည်သို့ပြောင်းသည်။ နောက်တွင် အင်န်ကေဗီဒီဟု ပြောင်းသည်။ ...နောက်ဆုံးတွင် အင်မ်ဗီဒီဟုခေါ်သည်။ နာမည် မည်ကဲ့သို့ပင်ပြောင်းပြောင်း ထိုအဖွဲ့ကြီး ... ရည်ရွယ်ချက်မှာမပြောင်း။ အာဏာမှာလည်း အကန့်အသတ်မရှိ ထိုအဖွဲ့ကြီးသည် ...မြူနစ်ပါတီ ကြိုးကိုင်အဖွဲ့၏ ပါးကွက်အာဏာသားဖြစ်သည်။ ကွန်မြူနစ်ပါတီကို ...ဆန့်ကဆန့်လုပ်သူမှန်သမျှကို ထိုအဖွဲ့ကြီးက သုတ်သင်ပစ်သည်။ တောင်သူ ...သမားများကို အတင်းအကြပ် နှိပ်စက်ညှဉ်းပန်း၍ စုပေါင်းထွန်ယက်ခိုင်းရသော ...လုပ်များသည်၊ ပါတီသန့်ရှင်းရေးအတွက် သုတ်သင်ရသော အလုပ်များသည်၊ ...ခံချရသည့် ရုရှပြည်နယ်များမှ ရှိသမျှလူအကုန်လုံးကို တခြားနေရာသို့ ...ပြောင်းပစ်ရသော အလုပ်သည်၊ တူးမြောင်းများတူးဖော်ရန်နှင့် လက်နက်လုပ် ...ရုံများ၌ ခိုင်းစေဖို့ ချွေးတပ်ဆွဲပေးရသော အလုပ်သည်၊ ရေခဲအမြဲဖုံးလွှမ်းနေသည့် ...ပြည် မြောက်ပိုင်းသို့ လူများသွား၍နေအောင် အတင်းအကြပ်ပြုလုပ်ရသော ...လုပ်သည်၊ ထိုအဖွဲ့ကြီး၏ ပြုမြဲအလုပ်များဖြစ်သည်။

ထိုအဖွဲ့ကြီး၏လုပ်နည်းမှာ စစ်အတွင်း ကွန်မြူနစ်ဝါဒလုပ်ဦးကနည်း ...အတိုင်းပင် နှိပ်စက်ညှဉ်းပန်းခြင်း၊ ပြည်နှင်ဒဏ်ခတ်ခြင်း၊ သေနတ်နှင့်ပစ်၍ သတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



များပင်ဖြစ်သည်။ ထိုအဖွဲ့ကြီးသည် တဖြည်းဖြည်း ဝါရင့်၍လာသောအခါ စစ်အတွင်း ကွန်မြူနစ်ဝါဒ လုပ်စဉ်ကထက်ပို၍ တိုးတက်လာပြီးလျှင် နှိပ်စက်ညှဉ်းပန်းရာတွင် အင်မတန်အင်မတန် သိမ်မွေ့နူးညံ့သော နည်းများကိုသုံးလာသည်။ နိုဗိကောက်သည် ငယ်ရွယ်စဉ်ကပင် အဆိုပါအဖွဲ့ကြီး၏ လက်တွင်းသို့ သက်ဆင်းကျရောက်ရှာသူတို့ အထဲတွင် နိုဗိကောက်သည် နောက်ဆုံးပိတ်မဟုတ်။ နိုဗိကောက်ကဲ့သို့ ဓားစာခံလုပ်သူ တို့မှာ ပင့်ကူအိမ်တွင် ညိ၍နေသော ယင်ကောင်ကလေးများကဲ့သို့ ဘယ်နည်းနှင့်မျှ လွတ်လမ်းမရှိကြသည့်အခါကျမှပင် မိမိတို့ မှားကြောင်းကို သိကြသည်။

ပိုတာပေါက်သည် နိုဗိကောက်အား နာမည်ကျော် အင်ဂျင်နီယာကြီး တစ်ယောက်၏သားဖြစ်ခြင်း၊ ပညာတတ်ခြင်း၊ မျိုးရိုးကောင်းခြင်းတို့ကို မျက်စိကျ၍ သူလျှိုအလုပ်ခိုင်းရန် ရွေးချယ်လိုက်ခြင်းဖြစ်သည်။ ပိုတာပေါက်သည် နှစ်ပေါင်းများစွာသာ အသက်ရှည်၍နေပါမူ နိုဗိကောက်ကို ရွေးချယ်ခြင်းအတွက် သူဟာ များစွာပင်ကျေနပ် မည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် နိုဗိကောက်သည် ကွန်မြူနစ်ကြီးကိုင်အဖွဲ့၏ နောက်အဖို့တွင် အင်မတန်ထူးချွန်သော သူလျှိုတစ်ယောက်ဖြစ်၍လာသောကြောင့် ဖြစ်သည်။

နိုဗိကောက်သည် သူနှင့်မတည့်သော စစ်သားကြီးကို အကြောင်းပြု၍ ပိုတာပေါက်၏လက်တွင်းသို့ ကျရောက်ရခြင်းဖြစ်ပြီးလျှင် သူ့စိတ်ရင်းက လုပ်စရာရှိလျှင် ပြောင်ပြောင်လုပ်ခြင်းက ဂုဏ်ရှိသည်ဟု အောက်မေ့၍ ဘော်ရှီဗစ်စစ်တပ်ထဲသို့ ဝင်ခြင်းဖြစ်သည်။ တိတ်တိတ်ပုန်းလျှို့ဝှက်၍ သူလျှိုလုပ်ရသည့် အလုပ်ကို သူ မနှစ်မြို့။

ပိုတာပေါက်က သူလျှိုလုပ်ဖို့ ပြောစဉ်ကလည်း နိုဗိကောက်က အင်တင်တင် ဖြစ်နေသဖြင့် "လောကဓာတ် ပညာစမ်းသပ်တဲ့ သဘောမျိုးထားပြီး လုပ်တော့ ပေါ့ကွဲ"ဟု ပိုတာပေါက်က ဖျောင်းဖျခဲ့ရသေးသည်။ နောက်ဆုံးတွင် ဗိုလ်ချုပ်ကလေဒင့် စစ်တပ်က ပစ်လိုက်သော ဗုံးဆန်တစ်ဆန်သည် သူတို့၏ အဆောက်အဦဘေးသို့ ကျလာသောအခါကျမှ ပိုတာပေါက်က "ကိုင်း ငါလည်းလစ်ဖို့ အချိန်တော်ပြီ။ သင်လည်း သင်တို့အိမ်မှာပဲ ပြန်နေပေတော့။ ကိစ္စရှိတဲ့အခါ ငါတို့လူတစ်ယောက် လွှတ်လိုက်မည်။ ဒါထက် ခဏနေဦး သင့်သေနတ်ကြီး ထားပစ်ခဲ့။ သင် နောက်ကို သေနတ်သုံးဖို့ အခန်းမရှိတော့ဘူး" ဟု ပြော၍ ပြောပြောသွားသွား သွားသဖြင့် နိုဗိကောက်သည် သူလျှိုအလုပ်ကို လက်မခံချင်သော်လည်း မတတ်နိုင်တော့ဖြစ်သည်။

ပိုတာပေါက်သည် နိုဗိကောက်ထံမှ သေနတ်ကို လှမ်းယူလိုက်ပြီးနောက် ပါးစပ်ပွင့်လောက်အောင် အပြုံးကြီးပြုံးလိုက်သည်။ သူပြုံးပုံကိုမြင်ရသောအခါ နိုဗိကောက်သည် လန့်ပင်လန့်မိသည်။ အဘယ်ကြောင့်ဆိုသော် ပိုတာပေါက်၏ ပြုံးခြင်းမှာ သူတို့နိုင်ဖို့ကို တကယ်ယုံ၍ တကယ်ပျော်ရွှင်စွာပြုံးသော ပင်ကိုယ်ပြုံးဖြစ်သောကြောင့် ဖြစ်သည်။



ဘော်ရှီဗစ်စစ်တပ်များ ဆုတ်ခွာသွားသောအခါ နိုဗိကောက်သည် ရောက်စတောက်မြို့၌ ချန်နေရစ်ခဲ့သည်။ သူသည် သူ့အခြေနေကို ဂရုစိုက်၍ မစဉ်းစား ...။ စဉ်းစား၍လည်း အကြောင်းထူးမည်မဟုတ်။

နိုဗိကောက်သည် သူ့အမေအတွက်သာ စိတ်ပူတော့သည်။ သူ့အမေသည် ... ဆုံးသွားသည့်အချိန်ကစ၍ တစ်နေ့တခြားပိန်ချုံးလာပြီးလျှင် လူရုပ်တောင် ...တော့ဘဲရှိသည်။ တော်လှန်ရေးကိုဆန့်ကျင်သော စစ်တပ်များ ရောက်စတောက်မြို့သို့ ...ဘာသောအခါ နိုဗိကောက်၏အမေစိတ်တွင် အတော်ကလေး နေသာထိုင်သာ ...သလိုလို ဖြစ်လာသည်။ သို့ရာတွင် ထိုသို့ဖြစ်ခြင်းမှာ အချိန်မကြာလှ။ အဘယ် ...ကြောင့်ဆိုသော် အစားအသောက်မှာ ဘော်ရှီဗစ်စစ်တပ်များ အုပ်ချုပ်စဉ်ကကဲ့သို့ပင် ...ရှားပါးနေသောကြောင့်ဖြစ်သည်။ တစ်နယ်လုံး သူခိုး၊ ဓားပြများ သောင်းကျန်း ...ဖြင့် တောကလူများလည်း ရောက်စတောက် မြို့သို့ကုန်ရောင်းမလာနိုင်သလောက် ...နေသည်။ ထို့ပြင် ဘော်ရှီဗစ် ပြောက်ကျားတို့ကလည်း တစ်ချီတစ်ချီလာ၍ ...ကြသေးသည်။

နိုဗိကောက်တို့သားအမိမှာ သူတို့၌ရှိသမျှပစ္စည်းများကို ဈေးသို့သွား၍ ...အသောက်နှင့် လဲ၍စားကြရသဖြင့် ဖြူခါပြာခါကျခါနီး ဖြစ်၍နေကြပြီ။ ဈေးထဲ ...သွား၍ ချမ်းချမ်းအေးအေးနှင့် အကြာကြီး အကြာကြီးမတ်တတ်ရပ်၍ စောင့်ရသော ...ကြောင့် နိုဗိကောက်၏ အမေအိုကြီးမှာ အအေးမိပြီးလျှင် ပေါင်ကိုက် ခါးကိုက် ချောင်းဆိုး ...ကြပ်ဖြစ်၍နေပြီ။

တစ်နေ့သော နံနက်တွင် နိုဗိကောက်၏အမေသည် ဈေးမှအပြန်တွင် ရင်ထဲက ...သည် အောင့်သည်ပြောပြီး အိပ်ရာထဲသို့ ဝင်လှဲလိုက်သည်။ ထိုအချိန်ကစ၍ ...ရာထဲမှ တစ်ခါတည်း မထနိုင်တော့။ တနင်္ဂနွေတစ်ပတ်လောက်ကြာသောအခါ ...ကောက်အမေသည် မပြန်လမ်းသို့ တစ်ခါတည်း မြန်းလေသည်။

နိုဗိကောက်၏အမေသည် သေခါနီးတွင် စကားမပြောနိုင်ပြောနိုင်နှင့် "သား ... တောလယကလေးနှင့် အော်လဂါကလေးတို့ကို သားက အဖေအရာကနေပြီး ...စောင့်ရှောက်ရစ်ပါကွယ်"ဟု မှာသွားသည်။

❊❊❊

...(၁၅)

၁၉၁၈-ခု၊ ဖေဖော်ဝါရီလ ၁၉-ရက်နေ့တွင် ဘော်ရှီဗစ်စစ်တပ်တို့သည် ...စတောက်မြို့ကို ပြန်၍သိမ်းကြသည်။ ဤအကြိမ်သိမ်းသည့် စစ်တပ်များမှာ ...ကလေဒင်စစ်တပ်က မောင်း၍ထုတ်လိုက်သော စစ်တပ်များမဟုတ်။ သူတို့နာမည်ကို ... ယခင်ကကဲ့သို့ မြို့စောင့်တပ်ဟု မခေါ်တော့ဘဲ အနီတပ်မတော်ဟုခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်သည် အနီတပ်မတော်တွင် မြင်းစီးတပ်၌ အမှုထမ်းသည်။ စင်စစ် ဆိုသော် လှသိအလွန်နည်းသော မြင်းတပ်က လျှို့ဝှက်သည့် ချေကာသူလျှိုအဖွဲ့တွင် အမှုထမ်းခြင်းသာဖြစ်သည်။ နိုဗိကောက်သည် မြင်းစီး၍ အပင်အပန်း ခရီးဝေးလွန်စွာ သွားရခြင်း၊ တိုက်ပွဲဝင်ရခြင်း၊ တပ်ခေါက်ရခြင်း၊ စစ်ဆေးရုံများတွင် ညစ်ပတ်နံစော်မှုကို ခံစားရခြင်း၊ အချမ်းအအေးဒဏ်ခံရခြင်း၊ အစာငတ်ရခြင်း စသည်တို့ကို တွေ့ကြုံ ခံစားရသည်။

ဤနည်းဖြင့် နိုဗိကောက်သည် လေးနှစ်တာမျှကပ်ကြီးဆိုက်သည်ကို ခံရ သည်။ ထိုလေးနှစ်အတွင်း၌ နိုဗိကောက်သည် အသက်လည်းကြီးလာသည်။ ကိုယ်လုံး ကိုယ်ပေါက်လည်း ထွားကျိုင်းလာသည်။ အတွေ့အကြုံလည်း များလာသည်။ နိုဗိကောက်သည် ယခင်က နိုဗိကောက်မဟုတ်တော့။ သူ့မှာ ကျောင်းသားဘဝက ထားခဲ့သော သိမ်မွေ့နူးညံ့သော စိတ်ထားများ စိတ်ကူးနှင့်ရူးသော အချစ်များမရှိတော့။ သူ၏စိတ်ထားများသည် ခက်ထန်ကြမ်းကြုတ်၍လာပြီးလျှင် စကားများများ ပြောချင်သောစိတ် ဟောင်ဖွာဟောင်ဖွာ လုပ်ချင်သော စိတ်များသည်လည်း မရှိတော့။ သူသည် လူမှု၌၊ ချစ်ကြည်မှု၌ အတွေ့အကြုံများ၍ အပါးဝလာခဲ့ပြီ။

နိုဗိကောက်သည် သူက တစ်ဖက်သတ် သူ့စိတ်ကူးနှင့်သူချစ်ခဲ့သော အီရီနာ ကိုလည်း ပြန်၍တွေ့သေးသည်။ သို့ရာတွင် တွေ့ရသောအခြေအနေမှာ ယခင်ကတွေ့ရ သော အခြေအနေနှင့် အပုံကြီးကွာခြား၍သွားပြီ။ နိုဗိကောက်သည် အီရီနာကို အင်မတန် သာယာသည့် ပင်လယ်နက်ကမ်းခြေရှိ အော်ဒက်ဆာမြို့တွင် သွား၍တွေ့သည်။ တော်လှန် ရေးဆန့်ကျင်သော အဖြူတပ်မတော် ဗိုလ်ချုပ်ဒေနိကင်၏ အထက်တန်းစစ်ဗိုလ်ကြီးများသည် အော်ဒက်ဆာမြို့တွင် တပ်စွဲလျက်ရှိသည်။ နိုဗိကောက်သည် လက်ဖတင်နင်ဗိုလ်၏ အဝတ်ကိုဝတ်၍ သူ၏ထားကာစ နှုတ်ခမ်းမွေးကိုသပ်ကာ အော်ဒက်ဆာမြို့ရှိ ဖြောင့်တန်း ကျယ်ဝန်းသော လမ်းမကြီးများတွင် လူးလာခေါက်တုံ့ လျှောက်၍နေသည်။ နိုဗိကောက် သည် အနေအထိုင်ဣန္ဒြေရလှသဖြင့် သူ့ကိုမြင်ရသူတို့က သူ့တွင် ဘေးအန္တရာယ် အင်မတန်များသည့်အဖြစ်ကို မသိကြ။

သူလျှိုများအနက် အထူးအားဖြင့် ချေကာအဖွဲ့ သူလျှိုကိုတွေ့လျှင် အဖြူ တပ်မတော်က စစ်ဆေးမေးမြန်းနေမည်မဟုတ်ဘဲ တစ်ခါတည်း အဆုံးစီရင်ပစ်လိုက် မည့်အဖြစ်ကိုလည်း နိုဗိကောက်သိသည်။ သို့ရာတွင် သူ့မှာ စိတ်လုံစရာ အကြောင်း တစ်ခုရှိ၍ များစွာမစိုးရိမ်လှ။ သူ့အိတ်ထဲတွင် အဖြူတပ်မတော်မှ ကျဆုံးသွားသော လက်ဖတင်နင်ဗိုလ်တစ်ယောက်၏ နာမည်ပါသော လက်မှတ်ကို အမြဲဆောင်ထားသည်။ ထိုလက်မှတ်တွင် မူလပိုင်ရှင်၏နာမည်ကို သေချာပိရိစွာ ဖျက်ပြီးနောက် သူ၏နာမည်ကို ထည့်ထားသည်။ အော်ဒက်ဆာမြို့တွင် သူ၏အသိများနှင့်တွေ့၍ အရေးအကြောင်း ရှိလျှင် ထိုလက်မှတ်ကို ထုတ်ပြရုံပင်ရှိသည်။



အော်ဒက်ဆာမြို့မှာ ရုရှတစ်ပြည်လုံးရှိ မော်စကိုမြို့၊ ပီထရိုဂရက်မြို့၊ ရောက်စ ...မြို့ စသည့်မြို့တို့မှ ဘော်ရှီဗစ်တို့ဘေးကိုကြောက်၍ ပြေးလာခိုအောင်းရာမြို့ ...ည်။ ထိုမြို့တွင် လူစုံရောက်လျက်ရှိသည်။ ထိုအထဲတွင် ထင်ရှားသောအမတ် ...ည်းပါသည်။ မထင်ရှားသော စာရေးဆရာများလည်းပါသည်။ ထို့ပြင် ...ကြီးများလည်း အများအပြားရောက်နေကြသဖြင့် သူတို့ကို မည်သူမျှထူး၍ ...ထိကြတော့။ စင်စစ်ဆိုသော် အော်ဒက်ဆာမြို့တွင် မြို့ခံထက် ရပ်ဝေးက ...လာသူတို့က များ၍နေသည်။

အော်ဒက်ဆာမြို့သို့ စုရုံး၍ရောက်လာကြသူတို့ကို အပေါ်ယံကြည့်လျှင် လောက ...လုံးဂရုမစိုက်ဘဲ စည်းမဲ့ကမ်းမဲ့ အပျော်ကြူး၍နေကြသည်ဟု ထင်ရသည်။

သို့ရာတွင် သူတို့၏ အတွင်းစိတ်ခံစားကို သိသူတို့ကမူ သူတို့စိတ်ထဲတွင် ...ရှုဟာ ဘယ်လိုအဆုံးသတ်မလဲ၊ ရုရှပြည်ဟာ ဘယ်ကို ရွေ့ရှုသွားနေသလဲ" ... မေးခွန်းတို့၏ အဖြေကိုသာ နားစွင့်၍ ရတက်မအေး ဖြစ်၍နေကြသည်ကို ...သည်။ ဤနည်းဖြင့် သူတို့သည် စိတ်ထဲကပူလေလေ အမူလုပ်၍ မပူရုပ်နှင့် ...ကြသဖြင့် အပြင်ပန်းက ပျော်ရွှင်ပုံရလေလေ ဖြစ်၍နေသည်။

စစ်မြေပြင်မှ ပြန်လာကြသည့် စစ်ဗိုလ်များသည် အရပ်သူအရပ်သားများ ... ဝင်၍ ပျော်ကြရုံတင်မက သူတို့ထက်ပင်ပို၍ ပျော်ကြပြီးလျှင် ဟားတိုက်ကာ ...တို သောက်၍နေကြသည်။ နောင်ရေးကိုထည့်၍ မစဉ်းစားကြ။ အော်ဒက်ဆာ ...ရုံကြီးတွင်လည်း သဘင်သည် အကျော်အမော်ပေါင်းစုံ လာရောက်၍ ညစဉ် ... ခြိမ့်ခြိမ့်သဲသဲ ကပြကြသည်။ စားပွဲရုံကြီးများလည်း အများအပြားပေါ်လာသည်။ ...တီးဝိုင်းကလည်း သာယာသောပင်လယ် ကမ်းပေါ်ရှိ ဥယျာဉ်ထဲတွင် ညနေတိုင်း ...တိုင်း နားဝင်ချိုစွာ တီးမှုတ်ဖျော်ဖြေနေသည်။

ပင်လယ်နက်ရေပြင်ပေါ်သို့ တဖျပ်ဖျပ်ထိုးလျက်ရှိသော လရောင်သည်၊ ...ပင်တို့၏ သင်းပျံ့သောရနံ့သည်၊ ချိုသာသော တူရိယာသံသည်၊ မူးရစ်စေတတ် ... ဆောကေဆပ်နယ်ထွက် သေရည်သဲသည်၊ မိန်းမချော မိန်းမလှတို့ထံမှ တထောင်း ...ထွက်၍နေသော ရေမွှေးနံ့များသည်၊ နတ်စည်းစိမ်ကဲ့သို့ မေ့လျော့ခြင်းကို ...သည်။

ဤနည်းဖြင့် အော်ဒက်ဆာမြို့သို့ ရောက်လာကြသူအပေါင်းသည် စစ်မြေပြင် ... ခက်ထန်ကြမ်းကြုတ်စွာ သတ်ဖြတ်နေကြသူတို့ကို သတိမရဘဲ လောကတွင် ...ပျော်နပ်ခြင်း၏ အကြောင်းဖြစ်သော မိန်းမကိစ္စ၊ အချစ်ကိစ္စ၊ ပျော်ရွှင်မှုကိစ္စတို့ကိုသာ ...စား၍နေကြသည်။

ယောက်ျားနှင့်မိန်းမတို့သည် ဣန္ဒြေစောင့်စည်းခြင်း မရှိကြတော့ဘဲ လွယ်ကူစွာ ... ချစ်တင်းဆိုကြသည်။ အခြေအနေများသည် ကမောက်ကမ ဖြစ်နေခိုက်တွင် ...သဖြင့် မိန်းမများသည် ထူး၍ပင် လှ၍နေသည် ထင်ရပြီးလျှင် သူတို့၏အပြုံး

www.burmeseclassic.com

www.burmeseclassic.com



ရယ်လိုက်ခြင်းများသည် တစ်သက်တာဖူလုံ၍ သွားတော့မလောက်ပင် ထင်ရသည်။ ဘေးအနီးရှိယ်သည် သူတို့အား ပတ်လည်ဝိုင်း၍နေခြင်း၊ သေခြင်းသည် သူတို့ မြင်ကွင်းသို့ပင် ရောက်၍နေခြင်း တို့သည် အသက်ရှင်နေခိုက်ကလေးတွင် အစွမ်းကုန် စည်းစိမ်ခံ၍သွားချင်သော စိတ်ကိုသာ ဖြစ်စေနိုင်သည်။ အသက်အရွယ်ကြီးသူတို့သည် ငယ်စဉ်က အဖြစ်ဟောင်းကို ပြန်ပြောင်း၍ အောက်မေ့ကာ နေကြသည်။ ငယ်ရွယ်သူတို့ကလည်း ဘာမဆို လက်တွဲစမ်းလိုသော စိတ်ပေါ်၍နေကြသည်။

နိုဗိကောက်သည် အော်ဒက်ဆာမြို့တွင် ကိုယ်တိုင်ပါဝင်ခြင်းမရှိဘဲ ဘေးက ကြည့်သူ တစ်ယောက်အဖြစ်နှင့်သာ နေသည်။ သို့ရာတွင် အော်ဒက်ဆာတစ်မြို့လုံးတွင် စွဲကပ်၍နေသော ဝေဒနာကို သူရှောင်နေ၍မရ။ နောက်ဆုံးတွင် သူလည်း စိတ်ဆင်းရဲ၍ လာရတော့သည်။ သို့ရာတွင် တစ်ယောက်တည်း ကြိတ်၍စိတ်ဆင်းရဲ မနေချင်သဖြင့် နိုဗိကောက်သည် လမ်းစုံလမ်းမရှိသမျှကို လျှောက်ကာ ဆိုင်စုံကိုဝင်၍ သေရည်ကို သောက်ခြင်း၊ အစားအစာစားခြင်းတို့ဖြင့်သာ အချိန်ကုန်လွန်စေသည်။

ထိုကဲ့သို့ တွေ့ရာလျှောက်သွားနေရင်းနှင့် နိုဗိကောက်သည် ပင်လယ်ကမ်းနဖူးတွင်တည်ထားသော စားပွဲရုံကလေးတစ်ခုသို့ ရောက်သွားသည်။ ထိုစားပွဲရုံဘေးရှိ ခြံများဘေးတွင် ချစ်တင်းဆိုနေကြသူ စုံတွဲများကိုလည်း နိုဗိကောက် တွေ့ရသည်။

နိုဗိကောက်သည် ဆော်ရှိဗစ်တို့ ခိုင်းစေသော သူလျှိုအလုပ်အတွက် အရေးကြီးသော တာဝန်များကို ဆောင်ရွက်၍ပြီးပြီ။ ဗိုလ်ချုပ်အေနိကင်တပ်က စစ်ဗိုလ်ကြီးများ၏ နာမည်ကိုရအောင်ရှာဖို့ အသေးအဖွဲတာဝန်လောက်သာ ကျန်တော့သဖြင့် နိုဗိကောက်သည် စားပွဲခုံတစ်ခုတွင် ထိုင်ကာသေရည်သောက်၍ စိတ်ချမ်းသာမှုကို တောင့်တရင်း ပျင်းပျင်းရိရိနှင့် ပင်လယ်ဘက်သို့ ကြည့်နေရာမှ အနီးရှိစားပွဲတွင် ထိုင်နေကြသော မိန်းမများကို လှမ်း၍ကြည့်လိုက်သည်။ ထိုအခါ သူတောင့်တနေသော စိတ်ချမ်းသာမှုသည် အချိန်ကလည်း ညအခါ လကလည်းသာနေခိုက်တွင် မိန်းမတစ်ယောက်၏အသွင်ဖြင့် ဘေးစောင်း ရုပ်လျက်ပေါ်လာသည်။ ထိုမိန်းမအသွင်မှာ အီရီနာနှင့်လည်းမတူ အံမှန်မှာ သူ့စိတ်ထဲတွင် ဘယ်မိန်းမဟု ဥပါဒ်ခြင်းမရှိဘဲ သူလိုချစ်လည်းချစ်လို၊ မချစ်လည်းခံလိုသော ငယ်ရွယ်သူ မိန်းမတစ်ယောက်သည် သူ့အနားမှ တွတ်တီးတွတ်တာပြော၍ နေခြင်းကိုသာ တောင့်တ၍နေသည်။ ထိုသို့ တောင့်တနေဆဲတွင် အီရီနာသည် ဝရန်တာဘက်မှ တက်ယဝင်၍လာသည်ကို တွေ့ရသည်။ အီရီနာသည် ယခင်ကထက်ပို၍ အလှကြီးလှလျက်ရှိသည်။ ကိုယ်ဟန်လည်း ကျော့ရှင်းနိုင်သည်ထက်ပို၍ ချောလှဘိသည်။ ထိုအခါ နိုဗိကောက်သည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၍သွားသည်။

အီရီနာသည် ကချေသည်မဖြစ်၍နေသည်။ သူ သီချင်းဆိုလိုက်သောအခါ အကုန်လုံး ပါးစပ်ဟောင်းလောင်းနှင့် ငေး၍နေကြရသည်။ လွမ်းစရာသီချင်းကို ဆိုလိုက် လျှင်လည်း ပရိသတ်များ ငိုချင်လာလောက်အောင် လွမ်းသွားသည်။ ပျော်ရွှင်စရာကို



...တ်လျှင်လည်း ထ၍ကချင်၊ ခုန်ချင်လောက်အောင် မြူးသွားသည်။ အီရီနာက ...ရာဆွေးစရာ သီချင်းကိုဆိုနေစဉ် ရှိုက်ကြီးတငင်ပင် ငိုလိုက်ရတော့မည့်ကဲ့သို့ ...သော စစ်ဗိုလ်ကြီးတစ်ယောက်သည် အီရီနာက ပျော်ရွှင်စရာသီချင်းကို ပြောင်း၍ ...တ်သောအခါ သူ့စိတ်ထဲတွင် မချုပ်တည်းနိုင်လောက်အောင် ပျော်ရွှင်လာသဖြင့် ...နေရာမှ ပြန်းခနဲထသွားပြီးလျှင် အီရီနာ၏ကဖော်ဖြစ်သော လူပျက်ကို အတင်း ...ပြီးလျှင် ကိုးရိုးကားရားဝင်၍ကသည်။ ထိုအခိုက်တွင် နိုဗိကောက်လည်း သူ့ဟာ ... ဘယ်လို ဘယ်လို အီရီနာရှိရာသို့ ရောက်သွားသည်မသိဘဲ ရောက်သွားပြီးလျှင် ...နေသော စစ်ဗိုလ်ကြီးနှင့် ရင်ဆိုင်ဖြစ်၍နေသည်။ ထိုအခိုက်တွင် စစ်ဗိုလ်ကြီး ...ည် အီရီနာ၏ခါးကို လှမ်း၍ဖက်လိုက်သည်။

"ဟိတ်၊ ခွေးမသား သင့် လက်ကို လွှတ်လိုက်"ဟု နိုဗိကောက်က ...ဖြစ်ကာ အော်လိုက်သည်။ ပြီးလျှင် ပြောပြောဆိုဆိုနှင့် စစ်ဗိုလ်ကြီး၏ ပါးသွယ်ကို ...အားပစ်ထိုးလိုက်ရာ စစ်ဗိုလ်ကြီးသည် နဂိုကပင်မူး၍ အောက်ခြေလွတ်နေသဖြင့် ...ပေါ်သို့ လဲကျသွားပြီးလျှင် စန့်စန့်ကြီးဖြစ်၍နေသည်။ ထိုအခါ စားပွဲရုံတစ်ခုလုံး ...န်ဒိုင်းဒိုင်း ဖြစ်၍သွားသည်။ ထိုသို့ဖြစ်နေ၍ ဘယ်သူမျှ ဘာကိုလုပ်ရမှန်းမသိခင် ...ကောက်က "ဟော့ ဒီနေ့ည ငါ့သဘောကွ၊ ငါ့အသက်သေသွားချင် သေသွားပစေ၊ ...ယ်သူ့မှ ဂရုမစိုက်ဘူး"ဟု ပြောပြီးလျှင် အီရီနာကို အတင်းပွေ့၍ ခေါ်သွားသည်။ ...ာက လွှတ်ပါလွှတ် အော်၍ ထုရိုက်ရုန်းကန် လုပ်သော်လည်းမရ။ ဆိုင်ရှင်နှင့်တကွ ...တွင်းရှိလူများမှာ အံ့အားသင့်ကာ ထွက်၍ပင်မလိုက်ကြ။

နိုဗိကောက်သည် အီရီနာအား မြင်းရထားနှင့်တင်၍ ခေါ်သွားသည်။ အတော် ...သွားမိသောအခါ အီရီနာသည် ရုန်းကန်ခြင်းမပြုတော့။

"သင် စစ်မြေပြင်က ပြန်လာသလား"ဟု အီရီနာကမေးသည်။ "ဘာလို့ ...ာ သိနေရတာလဲ"

"စစ်မြေပြင်က ပြန်လာတဲ့လူတွေဟာ သိပ်ရမ်းတယ်။ ဘယ်ဒင်းမှ အေးအေး ...အေး မလုပ်တတ်ဘူး။ လုပ်လိုက်ရင်လည်း မဟုတ်တာတွေချည်းဘဲ။ ကြမ်းလိုက် ...တာလည်း သိပ်ကြောက်စရာကောင်းတာပဲ။ စိတ်ကူးကလည်း ယဉ်လိုက်ကြတာ ...ရာမရှိတော့ဘူး။ ဒါပေမယ့် တစ်ခုတော့ရှိပါရဲ့။ အများအားဖြင့်တော့ တော်တော် ...ည်း ချစ်စရာကောင်းကြတယ်"ဟု အီရီနာက ပြောသည်။

နိုဗိကောက်သည် မခံနိုင်သော စိတ်ပေါ်လာသဖြင့် "စစ်ပွဲပြန်တွေနဲ့ တော်တော် ...များတွေ့ဖူးမှာပေါ့နော်"ဟု ငေါ့၍မေးသည်။

"တွေ့ဖူးတယ်ဆိုရင် ဘာလုပ်ချင်လို့လဲ၊ သင်က ငါ့ကို ပစ်များချထား ...လား" ဟု ပြန်၍ငေါ့ကာ မေးလိုက်သည်။

ထိုအခါ နိုဗိကောက်က "ငါ စကားအပြော မှားသွားလို့ပါ။ စိတ်ရှုပ်ပါနှင့်။ ...ီ အဲဒါထားလိုက်ပါတော့၊ ဒီကို သင် ဘယ်လိုလုပ်ရောက်လာသလဲ" ဟု နိုဗိကောက် ... ပြောသည်။

www.burmeseclassic.com



"တော်လှန်ရေးနေ့ညကပဲ ရောက်စတောက်က ငါတွက်ပြေးလာတယ်"

"အနို့ ဟိုစစ်သားကြီးကော"

"သူသိပ်မူးနေတာနှင့် ရောက်စတောက်မှာပဲ ကျန်နေရစ်ခဲ့တယ်"

"သင် ဒါလောက် အဆိုအကကောင်းမှန်း ငါမသိဘူး"

"ငါဟာ ငါလည်း မသိပါဘူး။ ဒါပေမယ့် အငတ်မခံနိုင်တော့ တတ်ရတာပေါ့ နိုဗိကောက်ရယ်"

"ဒါဖြင့် သင် အများကြီး ကျပ်တည်းသွားသေးတာပေါ့"

"ဒီမှာ ဘယ်သူမှ ချောင်လည်တဲ့လူရယ်လို့ မရှိဘူး။ အခုပျော်ရွှင်နေကြတာတွေဟာလည်း တကယ်ပျော်ရွှင်နေကြတာတွေ မဟုတ်ဘူး။ စိတ်ညစ်ညစ်နဲ့ စိတ်သက်သာရာရအောင် လုပ်နေကြတာချည်းပဲ။ တကယ်ဆိုတော့ ဘယ်သူမှ ဒီလို လုပ်မနေချင်ကြပါဘူး။ အားလုံးဟာ မျှော်လင့်ချက်ကလေးတစ်ခု ရှိနေသေးလို့သာ သက်သာရာရနေကြသည်"ဟု အီရီနာက ပြောသည်။

"မျှော်လင့်ချက်ဆိုတာက ဘယ်လိုဟာလဲ အီရီနာရဲ့"

"ဗိုလ်ချုပ်ဒေနီကင်နိုင်ဖို့ကို ငါတို့မျှော်လင့်နေကြတယ်"

"သြော် ဒီလိုလား ဒါလည်းဟုတ်တာပေါ့"

"ဒီမှာ နိုဗိကောက်မသိလို့ မေးစမ်းပါရစေ။ နောက်ဆုံး ဘယ်လောက်ကြာရင် ဘော်ရှီဗစ်တွေ ရှုံးမှာလဲ။ ပြီးတော့ အရင်ကလိုကော ဘယ်တော့ ကောင်းမှာလဲ"ဟု အီရီနာက သိချင်စောနှင့်မေးသည်။

"မကြာခင်ဘဲ ကောင်းပါလိမ့်မည် အချစ်ရယ်။ မကြာတော့ပါဘူး"

"လူတိုင်းကလည်း မကြာခင်ဘဲ ကောင်းလိမ့်မည်တော့ ပြောနေကြတာပဲ။ ဒါပေမယ့် တစ်နှစ်ပြီးတစ်နှစ်သာ ကုန်သွားတယ်၊ မကောင်းတာတွေဘဲ အစမသတ်နိုင်ဘူး။ အော်ဒက်ဆာတစ်မြို့လုံးဟာ အရင်ကခေတ်ကိုပဲ ပြန်အောက်မေ့နေကြတယ်"ဟု ပြောပြီးလျှင် အီရီနာသည် အဝေးသို့စိုက်၍ ကြည့်နေသည်။ သူကြည့်ပုံမှာ ပေါ့ပေါ့ကြည့်ပုံမဟုတ်ဘဲ စိတ်မချမ်းသာ၍ ကြည့်ပုံမျိုးဖြစ်သည်။ အီရီနာ၏စိတ်သည် အော်ဒက်ဆာမြို့သူမြို့သားတို့၏ စိတ်ကဲ့သို့ပင် ပစ္စုပ္ပန်တွင်နေရင်းမှ အတိတ်သို့ပြန်၍ ကျက်စားနေဟန်တူသည်။

"အခုကတည်းက သင့်စိတ်ဟာ အရင်ခေတ်ကို ပြန်ရောက်နေပြီထင်တယ်"ဟု နိုဗိကောက်က ကရုဏာသက်ကာ မေးသည်။ သို့ရာတွင် သူ့စိတ်ထဲက "သင်က အခုလို ငါနှင့်တွေ့နေတာတောင်မှပဲ အရင်ခေတ်ကို ပြန်အောက်မေ့နေရသေးသလား"ဟု မေးလိုက်ချင်သည်။

"အခုလို စိတ်ဆင်းရဲနေရတော့ အရင်ခေတ်ကို ပြန်အောက်မေ့မိတာပေါ့"ဟု အီရီနာက ပြုံး၍ပြောသည်။

ထို့နောက် အီရီနာသည် ရထားသမားအား သူ့အိမ်သို့မောင်းရန်ပြောလိုက်သည်။



နိုဗိကောက်သည် အော်ဒက်ဆာမြို့မှ မသွားမီ အီရီနာ၏အိမ်၌ သုံးရက်နေသည်။ ထိုသုံးရက်အတွင်း၌ နိုဗိကောက်သည် ပျော်ရွှင်ခြင်းဖြင့် ယစ်၍နေသည်။ ထို့နောက် နှစ်ဦးသား မိတ်မပျက် ခွဲခွာကြသည်။ အီရီနာသည် ခေတ်ဟောင်းကိုပြန်၍ အသက်ရှုရာရကြောင်းဖြစ်သည့်အတွက် နိုဗိကောက်ကို ကျေးဇူးတင်သည်။ နိုဗိကောက်သည် သူ့အား ပစ္စုပ္ပန်ချမ်းသာမှုကိုပေးသဖြင့် အီရီနာကို ကျေးဇူးတင်သည်။ နောင်အခါတွင် နိုဗိကောက်သည် လှယဲသောမိန်းမများ၊ ခက်သောမိန်းမများ၊ ရိုးသောမိန်းမများ၊ ဆန်းသောမိန်းမများ စသဖြင့် မိန်းမအများနှင့်တွေ့သော်လည်း သူ့စိတ်ထဲတွင် အီရီနာလောက် ဘယ်မိန်းမကိုမျှ မစွဲလမ်း။

***

## အခန်း(၁၆)

အချိန်သည်ကုန်ခဲ့ပြီ။ ပြည်တွင်းစစ်လည်း ပြီးပြီ။ နိုဗိကောက်သည် သူ့အထက်အရာရှိထံမှခွင့်ပန်၍ တက္ကသိုလ်ကျောင်းတက်၍နေသည်။ ပြည်တွင်းစစ်ဖြစ်နေသည့်အတွင်း၌လည်း သူ့စိတ်ထဲမှာ တက္ကသိုလ်တက်ဖို့ပင် စိတ်ကူး၍သာနေခဲ့သည်။

သူ့အထက်အရာရှိက တက္ကသိုလ်ကျောင်းသို့ ထောက်ခံစာရေးပေးရင်း "ဒီမှာ ရဲဘော်နိုဗိကောက် သင် ဘယ်မှာပဲ ရောက်နေရောက်နေ သင့်တာဝန်ကိုတော့ ထမ်းရမည်။ သင် ပညာသင်ကြားဖို့အတွက်တော့ ဘာမျှမပူနှင့်၊ ငါတို့ကူညီမည်။ သင့်ကို အခု မော်စကိုတက္ကသိုလ်ကို ပို့ပေးမည်။ မော်စကိုတက္ကသိုလ်ဟာ အကောင်းဆုံးတက္ကသိုလ်ပဲ။ တို့မှာ ဦးနှောက်ကောင်းတဲ့လူတွေ အခုထက်ထိ လိုနေသေးသည်"ဟု ပြောသည်။

သို့ရာတွင် နိုဗိကောက်စိတ်ထဲတွင် သူ့ဟာသူ အကြံတစ်မျိုး ကြံ၍ထားသည်။ အကြောင်းကား ရောက်စတောက်မြို့တွင် သူတွေ့ခဲ့ရသည့် လူမျိုးများနှင့် နောက်ထပ်တွေ့ရအောင် သူ့ဟာသူ တိတ်တိတ်ကလေး လွတ်အောင်ကြံဖို့ စိတ်ကူးပြီးလျှင် နိုဗိကောက်သည် စာကိုသာ အာရုံတစ်ခုတည်းထား၍ ကြိုးစားနေသည်။

နိုဗိကောက်စိတ်ထဲ၌ စာပေကိုထူးချွန်အောင် တတ်မြောက်ပြီးလျှင် ချေကာအဖွဲ့က သူ့ကို မေ့သွားစေချင်သည်။ သို့ရာတွင် ချေကာအဖွဲ့သည် သူ့ကိုမမေ့။ သူ့ကိုတက္ကသိုလ်သို့ ဝင်ပြီးနောက် မကြာမီတွင်ပင် ချေကာအဖွဲ့သည် နိုဗိကောက်ထံ ရောက်လာပြီးလျှင် ကျောင်းသားများအပေါ် တိတ်တိတ်ပုံး စုံထောက်ပေးရန် တာဝန်ပေးသည်။

ကျောင်းဆရာများနှင့် ကျောင်းသားများသည် နိုဗိကောက်အား အသိဉာဏ်ထက်မြက်သဖြင့် လေးစားကြသည်။ သူ့ကိုယ်တိုင်ကမူ မည်သူနှင့်မျှ ရင်းရင်းနှီးနှီး မပေါင်း။ ကျောင်းသားများစွာက သူ့ကိုသဘောမကျကြ။ အချို့က နိုဗိကောက်အား

www.burmeseclassic.com

www.burmeseclassic.com



စကားပြောလျှင်‚ ချိုချိုသာသာပြောတတ်၍ မျက်နှာထားကလည်း အမြဲရွှင်ပြုံးနေပြီးလျှင် ကြည့်လျှင် စူးစူးစိုက်စိုက်ကြည့်တတ်သောကြောင့် ကြောက်ပင်ကြောက်ကြသည်။

နိုဗိကောက်သည် လီနင်သေသော ၁၉၂၄-ခု၊ ဇန်နဝါရီလ-၂၁ ရက်နေ့တွင် ကွန်မြူနစ်ပါတီသို့ အသင်းသားအသစ် အမြောက်အမြားဝင်ခွင့်ပြုသဖြင့် ထိုနေ့တွင်ပင် တက္ကသိုလ်၌ ပညာသင်ကြားနေရင်း ကွန်မြူနစ်ပါတီသို့ ဝင်လိုက်သည်။

လီနင်သေသွားသောအခါ စတာလင်နှင့်ထရော်စကီတို့ တစ်ယောက်ကို တစ်ယောက် အလဲထိုးဖို့ ပြင်ဆင်ကြသည်။ ထရော်စကီ၏နာမည်မှာ တစ်တိုင်းလုံး တစ်ပြည်လုံး ဟိုးဟိုးကျော်လျက်ရှိသည်။ ထိုအချိန်တွင် ထရော်စကီ၏ ဂုဏ်သတင်းသည် ထိပ်သို့ရောက်၍နေသည်။ အချို့ကျောင်းသားများမှာ စတာလင်၏နာမည်ကို ကြားမှုပင်မကြားဖူးကြ။ ကျောင်းသားအများသည် ထရော်စကီကို သဘောကျကြသဖြင့် ကွန်မြူနစ်ပါတီအစည်းအဝေးများတွင် ထရော်စကီဘက်က ရဲရဲဝံ့ဝံ့ ထောက်ခံပြောဆိုကြသည်။ ထိုအခိုက်တွင် ကွန်မြူနစ်ပါတီမှာ လီနင်သေသွားသည့်အတွက် ဗိုလ်မရှိသောကြောင့် ဗရမ်းဗတာဖြစ်ကာ ထူးဆန်းသော ဒီမိုကရေစီပါတီသဘောသို့ သက်ရောက်လျှက်ရှိပြီးလျှင် ပါတီဝင်တို့မှာ အဖမ်းအဆီးခံရမှာ မကြောက်ရဘဲ လွတ်လပ်စွာ ပြောဆိုခွင့်ရကြသည်။ အချို့မှာ ပြောစရာအကြောင်းမရှိဘဲနှင့်ပင် လွတ်လပ်စွာ ပြောဆိုခွင့်ရသည့်အတွက် အစည်းအဝေးတွင် ပြောချင်ရာကို လျှောက်၍ပြောကြသည်။ အထူးသဖြင့် ငယ်ရွယ်သူတို့မှာ လွတ်လပ်စွာပြောခွင့်ရပြီဟု အထင်မှားကာ အလွန်အကြူးဝမ်းသာကြသည်။ အစည်းအဝေး၌ ပြောချင်သူတို့မှာ လွတ်လပ်စွာ ပြောကြပြီးနောက် အစည်းအဝေးပြီးသောအခါ တစ်ဘက်က မိမိတို့နှင့် အတိုက်အခံပြောသူများဆီသို့သွားကာ အကြေအချမ်းနှုတ်ဆက်၍ မိမိတို့နှင့် အတိုက်အခံဖြစ်သူများအား တစ်ယောက်နှင့်တစ်ယောက် ကျောပုတ်ကာ အရွှမ်းပြော၍ ရယ်မောရသောအလုပ်သည် ဆန်းသစ်လည်းဆန်းသစ်၍ ပျော်စရာကောင်းသော လက်တည့်စမ်းအလုပ်လည်း ဖြစ်သည်။

သို့ရာတွင် နှစ်ပေါင်းအနည်းငယ်ကြာသောအခါ ရယ်နိုင်သူဦးရေ မများတော့၊ ပြုံးခြင်းများလည်း ပျောက်ကွယ်၍ အရွှမ်းပြောခြင်းများလည်း မရှိတော့။ လူဆုလူပုများသည် သူတို့ပြောသောစကားများကို စတာလင်၏ဘက်သားများက ရေးမှတ်ထားခဲ့ကြောင်းကို အချိန်နှောင်းမှ သိကြရသည်။ များစွာသောသူများအဖို့တွင် သူတို့ပြောခဲ့သော စကားများသည် ငယ်ရွယ်သူအဖြစ်နှင့် ထင်ရာစွပ်၍ပြောခဲ့သော စကားများဖြစ်သည်ဟု သတိပြန်၍ရခွင့် မရကြဘဲ။ သေဒဏ်အမိန့် သို့မဟုတ် အနှိပ်စက်ခံအခန်းတွင်းသို့ဝင်ရန် အမိန့်အဖြစ်နှင့်သာ တွေ့ကြရသည်။

ထိုသို့ ကံဆိုးမိုးမှောင်ကျသူတို့အထဲတွင် နိုဗိကောက်မပါ။ နိုဗိကောက်မှာ အတွေ့အကြုံများသူဖြစ်သဖြင့် အတုအယောင် လွတ်လပ်ခွင့်ကို အစစ်အမှန် လွတ်လပ်ခွင့်ဟုမယူဆခဲ့။ ပါတီအစည်းအဝေးတွင် သူ့ကို တရားဟောဖို့ တိုက်တွန်းကြသောအခါ



...တောက်က သူ့မှာ စာကျက်စရာတွေများနေလို့ မအား၍ မဟောပါရစေနှင့်ဟု ...ရှောင်နေခဲ့သည်။ သူသည် ထရော်စကီကို လိုလားသူများနှင့်လည်း မိတ်ဆွေ ... ကျောင်းသားများက သူ့ကို နိုင်ငံရေး အကင်းမပါးဘူးဟု ယူဆကြပြီးလျှင် ...တစ်ယောက်ပဲဟုလည်း အောက်မေ့ကြသည်။ ထိုအတောအတွင်း၌ နိုင်ငံရေး ...အနေကို ဂရုတစိုက်ချိန်ဆ၍ ထရော်စကီနှင့် စတာလင်တို့၏အင်အားကို တွက်ချက် ...ရှိသည်။ ထရော်စကီ၏ဘက်သားတို့သည် ဟောပြောခြင်းအလုပ်ကိုသာ အရေး ...ဟု သဘောထားကြပြီးလျှင် လူထုအား စကားလုံးလှလှ ဟောပြောချက်များဖြင့် ...စီထိုးပေးကြသည်။ စတာလင်၏ဘက်သားတို့လည်း အဟောအပြော သန်ကြ ...ဆင်ဖြစ်သည်။ သို့ရာတွင် သူတို့သည် ဟောပြောသည့်အလုပ်ထက် နောက် ...မှနေ၍ လူမသိအောင်ကြိတ်၍ အလုပ်လုပ်ခြင်းကို ပို၍သဘောကျကြသည်။ ...ဖြင့် သူတို့သည် အာဏာငမ်း၍ သွေးထွက်သံယိုမှုကို သာယာကြသော ...ထိုကြမ်းကြုတ်သော လူများကို လျှို့ဝှက်စွာသွေးစည်း၍ နေကြသည်။ နိုဗိကောက် ... ပြည်တွင်းစစ်တွင် ကိုယ်တိုင်ဝင်၍ တိုက်ဖူးသူဖြစ်သဖြင့် လက်နက်အင်အားကို ...ခံသော နာပျော်ဖွယ် ဟောပြောချက်တို့သည် ကျည်ဆန်မပါသော ယမ်းထောင့် ... အသံသာမြည်၍ ဘေးဖြစ်နိုင်မည်မဟုတ်သည်ကို သဘောပေါက်သည်။ ပြီးလျှင် ...နေသော သူ့လျှို့အလုပ်တွင် သူ့အထက်အရာရှိသည် စတာလင်ဘက်သား ...ခြင်းမှာလည်း အမှတ်တမဲ့ကြုံကြိုက်၍ ဖြစ်နေခြင်းမဟုတ်ဘဲ၊ ဒီယုန်မြင်၍ ...ထားခြင်းဖြစ်မည်းဟုလည်း သူ တွေးသည်။ ထို့ပြင် မမြင်ကောင်းသော်လည်း ...ရာကောင်းသော်လည်း ကြောက်စရာကောင်းသော အာဏာသည် တစ်နေ့တွင် ...သင်၏လက်သို့ ရောက်လာလိမ့်မည့် အဖြစ်ကိုလည်း သူများတွေ၏အရင် ...သိသည်။

လီနင်သေပြီး၍ တစ်နှစ်ကြာသောအခါ အခြေအနေမှာ ရှင်း၍လာသည်။ ...င်နိုင်ဖို့ သေချာပြီ။ ထိုအခါကျတော့မှ နိုဗိကောက်သည် ဣန္ဒြေရရနှင့် သာရာ ...သို့ ဝင်၍စီးလိုက်သည်။ ဤနည်းဖြင့် သူသည် ခရီးကြမ်း၏အဆုံးသို့ရောက်သော ... အခြားသူများကဲ့သို့ ဘေးဒဏ်မသင့်ဘဲ စတာလင်အား ကွန်မြူနစ်ပါတီနှင့် ... ပြိုင်ဘက်မရှိသော အာဏာရှင်အဖြစ်သို့ ရောက်အောင်ပို့ဆောင်ပေးသည့် ...ရွေလိမ်သော စက်ယန္တရားကြီးထဲတွင် မရှိလျှင်မပြီးသည့် ထောင်သောင်း ...သော ဝက်အူချောင်းကလေးများအနက် တစ်ချောင်းဖြစ်၍လာသည်။

"အရင်ခေတ်က ပညာတတ်တွေဟာအားလုံး တစ်ယောက်မျှ မယုံကြည် ... သူတို့ကို သတိထားပြီး စောင့်ကြည့်နေရမည်။ အဲဒါဟာ သင့်အလုပ်ပဲ။ သင်ဟာ ...တာ ပုံမှန်ဘွဲ့ယူပြီးတဲ့နောက် ကျမ်းပြုဘွဲ့ကိုလည်း ထပ်ယူရမည်။ အဲဒီလိုဆိုရင် ... အများကြီးတက်လမ်းရှိလိမ့်မည်ထင်သည်။ ဒီတော့ သင် အစွမ်းကုန်ကြိုးစားပါ၊ ...လို့ သင် မတတ်လျှင် တို့အပြစ်မဟုတ်ဘူး။ အကူအညီပေးဖို့ဘက်ကတော့ ...ထား" ဟု သူ့အထက်အရာရှိက နိုဗိကောက်ကိုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ကစ၍ နိုဗိကောက်စိတ်ထဲ၌ သူသည် သူ့ဟာသူ အေးအေးပညာရှာမှီး၍နေခွင့်ရတော့မည် မဟုတ်သည်ကိုသိသည်။ ဤသည်ကား သူ၏အရေးရှုံးနိမ့်ခြင်းပင် ဖြစ်သည်။ နိုဗိကောက်သည် အရေးရှုံးနိမ့်ခြင်းကို မာန်လျှော့ပြီး ခံရုံခံမနေဘဲ ထိုသို့ဖြစ်နေသည့်အခြေအနေမှ အမြတ်အများဆုံးထွက်အောင် လုပ်မည်ဟု စိတ်ပိုင်းဖြတ်ပြီး အစွမ်းကုန် စာကိုကြိုးစားသည်။

နိုဗိကောက်သည် ၁၉၃၂-ခုနှစ်တွင် ပါမောက္ခရာထူးကိုရသည်။ ထိုကဲ့သို့ကြီးသောရာထူးကြီးကို ရခြင်းသည် တစ်စိတ်တစ်ဒေသအားဖြင့် သူ၏စွမ်းရည်သတ္တိကြောင့်ဖြစ်သည်။ တစ်စိတ်တစ်ဒေသအားဖြင့်လည်း သူ၏ထူးခြားသော အဆက်အသွယ်ကြောင့်ဖြစ်သည်။ ကွန်မြူနစ်ပါတီ၏ဝါဒသည် မည်သည့်ဘက်သို့ ရှေ့ရှုနေသည်ကို အခြားသူများမရိပ်မိခင် သူကရိပ်မိသည်။ ကွန်မြူနစ်ပါတီ၏ ဝါဒသည် ရုရှလူမျိုးရေးဝါဒဘက်သို့ ရှေ့ရှုနေသည်ကို အကဲခတ်မိသဖြင့် နိုဗိကောက်သည် ရှေးဟောင်းဆလပ်လူမျိုး၏သမိုင်းကို သူ့ပင်ကိုယ်ဉာဏ်ဖြင့် ရေးသည်။

အခြားသူများသည် သမားရိုးကျအတိုင်း ရေးသားနေကြဆဲတွင် နိုဗိကောက်က အကြံသစ်ထုတ်၍ ရှေးဟောင်းဆလပ်လူမျိုးသမိုင်းကို ရေးလိုက်သည့်အတွက်လည်း အထူးအောင်မြင်ခြင်းဖြစ်သည်။ ရုရှလူမျိုးရေးဝါဒသည် သူငယ်စဉ်က စိတ်ဝင်စားလာခဲ့သောဝါဒဖြစ်၍လည်း သူရေးသောသမိုင်းသည် ထူးထူးခြားခြား အောင်မြင်ခြင်းလည်း ဖြစ်နိုင်သည်။ သို့ရာတွင် နိုဗိကောက်သည် ငယ်စဉ်ကကဲ့သို့ သူ့စိတ်ကြိုက်ကို ဝမ်းသာအားရနှင့် ရေးခြင်းမဟုတ်။ ထိုသို့ရေးရမည့်အချိန်သည် ကုန်ခဲ့ပြီ။ ဆလပ်သမိုင်းကို ရေးရာတွင် နိုဗိကောက်သည် အကြိမ်ကြိမ်အဖန်ဖန် ချိန်ဆသုံးသပ်ပြီး ရေးသည်။ ဤသမိုင်းကိုရေးရာတွင် သူ့စိတ်က မှန်သည်ဟု ယုံကြည်သည့်အချက်များသည် သူ့အဖို့ အရေးမကြီးတော့။ သူ့အဖို့တွင် မှတ်ကျောက်တစ်ခုသာရှိသည်။ ထိုမှတ်ကျောက်မှာ ကွန်မြူနစ်ပါတီကြီးကိုင်အဖွဲ့ ပေါ်လစ်ဗျူရိုက သဘောကျမည် မကျမည်ကိုသာ အရေးထားခြင်းဖြစ်သည်။ ကွန်မြူနစ်ပါတီသည် အဖွဲ့ပိုင်ဝါဒတစ်ခုလို နေခိုက်တွင် လမ်းသစ်တစ်ခု ထွင်ပေးလိုက်ခြင်းသည် နိုဗိကောက်၏ စွန့်စားခြင်းပင်ဖြစ်သည်။

သူသည် ပေါ်လာသည့်အခွင့်ကို အသုံးပြုလိုက်သည်။ သူ အောင်မြင်သည်။ သူရေးသော "ရှေးဟောင်းဆလပ်လူမျိုးတို့ အစကနဦးပေါ်လာပုံ" ကျမ်းကို ကွန်မြူနစ်ပါတီက အလွန်အကြိုက်သဘောကျသည်။

သူ့ကျမ်းကို ပရဗ္ဗဒါသတင်းစာက ခြောက်ကော်လံရှည်သော အထူးဆောင်းပါးကြီးဖြင့် လှိုက်လှိုက်လှဲလှဲချီးကျူးသည်။ ပရဗ္ဗဒါက ချီးကျူးဖို့သည် အရေးအကြီးဆုံးဖြစ်သည်။ ပရဗ္ဗဒါသည် ပေါ်လစ်ဗျူရိုကြီးကိုင်အဖွဲ့၏ နာမည်တစ်မျိုးသာဖြစ်သည်။ ပရဗ္ဗဒါနှင့် ပေါ်လစ်ဗျူရိုတို့ကပေးသော အမိန့်ကို လူတိုင်းလိုက်နာရသည်။ အခြားဝေဖန်လို သူတို့သည် သူတို့စိတ်ထဲက ဘယ်လိုထင်မြင်ချက်ရသည်ဖြစ်စေ၊ ပရဗ္ဗဒါ၏ဝေဖန်ချက်ကို သံပြိုင်လိုက်၍ ဆိုကြရမည်သာ ဖြစ်သည်ကိုလည်း နိုဗိကောက် သိသည်။



ဤနည်းဖြင့် နိုဗိကောက်သည် တစ်ကျမ်းတည်းရေးလိုက်ရုံနှင့် သူရည်မှန်းထင်ခဲ့သော ပါမောက္ခဘွဲ့ကို ချောမောစွာရသည်။

နိုဗိကောက်ရေးသော သမိုင်း၏ ထူးခြားချက်မှာ ယခင်က သမိုင်းဆရာတို့၏ယူဆချက်များကို အကုန်ပယ်ဖျက်၍ ရုရှပြည်ကြီးကို စ၍တည်ထောင်သူများမှာ အနောက်ဘက်က ဆင်းသက်လာသူများ မဟုတ်ဘဲ၊ အရှေ့ဘက်က ဆင်းသက်လာသူများဖြစ်သည်ဟု ရုရှသမိုင်းကို ပြောင်းပြန်လှန်လိုက်ခြင်းဖြစ်သည်။

အခြားသတင်းစာကြီးများ၊ မဂ္ဂဇင်းကြီးများသည် ဤကိစ္စမျိုးတွင် ပရဗ္ဗဒါ၏ဦးဆောင်ထုံးကိုသာလိုက်၍ ရေးမြဲအတိုင်းရေးကြသဖြင့် နိုဗိကောက်ရေးသော ဆလပ်သမိုင်းသည် နိုင်ငံရေးနှင့်ပတ်သက်၍ အရေးကြီးသောကျမ်းအဖြစ်သို့ ရောက်သွားသည်။ သတင်းစာအကုန်လောက်နီးနီးကပင် ပရဗ္ဗဒါသတင်းစာ၏ ဝေဖန်ချက်ကို အပြည့်အစုံကူးယူဖော်ပြကြပြီးလျှင် ပရဗ္ဗဒါ၏ အာဘော်အတိုင်း လိုက်၍ရေးပြီးမှ သူတို့ကိုယ်တိုင်၏ ဝေဖန်ချက်ကို အနည်းအကျဉ်းထည့်၍ ပေးကြသည်။ ရောက်စတောက်မြို့မှထုတ်သော ဒေသဆိုင်ရာ [illegible]ကက်သတင်းစာသည် အလွယ်ကြိုက်သဖြင့် သူ့သတင်းစာထဲတွင် ပရဗ္ဗဒါ၏ ဝေဖန်ချက်ကို စ၊ လယ်၊ ဆုံးထည့်၍ဖော်ပြသည်။ ပြီးမှ "နိုဗိကောက်သည် ရောက်စတောက်တက္ကသိုလ်မှ နာမည်ကျော် ရုရှသမိုင်း ပါမောက္ခကြီးဖြစ်သည်" ဟူသော စာတစ်ကြောင်းမှ မှတ်ချက်ထည့်လိုက်သည်။ စင်စစ်ဆိုသော် ထိုအချိန်တွင် နိုဗိကောက်သည် တက္ကသိုလ်သင်ရိုးဘွဲ့ရပြီး၍ ကထိကလုပ်နေခိုက်သာ ဖြစ်သေးသည်။ ပါမောက္ခဘွဲ့ မရသေး။

ခါတိုင်း ဣန္ဒြေနှင့်တည်တည်ကြီးနေလေ့ရှိသော ကျောင်းအုပ်ကြီးသည် ပရဗ္ဗဒါသတင်းစာရပြီး နာရီဝက်ခန့်အကြာတွင် နိုဗိကောက်အား မျက်နှာထားချိုချိုကြီးနှင့် ပျာပျာသလဲဝမ်းသာစကားပြောသည်။ နိုဗိကောက်စိတ်က ဒီကျောင်းအုပ်ကြီးဟာ အရင်က ကျောင်းအုပ်ကြီး ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်လောက်အောင် ကျောင်းအုပ်ကြီးက လောကွတ်ကောင်းနေသည် "ယုံပါ နိုဗိကောက် သင့်သမိုင်းအကြောင်းကိုကြားရလို့ ငါဟာ အူထဲအသည်းထဲကကို လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါသည်။ သင့်ရဲ့ အောင်မြင်မှုကြောင့် ဒီတက္ကသိုလ်တစ်ခုလုံးဟာ မျက်နှာကြီးသွားပါသည်။ ငါ ပညာရေးအဖွဲ့ အစည်းအဝေး ခေါ်ပါမည်။ အဖွဲ့ဝင်အားလုံးကပဲ သင့်ကို ပါမောက္ခဘွဲ့ပေးဖို့ သဘောတူကြပါလိမ့်မည်။ တကယ်ဆိုတော့ ပါမောက္ခဘွဲ့ကို အစကတည်းကလည်း သင့်အားပေးထားဖို့ ကောင်းပါသည်" ဟု ပြောသည်။

နိုဗိကောက်က နှိမ့်ချဟန်ဆောင်၍ "တကယ်ဆိုတော့ ပါမောက္ခဘွဲ့ ရဖို့ဟာ ငါနှင့်မတန်ပါဘူး" ဟုပြောသည်။

"နိုဗိကောက်က ကိုယ့်ကိုယ်ကိုယ် တယ်နှိမ့်ချတာကိုး။ ဒါကြောင့်လည်း ချစ်စရာကောင်းနေတာပဲ။ ငါတို့လည်း သင့်အတုကိုခိုးပြီး နှိမ့်ချပါမည် နိုဗိကောက်ရယ်" ဟု ကျောင်းအုပ်ကြီးက ပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်စိတ်ထဲက "သင်ဟာ တကယ့်နွားကြီးပဲ၊ ကွန်မြူနစ်ဗဟို ကော်မတီက သင်မသိဘဲနှင့် ငါ့သမိုင်းကို ဘယ်လိုတင်ကြိုပြီး သဘောတူချက် ပေးလိုက်ပြီး ဘယ်လိုနည်းနှင့် ပရဗ္ဗဒါသတင်းစာက သိသွားသလဲဆိုတာကိုသာ မေးဖို့ ကောင်းသည်။ အခု ဒီမေးခွန်းကို သင် မမေးဝံ့တော့ဘူးမဟုတ်လား" ဟု မေးလိုက် ချင်သည်။

စင်စစ်ဆိုသော် ကျောင်းအုပ်ကြီးသည် ဘယ်လိုမေးခွန်းမျိုးမျှမမေးရဲ။ နိုဗိကောက်က ပညာရေးအဖွဲ့အပေါ် ကွက်ကျော်လုပ်သွားသည်ကိုလည်း သူသိသည်။ သို့သော် အခုမှပြောနေ၍ ဘာမျှ အကြောင်းထူးတော့မည်မဟုတ်။ ပရဗ္ဗဒါကကောင်း သည်ဆိုသော အရာမှန်သမျှသည် အမြတ်ရတနာချည်းသာ ဖြစ်ရမည်။ မည်သူမျှ ရှုတ်ချနိုင်ခွင့်မရှိတော့။ ချီးမွမ်းခြင်းသာလျှင် ချီးမွမ်းနိုင်ခွင့် ရှိတော့သည်။

ဤကိစ္စတွင် နိုဗိကောက်က အကောက်ဉာဏ်ကူလိုက်သည်။ ပညာရှိတို့ လက်ခံနိုင်လောက်သောကျမ်းကို ပြုနိုင်ခြင်းသည် တစ်ကိစ္စဖြစ်ပြီး ကျမ်းအောင်မြင်ခြင်း သည် တစ်ကိစ္စဖြစ်သည်ကို သူကောင်းစွာသိသည်။ ထို့ကြောင့် ထိုကျမ်းကို လူမသိသူမသိ သူ့ဟာသူကြိတ်၍ရေးပြီး တက္ကသိုလ်က ပညာရေးအဖွဲ့သို့ အဆောတလျင် တင်ပြရန် သောဆန္ဒမရှိ။ အကယ်၍ တင်ပြပြီးသည့်နောက် ထိုကျမ်းကို ပညာရေးအဖွဲ့က သဘောကျ၍ နိုဗိကောက်ရေးသည်ဟု အဖွဲ့က ဝန်ခံသည်ထားစေဦး။ ထိုသို့ ဝန်ခံခြင်း သည် ပါမောက္ခဘွဲ့ရရန် ပန်းတိုင်သို့သွားရာ ဝေးလံသောခရီးတွင် ပထမဆုံးလှမ်းသော ခြေလှမ်းသာ ဖြစ်လိမ့်မည့် အဖြစ်ကိုလည်း တွေ့ဖူးကြုံဖူးသူတို့ ပြောသံကြားရဖူး၍ သူသိသည်။

ထို့ပြင် ပညာရေးအဖွဲ့ဝင်တို့က သူရေးသောသမိုင်းတွင် ထူးဆန်းသော အကြောင်းခြင်းရာပါသည်ဟု သဘောရ၍ ထိုအခြင်းအရာကို သူတို့ဟာသူတို့ လက်ဝါးကြီးအုပ်၍ အောင်မြင်အောင် လုပ်လိုက်မည်ဆိုလျှင်လည်း နိုဗိကောက်ဘက်က ဘာမျှ အကျိုးခံစားခွင့်ရှိလိမ့်မည်မဟုတ်။ ကျောင်းအုပ်ကြီးနှင့်တကွ ပညာရေးအဖွဲ့ဝင် တို့သည် မော်စကိုကလာသော အမိန့်များတွင် ပါဝင်သည့် အကြောင်းများမှတစ်ပါး အသစ်အဆန်းထွင်၍ မကြံစည်ရဲကြသော လူကြောက်တွေချည်းဖြစ်သည်ကို သိနေပြီ ဖြစ်သဖြင့် သူတို့ အစွမ်းအစကိုလည်း နိုဗိကောက် အားမကိုးနိုင်။

အကယ်၍ မမျှော်လင့်ဘဲ ပညာရေးအဖွဲ့ဝင်က သူ့သမိုင်းကို အများသိအောင် ကြေညာ၍ပေးသည်ဟုထားဦး၊ ထိုသမိုင်းရေး၍ ရအပ်သောဂုဏ်သည် ကျောင်းအုပ်ကြီး နှင့် ပညာရေးအဖွဲ့ဝင်လူကြီးတို့ လက်စွင်းသို့သာရောက်သွားပြီးလျှင် တကယ်ရေးသူ မှာ တိမ်မြုပ်၍နေရမည်သာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ပညာရေးအဖွဲ့ဝင်တို့က "ဒီမှာ နိုဗိကောက် သင့်သမိုင်းဟာ သိပ်မဆိုးပါဘူး။ တကယ်ပဲ သိပ်မဆိုးပါဘူး ဒါပေမယ့် သင့်သမိုင်းထဲမှာ ကလေးတွေး တွေးထားသည့်အချက်တွေ အတော်ပဲပါ သည်။ မရှင်းမလင်းတဲ့ အချက်တွေလည်း ပါနေသည်။ ဒီသမိုင်းကို သင်ရေးသည်ဆို



ထုတ်ကိုတော့ သင်ရမှာပါပဲ။ ဒါပေမယ့် နောက်တစ်ခါရေးရင်တော့ အခုလို ချွတ်ယွင်း ချက်မျိုးတွေ မပါအောင်ရေးရလိမ့်မည်" ဟုပြောကာ သူ့ကို ချီးကျူးကြရုံသာရှိမည် ဖြစ်သောကြောင့်ဖြစ်သည်။ ထို့နောက် တစ်လ၊ နှစ်လလောက်ကြာသောအခါ သူ့သမိုင်း ကိုဝင် အမည်တစ်မျိုးပြောင်း၍ စာသားကိုအနည်းငယ်ပြင်ပြီးလျှင် ကြည်ညိုဖွယ်ကောင်း သော ပညာရှိကြီးဆယ်ဦး၊ ဆယ့်နှစ်ဦးလက်မှတ်ထိုးကာ သူတို့ရေးသည့် သဘောမျိုးဖြင့် ထုတ်ဝေကြလိမ့်မည်။ ထိုအခါတွင် ထိုသမိုင်းတွင် နိုဗိကောက်၏နာမည်ကို မှန်ဘီလူး နှင့်ကြည့်၍ ရှာ၍တောင်မှပင် တွေ့ရလိမ့်မည်မဟုတ်။ ဤအဖြစ်မျိုးကို နိုဗိကောက် နားလည်ကြေပြီးသား ဖြစ်သည်။

***

အခန်း(၁၇)

နိုဗိကောက်သည် ဘယ်ပုံဘယ်နည်းနှင့် သူ၏သမိုင်းကိုမော်စကိုမြို့ရှိ ကွန်မြူ နစ်ပါတီကြီးကိုင်အဖွဲ့သိအောင် သူ့ခေါင်းပေါ်ကကျော်၍ လုပ်လိုက်သည်ကို ကျောင်းအုပ်ကြီး မသိလို။ သို့ရာတွင် မော်စကိုသို့ရောက်သွား၍ မော်စကိုက ချီးကျူးလိုက်ပြီးသည့် နောက်အဖို့တွင် မိမိတာဝန်သာရှိသည်ကို ကျောင်းအုပ်ကြီး မသိဘဲမနေနိုင်တော့။

စင်စစ်သော်ကား နိုဗိကောက်သည် သူလျှို့ဝှက်နေက သူ့အထက်အရာရှိကြီးထံ သူ့သမိုင်းစာမူကို ယူသွားပြီးလျှင် ကွန်မြူနစ်ပါတီကြီးကိုင်အဖွဲ့ဝင်ထဲမှ အရေးပါအရာ ရောက်သော ပုဂ္ဂိုလ်တစ်ဦးဦးလက်သို့ ရောက်အောင်ပို့ပေးရန် သွား၍ကပ်လိုက်ခြင်း သာဖြစ်သည်။

သူ့အထက်က အရာရှိကြီးနှင့်တွေ့သောအခါ နိုဗိကောက်က "ဒီမှာ ရဲဘော် ကြီးနောက် ငါ ပါမောက္ခဖြစ်တာ သင် မြင်ချင်သည်မဟုတ်လား" ဟု မေးသည်။

"ဘယ့်နှယ်ပြောပါလိမ့် မြင်ချင်တာပေါ့ နိုဗိကောက်ရဲ့၊ ဒါပေမယ့် ခဏနေ ပါဦး။ ဒါက အနည်းဆုံး ဆယ်နှစ်ကျော်လောက်စောင့်မှဖြစ်နိုင်တဲ့ အလုပ်မျိုး မဟုတ်လား။ တချို့များ ကထိကဘဝနှင့်ပဲ သေသွားရသည်" ဟု လိုဂီနောက်က ပြောသည်။

"ကိုင်း ဆယ်နှစ်ကြာသွားတာတွေ ဘာတွေ ပြောမနေပါနှင့်။ ငါ အခုပဲ ပါမောက္ခဖြစ်ချင်တယ်။ ဒီတော့ ဘာမျှပြောမနေပါနှင့်တော့။ ယောဒီစာမူကိုသာ ကြီးကိုင်အဖွဲ့ထဲက သြဇာရှိတဲ့ လူတစ်ယောက်ယောက်လက်ထဲကို ရောက်အောင် ပို့ပေးပါ" ဟု နိုဗိကောက်က နားပူသည်။

"အနို့ ဒီစာမူအကြောင်းကို သင်တို့တက္ကသိုလ်ပညာရေးအဖွဲ့က သိရဲ့လား"

"သိပါတယ်။ သူတို့က ကောင်းပါတယ်ပြောပြီး တော်ရာရောက်ထားမယ့် ပုံတွေပါ။ သူတို့အကြောင်း သင် သိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကောင်းပြီ၊ အရေးအကြီးဆုံး လူတစ်ယောက်လက်ထဲရောက်အောင် ငါပို့ပေးမည်" ဟု လိုဂီနောက်ကပြော၍ နိုဗိကောက်၏ စာမူကို ယူထားလိုက်သည်။

နောက်ခြောက်လလောက်ကြာသောအခါ လိုဂီနောက်ထံမှ ပရဗ္ဗဒါသတင်းစာဖြတ်ပိုင်းလေးတစ်ခုတွင် ဘေးနားက "သင့်အကြံအောင်ပြီ။ ဝမ်းသာသည်" ဟု ရေး၍ နိုဗိကောက်ထံသို့ ပို့လိုက်သည်။

ပညာရေးအဖွဲ့အစည်းအဝေးသို့ နိုဗိကောက်ရောက်သွားသောအခါ ကျောင်းအုပ်ကြီးနှင့် အဖွဲ့ဝင်လူကြီးတို့က နိုဗိကောက်၏ သမိုင်းကို ယခင်ကပင် မိမိတို့သိနှင့်ပြီးဖြစ်ပြီးလျှင် ပရဗ္ဗဒါသတင်းစာထဲပါသည့်အကြောင်းကိုပါ မိမိတို့သိနှင့်ပြီးဖြစ်သလို ဟန်ဆောင်၍နေကြသည်။ နိုဗိကောက်ကလည်း သူ့ဘက်ကပြန်၍ ဟန်ဆောင်ကာ "ပရဗ္ဗဒါသတင်းစာက ချီးကျူးခြင်းခံရသောသမိုင်းကို ငါ ရေးနိုင်သည်မှာ အခြားကြောင့်မဟုတ်ပါ။ ဤရောက်စတောက်တက္ကသိုလ်ရှိ ပညာရှင်အားလုံးက အားတက်သရော ဝိုင်းဝန်းကူညီ အားပေးကြခြင်းကြောင့်သာ ဖြစ်ပါသည်။ အထူးသဖြင့် ပညာရေးအဖွဲ့ဝင် ပုဂ္ဂိုလ်ကြီးများနှင့် ရဲဘော်ကျောင်းအုပ်ကြီး၏ ကူညီပေးမှုကို ခံယူရခြင်းကြောင့်သာ ဖြစ်ပါသည်" ဟု ပြောသည်။

ကျောင်းအုပ်ကြီးသည် မျက်မှောင်ကြုတ်၍နားထောင်နေရင်း "သိပ်လိမ်တဲ့အကောင်ပဲ။ တို့ကို ပထမလိမ်ပြီး အခုတော့ပျားရည်နှင့် ဝမ်းချနေပြန်ပြီ" ဟု ပြောလိုက်ချင်သောစိတ် ပေါ်လာသည်။

ထိုအစည်းအဝေးက နိုဗိကောက်အား တစ်ညီတစ်ညွတ်တည်း ပါမောက္ခဘွဲ့ ပေးလိုက်သည်။ ပြီးလျှင် ကျောင်းအုပ်ကြီးက "ရဲဘော်နိုဗိကောက်အား ယနေ့ပညာရှိတို့နှင့်သာထိုက်တန်သော ပါမောက္ခဘွဲ့ကို ပေးအပ်ရခြင်းသည် ရောက်စတောက်တက္ကသိုလ်ကြီးအဖို့ အင်မတိအင်မတန် ဂုဏ်ကျက်သရေရှိသော အလုပ်ကြီးဖြစ်ပါသည်။ ယခုကဲ့သို့ ဘော်ရှီဗစ်ပညာရှိ လူတန်းစားအသစ်ပေါ်ထွန်းလာခြင်းကိုတွေ့ခြင်းနှင့် ဘော်ရှီဗစ်သားကောင်းရတနာတို့သည် ပညာရှာမှီးခြင်း၌ စိတ်ဝင်စားလျက် နေကြသည်ကိုတွေ့ရခြင်းသည် ရွှင်လန်းဝမ်းမြောက်စရာပင် ဖြစ်ပါသည်။ နိုဗိကောက်သည် ငါတို့ရှေ့မှောက်သို့ ရောက်နေသော ထွန်းပြောင်သော စံနမူနာကြီးပင်ဖြစ်ပါသည်။ သူသည် ပြည်တွင်းစစ်တွင် ကိုယ်တိုင်ပါဝင်ကာ ပေါ်ဦးစဘော်ရှီဗစ်နိုင်ငံကြီးကို ရဲဝံ့စွာ ကာကွယ်ခဲ့သော ဘော်ရှီဗစ်စစ်သည်ကြီးတစ်ဦး ဖြစ်ပါသည်။ သူသည် ဘော်ရှီဗစ်ပညာသင်ကြားရေးစနစ်အရ ပညာဆုံးခန်းရောက်ခဲ့သဖြင့် ယခုအခါ ဤတက္ကသိုလ်ကြီး၌ တထိကအဖြစ် ထမ်းရွက်လျက်ရှိပါသည်။ သူသည် ယခုအခါ သူ၏ စွမ်းရည်သတ္တိတစ်ခုတည်း၏ ကျေးဇူးဖြင့် ထိပ်တန်းဘော်ရှီဗစ်ပညာရှင်ပိုင်းသို့ ရောက်၍လာပြီးလျှင် ရှေ့ဆောင်လမ်းထွင်ဖြစ်လျက်ရှိပါသည်။ နိုဗိကောက်ကဲ့သို့ ထူးချွန်သော ပညာရှင်များသည် လူသားတို့၏ အဖူးအညွန့်ဖြစ်သော ငါတို့ ဘော်ရှီဗစ်ပညာရှင်တို့နှင့်တကွ ပညာရှင်တို့၏ အမျိုးဖြစ်သော ရဲဘော်ကြီး စတာလင်၏ မဟောမပန်း စောင့်ရှောက်ပြုစုမှု



ကြောင့်သာ ယခုရရှိသော ဘော်ရှီဗစ်ရုရှပြည်မျိုးတွင်သာ ပေါ်ထွန်းနိုင်သည်ကို ငါတို့ အသိအထင်ပင်ဖြစ်ပါသည်။ ရုရှပြည်ကို ဘော်ရှီဗစ်စနစ်နှင့်သာ မအုပ်ချုပ်ဘူးဆိုလျှင် ယခုအခါတွင် ရဲဘော်နိုဗိကောက်သည် ဘယ်ဆီရောက်၍ နေပါမည်လဲ။ ဘယ်ဆီရောက်၍နေပါမည်လဲလို့ ငါ မေးပါသည်။ ရုရှပြည်ကို ဘော်ရှီဗစ်စနစ်နှင့်သာ မအုပ်ချုပ်ဘူးဆိုလျှင် နိုဗိကောက်ဟာ အလေးအမွှား ခနရှင် သွေးစုပ်ကောင်တစ်ယောက်ဆီမှာ ချိုင်းခံဖြစ်ပြီး ဝေါ်တစ်လှည့် ပြတ်တစ်လှည့်နှင့် ဆင်းရဲခြင်းညွန့်တွင်းမှာ နစ်မွန်းနေရမည်သာ ဖြစ်ပါသည်။ "ဘယ့်နှယ်လဲ မဟုတ်ဘူးလား၊ ရဲဘော်နိုဗိကောက်" ဟု နိုဗိကောက်ကို လှမ်း၍မေးလိုက်သည်။ ကံကောင်းထောက်မ၍ အခိုင်းခံအဖြစ်သို့ မရောက်ရသော နိုဗိကောက်က မျက်နှာတည်တည်ထား၍ "ဟုတ်ပါသည်" ဟု ခေါင်းညိတ်ပြသည်။ ပြီးလျှင် ကျောင်းအုပ်ကြီးကဆက်၍ "အခုတော့ နိုဗိကောက်ဟာ ဘာလဲ၊ ပါမောက္ခကြီး တစ်ဦး ဖြစ်နေပါပြီ။ အခုဆိုလျှင် ဘော်ရှီဗစ်နိုင်ငံသစ်၏ကျေးဇူးကြောင့် နိုဗိကောက်ဟာ လည်ပင်းကို တုပ်ထားသောကြိုးများ ပြုတ်သွားပြီးလျှင် မည်သည့်အရာကိုမဆို လုပ်ကိုင်ကြံစည်နိုင်ခွင့် ရနေပါပြီ။ ဘော်ရှီဗစ်နိုင်ငံတွင် ကြိုးစားဖို့ အားထုတ်မည်ဆိုလျှင် ဆင်းရဲသူတို့ ခွန့်စားသူတို့ အသစ်တီထွင်လိုသူတို့ အကန့်အသတ်မရှိ ကြီးပွားနိုင်ခွင့် ရှိသည်။ ပါမောက္ခနိုဗိကောက် သင်သည် ငါတို့အမိရုရှပြည်ကြီး၏ အကျိုးနှင့်တကွ ငါတို့ချစ်မြတ်နိုးသော ရဲဘော်စတာလင်၏ ဘုန်းတန်ခိုးတိုးတက်မှုအတွက် နောက်ထပ် အောင်မြင်မှုများရရှိစေရန် ငါ ဆုတောင်းပါသည်" ဟု ပြောသည်။

ထိုအခါ ပညာရေးအဖွဲ့ဝင်အားလုံး မတ်တတ်ရပ်၍ သြဘာပေးကြသည်။ စတာလင်၏နာမည်ကိုပြောသံကြားတိုင်း မတ်တတ်ရပ်၍ သြဘာပေးရမြဲဖြစ်သည်။ နိုဗိကောက်လည်း မတ်တတ်ရပ်၍ သြဘာပေးသည်။ သို့ရာတွင် သူသည် စတာလင်ကို သြဘာပေးခြင်းမဟုတ်၊ သူ၏ အောင်မြင်ခြင်းအတွက် သူ့ဝမ်းထဲတွင် ဝမ်းသာလုံးကြီး ဆို့တက်ကွဲလုခမန်းဖြစ်နေသဖြင့် အသစ်တီထွင်တတ်သော နိုဗိကောက်၊ အခက်အခဲ အမျိုးမျိုးကို ကျော်လွှားအောင်လုပ်တတ်သော နိုဗိကောက်၊ တက္ကသိုလ်ပညာရေးအဖွဲ့ကို အမြတ်ရိုက်ခဲ့သော နိုဗိကောက်၊ လူတိုင်းချစ်သော ပါမောက္ခကြီးနိုဗိကောက်အား သြဘာပေးခြင်းသာ ဖြစ်သည်။

ထို့နောက် ခြောက်လမကြာမီပင် နိုဗိကောက်သည် ကိုယ်တိုင်ကြိုးစား အားထုတ်ရခြင်းမရှိဘဲနှင့် မော်စကိုတက္ကသိုလ် ရုရှသမိုင်းဌာနတွင် သဘာပတိဖြစ်သွား လေသည်။ ထိုခြောက်လအတွင်း၌ သြဇာလည်းကြီး၍လာသည်။ ပြည်သူ့ပညာရေးဌာန ကလည်း သူ့သမိုင်းကို အတည်ပြုပြီးနောက် အထက်တန်းကျောင်းများအတွက် ကျောင်းသုံးစာအုပ်အဖြစ် သတ်မှတ်လိုက်သည်။ ထို့နောက် ရုရှသမိုင်းကို သင်ရာတွင် ယခင်က အယူအဆများကို ပယ်ဖျက်၍ နိုဗိကောက်၏သမိုင်းအတိုင်း သင်ရမည်ဟု ကွန်မြူနစ်ပါတီ ဗဟိုအမှုဆောင်အဖွဲ့က ပြဋ္ဌာန်းချက်ချလိုက်သောအခါ နိုဗိကောက်၏ သမိုင်းသည် သမ္မာဝါဒအဖြစ်သို့ ရောက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗဟိုအမှုဆောင်အဖွဲ့က ""သမိုင်းဆရာရှရိတ်တို့ ဆိုလက်တို့နှင့်တကွ အနောက်တိုင်းဗာရန်ဂီဆရာတို့အယူများသည် မှား၍ နီဗိကောက်၏အယူသာလျှင် မှန်ကြောင်း""ကို ဆုံးဖြတ်ချက်ချလိုက်သောအခါ ရှိသမျှပါမောက္ခများ ပညာကျော်များနှင့်တကွ မထင်ရှားသော စာရေးဆရာများသည် ကြိုးနှင့်ချည်ထားသော ခွေးငတ်များကို ကြိုးမှဖြည်၍ လွှတ်ပေးလိုက်သကဲ့သို့ ဗဟိုကော်မတီက ပစ်ချပေးလိုက်သော ဆုံးဖြတ်ချက်အမဲရိုးကို သူ့ထက်ငါ အလုအယက် ဝိုင်း၍ခဲကြသည်။ ထိုအခါမှစ၍ ပညာရှိအသီးသီး ကဝိအကျော်အမော်အဆူဆူတို့သည် သုတေသနပြုခြင်း၊ ရှာဖွေတင်ပြခြင်းတို့ဖြင့် နီဗိကောက်၏ အယူအဆကို အတောမသတ်ဝိုင်း၍ ထောက်ခံကြသည်။ နီဗိကောက်သည် ရှိသေအပ် လေးစားအပ်သော ကဝိသူမွန်တို့၏ အပြုအမူကိုကြည့်ကာ ပြုံးမိသည်။ အရေးကြီးသော အချက်မှာ နောက်ကလိုက်၍ လုပ်ခြင်းမဟုတ်၊ သူများ မလုပ်ခင် ဦးအောင်လုပ်ခြင်း ဖြစ်သည်။ ဦးအောင်လုပ်ခဲ့သော အချက်တွင် နီဗိကောက်၌ ပြိုင်ဘက်မရှိ။

နီဗိကောက်အဖို့တွင် ပါမောက္ခဘွဲ့ရရုံနှင့် မပြီးသေး။ ရရှိပြီးအခြေအနေ ခိုင်မြဲအောင်လုပ်၍ နောက်တစ်ဆင့်တက်ကာ ကြီးပွားအောင်လုပ်ဖို့ လိုသေးသည်။ ပါမောက္ခရာထူးသည် အရေးကြီးသော်လည်း သူ့အား လက်တွေ့အကျိုးခံစားခွင့်ကို မပေးနိုင်သေး။ အသက်အရွယ်ကြီးရင့်သော ပါမောက္ခကြီးများစွာနှင့် ကထိက တစ်ကျိပ် လောက်ကို အုပ်ချုပ်ရသော သဘာပတိအဖြစ်သို့ ရောက်ရှိစေကာမူ လစာနှစ်ဆတိုး၍ ရခြင်းမျှသာ ဖြစ်သေး၍ နီဗိကောက်အတွက် စိတ်ကျေနပ်စရာမဟုတ်သေး။

ငွေစပိုရပြီးနောက် အဆင်းရဲဆုံးဖြစ်သော ကထိကများစားရသည့် ထမင်းစား ခန်း၌ယုတ်ညံ့သောအစာကို လူအများစားသလို သွား၍စားနေရမည်ဆိုလျှင် ငွေစပို၍ ရခြင်းသည် ဘာအကျိုးရှိအံ့နည်း။ ရသောငွေစသည် ကုန်စုံဆိုင်များတွင် ထုထဲသော တားလမတ်စာအုပ်ကြီးများနှင့် စစ်တုရင်ခုံများကိုသာ ဝယ်၍ရမည်ဆိုလျှင် ငွေစကို အိတ်နှင့်ချည်၍ ရသော်လည်း ဘာအကြောင်းထူးမည်နည်း။ မှောင်ခိုဈေးတွင် ကိုယ်လိုချင်သောပစ္စည်းကို ဝယ်ယူရမည်ဆိုလျှင် ငွေစကို အိတ်နှင့်ချည်၍ရရုံမဖြစ်။ လော်ရီကားကြီးများနှင့်တင်၍ ယူရလောက်အောင် ရမှဖြစ်မည်။

တက္ကသိုလ်၏ အပေါ်ထပ်ရှိ ထမင်းစားခန်း၌ ကျောင်းအုပ်ကြီးနှင့် ကွန်မြူနစ် ပါတီအတွင်းရေးမှူးတို့ ဘယ်လိုအစာတွေစားနေကြသည်ကို နီဗိကောက် အင်မတန် သိချင်သည်။ သူသည် အကယ်၍ ကျောင်းအုပ်ကြီးအဖြစ်သာရပါမူ ထိုထမင်းစားခန်း ထဲတွင် စားခွင့်ရသော ကံကောင်းသူအနည်းငယ်ထဲတွင် အပါအဝင် တစ်ယောက်ဖြစ်နိုင် သည်။ ထို့ပြင် ကျောင်းအုပ်ကြီးအဖြစ်ကိုရလျှင် တက္ကသိုလ်နှင့်တွဲ၍ထားသော လေးခန်းတွဲ နေအိမ်ကြီးကိုလည်း သူ အခမဲ့ ရနိုင်လိမ့်မည်။ ပြီးလျှင် စက်ရုံအုပ်ချုပ်သူ လူကြီးများ ပါတီအတွင်းရေးမှူးများ အစရှိသော အရာရှိကြီးများသာ ဝယ်ယူနိုင်ခွင့်ရှိသော အထူး ကုန်စုံဆိုင်များ၌လည်း သူ ဝယ်နိုင်ခွင့်ရှိ၍ လာလိမ့်မည်။ ဤသည်တို့ကား နီဗိကောက်



...ရဲဝံ့သော စိတ်ကူးများဖြစ်သည်။ အဘယ်ကြောင့် စိတ်မကူးရမည်နည်း။ သူ့အဖို့ ...ညီသည့်အရာမဆို ဖြစ်နိုင်သည်ချည်းဖြစ်သည်။ သူသည် ကွန်မြူနစ်ပါတီဝင် ...တစ်ယောက်လည်းဖြစ်၊ ရုရှပြည်၏ ဤမှာ ဘက်မှ ဟိုမှာဘက်ထိ ကျော်ကြားသော ...ပါမောက္ခကြီးလည်းဖြစ်သည်။ ထို့ကြောင့် သူစိတ်ကူး၍ မဖြစ်နိုင်သောအရာ အဘယ်မှာ ...ရှိအံ့နည်း။

နီဗိကောက်သည် လက်ရှိကျောင်းအုပ်ကြီးကို မည်ကဲ့သို့ ဉာဏ်ဆင်၍ ဖြုတ်ရ ...မည်နည်းဟု အကြံထုတ်နေခိုက်တွင် ဒရို့သည် နီဗိကောက်အား လွှဲအပ်ရန်တာဝန်ကို ...ဆောင်၍ရောက်လာသည်။ နီဗိကောက် စိတ်တွင် သူ့အကြံအောင်ဖို့ အချိန်ရောက်ပြီဟု ...တွေးမိလိုက်သည်။ သူ၏ကံသည် ဒရို့၏ အသွင်ကိုဆောင်၍ သူ့အား အောင်မြင်ခြင်း ...တံခါးတို့ ဖွင့်ရန်သော့ကိုလာ၍ပေးပြီ။ သူ၏ ရဲရဲတောက်စိတ်ကူးချက်သည် ဤအခါမှ ...အောင်မြင်လျှင် နောင်ကို ဘယ်တော့မှ အောင်မြင်တော့မည် မဟုတ်။ အစိုးရကပေး ...သော တာဝန်ကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်လျှင် သူ့ကျောင်းအုပ်ကြီးရာထူးကို ...ချီးသေချာလိမ့်မည်။ ထိုအလုပ်သာ အောင်မြင်မည်ဆိုလျှင် ဒရို့ကိုယ်တိုင်ပင် အားကျ ...ဖြစ်လိမ့်မည်ဟု သူ့ကို ဒရို့ကပြောဖူးသည်။ သို့သော် သူအောင်မြင်အောင် မလုပ် ...လျှင် ဘယ်သို့ဖြစ်မည်နည်း။ ဟုတ်သည်။ ဘယ်သို့ဖြစ်မည်နည်း။ နီဗိကောက်သည် ...အကြံပျက်ချင်စရာ ရှိသည်ဆိုသောသဘောကို လက်မခံ။ သူသည် အမြဲကံကောင်း ...သည်။ ယခုလည်း အောင်မြင်ရမည်သာ ဖြစ်သည်။

နေ့ဝင်ရီတရောအချိန်တွင် နီဗိကောက်သည် လက်တစ်ဖက်ကို ဆန့်တန်း ...ထားရှိသော လီနင်၏ကျောက်ရုပ်ရှေ့ရှိ ခုံတန်းပေါ်တွင်ထိုင်လျက်ရှိသည်။ ထိုအခိုက် ...လမ်းထောင့်အိမ်ခေါင်မိုးပေါ်တွင် တပ်ဆင်၍ထားသော ရေဒီယိုအသံချဲ့စက်သုံးခုမှ ...တေးသံများ ထွက်ပေါ်လာသည်။ ထို့နောက် ရေဒီယိုမှ အသံဩဩကြီးတစ်သံက ...ချင်းသားတို့ သင်တို့နာရီများကို အချိန်တိုက်ကြပါ။ ယခု ရှစ်နာရီခွဲပြီ။ ရှစ်နာရီခွဲပြီ။ ...အချိန်ကစပြီး နောက်ဆုံးသတင်းများကိုပြောမည်။ ကောလကောက် အထူးအလုပ် ...များသည် ရောက်စတော့ခရိုင် အစည်းအဝေးကျင်းပပြီးလျှင် ခေါင်းဆောင်ကြီး ...လင်ထံသို့ သူတို့ ပျော်ရွှင်ချမ်းသာစွာ နေကြရသည့်အတွက် ကျေးဇူးတင်ကြောင်း ...ကြသည်။ ရောက်စတော့မြို့ အမှတ်ခုနစ်ရီဗာလကိုစက်ရုံက အထူးအလုပ် ...တပ်သည် သုံးလတစ်ကြိမ်စီမံကိန်းကို အချိန်မစေ့ခင်ပင် ရာနှုန်းတစ်ရာလုံး ...ပြည့်မြောက်ခြင်းကြသည်။ ရဲဘော်ရီဗာလကို၏ ရုပ်ပုံကိုလည်း ကြော်ငြာခွင့်နံရံတွင် ဆွဲချိတ်၍ ...ရဲဘော်ရီဗာလကိုက (ငါတို့သည် ခေါင်းဆောင်ကြီး စတာလင်၏ကျေးဇူးငှာ ...တို့ လုပ်ခဲ့ကြသည်။ ငါတို့သည် ခေါင်းဆောင်ကြီး စတာလင်၏ကျေးဇူးငှာ ...လုပ်၍ အောင်မြင်ကြသည်) ဟု ကြော်ငြာသည်။ လူငယ်တပ်ဦးအဖွဲ့ဝင်များသည် ...ဘော်ရီဗစ်စာရေးကြီး ဂိုရင်ထံ သွားရောက်၍ သူ့လည်ပင်းတွင် ...ထူးဆောင် ...ဦးအဖွဲ့ဝင် အထိမ်းအမှတ်သဘောဖြင့် လည်စည်းအနီကို စည်း၍ပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် တပ်ဦးအဖွဲ့ဝင်များက သူတို့သည် စတာလင်၏ နောက်လိုက်များပီပီ ကျင့်သုံးနေထိုင်ကြပါမည်ဟု ကတိပြုကြသည်''ဟု ပြောသည်။

ထိုအခိုက်တွင် နီဗိကောက်သည် ရှေးဟောင်းနှောင်းဖြစ်များကို စားမြုံ့ပြန်၍နေရာမှ ဂလူယုက်နှင့်တွေ့ရန် ထ၍သွားသည်။

❋ ❋ ❋

## အပိုင်း-၂

### အခန်း(၁)

ဂလူယုက်သည် ရောက်စတောက်ပညာကျော်အဖွဲ့၏ ဥက္ကဋ္ဌဖြစ်သည်။ အလုပ်ခန်းထဲသို့ ဂလူယုက်ဝင်လာသောအခါ သူ၏လက်ထောက် အမှုထမ်းမကလေးက သူ့အား ကွန်မြူနစ်ပါတီအတွင်းရေးမှူးက အလျှင်အမြန်တွေ့လိုကြောင်းပြောသည်။ အမှုထမ်းမကလေး ပြောလိုက်သည့်စကားထဲတွင် ''အလျှင် အမြန်''ဆိုသောစကားကို အရေးတကြီးထား၍ ပြောသည်ကို ဂလူယုက် သတိပြုလိုက်မိသည်။ ပြီးလျှင် အမှုထမ်းမကလေးက ''ဝမ်းသာလိုက်တာ''ဆိုသော အကြည့်မျိုးနှင့် ကြည့်နေသည်ကိုလည်း သူတွေ့လိုက်ရသည်။

ဂလူယုက်သည် သူ့စာရေးမအား ''ငါ ရဲဘော်မီဒိုယန်ဆီသွားနေတုန်း မြောက်ကောကေဆပ်နယ်သုံး စကားတွေနှင့်ပတ်သက်သည့် အချက်အလက်တွေကို ရှာထားနှင့်၊ ဒီနေ့ဘာသာစကား အမျိုးမျိုးတတ်သည့် လူတွေလာပြီး အစီရင်ခံကြလိမ့်မည်''ဟု ဣန္ဒြေမပျက်ပြောခဲ့သည်။

ဂလူယုက်ရောက်သွားသောအခါ ကွန်မြူနစ်ပါတီအတွင်းရေးမှူး မီဒိုယန်သည် သူ့အကျင့်အတိုင်း သတင်းစာစက္ကူပြတ်နှင့် ဆေးလိပ်လိပ်၍နေသည်ကို တွေ့ရသည်။ မီဒိုယန်သည် မော်စကိုမှ စီးကရက်အကောင်းစားကိုမှာ၍ သောက်နိုင်သော်လည်း ခေတ်မဆန်သဖြင့် ထိုကဲ့သို့ သူ့ဟာသူစီးကရက်လိပ်၍ သောက်ခြင်းဖြစ်သည်။ ပညာကျော်အဖွဲ့ဝင် တို့အား မီဒိုယန်က ''ငါ့ကို မော်စကိုက ဒီပညာကျော်အဖွဲ့ကို လွှတ်လိုက်တာဟာ အစစအရာရာမှာ စည်းကမ်းသေသေဝပ်ဝပ်ရှိအောင်လုပ်ပြီး သင်တို့ ရှေးဆန်တဲ့ လောကဓာတ်ဆရာကြီးတွေကို တိုးတက်တဲ့ ဘော်ရှီဗစ်စိတ်ဓာတ် သွင်းပေးဖို့ အတွက်ပဲ''ဟု မကြာမကြာပြောပြလေ့ရှိသည်။

မီဒိုယန်၏ ဘော်ရှီဗစ်စိတ်ဓာတ်မှာ ဆေးရွက်ကြီးနံ့နှင့် ရောလျက်ရှိသည်။ အခြားကိစ္စများတွင်မူကား မီဒိုယန်သည် သူ့အထက်က ပါတီဝင်များ ပြုမူပြောဆိုပုံကို အကုန်အတုလိုက်၍ခိုးသည်။ သူသည် အထက်တန်းလွှာ ပါတီဝင်မဟုတ်သော်လည်း သူ့ကိုယ်သူ အရေးပါအရာရောက်သူတစ်ဦးဟု သဘောထားပြီးလျှင် မည်သူ့ကိုမျှ အလျှော့ပေးချင်သောစိတ်မရှိ။



မြောက်ကောကေဆပ်ပြည်နယ် ကော်မတီအတွင်းရေးမှူး လားရင်း၏နည်းတူ ...ယန်သည် လက်သည်းများကို မှန်မှန်လှီးသည်။ ထို့ပြင် အခြားအတွင်းရေးမှူးတစ်ယောက် ...နည်းတူ ဆံပင်ကို နံနက်တိုင်းခေါ်၍ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများကိုသာ ...တ်ဘဲ တစ်ခေါင်းလုံးရိတ်သဖြင့် သူ့ခေါင်းမှာပြောင်လက်၍နေသည်။ မီဒိုယန်သည် ...ကောင်းကောင်းစားရ၍ ဗိုက်ရွှဲ၍နေပြီးလျှင် လမ်းလျှောက်သည့်အခါတွင် ရုပ်ရှင် ...ထဲတွင် သူမြင်ဖူးသော အထက်တန်းလွှာပါတီဝင်ကြီးများ၏ အတုကိုလိုက်၍ ...တစ်လုံး ယန်တစ်လုံးလုပ်ကာ လေးလေးကြီးလျှောက်သည်။ ပါတီပုံစံ သိုးမွေးကြမ်း ...ကို အပေါ်က ဝတ်ထားသော်လည်း အတွင်းကမူ ပိုးအင်္ကျီကိုဝတ်ထားသည်။ ...ပြင် အကြီးဆုံးပါတီဝင်ကြီးများကို အတုခိုးကာ တစ်ကိုယ်လုံး ရေမွှေးကြိုင်နေအောင် ...သည်။ ချွေးထွက်သည့်နေရာတွင်လည်း သူသည် ဘယ်သူ၏အတုကိုမျှမယူ ...ဆိုးအပြင်းရှန်းနေရသော မြည်းကဲ့သို့ ရွှဲနေအောင်ထွက်သည်။ မီဒိုယန်သည် ...နီးယားနယ်သားပီပီ အရှေ့တိုင်းဖြစ် ကော်ဇောများကို နှစ်သက်သည်။ ...ဇောများခင်း၍ထားသော သူ့အခန်းကြီးသည် ချွေးနံ့များဖြင့် တထောင်းထောင်း ...၍နေသည်။

အတွင်းရေးမှူးက သူပြောမြဲအတိုင်း ဂလူယုက်အား ''လာပါ လာပါ ...တ်ပါနှင့်၊ သင့်ကြည့်ရတာ စီးကရက်ကောင်းတွေ အများကြီးသောက်ပြီး နေ ...နှင့် ငါတို့လို အလုပ်သမားသောက် ဆေးလိပ်နံ့တောင် မခံနိုင်တော့ဘူးထင်တယ်။ ...ဆယ့် ကြာတော့လည်း အကျင့်ရသွားမှာပါပဲ။ ဆေးလိပ်ပြင်းပြင်းအနံ့ကို ကြောက် ...ဆိုတာ ကိုက်တတ်ခဲတတ်တဲ့ ပိုးကောင်များမှသာ ကြောက်တာပါ''ဟုပြောသည်။ ...ပြောလျှင် မီဒိုယန်သည် သူ့ပြက်လုံးကို သူသဘောကျပြီးလျှင် ဟားတိုက်ကာ ...သည်။

ဂလူယုယ်အဖို့တွင် သူ့ပြက်လုံးကို ဆယ်ကြိမ် ဆယ့်နှစ်ကြိမ် ကြားဖူးနေပြီး ...၍ ဆန်းတော့သော်လည်း လောကွက်ပြေစေခြင်းငှာ မရယ်ချင်ဘဲနှင့် ဟန်လုပ်၍ ...တိုက်သည်။ ထို့နောက် ဂလူယုက်မှာ သူ့မျက်စိထဲသို့ ဆေးလိပ်မီးခိုးများဝင်သဖြင့် ...ည်များကျလာသည်။

မီဒိုယန်သည် ရယ်ရာမှ မြန်းခနဲရပ်လိုက်ပြီးလျှင် သူ့ဆေးလိပ်ကို အသံမြည် ...အောင် ရှိုက်လိုက်ပြီးနောက် မျက်နှာတည်တည်ကြီးထား၍ ဂလူယုက်အား ...ဘ် ဂလူယုက်၊ သင့်အား ပါတီအမှုဆောင်အဖွဲ့က အရေးကြီးတဲ့ တာဝန်ကြီးတစ်ခု ...လိုက်သည်''ဟု အစချီ၍ပြောသည်။ မီဒိုယန်သည် အရေးကြီးသောကိစ္စဖြစ်ဖြစ် ...ကြီးသောကိစ္စဖြစ်ဖြစ် မည်သည့်အခါမှ သူ့ကိုယ်တိုင်၏ အပြောနှင့်မပြောဘဲ ...ဆောင်အဖွဲ့၏ အပြောနှင့်သာပြောလေ့ရှိသည်။ ထိုအမှုဆောင်အဖွဲ့သည် ...တော် ...သည် စည်းကမ်းအရဆိုလျှင် ထိုအမှုဆောင်အဖွဲ့သည် ပါတီကိစ္စများကို ဆုံးဖြတ်ရန် ...ှင် နှစ်ရက်တစ်ကြိမ် စည်းဝေးဖို့တာဝန်ရှိသည်။ သို့ရာတွင် မည်သည့်ကိစ္စကိုမဆို

www.burmeseclassic.com

www.burmeseclassic.com



အထက်ကနေ၍ ဆုံးဖြတ်သည့် အတိုင်းသာ လုပ်ရသဖြင့် အမှုဆောင်အဖွဲ့ထားခြင်းမှာ ဘာမျှအကျိုးမထူး အထက်ကပေးသမျှ အမိန့်အတိုင်း မီဇိုယန်တစ်ဦးတည်းက အောက်ဘက်သို့ တစ်ဆင့်အမိန့်ထပ်၍ထုတ်လျှင် ပြီးနိုင်သည်သာဖြစ်သည်။ သို့ဖြစ်လျက်နှင့်ပင် ပါတီ၏ ဒီမိုကရေစီစနစ်ကို နှုတ်အားဖြင့် ရှေ့ကတင်၍ပြောခြင်းသည် အကျိုးမယုတ်သည့် အကြောင်းကို မီဇိုယန်သည် ဝါရင့်သူဖြစ်၍ သိနေသောကြောင့်အဖွဲ့ကို ရှေ့ကတင်၍ ပြောခြင်းဖြစ်သည်။

ဂလူယုက်သည် အမှုဆောင်အဖွဲ့ဝင်တစ်ဦးဖြစ်သဖြင့် ပြီးခဲ့သော အလုပ်သမားနေ့ကစ၍ အမှုဆောင်အဖွဲ့အစည်းအဝေး တစ်ခါမျှမခေါ်ခဲ့သည်ကိုလည်း ကောင်းစွာသိသည်။ သို့ဖြစ်လျက်နှင့်ပင် မီဇိုယန်၏ ထိုးဇာတ်များကို မသိဟန်ပြုကာ လိုက်နာ၍ နေသည်။

မီဇိုယန်က ''မတ် အိန်ဂယ်အဖွဲ့ခွဲဖွင့်ပွဲမှာ သင်က အစီရင်ခံစာဖတ်ပြရမည်လို့ ပါတီအမှုဆောင်အဖွဲ့က ဆုံးဖြတ်ချက်ချလိုက်သည်။ ဖွင့်ပွဲက သန်ဘက်ခါပဲ။ မော်စကိုက အကြီးဆုံးပုဂ္ဂိုလ်ကြီးတချို့ လာလိမ့်မည်။ ဒီအကြောင်းဟာ လျှို့ဝှက်တဲ့ကိစ္စ။ ဘယ်သူ့မှ မပြောနှင့် သတိကြီးကြီးထားလုပ်ပါ''ဟု ပြောပြီးလျှင် လက်ကိုင်ပဝါကြီးကို ထုတ်၍ ခေါင်းချွေးများကိုသုတ်သည်။ ထို့နောက် ''အစီအစဉ်တစ်ခုခု ချွတ်ယွင်းနေလျှင် ငါပဲ အပြစ်ကျမည်ဆိုတာ သင် သိတဲ့အတိုင်းပဲ''ဟု ရောက်မည်ဘေးဒဏ်ကို သူ အကုန်ခံရတော့မည့်လေသံဖြင့် ဆက်၍ပြောသည်။

ဂလူယုက်သည် ပါးစပ်က ဘာမျှပြန်မပြောသော်လည်း သူ့ဝမ်းထဲက ''သင်ဟာ တကယ်လို့ အပြစ်တင်စရာရှိလျှင် ငါ့အပေါ်ပုံချမည့်လူပါဟု အောက်မေ့သည်'' မီဇိုယန်က ဂလူယုက်၏ မကျေနပ်သောမျက်နှာကိုကြည့်၍ ''ကြောက်မနေပါနှင့်၊ ဒီကိစ္စကို သင် နိုင်ပါသည်။ သင် ရေးရမည့်အကြောင်းက ဘော်ရှီဗစ်အတတ်ပညာများရဲ့ လမ်းညွှန်တိုင်ဖြစ်တဲ့ ကားလမတ်နှင့် လီနင်နှစ်ဦးပေါင်း ဝါဒအကြောင်းပါ။ ရောက်စတောက်မြို့က လောကဓာတ်ဆရာတွေ တွေ့ဖူးကြုံဖူးသမျှကို ကိုးကားချက်များအဖြစ်နှင့် တင်ပြပေါ့။ နားလည်ပြီမဟုတ်လား''ဟု ပြောသည်။

ဂလူယုက်သည် နားလည်သည်။ ထိုမျှမကသေး သူ့အဖို့တွင် ထိုနေ့တစ်နေ့လုံးသည် စိတ်ချမ်းသာရတော့မည့် နေ့မဟုတ်ကြောင်းကိုလည်း သူနားလည်သည်။ မော်စကိုမြို့က အရေးကြီးသောပါတီဝင်များသို့ တင်ပြရန် အစီရင်ခံစာ ရေးရမည့်အလုပ်ထက် ဂလူယုက်ကြောက်သော အလုပ်မရှိ။ မော်စကိုက ကြီးကြီးပုဂ္ဂိုလ်များသည် ကားလမတ်၏တရားတော်ကို နက်နဲစွာယုံကြည်သူများ ဖြစ်သည့်အတွက် သနားကြင်နာခြင်း လုံးလုံးမရှိသူများဖြစ်သည်ဟူသော ဂုဏ်ကိုရရှိရန်အတွက် ဂလူယုက်လိုတော်ရုံတန်ရုံနှင့် စိတ်မညစ်တတ်သူများကို မဆိုထားဘိ ဘယ်လိုလူမျိုးကိုမဆို စိတ်ညစ်အောင်လုပ်ဖို့ အမြဲတမ်းအသင့်ရှိကြသည်။



ဂလူယုက်သည် ပါတီအတွင်းရေးမှူး မီဇိုယန်ကို ဘာမျှပြန်မပြောရဲသဖြင့် [illegible]ထဲကသာ ''အားကြီးရှုပ်တဲ့ အာမေးနီးယားနယ်သားပဲ။ တကယ်ဆိုတော့ ဒီအစီ[illegible]ကို ရေးဖို့ဟာဟာ ငါ့အလုပ်မဟုတ်ပါဘူး။ သင့်အလုပ်ပါ'' ဟု အောက်မေ့[illegible]သည်။

ဂလူယုက်သည် မီဇိုယန်၏ ရုံးခန်းမှထွက်၍လာသောအခါ ပါတီအတွင်း[illegible]ရှေ့မှောက်မို့ ယဉ်ကျေးမှုသဘောဖြင့် ဟန်လုပ်၍ထားသော ပြုံးရွှင်ခြင်းသည် [illegible]တ်နှာမှ တဖြည်းဖြည်း ပျောက်ကွယ်၍သွားသည်။ သူသည် ကော်ဇောပေါ်မှ [illegible]တ်၍ ပြန်လာခဲ့သော်လည်း သူ့စိတ်ထဲတွင် ကော်ဇောဟု မထင်ဘဲ အလွန်နက်သော [illegible]ကြီးပေါ်တွင် တန်း၍ထားသောကြိုးတန်းကို နင်း၍ လျှောက်နေရသည်ဟုသာ [illegible]တ်မေ့သည်။ ဂလူယုက်သည် အသက်ခြောက်ဆယ်ရှိ၍ ဝါရင့်ပြီး အကြံဉာဏ်[illegible]သူဖြစ်သည်။ သူ့ကို အမှတ်တမဲ့ကြည့်လျှင် စိတ်နှလုံးတည်ငြိမ်နေဟန် ထင်ရသော်[illegible] သေသေချာချာကြည့်လျှင် သူ့နှုတ်ခမ်းများ၊ အနည်းငယ်တုန်နေသည်ကို တွေ့နိုင်[illegible]

သူ့ရုံးခန်းသို့ပြန်ရောက်သွားသောအခါ သူ့စားပွဲရှိရာသို့ ခြေကိုခပ်ပြင်းပြင်း [illegible]၍ သွားပြီးလျှင် စာရေးမ၏ မျက်နှာကိုမကြည့်ဘဲ ရှောင်လွှဲလျက် ''ဒီမှာ [illegible]ယန်ကရာတောက်၊ ငါ့ကို လောကဓာတ်ပညာအကြောင်းနှင့်ပတ်သက်လို့ လီနင်နှင့် [illegible]ထင်တို့ ပြောသမျှအချက်တွေကို ရှာပေးစမ်း။ များချင်သလောက် များများရ[illegible]''ဟု ပြောသည်။

''ရဲဘော် ဥက္ကဋ္ဌကြီး ဘာသာစကားအမျိုးမျိုး တတ်သူများလာမည်ဆိုတဲ့ [illegible]ကိုတော့ ဘယ်လိုလုပ်ရပါမလဲ''ဟု စာရေးမက လေးစားစွာမေးပြီးလျှင် [illegible]တ်၏ စားပွဲပေါ်တွင် ပို့ထားသော စာတွဲများကို လက်ညှိုးထိုး၍ပြသည်။

ဂလူယုက်သည် အမျက်ထွက်၍ ''ငါပြောတာ လုပ်စမ်းပါ။ လီနင်နှင့် [illegible]င် ပြောချက်တွေကို ထုတ်နုတ်ပေးရမည်လို့ သင့်ကို ပြောထားတယ်မဟုတ်လား။ [illegible]ယ်နှခါ ထပ်ပြောရမလဲ။ ဒါတွေဖယ်ထားလိုက်''ဟု ပြောကာ စာတွဲများကို [illegible]ခ်သည်။

ဂလူယုက်သည် ရုတ်တရက်နှာခေါင်းကို ရှုပ်လိုက်ပြီးလျှင် ''ဒီမှာရဲဘော် [illegible]တောက်၊ သင့်ကိုယ်က အပေါစားနံ့သာနံ့တွေ နံ့ပြန့်ပြီ။ ရေမွှေးကိုမသုံးနိုင်လျှင် [illegible]တွေ ဘာမျှမသုံးပါနှင့်။ ယောက်ျားတွေသာ အသုံးပြုတဲ့ အော်ဒီကလုံးကို [illegible] ဘာသဘောလဲ။ သင့်စိတ်ထဲက ဒီပညာကျော်အဖွဲ့ရုံးကို ဆံပင်ညှပ်ဆိုင်များ [illegible]မှတ်နေသလား''ဟု စာရေးမကိုပြောသည်။

ဂလူယုက်သည် တစ်မိနစ်လောက်အလွန်က မီဇိုယန်၏ ရုံးခန်းထဲ၌ [illegible]ဘီသန့်စရာကောင်းသော အနံ့အမျိုးမျိုးကို ပြုံးပြုံးရွှင်ရွှင်နှင့် [illegible]ခဲ့သည့်အဖြစ်ကို သူ့ဟာသူ သတိမရတော့။

www.burmeseclassic.com

www.burmeseclassic.com



ဂလူယုက်က စာရေးမအား "ဘာလို့ရပ်နေသလဲ။ သွားပါတော့လား"
ဟု ငေါက်၍ ပြောပြန်သည်။

"သည်းခံပါရှင်။ စောင့်ရဦးမယ်ထင်လို့ပါ"

"ဘာစောင့်ရဦးမယ် ထင်လို့လဲ။ သွားမှာသွားတာမဟုတ်ဘူး။ ငါ့ဆီကို
ဘယ်သူမှ လာမနှောင့်ယှက်စေနဲ့"

စာရေးမသည် ရှက်၍ မျက်နှာများနီလာပြီး စာတွဲများကို ကမန်းကတန်းယူကာ
ရုံးခန်းထဲမှ သုတ်သုတ်ကြီးထွက်သွားသည်။ စာရေးမသည် သူ့အခန်းထဲသို့ ပြန်ရောက်
သွားသောအခါ ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်နေသည်။ သို့ရာတွင် သူ့မျက်စိ
တွင် ဂလူယုက်၏ စိတ်ဆိုးနေသော မျက်နှာကြီးကိုသာ မြင်၍နေသည်။ သူ့စိတ်ထဲတွင်
အထက်လူကြီးတစ်ယောက်ယောက်ကို တိုင်ဖို့ စိတ်ကူးမိသော်လည်း တိုင်မည်ဆိုလျှင်
ပါတီအတွင်းရေးမှူး မီဇိုယန်ကိုသာ တိုင်ရမည်ဖြစ်သဖြင့် အခြားတိုင်ရမည့်လူမရှိ
စာရေးမသည် မီဇိုယန်ကို ဂလူယုက်ထက်ပင် မုန်းသေးသဖြင့် ဂလူယုက်က ကြိမ်းခဲ
သည်များကို အောင့်၍သည်းခံပြီးလျှင် သူ့စိတ်အေးသွားအောင် အနည်းငယ်စောင့်ပြီး
နောက် လောကဓာတ်ဆရာများသည် ကားလမတ်၏ဝါဒကို လေ့လာဖို့လိုသည့်
အကြောင်းနှင့်ပတ်သက်၍ လီနင်နှင့်စတာလင်တို့၏ ရေးသားချက်များကို ရှာကာ
နေသည်။

* * *

အခန်း(၂)

ဂလူယုက်သည် အလုပ်ကို အကြွေးထားတတ်သူမဟုတ်။ အထူးသဖြင့်
စိတ်မချမ်းသာစရာအလုပ်ဆိုလျှင် လက်ငင်းလုပ်တတ်သည်။ စာရေးမထွက်သွားလျှင်
သွားချင်း အစီရင်ခံစာကို စ၍ရေးသည်။ ထိုအစီရင်ခံစာမှာ အတော်ကြံ့စည် အတော်
ဂရုစိုက်စဉ်းစား၍ ရေးရမည့် အစီရင်ခံစာဖြစ်သည်။ ဂလူယုက်သည် စိတ်များဝေ
သဖြင့် သူ့အတွက် သူစိတ်မကောင်းဖြစ်မိသည်။ သူကဲ့သို့ အသက်အရွယ်ကြီးရင့်သော
ပညာရှိကြီးတစ်ယောက်က မီဇိုယန်ကဲ့သို့ ခွေးသာသာအကောင်ဆီကို သွားပြီး မျက်နှာ
သေးကာ ညာလှိုင်းရောယောင် လုပ်နေရခြင်းသည် အလွန်စက်ဆုပ်ဖွယ် ကောင်းသည်
လည်း သူတွေးမိသည်။ ထို့နောက် "ဘယ်တတ်နိုင်မလဲလေ။ လူတိုင်း ဒီလိုလုပ်နေ
တာပဲ။ မခံချင်နေလို့လဲ အကြောင်းမထူးပါဘူး" ဟု တွေးကာ သူ့စိတ်ကို သူဖြေလိုက်
သည်။

မီဇိုယန်သည် တက္ကသိုလ်သို့ ရောက်လာသောအခါ ပါမောက္ခများ၊ ကထိက
များအစရှိသော ပညာရှိတွေကို စည်းကမ်းရှောဝပ်စေရန်အတွက် ကျောင်းသား
ကလေးများကို ကျွန်းမာရေးလေ့ကျင့်ခြင်း အလုပ်ခိုင်းသကဲ့သို့ မနက်စောစော



ရှုပ်ခိုင်းသည်။ သူကိုယ်တိုင်က ကုန်းလိုက်ကွလိုက်၊ ဗိုက်ရှုပ်လိုက်၊ ရင်ကော့လိုက်၊
နှစ် တစ်နှစ် စသဖြင့် အမိန့်ပေး၍ အလုပ်ခိုင်းသည်။ တစ်ခါတစ်ရံ ဗိုက်ကိုပင်
ညှိနှင့်ထိုး၍ အရှုပ်ခိုင်းသည်။ ပညာရှိများလည်း သူခိုင်းသမျှအတိုင်း အချက်ကျ
ဝင် လိုက်၍လုပ်ကြရသည်။

ထိုကဲ့သို့ ကျွန်းမာရေးလေ့ကျင့်ခန်း အလုပ်ခိုင်းသဖြင့် မီဇိုယန်သည်
သိုလ်သို့ မရောက်မီက ချွေးတပ်စခန်းတစ်ခုတွင် ချွေးတပ်ဗိုလ်လုပ်လာခဲ့သည်ဟု၊
ကဲ့သို့ လူတို့၏ကိုယ်များကို အောင်မြင်စွာ စည်းကမ်းပေးနိုင်ခဲ့သည့်အတွက် သူ့အား
တိုးပေးသောသဘောဖြင့် တက္ကသိုလ်က ပညာရှိများ၏ စိတ်များကို စည်းကမ်း
လွှတ်လိုက်သူ ဖြစ်သည်ဟု၊ တစ်ယောက်စကား တစ်ယောက်နား ပြောကြသည်။
သို့ ပြောကြခြင်းများ မှန်သည်မမှန်သည်ကို စစ်ဆေးကြည့်ဖို့ခက်သည်။ မလို၍
အလို ပြောကြခြင်းများ ဖြစ်ချင်ဖြစ်နိုင်သည်။

မီဇိုယန်သည် တစ်နေ့တခြား သူ့ဗိုက်က ရွဲ့ရွဲ့လာသဖြင့် ထိုကဲ့သို့
ခြင်း လေ့ကျင့်ခန်းပေးရသည်ကို ပျင်းလာသောအခါ နည်းတစ်မျိုးထွင်ပြန်သည်။
မှာ ပညာရှိတို့သည် သူနှင့်တွေ့သောအခါ စစ်သားက စစ်ဗိုလ်ကို အလေးပြုရ
အတိုင်း မတ်မတ်ရပ်၍ ခြေဖနောင့်ချင်း အသံမြည်အောင်ရိုက်ပြီးလျှင် "ရဲဘော်
ငါသည် ပညာကျော်အဖွဲ့ဝင် မည်သူမည်ဝါဖြစ်ပါသည်" ဟုဆိုကာ ပြောကြ
သည်။

ထိုသို့ပြောသည့်အခါ မီဇိုယန်က "သက်သာ" ဟု အမိန့်ပေးလိုက်မှ
ပြုရသော ပညာကျော်တို့သည် သူတို့သွားလိုရာသို့ ဆက်၍သွားနိုင်ရသည်။

မီဇိုယန်သည် ပညာကျော်တို့အား ထိုသို့အလေးပြုခိုင်းရသောနည်း ရိုးသွား
ခါ ပညာကျော်များအား ထနက်ခွေ့တစ်ပတ်တစ်ခါ နိုင်ငံရေး အစမ်းစာမေးပွဲ
ပြန်သည်။ ထိုအစမ်းစာမေးပွဲအတွက် ပါမောက္ခ ကထိက စသည်တို့အား
ထင်ရေးသော "လီနင် ဝါဒ ပြဿနာများ" ခေါ် စာအုပ်ကို တနင်္ဂနွေတစ်ပတ်လျှင်
မှာ မည်ရွေ့မည်မျှ ကျေပြွန်အောင် ဖတ်ရမည်ဟု ခိုင်းသည်။

တနင်္ဂနွေတစ်ပတ်ဆုံးသောအခါ ပညာရေးအဖွဲ့ဝင်များအား ရုံးခန်းသို့
ယောက်စီခေါ်၍ မီဇိုယန်က စာအုပ်ကိုကြည့်ပြီး အရွတ်ခိုင်းသည်။ တစ်လုံးမှားလျှင်
သည်ပြီး နောက်တစ်ပတ်ပြန်ပြီး ရအောင်ကျက်ရမည်ဟု အမိန့်ပေးသည်။

ထို့နောက် မီဇိုယန်သည် တစ်လလုံးလုံး စာမေးပွဲလုပ်ရခြင်းကို ရပ်ထား
အခိပ္ပာယ်မှာ သူပျင်းသွားလို့ နောက်ကို ဆက်မလုပ်တော့ဘူးဟု ပြောသည်။

ဂလူယုက်စိတ်ထဲက "ဒီတစ်ခါ တို့ကို ဘာအလုပ်ခိုင်းဦးမလဲ မသိဘူး"
အောက်မေ့နေစဉ်တွင် စကားပြောကြေးနန်းထဲက အသံက "ပန်းတွေမတော
လား" ဟု မေးသည်။ ဂလူယုက်သည် သွေးပျက်၍ လက်များခြေများ
သွားသည်။ ထိုစကားမှာ လျှို့ဝှက်သော အချက်ပေးစကားဖြစ်၍ လျှို့ဝှက်သော

www.burmeseclassic.com

www.burmeseclassic.com



အစည်းအဝေးရှိသည်ဟု အဓိပ္ပာယ်ရသည်။ လျှို့ဝှက်သော အစည်းအဝေးရှိသည်ဆိုလျှင် ဘာဖြစ်မည်ဟု မပြောနိုင်။

စကားပြောကြေးနန်းထဲက အသံက "ဆိန္နယလမ်းနှင့် ဗွီဒိန္နီလမ်းထောင့်မှာ နှစ်နာရီအချိန်တွေ့မည်" ဟု ပြောသည်။ ဂလူယုက်က "ကောင်းပါပြီ" ဟု ပြန်ပြောလိုက်သည်။ ထို့နောက် ဂလူယုက်သည် မျက်မှောင်ကြီးကြုတ်၍ ချိန်းသောနေရာသို့ သွားသည်။ ရောက်၍ "ပါမောက္ခက နိုဗိကောက်ကို စာရေးဆရာကြီးဝိုရင်နှင့် မိတ်ဆက်ပေးရမည်" ဟူသော အမိန့်ကို ကြားလိုက်ရသောအခါ ဂလူယုက်မှာ မျက်စိများပြာသွားသည်။ သူ့ကို အမိန့်ပေးသူမှာ ဒရိုဖြစ်သည်။ ဒရိုက ဘာမျှ အကျိုးအကြောင်းပြောမနေဘဲ တိုတိုတုတ်တုတ်နှင့် အမိန့်ကိုပေးသည်။ ထိုအမိန့်သည် မည်မျှလောက် အရေးကြီးသော အမိန့်ဖြစ်သည်ကို ဂလူယုက် စဉ်းစားမိသည်။ ဂလူယုက်သည် တက္ကသိုလ်သို့ ပြန်လာရင်း ဒရိုပြောလိုက်သည့် စကားများကို တစ်လုံးချင်း တစ်လုံးချင်း လေးနက်စွာ စဉ်းစားကြည့်ပြီးနောက် နောက်ဆုံးတွင် ဒရို၏ မျက်နှာထားပြောင်းသွားပုံကို မြင်ယောင်၍နေသည်။ သူ မှတ်မိသလောက်ဆိုလျှင် ဝမ်းသာဖို့အကြောင်း တစ်ခုမျှမရှိ။ ဒရိုသည် ဖော်ရွေခြင်းမရှိဘဲ အလုပ် သဘောဖြင့်သာ တည်တည်ကြီးပြော၍ မထေမဲ့မြင်ပြောသော လေသံပင်ပါဟန်ထင်ရသည်။

ထို့နောက် ဂလူယုက်သည် ရုတ်တရက်ရပ်၍ သူ့စိတ်ထဲက မသက်သာဖြစ်၍ လာသည်။ "ခင်းတို့က ငါ့ကိုဖြုတ်ပြီး ငါ့နေရာမှာ နိုဗိကောက်ကို ထားချင်လို့ပါ။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒီ အကြံပါပဲ။ ဒီနောက်မှ ပေါ်ထင်နိုဗိကောက်အကြောင်း ငါ သတင်းစာထဲမှာ တွေ့ပါတယ်။ သတင်းစာတွေက ဒီကောင်ကို ဘော်ရှီဗစ်လူငယ် ပညာရှင်တစ်ယောက်ဆိုပြီး ဗိုင်းပြီးမြှောက်ကြတယ်။ ဒီကောင်က လျှို့ဝှက်တဲ့ သူလျှို ဌာနနှင့် အဆက်ရှိတာကို အခုမှပဲ ငါသိတယ်။ ဒါကြောင့် သူ့ကို အခုလိုညာလှိုင်းပြီး ဝိုင်းမြှောက်ပေးကြတာကိုး။ အခုတော့ ရှင်းပါပြီ။ အခုဆိုရင် သူတို့အကြံက ငါ့အကူအညီနှင့် နိုဗိကောက်ကို ဝိုရင်နှင့် မိတ်ဆက်ပေးမယ်။ ပြီးတော့ ငါ့ကို ထုတ်ပစ်မယ်။ ပြီးတော့ ငါ့ကို ဝိုရင်နှင့် ဝေးနိုင်သမျှဝေးတဲ့ နေရာကိုပို့ကြမယ်။ ဒီတော့ ငါ ဘယ်လို ကြံရမတုံး" ဟု ဂလူယုက် စိတ်ထဲက တွေးမိသည်။

ဂလူယုက်သည် ဖိနပ်အောက်က တီကောင်ကဲ့သို့ မချိတရိဖြစ်၍နေပြီး သူ့မှာ ဒီသူလျှိုအလုပ်နှင့် ဝိုရင်နှင့်မိတ်ဆက်ဖြစ်ခြင်းသာလျှင် အားကိုးရှိသည်။ အကျပ် အကြပ်ကျသည့်အခါများတွင်လည်း ဒီအကြောင်းနှစ်ခုက သူ့ကို ကယ်ဆယ်ခဲ့သည်။ သူလျှိုဌာနသည် ဒီအကြောင်းနှစ်ခုကို အလွဲသုံးစားလုပ်နေပြီ။

ဂလူယုက်သည် ခေါင်းထဲ၌ ချာချာလည်၍နေပြီ။ "ငါလုပ်တာ ဘယ် အချက်များ ချော်သွားပါလိမ့်။ ငါကြိုးစားမလုပ်တဲ့ အလုပ်လို့လဲ မရှိပါဘူး၊ ခိုင်းတဲ့ အလုပ်မှန်ရင်လည်းပဲ တစ်ခါမျှ မငြင်းခဲ့ပါဘူး။ ငါ့ကို ဘာလို့ အလိုမရှိတော့တာပါလိမ့်။ ငါဟာ ခွေးလိုသစ္စာရှိရှိနှင့် အပြစ်တင်စရာမရှိအောင် နှစ်ပေါင်းများစွာ အမှုထမ်း



ခဲ့ရတာတွေကို ကျေးဇူးကန်းကြတော့မည်ထင်တယ်" ဟု ဂလူယုက် စိတ်ထဲတွင် ၍ ပူလျက်ရှိသည်။

ဂလူယုက်သည် ထိုသို့စိတ်ပူပူနှင့် သူ့ရုံးခန်းသို့ ပြန်လာရာလမ်းတွင် ဘာကို ကောင်းကောင်းမမြင်။ အသိမိတ်ဆွေများက လှမ်းနှုတ်ဆက်၍ ပြန်ပြီးနှုတ်ဆက်ခဲ့ သော်လည်း ဘယ်သူဘယ်ဝါဟု မသိလိုက်။

"ငါဘယ်လိုလုပ်ရပါ့။ သွားတိုင်ရကောင်းမလား။ တိုင်တော့ကော ဘယ်သူ့ကို တိုင်ရမှာလဲ။ ဒရိုကို သွားတိုင်မလား။ ဒါလည်း မဖြစ်နိုင်ဘူး။ အို နောက်ဆုံးတော့ ငါဟာ ...လာလို့ ဒီလိုဖြစ်ရတာပဲ။ ငါဟာ အဝတ်စုတ်အဖြစ်မျိုး ရောက်လာပြီ။ ဘာမျှ အသုံး ...တော့တဲ့ အဝတ်စုတ်ပါပဲ" ဟု ဂလူယုက်သည် ဆက်ကာတွေးပြီး ပူလျက်ရှိသည်။

ဂလူယုက်သည် သူ၏ရုံးခန်းသို့ ရောက်သွားသောအခါ စာရေးမ ပန်ကရာ ...တ်က ဣန္ဒြေရရနှင့် ဆီးကြိုလျက်ရှိသည်။ ဂလူယုက်သည် စာရေးမက သူ့ကို ကြည့်လိုက်သောအခါ သူ့ဟာသူ စိတ်မလုံပြီး ကြက်သီးများထသွားသည်။ သူ့စိတ်ထဲ ... စာရေးမ၏ကြည့်ပုံသည် သူ့ကိုမလိုလားသူတို့က သူ့အား အဆင်းတွင်ဝိုင်း၍ ...ကြမည့် အကြည့်မျိုး၏ ရှေ့ပြေးနိမိတ်မျိုးဖြစ်သည်ဟု ထင်မိသည်။ ပြီးလျှင် ...တ်ပါတယ်။ ဒါဟာ ငါ ရာထူးကျဖို့ ပထမအထစ်ပါပဲ။ ဒီနောက်တော့ တောက် ...တ်ကျသွားမှာပါပဲ။ ဘာမှ ဆယ်လို့ရတော့မှာ မဟုတ်ပါဘူး။ အလွန်ဆုံး ငါ ...ရာထူးနှင့် ဆက်နေလျှင် တစ်လပေါ့။ ဒီတော့ ငါ တစ်ခုခုတော့ ကြံမှဖြစ်မှာပဲ။ ...တော့ လုပ်မှဖြစ်မှာပဲ။ ဒါပေမယ့် ဘယ်လိုကြံလို့ ဘယ်လိုလုပ်ရမလဲဆိုတာက ...တယ်" ဟု ဂလူယုက်စိတ်က ဆက်၍တွေးပြန်သည်။

ဂလူယုက်သည် သူ့စားပွဲ၌ ထိုင်မိသောအခါ သူအပြီးသတ်အောင် မရေးရ ...သည့် အစီရင်ခံစာကိုတွေ့သည်။ ထိုအခါ သူ့စိတ်ထဲက ငါ အပူဖျောက်ထားပြီး ...ကိုပြီးအောင် လုပ်ဦးမှဖြစ်မည်ဟု အောက်မေ့ပြီးလျှင် အစီရင်ခံစာကို ဆက်၍ရေး ...။ စိတ်တုန်လှုပ်ချောက်ချားခြင်းကို သက်သာရာရစေတတ်သော ဆေးများအနက် ...လုပ်ခြင်းသည် အကောင်းဆုံးဆေးတစ်ခုဖြစ်သည်ကို ဂလူယုက်သည် ကိုယ်တွေ့ ...ဖြင့် ကောင်းစွာသိသည်။

ဂလူယုက်သည် အလုပ်ဆက်လုပ်ရင်းနှင့် စိတ်သက်သာရာ ရသွားပြီးလျှင် ...ဘာငါ အတွေးခေါင်နေတာပဲထင်ပါသည်။ တကယ်ဆိုတော့လည်း ပူစရာရှိချင်မှ ...။ ဘာပြောပြော ဒီနေ့ည နိုဗိကောက်ကို ငါတွေ့မှာပဲ။ ဒီတော့ တီးခေါက်ကြည့်နိုင် ..." ဟု အောက်မေ့ကာ သူ့စိတ်ကို သူဖြေသည်။ သို့ရာတွင် ရင်ထဲက အပူလုံးကြီးမှာ ...တ်သေး။

ညနေ ခြောက်နာရီအချိန်တွင် သူ့အိမ်သို့ ပြန်သွားသောအခါ ဂလူယုက်မှာ ...၍ မျက်နှာဖြူဖပ်ဖြူရော် ဖြစ်နေသည်။ သူ့မယားကို ခါတိုင်းထက်ပို၍ ယုယစွာ ...နှုတ်ဆက်သည်။ သူ့မယားက "ဘယ်လိုဖြစ်လာတာလဲ၊ မျက်နှာလည်း

www.burmeseclassic.com

www.burmeseclassic.com



မကောင်း ပါလား။ အလုပ်အတွက် အနှောင့်အယှက် တွေ့လာပြန်ပလား ချစ်သူ''ဟု မေးသည်။ ဂလူယှက်က ''ဘာမျှမဖြစ်ပါဘူးကွယ်။ မောလာလို့ပါ။ အခုစ အမောပြေသွားပါလိမ့်မယ်''ဟု ပြောသည်။ သို့ရာတွင် သူ့ဝမ်းထဲကတော့ ''ဒီနေ့ကစပြီး သင်နှင့်ငါနှစ်ယောက်တော့ ဒုက္ခတွေ့ကြတော့မည်''ဟု အောက်မေ့မိသည်။

ဂလူယှက်၏မယားသည် ကိစ္စတစ်ခုကိုမဖြစ်ခင်က တင်ကြို၍မပူတတ်ဘဲ ဖြစ်တော့မှသာ ပူတတ်သော သူတစ်ယောက်ဖြစ်သဖြင့် သူ့လင်က ''မောလာလို့ပါ''ဟု ပြောခြင်း ကို ယုံကြည်ပြီးလျှင် စိတ်အေးသွားသည်။ ဂလူယှက်သည် စိတ်ညစ်တတ် စိတ်ပူတတ်သည်။ သူ့မယားသည် ရွှင်ရွှင်ပျပျနေတတ်၍ အရေးအကြောင်းရှိလျှင် လက်တွေ့သင့်သလိုကြည့်၍ ဆောင်ရွက်တတ်သည်။

ဂလူယှက်က သူ့မယား၏ ခါးကိုဖက်၍ စားပွဲခန်းထဲသို့သွားရင်း ''ဒီမှာ အော်လဂါရေ၊ ဒီနေ့ ရောက်စတောက်တက္ကသိုလ်က ပါမောက္ခနိုဗိကောက် တို့အိမ်မှာ ညစာလာစားလိမ့်မယ်ဟေ့'' ဟု အော်လဂါ၏ မျက်နှာကိုမကြည့်ဘဲ ပြောသည်။ သူ့စိတ်ထဲတွင် သူစိတ်ညစ်ခြင်းကို နိုဗိကောက်လာခြင်းနှင့် ဆက်စပ်၍ မကြည့်စေလို

''ဒီ ပါမောက္ခက ရေးဟောင်းဆလပ်လူမျိုးတွေ သမိုင်းကိုရေးတဲ့ ပါမောက္ခ ဆိုတာလား''

''ဒါပေါ့ကွယ်''

''ဒါဖြင့် နေရာကျပြီ။ သူ့ကိုမေးကြည့်ချင်တာနှင့် အတော်ပဲ။ သူရေးတာ သူ့ဟာသူ ယုံကြည်မှာတော့ မဟုတ်နိုင်ပါဘူး''

ဂလူယှက်သည် လန့်သွားပြီး အော်လဂါကို သေသေချာချာကြည့်၍ ''သူနှင့် စကားပြောတဲ့အခါမှာ ဆင်ခြင်ပြောပါ အော်လဂါရာ။ သူက ဘော်ရှီဗစ်အမျိုးအစား လူငယ်ပညာရှိထဲကကွ''ဟု ပြောသည်။

အော်လဂါက ''သင်ဟာ နေရာတကာ တယ်ပြီး အတွေးခေါင်တာကိုး လူငယ်တွေဆိုတာ လူကြီးတွေထက်ပိုပြီး အာကျယ်တာပဲ ထူးပါတယ်''ဟု ထင်မြင်ချက် ပေးသည်။

''ဘာပဲဖြစ်ဖြစ်ကွာ စကားပြောရင် သတိထားသာပြောပါ။ သူနဲ့ငါနဲ့လည်း သိပ်ပြီး ကျွမ်းကျွမ်းဝင်ဝင် သိသေးတာမဟုတ်ဘူး''

အော်လဂါက သူ့လင် စိတ်အေးစေရန်သဘောနှင့် ''ကောင်းပါပြီ။ ကောင်း ပါပြီ။ သတိထားပြောပါ့မယ်။ ညစာစားဖို့တော့ ရှိတာနဲ့ပဲကြည့်ပြီး လုပ်ပေးရမှာပဲ မော်စကိုက ဗော့ဒကာအရက်လည်း ရှိပါသည်။ သူ အရက်သောက်သလား''ဟု မေးသည်။

''ငါလည်း မသိဘူး။ ဒါပေမယ့် ဒီပြင်ဟာတွေတော့ အကုန်လုံး စည်းကမ်းတကျ လုပ်ပေ့။ နောက်လည်း သူတို့အိမ်ကို ခဏခဏ ထမင်းစားလာလိမ့်မယ်''



''သူ ပညာကျော်အဖွဲ့ထဲကပေါ့ပလား''

အခုတော့ မပါသေးဘူး။ ဒါပေမယ့် သူနဲ့ငါနဲ့ ခဏခဏတွေ့ရလိမ့်မည်။ ထပ် ငါ့ကို ဘာမျှ မေးမနေပါနဲ့တော့ကွာ''

''သင် မောလာတယ်။ ထမင်းမစားခင် သွားပြီးလှဲနေလိုက်ပါဦး။ သင့် ရတာ နေကောင်းပုံမရဘူး။ သွားပါ လှဲနေချေပါ''ဟု ပြောပြီးလျှင် အော်လဂါက ကြယ်သီးများ ဖြုတ်ပေးသည်။ ဂလူယှက်က အော်လဂါ၏လက်ကို အသာ ယ်၍ဖယ်ပစ်ပြီး ''ခက်တာပဲကွာ နားလို့လည်း မဖြစ်သေးဘူး။ ငါ အစီရင်ခံစာ ဦးမယ်။ ဟိုကောင်ယုတ်မာ မီဇိုယန်ရဲ့ အလုပ်ပေါ့ကွ''ဟု ပြောသည်။

''ဩော် ဖြစ်မှဖြစ်ရပလေကွယ်။ သူတို့ဟာတွေက လူတစ်ယောက်ကို တာသ်မှ မပေးကြဘူးနော်။ တကယ်ဆို သူ့အစီရင်ခံစာ သူ့ဟာသူ ရေးရောပေါ့''

''သူ့ဟာသူ ဘယ်ရေးမလဲကွာ၊ ဒီမှာ ဂလူယှက်ကြီးတစ်ယောက်လုံး တာပဲ'' ဟု ဂလူယှက်က စိတ်ဆိုးဆိုးနှင့်ပြောသည်။

***

(၃)

ဂလူယှက်သည် ညစာမစားမီ သူရေးထားသော အစီရင်ခံစာကို ပွဲမဝင်ခင် တွင်းပသောသဘောဖြင့် မှန်ထဲတွင် ကြည့်၍ဖတ်နေသည်။ မှန်ထဲတွင် သူ့ရုပ်ကို သောအခါ ဂလူယှက်သည် သူ့ဟာသူပင် မမှတ်မိလောက် အောင်ရှိသည်။

''ဟ ငါ့ရုပ်ဟာ ဒီလိုမဟုတ်ပါဘူး''ဟု သူ့ဟာသူ တိုးတိုးပြောသည်။ တ်၏ အထူးကျဉ်းသော မျက်စိများသည်ပြဲ၍ မျက်ခုံးများပြူး၍လာသည်။ တ်ခမ်းများသည်လည်း သွေးမရှိဘဲ စောင်းရွဲ့၍နေသည်။ ဒီမျက်နှာဟာ တ်လန့်နေတဲ့ မျက်နှာပဲ''ဟု စိတ်ထဲက အောက်မေ့ပြီးလျှင် ဂလူယှက်သည် မျက်စိများနှင့် နဖူးကို လက်များဖြင့် ကြောက်ရုပ်ပျောက်သွားအောင် ည်။ ပြီးလျှင် ''ဒီမျက်နှာဟာ ၁၉၂၀ ပြည့်နှစ်မှာ ငါထောင်ကလွတ်လာတုန်းက ကျင်မှုကို ခံစားရလို့ ကြောက်လန့်ပြီး လူစဉ်မမီအောင်ဖြစ်နေတဲ့ မျက်နှာပဲ''ဟု အလျင်ကအဖြစ်ကို ပြန်၍တွေးမိသည်။ ထိုအခါ သူ့စိတ်ထဲ၌ သူ့အတွက်ရော အတွက်ပါ စိုးရိမ်ကြောင့်ကြခြင်းများ အပြင်းအထန်ဖြစ်၍လာသည်။ စိုးရိမ် င့်ကြခြင်းများသည် လျော့၍မသွား တိုးသထက်တိုး၍သာလာသည်။ သို့နှင့် င်ပျော့နေတတ်သော သူ့မယားအား သူ့စိတ်ထဲက သူ့အပူများကို ပြောပြရလျှင် သည် သူ့အားနှစ်သိမ့်အောင်လုပ်နိုင်လိမ့်မည်ဟု ထင်မိသည်။ သို့ရာတွင် တ်လာသောအခါ ဤအကြောင်းများကို သူ့မယားက အမှတ်မထင် ပြောလိုက်မိ သဖြင့် သူ့မယားအား ပြောမပြသေးရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂလူယုက်သည် မှန်ထဲသို့ကြည့်၍ ""ရဲဘော်တို့ ယနေ့ ကားလမတ်နှင့် အိန်ဂဲအဖွဲ့ခွဲကို ဤရောက်စတောက်မြို့၌ ဖွင့်လှစ်ခြင်းမှာ သမိုင်း ထိုးလောက်အောင် အရေးကြီးသည့် ကိစ္စကြီးဖြစ်ပါသည်""ဟု ရွတ်ကာ စကားပြော လေ့ကျင့်နေသည်။

ထိုအခိုက်တွင် သူ့မယား၏မောင် အယ်လက်ဇေ ပြန်ရောက်လာသည်။ အယ်လက်ဇေသည် စာကြည့်တိုက်တွင် စာကြီးပေကြီးများကို တစ်နေ့လုံးသွား၍ လေ့လာလျက်ရှိပြီးလျှင် ညညတွင် ဂလူယုက်တို့အိမ်သို့ လာ၍အိပ်သည်။ ဂလူယုက် သည် ပညာကျော်အဖွဲ့ဥက္ကဋ္ဌဖြစ်သဖြင့် သုံးခန်းတွဲ အကောင်းဆုံးအိမ်ကိုရသည်။ အယ်လက်ဇေသည် ထမင်းစားခန်းထဲတွင် အိပ်၍ မနက်ထတွင် အိပ်ရာကိုလိပ်ကာ ဆိုဖာထိုင်ခုံနောက်တွင် သိမ်းထားသည်။ ဂလူယုက်တို့တွင် တောက အစေခံမကလေး ဖျူတ်ကလာဆိုသူရှိသည်။ ဖျူတ်ကလာသည် မီးဖိုထဲတွင် အိပ်နေသည်။ နေ့တွင် စောစောထ၍ ပေါင်မုန့်၊ ရေနံဆီ၊ ချက်စရာ ပြုတ်စရာပစ္စည်း၊ အဝတ်အထည် စသည်တို့အတွက် ရာရှင်သွား၍ တိုးရသည်။ ထိုကြောင့် အော်လဂါက အိမ်ကို လှည်းကျင်းသုတ်သင်ခြင်း၊ ထမင်းဟင်းချက်ပြုတ်ခြင်း အလုပ်ကို လုပ်ရသည်။

""သွားစမ်း၊ ဟိုဘက်အိမ်က ပညာကျော်အဖွဲ့ဝင် ဇာထရူးယုက်ဆီမှာ ယိုသွားချေးစမ်း။ လက်ဖက်ရည်ပန်းကန်ပြားနှင့် အပြည့်ရအောင် ချေးခဲ့။ ဒီနေ့ တို့အိမ် ဧည့်သည်တစ်ယောက် လာမှာမို့ပါ။ တို့ ရာရှင်လက်မှတ်ရတဲ့အခါကျမှ ထုတ်ပြီး ပြန်ဆပ်ပါမယ်လို့ပြော""ဟု အော်လဂါက သူ့မောင် အယ်လက်ဇေကို ခိုင်းသည်။

""သူကချေးပါ့မလား""ဟု အယ်လက်ဇေက ပြန်မေးသည်။

""ရပါလိမ့်မည်။ တစ်လောက သူ့မွေးနေ့ကျင်းပတုန်းက ငါ့ဆီက သကြား ပေါင်ဝက် ချေးလိုက်ရတယ်။ အဲဒီသကြားကိုလည်း တစ်လလောက်ကြာမှ ပြန်ဆပ်တယ် ဒါနဲ့မှ တို့ကို မချေးဘူးဆိုရင် ဒင်းတို့ဟာ နွားတွေပေါ့""ဟု အော်လဂါက ပြောသည်။

""အောင်မယ် ဒီလိုဆိုရင် ရဲရဲကြီးသွားချေးမှာပေါ့။ ဘာမျက်နှာပူစရာ သလဲ""ဟု ပြောပြီးလျှင် အယ်လက်ဇေ ထွက်သွားသည်။

နာရီဝက်လောက်ကြာသောအခါ အယ်လက်ဇေသည် ဖျူတ်ကလာနှင့်အတူ ရယ်မောပြီး ပြန်လာသည်။

""ဘာရယ်ကြတာလဲ""ဟု အော်လဂါက ဆီး၍မေးသည်။ ထိုအခါ ဖျူတ် လကာက ဘာမျှမပါသည့် ပစ္စည်းထည့်ရန်အိတ်ကို စိတ်ပျက်လက်ပျက်နှင့် ပစ် လိုက်ပြီး ""ဒီမှာ အော်လဂါရဲ့၊ ဒီနေ့ ငါဘာမှ ရာရှင်တိုးလို့မရခဲ့ဘူး။ ဆောင်းတွင်း စီးဖိနပ်လည်း ထုတ်ပေးမယ်ပြောပြီး မပေးဘူး""ဟုပြောသည်။

အော်လဂါက ""နေစမ်းပါဦး ငါမေးတာကို ပြောစမ်းပါ။ သင်တို့ ဘာရယ် လာကြတာလဲ""ဟု ထပ်၍မေးသည်။



ဖျူတ်ကလာက မျက်စိမျက်နှာပျက်သွားပြီး ""အို ဘာမျှမဟုတ်ပါဘူး။ လှေကားပေါ်မှာ မဟုတ်တာတွေ လျှောက်ပြောလို့ရယ်တာပါ""ဟု ပြောသည်။

""ငါ့မောင်ကို အယ်လက်ဇေလို့ခေါ်ပါ။ အရိုသေတန်ပြီး အဖျားဆွတ်ပြီး ဇေ ခေါ်ပါနှင့်ဆိုတာ ငါပြောတာများလှပြီ မဟုတ်လား""ဟု အော်လဂါက မြည်သည်။

""သူကြိုက်သလို ခေါ်ပါစေ၊ ငါ စိတ်မဆိုးပါဘူး""ဟု အယ်လက်ဇေက တလာဘက်မှ ဝင်၍ပြောသည်။

""ဒါဖြင့်လည်း ပြီးတာပဲ။ ဆောင်းတွင်းစီးဖိနပ်မရတာက အရေးမကြီး ဘူး။ ဆောင်းပေါက်ဖို့ အဝေးကြီးလိုပါသေးတယ်""ဟု အော်လဂါက ပြောပြီးလျှင် ယ်လက်ဇေဘက်သို့လှည့်၍ ""ဘယ့်နှယ်လဲ ယိုရခဲ့ရဲ့လား""ဟု မေးသည်။

အယ်လက်ဇေက သစ်သီးယိုပန်းကန်ပြားကိုပေးပြီး ""ဟောဒီမှာ ရခဲ့ပါသည်။ ရူးယုက်နှင့်လည်း တွေ့ခဲ့ပါသည်။ သူက ယိုကို ချေးသာချေးလိုက်ရတယ်။ ပြန်ဆပ်မယ်တော့ မထင်ပါဘူးလို့ ပြောလိုက်တယ်""ဟု ပြောသည်။

""သူ့ဆီကချေးတာကို ဘာလို့ ပြန်မဆပ်ရမှာတဲ့လဲ""ဟု အော်လဂါက ာသည်။ ပြီးလျှင် ဆက်၍ ""ဟဲ့ ဖျူတ်လကာ မီးဖိုထဲသွားပြီး ငါးတွေဆေးချေ။ ယ်လက်ဇေကလည်း လိုက်ပြီးကူညီလုပ်""ဟု ပြောသည်။

""ကောင်းပါပြီ""ဆိုပြီး အယ်လက်ဇေသည် ဖျူတ်ကလာနောက်သို့လိုက်၍ သည်။ သူတို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် အများကြီး ကြသည်။ ဂလူယုက်သည် ညတစ်ရေးနိုး၍ ထသည့်အခါတိုင်း အယ်လက်ဇေကို ိပ်သည့် မွေ့ရာထဲတွင် မတွေ့ရဘဲ မီးဖိုဘက်မှ တတွတ်တွတ်နှင့် စကား သံများကိုသာ ကြားရသည်။ တစ်ခါသော် ဂလူယုက်က သူ့မယားအား ယ်လက်ဇေတို့ကိစ္စကို ပြောပြရာ သူ့မယားက ပြုံးပြီး ""ငါသိပါသည်။ ငါလည်း ောက်မအပါဘူး။ ဒါပေမယ့် ဘာတတ်နိုင်မှာလဲ။ လူငယ်တွေဆိုတာ ဒီလိုပေါ့။ သူပြီး အိမ်ခေါ်မလာတာတဲ တော်သေးတာပေါ့။ တကယ်လို့သာ အယ်လက်ဇေဟာ ယူပြီး ခေါ်လာမယ်ဆိုရင် အိပ်စရာပေးဖို့တောင် အခက်ပဲ။ စားပွဲအောက်မှာ ိပ်ခိုင်းမှပဲဖြစ်မယ်""ဟု အော်လဂါက ပြောသည်။

""ငါပြောချင်တာက ဒီကိစ္စဟာ တစ်နေ့ ဒုက္ခပေးလိမ့်မယ်ဆိုတာပဲ။ ယ်လို့ ဗိုက်ကြီးလာရင် ဘယ်လိုလုပ်မလဲ""ဟု ဂလူယုက်ကပြောသည်။

""ဖျူတ်ကလာကို ငါအကုန်ပြောထားပါတယ်။ သူလည်း ဒါလောက် ပါဘူး"" ဟု အော်လဂါက ဖြေသည်။

ဂလူယုက်သည် သူ့မယား၏ ဖြေပုံကို စိတ်ကျေနပ်သဖြင့် ""သင်ဟာ အရာရာမှာ တယ်အစဉ်းစားရှိတာကိုး""ဟု ပြောပြီး သူ့ယောက်ဖ၏ သန်းခေါင်ယံ အခန်းနှင့်ပတ်သက်၍ နောက်ထပ် ဘာမျှမပြောတော့။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂလူယုက်သည် သူက ပါမောက္ခဘဝနှင့် အော်လဂါက ကျောင်းသူဘဝတွေ့ကြပြီး အချစ်ပျိုးခဲ့သည့်အကြောင်းများကို စားမြုံ့ပြန်ကာ တွေးလျက်နေသည်။

ဂလူယုက်သည် ထိုစဉ်အခါက အော်လဂါအား သူ၏ညီ ဗလာဒီမီယာနှင့်လည်း မိတ်ဆွေဖွဲ့ပေးသည်။ ဗလာဒီမီယာသည်လည်း ဂလူယုက်ကဲ့သို့ပင် လောကဓာတ်ဆရာကြီးတစ်ဦးဖြစ်သည်။ ဂလူယုက်နှင့်အော်လဂါတို့ စ၍တွေ့ကြသည်မှာ ပထမကမ္ဘာစစ်ကြီး မဖြစ်မီ ၁၉၁၄-ခုနှစ်က ဖြစ်သည်။ ဂလူယုက်တို့ ညီအစ်ကိုနှစ်ယောက်သည် လောကဓာတ်ပညာမှတစ်ပါး အခြားကိစ္စများတွင် စိတ်မဝင်ဝါ။ ဂုဏ်ပကာသနကိုလည်း လုံးလုံးဂရုမစိုက်။ နိုင်ငံရေးကိုလည်း အရေးကြီးသည်မထင်။ တော်လှန်ရေးကိုလည်း အရူးအလုပ် ဟုသာ အောက်မေ့ကြသည်။ ကျောင်းသားတိုင်းက တော်လှန်ရေးသမားများ လုပ်ချင်ကြသည့် ခေတ်ကြီးတွင် ဂလူယုက်က သူ့တပည့်များအား "နိုင်ငံရေးကို မေ့ပစ်လိုက်ကြစမ်းပါ။ နိုင်ငံရေးဟာ အလကားအလုပ်ပါ။ နိုင်ငံရေးဟာ သင်တို့ရဲ့ ရန်သူပဲ။ ပညာကမှသာ သင်တို့ကို ကယ်နိုင်မှာ" ဟု ပြောသည်။ ဂလူယုက်တို့ ညီအစ်ကိုနှစ်ယောက်သည် ဘာမျှ ကြောက်ရကောင်းမှန်းမသိ ပြောစရာရှိသမျှကို ပွင့်ပွင့်ကြီးပြောသည်။ အချို့ သူများသည် ကြောက်လန့်နေကြကြောင်းကို ကြားရသောအခါ သူတို့ဟာ ဘာလို့များ ကြောက်လန့်နေကြပါလိမ့်ဟု အံ့ပင် အံ့သြမိကြသည်။ ဂလူယုက်အား စကားပြောလျှင် အရမ်းမပြောဖို့ သတိပေးကြသောအခါ ဂလူယုက်က ကဗျာဆရာကြီးတစ်ဦး၏ စကားကို ကိုးကား၍ "အချစ်မှန်သည် ကြောက်လန့်ခြင်းကို ပပျောက်စေသည်" ဟု ပြောသည်။ ပြီးလျှင် ဂလူယုက်ကဆက်၍ "ငါသည် ပညာရှိကိုချစ်သည်။ ဒါကြောင့် ငါ့၌ ကြောက် လန့်ခြင်းမရှိ" ဟု ပြောသည်။

သို့ရာတွင် ဟိုခေတ်သည် ကုန်ခဲ့ပြီ။

"အင်း အခုတော့ဖြင့် ငါဟာ မာန်စွယ်လုံးလုံးကျိုးနေပြီ။ ငါမကြောက်တာရယ်လို့ ဘာမျှ မရှိတော့ဘူး။ ငါ့ကိုယ်တောင် ငါပြန်ကြောက်နေပြီ" ဟု မသာယာသော နှလုံးဖြင့် ဂလူယုက်စိတ်ထဲက အောက်မေ့မိသည်။

ဂလူယုက်သည် ဘယ်တုန်းကစ၍ ကြောက်စိတ်ဝင်၍လာသနည်း။ သူ ကြောက်စိတ်ဝင်လာသည်မှာ နောက်ကွယ်မှနေ၍ အကောက်ကြံလိုက်သည့်အချိန်က ဖြစ်သည်။ သူတို့ညီအစ်ကိုနှစ်ယောက်သည် သူတို့ဟာသူတို့ မသိကြသော်လည်း သူတို့၌ မလိုမုန်းထားသူများရှိနေသည်။ ထိုသူတို့သည် ဗလာဒီမီယာ၏ ရဲရင့်စွာ ပြောဆိုချက်တို့ကိုချေကာ ဘော်ရှီဗစ် သူလျှိုစုံထောက်ဌာနအား တိတ်တဆိတ်သွား၍ တိုင်ကြသည်။ ထိုအခါ ချေကာက ဗလာဒီမီယာအား ဘော်ရှီဗစ်အစိုးရ၏ နိုင်ငံရေးရန်သူဟု စီရင်ချက်ချလိုက်သည်။ ထိုအခါ ပညာတတ်ခြင်းသည်၊ နာမည်ကျော်ကြားခြင်းသည်၊ ဘွဲ့ထူးရှိခြင်းသည် ဗလာဒီမီယာကို မကယ်နိုင်။ ဤသို့ဖြင့် ဗလာဒီမီယာသည် လျှော်မွေးကလေးတစ်ကောင်ပမာ လူမသိ သူမသိနှင့် အစပျောက်၍ သွားရသည်။



ဗလာဒီမီယာကို ဖမ်းသောအခါ ဂလူယုက်က ကျယ်လောင်စွာ ကန့်ကွက်သည်။ ထိုအခါ သူပါထပ်၍ အဖမ်းခံရသည်။ ချေကာအရာရှိတစ်ယောက်သည် ဂလူယုက်အိမ်သို့ လာ၍ "ဒါလင် ဒါလင်" (ချစ်သူ ချစ်သူ)ဟု ပါးစပ်က တဖွဖွခေါ်ကာ ယဉ်ကျေးစွာ စကားပြောပြီးလျှင် မော်တော်ကားနှင့်တင် ထောင်သို့ပို့လိုက်သည်။

ထောင်ထဲ၌ ဂလူယုက်ကို မှောင်မည်းနဲ့စော်နေသော တိုက်ခန်းလေးထဲတွင် ထားသည်။ ဂလူယုက်သည် ထောင်ထဲ၌ ကြာကြာမနေရ။ ခုနစ်ရက် နေရသည်။ သို့ရာတွင် တစ်ရက်တစ်ရက်မှာ တစ်ကမ္ဘာ တစ်ကမ္ဘာလောက် ကြာသည်ထင်ရသည်။ နေ့အခါတွင် ဂလူယုက်သည် အပြင်ဘက်မှခြေသံများ၊ သံတံခါးပိတ်သံများ၊ သော့ခလောက် ဖွင့်သံ၊ ပိတ်သံများသာ ကြားရသည်။ ညအခါတွင်မူ ကောင်းကောင်း အိပ်၍မရ။ အိပ်မက်ထဲတွင် တစ်စုံတစ်ယောက်က သူ့လည်ပင်းကို သံမဏိလက်ကြီးဖြင့် လာ၍ညစ်သည်ကိုသာ တွေ့ရသည်။

တစ်ညတွင် သူ့အခန်းနှင့်ကပ်နေသော ထောင်ခန်းသို့ ပြင်းထန်စွာနင်း၍ လာသော ခြေသံများနှင့် သံချေးတက်၍ကြပ်နေသော တံခါးကလန့်ကို ကျွီ ကျွီနှင့် ဖွင့်သံများကြားသဖြင့် ဂလူယုက်သည် အိပ်ရာမှနိုးသည်။ လူတစ်စုသည် အခန်းထဲသို့ အဆောတလျင်ဝင်၍ သွားကြသည်။ ထိုအခန်းမှာ သူ့ညီဗလာဒီမီယာ၏ အခန်းဖြစ်သည်။ ထိုအခိုက်တွင် ကျယ်လောင်စွာ စကားပြောကြသော အသံများကို ကြားရသည်။ ဂလူယုက်သည် အုတ်နံရံကိုကပ်၍ နားထောင်သည်။ နံရံသည်ထူသဖြင့် သဲသဲကွဲကွဲ မကြားရ။ ထို့နောက် ဗုန်းဗုန်းဗုန်း ဗုန်းနှင့် တစ်ချက်ပြီးတစ်ချက် ဆက်၍ရိုက်သော အသံများကို ကြားရသည်။ ထို့နောက် သူ့ညီ၏ အော်သံကိုလည်းကြားရသည်။ ထိုအခါ လူတစ်ယောက်က "အော်တယ်ဟ နာနာထပ်ချ နာနာထပ်ချ" ဟု ပြောသည်။ ထို့နောက် ဗလာဒီမီယာ၏ ကြောက်ခမန်းလိလိ အော်သံကြီးသည် ဂလူယုက်၏ အခန်းတွင်းသို့ အုတ်နံရံမှဖောက်၍ ဝင်လာသည်။

ဂလူယုက်သည် ကြောက်လန့်၍ နံရံနားမှထွက်ပြေးပြီးလျှင် ချောင်ကလေး တစ်ချောင်တွင် ဝပ်၍နေသည်။ ဂလူယုက်သည် သူ့ညီအား မျက်စိနှင့်မမြင်ရသော်လည်း သူ့ညီသည် မရှုမလှ တမ်သလင်းပေါ်တွင် တုံးလုံးကြီးလဲ၍ ဆန့်ငင် ဆန့်ငင်ဖြစ်နေသည်ကို တွေး၍မြင်သည်။ လောကတွင် တစ်ယောက်၏ မချိမဆန့်အော်သံသည် အကြောက်စရာ အကောင်းဆုံးဖြစ်သည့်အတိုင်း ဗလာဒီမီယာ၏ မချိမဆန့်အော်သံကို ကြားရသောအခါ ဂလူယုက်မှာ သွေးပျက်၍သွားသည်။ ဂလူယုက်သည် ကြောက်စိတ်နှင့် ဝပ်နေရာမှ ဗလာဒီမီယာအော်သည့်အခါတိုင်း လိုက်၍အော်မိသည်။

ထောင်ခန်းကလေးထဲက ဂလူယုက်သည် ပညာမာန်တက်၍နေသော လောကဓာတ်ဆရာကြီး ဂလူယုက်မဟုတ်တော့။ ဆင်းရဲခြင်းဝေဒနာကို ခံစားနေရသည့် ကြောက်ရွံ့နေသော ခွေးနှင့်တူသည့် သနားစဖွယ် ဂလူယုက်သာဖြစ်သည်။

ထိုကဲ့သို့ ဂလူယုက်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်းကြာမြင့်ခဲ့ပြီ။ သို့ရာတွင်

www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုအဖြစ်ကို ကွက်ကွက်ကွင်းကွင်း သတိရလျက်ရှိသည်။ ဂလူယက်သည် ထိုအချိန်ကစ၍ သူသည် သူ့ကိုယ်သူပင် မယုံတော့။ ထွက်သက်ဝင်သက်ရှူသည့် သတ္တဝါဆိုလျှင် ဘယ်သူ့ကိုမျှမယုံတော့။ ထိုညတွင် သူ့စိတ်ထဲ၌ အခြားမည်သည့် အရာကိုမျှ အလိုမရှိဘဲ ဘယ်နည်းနှင့် လွတ်ရလွတ်ရ ထောင်ထဲကလွတ်ဖို့တစ်ခုတည်း ကိုသာ အလိုရှိသည်။ ထိုသို့ ဂလူယက်စိတ်က တောင့်တနေစဉ်တွင် ချောကာအရာရှိ တစ်ယောက်သည် သူ့ကို ကယ်သူအဖြစ်နှင့် ရောက်လာသည်။ ချောကာအရာရှိသည် ပြုံးရွှင်သောမျက်နှာထားနှင့် ဂလူယက်ကို ကြည့်သည်။ သူ၏ကြည့်ခြင်းမှာ လူ၏ အသက်ကို ရောင်းဝယ်နေသော အသက်ကုန်သည် တစ်ယောက်၏ ကြည့်ခြင်းမျိုး ဖြစ်သည်။ ဂလူယက်သည် သူ့အသက်ကို ရောင်းဖို့အဆင်သင့်ရှိသလား ရှိသည်။

"ငါတို့ခိုင်းတဲ့ အလုပ်ကိုလုပ်ရင် သင့်ကို လွှတ်မည်ဟု" ချောကာအရာရှိက မျေးဆစ်လိုက်သည်။ ဂလူယက်ဘက်က ဈေးကိုင်ခြင်းမရှိ၊ သူ့အဖို့တွင် အော်ဟစ် သံများကို တစ်ကြားတည်းကြားနေရသော ဖွတ်စိုထိုင်းမှိုင်းသည့် ထောင်ခန်း ကျဉ်းကျဉ်းကလေးထဲက လွတ်လျှင်တော်ပြီ။ ဘာပဲလုပ်ရလုပ်ရ အရေးမကြီး။

"သင်ဟာ ဒီမှာလာပြီး ငါတို့ညသည်ဖြစ်ဖူးတယ်ဆိုတာကို ဘယ်သူ့ကိုမျှ လေသံမဟရဘူးနော်"ဟု ချောကာအရာရှိက ဂလူယက်ကို သတိပေးသည်။

ဂလူယက်သည် ထောင်အပြင်သို့ရောက်လာသောအခါ မြေကြီးကို ကုန်းပြီး နမ်းသည်။ ထို့နောက် နေကို မော့၍ကြည့်သည်။ ထောင်ခန်းထဲ မှောင်ကြီးမည်းမည်းတွင် ခုနစ်ရက်နေခဲ့ရသဖြင့် ထိုအချိန်တွင် နေကို သူ စ၍မြင်ရသည်။ သားငယ်သည် ပြုံးနေသောမိခင်၏ မျက်နှာကို ကြည့်၍ရယ်သည့်နည်းတူ ဂလူယက်သည် နေကိုကြည့် ၍ အားရဝမ်းသာရယ်သည်။ အတိုင်းမသိသော စိတ်ချမ်းသာခြင်းသည် သူ၏ရင်ထဲ၌ ပြည့်၍လာသည်။ ဂလူယက်သည် သူရှုးပမာရယ်၍ မျက်ရည်များကျလာသည်။

ဂလူယက်သည် ထောင်ကလွတ်လာသည့်အချိန်တွင် ဘဝပြောင်း၍သွားပြီး ယခင်က ဂလူယက်မဟုတ်တော့။ ယခင်က ဂလူယက်၏ အကြွင်းအကျန်မျှသာ ဖြစ်သည်။ သူ၏ အားအင်ဆုတ်ယုတ်သွားသောကိုယ်မှာ တစ်ဆယ့်ငါးရက်လောက် ကြာသောအခါ ပြန်၍အားအင်ပြည့်တင်းလာသည်။ သို့ရာတွင် သူ၏ စိတ်ဝိညာဉ်တား မိမွေတိုင်းဖမွေးတိုင်း ပြန်၍ဖြစ်မလာတော့။ ဥပမာဆိုလျှင် ဂလူယက်သည် အတွင်းက ဆွေး၍နေသော သစ်ပင်ကြီးနှင့်သာတူသည်။ အပြင်ပန်းကကြည့်လျှင် စိကာဝေဆော၍ အတွင်း၌ကား ဆွေးမြည့်၍ ဟောင်းလောင်းဖြစ်နေပြီ။ ကြောက်လန့်ခြင်းသည် သူ၏ နှလုံးတွင်း၌ အသိုက်လုပ်၍နေပြီ။

ဂလူယက်၏ အတွင်းသန္တာန်၌ ယခုကဲ့သို့ဖြစ်နေသည်ကို သိသူ အလွန်နည်း သည်။ သူဖြစ်ပျက်ခဲ့သမျှကို အကုန်သိနေသော သူ့မယားကပင် ဂလူယက်သည် ထောင်ခုနစ်ရက်ကျခဲ့သည့်အဖြစ်ကို မေ့သွားပြီထင်သည်။ တစ်ခါတစ်ရံ ဂလူယက် ကိုယ်တိုင်ပင် သူ့ အဖြစ်ကို သူမေ့သလိုဖြစ်၍နေသည်။ အဘယ်ကြောင့်ဆိုသော်



ဟာသူ မေ့လျော့ပြီး စိတ်ချမ်းသာသည့်နာရီ၊ စိတ်ချမ်းသာသည့် နေ့ရက်များ သောကြောင့်ဖြစ်သည်။ ထိုအချိန်မျိုးတွင် စိတ်ချမ်းသာမှုကိုရသဖြင့် "ငါစိတ်ညစ်ဖို့ း တစ်ခါတည်းကုန်ပြီ" ဟုပြောမိသည်။

သို့ရာတွင် သူ၏ "တစ်ခါတည်း"ဆိုသည်မှာ တစ်ရက်တာမျှသာ သည်။ ထိုတစ်ရက်ပေါင်းလည်း မများ။

ဂလူယက်သည် ပိုရင်၏ မိတ်ဆွေဟောင်းကြီးဖြစ်သည်။ ပိုရင်သည် လူ၏ ဓာတ်ကို အင်မတန်နားလည်သော စာရေးဆရာကျော်ကြီးတစ်ဦး ဖြစ်သော်လည်း စိတ်ဆွေ ဂလူယက်သည် အရင်က ဂလူယက်မဟုတ်တော့သည့် အကြောင်းကိုကား ဦးမရိပ်မိ။ ပိုရင်၏ စိတ်ထဲတွင် ဂလူယက်သည် မာန်ပြင်း၍ ကြောက်စိတ်မရှိသော င့် တန်းတူပညာကျော်ကြီးတစ်ဦးဖြစ်သော လောကဓာတ်ဆရာကြီးတစ်ဦးဖြစ်သည် သာထင်သည်။ ပိုရင်သည် ထိုကဲ့သို့သော ပုဂ္ဂိုလ်များနှင့်မိတ်ဆွေဖြစ်ရသည်ကို များစွာ ယူသည်။ ထိုသို့ ဂုဏ်ယူခြင်းမှာ အထူးအားဖြင့် ရုရှပြည်တွင် ထိုကဲ့သို့ မာန်ပြင်း၍ ကြောက်စိတ်မရှိသော ပုဂ္ဂိုလ်များ တစ်နေ့တခြားရှားပါး၍ လာခြင်းကြောင့် ဖြစ်သည်။

⁂ ⁂ ⁂

---

## း(၄)

---

နိုဗိကောက်သည် ဂလူယက်ကိုတစ်ခါမျှ မတွေ့ဘူး။ ဂလူယက်သည် ပြည်မှာသာမဟုတ်ဘဲ နိုင်ငံခြားများတွင်ပါ နာမည်ကျော်ကြား၍ လူအများလေးစား သော လောကဓာတ်ဆရာကြီး တစ်ယောက်ဖြစ်သည်ကို နိုဗိကောက်သိသည်။ ထို့ပြင် ယက်၏ညီ ဗလာဒီမီယာသည်လည်း သူ့ကဲ့သို့ပင် ကျော်ကြားသော လောကဓာတ် ကြီးတစ်ဦးဖြစ်သည်ကိုလည်း နိုဗိကောက် သိသည်။ အချို့က ဗလာဒီမီယာမှာ ဆိုဗီရိယ ဘ်စခန်းသို့ အပို့ခံရရင်း သေသွားသည်ဟု ပြောသည်။ အချို့ကလည်း နိုင်ငံခြားသို့ တမာတ်ပညာကိုယ်စားလှယ်အဖြစ်နှင့် စေလွှတ်လိုက်ရင်း တခြားနိုင်ငံသို့ ပြေးပြီး ရုရှပြည်ကိုပျက်စီးအောင် အဝေးကနေ၍ လုပ်ကြံနေသည်ဟု ပြောကြသည်။

အဆိုပါအကြောင်းများကြောင့် ဂလူယက်၏ အကြောင်းမှန်ကို မသိရသည့် တ်လည်း နိုဗိကောက်သည် ဂလူယက်အပေါ်တွင် ကြည်ညိုလေးစားခြင်းရှိသည်။ ဒီမီယာတွင် အပြစ်ရှိနေရက်သားနှင့် ဂလူယက်ကို ထောင်မချဘဲနှင့် ပညာကျော် ဥက္ကဋ္ဌခန့်ထားတာကိုထောက်တော့ ဂလူယက်ဟာ ပညာအတော်ကောင်းလို့ဖြစ်မှာ" ဟု နိုဗိကောက်စိတ်ထဲတွင် တွေးထင်မိခဲ့သည်။ သို့သော် ဒရို့နှင့်တွေ့၍ ယက်သည် သူလျှိုဌာနနှင့် အဆက်ရှိကြောင်းကို သိရသောအခါ သူသည် အတော်ဝင် သွားသည်။ ဂလူယက်သည် လေးစားအပ်သော လောကဓာတ်ပညာရှင်ကြီး ယောက်ဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် သူသည် နိုဗိကောက်ကဲ့သို့ပင် (ပုလိပ်

www.burmeseclassic.com

www.burmeseclassic.com



လက်ထောက်ချ) သတင်းပေး သူလျှိုတစ်ယောက်လည်း ဖြစ်သည်။ သို့ဖြစ်ရာ သူ့အနေလို ဥက္ကဋ္ဌရာထူးကြီးကိုရနေခြင်း၊ တင့်တယ်သောအိမ်နှင့်နေရခြင်း၊ သူ၏လောကဓာတ်ပညာဖြင့် အမှုထမ်းခြင်း တစ်ခုတည်း၏ ကျေးဇူးကြောင့်မဟုတ်ဘဲ တိတ်တိတ်ပုန်းလည်းဖြစ် စင်ကြယ်သည်ဟုလည်း မဆိုနိုင်သော နည်းတစ်နည်းနည်း၏ ကျေးဇူးကြောင့်သာဖြစ်သည်ဟု အဓိပ္ပာယ်ရောက်နေသည်။ ထိုနည်းမျိုးကို လုပ်ကြသောသူများသည် ယေဘုယျအားဖြင့် မိမိတို့အလုပ်ကို လူသိခံလိုကြသည် မဟုတ်။ နိုဗီကောက်သည် သူ့ကိုယ်သူ အပြစ်လွတ်နိုင်သော်လည်း အခြားသူများကိုမူကား သူ အပြစ်မလွှတ်နိုင်။

ဂလူယက်၏အိမ်သည် အင်မတန် ခံ့ညားတင့်တယ်သဖြင့် နိုဗီကောက်သည် ခပ်ရှန့်ရှန့်ပင် ဖြစ်၍သွားသည်။

ဂလူယက်က "ပါမောက္ခကြီးနှင့်တွေ့ရတာ အင်မတန်ဝမ်းသာပါသည်" ဟု နိုဗီကောက်အား နှုတ်ဆက်စကားပြောသည်။

နိုဗီကောက်စိတ်ထဲက ဂလူယက်သည် တော်တော်ခန့်သည့်လူကြီးပဲဟု အောက်မေ့မိ၍ ဂလူယက်၏ မျက်နှာကိုစေ့စေ့ကြည့်၍ အကဲခတ်ရန်ကြံသောအခါ ဂလူယက်က မျက်နှာလွှဲ၍နေသည်။

ဂလူယက်က နိုဗီကောက်အား သူ့မယားနှင့် သူ့ယောက်ဖ အယ်လက်ဇေနှင့် မိတ်ဆွေဖွဲ့ပေးပြီးနောက် ရုရှထုံးစံအတိုင်း စားပွဲ၌ ဝိုင်း၍ထိုင်ကြသည်။ စားပွဲပေါ်တွင် တွေ့ရသော ပန်းကန်ခွက်ယောက်များမှာ အဖိုးထိုက် အဖိုးတန်များဖြစ်သည်ကို နိုဗီကောက် တွေ့ရသည်။ သို့ရာတွင် စားဖွယ်သောက်ဖွယ်များမှာ များစွာမကောင်းလှဟု သူ့စိတ်တွင် ထင်မိသည်။

ဂလူယက်က ဗော့ဒကာအရက်ကို ဖန်ခွက်စေ့ထည့်ပေးပြီး "ကိုင်း မိတ်ဆွေကောင်းတစ်ဦးနှင့် တွေ့ရသည့်အတွက် ဝမ်းသာတဲ့အထိမ်းအမှတ်နှင့် သေရည်သောက်ကြစို့" ဟု တိုင်၍ပေးသည်။ အယ်လက်ဇေက "ပညာရှိကြီးနှစ်ဦးအတွက် အထိမ်းအမှတ်ပါ။ အော်လဂါနှင့် ငါတို့လူပြိန်းနှစ်ယောက်ကတော့ ပညာရှိကြီးများနှင့် တစ်စားပွဲတည်းမှာ အတူထိုင်သောက်ပြီး တစ်စားပွဲတည်းမှာ ငါးကြော်ကို အတူစားရတဲ့ အထိမ်းအမှတ်အဖြစ် သောက်ကြရမှာပါ" ဟု ပြောသည်။

ဂလူယက်က မျက်မှောင်ကြုတ်၍ "ဗော့ဒကာကို သောက်တဲ့လူတိုင်းဟာ တန်းတူချည်းပါ" ဟု ပြောသည်။

နိုဗီကောက်က "အထူးသဖြင့် တစ်စားပွဲတည်းမှာ သောက်ကြတာဟာ တန်းတူချည်းမို့ပေါ့" ဟုပြောသည်။

အားလုံးရယ်ကြသည်။

ထို့နောက် အော်လဂါက "ဒါထက် ပါမောက္ခကြီးမှာ အိမ်ထောင်ရှိပါသလား" ဟု နိုဗီကောက်ကို မေးသည်။

"မရှိသေးပါဘူး"



ဒီလိုဆိုတော့ ငါ့မောင် အယ်လက်ဇေလိုပဲ သင်ဟာ အမြော်အမြင်ရှိတာပေါ့" ဟု အော်လဂါကပြောသည်။

"အခုခေတ်မှာ လူငယ်တွေဟာ အသပြာလည်းမရှိ ဘာမျှ အားကိုးအားထားစရာမရှိဘဲနှင့် ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ပြုကြတယ်။ ငါတို့ ခေတ်တုန်းကတော့ ဒီလိုမဟုတ်ဘူး။ ကိုယ့်မယားကို ချုပ်ကွယ်မှာ နမ်းနိုင်ရုံနှင့် အိမ်ထောင်မပြုကြဘူး။ အိမ်နှင့်ရာနှင့်ထားနိုင်မှသာ အိမ်ထောင်ပြုကြတယ်" ဟု ဂလူယက်ကပြောသည်။

နိုဗီကောက်က "ငါအိမ်ထောင်မပြုသေးတာက သင့်တော်တဲ့မိန်းမ မတွေ့သေးလို့ပါ။ ပြီးတော့ ငါ့မှာလည်း အလုပ်တွေက သိပ်များနေလို့ပါ" ဟု ပြုံး၍ပြောသည်။

အယ်လက်ဇေက "ပါမောက္ခကြီးရယ် ငါ့အစ်မပြောတာ နားထောင်မနေပါနဲ့၊ သူက ငါ့ကို တရားဓောင်းဟောနေထာပါ။ ငါ့အစ်မက သူ့အိမ်မှာ ငါ့အတွက် နှပ်ရှက်ရှက်ဖြစ်မှာစိုးပြီး အမြော်အမြင်ကြီးကြီးနှင့် ပြောနေတာပါ" ဟု ဝင်၍ထောက်သည်။

အော်လဂါက "ညည့်သည်ရှေ့မှာ ယဉ်ယဉ်ကျေးကျေးပြောနော်" ဟု အယ်လက်ဇေအား အပြစ်တင်စကားပြောပြီးနောက် "ဒါပေမယ့် သင်ပြောတာလည်း တစ်နည်းတော့ မှန်တာပါပဲ။ အခုနေမှာ သင် အိမ်ထောင်ပြုမယ်ဆိုရင်တော့ သင့်ထက် အမြော်အမြင်နည်းတဲ့လူ ရှိတော့မှာမဟုတ်ဘူး။ တစ်ဆိတ်ပေါင်မုန့်ပန်းကန် ဒီဘက်လှမ်းလိုက်စမ်းပါ" ဟု ဆက်၍ သူ့စကားကို သူဖြေသည်။

နိုဗီကောက်က အယ်လက်ဇေအား ဘာအလုပ်လုပ်ပါသလဲဟု မေးသည်။ ဂလူယက်က အယ်လက်ဇေသည် စာပေပညာရှင်တစ်ဦးဖြစ်ကြောင်း ကြားဖြတ်၍ ပြောသည်။ ထိုအခါ နိုဗီကောက်စိတ်ထဲတွင် သူတို့တက္ကသိုလ်က သူများစိတ်ကူးဉာဏ်ကို ခိုးဆင့်ခံပြီး အမြုပ်တစီစီနှင့် အငြင်းပွားနေလေ့ရှိသည့် စာပေပညာရှင်တစ်ဦးကို သွား၍သတိရသဖြင့် လန့်၍သွားသည်။

"ဘာကျမ်းများထုတ်ဖူးပါသလဲ" ဟု နိုဗီကောက်က အယ်လက်ဇေကို မေးသည်။

"ဘာကျမ်းမှ မထုတ်ဖူးပါဘူး။ ဘာကျမ်းမှလည်း ထုတ်မည်မကြံပါဘူး" ဟု အယ်လက်ဇေက ဖြေသည်။

အော်လဂါက "အယ်လက်ဇေဟာ ခိုကိုးရာမဲ့သူ တစ်ယောက်ပါ။ ပါမောက္ခကြီးကို ငါ့လင် ဂလူယက်ရဲ့ မိတ်ဆွေတစ်ဦးအနေနှင့် ပြောပြပါရစေ။ အယ်လက်ဇေဟာ လက်ရှိ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးလေမုန်တိုင်းတွေကို ကြောက်တာနှင့် စာပေဘာသာဖြန့်တဲ့ အလုပ်ထဲမှာ သွားပြီး ခိုကိုးနေပါတယ်။ စာပေဘာသာဖြန့်တဲ့ အလုပ်ဟာ အယ်လက်ဇေရဲ့ တစ်ကိုယ်ရေ တစ်ကာယ ခိုအောင်းရာပါပဲ။ အဲဒီ သူ့ရဲ့ဘာသာဖြန့် ကျောင်းကျဉ်းကလေးထဲမှာ သူ့အဖို့ ဘာမှစဉ်းစားစရာ အလုပ်လည်းမရှိဘူး။ သူ့ဘာတို

www.burmeseclassic.com



ဘာသာပြန်ရမယ်ဆိုတာကိုလည်း သူ့အထက် အရိုးရအရာရှိတစ်ယောက်က ရွေးဖတ်ဆုံးဖြတ်ပေးပါတယ်။ သူ့ဟာက ရှင်းပါတယ်။ သူ့မှာ ဘာတာဝန်မှုမရှိပါဘူး''ဟု အော်လဂါက မသိမသာ ငေါ့၍ပြောသည်။

နိုဗိကောက်သည် ''ခိုကိုးရာမဲ့သူ''အယ်လက်ဇေအား မေးခွန်းထုတ်လိုသောသဘောဖြင့် ကြည့်၍နေသည်။ အယ်လက်ဇေက ခေါင်းညိတ်၍ ''ဒါလည်း မှန်ပါတယ်။ တကယ်ဆိုတော့ ကျမ်းတစ်စောင်ကို ငါရေးခဲ့ဖူးပါတယ်။ ဒါပေမယ့် ပြီးအောင်မရေးဘဲ တစ်ပိုင်းတစ်စနဲ့ ဖြတ်ထားလိုက်ပါတယ်။ ဘာလို့လဲဆိုတော့ ကျမ်းပြုတဲ့လူတွေ ဒုနဲ့ဒေးဟာ (တစ်ဆယ့်နှစ်ရာသီ ရေခဲဖုံးနေတဲ့) ဆိဗေရီးနယ်ကိုသွားပြီး အလုပ်ကြမ်းလုပ်နေကြရတာကို ငါတွေ့ရလို့ပါ။ အဲဒီက ရာသီဥတုကို ငါ မခံနိုင်ဘူး''ဟု ပြောသည်။

နိုဗိကောက်က အယ်လက်ဇေအား ''တော်တော်ဉာဏ်များတဲ့ အကောင်ပဲ'' ဟု အောက်မေ့သည်။

ဂလူယက်မှာ မီးခဲတက်နင်းမိသကဲ့သို့ ဖြစ်နေပြီ။ အော်လဂါနှင့် အယ်လက်ဇေတို့နှစ်ယောက် ပြောနေကြသည်ကို အောက်သိုးသိုးမျက်နှာဖြင့် နားထောင်ရင်း ဂလူယက်စိတ်ထဲက ''အော်လဂါကို ဘာစကားမှမပြောဖို့ ပိတ်ထားမိရင် ကောင်းမှာပဲ။ သူတို့ စကားပြတ်သွားအောင် တစ်နည်းနည်းတော့လုပ်မှပဲဖြစ်တော့မယ်'' ဟု အောက်မေ့မိသည်။ ထို့နောက် အော်လဂါက နိုဗိကောက်သည် သူ့လင်၏ မိတ်ဆွေဟုပြောရာ နိုဗိကောက်သည် နံနက်ပိုင်းက ဒုရီနှင့်တွေ့ခဲ့သည်ကိုများ သူတို့နှစ်ယောက်သိကြလျှင် လဲ၍ပင် သေချင်ကြလိမ့်မည်ဟု ဂလူယက်စိတ်ထဲက အောက်မေ့မိသည်။

ဂလူယက်က အယ်လက်ဇေတို့မောင်နှမ စကားပြတ်သွားစေရန် ရည်ရွယ်ချက်ဖြင့် နိုဗိကောက်အား ''ငါကတော့ သင်သိတဲ့အတိုင်းပဲ သမိုင်းသမား မဟုတ်ဘူး။ ရူပဗေဒသမားပဲ။ ဒါပေမယ့် သင်ရေးတဲ့ ရှေးဟောင်းဆလပ်လူမျိုးများ သမိုင်းကိုတော့ ငါ ဂရုတစိုက် ဖတ်ကြည့်ပါတယ်။ သင့် သမိုင်းဟာ အစဉ်အလာ ရုရှသမိုင်းကို တော်လှန်ပစ်လိုက်တဲ့ သမိုင်းပါပဲ''ဟု ပြောသည်။

နိုဗိကောက်က ဂလူယက်အား ကျေးဇူးတင်ပါသည်ဟု လောကဝတ်စကားပြောမည်ကြံနေစဉ်တွင် အယ်လက်ဇေက ကြားဖြတ်၍ ''ငါ့အထင်တော့ သမိုင်းသမားတွေဟာ ကိုယ်တိုင်တော်လှန်ကြတဲ့ လူတွေမဟုတ်ဘဲ တော်လှန်ခြင်းအကြောင်းကိုသာ ရေးသားဖော်ပြကြတဲ့ လူတွေပဲလို့ထင်တယ်''ဟု ပြောသည်။

ထိုအခါ ဂလူယက်သည် လက်ထဲက ခက်ရင်းတောင် လွှတ်ကျမလို ဖြစ်သွားသည်။ အော်လဂါကလည်း သူ့မောင်ကို သဘောမကျသည့်မျက်နှာထားနှင့် ကြည့်နေသည်။ အယ်လက်ဇေကမူ မထီသောအမူအရာဖြင့် ပြုံး၍နေသည်။ နိုဗိကောက်သည် ဣန္ဒြေမပျက်နေပြီး ''သင်ပြောတာမှန်ပါတယ်၊ သမိုင်းသမားတို့ရဲ့တာဝန်က ရေးကဖြစ်ပျက်ခဲ့တဲ့ အကြောင်းခြင်း တရားများကို မှန်တဲ့အတိုင်း ဖော်ကြမယ့်အစား တစ်ယောက်ဆီကတစ်ယောက် ကူးချနေကြတာပဲ။ သင်သိတဲ့အတိုင်း



ဆင်တလဲလဲဖော်ပြခြင်းနှင့် ဟုတ်မှန်ခြင်းဟာ တခြားစီပါ။ အထူးသဖြင့် သမိုင်းနှင့် ပတ်သက်လို့ အကြောင်းခြင်းတအသစ်များ ပေါ်ပေါက်လာတဲ့အခါမှာ--''ဟု နိုဗိကောက်က ပြော၍ စကားမဆုံးမီပင် အယ်လက်ဇေက ''အဲဒီလို ကြောင်းခြင်းတအသစ်များကို သင် တွေ့ရလို့လား''ဟု တည့်တိုးမေးလိုက်သည်။

''အယ်လက်ဇေက သူများပြောနေတုန်း ဖြတ်ဖြတ်မပြောနှင့်လေ''ဟု ယက်က စိတ်တိုသံဖြင့်ပြောသည်။

နိုဗိကောက်က ''အကြောင်းခြင်းတ အသစ်တချို့ကိုလည်း တွေ့ရပါတယ်။ သော်လည်း အဲဒီအကြောင်းခြင်းတတွေထဲက အကုန်လုံးလောက်ဟာက တွေ့ပြီးတာ လှပါပြီ။ တချို့ကို ဖုံးဝှက်ထားကြပြီး တချို့ကိုတော့ အမိပွာယ်အလွဲ ကောက်ထား တယ်။ အမှန်မှာတော့ ငါတော်လှန်ပစ်တာ တစ်ခုမှမရှိပါဘူး။ အသစ်ပြန်ပြီး ဆေးကြည့်တာပဲရှိပါတယ်။ တစ်ခုတော့ရှိပါတယ်။ ငါ့မှာ သူများဟာကို တစ်ဆင့် တော့ ဝါသနာမရှိပါဘူး''ဟု ပြောပြီးလျှင် ဆက်၍ ''ဘာသာပြန်တဲ့ဘက် တော့လည်း ငါမစွမ်းပါဘူး''ဟု ကန့်ကွက်လိုက်သည်။

''သင်ပြောတာ သိပ်အချက်ကျတယ်''ဟု ဂလူယက်က အားပေးစကား သည်။

အယ်လက်ဇေက ''သင်ပြောတာ မရှိုင်းပါဘူး။ ဒါပေမယ့် ငါခံတွင်းပျက် တ်အောင်တော့လည်း အချက်မကျသေးပါဘူး''ဟု ရွှင်ရွှင်ပျပျပြောပြီးလျှင် ကြော်ကို ဆက်၍စားသည်။

သူတို့သည် တစ်ယောက်နှင့်တစ်ယောက် စကားပြော အစေးမကပ် သော်လည်း အားလုံးပင် ပြုံး၍နေကြသည်။ ပြီးလျှင် အော်လဂါက သူ့မောင် လက်ဇေအား ''သင်ကတော့ ဘယ်တော့မှ ခံတွင်းပျက်မယ့် လူစားမဟုတ်ပါ ''ဟု ပြောပြီးနောက် နိုဗိကောက်ဘက်သို့လှည့်၍ ''ပါမောက္ခကြီးကို အတိုက်အခံ ာတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် ငါ့စိတ်ထဲမှာတော့ ရုရှအင်ပါယာကြီးဟာ ဘွလက်ထက်က စလာတယ်လို့ပဲ မှတ်နေပါတယ်''ဟုပြောပြီး ကပျာကယာ ၍ ''အဲဒီလိုပဲ သင်ခဲ့ရပါတယ်''ဟု ပြောလိုက်သည်။

အော်လဂါက စိတ်ရိုးသဘောရိုးပြောဟန်ဖြင့် ပြုံး၍နေသည်။ သို့သော် ာက်က ဒီစကားကို လေးနက်စွာဆက်၍ ပြောနေကြဦးမည်ကို စိုးရိမ်သဖြင့် လဂါအား ''ဒါအတွက် သင် စိတ်ပူစရာ မရှိပါဘူး။ အခု သင် ာင်းမှမနေတော့ဘဲ။ အမှန်တော့ ဒီကိစ္စက နောက်လာမည့် လူငယ်တွေနဲ့သာ ိုင်ပါတယ်''ဟု ပြောသည်။

''ဒါတော့လည်း ဟုတ်တာပါပဲ။ ဒါပေမယ့် တစ်သက်လုံး ဒီလို ဒီလိုလို့ ာခဲ့ရပြီး အခုမှတစ်ခါ မဟုတ်ပြန်ဘူးဆိုပြီး ပြောင်းပြန်ပြောင်းပြန်လိုက်တော့ ာ တစ်မျိုးကြီး ဖြစ်နေတာပေါ့''ဟု အော်လဂါက ညည်းသံဖြင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့အဖို့တော့ ငါဟာ အယ်လက်ဇေအဖြစ်နှင့် နေရရင်ပြီးတာပါပဲ။ ဒါပြ ဘယ်လိုပဲဖြစ်နေနေ အရေးမကြီးပါဘူး"ဟု အက်လက်ဇေက ပြောသည်။

"ဒီလို နေရရုံလောက်နဲ့လည်းပဲ ကျေနပ်မနေနဲ့ဦး။ အခုဆိုရင် လူတွေ တောင်မှ တစ်မျိုးတစ်ဖုံပြောင်းလွဲပစ်နေကြပြီ မဟုတ်လား"ဟု နိုဗိကောက် ပြောသည်။

"ဘယ်လို ဘယ်လိုလဲ ပြောစမ်းပါဦး" ဟု ဂလူယက်က ဆိုသည်။

"ရောက်စတောက်က ပညာကျော်ဆရာဝန်ကြီး ဗိုဂိုဇက်ကိုကြည့်လေ သူဟာ လူတစ်ယောက်ရဲ့ ပုံပန်းကိုတောင် ပြောင်းလွဲပစ်နိုင်တယ် မဟုတ်လား နှာခေါင်းတို့၊ နှုတ်ခမ်းတို့ကိုပြင်ပြီး တပ်ပေးရမယ်ဆိုရင် သူဟာ ခိုင်းသလို ပြင်တ ပေးနိုင်တာပဲ"ဟု ပြောပြီးလျှင် နိုဗိကောက်စကားကို မဆက်သေးဘဲ အော်လဂါ အကဲခတ်နေသည်။

အော်လဂါက "ပြောမှာဆက်ပြောပါ"ဟု ဆိုသည်။ ထို့နောက် အော်လဂါ ဆက်၍ "သင်ပြောတဲ့အစီပွာယ် ငါသိပါတယ်။ တော်တော်လည်း ရယ်စရာကောင်းတယ် ပရဗ္ဗဒါသတင်းစာထဲမှာ ဒီအကြောင်းတွေ ခဏခဏ ဖတ်ရတယ်"ဟု ပြောသည်။

အယ်လက်ဇေက ရွှတ်ချသောလေသံဖြင့် "ဒီလိုသာနှာခေါင်းကို အသစ်ပြ ပြီး တပ်ပေးနိုင်ရင် ဘယ်ဟာမဆို တပ်ပေးနိုင်တော့မှာပေါ့"ဟု ပြောသည်။ ပြီးလျှ ဖော့ဒကာကိုထပ်ငုံ့ပြီး သောက်သည်။

ဂလူယက်က မျက်နှာထားအိုအိုနှင့် "ဒီကိစ္စဟာ တို့ဆုံးဖြတ်ရမယ့်ကိ မဟုတ်ပါဘူး"ဟု ပြောသည်။ အယ်လက်ဇေသည် အဘယ်ကြောင့် ထိုမျှ တိုတ တောင်းတောင်း ပြောရသနည်း။ သူသည် နိုဗိကောက်ကို အခုမှသာ မြင်ဖူးသည် ဘယ်သူဘယ်ဝါဖြစ်သည်ဟုလည်း မသိ။ ဘာကိစ္စနှင့် လာသည်ဟုလည်းမသိ။ သို့ပြ လျက် လူလည်လုပ်ချင်သော သဘောနှင့် ခွန်းကြီးခွန်းငယ် ငြင်းနေသည်။ ပြောချင်ရာ တွေကို ပြောနေသည်မှာလည်း သူ့ဆွေမျိုးရင်းချာ ကျနေတာပဲ။ ဒီကောင်တော့ မူးနေပြီ ဂလူယက်စိတ်က အောက်မေ့မိသည်။ ဤသို့ဖြင့် ဂလူယက်သည် ဖော့ဒကာပုလင်းကိုယူ အယ်လက်ဇေလက်လှမ်း မမီသည့် နေရာသို့ ရွှေ့၍ထားလိုက်သည်။

အော်လဂါက သူ့မောင်ဘက်ကလိုက်၍ "ဒီကိစ္စဟာ တို့ဆုံးဖြတ်ရမယ့်ကိ မဟုတ်ရင် ဘယ်သူကဆုံးဖြတ်ရမယ့် ကိစ္စလဲ။ ဒီကိစ္စက သိပ်စိတ်ဝင်စားစရာကောင်း တယ်ဆိုတာကို သင်လည်း အသိသားဟာပဲ" ဟုပြောသည်။

"စိတ်ဝင်စားစရာကောင်းတဲ့ ကိစ္စတွေထဲမှာ ရှေ့ပြီးနေရမယ့်ကိစ္စတွေ အများရှိပါတယ်"ဟု ဂလူယက်က အာလေးလေးနှင့်ပြောသည်။

အယ်လက်ဇေက "မိုးလေဝသအကြောင်းပြောတာဟာ ပိုပြီးကောင်း တာပေါ့"ဟု အရွဲ့တိုက်၍ပြောသည်။

"မိုးလေဝသကိစ္စတောင်ပဲ ရှေ့ပြီးနေရမယ့်ကိစ္စထဲ ပါနိုင်တာပဲ"ဟု ဂလူယက် ကတိုတောင်းစွာပြောသည်။



အော်လဂါက ဂလူယက်အား "သင်က ဘာစိတ်ဆိုးစရာရှိသလဲ သင့်ကို ဆော်ဆီမှာ ငါမပို့သေးဘဲနဲ့ဟာပဲ"ဟု ရယ်စရာပြောသည်။

ထိုအခါ အယ်လက်ဇေက ကျယ်လောင်စွာ ရယ်၍ နိုဗိကောက်ကို မျက်စိမှိတ်၍ ပြသည်။ နိုဗိကောက်ကပြုံးသည်။ ဂလူယက်က သက်မချသည်။ နိုဗိကောက်စိတ်ထဲက အော်လဂါသည် တကယ်ပင်အကင်းပါးသော မိန်းမတစ်ယောက်ဖြစ်သည်ဟု သဘော ရသည်။ သို့ရာတွင် ဂလူယက်သည် အဘယ်ကြောင့် ထိုမျှလောက် စိတ်မငြိမ်မသက် ဖြစ်နေသည်ကိုကား သူ မရိပ်မိ။

※※※

အခန်း(၅)

ညစာစားပြီးသောအခါ ဂလူယက်က နိုဗိကောက်အား သူ၏အိပ်ရာခန်းထဲသို့ ခေါ်သွားသည်။ ရောက်သောအခါ "ဒါဟာ ငါ့ရဲ့ အိပ်ရာခန်းနှင့် စာကြည့်ခန်းပဲ။ ဒီသို့စကားပြောနေတုန်း ဘယ်သူမှလာပြီး အနှောင့်အယှက်မပေးရအောင် ငါ တံခါးပိတ် လိုက်မည်"ဟု ပြောသည်။

နှစ်ယောက်သား ထိုင်မိကြသောအခါ တစ်မိနစ်ခန့် ဘယ်သူကမျှ စကား မပြောဘဲ ငြိမ်နေကြသည်။ နောက်မှ ဂလူယက်က "ရဲဘော်ဒရို့က 'သင့်အား ဂိုရင်နှင့်မိတ်ဆွေဖွဲ့ပေးဖို့ ငါ့ကိုပြောသည်"ဟု စကားစလိုက်သည်။

နိုဗိကောက်စိတ်ထဲက "ဒရို့က ဘယ်တော့မှမပြောဘူး။ အမိန့်သာပေး သည်" ဟု အောက်မေ့မိသည်။ ထို့ပြင် ဂလူယက်သည် ပွင့်ပွင့်လင်းလင်း မရှိသည်ကို သိသဖြင့် နိုဗိကောက်က စကားခေါ်သောအနေဖြင့် "ဂိုရင်ဟာ ဘယ်လိုလူမျိုးလဲ ဆိုတာ ငါ့ကို တစ်ဆိတ်လောက်ပြောပြစမ်းပါ။ သင်နှင့်ဂိုရင်နှင့် သိတာတော့ကြာရော ပေါ့" ဟုပြောသည်။

ဂလူယက်က "ဂိုရင်ဟာ စရိုက်အမျိုးမျိုးရှိတဲ့ လူပဲ။ ဟိန္ဒူဘုရား ဗြဟ္မာကြီး မှာ မျက်နှာတွေ အများကြီးရှိသလိုပဲ။ သူ့မှာလည်း စရိုက်တွေအများကြီးရှိသည်။ သူ့ရဲ့ စရိုက်တစ်ခုခုဟာ အခြားသူတစ်ယောက်ယောက်ရဲ့ စရိုက်တစ်ခုလုံးနှင့် ညီမျှ သည်"ဟု ပြောသည်။

"သင်က ဂိုရင်ဟာ စိတ်မခိုင်ဘူးလို့ ဆိုလိုတာလား"

"ဒီလိုမဆိုလိုပါဘူး"

"အနို့ ဘယ်လိုလဲ"

"ဂိုရင်၏ သဘောကိုနားလည်ဖို့ အင်မတန်ခက်တယ်ဆိုတာကို သင်သိ စေချင်တယ်။ သူဟာ ထူးထွင်းဉာဏ်အင်မတန်ကြီးပါတယ်။ ဂိုရင်ရဲ့အကြောင်းကို သတင်းစာတွေက ရေးတဲ့အတိုင်းလောက်ပဲ သင်သိလိမ့်မည် ထင်ပါတယ်။ ဂိုရင်ဟာ ဉာဏ်ကလည်း ထက်တယ်။ သဘောလည်းကြီးတယ်။ စိတ်အားလည်း ထက်သန်

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ပြီးတော့ တစ်ခုရှိပါသေးတယ်။ သိပ်ပြီးလည်း တည်ကြည်တယ်။ သူဟာ အဘက်ဘက်မှာ စိတ်ဝင်စားပေမယ့် စိတ်ဓာတ်ကတော့ အင်မတန်နိုင်ပါတယ်။ အဲဒီလို ခိုင်မာတဲ့အတွက်ပဲ တချို့ကမာနကြီးပြီး အကြင်နာမရှိဘူးလို့တောင် ပြောကြတယ်''ဟု ဂလူယုက်က ပြောသည်။

နိဗိကောက်က စိုက်၍နားထောင်နေသည်။ ဂလူယုက်ကဆက်၍ ''ဂိုရင်လို ပုဂ္ဂိုလ်ဟာ သာမန်လူများကို ချိန်ဆသလို ချိန်ဆလို့မရဘူး။ အမှတ်တမဲ့ကြည့်ရင်တော့ သူ့စိတ်ဟာ ဟိုခုန်ကူး ဒီခုန်ကူးနေတယ်လို့ ထင်ရတယ်။ ဒါပေမယ့် သူ့ အတွင်းစိတ်ထဲမှာတော့ အမှန်တရားကိုရှာမည်ဆိုတဲ့ အလိုတစ်ခုပဲရှိတယ်''ဟု ပြောသည်။

''ဒီတော့ ဂိုရင်နဲ့ငါနဲ့ အရှည်အကြာ မိတ်ဆွေဖြစ်နိုင်အောင် ဘယ်လိုလုပ်ရမည်ဆိုတာ ပြောစမ်းပါ''ဟု နိဗိကောက်က ပြောသည်။

ဂလူယုက်က ''ဒါကတော့ ပြောဖို့အခက်သားပဲ။ ဂိုရင်က သူ့စိတ်ထဲမှာ လူတစ်ယောက်ယောက်ကို ဒီလို ဒီလိုပဲလို့ ထင်မိရင် အဲဒီအစွဲအလမ်းဟာ မပျောက်တော့ဘူး။ ဒီတော့ သူနှင့်သင် ပထမတွေ့တဲ့အခါ သင် ပြောတာဆိုတာကို သူသဘောကျသွားဖို့ဟာ အရေးကြီးဆုံးပဲ။ အဲဒီအခါမှာ သူ့စိတ်ထဲက သင့်အပေါ်မှာ တစ်မျိုးတစ်မည်ထင်သွားရင်တော့ နောက်ကို သူဟာ သင်နှင့် ဆက်ဆံတော့မှာ မဟုတ်တော့ဘူး ပြီးတော့ သူကလည်း အသက်အရွယ်ကြီးသူဖြစ်နေတော့ လူတစ်ယောက်ကို မတွေ့ချင်ဘူးဆိုလျှင် အဲဒီ အသက်အရွယ် ကြီးရင့်တဲ့အကြောင်းကို ဆင်ခြေပေးပြီး အတွေ့မခံဘဲ နေချင်နေတတ်တယ်။ အများအားဖြင့် သူနှင့်မိတ်ဆွေဖြစ်ရဖို့ဟာ မလွယ်လှဘူး။ ပြီးတော့ လူတစ်ယောက်ကို သူ့စိတ်က သဘော မကျတော့ဘူးဆိုရင် ငါက အသက်ကြီးပြီ သင်ကတော့ ငယ်သေးတယ်။ သင်နှင့်ငါဟာ တစ်ယောက်သဘောကိုတစ်ယောက် နားလည်နိုင်ကြတော့မှာ မဟုတ်ဘူးလို့ ပြောတတ်တယ်။ ဒီလိုပြောတာဟာ အဲဒီလူနဲ့ နောက်ဆုံးပြောခြင်းပဲ''ဟု ပြောသည်။ ပြီးလျှင် နိဗိကောက်အား ဂိုရင်နှင့် မိတ်ဆွေဖွဲ့ အပေးနိုင်းတာဟာ ဘယ်လိုအကြောင်းကြောင့်လဲဟု သိနိုင်ရန် နိဗိကောက်ပါးစပ်မှ ဘယ်လိုစကားမျိုး ထွက်လာမလဲဆိုသည်ကို ဂလူယုက်က စောင့်၍ နားထောင်နေသည် ပြီးလျှင် ဒီကိစ္စဟာ သူ့ကို ဘယ်လိုထိခိုက်မည့် ကိစ္စလည်းဆိုသည်ကိုလည်း ဂလူယုက်စိတ်က သိလိုသည်။ သို့ရာတွင် နိဗိကောက်သည် ဂိုရင်အကြောင်းကို သိနိုင်သမျှ သိရစေရန်အတွက် တစ်ခွန်းတလေ စကားထောက်၍ မေးခြင်းမှတစ်ပါး ဘာမျှအ မပြော။ နိဗိကောက်သည် စကားကိုပွင့်လင်းစွာ ပြောမည်မဟုတ်သည်မှာလည်း ထင်ရှားသည်။ ဤနည်းဖြင့် ဂလူယုက်သည် နိဗိကောက်၏အကြံကို တွေးကြည့်၍မရသဖြင့် စိတ်ငယ်လျက်ရှိသည်။

နိဗိကောက်ကလည်း ဂလူယုက်၏ ပြောပုံဆိုပုံသည် မရှင်းမလင်းရှိသဖြင့် သူ့စိတ်ထဲတွင် ဘာကိုတကယ်ဆိုလိုတာလဲဟု သိရအောင်ပင် အတော်စဉ်းစားရ နေရသည်။ သို့ရာတွင် အချည်းနှီးသာတည်း။ သူတို့နှစ်ယောက်သည် ခွေးရူးလိုက်တမ်း ကစားနေကြသလို ဖြစ်နေပြီ။



''ငါတို့ပြောနေကြတာ ဂိုရင်နှင့်အများကြီး ဝေးသွားပြီထင်သည်''ဟု ဂလူယုက်က ပြောသည်။

''တစ်ခါတစ်ရံ ရှင်းရှင်းမြင်ရစေရန်အတွက် ရှေ့ကိုမတိုးဘဲနှင့် နောက်ကို ဆုတ်ပြီး ကြည့်ရသည်''ဟု ဂလူယုက်က ပြောသည်။

နိဗိကောက်က ''ဒါပေမယ့် ငါ့တာဝန်က ရှေ့ကိုတိုးဖို့ဖြစ်နေသည်''ဟု ပြောသည်။ ထိုအခါ ဂလူယုက်က ''ဒါကတော့ ဟုတ်တာပေါ့''ဟု ပြန်ပြောသည်။

ဂလူယုက်သည် သူ့အား ခဲယဉ်းသည့် အချက်များဖြင့်ပြ၍ ချောက်နေသည် ဖြစ်သဖြင့် နိဗိကောက်က ''ငါက အခက်အခဲကို မကြောက်တတ်ပါဘူး။ တကယ်တော့ ခက်ခဲလေလေ ငါက သဘောကျလေလေပါပဲ''ဟု ပြောသည်။ ပြီးလျှင် နိဗိကောက်၏မျက်နှာတွင် စိတ်ဆိုးလာသည့် အရိပ်နိမိတ်များနှင့် ကြောက်မက်ဖွယ်တစ်ခုခုကို ပြုတော့မည့်ဟန်များ ပေါ်လာပြီးနောက် ရုတ်ခြည်းပင် ပြန်ပျောက်သွားသည်ဟု ဂလူယုက်စိတ်က ထင်သည်။ နိဗိကောက်သည် ငြိမ်သက်စွာထိုင်နေသည်။ ငယ်ညှောင်းလာပုံလည်း ရသည်။

နိဗိကောက်က ထိုင်ရာမှထမည့်ဟန်ပြင်သည်ကို ဂလူယုက်က မြင်လိုက်သဖြင့် ဂလူယုက်သည် ကပျာကယာထ၍ ဗော့ဒကာပုလင်းနှင့် ဖန်ခွက်နှစ်ခွက်ကို ယူသည်။

ဂလူယုက်က ''ငါစကားကြောရှည်တာနှင့် ပါမောက္ခကြီးလည်း ပန်းလာပြီထင် ... ကိုင်း အပန်းဖြေ တစ်ယောက်တစ်ခွက် သောက်လိုက်ကြဦးစို့''ဟု ပြုံး၍ပြော ... နိဗိကောက်အား ဗော့ဒကာအပြည့်ထည့်ထားသော ဖန်ခွက်ကိုလှမ်း၍ပေးသည်။

နိဗိကောက်သည် မမျှော်လင့်ဘဲနှင့် ရောက်လာသော ဗော်ဒကာခွက်ကို ...၍ယူပြီးနောက် ''ဂိုရင်ဆီကို ဘယ်တော့သွားတွေ့ကြမလဲ''ဟုမေးသည်။

''သန်ဘက်ခါ ကားလမတ်အိန်ဂယ်အဖွဲ့ ဖွင့်ပွဲရှိတယ်။ အဲဒီဖွင့်ပွဲကို လာဖို့ ...ကို ဖိတ်ထားတယ်''ဟု ဂလူယုက်က ပြောသည်။

''ဂိုရင် အဲဒီဖွင့်ပွဲကို သွားမလား''

''မပြောတတ်ဘူး။ ဂိုရင်က အဲဒီလို ဖွင့်ပွဲမျိုးတွေ ဘာတွေကိုတော့ အထူးပဲ ...ချင်စိတ်မရှိဘူး။ ဒါပေမယ့် သင် အဲဒီကိုလာရင်တော့ ကောင်းမယ်ထင်တယ်။ ...ည်း အဲဒီမှာ အစီရင်ခံစာဖတ်ပြဖို့ရှိတယ်။ သင့်အတွက် ဖိတ်စာရအောင် ငါ ...ပေးပါမယ်''ဟု ဂလူယုက်က ပြောသည်။

''ဖိတ်စာ ငါ့ဆီမှာ ရောက်နေပါပြီ''

''ဒီလိုဆိုရင် ကောင်းတယ်။ အဲဒီမှာ သင့်ကိုငါ ဂိုရင်နှင့်မိတ်ဆက်ပေးမယ် ...တော့ ကြုံလို့ မိတ်ဆက်ပေးတာမျိုး ဖြစ်သွားမယ်။ ပြီးတော့ ဖွင့်ပွဲမတိုင်ခင်လည်း ...အကြောင်းကို ဂိုရင်ကို ငါ ပြောပြထားမယ်။ ဒီကိစ္စကို သတိထားပြီးစီစဉ်ဖို့ ...ငါ ဆုံးဖြတ်ထားတယ်''ဟု ဂလူယုက်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နိဗိကောက်စိတ်ထဲက ''ဒီလိုဆိုရင် သိပ်ဆိုးတာပဲ။ ဒီဂလူယုက်ကြီး သူ့ကိုသူ အရေးကြီးတဲ့အဖြစ်ရောက်ပြီး သူ့သဘောနှင့်သူ လုပ်နိုင်အောင် အ ကြိုးစားနေပြီး ခြေမကိုင်မိလက်မကိုင်မိ ဖြစ်နေရသလဲ။ သူဟာ ငါ့ထက်လည်း အသ နှစ်ဆလောက် ကြီးပြီး ငါ့ကိုဘာလို့ဒါလောက်ကြောက်နေသလဲ မပြောတတ်ဘူ ဒါမျိုးတွေကြောင့်ပဲ ဒရိုက ပညာကျော်တွေကို အထင်အမြင်သေးတာနှင့်တူတယ်'' အောက်မေ့မိသည်။ နိဗိကောက် သည် ဂလူယုက်လို လူတစ်ယောက်နှင့်တွေ့ကြ မိတ်ဆွေဖြစ်ရဖို့ကို နှစ်သက်ခြင်းမရှိ။

ထိုအတောအတွင်း၌ ဂလူယုက်သည် နိဗိကောက်အား သူ့စိတ်ထဲက မေး နေသော မေးခွန်းတစ်ခုကို အမေးရခက်နေသဖြင့် မျက်စိမျက်နှာ အတော်ပင် ပျက် နေသည်။ ထို့နောက် ဇော့ဒကာတစ်ခွက်ဝင်သွားလျှင် လျှာသွက်လာလိမ့်မည်အထင် နိဗိကောက်အား ''ဒီမှာ ပါမောက္ခနိဗိကောက် သင့်ကို သူတို့က ဘာလို့ ဂိုရင် မိတ်ဆက်ပေးချင်ကြတာလဲ၊ ပြောစမ်းပါ''ဟု စွပ်၍ မေးလိုက်သည်။ ပြီးလျှ ဂလူယုက်သည် နိဗိကောက်၏အဖြေကို ကြားလိုစိတ်နှင့် ရှေ့သို့ အနည်းငယ်ခေါင်း နားထောင်ပြီး နိဗိကောက်မျက်နှာကို စေ့စေ့စိုက်ကြည့်လိုက်သည်။ တစ်ညနေ ဤတစ်ကြိမ် သူတို့နှစ်ယောက် မျက်စိချင်းဆုံမိကြသည်။ ဂလူယုက်၏ကြည့်ပုံ ပါးလျက်နားလျက်လုပ်တတ်သော ခွေးကလေး၏ ကြည့်ပုံမျိုးနှင့် တူသည် နိဗိကောက်စိတ်က ထင်သည်။

နိဗိကောက်သည် ဂလူယုက်အား လူကို၊ သူ့၏အသက်အရွယ် ကြီးရင့်ခြ ကို အထင်အမြင်သေးလျက်ရှိသဖြင့် လှောင်ပြောင်သော အမူအရာနှင့် ဂလူယု ပေကလပ် ပေကလပ်နေသော မျက်စိများကို စိုက်ကြည့်ပြီးလျှင် ''ဒါကို သင်နှင့်အရှိ ပိုပြီးသိမှာပေါ့''ဟု မာဆတ်ဆတ်ဖြေလိုက်သည်။

❋❋❋

---

အခန်း(၆)

---

အန်ဒရေသည် ခါတိုင်းနှင့်မတူ ယနေ့ တမူထူးခြားသည်။ ခါတိုင်းကျော ဆင်းချိန် ခေါင်းလောင်းထိုးလိုက်လျှင် [illegible]ဒါဆီသို့ သုတ်သီးသုတ်ပျာလာပြီးလျှ လီဒါ၏ ပခုံးနှစ်ဖက်ပေါ်တွင် သူ့လက်နှစ်ဖက်ကို အသာတင်၍ထားသည်။ လီဒါ အမူလုပ်၍ သူ့ လက်နှစ်ဖက် ဖယ်ပစ်ပြီးလျှင် အန်ဒရေနောက်က လိုက်လာမှာပဲ အောက်မေ့ကာ မှောင်သောအခန်းဘက်ဆီသို့ ထွက်ပြေးသည်။ ဤနေ့တွင် အန်ဒ သည် လီဒါ၏ ပခုံးများကို ကိုင်တွယ်ခြင်းမပြုဘဲ ''လီဒါက တယ်လှတာ ဟုသာပြောသည်။ ထို့နောက် အန်ဒရေသည် ကျောင်းသားများရှင်းသောနေရာတွ တစ်ယောက်တည်း သွား၍မှိုင်နေသည်။ လီဒါကမူ ကျောင်းသားများနှင့် ဝိုင်း စကားပြောနေသည်။ ထိုအခိုက်တွင် သူ့ပခုံးကို တစ်စုံတစ်ယောက်သောသူ



ကိုင်သည်။ လီဒါက ပြုံး၍ လှည့်ကြည့်လိုက်ပြီးနောက် မျက်နှာအိုပစ်လိုက်သည်။ လီဒါက ''အို ဘယ်သူလဲလို့'' ဟု စိတ်မကောင်းသော အမူအရာ လိုက်သည်။ သူ့ပခုံးလာကိုင်သူမှာ အိုးလိတ်ခေါ် ကျောင်းသားတစ်ဦးဖြစ်သည်။

''ငါ လာမယ်ဆိုတာ သင် မသိဘူးလား''ဟု အိုးလိတ်က သူ့ပါးစပ်မှ ပ်နံ့အရက်နံ့ တထောင်းထောင်းနှင့်မေးသည်။ လီဒါက အိုးလိတ်၏လက်ကို တဲ့ နှုတ်ခမ်းစူကာနေသည်။ အိုးလိတ်၏လက်ကို လီဒါက ဖယ်မပစ်ခြင်းမှာ ရမခံနိုင်အောင် တမင်ဆွဲ၍ပေးသည်။

အိုးလိတ်သည် ဘော်ရီဇစ်မြို့များတွင် ရှောင်လွှဲ၍မရကောင်းသော မျက်နှာဖုံး တွင် တစ်ယောက်အပါအဝင်ဖြစ်သည်။ သူနှာတစ်ယောက်၏ မျက်နှာတွင် နေသော အနှာတစ်ခုသည် အဆင်တန်ဆာဖြစ်သည့်နည်းတူ အိုးလိတ်သည်လည်း တောက်မြို့၏ အဆင်တန်ဆာဖြစ်သည်။ အိုးလိတ်ကိုယ်တိုင်ကမူ သူ့ကိုယ်သူ စ်လုံး ဖြစ်သည်ဟု မယူဆ။ သူသည် မိုက်ရိုင်းလည်း မိုက်ရိုင်း၍ ဘယ်သူ့ကိုမျှ ကောင်းမှုန်းလည်း မသိသဖြင့် သူ့ကိုယ်သူ သူများထက်မြတ်သည်ဟု ယူဆနေ သည်မှာ ထင်ရှားသည်။ ကျောင်းအတွင်းခန်းသို့ ဝင်သည့်အခါတွင် ဦးထုပ်ချွတ် အပေါ်ခြုံအင်္ကျီကို ချွတ်ရမည်ဟု တက္ကသိုလ်က ဥပဒေလုပ်ထားသော်လည်း ယ်သည် ဘယ်အခါမျှ သူ့ကို အပြစ်မတင်ကြ။

သူက ဘာမို့လဲ။ သူဟာ ဘာမျှမဟုတ်ပါဘူး။ ကျောင်းသားတစ်ယောက် သို့ရာတွင် သူ၏ထူးခြားသည့်ဂုဏ်မှာ သူ့အဖေ ဒူးရောက်သည် ရောက်စတောက် သူလျှို (စုံထောက်) အဖွဲ့တွင် ဥက္ကဋ္ဌဖြစ်ခြင်းပင် ဖြစ်ပါသည်။ အိုးလိတ်သည် မြို့၏ မျက်နှာဖုံးဖြစ်သော စတားလင်၏သား ယာကောက်နှင့် တစ်ဖြတ်တည်း ည်။ ယာကောက်၏ စရိုက်ထူးများသည် ပုလိပ်က တစ်ယောက်စကား ထက်နား တီးတိုးစကားမပြောရဟု ရပ်ထဲရွာထဲ၌ လိုက်၍ပိတ်ထားလျက်နှင့်ပင် နိုင်ငံလုံး ဟိုးလေးတစ်ကျော် ဖြစ်၍နေသည်။ အိုးလိတ်၏ပိုင်နက်မှာ ယာကောက် လောက် မကျယ်ဝန်းသော်လည်း လုပ်မှုကိုင်မှုတွင် မော်စကိုမျက်နှာဖုံးထက် တန်းမကျ။ အိုးလိတ်သည် လူတိုင်းကြောက်ဒူးရောက်၏ သားဖြစ်သည့်အတွက် င်ရာလုပ်ဖို့ အများကြီးလွတ်လပ်ခွင့်ရသည်။ သူသည် လုံ့လဝီရိယလည်း ရှိသည်။ ရောက်စတောက်မြို့တွင် အိုးလိတ်ဇာတ်လိုက်အဖြစ်ဖြင့် ပါဝင်သော တ် ကြိုးပွဲ၊ ခုတ်ပွဲထစ်ပွဲ၊ မုဒိမ်းကျင့်ပွဲနှင့်ကင်းသော ရက်သတ္တပတ်ဟူ၍မရှိ။

ဒူးရောက်သည် သူ့သား အိုးလိတ်အား ပညာတတ်မြောက်စေချင်သော ရောက်စတောက်တက္ကသိုလ်၌ ထားခြင်းသည် မှန်သည်။ သို့ရာတွင် အိုးလိတ် တက္ကသိုလ်တွင် မိန်းမလိုက်စားဖို့ ဘာသာရပ်၌သာ စိတ်ဝင်စားသည်။ သူသည် လိုက်စားသည်အလုပ်တွင် မောရပန်းရကောင်းမှန်းမသိ။ သူသည် ကျောင်းကို ကျောင်းဆင်းချိန်လောက်သာလာ၍ အတန်းစုံကို လျှောက်တက်သည်။ လွန်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည့် ရက်သတ္တပတ်အတွင်းတွင် အိုးလိတ်သည် တက္ကသိုလ်သမိုင်းသင်တန်း ခဏခဏသွား၍ တက်သည်။ သူ ဘာလို့ သမိုင်းသင်တန်းကို သွား၍တက်သည် သူများထက် လီဒါကပို၍သိသည်။ ရောက်စတောက်မျက်နှာဖုံးက သူ့ကို ပိုးနေသည့်အတွက် လီဒါသည် အများကြီး စိတ်ညစ်၍နေသည်။ သို့ရာတွင် အိုးလိတ် လွတ်အောင်နေဖို့အလုပ်မှာ ဆောင်းတွင်းအခါတွင် နှာစေးလွတ်အောင်နေဖို့ အလ လောက်ပင် ခက်သည်သာဖြစ်သည်။

ကျောင်းသားများသည် သူတို့နားသို့ အိုးလိတ်ရောက်လာသောအခါ စ ပြောရပ်သွားကြပြီးလျှင် အိုးလိတ်ကိုသာ အာရုံပြု၍နေကြသည်။ အဝတ်အစားချို့တဲ့သော ကျောင်းသားများ အလယ်ခေါင်တွင် အိုးလိတ်သည် ထွန်းပြောင်တောက်ပလျက်ရှိသည် အိုးလိတ်တစ်ကိုယ်လုံး ဖိတ်ဖိတ်တောက်နေသည်။ သူ၏ခေါင်းလိမ်းဆီလိမ်းထား ဆံပင်များကလည်းတောက်ပ၊ သူ၏ အင်္ကျီကလည်းတောက်ပ၊ သူ၏ဘောင်းဘီ လည်းတောက်ပ၊ သူ၏ ဖိနပ်ကလည်း တောက်ပသည်။ စင်စစ်သော်ကား အိုးလိ သည် ခေါင်းဆုံးခြေဆုံး တောက်ပလျက်ရှိသည်။ သူ့ခါးတွင် ဖင်လန်ပြည်လုပ် ဓားမြှော ကိုလည်း ထိုးထားသည်။

အိုးလိတ်သည် သူ့ကို ကျောင်းသားများက ဝိုင်း၍ကြည့်နေကြသည် သဘောကျသဖြင့် ကြွားလိုသောစိတ်ဖြင့် သူ့ရှပ်အင်္ကျီစကို ဆွဲ၍ပြပြီးလျှင် လီဒါကိုလည် သူ့နားသို့ ဆွဲ၍ယူလိုက်သည်။

အခြားကျောင်းသားတစ်ယောက်ကလည်း နောက်သလိုလို အတည် သလိုလိုနှင့် "သင် စာမေးပွဲဖြေဖို့ ဒီအဝတ်အစားတွေ ဝတ်လာသလား"ဟု မေ ကျောင်းသားတိုင်း ရယ်ကြသည်။

"သင့်ခါးထဲက ဓားမြှောင်ကြီးက ပါမောက္ခတွေကို ခြောက်ဖို့လား ဟိတ်" ဟု နောက်နားက ကျောင်းသားတစ်ယောက်ကမေးရာ အားလုံးက ဝိုင်း၍ရယ်ကြသည်

အိုးလိတ်က မျက်နှာထားဆိုးဆိုးထား၍ အံကြိတ်ပြီးလျှင် "တိတ်စမ်း ပါမောက္ခတွေအကုန်လုံး ငါနဲ့ တည့်ပါတယ်။ သူတို့ကို ခြောက်ဖို့မလိုပါဘူး။ ဒါပေ အခု ငါလာတာတော့ သင်တို့ထဲက ကောင်တစ်ကောင်ကို ငါ မေးစရာရှိလို့လာတာ" အယုတ်မာပြုံး ပြုံးလျက်ပြောသည်။

ကျောင်းသားအားလုံး တိတ်၍နေကြသည်။ အိုးလိတ်သည် တစ်စုံတ ယောက်ကိုရှာသောသဘောနှင့် ကျောင်းသားအားလုံးကို လျှောက်၍ကြည့်သည် အန်ဒရေကို မြင်သောအခါကျမှ "တွေ့ပြီ ဒီကောင်ပဲ"ဟူသော အမူအရာမျိုး တခြားသို့ဆက်၍ မကြည့်ဘဲ အန်ဒရေကိုသာစိုက်၍ ကြည့်နေသည်။ အန်ဒရေသ စာသင်ခန်းထဲတွင် တစ်ယောက်တည်း ပြတင်းပေါက်မှ အပြင်သို့ မျှော်ကြည့်နေသည်

အိုးလိတ်သည် လီဒါအား အန်ဒရေကို မေးငေါ့ပြပြီး "ဘယ့်နှယ် သင့်အဆက် ဒီနေ့ဘာဖြစ်နေသလဲ။ မှိုင်လှချေလား"ဟု မေးသည်။



လီဒါက "ငါ ဘယ်သိမလဲ။ သူ့ဟာသူ နေမကောင်းလို့ ဖြစ်ချင်ဖြစ် "ဟု စိတ်ဆိုးသံဖြင့် ပြောသည်။

"သြော် နေမကောင်းလို့ကို ဒါဖြင့်လည်း ကောင်းတာပါပဲ"ဟု ပြော၍ ပခုံးကို လွှတ်ပြီးလျှင် အိုးလိတ်သည် အန်ဒရေဆီသို့ ဖိနပ်သံတကျွိကျွိဖြင့် ဆတ်ဆတ် ဘောက်ဆတ်နှင့်သွားသည်။ လီဒါက ရန်ဖြစ်မည်စိုးသဖြင့် "သူ့ဟာသူ နေ"ဟု အိုးလိတ်ကိုပြောသည်။ အိုးလိတ်က လီဒါပြောသည်ကို ဂရုမစိုက်။ ရေရှေ့သို့ ရောက်သောအခါ အိုးလိတ်သည် ခြေကိုကား၍ ရပ်ပြီးလျှင် လှောင် သောသဘောဖြင့် "သြော် နေမကောင်းနေတာကို" ဟုပြောကာ အန်ဒရေ၏ ကို လက်နှင့်ကိုင်လိုက်သည်။ အန်ဒရေက မျက်နှာပျက်ကာ အိုးလိတ်၏လက်ကို ပြီး အိုးလိတ်နှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရပ်နေသည်။

အန်ဒရေသည် ကျောင်းဆရာတစ်ယောက်၏ သားဖြစ်သဖြင့် တက္ကသိုလ် သားများအနက် အဆင်းရဲဆုံး အတန်းအစားထဲကဖြစ်သည်။ သူဝတ်ထားသော ဘောင်းဘီနှင့် ဖိနပ်တို့မှာ အဖာအထေးနှင့်ချည်းဖြစ်သည်။ အန်ဒရေသည် အားနည်း၍ ပညာတော်သဖြင့် သူ့ကို ကျောင်းသားများက ချစ်ကြရသည်။ အထေး ဗရပွစ်ဖြစ်နေသော အဝတ်အစားများသည် သူဝတ်ထားလျှင် ကြည့်၍ ကောင်းသည်ဟုပင် ထင်ကြသည်။

အိုးလိတ်သည် စီးကရက်တိုကို နောက်ဆုံးအကြိမ်ရှိုက်ပြီးနောက် ပါးစပ် ပြီးလျှင် ပြတင်းပေါက်မှ ထွေးချလိုက်ပြီးနောက် အန်ဒရေ၏ မျက်ခွက်ပေါ်သို့ ကို တဖြည်းဖြည်း မှုတ်ထုတ်သည်။ ဤသို့လုပ်ခြင်းသည် အန်ဒရေကို ခြင်း ဖြစ်သည်။ အန်ဒရေမှာ စိတ်ဆိုးဖို့လမ်းနှင့် အရှက်ကွဲဖို့လမ်း နှစ်လမ်းရှိသည်။ တွင် အန်ဒရေသည် သည်းခံကာ ငြိမ်၍ခံနေပြီးလျှင် အနေသူတစ်ယောက်သည် စိတ်ထဲက ဆဲချင်လျှင် မျက်စောင်းထိုး၍ ကြည့်သည့်နည်းတူ အန်ဒရေသည် လိတ်ကို မျက်စောင်း တစ်ချက် ထိုးကြည့်လိုက်ပြီးနောက် အနေသူပမာပင် ဘာမျှ စ်တမပြော။

ကျောင်းသားများစိတ်ထဲက အန်ဒရေအား "ဒီကောင် တော်တော် သည်းခံ တဲ့ကောင်ပဲ။ တမင်သက်သက်ရန်စနေတာကို လွှတ်အောင်ရှောင်နေတယ်"ဟု တ်မေ့ကာ ချီးမွမ်းကြသည်။

အန်ဒရေက အိုးလိတ်ကို ရှောင်ထွက်သွားမည် လုပ်နေသောအခါ အိုးလိတ်က ဆီးတားပြီး "နေပါဦး။ နေမကောင်းတဲ့လူရဲ့ အရင်မလိုပါနဲ့။ ဘယ်သွားမလို့လဲ။ တားတစ်ခွန်းလောက် မေးစရာရှိလို့ပါ။ သင့်အဖေနဲ့ သင်နဲ့ နောက်ဆုံး ဘယ် တွေ့သလဲ"ဟု မေးသည်။ ဤမေးခွန်းသည် အကြောင်းမဲ့မေးသော မေးခွန်း ဖြစ်သည့်ပြင် အဓိပ္ပာယ်လည်း မရှိသော မေးခွန်းသာဖြစ်သည်ကို ကျောင်းသား တပင် ရိပ်မိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အန်ဒရေ၏မျက်နှာတွင် သွေးမရှိတော့။ အိုးလိတ်က စော်ကားသော သဘောဖြင့် ကျယ်လောင်စွာ လှောင်ရယ်ရယ်ပြီးနောက် "ငါမေးတာကို ဘာလို့ မဖြေတာလဲ။ ညတုန်းက သင်တို့အိမ်ကို လူတွေလာပြီး သင့်အဖေကို ခေါ်သွားပြီး သူနဲ့တန်တဲ့ နေရာကို ပို့လိုက်တယ်ဆိုတဲ့ အကြောင်းကို ဘာလို့ မပြောရသလဲ" ဟု ထပ်၍မေးသည်။

ကျောင်းသားများသည် အားလုံးတုတ်တုတ်မျှမလှုပ်ဘဲ နေကြသည်။ လီဒါမှာ အများကြီး စိတ်မချမ်းမသာဖြစ်သွားပြီး "ဩော် ဒါကြောင့် ဒီနေ့ အန်ဒရေ ဒါလောက်မှိုင်ပြီး ငါ့နားကို မလာတာကိုး" ဟု တွေးမိသည်။

အန်ဒရေသည် အိုးလိတ်ဆီသို့ အပြေးအလွှားသွားပြီးလျှင် အိုးလိတ်၏ လက်ကိုကိုင်၍ "ဒါဖြင့် ငါ့အဖေ ဘယ်မှာလဲဆိုတာ သင်သိတာပေါ့။ ရှိခိုးပါရဲ့။ ငါ့အဖေ ဘယ်လိုနေတယ်ဆိုတာ ပြောပြစမ်းပါ" ဟု တောင်းပန်သည်။

အိုးလိတ်က အန်ဒရေ၏လက်ကို ဖယ်ပစ်လိုက်ပြီးလျှင် အောင့်ပွဲဆင်ကာ ဟားတိုက်၍ ရယ်လိုက်သည်။

အန်ဒရေသည် ဆက်ဆက်တုန်၍လာပြီးလျှင် ကြောင်တောင်ကန်း၏ ကြည့်ခြင်းမျိုးဖြင့် အိုးလိတ်၏ ရယ်နေသောမျက်နှာကို စိုက်၍ကြည့်ပြီးလျှင် "ငါ့အဖေ ဘယ်မှာလဲ။ ငါ့အဖေကို သူတို့ ဘယ်လိုလုပ်ပစ်ကြသလဲ" ဟု ငယ်သံပါကြီးနှင့်မေးသည်။

အိုးလိတ်က "ဩော် သင့်ကြည့်ရတာ အခုမှ ဓနကောင်းလာပုံရတယ်။ သင့်အဖေဟာ ဘယ်ဆရာမှ ကုလို့မရနိုင်တဲ့အခြေအနေကို ရောက်နေပြီ" ဟု ပြောသည်။ အိုးလိတ်က စကားဆက်၍ပြောဦးမည် ကြံသော်လည်း အန်ဒရေ၏ မျက်နှာသည် အသွင်တစ်မျိုး ပြောင်း၍လာသည်ကို တွေ့ရသဖြင့် ဆက်၍မပြောဘဲနေသည်။

အန်ဒရေ၏ မျက်နှာသည် ကြောက်စရာကြီးဖြစ်လာပြီး သူ့နှုတ်ခမ်းများ လည်း တုန်၍လာသည်။ ပြီးလျှင် သူ့မျက်စိကြီးများလည်း အရောင်တောက်၍လာပြီး "ဟဲ့ လူသတ်ကောင် နင့်အဖေလည်း သူသတ်ကောင်ကြီးပဲ" ဟု သူ့ရှူးပမာ ကျယ်လောင်စွာဟစ်အော်၍ပြောသဖြင့် အိုးလိတ်သည် နောက်သို့ခုန်၍ ဆုတ်လိုက်သည်။

အိုးလိတ်က "ဟိတ်ကောင် သိပ်အော်မနေနဲ့၊ ငါ့အကြောင်း သင်သိတယ် မဟုတ်လား။ သတိထားပါ။ သင်လည်း သင့်အဖေလို အရိုးတွေ ကျိုးကုန်ချင်ဖြန့်ပလား ဟိုလူတွေအကြောင်း သင် သိတယ်မဟုတ်လား" ဟု ပြော၍ စကားမဆုံးသေးခင်ဝင် အန်ဒရေက ငိုလည်းငို အော်လည်းအော်၍ အိုးလိတ်ကို တစ်အားကြုံး၍ထိုးလိုက်ရာ အိုးလိတ်သည် ဗိုးခနဲလဲကျမလိုပင် ဖြစ်သွားသည်။ ထို့နောက်နှစ်ယောက်သား တွေးလုံး ရစ်ပတ်ဖြစ်ပြီး ကြမ်းပေါ်သို့ လဲကျသွားသည်။ ထိုအခါ ကျောင်းသားနှစ်ယောက်က ဝင်၍ဖြန်သည်။

"သူ့မှာအားကြီးနှင့် အမယ်လေး အန်ဒရေတော့ သေတော့မှာပါပဲ" ဟု လီဒါက အော်သည်။



စွပ်ခနဲအသံကြားရပြီးနောက် အော်သံထွက်လာပြီးလျှင် အန်ဒရေ၏ မျက်နှာမှ သွေးတွေ ပန်း၍ထွက်လာသည်။

ကျောင်းသားများသည် အိုးလိတ်ကို ဝိုင်း၍ဆွဲသွားပြီး တစ်ယောက်က လက်ထဲမှ ဓားကို ပုတ်၍ချလိုက်သည်။

အန်ဒရေမှာ မျက်နှာကို လက်နှစ်ဖက်နှင့်အုပ်ပြီး ကြမ်းပေါ်တွင်လဲ၍နေသည်။

"ဟာ ဟာ မျက်စိကို ထိုးမိပြီဟ" ဟု ကျောင်းသားများက အော်ကြသည်။ ဒါတလည်း ကြောက်ကြောက်နှင့် "အမယ်လေး ဘုရားကယ်ပါ" ဟု ပြောသည်။

ကျောင်းသားအုပ်ထဲမှ ကျောင်းသားသုံးယောက်သည် ပါးစပ်က ဘာမျှ ဘဲ မျက်မှောင်များကြုတ်၍ လက်သီးများဆုပ်ကာ အိုးလိတ်ဆီသို့ သွားကြသည်။ လိတ်သည် "သင်တို့နှင့် ဘာဆိုင်လို့လဲ။ သင်တို့နှင့် ဘာဆိုင်လို့လဲ" ဟုပြော၍ တုန်ယင်ယင်နှင့် နောက်သို့ဆုတ်သွားသည်။

ထိုအခိုက်တွင် ကျောင်းသားအတန်းမှူး ဖြိုလောက် ရုတ်တရက် ရောက်လာ အိုးလိတ်နှင့် ကျောင်းသားသုံးယောက်ကြားမှ ဝင်၍ဖြန်လိုက်သည်။ ပြီး ဖြိုလောက် "ဟော့ ဘာဖြစ်ကြတာလဲ။ သင်တို့ဘာလဲ စိတ်မနှံ့ကြဘူးလား။ အိုးလိတ်ကို လိုလျှင် ဒုရောက်က သင်တို့ကို အသားတခြား အရိုးတခြားဖြစ်အောင် လုပ်ပစ်လိမ့် သင်တို့ မကြောက်ပေမယ့် ငါ့အတွက်လည်း နည်းနည်းငဲ့ကြပါဦး။ ခံစရာရှိရင် အရင်ခံရမှာပါ။ ပြီးတော့ တစ်တန်းလုံးအတွက် တာဝန်ဟာလည်း ငါ့တာဝန် ဟုပြောသည်။

ကျောင်းသားသုံးယောက်သည် သတိရ၍ နောက်ဆုတ်သွားကြသည်။ အိုးလိတ်သည် "ငါက ဘာဂရုစိုက်မှာလဲကွ" ဟူသော အပြုံးမျိုးပြုံး၍ ကျောင်းသားသုံးယောက်ကို စိုက်၍ကြည့်နေသည်။ ပြီးလျှင် သူ့ဦးထုပ်နှင့်အင်္ကျီကို ပေါ်မှ ကောက်ယူပြီး ရပ်နေသည်။

ကျောင်းသားများသည် အန်ဒရေကို ကျောင်းအခန်းထဲသို့ ပွေ့၍ ကြသည်။

အိုးလိတ်သည် သူ့ဓားကိုရှာရင်း ကျန်ရစ်ခဲ့သည်။

※ ※ ※

## (၇)

ပါမောက္ခနိုဗိကောက်သည် စာသင်ခန်းသို့ သုတ်သီးသုတ်ပျာလာစဉ် ရေအား ကျောင်းသားများပွေ့ယူလာသည်ကို တွေ့သည်။

အန်ဒရေ၏မျက်နှာ၌ သွေးကိုကြည့်၍ နိုဗိကောက်က "ဘယ်လိုဖြစ်တာလဲ။ သူကလုပ်တာလဲ" ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြိုးလောက်က အိုးလိတ်ကို လက်ညှိုးထိုးပြပြီး ''သူက စားနှင့်ထိုးပါတယ် ရဲဘော်ပါမောက္ခ''ဟု ပြောသည်။

အိုးလိတ်သည် သူ၏ညှိုးမည်းနေသောမျက်စိကို လက်နှင့်ပွတ်ရင်း သုတ်သုတ်ပျာ ရှောင်သွားသည်။ ကျောင်းသားတိုင်းက အိုးလိတ်ကို ရှောင်ကြသည်။

နိုဗိကောက်သည် ဘာလုပ်ရမည်မသိသဖြင့် ဒဏ်ရာရနေသော အန်ဒရေ ပထမကြည့်ပြီး လက်၌သွေးပေနေသော အိုးလိတ်ကိုကြည့်သည်။ ပြီးလျှင် ကျောင်းသား များကိုကြည့်သည်။ ကျောင်းသားများသည် ဘာကြောင့် ငြိမ်နေသည်ကို နိုဗိကောက် နားမလည်။

''သင်တို့ ဘာလို့ ဒီနားမှာ ရပ်နေကြတာလဲ။ ဟိုကောင်ကို စစ်တယ် လိုက်''ဟု နိုဗိကောက်က ပြောသည်။

ကျောင်းသားများသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ငြိမ်နေ ကြသည်။ ဖြိုးလောက်သည် နိုဗိကောက်ကို ကြောက်သဖြင့် ပါးစပ်ကဖွင့် မပြော သဖြင့် ကိုယ်ဟန်လက်ဟန်ဖြင့်သာ ဒီလိုလုပ်လို့ မဖြစ်ဘူးဟု သတိပေးသည်။

နိုဗိကောက်စိတ်ထဲက ကျောင်းသားတွေအား သူရဲဘောနည်းတဲ့ အကောင် တွေပဲဟု အောက်မေ့ကာ စိတ်ဆိုးလာသဖြင့် အိုးလိတ်ကို သူကိုယ်တိုင် သွားပြီးဖမ်းမည် လုပ်သည်။ ထိုအခိုက်တွင် တစ်စုံတစ်ယောက်က သူ့အင်္ကျီလက်ကို လာ၍ဆွဲသည်။ ထိုဆွဲသူမှာ ကျောင်းအုပ်ကြီးဖြစ်သည်။ သူ့လက်ထဲတွင် ကျောင်းသားတစ်ယော လာပေးသော သွေးပေနေသည့်ဓားကို ကိုင်ထားသည်။ ကျောင်းအုပ်ကြီးသည် နိုဗိကောက်၏ အင်္ကျီလက်ကို မလွှတ်ဘဲ နိုဗိကောက်အား ''ဒီမှာ ပါမောက္ခနိုဗိကော အရင်မလိုပါနှင့်။ ဓားနှင့်ထိုးသူဟာ တခြား မဟုတ်ဘူး။ ဒူရောက်ရဲ့သား အိုးလိတ်လေ'' ဟု တိုးတိုးပြောသည်။

နိုဗိကောက်သည် ကျောင်းအုပ်ကြီးက ဘာကိုဆိုလိုသည်ဟု သဘောမပေါ် သဖြင့် ခဏကြောင်တောင်တောင်ဖြစ်နေပြီးနောက်မှ ''ဟို ဒူရောက်ရဲ့ သားလား'' မေးသည်။

''အဲဒီ ဒူရောက်ရဲ့သားပေါ့''ဟု ကျောင်းအုပ်ကြီးက ပြန်ပြောသော နိုဗိကောက်သည် သဘောပေါက်၍သွားသည်။ ထိုအခါမှ ကျောင်းအုပ်ကြီး နိုဗိကောက်၏ အင်္ကျီလက်ကို လွှတ်လိုက်သည်။

နိုဗိကောက်သည် ဘာမျှပြန်မပြောဘဲ စာသင်ခန်းထဲသို့ မျက်မှောင်ကြုတ်၍ ဝင်သွားသည်။ အိုးလိတ်လည်း နိုဗိကောက်အား မမှုသော မျက်နှာထားနှင့် လှမ်းကြ ပြီးထွက်သွားသည်။ သူ့မျက်နှာသည် ရှောင်ရမ်း၍ ပြုံးနေရာမှ ဘဝင်မြင့်သောအသွင် ပြောင်း၍သွားသည်။ နိုဗိကောက်သည် ဘာမျှ အံ့သြခြင်းမရှိတော့။



နိုဗိကောက်သည် စာသင်ခန်းဝသို့ ရောက်သောအခါ ကျောင်းအုပ်ကြီးက အိုးလိတ်အား အောက်ပါအတိုင်းပြောသည်ကို ကြားရသည်။ ''ရဲဘော် အိုးလိတ် လို ဖြစ်ရတဲ့အတွက် သင့်ကို ငါ တောင်းပန်ပါတယ်။ စိတ်ချနေပါ။ ဒီကောင်မိုက် အန်ဒရေကို နောင်ကြဉ်သွားအောင် ငါ ကြည့်ပြီး ဆုံးမပေးပါမယ်။ နောက်ကို ကြောစဖုးကိစ္စမျိုး မဖြစ်ရအောင် တော်သလို ငါ စီမံပေးပါမယ်။ သင့်ကိုတော့ သယ်တိုမှ ထိခိုက်မသွားဘူး ထင်ပါရဲ့နော်။ ဆရာဝန်ကိုခေါ်ချင်ရင် ခေါ်ပေးမယ် ''ဟု ကျောင်းအုပ်ကြီးက အိုးလိတ်ကို တောင်းပန်စကားပြောသည်။

နိုဗိကောက်သည် ထိုသို့ပြောသည်ကို ကြားရသောအခါ သူ့နားကိုတောင်သူ ဆိုနိုင်လောက်အောင် ဖြစ်သွားသည်။ ကျောင်းအုပ်ကြီးသည် အိုးလိတ်၏ရှေ့တွင် ၍နေသည်။ သူ့ဟန် သူ့အမူအရာ သူ့ပုပုဖိုင့်ဖိုင့် အရပ်အမောင်းတို့သည် ကျွန်မှု ရာပြည့်ဝစွာ ပေါ်လျက်ရှိသည်။ အိုးလိတ်ကို တောင်းပန်စကားပြောပြီးနောက် ၏ဓားတွင် ပေနေသော သွေးများကို ကျောင်းအုပ်ကြီးက သူကိုယ်တိုင်ကိုင်သော ကိုင်ပဝါဖြင့် သုတ်၍ပေးသည်။

ထို့နောက် ကျောင်းအုပ်ကြီးက အိုးလိတ်အား ''ယော ဒီမှာ သင့် ခဲတံချွန်တဲ့ နေလို့ ငါ ကောက်ထားတယ်။ ဒီလို အဖိုးတန်တဲ့ပစ္စည်း ပျောက်သွားရင် သင့် ဒူရောက်က သဘောကျမှာမဟုတ်ဘူး။ ဟီ ဟီ ဟီ ဟီ''ဟု မရယ်ချင် ရယ်ချင် တွတ်ရယ်ရယ်ပြီးလျှင် ဓားမြှောင်ကို အသွားဘက်ကကိုင်၍ အိုးလိတ်ကိုပေးသည်။

အိုးလိတ်သည် ကျောင်းအုပ်ကြီးအား ကျေးဇူးတင်စကားတောင် မပြောဘဲ ဓားမြှောင်ကိုယူ၍ ဓားအိမ်ထဲသို့ထည့်ပြီးလျှင် အိုလ်ပစ်နတ်မင်း၏ တင့်တယ်ခြင်းဖြင့် တယ်စွာ ခြေလှမ်းမှန်မှန်ဖြင့် မြောင့်မတ်စွာ သူလိုရာသို့ ထွက်သွားသည်။

ထို့နောက် ကျောင်းအုပ်ကြီးသည် ကျောင်းသားများဘက်သို့ လှည့်ပြီးလျှင် ဘာလို့ရပ်နေကြသလဲ။ ခေါင်းလောင်းထိုးသံ မကြားဘူးလား။ ကိုယ့်အခန်းကို ကြလေ''ဟု ပြောသည်။

နိုဗိကောက်သည် စာသင်ခန်းထဲသို့ ဝင်သွားသည်။ ကျောင်းသားများ ယောက်မျှ မရောက်ကြသေး။ နိုဗိကောက်သည် သူ့စားပွဲတွင်ထိုင်၍ ကျောင်းသား ကို စောင့်ရင်း အမှတ်မထင် အခန်းထဲရှိ အရာဝတ္ထုများကို ဟိုလှော်ကြည့် လှောက်ကြည့် ကြည့်နေသည်။ နောက်ဆုံးတွင် ကြမ်းပေါ်တွင် မည်း၍နေသော အကွက်ကြီးကို သွား၍မြင်သည်။

''ဟ သွေးတွေပါလား''ဟု အောက်မေ့ပြီးလျှင် နိုဗိကောက်သည် ကြက်သီး သွားသည်။ ထို့နောက် တစ်စုံတစ်ခုသောအကြောင်းကြောင့် နိုဗိကောက်သည် ဂိုရင်ကို စိတ်ထဲက သွား၍သတိရသည်။ ပြီးလျှင် ''အို မဆိုင်ပါဘူး။ ဂိုရင်နဲ့ ငါနဲ့ ဆက်ဆံ ဆက်ကိစ္စက သွေးထွက်မှုနှင့် ဆိုင်တာမှမဟုတ်ဘဲ''ဟု သူ့ဟာသူ ဖြေလိုက်သည်။ နောက် ကျောင်းသားများ တစ်ယောက်ပြီးတစ်ယောက် ရောက်လာကြသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၈)

ကွင်းကြီးတစ်ခုလုံးသည် ပါးစပ်တစ်ထောင်မှထွက်သော လူသံရော၊ တီးဝိုင်းက တီးသံမှုတ်သံရော၊ အသံချဲ့အော်လံများမှ ဟိန်း၍ထွက်လာသော အသံ စူးစူးဝါးဝါးစစ်မိန့်သံရော ရောပွမ်း၍ နားကွဲမတတ် ဆူညံလျက်ရှိသည်။ လူထုကြီး အပေါ်တွင် နေရောင်ဟပ်၍ ရွှေရောင်ထလျက်ရှိသော ဖုန်မှုန့်များထဲတွင် နီမြန်းသော အလံပေါင်းထောင်သောင်းများစွာသည် တဖျပ်ဖျပ် လွင့်လျက်ရှိသည်။

မျှားပန်းခပ်ဖြစ်၍နေသော လူထုကြီး၏ အထက်တွင် ကမ်းပါးစောက်ကဲ့ မော့၍တက်လျက်ရှိသော တရားဟောစင်ရှိသည်။ ထိုတရားဟောစင်ကို ပွဲသဘင်ကြ သည်အားလျော်စွာ အနီရောင်ဖြင့်ခြယ်၍ အရွက်ပန်းအပွင့်ပန်းတို့ဖြင့် မွမ်းမံ၍ထားသည် တရားဟောစင်ပေါ်တွင် လူတစ်ကျိပ်နှစ်ယောက်ခန့်ရှိသည်။ ထိုတစ်ကျိပ်နှစ်ယော အနက် လူထုကတစ်ယောက်တည်းကိုသာ အာရုံစိုက်၍ကြည့်နေသည်။

"ဂိုရင် ဂိုရင်"ဟု လူထုကြီးက တီးသံမှုတ်သံများကို မကြားရလော အောင် တစ်ခဲနက် ဟစ်အော်နေကြသည်။

တရားဟောစင်ပေါ်ရှိ အရပ်ရှည်ရှည် ခါးကုန်းကုန်း အရွယ်အိုကြီးက သူ အနားဝန်းကျယ်သော ဦးထုပ်ကြီးကိုမြှောက်၍ ပရိသတ်ကြီးကို နှုတ်ဆက်လိုက်သည် ခပ်ဆန်းဆန်းပြင်သစ်ပုံ ညှပ်ထားသော သူ၏ဖြူရောင်သမ်းလျက်ရှိသော ဆံပင်များသည် နေရောင်ဟပ်သဖြင့် ငွေရောင်ထလျက်ရှိသည်။ သူက နှုတ်ဆက်လိုက်သော လူထုကြီးက "စာရေးဆရာ ဂိုရင် အသက်ရှည်ပါစေ" ဟု စိတ်အားထက်သန် ဆုတောင်းကြသည်။

ရောက်စတော်ကိုမြို့တွင် ထိုမျှလောက် ပရိသတ်စည်ကားသော သဘင် ကိုမတွေ့စဖူး။ ယခုသဘင်နှင့်နှိုင်းစာလျှင် အလုပ်သမားနေ့ (မေဒေး) သဘင်သည် ကြက်ပွဲလောက်သာ လူစည်တော့သည်။ ရောက်စတော့က် မြို့သူမြို့သားတို့သ ကလေးလူကြီးမကျန် အကုန်လုံး စုရုံး၍လာကြသည်။ တရားဟောစင်၏ လက်ျာဘ တွင် မော်စကိုမြို့၊ လီနင်ဂရက်မြို့၊ အခြားရုရှမြို့ကြီးများမှ ကိုယ်စားလှယ်များသ နံနက်ချိန် ကလာ၍ မတ်တတ်ရပ်ကာ စောင့်နေကြသည်။ သူတို့၏ အင်္ကျီများသ ချွေးရွှဲ၍နေပြီ။ သူတို့၏ဦးခေါင်းများကို နေရောင်မှန်သည့် အန္တရာယ်မှ ကာကွယ် အတွက် လက်ကိုင်ပဝါများ၊ သတင်းစာများဖြင့် ဖုံးအုပ်ထားကြသည်။

ဓာတ်ပုံသတင်းထောက် တစ်ကျိပ်နှစ်ယောက်ခန့်က တစ်ချက်ချက် ဓာတ်ပုံရိုက်လျက်ရှိပြီးလျှင် သတင်းထောက်ငါးဆယ်ခန့်ကလည်း တချွတ်ချွတ် သတင်းရေးယူနေကြသည်။ ဘော်ရှီဗစ်အစိုးရက ဤသဘင်အကြောင်းနှင့် ပတ်သက် သမိုင်းထိုးရန်အတွက် သတင်းကို စုံလင်နိုင်သမျှ စုံလင်အောင် အလိုရှိသည်။



နိုဗီကောက်နှင့် သူ့ညီ နိကိုလေတို့သည် လက်မှတ်များကို အပေါ်မြှောက်၍ သော သီးသန့်နေရာသို့ လူအုပ်ကြီးကြားထဲမှ အတင်းတွန်းထိုး တိုးဝှေ့ကာ ဝင်သွား သည်။ လူအုပ်ကြီးသည် စိတ်ဆိုးကာ ဆူညံလျက်ရှိသည်။ နိကိုလေသည် နိုဗီကောက် အရွယ်အကာသဘောနှင့် ရှေ့ကတင်ပြီးလျှင် လူအုပ်ကြီးထဲသို့ လက်သီးနှင့်ထိုး င်နှင့်တွတ်၊ ပါးစပ်ကလည်း မကြားကောင်း မနာသာဆဲ၍ တိုးဝင်ရာ သူ့ဦးထုပ် ပြီး ကျန်ခဲ့သည်။ သူ့ဆံပင်များလည်း ဖွာ၍ကုန်သည်။ နေကလည်း မခံမရပ်နိုင် င်၊ ဖုန်ကလည်းထ၊ ညစ်ပတ်ပေကျံနေသော သူ့ကိုယ်များမှ ချဉ်စုတ်စုတ် ဟ်တွေကလည်း နံသဖြင့် နိကိုလေမှာ အသက်မရှူနိုင်အောင် ဖြစ်၍နေသည်။

"အစ်ကိုရေ နာနာတိုးပါ။ ကြာရင် လူနံ့တွေနံတာနှင့် ငါ သေရတော့မယ်" နိကိုလေက ပြောသည်။

နိုဗီကောက်သည် အားထုတ်၍ အပြီးသတ်တိုးရာ လူထုကို တား၍နေကြသော သော၊ ဇီ၊ ဒီ စစ်သားများကြားသို့ ရောက်သွားသဖြင့် သူ့လက်မှတ်ကိုပြလိုက်ရာ န့်နေရာသို့ ဝင်ခွင့်ရသွားသည်။ ထိုနေရာမှာ များစွာချောင်ချိသဖြင့် ညီအစ်ကို တ် အသက်ကောင်းကောင်း ရှူနိုင်သွားသည်။

တရားဟောစင်၏ လက်ဝဲဘက်တွင် ကွန်မြူနစ်ပါတီဝင်ကြီးကြီးများ ပါတီ တော်များဖြစ်ကြသည့် လောကဓာတ်ဆရာများ၊ စာရေးဆရာများ၊ ပညာရှိများ သည့် "မျက်နှာဖုံး"များအတွက် သီးသန့်နေရာရှိသည်။ နိုဗီကောက်မှာ ကျော် ပါမောက္ခကြီးတစ်ယောက်ဖြစ်သည့်အတွက် တရားဟောစင်နှင့် တစ်ဆယ့် ခန့်ကွာသော နေရာကိုရသည်။ "တော်သေးတာပေါ့။ ပြီးခဲ့တဲ့ အလုပ်သမားနေ့ င် ငါရတဲ့နေရာဟာ တရားဟောစင်နှင့် အလှမ်းသုံးဆယ်လောက်ကွာသည်"ဟု က်က ကျေနပ်သောလေသံဖြင့် သူ့ဟာသူ ပြောသည်။

နိကိုလေသည် သူရသောနေရာတွင် နေသားကျ၍သွားပြီးလျှင် တောင်မြောက် တို လျှောက်၍ကြည့်သည်။ ပြီးလျှင် လက်ကိုဝှေ့ကာ မျက်နှာကို မဲ့ကာရွဲ့ကာဖြင့် သတင်းထောက်များကို လှမ်း၍မိတ်ဆက်သည်။ ပြီးလျှင် "ဗိမာန်အသစ်ကလေး ငှင့်တဲ့ အရေးပဲ။ ဒါလောက်တောင် ချဲ့နေရသလား"ဟု အံ့ဩသော မျက်နှာဖြင့် သောင်စွာပြောသည်။

"ဒါက သာမည ဗိမာန်မဟုတ်ဘူး။ နိုင်ငံရေးအတွက် သိပ်အရေးကြီးတဲ့ တ်အိန်ဂဲဗိမာန်"ဟု နိုဗီကောက်က ဆရာသံပါပါဖြင့် ပြောသည်။

စင်စစ်သော်ကား နိုဗီကောက်ကိုယ်တိုင်ပင် ဘာကြောင့် လူတွေ ဒါလောက် သည်ကို နားမလည်နိုင်အောင်ရှိသည်။ သူ့စိတ်ထဲတွင် ယခုဗိမာန်ဖွင့်ပွဲသည် ည်ပါဗယ်မိုရိုဇောက် အထိမ်းအမှတ်ဖွင့်ပွဲလောက်သာ စည်ကားမည်ထင်သည်။ ရိုဇောက်မှာ သူ့အဖေအပေါ်တွင် သစ္စာဖောက်ကာ သူ့အဖေသည် ပြည်သူ့ရန်သူ ည်ဟု ဘော်ရှီဗစ်ပုလိပ်ကို သတင်းသွား၍ပေးသူဖြစ်သည်။ နိုဗီကောက်စိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



''အင်း ဒီကိစ္စကို မော်စကိုက တစ်ပြည်လုံး ဟိုးလေးတကျော်ဖြစ်သွားအောင် လုပ်ဖို့ ကြံတယ်ထင်ပါရဲ့။ ဒီကိစ္စနဲ့တွဲပြီး ဘာများအကြံရှိသေးသလဲမသိဘူး။ ပါတီဝင် အသစ်တွေကို သင်တန်းပေးတာ ဖြစ်ချင်လည်းဖြစ်မှာပဲ''ဟု အောက်မေ့သည်။

ဓာတ်ပုံသတင်းထောက်တစ်ယောက်သည် ချွေးတလုံးလုံးနှင့် ပြေးလာပြီး လျှင် နိုဗိကောက်အား ''ဟေ့ မျက်နှာပိန်တဲ့လူ ဓာတ်ပုံထဲမပါအောင် ဘေးဖယ်နေ စမ်း''ဟု အော်၍ပြောသည်။ နိုဗိကောက်သည် စိတ်ဆိုးသွားသည်။ သို့ရာတွင် ထိုနေ့မှာ သတင်းထောက်များအနက် အထူးအားဖြင့် မော်စကိုမြို့က သတင်းထောက်တို့ မိုးကောင်းသောနေ့ဖြစ်သည်။ ထိုပွဲမှာလည်း သူတို့ပွဲဖြစ်သည်။ နိုဗိကောက်၏မျက်နှာ သည် ကျန်းမာဝဖြိုးသော ဘော်ရှီဗစ် နိုင်ငံသားတစ်ယောက်၏ ဂုဏ်နှင့်မပြည့်စုံလျှင် သူ့မျက်နှာကို ဓာတ်ပုံထဲမပါအောင် ဖယ်ပေးဖို့မှာ နိုဗိကောက်၏ တာဝန်ပင်ဖြစ်သည်။ နိုဗိကောက်သည် မျက်နှာပြည့်ပြည့်ဝဝရှိသော သူညီ နီကိုလေကို သူ့ရှေ့ကို တင်လိုက် သည်။ နီကိုလေသည် သူ့ပါးများကိုဖောင်း၍ ပြောင်စပ်စပ်လုပ်နေသည်။ ထို့နောက် ဓာတ်ပုံသတင်းထောက်က နီကိုလေအား ''ဗိမာန်ကို အံ့ဩတဲ့ပုံနှင့်ကြည့်နေစမ်း သင်ရဲ့ အနီးကပ်ပုံကို ငါ ရိုက်ယူချင်တယ်''ဟု ပြောသည်။

နီကိုလေသည် မော့၍ ဗိမာန်ကိုကြည့်သည်။ ဓာတ်ပုံသတင်းထောက်က ''ကိုင်း သင့်မိတ်ဆွေတစ်ယောက်ကို လက်ရပ်ခေါ်ပြပုံ လုပ်လိုက်စမ်း''ဟု ခိုင်းသည်။ နီကိုလေက ဝဝဖိုင့်ဖိုင့်လူကြီးတစ်ယောက်ကို သူ့လက်ကိုင်ပဝါနှင့် ရပ်၍ခေါ်သည်။ ထိုသူမှာ ပညာကျော် ဂလူယုက်ဖြစ်သည်ကို နိုဗိကောက်သိရသည်။ ဂလူယုက်ထ မျက်နှာကို တခြားဘက်သို့ လှည့်လိုက်သည်။ ''ဂလူယုက်စိတ်ထဲက နီကိုလေကို ငါ မြှောက်ပေးတယ်လို့များ ထင်မလားမသိဘူး''ဟု နိုဗိကောက်က တွေး၍ပူက နီကိုလေကို စိတ်ဆိုးသည်။

နီကိုလေ၏ ဟန်အမူအရာကို ကြိုက်သဖြင့် ဓာတ်ပုံသတင်းထောက်က ''နိပ်တယ်ဟေ့ တစ်ခါထပ်လုပ်လိုက်ပါဦး''ဟု ပြောသည်။

ထိုအခိုက်တွင် လူထုပရိသတ်သည် ပို၍များလာပြီးလျှင် ပို၍ အော်ဟစ်လာ ကြသည်။ နိုဗိကောက်သည် ကျောက်လှေကားထိပ်မှ စီး၍ကြည့်သဖြင့် လူထုကြီး တစ်ခုလုံးကို မြင်ရသည်။ ပရိသတ်တစ်ခုလုံးသည် မျက်လုံးနီ၍ မောပန်းနေဟန်ရပြီးလျှင် ကျန်းမာခြင်းချို့တဲ့၍ မကြည်သာသောအသွင်ကို ဆောင်လျက်ရှိသည်။ လေသည် လူထုဘက်မှ နိုဗိကောက်ဘက်သို့ တိုက်၍လာသောအခါ နိုဗိကောက်က အားလုံးသော ''မြို့၏မျက်နှာဖုံးများ''နည်းတူ သူ့နှာခေါင်းကို လက်ကိုင်ပဝါနှင့် ပိတ်၍ထားသည်။ ပြီးလျှင် မျက်နှာကိုရှုံ့၍ ''ဒါဟာ ရောက်စတောက်မြို့ရဲ့ ပါးစပ်က ထွက်တဲ့လေပဲ''ဟု ပြောသည်။

ဖျော့ရွယ်ဖျော့လက်သော အင်ကေဗီဒီစစ်သားတို့သည် ပခုံးချင်းယှဉ်ထ နှစ်တန်းထပ်၍ လူထုဘက်သို့ မျက်နှာမူ၍ ရပ်နေကြသည်။ သူတို့သည် ပြာပုံရောင်



ထို နိုင်နင်းစွာ နှိပ်ကွက်သူများဖြစ်သည်မှာ ထင်ရှားသည်။ သို့ရာတွင် လုံခြုံမှု တွက် လုံးဝစိတ်ချရစေရန်အတွက် ပတ်ဝန်းကျင်ရှိ အိမ်ခေါင်မိုးများပေါ်တွင် သေနတ်များ တပ်ဆင်ထားသည်။ စက်သေနတ်ကိုင်တို့၏ ဦးထုပ်ပြာများသည် ခေါင်ကြားမှ တစ်ချက်တစ်ချက်ပေါ်လာသည်ကို နိုဗိကောက် တွေ့ရသည်။ ကာက်အဖို့တွင် စက်သေနတ်များမှာမဆန်း ပန်းအိုးနှင့်စိုက်ထားသော ပန်းပင်များကို တွေ့ရသည့်နည်းတူ အလုပ်အားရက်များတွင် စက်သေနတ်များကို အမြဲပင်တွေ့ရမြဲ သည်။

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ကို ဝတ်ထားကြသည့် ရောက်စတောက် သားအားလုံးသည် ကျောက်ဖြူတိုင်ကြီးများဖြင့် ဆောက်လုပ်၍ ကောင်းကင်သို့ င်သန့်ရှင်းစွာ မြင့်တက်နေသော ဗိမာန်ရှေ့တွင် မတ်တတ်ရပ်၍နေကြသည်။ သည် ဖုတ်အမြဲထနေသဖြင့် နေကိုလည်း ထင်ရှားစွာမမြင်ရ။ သစ်ရွက်များလည်း ညစ်ပတ်သော စက္ကူစများနှင့်သာတူနေသည့် သူတို့နေရာ အလုပ်သမား ထ်များမှ ကားလမတ်အိန်ဂဲဗိမာန်၏ ကျယ်ဝန်းသော ကျောက်လှေကားထစ် သို့ စုရုံး၍ ရောက်လာကြသည်။

သမိုင်းကိုဖတ်လျှင် ကျောက်တုံးတို့၏စကားကို နားလည်နိုင်သည်။ ကျောက် ဆောက်လုပ်ထားသော ရှေးကအဆောက်အဦ အထိမ်းအမှတ်များမှာ နှစ်ပေါင်း င်သောင်းများစွာက ကျွန်များ၏ ချွေးနှင့်ရင်းနှီး၍ထားသော အရာများဖြစ်သည်ကို င်းသိကြသည်။ ကာလရွေ့လျားသော် ဆောက်ပုံ ဆောက်နည်းများ ပြောင်းလဲသွား အဆောက်အဦးများလည်း ပျက်စီးသွားကြသည်။ သို့ရာတွင် ကျွန်များ၏ ကားမပြောင်း။ သူတို့လက်ရာသည် အချိန်ကာလထက် ခိုင်သည်။ ရောက် တ်မြို့က ကားလမတ်အိန်ဂဲဗိမာန်ကို ငါတို့ မျက်စိအောက်တွင် ကျွန်များ၏ တည်ဆောက်ခဲ့သည်။ ထောင်ပေါင်းများစွာသော ချွေးတပ်သားတို့အား နေ့စဉ် တစ်နှစ်သာမျှ သူတို့နေရာ ချွေးတပ်စခန်းများမှ ဘော်ရှီဗစ်အာဏာ တို့က ကွပ်ကဲ၍ မြို့သို့ရွာသို မောင်း၍လာပြီး ထိုဗိမာန်ကို အဆောက်ခိုင်းသည်။ တ်သတင်းစာက စိတ်အားထက်သန်စွာဖြင့် ''ထိုဗိမာန်ကို ထွန်းပြောင်သော စ်ဝါဒသဘောများ အထိမ်းအမှတ်''ဟု ခေါ်သည်။ ယနေ့ ချွေးတပ်သားဘဝ ရောက်နေကြသူများမှာ ယခင်က တောင်သူလယ်သမားများ အလုပ်သမားများ တ်များဖြစ်ကြသည်။ နိုဗိကောက်တို့ ဂလူယုက်တို့ကဲ့သို့သော ရောက်စတောက် တို့သည် နေ့တိုင်းနေ့တိုင်း ထိုဗိမာန်ဆောက်နေစဉ်က အနားမှ ဖြတ်၍သွားကြ ။ ထိုသို့သွားကြစဉ်တွင် ကျောက်မှုန့်တွေ တထောင်းထောင်းထနေသည့်အသ တ်အစား စုတ်ပြတ်မောပန်းနေကြသည့် တစ္ဆေအသွင်ပေါက်နေသော ချွေးတပ်သား ကို မြင်ကြရသဖြင့် နိုဗိကောက်စိတ်ထဲက သူတို့လည်း တစ်နေ့တွင် ချွေးတပ်သား သို့ ရောက်နိုင်သည့်အဖြစ်ကို ကြက်သီးတဖြန်းဖြန်းနှင့် တွေးမိကြသည်။ ထွန်းပြောင်

www.burmeseclassic.com

www.burmeseclassic.com



သော ကွန်မြူနစ်ဝါဒသဘောများသည် ဘယ်လောက် အရင်းအနှီးကြီးသည်ကို သူ
သိကြသည်။

ချွေးတပ်သားများအား အလုပ်ပြီး၍ အလိုမရှိတော့သောအခါ အာဏာသ
တို့က ပြန်၍ခေါ်သွားသည်။ ထို့နောက် ပွဲသဘင်ဆင်ယင်ရန် ကျယ်ပြန့်သ
ကျောက်လှေကားကြီးများကို ဖြူစင်သွားအောင် ဆေး၍ပစ်သည်။ ထိုအခါမှ
အရောင်တဖိတ်ဖိတ် တောက်လျက်ရှိသော ကျောက်သားသည် ချွေးတပ်သားတို့
လက်ရာဖြစ်သည်ကို ဘယ်သူမျှ မတွေးမိကြတော့။ သဘင်ဆင်ယင်သည့်နေ့တွ
ထိုဗိမာန်ကြီး၌ အစာဝအောင် မစားရသည့် ချွေးတပ်သားများကို မတွေ့ရတော့
ကျောက်လှေကားထစ်များ၏ အလယ်တွင် မြင့်တက်နေသော ရွက်ပန်းပွင့်ပန်းများ
တန်ဆာဆင်ထားသော တရားဟောစင်ပေါ်တွင် အစာကောင်းစွာစားရသ
မျက်နှာကြည်လင်နေပြီးလျှင် စိတ်ကျေနပ်မှုရနေကြသော အရေးပါအရာရောက်သူ
မတ်တတ်ရပ်နေကြသည်။ သူတို့မှာ အရပ်အမောင်းချင်း၊ ကိုယ်လုံးကိုယ်ပေါက်ချ
အသွေးအရောင်ချင်း မတူကြသော်လည်း သူတို့၏ မျက်နှာ အားလုံးမှာ အာဏာ
ဟန်ပေါက်ခြင်း၊ မျက်နှာထားတင်းခြင်း၊ အရာရှိအမှုထမ်းကိုက်ဖမ်းခြင်း၊ အသိခ
ပေါ်နေခြင်းစသော အချက်တွင် တစ်ပုံစံတည်းသာဖြစ်သည်။

တရားဟောစင်ပေါ်ရှိသူအားလုံးအနက် ဂိုရင် တစ်ယောက်သာလျှင် အ
ကွဲပြား၍ တခြားစကြဝဠာမှ ရောက်လာသောဧည့်သည်တစ်ဦးကဲ့သို့ ထူးခြားသေ
အသွင်ကို ဆောင်လျက်ရှိသည်။

အဆိုပါ အာဏာပိုင်တို့အထဲတွင် ပြုံးရယ်မှုဖြစ်စေရန် အခြင်းအရာကို အလ
မမြင်ရ။ အာဏာပိုင်တို့မည်သည် ပျော့ပျောင်းသည့်အင်္ဂါနှင့် ကင်းလွတ်မြဲဖြစ်သ
သို့ရာတွင် ဂိုရင်၏အသွင်တစ်ခုလုံးမှာ ရွှင်ပျမှုကို ဆောင်လျက်ရှိသည်။ မှိုပွင့်ကြီး
တူသော သူ့ဦးထုပ်ကြီးက သူ့နားရွက်များကို ဖုံးနေပုံကိုပင် ရယ်ရွှင်ဖွယ်ကောင်းသ
သူ၏ ဖွာ၍ကုပ်ကျနေသော နှုတ်ခမ်းမွေးဖြူကြီးနှင့် မောက်နေသော ပါးရိုးကြီး
မျက်တွင်းနက်ကြီးနှစ်ခုထဲမှ အပေါ်ကအုပ်နေသော မျက်တောင်မွေးရိပ်ကို
မချမ်းမြေ့သောအသွင် ကြင်နာသောစိတ်ထားနှင့် ကြည့်နေသော သူ၏မျက်လုံးများသ
သဘောကောင်းသော ဗားလရပ်သတ္တဝါကြီးနှင့်သာတူသည်။ သူ့အနီးပတ်ဝန်းကျင်တွ
သော အာဏာပိုင်တို့သည် သံပတ်ပေးလျှင်လှုပ်ရှားသည့် စက်ရုပ်များနှင့်သာတူသ
ရယ်စရာကောင်းသော ဂိုရင်၏ အသွင်တစ်ခုတည်းသာ သက်ရှိလူသားပုံနှင့်တူသ
ထို့ကြောင့်ပင် လူထုပရိသတ်ကြီးက ဂိုရင်တစ်ဦးတည်းကို ကွက်၍ သြဘာပေးနေကြ
ဖြစ်ဟန်တူသည်။

နိုဗိကောက်သည် တရားဟောစင်ပေါ်ရှိ လူအားလုံး၏ အမူအရာ
သတိထား၍ အကဲခတ်ပြီး ကြည့်နေသည်။ လူထုပရိသတ်ကြီးသည် တရားဟော
ပေါ်က လူအားလုံးအနက် ဂိုရင်တစ်ဦးတည်းကိုသာ အာရုံပြု၍နေကြသည်။ ပိ

ဖြစ်သော ဂိုရင်သည် ဝဝဖိုင့်ဖိုင့်ဖြစ်သော ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ်
င်နှင့်အတူ ယှဉ်၍ မတ်တတ်ရပ်နေသည်။ လာရင်သည် ရောက်စတောက်ပြည်နယ်
ရှင်ဘုရင်ဟုခေါ်ထိုက်သူပင် ဖြစ်သည်။ သူ့ကို လူတိုင်းက "ရောက်စတောက်
လင်"ဟု ခေါ်ကြသည်။

လူထုပရိသတ်က ဂိုရင်တစ်ယောက်တည်းသာ အရေးထားသည့်နည်းတူ
ဟောစင်ပေါ်ရှိ "မြို့မျက်နှာဖုံးများ"ကလည်း လာရင်ကိုသာ အရေးထားကြ
သူတို့အဖို့တွင် လာရင်သည် သူတို့၏ အနာဂတ် အားထားရာဖြစ်သည်။
ရာထူးကြီးပွား တိုးတက်လာပုံမှာလည်း သူတို့အဖို့ စံကြီးတစ်ဆူပင်ဖြစ်သည်။
လာရင်၏ဥပမိရုပ်ကိုလည်း သူတို့အားကျကြသည်။ လာရင်သည် ဝလည်းဝ
ခန့်လည်းခန့်သည်။ ဣန္ဒြေလည်းရှိသည်။ လာရင်သည် နှာတံသွယ်သွယ်
ပါးစုံ့ထွက်ထွက်၊ နှုတ်ခမ်းညီညီရှိသည့်အလိုက် သြဇာပေးလိုစိတ်၊ မောက်မာ
ရက်စက်စိတ်ရှိသည်။ လာရင်သည် လူထုကို နှဖားထိုးသည့်အလုပ်တွင် ဝါရင့်သူ
သည့်အတိုင်း သူ၏ နှိုက်နှိုက်ချွတ်ချွတ်ကြည့်တတ်သော မျက်လုံးများတွင် တင်ကြို၍
သော လူထု၏ကံကြမ္မာသည် မှန်ထဲတွင် ပေါ်၍နေသကဲ့သို့ ပေါ်နေသည်။
သည် သနားစိတ်ပေါ်ခိုက်တွင် လူထုအား စိတ်ချမ်းသာအောင်လုပ်၍ ရက်စက်
လာသည့်အခါ ဖောချွေးပြန်လာအောင် လုပ်သည်။ လူထုသည် ကျွန်လိမ္မာကဲ့သို့
အလိုကို ကျိုးနွံသေဝပ်စွာ လိုက်နာကြသည်။

ဂိုရင်သည် သူ့တစ်ဘက်တွင်ရှိသော လူတုတ်တုတ်ခန့်ခန့်တစ်ယောက်နှင့်
ပြောနေသည်။ ထိုလူမှာ အခြားသူများ၏နည်းတူ ကွန်မြူနစ်ပါတီပုံစံ အင်္ကျီအဖြူ
ထားသည်။ ထိုလူသည် ထူးထူးခြားခြား လည်စည်းအနက်ကို ဝတ်ထားသဖြင့်
က အံ့သြမိသည်။ ထိုသို့လည်စည်းအနက်ကို ထူးခြားစွာ ဝတ်ထားခြင်းဖြင့်
ကားလမတ်အိမ်ဂဲဗိမာန်ကို ပုံစံရေးဆွဲ ဆောက်လုပ်သူ ပညာကျော်ယှူးဆိတ်
င်းကို နိုဗိကောက် သိရသည်။

ထိုနေ့က နံနက်ထုတ်သတင်းစာများတွင် အဆိုပါဗိမာန်ကို အောင်မြင်စွာ
ပေးသည့်အတွက် ယှူးဆိတ်အား လီနင်ဘွဲ့ အပ်နှင်းလိုက်ကြောင်း ပါလာသည်။
သည် အိမ်များကိုကောင်းစွာ ဆောက်တတ်သူဖြစ်ကြောင်း နိုဗိကောက် ကြားဖူး
သို့ရာတွင် ယှူးဆိတ်မှာ သူ၏ရာထူးကို တည်ဆောက်ရာတွင် ပို၍စွမ်းသူ
ည်။

ယှူးဆိတ်၏ ဘော်ရှီဗစ်ခေတ်တွင် အောင်မြင်ခြင်းမှာ လီနင်သေပြီးနောက်မှ
သည်။ လီနင်သေသွားသောအခါ ဘော်ရှီဗစ်အစိုးရက ယှူးဆိတ်အား လီနင်
ဝုကို မော်စကိုမြို့ လီနင်ပန်းခြံတွင် အတည်နိုင်းသည်။ ခိုင်းသည့်အတိုင်း
ဘ ပြီးမြောက်အောင် တည်၍ပေးသည်။ ယှူးဆိတ်သည် လီနင်၏အလောင်း
ကောက်ရိုးများသွင်းပြီးလျှင် ဂူထဲ၌ ထည့်လိုက်သည်။ ထို့အတွက် ယှူးဆိတ်

www.burmeseclassic.com

www.burmeseclassic.com



သည် ဂုဏ်ထူးဆောင်ပြည်သူ့အနုပညာသည်ဘွဲ့ရပြီးလျှင် ကွန်မြူနစ်ပါတီကြီးကိုင် အဖွဲ့၏ အသုံးတော်ခံ ဗီသုကာရာထူးကိုလည်းရသည်။ ထိုရာထူးသည် လခအလွန် ကောင်းသောရာထူးဖြစ်သည်။ ပင်လယ်နက်အနီးရှိ နန်းတော်အိမ်တော်တို့အနက် ယျူးဆိတ်၏ လက်ရာကင်းသော အဆောက်အဦဟူ၍မရှိ။

"ဟို မျက်နှာမှုန်ကုပ်ကုပ်နဲ့လူရဲ့ အင်္ကျီလက်ပေါ်က တံဆိပ်က ဘာတံဆိပ် လဲ"ဟု နီကိုလေက နိုဗီကောက်ကို မေးသည်။ နိုဗီကောက်က "ဒုရောက်ဆိုတာ သူပေါ့ကွ။ သူလျှို(စုံထောက်)ဌာန ဥက္ကဋ္ဌလေ။ သူ့တံဆိပ်က တော်လှန်ရေးအထိမ်း အမှတ်ဖြစ်တဲ့ ရွှေစက်ဝိုင်းအလယ်က ဓားလွယ်ကန့်လန့်ဖြတ်ပါတဲ့ တံဆိပ်ပေါ့"ဟု ပြောသည်။

"ဒီကောင်ကြီး မျက်နှာက သိပ်ပြီး ခဲနှင့်ပေါက်ချင်စရာကောင်းတာပဲ"ဟု နီကိုလေက တိုးတိုးပြောသည်။

"ဒီစကားကို ငါ့တစ်ယောက်ပဲ ပြောပါကွာ။ တခြားဘယ်သူ့မှသွား မပြောပါနှင့်"ဟု နိုဗီကောက်က ပြောသည်။

ဒုရောက်၏ မျက်နှာမှာ တကယ်ကြောက်စရာကောင်းသည်။ ဒုရောက်သည် ပြင်ပမှ ယဉ်ကျေးမှုနှင့်လည်းကင်း အတွင်းစိတ်လည်း ကြမ်းတမ်းခက်ထန်သော လူကြမ်းသက်သက်ဖြစ်သည်။ သူ့မျက်နှာမှာလည်း လူရိုင်းမျက်နှာ ဖြစ်သည်။ ပါးရိုး ကလည်းမောက်၊ နဖူးကလည်းပြား၊ မျက်ခုံးမွေးကလည်း ထူထူကုပ်ကုပ်၊ မျက်လုံး ပေါက်ကလည်း ကျဉ်းကျဉ်းဖြစ်သည်။ သို့ရာတွင် သူ၏ ထူးခြားဆုံးအင်္ဂါမှာ သူ့ရှေ လက်ထက် ပို၍ ရှည်သော ကြောက်စရာကောင်းသည့် လက်ကြီးနှစ်ဖက် ရှိခြင်းဖြစ်သည်။ ဒုရောက်သည် တရားဟောစင် လက်ရမ်းကို လက်နှစ်ဖက်နှင့် ဆုပ်လိုက်ဖြည်လိုက် လုပ်နေသည်။ ထိုကဲ့သို့ လုပ်နေခြင်းမှာ မကောင်းသောစိတ်နှင့် တမင်သက်သက် လုပ်နေခြင်းဖြစ်သည်။ တစ်ခါတစ်ရံ တစ်စုံတစ်ယောက်သူ၏ လည်ပင်းကို ညှစ်၍နေဘိသကဲ့သို့ သူ၏လက်ကို တစ်ဖြည်းဖြည်းချင်း နှစ်မိနစ် သုံးမိနစ်ကြာခန့် ဆုပ်ထားပြီးနောက်မှ တဖြည်းဖြည်း လက်သီးဆုပ်ကို ဖြည်လိုက်သည်။ ဤနည်းဖြင့် ဒုရောက်သည် သူ့လက်သီးကို ဖြည်းဖြည်းဆုပ်လိုက် ဖြည်းဖြည်း ဖြည်လိုက်နှင့် ဆက်ကာ ဆက်ကာ လုပ်၍နေသည်။

"ဒီလိုလက်ကြီးနဲ့ အဆုပ်ခံရမှာများ ငါဖြင့်ကြောက်ပါရဲ့။ ကြည့်စမ်းပါဦး လက်ကြီးတွေက ကြီးလိုက်တာ။ သူကြည့်ရတာ လူ့ဝံကြီးနဲ့ သိပ်တူတာပဲ။ လူ့ဝံ သူ့လို ဆေးလိပ်မသောက်တာ ဗော့ဒကာအရက်မသောက်တာဘဲ ပြောစရာရှိတယ်"ဟု နီကိုလေက တကယ်ကြောက်လန့်သော အမူအရာနှင့် ပြောသည်။

"တိတ်စမ်းပါကွာ။ အသာကြည့်ပြီး နေစမ်းပါ"ဟု နိုဗီကောက်က ပြောသည်။ သူလျှိုဌာနမှာ ဖမ်းဆီးခြင်း နှိပ်စက်ခြင်း မစဉ်းမစား သေနတ်နှင့်ပစ် သတ်ခြင်းအလုပ်များကို မလုပ်လျှင်မဖြစ်သော ဌာနဖြစ်သဖြင့် ထိုဌာနအတွက် လက်



ကြီး ခေါင်းသေးသေး(ဦးနှောက်နည်းနည်း) ကိုယ်လုံးကိုယ်ထည် ကြီးကြီးကြမ်းကြမ်း သူများကို ရွေး၍ခန့်ရသည့်အဖြစ်ကို နိုဗီကောက်သိသည်။ ထို့နောက် သူလျှိုဌာနက သူများကို နောက်ဆုံးအမွမ်းတင်သောသဘောဖြင့် တောင်ကြီး၊ လက်သီးကြီး၊ လည်ညှစ် ကြီးသူသော ကြားရရုံနှင့် ကြောက်စရာကောင်းသော နာမည်ကျော်များကို ပေးထားသည်။

ရောက်စတောက်စစ်ခရိုင် ဗိုလ်ကာယိုရင်မှာ ဒုရောက်ကြောင့် တရားဟောစင် ဆောင်တစ်ချောင်တွင် ကြပ်ကြပ်တည်းတည်းနှင့် မတ်တတ်ရပ်၍ နေရသည်။ ကာယိုရင် သည် စစ်ဗိုလ်ဟန်ပေါက်အောင် မျက်နှာထားတည်တည်ကြီး လုပ်၍ထားသည်။ မျက်နှာမှာ နေပူခြင်းကြောင့်တစ်ကြောင်း၊ သူဝတ်ထားသော စစ်ပုံအင်္ကျီက ကြပ်တည်းခြင်းကြောင့်တစ်ကြောင်း၊ သူ့ဟာသူ ကျေနပ်မှုရ၍နေခြင်းကြောင့် ကြောင်းတို့ကြောင့် နီမြန်းလျက်ရှိသည်။ ဤကာယိုရင်မှာ အခြားသူမဟုတ် နောင် အဖို့တွင် ရုရှ တပ်ပေါင်းစုံ ဗိုလ်ချုပ်မာယုယ်တုကာချိတ်စကီကို သေနတ်နှင့် တော်သော ဗိုရိုရှီလောက် ခေါင်းဆောင်သော အထူးအဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးအဖြစ်နှင့် သော ကာယိုရင်ပင် ဖြစ်သည်။ မာယုက်တုကာ ချိတ်စကီကို အစတုန်းစီရင်ပြီးနောက် လကြာသောအခါ ထိုအထူးအဖွဲ့ဝင်များအနက် ဗိုရိုရှီလောက်မှတစ်ပါး ကျန်သော ဝင်အားလုံးမှာ အလှည့်ကျ အစတုန်းစီရင်ခြင်း ခံရသည်။

ကာယိုရင်သည် တရားဟောစင်ပေါ်တွင် ရပ်၍နေစဉ်၌ နောင်မကြာမီပင် သေရမည့်အတွက် စိတ်လေးခြင်း ဖြစ်ချင်မှဖြစ်ပေမည်။ အဘယ်ကြောင့်ဆိုသော် ည် သတင်းထောက်အများက ဝိုင်း၍ ဓာတ်ပုံရိုက်ကြသောအခါ ဘော်ရှီဗစ်အစိုးရ တ်ပေးအပ်ထားသော ဝင်းဝင်းပြောင်ပြောင် ဘွဲ့တံဆိပ်ကြီးများ မြိုင်ဆိုင်စွာ ထားသော သူ၏ရင်ဘတ်ကို ဝင်သက်လေဖြင့် ဖောင်းကြွအောင်လုပ်ပြီးလျှင် ပြုလျက် စစ်မြေပြင်တွင် ရောက်နေဘိသကဲ့သို့ အဝေးသို့စိုက်၍ကြည့်ကာ ပုံအရိုက်ခံသောကြောင့်ဖြစ်သည်။ သို့ရာတွင် ကာယိုရင်သည် သူ၏မျက်နှာကို သားနောင်သားတို့ ကြည့်ရှုနိုင်စေရန် ထားခဲ့ချင်သော ဆန္ဒကလည်း ပြင်းနေသဖြင့် ရာတ်က သူ့ကိုထိုး၍နေသော ကွန်မြူနစ်ပါတီ တတိယအတွင်းရေးမှူး ယောက်ကို တမင် တံတောင်နှင့်တွတ်၍ပစ်လိုက်သည်။ နောင်အဖို့တွင် သူအသက် ခြင်းမှာ ထိုကဲ့သို့ ကြမ်းတမ်းစွာ ပြုမူခြင်း၏ အကျိုးပင် ဖြစ်ချင်ဖြစ်ပေမည်။

* * *

## (၉)

နိုဗီကောက်၏ နောက်နားက လူတစ်ယောက်က ဗေရီးယားနာမည်ကို လျှင် "ဗေရီးယားလား၊ ဗေရီးယားဟာ မြွေခွေး သူ့ပါးစပ်ထဲကို လက်ညှိုးများ လိုက်နဲ့ ထည့်လိုက်ရင် တစ်ခါတည်း ကိုက်ဖြတ်ပစ်လိုက်မယ်"ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေရီးယားဏ်မျက်မှန်သည် နေရောင်ထဲတွင် တပြောင်ပြောင်ဖြစ်နေသည်။ ဖေရီးယားကိုမြင်လျှင် မြေခွေးကို သတိမရဘဲ (အရောင်အရိုးမျိုးပြောင်းတတ်သော) ပုတ်သင်ညိုကိုသာ သတိရသည်။ တရားဟောစင်ပေါ်တွင် ရှိကြသူများတွင် ဖေရီးယားသည် အရုပ်အပုဆုံးဖြစ်သည်။ သူ့ခေါင်းတွင် ဆံပင်မွေးမရှိ။ ပါးစပ်ကြီးကလည်း ကျယ်၍၊ နားရွက်နှစ်ဖက်ကလည်း ကားထွက်နေသည်။ သူ၏မျက်မှန်မှာ အရွယ်... ဖြစ်သော်လည်း သူတပ်ထားသောအခါ လက်ဖက်ရည်ပန်းကန်ပြားနှစ်ချပ်ကို တပ်ထား... သလိုထင်ရသည်။ သူ့ပုံပန်းကို အကဲခတ်ရသည်မှာ သေချာစေ့စပ်ပုံရသည်။

ရောက်စတောက်သို့ ဖေရီးယား ရောက်လာသည်မှာ မကြာသေး။ တစ်နှစ်... သာ ရှိသေးသည်။ သူရောက်လာခြင်းမှာ လုပ်ရိုးလုပ်စဉ် ပါတီအုပ်ချုပ်ပွဲတွင် အသက်... သွားသော ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူးနေရာတွင် အလုပ်လုပ်ရန် အတွက်ဖြစ်သည်။ ဖေရီးယားရောက်လာသောအခါ အားလုံးက ဝိုင်း၍ကြည့်ကြပြီးလျှင် ''ဒီပါတီ အတွင်းရေးမှူးတော့ ရောက်စတောက်မှာ တစ်လတောင်ခံမှာမဟုတ်ဘူး'' ဟု ပြောကြသည်။ ''ဒီခရိုင်မှာ ရှိရှိအအ အကောင်၊ ဒုတိယပါတီ အတွင်းရေးမှူးလုပ်... မရဘူး'' ဟု ပါတီအမှုထမ်းများက လေးလေးနက်နက်ပြောကြသည်။ ''အသံကလည်း ကြောင်၊ ရုပ်ကလည်း မခန့်၊ ဒီကောင်မျိုးကို ဘယ်သူကြောက်မလဲ၊ ကြည့်သာနေ... ဒီကောင်ကို အကုန်ဝိုင်းတွယ်ပြီး ခေါင်းသွင်းပစ်လိုက်မှာပါပဲ'' ဟုလည်း ထင်မြင်ချက် ပေးကြသည်။

သို့ရာတွင် ဖေရီးယားသည် အများထင်ကြသလို မဟုတ်ဘဲ အစွမ်းထက်... ဖြစ်သဖြင့် သူ့ကို ဘယ်သူမျှ ဝိုင်း၍မတွယ်နိုင်ဘဲ သူ့အဖို့ ရည်မှန်းထားသော ခေါင်းလည်း အလဟဿဖြစ်နေသည်။ သူ၏ကြောင်သော အသံမှာ ဒူရောက်... ဩသောအသံကဲ့သို့ပင် လူတိုင်းကို ဒူးတုန်၍နေစေသည်။

ဖေရီးယား၏ ရာထူးတိုးတက်ရေးလမ်းစဉ်မှာ သမားရိုးကျနည်းမဟုတ်... သူ၏ဦးခေါင်းမှာ သေးသော်လည်း ယုတ်မာကောက်ကျစ်သော အကြံဉာဏ်များဖြင့် အစဉ်ပြည့်လျက်ရှိသည်။ ဤအကြောင်းကို ရုတ်တရက် လူတိုင်းသဘောပေါက်... လာကြသောအခါတွင်မူ အားလုံးပင် ပါးစပ်ပြဲ၍ နေကြသည်။ သူ့ရာထူးကို တခြား... တစ်ယောက်ယောက်သာဝင်၍ လုပ်မည်ဆိုလျှင် ကိုယ်ကျိုးနည်းသွားမည်သာဖြစ်သည်။

ဖေရီးယားသည် သူတို့ထင်မြင်ချက်ရသလို မဟုတ်မှန်းသိသောအခါ ပါတီ... အရာရှိတို့က ''ဒီကောင်ဟာ မာရ်နတ်လောက်ပဲ လည်လို့ပဲလား။ ဒဏ္ဍာရီထဲက ပျော... လောက်ပဲ ကံကောင်းလို့လား မပြောတတ်ဘူး'' ဟု ပြောကြသည်။ သို့ရာတွင် ဖေရီးယားမှာ မော်စကို၏ထောက်ခံချက်ကို ရနေသည်မှာ ထင်ရှားသည်။ သူ၏တန်ခိုး... လာရင်၏တန်ခိုးလောက် နီးနီးပင်ကြီးသည်။



နိုဗိကောက်၏ ထင်မြင်ချက်အရတွင် ဖေရီးယားသည် လာရင်၏ သမားရိုး... အထက်ပို၍ အကောက်ဉာဏ်ပြည့်ဝသော ဝါဒအသစ်ရှိသော ပါတီများနှင့်... လိုက်သည်။ သို့ရာတွင် လာရင်နှင့်ဖေရီးယားတို့ ခြားနားချက်မှာ ဤမျှသာဖြစ်... စင်စစ်ဆိုသော် နှစ်ဦးစလုံးမှာ ကြိုးကိုင်အဖွဲ့၏ ကျွန်ယုံများသာဖြစ်သည်။

ဖေရီးယားသည် ရှေ့တိုးရမည့်အခါနှင့်နောက်ဆုတ်ရမည့်အခါကို ဝေဖန်တတ်... သည်။ သူသည် အရေးမကြီးသော အသေးအဖွဲ့ကိစ္စများတွင် အကောက်ဉာဏ်နှင့်... ပေးတတ်သော်ငြားလည်း ကြိုးကိုင်အဖွဲ့၏အကျိုးအတွက် အရေးကြီးသော ကိစ္စများ... အား မဖြစ်ဖြစ်အောင် ကြိုးကြိုးပမ်းပမ်းလုပ်ကိုင်တတ်သည်။

ရောက်စတောက်တက္ကသိုလ်က အင်္ဂဆိုင်းစက်ရုံတစ်ခုကို ''နာယက'' ...ပေးရမည်။ ထို ''နာယကအဖွဲ့'' တွင် နိုဗိကောက်ပါသဖြင့် နိုဗိကောက်သည် ...သမားများအား နိုင်ငံရေးသင်တန်း မှန်မှန်ပေးရသည်။ နိုဗိကောက်သည် အမျိုးမျိုး ...တွေ့ဖူးကြုံဖူးနေပြီဖြစ်လျက် ထိုစက်ရုံအလုပ်သမားများ၏ နေထိုင်ပုံအခြေအနေကို ...သောအခါ အံ့အားသင့်မိသည်။ အလုပ်သမားများ၏ သည်းခံနိုင်ရည်မှာ အဆုံး ...ရှိပုံပင်မရ။ သို့ရာတွင် တစ်ကြိမ်သော် အလုပ်သမားများသည် မခံမရပ်နိုင် ...သောသဖြင့် တိုင်စာတစ်ခုရေး၍ ထိုတိုင်စာကို သူတို့ဆိုင်ရာ အလုပ်သမားအဖွဲ့ ...သဘာပတိထံမပို့ဘဲ ''နာယကအဖွဲ့'' သို့ပို့လျှင် ''နာယကအဖွဲ့'' က ကျေးဇူးပြု၍ ...နစ်ပါတီခရိုင်အဖွဲ့သို့ ပို့ပေးရန်ပြောကြသည်။ အကယ်၍ ထိုတိုင်စာကို ...သမားအဖွဲ့သဘာပတိသို့ ပေးလိုက်ပါမူ ထိုသဘာပတိသည် သူလျှိုအဖွဲ့သို့ ...မည်သာဖြစ်သည်ကို အလုပ်သမားများက သိကြသည်။ အလုပ်သမားအဖွဲ့၏ ...သဘာပတိမှာ သူလျှိုအဖွဲ့ဝင်လည်းဖြစ်သဖြင့် ထိုတိုင်စာသည် ခြေရာပျောက်၍ ...မည်သာဖြစ်သည်။

အလုပ်သမားတို့၏တိုင်စာသည် ဖေရီးယား၏လက်သို့ ရောက်သဖြင့် ...ယားက ဤတိုင်တော်ချက်ကို သူကိုယ်တိုင်သွား၍ စုံစမ်းမည်ဟု ဆုံးဖြတ်ပြီးလျှင် ''နာယကအဖွဲ့'' ဝင်များကိုလည်း သူနှင့်တစ်ပါတည်း လိုက်၍ကြည့်ကြရန် မှာလိုက် ...။ နောက်တစ်နေ့တွင် ဖေရီးယားသည် သက်တော်စောင့်များနှင့်တကွ နောက်ပါ ...တစ်သိုက်တစ်ဝန်းနှင့် မော်တော်ကားကြီးစီးပြီးလျှင် စက်ရုံဝင်းကြီးထဲသို့ဝင်သည်။ ...သမားများလည်း စက်ရုံဝင်းထဲတွင်ပင် နေကြသည်။ စက်ရုံအဝင်ပေါက်ဘေးနား ...နှစ်ထပ်အဆောက်အဦတစ်ခုရှိသည်။ ထိုအဆောက်အဦ၏ အောက်ထပ်မှာ စက်ရုံ ...ရုံးခန်းဖြစ်၍ အပေါ်ထပ်မှာစက်ရုံအုပ်ချုပ်သော ဒါရိုက်တာနေသောအိမ်ဖြစ်သည်။

ဖေရီးယားရောက်သွားသောအခါ အလုပ်သမားများက ခရီးဦးကြိုပြု၍ ...ကြသည်။ ''ကိုင်း ဘယ်လိုဖြစ်ကြတာလဲ ပြောကြစမ်းပါဦး'' ဟု ဖေရီးယား ...အလုပ်သမားများကို မေးသည်။ အရောင်တဖိတ်ဖိတ်တောက်နေသော မော်တော်ကား ...ပြောင်လက်နေသော ဘွတ်ဖိနပ်များ၊ ပြောင်လက်နေသော သားရေခါးပတ်များ၊

www.burmeseclassic.com

www.burmeseclassic.com



ပြောင်လက်နေသော ခြောက်လုံးပူးအိတ်များကို မြင်ရသောအခါ အလုပ်သမားများသည် ကြောက်လန့်၍ ငြိမ်နေကြသည်။ သူတို့စိတ်ထဲတွင် ရှာလွှန်ရွက်တိုက်သည့်အတွက် ဒါရိုက်တာက သူတို့အပေါ်တွင် လက်စားချေတော့မည်ဟု ထင်ကြသည်။ ဗေရီးယား "သူငယ်ချင်း တွေ့ရတာ ဝမ်းသာလိုက်တာကွာဆိုသော ဟန်မျိုးဖြင့် ဘာမျှမကြောက်ပါနှင့် ငါတို့ဟာ တစ်မိဝမ်းတွင်း အူထုံ့ဆင်းတွေပဲ" ဟု ပြောသည်။ ပြီးလျှင် ဗေရီးယား က သူ၏နောက်ပါ အခြွေအရံများဘက်သို့ လက်နှင့်ပြပြီး "သူတို့ကို ဂရုစိုက်မနေပါနဲ့ သူတို့က ပြင်သစ်ခွေး မွေးရှည်ကလေးတွေလို အလှမွေးထားတာတွေပါ" ဟု အလုပ် သမားများကိုပြောသည်။

ထိုအခါ "ပြင်သစ်ခွေး မွေးရှည်များ" က သူတို့သခင်၏ ပြက်လုံးကို သဘော ကျကြသဖြင့် မြင်းဟီသံနှင့် ရယ်ကြသည်။

ဗေရီးယားသည် သူနှင့်အနီးဆုံးအလုပ်သမားတစ်ယောက်၏ ရင်ဘတ် လက်ညှိုးဖြင့်ထိုး၍ "ဘယ့်နှယ်လည်း မေးတာပြောလေ ဘာတွေတိုင်ချင်သလဲ" ဟုမေးသည်။

ထိုအခါ အလုပ်သမားများကတစ်ယောက်တစ်ပေါက်သူ့ထက်ငါလု၍ ပြော သည်။ ကလေးကိုယ်စီချီလျက်ရှိသော မိန်းမများကလည်း ယောကျ်ားများကို တွန်း ဖယ်၍ ကျယ်လောင် ကျယ်လောင်နှင့် သူတို့ရင်ထဲ ဝမ်းထဲတွင် အောင့်အည်းထား သမျှကို အကုန်ဖွင့်၍ ပြောကြသည်။

"ရဲဘော်တာဝန်ခံကြီး ငါတို့မှာ ငါတို့တန်းလျားတစ်ခုလုံးအတွက် အဝတ် လျှော်သည့် စည်ပိုင်းသုံးခုတည်းသာ ရှိပါသည်။ အဝတ်လျှော်လည်းဒီစည်ပိုင်း ကလေး ရေချိုးလည်း ဒီစည်ပိုင်းဖြစ်နေပါတယ်။ ဒါဟာ တရားပါသလား" ဟု မိန်းမ တစ်ယောက်က ပြောသည်။

ဒီမှာ အကုန်လုံး ညစ်ပတ်ပါတယ်။ ဒီတန်းလျားမှာ အားလုံး လူတစ်ရာ ကျော်ရှိတဲ့အနက် တစ်ဝက်လောက်က အိမ်ထောင်ရှိကြပါတယ်" ဟု တခြား မိန်းမ တစ်ယောက်က ပြောသည်။

"ကြမ်းတွေကလည်း အကုန်အဆွေးချည်းပဲ။ ငါတို့လည်း နံစော်နေပြီ ပြီးတော့ ကြွက်တွေကလည်း တရုံးရုံးဖြစ်နေပါတယ်။ မနေ့ကဘဲ ဖိတ်ယူကင်ရဲ့ သုံးလသားကလေးဟာ ကြွက်ကိုက်လို့ သေသွားပါပြီ။ ညအိပ်ရင်လည်း ငါတို့ အပေါ်ကြွက်တွေ ပြေးလွှားနေတာနဲ့ ကောင်းကောင်းမအိပ်ရဘူး။

"အိပ်ဖို့ခုတင်ကလည်း မလောက်ဘူး။ ဒါနဲ့ လူတွေအများကြီးဟာ ကြမ်း ပေါ်မှာ အိပ်နေရတယ်"

"နွားတင်းကုပ်ကတောင် ငါတို့တန်းလျားထက် ကောင်းပါသေးတယ်"

ဗေရီးယားသည် အပြောအဟော အင်မတန်ကောင်းသူဖြစ်သည်။ သူသည် အလုပ်သမားများ ပြောသည်ကို ဘာမျှ ဝင်ရောက်စွက်ဖက်ခြင်းမပြုဘဲ ဂရုစိုက်၍



ထောင်နေသည်။ တစ်ခါတစ်ရံ သူကပင် အလုပ်သမားများ အားရှိအောင် ဝင်၍ တက်ပေးသေးသည်။ ထို့နောက် ဆူဖြိုးသော ဒါရိုက်တာဘက်သို့လှည့်၍ ကိုင်း ဘာပြောမလဲဟု မေးသောအကြည့်မျိုးနှင့် မျက်နှာတည်တည်ကြီးနှင့်နေသည်။

ဒါရိုက်တာသည် ဘာမျှပြောနိုင်လိမ့်မည်မဟုတ်။ လွန်ခဲ့သည့်လကပင် ရီးယားကိုယ်တိုင်က "အိမ်ဆောက်မှုနှင့် နေထိုင်မှုအတွက် အသုံးပြုရမည့်ငွေများ" ကို ဒါဒြဖြန့်မှုအတွက် အသုံးပြုရမည်ဟု စက်ရုံအားလုံးက ဒါရိုက်တာများသို့ လျှို့ဝှက် မိန့်ပေးထားခဲ့သည်။ အလုပ်သမားတို့၏ နေထိုင်မှုနှင့်ပတ်သက်၍ တစ်ပြားတစ်ချပ် သုံးခွင့်မရ ဤအကြောင်းကို ဒါရိုက်တာလည်းသိသည်။ ဗေရီးယားလည်း သိသည်။ အလုပ်သမားများသာ မသိကြ။ သို့ရာတွင် မကောင်းကျိုးကိုမူကား ကိုယ်တိုင်ခံစား ရခြင်းဖြင့် ကောင်းစွာသိကြသည်။

ဤနည်းဖြင့် ဒါရိုက်တာက ဘာမျှမဖြေနိုင်သောအနေဖြင့် ပခုံးကိုပင့်ကာ ဒီ စက်ရုံက အလုပ်သမားတွေက အခုသင်မြင်တဲ့အတိုင်းပဲ သူတို့က နန်းတော်တွေနဲ့ ချင်တာ။ ရဲဘော်ဗေရီးယားရဲ့" ဟု အရွဲ့တိုက်၍ပြောသည်။ ပြီးလျှင်ဆက်၍ "သူတို့ ဆီဗေရီယား ရေခဲတော(မဲဇာ)ပို့ဖို့ လိုကောင်းလိုမလား မပြောတတ်ပါ" ဟု ပြောသည်။

ထိုအခါ ဗေရီးယားသည် ရုတ်ခြည်းမျက်နှာကြီးနီလာပြီးလျှင် မျက်လုံးကြီး များသည်း ရဲလာသည်။ နိုဗိကောက်က ဗေရီးယားသည် ဝက်ရူးများပြန်မလားလို့ပင် ထင်မှတ်မှမိသည်။ ဗေရီးယားက ဒါရိုက်တာအား "ဘာလဲ ခွေးမသား သင်က အလုပ်သမားတွေ ဒုက္ခရောက်နေတာကို ရယ်နေရသေးသလား။ သင်ဟာ သင့်မယားနဲ့ ဇာတ်တော်ကား လျှောက်စီးနေဖို့အလုပ်၊ ပြီးတော့ သင့်မယားအတွက် သားမွေးအင်္ကျီ ဝယ်ပေးဖို့ အလုပ်လောက်ပဲသိတယ်။ အလုပ်သမားတွေအတွက်တော့ ဘာမျှ ဂရုစိုက် တတ်ရဘူး။ ကုန်ကုန်ပြောမယ်ဆိုရင် အလုပ်သမားတွေအတွက်ဆိုရင် သင်ဟာ သံသားကုလားထိုင်တစ်လုံးတောင်မှ ဝယ်ပေးဖော်မရဘူး" ဟု ငေါက်၍ပြောသည်။

"ဒါအမှန်ပဲ ဒါအမှန်ပဲ" ဟု အလုပ်သမားများက အားတက်ကာပြောသည်။ ဒါရိုက်တာမှာ ဘာပြန်ပြောရမှန်းမသိသဖြင့် မျက်စိကို ပေကလပ် ပေကလပ်လုပ်ကာ ပြီးလျှင် ဗေရီးယားသည် စိတ်မှန့်သေးရဲ့လားဟု ထင်မိသည်။

ထို့နောက် ဗေရီးယားက ဆက်၍ ဒါရိုက်တာအား "အာဏာဟာ အလုပ် သမားများ၊ တောင်သူလယ်သမားဖြစ်တဲ့ လူထုထံမှ ဆင်းသက်လာတယ်ဆိုတာ သင် မေ့သွားပလား။ ပြီးတော့ ရဲဘော်စတာလင်က သင်တို့ ငါတို့အကုန်လုံးဟာ အခု ဒီ ထေီမှဲမြင်ပြောနေတဲ့ အလုပ်သမားလူထုရဲ့ အစေခံတွေဖြစ်တယ်လို့ ပြောထားတာ ကိုမေ့နေပလား။ ပြီးတော့ အလုပ်သမားတွေကို ပြုစုစောင့်ရှောက်ဖို့အလုပ်ဟာ ကွန်မြူနစ်တို့ရဲ့ အကြီးဆုံးဝတ္တရားကြီးဆိုတာကိုလည်း သင်မေ့နေပြီထင်တယ်။ ဘယ့်နှယ်လည်း မေ့နေပြီလား၊ မေ့နေရင်လည်း မမေ့အောင် ငါတို့က သတိပေးရ မယ်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဗေရီးယားသည် အလုပ်သမားများဘက်သို့ လှည့်ပြီးလျှင် ''သူငယ်တို့ ဒါရိုက်တာရဲ့ အိမ်ထဲကိုအပြေးသွားပြီး ရှိတာကို အကုန်ယူကြစမ်း စား ကုလားထိုင်ရော ပန်းကန်ခွက်ယောက်ရော ဘာမျှမချန်ခဲ့နဲ့။ အကုန်လုံး ဒီကို သယ်လာ ကြ။ ဘာမျှ အားနာမနေကြနဲ့''ဟု ပြောသည်။

အလုပ်သမားများသည် ဗေရီးယား၏စကားကို ကြားကြသောအခါ ကြ သေသေ၍ ပါးစပ်ပောင်းလောင်း ဖြစ်နေကြသည်။ ဒါရိုက်တာ၏ မျက်နှာလည်း သွေးဆုတ်၍သွားသည်။

ဗေရီးယားက အလုပ်သမားများကိုကြည့်ပြီး ''ဘာပါးစပ်ဖြဲနေကြတာလဲ ငါပြောတာ မကြားဘူးလား။ ဒါရိုက်တာရဲ့ ပစ္စည်းတွေအကုန်သွားယူကြ။ သွား တန်းလျားထဲ အကုန်သယ်ချခဲ့ကြ''ဟု အသံကျယ်ကျယ်ဖြင့် ပြောသည်။ ပြီးလျှင် သူ့နောက်အခြွေအရံများဘက်သို့လှည့်ကာ ''ကိုင်း သင်တို့ကလည်း အလုပ်သမား ရဲဘော်တွေကို ကူပြီးသယ်ပေးလိုက်ကြ''ဟု ခိုင်းသည်။

သက်တော်စောင့်တို့က ရှေ့ဆုံးကပြေး၍ ဒါရိုက်တာအိမ်ကို သွားကြသည်။ သူတို့နောက်မှ ရဲဘော်အလုပ်သမားများက လိုက်ကြသည်။ မကြာမီပင် ဒါရိုက်တာ မယားသည် လှန်ထိုးခံရသောဝက်ပမာအော်၍ အိမ်ပေါ်မှ ဆင်းပြေးလာသည်။ သူ့နောက် မှသက်တော်စောင့်နှင့် အလုပ်သမားများသည် အိမ်ထောင်ပရိဘောဂများ၊ စားပွဲများ ဆိုဖာများ၊ ကုလားထိုင်များကို တသီတတန်းကြီးထမ်း၍ ဆင်းလာကြသည်။ ဗေရီးယား ကိုယ်တိုင်ကလည်း ဆိုဖာတစ်ခုကို အလုပ်သမားတန်းလျားထဲသို့ ကူ၍သွင်းပေးသည်။

အသက်အရွယ်ကြီးသော အလုပ်သမားတစ်ယောက်က ဒါ တို့ ဗေရီးယား ကွ''ဟု အော်၍ ဩဘာပေးသည်။

အလုပ်သမားများသည် ဒါရိုက်တာ၏အိမ်မှ ပစ္စည်းများကို သူတို့တန်းလျား ထဲသို့သွင်းကာ ခုတင်ကြို ခုတင်ကြားတွင် ထားကြသည်။ ပြည့်ကြပ်နေမည် သတိမပြုမိကြ။ ဆိုဖာလုပ်ထားသောအထည်ကို စမ်း၍ကြည့်သူကကြည့်။ လက်ရမ်း တက်ထိုင်သူကထိုင်။ တစ်ယောက် တစ်ယောက် တွန်းချသူကချ။ ခြေထောက် အပေါ်တင်သူကတင်။ ဟားတိုက်သူတိုက်။ ကလေးများပမာ တပျော်တပါးကြီး ဖြစ်နေကြသည်။

အလုပ်သမားများသည် အံ့သြကြသည့်နည်းတူ ဗေရီးယားကိုယ်တိုင်လည်း ထိုမျှ ကောင်းမွန်သော ပစ္စည်းများတို့ တစ်ခါမျှမမြင်ဖူးသည့်ပမာ အံ့သြ၍နေသည်။ ဗေရီးယားက အလုပ်သမားများကိုကြည့်ပြီးလျှင် ''ကြည့်ကြစမ်းဟေ့။ သင်တို့ဟာ တကယ့်ခံနိုင်ရှင်တွေပဲ။ မဟာမျိုး မဟာနွယ်အစစ်တွေပဲ။ ကိုင်း ဒီတော့ အခုလို ဆုလာဒ် ရပြီးတဲ့နောက် သင်တို့ဟာ အလုပ်နည်းနည်းပိုလုပ်ကြရင် ကောင်းမယ်ထင်တယ် ဘယ်နှယ့်လဲ''ဟု ပြောသည်။



ထိုအခါ အလုပ်သမားများက အလုပ်သမားများက အလုပ်လုပ်ဖို့ကို စိတ် ဘဲ သူတို့ပစ္စည်းအသစ်များကို ပီတိဖြစ်နေရာမှ ''ကောင်းတယ် ကောင်းတယ်။ ယ် လုပ်မယ်။ သူတို့က တို့ကိုကျေးဇူးပြုရင် တို့ကလည်း သူတို့ကို ကျေးဇူး ဆပ်မှာပေါ့။ တို့အဖို့ အလုပ်လုပ်ရတာ ဆန်းတာမှမဟုတ်ဘဲနှင့်''ဟု ပြောသည်။

ဗေရီးယားက ''ဒီလိုဆိုရင်ကောင်းတယ်။ ဒီမှာ ရဲဘော် ဒါရိုက်တာ အခု တာကို မှတ်ထားပါ။ အလုပ်သမားတွေ လိုတာကိုပေးပါ။ အခုသူတို့ ပြောနေတာ အလုပ်သဘောကို ပြောနေတာနော်။ သူတို့ကို ဂရုစိုက်ပါ'' ဟုပြောသည်။ နောက် စကားအနည်းငယ် ဆက်၍ပြောပြီးလျှင် ဗေရီးယားသည် မော်တော်ကား သို့တက်၍ လက်ဖြင့်ဇော့ကာ နှုတ်ဆက်ပြီးလျှင် ပြန်သွားသည်။

နောက်နေ့တွင် ဒါရိုက်တာသည် အလုပ်သမားတို့ အလိုရှိတာများကို ဘာစွာပေးပြီးလျှင် သူတို့၏အလုပ်ချိန်ကို တစ်နာရီခွဲတိုးလိုက်သည်။

နောက်တစ်လကြာသောအခါ ဒါရိုက်တာအိမ်သို့ ပို၍အဖိုးတန်သော ထောင်ပရိဘောဂများ ရောက်လာသည်။ ထိုအချိန်တွင် အလုပ်သမားများသည် တို့တန်းလျားထဲ၌ နေရထိုင်ရကျဉ်းကြပ်သဖြင့် ဒါရိုက်တာ၏ အိမ်မှရထားသော များကို အပြင်သို့ ထုတ်ထားကြသည်။ စားပွဲတို့ ဆိုဖာတို့မှာ မိုးရေရွှဲ၍နေသည်။ ကြာသော် ထိုပစ္စည်းများသည် အမှိုက်သရိုက်အဖြစ်သို့ ရောက်သွားသည်။ သို့ရာ အချိန်ကြာသဖြင့် ထိုအဖြစ်ကို အလုပ်သမားတို့ကသတိမပြုမိကြတော့။ သို့ပင်ဖြစ်စေကာမူ အလုပ်သမားတို့သည် ဗေရီးယားက သူတို့အပေါ် ကြင်ကြင် ပြုခဲ့လိုက်သည်ကို အစဉ်သတိရလျက်ရှိကြသဖြင့် ဗေရီးယား၏ ဂုဏ်သတင်းမှာ စတောက်တစ်မြို့လုံးသို့ ပျံ့၍သွားသည်။ ဗေရီးယားသည် လူတိုင်းချစ်သည့် ယားပေတည်း။

''ဗေရီးယားက တို့လို အစားထဲကပဲကွ။ ဆင်းရဲသားအကျိုး ကာကွယ်တဲ့ မှာ ဗေရီးယားဟာ ဘယ်တော့မှ လက်မနှေးဘူး''ဟု အလုပ်သမားများသည် ချင်း ပြောကာနေကြသည်။

''ဗေရီးယားဟာ တကယ်လည်တဲ့လူပဲ။ လာရင်သာဆိုရင် ဒီလိုဆူပူတဲ့ ပ်သမားတွေကို ဒူးရောက်ဆီပို့လိုက်မှာပဲ။ ဒူးရောက်ဆီရောက်သွားရင် ပ်သမားနှစ်ယောက်သုံးယောက်ကို စံပြအဖြစ်နှင့် သေနတ်နှင့်ပစ်သတ်လိုက်ပြီး ယောက်ဆယ်ယောက်လောက်ကို ချွေးတပ်စခန်းကို ပို့လိုက်မှာပဲ။ အဲဒီလို လိုက်ရင် ကျန်တဲ့လူတွေဟာ သူတို့ဝမ်းထဲက ကြိတ်ပြီးဒေါသဖြစ်နေရုံကလွဲပြီး တတ်နိုင်မှာမဟုတ်ဘူး။ အကုန်ငြိမ်သွားမှာပဲ။ ဗေရီးယားဟာ ရိုးချင် ဆောင်နေပေမယ့် အလုပ်သမားတွေရဲ့အလိုကို တကယ်သိပြီး စိတ်ကျေနပ်အောင် စ်လိုက်တယ်။ အဲဒါနဲ့ အလုပ်သမားတွေဟာ ဘာမျှ တကယ်အကျိုးမခံစားရဘဲ ကိုသာ အချိန်ပိုလုပ်ရပေမယ့် စိတ်ကျေနပ်မှု ရသွားကြတယ်။ ဒီလို ပရိယာယ်မျိုး

www.burmeseclassic.com

www.burmeseclassic.com



ကိုသုံးဖို့ လူတိုင်းနားလည်တာ မဟုတ်ဘူး''ဟု နိုဗိကောက်စိတ်ထဲတွင် တွေးမိသည်။

ထိုပရိယာယ်ကို နိုဗိကောက်က ''ကျားစာကျွေး''ပရိယာယ်ဟု နာမည်တပ်ပေးသည်။ အင်္ဂလိပ်ဆိုင်စက်ရုံ ဒါရိုက်တာသည် ယာယီ ''ကျားစာကျွေး'' ခံလိုက်ရသည်။

နိုဗိကောက်သည် တရားဟောစင်ပေါ်ရှိ ဗေရီးယား၏ မခန့်ညားသော သဏ္ဌာန်ကို အထူးဂရုစိုက်၍ ကြည့်နေသည်။ သူ့နောက်ကလူက ''ငါပြောတာ ယုံပါကွာ။ ဗေရီးယားဟာ တော်တော်ကို တွင်ကျယ်မယ့်လူပါ''ဟု ပြောသည်ကို ကြားရသည်။

''ဟုတ်မှာပဲ။ ကွန်မြူနစ်ပါတီမှာ ဒူရောက်တို့လို လူမျိုးရှိဖို့ အရေးကြီးသလောက်ပဲ ဗေရီးယားလိုလူမျိုးရှိဖို့လည်း အရေးကြီးတာပါပဲ''ဟု နိုဗိကောက် စိတ်ထဲက အောက်မေ့သည်။

ဗေရီးယားအနားတွင် အသားဖြူရော်ရော် မျက်နှာထားဆိုးဆိုးနှင့် လူငယ် တစ်ယောက်ရှိသည်။ ထိုလူငယ်သည် အခြားလူငယ်များကဲ့သို့ပင် ပါတီပုံစံ အင်္ကျီအဖြူကို ဝတ်ထားသည်။

နိုဗိကောက်က ''သူ ဘယ်သူလဲသိလား''ဟု နိကိုလေကို မေးသည်။

နိကိုလေက အနားကလူများထံမှ တိုးတိုးတိတ်တိတ် စုံစမ်းပြီးလျှင် ''သူဟာ ကြီးကိုင်အဖွဲ့ဝင်အသစ် ယိုတ်ဗာကောက်ရဲ့သားတဲ့၊ မော်စကိုကားလမတ် အိန္ဒိယအဖွဲ့ ဒါရိုက်တာယူဒင်နဲ့ မနေ့ကပဲ ဒီကို ရောက်လာတယ်တဲ့''ဟု ပြောသည်။

''သြော် ဒါဖြင့် သူ့အဖေရဲ့ ကိုယ်စားလှယ်လာတာထင်ပါရဲ့''ဟု နိုဗိကောက်က ပြောသည်။

ယူဒင်ကိုတော့ နိုဗိကောက်သိသည်။ သူသည် မော်စကိုတက္ကသိုလ်တွင် ကားလမတ်ဝါဒကို ဟောပြောသူဖြစ်သည်။ သို့ရာတွင် ယူဒင်သည် ဘယ်နည်းဘယ်ဖြင့် ကွန်မြူနစ်ပါတီတွင် အကြီးဆုံး ဝါဒဖြန့်မှူးရာထူးအထိ တိုးတက်သွားသည်ကို နိုဗိကောက်မသိ။ ယူဒင်သည် အသက်ငါးဆယ်ရွယ်ခန့်ရှိ၍ ခေါင်းစုတ်ဖွားနှင့် ဆံပင် မည်းမည်းနှင့်ဖြစ်သည်။

ပညာကျော်အဖွဲ့ဝင် ဂလူယုက်သည် တရားဟောစင်ပေါ်တွင် လျှောက် ကြည့်၍ ယူဒင်၏ဘေးတွင် မီဇိုယန်ရှိသည်ကို တွေ့ရသည်။ သို့ရာတွင် ဂလူယုက် သည် အံ့သြခြင်းမရှိ။ အဘယ်ကြောင့်ဆိုသော် သူ့အထက်ကအရာရှိဖြစ်သော မီဇိုယန် သည် ခုတလော စန်းထနေကြောင်း သိသောကြောင့်ဖြစ်သည်။ မီဇိုယန်ကို ကားလမတ် အိန္ဒိယအဖွဲ့ ဒါရိုက်တာရာထူးခန့်စာကို မော်စကိုမြို့က ယူဒင်ကိုယ်တိုင် ယူ၍လာသည်။ မီဇိုယန်မှာ ဒါရိုက်တာဖြစ်သည့်အတွက် အဖွဲ့၏ဗိမာန်ဖွင့်ပွဲကို ကိုယ်တိုင်ဖွင့်ဖို့တာဝန် ရှိသည်။ မီဇိုယန်သည် ရာထူးတက်လာ၍ လာရင်တို့၊ ဗေရီးယားတို့ ယူဒင်တို့ အဆင့်အတန်းသို့ ရောက်သွားသဖြင့် ဝမ်းအသာကြီးသာလျက်ရှိသည်။ ထို့ပြင် သူ့သည် ဗိုက်ကြီးလည်း ရွှဲ၍လာပြီး ရာထူးတက်လာသဖြင့် သူသောက်နေကျ စီးကရက်



အတ္တုံ့စားကို ဖြတ်ပြီးလျှင် မော်စကိုစီးကရက်ကို ပြောင်း၍သောက်ဖို့ အချိန်တော်ပြီဟုပင် အောက်မေ့လျက်ရှိသည်။

မီဇိုယန်သည် သူ့အထက်က အရာရှိများကို သူ့ဗိုက်ရွှဲကြီးနှင့်တိုက်မိ၍ အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် သူ့ခါးပတ်ကိုပင် တင်းအောင်ပတ်ထားသည်။ သို့ရာတွင် အကြောင်းမထူး။ အဘယ်ကြောင့်ဆိုသော် သူ့ဗိုက်ရွှဲကြီးကို ခါးပတ်တင်းစွာ ပတ်လိုက်သောအခါ ဝက်အူချောင်းကို အလယ်ကကြိုးနှင့် စည်းလိုက်သကဲ့သို့ အပေါ်အောက် ထပ်ဗိုက်ကြီး တစ်လုံးထပ်၍ တိုးလာခြင်းကြောင့်ဖြစ်သည်။

အစည်းအဝေးဖွင့်ချိန်တန်၍ အချက်ပေးလိုက်သောအခါ ပထမတွင် ဆံချဲ့စက်များ တိတ်သွားသည်။ ထို့နောက် တီးဝိုင်းများတစ်ခုပြီးတစ်ခု အသံစဲသွားသည်။ လူထုပရိသတ်ကြီးမှာ ပန်းခြံကြီးတစ်ခုလုံး ပြည့်လျှံနေသည့်ပြင် ဘေးကလမ်းများတွင်လည်း ပြည့်လျက်ရှိသည်။ မီဇိုယန်က ချောင်းဟန့်လိုက်ပြီးနောက် အသံလွှင့် စက်ခရိုဖုန်းနားတွင်ရပ်၍ ''ရဲဘော်တို့ ကားလမတ်အိန္ဒိယအဖွဲ့ ဗိမာန်ဖွင့်ပွဲကြီးကို အခုအချိန်ကစ၍ ဖွင့်ပါပြီ။ ဤသဘင်ကြီးဖွင့်ပွဲမိန့်ခွန်းကို မြောက်ပိုင်း ကောကေးဆပ် ပြည်နယ် ကွန်မြူနစ်ကော်မတီ ဒုတိယအတွင်းရေးမှူး ဗေရီးယားက မြွက်ကြားပါ မည်''ဟု ပြောသည်။

ထောင်ပေါင်းများစွာကုန်သော အခြားသူများကလည်း နိုဗိကောက် အောက်မေ့သလိုပင် အောက်မေ့ကြသည်။

※※※

---

အခန်း(၁၀)

---

မီဇိုယန်က ရှီးရှီးကလေး အစည်းအဝေးဖွင့်ကြောင်း ကြော်ငြာလိုက်သောအခါ လာရင်သည် လန့်၍သွားသည်။ မိန့်ခွန်းကို ဗေရီးယားကပြောမည်ကို သူသိသည်။ သို့ရာတွင်လည်း သူလန့်သွားသည်။ ဗေရီးယားမိန့်ခွန်းပြောလိမ့်မည်ဟု သူ လုံးလုံးမမျှော် လင့်။ ပြီးတော့ ဗေရီးယားမိန့်ခွန်းပြောခြင်းကိုလည်း သူမကြိုက်။ ထိုအခိုက်တွင် လူထုကြီးတစ်ခုလုံးက ဘယ်လိုလည်းဟ၊ ဘယ်လိုလည်းဟဆိုသော သဘောဖြင့် လာရင်ကို စိုက်၍ကြည့်နေကြသည်။ သူ့စိတ်ထဲကလည်း ဘယ်လိုလည်းဟ၊ ဘယ်လို လည်းဟဟု လူထုကြီးဖြစ်သည့်အတိုင်း ဖြစ်နေသည်။ လူထုကြီးသည် လာရင်၏အကဲ ခတ်နေကြသည့် လာရင်၏မျက်နှာသည် ဣန္ဒြေမပျက်သဖြင့် သူ့သဘောထားကို မျက်နှာကိုကြည့်၍ အကဲခတ်၍မရ။

လာရင်မှာ တစ်နေ့လုံး နေမထိထိုင်မထိ ဖြစ်၍နေသည်။ အပြင်ပန်းကကြည့် လျှင် လာရင်သည်အခြေမပျက်။ သူ့မျက်နှာကလည်း အတော်ပင် ဟန်အလုပ်ကောင်း

www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့ရာတွင် သူ၏ဝမ်းထဲ၌ကား ဇလောင်ဆူနေသည်။ ထိုသို့ဖြစ်ရခြင်းမှာ မြွက်ကြားလတ္တံ့သော ဇေရီးယား၏ မိန့်ခွန်းကြောင့်ပင်ဖြစ်သည်။

တစ်လလောက်အလွန်တုန်းက လာရင်သည် ကားလမဂ်ဟ်အိန်ဂယ်အဖွဲ့အကြောင်းကို ဂရုမစိုက်ခဲ့။ ထိုအဖွဲ့ဖွင့်ပွဲတွင် ဘယ်သူစကားပြောပြော အရေးမကြီး။ ဇေရီးယားပြောလည်း အရေးမကြီး။ တခြား တတိယအတွင်းရေးမှူး တစ်ယောက်ယောက်ပြောလည်း အရေးမကြီး။

သို့ရာတွင် ဖွင့်ပွဲရက်နီး၍လာသောအခါ ဤကိစ္စသည် မော်စကိုမြို့က အလွန်အလွန်အရေးကြီးသည်ဟု ယူဆနေသော ကိစ္စဖြစ်ကြောင်းကို ပို၍ ပို၍ လာရင် သဘောပေါက်လာသည်။ ဖွင့်ပွဲရက်နီး၍ အမြို့မြို့မှ ကိုယ်စားလှယ်များ ရောက်လာပြီးနောက် မော်စကိုမြို့မှ သတင်းစာတိုက်အားလုံးလောက်က သတင်းထောက်များလွှတ်၍ သတင်းယူပြီးလျှင် အသံလွှင့်ရုံမှလည်း တစ်နိုင်ငံလုံးကြားအောင် အသံလွှင့်လိမ့်မည့်အကြောင်းကို သိသောအခါ လာရင်က ထိုဖွင့်ပွဲတွင် ဖွင့်ပွဲမိန့်ခွန်းကို သူကိုယ်တိုင် မြွက်ကြားမည်။ အခြားလက်အောက်ငယ်သား တစ်ယောက်ယောက်နှင့် လွှဲထား၍မဖြစ်ဟု ဆုံးဖြတ်လိုက်သည်။ ဇေရီးယားမှတစ်ပါး အခြားသူများအားလုံးကလည်း လာရင် သဘောရသကဲ့သို့ ရကြသည်။ တစ်နေ့တွင် ဇေရီးယားက ဖွင့်ပွဲမိန့်ခွန်းကို သူပြောမည်ဟု ကြော်ငြာသည်။ ထိုအခါ လာရင်က ရိုင်းရိုင်းပျပျ ဖယ်ချလိုက်သည်။

သို့ရာတွင် ၂ ရက်ကြာသောအခါ ကြီးကိုင်အဖွဲ့ဝင်လူသစ် ယိုတ်ဟာရောက် လက်မှတ်ဖြင့် ဇေရီးယားမိန့်ခွန်းပေးစေရမည်ဆိုသော အမိန့်စာရောက်လာသည်။ ယိုတ်ဟာရောက်၏သားသည် ရောက်စတောက်မြို့တွင် ရောက်နေပြီဖြစ်သဖြင့် လာရင်မှာ မျက်မွေး အလွန်စူးလျက်ရှိသည်။ ယိုတ်ဟာရောက်က အမှုမဲ့အမှတ်မဲ့ သဘောမျိုးဖြင့် "ရဲဘော်ဇေရီးယားသည် ဤအဖွဲ့ဗိမာန်ကို တည်ဆောက်ရန် တာဝန်ယူလာခဲ့သူဖြစ်သဖြင့် ဖွင့်ပွဲမိန့်ခွန်းကို သူပင်ပြောလိမ့်မည်" ဟု ရေးလိုက်သည်။ လာရင်သည် ထိုစာ၏ အမှုမဲ့အမှတ်မဲ့လေသံကို ကောင်းစွာသဘောပေါက်သည်။ သူသည် သတိပင်ထား၍ နေရပြီ။ ဤကိစ္စမှာ မခံချင်စရာ ကိစ္စမျှသာမဟုတ်ဘဲ အရေးမကြီးသောကိစ္စဖြစ်နေသည်ကို လာရင် သဘောပေါက်၍လာပြီ။ သူ့နောက်ကွယ်တွင် သူမသိဘဲ တစ်စုံတစ်ရာ ဖြစ်ကုန်ပြီဆိုသည်ကို လာရင်သိပြီ။ ထိုတစ်စုံတစ်ရာကို သူမြင်လည်းမမြင်နိုင်၊ ထိန်းလည်းမထိန်းနိုင်။ လာရင်သည် အာဏာသုံးနေကျဖြစ်သဖြင့် ဤကိစ္စဖြင့် သူ့ကို ဘေးသို့ ဖယ်ရှားပစ်လိုက်ပြီဆိုသော အဖြစ်ကိုလည်းသူသိပြီ။

"ဘယ်လိုဖြစ်ကုန်တာလည်း လာရင်၊ သင့်သွားတွေဟာ တုံးကုန်ပြီလား။ သင်ဟာ အရင်ကလို လောကထဲကို ကိုက်ပြီးမဝင်နိုင်တော့ဘူး" ဟု လာရင်က တုန်လှုပ်စွာဖြင့် သူ့ကိုယ်သူမေးသည်။ ထို့နောက် သူ့အဖြစ်ကို သူ့ဟာသူ ဆင်ခြင်ရှု၍ စိတ်မချမ်းမသာ ဖြစ်နေသည်။



ယိုတ်ဟာရောက်ပြောတာမှန်သည်။ ဇေရီးယားမှာ ထိုအဖွဲ့တည်ထောင်ဖို့ [illegible] စိတ်ကူးကြံစည်သူဖြစ်သည်။ တစ်နှစ်ခွဲလောက်အလွန် ရောက်စတောက်သို့ [illegible]ယားရောက်လာစက ပါတီအမှုဆောင်များသင်တန်းပေးဖို့ အဖွဲ့တည်ထောင်ဖို့ [illegible] ဇေရီးယားက အကြံပေးဖူးသည်ကို လာရင် သတိရပြီ။ ထိုအခါက ဇေရီးယား၏ [illegible]ကြံပေးချက်ကို ဘယ်သူကမျှ အရေးကြီးသည်ဟု မထင်ခဲ့ကြ။ အခြားမြို့ကြီးများ [illegible] အဆိုပါ အဖွဲ့မျိုးမရှိသေးဘဲနှင့် ရောက်စတောက်လိုမြို့ကလေးမှာ ထိုအဖွဲ့မျိုး [illegible]ည်ဆိုခြင်းမှာ တောင်စဉ်ရေမရ ပြောခြင်းမျိုးသာဖြစ်သည်။ ပြီးလျှင် အရေးမကြီး [illegible] အစိုးရအဆောက်အဦများပျက်နေသည်ကို ပြင်ဖို့အတွက်တောင် မော်စကိုက [illegible]ပြားတစ်ချပ်မှ ထုတ်မပေးသဖြင့် ထိုအဖွဲ့အတွက် အဆောက်အဦဆောက်ရန်ဆိုသော [illegible]ကြံမှာ နားမလည်မှုသက်သက်သာ ဖြစ်ရမည်။

ဇေရီးယားက သူ၏အကြံကို ပြည်နယ်ဆိုင်ရာ ထိပ်တန်းပါတီအမှုဆောင်များ [illegible]ရောက်သော ကျယ်ပြန့်သော အစည်းအဝေးကြီးတွင် တင်ပြသည်။ ထိုအခါတွင် [illegible]ရင်သည် သူ၏လက်ထောက်၏အကြောင်းကို သူမသိသေးသဖြင့် ဇေရီးယားကို [illegible] အခြားသူများလိုပင် ကောင်ရှူးတစ်ယောက်ပဲဟု ထင်ခဲ့သည်။ ထိုအစည်းအဝေး [illegible] ဇေရီးယားက သဘာပတိအဖွဲ့နောက်နားမှ တရားဟောစင်ပေါ်သို့ တက်လာပြီး [illegible] သူ့ထုံးစံအတိုင်း ပြောစရာရှိသည်ကို တိုက်ရိုက်မပြောသေးဘဲနှင့် ဝေ့လည်ဝေ့ [illegible] ပြောနေသေးသည်ကိုပင် လာရင် ကွက်ကွက်ကွင်းကွင်းပြန်၍ သတိရသည်။ [illegible]စည်းအဝေး၌ ဇေရီးယားက

"ရဲဘော်တို့ ငါတို့တိုင်းပြည်ဟာ ယခုအခါမှာ အခက်အခဲနှင့် ရင်ဆိုင်နေပါ [illegible]။ လူတန်းစေ့တိုက်ပွဲကြီးလည်း ဖြစ်နေပါတယ်။ ယခု ငါတို့နေရတာဟာ [illegible]ည်ပါ ရဲဘော်တို့။ သို့သော် ယခုအချိန်ဟာ ငါတို့အဖို့ နုတ်သီချင်းဆိုရမယ့်အချိန် [illegible]တယ်။ ဒါပေမယ့် ငါတို့ဟာ နုတ်သီချင်း မဆိုတတ်ကြသေးပါဘူး။ ငါတို့အသံ [illegible]ည်း ကြောင်နေပါတယ်။ လေလည်း မမီပါဘူး။ အပေါက်လည်း မှားနေပါတယ်။ [illegible] ငါတို့ဟာ ဘယ်နည်းနဲ့မဆို နုတ်သီချင်းဆိုတတ်အောင် ကြိုးစားကြရပါလိမ့်မည်။ [illegible] ယောဒီရောက်စတောက်မြို့မှာ တို့ကျောင်းဖွင့်ပြီး ငါတို့ရဲ့ ယုံကြည်စိတ်ချရတဲ့ [illegible]တွေကို နုတ်သီချင်းသီဆိုတတ်အောင် သင်ပေးရပါလိမ့်မည်။ အခု ငါပြောနေတာ [illegible] စကားဥပမာတင်စားပြီးပြောတာပါ။ တိုက်ရိုက်အဓိပ္ပာယ်ကောက်ဖို့ ပြောတာ [illegible]တ်ဘူးဆိုတာကိုလည်း ရဲဘော်တို့ နားလည်လိမ့်မည်လို့ မျှော်လင့်တယ်။ ယခု [illegible]ကြံပေးတဲ့ကျောင်းက အထက်တန်းပါတီဝင်များအတွက် ဖြစ်ပါတယ်။ ငါတို့မှာ [illegible]ပါတီခေါင်းဆောင်ဟောင်းများကို ခေတ်မီလာအောင် ပညာသစ်သင်ကြားပေးဖို့နှင့် [illegible]ဆောင်အသစ်များကို သင်တန်းပေးဖို့အတွက် ကျောင်းတစ်ကျောင်းမရှိလျှင် [illegible]ဘူး။ ဒါကြောင့် အဆိုပါကျောင်းမျိုးတစ်ကျောင်းကို အမြန်ဆုံးတည်ဆောက်ဖို့ [illegible] အဆိုသွင်းပါတယ်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗေရီးယားမှာ အသံကလည်း ကြောင်တောင်တောင်၊ လူအရပ်အမောင်းကလည်း ပုတက်တက်ဖြစ်သဖြင့် သူ့လက်ချောင်းသေးသေးကလေးများနှင့် စားပွဲခုံကို ကိုင်ထားသည်မှာ မျောက်တစ်ကောင် စိတ်ဆိုးနေသည့်ပုံနှင့်သာ တူတော့သည်။ သူ့ပုံပန်းမှာလည်း လေးစရာ၊ ခန့်စရာပုံပန်းမဟုတ်။ သို့ရာတွင် သူသည် ပြည်နယ်တစ်ခုလုံး၏ ဒုတိယအတွင်းရေးမှူး ဖြစ်သဖြင့် အစည်းအဝေးကြီးက လာရင် ဘာပြောမည်ကို နားစွင့်၍နေသည်။ လာရင်က ဣန္ဒြေကြီးနှင့် ဗေရီးယားဘက်သို့ လှည့်ပြီးလျှင်

''ရဲဘော်ဗေရီးယား ပါတီအတွက် ကျောင်းဆောက်ရန် သင်ပေးသော အကြံကို ငါတို့ မှတ်တမ်းတင်ထားပါပြီ။ သင်၏ အကြံကို အသေးစိတ်ဖော်ပြပြီး ကုန်ကျမည့်စရိတ် ခန့်မှန်းခြေနှင့်တကွ တင်ပြရန် ယခု အစည်းအဝေးကြီးက သင့်အား တာဝန်လွှဲပါသည်။ သင်၏ အသေးစိတ်အကြံပေးချက်ကို လျှောက်ပတ်သည့်အခါတွင် ပါတီအမှုဆောင်အဖွဲ့က စစ်ဆေးကြည့်ရှုပါလိမ့်မည်။ ကိုင်း နောက်တစ်ကိစ္စကို စဉ်းစားပါ''ဟု ပြောသည်။ လာရင် စိတ်ထဲတွင် ဗေရီးယားပေးသည့်အကြံမှာ ရယ်စရာ သက်သက်သာ ဖြစ်သည်ဟု ထင်သည်။

လာရင်က ထိုကဲ့သို့ ပြောလိုက်သောအခါ ဗေရီးယားသည် ကျေနပ်သော အမူအရာဖြင့် တရားဟောစင်ပေါ်မှ ဆင်းသွားပြီးလျှင် လာရင်အနားတွင် ထိုင်ကာ သူ့မျက်မှန်ကို ပွတ်တိုက်နေသည်။

အစည်းအဝေးကြီးက ဗေရီးယားကို ''အရူး''ဟု သဘောရသည်။ လာရင်ကလည်း ထိုအတိုင်း ''အရူး''ဟုပင် အောက်မေ့သည်။ ပြီးလျှင် ''အင်း အဲဒီအဓိပ္ပာယ်မရှိတဲ့ အကြံတစ်ခု နှစ်ခုလောက် နောက်ထပ်ပေးရင် ဒီမျောက်ကိုတော့ တီရစ္ဆာန်ရုံသွားပို့ လိုက်ကြတော့မှာပဲ''ဟုလည်း လာရင် သဘောရသည်။

လာရင်သည် ရောက်စတောက်သို့ ဗေရီးယား ရောက်လာလျှင်လာချင်း တိတ်တိတ်ပုန်းကြိတ်၍ မုန်းနေသည်။ ဗေရီးယားရောက်လာခြင်းသည် ရောက်စတောက်တွင် အာဏာလုပွဲအသစ် ဆင်ရမည့်နိမိတ်ဖြစ်သည်ဟု လာရင်ယုံကြည်သည်။ ဤလိုလုနိုင် ယက်နိုင်မှနေ၍ဖြစ်သည့် လောကကြီးတွင် ဤလိုပဲ ဖြစ်ရမည်။ ဗေရီးယား မရောက်ခင် ပါတီကို လာရင်ကြီးမှူးနေစဉ်က ဒုတိယ အတွင်းရေးမှူးတစ်ယောက် ပြောင်းခဲ့ပြီ။ ထိုငါးယောက်စလုံးသည် လာရင်ကို ရာထူးမှဖြုတ်ချရန် ကြံကြသူချည်းပင် ဖြစ်သည်။ သို့ရာတွင် လာရင်ပြုတ်မကျဘဲ သူတို့သာ ခေါင်းပြုတ်သွားသည်။ လာရင်သည် စားနေကျကြောင်ဖားကြီးဖြစ်၍ ပါတီအတွင်းရေး၌ ကျွမ်းကျင်သူဖြစ်သည်။

လာရင်သည် ဗေရီးယားကို သတိနှင့်စောင့်ကြည့်နေသည်။ သို့ရာတွင် ဗေရီးယားသည် သူ့ကို ရန်မူနိုင်မည့်သူမဟုတ်ဟု သဘောရသဖြင့် ဗေရီးယားကို သူက ဘာမျှ တားမြစ်ပိတ်ပင်ခြင်းမပြု။ ''လူများကို ဒီလိုလူစ်လျူရှုထားတာ ကောင်းတယ်။ ဒါမှ သူတို့ဟာ သူတို့အလေလောင်း သူတို့ထမ်းချသွားမှာ''ဟု လာရင် သဘောရသည်။



နောက်တနင်္ဂနွေတစ်ပတ်ကြာသောအခါ ဗေရီးယားက အဆောက်အဦဆောက်ရန်အတွက် အသေးစိတ်ကုန်ကျသည့် ခန့်မှန်းခြေစာရင်းကို တင်ပြသည်။ လာရင်သည် ထိုစာရင်းကို ကြည့်ပြီးနောက် ဝမ်းသာလှသဖြင့် ထ၍ ခုန်လိုက်ချင်သည်။ ဗေရီးယား၏ စာရင်းမှာ စိတ်မနှံ့သော ဝတ္ထုရေးသမားတစ်ဦးက စိတ်ရှူးပေါက်တိုင်း ရေးသော ဝတ္ထုထဲတွင်ပါသော အရူးစီမံကိန်းမျိုးဖြစ်သည်။ ဗေရီးယားက အဆောက်အဦသည် ရုရှ ဒင်္ဂါးတစ်သန်းကုန်မည်ဟု ခန့်မှန်းထားသည်။ အဆောက်အဦကို အပြင်ဘက်က ကျောက်နှင့်တည်၍ အတွင်းဘက်က သစ်ကောင်းဖျဉ်ကောင်းနှင့် ဆောက်လုပ်ပြီးလျှင် စိန်တုကျောက်တုများဖြင့် မွမ်းမံခြယ်လှယ်ထားရန်ဖြစ်သည်။ အဆောက်အဦ၏ မျက်နှာစာတွင် လှပေါင်း ထောင်သောင်းဆန့်သော ပန်းခြံကြီးထားရန်လည်း ပါသည်။ ထိုပန်းခြံကိုလုပ်လျှင် အိမ်ကြီးအိမ်ကောင်း ဆယ်အိမ်လောက်ကို ဖျက်ဆီးရလိမ့်မည်။ ''ရောက်စတောက်မြို့မှာ အိမ်ရှားလွန်းလို့ လူတွေဟာ ငါးပိသိပ် ငါးခြောက်သိပ်ဖြစ်နေရတဲ့ကြားထဲမှာ ဒီလိုကြံတာများ အံ့ပါရဲ့''ဟု လာရင် စိတ်ထဲက ရေရွတ်ရှိသည်။

လာရင်သည် ဝမ်းသာ၍နေသည်။ ဗေရီးယားသည် သူ့လည်ပင်းကို သူ ကြိုးကွင်းတပ်နေပြီ။ လာရင်က ကြိုးစကို ဆွဲလိုက်ဖို့ပဲလိုသည်။ ''အများကြီး ကောင်းပါတယ်။ ဒီခန့်မှန်းခြေစာရင်းကို သင်ကိုယ်တိုင် ဦးစီးစီစဉ်သူဖြစ်သည့်အတိုင်း ကော်မီတီကို သင့်လက်မှတ်ထိုးပြီး တင်လိုက်ပါ''ဟု လာရင်က ပြောသည်။

ဗေရီးယားကလည်း လာရင်က ဒီလိုပင် အကြံပေးလိမ့်မည်ဟု မျှော်လင့်ခဲ့သည်။ ဗေရီးယားလူမိုက်သည် လာရင်ပြောသည့်အတိုင်း တစ်သွေမတိမ်း ဆောင်ရွက်လုပ်သည်။ ဗေရီးယား၏ စီမံကိန်းကို မော်စကိုသို့ ပို့လိုက်ပြီ။

ဗေရီးယား၏ စီမံကိန်းကို မော်စကိုက လက်ခံလိုက်ပြီ။

မော်စကိုက ပြန်စာကို ဖတ်ရသောအခါ လာရင်သည် သူ့မျက်စိကိုသူ မယုံနိုင်လောက်အောင်ပင် ဖြစ်သွားသည်။ မော်စကိုက ဗေရီးယား၏ စီမံကိန်းကို ခွင့်ပြုရာတွင် ပြင်ဆင်၍ပေးလိုက်သည်။ သို့ပြင်ဆင်၍ပေးလိုက်သည့်အတွက် ပြင်ဆင်ချက် တစ်ချက် တစ်ချက်လျှင် ဒင်္ဂါးသန်းပေါင်းများစွာပို၍ ကုန်ကျလိမ့်ဦးမည် ဖြစ်သည်။ အဆောက်အဦ၏ မျက်နှာစာတွင်ထားမည့် အရှုံးကြံကြံသည့် ပန်းခြံအတွက်ပင် မော်စကိုက သဘောတူလိုက်သည်။ ဤအဆောက်အဦကိုဆောက်လျှင် ရောက်စတောက်မြို့၏ ဝင်ငွေတစ်ဝက်ကျော်မျှ ကုန်သွားလိမ့်မည်ဟု လာရင်က ငိုသံပါ အော်ဟစ်ကန့်ကွက်လိုက်ခြင်းသည်ပင် အချည်းနှီးဖြစ်ခဲ့ပြီ။ ထို့ပြင် ရောက်စတောက်၌ လူနေအိမ် အလွန်အင်မတန် ရှားပါးနေသဖြင့် မြေကွက်ရှိသမျှ ချွေနှင့်စက်၍ ဝယ်ရမလောက် ဖြစ်နေသော အချိန်တွင် အိမ်ကြီးအိမ်ကောင်းများကို ဖျက်၍ပစ်ဦးဆိုလျှင် အဓိပ္ပာယ်ရှိနိုင်မည်မဟုတ်ကြောင်းနှင့် လာရင်က ရှည်လျားစွာ အစီရင်ခံချက်ရေး ပေးလိုက်ခြင်းသည်လည်း အချည်းသဲရေကျဖြစ်ခဲ့ပြီ။ လူအများ၏ အကျိုးငှာ အိမ်ကိုဖျက်၍မပစ်ဖို့ ပြောဆိုခြင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



လာရင်အဖို့ ပထမအကြိမ် သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်းဖြစ်သည်။ သို့ရာတွ ထိုပရဟိတအလုပ်၌ပင် သူ့ကိုယ်ကျိုးပါသေးသည်။ အဘယ်ကြောင့်ဆိုသော် ဗေရီးယ ၏ စီမံကိန်းအောင်မြင်သွားလျှင် လာရင်မှာ ဂုဏ်အပျက်ကြီးပျက်ရတော့မည် ဖြစ်သေ ကြောင့်တည်း။ မော်စကိုက လာရင်၏ မျက်ရည်ခံထိုးခြင်းကို ဂရုမစိုက်။ မော်စကို ထွက်ပြီးသားဆင်စွယ်သည် ပြန်မဝင်တော့။

မကြာမီပင် ပရစ္စဒါသတင်းစာ၌ ကွန်မြူနစ်ပါတီ ဗဟိုအမှုဆောင်အဖွဲ့ ဆုံးဖြတ်ချက်ပါလာသည်။ ထိုဆုံးဖြတ်ချက်မှာ "ရောက်စတောက်မြို့ အလုပ်သမားမျ ၏အလိုဆန္ဒကို လိုက်လျောသောအားဖြင့် ပြည်ထောင်စုဆိုင်ရာ ကွန်မြူနစ်ပါတီ ဗဟိုအ ဆောင်အဖွဲ့က (ရောက်စတောက်မြို့တွင် ကားလမတ် အိန်ဂယ်ဗိမာန်ဆောက်ရန် အခွင့် လိုက်သည်)ဟူ၍ဖြစ်သည်။

ဤကား အယူခံမဝင်နိုင်သော စီရင်ချက်တည်း။ ဗေရီးယားသည် ဗိမာန် စ၍ဆောက်ပြီး ရောက်စတောက်တစ်မြို့လုံး ဖုန်တထောင်းထောင်းထနေပြီ။ ဖျက် လိုက်သော အိမ်ကြီးများသည် တစ်ဆောင်ပြီးတစ်ဆောင် လဲပြို၍သွားကြပြီ။ ထော ပေါင်းများစွာသောမိသားစုများလည်း မြို့ပြင်တန်းလျားများသို့ သွားနေကြရပြီ။

ထိုအခါကျမှပင် လာရင်သည် ဗေရီးယားအကြောင်းကို သဘောပေါ တော့သည်။ "ဒီမျောက်ရဲ့ အမြီးက မမြင်ရပေမယ့် တယ်ရှည်ပါလား။ မော်စကိုတော ရောက်သွားပြီ။ မော်စကိုက ဒီအမြီးကို အမြဲကိုင်လှုပ်နေတာပဲ"ဟု အောက်မေ့ လာရင်သည် ဗေရီးယား၏စွမ်းရည်ကို အခါနှောင်းမှ သဘောပေါက်သွားသည်။

လာရင်သည် သတိထားနေရပြီ။ သတိထားနေရသဖြင့် ဗေရီးယားကို မုန်း သူ၏ နားရွက်ကားကြီးနှစ်ခုကိုလည်း မုန်းသည်။ သူ့ခေါင်းပြောင်ကလေးကိုလည် မုန်းသည်။ ပြုံး၍လိမ်လည်တတ်သော သူ့ပါးစပ်ကိုလည်း မုန်းသည်။ နားညည်း ကောင်းသော သူ့အသံကိုလည်း မကြားရစေရန်အတွက်နှင့် သူ့ ခိုးကြည့်ကြည့်တတ်သော သူ့မျက်စိများကို မမြင်ရစေရန်အတွက် သူ့လည်ပင်းကိုညှစ်၍ သတ်ပစ်ရမည်ဆိုလျှ လာရင်သည် အဘယ်မျှ ဝမ်းသာပေမည်နည်း။ ယခုမူ လာရင်သည် တရားပေါ ပေါ်၌ မလွဲသာသဖြင့် သူရဲ့ မသတီစရာကောင်းသော ကိုယ်ငွေ့ကိုခံ၍ သူ့ဘေး ရပ်နေရသည်။ ဆင်းရဲပါဘိသည်။

ဗေရီးယားအား အဆိုပါ ဗိမာန်ကိုဆောက်ဖို့အတွက် မော်စကိုက တမင်လွှ လိုက်ခြင်းဖြစ်သည်ဟု လာရင်သဘောရသည်။ ဘာကြောင့် ထိုကဲ့သို့ တမင်လွှတ်လို သည်ကိုမူ သူ တွေး၍မရ။ ထို့ပြင် သူသိချင်သောအကြောင်းများကို ဗေရီးယား မိန့်ခွန်းပြောသည့်အခါတွင် သိရလိမ့်မည်ဟု လာရင်စိတ်က ထင်နေသည်။ ထို့ကြောင့် ဗေရီးယား မိန့်ခွန်းပေးသည့်အကြောင်းကို မီနိုယန်က ကြော်ငြာလိုက်သောအခါ လာ လန့်၍သွားခြင်းဖြစ်သည်။



လာရင်သည် တွေးကြံ၍မသိနိုင်မှုကို ပထမအကြိမ် စ၍ရင်ဆိုင်နေရပြီ။ န်၍ ကြောက်မက်ဖွယ်ကောင်းသော လာရင်သည် ပထမအကြိမ် ကြောက်စိတ် ၍ နိုကိုးရာမဲ့ဖြစ်ခဲ့ပြီ။

လာရင်သည် သူ၏ကြောက်ရွံ့ခြင်းကို မဖုံးနိုင် မဖိနိုင်လောက်အောင် ဖြစ်နေ ည်းတူ ဗေရီးယားသည် သူ၏ဝမ်းသာခြင်းကို မဖုံးဖိနိုင်လောက်အောင် ဖြစ်နေ ဗေရီးယားသည် ဝမ်းသာလုံးဆို့၍ အသက်ကိုပင် ကောင်းအောင်မရှုနိုင်ဘဲ င်ရက်နှင့် အသံထွက်အောင် မတွန်ရသော ငှက်ကဲ့သို့ဖြစ်နေသည်။ သို့နှင့် သူ သူ့မျက်မှန်ကို ပွတ်ကာ ထ၍ခုန်နိုင်ဖို့ အခါကိုစောင့်နေသည်။ ဤနေရာသည် ပြမှာကို ဖန်တီးမည့်နေ့ ဖြစ်သည်။ မည်သူမျှ မရိပ်မိသေးသော်လည်း ဤဗိမာန် ည် ဗေရီးယားတစ်သက်တွင် အရေးပါအရာရောက်ဆုံးနေ့ပင်ဖြစ်လိမ့်မည်။

လာရင်က ဗေရီးယားသည် အကောက်ဉာဏ်ဖြင့် သူ့နေရာကိုလုဖို့ ကြံနေ သော့ စိုးရိမ်မကင်းဖြစ်မိသည်။ သို့ရာတွင် အကယ်၍ သူသည် ဗေရီးယား၏ ကို ဝင်ကြည့်နိုင်မည်ဆိုလျှင် သူစိုးရိမ်မကင်းဖြစ်နေခြင်းမှာ မသိနားမလည်လို့ သည်ဟု သူ့ဟာသူပင် ရယ်ချင်ပေသည်။ အကယ်၍ လာရင်သည် ဗေရီးယား၏ သောင်းကျန်းပုံကိုသာ သိရမည်ဆိုလျှင် လာရင်သည် ကြက်သေပင်သေ၍သွား ည်။ ဤဗေရီးယားပေုလေးသည် သူ့ရာထူးလောက်ကလေးကို လုဖို့ကြံစည်နေ ဟုတ်။ ဗေရီးယားသည် လာရင့်ရာထူးထက်မြင့်သော ရာထူးကို ချိန်လျက်ရှိ သူချိန်သောရာထူးမှာ ခရီးမပေါက်သော ကွန်မြူနစ်ကြိုးကိုင်အဖွဲ့ဝင် ရာထူးပင် ည်။

ဗေရီးယားက "ရဲဘော်တို့ ငါတို့သည် ဘော်ရှီဗစ်တိုင်းသူပြည်သားတို့၏ ဆောင်းရတနာများနှင့် ငါတို့ပါတီ၏ အနာဂတ်ခေါင်းဆောင်များ ပညာသင်ကြား ခွတ် အဆောက်အဦကို ဖွင့်ပါသည်။ ယခု ဖွင့်ပွဲကို ငါတို့ ကွန်မြူနစ်ပါတီက တီ အင်မတန် အရေးကြီးသည်ဟု ယူဆခြင်းမှာ ဆင်ကန်းတောတိုးယူဆခြင်း ပါ။ များစွာသောလူထုကြီးအား ဘော်ရှီဗစ်သဘောကို နားလည်အောင် ပညာ ကြားပေးဖို့အလုပ်နှင့် ဘော်ရှီဗစ် လူသစ်ဖန်တီးပေးဖို့ အလုပ်များမှာ ကွန်မြူနစ် အဓိကတာဝန်ကြီးဖြစ်ပေသည်။ ဤသို့လျှင် ခေါင်းဆောင်ကြီးစတာလင်က အား သင်ကြားပါသည်"ဟု မြွက်ကြားသည်။

လာရင်သည် ဂရုစိုက်ကာ နားထောင်လျက်ရှိသည်။ ဗေရီးယား၏ စကားထဲ ကိုယ်ရေးပြဿနာ အခက်အခဲကြီးအတွက် အဖြေပေါ်လာလိမ့်မည်ဟု လာရင် င့်လျက်ရှိသည်။ သို့ရာတွင် သူမျှော်လင့်သည့် အဖြေသည် ပေါ်မလာ။

ဗေရီးယားသည် ပြောရင်းပြောရင်းနှင့် အသံကျယ်၍ကျယ်၍လာပြီးလျှင် သိလက်မောင်းလည်း တန်း၍လာသည်။ ဗေရီးယားက ဆက်၍ "ငါတို့သည် စ်အမျိုးသားများကို ငါတို့ပါတီနှင့် ရဲဘော်စတာလင်တို့ ရည်မှန်းထားသည့်

www.burmeseclassic.com

www.burmeseclassic.com



အမြင့်ဆုံးအခြေအနေထိ အရည်အချင်းပြည့်ဝအောင် ပြုပြင်ပေးကြရမည်။ ငါတို့ [illegible] ရန်သူများက ငါတို့လူမျိုးတွေသည် လူရုပ်မပီသော စက်ရုပ်များ ဖြစ်ကုန်လိမ့်မည်ဟု [illegible] ပြောကာ ငါတို့အား ချောက်လှန့်ကြသည်။ ဒါပေမယ့် သူတို့ပြောသလို ဘယ်နည်းနှင့် [illegible] မဖြစ်နိုင်ပါ။ ငါတို့ ဆော်ရှီဗစ် အမျိုးသားများသည် အားအင်ပြည့်ဖြိုး၊ ရုပ်ရည်သန့်[illegible] မျက်နှာပြင်လှသည့် လူများဖြစ်လာမည်မှာ သေချာပါသည်''ဟုပြောသည်။ ထိုသို့ [illegible] ပြောပြီးလျှင် သူ့ဟာသူ ကျေနပ်သွားဟန်ရှိသည်။ ထို့နောက် သူ့စကားအရှိန်[illegible] သူ့ဟာသူ သွေးဆူလာပြီးလျှင် ''ငါသည် ရေကူးကန်နှင့်တကွ အစေခံတွေအများကြီး [illegible] ရှိသည့် နန်းတော်ကြီးတွေထဲတွင် နေရတော့မည်။ ငါ့မယားအိုကြီးကို နှင်ချလိုက်မည် [illegible] ပြီးလျှင် ဖော်လယ်ပိုင်ဇာတ်ရုံက ကချေသည်မကလေးတစ်ယောက်ကို ခေါ်ထားမည်[illegible] ကာလိနင်ကြီးက ငါ့ထက် ဘာများသာလို့လဲ။ ဗေရီးယားတို့ သတ္တိပြရချေသားရဲ့''ဟု [illegible] စိတ်ကူးမိသည်။ ထို့နောက် ဗေရီးယားသည် လေမြင့်၍ လာပြီးလျှင် ''ငါတို့ ဆော်ရှီ[illegible] နိုင်ငံတစ်ခုတည်းတွင်သာ ကုဋေကုဋာမျှသော ဆင်းရဲသူ၊ ဆင်းရဲသားတွေဟာ ပုဂ္ဂလိ[illegible] ကြီးပွားတိုးတက်ခွင့်ရှိပြီး အစိုးရနှင့် တစ်သွေးတစ်သားတည်း ဖြစ်နိုင်ခွင့်ရှိသည်[illegible] ငါတို့နိုင်ငံတွင်သာ အစိုးရသည် လွတ်လပ်ခြင်း လူကိုမြှင့်တင်ခြင်း၊ ပညာသင်ကြားခြင်း [illegible] စသည်တို့ကို လူထု၏အကျိုးငှာ ပထမဆုံးအကြိမ်စ၍ ဆောင်ရွက်သည်။ အစိုးရ[illegible] အာဏာကြီးခြင်းနှင့် တန်ခိုးကြီးခြင်းကို လူထုက ခံစားနိုင်ခွင့်၊ ချီးကျူးနိုင်ခွင့် [illegible] ပထမအကြိမ်ရခြင်းမှာလည်း ငါတို့နိုင်ငံတွင်ပင် ဖြစ်သည်။ ငါတို့နိုင်ငံတွင် လူထု[illegible] အစိုးရသွေးကွဲခြင်းမရှိ။ မုန်းတီးခြင်းမရှိ၊ ထိုသို့မရှိရုံမျှ မကသေး။ အစိုးရ၏အာဏာကို [illegible] လူထုက မိမိတို့၏အားဟု သဘောပိုက်ကာ ရွှင်လန်း ဝမ်းမြောက်လျက်ရှိသည်''ဟု [illegible] ပြောသည်။

လာရင်စိတ်ထဲတွင် ''ဗေရီးယားဟာ တကယ့်နတ်သီချင်း အဆိုကောင်း[illegible] လုပဲ'' ဟု အောက်မေ့ပြီး ''ရုပ်ကြည့်တော့ ကျီးကန်းအမွေးနုတ်ထားသလိုနဲ့ ပါးစပ်[illegible] ထွက်တာကတော့လည်း မိုးစွေငှက်သီသံကျနေတာပဲ''ဟု ဆက်၍ မအောက်မေ့မိစေ[illegible] စိတ်ကိုချုပ်၍ ထားရသည်။

သူလျှိုအဖွဲ့ဥက္ကဋ္ဌ ဒူးရောက်သည် ဗေရီးယား ဘာဆိုလိုသည်ဟု နားမလည်[illegible] သို့ရာတွင် ''အစိုးရ၏ အာဏာကြီးခြင်းနှင့် တန်ခိုးကြီးခြင်းကို လူထုက ခံစားနိုင်ခွင့် [illegible] ချီးကျူးနိုင်ခွင့် ပထမအကြိမ်ရခြင်း''ဆိုသော စကားလုံးကိုမူ သူ အလွန်သဘောကျ[illegible] သည်။ ဤအချက်တွင် ဗေရီးယား၏ အယူအဆနှင့် သူ့အယူအဆ တိုက်ဆိုင်သည်[illegible] ဗေရီးယားက ထိုစကားကို ပြောလိုက်သောအခါ ဒူးရောက်သည် သူ၏ရင်ဘတ်[illegible] အမှတ်မထင်ကော့လိုက်သဖြင့် သူ၏ ကြမ်းတမ်းသောရုပ်ကြီးမှာ ခန့်ညားရျပင်သွား[illegible] သည်။ ဒူးရောက်သည် သူလျှိုတပ်သားများ အဆင့်ဆင့်ထပ်၍ စောင့်ကြပ်ထားသော [illegible] လူထုကြီးထဲ၌ ဗေရီးယားပြောသည့်လူထုက ''ချီးကျူးခြင်း''ကို ရှာကြည့်သည်[illegible]



[illegible] လူထုကြီး၏မျက်နှာများတွင် ထိုင်းမှိုင်းမှောင်မဲ၍ ဒေါသဖြစ်နေဟန်ပေါ်လျက် [illegible] ကိုသာ တွေ့ရသည်။ ဒူးရောက်သည် မျက်မှောင်ကြုတ်၍သွားသည်။

''ဗေရီးယားဟာ အလကားလိမ်နေတာပဲ။ နောက်ထပ် ဘယ်လောက်ကြာ [illegible] ဆက်ပြီးလေယန်းနေဦးမလဲမသိဘူး။ အိုက်လှ ပူလှပြီ။ လည်ချောင်းတွေလည်း [illegible]လာပြီ။ ခုနေ တစ်ခွက် နှစ်ခွက်လောက်သောက်လိုက်ရရင် ဘယ်လောက်ကောင်း [illegible]''ဟု ဒူးရောက်စိတ်ထဲက အောက်မေ့လိုက်သည်။

***

---

[illegible](၁၁)

---

ဂိုရင်က ဗေရီးယားစကားကို ဂရုတစိုက်နားထောင်ပြီးလျှင် ''သူပြောတဲ့ [illegible] စိတ်ဝင်စားဖို့ကောင်းသည်။ ပြောပုံက ဟန်များလွန်းပေမယ့် အခြေခံ [illegible] စိတ်ဝင်စားဖို့ကောင်းသည်။ အစိုးရလည်း တိုင်းသူပြည်သား တိုင်းသူ[illegible]လည်း အစိုးရဆိုသလို တစ်ပေါင်းတည်းဖြစ်အောင် လုပ်ဖို့ကိစ္စဟာ ကမ္ဘာ[illegible]တွေ အစဉ်အဆက်စဉ်းစားလာတဲ့ ပြဿနာဟောင်းကြီးပဲ''ဟု တွေးမိသည်။

ဂိုရင်သည် မော်စကိုမြို့သို့ တစ်ရက်နှစ်ရက်ခန့်က ရောက်နေသော ပြင်သစ် [illegible]ကြီး ရှုပိန်နှင့်တွေ့သောအခါ အစိုးရနှင့်ပြည်သူ တစ်လုံးတည်းဖြစ်ဖို့ ကိစ္စ [illegible] ဆွေးနွေးကြည့်မည်ဟု အောက်မေ့သည်။ ''ဒီ အနောက်နိုင်ငံသားတွေဟာ [illegible]ဟာ တစ်ဦးစီတစ်ဦးစီ လွတ်လပ်ခွင့်ရှိစေလိုက်သည်ဆိုပြီး သိပ်ပြောနေကြသည်။ [illegible] ဆော်ရှီဗစ်များလုပ်နေပုံကို ရှုပိန်ဘယ်လို သဘောရသလဲလို့ ငါမေးကြည့်မည်'' [illegible] အောက်မေ့မိသည်။

ဂိုရင်သည် ဗေရီးယားပြောသည်ကို ဂရုစိုက်၍ နားထောင်သည်။ သို့ရာတွင် [illegible]သည်ကို နားလည်ဖို့မလွယ်။ ''ဒီကောင်က တယ်စကားပြောဖွင်းတဲ့ အကောင်ပဲ။ [illegible]တာ ဘယ်သူမျှ နားလည်မှာမဟုတ်ဘူး''ဟု ဂိုရင်က ညည်းသည်။

ထို့နောက် ဂိုရင်သည် ဗိမာန်ကြီး၏ အဝင်တံခါးမကြီးကိုကြည့်ပြီး ''ဒီလို [illegible]တ်အဦကြီးမျိုးကို ငါဘယ်မှာမြင်ဖူးပါလိမ့်။ သြော် သတိရပြီ။ ရောမ [illegible]ကြီးဟာ ဒီအတိုင်းပဲ။ ကျောက်ဖြူတိုင်ကြီးတွေဟာ နေရောင်ထဲမှာ ဖိတ်ဖိတ် [illegible]နေတယ်။ ရောမလူမျိုးတွေဟာ ဘုရားရှိတဲ့ လူမျိုးတွေမဟုတ်ဘူး။ သူတို့ [illegible]ဗိမာန်ကြီးတွေ ကလည်း ခန့်ညားထည်ဝါတော့ရှိပါရဲ့။ ဒါပေမယ့် စိတ်နှလုံး [illegible]ရာမကောင်းဘူး။ ဆော်ရှီဗစ်ဗိမာန်က ရောမဗိမာန်နှင့် သွားတူနေတာဟာ [illegible]တယ်။ အနှစ်ထောင် ပေါင်းများစွာကြာပြီး လာတူနေတာ။ စဉ်းစားစရာပဲ။ [illegible]ဆိုတော့ အခုဆော်ရှီဗစ်တို့ရဲ့ ဗိမာန်ဟာလည်း ဘာသာရေးဗိမာန်ပဲ။ ဒီဗိမာန်ထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီဂိုဏ်းချုပ် ဂိုဏ်းချုပ် တွေ သီတင်းသုံးကြလိမ့်မည်။ ဒီဗိမာန်ထဲကနေ လူအများ နားမလည်နိုင်တဲ့တရားတွေ ကျင့်သုံးကြလိမ့်မည်''ဟု စဉ်းစားမိသည်

ဂိုရင်သည် ဗိမာန်ကြီးအကြောင်းကို စဉ်းစားနေရာက ထိုဗိမာန်ကြီးကို တည်ဆောက်သော ဗိသုကာဆီသို့ စိတ်ကူးဆက်သွားသည်။

ဗိသုကာ ယှူးဆိတ်အကြောင်းနှင့်ပတ်သက်၍ ဂိုရင်က ''ဒီလူဟာ ပရိယာယ်ကြွယ်တဲ့အတိုင်း ခေတ်၏သဘောကို ကောင်းကောင်းနားလည်သည်။ ယှူးဆိတ်သည် ခေတ်စားနေသော ပုံစံများကို နောက်ကအတုလိုက်၍ ဆောက်သူမဟုတ်။ ပုံစံအသစ်အသစ်ထွင်၍ ခေတ်ကို ရှေ့ဆောင်သွားသူဖြစ်သည်။ နိုင်ငံရေးခေတ်ပြောင်းတိုင်း ပြောင်းတိုင်း သူ့ပုံစံများကိုလည်း အဝတ်အထည်များကို ပြောင်းလွဲ၍ ဝတ်သည့်နည်း မပင်မပန်း စိတ်မာန်မထွက်ဘဲ အလွယ်တကူပြောင်း၍ ပြောင်း၍သွားသည်။

ပရိယာယ်များသော ယှူးဆိတ်သေသွားလျှင် ကျောက်ဖြင့်ဆောက်လုပ်သော လက်ရာအမှတ်အသားများ အများကြီး ကျန်ရစ်လိမ့်မည်။ ထိုအမှတ်အသားများကို လေ့လာခြင်းအားဖြင့် မကြာသေးမီခေတ်က ရုရှသမိုင်း၏ ဆူပူချောက်ချားဟန်ကိုသိနိုင်လိမ့်မည်

၁၉၁၄-ခု ပထမကမ္ဘာစစ်ကြီး မဖြစ်ခင်တွင် ယှူးဆိတ်သည် မော်စကိုမြို့ ကာဇန်ဘူတာရုံ၏ပုံစံကို ရုရှထုံးစံအတိုင်း အတွန့်အတက် ရှုပ်ရှုပ်ယှက်နှင့် ရေးဆွဲတည်ဆောက်ခဲ့သည်။ ထိုဘူတာရုံ၏ပုံစံကို ဂိုရင် သဘောကျသည်။

စစ်ဒဏ်နှင့် တော်လှန်ရေးဒဏ်တို့ကြောင့် တိုင်းသူပြည်သားများမှာ တဲထိုးအိမ်ကုပ်ဆောက်ဖို့တောင် သစ်ပျဉ်မရှိသောခေတ်တွင် ဗိသုကာတို့သည် လွတ်လပ်စွာ စိတ်ကူးကြံစည်ခွင့်ကို အသုံးပြုကြပြီးလျှင် မိုးရေဆင်းရန် ရေပြွန်များ တပ်ဆင်ထားသည့် အထပ်တစ်ရာရှိသော ဗိမာန်ပုံစံများကို ရေးဆွဲကြသည်။

ယှူးဆိတ်သည် တိုင်လုံးတုတ်တုတ်ကြီးတွေဖြင့် ဆောက်သည့် ဗိမာန်ပုံစံများကို စွန့်လွှတ်ပြီးလျှင် ကွန်မင်တန် (အပြည်ပြည်ကွန်မြူနစ်အဖွဲ့) ဗိမာန်ပုံစံကို အသေအချာ တကြယ် ရေးဆွဲသည်။ သူ့ပုံစံတွင် အထပ်ပေါင်းများစွာပါရှိပြီးလျှင် ဗိမာန်ကို ကမ္ဘာပေါ်ရှိတိုက်ကြီးငါးတိုက်အလိုက် စက်ဝိုင်းကြီးငါးခု ခွဲခြားထားပြီးလျှင် ထိုစက်ဝိုင်းကြီးများမှာ သက်ဆိုင်ရာတိုက်တွင် တော်လှန်ရေးအောင်မြင်သည့်အလိုက် တစ်ခုနှင့်တစ်ခု အနေးအမြန်ချင်းမတူဘဲ ပတ်ချာလည်စေရန် စီစဉ်ထားသည်။ ထိုပုံစံကို ကျော်လွန်ဖို့ မဆိုထားဘဲ မီအောင်လိုက်၍ ရေးဆွဲနိုင်ရန် ယှူးဆိတ်လို စိတ်ကူးရမ်းသော ဗိသုကာ မပေါ်။ ယှူးဆိတ်ရေးဆွဲသော ကွန်မြူနစ်ဝါဒခေတ်အတွက် စတ္တူပေါ်ဗ္ဗသာရှိသော စံကြီးစံကောင်းအဖြစ်သို့ ရောက်သွားသည်။

လီနင်သေသွားသောအခါ ယှူးဆိတ်အဖို့ ပြဿနာအသစ်ပေါ်လာသည် ရှေးဟောင်းပန်းခြံဒီတွင် လီနင်အထိမ်းအမှတ်အတွက် ခေတ်မီသော ဂူဆောက်ရလိမ့်မည် ကွန်မင်တန်ဗိမာန်ပုံစံကိုရေးဆွဲခဲ့သော ယှူးဆိတ်အဖို့တွင် နောက်ထပ် ဘယ်ပုံစံမျိုးကိုရေးရဖို့မှ မကြောက်တော့။ ခေတ်ဟောင်းပုံစံနှင့် ခေတ်သစ်ပုံစံတို့ မစပ်ဟပ်မိဘဲဖြစ်မည် မဖြစ်မည်ကို စိုးရိမ်စရာမရှိ။ ခေတ်သစ်၏အလိုနှင့် ကိုက်ညီဖို့သာ အရေးကြီးသည်



လီနင်သေပြီးနောက် ခေတ်၏အလိုမှာ အဆုံးသတ်မရှိသော အာဏာရှင်စနစ် ဖြစ်သည်။ သေပြီးသော လီနင်သည်ပင် ထိုအာဏာရှင်အသစ်၏ အမှုတော်ကို ထမ်းရွက်၍ ထိုအာဏာရှင်အသစ်၏ တန်ခိုးအာဏာကို ခိုင်မာတောင့်တင်းအောင် ဆောင်ပေးရလိမ့်မည်။

ယှူးဆိတ်သည် ရှေးသမိုင်းဟောင်းများမှ ဂူပုံစံများကို ရှာသောအခါ ချင်းတရားကြီးဆိုင်းရပ်၏ ဂူတော်ပုံစံကိုတွေ့သည်။ ထိုဂူတော်ပုံစံအတိုင်း လီနင်၏ အလောင်းကို ကျောက်နီရုံဖြင့်ဝိုင်း၍ ယှူးဆိတ်က တည်လိုက်သည်။ ကွန်မြူနစ်ကြီးကိုင်အဖွဲ့ဝင်တို့သည် ရှေးခေတ်က ဗိမာန်များကို မတွေ့မမြင်ဖူးကြ။ သူတို့သည် ယှူးဆိတ်၏ ခံ့ညားကြီးမားသော ဂူပုံစံများကို အထူးနှစ်သက်ကြသည်။ ထိုဂူ၏ ရင်ပြင်ပေါ်မှနေ၍ ကွန်မြူနစ်ကြီးကိုင်အဖွဲ့ဝင်တို့သည် သူတို့၏ကျွန်များဖြစ်ကြသော ရုရှလူထုကြီး စီတန်းလှည့်လည်လာသည်များကို ရှုစား၍ အဖူးမြော်ခံသည့်အခါ ခံကြသည်။ ဤနည်းဖြင့် လီနင်၏ ကျောက်ဂူကြီးသည် ကွန်မြူနစ်ပါတီကြီးကိုင်အဖွဲ့၏ ရာဇပလ္လင်အဖြစ်သို့ ရောက်သွားပြီးလျှင် ယှူးဆိတ်လည်း ဘော်ရှီဗစ်အစိုးရ၏ တစ်ဂဏန်းအသုံးတော်ခံ ဗိသုကာတော်ကြီးအဖြစ်သို့ ရောက်သွားလေတော့သတည်း။

ထို့နောက် များမကြာမီပင် ရုရှပြည်တွင် ဘော်ရှီဗစ်လူသစ်၊ ဘော်ရှီဗစ် စာပေပညာသစ်၊ ဘော်ရှီဗစ်တူရိယာသစ် ဖန်တီးဖို့ဆိုသော အသုံးအနှုန်းများ ခေတ်စား၍ လာသည်။ ထိုအသစ်တို့အနက် တူရိယာအသစ်ဖန်တီးဖို့အလုပ်မှာ ခေါင်းဆောင်ကြီးစတာလင် ဘုန်းတော်ကြီးပါစေဟု ဖွဲ့စီ၍ ကဗ္ဗည်းစာခွဲလိုက်ရုံနှင့် ပြီးနိုင်သည်။ သို့ရာတွင် ဗိသုကာဘက်တွင်မူ အသစ်ဖန်တီးဖို့ဆိုသည်မှာ မလွယ်လှ။ ဗိသုကာအတတ်သည် အကောင်အထည်နှင့် အခိုင်အမာ ရုပ်ပုံဖော်၍ပြရသော အတတ်ဖြစ်သဖြင့် သာမန် ကဗ္ဗည်းစာခွဲလိုက်ရုံနှင့် ဖြစ်နိုင်သော အတတ်မဟုတ်။ ဗိသုကာအတတ်သစ်ကို တော်ရုံရော်ရုံနှင့် ထွင်လိုက်လျှင် အစပ်မမှန်သော အင်္ဂတေကဲ့သို့ ကွာ၍ ကျသွားမည်သာဖြစ်သည်။ ဤနည်းဖြင့် ရုရှဗိသုကာတို့မှာ ဘော်ရှီဗစ် ဗိသုကာအတတ်သစ်ကို မဖန်တီးတတ်နိုင်အောင် ဖြစ်နေကြသဖြင့် ရှေးဟောင်းဗိသုကာ အတတ်များကို နည်းခိုးသူခိုး၊ မျက်မှောက်ခေတ် ဗိသုကာအတတ်များကို နည်းခိုးသူခိုးနှင့် တိုးတက်မှုမရှိဘဲဖြစ်နေသည်။ ဤအချက်တွင် ယှူးဆိတ်သည်ပင် အရှည် အခက်အခဲနှင့် တွေ့နေရသည်။

သို့ရာတွင် ရောက်စတောက်မြို့က ကားလမတ်အိန္ဒယ်ဗိမာန်မှာ ယှူးဆိတ် ကိုယ်တိုင်ပါသည် ဘော်ရှီဗစ်ဗိသုကာအတတ်အသစ်ကို ထွင်လိုက်ပြီဟု စိတ်ကြီးဝင်စရာ ဖြစ်သွားသည်။ ယှူးဆိတ်ဆောက်သော ဗိမာန်ကို ကွန်မြူနစ် ကြီးကိုင်အဖွဲ့ကလည်း သဘောကျသည်။ စတာလင်ကလည်း သဘောကျသည်။ ဤသို့ သဘောကျခြင်းသည် ယှူးဆိတ်ထွင်လိုက်သော ပုံစံသစ်အောင်မြင်ခြင်း၏ အရေးအကြီးဆုံး အထောက်အထား သက်သေ မဟုတ်ပါလော။ ယှူးဆိတ်သည် ဝမ်းမသာချင်ယောင်ဆောင်ကာ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



တည် မျက်နှာထားနှင့် ဟန်လုပ်၍နေသော်လည်း သူ့ဝမ်းထဲ၌မူကား ဘဝင်မြင့်လျက်ရှိသည်။ ယျူးဆိတ်သည် အသစ်တီထွင်သည့်အရေးတွင် သူများတွေထက် တာဝင်ဦး၍နေပြီပြီ။

ဂိုရင်သည် စာရေးဆရာပီပီ ယျူးဆိတ်၏ဗိမာန်ကို နှိုင်းစရာ ရှာ၍နေသည်။ ''ဤဗိမာန်သည် ဤတရားဟောစင်ပေါ်က လူများနှင့်တူသည်။ ဤဗိမာန်၏ မျက်နှာသည် ကွန်မြူနစ်ပါတီအရာရှိတစ်ဦး၏ မျက်နှာကဲ့သို့ မျက်နှာထားသိုးသိုး တည်တည်ကြီး ဖြစ်သည်''ဟု ဂိုရင် သဘောရသည်။

ဂိုရင်၏အမြင်တွင် ထိုဗိမာန်သည် လှပတင့်တယ်ခြင်းကို မဆောင်ဘဲ နိုင်မာတောင့်တင်းခြင်းကိုသာ ဆောင်သည်။ ကျောက်သားဖြင့် ပြုလုပ်ထားသော အဝင်တံခါးမသည်လည်းကောင်း၊ ငါးထပ်ထိမြင့်အောင် စိုက်ထူထားသော လေးမြှောင့်တိုင်ကြီးများသည်လည်းကောင်း၊ ကြေးဝါဖြင့် မွမ်းမံထားသော တပြောင်ပြောင် တလက်လက်ဖြစ်နေသော ပြတင်းပေါက်ကြီးငါးခုသည်လည်းကောင်း၊ အထစ်ပေါင်းများစွာရှိ၍ ကျယ်ဝန်းသော လှေကားကြီးသည်လည်းကောင်း၊ ခန့်ညားသော ရာဇပ္လုန္နေကိုဆောင်လျက်ရှိသည်။ အထူးသဖြင့် လှေကားထစ်များမှာ ခန့်ညားလှသည်။ ထိုလှေကားထစ်များသို့ တက်သွားသူများသည် တစ်ထစ်ထက်တစ်ထစ် ပိုရောက်သွားသည်နှင့်တစ်ပြိုက်နက် ကြောက်လန့်တုန်လှုပ်စိတ် ပေါ်ပေါက်၍ လာဖွယ်ရှိသည်ဟု ဂိုရင် သဘောရသည်။

၁၉၁၂-ခုတွင် ဇာဘုရင်အုပ်စိုးသော ရုရှပြည်မှဖည်၍ အီတလီပြည်သို့ သွား၍နေစဉ်က ဂိုရင်စိတ်ကူးဖြင့် ကြံဆကြည့်မိသော လောကသစ်အဆောက်အဦမှာ ယခု ယျူးဆိတ်ဆောက်ထားသော ဗိမာန်ပုံစံမျိုးမဟုတ်။ ရုရှပြည်က ဂိုရင် ဖည်ခဲ့သောအကြောင်းမှာ နယ်ချဲ့ဇာဘုရင်သည် အရမ်းပဲ ညှဉ်းပန်းနှိပ်စက်ကာ အုပ်စိုးနေသည်ဟု သဘောရခြင်းကြောင့်ဖြစ်သည်။ အီတလီပြည်၌နေစဉ် ဂိုရင်သည် အီတလီပင်လယ်ကမ်း၏ သာယာဟန်ကိုကြည့်ပြီး ဗိမာန်များကို ကြောက်လန့်ခြင်းမရှိဘဲ လူသားအချင်းချင်း တန်းတူသဘောထားကာ သွားလာဝင်ထွက်ရသည့် လူသစ်များပေါ်လာသည်ကို စိတ်ဖြင့်ကူး၍ ကြည့်မိခဲ့ဖူးသည်။ ထို့ပြင် ထိုစဉ်က သူ့စိတ်ကူးတွင်ထင်လာသော ဗိမာန်များမှာ အလင်းရောင်နှင့် လေကောင်းလေသန့် ကောင်းကောင်းရ၍ လူတို့အား အသက်ရှူကြပ်၍ စိတ်ကူးကြံစည်မှု ကုန်ခန်းစေမည့် ဗိမာန်မျိုးမဟုတ်။ သို့ရာတွင် ယခု ယျူးဆိတ်ဆောက်လုပ်ထားသည့် ဗိမာန်မှာ နှလုံးမသာစရာဖြစ်သည်။

ဗိသုကာယျူးဆိတ်သည် ပုံစံအဆွဲများနေချင်လည်းနေမည်။ သူ့ဗိမာန်သည် ခေတ်၏အလိုနှင့် တိုက်ဆိုင်ချင်မှလည်း တိုက်ဆိုင်မည်။ သို့ရာတွင် ယျူးဆိတ်သည် သူ၏အမှားကို ဝန်ခံမည့်သူ မဟုတ်သည်ကိုလည်း ဂိုရင်သိသည်။ ဤအကောက်ဉာဏ်များသော လူညစ်ကြီးယျူးဆိတ်ထက် အဘယ်သူသည် အဟုတ်အမှန်ကို ပို၍ သဘောပေါက်ပါမည်နည်း။

''ဤယျူးဆိတ်ဖန်တီးလိုက်သော ဗိမာန်သည် ခေတ်အလိုနှင့်ပင် ကိုက်ညီ၍နေပြီလော။ သို့တည်းမဟုတ် လောကကို လက်ရှိဖြစ်ပျက်နေသည့်အတိုင်း လက်မခံဘဲ



ဘယ်တုန်းကမျှ မရှိခဲ့ဖူးသောအရာ၊ သို့မဟုတ် ဘယ်တော့မျှ ရှိလိမ့်မည်မဟုတ်သည့် အရာများကို မျှော်ကိုးနေသော ငါသည်ပင် အမြင်မှား၍နေပြီလော''ဟု ဂိုရင်သည် မချမ်း မြေ့သောနှလုံးဖြင့် ဆင်ခြင်မိသည်။

သူ့စိတ်ထဲတွင် မကျေမနပ်ဖြစ်လာသဖြင့် ဂိုရင်က ယျူးဆိတ်ကို ''သင့်ဗိမာန်ဟာ သူ့နည်းနှင့်သူတော့ တကယ်ပဲ ခန့်ခန့်ညားညား ထည်ထည်ဝါဝါရှိပါတယ်။ ဒါပေမယ့် ရွှင်လန်းနှစ်သက်ဖွယ်တော့ မကောင်းဘူး။ ငါတော့ မကြိုက်ဘူး''ဟု ပြောသည်။

ယျူးဆိတ်က ''ဒီဗိမာန်က အထိမ်းအမှတ်ပါ။ အလွန်နက်နဲတဲ့ နိုင်ငံရေး အထိမ်းအမှတ်ပါ။ အထိမ်းအမှတ်ဆိုတာမျိုးဟာ နက်နဲတဲ့သဘောတစ်ခုနှင့် ထိုသဘောရဲ့ အင်အားနှင့် မမြင်ကောင်းတဲ့သဘောကို လူတွေ သတိရစေ လေးစားစေရန် သတိပေးဖို့ အတွက်ဖြစ်ပါတယ်။ အဲဒီလို ဗိမာန်တစ်ခုကို လူတွေကြိုက်လာပြီဆိုတဲ့အချိန်မှာ ထိုဗိမာန်ဟာ အထိမ်းအမှတ်ဘဝမှ ကစားစရာအရုပ်ဘဝသို့ ရောက်သွားပါလိမ့်မည်''ဟု ပြန်ဖြေသည်။

''အဲဒီ သင်ပြောတဲ့ အထိမ်းအမှတ်သဘောဆိုတာက ဘယ်လိုဟာမျိုးလဲ'' ဟု ဂိုရင်က စိတ်တိုတိုနှင့်မေးသည်။

ယျူးဆိတ်က ဂိုရင့်မျက်နှာနားသို့ကပ်ကာ ပေရီးယားဘက်သို့ မျက်စပစ်ပြီး ''လူတစ်ယောက်စီ တစ်ယောက်စီနှင့် အစိုးရတို့ဟာ အံ့သြစရာကောင်းအောင် တစ်ပေါင်း တည်းဖြစ်သွားစေဖို့ဆိုတဲ့ သဘောပေါ့''ဟု ပြောသည်။

ဂိုရင်သည် ယျူးဆိတ်၏ ကွက်ကျော်ပြောသည့် အဓိပ္ပာယ်ကို နားလည်သဖြင့် ''သင်ဆိုလိုတာက သင့် ဗိမာန်ဟာ အစိုးရ၏အာဏာကြီးခြင်းနှင့် လူတစ်ယောက်စီ တစ်ယောက်စီတို့ရဲ့ ခိုက်[illegible]ာမှုဖြစ်တဲ့အကြောင်းကို သရုပ်ပေါ်စေဖို့အတွက်နှင့် လူတစ်ယောက်စီတစ်ယောက်စီနှင့် အစိုးရတို့ တစ်ပေါင်းတည်းဖြစ်သွားစေဖို့ မဟုတ်ဘဲ လူတစ်ယောက်စီ တစ်ယောက်စီကို အစိုးရက ညှဉ်းဆဲဖို့လို့ ဆိုလိုတယ်ဆိုပါတော့ ဟုတ်ရဲ့လား''ဟု ပြောသည်။

ယျူးဆိတ်၏ မျက်စိကျဉ်းကျဉ်းကလေးနှစ်ခုတွင် ရယ်ဟန်ပေါ်၍လာသည်။ သို့ရာတွင် ယျူးဆိတ်သည် ဘာမျှစကားပြန်မပေး။

ဂိုရင်စိတ်ထဲက ''ယျူးဆိတ်နဲ့ ငါနဲ့ ခြားနားတာက သူက သူလိုရာသူ ဖွဲ့မတွေးဘူး။ ငါက ငါလိုရာငါ ဖွဲ့တွေးတယ်။ ဒါပဲခြားနားတယ်။ ဒီကောင်ညစ်ကြီးက ငါ့ထက်စိတ်ကူးရှင်းတယ်''ဟု တွေးမိသည်။

ထို့နောက် ဂိုရင်သည် ယျူးဆိတ်အနားသို့ ကပ်ပြီးလျှင် ''နေပါဦး။ သင့်ကို ငါ မေးစမ်းပါရစေ။ သင် အခု ဗိမာန်ကိုဆောက်တုန်းက သင့်ဟာသင် အစအဆုံး သင့်သဘောနှင့်သင် ဆောက်တာလား၊ ဒါမှမဟုတ်ရင်လည်း ဘေးက လူတစ်ယောက်ယောက်က ဘယ်လိုဘယ်လိုဆောက်လို့ အကြံပေးလို့ ဆောက်တာလား''ဟု သူ့စိတ်ထဲတွင် သံသယဖြစ်နေသော အချက်တစ်ခု ရှင်းသွားစေရန် မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ယှူးဆိတ်သည် ''ဒီဗိမာန်ကို ဆောက်ပေးပါလို့နိုင်းလို့ ငါဆောက်တာ၊ အဲဒီလို ငါ့ကိုနိုင်းတဲ့အခါမှာ ငါ့ဘက်က ငါ့ဝတ္တရားကို ကျေပြွန်အောင် ငါ အစွမ်းကုန်ကြိုးစားတယ်။ သင်ဟာ အစိုးရကို ချီးကျူးတဲ့ကဗျာများ ဆောင်းပါးများကို ရေးတဲ့နည်းအတိုင်းပဲ။ ငါ့ကို နိုင်းလာတဲ့လူရဲ့ အလိုကျအောင် ဆောင်ရွက်ဖို့ဟာသာ ငါ့ဝတ္တရားပဲ။ သင့်ကို နိုင်းတဲ့လူနှင့် ငါ့ကို နိုင်းတဲ့လူဟာ အတူတူပါပဲ'' ဟုပြောသည်။

ဂိုရင်က မျက်နှာညိုလျက် ''သင် ပြောတာမမှန်ဘူး။ ငါ့မှာ နိုင်းတဲ့လူမရှိဘူး။ ငါ စာရေးတာဟာ ငါ့သဘောနဲ့ငါ ရေးချင်သလိုရေးတာ'' ဟု ဂိုရင်က ပြောသည်။

ယှူးဆိတ်က လှောင်ပြုံးပြုံး၍ ''သင်ပြောတာလည်း ဟုတ်မပေါ့။ ဒါပေမယ့် ငါတော့ သူများနိုင်းတာ လုပ်ရလွန်းလို့ အဲဒီလို နိုင်းတာလုပ်ရတာ ဂုဏ်ပျက်တယ်လို့ မထင်တော့ဘူး။ ဒါပေမယ့် နိုင်းသလို လုပ်ရတာကတော့ မလွယ်ဘူး'' ဟု ပြောသည်။

''ငါလည်း တွေးမိပါတယ်။ နည်းနည်းနောနော မလွယ်တာမဟုတ်ဘူး ဆိုတာကို ငါလည်းတွေးမိပါတယ်'' ဟု ဂိုရင်က ပြောသည်။

ထိုအခါ ယှူးဆိတ်က ''ငါလည်း အစကတော့ မဟုတ်တာတွေ လျှောက်လုပ်မိသေးတယ်။ ဥပမာဆိုတော့ ငါ ပထမရေးတဲ့ပုံစံကို ကြီးကိုင်အဖွဲ့ကို တင်ပြလိုက်တယ်။ ကြီးကိုင်အဖွဲ့က အဲဒီပုံစံကို မကြိုက်ဘူး။ အဲဒီပုံစံထဲမှာ လက်ဝါးကပ်တိုင်ပုံပါတယ်။ နိုင်ငံရေးဗိမာန်မှာ ဒီပုံမျိုးပါနေရင် ဘယ်ဟန်ကျမလဲ'' လို့ ကြီးကိုင်အဖွဲ့က ပြောတယ်။ ဒီတော့ ငါက ဒီလက်ဝါးကပ်တိုင်ဟာ လေယာဉ်ပျံမောင်းတဲ့လူတွေလို ကျီးကန်းတွေလို ကောင်းကင်ပျံနိုင်မှသာ မြင်ရမယ့်ပုံပါ။ ပြီးတော့ ဒီပုံဟာလည်း ဘာသာရေးနဲ့ ပတ်သက်တဲ့ပုံ မဟုတ်ပါဘူး။ ရှေးက ရောမပြည်မှာ ခရစ်ယာန်ဘာသာ မပေါ်ခင်ကတည်းက အသုံးပြုလာခဲ့တဲ့ပုံပါ။ ပြီးတော့ ဒီပုံကို အသုံးပြုတဲ့အကြောင်းကလည်း ထုထည်ကြီးမားတဲ့ ဗိမာန်ကြီးတွေဟာ အဲဒီလို လက်ဝါးကပ်တိုင်ပုံမျိုးတည်မှသာ ခိုင်ခန့်မှာမို့ အသုံးပြုရတာပါလို့ ပြောပြတယ်။ ဒါပေမယ့် သူတို့က ငါ့စကားကို နားမဝင်ဘူး။ သင့်ပုံစံထဲက လက်ဝါးကပ်တိုင်ပုံကို တစ်ခါတည်းဖြုတ်ပစ်လိုက်ပါလို့ ပြောတယ်။ ဒီတော့ အဆောက်အဦပုံစံတစ်ခုကို ပြင်ရတယ်ဆိုရင် ဘယ်လိုဖြစ်တယ်ဆိုတာဟာလည်း သင် သိတဲ့အတိုင်းပဲ။ အကုန်လုံး အစအဆုံး ပြင်မှဖြစ်တာ။ အဲဒါနဲ့ ငါလည်း ပုံစံအသစ် ပြန်ရေးရတယ်။ အဲဒီ ငါ့ ပုံစံအသစ်ကို တင်ပြလိုက်တော့ သူတို့ကြိုက်သွားတယ်။ အခုပုံစံကတော့ သင် မြင်တဲ့ အတိုင်းပဲ။ ငါးမြှောင့်ကြယ်ပုံပဲ'' ဟု ပြောသည်။

ဂိုရင်က ဟက်ဟက်ပက်ပက်ရယ်၍ ''ဒီပြက်လုံးက အတော်ကောင်းသဟေ့'' ဟုဆိုသည်။ ဂိုရင်သည် ဒေါသပြေ၍သွားပြီးလျှင် မျက်နှာရွှင်၍လာသည်။

ယှူးဆိတ်သည် ဂိုရင်ကိုကြည့်၍ ''လူခက်ကြီးပဲ။ သူ့အဖို့ဆိုရင် အတော်ခက်တာပဲ'' ဟု ဆိုသည်။

ဂိုရင် ရယ်သံကြားသောအခါ လာရင်က ဂိုရင်ဘက်သို့လှည့်၍ ဘာလို့ရယ်တာလဲ ဟုမေးသည်။ ဂိုရင်ကပြုံး၍ လက်ဝါးကပ်တိုင်ပုံအကြောင်း ပြန်ပြောပြ



သည်။ လာရင်သည် ဂိုရင်ပြောသည်ကို ဂရုစိုက်၍ နားထောင်သော်လည်း နားမလည်။ သူ့နားထဲတွင် ဗေရီးယား၏ ၄က်ဆိုးထိုးသံကိုသာ ကြားနေရသည်။

''ဂိုရင်သည် အတော်တော်သည်။ ဒီလိုအခါကြီးမျိုးမှာ ရယ်နိုင်သည်။ စိတ်နှလုံး အတော်ဖြူစင်တဲ့လူပဲ။ အားကျစရာကောင်းသည်။ သူ့စိတ်ထဲတွင် ဘာမျှ ကြောက်လန့်ခြင်း ပူပင်ခြင်းမရှိ'' ဟု လာရင် အောက်မေ့သည်။

❋❋❋

## အခန်း(၁၂)

ဗေရီးယားသည် စကားပြောရင်းပြောရင်းနှင့် စိတ်အားထက်သန်လာပြီးလျှင် သူ၏ ဝမ်းသာခြင်းကို ဖုံးဖိ၍မထားနိုင်လောက်အောင် ဖြစ်လာသည်။ သူ့မျက်နှာလည်း တစ်ခဏချင်း မာန်ရစ်ပုံပေါ်လာသည်။ ဗေရီးယားက ဆက်၍ ''ရဲဘော်တို့ ရောက်စတောက်မြို့မှာ ဒီဗိမာန်ကြီးကိုဆောက်တာ အရမ်းဆောက်တယ်လို့ မထင်ကြနဲ့နော်။ ဟို ၁၉၀၇-ခုနှစ်တုန်းက ရဲဘော်စတာလင်ဟာ မြေအောက်တော်လှန်ရေးလုပ်ရင်း ဒီမြို့မှာရောက်နေတော့ အနာဂတ် (အုပ်ချုပ်ခြင်း အလျဉ်းမရှိသည့်) ဝါဒနှင့် ဆိုရှယ်လစ်ဝါဒကျမ်းကို ပြုတယ်။ အဲဒီကျမ်းထဲမှာ ပြင်းပြင်းထန်ထန်'' ဟု ပြောပြီးနောက် စကားကိုအဆုံးမသတ်ဘဲ လူထု၏ အကဲကိုခတ်နေသည်။

ပန်းခြံကြီးတစ်ခုလုံးထဲရှိ လူထုကြီးသည် ရုတ်တရက်အဓိပ္ပာယ်မပေါက်ဘဲ ဓဏနေမှ တွေဝေ၍သွားသည်။ စတာလင်ပြုသည်ဆိုသော ကျမ်းအကြောင်းကို မည်သူမျှမသိ။ ရောက်စတောက်သို့ စတာလင် ရောက်ဖူးသည်ဆိုခြင်းကိုပင် မည်သူမျှ မသိ။ လူထုကြီးစိတ်ထဲတွင် ဗေရီးယားက စတာလင်၏သမိုင်းကို ပြန်၍ရေးနေပြီဟု သဘောပေါက်လာသည်။ လူထုသည် အံ့သြခြင်းမဖြစ်ဘဲ စိတ်အနှောင့်အယှက် ဖြစ်၍သွားသည်။ တစ်နည်းဆိုသော် သတိပင်ထား၍သွားသည်။

လာရင်မျက်နှာတွင် သွေးဆုတ်၍သွားသည်။ ယခု ဗေရီးယားပြောလိုက်သော အချက်ကို သူမတွေးမိ။ သူ့ဘဝဇာတ်သိမ်းခန်း ရောက်ပြီဆိုသည့်အဖြစ်ကို ရုတ်ခြည်း သူ သဘောပေါက်လာသည်။ သမိုင်းပြန်ရေးသည့်နောက်ကအပုပ်ချပွဲလိုက်မြဲဖြစ်သည်။ လာရင်သည် ဝါရင့်သော ပါတီဝင်ကြီးတစ်ယောက်ဖြစ်သဖြင့် ထိုနိယာမကိုသိသည်။ ဤကိစ္စတွင်သူ့ကိုလျစ်လျူရှုထားခြင်းသည် သူ့အား ပါတီကအလိုမရှိတော့ဘူးဆိုသော အဓိပ္ပာယ်ဖြစ်သည်ကိုလည်း လာရင်သိပြီ။ ယခင်က အခြားသူများ ဤလိုဖြစ်ဖူးပြီ။ ယခု သူ ဤလိုဖြစ်နေသည်။ လာရင်အဖို့တွင် အလံနီတွေ တလွင့်လွင့်နှင့်နေသော ပန်းခြံကြီး တစ်ခုလုံးသာမက ကောင်းကင်ကနေဝန်းကြီးသည်ပင် မှောင်မည်း၍သွားသည်ဟု ထင်လိုက်ရသည်။

''ငါတော့ သေရတော့မှာပါပဲ'' ဟု လာရင် အောက်မေ့လျက်ရှိသည်။ ဗေရီးယား တက်လာခြင်းသည် လာရင် ကျဆုံးခြင်းပင်ဖြစ်ကြောင်းကို တရုံးဟောစင်တစ်ပိုက်ရှိ ''မြို့မျက်နှာဖုံး'' အားလုံး သိကြသည်။ အာဏာရှင်သစ် သဘောမကျသူ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးမှာ အပုပ်ချဒဏ်ကို ခံကြရတော့မည်။ မိုလောက်သတင်းစာ အယ်ဒီတာ၏ ညာဘက်မျက်ခမ်း လှုပ်သွားပြီးလျှင် သူ့ဝမ်းထဲကလည်း မှုးချင်မေ့ချင်သလို ဖြစ်သွားသည်။ သူသည် လာရင်၏တူဖြစ်သည်။ လာရင်၏ မိတ်ဆွေရင်းဖြစ်သော ဝါဒဖြန့်မှူး၏ ခြေနစ်ဖက်လည်း ခွေကျသွားသည်။ သူသည် ကျောက်လှေကားထစ်ကြီးများပေါ်တွင် ထိုင်လျက်ရှိသည်။ သူ့ စိတ်ထဲက ထချင်စိတ်ရှိသော်လည်း တစ်စုံတစ်ယောက်ကအပေါ်ကနေ၍ ခဲလုံးကြီးနှင့် ဖိထားသည့်ပမာ ထ၍မရဘဲ ''ငါတော့ အကျိုးနည်းပါပြီ။ ငါတော့ အကျိုးနည်းပါပြီ''ဟု ညည်းမိသည်။

ပညာကျော်အဖွဲ့ဝင် ဂလူယက်သည် သူ့မျက်နှာမှ ချွေးအေးပေါက်ကြီးများကို သုတ်ပစ်ရင်း ''ငါတော့ ကြောက်ဖို့မလိုပါဘူး''ဟု အောက်မေ့ပြီးလျှင် သူ့ကိုယ်သူ ဒေါသဖြစ်မိသည်။ ''ငါ့ကိုတော့ အယုံသားပဲ။ ယုံလို့သာလည်း အစည်းအဝေးမှာ အစီရင်ခံစာရေးတင်ဖို့ တာဝန်လွှဲထားတာပဲ။ ဒါပေမယ့် ဘယ်သူမှတော့ စိတ်မချရပါဘူးလေ''ဟု တွေးမိသည်။

ဝတုတ်ပြဲ မီဒိုယန်သည် ဗေရီးယားအား အလွန်အကျူး မနာလိုစိတ်ဖြစ်နေသည်။ ဗေရီးယားကို သူသိခဲ့သည်မှာ ကောကေဆပ်ပြည်နယ်တွင် အရာရှိကလေးများအဖြစ်နှင့် တစ်ခန်းတည်း ထမင်းစားဘက်ဖြစ်စဉ်က ဖြစ်သည်။ ''ဒီအမျိုးယုတ်ဟာ ဘယ်လိုများ ဒါလောက် ရာထူးကြီးလာသလဲမသိဘူး။ ဒါပေမယ့် တော်ပါသေးရဲ့၊ သူ ငါ့ကိုတော့ မမေ့သေးဘူး။ မေ့မေ့၊ မမေ့မေ့ ဒီကောင်ကတော့ အမျိုးယုတ်ပဲ''ဟု မီဒိုယန်စိတ်ထဲက အောက်မေ့သည်။

လာရင်၏မျက်နှာတွင် ရုတ်တရက် သွေးဆုတ်သွားသည်ကို နီဗိကောက်မြင်လိုက်သည်။ နီဗိကောက်ကိုယ်တိုင်ပင်လျှင် ဗေရီးယားစကား၏ အဓိပ္ပာယ်သွားကို အတော်ကြီး ကြောက်မိသည်။ ''သစ်ပင်ကိုခုတ်လျှင် သစ်စများအားသို့ စင်သွားစမြဲဖြစ်သည်'' ထို့နောက် နီဗိကောက်သည် ရှေ့ရေးကို စိတ်ကူး၍ကြည့်မိသည်။ ''အပုပ်ချပွဲလာလိမ့်မည်။ ဦးခေါင်းတွေ ပြုတ်ကြလိမ့်မည်။ လာရင်၏ဦးခေါင်း အရင်ဆုံးပြုတ်မည်ထင်သည်။ ငါလည်း သတိထားနေမှဖြစ်မည်။ နို့မို့ရင် ငါ့ကိုလည်း ပေါက်ဆိန်သွားရှပ်သွားလိမ့်မည်'' ဟု နီဗိကောက် တွေးမိသည်။

နီဗိကောက်သည် ယခု ပါတီသမိုင်းအသစ် ပြန်ရေးနေသည့်ကိစ္စ လမ်းကြောင်းပေါ်တွင် သူကိုယ်တိုင်ရောက်၍နေရာ ယခင်က သူ ဘာများလုပ်ခဲ့ဖူးမိမလဲဟု သူ၏အတိတ်ကို သူ အပြင်းအထန် ပြန်၍စဉ်းစားကြည့်သည်။ ပြီးလျှင် ဂိုရင်ကို ဂရုစိုက်၍အကဲခတ်ကာ ''ဗေရီးယားပြောနေတာတွေကို ဂိုရင်လည်း ယုံများယုံမလား မပြောတတ်ဘူး''ဟု သံသယဖြစ်လျက်ရှိသည်။

ဂိုရင်က ယျူးဆိတ်ကို အံ့ဩသောမျက်နှာထားနှင့် ကြည့်နေသည်ကိုလည်း နီဗိကောက်မြင်သည်။ ပြီးလျှင် ယျူးဆိတ်က ဘဝင်မြင့်သည့် မျက်နှာထားဖြင့် မဲ့ရွဲ့နေသည်ကိုလည်း သူမြင်သည်။ ထို့နောက် နီဗိကောက်သည် ဂိုရင်ကိုကြည့်၍



''စိုးရိမ်စရာရှိလျှင် ဂိုရင်ပဲ စိုးရိမ်စရာရှိမည်။ ဂိုရင်သည် စတာလင်သွားမည့်လမ်းကြောင်းသစ်ပေါ်တွင် ကျောက်တိုင်ကြီးကဲ့သို့ ဝိတ်၍နေသည်''ဟု အောက်မေ့မိသည်။

ထိုသို့အောက်မေ့မိသဖြင့် နီဗိကောက်သည် ကြက်သီးထ၍သွားသည်။ နောင်လာမည့်အရေးတွင် မည်သည့်နေရာက သူ ပါရလိမ့်မည်အဖြစ်ကိုလည်း သူ တွေး၍မြင်မိသည်။ သူပါရမည့်နေရာမှာ ကြောက်စရာကောင်းသော နေရာဖြစ်လိမ့်မည်ကိုလည်း သူ တွေးမိသည်။ စတာလင်သည် သူ့ရည်မှန်းထားသော မှန်းခြေကို နှောင့်ယှက်တတ်ပင်သူမှန့်လျှင် အင်မတိ အင်မတန် မုန်းသူဖြစ်သည်။ စတာလင်သည် ဖြိုင်ဘက်မရှိသော ရုရှစာရေးဆရာကြီးကို သုတ်သင်ပစ်လိမ့်မည်လော။ စတာလင်သည် နီဗိကောက်အား ဂိုရင်၏စိတ်ထားကို ပြုပြင်ရန်အတွက်ထက်ပို၍ ဘာများအလုပ်ခိုင်းဦးမည်နည်း။ နီဗိကောက်၏ အသည်းထဲတွင် ဖအေး၍သွားသည်။ ဗေရီးယားပြောသော စကားများသည် သူ၏ကံကြမ္မာကို အများကြီးဖန်တီးနိုင်သည်။ မည်သို့ပင်ဖြစ်စေကာမူ ဒရိုခိုင်းသောအလုပ်ကို ကောင်းမြင်အောင်လုပ်ဖို့တာဝန်မှာ သူ့အဖို့ အဆပေါင်းအရာအထောင် ပိုကြီး၍လာသည်။

ဗေရီးယားက မိန့်ခွန်းပြောသည့် အချိန်အခါ၏ အရေးကြီးပုံကို လူတိုင်းသဘောမပေါက်ကြ။ ဒူရောက်ကိုယ်တိုင် သဘောမပေါက်။ ''ဒီဗိမာန်ထဲမှာ စတာလင်ရေးတဲ့ကျမ်းတွေထဲ ထားပြီးရင်ပြီးမှာပါပဲ။ ဒါပဲ သူတို့အလိုရှိတာပါ''ဟု ဒူရောက်ထင်မြင်ချက်ရသည်။ သူ၏ သန်မာသောလက်ရုံး၊ သူ၏ ခက်ထန်သောနှလုံး၊ သူ၏ အားသာမပြေနိုင်သော သွေးငတ်ခြင်းတို့ကို မကြာမီပင် မော်စကိုက အသုံးပြုလိမ့်မည်အဖြစ်ကို ဒူရောက်မတွေးမိ။ သူ့အတွက် အလုပ်အများကြီးပေါ်တော့မည်။

လာရင်၏ စိတ်ဓာတ်တွင် သူ၏ပတ်ဝန်းကျင်၌ ဖြစ်ပေါ်နေသမျှသည် အရိပ်ထင်လျက်ရှိသည်။ လှေကားထစ်ပေါ်တွင် ထိုင်နေသော ဝါဒဖြန့်မှူးခွေကျသွားပြီး ပြန်ထမရသည်ကိုလည်း သူမြင်လိုက်သည်။ ယိုတ်ဗာကောက်က မဲ့ကာရွဲ့ကာနှင့် ယူဒင်ပါးနားကပ် စကားပြောလိုက်သည်ကိုလည်း သူမြင်လိုက်သည်။ ယူဒင်က သူ့ လွှာကြီးနှင့် နှုတ်ခမ်းကိုသပ်၍ ခေါင်းညိတ်လိုက်သည်ကိုလည်း သူ မြင်လိုက်သည်။

''သူတို့ ငါ့အကြောင်း ပြောနေကြတာပါ''ဟု လာရင်၏စိတ်ထဲက ညပါမိမိသည်။

''သတ္တိရှိပါ။ အလိမ္မာသုံးပါ။ သတိရှိပါ။ သင့်ကို သူတို့စောင့်ကြည့်နေကြသည်။ ဒါပေမယ့် ပြုပြင်နိုင်ဖို့ အချိန်ရှိပါသေးသည်။ ဗေရီးယားဘက်သို့ ဝင်နိုင်ဖို့အချိန်ရည်ရှိပါသေးသည်''ဟု လာရင်က သူ့ကိုယ်သူအားပေးသည်။ ထို့နောက် ''အကြောင်းမှုတော့မှာ မဟုတ်ပါဘူးလာရင်ရယ်။ သင့် သေနေ့စေ့နေပါပြီ။ ဘာလုပ်လုပ် မရတော့ပါဘူး။ သွားပါပြီ။ သင်ဟာ အတွေ့အကြုံများတဲ့ လူတစ်ယောက်ပဲ။ ဒါလောက်မှ သင်မသိဘူးဆိုတာ ဟုတ်ပါ့မလား''ဟု လာရင်၏ဝမ်းထဲမှ သူ့အသိဉာဏ်ကပြောသည်။

လူထုပရိသတ်ကြီးသည် သင်္ချိုင်းကဲ့သို့ တိတ်ဆိတ်လျက်ရှိသည်။ ဗေရီးယား၏ အဆက်မပြတ် ကျယ်လောင်စွာပြောသော အသံတစ်ခုသာကြားရသည်။ ဗေရီးယား

www.burmeseclassic.com

www.burmeseclassic.com



က "အနာကစ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒကျမ်းဟာ အင်မတိ အင်မတန် အရေးကြီးတဲ့ ကျမ်းဖြစ်ပါတယ်။ အဲဒီကျမ်းထဲမှာ စတာလင်က ကွန်မြူနစ်ပါတီ၏ သဘောတရားများကို အင်မတိ အင်မတန် ရှင်းလင်းစွာ ဖော်ပြထားပြီးလျှင် ကားလမတ်နှင့် အိန်ဂယ်တို့၏ ကြွယ်ဝသော အကြံဉာဏ်များကို ကိုးကားပြီး ရုပ်ဝါဒမှန်ကြောင်းကို ဖော်ပြထားပါတယ်"ဟု ပြောသည်။

ဂိုရင်သည် သည်းမခံနိုင်တော့သဖြင့် လာရင်ပါးနားသို့ ငုံ၍ "၁၉၀၇-ခုနှစ်တုန်းက ရဲဘော် စတာလင်ဟာ ကွန်မြူနစ်ပါတီ ရန်ပုံငွေအတွက် တစ်ဖလစ်မြို့က ဘဏ်တိုက်တွေကိုသွားပြီး ဓားပြတိုက်နေရလို့ ရောက်စတောက်မြို့ကို လာပြီး ဝါဒ သဘောတရားအကြောင်း ကျမ်းပြုဖို့ အချိန်မရဘူး မဟုတ်လား"ဟု တိုးတိုးမေးသည်။

ဂိုရင်က မေးခြင်းမှာ စိတ်ကောင်းစေတနာကောင်းနှင့် နားမရှင်း၍ မေးခြင်းဖြစ်သည်။ လာရင်က စိတ်လျှော့သောမျက်နှာထားနှင့် "ရဲဘော်စတာလင်ဟာ အလုပ်ပြီးလို့ ညနေ အားလပ်တဲ့အခါမှာ သူ့ ကျမ်းကိုပြုချိန် ရချင်ရမှာပေါ့"ဟု ပြောသည်။ လာရင်သည် အဓိပ္ပာယ်မရှိသည့်စကားကို ပြောနေသည်ကို သူ့ဟာသူမသိ။

ဗေရီးယားက ပို၍ကျယ်လောင်သောအသံဖြင့် "အခုပြောတဲ့ ရဲဘော်စတာလင်ရဲ့ ကျမ်းဟာ ကားလမတ် သဘောတရားကျမ်းတွေထဲမှာ ထိပ်တန်းအကျဆုံးကျမ်းဖြစ်ပါတယ်"ဟု ပြောသည်။

နီဗိကောက်က "ဩော် ဆိုလိုတာက ဒီလိုကိုး။ မတာလင်က လီနင်ထက်သာချင်တဲ့သဘောပေါ့။ လီနင်ဟာ အသက်မရှိတော့ဘဲနောက်တော့င် စတာလင်အဖို့ ရန်မအေးသေးဘဲကိုး။ စတာလင်က ကွန်မြူနစ်ပါတီရဲ့ ပထမ သဘောတရားဆရာကြီးဖြစ်ချင်တာကို" ဟု ကဲ့ရဲ့သောသဘောဖြင့် အောက်မေ့မိသည်။ ရုပ်ဝါဒနှင့် လက်တည့်စမ်း ဝေဖန်မှုကျမ်းကို လီနင်မစီရင်ခင် ၁၉၀၇-ခုနှစ်တွင် စတာလင်က အနာကစ်ဝါဒနှင့် ဆိုရှယ်လစ်ဝါဒကျမ်းကို စီရင်သည်ဟု ဗေရီးယားကပြောခြင်းသည် အမှုမဲ့အမှတ်မဲ့ ပြောခြင်းမဟုတ်။ လီနင်၏ကျမ်းသည် ကွန်မြူနစ်ပါတီအဖို့ သဘောတရားအခြေခံကျမ်းဟု ယူဆကြသည်။ စတာလင်၏ "ကျမ်း"ထဲမှာ လီနင်၏ယူဆချက်များကိုကူး၍ရေးထားသော ကျမ်းဖြစ်သည်။ သို့ရာတွင် ကျမ်းပြုသက္ကရာဇ်ကို လီနင်၏ကျမ်းမပေါ်မီ နှစ်နှစ်ဦး၍ထားသည်။ ရုရှသမိုင်းကို ငါ့ရှေ့မှောက်တွင်ပြင်၍ ရေးနေကြပြီဟု နီဗိကောက်အောက်မေ့မိသည်။

နီကိုလေက ပြုံးပြုံးကြီးလုပ်၍ နီဗိကောက်ကို လက်တို့ပြီး "နားထောင်စမ်းဟေ့။ သင့် ရှေးဟောင်းဆလပ်လူမျိုးသမိုင်းထက်သာသွားပြီ"ဟု ပြောသည်။

ကြီးမားလှသော ပန်းခြံကြီးနှင့်တကွဖြစ်သော ဤဗိမာန်ကြီးကိုဆောက်၍ သတင်းထောက်အားလုံးကိုခေါ်ကာ ဗိမာန်ဖွင့်ပွဲကြီးအကြောင်း ရုရှတစ်ပြည်လုံးသို့ အကြေညာခိုင်းခြင်း၏ အဓိပ္ပာယ်ကို နီဗိကောက်နားလည်ပြီ။ "စတာလင်၏ကျမ်းကို ကျမ်းဟောင်းများထဲမှ ရှာ၍တွေ့သည်" ဆိုသည့်ဇာတ်ကို ခင်းရန်အတွက် အသိုင်း



အဝိုင်းအဖြစ် ဤဗိမာန်ကြီးကို ဆောက်ခြင်းဖြစ်သည်။ သူ့ (ကျမ်း)ကို ပွဲထုတ်ရန်အတွက် စရိတ်ကြီးသော အဆောက်အဦကြီးဖြစ်သည်။ စတာလင်၏ ဝင့်ဝါခြင်းသည် "အတိုင်းမရှိ"ဟု နီဗိကောက် ညည်းညူမိသည်။

ဂလူယှက်သည် သူ့နေရာမှ အလစ်ထ၍ ကမန်းကတန်းအပြင်သို့ ထွက်သွားသည်ကို နီဗိကောက် မြင်လိုက်သည်။ နီဗိကောက်က "ဂလူယှက်သည် ညစာစားပွဲတွင် ဖတ်ပြရန်အတွက် သူ့ အစီရင်ခံစာကို ပြင်ရေးဖို့ပြောတာပဲ။ ဒီအချိန်တွင် သမိုင်းနှင့် ရှင်ပေါင်တန်း လိုက်နိုင်ရန် သူတစ်ယောက်သာမဟုတ် အခြားသူများလည်း ကလောင်တရှဲရှဲဖြစ်၍ နေကြလိမ့်မည်"ကို နီဗိကောက် သိသည်။

ဗေရီးယားက "ငါတို့၏ ဆရာကြီး ခေါင်းဆောင်ကြီး၊ ပညာရှင်ကြီး၊ လောကဓာတ်ပညာလမ်းညွှန်ကြီး၊ ငါတို့ ပါတီကိုတည်ထောင်၍ သဘောတရား ညွှန်ပြသူကြီး၊ ငါတို့၏ချစ်မြတ်နိုးသော ရဲဘော်ကြီးစတာလင် အောင်ပါစေ"ဟု နိဂုံးချုပ်လိုက်သည်။

"အောင်ပါစေ။ အောင်ပါစေ။ ခေါင်းဆောင်ကြီးစတာလင် အောင်ပါစေ"ဟု ပွဲသင်က အသံတိုင်၍ပေးလိုက်သည်။

ပန်းခြံကြီးတစ်ခုလုံး သြဘာပေးသံကြီးဖြင့် ခြိမ့်ခြိမ့်သဲသဲဖြစ်သွားသည်။

ထိုအခိုက်တွင် နီကိုလေသည် မယုံနိုင်လောက်သောအဖြစ်သို့ ရောက်သွားသည်။ သူ့ကို သူရဲဝင်၍ပူးသည့်ပမာ ခြေတွေလက်တွေ ဖော့ယမ်းလျက်ရှိသည်။ နီကိုလေသည် စိတ်မနှံ့သူကဲ့သို့ လက်ခုပ်လက်ဝါးတီးပြီးလျှင် သူ့ကိုယ်သူ ပတ်ချာလှည့်ကာ "အောင်ပါစေ၊ အောင်ပါစေ" ဟု သံကုန်ဟစ်အော်လိုက်သည်။ သူ၏ မျက်စိများသည် သူ့ရူးအသွင်ပေါ်လျက်ရှိသည်။

သို့ရာတွင် နီဗိကောက်သည် မအံ့သြ။ လူအများသည် ဤကဲ့သို့ပင် သူတို့စိတ်ထဲက မကြိုက်မနှစ်သက်သည်ကို နီကိုလေ၏နည်းတူ ထုတ်၍ပြကြမည်သာ ဖြစ်သည်။ ကိုယ့်ဟာကို မဟုတ်မဟတ်လုပ်သည်ကို ကိုယ့်ဟာကိုပြန်၍ မြင်နိုင်ခဲ့သည်။ ဝမ်းသာခြင်းကို တမင်ကဲ၍ဖော်ပြကာ သူများရူးသလို ဝင်၍ရူးခြင်းသည် ကောင်းသည်။ သို့ရာတွင် နီကိုလေ့ရူးပုံမှာ လွန်လွန်းသည်။ မတော်တဆ တစ်ယောက်ယောက်က ရိပ်မိသွားဖွယ်ရှိသည်"ဟု နီဗိကောက် တွေးမိသည်။

"မရူးစမ်းပါနဲ့ နီကိုလေရယ်။ ဣန္ဒြေရရ နေစမ်းပါ"ဟု နီဗိကောက်က သူ့ညီကို ကျိန်းသည်။

မီဒိုယန်က "တီးဝိုင်းများက အင်တာနေရှင်နယ် အပြည်ပြည်သီချင်းတီးကြ" ဟု အော်၍ အမိန့်ပေးလိုက်သည်။ ပန်းခြံကြီးတစ်ခုလုံး အင်တာနေရှင်နယ် တီးလုံးသံဖြင့် သောသောညံသွားသည်။ ပရိသတ်အားလုံးက မတ်တတ်ထ၍ အလေးပြုကြသည်။ တရားဟောစင်ပေါ်က လူများက ဆလံပေးကာ အလေးပြုကြသည်။

လာရင်သည် ရှေ့တည့်တည့်သို့ စိုက်၍ကြည့်ကာ ကျောက်တိုင်ကြီးကဲ့သို့ ငြိမ်၍နေသည်။ သူ့ဘယ်ဘက်က တစ်စုံတစ်ခုသောတန်ခိုးဖြင့် ဆွဲငင်လိုက်သလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသဖြင့် လှည့်၍ကြည့်လိုက်ရာ သူ့အနားတွင် သူ အလွန်မုန်းသော ဗေရီးယား မတ်တတ်ရပ်လျက်ရှိသည်ကို တွေ့ရသည်။ သူ့စိတ်ကို မထိန်းနိုင်၍ ဆက်ပြီးကြည့်လိုက်သောအခါ ဗေရီးယားနှင့် မျက်စိချင်းဆုံမိပြီး ကျောရိုးတစ်လျှောက်လုံး ကြက်သီးဖြန်းခနဲ ထသွားသည်။ ဗေရီးယား၏ မျက်စိများသည် လာရင်၏ဝိညာဉ်ထဲသို့ ထိုးဖောက်၍ ကြည့်နေသည်။ သူကြည့်ပုံကို လာရင် ကောင်းစွာသဘောပေါက်သည်။

ဗေရီးယားကပြုံး၍ "ရဲဘော်လာရင် ဒီနေ့သိပ်ဟန်တာပဲနော်။ အခမ်းအနား ဖွင့်ဖဲကြိုးကိုဖြတ်ဖို့ရာ သင့်တာဝန်ဆိုတာလည်း မေ့နေဦးမယ်"ဟုပြောသည်။

ဗေရီးယား၏ အသံသည် ခါတိုင်းအသံနှင့်မတူ အာဏာယစ်၍နေသည်။

※※※

## အခန်း(၁၃)

တီးဝိုင်းတို့သည် အင်တာနေရှင်နယ်တီးပြီးသဖြင့် ငြိမ်သွားကြပြီ။ အခမ်းအနားဖွင့် ဖဲကြိုးဖြတ်ဖို့ အချိန်ရောက်ပြီ။ ဗဟိုအဝင်တံခါးတစ်ဖက်တစ်ချက်ရှိ ကျောက်တိုင်ကြီး နှစ်ခုကြားတွင် ဖဲကြိုးအနီတန်း၍ထားသည်။ တရားဟောစင်သည် လှေကားရင်း၌ရှိသည်။ တရားဟောစင်မှ လှေကားထစ်များသို့ ကော်ဇောနီကြီးခင်း၍ထားသည်။ လာရင်သည် ရှေ့ဆုံးမှနေ၍ ကော်ဇော်နီကြီးပေါ်နင်း၍ လှေကားထစ်များပေါ်သို့တက်သွားသည်။ သူ့နောက်မှ ကျန်လူများက စီတန်း၍လိုက်ကြသည်။ တစ်စုံတစ်ယောက်က သူ့လက်သို့ ကတ်ကြေး လှမ်း၍ပေးလိုက်သည်။

ရောက်စတောက်ပြည်နယ်၏ အရှင်လာရင်သည် ကော်ဇောခင်းထားသော လှေကားထစ်များပေါ်သို့ ဣန္ဒြေကြီးနှင့်ဖြည်းညင်းစွာ တက်သွားသည်။ သူ့ ညာဘက်လက်ထဲတွင် ကတ်ကြေးကိုဖွင့်ကာ ခွကျကျကိုင်လျက်ရှိသည်။ သူ့နောက်က ဂိုရင်၊ ယျူးဆိတ်၊ ဗေရီးယား၊ ယိုတ်ဗာကောက်၊ ယူဒင်၊ ကာယိုရင်၊ မီဇိုယန်နှင့် ပါတီ၏ တတိယအတွင်းရေးမှူးများ ဖြစ်ကြကုန်သော ကျော်ကြားသူ တန်ခိုးရှိသူများပါသည်။ ဂိုရင်ကလွဲ၍ အခြားသူအားလုံးမှာ စစ်ပုံစံဆန်သော ပါတီပုံစံအဝတ်ကို ဝတ်ထားကြသည်။ ဂိုရင်မှာ ရိုးရိုးအရပ်အဝတ်ကို ဝတ်ထားသည်။ ပါတီဝင်တို့၏အဝတ်မှာ ထည်ဝါခြင်း မရှိသော်လည်း သူတို့၏အင်္ကျီအဖြူမှာ နေရောင်နှင့်ပဏာရနေသဖြင့် နှင်းခဲပြင်ကဲ့သို့ ဖွေးဖွေးဖြူ၍နေသည်။ သူတို့ခါးက အရောင်တင်ထားသော သားရေခါးပတ်များ၊ သူတို့ခြေထောက်က အရောင်တင်ထားသော ဘွတ်ဖိနပ်များသည် နေရောင်တွင် တပြောင်ပြောင် ဖြစ်နေသည်။ ကာယိုရင်၏ရင်ဘတ်တွင် ထိုး၍ထားသော တံဆိပ်များက မျက်စိတိမ်း လောက်အောင် အရောင်ဟပ်လျက်ရှိသည်။ ဒူးရောက်၏ လက်မောင်းမှ တော်လှန်ရေး အထိမ်းအမှတ် ရွှေတံဆိပ်ကြီးကလည်း တဝင်းဝင်း တလက်လက်ဖြစ်နေသည်။

လာရင် ဦးဆောင်သော အကျော်အမော်ပုဂ္ဂိုလ်တို့သည် လှေကားထစ်ပေါ်ရှိ နေရာလွတ်သို့ ရောက်သွားသောအခါ အဝတ်အစား စုတ်စုတ်ချာချာနှင့် စိတ်မချမ်းသာပုံ



မျက်နှာရှိသော မိန်းမတစ်ယောက်သည် ကော်ဇောနီကြီးခင်းထားသော လှေကားထစ်များပေါ်သို့ အတင်းပြေး၍တက်သွားသည်။ ထိုမိန်းမသည် ချော်လဲသဖြင့် ခြုံလွှာကျ၍ ကျန်ရစ်သည်။ သူ၏ဖြူရောင်သမ်းနေသော ဆံပင်များလည်း လေတိုက်သဖြင့် ဖိုးရိုးဖားရား ဖြစ်ကုန်သည်။ ထိုမိန်းမသည် ဘယ်သူ့ကိုမျှမမြင်ဘဲ တွေ့ကရာလူကို တွန်းဖယ်၍သွားသည်။ မိုးမိ၍ ချမ်းတုန်နေသလို တုန်၍နေသော မိုလောက်သတင်းစာ အယ်ဒီတာကိုလည်း သူရှောင်၍ တက်သွားသည်။ ထို့နောက် ဝါဒဖြန့်မှူးကိုလည်း သူရှောင်ခဲ့သည်။ အားလုံးသောသူတို့ အံ့အားသင့်၍ ဘယ်လိုလုပ်ရမှန်းမသိခင် ထိုမိန်းမသည် လှေကားထစ်များ အထက်ရှိ တန်ခိုးရှင်အာဏာရှင်တို့ ရှေ့ရှုသွားနေသောကွက်လပ်သို့ရောက်အောင် ပြေးတက်သွားသည်။ တန်ခိုးရှင်အာဏာရှင်တို့သည်သတိရကာ ထိုမိန်းမကို ဆီး၍တားလိုက်သည်။

ထိုအခိုက်တွင် သူလျှိုဌာနအစောင့်ရှိများသည် ခြောက်လုံးပူးသေနတ်ကိုယ်စီ ကိုင်၍ ထိုမိန်းမရှိရာသို့ ဒလကြမ်းပြေးလိုက်ကြသည်။ သို့ရာတွင် ထိုမိန်းမကို သူတို့သေနတ်နှင့် မပစ်နိုင်တော့။ ထိုမိန်းမသည် တန်ခိုးရှင်အာဏာရှင်တို့ အနီးသို့ ရောက်၍နေပြီ။ ပရိသတ်အားလုံး အသက်ရှူတန့်၍သွားပြီး တိတ်၍နေကြသည်။

"ဒီမိန်းမဟာ တစ်ယောက်ယောက်ကို သတ်ဖို့လာတာတော့ မဟုတ်ပါဘူး"ဟု နိုဗီကောက် တွေးမိသည်။ ဒူးရောက်နှင့်ကာယိုရင်တို့သည် သူတို့ခါးမှ ခြောက်လုံးပူးကြီးများကိုဆွဲကာ ထိုမိန်းမကိုချိန်ကြသည်။ သို့ရာတွင် ထိုမိန်းမသည် သူတစ်ပါးကို ဘေးအန္တရာယ်ပြုမည့် လက္ခဏာလည်းမပြ၊ သူ့လက်ထဲတွင်လည်း ဘာလက်နက်မျှ ပါသဖြင့် ဒူရောက်နှင့် ကာယိုရင်တို့သည် သူတို့၏ခြောက်လုံးပူးသေနတ်များနှင့် ဆက်၍မချိန်ကြတော့။ သို့ရာတွင် သူတို့သေနတ်များကို သေနတ်အိမ်ထဲသို့ ပြန်၍မသွင်းကြ။ လာရင်မှာ မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးဖြစ်လျက် ထိုမိန်းမကို ကြောင်၍ကြည့်နေပြီးလျှင် ကတ်ကြေးနှင့်ထိုးမည့်ဟန် ချိန်၍ထားသည်။

ထိုမိန်းမ၏ ဖြူရောင်သမ်းနေသော ဆံပင်များသည် လေထဲ၌တလူလူလွင့်နေသည်။ သူ့မျက်နှာမှာ တုန်၍နေသည်။ သူ့မျက်စိများမှာ သားရိုင်းမျက်စိများကဲ့သို့ ကြောက်စရာကောင်းသည်။

"အရှူးပါ"ဟု ပရိသတ်အားလုံးက ထင်မြင်ချက်ရသည်။ ထိုမိန်းမက သေနတ်နှင့်အပစ်ခံရ၍ လဲကျသွားသည့်ပမာ ဒူးတုပ်ချလိုက်သည်။ သူသည် ခြောက်လုံးပူးများကို လည်းကောင်း၊ ဘေးက ထိုးဟန်ကြိတ်ဟန် ချိန်ရွယ်နေကြသည်ကိုလည်းကောင်း ဘာမျှမမြင်၊ ထို့နောက် ထိုမိန်းမသည် တောင်းပန်တိုးလျှိုးဟန် လက်များကိုဆန့်တန်း၍ ဂိုရင်ဆီသို့ တွား၍သွားသည်။ ဂိုရင်လည်း အကြပ်ရိုက်သွားပြီးလျှင် အိုးတိုးအမ်းတမ်း ဖြစ်နေသည်။ ထိုမိန်းမသည် အသက်ကိုပင် မှန်အောင်မရှူနိုင်ဘဲ အသံမထွက်သဲ့ နှုတ်ခမ်းများ လှုပ်နေသည်ကို ဂိုရင်မြင်သည်။ ထိုမိန်းမသည် စကားမပြောနိုင်သော်လည်း သူ့မျက်စိများတွင် အသနားခံနေဟန်ပေါ်နေသည်ကို မြင်ရသဖြင့် ဂိုရင်သည် ထိုမိန်းမကို ငေးစိုက်၍ ကြည့်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂိုရင်က ''သင့်စိတ်ကို အေးအေးထားပြီး ပြောစမ်း၊ သင် ဘယ်လို ဖြစ်လာသလဲ''ဟု အသံတုန်တုန်ဖြင့်မေးသည်။ ပရိသတ်ကြီးတစ်ခုလုံး တိတ်နေသဖြင့် ဂိုရင်မေးသည့်အသံကို လူတိုင်းကြားရသည်။

ထိုအခါ မြို့မျက်နှာဖုံးအားလုံးသည် လည်ပင်းကိုဆန့်၍ နားထောင်နေကြသည်။ ပြီးလျှင် အရပ်မြင့်သော ဂိုရင်နှင့်သူ့ရှေ့တွင် ဒူးတုပ်၍နေသော မိန်းမကို သိလိုဇောနှင့် အားလုံးက စောင့်ကြည့်နေကြသည်။ နိုဗိကောက်မှာလည်း အသက်ကိုပင် မှန်အောင်မရှူမိဘဲ မမျှော်လင့်သောအဖြစ်နှင့် လာ၍တွေ့နေရသဖြင့် ကြက်သေသေ ၍နေသည်။ သို့ရာတွင် နိုကိုလေကမူ ဝမ်းသာ၍ မျက်နှာနီနေသည်။ သူသည် ထိုကဲ့သို့ အဆင်မပြေမှုဖြစ်ခြင်းမျိုးကို အင်မတန် သဘောကျသည်။

သူလျှိုအရာရှိတို့က ထိုမိန်းမကို ဖမ်းပြီးခေါ်မည်ပြုသောအခါ ဂိုရင်က လက်ရိပ်ပြ၍တားလိုက်သည်။ ဂိုရင်သည် ထိုမိန်းမကို အကျိုးအကြောင်း မေးမြန်းကြည့်ချင်သည်။

''ဒီမှာ ဂိုရင် သင်ဟာ လူကောင်းကြီးပါ။ သင်ဟာ ပညာရှိကြီးပါ။ သင် ပြောလျှင် ဘယ်သူမဆို နားထောင်ပါတယ်။ ပြီးတော့ သင်ဟာ သနားလည်း သနားတတ်ပါတယ်။ ဘုရားသခင် မျက်နှာထောက်ပြီး ငါ့ကို ကယ်ပါဦး''ဟု ထိုမိန်းမက ထစ်ထစ်ငေါ့ငေါ့နှင့် ဂိုရင်ကိုပြောသည်။

''ငါ့သားကို မနေ့ကခေါ်သွားကြတယ်။ ပြီးတော့ နှိပ်စက်ကြတယ်။ ပေါက်ပြဲကုန်ပြီ။ သူ့ကို ပစ်ထားလို့မဖြစ်ဘူး။ အခုလောက်ရှိ သေများသေနေပြီလား မသိဘူး။ ငါ သွားကြည့်ချင်တာလည်း ကြည့်ခွင့်မရဘူး။ တရားရှိတယ်ဆိုတာ ဘယ်မှာလဲဂိုရင် သင့်ကိုပဲ မေးပါရစေ။ ဘယ်မှာလဲ တရားရှိတယ်ဆိုတာ''ဟု မိန်းမက ငို၍ပြောသည်။

ထိုမိန်းမ၏ မျက်လုံးများမှ သူ၏အရေတွန့်နေသော ပါးပိန်နှစ်ဖက်ပေါ်သို့ မျက်ရည်ဖြိုင်ဖြိုင် စီးကျလာပြီးလျှင် နေရောင်ထဲ၌ ပြောင်ပြောင်လက်လက် ဖြစ်နေသည်ကို နိုဗိကောက်က ဘေးမှနေ၍ မြင်ရသည်။

ပြီးလျှင် မိန်းမက ''ငါ့ လင်ကိုလည်း သူတို့ပဲ ဖမ်းသွားတယ်။ အခုလည်း ငါ့မှာ ဒီသားလေးတစ်ယောက်တည်းကျန်တာကို ဖမ်းသွားကြပြန်ပြီ။ အဖေအတွက် သားမှာ တာဝန်မရှိစေရဘူးဆိုတာ သင်ပဲပြောတယ်မဟုတ်လား။ ဟိုတုန်းက သင်ရေးတဲ့ စာဟာ သိပ်ကောင်းတာပဲ။ ဒါကြောင့် အားလုံးလူတွေရှေ့မှာပဲ သင့်ကို ငါ တောင်းပန်ပါ ရစေ။ ငါ့သားကို ကယ်ပါဦး''ဟုပြောသည်။

''သင့်စိတ်ကို တစ်ဆိတ်အေးအေးထားပါ''ဟု ဂိုရင်က ထိုမိန်းမအား နှစ်သိမ့်စေပြီးလျှင် တစ်ဖန်ဆက်၍ ''လူများမှားနေလို့ထင်ပါရဲ့။ အနို့နေပါဦး၊ သင့် နာမည်က ဘယ်သူတဲ့လဲ။ သင့်သားကိုကော ဘယ်လိုခေါ်သလဲ''ဟုမေးသည်။

''ငါ့သားနာမည်က အန်ဒရေလို့ ခေါ်ပါတယ်။ ကျောင်းသားကလေးပါ။ လူကောင်းကလေးပါ။ အင်မတန် အေးရှာပါတယ်။ ဘယ်သူ့ကိုမှလည်း မနှောင့်ယှက်



တတ်ပါဘူး။ အိုးလိတ်က သူ့ကိုနှိပ်စက်ပြီး ဒဏ်ရာရအောင် လုပ်ထားပါတယ်။ သူ့မျက်စိကို ဓားနှင့်ထိုးပါတယ်''ဟု ပြောပြီးလျှင် မိန်းမကြီးသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ရှိုက်ကြီး တငင်ငိုသည်။

လာရင်သည် မျက်မှောင်ကြုတ်၍သွားသည်။ ထိုမိန်းမ၏ ငိုသံသည် သူ့စိတ် ကို ထိခိုက်သည်။

နိုဗိကောက်၏စိတ်ထဲတွင် တက္ကသိုလ်၌ အန်ဒရေဓားထိုးခံရပုံ၊ ဒူရောက်၏ သား အိုးလိတ်ရမ်းကားပုံ၊ ကျောင်းအုပ်ကြီးက မျက်နှာလိုအားရလုပ်ပုံ စသည်တို့ကို ကွင်းကွင်းကွက် မြင်၍လာသည်။ ''ဒီလိုဆိုတော့ ကျောင်းအုပ်ကြီးစကားဟာ တည်တာ ပေါ့။ အန်ဒရေ အဖမ်းခံရပါစေမည် ဆိုတဲ့အတိုင်း အဖမ်းခံရသားပဲ''ဟု နိုဗိကောက် ဝမ်းထဲက အောက်မေ့မိသည်။

ဂိုရင်သည် ရုတ်ခြည်း ဒူရောက်ဘက်သို့ လှည့်ပြီးလျှင် သူ့လက်ထဲက ခြောက်လုံးပူးကြီးကို ကြည့်၍ ''ဒါကြီးကို ဖယ်လိုက်စမ်းပါ''ဟု ခပ်မာမာပြောလိုက် သည်။ ပြီးလျှင် ဆက်၍ ''အန်ဒရေကို ဘာကြောင့်ဖမ်းသလဲ၊ သူ့မှာ ဘယ်လိုအပြစ်ရှိ သလဲ ပြောစမ်းပါ'' ဟု ဆိုသည်။

ဒူရောက်သည် စိတ်ဆိုးသော်လည်း စိတ်ကိုချုပ်တည်း၍ ''အန်ဒရေကို ဗလက္ကာရပြုလုပ်မှုနဲ့ မနေ့ကဖမ်းလိုက်ပါတယ်။ ရဲဘော်ဂိုရင် သူ့အမေကို ကြည့်ရခြင်း အားဖြင့် အန်ဒရေဟာလည်း တစ်ပုတ်တည်းကထွက်တဲ့ ပဲနှင့်တူပါတယ်''ဟု ပြောပြီး လျှင် မိန်းမကြီးကို စားမလို ဝါးမလိုကြည့်နေသည်။

ဂိုရင်သည် အမျက်ထွက်၍ မျက်မှောင်ကြုတ်လာပြီးလျှင် သင်က ဗလက္ကာရ ပြုလုပ်မှုလို့ ပြောတယ်။ ဒါပေမယ့် ငါတော့မယုံဘူး။ ရောက်စတောက်မြို့မှာ ခြံခုန်တဲ့ နွားတစ်ကောင်ပဲရှိတယ်။ ဒီနွားဟာ တခြားသူမဟုတ်ဘူး။ အိုးလိတ်ပဲ။ ဗလက္ကာရမှုနဲ့ သူ့ကိုဖမ်းထိုက်နေတာ ကြာလှပြီ''ဟု ပြောသည်။

သူ့သားနာမည်ကို ပြောလိုက်သောအခါ ဒူရောက် မျက်နှာမဲ့သွားသည်။ သူ့ မျက်နှာပြဲကြီးပေါ်ရှိ ကျောက်ပေါက်မာများပင် မည်း၍သွားသည်။ သို့ရာတွင် ဒူရောက်သည် ငြိမ်၍နေသည်။

ဂိုရင်သည် အများကြီး စိတ်ဆိုးသည်။ သူသည် အင်မတန် စိတ်ဆိုးခဲ့သည်။ သူ့မျက်လုံးအရောင်လည်း ဖြူရော်ရောင်မှ ညိုရောင်သို့ ပြောင်းသွားသည်။ သူ့အသံ လည်း ဟ၍လာသည်။ ပြီးလျှင် ဂိုရင်က မိန်းမကြီး၏ ပခုံးကိုကိုင်၍ မိန်းမကြီး၏ မျက်နှာကို ကြည့်ပြီးလျှင် ''ဘာမျှ မပူပါနှင့် ခေါ်ခေမင်၊ ဒီကိစ္စကို ငါအကုန်ကြည့်ပြီး ရှင်းပေးပါ့မယ်။ ငါတို့ ရုရှတွေဟာ အရိုင်းအစိုင်းတွေမဟုတ်ပါဘူး။ ဘယ်သူ့မှ အကြောင်းမဲ့ ဒုက္ခမဖြစ်နိုင်ပါဘူး'' ဟုပြောသည်။

ယိုတ်ဗာကောက်နှင့် ယူဒင်တို့မှာ ဂိုရင်နှင့်မိန်းမကြီး ပြောနေကြသည်ကို စိတ်မဝင်စားကြသဖြင့် ပျင်းလာပြီး တစ်ယောက်ကိုတစ်ယောက် ကြည့်၍နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုရင်၏ စကားမှာ အားမရှိစရာကောင်းသဖြင့် ဒေါ်ဒေမင်သည် ရယ်အားသန်၍ လာသည်။ သို့ရာတွင် သူ့ရယ်သံမှာ ငိုသံပါ၍နေသည်။ "ကျေးဇူးပါပဲ။ ငါ့တစ်သက်လုံး ဒီကျေးဇူးကို မမေ့ပါဘူး"ဟု ဒေါ်ဒေမင်ကဆိုသည်။

ထိုအခိုက်တွင် ယှိတ်ဗာကောက်က မသမာသောစိတ်ထားဖြင့် ရုတ်တရက် ရယ်လိုက်သည်။ မီဒိုယန်က ယှိတ်ဗာကောက်အဖေ အာဏာပိုင်ရှင်၏ မျက်နှာကို ထောက်ကာ မရယ်ချင်ဘဲနှင့် သံယောင်လိုက်၍ရယ်သည်။

ဗေရီးယားက မိန်းမကြီး၏လက်ကိုင်၍ "ရဲဘော်ဂိုရင် သူ့ကို ငါ အိမ်ရိပ်ထိပို့လိုက်ပြီး ရေတိုက်လိုက်မယ်"ဟု ပြောသည်။ ဂိုရင်က "ရဲဘော် ဗေရီးယားရယ်၊ သူ့ကို တစ်စိတ်စောင့်ရှောက်လိုက်ပါ" ဟုပြောသည်။

ဗေရီးယားသည် မိန်းမကြီးအား ကျောက်တိုင်ရိပ်သို့ ခေါ်၍သွားသည်။

ထို့နောက် ဗိမာန်ဖွင့်ပွဲသဘင်ကို ဆက်၍ကျင်းပဖို့ လုပ်ကြသည်။ သို့ရာတွင် ပျော်ပွဲရွှင်ပွဲမှာ စိတ်အနှောင့်အယှက် ဖြစ်စရာအဖြစ်သို့ ပြောင်း၍သွားသည်။ မြို့မျက်နှာဖုံးတို့သည် ထိုသို့ဖြစ်ရခြင်းအကြောင်းနှင့် ပတ်သက်၍ မိန်းမကြီးကို အပြစ်မတင်ဘဲ တစ်စုံတစ်ခုသော အကြောင်းကြောင့် ဂိုရင်ကိုသာ အပြစ်တင်ကြသည်။

ရုပ်ရှင်ရိုက်ကူးနေသော သတင်းထောက်တစ်ယောက်သည် မိန်းမကြီး ဝင်ရှုပ်သဖြင့် သူရိုက်ထားသော ရုပ်ရှင်ကားပျက်သွားသဖြင့် အပြင်းအထန် စိတ်ဆိုးပြီးလျှင် မိန်းမကြီးကိုသာမဟုတ် ဂိုရင်ကိုပင် ကြိမ်ဆဲမည်လုပ်ပြီးမှ သူ့စိတ်ကို ချုပ်တည်းထားလိုက်သည်။ မိန်းမကြီးလက်မှ ဖွင့်ပွဲသဘင် ဝင်ခွင့်လက်မှတ် ကျကျန်ရစ်ခဲ့သည်ကို နိုဗိကောက်က စောစောပိုင်းက မြင်လိုက်သဖြင့် သူများမသိအောင် အမှတ်တမဲ့သွား၍ ကောက်ထားသည်။ ထိုလက်မှတ်မှာ လီဒါ၏နာမည်နှင့် ထုတ်ပေးသော လက်မှတ်ဖြစ်သည်။

နိုဗိကောက်က လက်မှတ်ကို သူ့အိတ်ထဲသို့ ထည့်လိုက်ပြီးလျှင် "လက်စသတ်တော့ ဒီဇာတ်ရှုပ်ကလေးက ဒီလိုကိုး။ ဒီလက်မှတ်ဟာ လီဒါရဲ့ အတွင်းသန္တာန်အထိ ရောက်အောင်ပို့နိုင်မယ့် လက်မှတ်ပဲ"ဟု အောက်မေ့ကာ ပြုံးလိုက်သည်။

ထိုအခိုက်တွင် ဗေရီးယားနှင့် မိန်းမကြီး ဗိမာန်မျက်နှာစာရှိ ကျောက်တိုင်ရိပ်သို့ ရောက်၍သွားကြပြီ။ မိန်းမကြီးသည် ကျောက်တိုင်ကို မှီ၍နေသည်။ သို့ရာတွင် တုန်တုန်ယင်ယင်နှင့် အသက်ရှူမမှန်သေး။ ဗေရီးယားက ရေတိုက်သည်။ မိန်းမကြီးသည် ရေသောက်ရ၍ အနည်းငယ်တည်ငြိမ်သွားသော်လည်း သူ၏ အရိုးပေါ်အရေတင်နေသောပခုံးများမှာ တုန်လှုပ်ပင်ရှိသေးသည်။ မိန်းမကြီးက ဗေရီးယားအား "ကျေးဇူးပါပဲ။ ကျေးဇူးပါပဲ။ ငါ့သားလေးဟာ သနားစရာကောင်းပါတယ်"ဟု ပြောသည်။

ဗေရီးယားက မိန်းမကြီးအား "ဒါလောက် စစ်သားတွေစောင့်နေတဲ့အထဲက သင် ဘယ်လိုလုပ်ပြီး ဒီအထဲကို ရောက်လာသလဲ။ သင့်မှာ လက်မှတ်ရှိလို့လား"ဟု ချော့၍ ချိုသာစွာမေးသည်။



မိန်းမကြီးသည် ကြောက်လန့်သွားပြီးလျှင် ထွက်၍ပြေးချင်စိတ်ပေါက်လာသည်။ "သူတို့က ဝင်ခွင့်ပြုလိုက်လို့ ငါဝင်လာတာပါ။ ငါက ဝင်ခွင့်ပြုပါဆိုတာနဲ့ သူတို့က ဝင်ခွင့်ပြုလိုက်ပါတယ်။ ဗိုလ်ကြီးတစ်ယောက်က ဝင်ခွင့်ပြုလိုက်ပါတယ်"ဟု မိန်းမကြီးက ပြောသည်။

ဗေရီးယားက မျက်မှန်ကိုပွတ်တိုက်ရင်း "ဪ ဒီလိုကိုး။ သင့်ကို သူတို့က ဝင်ခွင့်ပြုလိုက်တာကို"ဟု ခါတိုင်းပြောသည့် အသံနှင့်မတူသော အသံဖြင့်ပြောသည်။

ထို့နောက် ဗေရီးယားသည် သူလျှိုစစ်ဗိုလ်တစ်ယောက်ကိုခေါ်၍ "ဒီမိန်းမကို သူ့အိမ် လိုက်ပို့လိုက်ပါ။ သူ့အိမ်ပြန်ပြီးနားပါစေ"ဟု အမိန့်ပေးလိုက်သည်။

သူလျှိုစစ်ဗိုလ်သည် ဗေရီးယားအား သူ့ဖနောင့်တစ်ဖက်ကို အခြားတစ်ဖက်နှင့် ဂွပ်ခနဲမြည်အောင် ရိုက်၍ဆလံပေးပြီးလျှင် "အခုချက်ချင်း လိုက်ပို့လိုက်ပါမယ်။ ရဲဘော်ဗေရီးယား"ဟု ပြောသည်။ ပြီးလျှင် စစ်ဗိုလ်က မိန်းမကြီးအား "ကိုင်း သွားမယ် အမေ"ဟု ပြောကာ ဖြည်းညင်းစွာ ခေါ်၍သွားသည်။

ထို့နောက် ရုတ်တရက် တူရိယာသံများကြားမှ "ဂိုရင်၊ ဂိုရင်"ဟု ဆူညံစွာ မဟာ်သောအသံများ ထွက်ပေါ်လာသည်။ •

ဂိုရင်၊ ဂိုရင်ဟု အော်သော အသံများသည် ပို၍ပြတ်သားပီသလာပြီးလျှင် ပို၍ကျယ်လောင်လာသဖြင့် တူရိယာသံများပင် ပျောက်၍သွားသည်။

ဂိုရင်သည် ဗိမာန်မျက်နှာစာရှိ ကျောက်တိုင်ကြီးနှစ်ခုကြားမှ မတ်တတ်ရပ်၍ ဦးထုပ်ကိုချွတ်ကာ အလေးပြု၍ ပရိသတ်ကြီးဘက်သို့ မျက်နှာမူလိုက်သည်။ သူ၏ မျက်နှာသည် ဝက်သစ်ချပင်ကြီး၏ အခေါက်များကဲ့သို့ အတွန့်အချိုင့်များဖြင့် ပြည့်၍နေသော်လည်း တောင့်တင်းခန့်ညားခြင်းရှိသည်။ သူ၏ကိုယ်သည် အရွယ်၏ဂုဏ်ကို ဆောင်ပြီးလျှင် သူ့နှလုံးတွင်းမှ သနားကြင်နာစိတ်အရောင်များ ဟပ်လျက်ရှိသည်။

ဂိုရင်သည် ပရိသတ်ကြီးက စိတ်အားထက်သန်စွာ ဟစ်အော်ကြွေးကြော်ကြသည့်အတွက် ဝမ်းသာကြည်နူးခြင်းဖြစ်သော်လည်း မျက်နှာအထားရကြပ်နေသည်။ သူ့မျက်စိများသည် မှိတ်တုတ်မှိတ်တုတ်ဖြစ်၍ သူ့နှုတ်ခမ်းမွေးကုပ်ကုပ်ကြီးက တွန့်ခနဲ တွန့်ခနဲ ဖြစ်၍နေသည်။ သူ့မျက်နှာတွင် ပြုံးရွှင်ခြင်းကို မတွေ့ရဘဲ စိတ်မချမ်းသာ၍ ရှုံ့မဲ့နေခြင်းကိုသာ တွေ့ရသည်။ ဂိုရင်သည် သူ့ဦးထုပ်ဖြင့် သူ့ရင်ဘတ်ကို နှိပ်၍ထားသည်။

ဒူရောက်သည် ဂိုရင်ကိုကြည့်ပြီးလျှင် မကောင်းသောစိတ်ဖြင့် နှုတ်ခမ်းကို ကိုက်၍နေသည်။ သူ့လက်ချောင်းများကလည်း ပြင်းပြင်းထန်ထန် ဆုပ်လိုက်ဖြင့်လိုက် လုပ်နေသည်။ ဒူရောက်သည် ဗေရီးယားအနားသို့ တိုးသွားပြီးလျှင် "ဘယ့်နှယ်လဲ (လူထုရဲ့စိတ်ဓာတ်)ကို မြင်ပြီမဟုတ်လား။ ဂိုရင်ဟာ ဒီလိုချည်းပဲ။ အမြဲအနှောင့်အယှက်ပေးနေမှာပဲ"ဟု လေသံဖြင့် ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖေရီးယားသည် သူ၏စူးရှသော မျက်စိများဖြင့် ဒုရောက်ကို စိမ်းစိမ်းပါအောင် ကြည့်၍ သွားကလေးများကို ဖြဲပြီးလျှင် ''အရင်မလိုပါနဲ့ ဒုရောက် အရင်မလိုပါနဲ့''ဟု ပြောသည်။

❋❋❋

## အပိုင်း-၃

### အခန်း(၁)

ဂိုရင်သည် ဇိမာန်ဖွင့်ပွဲမှ ညနေသုံးနာရီလောက်ကျမှ အိမ်ပြန်သည်။ သူ့မော်တော်ကားပေါ်တွင် ယှူးဆိတ်ပါလာသည်။ ယှူးဆိတ်သည် ပျော်ရွှင်နေသဖြင့် တိုးတိုးလေချွန်လျှက်ရှိသည်။ သို့ရာတွင် ဂိုရင် စိတ်အနှောင့်အယှက် ဖြစ်နေမှန်းသိသဖြင့် ဂိုရင်ကို စကားမပြော။

ဂိုရင်နေသော အင်မတန် ခမ်းနားကြီးကျယ်သည့် နန်းတော်ကြီးအဝင်ဝတွင် စစ်သားများ စောင့်၍နေသည်။ မော်တော်ကားမောင်းသမားက လျှို့ဝှက်သော အချက်ပေးစကားကို ရွတ်လိုက်သောအခါ စစ်သားများက မစစ်ဆေးဘဲ ဝင်ခွင့်ပေးလိုက်သည်။

ဂိုရင်က မျက်မှောင်ကြုတ်၍ ''ယှူးဆိတ်ရေ ငါနေရတာလည်း စစ်မြေပြင်ရောက်နေတဲ့ စစ်ဗိုလ်ချုပ်ကြီးတစ်ယောက် နေရသလိုပဲ။ စစ်သားအစောင့်တွေ သေနတ်တွေ၊ လျှို့ဝှက်အချက်ပေးစကားတွေကို လိုက်နာရတယ်။ ငါတော့ ဒီလို မနေတတ်ပါဘူး။ ငါ့ကို ဘယ်သူက ဘယ်လိုလုပ်မှာမို့ စစ်သားအစောင့်တွေ ချထားသလဲမပြောတတ်ဘူး''ဟု ပြောသည်။

ယှူးဆိတ်က ''သင်ဟာ စစ်နိုင်နေတဲ့ စစ်ဗိုလ်ကြီးပဲမဟုတ်လား။ ငါတို့လည်း အသက်ဝင်နေသည့် ကြောက်စရာကောင်းသော ရန်သူဟောင်း ခနရှင်များကိုတိုက်ရန် ချီတက်နေကြသည့် စစ်သားများပင်ဖြစ်သည်လို့ သင် ရေးခဲ့ဖူးတယ်မဟုတ်လား''ဟု မေးသည်။

ဂိုရင်က ''အင်း ဒါလည်းဟုတ်တာပဲ။ အဲဒီလိုပဲ ငါ ရေးခဲ့ဖူးတယ်''ဟု ဖြေသည်။

ဂိုရင်နေသော နန်းတော်ကြီးမှာ ဟောင်းမြင်းသော်လည်း လှပခိုင်ခန့်သည်။ ထိုနန်းတော်ကြီးသည် ဇာဘုရင်လက်ထက်က ရောက်စတောက်နယ်စား ဒူးဗောက်၏ နန်းတော်ကြီး ဖြစ်သည်။

ဗိသုကာကြီး ယှူးဆိတ်က နန်းတော်ကြီး၏ ခန့်ညားသောအဖြစ်ကို ကြည့်လျှက် ''နယ်စားကြီး ဒူးဗောက်သေ၍ သူ့အသားများ၊ အရိုးများ၊ ဆွေးမြည့်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ သူ့အမွေခံ အမွေစားများလည်း တချို့သေ၍ တချို့တစ်ရပ်တစ်ခွဲကျေးသို့ လွင့်စင်ကုန်ကြသည်မှာလည်း ကြာခဲ့ပြီ။ ယခု သူ့နန်းတော်ထဲတွင် နေသူအသစ်ရောက်နေပြီ။ ယခုနေသူလည်း ဒူးဗောက်ကဲ့သို့ ရုရှပြည်ပိုင်ရှင်ကို လက်ရုံးနှင့် အမှု မထမ်းသော်လည်း လက်ရှိ အာဏာပိုင်များကို နှလုံးနှင့် အမှုထမ်းနေသူပင် ဖြစ်သည်။ နန်းတော်ကြီးတို့၏ ကံကြမ္မာသည် ဆန်းကြယ်လှဘိသည်''ဟု တွေးမိသည်။



ဂိုရင်၏ တပည့်ဟောင်းကြီးချိပ်ရောက်က ဂိုရင်၏မော်တော်ကား တံခါးကို ဖွင့်ပေးသည်။

''ဘယ့်နှယ်လည်း ချိပ်ရောက်တို့ အိမ်သားတွေ အကုန်လုံးရှိကြရဲ့လား''ဟု ဂိုရင်က မေးသည်။

''အားလုံးရှိကြပါတယ်။ သင့်သမီး နီနာလည်း အခုပဲ မြင်းစီးသွားရာက ပြန်လာတယ်။ မျက်နှာကတော့ မသာဘူး။ မျက်စိမှာ မျက်ရည်စကလေးတွေတောင် တွေ့တယ်။ အခု နီနာ သင့်ဇနီးနဲ့ စကားပြောနေတယ်။ နီနာ ဘာဖြစ်လာသလဲဆိုတာ သင်သွားမေးလိုက်ရင် ကောင်းမယ်ထင်တယ်''ဟု ချိပ်ရောက်ကပြောသည်။

''ငါ သွားမေးဖို့ မလိုပါဘူး။ သူတို့ မိန်းမကိစ္စ သူတို့အချင်းချင်းရှင်းအောင် လုပ်ကြလိမ့်မပေါ့။ ငါ့သား ပါဗယ်တစ်ယောက်ကော ဘယ်လိုနေသလဲ''ဟု ဂိုရင်က မေးသည်။

''မဟန်ပါဘူး။ တစ်ယောက်တည်းထိုင်ပြီး အရက်တွေသောက်နေတယ်။ ငါက သိပ်မသောက်ဖို့ပြောလို့ စိတ်ဆိုးပြီး ငါ့ကို ထထိုးလို့ ကံကောင်းလို့ မသေတယ်။ ပြီးတော့ သူက ငါ့ကို အတင်းတိုက်တာနဲ့ ငါတောင် အရက်တစ်ခွက်သောက်လိုက်ရသေးတယ်''ဟု ချိပ်ရောက်က ယှူးဆိတ်မကြားအောင် တိုးတိုးပြောသည်။

ဂိုရင်က ''ပါဗယ်ကို ငါ သွားတွေ့လိုက်မယ်''ဟု ပြောသည်။

ချိပ်ရောက်က ''ဂလူယှက် တစ်ယောက်လည်း ရောက်နေတယ်။ သင့်ကို တွေ့ဖို့ စာကြည့်ခန်းထဲမှာ စောင့်နေတယ်။ ဒီဂလူယှက်က ဘာလို့ ခဏခဏ အိမ်ကို လာနေရတာလဲ''ဟု ပြောသည်။

''ဒါ သင့်အလုပ် မဟုတ်ပါဘူး။ ငါတို့ကို ဂလူယှက်ဆီသာပို့ပါ''ဟု ဂိုရင်က အမိန့်ပေးသည်။

ချိပ်ရောက်က ဂလူယှက်ကို မျက်မုန်းကျိုးနေသည်မှာ ကြာပြီ။ ထိုအကြောင်းကို ဂိုရင်လည်းသိသည်။ သို့ရာတွင် ဘာလို့ မျက်မုန်းကျိုးနေသည့် အကြောင်းကိုမူ ဂိုရင်မသိ။

''ငါ့ စကားကို သင် နားမထောင်တာ သိပ်ခက်တာပဲ ဂိုရင်၊ ငါ့သဘောဆိုရင် ဂလူယှက်တို့ အိမ်ရိပ်ကိုလာနင်းတာတောင် မကြိုက်ဘူး။ ဂလူယှက် မြန်မြန်သေရင် ကောင်းတယ်''ဟု ချိပ်ရောက်က မျက်နှာထားအိုအိုနှင့် ပြောသည်။

ဂိုရင်က စိတ်ဆိုးလာ၍ ''တိတ်စမ်းပါကွာ''ဟု ချိပ်ရောက်ကို ငေါက်လိုက်ပြီ၊ ယှူးဆိတ်လက်ကိုဆွဲကာ ''လာ သင့်ကို ငါဂလူယှက်နှင့် မိတ်ဆွေဖွဲ့ပေးမယ်။ ဂလူယှက်ဟာ တကယ့်ကို တော်တဲ့လူ''ဟု ဆက်၍ပြောသည်။

စာကြည့်ခန်းသို့ရောက်သောအခါ ဂလူယှက်က ပြုံး၍ ''ငါတော့ ဇိမာန်ဖွင့်ပွဲ မပြီးခင်ဘဲ ပြန်လာခဲ့တယ်''ဟု ဂိုရင်ကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုရင်က ''ဖွင့်ပွဲမပြီးခင် ပြန်တာပဲကောင်းပါတယ်။ သင် ထသွားတာ ငါ မြင်လိုက်သားပဲ။ ဒါထက် သင်တို့ချင်း မိတ်ဆွေဖွဲ့ပေးရဦးမယ်။ ဟောဒါ ပညာကျော် ဂလူယုက်ပါ။ ပညာကျော် ယျူးဆိတ်''ဟု ပြောသည်။

ဂလူယုက်သည် ယျူးဆိတ်အား ဖျာဖျာသလဲ လက်ဆွဲ၍နှုတ်ဆက်သည်။ သို့သော် ဂိုရင်နှင့် တစ်ယောက်ချင်း စကားပြောချင်သဖြင့် ယျူးဆိတ်ပါလာသည်ကို သူမကြိုက်။

ဂိုရင်က ချိပ်ရောက်အား ''အရက်သွားယူခဲ့ဟေ့။ ညစာမစားခင် တို့ အရက် သောက်ကြဦးမယ်''ဟု ပြောသည်။

ချိပ်ရောက်အရက်ယူရန် သွားသောအခါ ဂိုရင်က ဂလူယုက်အား ''ငါ့ တပည့် အဘိုးကြီးက သင့်ကို ဘာလို့ မျက်မှန်းကျိုးနေတာလဲ''ဟု မေးသည်။

ဂလူယုက်သည် မျက်နှာပျက်သွားပြီး ''ဒီအဘိုးကြီးက သင်တစ်ယောက်က လွဲရင် သူမျက်မှန်းမကျိုးတဲ့လူရယ်လို့ မရှိဘူးထင်ပါရဲ့''ဟုပြောသည်။

''ဒီလို အဘိုးကြီးမျိုးက ကလေးများလိုပဲ။ မုန်းရင်လည်း တစ်ခါတည်း မုန်းတာပဲ။ ချစ်မိရင်လည်း တစ်ခါတည်းချစ်တာပဲ''ဟု ယျူးဆိတ်က ဝင်၍ထောက် သည်။ ''ဒါပေမယ့် ဒီအဘိုးကြီးက စိတ်သဘောကတော့ အများကြီးကောင်းပါတယ်။ သူ့ကိုလူတိုင်းက ရိုသေကြတယ်။ အိမ်မှာရှိတဲ့ အစေခံတွေဆိုရင်လည်း သူ့ကို အကုန်ကြောက်ကြတယ်''ဟု ဂိုရင်ကပြောသည်။

ချိပ်ရောက်သည် အရက်ဖန်ခွက်သုံးခွက်နှင့် အရက်ပုလင်းကို လင်ပန်းနှင့် ထည့်ယူလာပြီး အရက်ငှဲ့ပေးပြီးလျှင် ချက်ချင်းပြန်ထွက်သွားသည်။

ဂိုရင်က ''ငါတော့ အရက်ကြိုက်တယ်။ အရက်ရယ် မိန်းမရယ်ဆိုမှတ်လား။ မိန်းမအတွက်တော့ ငါက အသက်ကြီးသွားပြီ။ ဒါပေမယ့် အရက်အတွက်တော့ အသက် မကြီးသေးဘူး။ အရက်သောက်ရတာ မပင်ပန်းဘူး။ အရက်က သူ့ဟာသူ ပါးစပ်ထဲဝင် သွားပြီး သွေးကို မီးထိုးပေးတယ်''ဟု ပြောသည်။

''မိန်းမက ကလေးထုတ်ပေးတယ်။ အရက်က စိတ်ကူးဉာဏ်ထုတ် ပေးတယ်'' လို့ ဂျော်ဂျီယာနယ်သားတွေ ပုံနိုင်လေ့ရှိတယ် မဟုတ်လား''ဟု ယျူးဆိတ် က ဝင်၍ထောက်သည်။

''ဒါပေမယ့် နှစ်ခုလုံးဟာ မယုတ်မလွန်မှ ကောင်းတာပဲ''ဟု ဂလူယုက်က ပြောသည်။

''ငါတော့ (မယုတ်မလွန်)ဆိုတဲ့ စကားကို မကြိုက်ဘူး။ ဒီစကားက ချုပ်ချယ်တဲ့ အဓိပ္ပာယ် သတ္တိမဲ့တဲ့အဓိပ္ပာယ် ဆောင်နေတယ်။ ခွန်အားနဲ့ပြည့်စုံတဲ့ လူများဟာ စိတ်ကူးဉာဏ်နဲ့ ထိုးထွင်းလုပ်ရတဲ့ အလုပ်ပဲဖြစ်ဖြစ် အမှုအကျင့်ပဲဖြစ်ဖြစ်၊ ချစ်တဲ့အလုပ်ပဲဖြစ်ဖြစ်၊ ဘယ်အလုပ်ပဲဖြစ်ဖြစ် မယုတ်မလွန်မလုပ်နိုင်ဘူး''ဟု ဂိုရင်က ပြောသည်။ ပြီးလျှင် အရက် ခွက်ကို တစ်ကြိုက်တည်းနှင့် ကုန်အောင်သောက်က



''မှုတာတရားမှာ ဘယ်အရာမှ ချုပ်ချယ်မှုမရှိဘူး။ မယုတ်မလွန်ဆိုတဲ့စကားက သတ္တိကြောင်တဲ့ လူတွေက ပြောတဲ့စကားပါ''ဟု ဆက်၍ ဂိုရင်က ပြောသည်။

တစ်ဖန် ဂိုရင်က ယျူးဆိတ်ဘက်သို့ လှည့်၍ ''ဒီမှာယျူးဆိတ် တကယ်လို့ ဒီနေ့ဗိမာန်ဖွင့်ပွဲမှာ သင်ဟာ ငါဖြစ်ရင် သင် ဘယ်လိုလုပ်မလဲ။ ပြောစမ်းပါ'' ဟုဆိုသည်။

''ဖွင့်ပွဲမှာ ဘာဖြစ်လို့လဲ''ဟု ဂလူယုက်က မေးသည်။

''ထူးထူးခြားခြား ဘာမှမဖြစ်ပါဘူး။ သင် သိတဲ့အတိုင်းပဲ။ ဂိုရင်က နလုံး အင်မတန်ကောင်းကောင်းနဲ့ ဒုရောက်နိပ်စက်ထားတဲ့ လူတစ်ယောက်ကို ကယ်လိုက်တယ်''ဟု ယျူးဆိတ်က ပေါ့ဆဆပြောသည်။

ဂိုရင်က ယျူးဆိတ်ပြောပုံကို မကျေနပ်သဖြင့် သူ့လက်များကို ဝှေ့ယမ်း၍ ကန့်ကွက်ဟန်ပြသည်။ ဂလူယုက်သည် ဂိုရင် မကျေနပ်ဖြစ်နေသည်ကို မြင်သဖြင့် ဖို၍သိချင်ဇော ပေါ်လာသည်။

ယျူးဆိတ်က ဂိုရင်အား ''ငါ မှန်တဲ့အတိုင်းပြောမယ်။ သင်က ငါပြောတာကို ကြိုက်မှာမဟုတ်ဘူး''ဟု စကားချီလိုက်သည်။

ဂိုရင်က ''ပြောသာပြောပါ''ဟု အားပေးသည်။

''ငါသာဆိုရင် သူလျှိုဒြာနကလုပ်ရမယ့် အလုပ်ကို ဝင်ပြီးစွက်ဖက်မှာ မဟုတ်ဘူး။ ဟိုမိန်းမပြောတာကိုလည်း ဂရုစိုက်နားထောင်မှာ မဟုတ်ဘူး။ ဟိုမိန်းမကို သူလျှိုဒြာနက ခေါ်သွားတာကိုသာ ကြည့်နေလိုက်မှာပဲ''ဟု ပြောသည်။

''ဘာလို့လဲ''ဟု ဂိုရင်က မေးသည်။

''ဘာလို့လဲဆိုတာတော့ ငါ မပြောချင်ဘူး''

''ပြောသာပြောပါ။ တို့အထဲမှာ သူစိမ်းတစ်ယောက်မှ မပါပါဘူး။ တို့ ကစ်တွေဟာ အဘိုးကြီးတွေချည်းပဲ တို့အထဲမှာ သစ္စာဖောက်မယ့်လူ မရှိပါဘူး။ ပြောသာ ပြောပါ''ဟု ဂိုရင်က နှိုင်းသည်။ ဂိုရင်သည် ယျူးဆိတ်အနားသို့ တိုးသွားပြီးလျှင် ယျူးဆိတ် ၏ ပခုံးပေါ်တွင် သူ့လက်ကိုတင်လျက် ယျူးဆိတ်မျက်စိများကို စိုက်ကြည့်နေသည်။

ယျူးဆိတ်က ''သစ္စာဖောက်မှာကို ငါကြောက်လို့ မဟုတ်ပါဘူး။ ငါပြော မယ့်စကားကလည်း ဘာမှအရေးမကြီးပါဘူး။ ငါ့အထက်က လူကလည်း ငါပြောတဲ့ စကားကို ဂရုမစိုက်ပါဘူး။ ငါလုပ်တဲ့အလုပ်ကိုသာ ဂရုစိုက်ပါတယ်။ တခြားသူတွေ ပြောရင် ခေါင်းပြုတ်သွားမယ့် စကားမျိုးလည်း ငါက ငါ့အထက်ကလူကို ပြောင်ပြော တာပါပဲ။ ငါ့ကိုတော့ ဗွေမယူပါဘူး''ဟု ပြောသည်။

''ဒါဖြင့် သာကောင်းတာပေါ့။ ပြောပါ''ဟု ဂိုရင်က ဆိုသည်။

''ဒါပေမယ့် ငါ မပြောချင်ဘူး။ ပြောရင် သင်စိတ်ကောင်းမှာ မဟုတ်ဘူး။ ကြိုတော့ ဒီနေ့ဟာ ဗိမာန်ကိုအောင်မြင်စွာ ဖွင့်တဲ့နေ့မို့ ငါ့အဖို့ နေ့ကြီးရက်ကြီးဖြစ်လို့ ငါလည်း ဝမ်းသာနေတယ်။ ဒီတော့ စိတ်အနှောင့်အယှက်ဖြစ်မယ့်ဟာ ငါ ဘာမှမလုပ် ချင်ဘူး''ဟု ယျူးဆိတ်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သင် မပြောချင်ပေမယ့် ပြောရမယ်"ဟု ကိုရင်က ဇွတ်ပြောသည်။

ယျူးဆိတ်က "ကောင်းပြီ၊ ဒါဖြင့် ငါပြောမယ် ကိုရင် ၁၉၀၂-ခုနှစ် (ဇာဘုရင် လက်ထက်တုန်းက) သင့်ကို လောကဓာတ်ပညာအဖွဲ့က ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ချီးမြှောက်တာ သင် မှတ်မိသေးတယ်မဟုတ်လား။ ဒါပေမယ့် အဲဒီတုန်းက ဇာဘုရင် နီကိုလေက သင့်ကို မုန်းတာနဲ့ ဝင်ပြီးဖျက်ပစ်လိုက်တယ်လေ"ဟု ပြောသည်။

"အေး အဲဒါ ဘာဖြစ်သလဲ"ဟု ကိုရင်က ဖြတ်၍မေးသည်။

"အဲဒီတော့ စာရေးဆရာကြီးချက်ကောက်က ဇာဘုရင်ကို ကန့်ကွက်တဲ့ သဘောနဲ့ အဲဒီအဖွဲ့က ထွက်လိုက်တယ်။ ချက်ကောက်ထွက်သလို တခြား လောက ဓာတ်ပညာဆရာကြီးတွေနဲ့ စာရေးဆရာကြီးတွေ တစ်ဆယ့်နှစ်ယောက်လောက်ကလည်း လိုက်ပြီးထွက်ကြတယ်။ ပြီးတော့ တစ်တိုင်းတစ်ပြည်လုံးကလည်း ဝိုင်းပြီးဆူကြတယ်။ သတင်းစာတွေကလည်း စိတ်ဆိုးမာန်ဆိုးနဲ့ ဇာဘုရင်ရဲ့ အပြုအမူကိုရှုတ်ချကြတယ်"

"ငါ မှတ်မိပါတယ်။ ငါ မှတ်မိပါတယ်။ ဒါပေမယ့် အဲဒါနဲ့ အခု သင့်ပြောတာနဲ့ ဘယ်လိုဆိုင်သလဲ"

"ဒီမှာကိုရင် ဒီနေ့ဗိမာန်ဖွင့်ပွဲမှာ ဖြစ်တဲ့အကြောင်းကို နက်ဖြန်ထွက်မယ့် သတင်းစာတွေအနက် ဘယ်သတင်းစာက ထည့်ရေးဝံ့လိမ့်ထင်သလဲ။ သင်က သဘောထားကြီးကြီးနဲ့ ဟိုမိန်းမကို ဝင်ပြီးကယ်လိုက်တဲ့အကြောင်းကော ဘယ်သူ ပါးစပ်ဟ ရဲမယ်ထင်သလဲ"

"တိုင်းသူပြည်သားတွေဟာ သူတို့ရဲ့ ထင်မြင်ချက်ကို ထုတ်မပြောဝံ့ကြဘူး ဆိုပါတော့"

"ဟုတ်တယ်။ အဲဒီအတိုင်းပဲ"

"သင်ပြောတာကို ငါ မယုံဘူး။ တိုင်းသူပြည်သားတွေဟာ သူတို့ထင်မြင် ချက်ကို သူတို့ထုတ်ပြောဝံ့တယ်။ ဒါပေမယ့် အရင်ခေတ်ကလို သတင်းစာတွေထဲက နေပြီး တစ်ယောက်တစ်ပေါက်မပြောကြဘဲ ကွန်မြူနစ်ပါတီနဲ့ အစိုးရက တိုင်းသူ ပြည်သားတွေရဲ့ ထင်မြင်ချက်ကို တစ်သံတည်းပြောကြတယ်။ ဒီတော့ ပါတီနဲ့အစိုးရက စာရေးဆရာကိုရင်ရဲ့ သဘောထားကြီးမှုကို မဖော်ပြဘဲ အဲဒါထက်အရေးကြီးတဲ့ ကိစ္စတွေကို တိုင်းသူပြည်သားတွေသိအောင် ဖော်ပြကြတယ်ဆိုရင် ဘာကန့်ကွက်စရာ ရှိသလဲ။ တိုင်းသူပြည်သားများရဲ့ စိတ်ကြိုက်ကိုနားလည်ဖို့ဟာ အရေးကြီးတယ်။ ကွန်မြူနစ်ပါတီက တိုင်းသူပြည်သားများရဲ့ စိတ်ကြိုက်ကို နားလည်တယ်"ဟု ကိုရင်က အကြောင်းပြသည်။

ယျူးဆိတ်က "ဘာလို့ ကိုယ့်ဟာကို လှည့်စားနေချင်ရတာလဲ ကိုရင်။ သင့်မှာ ဘောင်းဘီဝတ်စရာမရှိလို့ သင့်ကိုယ်ကိုယ် လုံအောင်မဖုံးဘဲနေရတာကို သင်က ငါ့အဖို့ ဘောင်းဘီမလိုဘူး။ စိတ်ကူးနဲ့ ကိုယ့်ကိုယ်ကိုယ် လုံအောင်ဖုံးတာဟာ အဝတ်နဲ့ တကယ် ဖုံးတာထက် ကောင်းတယ်ဆိုလို့ဖြစ်မလား။ ဒီအပြောမျိုးတွေ ပြောဖို့လောက်



သာကောင်းတာပါ။ နိုင်ငံခြားသားတွေကို ပြောတဲ့အခါကျတော့ အဖြူကိုအမည်း၊ အမည်းကိုအဖြူလို့ ပြောလို့ကိစ္စမရှိဘူး။ တချို့ကျတော့လည်း အဲဒီလိုပြောမှပဲ အေး တယ်။ မှန်တာကို ပြောလိုက်ရင် သူတို့စိတ်ပျက်နေဦးမယ်။ ဒါပေမယ့် အခု ငါတို့ အချင်းချင်းကျတော့ မရှုပ်ရှုပ်အောင် လုပ်ပြောနေဖို့မလိုပါဘူး။ မရှိရင် မရှိဘူးပေါ့"ဟု ပြန်၍ချေသည်။

ကိုရင်က ငြိမ်နေပြီး ဖန်ခွက်သုံးခွက်ထဲသို့ အရက်ထည့်ပေးပြီးလျှင် အဲဒါများ ကိုသောက်ကြရန် လက်နှင့်ပြသည်။

ခဏနေမှ ကိုရင်က "အခု သင် ပြောသလိုဆိုတော့ ဒီနေ့ ငါ ဖျင်းတဲ့ အကြောင်းကို ငါ့ဟာငါ လူသိအောင် လုပ်လာခဲ့တာပေါ့။ ငါတော့ ဒီလိုလည်း ဝန်မခံချင်ဘူး။ တကယ်ဆိုတော့ ငါ့စိတ်ထဲက ဒူးရောက်ကောင်းရှူး မတရားလုပ်နေတာ ကို ပြောဝံ့တဲ့လူတစ်ယောက်မှ မရှိဘူးဆိုတာ မခံချင်တာပါပဲ"ဟု ဖြေသည်။

ယျူးဆိတ်က ထောင်ပေါင်းများစွာသော လူတွေကို မကယ်နိုင်ဘဲနဲ့ လူ တစ်ယောက်ကိုကယ်နေလို့ အကျိုးမထူးပါဘူး ကိုရင်။ အဲဒီမိန်းမရဲ့သားကို ဒူးရောက်က မနှိပ်စက်အောင် ဒီနေ့တားနိုင်တယ်ဆိုရင်လည်း မနက်ဖြန်ကျတော့ ဒူးရောက်က တခြား လူတစ်ကျိပ်ကို နှိပ်စက်ဦးမှာပဲ။ တကယ်ဆိုတော့ ဒူးရောက်ကြောင့် ဒီလိုဖြစ်ရတယ်လို့ လည်းမဆိုနိုင်ပါဘူး။ အကောင်းဆုံးကတော့ ဘာမှမစဉ်းစားဘဲနဲ့ ကိုယ့်စိတ်ကို ချမ်းသာ အောင်မွေးတာ အကောင်းဆုံးပဲ။ ကိုရင် ငါ့ဥပမာကို ကြည့်ပါ။ ငါဟာ ဗိမာန်တစ်ခု ဆောက်ဖို့ ပုံစံရေးတယ်ဆိုရင် ပုံစံကို ဆောက်တဲ့အခါမှာ ချွေးတပ်သားတွေကို ခေါ်ပြီး ဆောက်ခိုင်းမှာပဲဆိုတဲ့ စိတ်မချမ်းသာစရာအကြောင်းကို ထည့်မစဉ်းစားဘူး။ လက်တွေ့ ဆိုရှယ်လစ်သဘောကိုသာ စဉ်းစားတယ်လို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်"ဟုပြောသည်။

ဂလူယှက်က "ဒါကတော့ ရက်စက်တာ သက်သက်ပါ"ဟု ဝင်၍ ထောက်သည်။

ယျူးဆိတ်က ဂလူယှက်အား "နေစမ်းပါဦး။ သင်က သင်ဟာ သင့်ကိုသင် အားလွတ်အောင်လုပ်ဖို့အတွက် မစဉ်းစားဘဲနဲ့ တခြားသူတွေကို ကယ်ဖို့အတွက်ပဲ စဉ်းစားနေတယ်လို့ ဆိုချင်တာလား"ဟု မေးသည်။

ဂလူယှက်သည် ငြိမ်ကျသွားပြီးလျှင် ယျူးဆိတ်အား "တော်တော်မိုက်ရိုင်း ဖျက်ဆိုးတဲ့ အကောင်ကြီးပဲ"ဟု အောက်မေ့သည်။ ထို့နောက် ယျူးဆိတ်က သူ့ကို နောက်တစ်ဆင့် ဘယ်လိုများတွယ်ဦးမလဲဟု တွေးနေစဉ် ယျူးဆိတ်က ပြုံး၍

"ဒီနေ့ညနေ အစည်းအဝေးမှာ သင် အစီရင်ခံစာ ဖတ်ပြရလိမ့်မယ်လို့ ငါကြား တယ်၊ ငါတို့ကို သနားသဖြင့် သင့်အစီရင်ခံစာကို တိုနိုင်သမျှတိုအောင် လုပ်စေချင်ပါ တယ်"ဟု စကားပြေထိုးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ သင့် အစီရင်ခံစာထဲမှာ အံ့အားသင့်စရာတွေလည်း မပါပါစေနဲ့ ဒီနေ့မနက် ဗေရီးယားလုပ်လိုက်တာနဲ့ပဲ တော်လောက်ပါပြီ" ဂိုရင်က စကားဝင်ပေါက်လိုက်သည်။

⁂ ⁂ ⁂

## အခန်း(၂)

အစေခံတစ်ယောက်က မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် ခြေဖျား ထောက်၍ဝင်လာပြီး ဂိုရင်အနားသို့ကပ်ကာ တိုးတိုးလာပြောသဖြင့် သူတို့ စကား ပြတ်၍သွားသည်။ ဂိုရင်က စဉ်းစားပြီး "အေး ကောင်းပြီ၊ သူ့ကို ဒီကိုခေါ်ခဲ့" ဟု အစေခံကို ပြောလိုက်သည်။

အစေခံထွက်သွားပြီး မကြာခင်ပင် ဗလကောင်းကောင်းနှင့် လျှို့ဝှက်သူလျှို စစ်သားတစ်ယောက် စစ်ဝတ်စစ်စားနှင့် ဝင်လာပြီး ဂိုရင်အား "ရဲဘော် ဂိုရင်၊ ရဲဘော် ဗေရီးယားက ကိုယ်တိုင်စာရေးပေးလိုက်ပါတယ်။ ပြန်စာကိုလည်း တစ်ခါတည်းယူခဲ့လို့ မှာလိုက်ပါတယ်" ဟု ဖနောင့်ချင်းရိုက်ခါ အလေးပြုပြီး စာကိုပေးသည်။

"ကောင်းပါပြီ ထိုင်ပါဦး"

ထိုစာတွင် "ချစ်ရဲဘော်ဂိုရင် ယနေ့ ဗိမာန်ဖွင့်ပွဲမှာ ဖြစ်တဲ့ကိစ္စကြောင့် သင့်စိတ်အနှောင့်အယှက် ဖြစ်ရသည့်အတွက် ငါ အားနာပါသည်။ ဒီကိစ္စအတွက် ဘာမျှ စိတ်အနှောင့်အယှက်ဖြစ်မနေပါနှင့်။ ငါကိုယ်တိုင် အရေးယူနေပါပြီ။ နိုင်ငံသား ဒေးမိန်းရဲ့သားကိုလည်း ထောင်က လွှတ်လိုက်ပါပြီ။ အခု သူ့ကို ရောက်စတောက်မြို့က အကောင်းဆုံးဆေးရုံမှာ တင်ထားပါတယ်။ အိုဒက်ဆာမြို့က ဆရာဝန်ပါမောက္ခ ဗီလာတောက်ကိုလည်း စကားပြောကြေးနန်းနှင့် လှမ်းခေါ်လိုက်လို့ ခွဲစိတ်ကုဖို့လာပါလိမ့်မည်။ သူ့မျက်စိဟာ ကုလို့ရလိမ့်မည်လို့ ငါတို့ သဘောရပါတယ်။ ပါမောက္ခဗီလာတောက် က သင့်အတွက်မေတ္တာပို့သလျက်ရှိကြောင်း ပြောလိုက်ပါလို့လည်း ငါ့ကို မှာပါတယ်။

"ကျောင်းသားကလေးကို မတရားဖမ်းတဲ့သူများကိုလည်း ထိုက်လျောက် တဲ့ အပြစ်ဒဏ်ပေးပါလိမ့်မည်။ ကျောင်းသားချင်း ရည်းစားလုရင်း ရန်ဖြစ်ကြရာတွင် အန်ဒရေကို ကျောင်းအုပ်ကြီးက ဖမ်းဆီးရမည်ဟု ညွှန်ကြားသည့်အတွက် ဖမ်းဆီးထား ခြင်းဖြစ်သည်" ဟု သိရပါသည်။ ဤအချက်ကိုထောက်ခြင်းအားဖြင့် ပညာရှိကြီးများ ပင် အပြစ်မလွတ်နိုင်လောက်သော မဟုတ်မတရားမှုများကို ကျူးလွန်တတ်ကြောင်း ထင်ရှားပါသည်။

ကျောင်းသားကလေး၏အဖေကို မည်သည့်အတွက် ဖမ်းသည့်အကြောင်းကို လည်း အသေအချာစစ်ဆေးပြီး ငါ့ဆီသို့ အစီရင်ခံရမည်ဟု ရဲဘော်ဒုရောက်ကိုလည်း ငါ အမိန့်ပေးလိုက်ပါပြီ။



ယခုအရေးယူချက်များသည် သင် ကျေနပ်နိုင်လောက်သော အရေးယူချက် များဖြစ်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ယနေ့ ထမင်းစားပွဲကြီးသို့လည်း သင် လာလိမ့် မည်ဟု ငါတို့ မျှော်လင့်လျက်ရှိပါသည်။

ပြင်သစ်စာရေးဆရာကြီး ရှူးအင်းလည်း မော်စကိုကထွက်လာ၍ မနက်ဖြန်ခါ ပင် ဒီကိုရောက်လိမ့်မည်ဟု သတင်းရပါသည်။ ရှူးအင်းကို သင့်အိမ်၌ တည်းခိုစေချင် သည်လို့လည်း ငါ သိရပါသည်။ ပညာကျော်ယှူးဆိတ်လည်း သင့်ဆီကို အလည်လာ နေခိုက်ဖြစ်သဖြင့် ပြင်သစ်စာရေးဆရာကြီးကို အစိုးရဧည့်ရိပ်သာ အိမ်တစ်ခုခုတွင် တည်းခို စေရလျှင် ကောင်းမည်ဟုထင်ပါသည်။ ဒီကိစ္စကို သင် သဘောကျသလို စီမံနိုင်ပါ သည်။ အခု ငါ့ဆီက လွှတ်လိုက်သောအရာရှိကို သင် ဘယ်လိုဆန္ဒရှိသည်ဟု ပြောလိုက် ပါ။ သို့မှသာ လိုသည့် အစီအစဉ်များကို အချိန်မီပြုလုပ်နိုင်ပါမည်။ သစ္စာစောင့်သိစွာဖြင့် ဗေရီးယား" ဟု ပါလာသည်။

"အားကြီးဟန်တယ်ဟေ့။ ဖတ်ကြည့်စမ်း ယှူးဆိတ်။ သင်ပြောတာတွေနဲ့ ကွာနေပြီ" ဟု ဂိုရင်က ဝမ်းအသာကြီးသာကာ ပြောသည်။

ယှူးဆိတ်က စာကိုယူ၍ ခပ်မြန်မြန်ဖတ်ပြီး ဂိုရင်သို့ ပြန်ပေးလိုက်ပြီးနောက် "သင့်ကိစ္စ အောင်မြင်တဲ့အတွက် ငါ ဝမ်းသာပါတယ် ဂိုရင်" ဟု ပြောသည်။

ယှူးဆိတ်သည် ချက်ချင်း မျက်နှာထားပြောင်းသွားသော ဂိုရင်ကိုကြည့်၍ "တစ်ခါတလေကျတော့လည်း လူများဟာ အတော်ဖျင်းတာပဲ။ ဗေရီးယားလို လူယုတ် မာတစ်ယောက်က တစ်ခွန်းနှစ်ခွန်းလောက် ညာလိုက်တယ်ဆိုရင်ပဲ သူတို့ ယုံကြည်သွား ကြတာပဲ။ အဲဒီအထဲမှာ ဂိုရင် အတာကတော့ ထူးကိုထူးပါတယ်။ ဒီဥစ္စာဟာ သက်သက် ထိုးဇာတ်ဆိုတာ ဂိုရင်လည်း ငါသိသလောက်တော့ သိမှာပါပဲ။ ဒါပေမယ့် ဒီထိုးဇာတ်ထဲ မှာ သူက ဇာတ်လိုက်ဖြစ်နေတာနဲ့ ဂိုရင်က သဘောကျနေတာထင်ပါရဲ့။ ဒါလည်း သူ့အဖို့တော့ ကောင်းတာပါပဲလေ" ဟု တွေးမိသည်။

အားကြီးဟန်တယ်ဟေ့၊ အထူးသဖြင့် မနက်ဖြန်ခါ ရှူးအင်း ရောက်မယ်ဆို တာက အဟန်ဆုံးပဲဟေ့။ ငါ့အိမ်မှာ အခန်းတွေအများကြီးရှိပါတယ်။ ရှူးအင်း ငါ့ဆီမှာပဲ တည်းပါစေလို့ ဗေရီးယားကို ပြောလိုက်ပါ" ဟု ဂိုရင်က ဝမ်းသာစွာ ပြောသည်။

"ဒီအတိုင်းပဲ ပြောလိုက်ပါမယ်။ ရဲဘော်ဂိုရင် ငါ့ကို အခွင့်ပြုပါဦး" ဟု ဗေရီးယား၏တမန်က စစ်သားဟန်ပါပါဖြင့်ပြောသည်။

"သင် ပြန်ချင်ပြန်နိုင်ပါပြီ။ အို ခဏလောက်နေပါဦးလား။ ညစာစားပြီးမှပဲ ပြန်တာပေါ့။ ဗေရီးယားမှာ ပြင်သစ်ဧည့်သည်ကြီးအတွက် နေရာထိုင်ခင်းစီစဉ်ဖို့မှ မလိုတော့ဘဲ။ အချိန်တွေ အများကြီးရှိပါတယ်" ဟု ပြောပြီးလျှင် "ဟေ့ ချိပ်ရောက်တို့ ဖိမ်က လူတွေ ခေါ်ဟေ့။ ညစာစားကြမယ်။ လူဗာတို့ နီနာတို့ကော ဘယ်မှာလဲ။ ငါ့ဆီ လွှတ်လိုက်စမ်း" ဟု ဂိုရင်က သူ့တပည့်ကို အမိန့်ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေလျှင် ဂိုရင်၏ဇနီး လူဗာနှင့် သမီးနီနာတို့ ဝင်၍လာကြသည်။ နီနာမှာ မျက်နှာတွင်လည်း သွေးမရှိ။ မျက်ကွင်းကလည်းညို၊ နှုတ်ခမ်းများလည်း အစ်၍နေသည်။ ဂိုရင်သည် သမီးကိုကြည့်၍ စိတ်မကောင်းဖြစ်နေသောအခါ လူဗာက ''ကိစ္စမရှိပါဘူး။ နောက်တော့မှ ငါ ပြောပြပါမယ်''ဟုပြောသည်။

ဂိုရင်သည် သူ့သမီးကို ကြင်နာစွာကြည့်ပြီး ''ငါ့သမီးက တစ်နေ့တခြား ကြီးလာလိုက်တာ အိမ်ထောင်ချပေးဖို့ အရွယ်တောင်ရောက်နေပြီ''ဟု ပြောသည်။

''သူ့မှာ ရည်းစားမရှိသေးဘူးလား''ဟု ယှူးဆိတ်က မေးသည်။

ဂိုရင်က လက်ကိုဝှေ့၍ ''သူ့ကိုယ်တိုင်ကိုပဲ မေးကြည့်ပေတော့။ ငါတော့ တစ်ယောက်မှ မမြင်ဖူးသေးဘူး''ဟု ပြောသည်။

''မရှိပါဘူး။ နောက်လည်း ရှိမှာမဟုတ်ပါဘူး''ဟု နီနာဖြေသည်။

''မဖြစ်နိုင်တာဘဲ။ ဒါလောက်ချောပြီး ရည်းစားမရှိဘူးဆိုရင်တော့ မကောင်းဘူး။ ငါသာ အသက်သုံးဆယ်လောက်ပြန်ငယ်သွားမယ်ဆိုရင် ဒီလို အခွင့်အရေးမျိုးကို ဘာအလွှတ်ခံမလဲ''ဟု ယှူးဆိတ်ကပြောသည်။

ဂိုရင်သည် နီနာ၏နောက်ကျောကို ပုတ်၍ ''ငါ့ အကောင်းဆုံးလက်ရာပဲ''ဟု ကြွားသည်။

နီနာသည် ရှက်သွေးဖြန်း၍ သူ့အဖေနားမှခွာပြီး ဂလူယက်အနားသွား၍ ထိုင်ပြီးလျှင် ''ဦးလေးဂလူယက် ဒီစစ်သားက ဘယ်သူလဲ''ဟု တိုးတိုးမေးသည်။

''ဗေရီးယားကလွှတ်လိုက်တဲ့ တမန်လေ။ ဂိုရင်က ညစာစားဖိတ်ထားလို့ စောင့်နေတာ''ဟု ပြောပြီးလျှင် ''သင့်အဖေက မဆန်းဘူးလား''ဟု ပြောလိုဟန်ဖြင့် ပခုံးကို မြှောက်လိုက်သည်။ ဂိုရင်သည် သူ့ဇနီးနှင့်သူ့သမီးတို့ မျက်စောင်းတထိုးထိုး ဖြစ်နေသည်ကို အကဲခတ်မိသဖြင့် ဗေရီးယား၏တမန်နှင့် သူ့ဇနီးနှင့်သမီးတို့ကို မိတ်ဖွဲ့ ပေးသည်။ စစ်အရာရှိက ဖနောင့်ချင်းရိုက်၍ အလေးပြုပြီးလျှင် သူ့ကိုယ်သူ ''နိုင်ငံတော် လုံခြုံမှု ဒုတိယတန်းဗိုလ်ကြီး ဆေမျိုနောက်''ဟု ပြောသည်။ ပြီးလျှင် ဆေမျိုနောက်က ''လုံခြုံမှုဗိုလ်ကြီး ဆိုသည်မှာ တပ်မဟာတစ်တပ်ကို အုပ်ချုပ်ရသော စစ်ဗိုလ်ကြီးနှင့် ရာထူးတူပါသည်''ဟု ရှင်းပြသည်။

''အို ဒါဖြင့် သင့်အဆင့်အတန်းဟာ ဗိုလ်ချုပ်အဆင့်အတန်းပေါ့။ ဒီလိုဆိုရင် သင့်ကို ဗိုလ်ချုပ်ဆေမျိုနောက်လို့ခေါ်မယ်။ ဒါက တိုတိုတုတ်တုတ်ကောင်းတယ်''ဟု ဂိုရင်က ပြောသည်။ အားလုံးရယ်ကြသည်။ ဆေမျိုနောက်မှာ ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

''ဒီမှာ ရဲဘော်ဆေမျိုနောက် လျှို့ဝှက်တဲ့ကိစ္စမဟုတ်ဘူးဆိုရင်တော့ တစ်ဆိတ် ပြောစမ်းပါ။ ရောက်စတောက်တက္ကသိုလ် ကျောင်းအုပ်ကြီးကို ဘယ်လိုစီရင်မယ် ကြံသလဲ။ သင်တော့သိမှာပေါ့''ဟု ယှူးဆိတ်က ပြောသည်။



ယှူးဆိတ်က ရိုးရိုးသိချင်၍မေးဟန်ဖြင့် မေးသော်လည်း ယှူးဆိတ်သည် ဂိုရင်၏ အကျိုးငှာ မေးခြင်းဖြစ်သည်ကို ဂိုရင်ရိပ်မိသည်။

''အနည်းဆုံးရာထူးပြောင်းပစ်တာတော့ ခံရမှာပေါ့''ဟု ဗိုလ်ကြီးက ဗိုင်ဗိုင်ကြီး ဖြေသည်။

''ဂိုရင် သင်လုပ်တာ ဘယ်လိုဖြစ်တယ်ဆိုတာ သင် သိပြီမဟုတ်လား။ သင် လုပ်လိုက်တဲ့အတွက် ကျောင်းအုပ်ကြီး နစ်နာတော့မယ်။ သူဟာ ငါတို့လို လောကဓာတ်ပညာရှင်တစ်ယောက်ပဲ''ဟု ယှူးဆိတ်က ရယ်စရာသဘောမျိုးလိုလို ပြောသည်။

''ဒါကတော့ သူမကောင်းလို့ သူခံရတာပဲ။ ဘယ်တတ်နိုင်မလဲ''ဟု ဂိုရင်က ပြောသည်။

''ရဲဘော် ဂိုရင် သင်ပြောတာ သိပ်မှန်တယ်။ ဒီကျောင်းအုပ်ကြီးဟာ ပြစ်ဒဏ်ပေးတာကို ကောင်းကောင်းခံထိုက်ပါတယ်။ သူဟာ ကျောင်းသားတွေနဲ့ လည်း တည့်အောင်မပေါင်းနိုင်ဘူး။ သူ့ကို ဘယ်လိုလုပ်ရမလဲလို့ ငါတို့ စဉ်းစားနေတာ ကြာပြီ။ ငါတို့ဆိုတာက အထက်တန်းပညာရေးဌာနနဲ့ ကွန်မြူနစ်ပါတီ အမှုဆောင်အဖွဲ့ ကလို့ ဆိုလိုတာပါ။ သူ့ကို တခြားအလုပ်ကို ပြောင်းပစ်ဖို့ စဉ်းစားတာကြာပါပြီ''ဟု ဆေမျိုနောက်က ပြောသည်။

နီနာသည် ဗိုလ်ကြီးဆေမျိုနောက်ပြောသည်ကို ဂရုစိုက်၍နားထောင်နေပြီး (ငါတို့) စဉ်းစားသည်ဆိုသောစကားကို သတိပြုလိုက်မိသည်။ ''သြော် ဒီမှာ (ငါတို့ စဉ်းစား) (ငါတို့ ဆုံးဖြတ်)ကြတဲ့ ပြည်ပိုင်ရှင်တွေ ရောက်နေတာကိုး၊ ငါ့အဖေဟာ ဘယ်လိုလူမျိုးတွေနဲ့များ ထွေးရောယှက်တင် ဖြစ်နေပါလိမ့်''ဟု အောက်မေ့မိသည်။

''ပြီးတော့ အခုကျောင်းအုပ်ကြီးဟာ တင်းတင်းကြပ်ကြပ် လုပ်စရာရှိတော့ လည်း တင်းတင်းကြပ်ကြပ်မလုပ်ဘူး။ ပျော့ပျော့ပျောင်းပျောင်းလုပ်ဖို့နေရာကျတော့လည်း ပျော့ပျော့ပျောင်းပျောင်း မလုပ်တတ်ဘူး။ ကျောင်းသားငါးထောင်ကို အုပ်ချုပ်ရတဲ့တာဝန် ဟာမလွယ်ဘူး။ အဆိုးဆုံးကတော့ ခေတ်မမီတာ အဆိုးဆုံးပဲ။ ခေတ်က ပြောင်းသွားပြီ။ ဒီတော့ ခေတ်မီတဲ့အမှုဆောင်တွေ မလုပ်ရင်မဖြစ်ဘူး''ဟု ဆေမျိုနောက်က ဆက်၍ပြောသည်။

''ကျောင်းအုပ်ကြီးရာထူးအတွက် လူရှာရပလား''ဟု ဂလူယက်က စိတ်ဝင်စားစွာမေးသည်။

ဆေမျိုနောက်က ''လူနှစ်ယောက်ရှိပါတယ်။ တစ်ယောက်က မော်စကိုမြို့ အထက်တန်းပညာရေးဌာနက အဆိုသွင်းတဲ့ လီဗိန်ကိုဆိုတာပါ။ တခြားတစ်ယောက် ကတော့ ငါတို့ ရောက်စတောက်မြို့သား ပါမောက္ခနိဗိကောက်ပါ''ဟုပြောသည်။

ဂလူယက်သည် သူ့စိတ်ကိုသူ မထိန်းနိုင်သဖြင့် ''တစ်ယောက်က နိဗိကောက်လား''ဟု ယောင်၍ မေးလိုက်သဖြင့် ရုတ်တရက် မျက်နှာနီ၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေမျိုးနောက်က "ဟုတ်ပါတယ်။ နိုဗိကောက်ပါ" ဂလှုယုက် မျက်နှာပျက်သွားသည်ကို မမြင်လိုက်ဘဲ ပြောသည်။ ပြီးလျှင် ဆေမျိုးနောက်က "နိုဗိကောက်ကို ရဲဘော်ဗေရီးယားက ထောက်ခံတယ်။ ငါ့အထင်တော့ နိုဗိကောက်ပဲ ကျောင်းအုပ်ကြီး ဖြစ်မှာပဲ။ သူ့ကို သင် သိတာပေါ့"ဟု လေးနက်စွာ ဆက်၍ပြောသည်။

ဂလှုယုက်က "သိတော့သိပါတယ်။ သိပ်မကျွမ်းပါဘူး"ဟုပြောသည်။

ကိုရင်က "နိုဗိကောက်ကို သင် ဘယ်လိုသဘောရသလဲ။ ဆလဝ်လူမျိုး သမိုင်းရေးတာ သူပဲ မဟုတ်လား"ဟု မေးသည်။

ဂလှုယုက်သည် ဝမ်းထဲကမပါဘဲနှင့် "သိပ်တော်တဲ့ သိပ်တည်ကြည်တဲ့ လူငယ်တစ်ယောက်ပါပဲ"ဟု ပြောသည်။ သူ့ဝမ်းထဲကတော့ "နိုဗိကောက်ဟာ မနေ့တစ်နေ့ကမှ ပေါ်လာတဲ့ ကောင်ရှုပ်ကောင်ပွေပါ။ ဘာမှ လေးစားလောက်တဲ့အကောင် မဟုတ်ပါဘူး"ဟု ပြောချင်သည်။

"သင် ပြောသလိုဆိုတော့ နိုဗိကောက်ဟာ အသက်ငယ်သေးတာပေါ့"ဟု ကိုရင်က ပြောသည်။

ဂလှုယုက်က "ငယ်တာပေါ့။ အခုမှ အသက်သုံးဆယ်တောင် ကျော်မှာ မဟုတ်သေးဘူး"ဟုပြောသည်။

ကိုရင်က ယှူးဆိတ်ဘက်လှည့်၍ "အဲဒါကြည့်တော့ ခေါင်းဆောင်သစ်ကလေးတွေဟာ သိပ်အတိုးတက်မြန်တာပဲ။ ဒါလည်း ကောင်းတာပဲ။ အခုဆိုရင် အသုံးမကျတဲ့ ကျောင်းအုပ်ကြီးနေရာမှာ နိုဗိကောက်လို လူတော်တစ်ယောက် ရောက်လာတော့မယ်။ အသက်ငယ်တာကို ဘာမှ အပြစ်ပြောစရာမရှိဘူး။ ဦးနှောက် ကောင်းရင်ပြီးတာပဲ" ဟုပြောသည်။

ယှူးဆိတ်က "ကိုရင် သင်ဟာ တော်တော်လာဘ်မြင်တယ်"ဟုပြောသည်။

ကိုရင်က ဂလှုယုက်ဘက်သို့လှည့်၍ "ငါ့ကို နိုဗိကောက်နဲ့ မိတ်ဆွေဖွဲ့ပေးဖို့ မေ့မနေပါနဲ့"ဟု ပြောသည်။

ဂလှုယုက်လုပ်စရာ ဘာမျှမကျန်တော့။ "ငါသိသလောက်တော့ ဒီနေ့ညနေ ထမင်းစားပွဲကြီးကို နိုဗိကောက်လာလိမ့်မယ်"ဟု ဂလှုယုက်က ပြောသည်။

"ဒီလိုဆိုရင် ဟန်ပြီ။ ဒီနေ့ညနေ သူ့ကို ငါ တွေ့ဖြစ်အောင်တွေ့လိုက်မယ်"ဟု ကိုရင်က ပြောသည်။

ကိုရင် ပြောလိုက်သောစကားသည် ဂလှုယုက်၏အသည်းကို လှံနှင့်ထိုးလိုက်သကဲ့သို့ ဖြစ်သွားသည်။ "အင်း စလုံးရေ စတော့ ကုန်ကြပြီ"ဂလှုယုက် အောက်မေ့လိုက်သည်။

※ ※ ※



## အခန်း(၃)

ဂလှုယုက်၏ အခြေအနေမှုမမှန်သည်ကို လူဗာသတိထား၍ ကြည့်လိုက်မိသည်။ ဂလှုယုက်သည် အများကြီး စိတ်နှလုံးတုန်လှုပ်ချောက်ချားဟန် ပေါ်နေသည်။ လူဗာကမေး၍ ပြန်ပြောသည့်အခါတွင်လည်း ဂလှုယုက်သည် စိတ်ဝင်စားခြင်းမရှိဘဲ အရမ်းပြောနေသည်ကို လူဗာ တွေ့ရသည်။ ဂလှုယုက်သည် စိတ်နှလုံးမချမ်းသာဟန်ဖြင့် ကိုရင်ကို မျက်ရိပ်မျက်ခြည်ပြ၍ သတိပေးနေသည်ကိုလည်းကောင်း ကိုရင်ပြောသည့် စကားများကို ကြားတိုင်းကြားတိုင်း ဂလှုယုက်မှာ နေမထိထိုင်မထိ ဖြစ်နေသည်ကို လည်းကောင်း လူဗာသတိထား၍ ကြည့်လိုက်မိသည်။ ဂလှုယုက်မှာ တစ်စုံတစ်ခုသော အကြောင်းကြောင့် စိတ်အနှောင့်အယှက်ဖြစ်နေသည်မှာ ထင်ရှားသည်။ သို့ရာတွင် ထိုအကြောင်းကို လူဗာ တွေး၍မရ။

"ထမင်းစားပွဲကျတော့မှပဲ ဂလှုယုက်အနားကို ငါ ကပ်ထိုင်ပြီး မေးကြည့်တော့မည်"ဟု လူဗာစိတ်ထဲက ကြံပြီး ထမင်းစားချိန်ရောက်ဖို့ကို လူဗာ မျှော်၍နေသည်။

သို့ရာတွင် မမျှော်လင့်သောအကြောင်းတစ်ခုသည် လူဗာ၏အကြံကို ပင်၍ဖျက်သွားသည်။ ထိုအခိုက်တွင် တံခါး၏အပြင်ဘက်မှ ဗြန်းခနဲအသံတစ်ခု ထွက်ပေါ်လာသည်။ "သင် မဝင်ရဘူး။ ငါ့ကို သတ်ပစ်ချင်သတ်ပစ်။ သင် မဝင်ရဘူး"ဟု ဂျိပ်ရောက်က အော်ပြောနေသံကို ကြားရသည်။

"ငါ ဝင်မယ်။ ငါ ဝင်မယ်။ ဟိတ်ကောင် ဖယ်နော်ဖယ်"ဟု တစ်စုံတစ်ယောက်က ပြန်၍အော်သည်။

ထိုအခိုက်တွင် တံခါးနှစ်ဖက်စလုံး ဗြုန်းခနဲပွင့်သွားပြီး ချိပ်ရောက်သည် အခန်းထဲသို့ စန့်စန့်ကြီးလဲကျသွားသည်။

သူ့နောက်က အရပ်ရှည်ရှည်လူတစ်ယောက်ထပ်ကြပ် ဝင်လိုက်လာသည်။ သူ့ ပုံပန်းမှာ ကြောက်စရာကောင်း၍ အသက်ကိုလည်း ပြင်းပြင်းကြီး ရှူလျက်ရှိသည်။ သူ့မျက်စိများကလည်း ကျောက်မျက်စိရောင်ထနေသည်။ ထိုသူသည် တုန်းတုန်းလဲနေသော ချိပ်ရောက်ကို ငေး၍စိုက်ကြည့်နေသည်။

ကိုရင်က "ဟော့ ပါဗယ် သင် ဒီကို ဘာလာလုပ်တာလဲ။ ဆရာဝန်က သင့်ကို အိပ်ရာထဲက မထရဘူးပြောထားတယ် မဟုတ်လား"ဟု အော်၍ပြောသည်။ ပြီးလျှင် ကိုရင်သည် ထိုင်ရာမှထလိုက်သည်။

ပါဗယ်သည် ကိုရင်၏ ပထမ မယားကမွေးသော သားဖြစ်၍ သေသောက်ကြူး ဖြစ်ကြောင်းကို လူတိုင်းသိသည်။ လူမမာတစ်ယောက်ကို ဂရုဏာသက်ကြသည့်နည်းတူ ပါဗယ်ကိုလည်း လူတိုင်းဂရုဏာသက်ကြသည်။ ထို့နည်းတူစွာပင် ကိုရင်ကိုလည်း သနားကြသည်။ ပါဗယ်သည် ယိုင်တီးယိုင်တိုင်နှင့် လက်တွင်စက္ကူတစ်ရွက်ကိုကိုင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အဖေ ငါရေးထားတဲ့ ကဗျာကို နားထောင်မလား"ဟု ပါဗယ်က မေးသည်။ ပြီးလျှင် စစ်ဗိုလ်ကိုမြင်သဖြင့် "သူက ဘယ်သူလဲ။ သက်တော်စောင့် အသစ်လား။ ဒီမှာ သက်တော်စောင့်တွေထားလို့ ဘာလုပ်မှာလဲ။ သူဟာ ကဗျာကို နားလည်မှာမဟုတ်ပါဘူး။ အဲလို ငါ ဘယ်ရောက်နေပါလိမ့်။ ဟောတွေ့ပြီ။ တွေ့ပြီ။ ဒီမှာလေ ငါ့ကဗျာ"ဟု ပါဗယ်က ပြောပြီး စကားစပျောက်သွားဟန်ဖြင့် ရပ်နေသည်။

ပါဗယ်က တစ်ဖန်ဆက်၍ "ငါ့ကဗျာက ဘာအကြောင်းရေးထားတယ် ဆိုတာကို ငါ ပထမဆုံးပြောပြမယ်။ နို့မို့ရင် သင် နားလည်မှာ မဟုတ်ဘူး။ ငါ့ကဗျာက အနှစ် နှစ်ထောင်ကျော်တုန်းက ဂရိပြည်မှာဖြစ်တဲ့အကြောင်း ရေးထားတာ။ မဟုတ်သေးဘူး။ နေဦး။ နေဦး။ မနေ့ကမှဖြစ်တဲ့ အကြောင်းပဲ။ အရေးမကြီးပါဘူး"ဟု ပြောသည်။

ကိုရင်က "ပါဗယ် အိပ်ရာထဲသွားပြီး လှဲနေစမ်း။ သင်အိပ်ရာက နိုးတော့မှ သင့် ကဗျာကို ငါ ကြည့်မယ်"ဟု ပြောပြီးလျှင် ပါဗယ်၏ ပခုံးကိုဖက်ကာ စာရွက်ကို ကြည့်လိုက်သည်။ စာရွက်ထဲ ဘာမျှရေးမထားသည်ကို တွေ့ရသဖြင့် "သင့်ကဗျာက ရေးမှမရေးရသေးဘဲ ရေးပြီးတော့ ငါ ဖတ်ကြည့်မှာပေါ့"ဟု ကိုရင်က ပြောသည်။

ပါဗယ်သည် ခေါင်းကိုခါ၍ မျက်နှာကိုမဲ့ပြီးလျှင် "အဖေ အဖေ့မျက်နှာကို ငါ မမှတ်မိဘူး။ ငါ ရေးထားပါတယ်။ ငါ မရေးရသေးပါဘူး။ ငါ့ကဗျာက ငါ့ အသည်းထဲမှာ ရေးထားတာပဲ ဟုတ်ပါတယ်"ဟု ပြောသည်။

ပါဗယ်သည် သူ့အဖေဆီမှ ရုန်း၍ထွက်သွားပြီး ဧည့်သည်များအနီးသို့ကပ်၍ "ငါ့ကဗျာက ဂရိပြည်မှာဖြစ်တဲ့အကြောင်း ဂရိပြည်ကို ဆွင်တုတ်ဆိုတဲ့ လောကဓာတ်ဆရာကြီးက အုပ်ချုပ်တယ်။ အဲဒီဆွင်တုတ်က သူ့စစ်အောင်ပွဲတွေကို ကဗျာဖွဲ့ဖွဲ့နိုင်းဖို့ ပိုဝက်တုတ်ဆိုတဲ့ စာဆိုတော်တစ်ယောက်ခန့်ထားတယ်။ အဲဒီ စာဆိုတော်က ဆွင်တုတ် ကိုယ်ရဲ့ ပေကျံနေတဲ့နောက်ပိုင်းကို လျှာနှင့်လျက်လျက်ပေးရတယ်။ အဲဒါ သူ့ရဲ့ နေ့စဉ် ဝတ္တရားပဲ။ ဒါကြောင့် ငါ့ကဗျာကို ငါက ဟောဒီလို စပြီးရေးထားတယ်"ဟု ပြောသည်။

ကိုရင်သည် မျက်နှာမဲ့သွားသည်။ သူ့မျက်နှာတွင် အမျက်ထွက်ဟန်ပေါ် နေသည်။ ကိုရင်သည် သူ့သားဆီသွား၍ လက်မောင်းကို အတင်းဆွဲ၍ လှည့်လိုက်ပြီးလျှင် ပါဗယ်၏ပါးကို သူ့လက်ဝါးနှင့် ရုတ်တရက် ရိုက်လိုက်သည်။ "တိတ်စမ်း နောက်ကို ဒီလိုမပြောနဲ့"ဟု ကိုရင်က ဆိုသည်။

နီနာက "အို အဖေကလည်း ဘယ်လိုလုပ်တာလဲ"ဟု အော်လိုက်သည်။ နီနာသည် ထိုင်နေရာမှထမည်လုပ်သောအခါ ဂလူယက်က "သင်က အသာနေပါ"ဟု ပြောပြီး တားထားသည်။

ပါဗယ်၏ မျက်နှာတွင် လက်ရာကြီး ထင်သွားသည်။ ပါဗယ်သည် သူ့အဖေအား အံ့သြသော မျက်နှာထားနှင့် တွေ၍ကြည့်နေပြီး "နေပါဦး အဖေက ငါ့ကို ဘာလို့ ရိုက်ရတာတုံး။ ငါပြောတာ သင်က ဘာနာစရာရှိလို့လဲ။ သင့်ကို လူများက လူထုရဲ့ အရှက်အကြောက်တရားလို့ ပြောနေကြတာ။ အခုတော့ ငါက သင့် အရှက်



အကြောက်တရား ဖြစ်နေပါပကော"ဟု ပြောသည်။ ပြီးလျှင် ပါဗယ်သည် ရှိုက်ကြီး တငင်ငိုသည်။

ဗိုလ်ကြီးဆေမျိုနောက်သည် ပါဗယ်ဆီသို့သွား၍ ပါဗယ်၏ခါးကိုဖက်ပြီးလျှင် "လာပါချစ်ဆွေ အိပ်ရာထဲသွားရအောင်ပါ။ လာပါ။ လာပါ"ဟု ချော့ခေါ်သည်။

ထိုအခါ နီနာသည် ဘယ်လိုဖြစ်သွားသည်မသိ။ သူ့အဖေက ပါဗယ်ပါးကို ရိုက်လိုက်ခြင်းသည် သူ့စိတ်ကို များစွာမထိခိုက်ဘဲ လျှို့ဝှက်သူလျှိုဗိုလ်က ပါဗယ်ကို အသာအယာ ကိုင်တွယ်လိုက်ခြင်းသည် သူ့စိတ်ကို အများကြီးထိခိုက်၍သွားသည်။ ဘေးဥပါဒ်ဖြစ်ခါနီး၍ နိမိတ်ပြသည့်အခါမျိုးတွင် ဖြစ်တတ်သည့်နည်းတူ နီနာ၏ဝမ်းထဲတွင် တစ်စုံတစ်ခု ပြုတ်ကျသွားသလို ဖြစ်၍သွားသည်။ နီနာသည် ထိုင်နေရာမှ ဖြုန်းခနဲထ၍ သူ့အစ်ကိုအနားသို့ သွားပြီးလျှင် စစ်ဗိုလ်ကို အတင်းတွန်းဖယ်ပစ်ကာ "သင် ဖယ်ပါ ငါ လိုက်ပို့ပါမယ်"ဟု ပြောသည်။

ပါဗယ်က သနားစဖွယ်ပြုံးကာ "ဩော် ငါ့နှမလေးလား။ သင်ဟာ ငါ့မိတ်ဆွေအစစ်ဆုံးပဲ။ သင်ပြောတဲ့စကားကို ငါ အကုန်နားထောင်မနော်"ဟု ပြောသည်။

နီနာက "ကိုင်း ဒါဖြင့်လာ သွားမယ်"ဟု ပြောသည်။

အိမ်ပေါ်သို့ရောက်သွားသောအခါ နီနာက ပါဗယ်အား အိပ်ရာထဲ၌ သိပ်ပြီးလျှင် သူ့ပါးကို လက်ကိုင်ပဝါနှင့်သုတ်ပေးသည်။ ပါဗယ်သည် နီနာ၏လက်ကို တုန်တုန်ယင်ယင်နှင့် ကိုင်၍နမ်းပြီးလျှင် "နီနာရေ တို့တွေ့ရသမျှထဲမှာ ဒီတစ်ခါဟာ အဆိုးပဲထင်တယ်"ဟု ရှိုက်ရင်းရှိုက်ရင်း ပြောသည်။

ထို့နောက် ပါဗယ်သည် နှုတ်ခမ်းကို ကြောက်စရာရွဲ့ပြီးလျှင် "ငါ့ကို ဘယ်ကောင်မှမထိရဲပါဘူး"ဟု ပြောပြီးလျှင် အိပ်ပျော်သွားသည်။

အိမ်အောက်ထပ်သို့ နီနာပြန်ရောက်သွားသောအခါ စကားပြောကြေးနန်းလာနေသဖြင့် နီနာက သွား၍နားထောင်သည်။ လီဒါက စကားပြောကြေးနန်းထဲမှ ဝမ်းသာအားရ စကားလှမ်းပြောနေသည်။ "နီနာရေ ငါ လောကွတ်ပြောတာလဲ မဟုတ်ပါဘူးအေ။ ညည်းအဖေကို ပြောလိုက်စမ်းပါ။ ငါက ချီးကျူးနေတယ်လို့။ အရင်တုန်းကတော့ သူ့ကို ငါ့စိတ်ထဲက အထင်လွဲမိခဲ့တယ်"ဟု ပြောသည်။

နီနာက "တယ်ထူးတဲ့ သတင်းပါလားဟဲ့ အရူးမရဲ့။ နေပါဦးအေ့ ညည်းက ဖြုန်းစားကြီး ဘယ်လိုစိတ်ပြောင်းလာတာလဲ"ဟု ပြောသည်။

"နောက်မှ ငါ ပြောပြမယ်အေး ငါ့မှာ အပူကြီးတစ်ခုရှိနေလို့ပါ။ အခုတော့ မေးသွားပါပြီ။ ငါပြောတာသာ ညည်းအဖေကို ပြောဖြစ်အောင်ပြောလိုက်ပါ။ မမေ့မနေပါနဲ့"

"စိတ်ချပါအေ ပြောလိုက်ပါမယ်။ ဒါထက် ဒီနေ့ည ထမင်းစားပွဲကြီးကို ညည်းလာဦးမလား"

"ငါ လာဖြစ်မယ်မထင်ပါဘူးအေး ဒါပဲဟေ့ ငါ့မှာ အရေးကြီးတဲ့ကိစ္စ ရှိနေသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



နီနာသည် စကားပြောကြေးနန်းကို အဆက်ဖြတ်၍ သူ့အဖေနှင့် ဧည့်သည်များရှိရာသို့ လာခဲ့သည်။ နီနာ၀မ်းထဲက "အဖေ့ကိုချီးကျူးတဲ့ လူတစ်ယောက်ပေါ်နေတယ်"ဟု ပြောချင်သော်လည်း ဧည့်သည်များရှိနေသဖြင့် အကွက်မဆိုက်၍ မပြောဖြစ်။

ဂိုရင်က "ဒီမှာ ဗိုလ်ကြီးဆေမျိုးနောက် ဗေရီးယားကို ပြောလိုက်ပါ။ ပြင်သစ်စာရေးဆရာကြီးကို အစိုးရနွေရာသီ ဧည့်ခံအိမ်မှာ ဧည့်ခံပါတော့လို့" ဟု ပြောသည်။

ဗိုလ်ကြီးဆေမျိုးနောက်က "ကောင်းပါပြီ ရဲဘော်ဂိုရင်၊ ဒီလိုဆိုတော့ ငါစောစောပြန်မှဖြစ်မယ်။ ထမင်းစားဖို့ မစောင့်တော့ဘူး"ဟု ပြောသည်။

ဂလူယုက်သည် ဗိုလ်ကြီး၏ မော်တော်ကားကြဲနှင့် ပြန်လိုက်သွားသည်။ သူတို့နှစ်ယောက်သည် လမ်းတစ်လျှောက်လုံး ကိုယ့်စိတ်ကူးနှင့်ကိုယ် တွေးသွားကြပြီး တစ်ယောက် နှင့်တစ်ယောက် စကားမပြောဖြစ်ကြ။

ဂလူယုက်သည် အများကြီး ရင်လေးနေသည်။ ဂိုရင်အိမ်သို့ သူသွားခြင်းမှာ ဂိုရင်အား နီဗီကောက်အကြောင်းကို သတိပေးရန်အကြံနှင့် သွားခြင်းဖြစ်သော်လည်း သူ့အကြံမှာ မအောင်မြင်ခဲ့။ ထိုသို့ဖြစ်ရသည့်အထဲတွင် လျှို့ဝှက်သူလျှိုဗိုလ်လာနေတုန်းမှ ပါဗယ်ကဝင်၍ ရှုပ်လိုက်ပြန်သည်။ ထိုအဖြစ်အပျက်ကို ဂလူယုက်သည် အထက်သို့ အပြည့်အစုံ အစီရင်ခံရတော့မည်။ ထိုအလုပ်သည် တာကယ့်ကို စိတ်မချမ်းသာစရာလည်းကောင်း၊ ယုတ်လည်းယုတ်မာ အလုပ်ပင်ဖြစ်သည်။ ဂလူယုက်သည် သူ့အဖြစ်ကိုသူ ၀မ်းနည်းလာသဖြင့် "ငါသည် ယုတ်မာသူတို့သာ လုပ်လေ့ရှိသော သစ္စာဖောက်အလုပ်ကို လုပ်၍နေရပြီ။ ငါသည် သူများကိုလည်း သစ္စာမဖောက်လို၊ သူများက ငါ့ကို သစ္စာဖောက်ခြင်း ကိုလည်း ငါမကြိုက်"ဟု ညည်းညူမိသည်။

***

---

အခန်း(၄)

---

ခေါက်ခေါက်၊ ခေါက်ခေါက်နှင့် တံခါးကို ခေါက်နေသည်။ လီဒါ ထိုင်ရာမှ မထဘဲ နားစွင့်ပြီး ကြောက်ကြောက်လန့်လန့်နှင့် တံခါးကိုကြည့်နေသည်။

တံခါးခေါက်သံသည် ပို၍ပြင်းထန်လာသည်။ လီဒါသည် ဆိုဖာပေါ်မှထ၍ "မကြောက်ပါနဲ့အေ။ လီဒါ"ဟု သူ့ကိုယ်သူ အားပေးလိုက်သည်။ ပြီးလျှင် တုန်တုန်ယင်ယင်နှင့် တံခါးသို့သွား၍ "ဘယ်သူလဲ"ဟု မေးသည်။

"တက္ကသိုလ်ကျောင်းသားတစ်ယောက်ပါ။ တစ်ဆိတ်ဝင်ခွင့်ပြုပါ"ဟု အပြင်က အသံရှင်က ပြောသည်။

လီဒါက တံခါးကို ဖွင့်လိုက်သောအခါ ဗလကောင်းကောင်းနှင့် လူရွယ်တစ်ယောက်က ပြုံးရယ်၍ "ငါဟာ နီကိုလေပါ၊ သင်က လီဒါပဲမဟုတ်လား" ဟု မေးသည်။



နီကိုလေသည် လီဒါကို ခြေဆုံးခေါင်းဆုံး သေသေချာချာကြည့်ပြီး စိတ်ပျက်သွားသည့် မျက်နှာထားဖြင့် "နီဗီကောက်က ဘယ်လိုဟာမျိုးများ ကြိုက်နေတယ် မပြောတတ်ဘူး။ ကောင်မလေးက ကလေးပဲရှိသေးတာပဲ။ ရင်သားကလည်း ဗိုဗိုသေးသေးကလေးရယ်။ ခြေထောက်ကလည်း--"ဟု တွေးမိသည်။

နီကိုလေသည် နောက်ထပ်စကားမပြောဘဲ အိမ်ခန်းကိုသာ စိမ်ပြေနပြေ ကြည့်ပြီးမှ "အိမ်ထောင်ပရိဘောဂတွေက သိပ်ကောင်းတာပဲ"ဟု ပြောသည်။

"သင် ဘာကိစ္စရှိလို့လာတာလဲ။ ပြောပါ"ဟု လီဒါက ဆိုသည်။

"ကိစ္စက ဒီလိုပါ နမလေးရယ်"ဟု ပြောပြီး နီကိုလေသည် လေသံကို ပြောင်းလိုက်ပြီး တိုးတိုးကလေးဆက်၍ "အပြင်မှာ သင့်အသိတစ်ယောက် စောင့်နေတယ်"ဟု ပြောသည်။

"ငါ နားမလည်ဘူး။ အဲဒီလူက ဘယ်သူလဲ"

"ဘယ်သူဆိုတာ သိမှာပေါ့။ မြန်မြန်လာပါ"

"သင်က ဘာလို့လေသံနဲ့ ပြောနေရတာလဲ"ဟု လီဒါက အော်၍ပြောသည်။

နီကိုလေသည် မျက်လုံးများပြူးလာပြီး လီဒါ၏ ပါးစပ်ကို ဗြုန်းခနဲ သူ့လက်နှင့် ပိတ်လိုက်သည်။ "တိုးတိုးပြောပါ။ တိုဘက်ခန်းက လူတွေကြားကုန်ပါမယ်။ ဒီကိစ္စကလျှို့ဝှက်တဲ့ကိစ္စပါ"ဟု နီကိုလေက ပြောသည်။

လီဒါက နီကိုလေကို အတင်းဖယ်ပစ်လိုက်ပြီး "ဒီနားမှာ အခန်းနီးချင်း တစ်ယောက်မှ မရှိဘူး။ အခုအိမ်မှာလည်း ငါတစ်ယောက်တည်းရှိတယ်။ သင်တို့ကိစ္စကို ပြောမှာသာပြောပါ"ဟု ပြောသည်။ လီဒါ စိတ်ဆိုး၍လာပြီ။

နီကိုလေသည် ရဲလာပြီး "ဩော် အိမ်မှာ သင်တစ်ယောက်တည်းကိုး။ ဒီလိုဆို စောစောက ပြောရောပေါ့"ဟု ပြောပြီး လီဒါကို အတင်းတွန်းပြီး ဧည့်ခန်းထဲသို့ ဝင်လာသည်။ "ဟာ ဟာ တယ်ကောင်းတဲ့အခန်းပါလားဟေ့။ ဆိုဖာတွေရော၊ ပက်လက်ကုလားထိုင်တွေရော၊ ပန်းပုစားပွဲတွေရော၊ ကော်ဇောတွေရော စုံနေတာပဲဟေ့။ နီဗီကောက်က ဒါကြောင့် သင့်အဖေဟာ အရာရှိကြီးတစ်ယောက်ဖြစ်မှာပေါ့နော် ဟုတ်လား"ဟု နီကိုလေက စုံစမ်းသည်။

"ဒါပဲပြောလိုက်မယ်။ သင် ဘာကိစ္စလာသလဲဆိုတာကို ပြောရင်ပြောနော်။ မပြောရင် ငါမြို့စောင့်တပ်ကို တိုင်လိုက်မယ်"ဟု လီဒါက ကျိန်းသည်။

နီကိုလေသည် လီဒါ၏ ရှေ့တည့်တည့်တွင်ရပ်၍ လီဒါမျက်နှာကို စေ့စေ့ ကြည့်ပြီးလျှင် လီဒါ၏ မေးစေ့ကို သူ့လက်ချောင်းနှင့် အပေါ်သို့မော့လိုက်သည်။ ပြီးလျှင် နီကိုလေက ခေါင်းခါ၍ "ငါတော့ လုံးလုံးစဉ်းစားလို့ မရဘူး။ နီဗီကောက်က သင်နဲ့ ဘယ်လိုများ ပတ်သက်သလဲ မပြောတတ်ဘူး။ ဒါပေမယ့် အဲဒါက ငါ့အလုပ် မဟုတ်ပါဘူး။ ဒီမှာ ဒီလိုလုပ်မယ်။ သင် အပြင်ကို မသွားနဲ့တော့။ သူ့ကိုပဲ ငါ

www.burmeseclassic.com

www.burmeseclassic.com



အထဲကိုခေါ်လိုက်မယ်။ အိမ်ထဲက ပိုကောင်းတာပေါ့''ဟု ပြောသည်။ ပြီးလျှင် နီကိုလေသည် လီဒါ၏အဖြေကို မစောင့်ဘဲ အိမ်ပြင်သို့ထွက်၍ ''နီဗိကောက်ရေ လာဟေ့။ သူတစ်ယောက်တည်းရှိတယ်'' ဟု အော်၍ ခေါ်လိုက်သည်။

နီဗိကောက်သည် သစ်ပင်တစ်ပင်နောက်ကွယ်မှ ကပျာကယာ ထွက်၍လာ ပြီးလျှင် လီဒါ၏အိမ်ထဲသို့ ဝင်၍သွားသည်။

လီဒါက အံ့အားသင့်သွားပြီး ''ဩော် ပါမောက္ခနီဗိကောက်ပါလား။ ချုံကွယ်မှာ သင် ဘာလုပ်နေသလဲ''ဟု မေးသည်။

''ငါလာတဲ့အကြောင်း ပြီးတော့ ပြောပြပါမယ်။ အခု သင့်အိမ်မှာ သင် တစ်ယောက်တည်းပဲလားဆိုတာကိုသာ ငါ ပထမသိချင်ပါတယ်''ဟု နီဗိကောက်က ပြောသည်။

ညည့်ခန်းထဲ၌ ထိုင်မိကြသောအခါ နီဗိကောက်က ''ဟေ့ နီကိုလေ ငါနဲ့ လီဒါနဲ့ နှစ်ယောက်တည်း စကားပြောချင်တယ်။ သင် အပြင်ခဏထွက်နေရင် ကောင်းမယ်''ဟု ပြောသည်။

နီကိုလေ ထွက်သွားသောအခါ နီဗိကောက်က ဗီမာန်ဖွင့်ပွဲ ဝင်ခွင့်လက်မှတ်ကို လီဒါအားပြ၍ ''ရဲမေ လီဒါ ဒီလက်မှတ်ကလေးကို သင် သတိရရဲ့လား''ဟု မေးသည်။

လီဒါက ''ပါမောက္ခနီဗိကောက် သင်ငါ့ကို ဖမ်းဖို့လာတာမဟုတ်လား။ ငါ အဖမ်းခံဖို့ အဆင်သင့်ပါပဲ''ဟု ပြောသည်။

နီဗိကောက်က ရယ်၍ ''ငါ သင့်ကို ဖမ်းဖို့လာတာ မဟုတ်ပါဘူး။ သတိပေးဖို့ လာတာပါ''ဟု ပြောသည်။

''ငါ့ကို စိတ်ဆင်းရဲအောင် လုပ်မနေပါနဲ့။ မှန်တဲ့အတိုင်းသာပြောပါ ပါမောက္ခ''

နီဗိကောက်က သနားစိတ်ဖြင့် ''မကြောက်ပါနဲ့။ ဟိုမိန်းမကြီး ဂိုရင်နဲ့ တွေ့သွားပါတယ်။ အဲဒါဟာ သင့်အကြံုက်ပဲ မဟုတ်လား''ဟု ပြောသည်။

လီဒါက ပြုံးလျက် ''မှန်ပါတယ်။ အနို့ ဂိုရင်က အဲဒီမိန်းမကြီးပြောတဲ့ အတိုင်း လုပ်ပေးရဲ့လား''ဟု မေးသည်။

''ဂိုရင်က တာဝန်ခံလိုက်ပါတယ်။ အဲဒါက အရေးမကြီးပါဘူး။ အရေးကြီး တာက သင်လုပ်တဲ့အလုပ်ဟာ အများကြီးကြောက်ဖို့ကောင်းတယ်။ အန်ဒရေဟာ သင့်မိတ်ဆွေလား။ ဒါပေမယ့် ဒီမိတ်ဆွေဟာ သင့်အတွက်တွင် မဟုတ်ဘူး။ သင့် မိဘတွေကိုပါ အများကြီးဒုက္ခပေးမယ့် မိတ်ဆွေပဲ''ဟု နီဗိကောက်ကပြောသည်။ လီဒါကငြိမ်၍နေသည်။

နီဗိကောက် ဆက်၍ ''သင့်အဖေက ဘာလုပ်သလဲ။ သင်တို့ဟာ အိမ်ကြီး တစ်လုံးသပ်သပ်နဲ့ နေရတော့ သင့်အဖေဟာ အများကြီး အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီး တစ်ယောက်နဲ့ တူပါရဲ့''ဟုပြောသည်။



''ငါ့အဖေဟာ အမှတ်ခုနစ် စက်ရုံကြီးကို အုပ်ချုပ်တဲ့ ဒါရိုက်တာပေါ့''

''ဩော် ငါနားလည်ပြီ။ သင့်အဖေက ရုရှပြည်က အကြီးဆုံးလက်နက်လုပ် စက်ရုံကြီးက ဒါရိုက်တာကိုး''ဟု နီဗိကောက်က ပြောသည်။ ထိုစက်ရုံကြီး၏အပြင်ပန်း အမည်မှာ လယ်ယာစိုက်ပျိုးရေး ကိရိယာလုပ်သော စက်ရုံကြီးဖြစ်သော်လည်း အမှန်မှာ ဗိုက်ယဉ်(တင့်ကား)များလုပ်သော လက်နက်စက်ရုံကြီးဖြစ်သည်ကို ရောက်စတောက် တစ်မြို့လုံးသိသည်။

''သင့်အဖေဟာ အလုပ်ကြိုးစားလုပ်လို့ ရာထူးကြီးကြီးကိုရနေတယ် မဟုတ် လား။ ဒါကို သင်က မစဉ်းမစားသွားလုပ်ရင်''ဟု နီဗိကောက်ကပြော၍ စကားမဆုံးခင် လီဒါက ''မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေလို့ ကူညီတာကို မစဉ်းမစားလုပ်တယ်လို့ မဆိုနိုင်ပါဘူး''ဟု ဖြတ်၍ပြောလိုက်သည်။

''လီဒါ သင်ဟာ အများကြီး အသက်ငယ်သေးတယ်။ လောကကြီး အကြောင်း သင် နားမလည်သေးဘူး။ လောကမှာ ဘယ်အရာမှ ပကတိသဘောအားဖြင့် မှားတယ် မှန်တယ်ဆိုတာမျိုး မရှိဘူး။ မှားတယ်ဆိုတာလည်း ထင်မြင်ချက်ပဲ။ မှန်တယ် ဆိုတာလည်း ထင်မြင်ချက်ပဲ။ လူတစ်ဦးတစ်ယောက်စီက မှန်တယ်လို့ ယူဆတဲ့ ထင်မြင်ချက်ကိုလည်း အစိုးရကမှားတယ်လို့ ယူဆချင်ယူဆရုံမကသေးဘဲနဲ့ ရာဇဝတ်မှု လို့ ယူဆချင်လည်း ယူဆတတ်တယ်။ ထင်မြင်ချက်ချင်း ဆန့်ကျင်နေတဲ့အခါမှာ တစ်ခုနဲ့တစ်ခု ချေစပ်လို့ မရဘူး။ တစ်ခုကို အရှုံးပေးပြီး တစ်ခုကို အနိုင်ပေးမှရတယ်။ လူတစ်ဦးတစ်ယောက်ရဲ့ ထင်မြင်ချက်နဲ့ အစိုးရရဲ့ထင်မြင်ချက် ဆန့်ကျင်နေလို့ရှိရင် အစိုးရထင်မြင်ချက်က အနိုင်ရမြဲချည်းပဲ။ ဒါတော့ ထားပါတော့ ဒီကိစ္စမှာ လျှို့ဝှက်စရာ မရှိဘူးဆိုရင် သင့်ကို ငါ တစ်ခုမေးစမ်းပါရစေ။ ဘာလို့ ဟိုမိန်းမကြီးကို သင်က ဂိုရင်ဆီ ရွှေးလွှတ်ရတာလဲ''ဟု နီဗိကောက်က မေးသည်။

လီဒါက ''ဒီကိစ္စမှာ ဘာလျှို့ဝှက်ထားစရာမရှိပါဘူး။ ငါ သင့်ကို ယုံပါတယ်။ ငါ ပြောပြပါမယ်။ ဒါထက် ငါ စိတ်မကောင်း ဖြစ်နေတာတစ်ခုရှိလို့ သင့်ကို မေးစမ်းပါရစေ။ ဒီကိစ္စဟာ ဂိုရင်တာဝန်ခံတဲ့အတိုင်း နေရာကျပါ့မလား။ ငါတော့ဖြင့် ငါ့ထင်မြင်ချက်ကိုပဲ မှန်တယ်လို့ယူဆနေသေးလို့ မေးရတာပါ ပါမောက္ခ'' ဟု လီဒါက ပြောသည်။

''အန်ဒရေအတွက်တော့ နေရာကျစရာရှိပါတယ်။ အနည်းဆုံး ခဏပန်းတော့ နေရာကျမှာပါပဲ''ဟု နီဗိကောက်က ဖြေသည်။

''ကျေးဇူးတင်ပါတယ်။ ငါလည်း ဒါပဲ ကြားချင်ပါတယ်''ဟု လီဒါက ပြောသည်။ ပြီးလျှင် လီဒါသည် နီဗိကောက်ဆီမှခွင့်ပန်၍ စကားပြောကြေးနန်း သွားပြောသည်။

လီဒါသည် စကားပြောကြေးနန်းပြောရာမှ ပြန်လာပြီး ဆိုဖာပေါ်တွင် နီဗိကောက်ဘေးနားက ဝင်ထိုင်၍ နီဗိကောက်လက်မောင်းပေါ်တွင် ၎င်းလက် ကင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"သင်ဟာ အခြားပါမောက္ခတွေနဲ့ မတူဘူး။ အတော်ချီးကျူးစရာ ကောင်းတယ်။ ဒီပြင် ပါမောက္ခတွေဆိုရင် ဘယ်သူငါ့ဆီလာပြီး အခုလိုသတိပေးမလဲ။ အကုန်လုံး သရဲဘောနည်းတဲ့ လူတွေချည်းပဲ။ သင်သာမကယ်ရင် အခုလို ငါ မိုက်မိုက်ရူးရူးလုပ် ပုံမျိုးနဲ့ဆိုရင်တော့ ဒုက္ခအများကြီးဖြစ်ကုန်မှာပေါ့" ဟုပြော၍ နိဗိကောက်၏ ပါးကို နမ်းလိုက်သည်။

"ငါ့အပေါ်မှာ ဒီလို ယုံကြည်အားကိုးတဲ့အတွက် ငါ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် သင်ဟာ မစဉ်းစားလုပ်ချင်ရာလုပ်တတ်တာတော့ မကောင်းဘူး" ဟု နိဗိကောက်က ပြောလိုက်သောအခါ ပြတင်းပေါက်မှ အသံတစ်ခုကြားရသည်။ နိဗိကောက်က ထ၍ကြည့်ပြီး "နီကိုလေက သိပ်နှောက်တဲ့ အကောင်ကိုးကွ။ သင်လာပြီး ချောင်းကြည့်တာ ငါ သိပါတယ်" ဟု အော်၍ပြောလိုက်သည်။ သို့ရာတွင် နီကိုလေမှာ ပြတင်းပေါက်နားတွင် မရှိတော့။

နိဗိကောက်က "ဒီမှာ လီဒါ သင် ငါ့ကို ယုံကြည်လို့ရှိရင် စကားချန်မထားပါနဲ့။ အကုန်ပြောပြပါ" ဟု ဆိုသည်။

လီဒါက "ငါ ညက တစ်ညလုံး အိပ်မပျော်ဘူး။ အိုးလိတ် ရမ်းကားတာမျိုးမြင်ရတော့ ဘယ်သူအိပ်ပျော်နိုင်မှာလဲ။ ပြီးတော့ သူတို့က အိုးလိတ်ကိုတော့ မဖမ်းဘဲနဲ့ ဘာလို့ အန်ဒရေကို ဖမ်းရတာလဲ။ (ငါတို့ တိုင်းပြည်မှာ ရိုးဖြောင့်တဲ့လူများဆင်းရဲ ဒုက္ခမရောက်နိုင်ဘူး)လို့ ဂိုရင်ရေးတဲ့ စာတွေကို ငါ ဖတ်ဖူးတယ်။ ဒါပေမယ့် ဂိုရင်ကို ငါမယုံပါဘူး။ ဂိုရင်ဟာ မဟုတ်တာတွေကို တမင်လျှောက်ရေးနေတယ်ထင်တယ်။ ငါ့အထင်ဟာ မှားချင်လည်းမှားမပေါ့။ အဲဒါနဲ့ မနက်ကတော့ အန်ဒရေကိုလည်းကူညီတဲ့သဘောနဲ့ ဂိုရင်ကို ငါ စမ်းကြည့်လိုက်တယ်။ (အဖေ့အပြစ်အတွက် သားမှာ တာဝန်မရှိစေရဘူး) လို့ ဂိုရင်ပြောတဲ့စကားဟာ လူတိုင်းပါးစပ်မှာ ရောက်နေတယ်။ ဒီတော့ ဂိုရင်က သူပြောတဲ့အတိုင်း သူ့ဟာသူ ကျင့်ပြရမယ်။

"ပြီးတော့ ဒီလိုလုပ်လိုက်ရင် ဘေးဒုက္ခဖြစ်လိမ့်မည်ဆိုတာတော့ ငါထည့်မစဉ်းစားမိဘူး။ ငါ့စိတ်ထားမှာ အန်ဒရေကို ကူညီချင်တာတစ်ခုပဲရှိတယ်။ အဲဒါနဲ့ ငါကိုယ်တိုင် ဗိမာန်ဖွင့်ပွဲကို မသွားဘူး။ အဖေကလည်း ငါ့ကို အများကြီး စိတ်ဆိုးသွားတယ်။ ပြီးတော့ အဖေက ငါ့ကို ပေးသွားတဲ့ ဖွင့်ပွဲဝင်လက်မှတ်ကို အန်ဒရေ့အမေကို ငါ သွားပေးလိုက်တယ်။ သူတို့နေတဲ့အိမ်ကလည်း သိပ်စုတ်ချာတာပဲ။ ဘုန်းကြီးကျောင်းအိုကြီးအောက်ထပ်မှာ ခြောက်ခြောက်သွေ့သွေ့လည်း မရှိဘူး။ အဲဒီနေရာကို ပြည်သူ့အိမ်လုပ်ထားတယ်။ ငါရောက်သွားတော့ အန်ဒရေရဲ့အမေဟာ သူ့သားအတွက် သိပ်စိတ်ပူနေရှာတယ်။ ဒါနဲ့ ငါလည်း ငါ့လက်မှတ်ကိုပေးပြီး ဗိမာန်ဖွင့်ပွဲကို ဘယ်လိုဝင်ရတယ်ဆိုတာ ပြောပြီးပြန်လာခဲ့တယ်။ အဲဒါနဲ့ ငါ့စိတ်ထဲမှာ ဘယ်လိုသတင်းဆိုးများ ကြားရမလဲဆိုပြီး တထိတ်ထိတ်ဖြစ်နေတုန်းမှာ အခုလို သင်က မိတ်ဆွေတစ်ဦးအနေနဲ့ သတိလာပေးတာပါပဲ" ဟု ပြောပြီးလျှင် လီဒါက ရှိုက်ကြီးတငင်ငိုသည်။



"မငိုပါနဲ့ လီဒါရယ်။ ဒီကိစ္စဟာ အေးသွားပါလိမ့်မယ်" ဟုပြောပြီးလျှင် နိဗိကောက်က လီဒါကို ဖက်၍ထားသည်။

✳✳✳

## အခန်း(၅)

ထိုနေ့က လီဒါ၏အဖေနှင့် အမေတို့သည် ညနေ ၄ နာရီလောက်ကျမှ ဗိမာန်ဖွင့်ပွဲက ပြန်လာကြသည်။ ဗေရီးယား၏မိန့်ခွန်းကို ကြားရသဖြင့် လီဒါ၏အဖေ ဆီဒိုရောက်သည် အခြားသော သူများနည်းတူ အများကြီး စိတ်မချမ်းမသာဖြစ်၍ နေသည်။ "အင်း လုပ်ကြပြန်ပြီ။ မနှစ်က အပုပ်ချပွဲပြီးလို့မှ အသက်မရှူနိုင်သေးဘူး။ နောက်ထပ်တစ်ခုလာဦးမယ်။ တို့တိုင်းပြည်မှာ အပုပ်ချလို့ အားမရနိုင်အောင်ဘဲ ဖြစ်နေပြီ။ ဘယ်တော့များမှ အေးအေးချမ်းချမ်း နေရမှာလဲမပြောတတ်ဘူး။ အပုပ်ချပွဲတစ်ခု အလွန်ဆုံးနှစ်ခုလောက်ကို လွတ်အောင်ရှောင်လို့ ရချင်ရမယ်။ တစ်နှစ်တစ်ခါဆက်ဆက်ပြီးပေါ်နေတဲ့ အပုပ်ချပွဲတွေကို ခေါင်းနဲ့ကိုယ်အိုးစားမကွဲဘဲ လွတ်အောင်ရှောင်ဖို့ဆိုတာကတော့ ခက်တာပဲ" ဟု ဆီဒိုရောက် တွေးမိသည်။

အိမ်ဝင်းထဲသို့ မော်တော်ကားနှင့် ဝင်လာသောအခါ ပြတင်းပေါက်အနီးတွင် လူဟာစ်ယောက်ရောက်နေသည်ကို ဆီဒိုရောက် မြင်လိုက်သည်။

"ဟေ့ အီဗန် ရပ်လိုက်စမ်း၊ ရပ်လိုက်စမ်း" ဟု သူ့ မော်တော်ကားမောင်းသမားကို ဆီဒိုရောက်က အမိန့်ပေးလိုက်သည်။

ဆီဒိုရောက်စိတ်ထဲက "အင်း စကြပြီ။ ဒါဟာ ဒုရောက်လွှတ်လိုက်တဲ့ သူလျှိုပေါ့။ ဒီကောင်ကလည်း ဘာလို့ ငါ့ကို စောင့်ကြည့်ချင်ရမှန်း မသိဘူး" ဟု အောက်မေ့လိုက်သည်။

ဆီဒိုရောက်သည် သူ့မိန်းမကို မော်တော်ကားပေါ်တွင် ထားခဲ့ပြီးနောက် မော်တော်ကားမောင်းသမားကိုခေါ်၍ ချုံကွယ်မှပုန်းကာ သူ့အိမ်ပြတင်းပေါက်က ချောင်းကြည့်နေသူကို ဇိကုပ်၍ အဖမ်းခိုင်းလိုက်သည်။

ထိုအခိုက်တွင် နီကိုလေမှာ လီဒါက နိဗိကောက်ပါးကို နမ်းလိုက်သောအခါ ဖြစ်သည်။ ဆီဒိုရောက်၏ တပည့်သည် နီကိုလေအား ပါးစပ်ပိတ်၍ခေါ်သွားပြီးလျှင် မော်တော်ကားရုံထဲသို့ သွင်းထားလိုက်သည်။ ထို့နောက် ဆီဒိုရောက်က သူ့တပည့်အား တိတ်တိတ်နေဟေ့။ ဒီပြင် သူ့အဖော် အိမ်ထဲမှာရှိလိမ့်ဦးမယ်" ဟု ပြောသည်။

ဆီဒိုရောက်က နီကိုလေအား "သူငယ်ချင်း သင်က ဘာကိစ္စနဲ့ ငါ့အိမ်ပြတင်းပေါက်က တက်ချောင်းကြည့်ရတာလဲ" ဟု ယဉ်ကျေးစွာ မေးသည်။

နီကိုလေသည် ကြောက်လန့်ပြီး ဘာမျှစကားပြန်မပေးနိုင်။

ထို့နောက် ဆီဒိုရောက်သည် သူ့တပည့်အား နီကိုလေ၏ ဘောင်းဘီကို အတင်းဆွဲချွတ်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



အီဗန်က နီကိုလေကို အကုန်းခိုင်းပြီး သူ့ခေါင်းကို ဒူးနှစ်ဖက်နှင့်ညှပ်ထားသည်။ ဘောင်းဘီမရှိသော နီကိုလေသည် တဆတ်ဆတ်တုန်၍နေသည်။

ဆီဒိုရောက်က အီဗန်အား နီကိုလေ၏ခေါင်းကို သူ့ဘက်သို့လှည့်ပေးရန် ခိုင်းပြီးနောက် "ငါ့အိမ်ကို သင် ဘာလို့ သူလျှိုလာလုပ်တာလဲ။ သင့်ကို ဘယ်သူက လွှတ်လိုက်သလဲ"ဟု မေးသည်။

"ငါ သူလျှိုလာလုပ်တာ မဟုတ်ပါဘူး"

"ဟိတ် အီဗန် ဒီကောင်ကို နာနာရိုက်စမ်း"

အီဗန်က နီကိုလေ၏ကျောကို ခါးပတ်နှင့်ရိုက်သည်။

"အီဗန်ရဲ့ မရိုက်ပါနဲ့။ ငါ အကုန်ပြောပြပါမယ်။ ငါ့အစ်ကို ပါမောက္ခ နီဗိကောက် အိမ်ထဲမှာရှိတယ်"ဟု ဘောင်းဘီမရှိသော နီကိုလေက အီဗန်၏ ဒူးခေါင်းနှစ်ခုကြားမှနေ၍ ပြောသည်။

"အီဗန်ရေ ဒီကောင် ထပ်ရိုက်စမ်း။ ဘာတွေ လျှောက်ပြောနေမှန်း မသိဘူး"ဟု ဆီဒိုရောက်က ပြောသည်။

"ငါ လိမ်ပြောတာမဟုတ်ပါဘူး။ သူတို့အထဲမှာ နမ်းနေကြပါတယ်"

"ဘယ်သူနဲ့ ဘယ်သူနမ်းနေကြသလဲ။ ရှင်းအောင်ပြောရင်ပြော မပြောရင် နင့်အရေကို ခွာပစ်မယ်"ဟု ဆီဒိုရောက်က ကျိန်းသည်။

"ဆီဒိုရောက်သမီးနဲ့ ပါမောက္ခနဲ့ နမ်းနေကြတယ်။ ရိုက်ချင် သူ့ကိုသွားရိုက်ပါလား။ ဘာဆိုင်လို့ ငါ့ကိုရိုက်ရမှာလဲ"ဟု နီကိုလေက ပြောသည်။

"အီဗန်ရေ တို့ ဟိုကောင်ပါ ရိုက်မယ်ဟေ့ နေဦးဟေ့။ အီဗန်ရေ ဒီကောင်ပါ ခေါ်ခဲ့" ဟု ဆီဒိုရောက်ကပြောပြီး နီကိုလေကို ဘောင်းဘီအဝတ်ခိုင်းသည်။

ဆီဒိုရောက်သည် တံခါးကိုတွန်း၍ အိမ်ထဲသို့ဝင်သွားရာ နီဗိကောက်က လီဒါကို ဖက်ပြီး ထိုင်နေသည်ကို တွေ့ရသည်။ ဆီဒိုရောက်က "ဟိတ် ဘာလုပ်နေကြတာလဲ"ဟု အော်လိုက်သဖြင့် လီဒါနှင့်နီဗိကောက်တို့ လန့်ပြီးခုန်လိုက်ကြသည်။ ဆီဒိုရောက်က "ဒါကြောင့် ငါ့သမီးလီဒါက ဖွင့်ပွဲမလိုက်တာကိုး။ အင်း ဒီလို နမ်းရှပ်နေရတာ ပျော်စရာကြီးပေါ့ကွာ"ဟု ပြောပြီး နီဗိကောက်ဘက်သို့လှည့်ကာ "သင်က ဘယ်သူလဲ"ဟု မေးသည်။

"ငါဟာ ပါမောက္ခနီဗိကောက်ပါ။ သင်က လီဒါရဲ့အဖေလား"ဟု နီဗိကောက်က မေးသည်။

"သြော် ဒါက သင်တို့ပညာရှိကြီးများရဲ့ အလုပ်ဆိုပါတော့။ အနို့ ဒီကောင်ကကော ဘယ်သူလဲ"ဟု ဆီဒိုရောက်က နီကိုလေကိုပြ၍မေးသည်။

"ဒါက ငါ့ညီ နီကိုလေပါ"

"ကိုင်း ပါမောက္ခက ငါ့သမီးနဲ့ ဘာလာလုပ်ကြတယ်ဆိုတာ တစ်ဆိတ်မိန့်စမ်းပါဦး"



"သင့်သမီးကို ရာဇဝင်သင်တန်းပေးဖို့ လာတာပါ"

"သြော် ရာဇဝင်သင်တန်းပေးရင် ဒီလိုပဲ လက်နဲ့ပေးရသကိုး"

"ပါပါက ရှက်စရာတွေ ပြောမနေပါနဲ့"

"တိတ်စမ်း။ သင့်ကို ငါ ပြီးတော့မှ စစ်မယ်"

ထိုအခိုက်တွင် ဆီဒိုရောက်မိန်းမက "အို ရှင့်ကလည်း တယ်ဒေါသကြီးတာကိုး။ ဆရာလုပ်တဲ့သူက အချိန်ကုန်ခံပြီး ငါတို့သမီးကို လာကူညီတာ။ ရှင်က ဘာစိတ်ဆိုးစရာရှိသလဲ"ဟု ဝင်၍ လေပြည်ထိုးလိုက်သည်။

ပြီးလျှင် ဆီဒိုရောက်ဇနီးက နီဗိကောက်အား "သူ့ကို ဖွဲယူမနေပါနဲ့။ သူက သင်တို့ကို သူခိုးမှတ်လို့ ပြောနေတာပါ"ဟု ပြောသည်။ နီကိုလေသည် တုန်၍နေသည်။

"မကြောက်ပါနဲ့ သူငယ်ရယ်။ သင့်ကို ဘောင်းဘီအစား တို့ ပြန်ပေးပါမယ်။ ဒီဘောင်းဘီစုတ်နဲ့ဆိုရင် သင့်ကို ဝရမ်းပြေးမှတ်ပြီး ဖမ်းနေပါမယ်"ဟု ဆီဒိုရောက်ဇနီးက နီကိုလေအား နှစ်သိမ့်စေသည်။

***

## အခန်း(၆)

အိမ်ခန်းထဲတွင် ဆီဒိုရောက်တို့ လင်မယားနှစ်ယောက်တည်း ရှိကြသည်။

"ဒီမှာ ဆီဒိုရောက်ရဲ့ ပါမောက္ခက ရှင့်သမီးနဲ့ သမီးရည်းစားဖြစ်နေကြပြီနဲ့တူပါတယ်။ ဒီလိုဆိုရင်တော့ တယ်မဆိုးလှပါဘူး"

"ပြောချင်တာပြောပေါ့ကွာ"

"သမီးရည်းစားမို့လို့သာ လာတာပေါ့ရှင့်"

"ဒါပေမယ့် ဒီကောင်ရုပ်ကြည့်ရတာ ငါတော့ သဘောမကျပါဘူး။ သူ့မျက်စိကြည့်ပုံက တို့ပြည်တွင်းစစ်ဖြစ်နေတုန်းက ငါတွေ့ဖူးတဲ့ လူသတ်အာဏာသား ကြည့်ပုံမျိုးကြီးပဲ။ ပြီးတော့ သူ့ညီဆိုတာကလည်း ညီအစ်ကိုသာဆိုတယ် ရုပ်ကတစ်မျိုးပဲ"

"ရှင်က လူကို အကဲမခတ်တတ်ပါဘူး။ ပါမောက္ခ နီဗိကောက်ဆိုတာ ငါ ကြားဖူးပါတယ်။ ပြီးတော့ ရှင့်သမီးဟာလည်း ရိုးပုံရိုးလက်နဲ့ ဘယ်လောက်ပါးသလဲ"

"လီဒါက ဘယ်လိုများ ပါးလို့လဲကွာ"

"မပါးရင် တခြား မိန်းကလေးတွေလိုပဲ ရွယ်တူတန်းတူချင်းနဲ့ ပလူးနေမှာပေါ့။ အခုလို ရာထူးရှိတဲ့လူကို သူ့ဘက်ပါအောင် ဆွဲထားပါ့မလား"

"ငါတော့ ဒီကိစ္စဟာ သင်ပြောသလောက် လွယ်မယ်မထင်ပါဘူး။ ဒီတော့ လီဒါကို ခေါ်ပြီးမေးမယ်ကွာ"

www.burmeseclassic.com

www.burmeseclassic.com



လီဒါလာသောအခါ ဆီဒိုရောက်က "ကိုင်း တို့ကိုလိမ်မနေနဲ့။ ဟုတ်တာကို အကုန်ပြောစမ်း။ ဟုတ်တာမပြောရင် သင့်ကို ဒီအရွယ်ကြီးပေမယ့် ငါ ကျောက်ွဲအောင် မရိုက်ဘူးမထင်နဲ့"ဟု ပြောသည်။

လီဒါသည် သူ့အမေရင်ခွင်ထဲသို့ ခေါင်းစိုက်ကာ ငို၍ဟုတ်သမျှကို အကုန်ပြောသည်။

ဆီဒိုရောက်က လီဒါ ပြန်ပြောသည့်စကားထဲတွင် ဒူရောက်တို့ မှုင်၍ လက်မှတ်တို့ အကြောင်းများကို အစအဆုံး နားထောင်ပြီးလျှင် "အင်း ငါ့သမီးလေး ကတော့ ငါ့ လည်ပင်းကို ကြိုးတပ်တော့မှာပဲထင်တယ်"ဟု ပြောကာ အင်မတန် ကြောက်လန့်သွားသော အခြင်းအရာကိုပြသည်။

သူ့ဇနီးသည် ဆီဒိုရောက်အဖြစ်ကိုမြင်သဖြင့် ထိတ်လန့်သွားပြီးလျှင် "ဟဲ့ လီဒါ ရေတစ်ခွက်မြန်မြန်သွားခပ်ပါ"ဟု ခိုင်းသည်။ ဆီဒိုရောက်သည် ရေသောက်ပြီး နောက် သူ့မယားကို စိုက်၍ကြည့်ပြီးလျှင် မျက်နှာကို ရေနှင့်ပက်လိုက်သည်။ ပြီးလျှင် အံကြိတ်၍ "ကိုင်း ဘယ်နှယ့်ရှိစ၊ သူ့ရည်းစားဆို သင်ဟာ အတော်ကို မိုက်ပါသေး တယ်"ဟု ပြောသည်။

※※※

## အခန်း(၇)

ညစာစားပွဲကြီးများကို သွားကြရာတွင် ရည်ရွယ်ချက်အမျိုးမျိုးရှိသည်။ ပြင်သစ်လူမျိုးတို့၏ ရည်ရွယ်ချက်မှာ အင်္ကျီလည်ဟိုက်ဝတ်ထားသော သူတို့မယားများ ကိုပြ၍ မြင်ရသူများကို ကြက်သီးထအောင် လုပ်ရန်ဖြစ်သည်။ အမေရိကန်လူမျိုးတို့၏ ရည်ရွယ်ချက်မှာ သူတို့မိတ်ဆွေများအား ညစ်ပတ်သော ပုံတိုပတ်စများ ပြောပြရန်ဖြစ် သည်။ ရုရှလူမျိုးတို့၏ ရည်ရွယ်ချက်မှာမူ သူတို့မှာ ခေါင်းနှင့်ကိုယ် အိုးစားမကွဲကြသေး ကြောင်း သူတို့၏ ရဲဘော်များအား ပြရန်ဖြစ်သည်။ ညစာစားပွဲကို မိန့်ခွန်းနားထောင်ရန် အတွက် မည်သူမျှမသွား။

သို့ရာတွင် မိန့်ခွန်းမပေးသော ညစာစားပွဲသည် ညစာစားပွဲမမည်။ မိန့်ခွန်း ကို နားထောင်ပြီးသောအခါတွင် စားချင်သလောက်စား သောက်ချင်သလောက်သောက် ကြ၍ ငါတို့သည် "အခွန်ထမ်းတို့ ပေးဆောင်ကြသော ဘဏ္ဍာတော်ငွေများကို အချည်းနှီးမဖြစ်စေဘဲ သုံးစွဲကြကုန်ပြီ"ဟု အောက်မေ့ကြသည်။

ပညာကျော်ဂလူယက်၏ မိန့်ခွန်းပြီးဆုံးသွားသောအခါ လူတိုင်းကပင် ငါတို့တော့ ဝဋ်ကျွတ်ပြီဟု ဝမ်းမြောက်ကြပြီးလျှင် ယဉ်ကျေးမှုသသောဖြင့် ဩဘာပေး ကြသည်။ ထို့နောက် ပညာကျော်ကြီးကို မည်သူမျှ သတိမရတော့ဘဲ ပျော်ရွှင်ဖွယ် ကောင်းသော သေသောက်မှုပွဏ္ဏာကို ပြုကြသည်။



မိဗိုယန်က လူတို့၏ အညွန့်အဖူးခေါင်းဆောင်ဆရာကြီးအား ပွဏ္ဏာပြုရန် အသံတိုင်ပေးပြီးသောအခါ ဗေရီးယားက လာရင်ကို ရှိလေသည်ဟုတောင် မအောက်မေ့ ဘဲ သေခွက်ကိုမြှောက်၍ "ရဲဘော်တို့ ငါက တော်လှန်ရေး၏ ရှေ့ပြေးဘော်ရှီဗစ် ကဖူး တညွန့်တို့၏ ဖခင်ခေါင်းဆောင်ကြီး စတာလင်၏ မိတ်ဟောင်းကြီး ငါတို့ ရောက် စတောက် မြို့သားကြီး ဂိုရင်ကို ပွဏ္ဏာပြုရန် အဆိုသွင်းပါသည်"ဟု အသံတိုင်၍ ပေးလိုက်သည်။

ငါးရာကျော်မျှသော မြို့မျက်နှာဖုံးတို့က ဖန်ခွက်ချင်းဆပ်သံပေး၍ ဂိုရင်ကို ပွဏ္ဏာပြုကြသည်။

ထို့နောက် ဆက်ခါဆက်ခါ သေခွက်ကိုမော့၍ ပွဏ္ဏာပြုကြသဖြင့် ယောကျ်ား ပရိသတ်တို့ လျှာသွက်၍လာသည့်နည်းတူ မိန်းမပရိသတ်တို့လည်း ဟက်ဟက် ပက်ပက် ရယ်မော၍လာကြသည်။

မိဗိုယန်သည် ညစာစားပွဲကြီးကို မော်စကိုမြို့တွင် ဆင်ယင်သော ညစာစားပွဲ ကြီးများလောက် ကြီးကျယ်ခန့်ညားအောင် စီစဉ်ထားသည်။ အကယ်၍ အချက်အပြုတ် ဘက်တွင် မော်စကိုမြို့တော်၏ အဆင့်အတန်းကို မမီသော ချွတ်ယွင်းချက်များရှိလျှင် ထိုချွတ်ယွင်းချက်များကို ကာမိစေရန်အတွက် ပေါသည့်များသည့်ဘက်တွင် မကုန်နိုင် မခန်းနိုင်အောင် စီစဉ်ထားသည်။ စင်စစ်ဆိုသော် ထိုညစာစားပွဲကြီးတွင် တည်ခင်းကျွေး မွေးသော အစားအစာများမှာ ရောက်စတောက်တစ်မြို့လုံးရှိ ငတ်ပြတ်နေသူများကို အကုန်ခေါ်၍ကျွေးသည့်တိုင်အောင် ကုန်နိုင်စရာမရှိ။

ညစာစားပွဲကြီးကို လာသူများအနက် မိဗိုယန်သည် ဒူးရောက်ကို သဘောကျဆုံး ဖြစ်သည်။ ဒူးရောက်သည် ရေမပန်းကန်ပြားကြီးတွင် ထည့်၍ထား သော နို့စို့ရွယ်ဝက်ကလေးကင်တစ်ကောင်လုံးကို တစ်ယောက်တည်း မြန်ရေရှက်ရေ ဖိုင်၍တုတ်နေသည်။

"ဒူးရောက်စားပုံဟာ ကြောက်စရာမကောင်းဘူးလား။ အမဲရိုးကိုက်နေတဲ့ ခွေးနဲ့ ဘယ်လောက်တူသလဲ။ ခုနေ သူစားနေတာများ သွားယူလိုက်ရင် ယူတဲ့လူကို တစ်ခါတည်း ထဝါးလိုက်မှာပဲ"ဟု မိဗိုယန်က ဝေဖန်သည်။

စားပွဲခုံတစ်ဖက်စွန်းတွင် နီနာသည် သူ့အဖေဂိုရင်နှင့် မျက်နှာချင်းဆိုင်ထိုင် နေသည်။ နီနာသည် ယိုတ်ဗာကောက်နှင့် စကားလက်ဆုံကျလျက်ရှိပြီးလျှင် တစ်ခါ တစ်ခါမှ စားစရာများကို ခက်ရင်းနှင့်ထိုး၍ နည်းနည်းချင်း နည်းနည်းချင်း စားသည်။

မိဗိုယန်သည် နီနာကို မျက်မှောင်ကြုတ်၍ကြည့်ပြီး "ဒီကောင်မလေးဟာ ဂျာတာလီတို့ ဘာတို့ဆိုတဲ့ နိုင်ငံခြားတွေ သွားနေတာနဲ့ ပျက်စီးလာတာပဲ။ စားတာတောင် ရည်းကမ်းတကျ မစားတတ်တော့ဘူး"ဟု ကဲ့ရဲ့သည်။

နီဗိကောက်သည် ဆီဒိုရောက်နှင့်ယှဉ်၍ ထိုင်လျက်ရှိသည်။ ဆီဒိုရောက်က စားပွဲမစခင်တွင် မိဗိုယန်အား သူ့ကို နီဗိကောက်နှင့် ကပ်ထိုင်ဖို့ စီစဉ်ပေးပါဟု

www.burmeseclassic.com

www.burmeseclassic.com



တောင်းပန်သည်။ မီဒိုယန်က ""ပြီးတော့ နီဗိကောက်ဘေးက သင့်သမီးကို ထားပေးရမယ်ဆိုပါတော့""ဟု ငေါ့လိုက်သည်။ ဆီဒိုရောက်က ""ငါ့ကို နီဗိကောက်နဲ့ ယှဉ်ပြီးသာ နေရာချပေးပါ။ ငါ သူနဲ့ စကားပြောစရာရှိလို့ပါ။ ငါ့သမီးကို ဘယ်သူ့နားထားထား ငါ ဂရုမစိုက်ပါဘူး""ဟု ပြန်ပြောသည်။

မီဒိုယန်က ""သင် သဘောကျသလို ငါ လုပ်ပေးပါမယ်။ သင့်သမီးအတွက်ကတော့ အရေးမကြီးပါဘူး။ ငါ့ကို လူငယ်တစ်ယောက်က သူ့နားမှာ နေရာချပေးပါလို့ လာပြောပြီးပါပြီ""ဟုပြောသည်။

စားပွဲစသောအခါ လီဒါ့ဘေးတွင် အိုးလိတ်ထိုင်လျက်ရှိသည်ကို ဆီဒိုရောက် တွေ့ရသည်။

အိုးလိတ်က ""ဘယ့်နှယ်လည်းအဖေ မာရဲ့လား""ဟု ဆီဒိုရောက်ကို နှုတ်ဆက်သည်။

ဆီဒိုရောက်က ထိုင်ရာကမထဘဲ စိတ်ဆိုး၍ ""ဒီပြင်လူတွေ ရှိလို့ပေါ့ကွာ။ တစ်ယောက်ချင်းသာဖြင့် သင့်ကို ငါ ကောင်းကောင်း ဘေလိုက်မှာပဲ""ဟု အောက်မေ့မိသည်။

ဆီဒိုရောက်သည် အိုးလိတ်ကို ဂရုမစိုက်တော့ဘဲ နီဗိကောက်ကိုသာ လောကွတ် လှိုင်လှိုင်လုပ်နေသည်။

ဆီဒိုရောက်စိတ်ထဲက နီဗိကောက်အား ""ဒီကောင်ဟာ အပေါင်းရ တော်တော်ကြပ်တဲ့ကောင်ပဲ။ ဒီကောင်ဟာ ဒူးရောက်ရဲ့ သူလျှိုလား။ လီဒါရဲ့ ရည်းစားလားဆိုတာလည်း မပြောတတ်ဘူး""ဟု အောက်မေ့ပြီး အရက်မူးဟန်ဆောင်၍ ""ငါ့အပေါ် ဖွဲမယူပါနဲ့ ပါမောက္ခ။ သင့်ညီကိုရိုက်ပြီး သင့်ကိုငါ အော်မိတဲ့အတွက် စိတ်မရှိပါနဲ့။ ငါက သူတို့ လုပ်လို့ ဒီလိုလုပ်မိတာပါ။ ငါ့ကို ခွင့်လွှတ်ပါ""ဟု တောင်းပန်သည်။

""ငါ့စိတ်ထဲက ဘယ်လိုမှ သဘောမထားပါဘူး""ဟု နီဗိကောက်က ပြောသည်။

ဆီဒိုရောက်က လေသံဖြင့် လီဒါကိုလည်း ငါ အများကြီး ပညတ်ထားပါတယ်။ အခု သူထိုင်နေတာတောင် ကောင်းကောင်းမထိုင်နိုင်ဘူး။ သူ့ကျောတစ်ခုလုံး နာနေလို့။ သင်ပြန်သွားတော့ ငါ ရိုက်လိုက်တာ အဆုတ်မကွာရုံတစ်မယ်ဘဲကျန်တယ်"" ဟု ပြောသည်။

""ဘာလို့ ရိုက်ရတာလဲ""

""ညစာစားပွဲလိုက်လာပြီး ဖွင့်ပွဲလက်မှတ်လုပ်တာမျိုးလို မဟုတ်တာ လုပ်ဦးမှာစိုးလို့ပေါ့ ပါမောက္ခရဲ့""

""ဒီအတွက်ကတော့ ရိုက်ထိုက်တာပေါ့။ ဒါမှလည်း သူ နောင်ကြဉ်သွားမယ်""

""ရိုက်ထိုက်လို့ ရိုက်ပြီးပါပြီ။ ဒီတော့ ဒီအပြစ်အတွက် သူ့ကို အပြစ်လွှတ်လိုက်ပြီဆိုပါတော့""



""ဒီကိစ္စက ငါနဲ့မဆိုင်ပါဘူး။ ငါက မိတ်ဆွေတစ်ယောက်အနေနဲ့သာ သတိပေးတာပါ""

""ဒါဖြင့် သင့်သဘောနဲ့ သင် လီဒါကိုသက်သက်လာပြီး သတိပေးတာလို့ဆိုပါ တော့။ ဟုတ်ရဲ့လား""

""ငါ့သဘောနဲ့ငါ မဟုတ်လို့ ဘယ်သူ့သဘောနဲ့ ငါက သတိလာပေးရဦးမှာလဲ""

ဆီဒိုရောက်သည် စိတ်အေးသွားပြီး ပြုံးလျက် ""သင် အားတဲ့အခါမှာ ငါတို့နေ့ရာသီအိမ်ကို တစ်ခါလောက်လာလည်ပါ။ ငါ့မှာ အပျော်စီး ရွက်သင်္ဘောလည်းရှိတယ်။ အရက်စည်တွေလည်း ရှိတယ်။ ငါက သိပ်ခန့်ခန့်ကြီးနေတယ်"" ဟု ဖိတ်သည်။

""စိတ်ချပါ။ ငါ လာလည်ပါမယ်""

""သင်လာတော့ သင့်ညီလည်းခေါ်ခဲ့ပါ။ ငါကိုယ်တိုင် သူ့ကို တောင်းပန်ချင်ပါတယ်""

""စိတ်ချပါ။ ငါလာတော့ နီကိုလေကိုပါ ခေါ်ခဲ့ပါမယ်""

ဆီဒိုရောက်နှင့်နီဗိကောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် အချီအချ လောကွတ်စကားပြောကြပြီးလျှင် အရက်သောက်၍ အစာနည်းနည်းစီ စားကြသည်။ ထို့နောက် ဆီဒိုရောက်က နီဗိကောက်၏ဖန်ခွက်ထဲသို့ ဗော့ဒကာအရက် ထည့်ပေးပြီးလျှင် ""လီဒါကိစ္စနှင့်ပတ်သက်လို့တော့ ငါက ဘာမှ ကန့်ကွက်စရာမရှိပါဘူး။ သင်ကြိုက်ရင်တော့ ယူပေါ့။ သင်တို့ဟာ ငယ်ရွယ်သူတွေပဲ။ ဒါပေမယ့် တစ်ခုတော့ရှိတယ်။ မတရားတော့ မလုပ်နဲ့ပေါ့။ ငါ့သမီးကို ဖျက်ဆီးမယ်ဆိုရင်တော့ ငါ ဘယ်သူ့မှ ခွင့်မပြုနိုင်ဘူး။ မင်္ဂလာဆောင်မှဖြစ်ရင်တော့ တစ်ခါတည်း ဆောင်လိုက်တာပဲကောင်းတယ်""ဟု ပြောသည်။

နီဗိကောက်က ""နေပါဦး ရဲဘော်ဆီဒိုရောက် သင် ဘာတွေလျှောက်ပြောနေတာလဲ။ သင်ပြောတဲ့အထဲမှာ ဖျက်ဆီးတာရော မင်္ဂလာဆောင်တာရော၊ ရည်းစားရော ပါနေတာပဲ။ ဒီစကားတွေက ဘယ်လိုလုပ်ပါလာတာလဲ။ ငါ သင့်သမီးနဲ့ ဆက်ဆံတာဟာ ပညာရေးအတွက် သက်သက်ဆက်ဆံတာပါ။ သင့်သမီး အဖျက်ဆီးခံရမှာအတွက် သင်စိတ်ပူရင် တခြားကိုမကြည့်ပါနဲ့။ သင့်ရှေ့တည့်တည့်ကိုသာ ကြည့်ပါ""ဟုပြောသည်။

ဒါရိုက်တာဆီဒိုရောက်သည် အရက်မူးမူးနှင့် အိုးလိတ်နှင့်လီဒါတို့ကိုကြည့်ပြီး စားပွဲနံကို လက်သီးနှင့် တအားထုလိုက်ရာ အစားအသောက်ပန်းကန်များ အပေါ်သို့ပင် မြောက်၍သွားသည်။ ပြီးလျှင် ဆီဒိုရောက်က ""ဟေ့ အိုးလိတ် သင့်လက်က ဘာလို့ လီဒါ့ခေါင်းကို ကိုင်ထားရတာလဲ။ ဖယ်လိုက်ပါ""ဟု အော်လိုက်သည်။

အိုးလိတ်က သူ့ဘယ်လက်ကို စားပွဲခုံအောက်မှ ကပျာကယာ ရုတ်လိုက်ပြီး ""ရဲဘော် ဆီဒိုရောက် သင် စိတ်မနှံ့ဘူးထင်တယ်။ သင့်သမီး ဘယ်သူက ကိုင်နေလို့လဲ""ဟု ပြန်၍အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စားပွဲခုံတွင် ထိုင်၍နေကြသူများ ဝိုင်း၍ရယ်ကြပြီး စကားစမြည်ဆက်၍ ပြောမြဲ ပြောကြသည်။

လီဒါမှာရက်၍ နိုဗိကောက်မျက်နှာကို မကြည့်ဝံ့။ နိုဗိကောက်မှာ ဆီဒိုရောက် စိတ်ဆိုးသထက် စိတ်မဆိုးစေရန်၊ ပြည်တွင်းစစ်ဖြစ်စဉ်က အကြောင်းများဖြင့် စကားဖာ၍ ပို၍နားထောင်ကောင်းအောင် မဟုတ်တာများကိုပါ ထည့်ပြောသည်။

စားပွဲပြီးသွားသောအခါ လသာဆောင်ရှိ ကော့ဆက်တီးဝိုင်းက အတီးအမှုတ်ဖြင့် ဖျော်ဖြေသည်။ အားလုံးသီချင်းလိုက်၍ ဆိုကြသည်။ ဂိုရင်လည်း စားပွဲခုံကို လက်နှစ်ဖက်နှင့်ကိုင်၍ ပျော်ရွှင်ကျယ်လောင်စွာ သီချင်းဆိုသည်။

ဗေရီးယားသည် အရက်မူးသဖြင့် အူရွှင်လာသောကြောင့် တီးဝိုင်းသမားများနှင့် ဝိုင်း၍သီချင်းဆိုသည်။ ပြီးလျှင် ဗေရီးယားက တီးဝိုင်းသမားများကို အရက်သောက်စေသည်။

လီဒါသည် အိုးလိတ်နှင့်ဝေးစေရန် ရည်ရွယ်၍ ဖန်ခွက်ထဲသို့ ဗော့ဒကာအရက်ငှဲ့၍ထည့်ပြီးလျှင် တီးဝိုင်းသမားရုဒ္ဒိုင်ကို သွား၍ပေးသည်။

"လီဒါ သင်တို့ ဒီနေ့ဘာလို့ မြင်းစီးမထွက်ကြသလဲ"ဟု ရုဒ္ဒိုင်က မေးသည်။

နီနာသည် ကော့ဆက်မြင်းတပ်တွင်ပါ၍ မြင်းစီးလေ့ကျင့်လေ့ရှိသည်။ လီဒါမှာ နီနာနှင့် အမြဲလိုက်ရသော အဖော်ဖြစ်သည်။ လီဒါသည် နီနာနောက်သို့ အမြဲတစ်ကောက်ကောက်လိုက်နေသဖြင့် နီနာက သူ့ကို သူလျှိုဟု ယူဆသည်။ ရုဒ္ဒိုင်မှာ ကော့ဆက်မြင်းတပ်သားတစ်ယောက်ဖြစ်၍ ကိုင်းတောကြီးထဲသို့ နီနာ တစ်ယောက်တည်း မြင်းစီးထွက်စဉ်က နီနာနှင့်တွေ့ဖူးသည်။ နီနာက စိတ်ကူးယဉ်လာသဖြင့် "ရုဒ္ဒိုင် ငါ့ကို နမ်းစမ်း"ဆိုသဖြင့် ရုဒ္ဒိုင်က နီနာကို တစ်ခါနမ်းရဖူးသည်။ ထို့နောက် ရုဒ္ဒိုင်က ဒေါင်းမြစ်ထဲ ငါးလာမြှားသူများအား "ပြည်သူပိုင်မြစ်ထဲ ငှားမြှားရင် သေဒဏ်ပေးနိုင်တယ်ဆိုတာ မသိဘူးလား"ဟု ပြောကာ မတရားရိုက်နှက်သဖြင့် နီနာက စိတ်ဆိုးဆိုးနှင့် ရုဒ္ဒိုမျက်နှာကို ကြိမ်လုံးနှင့် နာနာပါအောင်ရိုက်ပြီး အိမ်ပြန်လာခဲ့သည်။ ထိုအခါကစ၍ နီနာသည် ရုဒ္ဒိုင်ကိုဖြတ်လိုက်သည်။

လီဒါက ရုဒ္ဒိုင်အား "ငါလည်း မအားတာနဲ့ မြင်းစီးမထွက်နိုင်ဘူး။ ဒါထက် သင့်မျက်နှာက ဘယ်သူက တံဆိပ်ခတ်လွှတ်လိုက်သလဲ"ဟု မေးသည်။

လီဒါက "ရုဒ္ဒိုင် သင် နီနာနဲ့ တွေ့ပြီးပြီလား။ တွေ့ချင်ရင် နီနာကို ငါ သွားပြောလိုက်မယ်လေ"ဟု ရုဒ္ဒိုင်ကို ပြောသည်။

"နေပါစေ။ မပြောပါနဲ့"

"ဘာလို့လဲ။ သင် မျက်နှာကို မပြရဲလို့လား"

"ဆိုပါတော့ ဒါ့ထက် လီဒါ သင် ဒီနေ့တယ်မှိုင်ပါလား။ ဘာဖြစ်လို့လဲ"ဟု ရုဒ္ဒိုင်က မေးသည်။



"ငါ့မှာ အပူကြီးတစ်ခုရှိနေတယ် ရုဒ္ဒိုင်ရယ်"

"ဘယ်လိုအပူကြီးလဲ ငါ မသိရဘူးလား"

"သင်တို့ တီးဝိုင်းပြီးသွားတော့မှ ငါ ပြောမယ်။ လသာခန်းက သင် စောင့်နေပါ။ မေ့မနေနဲ့ ငါ လာခဲ့မယ်"

"စိတ်ချနေလီဒါ ငါ လာတွေ့ပါမယ်"

ထိုအခိုက်တွင် အိုးလိတ်ပေါက်လာပြီး လီဒါ၏ခါးကို သူ့ဘယ်ဘက်လက်ဖြင့် ဖက်လိုက်သည်။ ပြီးလျှင် အိုးလိတ်က ကော့ဆက်တီးဝိုင်းသမားများအား "ဟေ့ကောင်တွေ သင်တို့ကို ငါတို့အရက်တိုက်တာ အလကားတိုက်တာ မဟုတ်ဘူး။ တီးကြလေကွာ"ဟု နိုင်းလိုက်ပြီးလျှင် လီဒါနှင့်တွဲ၍ကရန် လီဒါကို ဆွဲခေါ်သွားသည်။

***

---

**အခန်း(၈)**

---

ဂိုရင်က ဂလူယုက်အား "နိုဗိကောက်ကို အသင်းဆောင်ဘက်သို့ ခေါ်လာခဲ့ပါ။ ဒီမှာဆူတယ်၊ စကားပြောလို့ မကောင်းဘူး"ဟု ပြောသည်။ ပြီးလျှင် ဂိုရင်က ယူူးဆိတ်အား "လာ သင် လည်းလိုက်ခဲ့ တက္ကသိုလ်ကျောင်းအုပ်ကြီးအသစ်ဟာ ဘယ်လိုလူစားလဲဆိုတာ သွားကြည့်ရအောင်"ဟု ပြောသည်။

နိုဗိကောက်နှင့် ဆီဒိုရောက်တို့မှာ အရက်မူးမူးနှင့် စကားပြောမပျက်ကြသေး။ ဂလူယုက်က ခပ်လှမ်းလှမ်းက ကြည့်လိုက်သောအခါ သူတို့နှစ်ယောက်အနက် ဘယ်သူက ပို၍ မူးနေသည်ဟု မပြောနိုင်အောင်ရှိသည်။ ဂလူယုက်သည် နိုဗိကောက်ကိုကြည့်ပြီး "အင်း ကျောင်းအုပ်ကြီးကတော့ လူကောင်းကြီးပေါ့ကွာ"ဟု စိတ်ထဲက ရေရွတ်လိုက်သည်။

ဂလူယုက်က နိုဗိကောက်အား "သင့်ကို ဂိုရင်က တွေ့ချင်တယ် ပြောတယ်"ဟု ပြောလိုက်သောအခါ နိုဗိကောက်သည် အရက်ရွှင်ရွှင်နေရာမှ မျက်နှာ တားတည်တည်ကြီး ဖြစ်သွားသည်။

"ရဲဘော်ဂလူယုက် ငါ့ကို ဂိုရင်ဆီပို့ပေးပါ"ဟု နိုဗိကောက်ကပြောပြီးလျှင် ဂလူယုက်ကိုကြည့်၍ "သင် ဘာလို့ စိတ်ညစ်နေရတာလဲ"ဟု မေးသည်။ ထိုအခါ ဂလူယုက်က ပြုံးလိုက်သည်။ သို့ရာတွင် သူ၏ပြုံးခြင်းသည် မချိသွားဖြဲခြင်းသာ ဖြစ်သည်။

ဆီဒိုရောက်သည် နိုဗိကောက်မျက်နှာထားပြောင်းသွားသည်ကို ကြည့်ရင်း အရက်မူးအားကြီးသဖြင့် ဟင်းရည်အပြည့်ထည့်ထားသော ပန်းကန်ပြားကြီးထဲသို့ မျက်နှာမှောက်ကျသွားသည်။

ဂလူယုက်က ဆီဒိုရောက်ခေါင်းကိုမ၍ စားပွဲခုံပေါ်သို့ ချပေးမည်လုပ်သောအခါ နိုဗိကောက်က "နေပါစေ။ ဒါမှ ဒီကောင်ကြီး မြန်မြန်အမူးပြေမယ်"ဟု ပြောကာ တားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နီဗိကောက်ကို ဂိုရင်ဆီသို့ခေါ်သွားရင်း ဂလူယှက်က "ဒီမှာ ရဲဘော် နီဗိကောက် သင် ဒရိုနဲ့တွေ့လို့ အခွင့်သင့်ရင် သင်နဲ့ဂိုရင်နဲ့ တွေ့ဖို့အတွက် ငါက ကျကျနန ဘာမှလိုလေသေးမရှိအောင် စီစဉ်ပေးတယ်ဆိုတဲ့အကြောင်းကို တစ်ဆိတ် ပြောပြလိုက်ပါ" ဟု ဆိုသည်။

"ဒီအတွက်မပူပါနဲ့ ရဲဘော်ဂလူယှက်။ သင့်ဂုဏ်ကို ငါ ဘာမျှထိန်ချန်မထားပါဘူး။ တကယ်ဆိုတော့ ဒရိုဟာ အခု မော်စကိုမြို့မှာ သင့်ကိုပေးဖို့ လီနင်တံဆိပ်ကြီးကို အရောင်တင်နေပါပြီ။ ဘယ့်နှယ်လည်း ကျေနပ်ပြီလား။ ကျေနပ်ရင်တိတ်တော့ သွားကြမယ်" ဟု ပြောသည်။

ဂိုရင်နှင့် ယှုူးဆိတ်တို့သည် အသင်းဆောင်လူရှင်းသော ချောင်တစ်ချောင်တွင် ထိုင်၍ စစ်တုရင်ထိုးနေကြသည်။ ဂိုရင်က နီဗိကောက်အား သူ့နားက ကုလားထိုင်တွင် အထိုင်ခိုင်းပြီး "ငါက စစ်တုရင်အထိုးတော့ အတော်ညံ့မယ်လို့ ပြောနေတယ်" ဟု ပြောသည်။

ယှုူးဆိတ်က "ဂိုရင်ရယ် မနိုင်ခင် အာကျယ်မနေစမ်းပါနဲ့" ဟု ပြောပြီး စစ်ကဲကို ရွှေ့လိုက်သည်။ ပြီးလျှင် ဂိုရင်အား "ကိုင်း စစ်ပွဲအခြေအနေကို သင် ကြိုက်ပြီလား" ဟု မေးသည်။

ယှုူးဆိတ် အရွှေ့မှားသွားသဖြင့် နောက်ခြောက်ခါရွှေ့ရလျှင် ဂိုရင်နိုင်တော့မည့်အဖြစ်ကို နီဗိကောက် သိသည်။ ယှုူးဆိတ် ရှုံးသွားသောအခါ ဂိုရင်က နီဗိကောက်အား သူနှင့် စစ်တုရင်ထိုးခိုင်းသည်။

"ရဲဘော် နီဗိကောက် သင် စစ်တုရင် ထိုးတတ်တယ်မဟုတ်လား"

"မော်စကိုတက္ကသိုလ်မှာနေတုန်းကတော့ ထိုးဖူးပါတယ်"

"ဒီလိုဆိုရင် မကြာသေးဘူးပေါ့။ အင်း သင်က ငယ်သေးတာကိုး"

နီဗိကောက်သည် ဂိုရင်နှင့် မျက်စိချင်းဆုံမိသောအခါ သူ့ဝမ်းထဲက အကြံများကို ဂိုရင်က တစ်ခါတည်းထိုးဖောက်၍မြင်သွားသလို အထင်ရောက်ပြီး ကြက်သီးထ၍ သွားသည်။ သို့ရာတွင် နီဗိကောက်သည် စိတ်တင်း၍ ဣန္ဒြေတည်ပြီးလျှင် ဂိုရင်မျက်နှာကိုမကြည့်ဘဲ ဘေးလွှဲနေသည်။

❋ ❋ ❋

---

**အခန်း(၉)**

---

ဂိုရင်နှင့်နီဗိကောက်တို့နှစ်ယောက် အကြိတ်အနယ် စစ်တုရင်ထိုးနေကြစဉ် ဂိုရင်၏ ဇနီး လူဇင်သည် အခန်းထဲသို့ဝင်လာပြီး ထိတ်ထိတ်လန့်လန့်နှင့် "ဂိုရင်၊ ဂလူယှက်တို့ လာရင် သူ့ကိုယ်သူ သတ်သေသွားပြီ" ဟု ပြောသည်။



လာရင်သည် မီဗိုယန်၏ ရုံးခန်းထဲက စာရေးစားပွဲကြီးပေါ်တွင် သေနေသည်။ လာရင်သည် ကောကေဆပ်ပြည်နယ်၏ သက်ဦးဆံပိုင် ရှင်ဘုရင်ဖြစ်သည်။ "ရောက်စတောက်၏ မျက်နှာဖုံးများ" သည် ကြောက်လန့်သော မျက်နှာထားများဖြင့် ရုံးခန်းပြင်မှ စုရုံး၍ကြည့်နေကြသည်။

မီဗိုယန်တို့၊ ဒူရောက်တို့၊ ကာယိုရင်တို့သည် မျက်နှာသေများဖြင့် အပေါက်ဝတွင်ပြုံ၍ရပ်နေကြသည်။

လာရင်သည် သူ့လက်ထဲတွင် ကြေးနန်းစာကိုကိုင်၍ သေနေသဖြင့် မီဗိုယန်က ဒူရောက်အား ကြေးနန်းစာကို ဖတ်ကြည့်ဖို့ပြောသည်။ ဒူရောက်သည် လာရင်၏ လက်ထဲတွင်ကိုင်ထားသော ခြောက်လုံးပူးသေနတ်ကိုမ၍ ကြေးနန်းစာကို ယူဖတ်ပြီးလျှင် "မော်စကိုမြို့က ခေါ်တဲ့အမိန့်ပဲ" ဟု ပြောသည်။

ဗေရီးယားက လာရင်၏ အလောင်းနားသို့သွား၍ ကြေးနန်းစာကို ဖတ်ကြည့်ပြီး "တယ်တော်တဲ့အကောင်ပဲ။ ဘော်ရှီဗစ်ဆိုတာ ဘာမဆို ကိုယ့်သဘောနှင့်ကို လုပ်ရတာ မဟုတ်ဘူး။ မော်စကိုက အမိန့်ပေးတဲ့အတိုင်းသာ လုပ်ရတယ်ဆိုတာ ဒီကောင် မသိဘူး ထင်တယ်။ အလောင်းကို ထုတ်သွားကြဟေ့" ဟု အမိန့်ပေးသည်။ ပြီးလျှင် ဝိုင်း၍ကြည့်နေသောသူများကို "ဒီမှာ ဘာလာလုပ်နေကြတာလဲ။ ဒါဟာ ဘာမှ ဆန်းတာမဟုတ်ဘူး။ လူမိုက်တစ်ယောက် သူ့ဟာသူ သတ်သေသွားတာပဲ။ ဟေ့ ဟိုးဝိုင်းကကော ဘာလို့ ရပ်သွားရတာလဲ။ သွားကြ ကမှာဆက်ကကြ" ဟု ပြောသည်။

လာရင်၏ အလောင်းကို ထုတ်သွားသောအခါ ဒုတိယအတွင်းရေးမှူး ဗေရီးယားသည် လှည့်၍တောင်မကြည့်လိုက်။

"ရဲဘော်ဒူရောက် သင် ဒီမှာ ငါနှင့်နေခဲ့" ဟု ဒူရောက်ကို အမိန့်ပေးပြီး နှစ်ယောက်သား အခန်းထဲသို့ဝင်၍ တံခါးပိတ်ထားလိုက်သည်။

စုရုံးလာသည့်သူများလည်း တဖြည်းဖြည်း လူစုကွဲသွားသည်။

"ညစာစားနေတုန်းကဆိုရင် လာရင်ဟာ ရွှင်ရွှင်ပျပျပဲ" ဟု တချို့က ပြောကြသည်။

ညစာစားပွဲကျင်းပနေခိုက်တွင် လာရင်သည် မကြာခင်သေတော့မည့် ပုံပန်းမျိုးမပေါ်။ ပြုံးပြုံးရွှင်ရွှင်နှင့် ရယ်စရာ မောစရာ ပြောလျက်ရှိသည်။ ဗေရီးယားက မော်ကားမော်ကား ပြုလုပ်နေခြင်းကိုပင် သူ သိပုံမပြ။

သို့ရာတွင် အစည်းအဝေးပြီးခါစအချိန်တွင် လာရင်မှာ များစွာ စိတ်နှလုံးကျုံ့လှုပ်ချောက်ချားလျက်ရှိသည်။ အခြားသူများနှင့် မျက်နှာချင်းဆိုင်ရမည်ကိုပင် ကြောက်၍နေသည်။ ပထမတွင် သူ့အိမ်ကိုသူ ပြန်ပြေးတော့မည်ဟု လာရင် စိတ်ဓာတ်ထဲက အောက်မေ့ လိုက်သည်။ နောက်မှ အိမ်ပြန်ပြေးလျှင် သူ့သမီး၊ သူ့တူးသည့်မြင်းကျင်းလိမ့်မည်ဟု သဘောရပြီး အာဏာ၏တည်ရာ ပြည်နယ်အလုပ်အမှုဆောင်အဖွဲ့ ရုံးချုပ်သို့ သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဌာနချုပ်သို့ ရောက်သောအခါ အလှည့်ကျစောင့်နေသော အမှုထမ်းအား ''ရဲဘော် လေဗေဒိတ်ကို ငါ့ဆီလွှတ်လိုက်စမ်း''ဟု ခိုင်းသည်။

လေဗေဒိတ်မှာ လာရင်၏ လူယုံဖြစ်သည်။ လာရင်၏ အခြားလူယုံနှစ်ယောက်မှာ သူ့တူနှင့် မိုလောက်သတင်းစာ အယ်ဒီတာတို့ဖြစ်သည်။ သူ လိမ်လည်သွားသည့်အခါတွင် သူ့လူယုံများသည် သူ့ကို စွန့်ပစ်သွားကြလိမ့်မည်ကို လာရင် သိသည်။

လာရင်သည် သူ့နားထင်ကို သူ့လက်နှင့်နှိပ်၍ သူ့ရုံးခန်းထဲ၌ ထိုင်နေသည်။ ရုံးခန်းတစ်ခုလုံး တိတ်ဆိတ်နေသည်။ သို့ရာတွင် ကော်မတီရုံးတစ်ရုံးလုံးမှာ တထိတ်ထိတ်နှင့်ဖြစ်၍နေကြသည်။ တစ်ယောက်နှင့် တစ်ယောက်လည်း ဘယ်သူ့ကို ဘယ်သူကမျှ မယုံကြ။ လာရင့်လူသိုက်နှင့် ဇေရီးယားလူသိုက်အား ပြိုင်၍နေကြရာ ဘယ်သူ့ဘက်က နိုင်မည်ဟုလည်း ဘယ်သူမျှမပြောနိုင်။

လာရင်က အယ်ဒီတာထံသို့ စကားပြောကြေးနန်းလှမ်း၍ ဆက်လိုက်ရာ ''ရဲဘော်လာရင် အခု အယ်ဒီတာ မရှိပါဘူး။ လက်ထောက်အယ်ဒီတာနှင့် စကားပြောချင်ရင်တော့ ပြောနိုင်ပါသည်''ဟု စကားပြောကြေးနန်းထဲမှ အသံထွက်လာသည်။

လာရင်သည် စကားပြောကြေးနန်းကို ချလိုက်ပြီး ''ဒီကောင် လေဗေဒိတ်ဟာ ဘာလို့များကြာနေမှန်းမသိဘူး။ လေးထပ်က သုံးထပ်ဆင်းလာတာ သုံးမိနစ်ထက်ကြာနိုင်ဦးမလား''ဟု သူ့ဟာသူ ပြော၍နေသည်။

ထိုအခိုက်တွင် ဝရန်တာဘက်တံခါးမှ ဖြည်းဖြည်းကလေး လျှောက်သံကြားရသည်။ လာရင်က ''လေဗေဒိတ်ပဲ ထင်တယ်။ ဒါပေမယ့် ဒီကောင်က ဘာလို့လာနေကျ ဧည့်ခန်းဘက်က မလာရတာလဲမသိဘူး''ဟု အောက်မေ့ပြီး တံခါးကို သွား၍ဖွင့်ပေးသည်။

ဝင်လာသူက လာရင်အား ''ဘယ်သူမှမမြင်ပါဘူး။ ဝရန်တာဘက်မှာ လူရှင်းနေပါတယ်''ဟု ပြောသည်။

ပထမအတွင်းရေးမှူးလာရင်က စိတ်ဆိုးမာန်ဆိုးနှင့် ''သင် လာတဲ့အချိန်ဟာ မဟုတ်ဘူး။ အခုပဲ ငါ့ဆီကို လေဗေဒိတ်လာလိမ့်မည်''ဟု ပြောသည်။

''သူ့ကိုစောင့်နေလို့ အလကားပါပဲ ရဲဘော်လာရင်၊ အခုငါလာတာဟာ လေဗေဒိတ်အကြောင်းကို တစ်ခွန်းနှစ်ခွန်းလောက် ပြောချင်လို့လာတာပါ''ဟု ဝင်လာသူကပြောသည်။ သူ့နာမည်မှာ ပရောခေါက်ဖြစ်သည်။ ပရောခေါက်သည် လာရင်၏ နားမျက်စိဖြစ်သည်။ သူသည် လာရင်၏ နားမျက်စိများအနက် အယုံကြည်ရဆုံးဖြစ်သည်။ ပရောခေါက်မှာ လာရင် ကယ်၍ထားသူဖြစ်သည်။ ထိုအချိန်တွင် ပရောခေါက်သည် ဇေရီးယားရုံးတွင် အလုပ်လုပ်နေသည်။ သူသည် ယခင်က အယ်ဒီတာရုံးတွင် အလုပ်လုပ်သည်။ သို့ရာတွင် အလုပ်၌ စိတ်မဝင်စားဘဲ အရက်ကိုသာ သောက်၍နေသဖြင့် တစ်နေ့တွင် သူပေါ့လျော့သည့်အတွက် မိုလောက်သတင်းစာတွင် စတာလင်၏နာမည်နှင့်ယှဉ်၍ မဟုတ်မဟတ် သတင်းတစ်ခုပါသွားသည်။ ထိုအပြစ်



ကြောင့် ပရောခေါက်အား သေနတ်နှင့်ပစ်၍ သတ်ရန်ထုတ်အသွားတွင် လာရင်ကဝင်၍ ကယ်ထားလိုက်သည်။ လာရင်သည် ပရောခေါက်၏အပြစ်ကို အယ်ဒီတာပေါ်သို့ ပုံချလိုက်ပြီးနောက် ကဲဆိုးမိုးမှောင်ကျသော အယ်ဒီတာ၏နေရာတွင် သူ့တူအော်လဂင်ကို ခန့်ထားလိုက်သည်။ ပရောခေါက်အား ဒုတိယအတွင်းရေးမှူးရုံး၌ လာရင်က အလုပ်ခွင့်ပေးထားခြင်းမှာလည်း အကြောင်းမဲ့မဟုတ်။ ဇေရီးယားမရောက်မီကတည်းကပင် အတွင်းရေးများကို သိနိုင်ရန်အတွက် ဖြစ်သည်။ ပရောခေါက်သည် အကြောင်းထူး ပြောစရာရှိ၍သာ လာသည့်အဖြစ်ကိုလည်း လာရင်သိသည်။

''ကိုင်း ဘာပြောစရာရှိသလဲ ပြောစမ်း ပရောခေါက်''

''အော်လဂင်နဲ့ လေဗေဒိတ်တို့နှစ်ယောက် အခုတင်ပဲ ဇေရီးယားနဲ့ လာတွေ့သွားကြတယ်''

''နေပါဦး။ ငါ့တူ အော်လဂင်လား''

''ဟုတ်ပါတယ်။ သင့်တူ အော်လဂင်ပါပဲ''

''မဖြစ်နိုင်တာပဲကွာ။ ငါ့ကို လိမ်မပြောပါနဲ့နော်။ သင် ဒုက္ခများသွားမယ်''

''သင့်ကို ဘယ်တုန်းက ငါလိမ်ပြောဘူးလို့လဲ၊ သူတို့ဟာ ဇေရီးယားဆီ သွားကပ်ကြတာ။ သူတို့မျက်နှာမှာ သွေးတောင်မရှိဘူး''

''ဒီတော့ ဘာဖြစ်သလဲ''

''သူတို့ထွက်လာကြတော့ ကျေနပ်တဲ့မျက်နှာထားနဲ့ ထွက်လာကြတယ်။ ပြီးတော့ သူတို့က သင့်ကို ဒီကောင်ကြီးတော့သွားပြီလို့ သတင်းလွှင့်နေကြတယ်။ ဒါနဲ့ တချို့လည်း သူတို့နမူနာအတိုင်း လိုက်လုပ်ကုန်ကြပြီ''

လာရင်သည် ပြတင်းပေါက်ကိုသွား၍ ငေးကြည့်နေပြီးလျှင် ''အင်း အယုံကြည်ရဆုံးဆိုတဲ့ ခွေးကောင်တွေတောင် ကိုယ်ရေးကြုံလာတော့ သစ္စာဖောက်ကုန်ကြပြီ။ ဒါပေမယ့် အရေးမကြီးပါဘူး။ အချိန်တွေရှိပါသေးတယ်'' ဟု တွေးမိသည်။

ပြီးလျှင် လာရင်က ''သစ္စာဖောက်ချင်လည်း ဖောက်ကြပေါ့ကွာ။ ဘယ်ဖြတ်နိုင်မလဲ။ အေး သင် လာပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ငါ့ဆီတော့ သင် ထပ်မလာနဲ့တော့၊ သင်ပါ ဒုက္ခဖြစ်နေဦးမယ်။ နောက် ဒီကိစ္စတွေ ပေးသွားတော့မှ သင့်ကို ငါခေါ်လိုက်မယ်''ဟု ပြောပြီးနောက် လာရင်သည် ရုတ်ရက် သူ့ရင်ဘတ်ကို လက်နှင့်နှိပ်ပြီးလျှင် စားပွဲနားက ကုလားထိုင်ပေါ်တွင် မှိုင်တွေချပြီး ထိုင်နေသည်။

ပရောခေါက်သည် တစ်ခါမျှ လာရင်အားငယ်သည့်ပုံမျိုးကို မမြင်ဖူးသဖြင့် လန့်သွားပြီး ''လာရင် လာရင်''ဟု ငယ်သံပါအောင်အော်ပြီး ဘာမျှ ဆက်မပြောနိုင်ဘဲ ဖြစ်သွားသည်။

ပရောခေါက်အော်သံကြားသဖြင့် လာရင်သည် အားတက်လာပြီး ''ဟိတ် ပရောခေါက် သွား ဟိုကန့်လန့်ကာနောက်သွားပြီး ပုန်းနေစမ်း''ဟု ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ပရော့ခေါက်လည်း လာရင်အားတက်လာသည်ကို မြင်၍ ဝမ်းသာသွားပြီးလျှင် "ဒီလိုသတ္တိမျိုးမှပေါ့" ဟု ဆိုသည့် မျက်နှာထားနှင့် ကန့်လန့်ကာနောက်သို့သွား၍ ပုန်းနေသည်။

လာရင်သည် သူ့စားပွဲရှိ ကုလားထိုင်ပေါ်သွားထိုင်ပြီး "ဒီကိစ္စမျိုးမှာ လက်နှေးနေလို့ မဖြစ်ဘူး။ ငါ လက်နှေးနေရင် ငါ့ဘက်မှာ လူတစ်ယောက်မှ ရှိတော့မှာမဟုတ်ဘူး။ ငါ့သတ္တိကို ခင်းတို့သိအောင် ပြလိုက်ရမှာပေါ့ကွာ" ဟု အောက်မေ့ပြီး သူ့အစေခံအား "သွား ရဲဘော်လေဖေဒိတ်နဲ့ ရဲဘော်အော်လင်တို့ ကိုယ်ရေးမှတ်တမ်းစာတွဲတွေယူခဲ့" ဟု အမိန့်ပေးလိုက်သည်။

အစေခံသည် စာတွဲများကို လာရင်ရှေ့တွင်ချပြီးနောက် "ရဲဘော် လေဖေဒိတ်နဲ့ရဲဘော်အော်လင်တို့ ရောက်ကြပါပြီ။ ဧည့်ခန်းထဲမှာ စောင့်နေကြပါတယ်" ဟု ပြောသည်။

"ကောင်းပြီ။ ငါ့ဆီကို ဝင်ခဲ့လို့ပြောလိုက်"

အော်လင်နှင့်လေဖေဒိတ်တို့သည် ပြုံးရွှင်စွာဖြင့် ဝင်လာကြသည်။ အထူးသဖြင့် လာရင်၏တူ အော်လင်မှာ ပြုံးရွှင်လျက်ရှိသည်။

အော်လင်က "ဘယ့်နှယ်လဲ ရဲဘော်လာရင် ဖေရီးယားလုပ်တာတွေ သင်ဘယ်လိုသဘောရသလဲ။ ဒီကောင်လုပ်ပုံ နည်းနည်းမလွန်ဘူးလား။ ဒီအတိုင်းဆို သူလုပ်ပုံကို မော်စကိုက သဘောကျမှာမဟုတ်ပါဘူး" ဟုပြောသည်။

လေဖေဒိတ်က "ငါလည်း ဒီလိုပဲ သဘောရတယ်" ဟု ပြုံးပြုံးရွှင်ရွှင်နှင့် အော်လင်ပြောသည်ကို ဝင်၍ထောက်ခံလိုက်သည်။

အော်လင်က "ဘာအလုပ်ပဲဖြစ်ဖြစ် ရပ်တန်းတွင်ရပ်ရင်ကောင်းတယ်။ စတာလင် အကြောင်း ငါတို့ရေးလာခဲ့တာ။ ဆယ်နှစ် ဆယ့်တစ်နှစ်ရှိပါပြီ။ အခုဆို စတာလင်အကြောင်း မသိတဲ့လူရယ်လို့ တစ်ယောက်မှ မရှိတော့ပါဘူး။ ဒါနဲ့များ ဖေရီးယားအား အဆန်းလုပ်နေသေးတယ်" ဟု ပြောသည်။

လာရင်သည် သူတို့ပြောချင်ရာပြောပြီးအောင် စောင့်နေပြီး မျက်နှာထားတည်တည်ကြီးနှင့် "ငါ့မိတ်ဆွေများပြောတာလည်း မှန်ချင်မှန်ပါလိမ့်မယ်။ ဒါပေမယ့် သင်တို့ကို ငါခေါ်တာက ဒီကိစ္စပြောဖို့ မဟုတ်ပါဘူး။ တခြား ကိစ္စတစ်ခုအတွက်ပါ။ အဲဒီကိစ္စက သိပ်အရေးကြီးပါတယ်။ အခုတွင်ပဲ ရဲဘော် ဖေရီးယားက သင်တို့နှစ်ယောက်ရဲ့ ကိုယ်ရေးအဖြစ်အပျက်ကို စုံစမ်းပေးရမယ်လို့ ငါ့ကိုခိုင်းတယ်။ တချို့အဖေတွေအမေတွေက သူတို့သားငယ်များကို သင်တို့နှစ်ယောက် မတရားလုပ်တယ်ဆိုပြီး ဖေရီးယားကို သွားတိုင်ကြတယ်။ ဒီတော့ ရဲဘော်ဖေရီးယားက သင်တို့ကို ရာဇဝတ်မှုနဲ့ စွဲလိမ့်မယ်။ သင်တို့အတွက် ငါ အများကြီးစိတ်မကောင်းဘူး" ဟု ပြောသည်။

လေဖေဒိတ်နှင့် အော်လင်တို့သည် ကြက်သေသေ၍ နေကြသည်။

လာရင်သည် သူတို့နှစ်ယောက်၏ ကိုယ်ရေးမှတ်တမ်းများကို တမင်တကာ စိမ်ပြေနပြေ လှန်လှောကြည့်နေသည်။ ပြီးလျှင် လာရင်က "သင်တို့ မှတ်မိမှာပေါ့



ကာလီနင်ရဲ့ လက်ထောက်ဟာလည်း သင်တို့လိုအပြစ်မျိုးနဲ့ပဲ သေနတ်နဲ့ပစ်အသတ်ခံရတာ" ဟု ဆက်၍ပြောသည်။

အော်လင်က "သင်ပြောတာ မဖြစ်နိုင်ပါဘူး။ ငါတို့အခုပဲ ဖေရီးယားနဲ့တွေ့ခဲ့ပါတယ်။ အဲဒီတုန်းက ဖေရီးယားက ဒီအကြောင်းတွေ ဘာမှ မပြောလိုက်ပါလား။ မပြောလိုက်ရုံတွင် မဟုတ်သေးဘူး" ဟု ပြောပြီး စကားဖြတ်ထားလိုက်သည်။

"ပြောပါ။ ပြောပါ။ ဆက်ပြောပါ" ဟု လာရင်က ပြောသည်။

"ဒီပြင်အကြောင်းတွေကတော့ အလကားအကြောင်းတွေပါ။ ဘာမှ အရေးမကြီးပါဘူး" ဟု အော်လင်က ဖြေသည်။

လာရင်က "ဟေ့ ခွေးကောင်တွေ ငါ့ကို လိမ်မနေကြနဲ့။ သင်တို့ဟာ ငါ့နောက်ကွယ်မှာ ဖေရီးယားနဲ့ပေါင်းပြီး ငါ့ကို မကောင်းလုပ်ဖို့ ကြံနေကြတယ် မဟုတ်လား။ ခွေးသားတွေ နင်တို့တစ်ခါတည်း သေသွားမယ်" ဟု ကြိမ်းပြီးလျှင် သူတို့နှစ်ယောက်အနီးသို့ သွား၍ မျက်နှာကို စေ့စေ့ကြည့်ပြီး "သင်တို့အကြံဟာ မအောင်တော့ဘူး။ သင်တို့နှစ်ယောက် နက်ဖြန်ခါ သင်္ချိုင်းရောက်ဖို့ပဲ အောက်မေ့ကြတော့" ဟု ပြောသည်။

အယ်ဒီတာက "မတော်တာ မပြောပါနှင့်" ဟု ကြောက်ကြောက်လန့်လန့်နှင့် ပြောသည်။

လာရင်က "ဟေ့ ပရော့ခေါက် ထွက်ခဲ့တော့" ဟု အမိန့်ပေးလိုက်သည်။

***

## အခန်း(၁၀)

ပရော့ခေါက်သည် ကန့်လန့်ကာ နောက်မှထွက်၍လာပြီးလျှင် "ရဲဘော်တို့ မကြာရဲနော်။ မတွေ့ရတာ ကြာသွားပြီ" ဟု အော်လင်နှင့် လေဖေဒိတ်တို့ကို မျက်နှာ စပ်ဖြဲဖြဲနှင့် နှုတ်ဆက်လိုက်သည်။

အော်လင်နှင့်လေဖေဒိတ်တို့ နှစ်ယောက်စလုံး မျက်လုံးမျက်ဆန်ပြူး၍ သွားသည်။

"သြော် ရဲဘော်ပရော့ခေါက် သင်ပါ ဒီမှာရောက်သကိုး" ဟု သူတို့က ပြောသည်။

လာရင်က ပရော့ခေါက်ရောက်နေသည်ကို ဖုံးမထားသည်မှာ လာရင်သည် သူတို့နှစ်ယောက်ကို လုံးလုံးဂရုမစိုက်တော့ဘူးဆိုသည့်အဖြစ်ကို အော်လင်နှင့် လေဖေဒိတ်တို့ သိကြသည်။ ဤအချက်သည် သူတို့နှစ်ယောက်အတွက် အကြီးအကျယ် စိတ်မကောင်းသော အချက်ဖြစ်သည်။

အော်လင်သည် ရုတ်တရက် ငယ်သံပါအောင်အော်၍ တံခါးပေါက်ဘက်သို့ တအားပြေး၍သွားသည်။ ပရော့ခေါက်က ကြွက်ကိုကြောင်ခုတ်သည့်ပမာ အပြေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



ပီး အော်လဂင်အားလက်သီးနှင့်ထိုးလိုက်ရာ အော်လဂင်သည် ကော်ဇောပေါ်သို့ တုံ့လုံး လဲကျသွားသည်။ ပရောခေါက်က အော်လဂင်အဖေ ဘွတ်ဖိနပ်ကြီးနှင့် ပိတ်၍ကန်လိုက် ပြန်သည်။ အော်လဂင်၏နှာအထဲမှ သွေးများထွက်လာသည်။

ထိုအခိုက်တွင် လေဗေဒိတ်သည် မသိလိုက်မသိဘာ ပြတင်းပေါက်ဘက်သို့ သွားသည်။ လာရင်က ခြောက်လုံးပူးနှင့် ထုတ်၍ချိန်ပြီး "ဟိတ် ခွေးကောင် အဲဒီနေရာ မှာပဲ ရပ်နေလိုက်"ဟု ကြိမ်းသည်။

ပရောခေါက်သည် လေဗေဒိတ်နောက်ကျောကို လက်သီးနှင့်ပိတ်ထိုးပြီး ဇက်ကိုကိုင်၍ နံရံတွင်ဆွဲထားသောမြေပုံနှင့် မျက်နှာကိုဆောင့်သည်။ ပြီးလျှင် နောက်စေ့ ကို လက်သီးနှင့် ပိတ်၍ထိုးပြန်သည်။

"ဒီနေရာမှာ ငြိမ်ငြိမ်လေးရပ်ပြီး မြေပုံကို ကြည့်နေစမ်း"ဟု ပရောခေါက်က လေဗေဒိတ်ကိုပြောသည်။

ထို့နောက် ပရောခေါက်နှင့် လာရင်တို့သည် အမယ်လေး ဘာလေး အော်နေ သော အော်လဂင်ကိုမပြီး ချောင်တစ်ချောင်တွင်ချ၍ နံရံဘက်သို့ မျက်နှာလှည့်ခိုင်း ထားသည်။

ပရောခေါက်က "ရဲဘော် လာရင် အထူးစုံထောက်ဂရက်ကို စကားပြော ကြေးနန်းနှင့် လှမ်းပြီးခေါ်လိုက်ပါတော့။ အခု ငါသွားဖို့ အချိန်တော်ပြီ"ဟု လေသံ နှင့်ပြောသည်။

လာရင်က "ဟိုမှာ ဗိုလ်ကြီးဆေမျိုးနောက် ရှိနေတယ်။ မတော်လို့ ဗေရီးယား ကိုသွားပြောရင် ခက်နေဦးမယ်"ဟုပြောသည်။

ဆေမျိုးနောက် ဂိုရင်ဆီကို စာသွားပေးနေပါတယ်။ အနည်းဆုံးနှစ်နာရီလောက် ကြာမှ ပြန်လာလိမ့်မယ်"ဟု ပရောခေါက်က အားပေးသည်။

"ဒီလိုဆိုရင် ကောင်းတယ်။ ငါ စကားပြောကြေးနန်းသွားပြောနေတုန်း သင် ဒီကောင်တွေကြည့်ထားလိုက်"ဟု လာရင်က ပြောသည်။

ပြီးလျှင် လာရင်က စကားပြောကြေးနန်းကို ကိုင်၍ အထူးစုံထောက်ကို ဆက်ပေးပါ။ "ရဲဘော်ဂရက်လား၊ လာရင် စကားပြောနေတယ်လေ။ ဒီကို ခုချက်ချင်း လာခဲ့ပါ။ စိတ်ချရတဲ့ တပည့်နှစ်ယောက်လည်း ခေါ်ခဲ့ပါ။ လျှို့လျှို့ဝှက်ဝှက်နော် အင်း ဒါပါပဲ"ဟု ပြောသည်။

"ဒီလိုမတရားလုပ်ရင် သင့်ကို ဒဏ်ပြန်မှာပေါ့ လာရင်။ ပါတီစည်းကမ်းက ဒီလို ဥပဒေကျူးလွန်တာမျိုးကို ချမ်းသာပေးမှာမဟုတ်ပါဘူး"ဟု လေဗေဒိတ်က ပြောသည်။

ပရောခေါက်က သူ့မျက်နှာကိုကိုင်၍ နံရံနှင့်ဆောင့်လိုက်ပြီး "တိတ်တိတ်နေ စမ်း။ နို့မို့ရင် သေသွားလိမ့်မယ်"ဟု ပြောသည်။ ပြီးလျှင် လာရင့်ဘက်သို့လှည့်၍ ဝရန်တာဘက်မှာ လူများရှိသလား ကြည့်လိုက်စမ်းပါ"ဟု ခိုင်းသည်။



လာရင်က တံခါးအသာဖွင့်ကြည့်ပြီး "ဘယ်သူမှမရှိဘူး။ သင် သွားနိုင်ပြီ" ဟု ပြောသည်။

ဒီထိတော့ဟန်ပြီ။ ဒါပေမယ့် တစ်ခုတော့ သတိထားပါ ရဲဘော်လာရင်။ အလုပ်ကို ဆုံးခန်းတိုင်လုပ်ပါ။ အခုဆိုရင် နောက်ပြန်ဆုတ်လို့ မဖြစ်တော့ဘူး"ဟု ပရောခေါက်က ပြောသည်။

"ငါ နားလည်ပါတယ်။ ငါ နားလည်ပါတယ်"

"ဒီလိုဆိုရင် ကောင်းတယ်။ ဒီလိုဆိုရင် သစ္စာဖောက်ချင်တဲ့အကောင်တွေဟာ အကုန်လုံးလန့်သွားပြီး ဗေရီးယားတံခါးနားတောင် သီရဲတော့မှာ မဟုတ်တော့ဘူး"ဟု ပြောပြီးလျှင် ပရောခေါက်သည် ဝရန်တာအမှောင်တွင်းမှ လစ်၍သွားသည်။

လာရင်သည် ပရောခေါက်ထွက်သွား၍ တံခါးပြန်ပိတ်နေခိုက်တွင် စစ်သား ဖြနင်းသံမျိုးကို သူ့ရုံးခန်းအဝင်ဧည့်ခန်းမှ ကြားရသည်။ ထို့နောက် အရပ်ထောင်ထောင် ကောင်းမောင်းနှင့်အတူ စုံထောက်(လျှို့ဝှက်သူလျှို)အရာရှိ ဂရက်နှင့်တပည့်များသည် လာရင်၏ရုံးခန်းထဲသို့ ခြေခပ်ကြမ်းကြမ်းနင်းပြီး ဝင်လာကြသည်။

ဂရက်သည် လေဗေဒိတ်နံရံကို မျက်နှာမူ၍ ရပ်နေသည်ကိုမြင်ရသဖြင့် လာရင်အား "သူ့ကို ဘယ်လိုလုပ်စေချင်သလဲ"ဟု မေးသည်။

လေဗေဒိတ်က "ရဲဘော်ဂရက် လာရင်ကို ဖမ်းပါ။ သူဟာ မတရား"ဟု ဂရက်ဘက်သို့ လှည့်ပြီးပြော၍ စကားမဆုံးမီ ဂရက်သည် လေဗေဒိတ်ရှိရာသို့ အပြေး သွားပြီး လေဗေဒိတ်၏ဇက်ပိုးကို လက်ဝါးစောင်းနှင့်တအား ခုတ်လိုက်သည်။ လေဗေဒိတ်သည် ခေါင်းငိုက်စိုက်ဖြစ်ကာ ငိုင်ကျသွားသည်။

"ရဲဘော်လာရင် သင့်အမိန့်ကို ငါ နာခံလိုပါတယ်"

"ဒီကောင်နှစ်ကောင်ကို စာရင်းပျက်ပြားမှုနဲ့ အမှုဖွင့်လိုက် နားလည်ရဲ့ လား"ဟု လာရင်က ပြောသည်။

"ရဲဘော်လာရင်ရဲ့အမိန့်ကို တစ်သဝေမတိမ်း လိုက်နာပါမည်။ အားလုံး ကုန်စင်အောင် ငါ လုပ်ပါမည်"ဟု ဂရက်ပြောသည်။

လာရင်သည် ဂရက်အနားသို့ ကပ်၍ "သင် ဒီလာတာ ဆေမျိုးနောက် သိသလား" ဟု လေသံဖြင့်မေးသည်။

"မသိပါဘူး။ သူ အပြင်သွားနေပါတယ်"

"ဒီမှာ ဂရက် တစ်နာရီအတွင်းမှာ ဒီကောင်နှစ်ကောင်ကို အစပျောက်လိုက်။ တစ်နာရီထက် ပိုမကြာစေနဲ့။ နားလည်လား။ ပြီးတော့ သူတို့ရဲ့ ဖြောင့်ချက်ကို ဒုရောက်ဆီကို တန်းယူသွား။ ငါ့ဆီကို ပို့မနေနဲ့တော့။ ပြီးတော့ ဒီကောင်နှစ်ကောင် အကြောင်းကို ဆုံးဖြတ်ချက်ချအောင်လည်း ဒုရောက်ကို သင်က ကြည့်ပြော"ဟု လာရင်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒါက လွယ်ပါတယ်။ ဒုရောက်က လက်မှတ်ထိုးမှာပါပဲ။ ဒီပြင်စာတွေကြား ထဲညှပ်ပြီး ငါထည့်လိုက်ပါမယ်''ဟု ဂရက်က ပြောသည်။

''ဟုတ်ပြီ ဟုတ်ပြီ။ ကိုင်း လုပ်စရာရှိတာ သွားလုပ်ပေတော့။ အချိန်ကုန်နေမယ်''ဟု လာရင်က ပြုံး၍ပြောသည်။

ဂရက်၏ တပည့်သုံးယောက်သည် တရားခံနှစ်ယောက်ကို ချိုင်းကမ၍ ကျင်လည်စွာ ဆွဲထုတ်သွားကြသည်။

လာရင်သည် ဧည့်ခန်းဝထိ လိုက်ပို့လိုက်ပြီးလျှင် သူ့စားပွဲသို့ ပြန်လာသည်။ ပြီးလျှင် သူ့တပည့်အား ''ငါ့ နေ့လယ်စာကို ဒီကိုယူခဲ့လို့ပြောလိုက်။ ငါ့ ရုံးခန်းထဲမှာပဲ ငါစားမယ်''ဟု အမိန့်ပေးလိုက်သည်။

လာရင်သည် ကြက်သားကြော်ကို စား၍နေစဉ် ဗေရီးယားသည် စိတ်ဆိုးမာန်ဆိုးနှင့် ဝင်လာပြီး ''ရဲဘော်လာရင် ဘယ်လိုဖြစ်တာလဲ။ အော်လင်ဂနှင့် လေဗေဒိတ်ကို ဘာလို့ဖမ်းတာလဲ''ဟု မေးသည်။

လာရင်က ဣန္ဒြေရရ မျက်နှာထားတည်တည်ကြီးနှင့် ''သူတို့ကို အထူးစုံထောက်အဖွဲ့က စာရိတ္တပျက်ပြားမှုနဲ့ ဖမ်းတယ်ထင်တယ်။ ငါလည်း အခုပဲ ဒုရောက်ဆီက စာရလို့သိရတယ်။ ဟောဒီမှာပဲ သင်ကိုယ်တိုင် ဖတ်ကြည့်ပေတော့။ သူတို့ကိုယ်တိုင် လက်မှတ်ကြီးတွေနဲ့ ကြောက်စရာကြီးပဲ။ ငါဖြင့် ဒီလိုဖြစ်လိမ့်မယ်လို့ မထင်ခဲ့မိဘူး''ဟု ပြောသည်။

ဗေရီးယားက စာရွက်များကို ဖတ်ကြည့်ပြီး စားပွဲပေါ် ပစ်ချလိုက်သည်။ ပြီးလျှင် ဗေရီးယားက ''ဒီအမှုမျိုးကို သေသေချာချာစုံစမ်းပြီးမှ လုပ်ဖို့ကောင်းတယ်။ အမှုကတော့ အမှုကြီးပဲ။ ဒါပေမယ့် ငါကိုယ်တိုင်တော့ ဘာမှမပြောနိုင်သေးဘူး။ သူတို့ကို ငါကိုယ်တိုင် သွားမေးကြည့်ဦးမယ်''ဟု ပြောသည်။

လာရင်က သူကိုက်နေသော ကြက်တောင်ပံရိုးဖြင့် စိတ်မကောင်းဟန်ဖော်ပြပြီး ''ဒါပေမယ့် သင် သွားလို့တွေ့တော့မှာ မဟုတ်တော့ဘူး။ သူတို့ နှစ်ယောက်စလုံး ထောင်ထဲမှာ ဆွဲကြိုးချသေကုန်ပြီ''ဟု ပြောသည်။

ဗေရီးယားသည် ဘာမျှမပြောဘဲ ငြိမ်၍နေသည်။

ပြီးလျှင် ဗေရီးယားက ''နှစ်ယောက်စလုံးပဲလား''ဟု မေးသည်။

''နှစ်ယောက်စလုံး''ဟု လာရင်ကဖြေသည်။

ဗေရီးယားက လာရင်မျက်နှာကို မုန်းတီးစိတ်နှင့် စိုက်၍ကြည့်နေသည်။ နံရံတွင်ချိတ်ထားသော စတာလင်အရုပ်က ပြုံး၍ သူတို့နှစ်ယောက်ကို ကြည့်နေသည်။ သူတို့နှစ်ယောက်အနက် ဘယ်သူ့ကို စတာလင်က ပို၍သဘောကျသည်ဟု ပြောဖို့ခဲယဉ်းသည်။

ဗေရီးယားသည် ဖြန်းခနဲထိုင်ရာမှထ၍ ကုလားထိုင်ကို ဂျုံးခနဲဖယ်လိုက်ပြီးလျှင် ''ဒီလိုဆိုလည်း ပြီးတာပါပဲ။ ရဲဘော်လာရင် ငါ ပြန်လိုက်ဦးမယ်။ ညကျမှပဲ ညစာစားပွဲကြီးမှာ တွေ့ကြသေးတာပေါ့''ဟုပြောသည်။



''စားပွဲကြီးကျတော့ တွေ့ကြတာပေါ့။ ငါလည်း ကြက်ရိုးလည်ပင်းထဲ ဆို့မနေရင်တော့ လာခဲ့မှာပါပဲ''ဟု လာရင်က ပြောသည်။

ဗေရီးယားသည် တံခါးကို ဂျုံးခနဲပြန်ပိတ်ခဲ့ပြီး ထွက်သွားသည်။

လာရင်သည် ဗေရီးယားအား မျက်စိတဆုံးကြည့်လိုက်ပြီး မြိန်ရှက်စွာ ကော်ဖော့ပေါ်ကို တံတွေးထွေးလိုက်သည်။ ဗေရီးယား ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်လာခြင်းကို လာရင် သဘောကျသည်။ လေဗေဒိတ်နှင့် အော်လင်ဂတို့နှစ်ယောက် အစတုံးသွားသည့် သတင်းသည်လည်း တစ်ယောက်စကား တစ်ယောက်နားနှင့် ပျံ့နှံ့သွားပြီ။ ထို့နောက်တွင် ဗေရီးယားဆီသို့ မည်သူမျှသွား၍ မကပ်ဝံ့ကြတော့။ ဟိုတိုးတိုး ဒီတိုးတိုးပြောခြင်းများလည်း ရပ်သွားသည်။ လူများသည် တစ်ယောက်ကိုတစ်ယောက် လာရင်၏ သူလျှိုဟု သင်္ကာမကင်းဖြစ်နေကြသည်။ တိုတိုပြောရလျှင် ထိုသို့ တစ်ယောက်ကိုတစ်ယောက် သင်္ကာမကင်းဖြစ်နေကြခြင်းသည် ကွန်မြူနစ်ပါတီအုပ်ချုပ်ရေးအဖွဲ့၏ ပုံမှန်အခြေအနေပင် ဖြစ်သည်။ လာရင်သည် ယခင်က ရောက်စတောက်ပြည်နယ်၏ အရှင်သခင်ဖြစ်ခဲ့သည့်နည်းတူ ယခုလည်း ဆက်၍ အရှင်သခင်ဖြစ်လျက်ရှိသည်။ သူ့ကို အန်တုဝံ့သူ မရှိတော့။

နေ့လယ်စာ စားပြီးသောအခါ လာရင်သည် သူ့တပည့်ကိုခေါ်၍ ''ငါ တစ်ရေးအိပ်မယ်။ ငါ့ကို ဘယ်သူမှ လာမနှောင့်ယှက်စေနဲ့''ဟု အမိန့်ပေးလိုက်သည်။

ပြီးလျှင် လာရင်သည် ဆိုဖာပေါ်တွင် တုံးလုံးလှဲ၍ ''ဗေရီးယားတော့ လှောင်အိမ်ထဲကကျားလို သူ့ရုံးခန်းထဲမှာ ကုတ်ဖဲ့လုပ်နေပစေပေါ့ကွာ။ ဒီကောင် ဒီလိုမှကောင်းတယ်။ ငါ့အတွက်တော့ တစ်ရေးလောက်စိမ်ပြေနဲ့ အိပ်လိုက်ဦးမယ်။ ငါလည်း တော်တော်ကလေးတော့ မောသွားပြီ''ဟု စဉ်းစားလျက်ရှိသည်။

ညစာစားပွဲသို့ ရောက်သောအခါ သူ့အဖို့ အခြေအနေ အတော်ကလေး တိုးတက်လာသည်ကို တွေ့ရသည်။ လူများသည် သူ့ကို ရိုသေခန့်ညား၍ လာကြသည်။ လာရင်သည် အကျေနပ်ကြီးကျေနပ်ကာ လူတိုင်းလူတိုင်းကို ရယ်ရယ်မောမော နှုတ်ဆက်ပြီး သောလုံးများကိုပင် ထုတ်လျက်ရှိသည်။

ကပွဲစခါနီးသောအခါ မိန်းကလေးတစ်စုက လာရင့်ထံလာ၍ အမြင်မတော်သော ကပ္ပီရမ်ဗာစုံတွဲအကကို ကခွင့်ပေးရန် တောင်းပန်ကြသည်။ လာရင်က ''ကောင်းပြီ ရမ်ဗာအကဟာ ခေနရှင်အကမျိုးဖြစ်လို့ ကွန်မြူနစ်များနှင့် မသင့်လျော်သော်လည်း ငါ ခွင့်ပြုမယ်။ တို့ကွန်မြူနစ်တွေဟာ နိုင်ငံရေးသဘောပေါက်ပြီးသားတွေမို့ အကျင့်စာရိတ္တပျက်ပြားစရာတော့ မရှိပါဘူး။ ကိုင်း သွားကကြတော့''ဟု ပြောသည်။

လာရင်သည် မိန်းကလေးချောချောတစ်ယောက်နှင့် တွဲ၍ကနေစဉ် ''ရဲဘော်လာရင် ဟောဒီမှာ အရေးကြီးတဲ့ ကြေးနန်းတစ်စောင်လာနေပါတယ်'' ဟု အရာရှိငယ်တစ်ယောက်က အော်၍ပြောလိုက်သည်။ ''ကြေးနန်းစာလားဟေ့။ ထားလိုက်ပါဦးကွာ။ နောက်မှ ဖတ်ပါမယ်''ဟု လာရင်က ပြောသည်။

''သိပ်အရေးကြီးတဲ့ ကြေးနန်းပါ။ ရဲဘော်လာရင်''

www.burmeseclassic.com

www.burmeseclassic.com



လာရင်သည် မိန်းကလေးကို တောင်းပန်၍ထားခဲ့ပြီးနောက် ''ကြေးနန်းစာ ပေးစမ်းပါဟေ့။ ဖတ်ကြည့်ရအောင်။ နေဦးဟေ့။ ဒီနားမှာလူရှုပ်တယ်။ ဝရန်တာဘက်မှာ သွားဖတ်မယ်''ဟု ပြောသည်။

ထိုအခိုက်တွင် ဗေရီးယားသည် ပြုံးလျက်ရှိသည်။ လာရင်သည် ဗေရီးယား၏မျက်နှာထားကို လှမ်း၍အကဲခတ်သော်လည်း မမြင်ရ။ သူ့စိတ်ထဲ၌ သူ့မျက်နှာပေါ်တွင် မိန်းကလေး၏ ဆံပင်စကလေးများ ဝဲလျက်ပင်ရှိသေးသည်။

လာရင်သည် စာအိတ်ကိုဖွင့်လိုက်သောအခါ လျှို့ဝှက်သောအက္ခရာများကို ပုံမှန်အက္ခရာပြန်ထားပြီး ကြေးနန်းစာကိုတွေ့ရသည်။ ကြေးနန်းစာကို ဖတ်လိုက်ရသောအခါ လာရင်မှာ မျက်လုံးများပြာ၍သွားသည်။ သူ့ရင်ဝကို မီးစနှင့်ထိုးလိုက်သလို ဖြစ်သွားသဖြင့် လာရင်သည် ငယ်သံပါအောင်အော်၍ပင် ထွက်ပြေးချင်စိတ် ပေါ်လာသည်။ သို့ရာတွင် သူ့စိတ်ကို သူထိန်းထားပြီးလျှင် ညည်းရှုံလောက်သာ ညည်းလိုက်သည်။

ကြေးနန်းစာလာ၍ပေးသူက ''အကြောင်းပြန်ဖို့ ရှိပါသေးသလား ရဲဘော် လာရင်''ဟု မေးသည်။

လာရင်က နှုတ်ဖြင့်မပြောဘဲ လက်ဖြင့် ရမ်း၍ပြလိုက်သည်။ ပြီးလျှင် လာရင်သည် ဝရန်တာဘက်သို့ ထွက်သွားသည်။ ဝရန်တာမှာအများရှိသဖြင့် ဝက်ပါကဲ့သို့ ဖြစ်နေသည်။ လာရင်သည် တစ်စုံတစ်ခုသောနေရာသို့ အမြန်ရောက်အောင် သွားမည့် ရည်ရွယ်ချက်ဖြင့် သုတ်သုတ်လျှောက်၍သွားသည်။ ခဏလောက်သွားမိသောအခါ နောက်မှခြေသံများ လိုက်လာသည်ကို ကြားရသည်။ လာရင်သည် ချောင်ကျသော ဝရန်တာတစ်ခုဘက်သို့ ကူး၍ခိုနေသည်။ ခြေသံတို့သည် သူခိုနေသော ဝရန်တာဘက်သို့ လိုက်လာသဖြင့် လာရင်သည် သုတ်ခြေတင်၍ပြေးသည်။ ခြေသံများကလည်း သူ့နောက်သို့ပြေး၍ လိုက်လာကြသည်။

''ဒီကောင်တွေ ငါ့ကို လိုက်ချောင်းနေတာပဲ။ ငါ ဒီကောင်တွေလက်က လွတ်အောင်ပြေးမှပဲဖြစ်မယ်။ ဒီလိုဖြစ်လိမ့်မယ်ဆိုတာ အစက ငါ ဘာလို့ မစဉ်းစားမိခဲ့တယ် မသိဘူး။ ဒီကောင်တွေဟာ ငါ့သွေးကိုသောက်မယ့် အကောင်တွေပဲ။ ငါ သေမင်းငင်တဲ့အသံကိုလည်း ကြားချင်ကြတယ်ထင်တယ်။ ငါသေတာမြင်ရရင် မော်စကိုကသရဲတွေက ဝမ်းသာကြတော့မှာပဲ''ဟု လာရင်သည် တွေးလျက်ရှိသည်။ လာရင်သည် ချွေးအေးကြီးများပြန်၍ လာသည်။

လာရင်သည် မှောင်နေသော အခန်းတစ်ခုထဲသို့ ဝင်၍ပုန်းနေသည်။ သူ့အသက်ရှူသံကြားသွားမှာစိုး၍ အသက်ကိုပင် အောင့်ထားသည်။ လာရင်သည် ငိုအားထက်ရယ်အားသန်ကာ သူငယ်ငယ်က သူ့အမေကြိမ်လုံးနှင့်လိုက်ရိုက်၍ ချုံကွယ်တွင် ပုန်းနေရဖူးသည်ကို သတိရမိသည်။

နောက်မှ လိုက်လာသူများသည် လာရင်ကို မျက်ခြည်ပြတ်၍သွားသည်။



လာရင်သည် ပုန်းရာမှထွက်လာပြီး ''ဒီကောင်တွေလောက်များတော့ ဖမပျော့ပေါ့ကွာ''ဟု ပြောပြီး သူ့နောက်သို့ လိုက်လာသူများဘက်သို့ လှျာထုတ်၍ ပြလိုက်သည်။ အခန်းထဲက ဓာတ်မီးခလုတ်ကို ဖွင့်လိုက်သောအခါ အင်မတန် မန်ညားသော ရုံးခန်းဖြစ်နေသည်ကို လာရင် တွေ့လိုက်ရသည်။

''ဒီအခန်းဟာ မီဒိုယန့်ရဲ့ ရုံးခန်းနှင့်တူတယ်ဟု လာရင်တွေးပြီးလျှင် စားပွဲအနီးက ကုလားထိုင်တွင် ဝင်၍ထိုင်လိုက်သည်။

လာရင့်စိတ်ထဲက ''ဒါပေမယ့် ငါ မြန်မြန်လုပ်မှဖြစ်မှာ။ ဒီကောင်တွေ ပြန်လာချင်လာဦးမယ်''ဟု တွေးပြီးလျှင် တုန်တုန်ယင်ယင်နှင့် သူ့အိတ်ထဲမှ ခြောက်လုံးပူးကို ဆွဲ၍ထုတ်လိုက်သည်။

ခြောက်လုံးပူးကို သေသေချာချာကြည့်ပြီး လာရင်သည် ''ငါ တွန့်ဆုတ် တွန့်ဆုတ် လုပ်နေရင် မဖြစ်ဘူး။ ဒါဟာ ငါ့ရဲ့ကိုးကွယ်ရာပဲ။ ငါ ဘာလို့ကြောက်ရမလဲ။ ဖို ငါဟာ ဒီမှာ မဟုတ်ဘူး။ ကလေးဘဝတုန်းက အမေလိုက်လို့ ပုန်းနေရတဲ့ချုံကွယ်မှာ ရောက်နေတာပဲ။ ဒီမှာဆိုရင် ဗေရီးယားတို့ ဒွရောက်တို့ မော်စကိုက သရဲတစ်သိုက်တို့ ဆိုတာက ငါ့ကို အစိမ်းလိုက်ဝါးစားချင်တဲ့ ရန်သူတွေချည်းပဲ။ အို လူကလေး လာရင် ယင် ဘာကြောက်ရတာလဲ။ ဘာဒိုရမှာလဲ မနာပါဘူး။ သင် ဒီမှာ မဟုတ်ပါဘူး။ မျော်ပျော်ရွှင်ရွှင်နဲ့ ကစားနေတဲ့ ကလေးဘဝ ပြန်ရောက်နေပါတယ်။ ဒီသရဲ မင်းရဲတွေကို အကုန်ဆော်ပစ်မယ်။ မှန်းစမ်း ယမ်းတောင့်ဘယ်နှတောင့်ရှိသလဲ။ ငါးတောင့် ခြောက်တောင့်အကုန်လုံးကို ဆော်ဖို့တော့ မလောက်ဘူး။ ဒါပေမယ့် ဗိုလ်လုပ်တဲ့ အကောင်တွေအတွက်တော့ လောက်ပါတယ်။ ဟေ့ ဗေရီးယား သတိထားနေလိုက်ပါ။ ငါ လာရင်ကွ။ ခွေးသားတွေ နင်တို့ခေါင်းထဲ ယမ်းတောင့်ကုန်အောင် ငါ ပစ်သွင်း လိုက်မယ်''ဟု တစ်ယောက်တည်း ရေရွတ်လျက်ရှိသည်။

လာရင်သည် သူ့နားထင်ကို ခြောက်လုံးပူးပြောင်းဝနှင့်တေ့ပြီး မောင်းကို ဖြုတ်လိုက်သည်။

သေနတ်သံတစ်ချက်တည်းသာ ပေါ်လာသည်။

***

အခန်း(၁၁)

လီဒါနှင့်ရှဒ္ဒိုင်တို့သည် သူတို့ချိန်းထားသည့် နေရာတွင်တွေ့ကြသည်။

''ရှဒ္ဒိုင်ရေ လာရင်ကြီး သူ့ကိုယ်သူသတ်သေတယ်ဆိုတာ ကြားပြီးပြီလား ဟေ့''ဟု လီဒါက မေးသည်။

ရှဒ္ဒိုင်က ''လူတွေပြောနေကြတာ ကြားတာပဲ။ ဘာလို့သတ်သေရတာ လဲ''ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



''ငါ ဘယ်သိမလဲ ရှဒ္ဒိုင်ရဲ့''

''ငါတော့ မိန်းမကြောင့် ထင်တာပဲ''

''ကြံကြံဖန်ဖန်ဟယ်။ ဒီအရွယ်ကြီးကျမှ မိန်းမကြောင့် သတ်သေပါမလား ရှဒ္ဒိုင်ရယ်''

''မိန်းမကြောင့်ပါ လီဒါရယ်။ အင်မတန် ရှင်းပါတယ်။ လောကမှာ မိန်းမတွေထက် ယုတ်မာတဲ့သတ္တဝါ မရှိပါဘူး။ ကိုယ့်ကိုယ်ကိုယ်သတ်သေတဲ့ ယောက်ျားတစ်ရာမှာ ငါးဆယ်ဟာ မိန်းမကြောင့်ချည်းပဲမှတ်ပါဟု ရှဒ္ဒိုင်စိတ်ထဲက နီနာကို ရည်ရွယ်၍ပြောသည်။

''ရှဒ္ဒိုင် သင်ဟာ ခေတ်မမီပါဘူး။ ကွန်မြူနစ်ပါတီပေါ်လာမှ ယောက်ျားတွေဟာ မိန်းမအတွက် သတ်မသေကြတော့ပါဘူးဟ။ ပါတီကချမှတ်ပေးတဲ့ စည်းမျဉ်းအတွက်သာ သတ်ကြပါတော့တယ်။ အခု လာရင် သတ်သေတာဟာ ပါတီမီးပွားပါဟ။ ဒီကိစ္စဟာ ''သင် အေးမယ်ထင်သလား''ဟု လီဒါကပြောသည်။

''ခေါင်းတွေအများကြီး ပြုတ်ကြဦးမှာပေါ့ဟာ လီဒါရာ''

''အေး သင်ပြောတာ မှန်လိမ့်မယ်ထင်သဟ။ ဒါ့ထက် သင် နီနာနဲ့ တွေ့သေးသလား''ဟု လီဒါက မေးသည်။

ရှဒ္ဒိုင်သည် သူ့မျက်နှာကို လီဒါမမြင်ရအောင် မှောင်ရိပ်တွင်ကွယ်ထားပြီး လီဒါမေးသည်ကို ပြန်၍မပြော။ ရှဒ္ဒိုင်သည် ဘာကြောင့် မျက်နှာမသာဖြစ်နေသည်ကို လီဒါမတွေးတတ်။

''သင် ဒီနေ့ သင့်အပူကြောင်း ပြောမလို့ဆို''ဟု ရှဒ္ဒိုင်က မေးသည်။ လီဒါသည် ခဏလောက် စဉ်းစားနေပြီး ''ငါတို့အတန်းသားတစ်ယောက်ဟာ အလကား မဲ့သက်သက်အနှိပ်စက်ခံရတယ်။ ပြီးတော့ သူတို့ဆေးရုံမပို့ဘဲ ထောင်ထဲပို့လိုက်တယ်''ဟုပြောသည်။

''နှိပ်စက်တဲ့ကောင်က ဘယ်သူလဲ''

''သင်နဲ့ ငါနဲ့ စကားပြောနေတုန်းက ငါ့ကို အတင်းဆွဲခေါ်သွားတဲ့ကောင်ပေါ့ဟ''

''ဒီကောင်ဆိုရင် ငါသိပြီ။ တို့တောင်မှ ဒီကောင်က မိုက်မိုက်ရိုင်းရိုင်း ပြောသွားသေးတယ်။ အဲဒီတုန်းကတောင် ဒီကောင်ကို ငါ ထတီးလိုက်ဦးမလို့ဘဲ။ လူတွေထဲမို့လို့ မကောင်းတတ်လို့''ဟု ရှဒ္ဒိုင်က ပြောသည်။

လီဒါက အသံတုန်တုန်နှင့် ''ရှဒ္ဒိုင် ရှဒ္ဒိုင် သင် ဒီကောင်ကို ငါ့အတွက် လက်စားချေပေးစမ်းပါ။ လက်စားချေပေးမယ် မဟုတ်လား ရှဒ္ဒိုင်''ဟု ပြောပြီးလျှင် ရှဒ္ဒိုင်၏လက်ကို ဖြတ်ခနဲဆွဲ၍ကိုင်လိုက်သည်။ လီဒါ၏လက်များသည် တုန်၍နေသည်။

''လီဒါ သင် ဘာဖြစ်သလဲ။ သင့်လက်တွေက တုန်လို့ပါလား''ဟု ရှဒ္ဒိုင်က မေးသည်။



လီဒါက ''ဒီမှာ ရှဒ္ဒိုင် အဖိုးတန်တဲ့လူတစ်ယောက်ကို ထောင်ထဲမှာထည့်နှိပ်စက်ပြီး လူဆိုးလူမိုက်တစ်ယောက်ကို အရပ်ထဲမှာ တံခါးမရှိ ဓားမရှိ သူလုပ်ချင်တာ လုပ်နိုင်ဖို့ လွှတ်ထားတာကို မြင်ရတဲ့လူမှန်ရင် ငါအခုဖြစ်နေသလို မဖြစ်ဘဲ ဘယ်သူ နိုင်မလဲ။ ဒီလို မိုက်ရိုင်းစော်ကားတာမျိုးကို လက်စားမချေဘဲနဲ့ ခံနေလို့မဖြစ်ဘူး''ဟု ပြောပြီးလျှင် လီဒါသည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။

ပြီးလျှင် လီဒါကဆက်၍ ''ရှဒ္ဒိုင် သင်က ငါပြောတာကို ဆန်းတယ်လို့ ထင်ချင်ထင်မယ်။ တကယ်လို့ ဆန်းတယ်ထင်လို့ ဒီကောင်မိုက်ကို သင်က လက်စားချေ မပေးချင်ဘူးဆိုရင်လည်း ကိစ္စမရှိပါဘူး။ ငါကိုယ်တိုင်ပဲ လက်စားချေပါမယ်''ဟု ပြောပြန်သည်။

''သင်ပြောတာ ဘာမှမဆန်းပါဘူး။ လက်စားချေဖို့အလုပ်ကိုလည်း သင် ကိုယ်တိုင်လုပ်ဖို့ မလိုပါဘူး။ ဒီလိုအလုပ်မျိုးနဲ့ မိန်းကလေးနဲ့လည်း မတန်ပါဘူး။ ဟလုပ်မျိုးက စွမ်းရည်သတ္တိနဲ့ လုပ်ရမယ့်အလုပ်မျိုးပါ။ ဒီမှာ ကြည့်စမ်း ငါ့လက်သီးကို မြင်တယ်မဟုတ်လား။ ဒီလက်သီးနဲ့ ဒီကောင့်ထက်မကတဲ့ကောင်တွေတောင် မေးကျိုး သွားတာများပါပြီ''ဟု ရှဒ္ဒိုင်က ပြောသည်။

''ဒါဖြင့် သင် လုပ်ပေးမယ်ပေါ့''

''စိတ်ချနေပါ လီဒါ ငါ လုပ်ပေးပါမယ်။ ဒါထက် နေပါဦး။ ကျောင်းသား တွေက မလုပ်ကြဘူးလား''

''ကျောင်းသားတွေတော့ မပြောပါနဲ့ ရှဒ္ဒိုင်၊ သူတို့ထဲမှာ သတ္တိရှိတဲ့ကောင် တစ်ယောက်မှ မရှိပါဘူး''ဟု လီဒါက ပြောသည်။ သို့ရာတွင် ကျောင်းသားများသည် ရောက်ကိုကြောက်၍ ဘာမျှမလုပ်ရဲကြသည့်အကြောင်းကိုမူ ရှဒ္ဒိုင်ပါ ကြောက်ချင် ကြောက်သွားမည်စိုး၍ လီဒါက ပြောမပြ။

ပြီးလျှင် လီဒါက ''ဒါပေမယ့် သတိတော့ထားပါ။ သင့်ကိုယ်သင် ရောက်အောင်လည်း မလုပ်ပါနှင့်''ဟု ပြောသည်။

ရှဒ္ဒိုင်က ''ငါ့အတွက် ဘာမှမပူပါနဲ့။ ဘယ်သူ့မှမသိအောင် ငါလုပ်ပါမယ်။ ကောင်ကို အဝတ်နဲ့အုပ်ပြီး ဖမ်းသွားရင်ပြီးတာပဲ။ ဒါထက် အခု ဒီကောင် ဘယ်မှာလဲ''ဟု မေးသည်။

''ကပွဲမှာပဲ ရှိသေးတယ်''

''ဒါဖြင့် ကောင်းပြီ လီဒါ အပြင်က စောင့်နေမယ်။ ငါ့အဖော်နှစ်ယောက် ယောက်လည်း ခေါ်လိုက်ဦးမယ်။ တို့ ကော့ဆက်တောသားတွေက မြို့သားတွေများ ွယ်ရမယ်ဆိုရင် အားကြီးပျော်တာ''ဟု ရှဒ္ဒိုင်က ပြောသည်။

ပြီးလျှင် ရှဒ္ဒိုင်က ''လီဒါ သင် ငါ့ကို အလုပ်ပေးတာ ကျေးဇူးတင်တယ်။ မဆိုရင် ငါ့မှာ ရည်ရွယ်ချက်ရှိသွားပြီ။ အရင်ကဆိုရင် လောကမှာနေရတာ ပျင်းစရာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးပဲ။ သင် ငါ့ကို အားကိုးတာ အလကားမဖြစ်စေရပါဘူး။ ဒီကောင်ကို ငါတို့ လူစဥ်မမီအောင် လုပ်ပြပါမယ်''ဟုပြောသည်။

❋❋❋

## အခန်း(၁၂)

ည ၁၀ နာရီ ၁၅ မိနစ်တိတိအချိန် ဖေရီးယားသည် ကပွဲအခန်းတွင်ရှိနေခိုက်တွင် ကြေးနန်းတစ်စောင် ရောက်လာသည်။ ဖေရီးယားသည် ယိုတ်ဇာကောက်နှင့် ဒူရောက်တို့ကိုခေါ်၍ ဘူတာရုံသို့ မော်တော်ကားနှင့်အမြန်သွားသည်။ ကြေးနန်းစာတွင် ''ရဲဘော် ဖေရီးယားသို့. ငါ ကောကေဆပ်သို့. ခရီးထွက်နေသည်။ ည ၁၀ နာရီခွဲ ရောက်စတောက် ဘူတာကို ရောက်မည်။ သင့်ကို တွေ့ရမှဖြစ်မည် စတာလင်''ဟုပါသည်။

ဘူတာရုံတစ်ခုလုံးတွင် သူလျှိုစစ်သားများ အစောင့်ချထားသည်။ အစောင့်ကျသော စစ်ဗိုလ်က ''မီးရထားဟာ တတိယသံလမ်းမှာ ဆိုက်လိမ့်မည်။ ငါ့ကို ဘာခိုင်းချင်သလဲ'' ဟု ဖေရီးယားနားနားသို့. ကပ်၍ပြောသည်။

''အဲဒီကို ငါတို့သွားမည်''ဟု ဖေရီးယားက ပြောသည်။

ပြီးလျှင် ဖေရီးယားက စစ်ဗိုလ်အား ''ဒါလောက်အစောင့်တွေ များများကြီး ချဖို့ သင် ဘယ်လိုအချိန်ရသလဲ''ဟု မေး၏။

စစ်ဗိုလ်က ''ဒါတွေဟာ မော်စကိုကလာတဲ့ စတာလင်ရဲ့ ကိုယ်ရံတော်တပ်သားတွေ စတာလင်မလာခင် သူ့ကိုယ်ရံတော်တပ်တစ်တပ်က အမြဲရှေ့ကကြိုပြီး သွားနှင့်ရတယ်။ တို့ဆီက တပ်သားတွေကို စတာလင်က အသုံးမပြုဘူးဟုပြောသည်။

ထို့နောက် ခါးတွင် ခြောက်လုံးပူးထိုးထားသော စစ်ဗိုလ်ကြီးတစ်ယောက်က မီးအိမ်ကိုမြှောက်၍ ဖေရီးယား၏ မျက်နှာကိုကြည့်ပြီးလျှင် ''သင် ဖေရီးယား'' မဟုတ်လားဟု မေးသည်။

''ဟုတ်ပါတယ်။ အနို့ သင်ကကော ဘယ်သူလဲ''ဟု ဖေရီးယားက မေးသည်။

စစ်ဗိုလ်ကြီးက ''ငါက အထူးစုံထောက်ဌာန ဗိုလ်ကြီးယှတိုကောက်ပါ။ သင့်ကို စတာလင်က မီးရထားတွဲထဲမှာ တစ်ယောက်တည်းတွေ့လိမ့်မယ်''ဟု ပြောသည်။ ပြီးလျှင် ဗိုလ်ကြီးက အခြားသူများကို ဘူတာရုံကစောင့်နေရန် ပြောလိုက်သည်။

ဖေရီးယားနှင့်ယှတိုကောက် နှစ်ယောက်တည်းကျန်နေသောအခါ မီးရထားတစ်စင်း ဝင်လာသည်။ ဖေရီးယားက မီးရထားနားသို့. သွားမည်လုပ်သောအခါ ယှတိုကောက်က ''နေပါဦး ဒါက ပထမရထားပါ။ နောက်တစ်စင်း လာပါလိမ့်ဦးမယ်''ဟုပြော၍ ဖေရီးယားလက်ကို ဆွဲထားသည်။



ပထမဝင်လာသော ရထားသည် မရပ်ဘဲနှင့် တောက်လျှောက်မောင်းသွားသည်။ ထိုရထားထွက်သွားပြီးနောက် မကြာမီပင် ဒုတိယရထားဝင်လာသည်။

''ကိုင်း သွားကြစို့''ဟု ယှတိုကောက်က ပြောသည်။

ထိုအခိုက်တွင် ရထားစောင့်ဗိုလ်သည် ယှတိုကောက်ကို အလေးပြုပြီးလျှင် ''တတိယတွဲထဲမှာပါ ဗိုလ်ကြီး''ဟု ပြောသည်။

စတာလင်ပါလာသော မီးရထားတွဲထဲသို့. ဝင်ခါနီးသောအခါ ယှတိုကောက်က ''ရဲဘော်ဖေရီးယား သင့်ဆီမှာ လက်နက်ပါလာရင် ငါ့ကို တစ်ဆိတ်ပေးထားပါ''ဟု ပြောသည်။ ဖေရီးယားသည် သူ့၌ပါလာသော ခြောက်လုံးပူးကိုထုတ်၍ ယှတိုကောက်သို့. အပ်လိုက်သည်။

ပြီးလျှင် စစ်ဗိုလ်တစ်ယောက်ထွက်လာပြီး ဖေရီးယားအား ''ရဲဘော်စတာလင်က သင့်ကို ဝင်ခဲ့ပါဟု ပြောပါတယ်''ဟု ယဉ်ကျေးစွာပြောပြီးလျှင် တံခါးကိုဖွင့်ပေးသည်။

❋❋❋

## အခန်း(၁၃)

စတာလင်၏အခန်းမှာ အပြင်ဘက်က ညှိခန်းကဲ့သို့. မီးထိန်အောင်ထွန်းမထားသဖြင့် မှောင်နေသည်ဟု ထင်ရသည်။

ဖေရီးယားသည် ဝင်သွားသွားချင်း စတာလင်ကိုမမြင် စစ်ဝန်ကြီးဗိုရိုရှီလောက်ကိုသာ မြင်သည်။ ဗိုရိုရှီလောက်၏ မျက်နှာမှာနီ၍ အမြဲအရက်သောက်သူတို့မှုတာအတိုင်း အနည်းငယ်ဖောသွပ်သွပ်ဖြစ်နေသည်။ ဗိုရိုရှီလောက်မှာ အစွမ်းအစများစွာမရှိသော်လည်း စတာလင်အပေါ်တွင် ခွေးများကဲ့သို့. သစ္စာရှိသူဖြစ်သဖြင့် သူ့ကိုများစွာ ယုံကြည်စိတ်ချသည်။

ဗိုရိုရှီလောက်သည် စတာလင်၏ လူယုံတစ်ယောက်ဖြစ်သော ကြိုးကိုင်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကလိနင်နှင့် အမြဲစကားများလေ့ရှိပြီး၊ ထိုသို့. စကားများရင်းမှ ခြောက် လုံးပူးကိုဆွဲပြီး ကလိနင်ကိုလိုက်သဖြင့် ကလိနင်သည် ဘော်ရှီဗစ်အစိုးရ၏ ကရင်မလင် နန်းတော်ကြီးတစ်လျှောက် ပြေးရပြီး နောက်ဆုံး စတာလင်၏ စားပွဲခုံအောက်တွင်ဝင်၍ ပုန်းနေရသည်ဟု ကောလာဟလပြောကြသည်။ ထိုသို့ပြောကြခြင်းမှာ မှန်သည်မမှန်သည်ဟု သိနိုင်ရန် ခက်သော်လည်း ဗိုရိုရှီလောက်၏ရုပ်မှာ ရုံဖန်ရံခါ ကျိုက်ကဲ့သို့.လုပ်ရမှနေသာ ထိုင်သာရှိမည့် ရုပ်မျိုးဖြစ်သည်ကို တွေ့ရသည်။

စတာလင်သည် မှောင်ရိပ်မှထွက်၍ ဖေရီးယားကို လက်ဆွဲနှုတ်ဆက်ပြီး ဖေရီးယား၏ပခုံးကို ချီးမြှင့်သည့်သဘောဖြင့် သူ့ညာဘက်လက်နှင့် ပုတ်သည်။ စတာလင်က ဖေရီးယားကို ရုတ်တရက် ထိုင်ပါဟုမခိုင်း။

www.burmeseclassic.com

www.burmeseclassic.com



စတာလင်က ''သင့်ကိုတွေ့ရတာ အင်မတန် ဝမ်းသာပါတယ် ဗေရီးယား၊ သင်နှင့် ငါ မတွေ့ရတာ တစ်နှစ်တောင်ကျော်သွားပြီ။ သင့်မိတ်ဆွေရင်း ဗိုရိုရှီလောက်ကဖြင့် ဂေလိန်ဆိတ်မှာတုန်းက သင် တိုက်လိုက်တဲ့ ချယ်ရီဖြန့်ဒီအကြောင်းကို ပြောလို့ကို မဆုံးဘူး။ သူ့စိတ်ထဲမှာ ဒိုင်းနမိုင်းတွေများ ထည့်တိုက်လိုက်သလားတောင် မှတ်နေတယ်''ဟု ပြောသည်။

ထိုအခါ ဗိုရိုရှီလောက်က ဝါးလုံးကွဲအကြောကြီး ရယ်လိုက်သည်။ ဗေရီးယားအထင်မှာ စတာလင်ပြောလို့ ရယ်စရာကောင်းတာကနည်းနည်း။ ဗိုရိုရှီလောက်က လောကွက်ချော့ရယ်လိုက်တာက တော်တော်များသည်။

စတာလင်သည် ဗေရီးယားက ဗိုရိုရှီလောက်ကို နှုတ်ဆက်ပြီးအောင် စောင့်နေပြီးမှ ဗေရီးယားကို အထိုင်ခိုင်းသည်။ ပြီးမှ ဗေရီးယားနှင့်ယှဉ်၍ ထိုင်သည်။ စတာလင်၏ အရေးများတွန့်နေသော မျက်နှာမှာ ပြုံး၍နေပုံရသည်။ သို့ရာတွင် ဗေရီးယားစိတ်ထဲက စတာလင် တကယ်ပဲ ပြုံးသည် မပြုံးသည်ကို မဝေခွဲနိုင်။ စတာလင်၏ မည်းမည်းဖွာဖွာ နှုတ်ခမ်းမွေးကြီးသည် မည်သည့်အရာကိုမဆို လုံခြုံစွာ ဖုံးကွယ်၍ ထားနိုင်သည်။ သို့ရာတွင် စတာလင်က သူ့အား ပျူပျူငှာငှာ ဧည့်ခံသည့်အတွက် ဗေရီးယားမှာ စိတ်သက်သာရာရသည်။ ဗေရီးယားသည် စတာလင် မည်ကဲ့သို့မိန့်သည်ကို ရင်တလေးလေးနှင့် စောင့်၍နေသည်။

စတာလင်သည် အလျင်စလို စကားမပြော။ ပြီးလျှင် သူ့ဆေးတံကို စားပွဲပေါ်မှကောက်၍ ဆေးထည့်ပြီးလျှင် ပါးစောင်တွင် ကိုက်၍ထားလိုက်သည်။ ထိုအခိုက်တွင် ကောင်းစွာ သင်ကြားထားအပ်သော ဗိုရိုရှီလောက်သည် စားပွဲခုံပေါ်တွင် ကုန်း၍ လောကွတ်ကျေပြွန်စွာ မာတ်မီးခြစ်ကို စတာလင်အား လှမ်း၍ပေးလိုက်သည်။

စတာလင်၏လက်များမှာ နုနယ်၍ ကလောင်တန်ထက်လေးသောအရာများကို ကိုင်ဖူးပုံမရ။ သူစီးထားသော ဘွတ်ဖိနပ်များမှာလည်း ဦးအင်မတန်ချွန်၍ အောက်ခံအင်မတန်ပါးလှသဖြင့် ဗေရီးယားစိတ်ထဲက ''အင်း ဒီလို ဖိနပ်မျိုးနဲ့ဆိုရင်တော့ ကော်ဇောပေါ်နင်းနေမှ ဖြစ်မှာပဲ''ဟု ထင်မိသည်။

''သင် အကြံပေးတဲ့အတိုင်းပဲ လာရင်ကို မော်စကိုသို့လာခဲ့ရမယ်လို့ ငါ ကြေးနန်းရိုက်လိုက်တယ်။ သဘောကျရဲ့ မဟုတ်လား''ဟု စတာလင်က စကားစပြတ်၍သွားခဲ့သော စကားဟောင်းကို ဆက်၍ပြောသည့်ပမာ ဖြန်းခနဲ စကားစမရှိဘဲနှင့် ပြောလိုက်သည်။ ပြီးလျှင် ဆက်၍ ''ပြီးတော့ လာရင် သူ့ကိုယ်သူ သတ်သေတယ်ဆိုတဲ့ သတင်းလည်း ငါ အစီရင်ခံစာရတယ်။ အင်း ဒါတော့ မကောင်းဘူး''ဟု ပြောသည်။

စတာလင်သည် ဗေရီးယားကဲ့သို့ပင် ဂျော်ဂျီယာနယ်သားဖြစ်သော်လည်း ဗိုရိုရှီလောက်ကို အားနာသောသဘောဖြင့် ဂျော်ဂျီယာစကားကို မပြောဘဲ ရုရှစကားကိုပြောသည်။



ပြီးလျှင် စတာလင်က ''ဘာလို့ လာရင်ကို သင် စောင့်ကြည့်မနေရသလဲ။ သူ့ကိုယ်သူသတ်မသေနိုင်အောင် သင် စောင့်ကြည့်နေဖို့ကောင်းတယ်။ လာရင်ကို ရောက်စတောက်ပြည်နယ်က အရေးကြီးတဲ့ထရော်စကီ သူပုန်ဂိုဏ်းဝင်တစ်ယောက်အဖြစ်နဲ့ ဖမ်းပြီး စစ်ဖို့ကောင်းတယ်လို့ လွန်ခဲ့တဲ့ တနင်္ဂနွေတစ်ပတ်လောက်ကပဲ ငါ့ကို ရဲဘော်ဗိုယင်စကီက အစီရင်ခံတယ်။ အခုတော့ လာရင်နေရာမှာ သင့်ကိုပဲ အစားထိုးရတော့မလို ဖြစ်နေတယ်'' ဟု ပြက်ရယ်ပြုကာပြောသည်။ ထိုအခါ ဗေရီးယားမှာ ကျာချမ်းသွားပြီးလျှင် အသက်မရှုနိုင်လောက်အောင် ဖြစ်သွားသည်။ ဘုန်းတော်ကြီးလုသော အာဏာရှင်စတာလင်၏ စကားများကို ကြားလိုက်ရသောအခါ ဗေရီးယား၏ မျက်နှာတွင် သွေးများဆုတ်သွားသည်။

ဗေရီးယားစိတ်ထဲက စတာလင်အား ''တော်တော်လိမ်နိုင်တဲ့ အကောင်ကြီးပဲ။ ရောက်စတောက်ပြည်နယ်တွင် ထရော့စကီဂိုဏ်းဝင်ဟု တစ်ယောက်မျှလည်းမရှိ။ ပြီးတော့ လာရင်ဆိုတာလည်း သူ၏ သစ္စာအရှိဆုံးခွေးပဲ''ဟု အောက်မေ့မိသည်။ ပြီးလျှင် ဗေရီးယားသည် ထိုသို့အောက်မေ့မိခြင်းကိုပင် သူ့ဟာသူ ပြန်၍ကြောက် နေသည်။

ဗေရီးယားက ''အခုလို လာရင် သူ့ကိုယ်သူ သတ်သေသွားနိုင်ရတဲ့အတွက် ငါ့ကို အပြစ်လွှတ်ပါ ရဲဘော်စတာလင်။ ငါလည်း လာရင်ကို မျက်ခြည်မပြတ်အောင် စောင့်ကြည့်ဖို့ ဒုရောက်ကို ခိုင်းထားတာပါပဲ။ ဒီအထဲကမှ လက်မတင်ကလေး လာရင် လွှတ်သွားတာပါ''ဟု ပြောသည်။

စတာလင်က ''လာရင်ဆီက လက်နက်ကို သိမ်းထားလိုက်ဖို့ ကောင်းတာပေါ့။ ပြီးတော့ သူ့ကို ဖမ်းထားမှဖြစ်မယ်ဆိုရင်လည်း ဖမ်းထားလိုက်ဖို့ကောင်းတယ်။ ငါ့စိတ်ထဲက သင်ဟာ အတော်လျင်တယ်လို့ထင်တာ။ အခုတော့ လာရင်လို အလကား ကောင်တစ်ယောက်က သင့်ကို တစ်ပတ်ရိုက်သွားတာတွေ့ရတယ်''ဟု ပြောသည်။

ဗေရီးယား၏မျက်နှာတွင် သွေးများဆုတ်သွားသည်။ ပြီးလျှင် ဗေရီးယားက မျက်နှာတည်တည်ကြီးဖြင့်ထ၍ ''ဒီတစ်ကြိမ်ဟာ ငါ့ရဲ့ နောက်ဆုံးအမှားပါပဲ။ နောက်ကို ငါ့ကို ဘယ်ကောင်မှ တစ်ပတ်မရိုက်စေရပါဘူး''ဟုပြောသည်။

စတာလင်ကပြုံး၍ ''စိတ်အေးအေးထားပါ ဗေရီးယား၊ ထိုင်ပါ ထိုင်ပါ။ ငါ သင့်ကိုခေါ်တာ လာရင်အကြောင်းပြောဖို့ မဟုတ်ပါဘူး။ သက်သက်တွေ့ချင်လို့ ခေါ်တာပါ။ မိတ်ဆွေလာရင်ဟာ ဘာမှအရေးမကြီးပါဘူး။ တို့ကို ဒီလို ဒီကောင်က တစ်ပတ်ရိုက်သွားနိုင်တယ်ဆိုတာပဲ မခံချင်စရာကောင်းတာပါ။ ဒီကောင် လွတ်သွားလည်း ဒီပြင်ကောင်တွေ ရှိဦးမှာပေါ့''ဟု ပြောသည်။

ထိုအခါ ဗိုရိုရှီလောက်က တပည့်ကောင်းပီပီ စတာလင်ပြောသည်ကို ဟားဟား ဟားဟားဟု ရယ်၍ ထောက်ခံလိုက်သည်။

ဗေရီးယားသည် ထိုသူနှစ်ယောက်ကို အများကြီးကြောက်၍သွားသည်။ အထူးသဖြင့် စတာလင်ကို ပို၍ကြောက်သည်။ ပြီးလျှင် ဗေရီးယားစိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



''စတာလင်ဟာ လူထုကို နည်းနည်းလေးမှ ဂရုစိုက်တဲ့ကောင်မဟုတ်ဘူး။ ရွှံ့ဆန်ကွဲလောက်မှ တန်ဖိုးမထားဘူး''ဟု အောက်မေ့မိသည်။

ထိုအခိုက်တွင် စတာလင်သည် ဆေးတံကြီးကိုခဲ၍ ဗေရီးယားအပေါ်က သားကို ကြည့်ပုံမျိုးနှင့် ကြည့်နေသည်။

ပြီးလျှင် စတာလင်က ''ရောက်စတောက်ကို ပြင်သစ်စာရေးဆရာကြီး ရှုအင်လာမယ်ဆိုတာ သင် ကြားပြီးရောပေါ့။ သူလာတဲ့ကိစ္စက သူတို့နိုင်ငံက ကျောင်းသားများကို တို့နိုင်ငံလွှတ် ပညာသင်စေပြီး တို့နိုင်ငံက ကျောင်းသားများကို သူတို့နိုင်ငံလွှတ်ပြီး ပညာသင်စေဖို့အတွက်လို့ ပြောတယ်။ ဒီလို စီစဉ်ပေးနိုင်မယ်ဆိုရင် သူတို့နေရှင်နိုင်ငံတွေနဲ့ တို့နိုင်ငံဟာ အထင်မှားမှုတွေ လျော့ပါးသွားနိုင်ဖို့ အကြောင်းရှိတယ်လို့ သူ သဘောရတယ်တဲ့။ ရှုအင်ကတော့ ပေါတောတောပဲ။ ဒါပေမဲ့ သူပြောတာကို ငါ သဘောကျတယ်။ ငါက တို့ဘက်ကတော့ အခက်အခဲမရှိရအောင် စီစဉ်ပေးပါမယ်လို့ ပြောလိုက်တယ်။ ပြီးတော့ သူတို့ဆီက နည်းနိုးစရာရှိလည်း တို့က နည်းခိုးချင်ပါတယ်။ တို့က သူတို့ကို သင်ပေးစရာ ရှိလည်း သင်ပေးချင်ပါတယ်လို့ ပြောလိုက်တယ်''ဟု ဗေရီးယားကို ပြောသည်။

ဗိုရိုရှီလောက်က ''ရှုအင်ကို သင် ဒီလိုပဲ ပြောလိုက်သလား။ အဲဒါ မကောင်းဘူး ထင်တယ်''ဟုပြောသည်။

စတာလင်က ဗိုရိုရှီလောက်အား တော်တော်ဖျင်းတဲ့လူပဲ ဟူသော အကြည့်မျိုးဖြင့်ကြည့်၍ ''ရဲဘော် ဗိုရိုရှီလောက် တာဝန်ခံတယ်ဆိုတာမျိုးက ကိုယ့်ရည်ရွယ်ချက်အတိုင်း ကိုယ်တာဝန်ခံတာပဲ။ ဒါပေမဲ့ တာဝန်ခံသလိုလုပ်ဖို့ မလုပ်ဖို့ဆိုတာကတော့ အခြေအနေပေါ်မှာ တည်တာမျိုးပါ''ဟု ပြောပြီးလျှင် ဗေရီးယားဘက်သို့ တစ်ခါလှည့်၍ ''ရှုအင် စိတ်ထဲမှာတော့ ကျောင်းသားချင်းဖလှယ်တဲ့နည်းထက် ကောင်းတဲ့နည်းမရှိဘူးလို့ထင်နေတယ်။ ရှုအင်ဟာ တခြားအနောက်တိုင်း ပညာရှိတွေလိုပဲ အလကားလူပဲ။ သူ့စိတ်ထဲမှာ ငါတို့က လူတွေကို လူတွေလို သဘောထားဖို့ မေ့များသွားမလားဆိုပြီး ပူနေတယ်''ဟု ပြောသည်။ ပြီးလျှင် စတာလင်က ဆေးတန်ကို ပါးစပ်မှဖြုတ်ပြီး ''သင်တို့ဟာ အခုလို အံ့ဩစရာ ကောင်းတဲ့ ပြုပြင်ပြောင်းလဲမှုကြီးတွေကို ဆောင်ရွက်နေရင်းနဲ့ အရေးအကြီးဆုံးဖြစ်တဲ့ တစ်ဦးစီတစ်ယောက်စီဖြစ်တဲ့ လူရဲ့အကျိုးကို မေ့မသွားပေဘူးလား''ဟု ရှုအင်က မေးသည့်အတိုင်း ရှုအင်၏ သံနေသံထားနှင့် မေး၍ပြသည်။ ပြီးလျှင် စတာလင်က ''ငါလည်း တတ်နိုင်သမျှ သူစိတ်ပူနေတဲ့အချက်ကို ရှင်းပြပြီး သူ့ကို ဂိုရင့်ဆီ တစ်ခါတည်း ပို့လိုက်တာပဲ။ ဂိုရင်က သူစိတ်အေးသွားအောင် တစ်ခါတည်း ရှင်းပြလိုက်နိုင်မှာ၊ လူတစ်ဦး တစ်ယောက်စီရဲ့ ကောင်းကျိုးနဲ့ပတ်သက်တဲ့ ကိစ္စအတွက်ကို ရှင်းအောင်ပြောဖို့ဆိုရင် ငါတို့ အထဲမှာ ဂိုရင်ထက်စွမ်းတဲ့သူ မရှိဘူး''ဟု စတာလင်က ပြောသည်။



ဗိုရိုရှီလောက်က ဂိုရင့်အပေါ်တွင် အထင်မကြီးသည့် မျက်နှာထားနှင့် ကြည့်နေသဖြင့် စတာလင်က ''အခုအချိန်အထိတော့ဖြင့် သူ့ထက်စွမ်းတဲ့သူ မရှိဘူး''ဟု ဆက်၍ ပြောလိုက်သည်။

''ရှုအင်ဟာ ဂိုရင့်ဆီမှာပဲ တည်းမယ်မဟုတ်လား''ဟု စတာလင်က ဗေရီးယားကို မေးသည်။

''ဂိုရင့်ဆီမှာ မတည်းပါဘူး၊ အစိုးရဧည့်စံအိမ်မှာ တည်းပါလိမ့်မယ်''

''ဘာလို့လဲ''

''တလောက ဂိုရင့်သားက ကြောင်တောင်တောင်လုပ်လို့ပါ။ ဂိုရင်က သူ့သား ပါဗယ်ရှူးဒါကို ပြင်သစ်စာရေးဆရာကြီးနှင့် တွေ့မသွားစေချင်ဘူးထင်ပါရဲ့''ဟု ဗေရီးယားက ပြောသည်။ ဗေရီးယားသည် ဂိုရင်တို့သားအဖ၏ အဖြစ်အပျက်ကိုပြောဖို့ မတော်ဘူးထင်၍ လည်းကောင်း၊ မပြောရဲ၍လည်းကောင်း စတာလင်အား ဟုတ်သည့်အတိုင်း အကျယ်တဝင့် ပြောမပြ။

စတာလင်က ဗေရီးယားကို အကြာကြီးစိုက်ကြည့်ပြီး ''ပါဗယ်ရှူး ဒါဟာ ကြောက်စရာ မကောင်းဘူး၊ ပါးတာနပ်တာပဲ ကြောက်စရာကောင်းတယ်''ဟု ပြောသည်။

''ရဲဘော် စတာလင်ပြောတာ အများကြီးမှန်တယ်''ဟု ဗေရီးယားက စတာလင်အား ချီးကျူးလိုက်သည်။

စတာလင်က ''ပါဗယ်ကြောင့် သူ့အဖေတောင် ပျက်စီးမှာစိုးရတယ်''ဟု ပြောပြီးလျှင် စတာလင်သည် စိတ်မကောင်းပုံ ဖြစ်သွားသည်။

ဤသို့စတာလင်က ပြောလိုက်ခြင်းသည် ဗေရီးယားအဖို့တွင် စတာလင်က ခေါင်းတော်ညိတ်လိုက်ခြင်းဖြစ်သည်ကို ဗေရီးယား ရိပ်မိသည်။

ဗေရီးယားက သူ့ကိုယ်ကို စတာလင်ဘက်သို့ ကုန်းလိုက်၍ စတာလင်နှင့် မျက်လုံးချင်းဆိုင်၍ ကြည့်လိုက်ပြီးလျှင် ခေါင်းတော်ညိတ်လိုက်သဖြင့် စိတ်တော်ကို သိကြောင်းပါဟူသော အမူအရာကို ပြလိုက်သည်။ စတာလင်၏ နိမိတ်ပြချက်ကို မှားမလည်ဘူးဟု စတာလင်သံသယဖြစ်၍ မနေရအောင် ဗေရီးယားက ခေါင်းကိုပင် ညိတ်၍ပြလိုက်သေးသည်။ ဗေရီးယား၏ အမူအရာမှာ 'ငါ နားလည်ပါတယ် ကျေးဇူးရှင်၊ နောက်ထပ်ဘာမှ မမှားစေရပါဘူး'ဟု ပြောလိုက်သည့် အမူအရာမျိုးဖြစ်သည်။

စတာလင်က ဆေးတန်ကို ရှိုက်၍ မီးခိုးမှုတ်ထုတ်လိုက်ပြီးလျှင် ''လောကမှာ သားဆိုးတဲ့အဖေတွေလည်း ပြည့်လို့ပဲ။ ဒုရောက်ဆိုရင်လည်း သူ့သားက အများကြီး ဒုက္ခပေးတယ်လို့ ငါ ကြားတယ်''ဟုပြောပြီးလျှင် မျက်နှာကိုမဲ့၍ ''အင်း···ငါ့သားယာယုလည်း ဒီလိုသားမိုက်ထဲကပါပဲ၊ ဒီကောင်မြန်မြန် မိန်းမရသွားရင် အေးမှာပဲ''ဟု ပြောသည်။

ဗိုရိုရှီလောက်က ''သင့်သားဟာ ငယ်သေးလို့ မိုက်နေတာပါ။ ကြီးတော်ကြီးလာတော့လည်း လိမ္မာလာမှာပါပဲ''ဟု စတာလင်ကို အလိုတော်ရိပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စတာလင်က ဗိုရိုရှီလောက်ပြောသည်ကို မကြားဘဲ သူ့ကိုယ်သူပြောသည့် အနေဖြင့် ဂိုရင်ဟာ တော်တော်ဖျင်းတဲ့လူပဲ။ အရေးကောင်းနေတဲ့အခါကြီးမှာ သူက ပဲ့ိုမိန်းမရဲ့ကိစ္စနှင့် ထပ်ပြီးဒိန်းခေါင်းဖျက်နေသေးတယ်ဟု ပြောသည်။

ဗေရီးယားစိတ်ထဲက ''ဟ ဒီအကြောင်းလည်း စတာလင်သိနေပါပကော'' ဟု အောက်မေ့ပြီး ထိုအကြောင်းကို စတာလင်အား သူက စ၍မပြောမိသည့်အတွက် စိတ်မကောင်းဖြစ်နေသည်။

ဗေရီးယားက ''ဒီကိစ္စဟာ ပြီးသွားပြီလို့ ထားလိုက်ပါ စတာလင်။ ဂိုရင်ကိုလည်း ဒီကိစ္စအတွက် ဘာမှစိတ်မပူဖို့ ငါ ပြောပြီးပါပြီ။ ပြင်သစ်စာရေးဆရာကြီး မရောက်ခင်တော့ ဘာမှ ဂိုရင် စိတ်အနှောင့်ယှက်ဖြစ်အောင်လုပ်ဖို့ မကောင်းဘူးလို့ ငါ သဘောရပါတယ်'' ဟု ပြောသည်။

စတာလင်က ''ဂိုရင် စိတ်အေးသွားအောင် လုပ်လိုက်တာဟာ ကောင်းတယ်'' ဟုပြောသည်။

ဗိုရိုရှီလောက်က ''ဂိုရင်ကို ဘာလို့ ဒါလောက်ဂရုတစိုက် လုပ်နေရာမှာလဲ။ ဂိုရင်ဟာ စာရေးဆရာအကျော်အမော်ကြီးတစ်ယောက် ဖြစ်တယ်ဆိုတာတို့၊ တော်လှန်ရေးလမ်းပြကြီး ဖြစ်တယ်ဆိုတာတို့ကတော့ မှန်ပါတယ်။ ဒါပေမယ့် ဘယ်ဒင်းဖြစ်ဖြစ် စည်းကမ်းတော့ သတ်ပေးဦးမှပေါ့။ ငါ့အထင်တော့ ငါတို့ဟာ ဂိုရင်က ငါတို့ကုပ်ကို တက်ခွလိမ့်မယ်''ဟု ပြောသည်။

စတာလင်က ''သင် ဘာမှနားမလည်ပါဘူး ဗိုရိုရှီလောက်၊ ကြမ်းကြမ်းပြောတယ်ဆိုတာ စစ်မြေပြင်မှာသာကောင်းတယ်။ ဒါပေမယ့် ဒီကိစ္စကတော့ သည်းခံနိုင်မှ အောင်မြင်မယ့် ကိစ္စပါ''ဟု ပြောသည်။

''သည်းခံရမှာက ဘယ်လောက်ထိသည်းခံရမှာလဲ။ နောက်ထပ် တို့ဘက်က ဘယ်လောက်ထိ လျှော့ပေးနေရဦးမှာလဲ''ဟု ဗိုရိုရှီလောက်က မေးသည်။

''ဘယ်ကိစ္စမျိုးပဲဖြစ်ဖြစ် အရင်မလိုပါနဲ့။ ဘယ်လောက်ကြာအောင် သည်းခံရမလဲလို့ သင်က မေးတယ်မဟုတ်လား''ဟု စတာလင်က ပြောပြီးလျှင် ခဲတံတစ်ချောင်းကို ယူ၍ ကွေးပြသည်။ ပြီးလျှင် စတာလင်က ''ကွေးမရတဲ့အရာဟာ ကျိုးသွားရမှာပဲ။ ဘယ်ဒင်းမဆို ဒီလိုချည်းပဲ''ဟု ပြော၍ ခဲတံကျိုးနှစ်ပိုင်းကို ဗိုရိုရှီလောက်ရှေ့သို့ ပစ်ချလိုက်သည်။

ဗေရီးယားနှင့် ဗိုရိုရှီလောက်တို့ နှစ်ယောက်သားသည် တစ်ပြိုင်နက်မော့ပြီး စတာလင်ကို ငေး၍ကြည့်နေကြသည်။ သူတို့မျက်နှာများတွင် စတာလင်အား ''ပညာကြီးပါပေတယ်။ ပညာကြီးပါပေတယ်''ဟု ချီးမွမ်းဟန် ပေါ်၍နေသည်။

စတာလင်က ဗေရီးယားနှင့် ဗိုရိုရှီလောက်နှစ်ယောက်တို့၏ ကျွန်မှုကျွန်ရာဖြင့် သူ့ကို ကြည်ညိုခြင်းကို သူသည် ကောင်းစွာခံယူလိုက်သည်ဟု ယူဆသည်။ စတာလင်သည် ရယ်စရာမောစရာပြောလေ့မရှိဘဲ စကားပြောတိုင်း တည်တည်ကြီးသာပြောတတ်



သည်။ ထိုအခိုက်တွင် စတာလင်ပြောလိုက်သောစကားမှာ ခါတိုင်းခါတိုင်း အခါတွင် ပြောသော စကားများထက် သူ၏ကြမ်းကြုတ်ခက်ထန်သော စရိုက်ကို ထင်ရှားစေသည်။

ဗေရီးယားက ''တကယ်ပဲမှတ်လောက်တဲ့ သင်ခန်းစာပါပဲ၊ ဒီသင်ခန်းစာကို ငါ တစ်သက်လုံး မမေ့အောင် မှတ်ထားပါမယ်''ဟု ပြောသည်။

ဗေရီးယားက ''မှတ်ထားရင် သင် အကျိုးရှိမှာပဲ၊ အခု ငါပြောတဲ့ အမှန်တရားကို မှတ်ထားတဲ့လူများမှာ အသက်ထက်ဆုံး ချမ်းချမ်းသာသာ လုံလုံခြုံခြုံနေရမှာပဲ။ ဒါပေမယ့် ငါ့အထင်တော့ ဂိုရင်က အကျိုးခံမယ့်လူ မဟုတ်ဘူးထင်တယ်။ သူလည်း စဉ်းစားတတ်တဲ့ လူတစ်ယောက်ပဲ။ သူ့ကိုယ်သူ အကျိုးတော့ခံမှာမဟုတ်ဘူး။ ကွေးပြီးလိုက်မှာပါပဲ။ ဒါထက် နီဇီကောက်တစ်ယောက်ကော ဘယ်လိုနေသလဲ။ နီဇီကောက်က ခေတ်ဟောင်း ပညာတတ်တွေလို အလကားလူမဟုတ်ဘူး။ တကယ်တော်တဲ့လူဟု စတာလင်က ပြောသည်။

စတာလင်သည် ခေတ်ဟောင်းပညာတတ်များကို အလွန်အကျူးမုန်းတီးသူ ဖြစ်ကြောင်းကို ဗေရီးယားက် သိသဖြင့် ''ရဲဘော်စတာလင်ပြောတာ မှန်တယ်'' ဟု အပြုံးထိုးလိုက်သည်။ ပြီးလျှင် ဗေရီးယားက ''နီဇီကောက်ဟာ အများကြီး ကြီးပွားနေပါတယ်။ သူ့ကို မကြာခင်ဘဲ ငါတို့တက္ကသိုလ်မှာ ကျောင်းအုပ်ကြီးခန့်မလိုပါ။ နီဇီကောက်ဟာ တကယ်ကိုတော်တဲ့လူပါ''ဟု ပြောသည်။

စတာလင်က ဗေရီးယားပြောတာ မှားနေသည်ဟု ဆိုလိုသောသဘောဖြင့် ''တော်တာ မတော်တာက အရေးမကြီးဘူး။ ယုံကြည်မှုရှိမရှိက အရေးကြီးတယ်။ ယုံကြည်မှုညံ့တဲ့လူဟာ တော်ပေမယ့် အသုံးချလို့မရဘူး။ နီဇီကောက်ယုံကြည်မှုက ပြင်းထန်လို့ ပြီးတော့ ဒီပြင် သမိုင်းဆရာတွေကလည်း ခေတ်ဟောင်းယုံကြည်မှုများကို ချိုးဖျက်ရမလားဆိုပြီး နီဇီကောက်ကို မကောင်းပြောကြတယ်။ ဒါဟာ သူတို့နားမလည်တာပြတာပဲ။ နီဇီကောက်လို လူငယ်ပါရဂူများက စံတင်ထိုက်တယ်။ ဗေရီးယားသင်ကလည်း နီဇီ ကောက်ကို အစွမ်းကုန်အကူအညီပေးပါ။ ဘယ်ကိစ္စပဲဖြစ်ဖြစ်''ဟု ပြောသည်။

''ဒီအတွက် ဘာမှမစိုးရိမ်ပါနှင့် ရဲဘော်စတာလင်''

***

## ယခန်း(၁၄)

စတာလင်နှင့်စကားပြောနေသည့်အချိန် အစအဆုံးတွင် ဗေရီးယားသည် ယူအကြားချင်ဆုံးအကြောင်းတစ်ခုကို စတာလင်ကပြောနိုးနိုးနှင့် နားတစွင့်စွင့် ဖြစ်၍နေသည်။ ထိုအကြောင်းမှာ သူ၏နောင်ရေးဖြစ်သည်။ စတာလင်က တမင်သက်သက် ဗေရီးယား၏နောင်ရေးကို မပြောဘဲချန်ထားပြီး အခြားအကြောင်းများကိုသာ လျှောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေပုံရသည်။ စတာလင်က ဇာတ်သဘင်အကြောင်းကိုပြော၍ သောလုံးများထုတ်သည်။ ဗေရီးယားက ဗိုရိုရှီလောက်ထက် ကျယ်အောင်ပင် ရယ်လိုက်သည်။ သို့ရာတွင် သူ့ရင်ထဲတွင်မူကား မအေး၊ ဗေရီးယားစိတ်ထဲက လာရင်ကိစ္စနှင့်ပတ်သက်ပြီး သူ လစ်ဟင်းသွားသည့်အတွက် စတာလင်က သူ့ကို ရာထူးတိုးပေးရန် မေ့များသွားပြီလား ဟုစိုးရိမ်မိသည်။

ဇာတ်သဘင်အကြောင်းပြီးသောအခါ စတာလင်သည် ဘဲလေးအက အကြောင်းကို ဆက်၍ပြောသည်။ ပြီးလျှင် ဗိုရိုရှီလောက်သည် ဘဲလေးကချေသည်မ ကလေးတစ်ယောက်ကို စွဲစွဲလမ်းလမ်းဖြစ်နေသည့်အကြောင်း သောလုံးထုတ်လိုက်သည်။ စတာလင်သည် အူရှင်နေသည်။

ဤနည်းဖြင့် စတာလင်က သူ့နောင်ရေးနှင့်ပတ်သက်၍ ဘာမျှမပြောသဖြင့် ဗေရီးယားမှာ မျှော်လင့်ချက်မရှိတော့၍ ရင်တဖိုဖိုဖြစ်လာသည်။ ရင်တဖိုဖို ဖြစ်၍နေ ကြောင်းကိုလည်း စတာလင်ရိပ်မိချင်ရိပ်မိမည်။ သို့သော် စတာလင်သည် ရိပ်မိကြောင်း ကိုထုတ်၍မပြ။ နောက်ဆုံးတွင် ဗေရီးယားသည် စိတ်ညစ်ညစ်နှင့် သူ့နောင်ရေးကို စတာလင်သတိရစေရန် အတင်းစွန့်၍ ပြောရတော့သည်။ သူသည် စတာလင်ကို တိုက်ရိုက်ကြီးလည်း မပြောဝံ့။ သို့နှင့် မျက်နှာချိုသွေးပြီး “ရဲဘော်စတာလင် လာရင် နေရာမှာ ဘယ်သူ့ကိုခန့်ရမယ်ဆိုတာကိုလည်း ငါ့ကို တစ်ဆိတ်လောက် ပြောခဲ့ပါဦး” ဟုပြောသည်။ ဤသို့ပြောခြင်း၏ အဓိပ္ပာယ်မှာ “ငါ့ကို သင် မနှစ်က တာဝန်ခံတဲ့အတိုင်း ဘယ်တော့မော်စကိုမြို့ကို ပြောင်းပေးမှာလဲ” ဟု စတာလင်က နားလည်စေရန်ဖြစ်သည်။

စတာလင်ကလည်း သူ့ဆိုလိုသည့်အတိုင်းပင် အတိအကျနားလည်သည်။

“သင် ဒီနေ့ပြောတဲ့ မိန့်ခွန်းကို ငါတို့အများကြီး ကျေနပ်တယ် ဗေရီးယား အများကြီးကို ကျေနပ်တယ်။ သင်ပြောတဲ့သဘောကို ထပ်ပြီးအကျယ်တဝင့်ချဲ့ရေးရင် ကောင်းလိမ့်မယ်လို့ ကြိုးကိုင်အဖွဲ့က သဘောရတယ်။ သင်ကော ဘယ်လိုသဘောရသလဲ။ သင့်မိန့်ခွန်းကို အခြေထားပြီး သင် ကျမ်းတစ်ခု မပြုနိုင်ဘူးလား။ ကော ကေဆပ်ပြည်နယ် ကွန်မြူနစ်ပါတီပေါ်လာပုံ သမိုင်းဆိုတဲ့သဘောမျိုးပေါ့” ဟု စတာလင်က ပြုံးပြုံးချိုချို ပြောသည်။

ဗေရီးယားစိတ်ထဲက သူရာထူးတိုးဖို့ ကြန့်ကြာနေလိမ့်မည်ဟု လုံးလုံး မျှော်လင့်မထားသဖြင့် ဗေရီးယားသည် အကြီးအကျယ် စိတ်ပျက်၍သွားသည်။ စတာလင်က သူ့ကို တပတ်ရိုက်ပြီဟု သူ့စိတ်ထဲတွင် ထင်မိသည်။ စတာလင်က ရာထူးကို လွယ်လွယ်နှင့် တိုးပေးမည်မဟုတ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့်သာ ဗေရီးယား၏ စွမ်းရည်ကို နောက်ထပ်စမ်းရန် ကြံခြင်းဖြစ်သည်။ ဗေရီးယားသည် လသာသာတွင် အူသောခွေးကဲ့သို့ ကျယ်လောင်စွာသာ အူလိုက်ချင်သည်။ သို့ရာတွင် သူ့စိတ်ကိုထိန်း၍ “သင်အလိုရှိသည့် ကျမ်းကို ပြီးစီးအောင် အစွမ်းကုန်ကြိုးစားပြီး ငါ ပြုပါမည်” ဟု စတာလင်ကို တာဝန်ပေးသည်။



“ဒီလိုဆိုရင် အများကြီးကောင်းတယ်။ ဒီကျမ်းကို သင် ပြုမယ်ဆိုရင် မြောက်လလောက်ပဲကြာမှာပေါ့။ အလွန်ဆုံးတစ်နှစ်ပဲ ထားပါတော့။ အဲဒီကျမ်းကြီး ပြီးတယ်ဆိုရင် သင့်ကို ငါတို့ မော်စကိုခေါ်လိုက်မယ်။ အဲဒီကျမ်းကိုပြုတဲ့အခါမှာ ဒီ ကာကေဆပ်နယ်ကို အခြေထားပြီးပြုဖို့ဟာ အရေးကြီးတယ်။ အဲဒါကိုလည်း မမေ့စေနဲ့” ဟု စတာလင်က ပြောသည်။

“ငါ့အပေါ်မှာ ယုံကြည်ကိုးစားတဲ့အတွက် ကျေးဇူးတင်ပါတယ် ရဲဘော် စတာလင်”

“လာရင့်ကိစ္စဖြစ်တာမျိုး နောက်ထပ်မဖြစ်အောင် သတိထားပါ ဗေရီးယား”

“စိတ်သာချပါ။ ဒီလို ထပ်မဖြစ်စေရပါဘူး ရဲဘော်စတာလင်”

ထို့နောက် စတာလင်သည် ထိုင်ရာမှ ထလိုက်သည်။ ဗိုရိုရှီလောက်နှင့် ဗေရီးယားတို့ကလည်း ချက်ချင်း စတာလင်နောက်မှ လိုက်၍ထလိုက်ကြသည်။

“ကိုင်း ငါသွားမယ် ဗေရီးယား။ သင်နဲ့ သင့်နယ်ကြီးပွားဖို့ ငါဆုတောင်းပါတယ်” ဟု စတာလင်က ပြောသည်။

“ကျေးဇူးတင်ပါတယ် ရဲဘော်စတာလင်။ သင့်ခရီး၌ ဘေးမသီရန်မခစေရန် ငါ ဆုတောင်းပါတယ်။ သင်နှင့် အခုတွေ့ရတာဟာ တစ်သက်လုံးမှတ်လောက်တဲ့ သင်ခန်းစာကြီးတစ်ခုပါပဲ”

စတာလင်က ဗေရီးယား၏ပခုံးကို လက်နှင့်ပုတ်၍ “တပည့်ကောင်းပီသ အောင် ကြိုးစားပါ။ ငါ့မိတ်ဆွေ ဗေရီးယား၊ သင့်ကို ငါ အများကြီး မျှော်လင့်ချက်ထားတယ်နော်။ အခုအတောအတွင်းတော့ လာရင့်နေရာကို သင် တက်လုပ်ပါဦး။ ပြီးတော့ ပိုတ်ဗာကောက်ကို သင့်လက်ထောက်ခန့်လိုက်ပါ” ဟု ပြောသည်။

ပြီးလျှင် စတာလင်သည် ဗိုရိုရှီလောက်ဘက်သို့ ခပ်ဖြည်းဖြည်း မျက်နှာလှည့်လိုက်ပြီး “ဘယ့်နှယ်လည်း ဗိုရိုရှီလောက်၊ ငါတို့ လျှို့ဝှက်တဲ့ကိစ္စ သူ့ကို ပြောလိုက်ရမလား” ဟု မေးသည်။

စတာလင်က “ဒီမှာ ဗေရီးယား ကြိုးကိုင်အဖွဲ့က သင့်နာမည်ကို ရာထူးတိုး ပေးဖို့ အရန်စာရင်းထဲမှာ ထည့်ထားဖို့ ဆုံးဖြတ်ချက်ချပြီးပြီ” ဟု ပြောသည်။

အာဏာရှင်စတာလင်၏ စကားကို ကြားလိုက်ရသောအခါ ဗေရီးယားမှာ ဝမ်းသာလုံးဆို့၍ စကားပြန်မပေးနိုင်။ တမေ့တမောကြီးစောင့်ရပြီးမှ သူ့အကြံသည် အောင်ခဲ့ပြီ။ ကြိုးကိုင်အဖွဲ့၏ အရန်စာရင်းမှာ စတာလင်နှင့် အတွင်းအင်မတန်ကျသူ နှစ်ယောက် သုံးယောက်သာသိရသော အင်မတန်လျှို့ဝှက်သည့် စာရင်းဖြစ်သည်။ ထိုစာရင်းတွင် ပါဝင်သူများသည် နောက်နှစ်နှစ် သုံးနှစ်ခန့်ကြာလျှင် အခွင့်အရေးအပြည့် ခံစားရသော ကွန်မြူနစ်ပါတီအမှုဆောင်များ ဖြစ်နိုင်သည်။

“ဘယ့်နှယ်လဲ ကျေနပ်ပလား” ဟု စတာလင်က ဗေရီးယားကို မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗေရီးယားသည် ဘာမျှပြန်မပြော သူ့ပါးများ နီ၍လာသည်။ ပြီးလျှင် ဗေရီးယားသည် ခေါင်းငုံ၍ စတာလင်၏အင်္ကျီစကိုမပြီးလျှင် ဗိုရိုရှီလောက်ရှိနေသည်ကို မရှက်နိုင်တော့ဘဲ ပျော့ပျောင်းသော အင်္ကျီစကိုနမ်းသည်။ သူ့မျက်စိများမှာလည်း မျက်ရည်များဖြင့် ဝေလျက်ရှိသည်။

ဤအခါမျိုးတွင် ပါးစပ်နှင့်ပြောနေ၍ ဘာလုပ်မည်နည်း။

"ငါသည် သင်၏ ကျွန်ဖြစ်ပါသည်။ အသက်ထက်ဆုံး သင်၏ ကျွန်လုံးလုံး ဖြစ်ပါသည်"ဟု သူ၏အမူအရာက ပြောသည်။ ထိုကဲ့သို့ မမျှော်လင့်သောနည်းဖြင့် ကျေးဇူးတင်သည့် အမူအရာကိုပြခြင်းမျိုးသည် စတာလင်အဖို့ အဆန်းမဟုတ်၊ ဗေရီးယား၏ပခုံးကို အဖေက သားငယ်၏ပခုံးကို ဖက်ပုံမျိုး ဖက်၍ စတာလင်က ဗေရီးယားကို မီးရထားတွဲတံခါးပေါက်ထိ လိုက်ပို့သည်။

ဗိုရိုရှီလောက်ကလည်း ယခင်က ခပ်သုန်သုန်လုပ်နေသော အမူအရာကို ဖျောက်၍ ဗေရီးယားအား အထူးတလည်ပင် အားရဝမ်းသာနှင့် နှုတ်ဆက်သည်။ ဗေရီးယား ရာထူးတိုးတက်သည့်အတွက် ဝမ်းသာကြောင်းလည်းပြောသည်။

ဝမ်းသာလုံးဆို့၍လာသော ဗေရီးယား မီးရထားတွဲထဲမှ ထွက်လာသောအခါ ယတိုကောက်က ပါးစပ်ကိုအစွမ်းကုန်ဖြဲကာ ပြုံးပြီးလျှင် ဗေရီးယား၏ ခြောက်လုံးပြူးကို ပြန်၍ပေးသည်။

ဗေရီးယားသည် သူ့မော်တော်ကားပေါ်သို့ ပြန်ရောက်သောအခါ စတာလင်၏ မီးရထားထွက်သွားသံကြားရသည်။ စတာလင်၏ မီးရထားထဲတွင် ထွန်းထားသော မီးရောင်များကို မျက်စိတဆုံးလိုက်ကြည့်ပြီးနောက် ဗေရီးယားစိတ်ထဲက "ဟုတ်တာပဲ။ ဒီသင်ခန်းစာဟာ သင့်အတွက် အကောင်းဆုံး သင်ခန်းစာပဲ ဗေရီးယား။ ဘယ့်နှယ့်လဲ ဗေရီးယား သင့်ကိုယ်သင်ပါးတယ်၊ နပ်တယ်ဆို။ အခုတော့ ဘယ့်နှယ်ရှိစ။ တကယ်ပါးတဲ့ နပ်တဲ့သူက မီးရထားထဲပါသွားပြီ။ ဩော် စတာလင်ဟာ တော်တော်ပဲ လိမ္မာနိုင်ညှာ နိုင်။ လူ့သဘောကို ဇော့နိုင်ငင်နိုင်တဲ့သူပဲနော်။ တော်လည်းတော်ပါပေတယ်"ဟု အောက်မေ့မိသည်။ ဗေရီးယားသည် စတာလင်၏ မျက်မှောက်၌ ယုန်ငယ်ကျုံ့ကျုံ့ နေသည့်အဖြစ်ကို သူ့ဟာသူ ပြန်တွေးမိပြီး ကြက်သီးထ၍သွားသည်။

ပြီးလျှင် ဗေရီးယားက "ဗိုရိုရှီလောက်ဆိုတဲ့အကောင်ကြီးက တော်တော် လူဝါးဝတဲ့ အကောင်ကြီးပဲ။ တစ်နေ့ကျရင် ငါနဲ့တွေ့ဦးမှာပေါ့ကွာ"ဟု ဝမ်းထဲကနေ၍ ကြိမ်းလိုက်သည်။

"ရဲဘော်ဗေရီးယား ဘယ်ကိုသွားလိုပါသလဲ"ဟု မော်တော်ကားမောင်း သမားက မေးသည်။ သူ မေးသည်မှာ အကြိမ်ကြိမ်ရှိပြီ။ ဗေရီးယားသည် စိတ်ကူးမျှော် လွှင့်နေသဖြင့်မကြား။

"အိမ်ကိုပေါ့ကွာ။ အိမ်ကိုပေါ့"ဟု ဗေရီးယားက ယောင်၍ပြောလိုက်သည်။ ပြီးမှ "နေဦးဟေ့။ မဟုတ်သေးဘူး။ ဟေ့ စိန့်နယ်လမ်းကိုမောင်းဟေ့။ ဟိုကျတော့



ဘယ်နေရာရပ်ရမယ်ဆိုတာ ငါပြောမယ်"ဟု ဗေရီးယားကပြောသည်။ ပြီးလျှင် ဗေရီးယားစိတ်ထဲက "ဒီလိုညမျိုးမှာ အိမ်တန်းပြန်ရမယ်ဆိုလို့ ဘယ်နိုင်မလဲ"ဟု တွေးမိသည်။

"ကောင်းပါပြီ စိန့်နယလမ်းကို မောင်းပါမယ်"ဟု မော်တော်ကားသမားက မှောင်ထဲမှပြုံးရင်း ပြောသည်။

ဗေရီးယားသည် မော်တော်ကားသမား ပြုံးသည်ကို မမြင်လိုက်။ ထို့နောက် ဗေရီးယားသည် သက်မချလိုက်ပြီး ဇိမ်နှင့်မော်တော်ကားနောက်မှီကိုမှီ၍ ထိုင်လိုက်ပြီးလျှင် စိတ်ကူးဖဲရိုက်၍ကောင်းစေရန် သူ့မျက်စိများကို မှေး၍ထားလိုက်သည်။

"ငါ သင့်ကို အများကြီး မျှော်လင့်ချက်ထားတယ်နော်"ဟု စတာလင် ပြောသွားသောစကားများသည် ဗေရီးယား၏နားထဲက တစ်ခါတည်းမထွက်တော့။

***

## အခန်း(၁၅)

ဗေရီးယားသည် စတာလင်နှင့်သွား၍တွေ့ရန် ကပွဲခန်းမှ ထွက်၍လာသော အခါ သူပြန်သွားလျှင် ကပွဲပျက်သွားမည်စိုးသဖြင့် ဘယ်သူမျှမမြင်အောင် တိတ်တိတ် ကလေး ထွက်သွားသည်။ သို့ရာတွင် ကပွဲလာသူတို့မှာ သေရည်ကလည်း ယစ်သည့် အပေါ်တွင် မိန်းမများနှင့်လည်း နီးကပ်နေပြန်သဖြင့် ဗေရီးယားရှိနေစဉ်ကကဲ့သို့ပင် အမြဲမပျက်တရုံးရုံးနှင့် ပျော်ပါးမြဲ ဆက်၍ပျော်ပါးနေကြသည်။ ဗေရီးယားအကြောင်းကို မည်သူမျှ ထည့်၍မစဉ်းစား။

ဗေရီးယားထွက်သွားသည်ကို မြင်လိုက်ကြသည့် နှစ်ယောက်သုံးယောက် အနက် အိုးလိတ်လည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ အိုးလိတ်က နေရာကျပြီ။ ကိုယ့်ဆွဲချင်တိုင်း ဆွဲနိုင်ပြီ။ အခုတွင်ကဆိုရင် ဖျင်းစရာကောင်းလိုက်တာ သေချင်စော်နံလာ တာပဲဟု ဗေရီးယားထွက်သွားသောအခါ ပြောသည်။ အိုးလိတ်အဖို့တွင် လာရင် လူ့ကိုယ်သူ သတိသေခြင်းသည် ဘာမျှအရေးမကြီး။ ရောက်စတောက်တစ်နယ်လုံး သတ်သေကြမည်ဆိုလျှင်တောင် အရေးမကြီး။ ဘယ်သူ ဘယ်လိုနေနေ သူ့အဖို့ ဖျော်ဖြေကာတစ်ပုလင်း အပြည့်ရှိလျှင်ပြီးသည်။

အိုးလိတ်က "ဟေ့ကောင်တွေ ဗေရီးယားလစ်သွားတာ တွေ့လိုက်ကြတယ် မဟုတ်လားဟေ့"ဟု သူ့ သူငယ်ချင်းများကို လှမ်း၍အော်လိုက်သည်။ သူ့ သူငယ်ချင်းများ သည် မှင့်နေသော ပြတင်းပေါက်တစ်ခုနားတွင် ဝိုင်း၍ထိုင်နေသည်။ အိုးလိတ်သည် ပြတင်းပေါက်ဘောင်ပေါ်တွင် ဘောင်းဘီအိတ်ထဲတွင် လက်နှစ်ဖက်နှိုက်၍ ထိုင်နေသည်။

"ဟေ့ ဗေရီးယားတွင် မဟုတ်ဘူးဟေ့။ သင့်အဖေရော မော်စကိုက ရည်းသည်တွေရော မရှိတော့ဘူးလား"ဟု သူ့ သူငယ်ချင်းတစ်ယောက်က ပြောသည်။

www.burmeseclassic.com

"လာရင်မသာကို သွားပို့နေကြပြီထင်တယ်ဟေ့"ဟု အခြားတစ်ယောက်က ပြောသည်။

အိုးလိတ်က "သူတို့ဘယ်သွားသွား တို့အလုပ်မဟုတ်ပါဘူး။ အရေးကြီးတာက သူတို့ ဒီမှာမရှိကြတာက အရေးကြီးတာပါ။ အခုဆိုတော့ အလုပ်ရုံထဲမှာ အလုပ်ခေါင်းမရှိတဲ့သဘောမျိုးပေါ့ကွာ။ နားလည်တယ် မဟုတ်လား"ဟု ပြောသည်။ ထိုအခါ သူ့ သူငယ်ချင်းများက "ဟုတ်တယ်ဟေ့။ ဟုတ်တယ်ဟေ့" ဟု ဝိုင်း၍အော်ကြသည်။

သူ့နားတွင် ခြေထောက်ကား၍ မတ်တတ်ရပ်နေသော အရပ်မြင့်မြင့် လူငယ်တစ်ယောက်အား အိုးလိတ်က "ဟေ့ ဖရေနောက် ငါ့ရှေ့မှာ ဘောင်းဘီအိတ်ထဲ လက်နှိုက်ပြီး ရပ်မနေနဲ့"ဟု လှမ်း၍အော်လိုက်သည်။

"သင့်လက်ကတော့ ဘယ်မှာမို့လဲ"ဟု ဖရေနောက်က ပြန်၍မေးသည်။

"ငါ့လက်ကတော့ ငါ့သဘော။ ဒါပေမယ့် သင့်လက်ကို ဘောင်းဘီအိတ်ထဲ နှိုက်မထားရဘူး" ဟု အိုးလိတ်က ကျယ်လိုက်သည်။

"လူဝါးဝတဲ့အကောင်"ဟု ဖရေနောက်က ပြန်တုတ်လိုက်သည်။

"ဟေ့ကောင် ဘာပြောတာလဲ"ဟုဆို၍ အိုးလိတ်က ပြတင်းပေါက်ဘောင်ပေါ်ကခုန်ဆင်းပြီး ဖရေနောက် ရှေ့တည့်တည့်သို့သွား၍ သူ့ခြေကိုကားကာ မတ်တတ်ရပ်လိုက်သည်။ ပြီးလျှင် အိုးလိတ်က "သင် ပါးကွဲသွားချင်လား"ဟု ကြိမ်းလိုက်သည်။ သူတို့နှစ်ယောက်သည် ကြက်ဖနှစ်ကောင်စောင်သကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် စောင်၍နေကြသည်။

"ဟေ့ကောင်တွေ တော်ကြ ရန်မဖြစ်ကြနဲ့။ ရန်ဖြစ်မယ့်အစား ဒီပြင်ပျော်စရာကောင်းတာ တစ်ခုခုလုပ်ကြစမ်းပါကွာ"ဟု သူ့ သူငယ်ချင်းများက ဝိုင်း၍အော်ကြသည်။

ထိုအခါ အိုးလိတ်သည် မျက်စောင်းအထိုးမပျက် ဖရေနောက်ကိုကြည့်ပြီး ပြတင်းပေါက်ဘောင်ပေါ်သို့ ပြန်ပြီးထိုင်သည်။ ပြီးလျှင် အိုးလိတ်က သူ့သူငယ်ချင်းများကို လက်ယပ်ခေါ်ပြီး "လာကြဟေ့ ငါ ပြောစရာတစ်ခုရှိတယ်"ဟု ဆိုသည်။

"ဘာပြောစရာရှိလို့လဲကွ"

"အထူးအလုပ်သမားတစ်ယောက် အလုပ်လုပ်နေပုံကို သင်တို့ မကြည့်ချင်ဘူးလား"ဟု အိုးလိတ်က ပြောသည်။

"ဘယ်လိုလုပ်ပုံမျိုးလဲကွ"

"အလွယ်လေးပါကွာ။ သင်တို့က တယ်အတာကိုး။ မြာပိန်ပိန်ကလေးတစ်ပွေကို ငါ ထပိုးကျင့်ပြမယ်လေ။ ငါ့သင်တန်းက လွယ်လွယ်ကလေးပါ။ တစ်ခါတက်ရုံနဲ့ သင်တို့ နားလည်သွားမှာပဲ"ဟု အိုးလိတ်က ပြောသည်။

"အို ဒီလိုလား။ ဒါဖြင့် ဘယ်ကောင်မလေးလည်း ပြောပါဦး"ဟု ဖက်ထရပ် ဆိုသူက မေးသည်။



"လီဒါကို မသိဘူးလားကွ"

"ဆီဒိုရောက်ရဲ့သမီး ပြောတာမဟုတ်လား"

"ဒါပေါ့ကွ"

စစ်ဗိုလ်၏သား ဖရေနောက်က "ကောင်မလေးက အငယ်လေးရှိပါသေးတယ်။ ဒီလိုငယ်ငယ်လေးမျိုးတော့ တို့က ဝါသနာမပါဘူး"ဟု ခေါင်းခါ၍ပြောသည်။

"ငယ်ရင် သာကောင်းသေးတယ်"ဟု အိုးလိတ်က ပြန်ပြောသည်။ ပြီးလျှင် အိုးလိတ်သည် အခြားလူငယ်များဘက်သို့လှည့်၍ "ဒီကောင်မလေးကို ကာယဗလဆရာအခန်းထဲကို ငါ ချော့ခေါ်ခဲ့မယ်။ အဲဒီအခန်းထဲမှာ ဖုံကြီးတွေလည်းရှိတယ်။ သင်တို့က စားပွဲခုံနောက်က ပုန်းနေကြ။ ပြပွဲကို ငါ ချက်ချင်းပြမယ်။ ဓာတ်မီးတွေလည်း ဖွင့်ထားမယ်"ဟု အိုးလိတ်က ပြောသည်။

"ဆီဒိုရောက်ကြီးက လိုက်ရှိက်နေပါဦးမယ်ကွာ"ဟု ကြောက်သော သူငယ်တစ်ယောက်ကပြောသည်။

"ဆီဒိုရောက်ကြီး ဟင်းယန်းကန်ထဲမှာ ခေါင်းစိုက်ပြီး စိတ်ကူးလို့ကောင်းနေတုန်းပါကွ"ဟု အိုးလိတ်က မဲ့ရွဲ့၍အားပေးသည်။

"ဒီလိုဆိုကောင်းတယ်။ လာသွားကြမယ်"

"ငါတော့ မလိုက်တော့ဘူး"ဟု ဖရေနောက်က ပြောသည်။

"ဘာလဲ။ သင်က ကြောက်လို့လား"ဟု အိုးလိတ်က ဖရေနောက်ကို စားမည့် ဝါးမည့်ဟန်နှင့်မေးသည်။

"ငါက ဘာလို့ကြောက်ရမှာလဲ။ ဒါပေမယ့် ကောင်မငယ်ငယ်လေးတွေအတွက် ငါ့ကိုယ်ငါ အသနမခံချင်ဘူး"ဟု ဖရေနောက်က ပြောသည်။

"ဒီကောင် အလကား မိန်းမလျာပါကွာ"ဟု အိုးလိတ်က ရေရွတ်သည်။

ဖရေနောက်သည် စိတ်ဆိုး၍ နှာခေါင်းများပွလာပြီး အိုးလိတ်ဆီသို့သွား၍ အိုးလိတ်၏ အင်္ကျီလည်ပင်းကို ဆွဲပြီးလျှင် အိုးလိတ်မျက်နှာနားသို့ကပ်၍ "သင်တို့သွားကြပေါ့။ ဘယ်လိုလဲဆိုတာ သင်တို့ဟာ သင်တို့သိကြမှာပေါ့" ဟု ပြောလိုက်သည်။ ပြီးလျှင် ဖရေနောက်သည် အိုးလိတ်ကိုတွန်းပစ်ခဲ့ပြီး ကပွဲအခန်းသို့ ယိုင်တိုင်ယိုင်တိုင်နှင့် ထွက်သွားသည်။

"ဒီကောင် မူးနေပါတယ်ကွာ။ ဒါကြောင့် မလိုက်ချင်တာပါ။ သူ မလိုက်လည်းဘာအရေးကြီးလဲ။ တို့ဟာ တို့သွားမယ်"ဟု အိုးလိတ်က စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

အိုးလိတ်၏ အဖော်ငါးယောက်တို့သည် ကာယဗလလေ့ကျင့်ရေးအခန်းထဲသို့ သွားကြပြီးလျှင် တံခါးကို ပြန်ပိတ်လိုက်ကြသည်။

အိုးလိတ်သည် တစ်ယောက်တည်းကျန်ခဲ့ပြီး လီဒါကို လိုက်ရှာနေသည်။ လီဒါသည် ကပွဲအခန်းထဲသို့ တစ်စုံတစ်ယောက်ကိုရှာဟန်ဖြင့် ခဏဝင်ကြည့်ပြီးလျှင် ပြန်ထွက်လာသည်။ လီဒါ မျက်နှာမှာမသာ။

www.burmeseclassic.com



"ဘယ့်နှယ်လဲ လီဒါ ဖျှင်းနေသလား"ဟု အိုးလိတ်က ဆေးချေးပေနေသော သွားဝါကြီးများကို ဖြီး၍မေးသည်။

"ငါ့ လာမစစမ်းပါနဲ့ အိုးလိတ်ရယ်။ သင့်ကို ငါ စကားမပြောချင်ပါဘူး" ဟု လီဒါက ပြောသည်။

အိုးလိတ်က ဒယိုးဒယိုင်နှင့် ခေါင်းကိုညွှတ်ပြီး အသက်ရှူမမှန်ဘဲနှင့် "လီဒါရယ် သင် ငါ့ကို အစိမ်းလိုက်ဝါးစားချင်အောင် ဖြစ်နေတယ်ဆိုတာ ငါ သိပါတယ်။ ဒါကြောင့် ငါအခု သင့်ကို တောင်းပန်ဖို့လာတာပါ။ ငါ့ကို ခွင့်လွှတ်ပါ"ဟု ပြောပြီးလျှင် နောင်တဖြစ်သည့်ဟန်ဖြင့် ခေါင်းကိုငိုက်စိုက်ချ၍ ကြမ်းကို စိုက်ကြည့်နေသည်။

လီဒါက အိုးလိတ်အပေါ်တွင် အယုံအကြည်မရှိသဖြင့် အပြင်သို့ထွက်သွားသည်။

အိုးလိတ်က လီဒါနောက်မှ လိုက်သွားပြီး လီဒါရယ် ငါ့ကို ယုံကြည်ပါကွယ်။ လူဆိုတာ တစ်ကြိမ်တစ်ခါတော့ ဒီလိုပဲမှားကြတာပေါ့။ မြုန်းခနဲ ဖြင်းခနဲဆိုတော့ ဘယ်သူဖြစ်ဖြစ် မှားကြမှာပါပဲ။ ပြီးတော့ ငါ့စိတ်ထဲကလည်း မခံနိုင်ဘူး မဟုတ်လား လီဒါ"ဟု ပြောသည်။

လီဒါကရပ်၍ အောနှလုံးနာသော မျက်နှာထားနှင့် အိုးလိတ်ကိုကြည့်ပြီး "သင် ငါ့ကို လိမ်မနေပါနဲ့။ သင် မခံနိုင်ဘူးဆိုတာ အလကားပြောနေတာပါ" ဟုပြောသည်။

"တကယ်ပါ လီဒါ၊ ငါ သင့်ကို တကယ်ချစ်တာပါ"ဟု အိုးလိတ်က ကွန့်လိုက်သည်။

ထိုသို့ပြောရခြင်းသည် သက်သက် သူ့ကို စော်ကားခြင်းဖြစ်သည်ဟု လီဒါက ပြောသည်။ အိုးလိတ်လိုလူမျိုးသည် မည်သူ့အပေါ်မျှ စိတ်ကောင်းထားလိမ့်မည် မဟုတ်။ လီဒါသည် အိုးလိတ်ကို မျက်နှာကြောမတည့်လွန်းအားကြီးသဖြင့် ကိုယ်ထိလက်ရောက်ပင် ရိုက်နှက်ပစ်လိုက်ချင်သည်။

အိုးလိတ်သည် မူးရှပ်နှင့်နောင်တစကားပြော၍ မဟန်မှန်းသိသောအခါ ဉာဏ်တစ်မျိုးဆင်၍ "ဒီမှာ လီဒါ အန်ဒရေကို ငါ သွားပြီး အကူအညီပေးပြီးပါပြီ"ဟု ပြောပြန်သည်။

သင်ပေးတဲ့ အကူအညီက ဘယ်လို အကူအညီမျိုးလဲ။ "အန်ဒရေကို ဆေးရုံပို့လိုက်ပါဆိုပြီး ငါ့အဖေ ငါ သွားပြောလိုက်တယ်။ ဘယ့်နှယ်လဲ ကျေနပ်ပြီလား"

လီဒါက သူ့ဝမ်းထဲတွင် ဝမ်းသာသွားသည်ကိုပေါ်မှာစိုးသဖြင့် ခဏတာမျှ စကားမပြောဘဲ ဆိုင်း၍နေသည်။ ပြီးမှ "သင်ပြောနေတာ အလကားပါ။ အန်ဒရေကို အကူအညီပေးတဲ့လူက ဂိုရင်ပါ။ သင် မဟုတ်ပါဘူး"ဟု ပြောသည်။

အိုးလိတ်က "ဟုတ်ပါတယ်။ ဂိုရင်လည်း အများကြီး အကူအညီပေးပါတယ်။ ပြီးတော့လည်း တတ်နိုင်သလောက် အကူအညီပေးပါတယ်"ဟု ပြောသည်။



"ဒါဖြင့် အခု အန်ဒရေ ဘယ်ဆေးရုံမှာလဲ"ဟု လီဒါက မေးသည်။

"ဒါက လျှို့ဝှက်တဲ့အကြောင်း ပြောလို့မဖြစ်ဘူး။ ပြီးတော့ ဒီနေရာကလည်း ရှုပ်နေတယ်။ သင် ကာယဗလလေ့ကျင့်ခန်းထဲ လိုက်ခဲ့ပါလား။ ငါ အကုန်လုံးပြောပြမယ်"ဟု အိုးလိတ်က ပြောသည်။

"သင် ငါ့ကို မညာနဲ့နော် အိုးလိတ်၊ ဒါပဲပြောလိုက်မယ်"

အိုးလိတ်က မျက်နှာတည်တည်ကြီးထား၍ "ငါ့ကိုပေးချင်တဲ့ ကျိန်စာပေးပါ လီဒါရယ်။ ငါ မလိမ်ပါဘူး။ သင့်ကို အန်ဒရေရှိတဲ့နေရာ ငါ လိုက်ပြမယ်။ ဒါပေမယ့် ကိစ္စက သိပ်လျှို့ဝှက်တဲ့ကိစ္စမို့ သူ့များကြားသွားရင် မကောင်းပါဘူး။ ငါ့ဆီက သတင်းပေါက်ကြားသွားတာ သိတယ်ဆိုရင် ငါ ခေါင်းပြုတ်သွားမှာပါ"ဟု ပြောသည်။

လီဒါသည် အိုးလိတ်က မူးမူးနှင့်ပြောသည်ကို မယုံသော်လည်း သူ့စိတ်ထဲက အန်ဒရေ ဘယ်ရောက်နေသည်ကို သိချင်ဇောကြီးနေသဖြင့် မယုံချင်ဘဲနှင့် ယုံလိုက်ရသည်။ "ဒီကောင်တော့ မူးမူးနဲ့ မှန်တာတွေ ပြောချင်လည်းပြောမှာပဲ"ဟု လီဒါ စိတ်ထဲက တွေးမိသည်။

သူ့စိတ်ထဲတွင် အန်ဒရေအတွက် မီးလောင်နေသဖြင့် လီဒါသည် အိုးလိတ်နောက်သို့ လိုက်သွားသည်။ ပြီးလျှင် လီဒါက အခန်းတံခါးကိုဖွင့်ပြီး အိုးလိတ်ကို ဝင်ခိုင်းသည်။ အိုးလိတ်သည် လီဒါနားကပွတ်၍ အခန်းထဲသို့ဝင်ရင်း အမှတ်တမဲ့လိုလိုနှင့် လီဒါ၏ ရင်သားမို့မို့ကလေးကို လက်နှင့်ကိုင်လိုက်သည်။

အခန်းထဲ၌မီးထွန်းထားသည်။ ကျွမ်းထိုးလေ့ကျင့်သည့်အခါ အောက်ကခံပေးသောဖုံများမှာ ကပွဲပြုလုပ်ရန်အတွက် ရှင်းလင်းထားသဖြင့် အချို့ချောင်ထဲတွင် ပုံလျက်ရှိသည်။ အချို့မှာ စားပွဲခုံပေါ်တွင် ရောက်နေသည်။ အချို့မှာလည်း ကုလားထိုင်များပေါ်တွင် ရောက်နေသည်။

လီဒါက အပေါက်ဝကရပ်၍ "ကိုင်း ပြောလေ"ဟု ဆိုသည်။

အိုးလိတ်က "တံခါးပိတ်ပြီးတော့ ပြောမှာပေါ့ လီဒါရဲ့"ဟု ဆိုသည်။ ပြီးလျှင် အိုးလိတ်က "အန်ဒရေ အခု နမီချေဖန်ဆေးရုံမှာ ရောက်နေတယ်"ဟု ပြောသည်။

"ငါ သွားကြည့်လို့ရပါ့မလား"

"မပူပါနဲ့။ ငါ အကုန်စီစဉ်ပေးပါမယ်"

"သင် လိမ်ပြောနေတာ မဟုတ်ဘူးဆိုရင်တော့ ကျေးဇူးပါပဲ"ဟု ပြောပြီးလျှင် လီဒါက တံခါးဖွင့်ရန် လက်ကိုင်ဖုကို ကိုင်လိုက်သည်။

အိုးလိတ်က လီဒါ၏ပခုံးကိုဆွဲပြီး "ကျေးဇူးတင်တယ်ဆိုတာ ဒီလိုပဲ တင်ရမလား"ဟု မေးသည်။

လီဒါသည် အကြံအိုက်ဟန်ဖြင့် အိုးလိတ်ကိုကြည့်ပြီး "ဒီလိုမတင်လို့ ဘယ်လိုတင်ရမှာလဲ"ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုးလိတ်က ခြေဟန်လက်ဟန်ဖြင့်ပြပြီး ''ဒီလိုတင်ရမှာပေါ့''ဟု ပြောသည်။

လီဒါက တံခါးကို အတင်းဆွဲဖွင့်သည်။ အိုးလိတ်က ခြေနှင့်ကန်၍ပိတ်ထားသည်။

''ဖယ်ပါ အိုးလိတ်ရဲ့''

''ကမန်းကတန်း လုပ်မနေပါနှင့်။ အန်ဒရေကို သင် တွေ့ရမှာမဟုတ်ပါဘူး''

''ဖယ်ပါ အိုးလိတ်ရဲ့ ဖယ်ပါ။ ရှိကြီးခိုးပါရဲ့။ ငါ သွားပါရစေ''ဟု လီဒါက တောင်းပန်သည်။ လီဒါ၏မျက်နှာလည်း နီရဲ၍လာပြီ။

အိုးလိတ်က ''အမယ် နင်က အခုမှမိန်းမကောင်းလုပ်နေဦးမလို့လား။ သင့် အန်ဒရေနဲ့ ပလူးပြီးပြီမဟုတ်လား''ဟု အသံတုန်တုန်နှင့် ပြောပြီးလျှင် ဖြန်းခနဲ လီဒါ၏ ရင်ဘတ်ကို ကိုင်လိုက်သည်။

လီဒါသည် ကင်းကိုက်ခံရသည့်ပမာ အတင်းရုန်းထွက်ပြေးသည်။ သူ့အင်္ကျီလည်း ပြဲ၍သွားသည်။ အင်္ကျီပေါက်မှ ပေါ်လာသော ပန်းစွဲနက်တဲ့နှင့်တူသော သူ့ရင်သားမို့မို့ကလေးသည် အိုးလိတ်၏မျက်စိများကို မီးနှင့်မြိုက်လျက်ရှိသည်။

အိုးလိတ်သည် လီဒါကို ကြည့်မြဲကြည့်နေပြီးလျှင် ဖုံတစ်ခုရှိရာသို့ပို့သည်။ လီဒါက ကြောက်အားလန့်အားနှင့် တစ်အားကန်၍ရုန်းသည်။

''သင့်တို့ ကောင်မလေးတွေဟာ အများကြီးမူတယ်။ ဒီမှာကြည့်ပါလား။ ဖုံက ပျော့ပျော့လေးပါ''ဟု အိုးလိတ်က ပြောပြီးလျှင် လီဒါကို ဖုံပေါ်သို့ အတင်းပစ်လှဲသည်။ ပြီးလျှင် သူပါတစ်ခါတည်း လှဲချလိုက်သည်။

လီဒါသည် ဖုံပေါ်သို့လဲကျသွားသောအခါ အိုးလိတ်၏ သူငယ်ချင်းများ စားပွဲခုံနောက်ဘက်၌ ပုန်းနေကြသည်ကို မြင်ရသည်။ ပထမတွင် လီဒါသည် ကြောင်၍သွားသည်။ နောက်ခဏနေမှ သူ့အဖြစ်ကို သူသတိရ၍ ငယ်သံပါအောင် တအားအော်လိုက်သည်။

အိုးလိတ်သည် လီဒါ၏ ပါးစပ်ကို သူ့လက်တစ်ဖက်ဖြင့် အတင်းပိတ်ထားပြီးလျှင် လီဒါနားရွက်နောက်ဘက်နား ကို နှုတ်ခမ်းနှင့်စုတ်သည်။ ပြီးလျှင် ကျန်သည့် သူ့လက်တစ်ဖက်ဖြင့် လီဒါ၏ဂါဝန်ကိုလှန်၍ အတွင်းခံဘောင်းဘီကို ကမူးရှူးထိုး ဆွဲ၍ဆုတ်သည်။ နဂိုက ဝါ၍နေသော သူ့မျက်လုံးများမှာ နီရဲ၍နေသည်။

လီဒါသည် အိုးလိတ်က သူ့ကိုယ်ကြီးနှင့် အတင်းဖိထားသည်ကို အမျက်ထွက်နေသော တောကြောင်ပမာ ပါးစပ်က ရှူးရှူးရှဲရှဲအော်၍ သူ့ကိုယ်သူ တွန့်လိမ်ကာ လွတ်အောင်ရုန်းသည်။ ပြီးလျှင် လီဒါက အိုးလိတ်၏မျက်နှာကို သူ့လက်သည်းများ ကျိုးအောင်ကုတ်ဆွဲသည်။

''လူဝါးမဝနဲ့နော်။ လူဝါးမဝနဲ့နော်''ဟု အော်၍ အိုးလိတ်သည် သူ့မျက်နှာကို လီဒါ၏လက်သည်းဒဏ်မှလွတ်စေရန် လီဒါ၏လည်ပင်းကို သူ့နှုတ်ခမ်းများနှင့် ဖိ၍ကပ်ထားသည်။



လီဒါသည် အိုးလိတ်လက်တွင်းမှလွတ်ရန် အစွမ်းကုန်ကြိုးစားသည်။ လီဒါမှာ သူ့ပါးစပ်ကို အိုးလိတ်က လက်နှင့်အတင်းပိတ်ထားသဖြင့် မွန်း၍နေသည်။ သူ့ပါးစပ်မှ အိုးလိတ်၏လက်ကို ဖယ်၍ရသည်နှင့်တစ်ပြိုင်နက် လီဒါသည် အိုးလိတ်၏ ပါးကို သွေးထွက်လာအောင် တအားကိုက်လိုက်သည်။

''အမယ် သင်က ကိုက်သလား''ဟု ဆိုပြီးလျှင် အိုးလိတ်သည် လီဒါ၏မျက်နှာကို လက်သီးနှင့် ပိတ်ထိုးလိုက်သည်။ လီဒါ၏ နှာခေါင်းမှ သွေးများ ထွက်လာသည်။

ပြီးလျှင် အိုးလိတ်က ''ဟေ့ကောင်တွေ ဘာကြည့်နေတာလဲကွ။ ငါ့ကို လာကူပါဦး''ဟု သူ့သူငယ်ချင်းများကို လှမ်း၍အော်လိုက်သည်။

အိုးလိတ်၏သူငယ်ချင်းများသည် စားပွဲခုံနောက်မှာ တစ်ယောက်စီထွက်လာပြီး တစ်ယောက်နှင့်တစ်ယောက် မျက်စိချင်းဆုံအောင် မကြည့်ကြဘဲ အဝတ်မလုံတလုံ ဖြစ်နေသော လီဒါကို ဝိုင်း၍ကိုင်ကြသည်။

ထိုအခိုက်တွင် အပြင်တံခါးသည် ဖြန်းခနဲပွင့်သွားပြီး ဆီဒိုရောက်ပြေး၍ ဝင်လာသည်။ ဖရေနောက်သည် တံခါးဝမှရပ်၍ ပြုံးပြုံးကြီးကြည့်နေသည်။

ဆီဒိုရောက်သည် မူး၍ သူ့ကိုယ်သူ ကောင်းကောင်းမဟန်နိုင်သော်လည်း သူ့သမီးကို လူငယ်လေးငါးယောက်ဝိုင်း၍ ဖိထားကြသည်ကိုမြင်သောအခါ တစ်ခါတည်း အမူးပြေ ၍သွားသည်။ ဆီဒိုရောက်သည် တစ်ဟုန်ထိုးဝင်သွားပြီးလျှင် အိုးလိတ်၏မျက်နှာကို သူ့ဘွတ်ဖိနပ်ကြီးနှင့် ပိတ်၍ကန်လိုက်သည်။ အိုးလိတ်သည် အော်၍ လေးဘက်ထောက်ပြီး အခန်းထဲမှ ထွက်ပြေးသည်။ သူ့ သူငယ်ချင်းများလည်း နောက်မှ လိုက်၍ပြေးကြသည်။

ဆီဒိုရောက်သည် အိုးလိတ်တို့လူစုကို ဂရုမစိုက်နိုင်တော့ဘဲ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသော လီဒါအနားသို့ သွားကြည့်သည်။ ဆီဒိုရောက်မျက်နှာတွင် သွေးမရှိတော့။ ဆီဒိုရောက်သည် သူ့သမီးအားရှိစေရန် သူ့သမီးနားသို့ ဆွားထိုင်သည်။ ပြီးလျှင် လီဒါကိုပွေ့၍ ယိုင်တိုင်ယိုင်တိုင်နှင့် အခန်းထဲမှ ထွက်သွားသည်။ ဆီဒိုရောက်၏ မျက်စိနှစ်လုံးမှ မျက်ရည်များဖြိုင်ဖြိုင်စီးကျသဖြင့် ဟင်းရေများပေနေသော သူ့ပါးများတွင် အစင်းကြောင်းကြီးနှစ်ကြောင်း ထင်နေသည်။

ထိုအခိုက်တွင် ကပွဲအခန်းဆီမှ မူးမူးရူးရူးတီးသောအသံများ၊ ယောကျ်ားများ၏ ဟားတိုက်သံများနှင့် သေရည်မူးနေသော မိန်းမများ၏ တစာစာပြောနေကြသော အသံများ ထွက်ပေါ်လာသည်။

※ ※ ※

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၆)

အိုးလိတ်သည် အပြင်သို့ရောက်လာပြီး သူ့မျက်နှာတွင် သွေးများရဲ၍နေသည်။

''ငါ့ကို ဖိနပ်နဲ့ကန်တယ်။ ငါ ဒူရောက်သား အိုးလိတ်ကို ဖိနပ်နဲ့ကန်တယ်။ ကောင်းပါတယ်။ နေကြဦးပေါ့။ တစ်နေ့တော့ သိကြမှာပေါ့''ဟု အိုးလိတ်သည် ကြိမ်းလျက်ရှိသည်။

အိုးလိတ်သည် ယိုင်တီးယိုင်တိုင်နှင့် သူ့ပတ်ဝန်းကျင်ကို အကုန်လှည့်ကြည့်ရင်း လှေကားနားတွင် ဆီဒိုရောက်၏ မော်တော်ကားရပ်ထားသည်ကို မြင်သည်။ ဆီဒိုရောက်အား ''ခွေးလေးကြမ်းပိုးက လူဝါးဝလို့''ဟု ဆဲပြီးလျှင် မော်တော်ကားကို ဖိနပ်နှင့်ပိတ်၍ ကန်သည်။

ပြီးလျှင် လမ်းပေါ်ကရွှံ့ကိုယူ၍ မော်တော်ကားဘေးတွင် ပင်ပန်းကြီးစွာနှင့် လျှာကိုထုတ်၍ ''ဆီဒိုရောက်ဟာ တော်လှန်ရေးမတိုင်မီက ဘုရားရှိခိုးကျောင်းထဲမှာ သီချင်းဆိုနေရတဲ့ အကောင်ကြီးပါ''ဟု စာရေးလိုက်သည်။ ထို့နောက် အနည်းငယ်စဉ်းစားပြီး ''ရဲဘော်တို့ ငါတို့တော်လှန်တာ ဘာအတွက် တော်လှန်ရတာလဲ''ဟူ၍ ဆက်ရေးပြန်သည်။

ဤကဲ့သို့လုပ်လိုက်ရသဖြင့် အိုးလိတ်မှာ နေသာထိုင်သာရှိသွားသည်။ ထို့နောက် အိုးလိတ်သည် ဆီဒိုရောက်၏မော်တော်ကား လေကာမှန်ကို အုတ်ခဲနှင့်ပေါက်ခွဲလိုက်သည်။ သို့လုပ်လိုက်ရသောအခါ အိုးလိတ်မှာ စိတ်တစ်ခါတည်း အေး၍သွားသည်။ ပြီးလျှင် အိုးလိတ်က ''ခွေးကောင်ကြီး ဒါမှ လေတိုက်ခံရပြီး အမူးပြေသွားမှာ''ဟု ပြောသည်။

အိုးလိတ် လုပ်ပုံကိုင်ပုံကို သူ့သူငယ်ချင်းများက သဘောကျကြသည်။ သူတို့လည်း နေသာထိုင်သာရှိသွားသည်။

''တို့ ဘယ်ကိုသွားကြမလဲ''ဟု အိုးလိတ်သူငယ်ချင်းများက မေးသည်။

''ဘယ်သွားရမှန်းမသိသေးဘူး။ ငါတို့ မြို့ထဲတစ်ပတ်လောက် လျှောက်လည်မယ်။ ပြီးတော့မှ နောက်ထပ် ဘာလုပ်ဖို့ဆိုတာ စဉ်းစားမယ်''ဟု အိုးလိတ်က ပြောသည်။ ပြီးလျှင် အိုးလိတ်သည် သူ့လက်ကိုင်ပဝါထဲကို တံတွေးထွေးထည့်ပြီး သူ့ပါးက ဒဏ်ရာကိုသုတ်သည်။

အိုးလိတ်တို့လူစုသည် ရယ်မောသူရယ်မော သီချင်းဆိုသူကဆို၊ အိမ်ပြတင်းပေါက် များကို ခဲနှင့်ပေါက်သူက ပေါက်ကြသည်။

သူတို့နောက်နားတွင် အခြားလူငယ်တစ်စုလည်း လာလျက်ရှိသည်။ အိုးလိတ်တို့လူစုသည် ကွန်မြူနစ်ပါတီ အစားအသောက်ဆိုင်သို့ ဝင်ကြသည်။ ဒူရောက်၏သားနှင့် မိတ်ဆွေဖြစ်ရခြင်းမှာ သူတို့အဖို့ လာဘ်ကြီးတစ်ပါးပင်ဖြစ်သဖြင့်



အစားအသောက်ဆိုင်မှလူများက ရှောရှောရှူရှူ လက်ခံကြသည်။ ဆိုင်ရှင်ဝဝကြီးသည် ရောက်စတောက်မြို့က အစာငတ်နေသောသူများကို စားကြွင်းစားကျန်တောင် မပေးချင်သော်လည်း အိုးလိတ်ကိုမူ လောကွက်ပိုပိုနှင့် ''ဓာတ်တူနာမ်တူ ဆေးဖက်ယူဖို့လာသလား။ သရေစာစားဖို့ လာသလား''ဟု မေးသည်။

အိုးလိတ်က ''ငါ့ကို အဆာပြေစားဖို့ အပြည့်အစုံထုတ်ပေးလိုက်ပါ''ဟု ပြောသည်။

''ဘာလုပ်ဖို့လဲကွ''ဟု သူ့ သူငယ်ချင်းများက အံ့အားသင့်စွာဖြင့် မေးသည်။

''သင်တို့ မသိပါဘူးကွ။ ငါ့မှာ အကြံရှိပါတယ်''ဟု အိုးလိတ်ကဖြေသည်။

ဆိုင်ရှင်က ငါးဆားနယ်၊ ဝက်အူချောင်းနှင့် ဒိန်ခဲများကို စက္ကူနှင့်ထုပ်၍ပေးသည်။ ပြီးလျှင် ဆိုရှင်က ''ချောကလက်ကို ထည့်ပေးလိုက်ရဦးမလား''ဟု မေးသည်။

''ပိုကောင်းတာပေါ့''

ဆိုင်ရှင်သည် ချောကလက်များပါ ထည့်ပေးလိုက်ပြီးနောက် အိုးလိတ်က မတောင်းရဘဲနှင့် ပို့တဝိုင်အရက်တစ်ပုလင်းကိုပါ ထည့်ပေးလိုက်သည်။

အိုးလိတ်က သူ့ သူငယ်ချင်းများအား ''ဟော့ ငါလီလီဆီကို သွားမယ်''ဟု ကြေညာလိုက်သည်။

''ဒီလိုဆို တို့လည်းလိုက်မှာပေါ့''

သုံးထပ်အိမ်အိုကြီးသို့ ရောက်သောအခါ အိုးလိတ်က သူ့သူငယ်ချင်းများကို ထားပစ်ခဲ့ပြီး ''သင်တို့ ပြန်ကြတော့ မနက်ဖြန်ကျမှ ငါနဲ့တွေ့ကြမယ်'' ဟု ပြောသည်။

အိုးလိတ်သည် သံလှေကားကြီးပေါ်သို့ ကြမ်းကြမ်းကြီးနင်းသွားပြီးလျှင် ဒုတိယအထပ်သို့ရောက်သောအခါ တံခါးကို မခေါက်ဘဲနှင့် အတင်းတွန်းဝင်လိုက်သည်။ သူဝင် လိုက်သောအခန်းမှာ ကျဉ်းကျဉ်းကလေးဖြစ်ပြီးလျှင် ခုတင်တစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ပြည့်နေသည်။ ခုတင်ပေါ်တွင် ခေါင်းအုံးများ ပုံလျက်ရှိသည်။ ကုလားထိုင်ပေါ်တွင် မိန်းမချောချောကလေးတစ်ယောက် ထိုင်လျက်ရှိသည်။ အိုးလိတ်ကို မြင်သောအခါ မိန်းကလေးလန့်သွားသည်။

''လက်စသတ်တော့ မင်းသားပါလား''

''ဘာလဲ မင်းသားဆိုတာ။ ဒီမှာ သင် အဆာပြေစားဖို့မုန့်တွေ ငါ ယူလာတယ်။ ကြိုက်မယ်မဟုတ်လား''ဟု အိုးလိတ်က မေးသည်။

မိန်းကလေးက မျက်မှောင်ကြုတ်၍ ကြည့်နေသည်။ ရိုင်းစိုင်းသော အိုးလိတ်လာသဖြင့် သူ့စိတ်ကူးယဉ်ကလေးများမှာ ပျောက်၍သွားရပြီ။ သူသည် ''သေနတ်ကိုင်သုံးယောက်'' ပြင်သစ်ဝတ္ထုကို ဖတ်နေသည်။ မိန်းကလေးမှာ ဝတ္ထုဖတ်ရင်း စိတ်ကူးယဉ်နေသဖြင့် ခြောက်ပေဆယ်ပေရှိသော သူ့အခန်းကျဉ်းကျဉ်းကလေးမှာ သာယာကြည်နူးဖွယ်ရှိသော ပြင်သစ်နန်းတော်ကြီးအဖြစ်သို့ ရောက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လီလီတွင် ဘဝသုံးမျိုးရှိသည်။ ပထမဘဝမှာ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကွန်မြူနစ်အမှုဆောင်အဖွဲ့တွင် လက်နှိပ်စက်ရိုက်ရသော စာရေးမဘဝဖြစ်သည်။ ညနေပိုင်းတွင် ပါတီအပုပ်ချပွဲများကြောင့်၊ အစည်းအဝေးများကြောင့်၊ ပင်ပန်းနွမ်းနယ်နေသည့် ကြီးကြီးပါတီအရာရှိကြီးများကို အငြိုးဖြေရသောဘဝဖြစ်သည်။

တတိယဘဝမှာ သူ၏ကိုယ်ပိုင်ဘဝဖြစ်၍ စာနှင့်ပျော်၍နေသော ဘဝဖြစ်သည်။ လီလီသည် ဝတ္ထုစာအုပ်များကို ဖတ်သည့်အခါတွင် သူ့ကိုယ်သူ ဝတ္ထုဆောင်မိန်းမချောဟု အမြဲမှတ်ထင်၍ စိတ်ကူးယဉ်လျက်ရှိသည်။

ပါတီအမှုဆောင်ကြီးတို့သည် လီလီကို များစွာချင်ခင်ကြသည်။ ကြီးကြီးအမှုဆောင်ကြီးတို့သည် လီလီ၏ဒူးမလုံ့တလုံ ဂါဝန်ကလေးကို၊ ပြည့်ဖြိုးသော ပါးစပ်ကလေးကို၊ ချစ်ချင်စဖွယ်သော ပါးချိုင့်ကလေးများကို ချစ်ကြသည်။ အထူးသဖြင့် လီလီ၏ အိပ်ချင်မူးတူး မျက်လုံးပြူးပြူးကလေးနှစ်လုံးကို ချစ်ကြသည်။ ဆူညံသော အစည်းအဝေးများကို တက်ရ၍၊ ပျင်းစရာကောင်းသော စာရင်းအင်းများလုပ်ရ၍၊ ဘီလူးကြီမ်းကြီမ်းသော ပရုဗ္ဗဒါသတင်းစာ ခေါင်းကြီးပိုင်းများကို ရေးရ၍၊ မောပန်းနွမ်းနယ်လာသောအခါများတွင် လီလီ၏ စင်ကြယ်သောမျက်လုံးကလေးနှစ်လုံးကို ကြည့်လိုက်ရလျှင် မောပန်းနွမ်းနယ်ခြင်းများ တစ်ခါတည်း ပျောက်၍သွားသည်။ လီလီ၏ မျက်လုံးကလေးများသည် ကြီးကြီးအမှုဆောင်ကြီးတို့အား သူတို့၏ အကလေးဘဝကို၊ သူတို့ငယ်စဉ်က တွေ့ခဲ့ဖူးသော လိပ်ပြာကလေးများ လူးလာခေါက်တုံ့ပျံသန်းနေသော လှိုင်းလေကင်းသည့် ရေကန်များကို၊ သူတို့၏ ချစ်ခင်ယုယသော မိခင်များကို၊ သူတို့အရှည်အကြာမေ့လျော့နေကြသည့် သနားကြင်နာမှု စသည်များကို ပြန်၍ သတိရစေသည်။

အချို့သော ကြီးကြီးအမှုဆောင်ကြီးတို့ကမူ ကြမ်းကြုတ်ခက်ထန်မှု ချိုးကပ်၍နေပြီဖြစ်သဖြင့် လီလီ၏ မျက်လုံးကလေးများသည် သူတို့အား သာယာသောအာရုံများကို မဖြစ်ပေါ်စေနိုင်တော့။ သူတို့အဖို့တွင် လီလီ၏ပြည့်ဖြိုးသောရင်အုံနှင့် ကားစွင့်သော တင်ဆုံများသာလျှင် တန်ဖိုးရှိတော့သည်။

ကြီးကြီးအမှုဆောင်ကြီးသည် လီလီ၏ အလိုက်သင့်ပြုမူတတ်သော စရိုက်ကိုလည်း နှစ်သက်ကြသည်။ ညနေပိုင်း သေသောက်ဝိုင်းများတွင် မည်သူမဆို ကရော်ချော်မယ်နေနိုင်ခွင့်ရှိရာ ထိုအခါမျိုးတွင် လီလီကလည်း အလိုက်သင့် အလျှားသင့် ပျော်စေပါးစေ ကလက်စေပင်ဖြစ်သည်။ သို့ရာတွင် မနက်ပိုင်း အလုပ်ခွင်သို့ ရောက်သွားသောအခါတွင် လီလီသည် မူတစ်မျိုးပြောင်းသွားသည်။ လီလီသည် အလုပ်ခွင်တွင် သူ့စားပွဲတွင်သူ ဣန္ဒြေသိက္ခာနှင့်ထိုင်၍ စာရိုက်စရာရှိသည်များကို တတက်တတက်နှင့်ရိုက်ပြီးလျှင် သူ့ အထက်က လူကြီးများကိုလည်း ရှိရှိသေသေ ဆက်ဆံသည်။ လီလီက "ဒီစာအတွက် မိတ္တူသုံးစောင်အလိုရှိပါသလား" ဟု၊ "ဒီစာရိုက်ပြီးပါပြီ" စသဖြင့်သာ ယဉ်ကျေးပြေပြစ် စွာ ပြောသည်။ မည်သူ့အပေါ်မျှ



အရှိသေမတန်။ လီလီသည် ဝါရင့်နေသော အထူး အလုပ်သမားတစ်ယောက်ဖြစ်သည့်နည်းတူ ငါးနှစ်စီမံကိန်းအတွက် တကုပ်ကုပ်နှင့် လုပ်နေသော စံပြအလုပ်သမား တစ်ယောက်သာ ဖြစ်သည်။

လီလီအဖို့တွင် ယောကျ်ားမှန်သမျှသည် ကြောင်ထီးတွေ၊ မြင်းထီးတွေ၊ အရေခြုံတွေဖြစ်သည်။ တကယ့်ယောကျ်ားအစစ်များမှာ ဝတ္ထုစာအုပ်များထဲတွင်သာ ရှိသည်။ လီလီသည် ယောကျ်ားအစစ်များနှင့် အဖိုးတန်သော စကားများကိုသာ ပြော၍နေချင်သည်။ သူတို့က ပွဲဖက်လိုက်သောအခါတွင် သူ၏နှလုံး၌ သွေးတိုးခြင်းပင် ရပ်၍သွားသည်။ ပါတီအမှုဆောင်အဖွဲ့ရုံးက စာရေးမလီလီအတွက် သူတို့အချင်းချင်း ခားစွမ်းပြိုင်ကြသည်ကို လီလီက အသက်အောင့်ကာ စောင့်၍ကြည့်သည်။ လီလီအဖို့တွင် ဇာတ်လိုက်က အစဉ်နိုင်ရသည်။ ထိုအခါ လီလီက နမ်းရှုပ်၍၊ ရေမွှေးဖျန်းထားသော လက်ကိုင်ပဝါပေး၍၊ ဆုချသည်။ ထိုကိစ္စမျိုးကို အိုးလိတ်ကဲ့သို့ ရှုနှင့်လုပ်ထားသည့် မျက်နှာမျိုးရှိသူသည် အဘယ်မှာလျှင် နားလည်နိုင်ပါမည်နည်း။

လီလီက သက်မချပြီး "သင် သကြားလုံးယူလာသေးလား" ဟု အိုးလိတ်ကို မေးသည်။

"သကြားလုံးလည်း ပါပါတယ်။ ဒါပေမယ့် ဒီပြင်ဟာတွေကို ဝအောင်စားပါဦး။ ဒါထက် ငါ့ကို ရေလောင်းပေးစမ်းပါ" ဟု အိုးလိတ်က ပြောသည်။

အိုးလိတ်သည် ရေစင်ရှိရာချောင်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်သွားသည်။ လီလီက ပျင်းပျင်းရိရိနှင့် ထလိုက်သွားပြီး ရေချိုင့်နှင့် ရေကိုခပ်လိုက်သည်။

"ငါ့ ခေါင်းကို ရေလောင်းပေးစမ်းပါ။ နာလွန်းလို့ပါ" ဟု အိုးလိတ်က ပြောသည်။

"သင့်မျက်နှာ ဘယ်သူက ကုတ်လွှတ်လိုက်သလဲ"

"ဒါတွေ မေးမနေစမ်းပါနဲ့။ ဒါထက် ဒီနေ့ည သင့်အိမ်ကို ဘယ်သူမှ လာဖို့ မရှိဘူးမဟုတ်လား လီလီ"

"ဘယ်သူမှလာဖို့ မရှိပါဘူး။ ဒါပေမယ့် သင်တို့ကြောင်ထီးတွေကို မလာဘူး လာမယ် ဘယ်သူပြောနိုင်မလဲ" ဟု လီလီက ပြောသည်။

"ဒီလိုဆိုရင် ဒီနေ့ည ငါ သင့်ဆီမှာ အိပ်မယ်"

"သင် အိပ်ချင်ရင်အိပ်ပေါ့" ဟု လီလီက စိတ်မဝင်စားပုံဖြင့် ပြောသည်။

လီလီသည် စားပွဲခုံကလေးသို့သွားပြီးလျှင် အိုးလိတ်ယူလာသော အထုပ်ကို ဖြည်လိုက်သည်။ အထဲတွင် ချောကလက်ထုပ်များကိုမြင်သောအခါ လီလီက ဝမ်းသာအားရနှင့် လက်ခုပ်တီးပြီးလျှင် "အမယ်လေး ဒီဝက်ဝံတံဆိပ် ချောကလက် ငါ မစားရတာ ကြာလှပြီ" ဟု ပြောသည်။ ပြီးလျှင် လီလီသည် ချောကလက်ကို သွားကလေးများနှင့် ကိုက်၍စားပြီးနောက် ဒီလိုချောကလက်မျိုးကို မင်းသမီးကလေးတွေမှ စားတာနော်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အိုးလိတ်က "ငါ ဘယ်သိမှာလဲ။ ငါက မင်းသားတွေ မင်းသမီးတွေ အကြောင်း သိတာမှမဟုတ်ဘဲ"ဟု ပြောသည်။

"ငါက မင်းသမီးကလေးတွေအကြောင်းကို အမြဲဖတ်နေတာ။ သူတို့ နေပုံထိုင်ပုံတွေဟာ သိပ်အံ့သြစရာကောင်းတာပဲ။ ပြီးတော့ ယောက်ျားတွေဆိုရင်လည်း တစ်ယောက်မှ သင်လို အိပ်ရာပေါ်ကို ဖိနပ်ကြီးမချွတ်ဘဲနဲ့ မတက်ကြဘူး။ သင်ကတော့ သိပ်ရိုင်းတာပဲ" ဟု လီလီကပြောသည်။

အိုးလိတ်က ဖိနပ်ကိုချွတ်၍ အိပ်ရာပေါ်စန့်စန့်ကြီးလှဲပြီးလျှင် "သင်မ ကြိုက်ဘူးဆိုလို့ ငါ ဖိနပ်ချွတ်လိုက်ပါပြီ"ဟု ပြောသည်။ ဆူဆူပူပူဖြစ်လာပြီးနောက် နူးညံ့ပျော့ပျောင်းသော အိပ်ရာပေါ်တွင် အိပ်လိုက်ရခြင်းသည် အိုးလိတ်အဖို့ စည်းစိမ် တစ်မျိုးပင်ဖြစ်သည်။ အိုးလိတ်က လက်နှစ်ဖက်ကိုယှက်၍ သူ့ခေါင်းအောက်၌ ခုလိုက်ပြီးလျှင် မျက်နှာကြက်သို့မော်ကြည့်ရင်း "သင် ဘာတွေ ဖတ်နေတာလဲ"ဟု လီလီကိုမေးသည်။

"ငါ သေနတ်ကိုင်သုံးယောက်ဝတ္ထုကို ဖတ်နေတယ်။ သိပ်အသည်းထိတ်စရာ ကောင်းတာပဲ။ အရုပ်တွေလည်းပါတယ်။ သင် ကြည့်မလား"

"မှန်း ပြစမ်း"

အိုးလိတ်စာအုပ်ကို ကြည့်နေခိုက်တွင် လီလီသည် အိုးလိတ်ယူလာသော သရေစာများကို ပလုပ်ပလောင်းစားသည်။ မင်းသမီးကလေး လီလီသည် အများကြီး ဆာ၍နေသည်။

"ဒါတွေက ဘယ်သူက ဝရုန်းသုန်းကားလုပ်ထားတာလဲ"ဟု အိုးလိတ်က စာအုပ်ကိုကြည့်၍ ရုတ်တရက်မေးသည်။

လီလီက "ဘယ်ဟာတွေလဲ။ မင်နဲ့ရေးထားတာတွေလား။ ဗိုလ်ကြီး ဆေမျိုနောက်လုပ်ထားတာတွေပေါ့။ ဒီစာအုပ်ဟာ သူက ငါ့ကိုပေးတာ"ဟု ပြောသည်။

"တော်တော်အပေပန်းခံတဲ့ လူပဲ။ အင်း လူကတော့ ပန်းချီလုပ်စားဖို့ကောင်းတဲ့ လူပဲ"ဟု အိုးလိတ်က ပြောသည်။ သေနတ်ကိုင်သုံးယောက်ပုံနှင့် မိန်းမပျိုချောချော ကလေးတွေပုံ ရေးထားသော အရုပ်ကားပေါ်တွင် ဗိုလ်ကြီးဆေမျိုနောက်က အရေးခံရသည့်စက္ကူပြင် ရှက်၍လာလောက်အောင် အသေးစိတ်အချက်များကို ထင်းထင်းကြီး ရေး၍ထားသည်။

လီလီက အစားကိုစားရင်းနှင့် "ဗိုလ်ကြီးဆေမျိုနောက်က ဒီစာအုပ်ကို သူလာတဲ့အခါတိုင်း သူ့ကိုပြရမယ်လို့ ငါ့ကို အမိန့်ပေးထားတယ်။ ဒါမှ သူ စိတ်ကြွတယ် လို့ ပြောတယ်"ဟု ပြောသည်။

"အံ့ပါကွာ။ ဒီလိုရူးတာမျိုး ငါ တစ်ခါမှ မတွေ့ဖူးဘူး။ ဒီလူက အဘိုးကြီး လည်းမဟုတ်ဘဲနဲ့"ဟု ပြောပြီးလျှင် အိုးလိတ်သည် စာအုပ်ကိုလွှင့်ပစ်လိုက်သည်။



ပြီးလျှင် အိုးလိတ်က "လီလီရေ စားတာ ရပ်လိုက်ပါတော့ကွာ။ သင့်ဟာက တစ်ညလုံး စားနေတော့မှာလား"ဟု ဆိုသည်။

လီလီသည် နှုတ်ခမ်းများကို လက်သုတ်ပဝါနှင့် သုတ်ပြီးလျှင် ဣန္ဒြေရရထ၍ ခုတင်ပေါ်တွင် အိုးလိတ်အနားက ထိုင်လိုက်သည်။ ပြီးလျှင် လီလီက ဘေးတွင်ချိတ် ထားသော စောင်းကိုယူ၍ ဖြည်းညင်းစွာတီးလိုက်သည်။ အခန်းကလေးတစ်ခုလုံးမှာ သာယာချိုအေးသောစောင်းသံဖြင့် လှိုင်၍သွားသည်။ အိုးလိတ်သည် စောင်းသံ နားထောင်၍ငြိမ်ငြေ့လာ သောအခါ လီလီ၏တင်ဆုံကို ကျင်လည်စွာဆိတ်လိုက်သည်။ ထို့နောက် အစစအရာရာမှာ သူ့နေရာ၌သူ ရှိနေသည်ကိုသိသဖြင့် အိုးလိတ်သည် အကျေနပ်ကြီး ကျေနပ်သွားသည်။ လီလီသည် သူ့နှုတ်ခမ်းပုံ့ပုံ့ကလေးကို ဒေါမာန်နှင့် ကိုက်လိုက်ပြီးနောက်

"ငါ့ကို မဆိတ်နဲ့နော်"ဟု ပြောသည်။ ပြီးလျှင် စောင်းကြိုးများကို လက်နှင့်အုပ်၍ စောင်းသံကိုရပ်လိုက်သည်။

"လီလီက ဘာလို့ ဒါလောက် အကဲပါရတာလဲ"

"ဘာမှဖြစ်လို့ မဟုတ်ဘူး။ သင့်ထက်မကတဲ့ လူတွေတောင် ဘယ်သူမှ ငါ့ကို မဆိတ်ဖူးဘူး"

အိုးလိတ်က ရယ်ပြီး လီလီကို သူ့နားသို့ ဆွဲလိုက်သည်။ လီလီက စောင်းကို ကြမ်းပေါ်သို့ချလိုက်ပြီး "ကြမ်းကြမ်းတမ်းတမ်းမလုပ်ပါနဲ့။ ငါ့အင်္ကျီ စုတ်သွားပါ ဦးမယ်"ဟု ပြောသည်။ ပြီးလျှင် လီလီက အိုးလိတ်ကို တွန်းဖယ်လိုက်သည်။

နပန်းလုံးပွဲစပြီ။ အိုးလိတ်လဲပြီ။ လီလီက ဖြူဖွေးသော ခြေထောက်များကို ဆန့်ငင်ဆန့်ငင် လုပ်နေသည်။

အကြောအခြင်လျှော့သွားသဖြင့် အိုးလိတ်သည် လက်နှစ်ဖက်ကိုကားကာ ခေါင်းအုံးပေါ်တွင် ပက်လက်လှန်၍ အိပ်လိုက်သည်။ လီလီသည် ဆာလောင်ခြင်းမရှိ တော့ဘဲ ရွှင်မြူးစွာဖြင့် ပါးချိုင့်ကလေးနှစ်ခုကိုဖော်၍ အိုးလိတ်အပေါ်တွင် မှီလိုက်သည်။ လီလီ၏ အင်္ကျီညာဘက်လက်မှာ ပခုံးပေါ်သို့ လျှောကျလျက်ရှိသည်။ လီလီသည် သူ့နှုတ်ခမ်းပုံ့ပုံ့ကလေးနှစ်ခုကိုစူ၍ အိုးလိတ်၏ပါးကို လီဒါကိုက်ဆွဲထားသော နေရာ တည့်တည့်တွင် နမ်းလိုက်သည်။

အိုးလိတ်၏မျက်နှာမှာ သွေးဆုတ်သွားသည်။ လီလီက သူ့အနာပေါ်သို့ နမ်းလိုက်သဖြင့် အိုးလိတ်သည် လီဒါဆီ၌ သူ အရှက်ကွဲလာခဲ့ရသည့်အဖြစ်ကို တစ်မဟုတ်ခြင်း သတိရသွားသည်။ အိုးလိတ်သည် လီဒါ သူ့မျက်စိအောက်တွင် ရောက်နေသည့်ပမာ လီလီကိုတွန်း၍ ပစ်လိုက်ပြီးလျှင် ပြင်းထန်စွာကြိမ်းဝါးသည်။

လီလီမှာ ကြက်သေသေ၍သွားသည်။

"ဖယ်စမ်း ခွေးကောင်မ ဘာကြည့်နေရတာလဲ"ဟု အိုးလိတ်က လီလီကို ကြိမ်းသည်။

www.burmeseclassic.com

www.burmeseclassic.com



လီလီသည် အိုးလိတ်၏ဒေါသဖြစ်နေသော မျက်နှာကို မျက်ခြည်မပြတ် ကြည့်ရင်း အိပ်ရာပေါ်တွင် ဒူးထောက်ဆုတ်၍ ဘေးသို့ဖယ်နေလိုက်သည်။

အိုးလိတ်သည် လီဒါကိုဒေါသဖြစ်ကာ ဆို၍နေသည်။ "လီဒါရော၊ သူ့အမေ ငါ သွားပြီး လက်စားချေမယ်"ဟု အိုးလိတ်စိတ်က ကြုံးလိုက်သည်။ ပြီးလျှင် အိုးလိတ်သည် ခုတင်ပေါ်မှထ၍ တံခါးပေါက်ဆီသို့ထွက်သွားသည်။ ထို့နောက် ပြန်၍ လှည့်လာပြီးလျှင် လီလီစား၍ကျန်နေသော သရေစာများကို စားပွဲပေါ်မှ သွား၍ယူသည်။ ပြီးလျှင် မဖွင့်ရသေးသော ပို့တပိုင်အရက်ပုလင်းကို သူ့ဘောင်းဘီအိတ်ထဲသို့ ထည့်ပြီး လျှင် အခန်းထဲမှတံခါးကို တအားပိတ်ကာ ထွက်သွားသည်။ အိုးလိတ်သည် မျက်စိ သူငယ်ဖြစ်နေသော လီလီကို လှည့်၍မျှကြည့်မသွား။

လီလီသည် ခုတင်ထောင့်တွင် မလှုပ်မယှက်ထိုင်နေသည်။ အိုးလိတ် တံခါးပိတ်၍ ထွက်သွားသောအခါကျမှသာ လီလီသည် ရှိုက်ကြီးတငင်ငိုသည်။ သရေစာများကို အိုးလိတ်က ပြန်၍ယူသွားသည့်အတွက် လီလီသည် စိတ်မကောင်း။ အထူးသဖြင့် ချောကလက်များကို ပြန်ယူသွားသည့်အတွက် လီလီ ဝမ်းနည်းသည်။

အိုးလိတ်သည် တံခါးဝတွင် ခဏရပ်နေသည်။ ပြီးမှ အောက်သို့ဆင်းသွားသည်။ လှေကားနှစ်ထစ်သုံးထစ်လောက် ဆင်းပြီးသောအခါ အောက်မှ သုတ်သီး သုတ်ပျာနှင့် တက်လာသော ခြေသံများကိုကြားသည်။ အိုးလိတ်သည် ကမန်းကတန်း အပေါ်သို့ ပြန်တက်လာပြီးလျှင် ချောင်ကွယ်ကလေးတစ်ခုမှ ပုန်း၍ကြည့်နေသည်။ လှေကားပေါ်တွင် မီးကောင်းကောင်း လင်း၍မနေသော်လည်း အောက်မှတက်လာသူ သည် ဘယ်သူဘယ်ဝါဖြစ်သည်ကို အိုးလိတ်သိသည်။ ထိုသူသည် ဗေရီးယားဖြစ် သည်။

ဗေရီးယားသည် လှေကားပေါ်၌ သူ့အပြင် အခြားသူတစ်ယောက်ရှိနေသည် ကိုမသိ။ ဗေရီးယားသည် ပြုံးနေသည်။ သို့ရာတွင် သူပြုံးပုံကြီးမှာ ဆန်း၍ မုန်းစရာ ကောင်းသည်။ သူ့နှုတ်ခမ်းများမှာ စားမည့်ဝါးမည့် အရောင်များထွက်နေသည်။ ဗေရီးယားသည် သူ့ခေါင်းကဆံပင်ကျွတ်၍ ခေါင်းပြောင်နေသောနေရာကိုလည်း ခဏခဏ စမ်း၍ကြည့်သည်။ သူ့မျက်နှာတွင် ရုတ်တရက် ရွံစရာကြောက်စရာကောင်း သော အမူအရာပေါ်လာသည်။ သူ့မျက်နှာကိုမြင်သဖြင့် အိုးလိတ်ပင် ကြောက်၍ လာသည်။ ဗေရီးယား မျက်နှာထား ထိုမျှဆိုးသည်ကို အိုးလိတ် တစ်ခါမျှမမြင်ဖူး။

အိုးလိတ်သည် လီလီအခန်းထဲသို့ ဗေရီးယားဝင်သွားအောင် စောင့်နေပြီးမှ ခြေသံမကြားအောင် အသာကလေး လှေကားမှဆင်းသွားသည်။

"ဒီလိုအရုပ်ဆိုးတဲ့ အမျိုးယုတ်မျိုး၊ ငါ တစ်ခါမျှ မမြင်ဖူးဘူး"ဟု အိုးလိတ်က သက်မချ၍ "လက်စသတ်တော့ သူလည်း လီလီဆီလာတာပဲကို"ဟု အောက်မေ့လိုက်သည်။

အိုးလိတ်သည် စဉ်းစားရင်း လမ်းဘေးမှ ဖြည်းဖြည်းလျှောက်သွားသည်။



သူ့စိတ်ထဲတွင် မည်မည်ရရ ဘာအကြံမျှမရှိဘဲ လူရှင်းနေသော လမ်းပေါ် တွင် အမှုမဲ့အမှတ်မဲ့ လျှောက်လျှောက်နေသဖြင့် သူ့နောက်မှ လူရိပ်များသည် ဟိုဘက်ဖြတ် ကူးလိုက် ဒီဘက်ဖြတ်ကူးလိုက် လုပ်နေသည်ကို အိုးလိတ်သတိမထားမိ။ အိုးလိတ်သည် အိမ်ပြန်တော့မည့်အကြံနှင့် ဆိန်နယလမ်းမှ လမ်းကြားကလေးတစ်ခုထဲသို့ ချိုးဝင်လိုက် သောအခါ နောက်မှ တစ်စုံတစ်ယောက်က သူ့ကို အင်္ကျီနှင့်အုပ်၍ ဖမ်းလိုက်သည်။ ထိုသို့ အုပ်လိုက်ပြီးသည်နှင့်တစ်ပြိုင်နက် တစ်စုံတစ်ယောက်က သူ့ခေါင်းကို လက်ဖြင့် ပြင်းထန်စွာရိုက်လိုက်သည်။ အိုးလိတ်သည် အော်၍လဲကျသွားသည်။ ချောင်းမြောင်း လိုက်လာသူ သုံးယောက်သည် အိုးလိတ်ကိုဝိုင်း၍ မသနားမညှာရိုက်ကြသည်။ အိုးလိတ်သည် ညည်း၍နေသည်။

သူတို့သည် အိုလိတ်အား အသံမကြားရအောင် အကြာကြီးရိုက်ကြသည်။ အိုးလိတ်သည် ညည်းသံပျောက်သွားပြီး မလှုပ်နိုင်သောအခါကျတော့မှ သူ့ကိုရိုက် သူတို့သည် အိုးလိတ်၏ခေါင်းကို အုပ်ထားသော အင်္ကျီကိုပြန်၍ယူကာ ဒုန်မြစ်ဆီသို့ ထွက်ပြေးကြသည်။

***.

အပိုင်း-၄

အခန်း-၁

"ငါ မြို့ထဲသွားတုန်းက တန်းစီ (ရာရှင်တိုး)နေတာတွေ အများကြီး တွေ့ခဲ့ တယ်။ အထူးသဖြင့် လူတိုင်းလူတိုင်းလက်ထဲမှာ ပုလင်းတွေသံပုံးတွေ ချိုင့်ခွက်တွေ ကိုင်ပြီး တန်စီးနေကြတာတွေဟာ ငါ့စိတ်ထဲမှာ အတော်ဆန်းတယ်။ အဲဒါတွေဟာ ဘာအတွက် တန်းစီနေကြတာလဲ"ဟု ရှအင်က ဂိုရင်ကို ပြုံး၍မေးသည်။

ထိုသို့ မေးရသော်လည်း ရှအင့်စိတ်ထဲ၌ ဂိုရင် စိတ်မကောင်းဖြစ်သွားမည်ကို များစွာစိုးရိမ်သည်။ ရှအင်သည် နိုင်ငံခြားသားတစ်ယောက်လည်းဖြစ်၊ အလိုက်သိတတ် သော ဧည့်သည်တစ်ယောက်လည်း ဖြစ်သည့်အပြင် သူ့ကို နေရာတကာတွင် ရုရှတို့က မျှမျှတတ ဆီးကြိုဧည့်ခံကြပြန်သဖြင့် သူ့စိတ်ထဲ၌ အိမ်ရှင်များ စိတ်အနှောင့်အယှက် ဖြစ်မည့်အလုပ်ကို လုပ်မိမှာများစွာ စိုးရိမ်သည်။ သို့ရာတွင် သူ့စိတ်ထဲတွင် သိလိုစောပြင်း လျက်ရှိသဖြင့် မမေးဘဲမနေနိုင်သဖြင့်သာ အထက်ပါမေးခွန်းကို ဂိုရင်အား မေးခြင်းဖြစ် သည်။

"သင် မြင်ခဲ့တဲ့ဟာတွေဟာ ရေနံဆီတိုးနေကြတာတွေပါ"ဟု ဂိုရင်က ပြောသည်။

ရှအင်သည် အံ့အားသင့်၍သွားပြီး "ဒါဖြင့် သင်တို့ဆီမှာ မီးဆိုက်ရီးမှုည်း ဆိုင်ရှားနေတာပေါ့"ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်။ လယ်ထွန်စက်အတွက် ရေနံဆီကို ထင်းလုပ်သုံးနေရလို့ အိမ်ရှင်မတွေ အသုံးပြုကြတဲ့ လေမီးဖိုများအဖို့ ရေနံဆီမလောက်ဘဲဖြစ်နေပါတယ်။ လယ်ထွန်စက်တွေကများနေတော့ ရေနံဆီမလောက်နိုင်ပါဘူး”ဟု ဂိုရင်က ဗေရီးယား ကို ထိုမေးခွန်းမျိုး သူ မေးဖူးစဉ်က ဗေရီးယားက သူ့ကိုဖြေလိုက်သည့်အတိုင်း ရှုအင်ကို လုံးစေ့ပတ်စေ့ ပြန်၍ဖြေလိုက်သည်။

“သြော်…ဒီလိုလား”ဟု ရှုအင်က သဘောပေါက်သွားသည့်အမှိုက်ပြယ်ဖြင့် မျက်ခုံးကိုပင့်၍ပြောသည်။ ရှုအင်သည် ဂိုရင်၏အဖြေကို ကျေနပ်သည်။ ရှုအင်၏စိတ်ထဲ တွင် ကျယ်ပြန့်သောလယ်ကွက်ကြီးများ၌ ယောက်ျားပျို၊ မိန်းမပျိုကလေးများ၊ သီချင်းတစ်ကြော်ကြော်နှင့် လယ်ထွန်စက်များဖြင့် ထွန်ယက်လျက်ရှိနေသည်ကို တွေး၍ မြင်လိုက်သည်။ ထိုကဲ့သို့ သူ့စိတ်ကူးနှင့်သူ တွေး၍မြင်ပြီးသောအချိန်တွင် လူအများ တန်းစီ၍ နေရခြင်းများသည် ဘာမျှ အရေးမကြီးတော့။ ထိုသို့ဖြစ်ရခြင်းမျိုးကား ကြီးပွားခြင်းအတွက် တွေ့ကြုံရမြဲဖြစ်သည့် မရှောင်မလွှဲသာသော ဆင်းရဲမှုများအနက် တစ်ခုအပါအဝင်သာဖြစ်သည်။

“အကြီးအကျယ် ပြုပြင်ပြောင်းလဲမှုကြီးထဲမှာ ကိုယ်တိုင်ပါဝင် ဆောင်ရွက်နေ ရတဲ့အတွက် ဂိုရင်ဟာဖြင့် အတော်ကို စိတ်ဝင်စားစရာဖြစ်နေတာပဲ။ ဂိုရင်ထမ်းဆောင် နေရသည့် တာဝန်ကြီးသည် မြင့်မြတ်၍ စိတ်ဝင်စားဖွယ်ကောင်းသော တာဝန်ကြီးပါပေ တည်း။ ကိုယ်တွေ့ဘဝဆိုတာ ဒါမျိုးကိုပင်ခေါ်သည်။ တော်တော့သတ္တိနှင့် ဒါမျိုးကို မလုပ်နိုင်။ ဒါမျိုးကို နောက်ထပ် ဘယ်သူမှ လုပ်နိုင်မည်မဟုတ်။ ဂိုရင်ကို ငါဖြင့် တကယ်ပဲ အားကျပါတယ်”ဟု ရှုအင်စိတ်ထဲက အောက်မေ့သည်။

နာမည်ကျော် ပြင်သစ်စာရေးဆရာကြီးလည်းဖြစ်၊ တူရိယာဝေဖန်မှု ဆရာကြီး လည်းဖြစ်သော ရှုအင်သည် သူ့ကိုယ်သူ သဘောကြီးသော ပညာရှိကြီးတစ်ယောက် ဖြစ်သည်ဟု ယူဆသည်။ ရှုအင်သည် အများကကောင်းသည်ဟု ယူဆသော သဘော တရားများကို လက်ခံလေ့မရှိ။ လူအများက ဘယ်လောက်ပင်မကောင်းဘူးဟု ယူဆ သောအရာကိုပင်ဖြစ်စေ ရှုအင်သည် ထောက်ခံအားပေးထိုက်က ထောက်ခံအားပေးဖို့ ဦးမလေး။

ဥပမာ ပြင်သစ်လူမျိုးအများစုက ကွန်မြူနစ်များကို အယူသည်းသမားတွေ ရူးစပိုင် (သူလျှို)တွေဟုဆိုကာ မုန်းတီးနေကြသော်လည်း ရှုအင်ကမူ ကွန်မြူနစ်များသည် သူတို့ဟာသူတို့ ထင်မြင်ချက်ရသည့်အတိုင်း ဆောင်ရွက်နေကြသည့် ပညာရှိများသာ ဖြစ်သည်ဟုလည်းကောင်း၊ မဟုတ်မတရား အပြောခံနေရသူများ ဖြစ်သည်ဟုလည်း ကောင်း၊ မတရား အနှိပ်စက်ခံနေရသူများသာ ဖြစ်သည်ဟုလည်းကောင်း ယူဆသည်။ …အကယ်၍ သူ့ရှေ့တွင် အခြားသူများက ရုရှပြည်က ဥပဒေများသည် အင်မတန် ကြမ်းတမ်းသည်ဟုပြောကြလျှင် ရှုအင်က ရုရှပြည်က ဥပဒေများဟာ ရုရှပြည်၏ ထူးခြားသော အခြေအနေအရ ပြုလုပ်ထားသော ဥပဒေများသာဖြစ်သည်။ အမြင်မှန်မှန်



နှင့်ကြည့်လျှင် ထိုဥပဒေများသည် မကြမ်းတမ်းရုံသာမဟုတ်။ အထူးပင် မေတ္တာ ကရုဏာနှင့်ယှဉ်သော ဥပဒေများသာဖြစ်သည်ဟု မျက်မှောင်ကြုတ်၍ လက်ကိုဝှေ့ပြီး ပြောလေ့ရှိသည်။ အကယ်၍ သူ့အား ရုရှပြည်တွင်း စပေါင်းထွန်ယက်ရေးကို အတင်း အကျပ်လုပ်သဖြင့် ယူကရိန်းတစ်နယ်တည်း၌ပင် လူခြောက်သန်း အသက်ဆုံးရှုံးရ သည့်အကြောင်းကို ပြောပြလျှင် ရှုအင်က “ကြဲကြီးစည်ရာ” ဟုအော်ပြီး ထိုသို့ပြောပြ သည်ကို ယုံကြည်ခြင်း ရှိလိမ့်မည်မဟုတ်။

ရှုအင်သည် သူ့ဟာသူ သတိမထားမိသော်လည်း သူ့တွင် သဘောကြီးသော ပညာရှိများဟုခေါ်သူတို့၌ စွဲကပ်တတ်သော ဘဝင်မြင့်ရောဂါ စွဲကပ်လျက်ရှိသည်။ ထိုရောဂါလက္ခဏာများမှာ လူအများနှင့် ပေါင်းသင်းချင်စိတ်မရှိခြင်းနှင့် လူအများကို ကတ်ဖွဲ့လုပ်ချင်စိတ်ရှိခြင်းများ ဖြစ်သည်။ အမှန်အားဖြင့် “ထိုရောဂါသည် သဘောကြီး သော ပညာရှိများအား၊ သူတို့ဟာသူတို့ အထင်ရောက်နေသောအချက်နှင့် ဖြောင့်ဖြောင့် ကြီး ဆန့်ကျင်သော အဖြစ်ရောက်စေပြီးလျှင် သဘောအင်မတန်သေးသော တဇာ်ယောင် ကားများအဖြစ်သို့ ရောက်စေတတ်သည်။

ရှုအင်သည် ပြင်သစ်စာရေးဆရာ အကျော်အမော်ကြီးတစ်ဦး ဖြစ်သည့် အားလျော်စွာ အပြစ်အနာတို့ကို အထူးမြင်တတ်သဖြင့် ပြင်သစ်လူမျိုး၏ ချွတ်ယွင်း ချက်များကို အထူးပင် မခံမရပ်နိုင်အောင်ဖြစ်သည်။ သူ့စိတ်ထဲတွင် အပြစ်ကိုချည်းသာ မြင်နေသဖြင့် ပြင်သစ်လူမျိုးတို့၏ ကောင်းသောဂုဏ်အရည်အချင်းကိုပင် မမြင်တော့။ ပြင်သစ်ပြည်၌ သူ့အား စာရေးဆရာကျော်ကြီးတစ်ယောက် ဖြစ်လာနိုင်စေသော အခြေအနေများရှိနေ၍သာ သူ စာရေးဆရာကျော်ကြီးတစ်ယောက် ဖြစ်လာနိုင်သည့် အဖြစ်ကိုပင် သတိမရတော့၊ ထိုသို့ဖြစ်ရခြင်းမှာ ရှုအင်၌ စိတ်ကောင်းစေတနာကောင်း မရှိ၍မဟုတ်။ သူ၏စိတ်ဓာတ်မှာ ဟုတ်မှန်သည့်အချက်ကို ဟုတ်မှန်သည့်အတိုင်း စဉ်းစားနိုင်သော အစွမ်းမရှိတော့ဘဲ နာမကျန်းဖြစ်နေသောကြောင့်သာဖြစ်သည်။

ရှုအင်သည် ၁၉၁၇-ခုနှစ်၊ ရုရှ လက်နက်ကိုင် တော်လှန်ရေးကြီးနှင့် ထိုတော်လှန်ရေးကြီး၏ နောက်အဖို့တွင် ဖြစ်ပျက်သောအကြောင်းများကို ပြောင်ပြောင်ပင် ဖွင့်၍ထောက်ခံသည်။ သူ့အတွင်းစိတ်သန္တာန်၌ လူတို့အတွက် ဆင်းရဲငြိုငြင်နေရသော အချက်များကို ရုရှနည်းနှင့် ဖြေဖြတ်မှသာလျှင် ပြေပြတ်နိုင်လိမ့်မည်ဟု ရှုအင် သဘောရသည်။ သို့သဘော ရသည့်အတိုင်းလည်း ကြိမ်ဖန်များစွာ ပြောဟောရေးသား သည်။ သူပြောဟောရေးသားသော “ရဲဝံ့၍ တိုးတက်သော သဘောတရားများ”ကို ထောက်ခံသူအများလည်း ပေါ်လာသည်။ ဤနည်းဖြင့် ရှုအင်သည် မကြာမီပင် ပြင်သစ် ရုရှ မိတ်ဆက်အဖွဲ့တွင် မျက်နှာဖုံးကြီးတစ်ယောက်ဖြစ်လာသည်။ ထိုသို့ဖြစ်လာခြင်း သည် ရုရှ သူလျှိုတို့က ကြိုးဆွဲကိုင်းကရသော ရုပ်သေးရုပ်အဖြစ်သို့ ရောက်နေခြင်း ဖြစ်သည်ကိုမူ ရှုအင်သည် မစဉ်းစားမိ “သဘောထားကြီးသော” ရှုအင်သည် ရိုးလွန်း လှသဖြင့် ဤကိစ္စမျိုးကို နားမလည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုအင်သည် ရုရှပြည်သို့သွား၍ လည်ချင်သောစိတ်နှင့် မနေတတ်မထိုင်တတ်ဖြစ်နေသည်။ သူသည် ဇာဘုရင်လက်ထက်က အီတလီပြည်သို့ ဂိုရင် ရှောင်တိမ်းလာရသောအခါက ဂိုရင်ကို တွေ့ဖူးသည်။ ဂိုရင်သည် ဆရာမရှိဘဲနှင့် ကမ္ဘာကျော်စာရေးဆရာကြီး ဖြစ်လာခဲ့ပုံကိုလည်း ရှုအင်အများကြီး သဘောကျသည်။ ဂိုရင်သည် ရုရှပြည်သို့ ပြန်ရောက်သွား၍ သူ့ကို ရုရှပြည်သို့ အလည်လာရန် ဖိတ်သောအခါ ရှုအင်က ဂိုရင်၏ဖိတ်ချက်ကို မနှောင့်မနှေး လက်ခံလိုက်သည်။

ရှုအင် ရောက်စတော်မြို့သို့ ရောက်နေသည်မှာ တနင်္ဂနွေတစ်ပတ်ရှိပြီ။ ရုရှပြည်၌ တွေ့ရမြင်ရသမျှကို ရှုအင်သည် အများကြီး သဘောကျသည်။ သူတည်းခိုဖို့ ပေးထားသော မြို့စွန်ကအိမ်ကြီး၏ ခန့်ညားကြီးကျယ်ခြင်းကိုလည်း ရှုအင် အများကြီး ကျေနပ်သည်။ ထို့ထက် ဂိုရင်နှင့်သူ ပြောချင်ရာကို စိတ်ရှိလက်ရှိ ပြောရခြင်းကို ရှုအင် သဘောအကျဆုံးဖြစ်သည်။

ရောက်စတော်ပြည်နယ်ရှိ မျိုးကောင်းမျိုးသန့် မြင်းမွေးရုံကြီးနှင့် ဆယ်လမတ်စက်ရုံကြီးထဲ မျိုးကြဲစက်များကိုလည်း ရှုအင်မြင်ရပြီ။ သို့ရာတွင် စီမံအုပ်ချုပ်သော ဒါရိုက်တာဆီဒိုရောက်က မျိုးကြဲစက် အလုပ်ရုံကြီး၏ အဓိကလုပ်ငန်းမှာတိုက်ယာဉ် (တင့်ကား)များ လုပ်ခြင်းဖြစ်သည်ကိုမူ ရှုအင်ကို မပြလိုက်။

ယနေ့သည် ရုရှပြည်၌ ရှုအင် နောက်ဆုံးနေရမည့်နေ့ဖြစ်သည်။ မနက်ဖြန်ခါ ပါရစ်မြို့သို့ သူလေယာဉ်ဖြင့် ပြန်လိမ့်မည်။ တစ်စုံတစ်ယောက်က စာသင်ကျောင်းတစ်ကျောင်းကို သွားကြည့်ဖို့ ရှုအင်ကို ပြောသည်။ ရှုအင်က အားရဝမ်းသာ သဘောတူလိုက်သည်။

ရှုအင် သွားကြည့်မည့်စာသင်ကျောင်းမှာ အသစ်ဖြစ်၍ စာသင်ခန်းများမှာလည်း ကျယ်ဝန်းပြီးလျှင် အားကစားရုံကြီးတစ်ခုလည်းရှိသည်။ ရုရှပြည်တွင် စာသင်ကျောင်းအသစ်များကို ဆောက်ရာ၌ လိုအပ်သည်ထက် ပို၍ကျယ်ဝန်းစွာဆောက်သည်။ ထိုသို့ဆောက်ခြင်းမှာ စစ်ဖြစ်သည့်အခါတွင် စစ်ဆေးရုံအဖြစ်နှင့် အသုံးပြုနိုင်စေရန် အတွက် ဖြစ်သည်။ ထိုအကြောင်းကို မည်သူကမျှ ရှုအင်ကို ပြောမပြလိုက်ကြ။

မော်စကိုမြို့မှလိုက်လာသော အလွန်ချောသည့် မိန်းမစကားပြန်က ကျောင်းအဝင်ဝ၌ "ဂိုရင်ကျောင်း"ဟု ကမ္ပည်းထိုးထားသည်ကို ရှုအင်အားပြသည်။ ရှုအင်က ခေါင်းညိတ်သည်။ ပန်းခြံများ၊ လမ်းများ၊ သင်္ဘောများ စသည်တို့ကို ဂိုရင် နာမည်ပေးထားသည်များကိုလည်း အမြောက်အမြား ရှုအင် တွေ့ရသည်။

အဲဒီတော့ ရှုအင်အား ကျောင်းသားများက ကပွဲကျင်းပ၍ပြသည်။ ရှုအင်သည် ကျောင်းသားများအလယ်၌ ဂိုရင်နှင့် တွဲ၍ထိုင်သည်။ ပညာရေးဌာနအရာရှိများ၊ တက္ကသိုလ်မှ နိုဗိကောက်နှင့် အခြားပါမောက္ခကြီးများ၊ ရောက်စတော်ပြည်နယ် ကွန်မြူနစ်ပါတီအမှုဆောင် အဖွဲ့ဝင်များနှင့်တကွ အရေးပါအရာရောက်သော ပုဂ္ဂိုလ်များလည်း ကပွဲကို လာ၍ကြည့်ကြသည်။ ကျောင်းကပွဲလုပ်ရာတွင် ဂိုရင်၏သမီး နာနီက နောက်ဘက်မှနေ၍ ကူညီပေးနေသည်။



ကျောင်းသားကလေးတို့သည် ရှုအင်နှင့်ဂိုရင်၏ လည်ပင်းတွင် သူတို့ ပိုင်အိုနီယာ(ရှေ့သွား)အဖွဲ့အထိမ်းအမှတ် လည်စည်းအနီများကို စည်း၍ပေးကြသည်။ စာရေးဆရာကြီးနှစ်ယောက်မှာ အသက်ငယ်သွားဟန်ပေါက်ပြီး ပျော်ရွှင်လာကြသည်။

ရှုအင်၏မျက်နှာမှာ ရှည်ရှည်ပြပြ ကြက်တူရွေးနှာခေါင်းကြီးနှင့်ဖြစ်၍ သူ့ဖြူရောင်သမ်းနေသော ဆံပင်များကလည်း သူ့ကုပ်ပေါ်တွင် ဝဲလျက်ရှိရကား ကြည်ညိုဖွယ်အသွင်ကို ဆောင်လျက်ရှိသည်။ ရှုအင်သည် သူ၏ပိန်သေးသော လက်ချောင်းများဖြင့် သူ့အပေါ်တွင်ရဲဝံ့စွာမှီနေသော ကလေးမကလေး၏ နီမြန်းသောဆံပင်များကို သပ်၍ဖေးနေသည်။ ကလေးမကလေးက အံ့သြသောအမူအရာဖြင့် မျက်တောင်မခတ်ဘဲ ရှုအင်၏မျက်နှာကို ကြည့်နေသည်။ ထိုကလေးမကလေးကသာမဟုတ် အခြားကလေးများကလည်း ရှုအင်၏ မျက်နှာကို ငေး၍ကြည့်နေကြသည်။ အချို့ကလေးများမှာမူ အထူးသဖြင့် ဂိုရင်ကိုကြည့်၍ သဘောကျကြသည်။

ဂိုရင်၏ရုပ်ပုံကြီးကို ခန်းမကြီးထဲ၌ ထင်ရှားသောနေရာတွင် ချိတ်၍ထားသည်။ ကလေးများသည် ဂိုရင်ကိုကြည့်လိုက်၊ သူ့ရုပ်ပုံကြီးကို လက်ညှိုးထိုးပြလိုက်၊ တစ်ယောက် တစ်ယောက် တိုးတိုးပြောလိုက် ဟားတိုက်၍ရယ်လိုက် ဖြစ်နေကြသည်။ ပြီးလျှင် ဂိုရင်က သူတို့ကိုကြည့်လိုက်သောအခါ ရှက်ကိုးရှက်ကန်းဖြစ်ကာ တစ်ယောက်နောက်တစ်ယောက် ကွယ်၍နေကြသည်။ ဂိုရင် အနားတွင်ကပ်၍ ထိုင်နေသော ယောကျ်ားကလေးတစ်ယောက်ကမူ ဂိုရင်၏အင်္ကျီလက်များ၊ ကြယ်သီးများကို လက်နှင့်အမြဲစမ်းကြည့်နေရုံမျှမကသေးဘဲ ဂိုရင်၏နှုတ်ခမ်းမွေးကိုပင် ကိုင်၍ကြည့်သည်။

ဂိုရင်ကရယ်၍ "ငါ့နှုတ်ခမ်းမွေးက အစစ်ပါကွာ။ အငှားတပ်ထားတာ မဟုတ်ပါဘူး"ဟု ပြောသည်။

ကျောင်းသားကလေးများသာမဟုတ်။ ကျောင်းဆရာများလည်း လှုပ်လှုပ်ရှရှ ဖြစ်နေကြသည်။ သူတို့သည် ဧည့်သည်များကို လောကဝတ်ကျေချင်သော ဆန္ဒကြောင့်လည်းကောင်း၊ တစ်ခါမျှ ထိုကဲ့သို့မဆုံလင်ဖူးသော ကွန်မြူနစ်ပါတီပုဂ္ဂိုလ်ကြီးများ ရောက်နေသည်ကို ကြောက်လန့်ခြင်းကြောင့်လည်းကောင်း၊ နောက်ဘက်တွင် လိုသည်ထက်ပို၍ ရုတ်ရုတ် ရုတ်ရုတ် ဖြစ်နေကြသည်။

ကပွဲမှာ အချိန်မရ၍ ကမန်းကတန်း စီစဉ်ရသော်လည်း ပြဖို့ အဆင်သင့်ဖြစ်နေပြီ။

***

## အခန်း-၂

ပိုင်အိုနီယာ အဖွဲ့ခေါင်းဆောင် တောင့်တောင့်တင်းတင်းရှိသော ယောကျ်ားကလေး ဆံထောက်ညှပ်ထားသော မိန်းကလေးက အပေါ်အင်္ကျီအဖြူ၊ ဂါဝန်အမည်း၊

www.burmeseclassic.com

www.burmeseclassic.com



လည်စည်းအနီနှင့် ဇာတ်ခုံပေါ်သို့ထွက်လာပြီးလျှင် စစ်ဟန်ပါပါဖြင့် ဖြောင့်ဖြောင့်မတ်မတ်ရပ်၍ မျက်နှာထားတည်တည်ကြီးနှင့် ညာလက်ကို ဆန့်ပြီးလျှင် ''ပိုင်အိုနီယာတို့၊ လီနင်နှင့်စတာလင်တို့၏ လုပ်ငန်းအတွက် အသင့်ရှိကြနော်''ဟု အော်၍တိုင်လိုက်သည်။

''အမြဲအသင့်ရှိတယ်''ဟု နားကွဲမတတ် ကျောင်းသားများက လိုက်ကြသည်။

ရှုအင်က ဘေးပတ်ဝန်းကျင်သို့ကြည့်ပြီး ''အံ့လောက်တယ်၊ အံ့လောက်တယ်'' ဟုပြောသည်။

ပရိသတ်ငြိမ်၍သွားသောအခါ ခေါင်းဆောင်မကလေးက ''ယခုအချိန်ကစပြီး လမ်းပြတပ်စုက ''အမှုစစ်ပြီ''တစ်ပိုင်းပြဇာတ်ကို ပြပါလိမ့်မယ်''ဟု ကြေညာလိုက်သည်။

ကားတင်လိုက်ပြီ။ ပရိသတ်များ နားမျက်စိစွင့်၍နေကြသည်။

ဇာတ်ခုံ၏အလယ်တွင် စားပွဲခင်းအနီခင်း၍ထားသော စားပွဲတွင် တရားသူကြီးငါးဦးသည် ပရိသတ်ဘက်သို့ မျက်နှာမူ၍ထိုင်နေကြသည်။ တရားသူကြီးလုပ်သူကလေးများ၏ မျက်နှာထားများမှာ ဣန္ဒြေကြီးလှသဖြင့် မော်စကိုမြို့က တကယ့်တရားခွင်တောင်ပင် ထိုမျှလောက်မြင်ရတာ ကြောက်စရာကောင်းပုံမရ။

ခေါင်းဆောင်တရားသူကြီး လုပ်သူ၏အသက်မှာ တစ်ဆယ့်နှစ်နှစ်ထက်ကြီးပုံမပေါ်။ သူ့ခေါင်းကဆံပင်များ တွန့်လိန်နေခြင်းနှင့် သူ့လက်တွင် မှင်စွန်း၍နေသည်ကို မြင်သောအခါ ပရိသတ်တို့က ပြုံးကြသည်။ သို့ရာတွင် သူ့မျက်နှာမှာ အင်မတန်အင်မတန် ခန့်ညားသည်။ သူ၏ကလေးနှင့် မလိုက်သော မျက်လုံးများတွင် တော်လှန်ရေးသတိရှိခြင်း၊ မနေ့ရှင်လူတန်း စားတို့ကို မုန်းထားခြင်း၊ ပစ္စည်းမဲ့လူတန်းစားတို့၏တာဝန်ကို ဖြောင့်ဖြောင့်မတ်မတ်ဆောင်ရွက်ရန် ပြင်းပြင်းစိတ်ရှိခြင်း လက္ခဏာများသည် ထွက်ပေါ်လျက်ရှိသည်။ သူ ကြည့်ပုံမျိုးနှင့်သာ ကြည့်လိုက်မည်ဆိုလျှင် လူကြီးများပင် အနေရအထိုင်ရ ကြပ်၍သွားမည်သာ ဖြစ်သည်။

တရားခွင်၏ လက်ဝဲဘက်တွင် တရားခံများထိုင်ရန် ခုံတန်းရှိသည်။ တရားခံများသည် ဘယ်လိုပြစ်မှုအတွက် တရားခံများနည်း။ တရားခံများမှာ ပြည်သူ့ရန်သူများဖြစ်သည်။ ပြည်သူ့ရန်သူဆိုသော စကား၏အဓိပ္ပာယ်သည် အလွန်ကြောက်မက်ဖွယ်ကောင်းနက်နဲသည်။ တရားခံများမထိုင်ရသေးသော ခုံတန်းသည် ယခုကပင် သေဒဏ်အနံ့ထွက်၍နေပြီ။

သစ်သားသေနတ်ကြီးများကို ကိုယ်စီကိုင်၍နေကြသော အစောင့်ကလေးစစ်သားနှစ်ယောက်သည် သံခမောက်ကို မျက်စိမအုပ်တအုပ်ဆောင်းထားရာမှ မျက်မှောက်ကြုတ်၍ ကြည့်နေကြသည်။



သူတို့သည် အင်မတန်အင်မတန် မလွဲသာသည့်အခါကျမှသာ သူတို့ နှာခေါင်းကချေးများကို သုတ်ကြသည်။ တရားခွင်၏လက်ျာဘက် စားပွဲခုံတွင် ဆွဲချဗိုယှင်စကီကလေး ထိုင်လျက်ရှိသည်။ သူကလေးက သူ့ပါးစပ်ကို လှောင်ပြောင်ဟန်နှင့်ရွဲ့ပြီးလျှင် နှုတ်ခမ်းရေကို ပညာရှိဟန်ဖြင့် တွန့်၍ထားသည်။ တရားခံမှာ မည်သူပင်ဖြစ်စေကာမူ သူ၏အမှုကို တင်ကြို၍စီရင်ချက်ချက်ထားနှင့်ပြီ။ တရားခံ၏ထုချေချက်များသည် တရားမဝင်။ တရားခံတွင် ထုချေခွင့်ပင်မရှိ။ မော်စကိုမြို့တော်က တရားရုံးများတွင်ပင် တရားခံ၏ ထုချေခွင့်ကို ဇာတ်ထဲတွင် ဟန်လုပ်၍ပြသဖွယ် သဘောထားသဖြင့် တကယ်ဟန်လုပ်၍ ပြနေသောဇာတ်ထဲတွင် တရားခံအား ထုချေခွင့်ပေးနေ၍ ဘာအကျိုးရှိမည်နည်း။ ဇာတ်ခုံ ပေါ်တွင် တရားစီရင်မှု အခြေခံပုံစံကို တင်ပြနေခြင်းသည် ကြည့်ရသူတို့ သဘောပေါက် လောက်အောင် သရုပ်ပါလှသည်။

''အမှုစစ်ပြီ''ဟု တရားသူကြီးချုပ်က ကြေညာလိုက်သည်။ ပြီးလျှင် ဆွဲချအား တရားသူကြီးချုပ်က ''ရဲဘော်အစိုးရရှေ့နေက အမှုကိုစဖွင့်ပေတော့'' ဟု အမိန့်ပေးသည်။

ဆွဲချ ဗိုယှင်စကီကလေးသည် ထိုင်ရာမှထ၍ ဖန်ခွက်ထဲသို့ ရေတကောင်းထဲမှ ရေကိုငှဲ့ပြီးသောက်လိုက်သည်။ သူ ရေသောက်သည်မှာ နေးလှသဖြင့် တကယ့်ဗိုယှင်စကီ အစစ်သာဆိုလျှင် ထိုရေသောက်နေသော အချိန်အတွင်း၌ ပြည်သူ့ရန်သူနှစ်ယောက်လောက်ကို စီရင်ချက်ချ၍ ပြီးမည်သာဖြစ်သည်။

ဆွဲချက ''ရဲဘော်ပိုင်အိုနီယာများတို့ ဘော်ရှီဗစ်ကလေးသူငယ်များ၏ အသိဉာဏ်ကို နှစ်ရှည်လများ ဟုတ်သည့်အကြောင်း မဟုတ်သည့်အကြောင်းတို့နှင့် မှိုင်းတိုက်ရန်အားထုတ်နေကြသော သူမသမာများကိုစုံစမ်း၍ ဤရုံးတော်သို့တင်ပို့ရမည်ဟု ငါ့ကို ပိုင်အိုနီယာအဖွဲ့က ခိုင်းစေခဲ့ပါသည်။ ထို သူမသမာများမှာ အခြားသူများ မဟုတ်ပါ။ ကျောင်းဆရာရီများထဲက ဇာတ်ဆောင် ဇာတ်လိုက်များပင်ဖြစ်ပါသည်။ ထိုတရားခံအနက် ''အချို့မှာ ရုရှပြည်သားများဖြစ်၍ အချို့မှာ နိုင်ငံခြားရှိ ငါတို့ရန်သူများက စေလွှတ်လိုက်သူများဖြစ်ပါသည်''ဟု လျှောက်လဲသည်။

ဆွဲချက ငေါ့၍ပြောလိုက်ခြင်း၊ အရွဲ့တိုက်၍ပြောခြင်းမပါဘဲနှင့် တည်တည်ကြီးလျှောက်လဲသည်။ သူ၏ လျှောက်လဲချက်ကို ရေးပေးသော မော်စကိုမြို့ ပညာရေးဌာနက တတ်ယောင်ကား၏စိတ်ထဲတွင် ရုရှကလေးများသည် ဆွဲချ၏ လျှောက်လဲချက်တွင်ပါသောစွပ်စွဲချက်များကို နားလည်နိုင်သော ကိုယ်တွေ့အရည်အချင်းနှင့် ပြည့်စုံသည်ဟု ယူဆပုံရသည်။

သူ၏ ယူဆချက်သည်မမှား။ အဘယ်ကြောင့်ဆိုသော် ပရိသတ်အားလုံးသည် ဆွဲချပြောသော စကားအားလုံးကို နားလည်သဖြင့် သချိုင်းပမာ ငြိမ်၍နေကြသောကြောင့်ဖြစ်သည်။

ထို့နောက် တရားသူကြီးချုပ်က တရားခံများကိုခေါ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မည်သူမျှ မမျှော်လင့်သော တရားခံမျိုးစုံသည် အစောင့်အရှောက်များစွာခြံရံ၍ ဇာတ်ခုံပေါ်သို့ ထွက်လာကြသည်။ တရားခံစုန်းမက လက်မှ တံမြက်စည်းကို ကိုင်လာသည်။ လှပသော ဆင်ဒါရယ်လား လုံမကလေးက ကျက်သရေမင်္ဂလာရှိသော မြှူလွှာကို ခြုံ၍ လက်တစ်ဖက်တွင် ပိန်းတန်းဖိနပ်ကလေးကို ကိုင်၍လာသည်။ မင်းသမီးကလေး တစ်ပါးက ရွှေဝတ်လုံကို ဝတ်၍လာသည်။ မင်းသားကလေးတစ်ပါးက ခမောက်ပြား ကြီးတွင် ငှက်တောင်တပ်၍ ဆောင်းလာသည်။ ထို့ပြင် အဘောခရစ်စမတ်နှင့် ကောဇ်ပေါ် အီဗန်တို့လည်း ပါလာသည်။

ကလေးများမှာ သူတို့တစ်သက်လုံးတွင် အသွေးအရောင်မရှိသော စုတ်စုတ် ချာချာအဝတ်များကိုသာ မြင်ဖူးသဖြင့် လှလှပပ ဝတ်ဆင်ထားသော တရားခံကို မြင်လိုက်ရသောအခါ အံ့သြကာ ပါးစပ်ဟောင်းလောင်းဖြစ်နေကြပြီးလျှင် ခန်းမကြီး တစ်ခုလုံး မချုပ်ထိန်းနိုင်လောက်အောင် ဝမ်းသာအားရ ဖြစ်သွားသည်။

"ကြည့်စမ်း၊ ကြည့်စမ်း၊ အဘောခရစ်စမတ်ကြီးဟေ့" ဟု တစ်ယောက်က ပြောသည်။

"ဟိုအဝတ်လှလှကလေးနဲ့ဟာက ဘယ်သူလဲ"

"ဟာ···ဟိုဟာမကလေးက လှလိုက်တာ"

ပရိသတ်ကြီးတစ်ခုလုံးမှာ စီစဉ်သူတို့ မလိုလားသော အဖြစ်မျိုးသို့ ရောက် သွားသည်။ ထိုအခိုက်တွင် ပိုင်အိုနီယာအဖွဲ့ခေါင်းဆောင်သည်ကား နောက်မှထွက်လာပြီး "ရဲဘော်ပိုင်အိုနီယာတို့ တစ်ဆိတ်ငြိမ်ကြပါ၊ ဆူဆူညံညံလုပ်တာ ရှက်စရာကောင်းပါ သည်"ဟုပြောသည်။

ကလေးများသည် တဖြည်းဖြည်း ငြိမ်၍သွားသည်။ သို့ရာတွင် သူတို့မျက်နှာ ကလေးများမှာ ဆက်လက်၍ရွှင်ပျမြဲ ရွှင်ပျလျက်ရှိသည်။ သူတို့သည် တခြားကိုမကြည့် နိုင်ဘဲ ဒဏ္ဍာရီထဲကဇာတ်ဆောင် ဇာတ်လိုက်တရားခံများကိုသာ အလွန်နှစ်သက်သော စိတ်နှင့် ကြည့်နေကြသည်။

"သင် ဘယ်သူလဲ"ဟု တရားသူကြီးချုပ်က မျက်နှာထားတည်တည်ကြီးနှင့် ရွှေဝတ်လုံဝတ်ထားသော မင်းသမီးကလေးကိုမေးသည်။ မင်းသမီးကလေးသည် ရှေ့သို့ ထွက်၍လာစဉ် ဖြန့်းခနဲခလုတ်တိုက်၍ လဲသွားသည်။ ထိုအခါ မင်းသားလေးကဆွဲ၍ ထားသည်။

"အို···ငါက မာမာကြီးနင်းမိလို့ လဲသွားတာ။ ကောက်ရိုးကြီးနဲ့တူပါ တယ်"ဟု မင်းသမီးကလေးက ငိုသံပါနှင့်ပြောသည်။

ဆွဲချက တရားသူကြီးအား "သူ့အိပ်တဲ့ ငှက်မွေးမွေ့ရာနှစ်ဆယ်နဲ့ ဖုံနှစ်ဆယ် ထဲမှာ စတော်ပဲစေ့တစ်စေ့ ဝင်နေလို့ မအိပ်နိုင်ဘူးဆိုပြီးရှာတာ ဒီတရားခံမပေါ့"ဟု လေသံနှင့် ပြောပြသည်။



မင်းသမီးကလေးက "ပြောပဲမပြောချင်ပါဘူး။ အဲဒီတုန်းကဆိုရင် ငါ အိပ်လို့ကို မရဘူး။ အခုထက်ထိတောင် ငါ့ဘေးတွေနံတွေ နာနေသေးတယ်"ဟု လေသံနှင့်ပြောသည်။

"သင်ဟာ ဒါလောက်နုနေရင် ဘယ်လိုလုပ်ပြီး အလုပ်လုပ်နိုင်တော့မလဲ"ဟု တရားသူကြီးတစ်ဦးက ပြောသည်။

"ငါက အလုပ်မှမလုပ်ဘဲနဲ့"ဟု မင်းသမီးကလေးက ပြောသည်။

"ဒါဖြင့် သင့်ကို ဘယ်သူထမင်းချက်ကျွေးသလဲ။ သင့်အဝတ်အစားကိုရော ဘယ်သူက ချုပ်ပေးသလဲ"

"ငါ့မှာ အစေခံတွေနဲ့ အစေခံမတွေရှိပါတယ်"

"ဒါဖြင့် တခြားသူများက သင့်အတွက် အလုပ်လုပ်ပေးရတာပေါ့။ ဒီလိုဆိုရင် သင်ဟာ သွေးစုပ်ကောင်ပဲ"

တရားသူကြီးတို့သည် အချင်းချင်း ခေါင်းချင်းရိုက်ကြသည်။ ထို့နောက် တရားသူကြီးချုပ် ကခေါင်းမော့၍ "နောက်-တရားခံစစ်၊ သင်က ဘယ်သူလဲ"ဟု ဆင်ဒါရယ်လားကို မေးသည်။

ဆင်ဒါရယ်လားက အဆုံးကောင်းသော သူ့ဇာတ်ကြောင်းကိုပြောပြသည်။

တရားသူကြီးက "ဟုတ်တာပေါ့။ ဟုတ်တာပေါ့၊ အဲဒီနည်းနဲ့ သင်ဟာ အလုပ်သမားလူတန်းစားများကို သစ္စာဖောက်နေတယ်ဆိုပါတော့။ ဒီတော့ သင်ဟာ လည်း အခုတွင်က မင်းသမီးကလေးလို သွေးစုပ်ကောင်တစ်ယောက်ပဲပေါ့" ဟုပြော သည်။

ဆင်ဒါရယ်လားက ရှက်၍ သူ့မျက်နှာသူလက်ကလေးနှင့် အုပ်ပြီးလျှင် မင်းသားလေး၏ဘေးတွင် စီရင်ချက်ကိုနာခံရန် ထိုင်၍စောင့်နေသည်။

တရားခံ စုန်းမအမူနှင့်ပတ်သက်၍ ဆွဲချက ရှည်ရှည်မပြောဘဲ "ဒီ တရားခံမ ကတော့ ယုံတမ်းစကားထဲကပါ။ လောကမှာ စုန်းဆိုတာမျိုး မရှိပါဘူး"ဟုပြောသည်။ ပြီးလျှင် အဘောခရစ်စမတ်အမှုကို ဆက်စစ်သည်။

"သင့် နာမည်"

"ငါ့နာမည်က အဘောခရစ်စမတ်ပါ"

"သင့်မှာ တခြားနာမည်ရှိသေးသလား"ဟု တရားသူကြီးချုပ်က ရှုံ့မဲ့ကြီးနှင့် မေးသည်။

"ရှိပါသေးတယ်။ ရှိပါသေးတယ်။ ငါ့ကို ဆန်တာကလောက်လို့လည်း ခေါ်ပါ တယ်။ တချို့ကတော့လည်း ရှင်နိကောလပ်လို့လည်း ခေါ်ကြပါတယ်"

"သင့်ရုပ်ကတော့ မသင်္ကာစရာရုပ်ပဲ။ သင် ဘာလုပ်စားသလဲ"

"နာတာလူးပွဲတော်အကြိုနေ့မှာ ငါဟာ အိမ်တွေကို မီးခိုးခေါင်းတိုင်ထဲက ကိုက်ကိုတ်ကလေးဝင်ပြီး ကလေးတွေကို လက်ဆောင်ပေးလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"သင်ပြောတာမရိုင်းဘူး။ ဒါပေမယ့် သင့်စကားကို ငါ မယုံဘူး။ အိမ်တွေထဲကို သင် တိတ်တိတ်လျှောက်ဝင်တာဟာ ကလေးတွေကို လက်ဆောင်ပေးဖို့ဟုတ်မှာမဟုတ်ဘူး။ စပိုင်သူလျှို လုပ်ဖို့ဝင်တာဖြစ်မှာပဲ"ဟု ပြောပြီးလျှင် တရားသူကြီးချုပ်က စားပွဲခုံကို ကြောက်လန့်ဖွယ်လက်သီးနှင့် ထုလိုက်သည်။

အဘောခရစ်စမတ်က မျက်နှာဖုံးကိုချွတ်ပြီး "အမယ်လေး"ဟု အလန့်တကြားအော်သည်။ ပြီးလျှင် အဘောခရစ်စမတ်သည် ဒူးတုပ်၍ သူ့ကို ချမ်းသာပေးရန် တောင်းပန်သည်။ သနားကြင်နာခြင်းမရှိသော တရားသူကြီးချုပ်က ချမ်းသာမပေးနိုင်ကြောင်း လက်ဖြင့်ဝှေ့၍ ပြလိုက်သည်။ ပြီးလျှင် အစောင့်စစ်သားများက အဘောခရစ်စမတ်ကို ချိုင်းမှမ၍ ခုံတန်းပေါ်သို့ ပို့လိုက်သည်။

နောက်ဆုံးတရားခံမှာ ကောင်ပေါ်အီဖန်ဖြစ်သည်။ သူ့အဝတ်အစားများမှာ စုတ်ပြတ်နေသည်။ သူ့မျက်နှာကလည်း ပေကျံနေသည်။

"သင့်လူမှု အခြေအနေကဘာလဲ"

"တောင်သူပါ"

"သင် လုပ်သားငှားပြီး လုပ်ဖူးသလား"

"တစ်ခါမှ ငှားပြီးမလုပ်ပါဘူး။ ငါကိုယ်တိုင်ပဲ လုပ်ပါတယ်"

"သင့်မှာ ဘာပစ္စည်းများရှိသလဲ"

"မြင်းတစ်ကောင်ပဲ ရှိပါတယ်။ ဒီမြင်းကလည်း ခါးကျိုးနေပါပြီ"

တရားသူကြီးချုပ်သည် မျက်နှာကြီးကိုပြုံး၍ "သူပြောတာရှင်းတယ်။ သူဟာ ငါတို့လိုလူတန်းစားထဲကပဲ။ သူ့ကိုလွှတ်လိုက်"ဟု အမိန့်ပေးသည်။

ကောင်ပေါ်အီဖန်သည် တရားသူကြီးများအား ကျေးဇူးတင်ဟန်ဖြင့် ပြုံး၍ကြည့်ပြီးလျှင် ဆွဲချ၏ဘေးတွင် သွား၍ထိုင်နေသည်။

တရားသူကြီးချုပ်သည် တရားခွင်မှထ၍ စီရင်ချက်ကြေညာသည်။ "ပိုင်အိုနီယာရုံးက ဆိုလတ္တံ့သည့်အတိုင်း စီရင်ချက်ကိုချမှတ်လိုက်သည်။ မင်းသမီးကလေးများ၊ မင်းသားကလေးများ၊ ဆင်ဒါရယ်လားများ၊ စုန်းမများ၊ အဘောခရစ်စမတ်များသည် အားလုံးပြည်သူ့ရန်သူများဖြစ်သည်။ ငါတို့ ဘော်ရှီဗစ်ကလေးသူငယ်များသည် သူတို့အကြောင်း ဝတ္ထုများကိုမဖတ်ရ။ ငါတို့စာအုပ်များထဲတွင် သူတို့အကြောင်း တွေရေးဖို့ အခွင့်မပြုနိုင်။ သူတို့ကို အစဖုံးစီရင်ရမည်။ အာဏာသားတို့ တရားခံများကို ထုတ်သွားကြ"ဟု စီရင်ချက်ချလိုက်ရသည်။

အာဏာသားတို့က သေဒဏ်အစီရင်ခံရသော တရားခံများကို ရိုက်နှက်၍ခေါ်ကြသည်။ တရားခံများကလည်း ဇာတ်ညွှန်းတွင်ပါသည့်အတိုင်း ဟစ်အော်ခုန်ကာ ငိုကြွေးကြသဖြင့် မျက်နှာက သနပ်ခါးများ ပျက်၍ကုန်သည်။

တရားခံများ ဝင်သွားသောအခါ ငြိမ်၍ကြည့်နေကြသော ကလေးပွဲကြည့်ပရိသတ်များက "သူတို့ကို သတ်မပစ်ပါနဲ့။ သူတို့ကို သတ်မပစ်ပါနဲ့။ သူတို့မှာအပြစ်မရှိ



ပါဘူး"ဟု ကျယ်လောင်စွာ အော်ဟစ်ကြသည်။ ဤနည်းဖြင့် ပွဲလန့်သွားပြီးလျှင် သတ္တိရှိသော ခပ်ကြီးကြီးသူငယ်များက သူတို့အသည်းစွဲချစ်နေသည့် တရားခံများကို အတင်း ဆွဲ၍လုရန် သူတို့နေရာမှ ခုန်ချကြသည်။

ရှုအင်အနားတွင် ထိုင်၍နေသော သူငယ်မကလေးတစ်ယောက်က ရှုအင်အား တရားခံများကို ဝင်၍ကယ်ပေးရန် မျက်ရည်စက်လက်ဖြင့် တောင်းပန်သည်။

ရှုအင်သည် ကလေးမလေးပြောသောစကားကို နားမလည်သော်လည်း မျက်နှာထားနှင့်အသံကို အကဲခတ်ရခြင်းအားဖြင့် ကလေးမလေးဆိုလိုသော အဓိပ္ပာယ်ကို သိသဖြင့် ကလေးမလေးမျက်နှာကိုကြည့်လိုက်၊ ဂိုရင့်မျက်နှာကိုကြည့်လိုက် ဖြစ်နေသည်။ ပြဇာတ်ပြနေခိုက်တွင် ဂိုရင်မှာရှက်လွန်း၍ မျက်နှာမထားတတ်အောင် ဖြစ်နေသဖြင့် ဘာတစ်ခွန်းမျှမပြောဘဲ မျက်နှာသုံးခေါက်ချိုးနှင့် ငြိမ်၍နေသည်။ "တကယ်ကိုအသုံးမကျတဲ့ပြဇာတ်၊ ဒီပြဇာတ်မျိုးကို နိုင်ငံခြားဧည့်သည်ပြတာများ အံ့ပါရဲ့"ဟု ဂိုရင် ထင်မြင်ချက်ရသည်။

ရှုအင်သည် သူ့အား ဘာသာပြန်ပြောမည့်သူ မရှိသော်လည်း ပြဇာတ်၏ဆိုလိုရင်း အဓိပ္ပာယ်ကို နားလည်သည်။ ရှုအင်မှာ သူ့ရှေ့တွင် တစ်စုံတစ်ယောက်က မတော်မလျော်သော အမှုကို ပြုနေဘိသည့်အလား၊ အနေရအထိုင်ရကြပ်နေသဖြင့် တစ်ခါတည်း ပရိယာယ်ပြုံးမျှပင်မပြုံးတော့။

ထိုအခိုက်တွင် ပိုင်အိုနီယာအဖွဲ့ခေါင်းဆောင် မိန်းကလေးသည် လန့်၍အော်သောကြက်မကဲ့သို့ ဇာတ်ခုံပေါ်တွင်အော်၍ လျှောက်ပြေးနေသည်။ သူအော်သည့်အသံကို အားလုံး ဆူညံနေသဖြင့် မကြားရ။ သို့ရာတွင် ရှပ်ပျက်ဆင်းပျက်ဖြစ်အောင် မွဲရွဲ့နေသော ပုပါးစပ်နှင့် သွေးလည်ပင်းကြောကြီးများ ထနေသည်ကိုမူ အားလုံးကမြင်ရသည်။ ကပွဲ၏အခြေအနေမှာ အရှက်ကွဲရမည့် အဖြစ်မျိုးသို့ရောက်နေပြီ။

သို့နှင့် နီဗီကောက်သည် ကမန်းကတန်းထ၍ ဇာတ်ခုံနောက်ဘက်သို့ ပြေးသည်။ ဇာတ်ခုံနောက်တွင် ကျောင်းဆရာများမှာ ကြောက်လန့်၍ မျက်လုံး မျက်ဆန်ပြူးနေကြပြီးလျှင် ဇာတ်ဆောင်လုပ်သည့် ကလေးများမှာ သူတို့ဆရာများအနားတွင် ပိုင်း၍ငိုလှုပ် အော်သူအော်ဖြစ်၍နေကြသည်ကို နီဗီကောက် တွေ့ရသည်။ ဆင်ဒါရယ်လားလုပ်သည့် မိန်းကလေးသည် လန့်၍ငိုနေသဖြင့် မိန်းမပျိုတစ်ယောက်ကချော့၍နေသည်။

"ကလေးများကို ဇာတ်ဝတ်ဇာတ်စား အစုံဝတ်ပြီး ပွဲကြည့်ကလေးများကိုအမှ ချက်ချင်းသွားပြမှဖြစ်မည်"ဟု နီဗီကောက်က မိန်းမပျို၏အင်္ကျီလက်ကို အတင်းဆွဲ၍ ပြောသည်။

မိန်းမပျိုက နီဗီကောက်ဘက်သို့ ကပျာကယာ လှည့်လိုက်သည်။ ထိုမိန်းမပျိုမှာ ဂိုရင်၏သမီး နီနာဖြစ်သည်။ နီဗီကောက်သည် လန့်သွားပြီး ဘာပြောရမှန်းမသိဖြစ်နေသည်။ နီနာကမျက်ခုံးကိုပင့်၍ ဘာလို့သူ့အင်္ကျီလက်ကို ဆွဲရတာလဲဟူသော မျက်နှာထားနှင့်ကြည့်နေသည်။ နီနာ၏မျက်လုံးများမှာ ဖြူရော်ရော်အရောင်ရှိ၍ အင်မတန်

www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းပုံရပြီးလျှင် ရုရှမြောက်ပိုင်းရှိ ဆောင်းတွင်းရေအိုင်ကဲ့သို့ လွမ်းဆွတ်ဖွယ်ကောင်း သည်ကို နိုဗိကောက် တွေ့ရသည်။

''သင့်ကို ငါက ရိုင်းရိုင်းစိုင်းစိုင်း ပြုမိတဲ့အတွက် စိတ်မရှိပါနှင့်''ဟု နိုဗိကောက်က အရှက်ပြေပြုံး၍ နီနာကိုပြောသည်။ ပြီးလျှင် နိုဗိကောက်က ''ဆင်ဒါရယ်လားကလေးတွေ မင်းသမီးကလေးတွေကို ပွဲကြည့်ကလေးများကို မြန်မြန် သွားပြမှ ဖြစ်မယ်ထင်တယ်။ ဒီလိုမှ မြန်မြန်သွားမပြရင် ခန်းမဆောင်ကြီးတစ်ခုလုံးကို သူတို့အကုန်လုံး ဆွဲဖျက်ပစ်ကြလိမ့်မယ်''ဟု ဆက်၍ပြောသည်။

နီနာက နိုဗိကောက်မျက်နှာကို သေသေချာချာကြည့်၍ ''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ သူတို့စိတ်ကျေနပ်သွားအောင်၊ တစ်ခုခုသွားလုပ်ပေးလိုက်ပါ။ ဒါထက် သင်ဟာ ပါမောက္ခနိုဗိကောက်မဟုတ်လား''ဟုပြောသည်။

''ဟုတ်ပါတယ်''

''သင့်အကြောင်းကို လီဒါက ပြောပြပါတယ်။ အဲဒါနဲ့ လီဒါပြောတဲ့ ပုံပန်းအရ သင်ဟာ ပါမောက္ခနိုဗိကောက်ပဲလို့ ငါသိတာပါ။ အမယ်လေး ဆူလိုက် ညံလိုက်တာ။ ဒီပြဇာတ်ကို ဘယ်သူများ စီမံသလဲမပြောတတ်ဘူး။ စောစောကသာ ဒီပြဇာတ်ပြမှန်းသိရင် မပြဖြစ်အောင် ငါ ဖျက်လိုက်ပါရဲ့''ဟု နီနာက ပြောသည်။

''ပြဇာတ်က ဘာမှမဆိုင်တဲ့ပြဇာတ်ပဲ''

''ဘာမှမဆိုင်ရုံတင် ဘယ်ကမလဲ။ တော်တော့်ကိုအသုံးမကျတဲ့ ပြဇာတ်ပါ''

ထိုအခိုက်တွင် ဆရာမတစ်ယောက်သည်ငို၍ သွေးမရှိသောမျက်နှာနှင့် ပြေး၍ လာပြီး တုန်တုန်ယင်ယင်နှင့် နိုဗိကောက်နှင့်နီနာတို့အား ကလေးများကိုခေါ်၍ ဇာတ်ခုံ ပေါ်က ထွက်ပြလိုက်ရန်ပြောသည်။ ပြီးလျှင် ထိုဆရာမက ''ငါတော့ မျက်နှာထွက် မပြရဲဘူး။ သိပ်ကြောက်စရာကောင်းတာပဲ။ ငါ့ကိုမြင်ရင် ကလေးတွေက ဘယ်လို လုပ်ကြမယ် မပြောနိုင်ဘူး''ဟုပြောသည်။

နိုဗိကောက်သည် ဆရာမကိုအချိန်ကုန်ခံ၍ စကားပြောမနေတော့ဘဲ နီနာက ဆင်ဒါရယ်လားကလေးကို လက်ကဆွဲ၍လည်းကောင်း၊ သူကိုယ်တိုင်က ရွှေမင်းသမီး ကလေးကိုခေါ်၍လည်းကောင်း၊ အခြားသူများက အခြားဇာတ်လိုက်ဇာတ်ဆောင် ကလေးများကို ခေါ်၍လည်းကောင်း၊ ပြည်ဖုံးကားရှေ့သို့ ထွက်၍ပြရန်ပြောသည်။

''ဟောဒီမှာ ကြည့်ကြပါ။ ဇာတ်လိုက်ဇာတ်ဆောင်ကလေးတွေ အကုန်လုံး ကျန်းကျန်းမာမာနဲ့ ရှိကြပါတယ်''ဟု ကလေးများ၏လက်ကို နိုဗိကောက်က မြှောက်၍ပြပြီး ပြောသည်။

ထိုအခါ ခန်းမကြီးတစ်ခုလုံး ဝမ်းသာအားရသံဖြင့် ဆူညံ၍သွားသည်။

ထို့နောက် နိုဗိကောက်နှင့် နီနာတို့သည် ကလေးများကို ဇာတ်ခုံပေါ်မှခေါ်၍ ဆင်းလာကြပြီးလျှင် ကလေးများကို ရှုအင်နှင့်ဂိုရင်အနားတွင် ဝိုင်း၍ထိုင်စေသည်။ ဂိုရင်က နိုဗိကောက်အား ကျေးဇူးတင်သောအမူအရာဖြင့် ကြည့်သည်။ နီနာက ချစ်စရာ



ကောင်းသော သူငယ်ကလေးတစ်ယောက်ကိုဖက်၍ နိုဗိကောက်၏ ဘေးနားက ထိုင်သည်။

''ဒေါ်ဒေါ် ဒေါ်ဒေါ် အဘေခရစ်စမတ်ဆိုတာ တကယ်ရှိသလား၊ ဒေါ်ဒေါ်''ဟု သူငယ်ကလေးက မေးသည်။

''ရှိတာပေါ့ကွဲ့။ အဘေခရစ်စမတ်ကြီးဟာ သိပ်သဘောကောင်းတဲ့ အဘိုးကြီးပေါ့''ဟု နီနာက ပြောသည်။ ရုတ်တရက် သူငယ်ကလေး၏ လက်ချောင်း ကလေးများပေါ်သို့ နီနာ၏မျက်ရည်ပေါက်များ ကျလာသည်။

''ဒေါ်ဒေါ် ငိုနေသလား''ဟု သူငယ်ကလေးက မေးသည်။

''ဟုတ်သားပဲ။ ငါ ငိုနေသလား''

ခန်းမဆောင်ကြီး ပြန်၍ငြိမ်သွားပြီ။ အစီအစဉ်ရှိသည့်အတိုင်း ကပွဲကို ဆက်၍ပြသည်။ နောက်ထပ် အထစ်အငေါ့မရှိဘဲနှင့် ပြပွဲပြီးသွားသည်။

ပါရစ်မြို့ လေယာဉ်ပျံဆိပ်မှ ပြင်သစ်သတင်းထောက်များက ရှုအင်ကို ဆီး၍ကြိုကြသည်။ ထိုသတင်းထောက်များထဲတွင် ''လူသား''အမည်ရှိသော ကွန်မြူနစ်သတင်းစာက သတင်းထောက်လည်းပါသည်။

''ရုရှပြည်သို့ သင် အလည်သွားခဲ့ခြင်းကို အောင်မြင်သည်ဟု ယူဆ ပါသလား'' ဟု ''လူသား''သတင်းထောက်က မေးသည်။

''အောင်မြင်ပါတယ်။ ရာနှုန်းပြည့်အောင်မြင်ပါတယ်''ဟု ရှုအင်က ဖြေသည်။

''စတာလင်ကို သင် ဘယ်လိုသဘောရသလဲ''

''စတာလင်က ငြိမ်းချမ်းခြင်းကိုပဲ အလိုရှိပါတယ်။ အားလုံးသော နိုင်ငံတွေနဲ့ ငြိမ်းချမ်းစွာ ဆက်ဆံဖို့ကိုလည်း သူ အလိုရှိပါတယ်''

''ကျောင်းသားများ ဖလှယ်ဖို့ကိစ္စကော ဘယ်လိုနေသလဲ။ ဒီကိစ္စကို စတာလင်က ကန့်ကွက်မှာ မဟုတ်ဘူးဆိုတာ ငါ ယုံကြည်ပါတယ်''

ရှုအင်သည် မျက်နှာကြီးကိုပြုံး၍ သတင်းထောက်များ မေးသမျှ မေးခွန်း များကို သွက်လက်စွာ ဖြေသည်။ သို့ရာတွင် သူ့အတွင်းစိတ်သန္တာန်၌မူကား ရှုအင်သည် ချမ်းသာခြင်းမရှိ။ ရောက်စတောက် ကျောင်းသားကလေးများ ကပြသော ပြဇာတ်ကို သူ မမေ့နိုင်သေး။ ဒဏ္ဍာရီများထဲက ဇာတ်ဆောင် ဇာတ်လိုက်များကို ရှုံးတင်စစ်ဆေးခြင်း အတွက် သူ့စိတ်ကို များစွာထိခိုက်လျက်ရှိသည်။ အဘယ်ကြောင့် ထိုကဲ့သို့ ဖြစ်ရသနည်း။ ဒဏ္ဍာရီများထဲက ဇာတ်ဆောင်ဇာတ်လိုက်တို့မှာ သူ့အား ကလေးဘဝတုန်းက ရင်းနှီးစွာ သိကျွမ်းလာခဲ့သူများ ဖြစ်သောကြောင့်လော။ သို့မဟုတ် ရောက်စတောက် ကလေး သူငယ်တို့၏ အလိုအလျောက်ဆန္ဒပြခြင်းသည် သူ့အဖို့ လေးနက်စွာစဉ်းစားဖို့အချက် ဖြစ်ပေါ်လာခြင်းကြောင့်လော။

www.burmeseclassic.com

www.burmeseclassic.com



ရှုအင်သည် အမြဲတမ်းအားဖြင့် သတင်းထောက်များနှင့် ဆွေးနွေးရခြင်းကို အင်မတန်နှစ်သက်ပြီးလျှင် သတင်းစာများက သူ့အကြောင်း ရေးသားဖော်ပြခြင်းကိုလည်း သဘောကျသူဖြစ်သည်။ သို့ရာတွင် ဤအကြိမ် သတင်းထောက်များနှင့် တွေ့ရသောအခါ၌မူ ရှုအင်သည် ခါတိုင်းခါတိုင်းကဲ့သို့ ပျော်ရွှင်နှစ်သက်ခြင်းမရှိ။ သူ့စိတ်ထဲတွင် 'အမှုစစ်ပြီ' ပြဇာတ်ထဲက ကလေးမှ ကလေးရာမရှိသော တရားသူကြီး ကလေးများ၏ မျက်နှာများကိုလည်းကောင်း၊ သူ့အနားတွင်ကပ်၍ငိုနေပြီး၊ သူ့အား တရားသဖြင့်ဖြစ်အောင် ဆောင်ရွက်ပေးပါဟု ပူဆာနေသော သူငယ်မကလေး၏ မျက်နှာကိုလည်းကောင်း၊ ရှုအင်၏ မျက်စိထဲတွင် မြင်ယောင်၍နေသဖြင့် ရှုအင်မှာ ပျော်ရွှင်ခြင်းမဖြစ်နိုင်။ 'အမှုစစ်ပြီ' ပြဇာတ်၏ အဖြစ်အပျက်မှာ အရေးကြီးစရာ အကြောင်းမဟုတ်သော်လည်း ထိုအရေးကြီးစရာ မဟုတ်သောအကြောင်းကြောင့်ပင် သူ၏ ရှုရှသွားကိစ္စမှာ ပျက်စီးသွားရသည်။ ဆင်ခြင်တုံတရားနှင့် သုံးသပ်လျှင် ရှုအင် စိတ်ထဲ၌ ထိုကဲ့သို့ဖြစ်ရန် အကြောင်းမရှိ။ သို့ရာတွင် ဆင်ခြင်တုံတရားသည် စိတ်အာရုံ တို့ကို အမြဲတမ်းထိန်းသိမ်းပေးနိုင်သည်မဟုတ်။ ထို့ကြောင့် ရှုအင်မှာ ကလေးများ၏ ပြဇာတ်အဖြစ်အပျက်အတွက် စိတ်အနှောင့်အယှက် ဖြစ်လျက်ရှိသည်။

ရှုအင်သည် သူ့စိတ်ထဲ၌ ထိုကဲ့သို့ ဖြစ်နေသည့်အကြောင်းကိုလည်းကောင်း၊ ရှုရှပိုင် အိုနီယာအဖွဲ့ကစီစဉ်သော 'အမှုစစ်ပြီ' ပြဇာတ်အကြောင်းကိုလည်းကောင်း၊ သတင်းထောက်များအား ပြော၍မပြ။ နောင်အဖို့တွင် သူ၏ ရင်းနှီးသောမိတ်ဆွေများကို ပင်လျှင် ပြော၍မပြ။ သို့ရာတွင် ထိုအကြောင်းကို အသက်ထက်ဆုံး သူ မမေ့နိုင်အောင် ပင် ဖြစ်နေသည်။

※※※

## အခန်း-၃

ဂိုရင်တွင် နိုဗိကောက် မသိသော အကျင့်ဆန်းတစ်ခုရှိသည်။ စစ်တုရင် ထိုးရင်းနှင့် ဂိုရင်နှင့်ကောင်းကောင်း စကားပြောခဲ့ရသဖြင့် ဂိုရင်သည် သူ့အကြံပေးထား သည့် ပြဇာတ်ကိုရေးဖို့ လက်ယားနေလိမ့်မည်ဟု နိုဗိကောက်စိတ်ထဲ၌ အစဉ်ရောက်၍နေ သည်။ (ပြဇာတ်ရေးရန်အတွက် ဂိုရင်ကို ဂလူယက်က အမှတ်တမဲ့ဝင်၍ အကြံပေးလိုက် သည့်အတွက် နိုဗိကောက်သည် ဂလူယက်အကြောင်းကို စဉ်းစားမိတိုင်း သဘောကျ၍ ပြုံးမိသည်။)

ဂိုရင်စိတ်ထဲ၌ ရုတ်တရက် ပြဇာတ်ရေးဖို့ စိတ်အားထက်သန်ခဲ့သည့် အကြောင်းကို လည်းကောင်း၊ ထိုပြဇာတ်ရေးဖို့အကြောင်းကို ဂလူယက်တို့ နိုဗိကောက် တို့နှင့် စစ်တုရင်ထိုးရင်း ပြောကြဆိုကြသည့်အကြောင်းကိုလည်းကောင်း၊ ထိုမှတစ်ပါး ပါမောက္ခနိုဗိကောက် ကိုယ်တိုင်အကြောင်းကိုလည်းကောင်း၊ ဂိုရင်သည် လုံးလုံးသတိ



မရတော့သည့်အဖြစ်ကို နိုဗိကောက်သာသိပါမူ သူ့ကိုယ်သူ အထင်ကြီး၍နေသော နိုဗိကောက်သည် တစ်ခါတည်း မှိုင်တွေကျ၍သွားမည့်အဖြစ်ကို မည်သူမဆို တွေး၍ ကြည့်နိုင်မည်သာဖြစ်သည်။

ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်အားထက်သန်မှုသည် အချည်းနှီးသာဖြစ် ကြောင်းကို ကိုယ်တိုင် တွေ့ဖူးကြုံဖူးသည့်အတိုင်း ရုတ်တရက်ဖြစ်ပေါ်လာသော စိတ်အား ထက်သန်မှုကို ဂိုရင်သည် အယုံအကြည်မရှိ။ အရှည်အကြာသုံးသပ်ပြီး နောက်မှ ဖြစ်ပေါ် လာသော ကျောက်တိုင်ကဲ့သို့ ခိုင်မာသော အကြံဉာဏ်များကိုသာ ဂိုရင် ယုံကြည်အားကိုး သည်။ အကြံတစ်ခုသည် သင့်လျော်လျောက်ပတ်ပြီဟု သူ့စိတ်ထဲက လှိုက်လှိုက်လှဲလှဲ ယုံကြည်လာသောအခါကျမှသာ ထိုအကြံကို ဂိုရင်သည် စားပွဲတွင်ထိုင်၍ ရေးသားလေ့ရှိသည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်းတွင် အလုပ်များခြင်း ရှုပ်ထွေးမှုများ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ဂိုရင်သည် နိုဗိကောက်အကြောင်းကို လုံးဝမေ့၍သွားသည်။

ထိုရက်သတ္တပတ်အတွင်း၌ လာရင်ကလည်း သူ့ကိုယ်သူ သတ်သေသည်။ ရှုအင်ကလည်း အလည်ရောက်လာသည်။ သူ့သား ပါဗယ်ကလည်း မကျန်းမမာ ဖြစ်နေသည်။ သူ့သမီး နာဒီကလည်း အပြုအမူတစ်မျိုးဖြစ်နေသည်။ အားလုံးအထဲတွင် နာဒီအတွက် ဂိုရင် စိတ်မကောင်းဆုံးဖြစ်သည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း၌ နာဒီသည် ခါတိုင်းကဲ့သို့ ကောက်ဆက်မြင်းစီးသမားများနှင့် မြင်းစီးထွက်ခြင်း လုံးဝမရှိတော့။ သူ့စိတ်ထဲ၌ နောက်ထပ် မြင်းစီးထွက်ချင်ပုံပင် မရတော့ဖြစ်သည်။

“အင်း ဒီလိုဆိုရင်တော့ လေကောင်းလေသန့်လည်း ဘာမှတတ်နိုင်ပုံ မရ တော့ဘူး။ မွေတာဆိုတာ ဘယ်သူမှ ဆန့်ကျင်လို့ရတာမျိုး မဟုတ်ဘဲလေ။ ငါလည်း အမေနဲ့အမြန်ဆိုသလို ငါ့သမီးနဲ့ ခွဲရတော့မှာပဲ။ ဒီကိစ္စဟာ ငါပူပန်နေလို့လည်း အလကား ပါပဲ။ နောက်တော့ သူ့ဟာသူ ယောက်ယားဖြစ်သွားမှာပဲ”ဟု ဂိုရင်သည် တွေးရင်း သက်မချလိုက်သည်။ အသွေးအသားကိစ္စမျိုးအနက် အထူးသဖြင့် သူ့သမီးကိစ္စကဲ့သို့ အပြောရခက်သော ကိစ္စမျိုးတွင် ဂိုရင်သည် သက်မချရုံကလွဲ၍ ဘာမျှမတတ်နိုင်။

ဤနည်းဖြင့် ညစာစားပွဲကြီးပြီး၍ ခုနစ်ရက်ခန့်အကြာတွင် နိုဗိကောက်သည် ကြောက်စရာ အီဗန်ဇာဘုရင်၏ ခေတ်အကြောင်းကို ပြဇာတ်ရေးနိုင်ရန်အတွက် အကျယ် တဝင့်မှတ်သား၍ ဂိုရင့်ထံလာသောအခါ ထိုအကြောင်းကို ဂိုရင်က လုံးလုံးမေ့နေပြီဖြစ် သဖြင့် နိုဗိကောက်ပြောနေသော စကားများကို သူဘာမျှအမြီးအမောက်ရှာ၍မရ။ ဂိုရင်မှာ မွှဲယဂီးသောကကြောင့် စိတ်ပန်း၍နေသဖြင့် ဘာမျှစဉ်းစားလုပ်ကိုင်လိုသော ဆန္ဒမရှိ။

နိုဗိကောက်သည် သတိရှိသူဖြစ်သဖြင့် ဂိုရင့်ထံသို့ သူ့ဟာသူ တစ်ယောက် တည်းမလာဘဲနှင့် ဂလူယက်ကို အဖော်ခေါ်၍လာသည်။ နိုဗိကောက်စိတ်ထဲက ဂိုရင်ထံ သို့ ဂလူယက်ကို အဖော်ခေါ်လာခြင်းသည် သူ့အပေါ်တွင် ဂိုရင်က တစ်မျိုးတစ်မည် အငြိုးစရာ ပျောက်ပစေလိမ့်မည်ဟု သဘောရသည်။ သို့ရာတွင် ဂလူယက်မှာ ထိုအချိန်

www.burmeseclassic.com

www.burmeseclassic.com



တွင် နိုဗိကောက်ကို အကြောက်ကြီးကြောက်၍နေပြီဖြစ်သဖြင့် နိုဗိကောက်သည် ဂလူယှက်အခြေပျက်ပြီး သူ့အကြံကို ဂိုရင် မတော်တဆ ရိပ်မိမသွားစေရန်အတွက်ပင် ဂလူယှက်ကို ချော့၍နေရသည်။

"သင့်မှတ်စုတွေက တယ်စုံပါလား။ ငါ့စိတ်ထဲက ငါပြောတာတွေကို သင် ဒါလောက်တောင် ဂရုတစိုက်ရှိလိမ့်မယ် မထင်မိဘူး။ တကယ်ဆိုတော့ ဒီကိစ္စတွေကို ငါ အကုန်လုံးမေ့နေတယ်။ ပြီးတော့ ကုန်ခဲ့တဲ့ရက်သတ္တပတ် အတွင်းမှာလည်း ငါ့ကိစ္စတွေက အကုန်လုံး ကမောက်ကမတွေချည်း ဖြစ်နေတယ်"ဟု ဂိုရင်က နိုဗိကောက်ယူလာသော မှတ်စုစာရွက်များကို လှန်လှောကြည့်ရင်းနှင့် ပြောသည်။

နိုဗိကောက်သည် မျက်နှာချိုသွေးပြီး "အီဗန်ခေတ်အကြောင်းနှင့် ပတ်သက်လို့ ငါသိသမျှကို ရေးမှတ်ပြဖို့ ငါ့မှာ တာဝန်ရှိပါတယ်။ ပြီးတော့ စာကြည့်တိုက်ကလည်း နောက်ထပ်လိုတဲ့အချက်များကို ငါ ကတိရှိတဲ့အတိုင်း သင်ရေးမယ့်ပြဇာတ်အတွက် ရှာပေးပါဦးမယ်။ အခု မှတ်စုများကတော့ ငါ့ ထင်မြင်ချက်များပါပဲ။ ဒီအထဲမှာ သင် သဘောကျတာများလည်း ပါကောင်းပါပါလိမ့်မယ်" ဟုပြောသည်။

ဂိုရင်မှာ အပြောရကြပ်သွားသဖြင့် ရုတ်တရက် စကားပြန်မမေးနိုင်ဘဲ နိုဗိကောက် မျက်နှာကြည့်လိုက်၊ ဂလူယှက်မျက်နှာ ကြည့်လိုက်ဖြစ်နေသည်။ ခဏနေမှ ဂိုရင်က "အင်း ဒီအခြေအနေရောက်နေပြီဆိုရင်တော့ ငါ့ဘက်က နောက်ဆုတ်လို့ မရဘူးဆိုပါတော့။ သင်က ဒါလောက်တောင် ဒုက္ခခံထားမှတော့ သင့်မှတ်စုများကို ငါ ဖတ်ကြည့်ရတော့မှာပေါ့" ဟု စိတ်လေးလေးဖြင့် ပြောသည်။ ပြီးလျှင် ဂိုရင်က ဂလူယှက်အား "လူငယ့်သဘောဆိုတာ အဲဒါကိုပဲ ကြည့်တော့ ဂလူယှက်ရေ၊ သူတို့ စကားပြောရတာ တော်တော်ကြောက်စရာ ကောင်းတယ်။ ပါးစပ်တောင်မဟရသေးဘူး တာဝန်တွေ တစ်ပုံကြီးရောက်လာတာပဲ"ဟု ပြောသည်။

နိုဗိကောက်က "ဒီကိစ္စမှာတော့ ပညာကျော်ဂလူယှက်ကိုပဲ အပြစ်တင်ပါတော့။ အီဗန်ခေတ်ပြဇာတ်ကိုရေးဖို့ သင့်ကို ပထမအကြံပေးတာသူပါပဲ"ဟု ဂလူယှက်ကို သက်ကြီးဝါကြီးပညာရှင်တစ်ဦးအား သက်ငယ်ဝါငယ်ပညာရှင်တစ်ဦးက လေးစားသမှု ပြုသည့်ပမာ ကြည့်၍ပြောသည်။

ဂိုရင်က ဂလူယှက်အား အပြစ်တင်သောသဘောနှင့် လက်ညှိုးနှင့်ထိုးပြီးလျှင် "အင်း အင်း ငါ သတိရပါပြီ၊ ငါ သတိရပါပြီ" ဟုပြောသည်။

ဂလူယှက်သည် သူ့ဟာသူ ကျွန်ဝယ်ရာအဆစ်လိုက်နေရသည့်အဖြစ်ကို ကောင်းစွာသိသည်။ သူ့ကိုယ်သူ ထိုကဲ့သို့ မဖြစ်စေချင်သည့်အတွက် ဂလူယှက်မှာ နိုဗိကောက်၏ လျှို့ဝှက်သောအကြံကို လိုက်၍ကူညီနေရသည်။ နိုဗိကောက်သည် ဂလူယှက်အား သနားဟန်မျှဖြင့်သာမကသေးဘဲ၊ ချစ်ခင်ဟန်ဖြင့်ပင် ကြည့်၍နေသည်။

ဂလူယှက်စိတ်ထဲက နိုဗိကောက်အား "ဒီကောင် သိပ်အညာကောင်းတဲ့ အကောင်ပဲ။ မျက်နှာထားကလည်း တည်လိုက်တာ"ဟု အောက်မေ့သည်။ ပြီးလျှင်



နိုဗိကောက်နှင့် သူနှင့် နှစ်ယောက်တည်း စကားပြောကြသည့်အခါတွင် နိုဗိကောက်က ဂိုရင်အပေါ်တွင် ရစရာမရှိအောင် မကောင်းပြောထားသည်များကို သတိရပြီး ဂလူယှက်မှာကြက်သီးများပင် ထသွားသည်။

ထိုအခိုက်တွင် အခန်းပြင်ဘက်မှ မိန်းမပျိုတစ်ယောက် ပျော်ပျော်ရွှင်ရွှင်နှင့် အီတလီသီချင်းဆိုသံကို ကြားရသည်။ ပြီးလျှင် နီနာသည် အပြာရောင် ပိုးထည်ပါးပါး လျားလျားကိုဝတ်၍ အခန်းထဲသို့ဝင်လာသည်။ နီနာသည် သီချင်းကိုတစ်ပိုင်းတစ်စနှင့် ရပ်ပစ်လိုက်ပြီးလျှင် နိုဗိကောက်ကို ရှက်ကိုးရှက်ကန်းနှင့်ကြည့်သည်။

နီနာသည် နိုဗိကောက်က စိုက်၍ကြည့်နေသည်ကို မျက်နှာလွှဲပစ်လိုက်ပြီးလျှင် ဂလူယှက်အား "ဦးလေး နေကောင်းရဲ့နော်။ မေမေက ဦးလေးကို တွေ့ချင်လို့တဲ့၊ အပြင်မှာစောင့်နေတယ်။ ရွှေငါးလေးတွေ မွေးထားတဲ့ရဲ ပျက်နေလို့ ဦးလေးများ ပြင်ပေးနိုင်မလားမသိဘူးတဲ့"ဟု ပြောသည်။

ဂလူယှက်သည် ချက်ချင်းပင် ဂိုရင့်ထံမှ ခွင့်ပန်ပြီး အပြင်သို့ထွက်သွားသည်။ နီနာက ဂလူယှက်နောက်သို့ လိုက်သွားမည်လုပ်သောအခါ ဂိုရင်က "နီနာရေ ပါမောက္ခ နိုဗိကောက်ကို မိတ်ဆွေဖွဲ့လိုက်ပါဦးကွယ်"ဟု ပြော၍ တားထားသည်။

နီနာသည် ပိုးထည်တရှမ်းရှမ်းနှင့် နိုဗိကောက်ဆီသို့သွား၍ လက်ဆွဲနှုတ်ဆက်ပြီး "ပါမောက္ခနဲ့ငါနဲ့ အစကတည်းက သိပြီးသားပါ ဖေဖေရဲ့"ဟု ပြောသည်။ နီနာမှာ ကျောင်းကပွဲတွင် နိုဗိကောက်နှင့် မမျှော်လင့်သော အခြေအနေမျိုးတွင် သွား၍တွေ့ခဲ့ရသော အဖြစ်ကိုသတိရပြီး ရှက်ကိုးရှက်ကန်း အနည်းငယ်ဖြစ်သွားသည်။

ဂိုရင်သည် နီနာနှင့်နိုဗိကောက်ကို မျက်စိကိုမှေး၍ ခေါင်းဆုံးခြေဆုံး ကြည့်ပြီးလျှင် ဖြုန်းခနဲ ဖြုန်းခနဲပြုံးလိုက်ပြီး "ငါလည်း တော်တော်ဖျင်းတာပဲ။ ငါ့စိတ်ထဲက ဒီပါမောက္ခ ကလေးဟာ ငါ့ကိုကူညီဖို့ သူ့မှတ်စုတွေကို ယူလာတယ် အောက်မေ့နေတယ်။ လတ်စသတ်တော့ ငါ့ဆီကို သူလာတာက နီနာကို တွေ့ချင်လို့ကိုး"ဟု ထင်ကြေးပစ်လိုက်သည်။

ဂိုရင်သည် မမျှော်လင့်ဘဲနှင့် နိုဗိကောက် သူ့ဆီကိုပေါက်လာသဖြင့် တစ်ခဏ လောက်အလွန်က စိတ်ဆိုး၍နေခဲ့သော်လည်း ယခုမူ နိုဗိကောက်အပေါ်တွင် အကျေနပ်ကြီး ကျေနပ်သွားပြီးလျှင် နီနာနှင့်နိုဗိကောက်တို့အနီးသို့သွား၍ ဖခင်၏ချစ်ခြင်းမျိုးဖြင့် သူတို့ နှစ်ယောက်၏ ပခုံးကိုဖက်လိုက်သည်။ ပြီးလျှင် ဂိုရင်က နိုဗိကောက်အား "အခု သင့်မှတ်စု များကို ငါ ဖတ်ကြည့်မယ်။ အဲဒီလို ငါ ဖတ်ကြည့်နေတုန်းမှာ သင်တို့ ပန်းခြံထဲမှာ လမ်းသွားလျှောက်ကြည့်ပါလား။ နီနာရေ ပါမောက္ခကို တို့ပန်းခြံထဲ ကအိမ်နဲ့ တခြားဆန်းတာတွေ ပြလိုက်ပါကွယ်။ ငါတို့ပန်းခြံက သိပ်သာယာတယ် ပါမောက္ခရဲ့"ဟုပြောသည်။

နိုဗိကောက်သည် ဂိုရင် အဘယ်ကြောင့် ရုတ်တရက် သူ့ကိုမွေ့ဖက်ရသည်ကို နားမလည်သဖြင့် အံ့အားသင့်သော အမူအရာဖြင့် ဂိုရင်ကိုကြည့်သည်။ ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်က ''ဒီမှာ ရဲဘော်ဂိုရင်၊ ငါ့မှတ်စုတွေထဲမှာ ဘာမဆို သင်မကြိုက်တာတွေလို့ရှိရင် ဝေဖန်ချင်သလို ဝေဖန်ပါ။ အားမနာပါနဲ့။ အဲသလို ဝေဖန်ရင် ငါ အများကြီး ကျေးဇူးတင်ပါမယ်''ဟုပြောသည်။

''ငါ့ကို လူစိမ်းတစ်ယောက်ခေါ်တာလို ရဲဘော်တွေ ဘာတွေ ခေါ်မနေပါနဲ့။ ရိုးရိုးပဲခေါ်ပါ။ သင့်မှတ်စုအတွက်တော့ စိတ်မပူပါနဲ့။ ငါ စစ်စစ်ဆေးဆေး ဖတ်ပါတယ်'' ဟု ဂိုရင်က ပြောသည်။ ပြီးလျှင် ဂိုရင်သည် သူ့စိတ်ကိုမထိန်းနိုင်သဖြင့် နိုဗိကောက်ကို မျက်စိမှိတ်ပြလိုက်သည်။

ထို့နောက် ဂိုရင်စိတ်ထဲက ''လူငယ်တွေ၊ လူငယ်တွေ သူတို့ဟာဒီလိုပဲ။ ပရိယာယ်သုံးတတ်တယ်''ဟု အောက်မေ့ပြီးလျှင် နှုတ်ခမ်းမွေးကားကားကြီးကိုရွဲ့ကာ ပြုံးလျက် နီနာနှင့်နိုဗိကောက်ကို တံခါးဝဆီသို့ တဖြည်းဖြည်း တွန်း၍ပို့လိုက်သည်။ တံခါးဝသို့ ရောက်သောအခါ နီနာနှင့်နိုဗိကောက်တို့ကို ဆွဲ၍ပွေ့ပေးလိုက်သည်။ ပြီးလျှင် နိုဗိကောက်၏နားရွက်ကို နာနာကြီးဆွဲ၍ လိမ်လိုက်သည်။ နိုဗိကောက်က ဘာဖြစ်တာပါလိမ့်ဟုလှည့်၍ ကြည့်လိုက်သောအခါ နီနာနှင့်သူတို့နှစ်ယောက်မှာ ခန်းမကြီးထဲသို့ ရောက်နေကြပြီဖြစ်သည်ကို နိုဗိကောက် တွေ့ရသည်။ ဂိုရင်သည် အခန်းထဲတွင် သူတစ်ယောက်တည်း ကျန်ရစ်ခဲ့သောအခါ ဝမ်းသာအားရ ကျယ်လောင်စွာရယ်လိုက်သည်။ ပြီးလျှင် ဂိုရင်သည် နိုဗိကောက်၏ မှတ်စုများကို စားပွဲခုံပေါ်သို့တင်၍ အပေါ်က စက္ကူဖိကြီးဖြင့် ဖိ၍ထားလိုက် ပြီးလျှင် လူပါးကြီးအမူအရာဖြင့် မျက်စိမှိတ်လိုက်သည်။ ထို့နောက် ဂိုရင်သည် ဆိုဖာပေါ်တွင် ကျေနပ်ရောင့်ရဲစွာ ဆန့်ဆန့်ကြီးလှဲချလိုက်ပြီးနောက် မျက်စိကိုမှိတ်ကာ ပြုံး၍နေသည်။

ထိုအချိန်တွင် တစ်လောကလုံးတွင် ဂိုရင်ထက် ကျေနပ်ပျော်ရွှင်သော အောင်သွယ်မရှိ။

❋❋❋

## အခန်း-၄

နီနာသည် သူ့အဖေ ရုတ်တရက် အပြုအမူပြောင်းလဲသွားခြင်းကို စိတ်လည်းဆိုး ရယ်လည်းရယ်ချင် ဖြစ်နေသည်။ ထို့နောက် နီနာသည် သူ့အဖေကို သက်သက်အရွဲ့တိုက်ရန်သဘောဖြင့် နိုဗိကောက်ကို ပန်းပင်အမျိုးမျိုးစိုက်ထားသော ဖန်အိမ်ကြီးထဲသို့ ခေါ်သွားပြီးလျှင် ပန်းအမျိုးမျိုးအကြောင်းကို ဥယျာဉ်မှူးက ပြောပြပုံမျိုးဖြင့် တည်တည်ကြီးပြောပြသည်။ နီနာက ''ဟောဒီ ဂါဒင်နီးယားပန်းတွေက လှတော့မလှဘူး။ ဒါပေမဲ့ အနံ့သိပ်မွှေးတယ်။ နိုင်ငံခြားတွေမှာတော့ ဒီပန်းမျိုးကို ယောက်ျားများက မိန်းမများ သဘောကျအောင် ရင်ဘတ်မှာထိုးလေ့ရှိတယ်''ဟု ပြောသည်။ နိုဗိကောက်က မတုန်မလှုပ်နားထောင်နေသည်။ ''ဟောဟိုကဟာတွေ သစ်ခွပန်းတွေ။ ဒီပန်းမျိုးကို



မိန်းမများက အားကြီးသဘောကျတယ်။ ငါလည်း ဒီပန်းမျိုးကို အကြိုက်ဆုံးပဲ။ ဘယ့်နှယ်လဲ သစ်ခွပန်းတွေ သင် ကြည့်ချင်သလား''နီနာက ဆက်၍မေးသည်။

နိုဗိကောက်က သူ့မှတ်စုများကို ဂိုရင် ဘယ်လိုများ သဘောရမလဲဟု တွေးရင်း အမှတ်မထင် ''ကြည့်ချင်ပါတယ်''ဟုပြောသည်။ ယနေ့ ဂိုရင် ပြောပုံဆိုပုံနှင့် အမူအရာကို နိုဗိကောက် သဘောမကျ။ ဂိုရင်သည် သူ့အကြံပေးထားသည့် ပြဇာတ်ရေးဖို့ကိစ္စတွင် ယခင်ကလို စိတ်ဝင်စားခြင်းမရှိ။ ဂိုရင့်အကြောင်းကို တွေးမိတိုင်း စိတ်မကောင်းသဖြင့် နိုဗိကောက်သည် နီနာပြောသည်များကို လုံးဝမကြား။ ပါမောက္ခကလေးနိုဗိကောက်သည် သူ့သမီးနီနာအပေါ်တွင် စိတ်ဝင်စားခြင်းအလျဉ်းမရှိဘဲ သူ၏အသုံးမကျသော မှတ်စုအကြောင်း ဒရို၏အကြောင်းနှင့် သူ၏ရာထူးတိုးတက်ဖို့အကြောင်းများကိုသာ စိတ်ဝင်စားနေသည့်အဖြစ်ကို ဂိုရင်သိပါမူ ဂိုရင်သည် စိတ်မချမ်းမသာဖြစ်၍ အိပ်မပျော်နိုင်အောင်ပင် ဖြစ်၍နေလိမ့်မည်။

''ငါပြောတာကို ဘာလို့ သင် နားမထောင်နေတာလဲ''ဟု နီနာက ဟုံအားသင့်သော မျက်နှာထားနှင့် နိုဗိကောက်ကို မေးသည်။ ထိုအခိုက်တွင် နီနာသည် နိုဗိကောက်၏ စိတ်ထားကို နားမလည်နိုင်အောင်ဖြစ်နေသည်။ နီနာသည် သူ၏ ချောခြင်းလှခြင်းကိုမြင်၍ မိန်းမောတွေဝေပြီးလျှင် သူပြောသည်ကို မကြားသော ယောက်ျားများကို ခဏခဏတွေ့ဖူးသည်။ သို့ရာတွင် ဤပါမောက္ခ နိုဗိကောက်မှာ လူတစ်မျိုးဖြစ်သည်။ သူသည် နီနာပြောသော စကားကိုလည်းကောင်း ဂိုရင်သမီးနီနာ၏ ချောခြင်းလှခြင်းကိုလည်းကောင်း ဂရုမစိုက်။

''သင် ပန်းခြံအကြောင်းပြောနေတယ်မဟုတ်လား''ဟု နိုဗိကောက်က ရမ်း၍မေးလိုက်သည်။ သူတို့နှစ်ယောက်သည် ဖန်အိမ်ထဲမှ ပန်းခြံထဲသို့ ရောက်၍လာကြပြီ။

''ငါ...ပန်းခြံအကြောင်းကို မပြောပါဘူး။ သင် ငါးမျှားဝါသနာပါလားလို့ ငါ မေးနေတာနှစ်ခါရှိပြီ''ဟု နီနာက ပြောပြီးရယ်လိုက်သည်။ ပြီးလျှင် နီနာက ''သင်ဟာ ပါမောက္ခပီပီ တွေးချင်ရာလျှောက်တွေးနေတာပဲ''ဟု ပြောသည်။

နိုဗိကောက်က သူ့အပြစ်ကိုဝန်ခံသော သဘောနှင့်ပြုံးလိုက်သည်။ ပြီးလျှင် သူ့စိတ်ထဲက ''ငါ လုပ်ပုံတွေတော့ ခုကျကုန်ပြီ''ဟု အောက်မေ့ပြီး သူ့ကိုယ်သူ အပြစ်တင်မိသည်။ ထိုအချိန်ကစ၍ နိုဗိကောက်သည် ဂိုရင်အကြောင်းကို မစဉ်းစားတော့ဘဲ နီနာနှင့် အဆင်ပြေအောင်လုပ်ဖို့ ဆုံးဖြတ်လိုက်သည်။

နိုဗိကောက်သည် ပန်းခြံထဲသို့ ဟိုဘက်သည်ဘက် လှည့်၍ကြည့်ပြီးလျှင် စကားမပြောနိုင်လောက်အောင် အံ့အားသင့်၍သွားသည်။ ထိုအချိန်တွင် နိုဗိကောက် စိတ်ထဲ အခြားအကြောင်းများကို မစဉ်းစားတော့ဘဲ ပန်းခြံကြီး၏ သာယာရှုမောဖွယ်ကိုသာ တွေးလျက်ရှိသည်။

''အခု ငါ မြင်နေရတာ တကယ့်ပန်းခြံကြီးမှ ဟုတ်ပါရဲ့လား''ဟု နိုဗိကောက်က ထစ်ထစ်ငေါ့ငေါ့နှင့် နီနာကိုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နီနာကရယ်၍ အမှတ်မထင် ဆံပင်ကလေးများကို ခေါင်းကိုခါ၍ ပင့်၍တင် လိုက်ပြီးလျှင် "ဒီပန်းခြံကို ပထမဆုံး စမြင်ရတဲ့လူမှန်ရင် ဘယ်သူမှ သူတို့မျက်စိကို သူတို့မယုံကြပါဘူး။ ဒါပေမဲ့ ဒီပန်းခြံဟာ (စိတ်ကူးထဲက ပန်းခြံမဟုတ်ဘဲ) တကယ့် ပန်းခြံပါပဲဆိုတာတော့ ငါ တာဝန်ခံပါတယ်"ဟု ပြောသည်။

နီဗီကောက်၏ မျက်စိအာရုံတွင် တွေ့မြင်ရသော ပန်းခြံကြီးမှာ ထူးဆန်း အံ့ဩဖွယ်ကောင်းလှသဖြင့် ထိုပန်းခြံမှာ လူတို့နိုက်ထားသော ပန်းခြံဖြစ်သည်ဟု ပြောဖို့ကိုမဆိုထားဘိ။ လူ့ပြည်တွင်ရှိသော ပန်းခြံကြီးဖြစ်သည်ပြောဖို့ကိုပင် နီဗီကောက် ၏ဦးနှောက်က လက်မခံနိုင်အောင် ဖြစ်နေသည်။

ပန်းခြံမှနေ၍ ဒေါင်းမြစ်ဘက်သို့ ဆင်းသွားသော ကျယ်ပြန့်၍ အထစ်ပေါင်း များစွာရှိသော ကျောက်လှေကားကြီးမှာလည်း အထူးပင်ခန့်ညား ကြီးကျယ်တင့်တယ် လှသည်။

နီဗီကောက်သည် သုံးနှစ်ခန်းတွဲအိမ်ခန်းကို စည်းစိမ်ကြီးလှပြီဟု ထင်နေသူဖြစ် သဖြင့် ဂိုရင်၏ နန်းတော်ကြီး၏ ဥယျာဉ်ကြီးကို မြင်ရသောအခါ မိန်းမောလျက်ရှိသည်။

ဂိုရင်သည် ဤမျှလောက် ကြီးကျယ်ခမ်းနားသော ဥယျာဉ်ကြီး ခြံရံလျက် ရှိသော နန်းတော်ကြီးထဲတွင် အခြွေအရံအပြည့်အစုံနှင့် ထည်ထည်ဝါဝါ ဂုဏ်ဒြပ်နှင့်စ တာလင်၏ ရာထူးအလိုက်ခံစားရသော စည်းစိမ်ထက်မသေးသော စည်းစိမ်ကိုခံစား နေရသဖြင့် သူ့ကို ရောင့်ရဲခြင်းမရှိဟု ဆိုလျှင်မဖြစ်နိုင်။ သို့ထက်ပင် ကွန်မြူနစ်ကြီးကိုင် အဖွဲ့က ဂိုရင်သည် ပုန်ကန်ရန်ကြံနေသည်ဟု ထင်နေခြင်းသည် ပို၍ပင်မဖြစ်နိုင်။ ဂိုရင်တွင် နောက်ထပ်လိုချင်တောင့်တစရာ မရှိတော့"ဟု နီဗီကောက် တွေးမိသည်။

နီဗီကောက်မှ ဘော်ရှီဗစ်ခေတ်ပေါ် လူတစ်ယောက်ဖြစ်အည်။ ရုရှပြည်သား လူအများမှာ ပေါင်မုန့်ကလေးတစ်လုံး ဟင်းချိုပွပွကလေး တစ်ပန်းကန်နှင့် သုံးနှစ်လျှင် တစ်ကြိမ်ကျ ရော်ဘာဖိနပ်တစ်ရံထက် ပို၍ရဖို့ မျှော်လင့်နိုင်ခွင့်မရှိသည်ကို သူ ကောင်းစွာ သိသည်။ သူကိုယ်တိုင်မှာ လေးခန်းတွဲအိမ်ကိုရသည့် တက္ကသိုလ် ကျောင်းအုပ်ကြီးရာထူး အပြင် အဖိုးအနှုန်းထိုက်တန်သော အထူးကုန်စုံဆိုင်တွင် ဝယ်ချင်ရာကိုဝယ်နိုင်သော လက်မှတ်ရဖို့ မျှော်လင့်နိုင်သော လူမှုရေးရာအဆင့်အတန်းတွင် ရောက်နေပြီဖြစ်သဖြင့် ဂုဏ်ရောက်လျက်ရှိသည်။ ထို့ပြင် ရောက်စတောက်မြို့က သာမန်လူတန်းစား တစ်ယောက်သည် သုံးနှစ်လျှင်တစ်ကြိမ် ရော်ဘာဖိနပ်တစ်ရံရဖို့ မျှော်လင့်ချက်ရှိသော် လည်း ထိုမျှော်လင့်ချက်မှာ ရချင်ရမည်ဖြစ်သည့်နည်းတူ သူရည်မှန်းသော မျှော်လင့် ချက်သည်လည်း ရချင်မှရမည်ဖြစ်သည်ကို သူ သဘောပေါက်သည်။ စင်စစ်ဆိုသော် ကျောင်းအုပ်ကြီး၏ရာထူးကို သူ ရနိုင်လိမ့်မည်ဟုပင် အယုံအကြည်မရှိ။

ကျောင်းအုပ်ကြီးရာထူးကို ရဖို့အတွက်ဆိုလျှင် လက်ရှိကျောင်းအုပ်ကြီး ရာထူးပြုတ်အောင် တိတ်တိတ်ပုန်း ကြံစည်ရလိမ့်ဦးမည်။ လက်ရှိကျောင်းအုပ်ကြီးသည် လူဖျင်း လူအမဟုတ်၊ သူ့ရာထူးကို ကျားပိန်တွယ် တွယ်ထားမည့်သူဖြစ်သည်။ ထို့ပြင်



ထိုရာထူးကို ချိန်နေကြသူများမှာလည်း နီဗီကောက် တစ်ယောက်တည်းသာမဟုတ်။ ထိုရာထူးကိုရဖို့ အသေအကြေလုပွဲကြီးလာလိမ့်မည်။ ဘော်ရှီဗစ်ရုရှပြည်သား တစ်ယောက်အဖို့တွင် အခြားသူတစ်ယောက်၏ လည်ပင်းကို ညစ်သတ်ပြီး သူ့ပါးစပ်ထဲ က အတင်းနိုက်မယူဘဲနှင့် ပေါင်မုန့်ကလေးတစ်လုံးကို ရနိုင်လိမ့်မည်မဟုတ်သည့် အဖြစ်ကိုလည်း နီဗီကောက် သိသည်။ ထိုကဲ့သို့ ပေါင်မုန့်ကလေးတစ်လုံးကို ရနိုင်ရန် အတွက် တခြားသူတစ်ယောက်ကို မသတ်ဘဲနှင့်မဖြစ်နိုင်။ သတ်သည်ဆိုရာတွင် စကား ဥပစာတင်စား၍ ပြောခြင်းသာမဟုတ်ဘဲ အကယ်သွေးယိုစီးအောင်သတ်ခြင်းကို ဆိုလို သည်။ ဝတ်ပြတ်နေသောသူများသည် မုယောဆန်အစိတ်သားလောက်နှင့် သကြား ကလေး ငါးကျပ်သားလောက်ကို ရနိုင်ရန်အတွက် တန်းစီ (ရာရှင်တိုး)နေကြရင်းနှင့် ကြောက်မက်ဖွယ် ထိုးကြသတ်ကြသည်ကိုလည်း နီဗီကောက် ခဏခဏ မြင်ဖူးသည်။ ထို့ပြင် အင်မတန် အဖိုးထိုက်တန်လှသော ဂျုံအိတ်တစ်အိတ်နှင့် ငါးစည်ပိုင်းတစ်လုံးနား တွင် မတ်တတ်ရပ်၍ လက်တစ်လှမ်းလှမ်းဖြစ်နေသော ရာရှင်တိုးသမားများအား စည်းကမ်းသေဝပ်စေရန် စောင့်ကြည့်နေသော စာရေးကြီးကိုလည်း ကြောက်ရွံ့ရှိသေ ခြင်းဖြင့် အကြိမ်ကြိမ်အဖန်ဖန် နီဗီကောက် ကြည့်ခဲ့ရဖူးသည်။ ထို့ပြင် သူသည် အသက်မသေဘဲနှင့် အောင်မြင်ရာရှင်တိုးနိုင်သော ကံထူးသည့်သူများကို ကြည့်၍ လည်း ကြိမ်ဖန်များစွာ အားကျခဲ့ရဖူးသည်။ အတင်းအလုအယက် ရာရှင်တိုးနေကြသူတို့ ကြားမှ သူ့အတွက်ရသည့် ငါးခေါင်းပုပ်တစ်ကောင်ကို အောင်မြင်စွာကိုင်၍ ထွက်လာနိုင် သောအခါ နီဗီကောက်မှာ ပင်လယ်ထဲမှ အသက်ကိုစွန့်၍ အဖိုးအနှုန်းထိုက်တန်လှသော ပုလဲလုံးကြီးကို ကိုယ်တိုင်ငုပ်ယူရလာသည့်ပမာ မျက်နှာကြီးရွှင်လျက်ရှိသည်။ ရုရှပြည်သူ ပြည်သားတို့၏အကြိုက်နှင့် အလိုဆန္ဒသည် ပြောင်း၍လာခဲ့ပြီ။ ယခုအခါတွင် သူတို့သည် ညစ်ပတ်ခြင်းကို ရွှေနှင့်စက်၍ မြတ်နိုးတတ်လျက်ရှိပြီ။

ထိုသို့သော အကြောင်းများကြောင့် ဂိုရင်သည် အသက်မသေမီ၌ပင် နိဗ္ဗာန်ဘုံနန်းသို့ ရောက်နေပြီဖြစ်လျက်နှင့် နောက်ထပ်စည်းစိမ်ခံမှုများကို လိုချင် တောင့်တနေသေးခြင်းမှာ အဓိပ္ပာယ်လုံးလုံးမရှိဟု နီဗီကောက် သဘောရသည်။ ဂိုရင် သည် ဘာကိုနောက်ထပ်လိုချင်နေရသေးသနည်း။ နီဗီကောက်မှာ လူတို့ အလိုဆန္ဒဆိုလျှင် ယုတ်ညံ့သော ရုပ်ဝတ္ထု စည်းစိမ်ခံမှုလောက်သာ ဖြစ်သည်ဟု အမြဲယူဆနေသူဖြစ်သဖြင့် ရုပ်ဝတ္ထုစည်းစိမ်ခံစားမှုဘက်တွင် လိုလေသေးမရှိအောင် ပြည့်စုံနေသူတစ်ယောက်သည် တင်းတိမ်းသာမှုမရှိဘဲ ဖြစ်နေသည်ဆိုသော အကြောင်းကို နားမလည်နိုင်။ နာမ်သဘောကို မှုနားမလည်။ နာမ်သဘောဆိုသည်မှာ သူ့အဖို့ ဘာမျှအဓိပ္ပာယ်မရှိ။ နာမ်သဘော အကြောင်းကို စာရွက်ပေါ်တွင်ရေးမည်ဆိုလည်း ရေးနိုင်သည်။ သတင်းစာထဲတွင် ဖတ်မည်ဆိုလည်း ဖတ်နိုင်သည်။ အစည်းအဝေးပရိသတ်ရှေ့တွင် ငြင်းခုံမည်ဆိုလျှင် လည်း ငြင်းခုံနိုင်သည်။ သို့ရာတွင် ရုရှတစ်ပြည်လုံးတွင် နာမ်သဘောကို လေးလေး နက်နက် ယုံကြည်သူတစ်ယောက်မျှ မရှိတော့။ ရုရှပြည်၌ နာမ်သဘောကို

www.burmeseclassic.com



ယုံကြည်မှုသည် ဆိုလိုမိတ်စကီကျွန်းစုရှိ ချွေးတပ် စခန်းတွင် နောက်ဆုံးသေနတ်နှင့် ပစ်သတ်ခံရသောရဟန်း၏ ဝိညာဉ်ဓာတ်နှင့်အတူ ပါ၍သွားခဲ့ပြီ။

နိုဗိကောက်သည် ဂိုရင့်အကြောင်းနှင့် ပတ်သက်၍ မော်စကိုမြို့တော်၏ ထင်မြင်ချက်များကို မယုံသင်္ကာဖြစ်စပြုလာသည်။ ဂိုရင့်အကြောင်းနှင့်ပတ်သက်၍ ဒရိုကပြောလိုက်သောအချက်များနှင့် သူ့ကို သတိပေးလိုက်သောအချက်များကို နိုဗိကောက်မတွေ့ရ။ ဂိုရင် မကြိုက်ဖူးဆိုသော အချက်များမှာ ဘယ်အချက်များလဲ။ ဂိုရင်က ပုန်ကန်နေသည်ဆိုခြင်းမှာလည်း ဘယ်လိုပုန်ကန်နေခြင်းလဲ။ ပုဂ္ဂိုလ်ကြီး တစ်ယောက်က သူ့စိတ်ထဲ ရှိသမျှကိုထုတ်၍ ပြောလေ့ရှိသည့်အတိုင်း ပြောလိုက်သည့် အသေးအဖွဲအချက်များကိုပင် ပုန်ကန်ခြင်းဟု ဆိုမည်လော။ ဂိုရင်စိတ်ထဲတွင် မကျေနပ်သောအချက်များ ရှိတန်သလောက် ရှိသည်ဆိုခြင်းမှာမှန်သည်။ သို့ရာတွင် ထိုအချက်များမှာ အသက်ကြီးလာသဖြင့် စိတ်တို၍ ပြောချက်များလောက်သာဖြစ်သည်။ ထိုမကျေနပ်ချက်များမှာလည်း တိုင်းပြည်အုပ်ချုပ်ပုံတို့ ကွန်မြူနစ်ပါတီ၏ ဝါဒတို့နှင့်မဆိုင်ဘဲ သူ့ကိုယ်သူ မကျေနပ်ဖြစ်ခြင်းများလည်း ဖြစ်နိုင်သည်။

ဂိုရင်က ယခင်ကလို မော်စကိုမြို့တော်ကို ထောက်ခံသည့်ဆောင်းပါးများ မရေးတော့ခြင်း၊ မိန့်ခွန်းများမပေးတော့ခြင်းမှာ သူ မောပန်းနေ၍ဖြစ်နိုင်သည်။ သို့ဖြစ်ရာ မော်စကိုမြို့တော်က ဘာကြောင့် သူ့ကို ကြောက်နေရသနည်း။ ဘာကြောင့် နိုဗိကောက်ကို အထူးတာဝန်နှင့် ဂိုရင့်ဆီသို့ စေလွှတ်နေရသနည်း။ ဤသို့ နိုဗိကောက်သည် တွေးတော လျက်ရှိသည်။

ထို့နောက် သူ့စိတ်ထဲတွင် မဝေခွဲနိုင်သော အချက်များအတွက် အဖြေရှာရန် သဘောဖြင့် နိုဗိကောက်သည် နီနာကို သေသေချာချာစိုက်၍ကြည့်သည်။ ထိုအခါ နီနာသည် အင်မတန်ချောသည်လှသည်ကို တွေ့ရသည်။ သို့ရာတွင် နီနာ ချောခြင်း လှခြင်းအတွက် သူ မအံ့သြ။ အနုပညာသည်တစ်ဦး ဖန်တီးထားသော အလွန်သာယာသည့် ပန်းဥယျာဉ်ကြီးထဲတွင် ချောသောလှသောသူကို မတွေ့ရလျှင် ဘာကိုတွေ့ရမည်နည်း။ ဥယျာဉ်ကြီးနှင့် နီနာမှာ ဥယျာဉ်ကြီးနှင့် သစ်ခွပန်းများကဲ့သို့ပင် အလွန်အဆင်ပြေသည်။ ပန်းဥယျာဉ်နှင့် နန်းတော်ကြီးသည် နီနာ၏ ပတ်ဝန်းကျင်လောကပင်ဖြစ်သည်။ သို့ရာတွင် သူသည် စိတ်ချမ်းသာပါရဲ့လား။

နိုဗိကောက်သည် အမှတ်တမဲ့နှင့် စိတ်ကူးနေရာမှ နောက်ဆုံးစကားပိုဒ်၌ ပါးစပ်က ယောင်၍ထွက်သွားသည်။ နီနာက သူ့ကို တိုက်ရိုက်မေးသည့် မေးခွန်းကိုကြား ရသဖြင့် အံ့အားသင့်သွားပြီးလျှင် မျက်ခုံးကိုပင့်၍ ကြည့်လိုက်သည်။ ပြီးလျှင် နီနာက ဥယျာဉ်အကြောင်းပြောသည်မှတ်ပြီး "အို ဒီဥယျာဉ်ကို ငါ သိပ်သဘောကျပါတယ်။ ဒီဥယျာဉ်ထဲမှာ သေရည်မယစ်တဲ့သူများတောင် ရေသူမကလေးတွေကိုတွေ့နိုင်တဲ့လောင်းရိပ် အုပ်နေတဲ့ ရေကန်ဆန်းတွေ အများကြီးရှိတယ်လို့ အဖေကပြောတယ်" ဟု ပြောသည်။



"အဲဒီ ရေသူမကလေးတွေကို နီနာ့အဖေ ဖမ်းကောမဖမ်းဘူးလား" ဟု နိုဗိကောက်က ရယ်၍မေးသည်။

"အဖေက ဖမ်းတော့ မဖမ်းပါဘူး။ ဒါပေမဲ့ ဒီရေအိုင်တွေထဲမှာ ငါးတွေလည်း အများကြီးရှိပါတယ်။ သင် ငါးမျှားဝါသနာပါသလား" ဟု နီနာက မေးသည်။

"ငယ်ငယ်တုန်းကတော့ သိပ်ငါးမျှားဝါသနာပါပါတယ်"

"ဒီလိုဆိုရင် ငါးမျှားလို့သိပ်ကောင်းတဲ့ အိုင်တစ်ခုကို ငါပြမယ်။ သိပ်မဝေးပါဘူး။ အဲဒီအိုင်ကတော့ ငါးမျှားသူတွေရဲ့ နိဗ္ဗာန်ပဲ" ဟု နီနာက ပြောသည်။

နီနာနှင့် နိုဗိကောက်တို့သည် ကျောက်လှေကားကြီးဘက်သို့ သွားကြသည်။ နီနာမှာ ပျော်ပျော်ရွှင်ရွှင် ဖျတ်ဖျတ်လတ်လတ်နှင့် တစ်ခါတစ်ရံ နိုဗိကောက်ဘေးနားက ကပ်လိုက်လိုက်၊ တစ်ခါတစ်ရံ ပန်းပွင့်လှလှကလေးများကို ပြေး၍ခူးပြီး နိုဗိကောက်ကို ပြုံး၍ စောင့်နေလိုက်ဖြစ်နေသည်။

"ဟို ရေပန်းတိုင်ကို မြင်တယ်မဟုတ်လား။ အဲဒါက နတ်သမီးသုံးဖော်လို့ ခေါ်တယ်။ အဲဒီနားရောက်ရင် ရေတံခွန်က ရေကျသလိုပဲ။ ဆူလွန်းညံလွန်းလို့ စကားပြောမရဘူး" ဟု နီနာက ပြောသည်။

"တကယ်ပဲ အံ့လောက်ပါတယ်။ အံ့လောက်ပါတယ်" ဟု နိုဗိကောက်က ပြောသည်။ နတ်သမီးသုံးဖော် ကြေးရုပ်သုံးရုပ်အနက် တစ်ရုပ်မျှ နီနာလောက် လှသည်ကို နိုဗိကောက်မတွေ့ရ။

နိုဗိကောက်သည် နီနာကို သေသေချာချာကြည့်ပြီးလျှင် သူသည် နှုတ်ခမ်းမွေး စုတ်ဖွားကြီးနှင့် ဂိုရင်၏သမီးပင် ဟုတ်ပါလေစဟု အောက်မေ့မိသည်။ နီနာ့အကြောင်းကို ဂလူယက်ထံမှ ပထမဆုံး ကြားရသောအခါ နိုဗိကောက်စိတ်ထဲက နီနာသည် လောင်းမိနေသော ပန်းပင်ကလေးကဲ့သို့ လိုလိုဖျော့ဖျော့ကလေး ဖြစ်လိမ့်မည်ဟု ထင်မိသည်။ သို့ရာတွင် ကိုယ်တိုင်တွေ့ရသောအခါ နီနာမှာ သူထင်သကဲ့သို့ မဟုတ်ဘဲ အင်မတန် သွက်လက်ရွှင်ပျသူဖြစ်၍ အရွယ်၏တင့်တယ်ခြင်းနှင့် ပြည့်စုံသူ ဖြစ်လျက်ရှိသည်။ သူရယ်ပုံကလေးမှာလည်း အထူးပင်သာယာ၍ သူရယ်လျှင် လိုက်၍ မရယ်ဘဲနေနိုင်ဖို့ပင်ခက်သည်။

နီနာက သူ့ဘေးက ကပ်လိုက်လာသောအခါ နီနာ့ကိုယ်မှ သင်းပျံ့သော လာဗင်ဒါရေးမွှေးနံ့ကလေးသည် အမှတ်မထင် ထွက်၍နေသည်ကို နိုဗိကောက် တွေ့ရသည်။ နိုဗိကောက်၏စိတ်ထဲကမူ ရေမွှေးနံ့ဟုမထင်ဘဲ နီနာကိုယ်တိုင်က သူ့ကို မိန်းမတို့၏မာယာဖြင့် ယုယစွာ ပိုက်ထွေးနေသည်ဟု ထင်မိသည်။ သူ့ ရင်များခုန်၍ လာသည်။ ထိုကဲ့သို့ဖြစ်သည်ကို သူ့ဟာသူ သဘောမကျ။ သူ့ကိုယ်သူ စိတ်မနိုင်သည့်အတွက် ဒေါသဖြစ်သည်။

"ဒါတော့ ဘယ်တတ်နိုင်မလဲလေ။ ဒီလိုမိန်းကလေးမျိုးဟာက တွေ့ရခဲခြင်းပဲ။ ရုရှတစ်ပြည်လုံးမှာ သူလို နိုင်ငံခြားမှာသွားနေဖူးတဲ့လူ၊ ချမ်းချမ်းသာသာနေရသူ၊

www.burmeseclassic.com

www.burmeseclassic.com



အဖေကလည်း ဂုဏ်ကြီးသူ၊ ပင်ကိုကလည်း ချောလှသူဆိုလို့ သူတစ်ယောက်ပဲရှိမှာပါပဲ။ ဒီတော့ ငါ့စိတ်တုန်လှုပ်ချောက်ချားတာလည်း အံ့ဩစရာမဟုတ်ပါဘူး''ဟု သူ့စိတ်ထဲက ဆင်ခြေပေးသည်။

နီနာသည် သိခါစ မိတ်ဆွေချင်းဖြစ်သဖြင့် ဟန်လုပ်၍ အဓိပ္ပာယ်မရှိသော စကားများကိုမပြော။ မျက်ခုံးကလေးများကိုပင့်၍ မရယ်မပြုံးနှင့် နီနာက နိုဗိကောက်အား တက္ကသိုလ်ကျောင်း၏အကြောင်း၊ နိုဗိကောက်၏ အလုပ်အကြောင်းများကိုမေးသည်။ ပြီးလျှင် သူ ကျောင်းနေသည့်အကြောင်းများကို ပြောပြသည်။ နီနာသည် နိုဗိကောက်အား ပါမောက္ခဟု သဘောမထားဘဲ တန်းတူအခြေအနေမျိုး သဘောထား၍ သာဆက်ဆံသည်။ နိုဗိကောက်မှာ ရှက်ကိုးရှက်ကန်း၊ ကြောက်ကြောက်ရွံ့ရွံ့နှင့် ဆက်ဆံသောကျောင်းသားများကိုသာ တွေ့ဖူးသဖြင့် နီနာက သူ့ကို ရဲရဲဝံ့ဝံ့ဆက်ဆံသည်ကို တွေ့ရသောအခါ အံ့အားသင့်၍ နေသည်။

''သူတို့အိမ်မှာ ထင်ရှားကျော်ကြားတဲ့ပုဂ္ဂိုလ်တွေ အမျိုးမျိုးရှိနေတာပဲ။ ဒီတော့ ငါ့ကို နီနာက ဘယ်ကြောက်ရွံ့နေမှာလဲ''ဟု တွေးမိပြီးလျှင် နိုဗိကောက်သည် နီနာအပေါ်တွင် မနာလိုမရှုဆိတ်ပင်ဖြစ်မိသည်။

နီနာသည် တည်တည်ကြီးပြောနေရာမှ လေကို ဖျင်လိုက်ပြီးလျှင် မိတ်ဆွေချင်းပမာ ရင်းနှီးစွာပြောသည်။ သို့ရာတွင် နိုဗိကောက်အပေါ်တွင် လုံးလုံးကြီး ယုံကြည်စိတ်ချခြင်းမရှိသော လက္ခဏာများမှာ သူ့မျက်စိများတွင် ပေါ်လျက်ရှိသေးသည်။

နတ်သမီးသုံးဖော် ရေပန်းတိုင်ကို လွန်သောအခါ နီနာသည် ဖြုန်းခနဲ ရပ်လိုက်ပြီးလျှင် နိုဗိကောက်၏ နဖူးမောက်၍ ကျယ်ဝန်းသောမျက်နှာကို သေသေချာချာကြည့်ပြီး ''နိုဗိကောက် သင့်ကို ဖေဖေက ဒီလိုဖိတ်တာဟာ ငါနဲ့မိတ်ဆက်ပေးဖို့ ဖိတ်တာမဟုတ်လား''ဟု မျက်စိက ခပ်ဆန်းဆန်းကြည့်ပြီး မျက်နှာတည်တည်ကြီးနှင့် ထေ့ကာ မေးသည်။

''မဟုတ်ပါဘူး။ သင် အထင်မှားနေလို့ပါ။ ငါလာတာက အလုပ်ကိစ္စနဲ့ လာတာပါ။ ငါ့စိတ်ထဲမှာ သင့်ကို တွေ့ရလိမ့်မယ်လို့ လုံးလုံးမမျှော်လင့်ပါဘူး''ဟု နိုဗိကောက်က အိုးတိုးအမ်းတမ်းနှင့်ပြောသည်။

''ဒီအတိုင်းမှန်တယ်ဆိုတာ သင် သစ္စာဆိုရဲတယ်နော်''

''သစ္စာဆိုရမှာက ဘာလို့လဲ''

''သင် ငါ့ကို ပိုးဖို့လာတာမဟုတ်ဘူးဆိုတာ ငါ သဘောကျပါတယ်''ဟု နီနာက ပြောပြီး ဖြုန်းခနဲ ရယ်လိုက်သည်။ ပြီးလျှင် ''ငါ့စိတ်ထဲက…သင် လာတာ ငါထင်သလို မဟုတ်ဘူးဆိုရင်တော့ သင်နဲ့ငါနဲ့ မိတ်ဆွေသဘောနဲ့ လက်ဆွဲနှုတ်ဆက်ရအောင်။ အပိုးလာတဲ့သူဆိုရင်တော့ ငါက သဘောမကျဘူး'' ဟု နီနာက အကြံသမား လေသံဖြင့် ပြောသည်။



ပြီးလျှင် နီနာက ပြုံးပြုံးကြီးလုပ်၍ နောက်သလိုပြောင်သလိုနှင့် နိုဗိကောက်ကို လက်ဆွဲနှုတ်ဆက်သည်။ နိုဗိကောက်မှာ အမ်း၍ကြောင်တောင်တောင်ဖြစ်သွားပြီး ''ဒီလို မျက်တောင်ကော့ကလေးတွေ ဘယ်မှာ ငါ မြင်ဖူးပါလိမ့်။ သူ့မျက်တောင်မွေးကလေးတွေက ညညမှာထွက်ပျံတတ်တဲ့ လိပ်ပြာကလေးလိုပဲ''ဟု အောက်မေ့သည်။ ပြီးလျှင် နိုဗိကောက်က နီနာအား သူ့ရုပ်ရည်နှင့်လိုက်အောင် ချီးမွမ်းစကားပြောချင်စိတ် ပေါ်လာသည်။

''နီနာ သင့်မျက်စိကလေးတွေက သိပ်ချစ်စရာကောင်းတာပဲ''ဟု သူ့စိတ်ထဲတွင် တွေးနေသည့်အတိုင်း ပါးစပ်က ထွက်၍သွားသည်။

နီနာ၏ မျက်ခုံးများသည် ဆပ်ဆပ် ဆပ်ဆပ်ဖြစ်သွားသည်။ ထို့နောက် နီနာက သူ့လက်ကို နိုဗိကောက်လက်ထဲမှ ပြန်၍ရုပ်လိုက်ပြီးလျှင် ''ငါတို့ ဒီဘက်ကို သွားမယ်။ ငါပြောတဲ့ရေအိုင်က ဟိုသစ်ပင်အုပ်နားမှာ''ဟု ဣန္ဒြေနှင့် တိုတိုတုတ်တုတ် ပြောသည်။

ထိုအခါ နိုဗိကောက်က သူ့ဟာသူ စကားမှားသွားကြောင်း ရိပ်မိသည်။

နိုဗိကောက်သည် မိန်းမများနှင့် စကားပြောသည့်အခါတွင် ပြောင်ချော်ချော် သရော်တော်တော်နှင့် အပေါ်ကစီး၍ ပြောလေ့ရှိသည်။ ထိုကဲ့သို့ပြောခြင်းသည် စကားများအားဖြင့် သူ့အဖို့ ဟန်ကျသည်။ ထိုသို့ပြောနေရာမှ အရောတဝင် ပြောလိုလျှင်လည်းလွယ်သည်။ ရိသဲ့သဲပြောလိုလျှင်လည်း လွယ်သည်။ သို့ရာတွင် သူပြောနေကျ နည်းမျိုးဖြင့် နီနာကို ပြောသောအခါ အဆင်မပြေဖြစ်၍နေသည်ကို သူ တွေ့ရသည်။ ထိုမျှမကသေး နီနာနှင့် စကားပြောသောအခါ သူပြောချင်သည့် လေပေါက်နှင့် ပြော၍မရဘဲ နီနာပြောသည့် လေပေါက်ကိုသာ သူက လိုက်၍ပြောရသည်။ ဤကား မိန်းမများကို အထင်အမြင်သေးခဲ့ သော နိုဗိကောက်၏ ဖြစ်ရပုံတည်း။ နီနာ၏ လှပခြင်း၊ သသာခြင်း၊ စိတ်ထားတည်ခြင်းနှင့်ပတ်သက်၍ ကျွန်ုပ်က သခင်အပေါ်တွင် ကြည်ညို နှစ်သက်ခြင်းဖြစ်သလို သူကလည်း နီနာအပေါ်တွင် ကြည်ညိုနှစ်သက်ခြင်းဖြစ်နေသည် ကို နိုဗိကောက်တွေ့ရသည်။

***

## အခန်း-၅

သစ်ပင်အုပ်နားသို့ ရောက်သွားသောအခါ နီနာမှာ ရွှင်ပျမြဲရွှင်ပျလျက်ရှိသည်။ နီနာ၏စရိုက်မှာ အရှည်အကြာ သုန်မှုန်၍မနေတတ်။ ပြာလဲ့သောရေအိုင်သည် မြင့်မားသော သစ်ပင်ကြီးများအကြားမှ တလက်လက်အရောင်ထွက်လျက်ရှိသည်။ သစ်ပင်အုပ် ထက်မှ ရယ်မောဆဲဆိုအော်ဟစ်ကြသော ယောကျာ်းသံများထွက်၍လာသည်။

''သင့်နိဗ္ဗာန်က တယ်ဆူညံပါလား။ ငါးတွေက ဆူညံတာကို မကြိုက်ဘူး'' ဟု နိုဗိကောက်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နီနာကပြုံး၍ ''သူတို့ဘာလို့ ဆူညံနေကြတာ ငါ သိပါတယ်။ ချိပ်ရောက်ကြီး ပုစွန်နှိုက်နေတာနဲ့တူတယ်။ ငါတို့အိမ်မှာ အဘိုးကြီးတစ်ယောက်ရှိတယ်။ ဒီအဘိုးကြီးက တော်တော်ရယ်စရာကောင်းတယ်''ဟု ပြောသည်။

ဆူညံနေသူတို့သည် ကမ်းပါးပေါ်သို့ တက်လာကြသည်။ သူငယ်နှစ်ယောက်နှင့် နှာခေါင်းနီနီနှင့် အဘိုးကြီးတစ်ယောက်သည် ရေထဲတွင် လဲကျနေသော သစ်ပင်ကြီးဘေးတွင် အလုပ်ရှုပ်လျက်ရှိသည်။ သူတို့အားလုံး အော်ဟစ်နေကြသည်။ ထိုအထဲတွင် အဘိုးကြီး၏ အသံကျယ်ကြီးမှာ အကျယ်ဆုံးဖြစ်သည်။

အဝတ်အစားများ ဟိုတစ်စုသည်တစ်စု ပုံထားသည့် ကမ်းပါးပေါ်တွင် ဆူညံနေသူများကို ပျင်းပျင်းရိရိနှင့် စီးကရက်သောက်ရင်းစောင့်ကြည့်နေသော လူပိန်ပိန် ခါးကုန်းကုန်းတစ်ယောက်ရှိသည်။ နီနာကိုမြင်သောအခါ ထိုလူသည်ထ၍ နီနာတို့ဆီကိုလာသည်။

''ဒါ ငါ့အစ်ကို ပါဗယ်ပါ''ဟုပြော၍ နီနာက ပါဗယ်ကို နိုဗီကောက်နှင့် မိတ်ဆက်ပေးသည်။ နိုဗီကောက်သည် ပါဗယ်အား လက်ကိုဆွဲ၍ နှုတ်ဆက်ပြီးလျှင် သူ့မျက်နှာမဲ့မသွားအောင် အတော်ထိန်း၍ထားရသည်။ နိုဗီကောက်သဘောတွင် ထိုဥယျာဉ်ကြီးထဲ၌ အားလုံးရှိသမျှမှာ နီနာကဲ့သို့ အဆင်ပြေရမည်ဖြစ်သည်။ ပိန်ပိန်ညှော်ညှော်ဖြစ်နေသော ပါဗယ်ကိုမြင်လိုက်ရသောအခါ နိုဗီကောက်၏ စိတ်ကူးယဉ်မှု ချက်ပျက်၍သွားသည်။ ပါဗယ်၏ မျက်နှာပေါက်က ဂိုရင်နှင့်တူသည်။ သို့ရာတွင် သူ၏ဖောသွပ်သွပ်ဖြစ်နေသော ရုပ်ကိုကြည့်ရခြင်းအားဖြင့် သူသည် သူ့အဖေလို သွက်လက်ချက်ချာပုံမရ။ သူ၏ ကြိုးတိုး ကြဲတဲဆံပင်များနှင့် ဖြူဖပ်ဖြူရော်ဖြစ်နေသော အသားများသည် သာယာသောနေရောင်နှင့် မလိုက်။ သူ့အသွင်အပြင်ကို မြင်ရခြင်းအားဖြင့် ပါဗယ်သည် ထိုအချိန်တွင် သေရည်မူး၍ မနေသော်လည်း သေသောက်ကြူးတစ်ယောက်ဖြစ်သည်ဟု နိုဗီကောက် အကဲခတ်မိသည်။

''ပုစွန်လုံး နှိုက်ကြပြန်ပလား''ဟု နီနာက မေးသည်။

ပါဗယ်က ''ဟုတ်တယ်။ ဒါပေမဲ့ တစ်ကောင်မှမမိပါဘူး။ သူတို့နှိုက်နေကြတာ တစ်နာရီလောက် ရှိသွားပြီ''ဟု အသံပြာပြာနှင့် နိုဗီကောက်ကို မဖော်မရွှေကြည့်၍ ပြောသည်။

နှာခေါင်းကြီးကြီးနှင့် အဘိုးကြီးမှာ ချိပ်ရောက်ပင်ဖြစ်လိမ့်မည်ဟု နိုဗီကောက် တွေးကြည့်သည်။ ချိပ်ရောက်သည် မျက်နှာပြုပြုနှင့် သူငယ်နှစ်ယောက်ကို ''နာနာဆွဲထားပါ။ မကြောက်ပါနဲ့။ သင့်လက်ကို မညှပ်နိုင်ပါဘူး။ တယ်ခက်တဲ့အကောင်ကိုကွ။ ဘာလို့လွှတ်ပစ်လိုက်ရတာလဲ။ ဒီသစ်ပင်ကြီးကို ရွှေ့လိုက်စမ်းပါကွာ။ ငါ ဆင်းဖမ်းစမ်းပါမယ်။ ပုစွန်လုံးဖမ်းတာ ဒီလိုပဲ ဖမ်းရသလားကွ''ဟု အော်၍ပြောသည်။

သူငယ်များက ချိပ်ရောက်ကို လက်သီးဆုတ်ပြကြသည်။

နီနာသည် ချိပ်ရောက်နှင့်သူငယ်များသည် သူတို့အလုပ်ထဲ၌ သူတို့စိတ်ဝင်စားနေကြပြီး သူလာသည်ကို မမြင်သဖြင့် မတော်တဆ မကြားကောင်း မနာသာစကားများ



ကို ပြောလိုက်ကြမည်စိုးသဖြင့် သူလာကြောင်းသိနိုင်စေရန် သတိပေးသောသဘောဖြင့် ''ဦးလေး ချိပ်ရောက် ဘယ်နှကောင်မိပလဲ''ဟု လှမ်း၍ အသံပေးလိုက်သည်။

ချိပ်ရောက်သည် နီနာ၏အသံကိုကြားလိုက်သည်နှင့်တစ်ပြိုင်နက် သူ့လည်ပင်းထိအောင် ရေထဲသို့ဆင်းလိုက်ပြီးလျှင် ပါဗယ်ဆီသို့လှမ်း၍ ''ငါ့အင်္ကျီ မြန်မြန်ပစ်လိုက်စမ်းပါ။ နီနာကို ဘယ်ကောင်ကများ ဒီကိုခေါ်လာမှန်းမသိဘူး'' ဟုပြောသည်။

ပြီးလျှင် ချိပ်ရောက်သည် သူ့ဆီသို့ပစ်ပေးလိုက်သော ရှပ်အင်္ကျီကို ဆီး၍ဖမ်းလိုက်ပြီး ရေထဲမှမထဘဲနှင့် ကပျာကယာဝတ်ကာ ပွဲလမ်းသဘင်သို့ သွားမည့်ပမာ ကြယ်သီးများကို ဂရုတစိုက် အကုန်လုံးတပ်လိုက်သည်။ ထို့နောက် သစ်တုံးအောက်တွင် ပုစွန်လုံးကို မရမက ဆက်၍နှိုက်သည်။

''အမယ်၊ ပုစွန်လုံးရာ သင့်လောက်ပါးလို့ ဘာရမလဲ။ ကိုင်း… ညှပ်ဦးလေ။ ဘယ့်နှယ်လဲ ညှပ်နိုင်သေးလား''ဟု ချိပ်ရောက်က ပုစွန်လုံးကိုပြော၍ တိုးတိုးတိုးတိုးနှင့် ဆဲပြီးလျှင် ပုစွန်လုံးကိုကုန်းပေါ်သို့ ပစ်တင်လိုက်သည်။ ပြီးလျှင် သူကိုယ်တိုင် ကုန်းပေါ်သို့ တက်လာပြီး ''အမယ်လေး မောလိုက်တာ။ သင်တို့လူငယ်တွေဟာ အလကားပဲ။ ဘာမှ အသုံးမကျဘူး။ သင်တို့ဟာ စားဖို့လောက်ပဲတတ်တယ်။ ပုစွန်လုံးကို မိအောင်ဖမ်းဖို့ကြတော့ ဘာမှဖွံ့ဘူး။ ဟော့ကောင်တွေ တက်ကြလကွာ။ ဘာပါးစပ်ကြီးတွေ ဖြဲနေရတာလဲ'' ဟု ပြောသည်။

နီနာက သူတို့ အနေရအထိုင်ရ ကျဉ်းကြပ်နေမည်စိုးသဖြင့် တောင်ပို့တစ်ခုနားသို့သွား၍ ကွယ်နေသည်။ ချိပ်ရောက်၏အင်္ကျီမှာ ရေတွေရွှဲ၍နေသည်။ ချိပ်ရောက်သည် သူ၏ ခြေသလုံးပိန်တာရိုးများပေါ်သို့ လိပ်ထားသော သူ့ဘောင်းဘီကို ဖြည်၍အုပ်လိုက်သည်။

''ဘာလို့ ရှပ်အင်္ကျီကို သင် ဝတ်ရတာလဲ''ဟု နိုဗီကောက်က သိလိုဇောဖြင့် ချိပ်ရောက်ကို မေးသည်။

ချိပ်ရောက်က မျက်နှာကြီး အောက်သိုးသိုးလုပ်ပြီး နိုဗီကောက်ကို မျက်စောင်းထိုးကာ စကားပြန်မပေး။ ပြီးလျှင် ချိပ်ရောက်က သူငယ်များအား ''ပုစွန်လုံးကို ထမင်းချက်တဲ့လူဆီ မြန်မြန်သွားပေးလိုက်။ တခြားလျှောက်သွားမနေကြနဲ့။ မြင်းဇောင်းလည်း ဆေးစရာရှိသေးတယ်''ဟု ပြောသည်။

သူငယ်များသည် ဝမ်းသာအားရ ရယ်မောကာ ဂိုရင့်နန်းတော်ကြီးသို့ သွားကြသည်။

''ချိပ်ရောက် ဘာလို့ သင့်ရှပ်အင်္ကျီအကြောင်းမေးတာကို မပြောသလဲ''ဟု ပါဗယ်က ပြောသည်။

''ဘယ်သူ့ကိုပြောရမှာပါလဲ''ဟု ချိပ်ရောက်ကမေးပြီးလျှင် မသင်္ကာသော မျက်နှာထားနှင့် နိုဗီကောက်ကိုကြည့်သည်။ ထို့နောက် နိုဗီကောက်က သူသည် ပါဗေလ္ဂ နိုဗီကောက်ဖြစ်ကြောင်းပြော၍ မိတ်ဆက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဩော်…သင်က ပါမောက္ခကို။ အင်း…အင်း ကောင်းသားပဲ"ဟု ချိပ်ရောက် လျှာလေးအာလေးနှင့်ပြောသည်။ ပြီးလျှင် ဆက်၍ "ငါတွေ့ဖူးတဲ့ ပါမောက္ခတစ်ယောက်တော့ အိမ်ဖောက်တာတို့၊ ခိုးတာတို့ဘက်က သိပ်စွမ်းတယ်။ သူက မျက်မှန်တပ်ထားတာနဲ့ သူ့ကိုပါမောက္ခလို့ ခေါ်ကြတယ်။ အိုဒက်အာဆက်ထောင်ထဲမှာ သူနဲ့ငါနဲ့ အလုံထောင်ခန်းတစ်ခန်းထဲမှာ အတူတူနေကြတာပေါ့။ အဲဒါက ကြာလှပါပြီ။ အခုတော့ သူလည်း သေရှာပါပြီ။ မောင်မင်းကြီးသား ကောင်းရာမွန်ရာရောက်ပါစေ"ဟု ပြောသည်။

ထိုအခိုက်တွင် နီနာမှာ အတော်ဝေးဝေး သစ်ပင်တွေအောက် ရောက်လျက်နေသဖြင့် ချိပ်ရောက်သည် နီနာရှိရာသို့ လှမ်း၍ကြည့်လိုက်ပြီး စိတ်ချလက်ချ သူ့ရှပ်အင်္ကျီရေစိုကြီးကို ချွတ်၍ညှစ်သည်။ ထိုအခါကျမှ ချိပ်ရောက်သည် အဘယ့်ကြောင့် ရေထဲကမတက်ခင် ရှပ်အင်္ကျီကိုတောင်း၍ ကမန်းကတတန်း ဝတ်သည့်အကြောင်းကို နိုဗိကောက် ရိပ်မိသည်။ ချိပ်ရောက်၏ရင်ဘတ်တွင် အပြာရောင်ဖြင့် မိန်းကလေးများ မြင်၍ မတင့်တယ်သော ခွေးနှစ်ကောင် မင်္ဂလာဆောင်ဟန်ကို ဆေးထိုးထားသည်ကို မြင်ရသည်။

ပါဗယ်က "သူ ငယ်ငယ်တုန်းက အရက်မူးပြီး အိပ်ပျော်နေတုန်းမှာ သူ့ သူငယ်ချင်းများက နောက်ပြောင်တဲ့သဘောနှင့် ဆေးထိုးသမားတစ်ယောက်ကို ငွေတစ်ကျပ်ပေးပြီး ဒီအရုပ်ကို ထိုးခိုင်းကြတယ်။ အဲဒီအချိန်ကစပြီး ချိပ်ရောက်ဟာ သူ့ရဲ့ယောက်ျားပီသတဲ့ ရင်ပုံကြီးကို အမျိုးသမီးများ အမြင်မခံဝံ့တော့ပါဘူး"ဟု ပြောပြသည်။

ချိပ်ရောက်သည် မြေဆေးတံကိုအိတ်ထဲမှထုတ်၍ ဖိမ်နှင့်မီးညှိပြီးလျှင် "ငါက ငယ်ငယ်တုန်းကတော့ သိပ်ရှက်တာကိုး။ အဲဒါနဲ့ အမူးပြေတော့ ငါလည်း ငါ့သူငယ်ချင်းတွေ နောက်ပြောင်တာကို သတိမထားမိဘဲ မိန်းမတွေနဲ့ ယောက်ျားတွေ ရောပြီး ရေချိုးကြတဲ့ ရေချိုးခန်းထဲသွားပြီး ရေချိုးမိတယ်။ ဒီတော့ မပြောပါနဲ့တော့။ မိန်းမတွေက ငါ့ကို စည်ပိုင်းတွေနဲ့ ဝိုင်းပေါက်မယ်လုပ်လို့။ ကံကောင်းလို့မသေတာယ်။ ငါလည်း ငါ့ကို ဘာလို့ မိန်းမတွေက ဒီလိုလုပ်ကြတယ်ဆိုတာကို မရိပ်မိဘူး။ နောက် ငါ့အကြောင်းကို ငါသိတော့ ငါဖြင့် ချုံးချုံးချနိုချင်သွားတာပဲ။ အဲဒီဆေးထိုးထားတာဟာ ရေနဲ့ဆေးပစ်လို့လည်း မရတော့ဘူး။ ပွတ်တိုက်ပစ်လို့လည်း မရတော့ဘူး။ ပြီးတော့ ငါ့အသားကိုလည်း ငါ လှီးမပစ်နိုင်ဘူး။ အဲဒါနဲ့ ဒီနေ့ထက်ထိ ဒီလိုပဲနေရတာပဲ"ဟု ပြောသည်။

"အဲဒီအပေါ်က ဒီပြင့်အရုပ်တစ်ခု ထပ်ပြီးထိုးပစ်လိုက်ရင် ပျောက်သွားမှာပေါ့" ဟု နိုဗိကောက်က အကြံပေးသည်။

ချိပ်ရောက်သည် ခေါင်းကိုကုတ်၍ "အဲဒါပဲကြည့်တော့။ အခုဆိုရင် နှစ်ပေါင်း ဘယ်လောက်ကြာသွားပလဲ။ အဲဒီအတွင်းမှာ အပေါ်က ဆေးထပ်ထိုးဖို့ဆိုတဲ့



အကြံကို တစ်ခါမှ ငါ မစဉ်းစားမိဘူး။ ဒါပေမဲ့ တစ်နည်းတော့ ဒီလိုဆေးထပ်ထိုးပစ်လိုက်ရင်လည်း ကောင်းမှာမဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဆေးထိုးတဲ့လူကလည်း သူရတဲ့ငွေစနဲ့တန်အောင် အစွမ်းကုန်ကြိုးစားပြီး ထိုးထားတာဖြစ်တော့ သူ့လက်ရာကို ဖျက်ဆီးပစ်လိုက်မယ်ဆိုရင် သင့်လျော်မှာ မဟုတ်ဘူး"ဟု ချိပ်ရောက်က ပြောသည်။

နိုဗိကောက်နှင့် ပါဗယ်တို့ကရယ်၍ ချိပ်ရောက်သည် "အနုပညာကို တကယ် အားပေးတဲ့လူပဲ"ဟု အောက်မေ့ကြသည်။

ထိုအခိုက်တွင် နီနာက သူတို့ဆီသို့ ပန်းစည်းကြီးကို ကိုင်၍လာပြီးလျှင် ချိပ်ရောက်အား ပြောင်ချော်ချော်ကြည့်ကာ "ဘယ့်နှယ်လဲ၊ သင့်လျှို့ဝှက်တဲ့ ကိစ္စတွေကို ပြောပြီးပလား"ဟု မေးသည်။

ချိပ်ရောက်သည် ဆေးတံကြီးကို မီးခိုးတွေတထောင်းထောင်းထွက်အောင် ရှူပြီးသာနေသည်။ ဘာမျှစကားပြန်မပေး။

ထို့နောက် နီနာသည် ရေစပ်မြက်ခင်းများပေါ်သို့သွား၍ ပါးနှစ်ဖက်ကို လက်ဖြင့် ထောက်ခါ လျှောင်း၍ ရေကိုကြည့်နေသည်။

"ဒီနေရာက ပျော်စရာမကောင်းဘူးလား"ဟု နီနာက နိုဗိကောက်ကို မေးသည်။ နိုဗိကောက်က သူ့စိတ်ထဲတွင်ရှိသည့်အကြံကို နှုတ်ဖြင့်မပြောလိုသဖြင့် ခေါင်းညိတ်လိုက်သည်။ ရေအိုင်အနီးတွင် သူငယ်များပြန်သွားကြပြီဖြစ်သဖြင့် ဆူညံခြင်း မရှိတော့။ နီနာ၏ စဉ်းစားနေသော မျက်နှာထားသည် ရေအိုင်ထဲတွင် အရိပ်ထင်၍ နေသည်ကို နိုဗိကောက်မြင်ရသည်။ နီနာသည် ရံဖန်ရံခါ ရေထဲသို့ ပန်းပွင့်ကလေးများကိုပစ်ချပြီး ရေအလျဉ်တွင် ပန်းပွင့်ကလေးများ တဖြည်းဖြည်းမျောပါသွားသည်ကို ကြည့်၍နေသည်။

"နိုဗိကောက် ဒီကိုလာလေ"ဟု နီနာက ခေါ်သည်။

နိုဗိကောက်သည် ပါမောက္ခ မဟုတ်တော့ဘဲ ကျိုးနွံသော သူငယ်တစ်ယောက်အဖြစ်နှင့် နီနာခေါ်ရာသို့သွားသည်။

"လာ…ငါ့နားမှာလျောင်းပြီး ရေကိုကြည့်စမ်း။ ဘာမြင်သလဲ"ဟု နီနာက မေးသည်။

"ရေကိုမြင်တာပေါ့"ဟု နိုဗိကောက်က ဖြေသည်။

"မဟုတ်ဘူးလေ။ ဘယ့်နှယ် ရေကိုမြင်ရမလဲ။ မိုးကိုမြင်တယ်မဟုတ်လား။ ပြီးတော့ ငါက ပန်းပွင့်လေးတွေကို ပစ်ချလိုက်တော့ လှိုင်းကလေးတွေ ထသွားပြီး အဲဒီလှိုင်းကလေးတွေထဲမှာ ထူးဆန်းတဲ့ပုံသဏ္ဌာန်တွေ ပေါ်လာတယ်မဟုတ်လား။ ကြည့်လေ မမြင်ဘူးလား"ဟု နီနာက ပြောသည်။

"ငါတော့ သင့်မျက်နှာကိုပဲမြင်ရတယ်"ဟု နိုဗိကောက်က လေသံဖြင့် ပြောသည်။

နီနာက ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပါဗယ်က ဖြုန်းခနဲထိုင်ရာမှထလိုက်ပြီး ချိပ်ရောက်၏ပခုံးကိုကိုင်၍ ""ချိပ်ရောက်ရေ၊ ငါတို့ အိမ်ပြန်မယ်""ဟုပြောပြီး ရေအိုင်မှ ဖယ်ခဲ့သည်။ ချိပ်ရောက်လည်း ပါဗယ်နောက်မှ ဘောက်ဆတ်ဘောက်ဆတ်နှင့် လိုက်၍သွားသည်။

နီနာက လျောင်းရာမှထပြီး ""ဒီမှာ ဦးလေးချိပ်ရောက်""ဟု လှမ်း၍ ခေါ်လိုက်သည်။

ချိပ်ရောက်ကရပ်၍ စိတ်မလုံသော မျက်နှာထားနှင့် နီနာကိုကြည့်သည်။

နီနာက ""ရော့...ယောဒီပန်းစည်း မေမေ့ကို ပေးလိုက်ပါ။ ပြီးတော့ ငါလည်း အခုပဲလာမယ်လို့ ပြောလိုက်ပါ""ဟု ပြောပြီးလျှင် ပန်းပွင့်နီနီတစ်ခုကို ပန်းစည်းထဲမှဆွဲ၍ ချိပ်ရောက်၏ ရေစိုနေသော အင်္ကျီရင်ဘတ်တွင် ထိုး၍ပေးလိုက်သည်။ ပြီးလျှင် နာနီက ""ဒီပန်းနှင့် သင့်နာခေါင်းနှင့်လိုက်တယ်""ဟုပြော၍ ချိပ်ရောက်ကြီး၏ပါးကို ပြုံးကာနမ်းလိုက်သည်။ ချိပ်ရောက်သည် အကျေနပ်ကြီးကျေနပ်၍ ပြုံးလိုက်ပြီးလျှင် နီနာအား ကြည်ညိုလေးစားသော အကြည့်ဖြင့်ကြည့်သည်။

""အို နီနာ၊ နီနာ သင်ဟာ တော်တော်ဆိုးတဲ့ မိန်းကလေးပဲ""ဟု ပြောပြီးလျှင် ချိပ်ရောက်သည် သူ့ကိုစောင့်နေသော ပါဗယ်နောက်သို့ပြေး၍ လိုက်သွားသည်။

နီနာက နိုဗိကောက်အား ""ပါဗယ်က အင်မတန် သဝန်ကြောင်တယ်။ ငါ့နားကို ဘယ်သူလာတာမှ မကြိုက်ဘူး။ သူ့မှာရင်းနှီးတဲ့ မိတ်ဆွေကောင်းဆိုလို့ ငါနဲ့ချိပ်ရောက် နှစ်ယောက်ပဲရှိတယ်။ သူ့မျက်နှာ မှုန်တေတေဖြစ်နေတာကိုတော့ ဂရုမစိုက်ပါနဲ့။ သူဟာ သဘောတော့ကောင်းပါတယ်။ ဒါပေမဲ့ စိတ်တော့ အင်မတန် မချမ်းမသာဖြစ်နေရှာတယ်"" ဟု ပြောသည်။

""သူ သေရည်သောက်သလား""

""သောက်တယ်။ သောက်တာကလည်း ချစ်ရေးမဟန်တာနဲ့ စိတ်ညစ်ပြီး သောက်တာပါ။ သူက ပါရစ်မြို့မှာ အကြာကြီးနေဖူးပါတယ်။ ပါရစ်မြို့ဆိုတာက အင်မတန် ဝတ္ထုဆန်ဆောင် စိတ်ကူးလို့ကောင်းတဲ့နေရာပါ။ အဲဒါနဲ့ ပါဗယ်ဟာ ပါရစ်သူ တစ်ယောက်နဲ့ အကြောင်းပါခဲ့ပါတယ်။ ဒီမိန်းမကို ငါလည်း မမြင်ဖူးပါဘူး။ မလှဘူး လို့တော့ ပြောကြတယ်။ မျက်လုံးပြူးပြူးနဲ့တဲ့။ ပြီးတော့ သူ့မျက်လုံးအရောင်က တစ်မျိုးကြီးပဲလို့လည်း ပြောကြတယ်။ ရယ်ပြန်တော့လည်း ဟန်လုပ်ရယ်ပုံမျိုးနဲ့ ရယ်တယ်တဲ့။ ပါဗယ်က ဒီမိန်းမကို သိပ်မြတ်နိုးပြီး အနားကမခွာနိုင်ဘူးတဲ့။ ဒါပေမယ့် ဒီမိန်းမက အကျင့်မကောင်းဘူးလို့ပြောတယ်။ နောက်ဆုံးတော့ ဒီမိန်းမဟာ ပါဗယ်ကို ပစ်ပြီး ထွက်သွားတာပါပဲ။ အဲဒီအချိန်ကစပြီး ပါဗယ်လည်း သေရည်စပြီးသောက်တော့ တာပဲ။ **နောက်ဆုံး မေမေ ရုရှပြန်လာတော့ သူလည်း** ပြန်လိုက်လာပြီး ရုရှရောက်ရင်တော့ ဒီမိန်းမကို **သူမေ့သွားမှာပဲလို့** အောက်မေ့တယ်**။ ဒါပေမဲ့ မမေ့**တဲ့အပြင် ပိုတောင်ဆိုးနေ သေးတယ်""ဟု နီနာက **ပြောသည်။**



နိုဗိကောက်သည် နီနာပြောသည်များကို ဂရုစိုက်၍နားထောင်ပြီးလျှင် မျက်မှောင်ကြုတ်၍လည်း လေးနက်စွာစဉ်းစားနေသည်။ ထိုအခိုက်တွင် သူ့စိတ်ထဲ၌ ကြေကွဲဖွယ် စိတ်ရှုပ်ဖွယ် အကြောင်းအမျိုးမျိုးကိုလည်း တစ်ခုပြီးတစ်ခု စဉ်းစားလျက် ရှိသည်။ ထို့ပြင် ""နီနာနေတဲ့လောကက လောကတစ်မျိုးပဲ။ တစ်ယောက်နဲ့တစ်ယောက် လည်း ချစ်ချစ်ခင်ခင်ရှိကြတယ်""ဟု နိုဗိကောက်စိတ်ထဲက အောက်မေ့မိသည်။

နိုဗိကောက်သည် မယားမူ မူနေသော ပါဗယ်ကိုပင် တစ်နည်းအားဖြင့် သဘောကျမိသည်။ သူ သဘောကျမိခြင်းမှာ ပါဗယ်၏ ကြေကွဲဖွယ်အဖြစ်ကို သဘောကျခြင်း မဟုတ်ဘဲ သူ့အဖြစ်၏ထူးဆန်းပုံကိုသာ သဘောကျခြင်းဖြစ်သည်။ 'နီနာတို့ နန်းတော်ကြီးထဲ၌ ဖြစ်ပျက်နေသောအကြောင်းများမှာ' ရုရှတစ်ပြည်လုံး၌ နေ့စဉ်နေ့စဉ် ဖြစ်ပျက်နေသော အကြောင်းများနှင့်မတူ။ ရုရှတစ်ပြည်လုံးတွင် နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသော ကြေကွဲ ဖွယ်အကြောင်းများမှာ သွားကိုက်ခြင်း၊ သွားနာခြင်းကဲ့သို့ ဆန်းပြားခြင်းမရှိဘဲ ငြီးငွေ့ဖွယ်ကောင်းသော ကြေကွဲဖွယ်အကြမ်းစား မျိုးများသာဖြစ်သည်။ ဥပမာဆိုသော် မလောက်မင ရာရှင်ပေးခြင်း၊ အစာငတ်၍ သေခြင်း၊ နိုင်ငံရေးအရ ဖမ်းဆီးချုပ်နှောင်ခံရခြင်း ထိုကဲ့သို့ ဖမ်းဆီးချုပ်နှောင်မခံရအောင် ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းတို့သည် ရုရှတစ်ပြည်လုံး၌ နေ့စဉ်နှင့်အမျှ ဖြစ်ပျက်နေသော ကြေကွဲဖွယ်အကြောင်းများသာဖြစ်သည်။ သို့ရာတွင် နီနာတို့ဆီတွင် ဖြစ်ပျက်နေသော ကြေကွဲဖွယ်အကြောင်းမှာ ချစ်ရေးအတွက်ဖြစ်သည်။ ဘယ်မှာဖြစ်သော ချစ်ရေးလဲ။ ပါရစ်မြို့တွင်ဖြစ်သော ချစ်ရေးအတွက်ဖြစ်သည်""ဟု နိုဗိကောက်သည် တွေးလျက်ရှိသည်။

နိုဗိကောက်စိတ်ထဲတွင် သူ့စိတ်ထဲတွင် မတောင့်တဖူးသောအရာကို ရုတ်တရက် တောင့်တမိသည်။ သူ ရောက်နေသော နီနာတို့၏လောကသည် ယုံကြည်ဖို့ မက်လောက်အောင်ပင် သာယာလှသဖြင့် ထိုကဲ့သို့သာယာခြင်းမျိုးသည် တည်မြဲနိုင်သော သာယာခြင်းမျိုး ဟုတ်နိုင်လိမ့်မည်မဟုတ်သည်ကိုပင် သူ့စိတ်ထဲကတွေးမိသည်။ ""ဒီမှာဆိုရင် လူတွေဟာ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်ကြ ကြင်နာကြတယ်။ စိတ်ထား စေတနာထားများကလည်း တကယ့်ကို အဖိုးတန်တယ်။ နီနာတို့ရဲ့ လောကကို မြင်ရတော့ ငါ ငယ်စဉ်က အဖြစ်အပျက်တွေကို သတိရလိုက်တာ။ သို့သော် ငါ၏ ကလေးဘဝသည် အတိတ်သို့ ဝင်သွားသည်မှာ ကြာခဲ့ပြီ။ ဒါတင်မကသေး။ ငါ့တွင် ကလေးဘဝ ဘယ်တုန်းကမျှ မရှိခဲ့ဖူးဘူးဟူ၍လည်းကောင်း၊ ကလေးဘဝဆိုသည်မှာ အိပ်မက်မျှသာ ဖြစ်သည်ဟူ၍လည်းကောင်း ဆိုသောအယူအဆသည်ပင် ငါ့အယူအဆ ဖြစ်သည်မှာကြာခဲ့ပြီး ထိုအိပ်မက်သည် ယခုအခါ ငါ့စိတ်အာရုံ၌ ထင်လျက်ရှိသည်။ [illegible]စိတ်ကူးသက်သက်မျှသာဖြစ်သော နီနာတို့၏လောကကျွန်းငယ်ကလေးသည် [illegible] ပတ်လည်မှ ဝိုင်းလျက်ရှိသော လှိုင်းလေ ပြင်းထန်သည့် (ရုရှ) သမုဒ္ဒရာကြီး၏ဒဏ်ကို [illegible]အကြာ ခံနိုင်ပါမည်လော""ဟုလည်း နိုဗိကောက်ပူမိသည်။ နီနာတို့၏ သာယာသော

www.burmeseclassic.com

www.burmeseclassic.com



လောကကလေးသည် နိုင်မြဲမည် မဟုတ်သည့်အဖြစ်ကိုသိရသဖြင့် နိုဗိကောက်သည် စိတ်မကောင်း။ ထို့ထက်ပင် ထိုလောကကလေးသို့ သူလာခြင်းမှာလည်း ထိုလောကကလေးကို နိုင်ခန့်တည်မြဲအောင် လုပ်ဖို့လာခြင်း မဟုတ်သည်ကို သူ၏နက်ရှိုင်းသော စိတ်သန္တာန်အတွင်းက သူ့ဟာသူသိနေသဖြင့်လည်း နိုဗိကောက်သည် ပို၍စိတ်မချမ်းမသာဖြစ်လျက်ရှိသည်။ နီနာတို့၏ သာယာသော လောကကလေးကို သူက တည်တံ့နိုင်မြဲအောင်မလုပ်ဖို့အတွက် ထင်ရှားသောသက်သေ မရှိသော်လည်း နိုဗိကောက်စိတ်ထဲက ထိုကဲ့သို့သာဖြစ်လိမ့်မည်ဟုထင်သည်။ ထိုသို့ထင်ခြင်းမျိုးသည် အကျိုးအကြောင်း ဆင်ခြင်သုံးသပ်ခြင်းမျိုးထက်ပင် မှန်တတ်သည့်အဖြစ်ကိုလည်း နိုဗိကောက်သိသည်။ သူ၏စိတ်အာရုံတွင် ထိုသာယာသော လောကကလေး၏ ပျက်စီးတော့မည့်အရိပ်နိမိတ်များ ပေါ်၍နေသည်။ သူ မျက်ဝါးထင်ထင်တွေ့မြင်နေရသော နတ်တို့ဖန်ဆင်းသည်နှင့်သာတူသော အဖိုးထိုက်အဖိုးတန် ကျောက်မျက်ရတနာတည်း ဟူသော လောကသာယာကလေးသည် အင်မတန်အင်မတန် နက်ရှိုင်းသောချောက်ကြီးထဲသို့ ကျရောက်အံ့ဆဲဆဲ ဖြစ်လျက်ရှိသည်...။

"သင် ဘာလို့စကားမပြောတာလဲ"ဟု နီနာက နိုဗိကောက်ကို သောကမကင်းဟန်ဖြင့် ကြည့်၍မေးသည်။

နိုဗိကောက်က မပြုံးချင်ပြုံးချင်နှင့်ပြုံး၍ "သင့်ကို လာပိုးတဲ့လူတွေအကြောင်း ငါ စဉ်းစားနေတယ်။ သူတို့တွေက ဘယ်လိုလူစားတွေလဲ"ဟု မေးသည်။ "သူတို့ အကြောင်း စဉ်းစားနေရင် ပိုနေတာပါပဲ။ သူတို့တွေဟာ အကုန်လုံးငြီးငွေ့စရာကောင်းတဲ့ လူတွေချည်းပဲ။ သူတို့မှာ သူတို့ကိုယ်ပိုင် ရုပ်သဏ္ဌာန်မရှိပါဘူး"ဟု နီနာက ဖြေသည်။

"ဘာကြောင့် ဒီလိုဖြစ်ရတာလဲ"

"သူတို့ဟာ ဒီအတိုင်းပါပဲ။ တစ်ယောက်လာလည်း ဒီလိုပဲ။ တစ်ယောက်လာလည်း ဒီလိုပါပဲ။ သူတို့မျက်စိကြည့်ပုံတွေကလည်း တစ်ဆင်တည်းပဲ။ လူတစ်ယောက်ကို သူတို့ ကြည့်လိုက်ရင် ဒီပြင့်ဟာကို မကြည့်ဘူး။ အဲဒီလူရဲ့ အတန်းအစားကိုပဲကြည့်တယ်"ဟု ပြောပြီးလျှင် နီနာက သူတို့ကြည့်ပုံမျိုး အတုလုပ်၍ မျက်မှောင်ကိုကရော်ချော်မယ်ကြုတ်ပြီးလျှင် စားတော့ဝါးတော့မည်ဟန်နှင့် နိုဗိကောက်ကို ကြည့်၍ပြသည်။ ပြီးလျှင် နာနီက "အဲသလို ကြည့်ပြီးတာနဲ့တစ်ပြိုင်နက် အဲဒီလူကို ဒီလူဟာကွန်မြူနစ်ရုပ်ဝါဒအရ အပြစ်မကင်းဘူးလို့ ပြောတော့တာပဲ။ ငါ့သဘောအရတော့အဲဒီလူတွေဟာ သူတို့ မျက်ခုံး မွေးတစ်ဆုံးထက်ပိုပြီး မြင်တဲ့လူတွေ မဟုတ်ဘူးလို့ထင်တာပဲ"ဟု ဆက်၍ပြောသည်။

နိုဗိကောက်က စိတ်ဝင်စားစွာဖြင့် "နေစမ်းပါဦး။ ငါ ကြည့်ပုံကရော ဘယ်လိုကြည့်ပုံမျိုးလဲ။ ပြောစမ်းပါ"ဟုဆိုသည်။

ထိုအခါ နီနာက နိုဗိကောက်ကိုကြည့်၍ ခဏနေပြီးလျှင် ရှက်ကိုးရှက်ကန်းအနည်းငယ်ဖြစ်ကာ "သင်ကြည့်ပုံက သိပ်ဆန်းတယ်။ သင်ကြည့်ပုံဟာ ငါ့အသည်း



နှလုံးထဲကို တစ်ခါတည်း ထုတ်ချင်းပေါက်သွားတယ် ထင်ရတယ်။ ဟိုကျောင်းကပွဲတတ်ခုံနောက်မှာ သင်က စိတ်ဆိုးမာန်ဆိုးနဲ့ ငါ့ကိုကြည့်လိုက်တုန်းကလည်း ငါ သိပ်ကြောက်သွားတာပဲ။ ပြီးတော့ ဒီနေ့ ဖေဖေ့အခန်းထဲမှာတုန်းက သင်က ငါ့ကိုကြည့်လိုက်တော့လည်း သင်ကြည့်ပုံကြီးကဆန်းလွန်းလို့ ငါဖြင့် တစ်ခါတည်းလန့်သွားတယ်။ ငါတော့ ဒါလောက်ပဲ ပြောတတ်တယ်"ဟု ပြောသည်။

နိုဗိကောက်က ကပျာကယာ ပြုံး၍ "ဒါကတော့ သင့်စိတ်ထဲက ကြောက်စရာကောင်းတယ်ထင်နေလို့ပါ။ တကယ်ဆိုတော့ ငါ့ကို ဘာမှကြောက်စရာမရှိပါဘူး" ဟု ပြောသည်။

နီနာသည် နိုဗိကောက် စိတ်ချောက်ချားနေသည်ကို ဂရုမပြုမိဘဲ "ဟုတ်ပါတယ်၊ အခုတော့ သင်ဟာ ကြောက်စရာမကောင်းဘူးဆိုတာ ငါ သိပါပြီ။ သင့်ကို ငါ့စိတ်ထဲက ကြောက်မိတာ တစ်လောက လူတစ်ယောက်အပေါ်မှာ ငါ ထင်မှားမိတာနဲ့ ဆက်ပြီး ကြောက်မိတာနဲ့တူပါတယ်။ အဲဒီအချိန်ကစပြီး ငါ့စိတ်ထဲမှာ ယောက်ျားမှန်သမျှကို မယုံသင်္ကာဖြစ်နေပါတယ်"ဟု ပြောသည်။

နီနာက မည်ကဲ့သို့ပင် ဖြေ၍ပြောစေကာမူ နိုဗိကောက်စိတ်ထဲတွင် အကြီးအကျယ် ထိတ်လန့်၍သွားသည်။ နီနာကို လိမ်၍ပြောရခြင်းသည် ဂိုရင်ကို လိမ်၍ပြောရခြင်းထက် များစွာပို၍ခဲယဉ်းလိမ့်မည့်အဖြစ်ကိုလည်း နိုဗိကောက်တွေးမိသည်။ နိုဗိကောက်၏အလုပ်မှာ မလိမ်ဘဲမညာဘဲ မျက်နှာဖုံးမတပ်ဘဲနှင့် ပြီးမြောက်အောင်လုပ်၍ မဖြစ်နိုင်သည့်အလုပ်ဖြစ်သဖြင့် နိုဗိကောက်မှာ လိမ်ရ၊ ညာရ မျက်နှာဖုံးအုပ်ရတော့မည်သာဖြစ်သောကြောင့် သူ့စိတ်ထဲက နီနာကလေးကိုလည်းကောင်း၊ ချိပ်ရောက်ကိုလည်းကောင်း၊ ပါဗယ်ကိုလည်းကောင်း ရုတ်တရက် သနားစိတ်ဖြစ်မိသည်။ ထို့ထက်ပင်သူ့ကိုယ်သူ ပို၍သနားစိတ်ဖြစ်မိသည်။ နီနာနှင့်တွေ့နေသည့်အခိုက်တွင် နိုဗိကောက်သည် ယခင်အခါမျိုးကဲ့သို့မဟုတ်ဘဲ နီနာသည် ရိုးရိုးဖြောင့်ဖြောင့်ရှိသလောက် သူသည်လည်း မလိမ်မညာဘဲနှင့် ရိုးရိုးဖြောင့်ဖြောင့်ရှိလိုသော ဆန္ဒပေါ်လာသည်။ နိုဗိကောက်မှာ သူ့ကို အမြဲဝိုင်း၍လိမ်ညာနေ အကောက်ကြံနေကြသူများနှင့်ချည်း တွေ့၍နေခဲ့ရရာမှ နီနာနှင့်တွေ့သောအခါ နီနာမှာ သူတွေ့နေကြ လူစားမျိုးထဲကမဟုတ်ဘဲ အင်မတီအင်မတန် ဖြူစင်သန့်ရှင်းသောစိတ်ရှိသည်ကို တွေ့ရသည်။

နိုဗိကောက်သည် မြက်ခင်းပေါ်တွင် ပက်လက်လှန်၍ မိုးကိုကြည့်နေသည်။ နိုဗိကောက်သည် မြင့်မား၍အရွက်များ ကျိုတိုးကျဲတဲဖြစ်နေသော သစ်ပင်ကြီးများ၏ အထက် အမြင့်ကြီးတွင် သိန်းငှက်တစ်ကောင် အတောင်မခတ်ဘဲ လေဟုန်စီး၍ နေသည်ကိုမြင်သည်။

"ဒီသိန်းငှက်ဟာ သားကောင်ကို ရှာနေသည်ထင်သည်။ သူသည် မကြာခင်ပင် တစ်ဟုန်တည်း ထိုးပြီးသုတ်မှာပဲ"ဟု အောက်မေ့လျက်ရှိသည်။ ပြီးလျှင် "ဟောဟို၊ သုတ်လိုက်ပြီ"ဟု ယောင်၍အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ နိုဗိကောက်"ဟု နီနာက မေးသည်။

"ဩော်…ဘာမှမဖြစ်ပါဘူး"

"သင့်မှာ အပူတစ်ခုခုရှိနေပြီထင်တယ်။ ဟုတ်တယ်မဟုတ်လား။ သင့်မှာ အပူတစ်ခုခုရှိရင် ငါ့ကိုပြောပါ။ ငါ သက်သာရာရအောင် လုပ်ပေးနိုင်ပါလိမ့်မယ်"ဟု နီနာက ပြောသည်။

နိုဗိကောက်သည် သူ့ကိုယ်သူ တံတောင်ဆစ်နှင့်ထောက်၍ မလိုက်ပြီးလျှင် "စိတ်ထဲကပူနေတာကို ပါးစပ်နဲ့အေးအောင် လုပ်လို့ရနိုင်မလား"ဟု မေးသည်။

"ပါးစပ်နဲ့ပြောရုံနဲ့တော့ စိတ်ပူနေတာ အေးသွားချင်မှသွားမှာပေါ့။ ဒါပေမဲ့ ကိုယ့်စိတ်ထဲရှိတာကို ဘယ်သူမှမပြောဘဲနဲ့ ကြိတ်နေရင်သာဆိုးမှာပေါ့"ဟု နီနာက ပြောသည်။

"သင်တော့ သင့်စိတ်ထဲရှိတာကို အမြဲဖွင့်ပြောနေတာပဲလား"

"ပြောတာပေါ့"ဟု နီနာကပြောပြီးလျှင် နိုဗိကောက်ကို အဓိပ္ပာယ်ရှိသော အကြည့်မျိုးနှင့်စိုက်ကြည့်သည်။

"ဒီလိုဆိုရင် သင့်ကို ငါ အပုံကြီးအားကျပါတယ်"ဟု နိုဗိကောက် စိတ်ထဲက ပြောလိုသောဆန္ဒဖြစ်လာသည်။ သို့ရာတွင် နိုဗိကောက်သည် ဘာမျှမပြော။ နိုဗိကောက်သည် လျှောင်းနေရာမှထလိုက်သည်။ သူ့အဖို့တွင် နောက်ထပ်ပြောလျှင် ဘေးဖြစ်ဖို့စခန်းသို့ ရောက်တော့မည်။ ထို့ကြောင့် နိုဗိကောက်သည် ထိတ်လန့်၍လာသည်။ ထို့နောက် နိုဗိကောက်က "ငါတို့ပြန်ကြဖို့ အချိန်တော်ပြီထင်ပါရဲ့"ဟု ပြောသည်။

"ဟုတ်တယ်။ ပြန်ကြဖို့အချိန်တော်ပြီ"ဟု ပြော၍ နီနာကလည်း မြက်ခင်းပေါ်မှ ထလိုက်သည်။

အိမ်အပြန်တွင် သူတို့နှစ်ယောက်သည် များစွာ စကားမပြောကြ။ ချောင်းကလေးတစ်ခုကိုကျော်ခါနီးတွင် နီနာက သူ့ကိုတစ်ဆိတ်ကူပါဟူသော အကြည့်မျိုးနှင့် နိုဗိကောက်ကို ကြည့်လိုက်သည်။

နိုဗိကောက်သည် နီနာ၏အကျိုးကိုဆောင်ဖို့ အခွင့်ရသဖြင့် သူငယ်ကလေးတစ်ယောက်၏ ဝမ်းသာခြင်းမျိုးဖြင့် ဝမ်းသာ၍သွားပြီးလျှင် နီနာသို့ သူ့လက်ကိုလှမ်း၍ ပေးလိုက်သည်။ ပြီးလျှင် မွေ့ချီရန်ပင် အသင့်လုပ်ထားသည်။ နီနာက သူ့တံတောင်ဆစ်ဖြင့် နိုဗိကောက်၏ လက်ဝါးပေါ်သို့ ထောက်လိုက်ရာ နိုဗိကောက်က နီနာကို သပ်ရပ်စွာ မြှောက်၍ယူလိုက်သည်။ ထိုအခါ နိုဗိကောက်၏လက်သည် တုန်၍နေသည်။

နီနာသည် နိုဗိကောက် စိတ်ချောက်ချားနေသည်ကိုတွေ့ရပြီးလျှင် ထိုသို့ စိတ်ချောက်ချားနေခြင်းမှာ သူတို့နှစ်ယောက်ပြောကြသော စကားများနှင့်တကွ သူ့ အတွက်ကြောင့်ဖြစ်သည်ကိုလည်း နီနာရိပ်မိသည်။ နိုဗိကောက်ကဲ့သို့ ကံအားလျော်စွာ



သိရသော သူတစ်ယောက်သည် သူနှင့် တစ်နာရီနှစ်နာရီလောက် စကားပြောရသောအခါ တုန်လှုပ်ချောက်ချားခြင်းဖြစ်သည်ကို နီနာ စိတ်ထဲက ဆန်းသည်ဟုမထင်။

သို့ရာတွင် ထိုသို့တုန်လှုပ်ချောက်ချားခြင်းဖြစ်ပါလျက်နှင့် နိုဗိကောက်က မျက်နှာထားမပျက်အောင် ဟန်လုပ်နိုင်ခြင်းသည်ကိုမူ နီနာစိတ်ထဲက ဆန်းသည်ဟု ထင်သည်။

⁂

---

အခန်း-၆

---

ဂိုရင်၏ဇနီး လူဗာသည် အားလုံးသော မိန်းမများနည်းတူ မိမိစိတ်ထဲ၌ လိုချင်သော အကြောင်းတစ်ခုခုပေါ်လာလျှင် အထူးအားဖြင့် စိတ်မချမ်းသာစရာ အကြောင်း၊ မရှင်းလင်းသော အကြောင်းတစ်ခုခုပေါ်လာလျှင် မသိရသိရအောင် ဂရုစိုက် လေ့ရှိသည်။ အခြားသောမိန်းမများမှာ အများအားဖြင့် မိမိတို့အကြောင်းကိစ္စကို အပေါင်းအဖော်များနှင့်ကင်း၍ မစဉ်းစားတတ်။ တစ်ခါတစ်ရံတွင်လည်း မိမိတို့ကိစ္စနှင့် မတ်သက်၍ လုပ်စရာရှိသည်ကို မလုပ်ဘဲ မိမိတို့ဟာမိမိတို့ ကြိတ်၍ပူနေတတ်ကြသည်။ လူဗာမှာ ထိုကဲ့သို့မဟုတ်။ သူ့၌အပူရှိလျှင် ထိုအပူ၏အကြောင်းရင်းကိုရှာ၍ အမြန်ဆုံး ပြေသွားအောင် အာရုံစူးစိုက်၍ လုပ်တတ်သည်။

ထို့ကြောင့်ပင်လျှင် လူဗာသည် အခါအခွင့်ရသည်နှင့်တစ်ပြိုင်နက် ဂလူယက် ကိုခေါ်၍ စကားပြောခြင်းဖြစ်သည်။ ပညာကျော်ဂလူယက်သည် တစ်မျိုးတစ်မည် အမူအရာပြောင်းလဲနေသည်ကို တွေ့ရသည့်အချိန်ကစ၍ လူဗာမှာ စိတ်အနှောင့်အယှက် များစွာ ဖြစ်လျက်ရှိသည်။ လူဗာသည် ငါးမွေးရုံနားမှ ဂလူယက်ကိုစောင့်နေပြီး ဂလူယက်လာသည်နှင့်တစ်ပြိုင်နက် သူ စိတ်ပူနေသောအကြောင်းကို ဂလူယက်ထံမှ ကြားသိရတော့မည်ဟု တွေးကာ ဝမ်းသာနေသည်။

"သင့်ငါးမွေးတဲ့ရုံ ဘာဖြစ်လို့လဲ"ဟု ဂလူယက်က လူဗာကို မေးသည်။ ပြီးလျှင် ဂလူယက်သည် လူဗာအား လေးစားစွာပြုံး၍ နှုတ်ဆက်သည်။ ဂလူယက်သည် တည်ကြည်၍ စည်းကမ်းရှိသူဖြစ်သည်။

"ငါးမွေးတဲ့ရုံက အရေးမကြီးပါဘူး။ သင်နဲ့ငါနဲ့ နှစ်ယောက်တည်း စကား ပြောချင်လို့ သင့်ကိုခေါ်တာပါ ဂလူယက်"

"စကားပြောချင်လို့လား။ အများကြီး သဘောကျပါတယ်။ လူဗာတို့လို ချော်တဲ့ မိတ်ဆွေတစ်ယောက်နဲ့ စကားပြောရတယ်ဆိုတာ စည်းစိမ်ကြီးတစ်မျိုးပါပဲ"ဟု ဂလူယက်ကပြုံး၍ ပျားရည်လောင်းသည်။ ဂလူယက်က ရယ်စရာမဟုတ်သောကိစ္စကို ပျားရည်လောင်းကာ ပြုံး၍ပြောလိုက်သည့်အတွက် လူဗာသည် စိတ်မကောင်း။ လူဗာက ဂလူယက် အား ထိုင်ရန်ကုလားထိုင်ကို လက်ညှိုးထိုး၍ပြပြီးလျှင် "ဒီမှာ ဂလူယက်၊

www.burmeseclassic.com

www.burmeseclassic.com



အခုတလောမှာ သင်ဟာ အမူအရာ အများကြီး ပြောင်းလွဲနေတာကို ငါ တွေ့ရတယ်။ ခေါင်းခါမနေပါနဲ့။ ငါက အရမ်းပြောနေတာမဟုတ်ပါဘူး။ သင့်စိတ်ထဲမှာ တစ်ခုခု အနှောင့်အယှက် ဖြစ်နေတာ ရှိပါတယ် မဟုတ်လား။ သင် ဘာကိုကြောက်နေတာလဲ။ ပြောစမ်းပါ။ သင့်အမှုဟာ သင့်ကိုယ်ရေးကိုယ်တာဖြစ်ချင်လည်း ဖြစ်မပေါ့။ အဲဒီလို ဆိုရင်တော့ ငါ့ကိုပြောဖို့ မလိုပါဘူး။ ဒါပေမဲ့ ငါ့စိတ်ထဲကတော့ သင့်အမူအရာ ပြောင်းနေတဲ့အကြောင်းဟာ ဂိုရင်အတွက်နဲ့ ဆိုင်တယ်လို့ထင်တယ်။ ငါက ဂိုရင်ရဲ့ဖခင်ဖြစ်တော့ ဒီကိစ္စကို ငါသိချင်တယ်။ အဲဒါပါပဲ။ သင် သိတဲ့အတိုင်းပဲ ငါကတော့ ပွင့်ပွင့်လင်းလင်းပြောတတ်တယ်။ သင်နဲ့ငါတို့နဲ့ သိကြတာလည်းကြာပြီ။ ဒီတော့ သင်ကလည်း ငါ့လိုပဲ ပွင့်ပွင့်လင်းလင်း ပြောစေချင်တယ်''ဟု ပြောင်ပြောင်ပြောသည်။

ထိုကဲ့သို့ မနှစ်မြို့ဖွယ်ကိုပြော၍ စကားစလိုက်ရပြီးသည့်နောက်အဖို့တွင် လူဗာသည် နေသာထိုင်သာရှိသွားသော အမူအရာဖြင့် သက်မချလိုက်သည်။ ပြီးလျှင် သူ့စိတ်ထဲက ''အခုဆိုရင် ဂလူယုက်ဟာ ငါမေးတာကို ဖြေရတော့မယ်။ ဖြေတယ်ဆိုရင်လည်း အားလုံးရှင်းသွားမှာပဲ''ဟု အောက်မေ့သည်။

သို့ရာတွင် လူဗာသည် အခါနှောင်း၍သွားပြီ။ ဂလူယုက်သည် လွန်ခဲ့သည့် ရက်သတ္တပတ်လောက်က နိုဗီကောက်အကြောင်းနှင့်ပတ်သက်၍ ဂိုရင်ကို သတိပေးဖို့ ကြံမိခဲ့သော်လည်း လူဗာက မေးသည့်အချိန်၌မူ ဂလူယုက်သည် မီးကိုကြောက်သည့် နည်းတူ ထိုအကြောင်းနှင့်ပတ်သက်၍ အရိပ်အမြွက်လောက်ကို ပြောရဖို့ကိုပင် ကြောက်လျက်ရှိ သည်။ ဂလူယုက်သည် ယခင်က သူ့စိတ်ထဲက ဂိုရင်ကိုပြန်ပြောမည်ဟု ကြံစည်မိခဲ့သည်ကိုပင် ပြန်တွေးပြီးကြောက်၍နေသည်။ အကယ်၍ပြောခဲ့မိလျှင် မည်ကဲ့သို့ဖြစ်ကုန်လိမ့်မည်ကိုလည်း ဂလူယုက် စဉ်းစားမိသည်။

ဤသို့အားဖြင့် ဂလူယုက်မှာ နောက်အဖို့တွင် မဟုတ်တာကိုချည်း ပြောရတော့မည်။

သို့ရာတွင် သူသည် ဟန်အလုပ်ကောင်းသူမဟုတ်။ မျက်နှာအထားတတ်သူလည်း မဟုတ်။ ဤနည်းဖြင့် ဂလူယုက်သည် သူ့အတွင်းသန္တာန်တွင် နာကျင်သော ဝေဒနာ ခံစားနေရသည့်ပမာ မျက်စိကို မှိတ်တုတ်မှိတ်တုတ်လုပ်ပြီးလျှင် ''စိတ်လည်းမပူပါနဲ့ လူဗာ။ ငါ အမူအရာပြောင်းလဲနေတယ်ဆိုတာဟာ သင် ဘာကိုဆိုလိုတယ်ဆိုတာ ငါ မသိပါဘူး။ ငါ့ဟာငါတော့ အမူအရာပြောင်းလဲနေတယ်လို့ မသိပါဘူး။ အင်း... ဒါပေမဲ့ လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ကိစ္စတွေအတွက်တော့ ငါ့စိတ်ဟာ အနှောင့်အယှက် ဖြစ်ချင်ဖြစ်နေစရာရှိပါတယ်။ အဲဒီကိစ္စတွေဆိုတာက တခြားမဟုတ်ပါဘူး။ ငါ့အစီရင် ခံစာအကြောင်းရယ်၊ ပညာကျော်အဖွဲ့က မီနိုယန် ထွက်သွားတဲ့အကြောင်းရယ်ပါပဲ။ တခြား အကြောင်းမဟုတ်ပါဘူး။ အဲဒီအကြောင်းတွေဟာ ဂိုရင်နှင့် ဘာမှမဆိုင်ပါဘူး'' ဟုပြောသည်။

ဂလူယုက်က စကားဆက်၍မပြော။ လူဗာက တိတ်ဆိတ်စွာ ဂလူယုက်ကို ကြည့်နေသည် ထို့နောက် တဖြည်းဖြည်းနှင့် လူဗာ၏မျက်နှာသည် နီ၍လာသည်။



လူဗာက ဂလူယုက်အစား ရှက်သည်။ သူ့မိတ်ဆွေကောင်း ဂလူယုက်သည် မဟုတ်တာကို ပြောနေသည်။ ပြောပုံကလည်း နည်းနည်းမှမသေသပ်။ ဂလူယုက်၏ မျက်စိကျဉ်းကျဉ်းလေးနှစ်ခုသည် လူဗာ၏မျက်နှာကို မကြည့်ရဲသဖြင့် တခြားသို့လွှဲကြည့်နေသည်ကို လူဗာက ပထမအကြိမ် ဂရုပြုမိသည်။ ဂလူယုက်၏ လည်ချောင်းပုတိုကလေးများသည် တုန်၍နေသည်။ ''ဂလူယုက်ဟာ အများကြီးသနားစရာကောင်းတာပဲ''ဟု လူဗာက ရုတ်တရက် တွေးမိသည်။ ပြီးလျှင် သူ့စိတ်ထဲက တွေး၍ပူပန်နေခြင်းများ မှန်နေသည်ကိုလည်း လူဗာသိရသည်။ လူဗာက ပန်းခြံဘက်ကိုငေး၍ကြည့်ပြီး ''သင်နဲ့ဂိုရင်နဲ့သိတာ ဘယ်နှနှစ်လောက်ရှိပြီလဲ''ဟု မေးသည်။

ဂလူယုက်က ''အနှစ်သုံးဆယ်ကျော်လောက်တော့ ရှိရောပေါ့။ ငါလည်း သေသေချာချာမမှတ်မိဘူး''ဟု ပြောသည်။

''အဲဒီအနှစ်သုံးဆယ်အတွင်းမှာ ဂိုရင်က သင့်ကို တစ်ခါတလေတောင်ပဲ မဟုတ်တာကိုပြောဖူးသလား''ဟု လူဗာက မေးသည်။

ဂလူယုက်သည် ထိုင်ရာမှ ဖြန့်းခနဲထလိုက်သည်။ သူ့မျက်နှာမှာ မတရား အပြောခံရ၍ စိတ်ဆိုးနေဟန်မျိုးဖြစ်သည်။ သူ၏ဂုဏ်သရေသည် ပျက်၍သွားပြီ။ ''ဒီမှာ လူဗာ သင် ဆိုလိုတာက ငါဟာ''ဟု ဂလူယုက်က ပြော၍စကားမဆုံးမီ လူဗာက ''ဟုတ်တယ်။ ငါ ဆိုလိုတာက သင်ဟာ လိမ်နေတယ်လို့ဆိုလိုတယ်။ ပြီးတော့ အဲဒီလို လိမ်တာတောင်မှပဲ သင်လိမ်ပုံက ပိပိရိရိမရှိဘူးလို့ ငါ ဆိုလိုတယ်။ ပြီးတော့ အဲဒီလိုလိမ်နေတဲ့အတွက် တခြားလူကို ဒါလောက်မထိခိုက်ဘဲနှင့် သင့်စိတ်ကို အများကြီး ပြန်ထိခိုက်နေတယ်။ ဘာကြောင့် ဒီလိုဖြစ်ရတယ်ဆိုတာတော့ ငါ မပြောနိုင်ဘူးပေါ့။ ဒါကြောင့် သင်ဟာ သင့်ဝမ်းထဲက မလိမ်ချင်ဘဲနဲ့ လိမ်နေတယ်လို့ ငါ ဆိုချင်တယ်''ဟုပြောသည်။

လူဗာပြောသော စကားများသည် ဂလူယုက်၏ မျက်နှာဖုံးကိုဆွဲ၍ ချွတ်ပစ်လိုက်သည်နှင့်တူသည်။ ပရိယာယ်မျက်နှာဖုံးကျွတ်သွားသဖြင့် ဂလူယုက်၏မျက်နှာမှာ သနားစဖွယ် ညှိုးညှိုးငယ်ငယ်ဖြစ်နေကြောင်း ပေါ်လာ၏။

''ဒီလိုမပြောပါနဲ့လူဗာ။ ဒီလိုမပြောပါနဲ့။ ငါ့အကြောင်းကို သင်လည်း သိသားပဲ။ ဒီလို အထင်ခံရတာဟာ''ဟု ဂလူယုက်က စကားမဆုံးခင် ရပ်လိုက်ပြီး သူ့မျက်နှာကို သူ့လက်ဝါးနှင့်အုပ်ကာ အသံထွက်အောင်ငိုသည်။

လူဗာက သနားလာပြီး ပညာကျော်ဂလူယုက်အနားသို့သွား၍ သူ့မျက်နှာကို အုပ်ထားသော လက်များကိုဖယ်လိုက်သည်။ ဂလူယုက်မှာ အငိုမတိတ်သေး။ မျက်ရည်များသည် သူ့နှာခေါင်းသေးသေးကလေး၏ ဘေးတစ်ဖက်တစ်ချက် ပါးစုန့်နှစ်ခုပေါ်သို့ စီးကျနေသည်။

''ဂလူယုက် ဘာလို့ကိုယ့်ကိုယ်ကိုယ် အဆင်းရဲခံနေရသလဲ။ မှန်တဲ့အတိုင်း ငါ့ကို ပွင့်ပြောပါ''ဟု လူဗာက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂလှုယှက်က ဘာမျှပြန်မပြော။ ''နောက်တစ်ခါ ထပ်မေးရင်တော့ ငါ ပြောမိတော့မှာပဲ''ဟု အောက်မေ့ပြီးလျှင် ဂလှုယှက်သည် အားငယ်၍လာကာ ခြေထောက်များ တုန်နေသည်။ ပြီးလျှင် ''ဖွင့်ပြောလိုက်တာပဲကောင်းပါတယ်။ နီဗီကောက်အကြောင်းကို သတိမပေးရင် ငါ အဆိုးဖြစ်နေမယ်။ နီဗီကောက်နာမည် တစ်ခုတည်း ပြောလိုက်ရင်လည်း ပြီးတာပဲ။ အို ဘုရား ဘုရား ငါ ဘယ်လိုလုပ်ရပါ''ဟု ဂလှုယှက်စိတ်ထဲတွင် မချိနိုင်မချနိုင် ဖြစ်နေသည်။

''ပြောမှာပြောပါ ဂလှုယှက်ရဲ့''ဟု လူဗာက ခပ်ကျယ်ကျယ်ကြီး ထပ်၍ ပြောသည်။

ဂလှုယှက်က လူဗာအား ဘေးမကင်းသောစကားကို တိုးတိုးတိတ်တိတ် ပြောလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သောအခိုက်တွင် မျက်နှာနီနီနှင့် အစေခံကလေး တစ်ယောက်သည် ရေလောင်းကရားကိုင်၍ သူတို့နှစ်ယောက်အနားသို့ ရောက်လာသည်။

''ဟော့ ဘာလိုချင်သလဲ''ဟု လူဗာက စိတ်ဆိုးသံနှင့်မေးသည်။

''ပန်းအိုးတွေ ရေလောင်းမလို့ပါ''ဟု အစေခံကလေးက ပြောသည်။

''တံခါးကိုမခေါက်ဘဲနှင့် အခန်းထဲကိုဝင်မလာနဲ့ဆိုတာ သင်တို့ကို ငါ ဘယ်နှခါ ပြောရမလဲ။ သွား''ဟု လူဗာက ငေါက်လိုက်သည်။

''စိတ်မရှိပါနဲ့။ သင်တို့ ဒီမှာရှိမှန်း ငါ မသိလို့ပါ''ဟု အစေခံက လူဗာနှင့် ဂလှုယှက်တို့ မျက်စိပျက်ပျက် မျက်နှာပျက်ပျက် ဖြစ်နေသည်ကိုကြည့်၍ပြောပြီး ထွက်သွားသည်။

လူဗာသည် အစေခံကိုစိတ်ဆိုးသော အမူအရာဖြင့် မျက်လုံးကြီးများကို ပြူး၍ကြည့်ပြီး တံခါးကိုဆွဲ၍ပိတ်လိုက်သည်။ ပြီးလျှင် တံခါးဝမှနေ၍ ဂလှုယှက်အား ''ပြောပါ ဂလှုယှက်ရဲ့ ပြောပါ''ဟု တိုက်တွန်းသည်။ သို့ရာတွင် လူဗာ၏တိုက်တွန်း ချက်မှာ အချည်းနှီးသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဂလှုယှက်သည် သတိပြန်ရ သွားပြီဖြစ်သောကြောင့်တည်း။

''လူဗာ စိတ်မရှိပါနှင့်။ ငါ သွားပါရစေတော့။ ငါ မောပန်းနေပါတယ်။ ပြီးတော့ ငါ့စိတ်တွေလည်း ကယောင်ချောက်ချားဖြစ်နေပါတယ်။ ငါဟာ အသက် ကလည်းကြီးလာပြီ။ ဒါကြောင့်လည်း ငါ မျက်ရည်ကျမိတာပဲ။ ငါ့ကို အထင်မလွဲ ပါနဲ့''ဟု ဂလှုယှက်က လူဗာ မျက်နှာကိုမကြည့်ဘဲနှင့် ကမန်းကတန်းပြောသည်။

လူဗာက အမှတ်မထင် ခေါင်းညိတ်လိုက်သည်။ လူဗာသည် ဂလှုယှက်က မပြောသော်လည်း ဂလှုယှက်ပြောမည်လောက်ထက် အများကြီးပို၍နားလည်သည်။ လူဗာသည် ဂလှုယှက်အား နှုတ်မဆက်ဘဲ သွားခွင့်ပြုလိုက်သည်။ ပြီးလျှင် သူ ကိုယ်တိုင်လည်း အင်မတန်ချမ်းသာသောနှလုံးဖြင့် အိမ်ပေါ်သို့ တက်သွားသည်။

ဂလှုယှက်သည် သူ့နဖူးပေါ်က ချွေးသီးကြီးများကို သုတ်ပြီးလျှင် သက်မ ကြီးချ၍ ''အမယ်လေး ကံကောင်းလို့။ ငါ ဒုက္ခရောက်တော့မလို့''ဟု ငြီးသည်။



ထို့နောက် ထိုအချိန်ကစ၍ ဂိုရင်တို့အိမ်တွင် သိရခက်သည့်ကိစ္စကြီးတစ်ခု ပေါ်လာပြီးလျှင် ထိုကိစ္စကြီးကို ဂလှုယှက်မှတစ်ပါး မည်သူမျှ ဖြေဖျက်နိုင်မှာ မဟုတ်ဘူးဟု လူဗာနှင့်တကွ ဂိုရင်ကပင်လျှင် ထင်ချင်ထင်၍နေလိမ့်မည်ဟု ဂလှုယှက်တွေး ၍ကြောက်သည်။ ထိုအချိန်ကစ၍ အားလုံးအခြေအနေ တစ်မျိုးပြောင်း၍သွားပြီး မပြေ မပြစ်ဖြစ်မှုများသည် ပို၍ဆိုးဆိုးလာပြီးလျှင် နောက်ဆုံးတွင် အရှက်တကွဲအကျိုးနည်းပင် ဖြစ်စရာလမ်းရှိသည်ကိုလည်း ဂလှုယှက် သဘောပေါက်သည်။ ဂလှုယှက်သည် အခိုက် အတန့်အားဖြင့် တစ်ခဏတာမျှ စိတ်သက်သာရာရသော်လည်း စင်စစ်အားဖြင့် သူ့စိတ်မှာ ပို၍မချမ်းမသာဖြစ်၍နေသည်။ ဂလှုယှက်သည် သူခိုးတစ်ယောက်ပမာ ဟိုကြည့် သည်ကြည့်ကြည့်ပြီးလျှင် ဂိုရင်၏အခန်းထဲသို့ ခိုးကြောင်ခိုးဝှက်နှင့် ဝင်သွားသည်။

''ငါလည်း ဘယ်လိုဖြစ်လို့ ဒါလောက် သတ္တိကြောင်ပြီး တုန်လှုပ်ချောက် ချားနေရတယ် မသိပါဘူး။ အို ဘုရားသခင် ငါ့ကို ကယ်တော်မူပါ။ ငါ့ကို ဆင်းရဲအောင် မလုပ်ပါနဲ့''ဟု ဂလှုယှက်က သူ့ကိုယ်သူ အားပေးသည်။

နီနာနှင့် နီဗီကောက်တို့ ဥယျာဉ်ထဲက ပြန်လာကြသောအခါ ဂိုရင်မှာ တစ်ရေးဝဝ အိပ်လိုက်ရပြီဖြစ်သဖြင့် စိတ်ရွှင်ပျလျက်ရှိသည်။ ''သင်တို့ ဥယျာဉ်ထဲမှာ ပျော်ခဲ့ကြရဲ့လား ဟေ့''ဟု ဂိုရင်က မေးသည်။

''ပျော်ခဲ့ပါတယ် ဖေဖေ။ နီဗီကောက်ကို သစ်ပင်မြင့်မြင့်ကြီးတွေနားက ရေအိုင်ကို ငါ လိုက်ပြတယ်။ အဲဒီမှာ ချိပ်ရောက်လည်း ပုစွန်လုံးနှိုက်နေတယ်''ဟု နီနာက ပြောသည်။

''ဒီလိုဆိုရင် ကောင်းတာပေါ့ကွာ''ဟု ဂိုရင်ကပြောသည်။ ပြီးလျှင် နီဗီကောက်သည် သူပေးထားသော မှတ်စုများကို စားပွဲပေါ်တွင် စက္ကူဖိနှင့် ဖိ၍ထား သည်ကိုမြင်သဖြင့် မျက်စောင်းထိုး၍ ကြည့်နေသည်။ ထိုအခါ ဂိုရင်က ''သင့်မှတ်စုတွေ ကို ငါ ဖတ်ပြီးပါပြီ။ ငါ အများကြီး သဘောကျပါတယ်။ ဒါပေမဲ့ ငါ့ဆီမှာပဲ ထားခဲ့ ပါဦး။ တချို့အပိုင်းတွေကို ငါ သေသေချာချာ ပြန်ဖတ်ကြည့်ချင်သေးတယ်။ နောက် အေးဆေးကျမှပဲ ငါတို့ ဆွေးနွေးကြသေးတာပေါ့။ ငါ့ဆီကိုလည်း သင် အချိန်မရွေး လာနိုင်ပါတယ်။ ဘာမှ အားနာမနေပါနဲ့'' ဟု ပြုံး၍ပြောသည်။

နီဗီကောက်က သူဝမ်းသာသွားသည့်အကြောင်းကို ပေါ်မသွားအောင် ခဲခဲ ယဉ်းယဉ်းနှင့် သူ့ကိုယ်သူ ချုပ်တည်းထားပြီးလျှင် ''ကြောက်စရာအီဗန်ဘုရင်က ဗင်လယ်ကမ်းခြေရောက်အောင် နယ်ချဲ့သွားသည့်အကြောင်းနဲ့ပတ်သက်ပြီး ငါ ရေးထား တာကို သင် ဘယ်လိုသဘောရသလဲ။ အဲဒီအကြောင်းကတော့ အရင်က ဘယ်သူမှ မရေးကြသေးဘူး'' ဟု ပြောသည်။

''ဟုတ်တာပေါ့။ ပြီးတော့ စိတ်ဝင်စားစရာလည်း အများကြီးကောင်းပါ တယ်'' ဟု ဂိုရင်က နီဗီကောက်ဆိုလိုသည့် အဓိပ္ပာယ်ကို မသိဘဲနှင့်ပြောသည်။ ပြီးလျှင် သိသိသာသာကြီးမပြုံးမိစေရန်အတွက် ဂိုရင်သည် သူ့နှုတ်ခမ်းမွေးစကို တလှုပ်လှုပ်နှင့်ဝါး၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



နီဗိကောက်သည် သူနေသော ဗုဒ်နီနီလမ်းသာသို့ ညဉ့်နက်မှပြန်သွားသည်။ သို့ရာတွင် သူသည် မောပန်းညောင်းညာခြင်းမဖြစ်။ နီဗိကောက်သည် နီနာ့ကြောင့်ရော၊ ဂိုရင်ပြောသည့် စကားများကြောင့်ရော ထိုမှတစ်ပါး သူမြင်ခဲ့တွေ့ခဲ့ရသမျှ အရာများ အားလုံးကြောင့်ရော ဝမ်းလည်းသာ၍ စိတ်လည်းမကောင်းဖြစ်လျက်ရှိသည်။

နီဗိကောက်သည် အိပ်ရာဝင်ခါနီး၍ အဝတ်အစားလဲသောအခါ သူ့အင်္ကျီ လက်ပေါ်တွင် ဆံပင်ချည်ကလေးတစ်မျှင်ကိုတွေ့သည်။ ပြီးလျှင် ပြုံး၍ ဆံပင်ချည် ကလေးကိုဖယ်ရှားလိုက်သည်။

"ဒီဆံပင်ချည်ကလေးဟာ ငါ့ရှပ်အင်္ကျီပေါ် ဘယ်လိုရောက်လာပါလိမ့်။ ဪ… သိပြီ သိပြီ။ ရေအိုင်နားမှာ ငါ လျှောင်းနေတုန်းက သူ့နားမှာ ငါ ကပ်ပြီး လျှောင်းတာကို" ဟု နီဗိကောက်က သူတစ်ယောက်တည်းပြောသည်။ ပြီးလျှင် "သူငယ်ချင်း နီဗိကောက် သင်ဟာ ပြောပြောလာပြီနော်။ သင့်အလုပ်က ဒီလိုပြောလို့ မဖြစ်ဘူး။ သို့သော် ဘာလို့ပြောလို့ မဖြစ်ရမှာလဲ" ဟု ဆက်၍ပြောသည်။

ထိုညတွင် နီဗိကောက်သည် တော်တော်နှင့် အိပ်မပျော်နိုင်သဖြင့် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ် ညှိ၍သောက်သည်။ သို့ရာတွင် သူ အိပ်မပျော်ခြင်းမှာ သူ့အလုပ်ကို စဉ်းစားနေ၍ သူ့မှတ်စုအကြောင်း စဉ်းစားနေ၍မဟုတ်။ သူ၏မှိတ်မရသောမျက်စိ ထဲတွင် နုနယ်သော ဘေးစောင်းရုပ်ပုံကလေးကိုမြင်၍ သူ၏ခက်ထန်သောနှလုံးတွင် မှုမမှန်သော အက်ကြောင်းများ ပေါ်လျက်နေသောကြောင့်ဖြစ်သည်။ ဒေါင်းမြစ်ကမ်းက မြက်ခင်းကြီးများသည် ဇူလိုင်လတွင် မိုးရေကိုတောင့်တ၍နေကြသည့်နည်းတူ သူ၏ နှလုံးသည်လည်း လုံမပျိုတစ်ဦး၏ အချစ်ရေစင်ကို တောင့်တလျက် ရှိသည်။

※※※

အခန်း-၇

ပရဗ္ဗဒါသတင်းစာရေးသမျှကိုသာ ယုံရမည်ဆိုလျှင် မျက်စိကုပါမောက္ခ ဗိလာတောက် ကု၍မပျောက်သော လူနာဟူ၍တစ်ယောက်မျှမရှိ။ ဗိလာတောက် စွန့်စွန့်စားစား ခွဲစိတ်ကုပေးသူ မျက်စိဝေဒနာရှင်မှန်သမျှသည် အလင်းကို ပြန်၍ရကြ သည်ချည်းဖြစ်သည်။

ဗိလာတောက်သည် သမားကောင်းတစ်ယောက်ဖြစ်သည်မှာ မှန်သည်။ သို့ရာတွင် ပရဗ္ဗဒါသတင်းစာက ပြောသလောက်မဟုတ်။ ဟုတ်နိုင်ဖို့လည်း မဖြစ်နိုင်။ သူသည် အခြားနာမည်ကျော် ဆေးသမားများကဲ့သို့ပင် တစ်ခါတစ်ရံလည်း လူနာကို ပျောက်အောင်ကုနိုင်၍ တစ်ခါတစ်ရံလည်း ပျောက်အောင်မကုနိုင် ဖြစ်သည်။ သူ ပျောက်အောင်မကုနိုင်သော လူနာတစ်ယောက်မှာ အန်ဒရေဲဖြစ်သည်။

တက္ကသိုလ်ကျောင်းသား အန်ဒရေ၏ ညာဘက်မျက်စိမှာ ဆေးကု၍ ရတော့မည် မဟုတ်သည်ကို သမားကျော်များမှသာမဟုတ်၊ မည်သည့်ဆေးသမားမဆို သိနိုင်သည့်သာ ဖြစ်သည်။ ဒဏ်ရာမှာ အင်မတန်ပြင်း၍ ဆေးကုကလည်း အင်မတန် နောက်ကျသည်။ ဗိလာတောက်သည် အန်ဒရေ၏ မျက်စိကဒဏ်ရာကို ဘယ်နည်း ဘယ်ပုံရသည့်အကြောင်းကိုလည်းကောင်း၊ မျက်စိဒဏ်ရာရလျှင်ရချင်း မည်သည့် အတွက်ကြောင့် ဆေးကု၍မပေးသည့်အကြောင်းကိုလည်းကောင်း စုံစမ်း၍မကြည့်။ မော်စကိုမြို့တော်၌ ဗိလာတောက်ကို လေးစားကြခြင်းမှာ ခွဲစိတ်ကုသသည့်ဘက်တွင် ကျွမ်းကျင်၍လည်းတစ်ကြောင်း၊ နှုတ်လုံ့ရမည့်ကိစ္စတွင် ကျွမ်းကျင်စွာ ရေငုံနေတတ်၍ လည်းတစ်ကြောင်းဖြစ်သည်။ ဗိလာတောက်သည် အန်ဒရေ၏လက်ဝဲဘက် မျက်စိ ပျက်မသွားအောင်တော့ ကု၍ပေးနိုင်သည်။ ထိုမျက်စိမှာ ဒဏ်ရာရသည့်အချိန်ကစ၍ ဒဏ်ရာ၏ပြင်းထန်သော အရှိန်ကြောင့် အလင်းကွယ်သွားသည်။

လီဒါက နီနာကိုအဖော်ခေါ်၍ ဆေးရုံ၌ အန်ဒရေကို သွားကြည့်သောအခါ အန်ဒရေမှာ မျက်လုံးနှစ်ဖက်စလုံးကို ပိတ်၍ကြပ်စည်းထားသည်ကို တွေ့ရသည်။ ထိုအချိန်တွင် ဗိလာတောက်မှာ စစ်ဘက်ဆရာဝန်တစ်ယောက်ကို တာဝန်လွှဲအပ်ထားခဲ့ပြီး အိုဒက်ဆာမြို့သို့ ပြန်သွားပြီ။

"သင်တို့ ကြာရှည်မနေကြပါနှင့်နော်။ လူနာက လှုပ်ရှားလို့မဖြစ်သေးပါဘူး။ လှုပ်ရှားရင် ရောဂါတိုးလာလိမ့်မယ်" ဟု သူနာပြုမက လီဒါတို့ကိုပြောသည်။

လီဒါစိတ်ထဲက "အခုတော့မှ သူတို့က စိတ်ပူနေလိုက်ကြတာ။ လွန်ခဲ့တဲ့ ၃နှစ်ရက်လောက်တုန်းကတော့ သူတို့ပဲန်စော်တဲ့ အလုံထောင်ခန်းထဲမှာ ချုပ်ထားကြ တယ်" ဟု အောက်မေ့သည်။

အိုးလိတ်မှာ ကာလဝိပါတ်နောက်ပိုးတက်၍ "ဆေးရုံသို့ ရောက်နေသည့်အ တွက် လီဒါသည် စိတ်အနည်းငယ် သက်သာရာရလျက်ရှိသည်။ ရောက်စတောက်မြို့၏ မျက်နှာပေါ်ကအနာကြီးဖြစ်သော အိုးလိတ်မှာ တစ်ခဏတာအားဖြင့် မေ့မှိန်လျက်ရှိ သည်။ အိုးလိတ်မှာ အတွင်းကြေကြေ၍ နံရိုးများ ကျိုးသောဒဏ်ရာဖြင့် ဆေးရုံသို့တက် ရသည်မှာ ရက်သတ္တပတ်ရှိ၍သွားပြီ။ သူ့ကို မည်သူမည်ဝါက ရိုက်သည်ဟု ရောက်စတောက်တစ်မြို့လုံး မည်သူမျှမသိ။ အိုးလိတ်၏အဖေ ဒူရောက်အား မိုလောက် သတင်းစာက အားပေးစကားရေးသည်။ "ပြည်သူတို့၏ ရန်သူများက သင့်အား မျောက်လှန့်ရန်သဘောဖြင့် ယုတ်ယုတ်မာမာ ကြံစည်ကြခြင်းသည် အချည်းနှီးသာဖြစ် လိမ့်မည် (နေရှင်)လူတန်းစားရန်သူများက မည်မျှလောက်ပင် အမျက်သိုကြသော်လည်း သင်၏ သံမဏိစိတ်ဓာတ်ကို ဖြိုခွဲနိုင်ကြလိမ့်မည်မဟုတ်။ ဆိုရှယ်လစ်ဝါဒတွင် တပ်ဦးကချီလျက်ရှိသော အို ရဲဘော်ဒူရောက် ရောက်စတောက်ရှိ အလုပ်သမား များက သင့်သားအိုးလိတ် မြန်မြန်ကျန်းမာ၍လာစေရန်နှင့် သင် ကျန်းမာရွှင်လန်း ဖြူစင်သောစေတနာဖြင့် ဆုတောင်းလျက်ရှိကြပါသည်" ဟု မိုလောက် သတင်းစာက မင်ရည်ကိုဖောဖောကြီးသုံး၍ မျက်ရည်ခံထိုးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကွန်မြူနစ်ပါတီဝင် အချင်းချင်းထဲတွင်မှ အိုးလိတ်အရိုက်ခံရသည်မှာ ဆီဒိုရောက်၏စနက်ဖြစ်သည်ဟု တီးတိုးပြောနေကြသည်။ ဆီဒိုရောက်သည် အင်မတန်စိတ်တိုသူတစ်ယောက်ဖြစ်သည်ကို လူတိုင်းသိကြသည်။ သူ့သမီး လီဒါကို ပွေ့၍ခေါ်သွားစဉ်က ဆီဒိုရောက်၏မျက်နှာကို မြင်လိုက်ရသူမှန်သမျှသည် အကယ်၍ ဆီဒိုရောက်က အိုးလိတ်အပေါ်၌ လက်စားချေချင်လျှင် သူများကို တစ်ဆင့်ခိုင်း၍နေမည့်သူမဟုတ်ဘဲ သူကိုယ်တိုင် ချေမည့်သူဖြစ်သည်ကို သိကြမည်သာဖြစ်သည်။ အိုးလိတ်အရိုက်ခံရသည်ကို လူတိုင်းဝမ်းသာကြသည်။ မိုလောက်သတင်းစာမှ ဒူရောက်သို့ဝမ်းနည်းစကားရေးလိုက်သော သတင်းစာဆရာသည်ပင် ဝမ်းသာသည်။

"ဘယ်နည်းနဲ့မဆို ငါတော့သေမှာပဲ"ဟု အန်ဒရေက လီဒါကိုပြောသည်။ သူပြောသည့်စကားမှာ အင်မတန် သေချာလှသဖြင့် အန်ဒရေသည် ရှေ့ရေးကိုမြင်သကဲ့သို့ပင် ထင်ရသည်။

"ဘာလို့ဒီလိုပြောရတာလဲ အန်ဒရေ"ဟု လီဒါက မေးသည်။ လီဒါ၏မျက်လုံးများတွင် မျက်ရည်များဝဲ၍လာသည်။ ပြီးလျှင် လီဒါက "သင် သေမယ်ဆိုတာက ဘယ်လိုသေမှာကိုပြောတာလဲ အန်ဒရေ။ ဆရာဝန်တွေက သင့်မျက်စိဟာ မကြာခင်ပြန်ကောင်းသွားလိမ့်မည်လို့ ယုံကြည်နေကြတယ်။ အခုဆိုရင်လည်း စိုးရိမ်ရတဲ့အခြေအနေကို လွန်လာပြီပဲဟာ။ ဪ...ဒါထက် အိုးလိတ်ကို ငါ လက်စားချေလိုက်ပြီ။ အခု သူဟာ အရိုက်ခံရတဲ့ဒဏ်ရာနဲ့ ဒီဆေးရုံမှာပဲရောက်နေတယ်။ သူ့ဒဏ်ရာဟာ သက်သာမလား မသက်သာဘူးလားဆိုတာကို မပြောနိုင်သေးဘူး။ သူ့အခြေအနေဟာ အတော်ပဲ စိုးရိမ်စရာရှိနေသေးတယ်"ဟု ပြောသည်။

"ငါ သူ့အကြောင်းကို မစဉ်းစားပါဘူး။ ငါ သူ့အကြောင်းကို မစဉ်းစားပါဘူး" ဟု အန်ဒရေက ဖြည်းညင်းစွာပြောသည်။ ပြီးလျှင် ရုတ်တရက် သူ့စိတ်ထဲက စဉ်းစားနေသော အရာကို ဆက်၍စဉ်းစားသည့်ပမာ "သင့်မိတ်ဆွေ စကားပြောသံလည်း မကြားရပါလား။ သင့်မိတ်ဆွေဟာ တော်တော်ချောသလား"ဟု မေးသည်။

ထိုသို့ မေးလိုက်သောအခါ လီဒါသည် အံ့အားသင့်၍သွားသည်။ ပြီးလျှင် လီဒါက "ချောတာမှ တော်တော့်ကိုချောတယ်"ဟု ပြောသည်။

"သင့်ထက်ပဲ ချောသေးသလား"

"ငါ့ထက် အပုံကြီးချောတာပေါ့။ ဒါထက် သင် ဘာလို့ဒီလိုမေးတာလဲ"

"သင့်မိတ်ဆွေကို ငါ့နား လာစမ်းပါလို့ ပြောလိုက်ပါ"

လီဒါက ကြောက်လန့်သွားသော အမူအရာဖြင့် နီနာကိုကြည့်သည်။ နီနာသည် အန်ဒရေ၏ ခုတင်နားသို့ သွက်လက်စွာသွား၍ စောင်၏အပြင်ထွက်နေသော အန်ဒရေ၏ လက်ကို ဖြည်းညင်းစွာ ကိုင်လိုက်သည်။ နီနာ၏ လက်များမှာ တုန်၍နေသည်။

"သင့်မျက်နှာကို ငါ့ဘက်သို့ တစ်ဆိတ်ကုန်းလိုက်ပါ။ အဲ...အဲ... ဟုတ်ပြီ ဟုတ်ပြီ"ဟု ပြောပြီးလျှင် အန်ဒရေသည် နီနာ၏မျက်နှာကို စမ်းကြည့်သည်။ ပြီးလျှင်



"ဟုတ်တယ်။ ဟုတ်တယ်။ သင့်မျက်နှာဟာ အပုံကြီးလှတယ်။ ဒါပေမဲ့ ဟိုမျက်နှာက အပုံကြီးပိုလှတယ်"

"နေပါဦး အန်ဒရေ ဘယ်မျက်နှာလဲ။ ဘယ်သူ့ကို သင် ပြောနေတာလဲ"ဟု လီဒါက တုန်တုန်ယင်ယင်နှင့်မေးသည်။

အန်ဒရေသည် လီဒါမေးသည်ကိုမဖြေဘဲ သူ့ခေါင်းအုံးပေါ်သို့ ပြန်လှဲချလိုက်သည်။ ပြီးလျှင် "နီနာ ငါ့ကိုစကားတစ်ခွန်းလောက် ပြောစမ်းပါ"ဟု ဆိုသည်။

"သတိထားပါ။ သင့်စိတ်ကို မချောက်ချားပါစေနဲ့"ဟု နီနာက ချိုသာစွာပြောပြီးလျှင် ရုတ်တရက်ထ၍ ပြတင်းပေါက်ဆီသို့သွားသည်။

"သင့်အသံဟာ ကြည်လင်ပြတ်သားပါတယ်။ ဒါပေမယ့် ဟိုအသံက ပိုပြီးကြည်လင်ပြတ်သားပြီး ပိုပြီးချိုသာတယ်"ဟု အန်ဒရေ စဉ်းစားရင်းပြောသည်။

နီနာက ပြတင်းပေါက်နားမှနေ၍ "ဒီမှာ လီဒါရေ"ဟု လှမ်း၍ခေါ်လိုက်သည်။ ပြီးလျှင် သူ့မျက်နှာကို သူ့လက်နှင့်စမ်းကြည့်သည်။ သူ့မျက်နှာတွင် သွေးများဆုတ်နေသည်။ ပြီးလျှင် နီနာက "ငါ သိပြီ၊ ငါ သိပြီ။ ကြောက်စရာအားကြီးကောင်းတာပဲ"ဟု ပြောသည်။

"ဘာလဲ ဘာလဲ သင် သိတာက။ ပြီးတော့ ကြောက်စရာကောင်းတယ်ဆိုတာကကော ဘာလဲ"ဟု လီဒါက နီနာပြောသောစကားကို အဓိပ္ပာယ်ပေါက်စေရန် မျက်မှောင်ကြုတ်ကာ စဉ်းစား၍မေးသည်။

"ငါကိုယ်တိုင်ပဲ ရှင်းပြပါမယ်"ဟု အန်ဒရေက ကမန်းကတန်း တုန်တုန်လှုပ်လှုပ် ပြောသည်။ ပြီးလျှင် "ဆန်းတော့တော်တော်ဆန်းတာပဲ။ ငါ့မျက်စိနဲ့သာ မမြင်ရဘူးဆိုရင်တော့ ငါလည်း ယုံမှာမဟုတ်ပါဘူး။ အဲဒီ မိန်းမပျိုကို ငါ အိပ်မက်ထဲမှာတွေ့ရတယ်။ တကယ်ဆိုတော့ ငါ အိပ်မက်မက်တာလည်း မဟုတ်ပါဘူး။ ငါအဖို့မှာ နေ့မရှိပါဘူး။ အကုန်လုံး ညချည်းပါပဲ။ ငါ့ဆီကို အဲဒီမိန်းမပျိုဟာ သုံးကြိမ်လာတယ်။ သူလာတဲ့အခါတိုင်း ငါ့အ...ှင်းစိတ်သန္တာန်မှာ အလင်းရောင်နဲ့ ရှင်လန်းခြင်းပေါ်လာတယ်။ ဒါကို ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ဘူး။ အဲဒီမိန်းမဟာ အို...မှားလို့ မိန်းမကြီးမဟုတ်ပါဘူး။ မိန်းမပျိုပါ။ အသက်တောင်မှရှိလှရင် တစ်ဆယ့်ခြောက်နှစ်လောက်ပဲ ရှိဦးမယ်။ သိပ်သိမ်မွေ့၊ သိပ်စင်ကြယ်၊ သိပ်လှပတာပဲ။ သူ့ကို ငါ ပထမအကြိမ်တွေ့ရတာက ငါ အ...ှောင်ခန်းထဲရောက် သွားပြီး သိပ်မကြာခင်ပဲ တခြားအကျဉ်းသားတွေက ငါ့ကိုပြောကြတယ်။ ဒီအလုံထောင်ခန်းထဲ ရောက်လာတဲ့ လူမှန်ရင် ဘယ်သူမှအသက်နဲ့ပြန်...မထွက်ရဘူးလို့။ အဲဒါနဲ့ ငါတော့သေရတော့မှာပဲဆိုတာသိရပြီးငါဟာ သိပ်ကြောက်သွားတယ်။ ကြောက်တာမှ နည်းနည်းနောနော ကြောက်တာမဟုတ်ဘူး။ ငါ့အသက်ကို ငါ နှမြောလိုက်တာဆို တာလည်း ဘယ်လိုနှမြောတာမှန်းကိုမသိဘူး။ အဲဒီအခိုက်အတန့်မှာပဲ အဲဒီမိန်းမပျိုဟာ ပေါ်လာတယ်။ ဒီတော့ ငါ့ နာတဲ့ကျင်တဲ့ ဝေဒနာတွေဟာ တစ်ခါတည်းပျောက်သွားပြီး သေရမှာကိုတောင် ငါ

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရကောင်းမှန်းမသိတော့ဘူး။ အဲဒီတုန်းက တစ်ခုဆန်းတာက အဲဒီမိန်းကလေးက ငါ့ကို ဘာမျှမပြောဘဲနဲ့ ကြည့်ရုံပဲကြည့်နေတယ်။ အဲဒီလိုသာ ဘာမျှ မပြောတယ်။ သူကြည့်တာက ပြောတာထက်တောင် အဓိပ္ပာယ်ပေါက်သေးတယ်။ သူကြည့်ပုံထဲမှာ မေတ္တာစိတ်ဟာ တစ်ခါတည်းပေါ်နေတယ်။ ညစ်ပတ်ပေရေနေတဲ့ ထောင်ခန်းကလေးဟာ သူ့ရဲ့မေတ္တာစိတ်ကြောင့် အလွန်သာယာတဲ့ နေကြီးထွက်နေသလို ထွန်းလင်းပြီး သေခြင်းဟာလည်း အဆိပ်မရှိတဲ့အဖြစ် ရောက်သွားတယ်''ဟု အန်ဒရေက ဆက်၍ ပြောပြီး အသက်ရှူတန့်သွားသည်။

ပြီးလျှင် အန်ဒရေကဆက်၍ ''ဒုတိယအကြိမ်လာတော့ အဲဒီမိန်းမပျိုက ငါ့ကို စကားနှစ်ခွန်းသုံးခွန်းပြောတယ်။ ဒါပေမဲ့ ဘာတွေပြောတယ်ဆိုတာတော့ ငါ မမှတ်မိဘူး။ သူ့အသံကလည်း တူရိယာအသံလိုပဲ သိပ်သာယာတယ်။ အဲဒီတုန်းက ငါထင်တယ် သူက ငါ့ကို တစ်နေရာလိုက်ဖို့ခေါ်နေတယ်''ဟု ပြောသည်။ ပြီးလျှင် ဆက်၍ ''ငါ့လို ကွန်မြူနစ်ရုပ်ဝါဒစာမေးပွဲကို ဂုဏ်ထူးနဲ့အောင်တဲ့ လူတစ်ယောက်ဟာ တစ္ဆေနဲ့တွေ့ရတယ်လို့ ပြောဖို့လည်းမခက်ပေဘူးမဟုတ်လား''ဟု ပြောပြီးလျှင် ရယ်သည်။ သို့ရာတွင် သူ၏ရယ် ခြင်းမှာ စိတ်ပျော်ရွှင်၍ ရယ်ခြင်းမဟုတ်။ ထို့နောက် အန်ဒရေသည် အလင်းရောင်ကို မြင်ရသည့်ပမာ ပြတင်းပေါက်ဘက်သို့ လှည့်၍ကြည့်သည်။

''တတိယအကြိမ်ကျတော့ သင့်ကို ဘာပြောသွားသလဲ''ဟု နီနာက မေးသည်။

''ဘယ်လိုလဲ သင်က ငါပြောတာကို ယုံနေသလား''ဟု ပြောပြီးလျှင် အန်ဒရေသည်ကျယ်လောင်စွာရယ်သည်။ ပြီးလျှင် ဆက်၍ ''ငါပြောတာကို သင် ယုံလိမ့်မယ်လို့ ငါ မမျှော်လင့်မိဘူး။ တကယ့်ကိုပဲ မမျှော်လင့်မိပါဘူး။ ငါ တစ္ဆေနဲ့ တကယ်တွေ့တယ်လို့ သင် ထင်သလား။ သက်သက် စိတ်ကချောက်ချားတာပါ။ ဒီလို စိတ်ချောက်ပုံမျိုးဟာ အကြောင်းရှိပါတယ်။ အင်မတန်ကြီးတဲ့ဘေးကြီးများနှင့်တွေ့ရတဲ့အခါမှာ ဦးနှောက်ဟာ အင်မတန် ဆန်းကြယ်တဲ့အရာများကို ဖန်ဆင်းတတ်ပါတယ်။ အဲဒါကို သင်က တကယ်မှတ်ပြီး အတည်ပေါက်ကြီးမေးနေတာ ငါ သိပ်ပြီး အံ့ဩတာပဲ။ ရယ်စရာလည်း သိပ်ကောင်းတာပဲ''ဟု ပြောကာ ဟက်ဟက်ပက်ပက် ရယ်သည်။

ပြီးလျှင် အန်ဒရေက ဆက်၍ ''တတိယအကြိမ်မှာ ဘယ်လိုဖြစ်တယ်ဆိုတာကို သင် ဒါလောက်တောင် သိချင်နေရင် ငါ ပြောပြမယ်။ ဒါပေမဲ့ ဒီလိုဖြစ်တာကို အရေးကြီးတယ်လို့ ဘာလို့တော့ ထင်မနေစေချင်ဘူး။ ဒီလိုဖြစ်တာဟာ စိတ်ချောက်ချားလို့ဖြစ်တာ သက်သက်ပါ။ နေ့်းရှူးဖမ်းတာမျိုးပေါ့။ ကိုင်း…ငါ ပြောမယ်။ တတိယအကြိမ်ကျတော့ သူက ငါ့မျက်စိကိုဖွင့်သွားတယ်။ တကယ် ကိုယ်ထိလက်ရောက်ဖွင့်တာကိုပြောတာ မဟုတ်ဘူးနော်။ စကားဥပမာတင်စားပြောတာ။ အဲဒီ မိန်းမပျိုက ငါ့ကို အကြောင်းစုံကို နားလည်အောင် ပြောပြသွားတယ်။ ဘာဆိုလို့ ဘာမျှမကျန်ဘူး။



ဒီတော့မှပဲ ငါလည်း ဘဝရဲ့အဓိပ္ပာယ်ကို ရှင်းရှင်းလင်းလင်းကြီး နားလည်သွားတယ်။ အဲဒီမိန်းမပျိုက တကယ့်အစစ်အမှန်တရားရှင်ဖြစ်တဲ့အတိုင်း ငါလည်း အစစ်အမှန်တရားကို မြင်သွားတယ်။ အယုတ်သဖြင့် ပြောရမယ်ဆိုရင် ငါ အဲသလိုပဲ သဘောရတယ်။ ဒီတစ်ကြိမ်ကျတော့ ငါ သူပြောတဲ့စကားတွေကို တစ်လုံးမကျန် အကုန်လုံး မှတ်မိတယ်။ ဒါပေမဲ့ သင့်ကိုတော့ ငါ ပြန်ပြောမပြနိုင်ဘူး။ သူ့စကားတွေကို ဘယ်သူ့မှ ပြန်ပြောမပြပါဘူးလို့ ငါ ဝန်ခံလိုက်ရတယ်''ဟုပြောသည်။

''သင်က သင့်ဦးနှောက်ကို သင်ပြန်ပြီး ကတိဝန်ခံလိုက်တယ်ဆိုပါတော့''ဟု လီဒါက ပြုံး၍ အန်ဒရေကိုမေးသည်။

အန်ဒရေက ရယ်၍ ''အင်း…ငါ့စကားနဲ့ ငါ့ကို ပြန်မိနေပြီ။ ကိုင်း…ဒီအကြောင်း ဒီတင်ပဲ ထားလိုက်ပါတော့။ ဒီမှာ လီဒါ ငါ့ကို ဒီဆေးရုံကဆင်းရအောင် သင် လုပ်မပေးနိုင်ဘူးလား''ဟု မေးသည်။ အန်ဒရေက ဒီဆေးရုံကဆိုသောစကားကို အင်မတန် မျက်နှာထားတည်တည်ကြီးနှင့် ပြောသည်။

''ဘာလို့ ဒီဆေးရုံက ဆင်းချင်ရတာလဲ။ ဒီဆေးရုံဟာ သိပ်သန့်ရှင်းပြီး သိပ်ကောင်းတာပဲ။ သင့်ကို ဆေးကုပေးနေတဲ့ ဆရာဝန်တွေကဆိုရင်လည်း အကျော်တွေချည်းပဲ။ ရောက်စတောက်မြို့မှာ ဒီဆေးရုံထက်ကောင်းတာ ဘယ်မှာရှိလို့လဲ''ဟု လီဒါက အံ့အားသင့်သော မျက်နှာထားနှင့်မေးသည်။

''ငါပြောတဲ့အဓိပ္ပာယ်ကို သင် နားမလည်ပါဘူး။ ဒီဆေးရုံဟာ ထောင်နဲ့ ဘာမှ မခြားဘူး။ ငါ့အမေကိုတောင် တွေ့ခွင့်မပေးဘူး''ဟု အန်ဒရေက ပြန်ပြောသည်။

''ဒီကိစ္စကတော့ ဖြစ်နိုင်ဖို့လမ်းမရှိဘူးထင်တယ် အန်ဒရေ၊ သင့်ကို တခြားတစ်နေရာ ပြောင်းပေးဖို့အကြောင်းပြောရင် ဘယ်သူကမှ သဘောတူမှာ မဟုတ်ဘူး''

''ဒါပေမဲ့ စမ်းတော့ကြည့်ဦးပေါ့ လီဒါ''

''ပြီးတော့ ဒီပြင်တစ်ကြောင်းလည်း ရှိသေးတယ်။ ပြောင်းဖို့နေရာကလည်း ခက်သေးတယ်။ သင့်အမေအိမ်ကိုပြောင်းလို့လည်း မဖြစ်ဘူး။ သင့် အမေအိမ်က မြေအောက်ခန်းလည်းဖြစ်တယ်။ ညစ်လည်းညစ်ပတ်တယ်။ ဒီတော့ သင့်အမေအိမ် ပြောင်းဖို့ဆိုတာတော့ စိတ်ကူးမထည့်နဲ့တော့။ ငါ့သဘောအတိုင်းဆိုရင်တော့ ငါတို့ရဲ့ နွေရာသီအိမ်မှာ သင့်ကို ငါထားချင်ပါတယ်။ ဒါပေမဲ့ ငါ့အဖေက စိတ်ဆိုးနေတဲ့ အခါဖြစ်တော့ အဲဒီမှာ သင် ပြောင်းနေဖို့လည်း မဖြစ်နိုင်ဘူး အန်ဒရေ''

''အန္တ အန်ဒရေကို ငါတို့အိမ်မှာ ပြောင်းထားရင်ကော ဘယ့်နှယ်လဲ။ ငါတို့ အိမ်မှာဆိုရင် ကြည့်မယ့်ရှုမယ့်လူတွေလည်း အများကြီးရှိတယ်။ ပြီးတော့ ငါတို့အိမ်သားတွေကို အမြဲဆေးကုပေးတဲ့ ဆရာဝန်လည်းရှိတယ်။ အန်ဒရေအဖို့ဆိုရင် ငါတို့အိမ်ဟာ ဒီဆေးရုံထက်တော့ ဆိုးစရာအကြောင်းမရှိပါဘူး။ ငါ့ သဘောအရတော့ ငါတို့အိမ်ကို ပြောင်းဖို့အကြံဟာ အကောင်းဆုံးပဲထင်တယ်။ ငါ့အဖေကို ငါ အကျိုးအကြောင်းပြောပြရင် ဖြစ်နိုင်ပါတယ်''ဟု နီနာက ဝင်၍ထောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ နီနာ။ ဒီလိုဆိုရင် ငါ့ဝန်ခံချက်ကို ငါဖျက်ပြီး တတိယအကြိမ် တစ္ဆေမကလေးနဲ့ တွေ့တဲ့အကြောင်းကိုထပ်ပြီး ပြောပြသင့်လည်း ပြောပြပါမယ်"ဟု အန်ဒရေက ပြောသည်။

နီနာကရယ်၍ "အဲဒီအကြောင်းကတော့ သိပ်နားထောင်ကောင်းမှာပဲ"ဟု ပြောသည်။

ထိုအခိုက်တွင် သူနာပြုမက တံခါးပေါက်မှလာ၍ "ပြန်ချိန်တော်ပြီ သူငယ်မတို့။ လူနာ နားပါစေဦး"ဟု ပြောသည်။

"ကိုင်း...ပြန်တော့မယ် အန်ဒရေရေ။ မြန်မြန်ပျောက်ကင်းအောင် ကြိုးစားကွ နော်"ဟုပြော၍ လက်ဆွဲနှုတ်ဆက်ပြီးလျှင် လီဒါသည် တံခါးပေါက်ဆီသို့သွားသည်။

"အမေ့ကိုလည်းပြောလိုက်ပါ။ ငါ့အတွက် ဘာမှစိုးရိမ်စရာမရှိဘူးလို့။ ပြီးတော့ စိတ်ပူမနေပါနဲ့လို့လည်း ပြောလိုက်ပါ"ဟု အန်ဒရေက မှာလိုက်သည်။

"စိတ်ချနေပါ။ ပြောလိုက်ပါမယ်"

"ကိုင်း...သွားမယ်နော် အန်ဒရေ။ သင့်ကို မကြာခင် ငါတို့အိမ်မှာ တွေ့ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်"ဟု နီနာက လက်ဆွဲနှုတ်ဆက်ရင်း ချိုသာစွာပြောသည်။

နီနာသည် အခန်းထဲမှထွက်သွားသည်။ သို့ရာတွင် လီဒါသည် အခန်းထဲ၌ နောက်ချန်နေရစ်သည်။ ထိုကဲ့သို့ နောက်ချန်နေရစ်လိမ့်မည်ဟုလည်း အန်ဒရေ တွေးမိသည်။ ပရိယာယ်များသော လီဒါသည် ခြေသံမကြားအောင် ခုတင်နားသို့သွား၍ အန်ဒရေအပေါ်မှ ကုန်းလိုက်သည်။ သို့ရာတွင် သူ၏ လစ်လက်ရေမွှေးနံ့က ဖော်ကောင် လုပ်လိုက်သည်။ အန်ဒရေသည် သူ့မျက်စိများက မမြင်ရသော်လည်း လီဒါ၏ မမေ့နိုင်စရာ ချစ်စရာ စွဲမက်စရာကောင်းသော မျက်နှာကလေးကို စိတ်ဖြင့်တွေး၍ မြင်လျက်ရှိသည်။

"လီဒါရေ...ချစ်သူရေ"

"ဘာလဲကွယ်။ အန်ဒရေရယ်"

"တစ်ဆိတ်"

ထို့နောက် အန်ဒရေသည် သူ့လက်မောင်းနှစ်ဖက်ကိုထောက်၍ သူ့ကိုယ်ကို အနည်းငယ်မလိုက်သည်။ လီဒါက အန်ဒရေကိုကြည့်၍ ရင်ထုမနာဖြစ်သွားသည်။ လီဒါက ချစ်ခြင်းသနားခြင်း ပြည့်ဖြိုးသောကိုယ်စိတ်ဖြင့်

"အန်ဒရေ သင့်ကိုလေ ငါ အပုံကြီး အပုံကြီးချစ်တယ်"ဟု လေသံဖြင့် ပြောသည်။

အန်ဒရေက ဘာမျှပြန်မပြောဘဲ မျက်စိနှစ်ကွင်းအလင်းမရသည့် ဒုက္ခတွင်းမှ ကျေးဇူးတင်ကာ ပြုံးနေသည်။ ပြီးလျှင် ခေါင်းအုံးပေါ်သို့ သူ့ခေါင်းကို ပြန်၍ချအိပ်လိုက်ကာ အသံသဲ့သဲ့ဖြင့် "ငါ နည်းနည်းမောနေတယ်။ မပြန်ပါနဲ့ဦး။ ငါ့ကို တစ်ရှုပ်လောက် နမ်းသွားပါဦး လီဒါ။ ငါတို့နှစ်ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက် တစ်ခါမှ စိတ်တိုင်းကျအောင် မနမ်းကြရသေးဘူး။ ငါပြောတာ စိတ်မဆိုးဘူးနော်"ဟုပြောသည်။



ထိုအခါ လီဒါက အန်ဒရေ၏လည်ပင်းကို ဖက်လိုက်ပြီးလျှင် သူ၏ သွေးပူနေသော နှုတ်ခမ်းများကို ဖိကာဖိကာ စုတ်လိုက်သည်။

"အသက်ရေ"

"ဘာလဲ အချစ်ရဲ့"

သူတို့နှစ်ယောက်သည် နှုတ်, နှုတ်ချင်း၊ နှလုံး, နှလုံးချင်း တီးတိုးချစ်တင်းဆို၍ အချစ်မီးလျှံကို ထိန်လင်းနေအောင် ထွန်းညှိကာ နှစ်ကိုယ့်တစ်စိတ်အဖြစ် ရောက်နေကြသည်။ ထိုအခိုက်တွင် တစ်ခန်းလုံးမှာ ရုတ်တရက် လင်း၍လာသည်။ နေဝန်းကြီးသည် တိမ်တိုက် နောက်ကွယ်မှ ထွက်ပေါ်လာ၍ ပြတင်းပေါက်မှဖြတ်၍ အန်ဒရေ၏ခုတင်ကို အလင်းရောင် ပေးလျက်ရှိသည်။

နောက် ရက်သတ္တပတ်ကြာသောအခါ အန်ဒရေသည် ဂိုရင်၏အိမ်သို့ ပြောင်းလာသည်။ သူ့သမီး၏အလိုကျ ဖြစ်စေလိုသောသဘောဖြင့် ဂိုရင်က အန်ဒရေ ပြောင်းလာဖို့အတွက် အစခပ်သိမ်းကို ချောချောမောမောဖြစ်အောင် စီစဉ်ပေးသည်။

＊＊＊

အခန်း-၈

"ခပ်သွက်သွက်သီချင်းတစ်ပုဒ် တီးစမ်းပါ"ဟု ဆီဒိုရောက်က နီကိုလေကို ပြောသည်။ နီကိုလေသည် သူ့စောင်းကို ကြိုးညှိနေသည်။

"ယူကရိန်းသီချင်း နားထောင်မလား"

"ကောင်းတယ် ယူကရိန်းသီချင်းကို တီးပြပါ"

နီဗီကောက်နှင့် နီကိုလေတို့ ညီအစ်ကိုနှစ်ယောက်သည် ဒါရိုက်တာ ဆီဒိုရောက်၏ နွေရာသီအိမ်သို့ အလည်ရောက်လျက်ရှိသည်။ ဝရန်တာဆောင်တွင် ညစာကျွေးပြီးနောက် ဆီဒိုရောက်က နီဗီကောက်တို့ညီအစ်ကိုအား သူ၏ အပျော်စီး သင်္ဘောသို့ခေါ်၍သွားသည်။ ဆီဒိုရောက်၏ ပြိုင်သင်္ဘောမှာ ဟောင်းသော်လည်း ရွက်ရောစက်ရောတပ်ထားသည့် အလွန်တင့်တယ်သော သင်္ဘောကလေးဖြစ်သည်။ ဆီဒိုရောက်က ဧည့်သည်နှစ်ယောက်အား လက်ဖြင့်ဝေ့၍ သင်္ဘောပေါ်သို့တက်ကြရန် ဖိတ်ကြားလိုက်ပြီးနောက် ရွက်ကိုဖွင့်၍ သင်္ဘောလွှင့်စေသည်။ သင်္ဘောကလေးသည် ရွက်ဖွင့်လိုက်စတွင် အနည်းငယ်စောင်း၍ သွားပြီးနောက် အာဇောက်မြို့တူရှဆီသို့ ငြိမ်ညင်းစွာလေဟုန်ဖြင့်သွားသည်။ နီဗီကောက်တို့ ညီအစ်ကိုနှစ်ယောက်သည် အလွန်သာယာသော ဒေါင်းမြစ်ကမ်းပါးနှစ်ဖက်ကို မြင်ကြရသည်။

သို့ရာတွင် နီဗီကောက်တို့သည် ဒေါင်းမြစ်ကမ်းသာကို ကြာရှည်စွာ ကြည့်ရှု၍မဝကြ။ နေမဝင်ခင်ပင် မမျှော်လင့်ဘဲနှင့် မိုးရွာလာသဖြင့် မော်တော်ကားမောင်း သမားဘီဗန်ကလွဲ၍ ကျန်သူအားလုံး သင်္ဘောခန်းထဲသို့ ဝင်၍ခိုနေကြရသည်။ ဘီဗန် တစ်ယောက်သာ ကုန်းပတ်ပေါ်၌ ကျန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သဘော်ခန်းတွင်း၌ ဆီဒိုရောက်၏ဇနီးနှင့် သမီးလီဒါတို့လည်း ရှိကြသည်။ လီဒါသည် ရွှင်ပျလျက်ရှိသည်။ သူသည် နံနက်ခင်းကပင် ဂိုရင့်အိမ်သို့သွား၍ အန်ဒရေနှင့်တွေ့ခဲ့သည်။ အန်ဒရေသည် ရယ်စရာမောစရာပြော၍ ဆေးရုံတက်နေစဉ်ကထက် အများကြီးပို၍ သက်သာလျက်ရှိသည်။ ထို့ကြောင့်ပင် လီဒါသည် ရွှင်ပျလျက်နေခြင်း ဖြစ်သည်။ ထို့ပြင် လီဒါသည် တက္ကသိုလ်သမိုင်း၌အနှ စာမေးပွဲကိုလည်း လွန်ခဲ့သည့် ရက်သတ္တပတ်ကပင် အောင်မြင်သွားသဖြင့် တာဝန်ကြီးကျသွားပြီး နွေရာသီကျောင်းပိတ် ရက်နှစ်လကို မျှော်ကိုးကာ ရွှင်ပျနေခြင်းလည်းဖြစ်သည်။

"သင်ဟာ စောင်းတီး အတော်ပဲကောင်းတယ်"ဟု ဆီဒိုရောက်က နီကိုလေကို ချီးမွမ်းသည်။ ပြီးလျှင် ရင်းနှီးသောသဘောဖြင့် "သင်ဟာ ကောင်ရှုပ်ကလေးပဲ"ဟု ပြောသည်။

ဒါရိုက်တာဆီဒိုရောက်သည် သူအုပ်ချုပ်ရသော စက်ရုံထဲတွင် မျက်နှာ တင်းတင်းထား၍ ဖော်ရွေခြင်းမရှိသော်လည်း သဘော်ခန်းထဲသို့ ရောက်လာသောအခါ အင်မတန်ကြင်ကြင်နာနာ ဖော်ဖော်ရွေရွေရှိသည်။ နီကိုလေက စောင်းကိုတီးနေသောအခါ ဆီဒိုရောက်က ဝေါပြားကြီးနှစ်ချပ်နှင့်တူသော သူ့လက်ဝါးကြီးများဖြင့် ပျော်ရွှင်စွာ လက်ခုပ်လိုက်၍ တီးပေးသည်။ သူ့ရုပ်မှာ မောင်းဖွတ်ရုပ်ဖြစ်၍ အသားကလည်း နေလောင်၍ညိုနေသည်။ သူ၏မာကျောသော ပါးရိုးကြီးနှစ်ခုမှာလည်း လက်သီးဆုပ်ကြီး များကို တင်းထားသကဲ့သို့ မောက်၍နေသည်။ သူ့မျက်စိများမှာ သေရည်ယစ်သော အခါတွင် ကြည်ကြည်လင်လင် ရှိသော်လည်း သေရည်မယစ်သည့်အခါတွင်မူ မှုန်တေတေနှင့် ကြောက်စရာကောင်းသည်။

ဒါရိုက်တာကြီး၏ ပြောင်နေအောင်ရိတ်ထားသောခေါင်းတွင် ရဟန်းများထံမှ သိမ်းယူထားသော အထည်အမျိုးမျိုးဖြင့် စပ်၍ချုပ်ထားသော ရောင်စုံဦးထုပ်ကို တင်းကြပ်စွာဆောင်းထားသည်။ ထိုခေတ်တွင် အဆိုပါဦးထုပ်မျိုး ခေတ်စားသဖြင့် ရောက်စတောက်မြို့ကဆိုင်များတွင် အများအပြားချုပ်၍ရောင်းကြသည်။ ဆီဒိုရောက် သည် အမြဲတမ်းအားဖြင့် ကွန်မြူနစ်ပါတီပုံစံအင်္ကျီကိုဝတ်၍ လီနင်ဘွဲ့ကြီးကို တပ်ထား လေ့ရှိသော်လည်း ထိုနေ့မှာ သူ၏အားလပ်သောနေ့ဖြစ်သဖြင့် ရောင်စုံပန်းထိုး၍ထား သော ယူကရိန်းရုပ်အင်္ကျီကိုဝတ်ထားသည်။ ဆီဒိုရောက်၏ ထူးခြားသောဂုဏ်မှာ တိုက်ရိုက်ကြမ်းကြမ်းတမ်းတမ်း ပြောဆိုပြုမူတတ်ခြင်းဖြစ်သည်။ သို့ရာတွင် သူသည် ပရိယာယ်နည်းသူမဟုတ်။ ဆီဒိုရောက်သည် ပျော့ပျောင်းဖို့လိုသည့်အခါတွင် လူ တစ်ယောက်အား "သူငယ်ချင်းရယ်"ဟု နားဝင်အောင်ပြောတတ်သော်လည်း ထိုသို့ပြောရင်းနှင့်ပင် ထိုသူအား ဒုက္ခပေးရက်သောစိတ်လည်း ရှိသူဖြစ်သည်ဟု သူ့စက်ရုံထဲကလူများက ပြောကြသည်။

ဆီဒိုရောက်သည် နီဗိကောက်တို့ ညီအစ်ကိုနှစ်ယောက် လာလည်ကြသည်ကို အကယ်ပင်သူ့ဝမ်းထဲက သဘောကျလျက်ရှိသည်။ လွန်ခဲ့သော ရက်သတ္တပတ်အတွင်း



တွင် သူ့လက်အောက်လုပ်သားများက၊ လောကွတ်ချော်ကြလွန်းအားကြီးသဖြင့် မခံမရပ်နိုင်လောက်အောင်ပင် စိတ်တိုလျက်ရှိသည်။ နီဗိကောက်တို့ ညီအစ်ကိုနှစ်ယောက်မှာမူ သူ့အလုပ်နှင့် ပတ်သက်သူများမဟုတ်သဖြင့် သူ့အဖို့တွင် သူတို့နှစ်ယောက်ထက် ကောင်းသောအဖော်ကို ရနိုင်ဖွယ်မရှိ။

စောင်းတီး၍အပြီးတွင် နီကိုလေအား ဆီဒိုရောက်က ချယ်ရီမြန်ဒီ သေရည် တစ်ခွက်ပေး၍ "ဒါကတော့ လူငယ့်အကြိုက်ပဲ၊ လူငယ်ဆိုတာ သေရည်ကိုနမ်းတာနဲ့ မြည်းရရင် ပြီးတာပဲ"ဟုပြောသည်။

နီကိုလေသည် သေရည်ခွက်ကို တစ်မော့တည်းနှင့် ကုန်အောင်သောက်လိုက် ပြီးလျှင် သတင်းစာထဲတွင် မှုန်တိမှုန်မွှားပါလာသော တိုက်ယာဉ်တစ်ခု၏ ဖွတ်ယွင်းချက်များအကြောင်းနှင့်ပတ်သက်၍ ဆီဒိုရောက်နှင့် ပြင်းပြင်းထန်ထန် အတိုက် အခံပြောသည်။

သဘော်ခန်းတွင်း၌ ဆူဆူညံညံနှင့် ပျော်စရာကောင်းသည်။ ဆီဒိုရောက်၏ ဧည့်သည်များနှင့် ဧည့်သည်နှစ်ယောက်တို့သည် စားပွဲဝိုင်းလေးတစ်ခုတွင် ဝိုင်း၍ထိုင်နေ ကြသည်။ စားပွဲဝိုင်းကလေးပေါ်တွင် ညစာမစားမီသုံးဆောင်ရန် သေရည်များ၊ သစ်သီးများ တစ်ပုံတစ်ခေါင်းကြီး တင်ထားသည်။ အခန်းဘေးနံရံက စင်များပေါ်တွင် ဆီဒိုရောက် အမြတ်တနိုးထားသော သေရည်ပုလင်းများ၊ သေရည်တကောင်းများ ရှိသည်။ သူတို့သည် ရယ်စရာမောစရာ ပြောသူကပြော၊ ရယ်သူကရယ်၍ တွေ့ကရာ စကားများကို ပြောကြသည်။

"ဒီမှာ ပါမောက္ခ သင်က ငါတို့ကို ဘယ်တော့ပါတီပေးမှာလဲ"ဟု ဆီဒိုရောက်က မေးသည်။

နီဗိကောက်က "ငါက ပါတီပေးရမယ်ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ"ဟု ပြန်၍မေးသည်။

ဆီဒိုရောက်က မျက်မှောင်ကြုတ်၍ "ပါတီပေးရမယ်ဆိုတာ ဘယ်လို အဓိပ္ပာယ်ဆိုတာ သင် မသိဘူးဆိုလို့ ဟုတ်ပါ့မလား။ သင်ဟာ မကြာခင်ပဲ တက္ကသိုလ် ကျောင်းအုပ်ကြီး ဖြစ်တော့မှာပဲ။ ဒီအကြောင်းကို ရောက်စတောက်တစ်မြို့လုံးက ပြောနေကြတယ်။ ဒီလို အခါမျိုးမှာ ပါတီမပေးလို့ ဘယ်ကောင်းမလဲ"ဟု ပြောသည်။

"ဪ...သင်က ဒီလိုဆိုလိုတာလား။ ဒါက ကောလာဟလစကားပါ။ ယုံပါနဲ့ဦး။ ဒီသတင်းက ဘယ်လိုဘယ်က စဖြစ်လာတယ်မသိဘူး"ဟု နီဗိကောက်က ပြောသည်။

"မပုပ်တဲ့နွံမပေါ်ပါဘူး။ ဒီသတင်းကို ယုံကြည်လောက်တဲ့ဆီက ငါ ကြားပါ တယ်။ သင့်ဆီကို ခန့်စာ ဒီနေ့နက်ဖြန်ပဲ ရောက်လာပါလိမ့်မယ်။ သင့်ကို ကျောင်းအုပ်ကြီး ခန့်ဖို့ ဆုံးဖြတ်တာဟာ အင်မတန် အမြော်အမြင်ရှိတဲ့ ဆုံးဖြတ်ချက်လို့ ငါ သဘော ရမှာယ်။ ဘာလို့လဲဆိုတော့ တစ်အချက်မယ် သင်ဟာ ရောက်စတောက်မြို့သား

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဖြစ်ပြီး နှစ်အချက်မယ် အခုလက်ရှိ ကျောင်းအုပ်ကြီးဟာ အအုပ်ချုပ်မကောင်း တဲ့အတွက် ဖြစ်တယ်''ဟု ဆီဒိုရောက်က ပြောသည်။

''သုံးအချက်မယ် အခုလက်ရှိကျောင်းအုပ်ကြီးဟာ အင်မတန် ယုတ်မာတဲ့ အတွက်ဖြစ်တယ်''ဟု လီဒါက ဒေါသသံနှင့် ဝင်၍ပြောသည်။ ပြီးလျှင် လီဒါက သူ့အနားတွင်ထိုင်နေသော နီကိုလေဘက်သို့လှည့်၍ ''ငါပြောတာ မဟုတ်ဘူးလား။ ဘယ့်နှယ်လဲ နီကိုလေ၊ သင် ငါပြောတာ မကြားဘူးလား''ဟု ပြောသည်။

ထိုအခိုက်တွင် နီကိုလေမှာ မျက်နှာကြက်သို့မော့၍ကြည့်ကာ ငေးနေသဖြင့် လီဒါက သူ့ကိုမေးလိုက်သောအခါ လန့်၍သွားသည်။

''သင် ဘာတွေတွေးနေသလဲ။ သင့်ကြည့်ရတာ ကြောင်တောင်တောင်နဲ့''ဟု လီဒါက ရယ်၍ပြောသည်။

''သူကြည့်ရတာ အချစ်ပူမိနေတယ်ထင်တယ်''ဟု ဆီဒိုရောက်က ပြောသည်။

''ဒီကောင်မယ် အချစ်ပူမရှိပါဘူး။ ဒီကောင်ဟာ အချစ်ဆိုတဲ့ စကားကိုတောင် နားလည်တဲ့ကောင်မဟုတ်ပါဘူး''ဟု နီဗိကောက်က ပြောသည်။

နီကိုလေကပြုံး၍ သူတို့ကနောက်ပြောင်ကြသည်ကို ဘာမျှပြန်မပြောဘဲ နားထောင်နေသည်။ သူ၏နှလုံးကောင်းသော အခြင်းအရာများသည် သူ့ မျက်စိများတွင် ထင်ရှားစွာ ပေါ်လျက်ရှိသည်။ အမှန်မှာ နီကိုလေသည် လီဒါ၏ အရေးကြီးပုံကို သဘောပေါက်လျက် ရှိသည်။ ယခင်က လီဒါအပေါ်တွင် နီကိုလေက အထင်အမြင်သေး ခဲ့သော်လည်း ယခုမူ လီဒါကို သူ သဘောကျလျက်ရှိသည်။ သြော်...နီဗိကောက်က ဒီလိုကိုးကွ။ သင် ဒီသူငယ်မနဲ့ အဆက်ဖြစ်အောင်လုပ်တဲ့အကြောင်း ငါ သိပါပြီ။ ငါဖြင့် တကယ်ပဲ သင့်ကို အားကျပါတယ်။ သူ့အဖေက အရေးကြီးတာကိုးကွ။ နေ ရာသီအိမ်လည်းရှိတယ်။ အပျော်စီးသင်္ဘောလည်းရှိတယ်။ ပြီးတော့ လီဒါကိုယ်တိုင် ကလည်း ဟန်ပန်မများဘူး။ ရိုးရိုးကုလေးနေတတ်တယ်။ ဘဝင်လည်းမမြင့်ဘူးဟု နီကိုလေစိတ်ထဲက တွေးမိသည်။ အထူးသဖြင့် နီကိုလေသည် လီဒါ၏ ဘဝင်မမြင့်ခြင်း ကို သဘောကျသည်။ ''သို့ရာတွင် လီဒါဟာ ရုတ်တရက် ဘာလို့ အရင်ထက်သာပြီး လှလာရသလဲ''ဟု နီကိုလေ မတွေးတတ်အောင်ဖြစ်ပြန်သည်။

ထိုသို့ ဖြစ်ရသည့်အကြောင်းကို ဘာမျှမတွေးတတ်အောင် ဖြစ်စရာမရှိ။ လီဒါမှာ အချစ်သွေးဝင်လျက်ရှိခြင်းကြောင့်သာဖြစ်သည်။ ယခင်ကမူ လီဒါသည် အန်ဒရေအတွက်ကြောင့် စိတ်နှလုံးညှိုးနွမ်းလျက်ရှိခဲ့သည်။ သို့ရာတွင် ဆေးရုံသို့ အန်ဒရေနှင့်သွား၍ တွေ့ပြီးသည့်အချိန်ကစ၍ လီဒါသည် စိတ်ချမ်းသာ၍လာခဲ့သည်။ လီဒါမှာပိန်ကြုံ၍ မျက်ကွင်းများညိုလျက်ပင်ရှိသေးသော်လည်း သူ၏မျက်စိများမှာ ကြည်လင်တောက်ပလျက်ရှိသည်။ ညို၍နေသော မျက်ကွင်းများအတွင်းမှ စိတ်နှလုံး ချမ်းသာ၍ ထွက်ပေါ်လာသော ကြည်လင်မှုကြောင့် လီဒါသည် ချစ်ခင်စရာကောင်း လျက်ရှိသည်။



နီကိုလေသည် မိမိအနားသို့ရောက်၍နေသော မိန်းမချောကလေးများကို မည်သည့်အခါကမျှ လျစ်လျူပြု၍ မထားခဲ့နိုင်။ ''လီဒါဟာ နီဗိကောက်ရဲ့ အဆက်သာ မဟုတ်လို့ရှိရင် သူ့ကို ငါ အစောကြီးကတည်းကရအောင် ကြံမှာပဲ''ဟု နီကိုလေစိတ်ထဲက အောက်မေ့မိသည်။ သို့ဖြစ်လျက်နှင့်ပင် နီကိုလေသည် လီဒါအပေါ်တွင် ရိသဲ့သဲ့လုပ်မိ သေးသည်။ လီဒါက ချယ်ရီဖြန်ဒီကို ပြင်း၍ မသောက်နိုင်သဖြင့် နီကိုလေသည် လီဒါသောက်ရန် ဝိုင်အရက်ကို လီဒါ၏ဖန်ခွက်ထဲသို့ လောကွတ်လုပ်၍ထည့်ပေးသည်။ တစ်ခါတစ်ရံ သူ့ လက်ကိုင်ပဝါနှင့် လီဒါကို မျက်လှည့်ပြသည်။ တစ်ခါတစ်ရံ လီဒါ၏လက်ကိုကိုင်၍ လက္ခဏာကြည့်သည်။

နီကိုလေအား သူ့နားတွင် ကပ်၍ထိုင်နေသော အပျိုချောလီဒါကသာ စိတ် နှလုံး တုန်လှုပ်ချောက်ချားစေသည်မဟုတ်။ စားပွဲခုံပေါ်တွင် အစားအသောက်အမျိုးမျိုး မဖောခြင်းသောခြင်းဖြစ်နေခြင်းကလည်း စိတ်နှလုံးတုန်လှုပ်ချောက်ချားစေသည်။ သို့ရာ တွင် နီကိုလေသည် လောကအကြောင်းကို နားလည်သူတစ်ယောက်ဖြစ်သဖြင့် ဟစ်သက်လုံး အပျော်စီးသင်္ဘောများကို စီးလာခဲ့သူ၊ အဖိုးထိုက်အဖိုးတန် သေရည်များ ကိုသောက်လာခဲ့သူ၊ သစ်သီး အမျိုးမျိုးကို စားလာခဲ့သူပမာ ညှော်ပရိသတ်ရှေ့တွင်ဟန် လုပ်ကာ ဣန္ဒြေဆည်၍နေသည်။ သို့ရာတွင် ဝမ်းသာအားရဖြစ်၍ ဟစ်အော်မိခြင်း ကိုကား သူနိုင်အောင်မထိန်းနိုင်ချေ။ နီကိုလေမှာ အမြဲတမ်းအားဖြင့် ပေါင်မုန့်အကြေအမွှန် ကလေးများကို တရိုတသေလက်နှင့် စုပုံ၍ သူ့ပါးစပ်ထဲသို့ သတိကြီးစွာနှင့် ထည့်ရသူ ဖြစ်သည်။ သို့ရာတွင် ဆီဒိုရောက်၏ သင်္ဘောခန်းအတွင်း၌မူကား ရပ်ထဲရွာထဲတွင် ဖမြတ်ရတနာဖြစ်သော ပေါင်မုန့်သည် ပေါများလွန်းအားကြီး၍ မည်သူမျှပင် ဂရုစိုက်၍ မကြည့်မိ။ နီကိုလေသည် ပေါင်မုန့်ကိုမြင်သဖြင့် တက္ကသိုလ်ထမင်းစားခန်းကို သတိရ သည်။ တက္ကသိုလ်စားခန်းမှတစ်ဆင့် စားပွဲထိုးမ နာဒယာကိုင်လာသော လင်ပန်းကို သတိရသည်။ လင်ပန်းမှတစ်ဖန် နာဒယာ၏ ပြည့်ဖြိုးနေသောလက်များကို သတိရသည်။ ထိုနောက်တစ်ဖန် ထိုလက်များဖြင့် ညနေတိုင် ညနေတိုင်ကျလျှင် နာဒယာက သူ့ကို ပိတ်ပါလက်ပါဖက်သည်များကို သတိရပြန်သည်။ ထိုကောင်း သောအာရုံတို့ကိုသတိရ သဖြင့် နီကိုလေမှာ အာခေါင်များခြောက်၍လာသည်။ ထိုအခါ သူ့စိတ်ထဲတွင် ဖြစ်ပေါ် လာသည့်အရာများကို လီဒါများ ရိပ်မိသွားမည်စိုးသဖြင့် နီကိုလေသည် လီဒါကို ဂရုစိုက်၍ကြည့်မိသည်။

ဆီဒိုရောက်က နီကိုလေအား မျက်စောင်းထိုး၍ကြည့်ကာ ရယ်လျက် ''ဟေ့ နီကိုလေ နိုင်ငံခြားစီးကရက်သောက်မလား''ဟု မေးသည်။ ပြီးလျှင် ''ပြင်သစ် စာရေးဆရာကြီးရှုအင်က ငါတို့စက်ရုံလာတုန်းက ပေးသွားတဲ့စီးကရက်''ဟု ပြောကာ ဖွင့်ထားသော သူ့စီးကရက်ဘူးကို ထုတ်၍တိုက်သည်။

နီကိုလေက စီးကရက်ကိုညှိ၍သောက်ပြီးလျှင် မိမ်ယစ်သွားသဖြင့် ဆီဒိုရောက် ရှိသည်ကိုပင် သတိမရတော့ဘဲ လီဒါအနားသို့ ပခုံးချင်းထိ၍နေအောင် တိုး၍ထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



နီကိုလေသည် သနားစရာကောင်းသည်။ သူဟာသူ စိတ်ရှိးစေတနာရှိးနှင့် စီစဉ်လိုက်သည့်အချက်ကို လီဒါ၏အမေ နာတာလီယက နည်းနည်းကလေးမျှ မနှစ်သက်။ နာတာလီယစိတ်ထဲတွင် လီဒါကို နိုဗိကောက်နှင့်ကပ်၍ အထိုင်မခိုင်းမိသည့်အတွက် သူကိုယ်သူ အပြစ်တင်လျက်ရှိသည်။ နောက်ဆုံးတွင် နာတာလီယက အကြံရသဖြင့် သူတို့နှစ်ယောက်ကို နေရာပြောင်းပစ်လိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။

''ဒီမှာ ဆီဒိုရောက် တစ်ဆိတ်မိုးတိတ်ပြီလားလို့ အပြင်ထွက်ကြည့်စမ်းပါ''ဟု နာတာလီယက ပြောသည်။

ဆီဒိုရောက်သည် သွက်သွက်လက်လက် အပြင်ထွက်ကြည့်ပြီး ချက်ချင်းပြန်လာသည်။ ပြီးလျှင် ''မတိတ်သေးဘူး။ ဖွဲဖွဲကျတုန်းရှိသေးတယ်။ ခဏနေ တိတ်သွားပါလိမ့်မယ်''ဟုပြောသည်။ သူ့ဇနီးက သူ့နေရာတွင် ဝင်ထိုင်နေပြီး ဘာမျှမသိဟန်ဖြင့် ကြည့်သည်။ ဆီဒိုရောက်က ''ဖဲရိုက်ကြမလား'' ဟု မေးလိုက်မည်ကြံပြီး မမေးဖြစ်။ ဆီဒိုရောက်သည် ဘာလုပ်ရမည်ဟု မကြံတတ်သဖြင့် သူ့ဇနီး၏နေရာသို့ ဝင်၍ထိုင်လိုက်သည်။ နာတာလီယသည် လီဒါ၏အနားသို့ ရောက်လျက်ရှိပြီ။

''လီဒါရေ တို့မြို့နဲ့ တော်တော်ဝေးလာပြီလားလို့ အီဗန်ဆီကို သွားမေးကြည့်စမ်းပါဟေ့''ဟု နာတာလီယက သူ့သမီးကို ခိုင်းသည်။

''ဘာလုပ်မလို့လဲ အမေရဲ့''

''အပျင်းမထူစမ်းနဲ့အေ။ ခိုင်းတာသွားစမ်းပါ''

လီဒါသည် ချစ်စရာကောင်းသော မျက်ခုံးကလေးကိုပင့်၍ အခန်းထဲမှ ထွက်၍သွားသည်။ သူ့အမေက နီကိုလေဘေးရှိ သူ့နေရာကို ချက်ချင်းဝင်၍ ထိုင်လိုက်သည်။

''ကိုင်း...သူငယ်လေး၊ ငါ့လက္ခဏာကို ကြည့်ပေးစမ်း''ဟုပြောကာ သူ့လက် ပုတိုတိုကို နာတာလီယက နီကိုလေသို့ ထိုးပေးလိုက်သည်။ ပြီးလျှင် ''ငါ့ရှေ့ကို ဘာဖြစ်မယ်ဆိုတာ ဟောစမ်းပါ''ဟုဆိုသည်။ နီကိုလေမှာ မျက်တောင်တစ်ခတ်ခပ်နှင့် သူ့အနားက ပတ်ဝန်းကျင် ရုတ်တရက် ပြောင်းလဲသွားသည်ကို ကြည့်နေသည်။

လီဒါပြန်ဝင်လာပြီး သူတို့သဘော်မှာ ဇစ်ယုနိတ်စက်ရှုံကို လွန်ရုံသာရှိသေးကြောင်း ပြောပြပြီးသောအခါ လီဒါမှာ တခြားနေရာတွင် ထိုင်စရာမရှိသဖြင့် သူ့အဖေနှင့်အမေအကြားတွင်ပင် ဝင်၍ထိုင်ရသည်။ နာတာလီယမှာ သူဆင်လိုက်သောကျားကွက်သည် မဟန်သေးကြောင်းကို တွေ့ရသဖြင့် မျက်လုံးပြူး၍သွားသည်။ သို့နှင့် နောက်ထပ်အကွက် ဆင်ရန်ကြံရပြန်သည်။ ထိုအခိုက်တွင် ဆီဒိုရောက်က သူ့မိန်းမ၏အကြံကို ရိပ်မိသဖြင့် နာတာလီယ အလျင်ဦးအောင် ''ဒီမှာ ပါမောက္ခ၊ သင်နဲ့ငါနဲ့ နေရာချင်းလဲရင်ကောင်းမယ်။ ဒီလိုမှမလဲရင် နာတာလီယက ငါ့ကိုထပ်ပြီး မိုးတိတ်ပြီလား မတိတ်သေးဘူးလား ထွက်အကြည့်ခိုင်းနေလိမ့်ဦးမယ်''ဟုပြောသည်။

နိုဗိကောက်က သဘောပေါက်သွားပြီး လီဒါဘေးတွင် ဝင်၍ထိုင်လိုက်သည်။ လီဒါသည် အနည်းငယ် ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။



နာတာလီယသည် ကျေနပ်သွားသဖြင့် သက်မချလိုက်ပြီးလျှင် သူ့လက်ကို နီကိုလေဆီမှ ပြန်၍ရုပ်လိုက်သည်။ ပြီးလျှင် ''သင် လက္ခဏာ ကောင်းကောင်းမကြည့်တတ်သေးပါဘူး''ဟုပြောသည်။

နာတာလီယက ချစ်စရာကြီးပြုံးလိုက်သည်။ သူ့စိတ်ထဲတွင် အနှောင့်အယှက်ကင်းသွားဟန်တူသည်။ သို့ရာတွင် သူ့စိတ်မှာ ဝေလျက်ပင်ရှိသေးသည်။ လီဒါ လုပ်ပုံကိုင်ပုံကို သူမကြိုက်။ ''ကိုယ့်ဆီ လူဖျိုလာလည်သည့်လူကို ဒီလိုပဲ လုပ်ရသလား။ ကြည့်ပါဦးတော်။ နိုဗိကောက်မျက်နှာကို တစ်ချက်ကလေးမှ မော့မကြည့်ဘူး။ ပြီးတော့ ရှိသုံ့သုံ့ မှုတုတုကလေးများတောင် လုပ်ဖော်မရဘူး။ ငါ့သမီးဆိုပြီး ဒါလောက်တောင်ပဲ ဖရသလား''ဟု နာတာလီယစိတ်ထဲက အောက်မေ့ကာ ရှက်ရှက်နှင့်အောက်ကို စိုက်ကြည့် နေသောလီဒါအား နိုဗိကောက်ကို မော့၍ကြည့်စေရန် မျက်စပစ်၍ပြသည်။

နာတာလီယသည် နီကိုလေအကြောင်းကို ကြားဦးစကပင် နီကိုလေကို အရေးကြီးသူဖြစ်သည်ဟု အမှတ်မထား။ ''လီဒါက နီကိုလေကို အဆက်လုပ်နေခြင်းမှာ သနား၍သာဖြစ်သည်။ အချိန်တန်လျှင် သနားစိတ်ကုန်သွားမည်သာဖြစ်သည်။ လီဒါသည် အလေနတောကောင်ကို စွဲမက်နေလောက်အောင် မမိုက်ဟု နာတာလီယ သဘောရသည်။ သို့နှင့်ပင် လီဒါအား မိုက်ရကောင်းမလားဟုဆိုကာ အမေရောအဖေပါ ဗိုင်း၍ဆူကြသည်။ အဖေကြီးကမူ ခါးပတ်နှင့်တင်ပါးကို အသာပင်ရိုက်လိုက်သေးသည်။

လီဒါသည် မိန်းမလည်တစ်ဦးကဲ့သို့ နိုဗိကောက်ကို ဘေးနားက တတွယ်တည်း တွယ်မနေဘဲ တစ်ခါတစ်ရံတွင် သစ်တုံးကြီးကဲ့သို့ မလှုပ်မယှက်နေသည်။ တစ်ခါတစ်ရံတွင်လည်း အဖိုးမတန်သော နီကိုလေနှင့် ဖြုန်းစားကြီး ဟားကိုက်ချင်တိုက်နေသည်။ ''ငယ်သေးလို့ အတွေ့အကြုံမရှိဘူးဆိုတာ ဒါမျိုးပေါ့''ဟု နာတာလီယစိတ်ထဲက အောက်မေ့သည်။

နာတာလီယသည် လီဒါတွက် အကယ်ပင် စိတ်ရှုပ်စရာအကြောင်းရှိပေသည်။

နာတာလီယသည် နိုဗိကောက်ကို အများကြီးကျ၍နေပြီ။ 'နိုဗိကောက်သည် ကိုယ်လုံးကိုယ်ထည်တောင့်တင်း၍ ပခုံးများကလည်းကျယ်သည်။ ပညာလည်းတတ်သည်။ စကားပြောလည်းကောင်းသည်။ မျက်နှာကလည်း ကျက်သရေရှိသည်။ မျက်ခုံးများကလည်း သွယ်တန်း၍ မည်းနက်သည်။ ဆံပင်ရောင်မှာဖျော့၍ မျိုးကောင်းခွေကောင်းထဲက ဖြစ်သည်မှာလည်း ထင်ရှားသည်။ သူ့မျက်စိများကို ကြည့်လိုက်ဦးမလား။ စိမတန်သွက်လက်၍ အင်မတန် အကင်းပါးသည်။ လီဒါအတွက် သူ့ထက်သာတဲ့သူကို ဘယ်မှာရနိုင်ပါအံ့နည်း။ ပြီးတော့ မကြာခင်ပဲ ကျောင်းအုပ်ကြီးဖြစ်တော့မည်ဟုလည်း ပြောကြသည်။ အသက်ကလည်း ငယ်ငယ်လေးရှိသေးသည်''ဟု နာတာလီယသည် ပီတိဖြစ်လျက်ရှိသည်။

''ဒီနှစ် နွေရာသီမှာ ပါမောက္ခ ဘယ်ကိုသွားလည်မယ် စိတ်ကူးသလဲ''ဟု နာတာလီယက ပျားရည်လောင်းထားသောမျက်နှာဖြင့် ပြုံးစိစိကြီးလုပ်၍ မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရောက်စတောက်က ခွာနိုင်မယ်မထင်ပါဘူး။ အရေးကြီးတဲ့အလုပ်တွေက တစ်ပုံကြီးဖြစ်နေတယ်။ အချိန်ရရင်တော့ ကရိမေယားနယ်ကို သွားလည်ချင်တာပဲ။ ဒါပေမဲ့ လူကြဲတော့ ဘုရားကဖျက်တယ်ဆိုတာလည်း ရှိသေးတယ်မဟုတ်လား" ဟု နိုဗိကောက်က ပြောသည်။

"ဒီလိုဆိုရင် ငါတို့အိမ်ကို မကြာမကြာ လာလည်ပါ။ သင်သာ လာမယ်ဆိုရင်တော့ ငါတို့ သိပ်ဝမ်းသာမှာပဲ။ ဒီနှစ်နွေရာသီမှာ ငါတို့လည်း ဘယ်ကိုမှ မသွားပါဘူး။ ခါတိုင်းတော့ လီဒါက ဆိုချီကို ငါနဲ့လိုက်ပြီးလည်တယ်။ ဒါပေမဲ့ ဒီနှစ်တော့ လီဒါက သူလည်း ဘယ်မှမသွားဘူး။ အိမ်မှာပဲနေမယ်တဲ့။ ဒီတော့ ငါလည်း တစ်ယောက်တည်း မသွားချင်ဘူး။ ပြီးတော့ သင်သိတဲ့အတိုင်းပဲ။ နောက်ကို လီဒါဟာ ငါ့ဆီမှာနေလှရင် တစ်နှစ် နှစ်နှစ်ပဲနေတော့မယ်။ ဒီနောက်ဆိုရင် ငှက်များဟာ အသိုက်ကိုစွန့်ပျံသလိုပဲ။ သူလည်းသွားမှာပဲ" ဟု နာတာလီယက ငိုသံပါနှင့်ပြောသည်။ ပြီးလျှင် ပို၍ယုတ္တိရှိစေရန် လက်ကိုင်ပဝါနှင့် မျက်စိကိုပင် သုတ်လိုက်သည်။

နိုဗိကောက်သည် နာတာလီယခင်းသည့်ဇာတ်ကို ကောင်းကောင်းကြီး သဘောပေါက်သည်။ နာတာလီယက သမက်လောင်းကို ကောက်ဆက်(မြင်းစီးသံမား) ဖမ်းဖမ်းနေသဖြင့် နိုဗိကောက်က ပြုံးမိသည်။ နိုဗိကောက်သည် အင်မတိအင်မတန် စိတ်ကောင်း နှလုံးကောင်းဝင်ခိုက်ဖြစ်သည်။ ပြီးလျှင် သူ့စိတ်ထဲ၌ တစ်သက်လုံး တစ်ခါမှ ထိုအချိန်မှာကဲ့သို့ လွတ်လွတ်လပ်လပ်မရှိဖူးခဲ့။ အထူးသဖြင့် လီဒါနှင့်ပတ်သက်၍ သူ့စိတ်ထဲကလွတ်လပ်သည်။ လီဒါသည် ပေါင်ပေါ်တွင် လက်ချင်းယှက်ကာတင်၍ နိုဗိကောက် အနားတွင်ထိုင်သည်။

နိုဗိကောက်သည် လီဒါ၏ သွက်လက်၍ ကလေးနှင့်တူသော မျက်နှာကိုလည်းကောင်း၊ ဆင်ခြေလျှော လျှောကျနေသော ပခုံးကလေးများကိုလည်းကောင်း၊ မိမွေးတိုင်းဖမွေးတိုင်း အခြေအနေမပျက်သေးသော နှင်းဆီရောင်အင်္ကျီအဝွင်းမှ မနို့တရိနှင့်မောက်၍ထွက်နေသော သူ့ရင်ဘတ်က ကမူကလေးနှစ်ခုကိုလည်းကောင်း၊ ကြည့်၍ "လီဒါက နီနာနဲ့တော်တော့်ကို ခြားနားတာပဲ။ နီနာလိုဟာကတော့ နီနာ တစ်ယောက်ပဲရှိတယ်။ တစ်ဖက်သားကို သူ့အလိုသို့ပါအောင် ကန့်ကလျပြောတတ်တဲ့ နေရာမှာလည်း အတုမရှိဘူး။ အရွဲ့တိုက်ချင်လည်း တိုက်တတ်သည်။ လုံမပျိုအရွယ် လွန်၍ မိန်းမကြီးစိတ်ပင်ဝင်၍နေပြီ။ သို့ရာတွင် နီနာ၏ ချောခြင်း၊ လှခြင်းမှာ ဖူးနာခြင်း၊ ဝေဒနာလောက်ပင် ကြောက်စရာကောင်းသည်။ သူနဲ့တွေ့ခဲ့ရတဲ့အကြောင်းကို ပြန်၍ စဉ်းစားမိလျှင်ပင် ကြက်သီးများထ၍လာသေးသည်။ လီဒါကတော့ ရိုးရိုးကလေး နွေရာသီနေ့အခါလို ကြည်လင်သည်။ သူ့ကို ဘာမှကြောက်စရာမရှိ၊ ခင်လည်းခင်တတ်၊ ယုံလည်းယုံတတ်သည်။ နီနာလိုမဟုတ်ဘူး။ နီနာကိုတော့ အမြဲသတိထားပြီး ကြည့်နေရတယ်။ ဂိုရင့်အိမ်မှာဆိုရင် အကုန်လုံးရှုပ်ပွေနေတယ်။ ငါလည်း အကုန်လုံးလိမ်ညာနေရတယ်။ ဒီမှာတော့ ငါ ဘာမှ ဟန်လုပ်နေဖို့မလိုဘူး။ တက္ကသိုလ် ပါမောက္ခသက်သက်ပဲ။



ပြီးတော့ ငါလို ကြိုးကိုင်အဖွဲ့ကခန့်ထားတဲ့ သူလျှိုဟာလည်း ဆီဒိုရောက်ရဲ့ နွေရာသီအိမ်ထဲကို ဝင်လိုက်မလာဘဲနဲ့ အပြင်မှာပဲနေတယ်။ ဒါဟာ အင်မတန် အံ့ဩစရာကောင်းတယ်။ ဇိမ်ရှိတယ်ဆိုတာ ဒီလိုမိတ်ဆွေများနဲ့စုပြီး လွတ်လွတ်လပ်လပ် စိတ်ပျော်လက်ပျော် ဆူဆူညံညံနေရမှ ဇိမ်ရှိမှာ" ဟု အောက်မေ့လျက်ရှိသည်။

လီဒါသည် ဝိုင်အရက်ကို မြည်းရုံလောက်သာ မြည်းကြည့်သည်။ ပြီးလျှင် နိုဗိကောက်တို့ ညီအစ်ကိုနှစ်ယောက်ကို ပြုံးပြုံးရယ်ရယ်နှင့် သေသေချာချာ စောင့်၍ ကြည့်နေသည်။ နိကိုလေမှာ တစ်ခါတစ်ခါ ရယ်စရာကောင်း၍ တစ်ခါတစ်ခါ ချစ်စရာကောင်းသည်။ သို့ရာတွင် နိုဗိကောက်ကမူ ကြောက်စရာကောင်းသည်။ လီဒါက နိုဗိ ကောက်ကိုကြောက်ခြင်းမှာ ပါမောက္ခဖြစ်၍ စာမေးပွဲတွင် ကျပ်ကျပ်တည်းတည်း စစ်တတ်၍ကြောက်ခြင်းမဟုတ်၊ ဘာကြောင့် ကြောက်သည်ဟုလည်း သူ မပြောနိုင်။ လီဒါသည် နိုဗိကောက်ကို အကဲခတ်၍မရ။ နိုဗိကောက်သည် အခြားအခြားသော ကြောက်ဒူးတုန်နေသည့် စိတ်မာန်မရှိသော အရပ်လိုလူများနှင့် လုံးဝမတူ။ အလွန်လည်း ထန်း အလွန်လည်းထူးသည်။ နိုဗိကောက်က ဗိမာန်ဖွင့်ပွဲဝင်ခွင့်လက်မှတ်ကို ယူလာပြီး သူ့အားလာ၍ပေးသည်ကိုလည်း လီဒါမမေ့နိုင်၊ အဲသည်တုန်းကဆိုလျှင် နိုဗိကောက်သည် မိတ်ဆွေကောင်းပီပီ ကြင်ကြင်နာနာနှင့် သူ့အား ဘာမျှမကြောက်ဖို့ပြောသည်။ "နိုဗိကောက်၏ အမူထူးခြားခြင်းသည် ယောကျ်ားပီသ၍ ကြင်နာစိတ်ရှိသောကြောင့်သာ ဖြစ်လိမ့်မည်" ဟု လီဒါ တွေးမိသည်။

ထိုအချိန်ကစ၍ပင် လီဒါသည် နိုဗိကောက်ကို ဂရုစိုက်၍ စောင့်ကြည့်ခဲ့သည်။ ထိုသို့ ဂရုစိုက်၍ စောင့်ကြည့်လေလေ၊ နိုဗိကောက်မှာ အံ့အားသင့်စရာကောင်းလေလေ ဖြစ်သည်။ လီဒါသည် တက္ကသိုလ်ကျောင်းတွင်စာမေးပွဲကျင်းပစဉ်က နိုဗိကောက်နှင့် စကားပြောခဲ့ရဖူးသည်ကိုလည်း ကွက်ကွက်ကွင်းကွင်း ပြန်၍သတိရသည်။ သူတို့ စကားပြောကြသည့်အခါတွင် အခြားသူများမရှိ၊ သူတို့နှစ်ယောက်တည်းသာရှိသည်။ ထိုအခါက သူတို့နှစ်ယောက် ပြောကြသည့်အကြောင်းမှာ ပထမဇာဘုရင်ပီတာနှင့် ဆွီဒင်ဘုရင်ချာလီတို့အကြောင်းနှင့် ပေါလတာဗာစစ်ပွဲအကြောင်းဖြစ်သည်။ လီဒါက တုန်တုန်ယင်ယင်နှင့် ဖြေလျက်ရှိသည်။ ထိုအခိုက်တွင် နိုဗိကောက်က "ဒီမှာ လီဒါ အန်ဒရေကို ဘာလို့ သင်က ဒါလောက်တောင် ဖွဲ့ဖွဲ့လမ်းလမ်းနဲ့ချစ်နေရတာလဲ" ဟု ဘာမဆိုင်ညာမဆိုင် ရုတ်တရက်ကောက်၍မေးလိုက်သည်။ ထိုသို့မေးလိုက်သဖြင့် လီဒါသည် အံ့အားသင့်၍မသွား။ သူ့စိတ်ထဲက ဤမေးခွန်းကို နိုဗိကောက်ကမေးမှာပဲဟု မျှော်လင့်၍နေဘိသည့်အလား လီဒါက နိုဗိကောက်အား ယုံကြည်အားကိုးသော မျက်နှာထားနှင့်ကြည့်၍ အန်ဒရေအကြောင်းကို ပြောပြသည်။

"သူက ကြင်နာစိတ်ရှိတယ်။ ရိုးသားတယ်" ဟု နိုဗိကောက်က လီဒါပြောသည့်အတိုင်း အတုလုပ်၍ပြောသည်။ ပြီးလျှင် ဆက်၍ "ဒါကတော့ ဟုတ်ပါပြီ။ မွဲပုံမန်းက ဘယ်လို သူ့အခြေအနေက ဘယ်လိုဆိုတာတော့ ငါ့ကို သင် မပြောသေးပါဘူး။ သူ့အခြေအနေဟာ သင့်အဖို့ အရေးမကြီးဘူးလို့ ဆိုလိုသလား" ဟု မေးပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့အခြေအနေဟာ ငါ့အဖို့ ဘာမှ အရေးမကြီးပါဘူး"ဟု လီဒါက ဖြေသည်။

နိုဗိကောက်က လီဒါ၏မျက်စိများကို သေသေချာချာစိုက်ကြည့်ပြီး "ဒီလိုဆိုရင် သင်ဟာကံထူးတာပေါ့ လီဒါ။ သင် ချစ်တာဟာ တကယ့်မေတ္တာစစ်ပဲ"ဟု ပြောသည်။ ပြီးလျှင် နိုဗိကောက်သည် ပြုံး၍နေသည်။ သို့ရာတွင် သူ၏ပြုံးခြင်းသည် သူ၏မချိသော အသံကို ဖုံးဖိ၍မထားနိုင်။

လီဒါက အံ့အားသင့်စွာဖြင့် "ဒီလိုဆိုတော့ တကယ့်မေတ္တာစစ်နဲ့ ချစ်နိုင်တာပေါ့" ဟု ပြောပြီးလျှင် နိုဗိကောက်အား သူနှင့်ခွေမျိုးတော်စပ်သူပမာ ခင်၍လာသည်။ ထိုအခိုက်တွင် လီဒါအဖို့တွင် နိုဗိကောက်၏ စိတ်သဘောကိုသိနိုင်ရန် ပို၍ပင်ခက်သွားသည်။

လီဒါသည် မစဉ်းစားတတ်သေးသော ကလေးစိတ်ဖြင့် နိုဗိကောက်နှင့် သိကျွမ်းရသည်ကို ဝမ်းသာသည်။

အန်ဒရေနှင့် သူတို့နှစ်ယောက် စိတ်ဆင်းရဲစရာအကြောင်းများနှင့် တွေ့ကြုံခဲ့ရပြီးသည့်နောက်အဖို့တွင် လီဒါသည် လူမှန်လျှင် မည်သူ့ကိုယ်မျှ မယုံရဲလောက်အောင် ဖြစ်၍နေသည်။ ထိုသို့ဖြစ်နေခိုက်တွင် ရိုးသားဖြောင့်မတ်သော ကြည့်ပုံမျိုးနှင့် ကြည်တတ်သော အရုပ်အမောင်းကောင်း၍ ခွန်အားဗလနှင့်ပြည့်စုံသော ဤယောကျ်ားကောင်းတစ်ယောက်(နိုဗိကောက်)နှင့် တွေ့ရသဖြင့် လီဒါမှာ လူသားတို့အပေါ်တွင် ပြန်၍ယုံကြည်စိတ်ပေါ်လာသည်။ လောကတွင် ရိုးဖြောင့်သောသူများလည်း ရှိသေးသားပဲ။ လူသားတို့ထားအပ်သော စိတ်ထားနှင့်တကွ သနားကြင်နာစိတ်ရှိသူများသည် မဆိတ်သုဉ်းသေးသဖြင့် မျှော်လင့်ချက်သည် ရှိပေသေးသည်။ အန်ဒရေသည် သူ့အဖို့တွင် ချော်ဦးပေါက်အချစ်ဖြစ်သဖြင့် လီဒါသည် မျှော်လင့်ချက်မရှိလျှင် နေ၍ဖြစ်နိုင်မည်မဟုတ်။

လီဒါသည် သနားစရာကလေးပင်။ သူသည် ယုံကြည်သောစိတ် ဝမ်းသာသောစိတ်နှင့် နိုဗိကောက်တွင်မရှိသော အရည်အချင်းများကို သူ့စိတ်ကူးနှင့်သူ တွေး၍မြင်နေသည်။ အကယ်၍ နိုဗိကောက်သည် လီဒါစိတ်ထဲ၌ ရှိသည့်အချက်များကို သိနိုင်သည်ဖြစ်ပါမူ နိုဗိကောက်က လီဒါအပေါ်တွင် ဘယ်လိုသဘောရမည်နည်း။ သနားစိတ်ဖြင့် ပြုံးမိကောင်း ပြုံးမိပေမည်။ သို့ရာတွင် သနားစိတ်မှာ မည်သူ့အတွက် သနားစိတ်ဖြစ်မည်နည်း။ လီဒါအတွက် သနားစိတ်လော၊ သို့မဟုတ် သူ့အတွက် သနားစိတ်လော။ တစ်နည်းဆိုသော် နိုဗိကောက်သည် သူ့ဝမ်းထဲကအကြံကို သူ့မျက်နှာတွင် ပေါ်၍မလာအောင် ဟန်လုပ်ကောင်းသည့်အတွက်လည်းကောင်း၊ ထိုမှတစ်ပါး ရိုးရိုးအအ မိန်းကလေးတစ်ယောက်၏စိတ်ထဲတွင် မမျှော်လင့်ကောင်းသော မျှော်လင့်ချက်များပေါ်လာအောင် အိုက်တင်(ဟန်)အလုပ်ကောင်းသည့်အတွက်လည်းကောင်း သူ့မျက်နှာကိုသူ မှန်ထဲမှာကြည့်ပြီး ဂုဏ်ယူမည်ဆိုလျှင် ယူနိုင်စရာရှိမည်။

***



## အခန်း-၉

"ဟို ပြင်သစ်ကြီးကို သင် ဘယ်လိုသဘောရသလဲ"ဟု ဆီဒိုရောက်က နိုဗိကောက်ကို မေးသည်။

"စာရေးဆရာကြီး ရှုအင်ကိုလား။ ကျောင်းကိုလာတုန်းက ခဏပဲတွေ့လိုက်ရတယ်။ စကားတောင် မပြောလိုက်ရဘူး"ဟု နိုဗိကောက်က ပြောသည်။

"လူက လူဆန်းပဲ။ ငါတို့ဆောက်နေတဲ့ ထောင်အသစ်ကိုတောင်မှ သူ့စိတ်ထဲကဆေးရုံထင်သွားတယ်။ (ဟိုမှာဆောက်နေတဲ့ အဆောက်အဦက ဘာလဲ။ သင်တို့မြို့ထဲမှ အဲဒီအဆောက်အဦလောက်ကောင်းတာ တစ်ခုမှငါ မတွေ့သေးဘူး)လို့ပြော၍ ရှုအင်က စကားပြန်ကိုမေးတယ်။ ဒီတော့ စကားပြန်က (ဒီအဆောက်အဦဟာ ဆေးရုံပါ)လို့ ပြန်ပြော လိုက်တယ်။ ရှုအင်က သဘောကျသောအမူအရာနဲ့ ပြုံးနေသည်။ ဒါပေမဲ့ နိုင်ငံခြားသားတိုင်းဟာ ရှုအင်လောက်တော့လည်း မရိုးကြ မအကြဘူးပေါ့ နိုဗိကောက်ရယ်။ တခြားနိုင်ငံခြားသားများကတော့ သူတို့ကို လယ်ထွန်စက်လုပ်တဲ့ အလုပ်ရုံကိုပြရင် သူတို့မျက်စိတွေက ဟိုကြည့်သည်ကြည့်ကြည့်ပြီး တခြားအလုပ်ရုံတွေထဲမှာကော ဘာတွေလုပ်သလဲလို့ မေးကြတယ်။ ရှုအင်ကတော့ ဘာမှ မေးမြန်းခြင်းမရှိဘူး။ သူ့ကိုပြောသမျှကို ယုံတာပဲ"ဟု ဆီဒိုရောက်က ထင်မြင်ချက်ပေးသည်။

"နိုင်ငံခြားသားတွေအကြောင်းတော့ ဆီဒိုရောက်က ကောင်းကောင်းသိတယ်။ အမေရိကန်မှာ သူတစ်နှစ်တောင် သွားနေဖူးတယ်"ဟု နာတာလိယက ပြောသည်။

"တကယ်ပဲလား။ ဒီလိုဆိုရင် ဒီအကြောင်းဟာ သိပ်စိတ်ဝင်စားစရာ ကောင်းမှာပဲ"ဟု နိုဗိကောက်က အံ့အားသင့်သော အမူအရာဖြင့်ပြောသည်။

ဆီဒိုရောက်က တစ်စုံတစ်ခုသောအကြောင်းကြောင့် သက်မချလိုက်ပြီးလျှင် "သိပ်စိတ်ဝင်စားစရာ ကောင်းတာပေါ့။ ငါ့ကို စိတ်ချရတဲ့ ဘော်ရှီဗစ် တစ်ယောက်အဖြစ်နဲ့ အမေရိကကို စက်ပညာသွားပြီး လေ့လာခိုင်းတယ်။ ဒီ အမေရိကန်ကောင်တွေဟာ စက်ပညာကိုတော့ တကယ်တတ်တယ်။ ဒါကိုတော့ ငြင်းနိုင်ဘူး။ ဒါပေမဲ့ တို့အပေါ် သူတို့ပြုမူပုံဟာတော့ ငါ တကယ်ပဲအံ့သြတယ်။ တို့ဟာ သွားချင်တဲ့နေရာကို လွတ်လွတ်လပ်လပ်သွားပြီး ကြည့်ခွင့်ရတယ်။ တို့ကြည့်ချင်တာတွေလည်း ဘာမှ လျှို့ဝှက်မထားဘူး။ အကုန်ပြတာပဲ"ဟုပြောသည်။

နိုဗိကောက်က မယုံကြည်သောမျက်နှာထားနှင့် ခေါင်းခါ၍ "သင်တို့က သင်တို့ အလုပ်ရုံကိုလာကြည့်တဲ့ ပြင်သစ်စာရေးဆရာကြီးကို လိမ်လှည့်လိုက်သလိုပဲ။ သင်တို့ကိုလည်း အမေရိကန်တွေက လိမ်လှည့်ချင် လှည့်လိုက်မှာပေါ့။ သူတို့က သင်တို့ကိုပြလို့ ဘာမှမဖြစ်နိုင်တာလောက်ပဲရွေးပြီး ပြလိုက်တာဖြစ်မှာပါ"ဟုပြောသည်။

"မလိမ်ပါဘူး။ မလိမ်ပါဘူး ပထမတော့ ငါတို့ဟာ ငါတို့ မျက်စိတောင် ငါတို့ မယုံနိုင်လောက်အောင်ဖြစ်သွားတယ်။ ငါတို့စိတ်ကလည်း မယုံတာနဲ့ ငါတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလိမ်မလဲဆိုတာကိုပဲ စောင့်ဖမ်းဖို့ကြည့်နေတယ်။ ငါတို့ ကြည့်ရသမျှဟာလည်း ဘာမှ ယုံနိုင်စရာမရှိဘူး။ ဒါပေမဲ့ တော်တော်ကလေး လျှောက်ကြည့်မိတော့မှ ဘာမှ လျှို့ဝှက်ထားတာမရှိဘူးဆိုတာကို သိရတယ်။ အဲဒီတော့မှပဲ ငါတို့ဟာ တကယ်ကို အံ့အားသင့်သွားတယ်''ဟု ဆီဒိုရောက်က ပြောသည်။

''အန္တိ သင် အင်္ဂလိပ်စကားကော သင်သေးသလား''

''အင်္ဂလိပ်စကားတော့ မသင်ဖြစ်ပါဘူး။ အချိန်မှမရဘဲ။ ပြီးတော့ ငါ့ကို သင်ပေးမယ့်ဆရာကလည်း အသုံးမကျဘူး။ ပထမတော့ ငါတို့ဟာ အင်္ဂလိပ်စကားကို သင်တာပဲ။ နောက်ဆုံး အဆုံးသတ်တော့ ရုရှစကားနဲ့ အဆုံးသတ်ခဲ့တယ်။ စားပွဲရဲ့ အောက်မယ် မှူးပြီး တုံးဖြစ်နေကြတယ်။ ပြီးတော့ ဆန်းလည်း ဆန်းတယ်။ ငါတို့ဟာ မူးလေလေ တစ်ယောက်အကြောင်းတစ်ယောက် သဘောပေါက်လေလေ ဖြစ်လာတယ်''ဟု ဆီဒိုရောက်ကပြောသည်။

''ဒီမှာ အဖေ၊ သင်က အမေရိကန်အလုပ်သမားတွေကို ပစ္စည်းမဲ့လူတန်းစား အချင်းချင်း ညီညွတ်ဖို့အကြောင်း သင့်ပုံကို ပြောပြလိုက်ပါဦး''ဟု လီဒါက ပြုံး၍ ပြောသည်။

''အေး…အေး၊ ဟုတ်တယ်၊ ဟုတ်တယ်။ တကယ့်ကို ရယ်စရာ ကောင်းတယ်ဟေ့။ အမေရိကကို ငါတို့ရောက်သွားတော့ ငါတို့စိတ်ထဲက ရန်သူ့တပ်ထဲ ရောက်သွားသလို သဘောထားကြတယ်။ အမေရိကန်မှာ မြင်သမျှကိုလည်း ငါတို့က ဓနရှင်တွေချည်းပဲလို့ အောက်မေ့ကြတယ်။ ဒါနဲ့ ငါတို့စိတ်ထဲက အမြဲပဲ သတိထားပြီး နေတယ်။ ဘယ်ဒင်းမှ ပေါ့ပေါ့ဆဆ သဘောမထားဘူး။ အရေးဆိုတာနဲ့ တစ်ချက်တည်း ငါတို့ဝါဒ ဗန်ကာ (အကွယ်အကာ)ယူထိုက်ဖို့ အသင့်ပြင်ထားတာပဲ။ အမေရိကန်တွေဟာ အလုပ်ကို ကျွမ်းကျင်ကြတဲ့အတိုင်းပဲ ငါတို့ကိုလည်း လုပ်ပုံလုပ်နည်းကို သင်ပေးကြတယ်။ သူတို့တွေဟာ စည်းကမ်းကိုလည်း သိပ်မချုံကြဘူး။ ပြီးတော့ ဘယ်အလုပ်ကိုမှလည်း ပျာယီပျာယာမလုပ်ကြဘူး။ အလုပ်လည်းတွင်တယ်။ ငါတို့ဆီမှာ အစည်းအဝေးတွေခေါ် ကြွေးကြော်သံတွေထုတ်ပြီးလုပ်ကြတာထက် အလုပ်တွင်သေးတယ်။ ဒီတော့ ငါတို့ဟာ ချွေးဖောက်ပြန်လာတာပဲ။ အမေရိကပြည်က အလုပ်သမားတွေက ဓနရှင်တွေအတွက် အလုပ်ကို ကောင်းကောင်းလုပ်ကြပြီး ငါတို့ဆီက အလုပ်သမားတွေကတော့ သူတို့အစိုးရအတွက် အလုပ်ကို သူတို့ကောင်းကောင်းလုပ်ကြတာကို ငါတို့တွေ့ရတယ်။ ဒါနဲ့ ငါတို့က အမေရိကန်အလုပ်သမားတွေကို အလင်းပေးဖို့ ဆုံးဖြတ်ကြတယ်။ သဘောကတော့ အလုပ်လုပ်နည်းခြင်း ဖလှယ်ဝဖို့ပဲ။ ငါနဲ့ ငါတို့က အမေရိကန် အလုပ်သမားတွေကိုပြောတယ်။ (သင်တို့အမေရိကန် အလုပ်လုပ်နည်းကို ငါတို့ကိုသင်ပေးပါ။ ငါတို့ကလည်း အပြန်အလှန်အားဖြင့် ငါတို့ ရုရှတော်လှန်ရေးစိတ်ဓာတ်ကို သင်တို့အား သင်ပေးပါမယ်)လို့။ ပြီးတော့ ငါတို့က ငါတို့တော်လှန်ရေးရဲ့အဓိပ္ပာယ်နဲ့ လူတန်းစား ခွဲခြားမှုအကြောင်းများကို လက်ချိုးပြီးတွက်ပြတယ်။ ဒီတော့ သူတို့က ပြုံးပြီးနားထောင်



နေကြတယ်။ အချို့က ခေါင်းကိုညိတ်ပြီး ''ကောင်းသားပဲ၊ ကောင်းသားပဲ''လို့တောင် ပြောကြတယ်။

အဲဒါနဲ့ ငါတို့စိတ်ထဲက အမေရိကန်ဓနရှင်တွေရဲ့ ကျွန်တွေဟာ အလင်းရသွားကုန်ကြပြီလို့ အောက်မေ့ပြီး နောက်ထပ် ငါတို့က ဖိပြောကြမယ်လို့လုပ်ကြတယ်။ အဲဒီအခါမှာ အမေရိကန်အလုပ်သမားတစ်ယောက်က သူ့ ပါးစပ်ထဲက ဆေးတံကိုချွတ်ထည့်ပြီး (ဒီမှာ မစ္စတာဆီဒိုရောက် သင်တို့ရုရှပြည်မှာ အလုပ်သမားတွေဟာ သပိတ်မှောက်ခွင့်ရှိရဲ့လား)လို့မေးတယ်။ ဒီတော့ ငါတို့က စာအုပ်ကြီးထဲပါတဲ့အတိုင်း (ငါတို့ရုရှပြည်မှာ အလုပ်သမားတွေဟာ သပိတ်မှောက်ဖို့မလိုဘူး။ ဘာလို့လဲဆိုတော့ သူတို့ဟာ သူတို့အလုပ်ကို သူတို့လုပ်ကြတာမို့လို့ ငါတို့ကပြောပြတယ်။ ဒီတော့ အဲဒီအမေရိကန် အလုပ်သမားက အဲဒီလို သပိတ်မှောက်ဖို့ မလိုဘူးဆိုရင်တော့ သင်တို့ရုရှနည်းကို ငါတို့မလိုချင်ဘူး) လို့ပြောပြီး သူ့ဆေးတံကို ပြန်ကိုက်ပြီးထွက်သွားတယ်။ ပြီးတော့ သူ့တွင်ခုံကို သူသွားပြီး အလုပ်လုပ်နေတယ်။ အဲဒီတွင်ပဲ ငါတို့နိုင်ငံရေးဆွေးနွေးမှုဟာ အဆုံးသတ်သွားတယ်ဟု ရယ်၍ပြောသည်။ ထိုအခါ အားလုံးရယ်ကြသည်။ နီကိုလေကမူ စိတ်မကောင်းပုံနှင့် ခေါင်းကိုခါ၍ ''ဒီလိုဆိုတော့ အမေရိကန်အလုပ်သမားတွေဟာ ဖတော်ဖျင်းသေး အ,သေးတာပေါ့'' ဟုပြောသည်။

ဆီဒိုရောက်သည် နီကိုလေအား အထင်အမြင်သေးစိတ် သို့မဟုတ် သနားစိတ်ဖြင့် ကြည့်ပြီး သူ့လက်နှင့်လှမ်း၍ နီကိုလေ၏နဖူးကို လက်နှင့်အသာခေါက်ကာ ''သူတို့က ဖျင်းတာ,အတာမဟုတ်ပါဘူး။ သင်က ဖျင်းတာ,အတာ။ သင် နောက်တစ်ခွက်ထပ်သောက်ရင် ကောင်းမယ်ထင်တယ်။ ဘယ့်နှယ်လဲ တိုက်ယာဉ် အင်ဂျင်နီယာကြီးရဲ့''ဟု ပြောသည်။

''ဒါထက် အမေရိကန်နည်းကို သင်တို့ ဘယ်လိုယူဆကြသလဲ''ဟု နီဗိကောက်က မေးသည်။

''ဒါက မခက်ပါဘူး။ ကိုယ့်ဟာကို ကြိုက်သလို မှတ်ကြတာပဲ။ ငါတို့ရဲ့ဘော်တစ်ယောက်ကတော့ ချီကာဂိုမြို့ကို ဆပ်ကပ်ပွဲသွားကြည့်ရင်းနဲ့ ဘိန်းကြီးတစ်ခုထဲမှာ ခွေးတစ်ကောင်ကို မြင်ခဲ့တာကို သဘောကျပြီး ငါတို့ပြည်ကို ပြန်ရောက်လာတော့ သူ့အလုပ်ရုံထဲမှာ သူ့ဟာသူ ဘိန်းကြီးတစ်ခုဆင်ပြီး ရေစုပ်စက်တစ်ခုလုပ်တယ်။ အဲဒီဘိန်းကြီးထဲမှာ ခွေးအစား နွားသိုးတစ်ကောင်ကို ထည့်မောင်းတယ်။ နွားသိုးက အမေရိကန်နည်း နားမလည်ဘဲ ဘိန်းကိုစီးဖို့ထက် နွားမကိုစီးဖို့သာ စိတ်စောနေတော့ ဘိန်းစီးနေရင်းနဲ့ ချိုတစ်ချောင်းကျိုးသွားပြီး ရေစုပ်စက်ကြီးပါ တစ်ခါတည်း ပျက်သွားတာပေါ့''ဟု ဆီဒိုရောက်က ပြက်လုံးထုတ်လိုက်သည်။ ထိုအခါ အားလုံးရယ်ကြသည်။ ရယ်ကြသူအားလုံးအနက် ပြက်လုံးထုတ်သူကိုယ်တိုင်မှာ အသည်းဆုံးဖြစ်သည်။

''အခု ငါပြောတဲ့ ရုရှ အင်ဂျင်နီယာဆရာရဲ့ နည်းအတိုင်းပဲ။ အမေရိကန်နည်းကိုတော့ လူတိုင်းနားမလည်ကြဘူးပေါ့''ဟု ဆီဒိုရောက်က ပြုံး၍ပြောသည်။ ပြီးလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်၍ "ငါတို့အထဲမှာ ဦးနှောက်ကောင်းတဲ့ လူငယ်များလည်းပါတယ်။ အဲဒီလို လူငယ်များအဖို့တော့ အမေရိကန်သွားပြီး အချိန်ကုန်ရတဲ့အတွက် အကျိုးရှိပါတယ်။ ဒါပေမယ့် သူတို့အထဲမှာလည်း လူတိုင်းဟာ သူတို့တတ်လာခဲ့တဲ့ပညာကို အသုံးမပြုနိုင်ကြဘူး"ဟု မပြုံးဘဲနှင့် ပြောသည်။

"သင် ဆိုလိုတာက ဘယ်လိုလဲ"ဟု နိုဗိကောက်က မေးသည်။ "ငါ ဆိုလိုတာကဒီလိုပါ။ ငါတို့ အမေရိကန်ကိုသွားတာ ငါးယောက်။ အဲဒီ ငါးယောက်အနက် နှစ်ယောက်က သူတို့တတ်လာတဲ့ပညာကို အခုထိအသုံးပြုနေကြတယ်။ ကျန်တဲ့ သုံးယောက်ဟာကတော့ မပြန်လမ်းကို အပို့ခံကြရတယ်။ သူတို့သုံးယောက်က ပညာတော့ ကောင်းကောင်းတတ်လာခဲ့ကြပါရဲ့။ ဒါပေမဲ့ ဘော်ရှီဗစ်ကျင့်ဝတ် ပျက်ကွက်ကြတယ်။ အဲဒီလို လူစားမျိုးဟာ ဘယ်ကိုသွားရတယ်ဆိုတာ သင် သိတယ်မဟုတ်လား"ဟု ဆီဒိုရောက်က ထိုကဲ့သို့သော လူစားမျိုးမဟုတ်။ အမေရိကန်ရောက်သွားသော်လည်း သူမပျက်စီး။ သူသည် အမေရိကန်မသွားခင်ကအတိုင်းပင် ကျင့်ဝတ်မှန်သော ဘော်ရှီဗစ်တစ်ယောက် ဖြစ်သည်။

"သူပြောတာ ဟုတ်ကဲ့လား"ဟု နိုဗိကောက်ဝမ်းထဲက မေးသည်။ ပြီးလျှင် "ဟုတ်ပါလိမ့်မယ်ထင်ပါရဲ့။ သူ့ရုပ်က ထုထုအအကြီးပဲ။ စိတ်သဘော ပြောင်းတတ်မယ့် အစားထဲကမဟုတ်ပါဘူး"ဟု သူ့ဝမ်းထဲက သူ့ဟာသူဖြေသည်။

ဆီဗိုရောက်သည် နိုဗိကောက်၏ စိတ်ထဲ၌ သံသယဖြစ်နေသော အချက်များကို ပျောက်ပသွားစေရန်သဘောဖြင့် ကုလားထိုင်ပေါ်တွင် ရောင့်ရဲကျေနပ်စွာမှီ၍ထိုင်လိုက်ပြီးလျှင် "ငါ့အဖို့ကတော့ ဓိမ်ပဲ။ ငါ့မှာ ဘာမှ မကျေနပ်စရာမရှိဘူး။ စိတ်လည်း ချမ်းသာတယ်။ ငါ့တွင် စိတ်ချမ်းသာတာ မဟုတ်ဘူး။ ငါ့သား ငါ့မယားတွေပါ စိတ်ချမ်းသာကြတယ်" ဟု ပြောပြီးလျှင် လီဒါဘက်သို့လှည့်၍ "သမီးလေးရေ ဟုတ်တယ်မဟုတ်လားဟေ့" ဟုမေးသည်။

လီဒါက သူ့အဖေမေးသည်ကိုမဖြေဘဲ ဝိုင်ဖန်ခွက်ကို ငုံ့၍ကြည့်ကာ မျက်နှာအိုနေသည်။

"ငါမေးတာ ဘာလို့မပြောသလဲ။ သင့်မှာ ဘာများဆင်းရဲရတာရှိလို့လဲ။ အဖေက ဒါလောက်တောင် ချမ်းချမ်းသာသာနေရအောင် လုပ်ပေးထားတာကိုတောင်မှ သမီးက ကျေနပ်မတင်ချင်သေးဘူးလား။ အခု သင် ခံစားနေတဲ့စည်းစိမ်ဟာ မိုးပေါ်ကကျလာတဲ့စည်းစိမ် မဟုတ်ပါဘူး သမီးရဲ့" ဟု ဆီဒိုရောက်က စိတ်မကောင်းသော လေသံဖြင့်ပြောသည်။

လီဒါက ဖန်ခွက်ကိုငုံ့ကြည့်မြဲကြည့်လျက် "အဖေက ဘာတွေလျှောက်ပြောနေရတာလဲ။ အဖေ မရှက်ဘူးလား" ဟုမေးသည်။

ဆီဒိုရောက်သည် ရုတ်တရက် ဘယ်လိုပြန်ပြောရမှန်းမသိ။ ခဏနေမှ "မရှက်ဘူးလားဆိုတာက ဘာလဲ။ ငါက ဘာလို့ရှက်ရမှာလဲ" ဟု မေးပြီးလျှင် ဟိုလူ့မျက်နှာကြည့်၊ ဒီလူ့မျက်နှာကြည့်လုပ်နေသည်။ ပြီးလျှင်ဆက်၍ "ကောင်းတယ်



ကွာ၊ တယ်ကောင်းတယ်။ ငါ့သမီးလေးက အဖေအတွက် ရှက်နေတယ်ဆိုပါတော့။ အဖေ့အတွက်ရှက်နေတယ်ဆိုရင်လည်း ဘယ်လိုအကြောင်းကြောင့်ဆိုတာ အဖေသိပါရစေ။ ငါက ဘယ်သူ့ကို သတ်ဖူးလို့လဲ။ ဒါမှမဟုတ် အခု ငါ့မှာရှိတဲ့ နွေရာသီအိမ်တို့၊ အပျော်စီးသင်္ဘောတို့ဟာ ဘယ်သူ့ဆီက ခိုးထားတာမို့လဲ။ သင့်ကို တက္ကသိုလ်ကျောင်းကို ပို့ပေးနိုင်တာကော သူများပစ္စည်းကိုခိုးထားလို့ ပို့ပေးနိုင်တာလား"ဟုမေးသည်။

"ရိုးသားဖြောင့်မတ်တဲ့လူမှန်ရင် တစ်တိုင်းပြည်လုံး ဆင်းရဲဒုက္ခရောက်နေတဲ့ အခါမှာ စိတ်ချမ်းသာမနေနိုင်ပါဘူးအဖေ" ဟု လီဒါက သိမ်မွေ့စွာပြောသည်။ သို့ရာတွင် သူပြောသောစကားသည် တိတ်ဆိတ်နေသော သင်္ဘောခန်းထဲတွင် လေးလံသောကျောက်တုံးကြီးကို လွှတ်၍ချလိုက်ဘိသကဲ့သို့ရှိသည်။

လီဒါ၏အဖေသည် တစ်မိနစ်လုံးလုံး ဘာမျှပြန်၍မပြောနိုင်။ နောက်ဆုံးတွင် ဆီဒိုရောက်က "သင့်အယူအဆအတိုင်းဆိုရင်တော့ ငါဟာ စိတ်မချမ်းသာထိုက်ဘဲနဲ့ စိတ်ချမ်းသာနေတယ်ဆိုပါတော့။ အို သမီးလေး သင် မှားနေပြီ။ မှားတာမှ နည်းနည်းနောနောမှားတာမဟုတ်ဘူး။ အကြီးအကျယ်မှားတာ။ ငါ့ရဲ့ စိတ်ချမ်းသာမှုဟာ စင်စင်ကြယ်ကြယ်နဲ့ရထားတဲ့ စိတ်ချမ်းသာမှုပါ။ တကယ့်ကို သွေးနဲ့ရင်းထားရတဲ့ စိတ်ချမ်းသာမှုပါ" ဟု အသံပြာပြာနှင့်ပြောသည်။

ပြီးလျှင် ဆီဒိုရောက်သည် မြန်းခနဲထိုင်ရာမှထ၍ သူ့ ရှပ်အင်္ကျီကြယ်သီးများကိုဖြုတ်သည်။ သို့ရာတွင် သူ့လက်များသည် တုန်နေသဖြင့် ဖြုတ်၍မရ။ အင်္ကျီစကို အတင်းဆွဲ၍ဖြုတ်လိုက်မှ ကြယ်သီးများပြုတ်ထွက်ကုန်သည်။

ထို့နောက် ဆီဒိုရောက်က "ကိုင်း ကြည့်ကြည့်" ဟုဆို၍ သူ့ရင်ဘတ် အမွေးထူကြီးကိုပြသည်။ သူ့ရင်ဘတ် ဘယ်ဘက်နှလုံး၏အထက်နားဆီတွင် သေနတ်ကျည်ဆန်ရာ အမာရွတ်ဖြူဖြူကလေးတစ်ခုရှိသည်။ "ဟောဒီမှာ နောက်တစ်ခုကြည့်ပါ။ လှည့်မသွားပါနဲ့ သမီးရဲ့"ဟု ဆီဒိုရောက်ကပြောသည်။ ပြီးလျှင် ဆီဒိုရောက်သည် သူ့နောက်ကြောင်းကို လှန်၍ပြသည်။ သူ့နောက်ကျောတွင် ထွန်ရေးနှင့်တူသော ဓားခုတ်ရာ အမာရွတ်ကြီးရှိသည်။ "ဒီအမာရွတ်ကြီးဟာ ကောက်ဆက်မြင်းစီးသမားရဲ့ ဓားချက်ပေါ့။ ငါ့စိတ်ချမ်းသာမှုဟာ အဲဒီလိုရင်းယူရတဲ့ စိတ်ချမ်းသာမှုပါ။ သေနတ်ကျည်ဆန်ဟာ လက်နှစ်သစ်လောက် ပိုနက်သွားမယ်။ ဓားချက်ဟာလည်း ဒါ့ထက်ပြင်းမယ်ဆိုရင် ငါ့ကိုရော သင့်ကိုရော ဒီနေရာမှာတွေ့ကြရမှာမဟုတ်···"ဟုပြော၍ စကားမဆုံးမီ ရပ်လိုက်သည်။ ပြီးလျှင် ဆီဒိုရောက်သည် ချယ်ရီဖြန်ဒီကို ဖန်ခွက်ထဲသို့ ငုံ့ထည့်သည့် သူ့လက်များတုန်နေသည်။ အားလုံးငြိမ်၍နေကြသဖြင့် ဖန်ခွက်နှင့်ပုလင်းခိုက်မိ၍ ဂလင် ဂလင်မြည်သံကို အားလုံးကြားရသည်။ သေရည်ကို ဖန်ခွက်ထဲထည့် ပြီးသောအခါ တစ်ချီတည်းနှင့် မော့၍သောက်လိုက်ပြီး ကုလားထိုင်ပေါ်သို့ ဗုန်းခနဲထိုင်လိုက်သည်။

နာတာလိယသည် ထိုင်ရာမှ ကမန်းကတန်းထလိုက်ပြီးလျှင် သူ့သမီးကို မျက်နှာထားတည်တည်ကြီးနှင့် ခေါင်းညိတ်၍ခေါ်လိုက်သည်။ ပြီးလျှင် "လီဒါရေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်းပတ်ပေါ်ထွက်ခဲ့ပေ့၊ မိုးတိတ်သွားပြီထင်တယ်''ဟုပြောသည်။ လီဒါက သူ့အမေ နောက် သုတ်သီး သုတ်ပျာ ထွက်လိုက်သွားသည်။

ဆီဒိုရောက်က သူတို့ကို လှည့်၍တောင်မကြည့်လိုက်။

ဆီဒိုရောက်သည် အကြာကြီးစကားမပြောဘဲ ငေးကြည့်နေသည်။ ပြီးလျှင် စိတ်အနည်းငယ်ပြေသွားအောင်စောင့်၍ နီဗိကောက်တို့ ညီအစ်ကိုနှစ်ယောက်ကို သေရည် တစ်ခွက်စီငှဲ့ပေးသည်။

''ဒီမှာ နီဗိကောက် ငါတို့ဟာ တစ်သိုက်တည်းထွက်တွေပဲ။ ဒါပေမဲ့ နောက်ပေါက် ကတော့ တစ်မျိုးဖြစ်နေပြီ''ဟု ဆီဒိုရောက်က ပြောသည်။

နီကိုလေသည် စောင်းကို ကောက်၍တီးသည်။ စောင်းသံနှင့် လေတိုက်သံကို နားထောင်ရင်း ဆီဒိုရောက်က စကားပြောပြန်သည်။ ပထမတွင် လေးလေးပြော၍ နောက် တဖြည်းဖြည်းနှင့် ပြင်းထန်ကျယ်လောင်စွာပြောသည်။

ဆီဒိုရောက်မှာ သူ့ရင်ထဲတွင် လေးနေသည့်အချက်များ ပေါ့၍သွားစေရန် စကားပြောဖို့လိုသည်ကို နီဗိကောက်ကသိသဖြင့် နီဗိကောက်က သူပြောသည်ကို ဘာမျှဝင်၍မစွက်။ ဆီဒိုရောက်အဖို့တွင် သူပြောနေသည်ကို ဘယ်သူနားထောင်ထောင် မထောင်ထောင် အရေးမကြီး။

သူ့သမီးကိုယ်တိုင်ကပင် သူ့စိတ်နှလုံးကို ထိခိုက်အောင်လုပ်ခဲ့ပြီ။ သူ၏ စိတ်ချမ်းသာမှုနှင့်ပတ်သက်၍ ပြောကြသည်ကို ယခင်ကလည်း သူ ကြားဖူးသည်။ သို့ရာတွင် သူ့ စိတ်ထဲကမနာလို၍ ပြောကြသည်ဟုသာထင်ခဲ့သည်။ ယခုမူ သူ့သမီး အရင်းကိုယ်တိုင်ကပင် ကဲ့ရဲ့စကားကို ဆိုလျက်ရှိပြီ။

ဆီဒိုရောက်က ဗော့ဒကာသေရည်ကို တစ်ခွက်ပြီးတစ်ခွက် သောက်ရင်းပြော သည်။ ''ငါ့မှာ ဗက္ကာဆိုတဲ့ သူငယ်ချင်းတစ်ယောက်ရှိတယ်။ ငါနဲ့ သူနဲ့ဟာ ညီအစ်ကို အရင်းလိုပဲ ချစ်ကြတယ်။ ငါကလည်း သိပ်ချစ်တာပဲ။ ငါနဲ့ သူနဲ့ဟာ ပြည်တွင်းစစ် တိုက်ပွဲမှာလည်း စစ်မျက်နှာစုံအောင် လက်တွဲပြီးတိုက်ခဲ့တယ်။ အေးလည်းအတူ ပူလည်းအမျှပဲ၊ သူနဲ့ ငါနဲ့နှစ်ယောက်မှာ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေတစ်ယောက် ရှိတယ်။ သေမင်းပေါ့။ သေမင်းဟာ ငါတို့နဲ့ အမြဲတမ်းကစားဖက်ပဲ၊ သေမင်းက တစ်ခါတလေ ဟိုကွေ့ပြေးလိုက်၊ ဒီကွေ့ပြေးလိုက်လုပ်တယ်။ တစ်ခါတလေတော့လည်း အကျီစားသန်လွန်းလို့ သေမင်းရယ် ငါတို့ကိုတစ်ခါတည်းပဲ ခေါ်သွားပါတော့လား လို့တောင် အော်ယူရတယ်။ ဒီလိုဆိုပေမယ့်လည်း သူကမခေါ်ဘူး။ ငါတို့ကို ညှာရှာပါ တယ်။ ဗက္ကာကတော့ ငါ့ထက်ကံဆိုးတယ်။ သူ့ကို အဖြူတပ်က ပစ်လိုက်တဲ့ကျည်ဆန် ဟာ သူ့မျက်စိတစ်ဖက်ကို ဖောက်သွားတယ်။ ဒါပေမဲ့ သူ မသေဘူး။ အဲဒါနဲ့ နောက်ကျ တော့ ပြည်တွင်းစစ်လည်း ပြီးသွားတယ်။ ပြီးသွားတော့ ငါတို့လည်း အေးအေး ချမ်းချမ်းလုပ်ကိုင်စားကြတယ်။ ငါတို့သွေးနဲ့ရင်းလို့ရတဲ့ စိတ်ချမ်း သာမှုကို ကျေနပ်စွာ ခံယူကြတယ်။ ပြည်တွင်းစစ်ပြီးတော့မှ တကယ်ခက်ခဲတဲ့အလုပ်က စလာတယ်။



ပြည်တွင်းစစ်အတွင်းမှာတော့ ငါတို့ကိုယ်ဟာ အများကြီးဆင်းရဲတယ်။ ဒါပေမဲ့ စိတ်ဓာတ်ကတော့ အင်မတန်ကြံ့ခိုင်တယ်။ (သင်တို့ ဘာအတွက်တိုက်နေကြတာလဲ)လို့ ငါတို့စစ်ဗိုလ်က အမြဲမေးလေ့ရှိတယ်။ အဲဒီလိုမေးရင် ငါတို့က (ကမ္ဘာပေါ်မှာရှိသမျှ အလုပ်သမားတွေ စိတ်နှလုံးချမ်းသာမှုရဖို့အတွက် ငါတို့တိုက်ကြတာ)လို့ သွက်သွက် လက်လက်ဖြေကြတယ်။ စိတ်ဓာတ်ကြံ့ခိုင်နေတဲ့အခါမှာ သေမင်းဟာ ဘာမှကြောက်ဖို့ မကောင်းဘူး။ အဲဒီလိုနေတုန်းမှာ ငါတို့စိတ်ဓာတ်ကို ဒိုင်းနမိုင်းနဲ့ခွဲလိုက်တယ်။ ဒါနဲ့ အကုန်လုံးကွဲအက်ကုန်တယ်။ အဲဒါက ဘာလဲဆိုတော့ စစ်ပြီးဖြေဖျက်ရမယ့် ပြဿနာ တွေပဲ။ ဗက္ကာနဲ့ငါဟာ ငါတို့အရင်ကလုပ်ခဲ့တဲ့ စက်ရုံမှာပဲ ပြန်ပြီးအလုပ်လုပ်ကြတယ်။ ဒါပေမဲ့ အခြေအနေက အရင်အခြေအနေမျိုးမဟုတ်ဘူး။ ငါတို့ ပတ်ဝန်းကျင်တစ်ခုလုံးဟာ ပျက်စီးခြင်း၊ ဝေါ်မွတ်ခေါင်းပါးခြင်းတွေနဲ့ ပြည့်နေတယ်။ လူတိုင်းလူတိုင်းဟာ ဖိနပ်မရှိဘူး။ အရှက်လည်း မဖုံးနိုင်ဘူး။ အဝတ်အထည်ဆိုလို့ လက်တစ်ဝါးတောင် ရှာမရဘူး။ အဲဒါနဲ့ ငါတို့ဟာ ဂုံအိတ်တွေကို ဝတ်နေကြရတယ်။ ဂုံအိတ်တစ်ခုကို အပေါက်သုံးပေါက်ဖောက်ပြီး တစ်ပေါက်ကို ခေါင်းသွင်း၊ နှစ်ပေါက်ကို လက်တစ်ဖက်စီ သွင်းလိုက်ရင် ဝတ်လုံဖြစ်သွားတာပဲ။ အဲဒါ ငါတို့ရဲ့အခြေအနေပဲ။ အဲဒါကိုတောင် ဆိုးတယ်လို့မဆိုနိုင်သေးဘူး။ ဘာလို့လဲဆိုတော့ ဒါက စစ်ဒဏ်ကြောင့်ဖြစ်ရတာမို့။ ဒါပေမဲ့ တချို့အခြေအနေကတော့ အကြောင်းမရှိဘဲနဲ့ဖြစ်တဲ့အတွက် ငါတို့ဟာ စဉ်းစားလို့ မရနိုင်အောင် ဖြစ်သွားတယ်။ ငါတို့ပတ်ဝန်းကျင်ကို လှောက်ကြည့်လိုက်တော့ ငါတို့ မျှော်လင့်ခဲ့တဲ့ အလုပ်သမားများရဲ့ စိတ်ချမ်းသာမှုဟာ ပြောင်းပြန်ဖြစ်နေတာကို တွေ့ရ တယ်။ ငါတို့က စစ်မြေပြင်မှာ ထွက်တိုက်နေတုန်းမှာ တချို့လူတွေက ဗိုလ်တွင်းအောင်း ပြီး စီးပွားလမ်းဖြောင့်နေကြတယ်။ အဲဒီလူတွေဟာ ဇိမ်ကျပြီး သူတို့ကိုဖယ်ရှားပစ်လို့ လည်းမရတော့ဘူး။ သူတို့အထဲမှာ တစ်ယောက်က ရိက္ခာထောက်ပံ့ရေးဝန်ကြီး၊ တစ်ယောက်က လျှို့ဝှက်ပုလိပ်မင်းကြီး၊ တခြားတစ်ယောက်က စက်ရုံအုပ်ချုပ်သူ စသဖြင့် တစ်မျိုးတစ်ဖုံ စည်းစိမ်တွေ့နေကြတယ်။ သူတို့ပတ်ဝန်းကျင်က လူတွေဟာ အကုန်ဝေါ်ပြတ်နေကြတယ်။ ဒါပေမဲ့ သူတို့ကျတော့ လေစိမ်းတစ်ချက်တောင် မတိုက် ရဘဲ ပျော်ပွဲရွှင်ပွဲ အမြဲဆင်နေကြတယ်။ ငါတို့ကျတော့ အလုပ်ပြီးရင်ခြေထောက်ကို မသယ်ချင့်သယ်ချင်နဲ့ ဒရွတ်ဆွဲပြီး ခြေလျင်လျှောက်ပြန်ရတယ်။ ဒီငနဲတွေကျတော့ မော်တော်ကားကြီးတွေနဲ့ တဝီဝီဖြစ်နေတယ်။ သူတို့ပါးစပ်ထဲကလည်း စီးကရက်ခဲလို့ ဓါးမှာလည်း ဗျောက်ကြီးတွေထိုးလို့ သူတို့ဘေးတစ်ဘက်တစ်ချက်ကလည်း သွားကြီး တွေဖြဲပြီး ဖာနှစ်ကောင်ကထိုင်လို့။ သူတို့အလုပ်က မြို့ပြင်မော်တော်ကားနဲ့ အပျော်ထွက် ဖို့။ ခေါင်းမြစ်ထဲ သင်္ဘောအပျော်စီးထွက်ဖို့ပဲရှိတယ်။ အဲဒီတုန်းက ဗက္ကာက အချိန်အား တိုင်း အားတိုင်း ငါနဲ့လာနေတယ်။ လာပြီး ဗော့ဒကာခွက်ကြီး တစ်ခါတည်းကိုင်ပြီး တစ်ခွက်ပြီး တစ်ခွက်သောက်ပြီး သွားကြီးဖြဲနေတာပဲ။ စကားလည်း တစ်ခွန်းမှ မပြောဘူး။ ငါကလည်း သူ သွားကြီးဖြဲဖြဲနေပုံကို နည်းနည်းမှမကြိုက်ဘူး။ အဲဒါနဲ့

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတော့ ငါက (သင်သွား ကြီးပြုံဖြုံနေတာ ဘယ်လိုအဓိပ္ပာယ်လဲ)လို့မေးတယ်။ ဒီတော့ သူက (ဆီဒိုရောက် ဒီကောင်တွေဟာ ငါတို့ကို တစ်ပတ်ရိုက်တာပဲ။ ရယ်စရာလည်းကောင်းပကွာ)လို့ ပြောတယ်။ ဒီတော့ ငါက (ဒီကောင်တွေက ငါတို့ကို တစ်ပတ်ရိုက်တယ်ဆိုတာက ဘယ်လိုလဲကွ။ ပြောစမ်းပါဦး ကာနာရိပ်ရဲ)လို့ ဆိုတယ်။ ဒီတော့ သူက (ဒီအတိုင်းပေါ့ကွ။ သင်တို့ငါတို့ဟာ အလုပ်သမားတွေချမ်းသာဖို့ တိုက်ခဲ့ကြတယ် မဟုတ်လား။ အဲဒါနဲ့ ငါလည်း မျက်စိတစ်ဖက်ပျက်ရတယ်။ သင်လည်း ဒဏ်ရာရတယ်။ ဒါပေမဲ့ သင်တို့ ငါတို့မှာ ဘာကောင်းကျိုး ခံစားရသလဲ။ ဒီလိုနဲ့ပဲ နှစ်တွေလတွေသာ ကုန်လာတယ်။ ငါတို့အခြေအနေဟာ တိုးတက်လာတယ်လို့ မရှိဘဲနဲ့ တစ်နေ့ထက်တစ်နေ့ ဆိုးဆိုးလာတာပဲရှိတယ်)လို့ ပြောတယ်။ သူက ဒီလိုပြောလိုက်တော့ ငါက တော်တော်ကို စိတ်ဆိုးသွားတယ်။ ဒါနဲ့ ငါက (ဟိတ်ကောင် ခွေးမသား၊ သင်ဟာ ဘော်ရှီဗစ်ဆိုပြီး ဒီလိုပြောရသလား။ ဘော်ရှီဗစ်ဆိုတာ ဆင်းရဲရမှာကို မကြောက်ရဘူးကွ။ ပြီးတော့ အခု ခဏယန်းဖြစ်နေတဲ့ ဆင်းရဲခြင်းကိုလည်းကျော်ပြီး နောင်အောင်မြင်မယ့်အရေးကို မျှော်ကြည့်တတ်ရတယ်ကွ)လို့ပြောတယ်။ ဒီတော့ သူက တစ်ခါ (ငါတော့ နောင်ရေးကို မျှော်မကြည့်တတ်ဘူးကွာ။ အခု ငါမြင်တာကတော့ အိမ်ပြို့အိမ်ပျက်တို့ အကျီစုတ် လုံချည်စုတ်တို့ပဲမြင်တယ်)လို့ ပြောတယ်။ အဲဒီအချိန်တုန်းက ငါက စွတ်စိုထိုင်းမှိုင်းနေတဲ့ မြေအောက်ထပ်ခန်းကလေးတစ်ခုမှာ နေတယ်။ လီဒါနဲ့ သူ့အမေနဲ့အတူပေါ့။ လီဒါက နို့စို့ပဲရှိသေးတယ်။ လီဒါကလည်းငို၊ အိမ်ခန်းကလည်းနံ အသက်ရှူရတာကလည်းကြပ်၊ ဒါပေမဲ့ ငါကလည်းခေါင်းမာတော့ ဗတ္တာပြောတာကို မှန်တယ်လို့မထင်ဘူး။ ငါက လီဒါကလေးကို လက်တစ်ဖက်တည်းနဲ့မြှောက်ပြီး ဗတ္တာရှေ့မှာမြှောက်ပြပြီး (သင် ဘာမြင် သလဲ)လို့မေးတယ်။ ဒီတော့ ဗတ္တာက (ဘာမြင်ရမလဲ သင့်သမီး ငိုနေတာမြင်တာပေါ့။ ဆာလို့ငိုနေတာပဲ။ သင့်မှာလည်း ဘာမှကျွေးစရာမရှိဘူး။ ဒါပဲမဟုတ်လား။ ဒီပြင် ဘာရှိသေးသလဲ) လို့ပြောတယ်။ ဒီတော့ ငါက (ကလေးမျက်စိနှလုံးကို ကြည့်စမ်း။ ဘယ်လောက်ကြည်လင်သလဲ။ ဘယ်လောက် တောက်ပသလဲ။ အဲဒီမျက်စိနှစ်လုံးနှင့် သူဟာ နောင်လာလတ္တံ့တဲ့ ချမ်းသာမှုများကို မြင်ရလိမ့်မယ်လို့ ပြောတယ်)ဟု ဆီဒိုရောက်က ပြောသည်။

ပြီးလျှင် ဆီဒိုရောက်သည် သဘော်သားက ပြတင်းပေါက်ကလေးဆီသို့သွား၍ မြစ်ဘက်မှလာသော လေကိုရှူနေသည်။ နိကိုလေက ဘာမျှမပြောဘဲ ဆီဒိုရောက်ကိုသာ ကြည့်နေသည်။ ပြီးလျှင် သူ့စောင်းကြိုးကို လက်နှင့်အုပ်၍ အသံမမြည်အောင်လုပ်လိုက်သည်။ ဆီဒိုရောက်သည် သင်္ဘောပြတင်းပေါက်သို့ ကြည့်နေရင်းနှင့် "အဲဒီလို ငါ ယုယုယယမွေးမြူလာခဲ့ရတဲ့ လီဒါက အခု ငါရနေတဲ့ စိတ်ချမ်းသာမှုဟာ စင်စင်ကြယ်ကြယ်နဲ့ရတဲ့ စိတ်ချမ်းသာမှု မဟုတ်ဘူးလို့ ပြောနေတယ်။ ဘာလို့ ဒီလိုပြောနေသလဲတော့ ငါလည်းမသိဘူး"ဟုပြောသည်။



ဆီဒိုရောက်သည် ရုတ်တရက် နိကိုလေဘက်သို့လှည့်ပြီးလျှင် "အခုတင်တုန်းကသင်ဘာသီချင်းတီးနေသလဲ"ဟုမေးသည်။

"မေတ္တာစာ သီချင်းတီးနေပါတယ်"

"ဒီသီချင်းက တီးလုံးကတော့ကောင်းတယ်။ ဒါပေမဲ့ သိပ်လွမ်းစရာကောင်းတယ်။ ကိုင်း တီးစမ်းပါ။ တီးစမ်းပါ။ သိပ်ကျယ်ကျယ်ကြီးတော့ မတီးပါနဲ့။ တိုးတိုးပဲတီးပါ"ဟု ဆီဒိုရောက်က နိုင်းသည်။

"ဒါ့ထက် သင့်သူငယ်ချင်း ဗတ္တာ ဘာဖြစ်သွားသလဲ။ သင်ပြောတာကို သူ သဘောပေါက်ရဲ့လား"ဟု နီဗိကောက်က မေးသည်။

"ငါ သူ့ကိုသဘောပေါက်အောင် မပြောနိုင်ပါဘူး။ နောက်ဆုံး သူဖြစ်ရတာကတော့ အများကြီး ဝမ်းနည်းစရာကောင်းပါတယ်။ သူနဲ့ငါနဲ့ဟာ အားလပ်တဲ့နေ့တိုင်း အားလပ်တဲ့နေ့တိုင်း သေရည်သောက်သောက်ပြီး ငြင်းကြတယ်။ ငြင်းကြပြန်တော့လည်း ဘယ်တော့မှ အေးအေးချမ်းချမ်းမရှိဘူး။ တစ်ခါထက် တစ်ခါတိုးတိုးပြီးဆူလာဒေါသတွေပါပါလာတယ်။ တစ်ခါတလေလည်း တစ်ယောက်နဲ့တစ်ယောက် ထဆဲကြတယ်။ တစ်ခါတလေတော့လည်း တစ်ယောက်ကို တစ်ယောက် ဖက်နမ်းကြတယ်။ တစ်ခါတလေ နှစ်ယောက်သား မေတ္တာသီချင်းလိုလို သီချင်းမျိုးကို ထပြီးဆိုချင်လည်းဆိုကြတယ်။ တစ်ခါတလေလည်း တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ပြီး လသာသာမှာ ခွေးနှစ်ကောင်အူသလိုပဲ အော်ကြတယ်။ နှစ်ယောက်စလုံး စိတ်ကလည်း မချမ်းသာကြပဲကို။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက်လည်း ယုံကြည်ပြီး ပြောစရာဆိုစရာရှိတာကို အကုန်လုံးဖွင့်ပြောကြတယ်။ ဒါပေမဲ့ တခြားလူတွေ မကြားအောင်တော့လည်း သတိကောင်းကောင်းထားရတယ်။ အဲဒီလိုနေကြရင်းနဲ့ တစ်ယောက်နဲ့တစ်ယောက် တစ်နေ့တခြား အယူအဆချင်း ကွဲပြား ကွဲပြားလာတာကိုလည်း ငါတို့သတိမထားမိကြဘူး။ နောက်ဆုံးကျတော့ တစ်ယောက် နဲ့တစ်ယောက် ခွာပြဲကြတာပဲ။ တစ်ညတော့ ငါ့မိန်းမနဲ့ လီဒါကလည်း သူတို့ ဆွေမျိုးများဆီသွားနေကြတယ်၊ ဒါနဲ့ အိမ်မှာငါတို့နှစ်ယောက်တည်းရှိတော့ သေရည်တွေ နင်းကန်သောက်ကြတာပါပဲ။ ပြီးတော့ မူးမူးနဲ့ရမ်းကုန်ကြပြီး ငါက ဗတ္တာကို သစ္စာဖောက်တယ်လို့ ဆိုတယ်။ ဒီတော့ သူက ငါ့ကိုဖိနပ်ကိုင်လို့ဆိုတယ်။ နှစ်ယောက်စလုံး ဒေါသမွှန်ပြီး တစ်ယောက်နဲ့တစ်ယောက် လက်သီးနဲ့ထထိုးကြမယ်တောင် ဖြစ်သွားတယ်။ အဲဒီအခါမှာ ဗတ္တာက ထပြီး (သင့်ကို ဒီနေ့ကစပြီး ငါ သူငယ်ချင်းလို့ သဘောမထားတော့ဘူး)လို့ အော်ကျယ်ပြီး ပြောတယ်။ ဒီတော့ ငါက (ငါကလည်း သင့်ကို သူငယ်ချင်းလို့ သဘောမထားတော့ပါဘူး။ သေနတ်မှန်တုန်းက သင် မျက်စိကန်းရုံတွင်ကန်းပြီး သေမသွားတာတောင် ငါ အများကြီးဝမ်းနည်းတယ်။ သင်ဟာ သေသွားရင်ကောင်းမယ့် ကောင်။ သင်ဟာ ငါတို့လူတန်းစားရဲ့ ရန်သူပဲ) လို့ပြောတယ်။ ဒီတော့ ဗတ္တာက (သြော် သင်က ငါ့ကို ...လို့ထင်တာကို။ ဒီလိုထင်ရင် အခု ငါပြောတာတွေကို သင့်ကောင်တွေဆီ သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အကုန်တိုင်လိုက်ပါလား။ သစ္စာရှိတဲ့ ဆော်ရှိုဗစ်ဆိုတာ ဒီလိုပဲ တိုင်ရတယ် မဟုတ်လား။ ဒီလိုမှမတိုင်ဘူးဆိုရင် သင်ဟာလည်း ငါလိုပဲ လူတန်းစားသစ္စာဖောက်တဲ့ အကောင်ပဲ ဖြစ်မှာပေါ့)လို့ ပြောတယ်။ ဒီတော့ ငါ့စိတ်ထဲက ဘယ်လိုဖြစ်သွားမှန်းမသိဘူး။ သိပ်ကို မခံမရပ်နိုင်အောင် ဖြစ်သွားတယ်။ အဲဒါနဲ့ ငါက သူ့ရှေ့မှာထပြီး မတ်တတ်ရပ်လိုက်တယ်။ ဒီတော့သူက (ဟေ့ ဆီဒိုရောက် ဘာဖြစ်တာလဲ)လို့ မေးတယ်။ ငါ့ရုပ်က တော်တော်ကြောက်စရာကောင်းသွားတယ် ထင်ပါရဲ့။ ပြီးတော့ သူ့မျက်နှာကို ငါက သေသေချာချာကြည့်ပြီး “ခွေးမသားတော့ သိရောပေါ့” လို့ပြောပြီး ဦးထုပ်ကို ကောက်ဆောင်းပြီး ငါတစ်ခါတည်း ထွက်လာခဲ့တယ်။ အဲဒါနဲ့ ငါလည်း ယိုင်တိုင် ယိုင်တိုင်နဲ့ ငါ့ဟာငါ ဘယ်သွားလို့ ဘယ်သွားမှန်းမသိဘဲနဲ့ လျှောက်သွားပြီး ချေကာ သူ့လှိုဏ်ရုံးကို ရောက်သွားတယ်။ ဟိုကျတော့ ဘာပြောကောင်းမလဲ။ ဗက္ကာပြောတာ တွေကို ငါက အကုန်လုံး ပြန်ပြောပြတာပေါ့။ တစ်ခုတော့ ငါက တောင်းပန်ခဲ့ပါတယ်။ ဗက္ကာကို သတိပေးရုံလောက်ပဲ ပေးလိုက်ပါ။ ရန်တော့မလုပ်ပါနဲ့လို့။ အဲဒီတော့ ချေကာအရာရှိတွေက စပ်ဖြဲဖြဲကြီးတွေလုပ်ပြီး စိတ်သာချပါ။ ဘာမှမဖြစ်စေရပါဘူးလို့ တာဝန်ခံလိုက်တယ်။ အဲဒီအချိန်ကစပြီး သူ့အကြောင်းကို တစ်ခါတည်း မကြားတော့ဘူး။ ငါလည်း အများကြီး စိတ်မကောင်းဖြစ်သွားပြီး ငါ့ကိုယ်ငါတောင် သတ်သေချင်တဲ့စိတ်ပေါ်သွားတယ်။ အဲဒီအချိန်မှာ ငါတို့ စက်ရုံက ကွန်မြူနစ်အမှုဆောင်အဖွဲ့ရဲ့ အတွင်းရေးမှူးက ငါ့ကိုခေါ်ပြီး (ဒီမှာ ရဲဘော်ဆီဒိုရောက် သင့်ကို စက်ပညာ (အင်ဂျင်နီယာ)ကျောင်းကိုပို့ဖို့ ငါတို့ အမှုဆောင်က ဆုံးဖြတ်ချက်ချလိုက်တယ်။ ငါတို့ ပါတီမှာ သင့်လို ပါတီအပေါ် သစ္စာရှိတဲ့လူတွေလိုတယ်) လို့ပြောတယ်။ ဒီတော့ ငါလည်း အတွင်းရေးမှူးရှေ့မှာ မတ်တတ်ရပ်ပြီး တုန်နေတယ်။ ပြီးတော့ ငါ့စိတ်ထဲက (အင်း ငါတော့ ကံကောင်းလာပြီ။ ဒါပေမဲ့ ငါ့သူငယ်ချင်း ဗက္ကာမရှိတော့ ဒါတော့ သိပ်မှာတာ ပဲကွာ။ သူသာရှိရင် ဘယ်လောက်ဝမ်းသာရှာမလဲလို့ အောက်မေ့မိတယ်” ဟု ဆီဒိုရော့က်က ပြောသည်။

ထို့နောက် ဆီဒိုရောက်သည် သူ့သူငယ်ချင်းကို အောက်မေ့ပြီး စိတ်မကောင်းသော မျက်နှာထားနှင့် စကားပြောရပ်သွားသည်။

နိုဗိကောက်မှာ ကြက်သီးထ၍သွားသည်။ ဆီဒိုရောက်သည် တကယ်ပြောနေသလား။ ရယ်စရာပြောနေသလားဟုပင် သူ မစဉ်းစားတတ်။ နိုကိုလေလည်း အံ့အားသင့်ကာ ပါးစပ်ပြဲ၍နေသည်။

“သူ့ကို စက်ပညာသင်ကျောင်းပို့ပေးတာဟာ ကွန်မြူနစ်ပါတီရဲ့ အကျိုးအတွက် သူ့သူငယ်ချင်းဗက္ကာအပေါ်မှာ သူ သစ္စာဖောက်လိုက်လို့ဆိုတာကို ဆီဒိုရောက် မသိဘူးလား။ သူဟာ သေရည်မူးပြီး ရူးချင်ယောင်ဆောင်နေပေမယ့် သိပါတယ်” ဟု နိုကိုလေ စိတ်ထဲက တွေးကြည့်သည်။



ထိုအခိုက် နာတာလီယက သဘော်ခန်းတံခါးကို ဖြန်းခနဲတွန်းဖွင့်လိုက်ပြီး “မိုးတိတ်သွားပြီ။ ထွက်ခဲ့ကြပါ။ အပြင်မှာ သိပ်သာယာပါတယ်” ဟု အော်၍ ပြောသည်။

❋ ❋ ❋

## အခန်း-၁၀

မိုးမရွာသည့်ပမာ ကောင်းကင်မှာကြယ်တွေ ထွက်နေသည်။ အဝေးဘက် ကမ်းခြေ လထွက်နေသည့်နေရာတွင်သာ မိုးရိပ်အနည်းငယ်ရှိသည်။ သဘော်အလံတွင် စို၍နေသော မိုးရေများသည် လေတိုက်ခတ်သဖြင့် ခြောက်၍သွားပြီ။ သဘော်ကလေးသည် မြစ်လယ်ခေါင်တွင် တဖြည်းဖြည်းရွက်ရှိန်ဖြင့် သွားလျက်ရှိသည်။

လီဒါသည် ပဲ့ပိုင်းတွင် အီဗန်၏အနားၕရပ်၍ ခေါင်းမြစ်ရေ တသွင်သွင် စီးသံကို နားထောင်၍နေသည်။

“သဘော်ကို ခဏရပ်ရင် မကောင်းဘူးလား” ဟု အီဗန်က မေးသည်။

“ဘာလုပ်ဖို့ရပ်မှာလဲ”

“သင် ရေမကူးတော့ဘူးလား။ မိုးရွာပြီးရင် မြစ်ရေဟာ ညစ်ပြီးစ နွေးနေတယ်” ဟု အီဗန်က ပြောသည်။

“သင် ရပ်ချင်ရင်တော့ အမေ့ကိုပြောလေ”

အီဗန်၏အကြံကို နာတာလီယက သဘောကျသည်။

“မှောင်မှောင်မည်းမည်းထဲမှာ သူတို့ ရေကူးကြရင်ကောင်းမယ်။ ဒီတော့မှ အပေါ်ကစောင်နဲ့အုပ်ပေးလိုက်သလို သူတို့ ပူးပူးကပ်ကပ်တွေ့ကြမယ်” ဟု နာတာလီယက စိတ်ထဲက အောက်မေ့သည်။

အီဗန်သည် သဘော်ကိုရပ်၍ ကျောက်ချလိုက်သည်။ လီဒါတို့သားအမိက အဝတ်လဲရန် အခန်းထဲသို့သွားသည်။ ယောက်ျားများက ကုန်းပတ်ပေါ်က စောင့်နေကြသည်။

ဆီဒိုရောက်သည် မိုးပေါ်သို့ကြည့်၍ “ဒီလိုညမျိုးတွေ့ရတော့ ငါဖြင့် အသက်နှစ်ဆယ်လောက် ပြန်ငယ်သွားချင်တယ်။ နိုကိုလေရေ ငါလည်း သင့်လိုပဲ ငယ်ငယ်တုန်းကဆိုရင် သိပ်ခွာသွေးတာပဲ။ ငါလည်း ဟိုတုန်းကတော့ သိပ်ပွေခဲ့တာပေါ့။ အလုပ်ကောင်းတယ်ဆိုတာနဲ့ တစ်မြို့နက် ကပွဲကိုတန်းသွားရင်လည်းသွား၊ ဒါမှမဟုတ်ရင်လည်း လျှောက်လည်တာပဲ။ ပြီးတော့ မြာကလေးတွေကလည်း ငါ့ကို အတော်ကျကြတယ်။ ငါ့ဟာသစ်တပ်ထားတဲ့ ငါးမျှားချိတ်ကို တစ်ခါတည်း ပြေးဟပ်ကြတာမျိုး ကျနေတာပဲ။ အဲဒီအထဲက မြာကလေးတစ်ယောက်ကိုတော့ ငါ ဘယ်တော့မှမမေ့ဘူးဟေ့။ အဲဒီမြာကလေးက နာတာလီယရဲ့အရင်ကျတာပေါ့ကွာ။ သူက အတော်ကဲတယ်။ ဒီလို ညမျိုးတဲ့ညမျိုးဆိုရင် ငါတို့နှစ်ယောက်ဟာ လှေကလေးတစ်စင်းစီးပြီး လူသူမနီးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကမ်းစပ်မှာ လှေကလေးကို ကြိုးနဲ့ချည်ထားပြီး နေဝင်ကနေထွက်ထိအောင် ကစားကြတာပဲ။ အဲဒါနဲ့ မိုးလင်းပြန်တော့လည်း ဘာမှမဖြစ်တဲ့အတိုင်းပဲ အလုပ်ကိုတန်းပြီးဆင်းတာပဲ။ သင်တို့ ခုခေတ်လူငယ်တွေဟာ ငါတို့လောက် အပင်ပန်းမခံနိုင်ပါဘူး။ သင်တို့ဟာ သိပ်ကိုပျော့တာပဲ''ဟု ပြောသည်။

''ဒါတော့ ဘာပြောစရာလိုလဲ။ အခု ငါတို့ခေတ်မှာ စားရတဲ့အစာမျိုးသာ စားရမယ်ဆိုရင် သင်တို့လည်း သိပ်အပင်ပန်းခံနိုင်မှာ မဟုတ်ပါဘူး''ဟု နီကိုလေက ပြောသည်။

''ငါတို့ ရောက်စတောက်နဲ့ ဘယ်လောက်ဝေးလာပလဲ''ဟု နီဗိကောက်က မေးသည်။

''မိုင်နှစ်ဆယ်လောက် ဝေးလာပြီ။ ဒီနားတစ်ဝိုက်မှာဆိုရင် အစိုးရနေ့ရာသီအိမ်တွေချည်းပဲ။ တို့နောက်ဘက်ကမြင်ရတဲ့ မီးရောင်တွေဟာ ဂိုရင်ရဲ့ နန်းတော်ကြီးပေါ့''ဟု ဆီဒိုရောက်က ပြောသည်။

ဆီဒိုရောက်က ထိုသို့ပြောလိုက်သောအခါ နီဗိကောက်သည် နီနာကို သွား၍ သတိရသည်။ ပြီးလျှင် ''ဒီအချိန်မှာ နီနာ ဘာများလုပ်နေမလဲမသိဘူး။ လကြီးကြည့်ပြီး ကြည်နူးနေမလားမသိဘူး''ဟု သူ့စိတ်ထဲက တွေးလိုက်သည်။

''ဂိုရင်က တော်တော်ရယ်စရာကောင်းတဲ့လူ''ဟု ဆီဒိုရောက်က ပြောသည်။ ပြီးလျှင် ဆက်၍ ''ဂိုရင့်သဘောထားကို ငါ လုံးလုံးနားမလည်ဘူး။ တကယ့်ကို အ,လို့လား၊ တမင်သက်သက် အ, ချင်ယောင်ဆောင်နေတာလားတော့ မပြောတတ်ဘူး။ သူက ပရစ္စဒါသတင်းစာထဲကနေပြီး ငါတို့တွေကို အလကားအကောင်တွေလို့ရေးတယ်''ဟုပြောသည်။

ဆီဒိုရောက်က ထိုကဲ့သို့ ပြောလိုက်သောအခါ နီဗိကောက်သည် အံ့အားသင့်၍ သွားသည်။ ပြီးလျှင် ''ဒါပေမဲ့ ကွန်မြူနစ်ပါတီက သူ့ကို အားကြီးလေးစားတယ်၊ ဝါဒတိုက်ပွဲမှာလည်း သူ့ထင်မြင်ချက်ဟာ သိပ်အရေးပါအရာရောက်တယ်''ဟု နီဗိကောက်က ပြောသည်။

''အခုတော့ ဒါလောက်တောင် မဟုတ်တော့ဘူးထင်ပါတယ်။ အခု ငါ တိုက်ပွဲကို ပျားရည်နဲ့ ဝမ်းမချတော့ဘူး။ အရင်တုန်းကသာ ခေါင်းမာတဲ့လူကို ချော့မြူနေတာ၊ အခုတော့ သတ်ပစ်လိုက်တာပါပဲ''ဟု ဆီဒိုရောက်က ပြောသည်။

နီဗိကောက်စိတ်ထဲက ''သူပြောတာ မှန်တယ်''ဟုအောက်မေ့သည်။ ပြီးလျှင် ''သင်ပြောတာ မှားတယ် ဆီဒိုရောက်၊ ဂိုရင့်ဩဇာဟာ အရင်တုန်းကလိုသလောက် အခုလည်းဆက်ပြီး ကြီးတုန်းပဲရှိသေးတယ်။ ဥပမာဆိုရင် နိုင်ငံခြားတွေမှာဆိုရင် သူပြောတာကို သိပ်ပြီးလေးစားကြတယ်''ဟုပြောသည်။

''ဟုတ်ပါတယ်၊ နိုင်ငံခြားတွေမှာသာ သူပြောတာကို လေးစားကြတယ်၊ ဥပမာဆိုရင် ရှုအင်တို့လို ပညာရှိကြီးတွေဟာ ဆိုရှယ်လစ်နိုင်ငံမှာ လူတစ်ယောက်



တစ်ယောက်စီရဲ့ အခြေအနေဟာ ဘယ်လိုနေတယ်။ အနုပညာရဲ့ အခြေအနေဟာ ဘယ်လိုနေတယ်ဆိုတဲ့ အင်မတန် မြင့်မြတ်တဲ့အကြောင်းများကို တိုင်းဝေးပြည်ဝေးက လာပြီး ဂိုရင်နဲ့ စိတ်အားထက်သန်စွာ ဆွေးနွေးကြတယ်။ ဒါပေမဲ့ ဒီပြည်တွင်းမှာရှိတဲ့ သူများ မျက်ရည်ကျမှ စိတ်ချမ်းသာတဲ့ ဒူရောက်တို့လိုလူတွေကတော့ သူတို့ရဲ့ကိုယ်ချမ်းသာမှုအတွက် အခြားသူများကို ဘယ်လို ညှဉ်းပန်းနှိပ်စက်ရပါမလဲဆိုတဲ့နည်းကိုသာ အမြဲရှာကြံနေတယ်။ လောကကြီးဟာ အဲဒီလို နှစ်ကွဲကွဲနေတယ်။ တကယ်ဖြစ်ပျက်နေတဲ့အကြောင်းနဲ့ ဂိုရင်နဲ့ဆိုတာက မိုးနဲ့မြေကြီးနဲ့ လောက်ဝေးနေတယ်''ဟု ဆီဒိုရောက်ကပြောသည်။ သူ့အသံမှာ မကျယ်သော်လည်း ဒေါသသံ မခံချင်သံ အများကြီးပါသည်။

''ဘုရား···ဘုရား၊ ဆီဒိုရောက်က ဒူးရောက်ကို အတော်ကို မုန်းတာပါလား''ဟု နီဗိကောက်စိတ်ထဲက အောက်မေ့သည်။ ထိုအခိုက်တွင် နီကိုလေက ဆီဒိုရောက်ပြောသည်ကိုသဘောကျသဖြင့် ''ဒီမှာ ရဲဘော်ဆီဒိုရောက် ဒူရောက်က သင့်ကို မဝါးဘဲနဲ့မျိုပစ်လိုက်ဖို့ လုပ်နေတယ်လို့ပြောကြတာ ဟုတ်သလား'' ဟုမေးသည်။

ဆီဒိုရောက်က မျက်မှောင်ကြုတ်ပြီး ''သူမျိုနိုင်လည်း အရေးမကြီးပါဘူး။ ဒါပေမဲ့ သူ ငါ့ကို မမျိုနိုင်ပါဘူး။ ငါ့မျိုရင် သူ နင်နေမှာပေါ့။ ငါက သိပ်အရိုးများတဲ့ကောင်။ အေးလေ···ဘာပဲဖြစ်ဖြစ် ဒီကိစ္စဟာ သင်နဲ့ဆိုင်တဲ့ ကိစ္စမဟုတ်ပါဘူး သူငယ်ချင်းရာ''ဟု ပါးရိုးကြီးများ တုန်၍ပြောသည်။

ထိုအခိုက်တွင် နာတာလီယသည် သင်္ဘောခန်းထဲမှထွက်လာသည်။ သူ့ကို လှမြင်မှာ ရှက်သည့်ပမာ လီဒါသည် သူ့အမေ၏နောက်မှကွယ်၍ ရေချိုးဝတ်ကိုဝတ်၍ လိုက်လာသည်။

နီဗိကောက်သည် လီဒါကို ခြေဆုံးခေါင်းဆုံး အသေအချာကြည့်သည်။ လီဒါသည် ရေချိုးဝတ်စုံအဖြူတိုတိုကလေးကို ဝတ်ထားသည်။ လီဒါသည် အသက်တစ်ဆယ့်ခုနစ်နှစ်အရွယ်ကလေးဖြစ်သဖြင့် ရိုးရိုးကလေးနှင့် ကြည့်၍ကောင်းသည်။ နီဗိကောက်သည် ရုတ်တရက်လွမ်းဆွတ်ကြေကွဲ၍ ဝမ်းနည်းစိတ်ဖြစ်လာသည်။ သူ ဝမ်းနည်းခြင်းမှာ သူ့၏ အပြစ်ကင်းမဲ့သော ကလေးဘဝကို ပြန်၍အောက်မေ့သောကြောင့်ဖြစ်သည်။

''အို···လီဒါပါလား။ ငါ လူများမှားလို့''ဟု နီကိုလေက အံ့အားသင့်သော အမူအရာဖြင့်ပြောသည်။

ဆီဒိုရောက်က ကျေနပ်သောအမူအရာဖြင့် ခေါင်းတညိတ်ညိတ်နှင့် ပြုံး၍နေသည်။

လီဒါသည် သင်္ဘောဘေးသို့ပြေး၍ ကြယ်ရောင်ဟပ်လျှက်ရှိသော ရေထဲသို့ ခုန်ချမည်လုပ်ပြီး တန့်၍နေသည်။ ထို့နောက် ခါးကိုကုန်း၍အော်ကာ ရေထဲသို့ ခုန်ချလိုက်သည်။

''ဟုတ်ပြီဟေ့''ဟုအော်၍ နီကိုလေသည် လီဒါ၏နောက်သို့လိုက်၍ ခုန်ချရန် အားယူလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဟော့ ဘယ်ကိုလဲ ဘယ်ကိုလဲ"ဟု ဆီဒိုရောက်ကအော်၍ နီကိုလေ၏ လက်မောင်းကိုဆွဲပြီးလျှင် သင်္ဘောခန်းထဲသို့ အသာအယာခေါ်သွားသည်။ ပြီးလျှင် "တယ်အ,တဲ့အကောင်ပဲ။ အဝတ်လဲဦးမှပေါ့ကွ"ဟု ပြောသည်။

ယောက်ျားများသည် ရေချိုးဝတ်ကိုဝတ်၍ သင်္ဘောခန်းထဲသို့ ဝင်လာသောအခါ သူတို့၏ ကိုယ်လုံးကိုယ်ပေါက်ကိုကြည့်ဖို့မှာ နာတာလီယ၏ အလှည့်ဖြစ်သည်။ အထူးသဖြင့် နီဗိကောက်သည် သူ့အဖို့ အရေးကြီးသည်။ ဤနည်းဖြင့် နာတာလီယသည် နီဗိကောက်၏ ကိုယ်လုံးကိုယ်ပေါက်ကို ခေါင်းဆုံးခြေဆုံး အသေအချာကြည့်သည်။ သူ့စိတ်တွင် သူ့သမီး၏နောင်ရေးအတွက် အရေးကြီးသည်။ နီဗိကောက်၏ကိုယ်ဟန်သည် အချိုးအစားကျ၍ ပြေပြစ်သည်။ နီဗိကောက်သည် လေးလုံးခြောက်ဖက်ကြီးမဟုတ်သော်လည်း ပုပုတက်တက်ကလေးလည်းမဟုတ်။ အသားအရေပြည့်ဖြိုးအရွယ်ကောင်းတုန်း ဖြစ်သည်။

"သတိထားနော်။ ဝေးဝေးကြီး ကူးမသွားကြနဲ့၊ ငါးမန်းနဲ့တွေ့သွားမယ်။ ဒီနားမှာ ငါးမန်းတွေ သိပ်ပေါတယ်။ သင်တို့နှစ်ယောက် အဝေးကြီးခွဲမနေကြနဲ့။ လူသံကြားရင် ငါးမန်းတွေ မလာဝံ့ဘူး"ဟု အီဗန်ကပြော၍ ရေထဲသို့ ဖြုန်းခနဲခုန်ချလိုက်သဖြင့် တစ်မိုင်ပတ်လည်အတွင်းရှိ ငါးမန်းများသည် လန့်၍ပြေးကြဖွယ်ရှိသည်။

ခဏကြာသောအခါ သင်္ဘောပေါ်ရှိ လူအကုန်သည် ရေထဲသို့ရောက်နေကြသည်။

"ပါမောက္ခ နီဗိကောက်တို့ နီကိုလေတို့ သင်တို့ ဘယ်မှာလဲ"ဟု လီဒါက မှောင်ထဲမှလှမ်း၍မေးသည်။ ပြီးလျှင် "ညမှာ ရေကူးရတာကောင်းတယ်နော်။ ပင်လယ်ထဲမှာ ကူးရတာလိုပဲ။ လူဟာ အလိုလိုပေါ်နေတယ်"ဟု ပြောသည်။ နီဗိကောက်တို့ညီအစ်ကိုနှစ်ယောက်သည် လီဒါ၏အသံကြားရာဆီသို့ ကူး၍သွားကြသည်။

နီဗိကောက်က ရယ်လိုက်သည်။ သူ့ဟာသူ ဘာလို့ရယ်သည်ဟုမသိ၊ လီဒါသည် ကမ်းဆီသို့ ယောက်ျားများကူးသကဲ့သို့ လျင်မြန်စွာ ကူး၍သွားသည်။ မှောင်နေသော ရေပြင်နှင့် ပတ္တမြားလုံးများနှင့်တူသော ရေပေါက်များကို နောက်ခံထား၍ ကြည့်သောအခါ လီဒါမှာ ဒဏ္ဍာရီထဲတွင်ပါသော ရေငါးနှင့်တူသည်။ နီဗိကောက်နှင့် နီကိုလေတို့သည် လီဒါကူးရာသို့ လိုက်၍ကူးကြသည်။ နီဗိကောက်သည် အနည်းငယ်ရှူးရာကျသော်လည်း လူငယ်ကလေးများ ပျော်သကဲ့သို့ ပျော်လျက်ရှိသည်။ "ငါသည် ကျောင်းသားကလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုက်နေသလို လိုက်နေသည်။ ဘာအတွက် လိုက်ရတာလဲ"ဟု သူ့ဟာသူ မေးမိသည်။ ပြီးလျှင် ဒါတွေစဉ်းစားနေဖို့မလိုပါဘူး။ လီဒါကိုမီအောင် လိုက်ဖို့ပဲလိုပါတယ်"ဟု သူ့ဟာသူဖြေသည်။

နီဗိကောက်သည် လီဒါကိုမီ၍သွားသောအခါ လီဒါ၏ အေးစက်နေသော လက်များကို လှမ်း၍ကိုင်ပြီးလျှင် ရယ်သည်။



"ငါ့ကို မီအောင်ဖမ်းနိုင်တဲ့လူဟာ သင် တစ်ယောက်တည်းရှိသေးတယ်"ဟုပြော၍ လီဒါက နီဗိကောက်၏လက်ကို ဖယ်ပစ်လိုက်သည်။

ကမ်းနားသို့ရောက်သွားသောအခါ သူတို့သည် မောမောနှင့် ရေကို ပါးစပ်ထဲမှမှုတ်၍ ထုတ်လိုက်ရယ်လိုက် လုပ်နေကြသည်။ မြစ်ရေသည် ကမ်းပါးကို တဖြည်းဖြည်း ပုတ်ခတ်လျက်ရှိပြီးလျှင် ငါးပေါက်စကလေးများလည်း ဟိုပြေးသည်ပြေးပြေးလျက်ရှိသည်။ လီဒါသည် သူ့မေးစေ့ကိုလက်နှင့်ထောက်၍ ဝင်ခါနီးလကို မျက်တောင်မခတ်ဘဲ ကြည့်နေသည်။ သူ့မျက်နှာကလေးသည် သိမ်မွေ့၍ရှုချင်ဖွယ်ရှိသည်။ နီကိုလေသည် သဘောအင်မတန် ကျလှသဖြင့် လီဒါကို စိုက်၍ကြည့်နေသည်။

"ငါဟာ ကြယ်တွေကိုကြည့်ရရင် အသက်ရှူမှားမှားသွားတယ်"ဟု နီကိုလေက လီဒါကို ပြောသည်။

"ဒါဖြင့် ကြယ်တွေကိုမကြည့်နဲ့။ ငါ့ကိုကြည့်ပါလား"ဟု လီဒါက ပြောသည်။

"သင့်ကိုကြည့်ရရင်တော့ ငါဟာ တစ်ခါတည်း အသက်ရှူလို့မရတော့ဘူး"ဟု နီကိုလေက လီဒါ့နားနားကပ်၍ ပြောသည်။

"ဒီလိုဆိုရင် သင်ဟာ သနားစရာပဲ။ ဘုရားသခင် ဖန်ဆင်းထားတဲ့ လောကကြီးနဲ့ သင်နဲ့မတည့်ဘူး။ ဒီတော့ သင့်မျက်စိကို တစ်ခါတည်းသာ မှိတ်ထားပေတော့"ဟု လီဒါက ရယ်၍ပြောသည်။

"မျက်စိကိုသာ မှိတ်ထားရမှာမဟုတ်ဘူး။ ပါးစပ်ပါ တစ်ခါတည်း ပိတ်ထားရမှာ"ဟု နီဗိကောက်က သူ့ညီ၏မျက်နှာကို မကြည့်ဘဲနှင့်ပြောသည်။

သင်္ဘောဘက်ဆီမှ "နီကိုလေရေ၊ နီကိုလေရေ ငါ့ဆီကို ကူးခဲ့စမ်းပါ သင့်အကူအညီလိုချင်လို့"ဟု နာတာလီယက လှမ်း၍ပြောလိုက်သည်။

လီဒါက သဘောမကျသော အမူအရာဖြင့် ပခုံးကိုပင့်လိုက်ပြီးလျှင် "နီကိုလေရေ မသွားနဲ့"ဟုပြောသည်။

"ခေါ်နေတာ မသွားလို့ဘယ်ကောင်းမလဲ"ဟု နီဗိကောက်က သွားများပေါ်အောင်ပြုံး၍ပြောသည်။ ပြီးလျှင် "ရေနစ်နေလို့ ခေါ်တာလားမှ မသိဘဲနှင့်"ဟု ဆက်၍ပြောသည်။

"ဘယ်သူလဲ ရေနစ်မှာ။ အမေလား။ အမေက ငါးတွေလောက် ရေကူးလည်တာ"ဟု လီဒါက ပြောသည်။

နီကိုလေသည် သင်္ဘောဘက်သို့ လှည့်၍ကူးသွားပြီးလျှင် "ရှင်းပါတယ်ကွာ၊ သုံးယောက်ဆိုတော့ ရှုပ်တယ်။ နှစ်ယောက်ဆိုတော့ တစ်တွဲပေါ့" ဟု အော်၍သွားသည်။

နီကိုလေက ရယ်စရာပြောလိုက်ပြီးသည့်နောက်အဖို့တွင် လီဒါမှာ အမှောင်ထဲတွင် နီဗိကောက်နှင့်နှစ်ယောက်တည်းကျန်နေသည်။

လီဒါက ပရိယာယ်ဖြင့် "ဂိုရင့်ဥယျာဉ်ကြီးကို သင်က သဘောမကျဘူးလား၊ သူတို့အိမ်ကို သင်လာတယ်လို့ နီနာက ငါ့ကိုပြောတယ်"ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



''အို ဦးယျာဉ်ကြီးက သိပ်ခမ်းနားတာပဲ။ ငါဖြင့် အံ့အားတောင်သင့်သွားတယ်'' ဟု နိုဗိကောက်က ပြောသည်။

''ပြီးတော့ သင့်ကိုလည်း နီနာက အံ့အားသင့်သွားတယ်။ သူ့စိတ်ထဲက သင့်ကို ဒီလိုရုပ်မျိုးလို့ မထင်ဘူး။ သူ့စိတ်မှာ ပါမောက္ခဆိုရင် ဘယ်နည်းနဲ့မဆို မျက်မှန်ကြီးတပ်ထားရမယ်။ မုတ်ဆိတ်မွေးကြီးတွေလည်း ရှိရမယ်လို့ တွက်ထားတယ်'' ဟု လီဒါက ပြောသည်။

''ဒီပြင်ကော နီနာက ငါ့အကြောင်း ဘာပြောသေးသလဲ''ဟု နိုဗိကောက်က သိချင်ဇောနှင့်မေးသည်။ ပြီးလျှင် ''ဒါပဲပြောတယ်။ နီနာဟာ တော်တော်ထူးခြားတဲ့ မိန်းကလေးလို့ သင်မထင်ဘူးလား''ဟု လီဒါက ပြန်၍မေးလိုက်သောအခါ နိုဗိကောက်မှာစိတ်ပျက်၍သွားသည်။ လီဒါ၏အသံတွင် မာနသံအနည်းငယ်ပါနေသဖြင့် နိုဗိကောက်မှာ အံ့အားသင့်၍သွားသည်။

ပြီးလျှင် နိုဗိကောက်က ''နီနာဟာ တော်တော်ကိုချောတယ်''ဟု ပြောသည်။

''ချောတာကတော့ သူ့အမေတူလို့ပါ။ လူဗာဟာ အခုထက်ထိ အရွယ်သိပ်တင်သေးတယ်။ အပျိုကလေးများလိုပဲ ဖျတ်ဖျတ်လတ်လတ်နဲ့ ကျက်သရေရှိတယ်။ လူဗာက မြို့စားအတန်းအစားထဲက''ဟု လီဒါက ပြောသည်။

''ဘယ်လိုလဲ ပြောစမ်းပါဦး၊ ဘယ်လိုမြို့စားအတန်းအစားထဲကလဲ''ဟု နိုဗိကောက်က အံ့အားသင့်စွာဖြင့်မေးသည်။

''သူ့ကို အီတလီပြည်မှာ ဂိုရင် တွေ့တယ်။ အဲဒီကို တော်လှန်ရေးမတိုင်ခင်ကလေးပဲ သူရောက်သွားတယ်။ ရုရှပြည်မှာ တော်လှန်ရေးဖြစ်တော့ သူဟာ အီတလီပြည်က ပြန်မလာဘူး။ ဒါနဲ့ တောင်းရမ်းစားရတဲ့ ဘဝမျိုးလောက် ရောက်သွားတယ်''ဟု လီဒါက ပြောသည်။

''တယ်ထူးတဲ့ကံပဲ။ ပထမတော့ မြို့စားအတန်းအစား နောက်တော့ တော်လှန်ရေးကြောင့် စီးပွားအကုန်ပျက်စီးသွားတယ်။ ပြီးတော့ (တော်လှန်ရေးရှေ့ပြေး) စာရေးဆရာကြီး ဂိုရင်နဲ့ရတော့ တစ်ခါအရင်ကထက်ပဲ ပိုပြီးကောင်းစား ချမ်းသာလာပြန်တယ်''ဟု နိုဗိကောက်ကပြောသည်။

''ဒါပေမဲ့ သူဟာ စိတ်တော့မချမ်းသာပါဘူး''ဟု လီဒါက ပြောသည်။

''ဘာလို့ စိတ်မချမ်းသာရတာလဲ''

''ဒါတော့ ငါ မသိဘူး။ ငါ့အထင်တော့ နောင်ရေးအတွက် လုံခြုံမှုမရှိလို့ထင်တာပဲ။ သင်လည်း မြင်မှာပေါ့။ အခုရှိတဲ့အခြေအနေနဲ့ သူ့နဲ့က တခြားစီဖြစ်နေတယ်။ ဒါကတော့ သူ့ကိုမြင်လိုက်ရရုံနဲ့ ချက်ချင်းပဲ သိနိုင်ပါတယ်'' ဟု လီဒါက ပြောသည်။

''အဲဒီလိုဖြစ်ရတဲ့အကြောင်း အစစ်အမှန်က ဘာလဲ''

''အကြောင်းကတော့ တစ်ခုတည်း မဟုတ်ပါဘူး။ ဖြစ်နေသမျှဟာတွေဟာ သူနဲ့ ဘာမှမကိုက်ဘူး။ ရိုးရိုးစကားနဲ့ပြောရရင် သူ့ပတ်ဝန်းကျင်မှာ ရှိသမျှတွေဟာ



သံဘောင်ထဲထည့်ပြီး ပုံသွင်းထားတာတွေလို ကြမ်းကြမ်းတမ်းတမ်း ရိုင်းရိုင်းစိုင်းစိုင်းကြီး ဖြစ်နေတယ်။ ပြီးတော့ သူတို့လို ပြောကြဆိုကြသမျှတွေကလည်း ယုတ်မာမှုတို့ မုန်းထားမှုတို့ ရန်သူတို့အကြောင်းချည်းပဲ''ဟု လီဒါက သူပြောနေကျအတိုင်း ပြတ်တောင်းပြတ်တောင်းနှင့် ကွက်ကွက်ကွင်းကွင်းပြောသည်။

နိုဗိကောက်က ''လူတိုင်း လူတိုင်းတော့လည်း ဒီလိုချည်း မဟုတ်ပါဘူး'' ဟု ပြောသည်။

''လူတိုင်း လူတိုင်းလောက်ပါပဲ။ ဥပမာ သင် ဆိုရင်တော့ သိမ်သိမ်မွေ့မွေ့ရှိပါတယ်။ ဒါပေမဲ့ သင့်လိုလူက တစ်ထောင်တစ်ယောက်လောက်ပဲ ရှိတာပဲ။ လူတိုင်းလူတိုင်းဟာ သင်လိုချည်းပဲဆိုရင်တော့ လောကကြီးဟာ နေလို့ အင်မတန်ကောင်းမှာပေါ့'' ဟု လီဒါက လောကွတ်မပါဘဲနှင့် ပြောပြီးလျှင် နိုဗိကောက်၏ မျက်စိများကို ယုံကြည်ကိုးစားသော စိတ်ထားနှင့်ကြည့်သည်။

နိုဗိကောက်မှာ လီဒါကြည့်နေသည်ကို မခံမရပ်နိုင်အောင်ဖြစ်နေသည်။ သူ့ရင်ထဲ၌ အင်မတန်လေးလံ၍ ဖယ်ရှားပစ်၍မရနိုင်သော အရာကြီး ကျလာသလိုဖြစ်သွားသည်။ ထိုသို့ဖြစ်သွားခြင်းမှာ လီဒါပြောသောစကားများကြောင့်မဟုတ်ဘဲ လီဒါကြည့်ပုံက အပြစ်ကင်းသော ကလေးတစ်ယောက်၏ကြည့်ပုံနှင့် ကြည့်ခြင်းကြောင့်ဖြစ်သည်။ နိုဗိကောက်သည် ရုတ်တရက်ချင်း နီနာ၏မာယာကို ကြောက်သည့်နည်းတူ လီဒါက သူ့အပေါ်တွင် ယုံစားခြင်းကို ကြောက်၍လာသည်။

''ဒီမှာ လီဒါ၊ အန်ဒရေ ဘယ့်နှယ်နေသေးသလဲ''ဟု နိုဗိကောက်က စကားပြောင်း၍သွားစေရန် ရည်ရွယ်ချက်နှင့်မေးသည်။

''အန်ဒရေဟာ အများကြီး သက်သာလာပါတယ်။ ဂိုရင်တို့အိမ်ကို ပြောင်းလာမှထူးပြီး သက်သာလာပါတယ်''

''ဘာလို့ ဂိုရင်တို့အိမ်ကို ပြောင်းလာရတာလဲ''ဟု နိုဗိကောက်က အံ့အားသင့်သော အမူအရာနှင့် မေးသည်။

လီဒါသည် နိုဗိကောက် အံ့အားသင့်သည်ကိုမြင်၍ အနည်းငယ် အံ့ဩသွားပြီးလျှင် ဘာလို့ ဂိုရင်အိမ်သို့ အန်ဒရေကို ပြောင်းထားသည့်အကြောင်းများကို ပြောပြသည်။ နိုဗိကောက်သည် လီဒါပြောပြသောအကြောင်းများကို အနည်းငယ် သဘောပေါက်သော်လည်း သူ့စိတ်ထဲကမူ ဂိုရင့်အိမ်သို့ အန်ဒရေရောက်လာသည့်အတွက် မှုလုပ်ရမည့်အလုပ်ကို တစ်နည်းနည်းဖြင့် အနှောင့်အယှက်ဖြစ်မှာစိုးသည်။ ''ဒါပေါ့လေ၊ ဒါပေမဲ့ အန်ဒရေကိုတော့ ဂိုရင်က သဘောကျမှာ မဟုတ်ပါဘူး။ အန်ဒရေကိုမြင်တိုင်း ဟိုကိစ္စကို သူ ပြန်သတိရနေမှာပဲ။ ခွပ်၊ ဘယ်လိုကြောင့် ဒီလိုဖြစ်လာရတယ် မပြောတတ်ဘူး''ဟု နိုဗိကောက် စိတ်ထဲက အောက်မေ့လျက်ရှိသည်။ ပြီးလျှင် ''အန်ဒရေကို ဂိုရင့်အိမ်ပို့ဖို့ ဘယ်သူစီစဉ်ပေးသလဲ''ဟု မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"နီနာပေါ့"

"သင်က သင့်အိမ်မှာ ဘာလို့ ခေါ်မထားတာလဲ။ သင့်အိမ်မှာဆိုရင် သင့်အပေါ် ပို့ပြီးနေရာမကျဘူးလား"

"နေရာတော့ကျတာပေါ့။ ဒါပေမဲ့ ငါ့အဖေက ဘယ်ခွင့်ပြုမလဲ။ သင် သိတဲ့အတိုင်းပဲ။ ငါ့အဖေက လူတစ်မျိုးကြီး"

"အန်ဒရေ သင့်အိမ်မှာထားချင်ရင် သင့်အဖေကို ငါ ပြောပေးမယ်လေ။ ငါပြောရင် သင့်အဖေက နားထောင်ပါတယ်"

လီဒါသည် မသိတတ်သေးသည့်အရွယ် ကလေးမကလေးကဲ့သို့ ပရိယာယ် ကင်းမဲ့စွာဖြင့် မျက်ခုံးကလေးကိုပင့်ပြီး "ဒီလူက တော်တော်ကို သနားကြင်နာစိတ်ရှိတဲ့ လူပဲနော်။ ဘယ်အခါမဆို ဆင်းရဲဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကူညီစောင့်ရှောက် မယ့်လူပဲ။ တော်တော်အံ့စရာကောင်းတယ်"ဟု အောက်မေ့မိသည်။

ပြီးလျှင် လီဒါသည် နီဗိကောက်ကို ဆက်လက်၍ ကြည့်မြဲကြည့်ကာ "စမ်းကြည့်ချင်လည်း စမ်းကြည့်ပေါ့။ ဒါပေမဲ့ ငါ့အဖေကတော့ ဘယ်နည်းနဲ့မှ ပြောလို့ ရမှာ မဟုတ်ဘူးဆိုတာတော့ ငါ သိပါတယ်။ သင်က ငါ့အဖေအကြောင်းကို မသိသေး ဘူး။ ငါ့အဖေက တော်တော့်ကို ခေါင်းမာတယ်"ဟု ပြောသည်။

"ကောင်းပြီလေ။ တစ်နည်းနဲ့ပြောမရ တစ်နည်းနဲ့ ငါ ပြောကြည့်မှာပေါ့"

"အဖေ့ကို ပြောလို့ရတယ်ထားဦး၊ အမေကရှိသေးတယ်"ဟု လီဒါက စိတ်မကောင်းသော အမူအရာဖြင့်ပြောသည်။ ပြီးလျှင်ဆက်၍ "အမေက သင့်ကို သူ့သမက်လောင်းလို့ သဘောထားနေတယ်။ ဘာလို့များ ဒီလိုသဘောထားနေတယ် တော့ ငါလည်းမပြောတတ်ဘူး။ အန်ဒရေအကြောင်း သင် ပြောနေတုန်း အမေ့မျက်နှာကို အကဲခတ်လိုက်မိတယ်။ အန်ဒရေကို ငါတို့အိမ်ခေါ်လာရင်တော့ သင်ဟာ အမေ့ကိုသတ် တာနဲ့ တူနေမှာပဲ"ဟုပြောသည်။

"ငါ့ကို သင့်အမေက သမက်လောင်းလို့ သဘောထားနေတယ်လား"ဟု နီဗိကောက်က မေးသည်။

"ဟုတ်တာပေါ့။ သိပ်ရယ်စရာကောင်းတာပဲနော်။ သင်က ငါ့ရည်းစားတဲ့"ဟု ပြောပြီးလျှင် လီဒါက ဟက်ဟက်ပက်ပက်ရယ်သည်။

လီဒါရယ်သည်ကို နီဗိကောက် စိတ်ဆိုးသည်။ "ဘာများသိပ်ရယ်စရာ ကောင်းရတာတဲ့လဲ။ ငါက သူ့ရည်းစား ဘာလို့မဖြစ်နိုင်ရမှာလဲ"ဟု သူ့စိတ်ထဲက မခံချင်စိတ်နှင့်ကြိတ်၍ အောက်မေ့လိုက်သည်။ ပြီးလျှင် "ဟုတ်တာပေါ့။ အားကြီး ရယ်စရာကောင်းတာပေါ့"ဟု လီဒါပြောသည်ကို ထောက်ခံသည်။

"ဒါပေမဲ့ ဒီအကြံကို အမေလျှော့သွားမှာပါပဲ။ အခုတော့ သူ့မှာ စိတ် မကောင်းစရာအကြောင်းရှိနေလို့ပါ"ဟု လီဒါက ပြောသည်။



"ငါတော့ မထင်ပါဘူး"ဟု နီဗိကောက်က သဘော်အခန်းထဲ၌ နာတာလီယက လုပ်ပုံကို သတိရကာ အောက်မေ့မိသည်။

နီဗိကောက်နှင့် လီဒါတို့နှစ်ယောက်သည် သဘော်ဘက်သို့ ရေကူး၍ ပြန်ရောက်သွားကြသောအခါ သူတို့နှစ်ယောက် ရင်းရင်းနှီးနှီးဖြစ်လာကြသည်။ မလာကြ သည်ကို သိလိုသောသဘောဖြင့် လီဒါ၏အမေ နာတာလီယက သေသေချာချာကြည့်၍ အကဲခတ်သည်။ သို့ရာတွင် နာတာလီယ၏မျက်နှာ၌ ဝမ်းသာသော အမူအရာကိုမမြင်ရ။

"မိန်းကလေးတစ်ယောက်ကိုပိုးတာ ဒီလိုပဲပိုးရသတဲ့လားတော်။ မိန်းကလေး နားက မိုင်ဝက်လောက်ခွာပြီးနေတယ်ဆိုတဲ့ ယောက်ျားမျိုးတော့ ရှားပါရဲ့။ ငါ ငယ်ငယ် တုန်းက ငါ့ဆီလာပိုးကြတဲ့ လူပျိုတွေများတော့ ဒီလို မဟုတ်ပါဘူး။ ဝိုင်းပြီး ကိုင်ကြ ဆိတ်ကြတာနဲ့ ငါ့တစ်ကိုယ်လုံးကို နာနေတာပဲ။ အခုတော့ ကြည့်ပါဦး။ ဒီနီဗိကောက် ဆိုတဲ့ကောင်ကတော့ ရေခဲတောင်ကြီးလို လှုပ်ဖော်ရှက်ဖောင်တောင်မရဘူး"ဟု နာတာလီယသည် တစ်ယောက်တည်း ကျယ်လောင်စွာ မြည်တွန်တောက်တီးနေသည်။

"ဒီတစ်ခါတော့ ရှိပေစေဦးလေ။ ငါ့သမီးက အတာ နတာဖြစ်ရင်တော့ အရေးမကြီးဘူး။ ငါက သင်ပေးနိုင်တယ်"ဟု နာတာလီယက စိတ်ကိုဆုံးဖြတ်လိုက်ပြီး အခါကောင်းကို စောင့်၍နေသည်။

အခြားရေကူးသူအားလုံး သဘော်ပေါ်သို့တက်ကာ အဝတ်များလဲကြ၍ လီဒါနှင့် နီဗိကောက်တို့ နှစ်ယောက်တည်း ရေထဲတွင်ကျန်ရစ်ကြသောအခါ နာတာလီယ သည် ဘယ်သူမျှမသိအောင် သဘော်တစ်ဖက်သို့ တိတ်တိတ်ကလေးသွား၍ ရုတ်တရက် ရေထဲသို့ ငုပ်၍သွားသည်။ ထို့နောက် သူ့သမီးရှိရာသို့ ငုပ်၍ကူးသွားပြီးလျှင် သူ့သမီး၏ ခြေထောက်ကို နာနာကြီးဆိတ်ဆွဲကာ သူ့သမီးခြေထောက်ကို ရေနက်ထဲသို့ တအားဆွဲ၍ သွားသည်။

"အမယ်လေး...ငါးမန်းကြီး၊ ငါးမန်းကြီး"ဟု လီဒါက ငယ်သံပါအောင် အော်သည်။

လီဒါ အော်သံကိုကြားရသောအခါ နီဗိကောက်မှာ သူ့အသည်းကို ဆွဲနုတ် လိုက်သကဲ့သို့ စိတ်မကောင်းဖြစ်သွားသည်။ (နောက်အဖို့တွင် ဤအကြောင်းကို ပြန်၍ စဉ်းစားမိသောအခါ နီဗိကောက်သည် သူ့ဟာသူ အံ့သြမိသည်။) လီဒါ အော်သံကြား သောအချိန်တွင် နီဗိကောက်မှာ ရေထဲမှ သဘော်ကုန်းပတ်ပေါ်သို့ လှမ်း၍တက်နေခိုက် ဖြစ်သည်။ လီဒါအော်သံကိုကြားလျှင် ကြားချင်း နီဗိကောက်သည် ရေထဲသို့ပြန်၍ ခုန်ချလိုက်သည်။ သုံးလေးချက်လောက် လက်ပစ်ကူးလိုက်သောအခါ နီဗိကောက်သည် လီဒါအနားသို့ရောက်သွားသည်။ လီဒါမှာ အင်မတန်ထိတ်လန့်ပြီး ပါးစပ်ထဲမှ ရေများပင် အန်၍နေသည်။

နီဗိကောက်သည် သူ၏ဘယ်ဘက်လက်ဖြင့် လီဒါ၏ခေါင်းကို ရေပေါ်တွင် မြှောက်၍ ကိုင်ထားပြီးလျှင် သဘော်ဘက်သို့ ကူး၍သွားသည်။ နီဗိကောက်သည် ဝမ်းလည်းသာ အကြံလည်းအိုက်ဖြစ်နေသည်။ သူ့ဟာသူ ဘယ်လို အခြေအနေမျိုးရောက်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဟု တွေး၍မရ။ လီဒါကိုတွဲ၍ ရေးကူးသွားရင်းနှင့် သူ့စိတ်ထဲတွင် ဒဏ္ဍာရီပုံပြင်များပေါ်လာပြီး ငန်းဖြူကြီးများ ပျံသန်းနေသည်ကို မြင်ရသည်။ ထိုကဲ့သို့သော အဖြစ်ဆန်းမျိုးသည် တစ်သက်တွင် တစ်ခါသာ တွေ့နိုင်သည်ကိုလည်း သူ သဘောပေါက်သည်။ ထိုအဖြစ်ကို သူသည် တစ်သက်လုံး မေ့နိုင်လိမ့်မည်မဟုတ်။

''လီဒါရေ သင် မွန်းမသွားဘူးနော်''ဟု နိုဗိကောက်က စိုးရိမ်စိတ်နှင့် မေးသည်။

''သိပ်မွန်းမသွားပါဘူး။ နည်းနည်းပဲမွန်းပါတယ်''ဟု လီဒါက ပြောသည်။ လီဒါမှာ တစ်ကိုယ်လုံးတုန်နေသည်။ ပြီးလျှင် လီဒါက နိုဗိကောက်၏ လည်ပင်းကို တအားဖက်၍ထားသည်။

ထို့နောက် ရင်တခုန်ခုန်ဖြစ်နေသော နိုဗိကောက်က လီဒါအား သင်္ဘောကုန်းပတ်ပေါ်သို့ မ၍တင်ပေးသည်။ ထိုအခိုက်တွင် နီရဲနေသောလရောင်ကို နောက်ခံပြု၍ လီဒါ၏ကိုယ်လုံးကိုယ်ဟန်ကို သူ မြင်ရသည်။ လီဒါသည် မောမောပန်းပန်းဖြင့် သူ၏ ရင်ဘတ်ကလေးကို လက်နှင့်ဖိထားပြီးလျှင် ''အမယ်လေး ငါဖြင့် သိပ်လန့်သွားတာပဲ'' ဟု ပြောသည်။ ထို့နောက် နိုဗိကောက်ဘက်သို့လှည့်ပြီး ''ပါမောက္ခ ဘာဖြစ်သလဲ။ သင့် မျက်နှာကလည်း ဖြူလို့ပါလား''ဟု ပြောပြီးလျှင် ရုတ်တရက် သွားကလေးများကိုဖော်၍ မျက်ခုံးကလေးများကိုပင့်ပြီး ရယ်လိုက်သည်။ ''ဖြစ်ရပုံနဲ့ ဆန်းလိုက်တာ''

ဆီဒိုရောက်သည် သင်္ဘောခန်းထဲမှ ပြေးထွက်လာပြီး ''ဘာဖြစ်သလဲ ဘာဖြစ်သလဲ''ဟု မေးသည်။

''ရေထဲက လက်ကြီးနဲ့လာဆွဲတယ်''ဟု လီဒါက ပြောသည်။

''ငါးမန်းတော့ ဟုတ်မှာမဟုတ်ပါဘူး''

ထို့နောက် မီးခွက်ကိုယူကာ လီဒါ၏ခြေထောက်ကို ကြည့်ကြသည်။ သူ့ခြေထောက်တွင် ဘာအရာမျှမတွေ့ရ။

''အလကားပါ။ သင့်ခြေထောက်ကို ဆွဲတယ်ဆိုတာ တကယ်မှ ဟုတ်ရဲ့လား'' ဟု ဆီဒိုရောက်က မေးသည်။

''မဟုတ်ဘဲနဲ့ အလကား လိမ်ပြောပါ့မလား''ဟု နာတာလီယက သင်္ဘောခန်းတစ်ဘက်မှပြေးလာပြီး မျက်နှာထားတည်တည်ကြီးနှင့် ပြောသည်။ နာတာလီယသည် ရေထဲလိမ့်ကျသူကဲ့သို့ တစ်ကိုယ်လုံး ရေတွေရွှဲနေသည်။

ထိုအခါကျမှ အကြောင်းစုံ ရှင်း၍သွားသည်။ နိုဗိကောက်လည်း ကောင်းစွာ သဘောပေါက်၍သွားသည်။ ပြီးလျှင် သူ့စိတ်ထဲက ''အန်ဒရေအကြောင်းကို ဘာမှ မပြောမှဘဲ ကောင်းမယ်''ဟု အောက်မေ့မိသည်။

ဆီဒိုရောက်မှာမူ မြစ်ထဲသို့ တံတွေးတပျစ်ပျစ်ထွေးလျက်ရှိသည်။ ပြီးလျှင် ''အီဗန်ရေ၊ ကျောက်နတ်ကွာ အိမ်ပြန်ဖို့အချိန်တော်ပြီ''ဟုပြောသည်။

***



အခန်း-၁၁

သို့ရာတွင် သူတို့သည် အိမ်သို့ ချက်ချင်းမပြန်ကြသေး။ ဝေးလံသော အရပ်မှ သင်္ဘောစက်ခုတ်သံများကို သဲ့သဲ့ကြားရသည်။

''ဒီအသံဟာ ငါ့အလုပ်သမားတွေရဲ့ သင်္ဘောသံပဲဟေ့''ဟု ဆီဒိုရောက်က အော်၍ပြောသည်။

နာတာလီယက လက်ကိုဝှေ့၍ ''လီဒါရေ သင်္ဘောခန်းထဲသွားပြီး အိပ်ကြစို့ဟေ့၊ ငါတို့ မိုးလင်းမှအိမ်ပြန်မှာ''ဟုပြောသည်။

ထိုအခိုက်တွင် အဝေးမှလာသော သင်္ဘောသည် နီး၍လာသည်။ ဆီဒိုရောက်က လက်နှစ်ဖက်နှင့် သူ့ပါးစပ်နားတွင် အော်လန်လိုလုပ်ပြီး ''ဒီမှာ ဟေ့ ဆေရေဒါရဲ့ သင်္ဘော မဟုတ်လား''ဟု လှမ်း၍မေးလိုက်သည်။

သင်္ဘောသည် နီးကပ်လာသဖြင့် သင်္ဘောပေါ်၌ ထွန်း၍ထားသော မီးရောင်များသည် မြစ်ထဲတွင် ပေါ်လျက်ရှိသည်။ ထိုသင်္ဘောသည် သမ္ဗာန်ကြီးတစ်ခုကို ဆွဲလာသည်ကို နိုဗိကောက် မြင်ရသည်။ နိုဗိကောက်သည် ကြက်သီးထသွားသည်။ သံဆူးကြိုးများ ကာရံလျက်ရှိသော သမ္ဗာန်ပေါ်တွင် ငါးပိသိပ် ငါးချဉ်သိပ်သိပ်၍ လူအများကြီးကို တင်ခေါ်လာသည်။ ထိုသူများသည် စကားမပြော မလှုပ်မယှက် ငြိမ်၍လိုက်လာကြသည်။

''ဒီသူတွေဟာ ဘယ်ကလဲ''ဟု နိုဗိကောက်က ကြောက်လန့်သည့် အသံဖြင့် သူ့နားတွင်ရပ်နေသော အီဗန်က မေးသည်။

အီဗန်က ''သူတို့ဟာ ရဲဘော်ဆီဒိုရောက်ရဲ့ စက်ရုံကပြန်လာကြတဲ့ အလုပ်သမားတွေပါ။ ဒီနေရာက ဆယ်မိုင်လောက်ဝေးတဲ့နေရာမှာ ချွေးတပ်စခန်းတစ်ခု ရှိတယ်'' ဟု ပြောသည်။

နိုဗိကောက်သည် နောက်ထပ် ဘာစကားမျှမပြော။ ပြီးလျှင် အမြဲတမ်းအားဖြင့် ရွှင်ရွှင်ပျပျနေတတ်သော နိကိုလေ့၏မျက်နှာသည် ရုတ်တရက် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်ကို သူ မြင်လိုက်ရသည်။

''ဆေရေဒါရေ ဘယ့်နယ်လဲဟေ့။ ငါတို့ သီချင်းဆိုကြမလား''ဟု ဆီဒိုရောက်က သမ္ဗာန်ကို လုံးဝဂရုမစိုက်ဘဲနှင့် ပျော်ရွှင်စွာမေးသည်။

ဆီဒိုရောက်လှမ်း၍ အမေးခံရသောသူသည် သမ္ဗာန်ဘေးဘက်သို့လာသဖြင့် သူ၏ပုံပန်းကို မီးရောင်ဖြင့် နိုဗိကောက် ကောင်းစွာမြင်လိုက်ရသည်။ ''ဒီလူဟာ ချွေးတပ်သားတွေကို စောင့်ရတဲ့ ဗိုလ်နဲ့တူတယ်''ဟု နိုဗိကောက် အောက်မေ့သည်။ ဆေရေဒါတွင် ခါးပတ်တွေ အများကြီးပတ်ထားသည်။ သူ့ဘေးတစ်ဖက်မှာ ကောကေဆပ်ဓားလွယ်ကြီးသည် တွဲလောင်းကျလျက်ရှိသည်။

''သီချင်းဆိုလို့ ဘယ်ဖြစ်နိုင်မလဲ ဆီဒိုရောက်ရဲ့။ သီချင်းဆိုရင် ဥဩသံနဲ့မညီဘဲဖြစ်နေမှာပေါ့''ဟု ဆေရေဒါက ယူကရိန်းစကားဖြင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေတွေ ဘေးချိတ်ထားလိုက်စမ်းပါကွာ။ သင်ကိုယ်တိုင်က မပြောရင် ဘယ်သူမှ မသိနိုင်ပါဘူး။ ငါ့ပါးစပ်ဆိုတာကတော့ လူသေပါးစပ်လိုပဲ စိတ်ချရပါတယ်"ဟု ဆီဒိုရောက်က ပြောသည်။

"ဘယ် ဒီလိုဖြစ်နိုင်မလဲ"

"ဘယ် ဒီလိုဖြစ်နိုင်မလဲတွေ ဘာတွေလုပ်မနေစမ်းပါနဲ့။ တစ်ပုဒ်တည်းပါကွာ" ဟု ဆီဒိုရောက်က ပြောသည်။ ဆီဒိုရောက်အသံမှာ သူပြောသည့်အတိုင်း ဖြစ်ရမည်ဟု ယုံကြည်ဟန်တူပါသည်။ ယခင်ကလည်း ယခုကဲ့သို့ပင် ဆေရေဒါက ငြင်းဆန်ဖူးသည်မှာ သိသာသည်။

"ငါ ဖြန့်ဒီသေရည်တစ်ပုလင်း ပေးပါမယ်ကွာ"ဟု ဆီဒိုရောက်က အသံချိုချိုဖြင့် ပြောသည်။ ပြီးလျှင် "အီဗန်ရေ ပြေးပြီးတစ်ပုလင်း ယူလိုက်စမ်းကွာ"ဟု ပြောသည်။ ဆီဒိုရောက်သည် ကပ်စေးနဲသူမဟုတ်၊ ဆီဒိုရောက်သည် လူအများဝိုင်း၍ သီချင်းဆိုခြင်းကို အင်မတန်ကြိုက်သည်။ သူငယ်စဉ်ကလည်း ဘုရားရှိခိုးကျောင်းက ဆိုဝိုင်းတွင်ဝင်၍ ဆိုခဲ့ဖူးသည်။

အီဗန်က သေရည်ပုလင်းကို ယူ၍လာသည်ကိုမြင်သောအခါ ဆေရေဒါက သူ့ သဘော်ပဲ့ပိုင်းက လူတစ်ယောက်သို့ "တို့သင်္ဘော ရပ်လိုက်စမ်းဟေ့။ တို့ ခဏနားကြမယ်" ဟု အမိန့်ပေးလိုက်သည်။

ဆေရေဒါသည် မည်သည့်အလုပ်ကို လုပ်နေရာမှ နားလိုသည်ဟု မသိသာသော်လည်း သူ့သင်္ဘောမှာ ဆီဒိုရောက်၏ သင်္ဘောကလေးအနားသို့ကပ်၍ ရပ်ပြီးသား ဖြစ်နေသည်။

ဆီဒိုရောက်က သေရည်ပုလင်းကို ဆေရေဒါဆီသို့ ပစ်၍ပေးလိုက်သောအခါ ဆေရေဒါက ကျင်လည်စွာဆီး၍ဖမ်းလိုက်ပြီး "ကျေးဇူးပါပဲ ဆီဒိုရောက်ရယ်"ဟု ပြောသည်။

ဆေရေဒါသည် ပုလင်းလိုက်မော့၍ သောက်ပြီးလျှင် သူ့လက်ထောက်ဆီသို့ တစ်ဆင့်ကမ်းလိုက်သည်။ ဤနည်းဖြင့် တစ်ဆင့်တစ်ဆင့် ကမ်း၍သောက်ကြရင်း နောက်ဆုံးတွင် သေနတ်ကိုယ်စီကိုင်လျက်ရှိသော အစောင့်စစ်သားသုံးယောက်ဆီသို့ ရောက်၍ လမ်းဆုံးသွားသည်။

"ကိုင်း···သီချင်းဆိုကြမယ်ဟေ့"ဟု ဆီဒိုရောက်က ပြောသည်။

"ဘာသီချင်းဆိုမလဲ"

"အို ငါတို့ဒေါင်းမြစ်၊ အို ငါတို့ငြိမ်းချမ်းသော ဒေါင်းမြစ်ဆိုတဲ့သီချင်း မကောင်းဘူးလားဟေ့"

"ကောင်းတယ်"

ဆေရေဒါက အသံသေးသေးနှင့်သီချင်းကို ပြတ်ပြတ်သားသား တိုင်၍ပေးသည်။ ဆီဒိုရောက်နှင့် အစောင့်စစ်သားများက လိုက်၍ဆိုကြသည်။



ပထမနှစ်ပိုဒ်ကို ဆိုပြီးသောအခါ ဆီဒိုရောက်က "ကောင်းတော့ ကောင်းပါရဲ့ကွာ။ ဒါပေမဲ့ ဆိုတဲ့လူနည်းနေသေးတယ်။ တစ်သင်္ဘောလုံး အလိုက်ဆိုနိုင်းကွာ"ဟုပြောသည်။

"ဒီလိုတော့ ငါ မခိုင်းနိုင်ဘူး။ ပြည်သူ့ရန်သူတွေကို သီချင်းမဆိုစေရဘူးလို့ ဥပဒေက တားမြစ်ထားတယ်"ဟု ဆေရေဒါက ပြောသည်။

"ဘယ်သူသိတာလိုက်လို့ကွာ"

"ဒါဖြင့် ကောင်းပြီး"

"လုပ်ကွာ၊ လုပ်ကွာ"

"တစ်ပုဒ်တည်းပဲ အဆိုခိုင်းမယ်နော်"

အစောင့်စစ်သားတို့သည် ကြီးကြီးဆရာကြီးနှစ်ယောက်တို့ ပြောသံဆိုသံကို ထောက်၍ အရိပ်သုံးပါးကို ကောင်းစွာနားလည်ကြသူများဖြစ်သဖြင့် ချွေးတပ်သားများအား သေနတ်ဒင်များနှင့်ရွယ်၍ "ဟော့ကောင်တွေ လိုက်ဆိုကြ၊ ညီညီညာညာဆိုကြနော်။ ဒါပဲ ပြောလိုက်မယ်"ဟု ဆိုသည်။

မှောင်ထဲတွင် ချွေးတပ်သားများသည် လှုပ်ရှားစပြုလာကြသည်။ အချို့က တစ်ယောက်ကိုတစ်ယောက်အားပြု၍ မတ်တတ်ထကြသည်။ မုတ်ဆိတ်မွေးဖြူဖြူနှင့် သမ္မာကျမ်းစာထဲက မတရားအညှဉ်းဆဲခံရသူများ၏ ရုပ်ပုံနှင့်တူသော အဘိုးကြီး တစ်ယောက်ကို နိုဗိုကောက်မြင်သည်။ ထိုအဘိုးကြီးသည် သစ်မြစ်ခြောက်ကဲ့သို့ ကောက်၍သိမ်နေသောလက်ဖြင့် တောင်ဝှေးကိုကိုင်ထားသည်။ အခြားအဘိုးကြီး တစ်ယောက်မှာ အလုပ်ပင်ပန်းလွန်းသောဒဏ်ကြောင့်လောမသိ၊ မသေမသပ် ကြပ်စည်းထားသည်ကို တွေ့ရသည်။ သူသည် ပိန်ပိန်ရှည်ရှည်ဖြစ်ပြီးလျှင် မျက်နှာထားရွှင်ပျခြင်းမရှိ။ သူ၏ ဖြူဖွေးနေသော သူ့ဆံပင်များမှာ လေတိုက်သဖြင့် ဖရိုဖရဲဖြစ်လျက်ရှိသည်။ ချွေးတပ်သားများအနက် အချို့က ပထမတွင် မရဲတရဲနှင့် သီချင်းကိုလိုက်၍ ဆိုကြသည်။ သို့ရာတွင် အရှိန်ရလာသောအခါ တစ်သမ္ဗာန်လုံး လိုက်၍ဆိုကြသည်။ သီချင်းမဆိုကြမီတွင် သူတို့မျက်နှာထားမှာ လူသေမျက်နှာနှင့် တူ၍နေသော်လည်း သီချင်းဆိုလိုက်ကြသောအခါ မောပန်းနေရင်းနှင့်ပင် အများကြီး ပျော်ရွှင်လာကြသည်ကို တွေ့ရသည်။ သူတို့အလုပ်ဒါရိုက်တာ ဆီဒိုရောက် ပျော်ရွှင်တတ်သည့်အတွက် ချွေးတပ်သားများသည် တစ်ခဏသော်မျှ ပျော်ရွှင်၍လာကြသည်။

သူတို့ပါးစပ်များမှ "အို လွတ်လပ်စွာစီးဆင်းလျက်ရှိသော ဒေါင်းမြစ် သင်၏ သန့်စွာစောင့်သိသော ကောက်ဆက်ထံမှ အလေးပြုခြင်းကို ခံယူပါလော့"ဟူသော သီချင်းသံများသည် နားထောင်ရင်း ကြက်သီးမွေးညင်းထစဖွယ်ပင် ဖြစ်သည်။

အဘိုးအိုကြီး၏ မျက်စိများမှ မျက်ရည်များသည် သူ၏မုတ်ဆိတ်ပေါ်သို့ စီး၍ကျနေသည်ကို နိုဗိုကောက် မြင်ရသည်။ အဘိုးကြီးသည် အဘယ်ကြောင့် ငို၍နေဘိသနည်း။ သူ၏ စည်းစိမ်ဥစ္စာ ပျက်စီးသွား၍လော။ သူ့ဆွေမျိုးများ သူ့သားများကြောင့်လော။ သို့မဟုတ် သူ့ကိုယ်တိုင်၏ အတွက်ကြောင့်လော။ သို့မဟုတ် ဒေါင်းမြစ်ကြီးသည်ပင် ယခင်ကကဲ့သို့ လွတ်လပ်ခြင်း မရှိရှာတော့၍လော။

www.burmeseclassic.com

www.burmeseclassic.com



ညဉ့်၏အမိုက်တိုက်ကြီးကို ထိုးဖောက်သွားသော သီချင်းဆိုသံထဲမှ ခေါင်းမြစ်ရိုးတစ်လျှောက်ကို လွှန့်၍သွားမည့် အသံကြီးတစ်သံသည် ခေါင်းမြစ်ရေလျဉ်ပေါ်တွင် ရစ်ဝဲလျက်ရှိသည်။ ချွေးတပ်သားများဆိုကြသော သီချင်းသံများကို ဂိုရင်သည် ကြားမည်လော။ အကယ်၍ကြားခဲ့သော် သူ့စိတ်ထဲ၌ ဘယ်လိုများဖြစ်သွားမလဲဟု တွေးရင်း နိုဗိကောက်သည် ဂိုရင့်အိမ်ဘက်သို့ မျှော်ကြည့်မိသည်။ ခေါင်းမြစ်ကြီးကဲ့သို့ပင် အတိုင်းအဆမရှိသော သီချင်းသံများထဲတွင် မျှော်ကိုးသောစိတ်၊ ကြင်နာသောစိတ် အမျက်ထွက်သောစိတ်များ ပေါ်နေသည်။ မှန်သည်။ အမျက်ထွက်သော စိတ်များပေါ်နေသည်။ ထိုအခိုက်တွင် ချွေးတပ်သားများသည် သေဒဏ်ကိုကြောက်၍ မျိုသိပ်ထားရသောသူတို့၏ အလိုဆန္ဒများကို စကားလုံးများဖြင့်မဟုတ်သော်လည်း စိတ်အားထက်သန်ခြင်းဖြင့် ထုတ်ဖော်၍ပြကြသည်။ သူတို့ သီချင်းဆိုကြသည်မှာ သူတို့ အတွင်းစိတ်သန္တာန်တွင် ကိန်းဝပ်နေသော အလိုဆန္ဒများကို ကျယ်လောင်စွာ ထုတ်ဖော်၍ပြကြဘိသကဲ့သို့ရှိသည်။

ထိုအခိုက်တွင် ကြယ်တာရာတို့သည် တအိအိနှင့် ကောင်းကင်ခရီးဖြင့် သွားလျက်ရှိကြသည်။ သီချင်းဆိုသံများသည် တစ်ခါတစ်ရံ နိမ့်၍သွားပြီးလျှင် တစ်ခါတစ်ရံတွင်လည်း ကြောက်မက်ဖွယ်ကောင်းသော လေပွေကြီးကဲ့သို့ မိုးပေါ်ကကြယ်များသို့ပင် ရောက်၍သွားသည်။ ဆီဒီရောက်သည် အမူးပြေပြီဖြစ်သဖြင့် သူကိုယ်တိုင် သီချင်းဆိုခြင်းကိုရပ်၍ အခြားသူများဆိုနေကြသည်ကို မျက်စိမပွင့်တစ်ပွင့်ဖြင့် နားထောင်ကြည့်သည်။

သီချင်းဆိုကြရင်း ချွေးတပ်သားတို့က တောအုပ်ကြီးထဲတွင် တိုက်သောလေသံကဲ့သို့ တစ်သံတည်းအော်လိုက်ကြသောအခါ နိုဗိကောက်မှာ ကျောချမ်း၍ ချမ်း၍သွားသည်။ အထူးသဖြင့် ချွေးတပ်သားများ၏မျက်လုံး ကြောင်တောင်တောင် ပါးစပ်ပြဲပြဲဖြစ်၍နေကြသော ပုံပန်းများကို မြင်ရသဖြင့် နိုဗိကောက်သည် ကြောက်မိသည်။ သူတို့ကိုကြည့်ရသည်မှာ သန်းခေါင်ယံအချိန်တွင် ပေါ်လာကြသော တစ္ဆေသရဲများနှင့်တူသဖြင့် နိုဗိကောက်သည် သေသူနှင့်မခြားဖြစ်၍နေကြသည့် ကုဋေကဋာမျှသော လူထု၏လောကကို သတိရပြီးလျှင် သူကိုယ်တိုင် ထိုလောကထဲ၌ ပျက်စီးခြင်းသို့ ရောက်ချင်ရောက်ရလိမ့်မည်ဟု ပူပန်မိသည်။

ထိုကဲ့သို့ ထိတ်လန့်ကြောက်ရွံ့ခြင်းဖြစ်သည်မှာ နိုဗိကောက် တစ်ဦးတည်းသာ မဟုတ်။ အကယ်၍ ထိုအချိန်တွင် သတိထား၍ နိကိုလေကို သူ ကြည့်ခဲ့မိလျှင် နိကိုလေ၏မျက်နှာမှာ မချိမဆန့်ဖြစ်၍နေသည်ကို တွေ့ရမည်သာဖြစ်သည်။ နိကိုလေသည် အကြောပြိုင်းပြိုင်းထလာလောက်အောင် သူ့လက်သီးများကို တင်းကြပ်စွာဆုပ်ထားသည်။ ချွေးတပ်သားတို့၏ သီချင်းသံများသည် သူ့အား ကြိမ်တံပြာနှင့် ရိုက်ခတ်၍ နှိပ်စက်နေဘိသကဲ့သို့သည်။ နိကိုလေသည် နောက်ထပ် မခံမရပ်နိုင်တော့ပြီဖြစ်သဖြင့် သူ့ဝမ်းထဲတွင် ဟုန်းဟုန်း တောက်လျက်ရှိသော ဒေါသမီးလျှံသည် ပြင်ပသို့ကူးစက်၍ မသွားမီ သဘော်ကုန်းပတ်၏ အခြားဘက်သို့ ဖယ်၍သွားသည်။ အကယ်၍ ထိုသို့ဖယ်၍



သွားခိုက်တွင် လမ်း၌ ဆေရေဒါကိုဖြစ်စေ ဆီဒီရောက်ကိုဖြစ်စေ သူတွေ့မည်ဆိုပါက သူ့ဒေါသကိုသူ မချုပ်တည်းနိုင်သဖြင့် သတ်၍ပစ်မိမည်သာဖြစ်သည်။

သီချင်းသံများ တိတ်၍သွားပြီ။ အားလုံးကုန်လည်း တစ်မဟုတ်ချင်း ငြိမ်၍သွားပြီး ချွေးတပ်သားများမှာ မတ်တတ်ရပ်ကာ အသက်မရှူနိုင်ဘဲရှိသည်။ သစ်ခေါက်ကို မီးလောင်သည့်အခါတွင် တွန့်လိမ်၍သွားသည့်နည်းတူ သီချင်းသည် ချွေးတပ်သားများ၏ နှလုံးကိုတွန့်လိမ်၍သွားစေသည်။ သူတို့၏ အတွင်းစိတ်သန္တာန်သည် ယခင်က အခြေဆိုးသို့ ပြန်၍ ရောက်သွားပြီ။ ပို၍ပင် အခြေဆိုး၍ သွားချင်လည်းသွားဖွယ်ရှိသည်။

ထိုအခိုက်တွင် သမ္ဗာန်ပေါ်ကအဘိုးကြီး မူးမေ့သွားသည့်ပမာ သူ့လက်များကို ကယောင်ကတမ်းဝှေ့၍ပြသည်ကို နိုဗိကောက် ရုတ်တရက်မြင်လိုက်သည်။

“အို သားချင်းတို့ ငါတော့ မတတ်နိုင်တော့ဘူး”ဟု လေသံပျော့ပျော့ဖြင့် ညည်း၍ အဘိုးကြီးသည် သဘော်ကုန်းပတ်ပေါ်သို့ တဖြည်းဖြည်းချင်း လဲကျသွားသည်။ ပြီးလျှင် သံဆူးကြိုးပေါ်သို့ မှောက်၍လဲသည်။ ထို့နောက် အဘိုးကြီးသည် လှုပ်ခြင်းယှက်ခြင်း မရှိတော့။ “အဘိုးကြီးဟာ သီချင်းဆိုရင်း နှလုံးကွဲသွားပြီ”ဟု အစောင့်စစ်သားတစ်ယောက်ကပြောသည်။ ဘုရားကိုတကြသော အသံများ၊ ချောင်းဆိုးကြသောအသံများသည် ငိုယိုသံများဖြင့် ရော၍သွားသည်။

“ရဲဘော်ဗိုလ်ကြီး”ဟု အစောင့်စစ်သားတစ်ယောက်က ဆေရေဒါကို ခေါ်ပြီးလျှင် “အဘိုးကြီးတော့ သေသွားပြီထင်တယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာ အမိန့်ပေးပါ”ဟု ပြောသည်။

“သေသွားပလား”ဟု ဆေရေဒါက စိတ်အနှောင့်အယှက်ဖြစ်သော လေသံနှင့်မေးသည်။ ပြီးလျှင် “ပွဲပိုင်းကိုယူသွားကွာ။ ငါတို့ ချွေးတပ်စခန်းကျမှပဲ ကြည့်ပြီးစီမံမယ်”ဟုပြောသည်။ ထို့နောက် စက်ခန်းဘက်သို့လှည့်၍ “သဘော်ခုတ်တော့ဟေ့၊ တို့သွားဖို့ အချိန်တော်ပြီ”ဟု ဆေရေဒါက အမိန့်ပေးလိုက်သည်။

“ကိုင်း၊ ငါတို့သွားမယ် ဆီဒီရောက်၊ မနက်ဖြန်ခါကျမှ သင့်ကို စက်ရုံမှာ ငါ လာတွေ့မယ်”ဟု ဆေရေဒါက ပြောသည်။

ချွေးတပ်သဘော်သည် ချွေးတပ်သမ္ဗာန်ကို ဆွဲ၍ထွက်သွားပြီ။ ချွေးတပ်သားနှစ်ယောက် အဘိုးကြီးကိုမ၍ ပွဲပိုင်းသို့ယူသွားသည်ကို နိုဗိကောက် မြင်လိုက်ရသည်။ အစောင့်စစ်သားများက ဆီဒီရောက်ကို လက်ပြ၍နှုတ်ဆက်ကြသည်။ ဆီဒီရောက်က ပြန်၍နှုတ်မဆက်ဘဲ စိတ်မကောင်းသောအမူအရာဖြင့် အမှောင်ထဲကို ကြည့်၍နေသည်။ သမ္ဗာန်၏ပွဲဘက်တွင် လှိုင်းဂယက်များ ထလျက်ရှိသည်။ အဖော်ကင်းမဲ့သော လ၏ နီမြန်းသောအရောင်တို့သည် လှိုင်းများပေါ်တွင် ထိုးလျက်ရှိသည်။ ချွေးတပ်သဘော်မှာ သဘော်နှင့်မတူဘဲ ဒဏ်ရာရနေသော ရောမသတ္တဝါကြီးတစ်ကောင်သည် သူ့နိုအောင်းရာနေရာသို့ သွေးစက်တန်းလန်းဖြင့် မသွားနိုင်သွားနိုင် သွားနေသည်နှင့်သာတူသည်ဟု နိုဗိကောက်စိတ်က အောက်မေ့သည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



တံခါးအပြင်ဘက်မှ ဂိုရင်၏အချက်ပေးသံကို နားစွင့်ကာစောင့်၍နေသော ချိပ်ရောက်သည် ဂလိုင်သံကြားသည်နှင့် တစ်ပြိုင်နက်အခန်းထဲသို့ ဝင်လာသည်။

"ဘယ့်နှယ်လဲ ချိပ်ရောက်၊ အားလုံး ကောင်းကောင်းမွန်မွန်ပဲ မဟုတ်လားဟေ့"

"ဘုရားသခင်ကျေးဇူးကြောင့် အားလုံးပဲ ကောင်းကောင်းမွန်မွန်ရှိပါတယ်"ဟု ချိပ်ရောက်က ဖြေသည်။ ပြီးလျှင် "ပစ္စည်းခန်းစောင့်တဲ့ ဇနက်ကာတစ်ယောက်ကတော့ မနေ့ကပစ္စည်းခိုးနေတာမိသွားလို့ မနက်ကပဲ အိမ်ကမောင်းထုတ်လိုက်ကြတယ်"ဟု ဆက်၍ ပြောသည်။ ထို့နောက် ချိပ်ရောက်က ဂိုရင်အား အဝတ်အစားများ ယူပေးပြီးလျှင် ဇနက်ကာ မကောင်းပုံကို စီကာပတ်ကုံးပြောပြသည်။ အမြင်အားဖြင့် ဂိုရင်သည် ချိပ်ရောက်ပြောနေသည်ကို ဂရုစိုက်၍ နားထောင်နေသည်။ သို့ရာတွင် သူကြားနေသောအသံမှာ ချိပ်ရောက်၏ အသံမဟုတ်။ တရွှေ့ရွှေ့ကုန်နေသည့် အချိန်၏အသံနှင့် သူ၏အသိမိတ်ဆွေများ၏ အသံသာ ဖြစ်သည်။

ထို့နောက် ရှုအင်နှင့် တောထဲသို့သွား၍ အမဲလိုက်ကြစဉ်က အဖြစ်အပျက်တစ်ခုကို ဂိုရင် ပြန်၍သတိရသည်။ တောနက်ကြီးထဲတွင် ရှေ့ကသွားနှင့်ကြသော တောချောက်သူတို့၏ အသံများကို သူတို့ကြားရသည်။ ကြောက်လန့်ပြီး ရန်မူတတ်သော တောကောင်သည် ဘယ်အချိန်ထွက်၍လာမည်ဟု မပြောနိုင်။ တဖွဲဖွဲရွာနေသော မိုးကလေးလည်း တိတ်သွားပြီ။ တောအုပ်ကြီးတစ်ခုလုံး မှုန်အိုက်နေသည်။ သူတို့စောင့်နေသော မြက်ခင်းမှ ရေခိုးရေငွေ့များလည်း ကောင်းကင်သို့ လွင့်ပျံလျက်ရှိသည်။ တောချောက်သူများကိုလန့်၍ ငှက်များလည်း ပျံပြေးကြသည်။ ဂိုရင်သည် အတက်များဝေဆာစွာ ထွက်နေသော သစ်ပင်ငုတ်ကြီးတစ်ခုနားတွင် ရပ်၍နေသည်။ သူ့မျက်စိများမှာ ချုံပုတ်နှစ်ခုစပ်ကြား ရှင်းနေသည့်နေရာကို ဂရုစိုက်၍ကြည့်နေသည့် တောဝက်သည် ထိုချုံပုတ်နှစ်ခုကြားက ထွက်လာလိမ့်မည်ဟု သူတွက်သည်။ သူနှင့်ခြေလှမ်းဆယ်လှမ်းခန့်အကွာ သစ်ပင်တစ်ပင်အနီးတွင် ရှုအင်သည် ကြီးစွာသော မှဆိုးတို့၏ဝီရိယဖြင့် သေနတ်ကိုကိုင်၍ စောင့်နေသည်။ သစ်ကိုင်းသစ်ခက်ကြိုးသံများသည် သူတို့ဘက်ဆီသို့ နီး၍နီး၍လာသဖြင့် အသည်းထိတ်စရာဖြစ်နေသည့်အချိန်တွင် ရုတ်တရက် ရှုအင်က ဂိုရင်ဘက်သို့ လှည့်၍ "အနောက်နိုင်ငံတွေက လွတ်လွတ်လပ်လပ် စဉ်းစားတတ်တဲ့ ပညာတတ်တွေကို တောချောက်သလို ညာသံပေးပြီး ဝိုင်းနှိပ်စက်နေကြတာဟာ အခု ငါတို့အမဲလိုက်နေကြတာနဲ့ တစ်ထေရာတည်းပဲ။ အဖျက်သတင်းစာတွေက ကြိမ်းမောင်း ကြတဲ့အသံတွေ သူယုတ်မာတွေရဲ့ ကဲ့ရဲ့သံတွေဟာ အခု တောချောက်နေတဲ့အသံတွေနဲ့ ဘာမှမထူးဘူး။ သင်ဟာ သိပ်ကံကောင်းတယ်။ သင်တို့ရုရှပြည်မှာ တောကောင်တွေကိုသာ အမဲလိုက်တယ်။ အနောက်နိုင်ငံများမှာလို ပညာတတ်တွေကို အမဲမလိုက်ဘူး"ဟု ပြောသည်။

ဂိုရင်သည် မျက်နှာရှုံ့၍သွားသည်။ ရှုအင်ပြောသည့်စကားမှာ အချိန်အခါနှင့် မလိုက်၍ ဂိုရင်စိတ်ဆိုးသည်။ ထို့ထက်ပင် သူ့ကိုမြှောက်ပင့်ရန်သဘောနှင့် ပြောခြင်းဖြစ်သည့်အတွက် ပို၍စိတ်ဆိုးသည်။ ဂိုရင်မှာ ယခင်ကပင် စိတ်တိုလျက်ရှိသည်။



ဂိုရင်က ချုံပုတ်နှစ်ခုကြားကို ကြည့်မြဲကြည့်လျက် "တို့ ရုရှပြည်မှာ ပညာတတ်တွေကို အမဲမလိုက်တော့ဘူး။ လိုက်စရာတစ်ယောက်မှ မကျန်တော့လို့ လွတ်လွတ်လပ်လပ် စဉ်းစားတတ်တဲ့(ပညာတတ်)တောဝက်တွေကို သတ်ပစ်ပြီးတာကြာသွားပြီ။ ငါတစ်ကောင်တည်းပဲ ကျန်တော့တယ်။ ငါတစ်ကောင်ကျန်တာတောင်မှပဲ ငါဟာ ယဉ်သွားလို့သာ ကျန်နေတယ်ထင်တာပဲ"ဟု ပြော၍ သူပြောလိုက်သည်ကို သူဟာသူ အံ့အားသင့်သွားသည်။ ဂိုရင်နောက်ဆုံးပြောလိုက်သည့် စကားပိုဒ်မှာ သေနတ်သံ တစ်ချက် ဒိန်းခနဲထွက်ပေါ်လာသဖြင့် မကြားလိုက်ရ၊ ဂိုရင်သည် ကြောက်အားလန့်အားနှင့်ပြေးလာသော ဝဝဖိုင့်ဖိုင့် တောဝက်ကြီးကို တစ်ချက်တည်းနှင့်မှန်အောင် ဆီး၍ ပစ်လိုက်သည်။ ထိုအချိန်တွင် ဝက်ကြီးသည် ရှုအင်ဆီသို့ ထိုး၍လာလျက်ရှိသည်။ ဝက်ကြီးလဲသွားသောနေရာနှင့် ရှုအင်နေသောနေရာမှာ နှစ်လှမ်းလောက်သာကွာသည်။

"သင် ကယ်ပေလို့သာ ငါ ဝက်စွယ်မသင့်တယ် ဂိုရင်ရေ"ဟု ရှုအင်က ပြုံး၍ပြောသည်။

"ဒါဟာ တို့မှတ်ဖို့ကောင်းတဲ့ သင်ခန်းစာပဲ"ဟု ဂိုရင်က သွေးတွေပေနေသော ဝက်သေကောင်ကြီးဆီသို့ သွားရင်းနှင့်ပြောသည်။ တောဝက်ကြီးမှာ အံသည်းထုတ်ချင်း ပေါက်သွားသည်။ "နိုင်ငံရေးနဲ့ အမဲလိုက်တာနဲ့ နှိုင်းယှဉ်ပြောလို့ ဘယ်ဖြစ်မလဲ ရှုအင်"ဟု ဂိုရင်က ပြင်သစ်လို မတတ်တတတ်နှင့် ပြောသည်။

တောချောက်သူများသည် ဂိုရင်တို့ဆီသို့ပြေး၍လာပြီးလျှင် ဂိုရင်ကို လက်တည့်သည့်အတွက် ဝိုင်း၍ ချီးမွမ်းကြသည်။ ဂိုရင်သည် ရှုအင်နဲ့ စကားဆက်ပြော၍ မဖြစ်တော့။ ထိုသို့ မဖြစ်တော့ခြင်းကိုလည်း ဂိုရင် သဘောကျသည်။ ဂိုရင်သည် အမှတ်တမဲ့နှင့် စကားလွန်သွားသဖြင့် သူ့ဟာသူ ပြန်၍ကြောက်နေသည်။ အဘယ်ကြောင့်ဆိုသော် စိတ်တုန်လှုပ်ချောက်ချားနေခိုက်တွင် သူ့ဝမ်းထဲတွင်ရှိသည့် ထင်မြင်ချက်များကို အင်မတန်အင်မတန် ပေါ်လွင်အောင်ထုတ်၍ ပြောလိုက်မိသောကြောင့်ဖြစ်သည်။ အမဲလိုက်ရာမှအပြန်တွင် ရှုအင်က သူ့ကို သေသေချာချာ စိုက်ကြည့်နေသည်ကို ဂိုရင် တွေ့ရသည်။

ဂိုရင်သည် ရှုအင်၏အကြောင်းကို စဉ်းစားရင်းနှင့် သူ ငယ်စဉ်ကအဖြစ်ကို ပြန်၍သတိရသည်။ ရှုအင်သည် သူ့ခေတ်ကလူများအပေါ်တွင် အထင်အမြင်များစွာ သေးသည့်နည်းတူ ဂိုရင်သည်လည်း သူ့ခေတ်ကလူများကို အထင်အမြင်သေးခဲ့သည်။ သူ့ခေတ်တွင် လွတ်လပ်မှုနှင့် တရားမှုတို့မရှိခဲ့ခြင်းနှင့် လွတ်လပ်မှုနှင့် တရားမှုများ ရရှိအောင် ဆောင်ရွက်နေကြသည့် အထက်တန်းကျသော ပညာတတ်များကို ဇာဘုရင်က ညှဉ်းပန်းနှိပ်စက်ခဲ့သည့်နည်းတူ ရှုအင်၏ခေတ်၌လည်း လွတ်လပ်မှုနှင့် တရားမှုမရှိအောင်လုပ်၍နေကြသည်ကို ဂိုရင်တွေ့ရသည်။ ခေါင်းဖြူ၍နေသော ပြင်သစ်စာရေးဆရာကြီးရှုအင်သည် ကလေးအတွေးတွေးကာ သူ၏ ထင်မြင်ယူဆချက်များကို မှန်ကန်သည်ဟု ယုံကြည်၍နေသည့်နည်းတူ ဂိုရင်လည်း သူငယ်စဉ်က သူ၏ထင်မြင်ယူဆချက်များကို မှန်ကန်သည်ဟု ယုံကြည်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ကံတရားသည် ထူးဆန်းလှပါသည်။ ရှုအင်သည် ဂိုရင် ငယ်ရွယ်စဉ်က စိတ်ကူးကြံစည်ခဲ့သောအချက်များ ဖြစ်မြောက်နေသည်ကိုကြည့်ရန် ဂိုရင်ဘဝ လမ်းဆုံးရောက်ခါနီးအချိန်တွင် ရှုရှုပြည်သို့ရောက်၍လာသည်။ သို့ရာတွင် ဂိုရင်၌ ရှုအင်ကိုပြရန်အတွက် စိတ်နှလုံးမချမ်းမြေ့မှု သံသယဖြစ်မှုများသာရှိသည်။ သူသည် တစ်ချက်တစ်ချက်တွင် မပြုအပ်သော အမှားကြီးကိုပြုမိခဲ့ပြီ။ ထိုအမှားကြီးသည် ဘယ်အရာဖြစ်သည်ကို သူ့ဟာသူ ပြန်စဉ်းစား၍မရ။ ဘယ်အချက်တွင် သူမှားသွားသည်ကို သိနိုင်ရန်လည်း သူ ကြိုးစားသည်။ သို့ရာတွင် ယခုအချိန်၌ပင်လျှင် သူ၏အမှားကို သူပြန်၍တွေ့လိမ့်မည်ဟု မမျှော်လင့်နိုင်သဖြင့် ဂိုရင်သည် ထိတ်လန့်တုန်လှုပ်လျက်ရှိသည်။

"ဘယ့်နှယ်လဲဂိုရင်…သင် ဘာဖြစ်နေသလဲ။ သင် ကြောက်သွားပလား။ ဒါမှမဟုတ်ရင်လည်း နောက်မှ နောင်တဖြစ်နေတဲ့အတွက် သင် ရှက်နေပလား"

"ငါ မှားခဲ့တယ်လို့ မဆိုဘူး။ မဆိုချင်ဘူး။ ငါ မှားတာမဟုတ်ပါဘူး။ ငါ့ပတ်ဝန်းကျင်မှာရှိကြတဲ့ လူတွေက မှားနေကြတာ။ တကယ်ဆိုတော့ ငါဟာ အမှန်ကို တစ်ခဏတာမျှသာ မျက်ခြည်ပြတ်သွားတာ။ ငါ့အနားမှာရှိကြတဲ့ ပါဗယ်တို့ ဂလူယက်တို့အကုန်လုံးဟာ တစ်ယောက်မှ ခေတ်မမီကြတော့ဘူး။ သူတို့ဟာ မီးခိုးထွက်တဲ့ ဖယောင်းတိုင်အိုကြီးကထွက်နေတဲ့ မှုန်တိမှုန်မွှားအရိပ်တွေပဲ။ သူတို့ကြောင့် ငါ့မျက်စိသကြီးလွဲနေရတာ။ ငါ့အပြစ်မဟုတ်ဘူး။ သူတို့အပြစ်။ ငါဟာ လူထုအလယ်မှာရောက်နေတယ်။ ဒါပေမဲ့ ငါ့မှာအဖော်တော့ တစ်ယောက်မှမရှိဘူး"ဟု ပြောပြီးလျှင် ဂိုရင်သည် အခန်းထဲ၌ လူးလာခေါက်တုံ့လျှောက်နေသည်။ စိတ်မချမ်းသာခြင်း၏ အထိမ်းအမှတ်ဖြစ်သော သူ့နဖူးကအတွန့်ကြီးများသည် ပို၍ပို၍နက်ရှိုင်းစွာတွန့်လျက်ရှိသည်။ ချိပ်ရောက်သည် အိပ်ရာခင်း၍နေရာမှ ဂိုရင်ကို မသက်မသာသော နှလုံးဖြင့်ကြည့်နေသည်။

"စိတ်မချမ်းသာစရာတွေကို တစ်ခုပြီးတစ်ခု ဆက်စပ်တွေးနေလို့ ဘာအကျိုးရှိမှာလဲ။ ယျူးဆိတ်ကို ကြည့်ပါလား။ သူဟာ လိမ်ညာရမှာကို မကြောက်ဘူး။ ညာရတာဟာ သူ့အဖို့ လေကိုအသက်ရှူရသလိုပဲ။ ဘာမှ အရယ်အမောပျက်စရာမရှိဘူး။ ငှက်ပျောသီး အခွံနွာစားရတာကမှ ခက်ဦးမယ်။ ညာဖို့က သူ့အတွက်မခက်ဘူး။ သူ့ဟာသူ စိတ်ထဲရှိတဲ့ အကြံကို သိပ်လုံအောင် ထိန်းနိုင်တယ်"

ဂိုရင်၏စိတ်ကူးထဲတွင် ယျူးဆိတ်၏မျက်နှာပေါ်လာသည်။ ယျူးဆိတ်၏ မျက်စိများမှာ လေးကန်သောဟာသဉာဏ်ဖြင့် အမြဲတောက်ပြောင်လျက်ရှိသည်။ ယျူးဆိတ်သည် လုပ်မြဲအစိုးရအလုပ်တို့လုပ်ရန်အတွက် ရောက်စတောက်မြို့မှ တစ်ဖလစ်မြို့သို့သွားသည်။ ထို့နောက် ယျူးဆိတ်သည် စတာလင်မွေးသော အိမ်ပုတ်ကလေးကို တစ်ကမ္ဘာလုံးရှိ သဒ္ဓါတရားထက်သန်သော ကွန်မြူနစ်များ အဖူးအမြော်လာနိုင်ရန်အတွက် ကျောက်ဖြူ ကျောက်သလင်းတို့ဖြင့် ပုထိုးတည်ရန်အလို့ငှာ ဂျော်ဂျီယာပြည်နယ်ရှိ ဂိုရီမြို့သို့သွားသည်။



"ငါ ဖန်ပုထိုးကြီးတစ်ခု သွားတည်မလို့"ဟု ယျူးဆိတ်က ပြောသည်။ ပြီးလျှင် ဆက်၍ "စတာလင်က သူ့အမွေခံအမွေစားတွေဟာ သူ့ကိုကျေးဇူးတင်စွာနှင့် သတိရကြလိမ့်မယ်လို့ အယုံအကြည်မရှိလို့ သူတို့ကို ဘာမှပြောမနေဘဲနဲ့ သူ့အကျိုးအတွက် ဝူပုထိုးများတည်နေတယ်"ဟုပြောသည်။

"ယျူးဆိတ်ဟာ အင်မတန် ခမ်းနားကြီးကျယ်တဲ့ ဝူပုထိုးကြီးကိုတည်ပြီး ရရိုးရစဉ် လိနင်ဘွဲ့ကိုရမှာပဲ။ သူကတော့ ရာထူးကြီးပွားရေးသမား လူလည်ကြီးသက်သက်ပဲ"ဟု ဂိုရင်စိတ်က အောက်မေ့သည်။ ဂိုရင်သည် ယျူးဆိတ်၏ မရှက်မကြောက်နှင့် ပွင့်ပွင့်ကြီးပြောပုံကိုမူ မလေးစားဘဲမနေနိုင်။

သို့ဖြစ်လင့်ကစား ဂိုရင်သည် ယျူးဆိတ်ထွက်သွားသောအခါ စိတ်သက်သာရာရသွားသဖြင့် သက်မချလိုက်သည်။ ယျူးဆိတ်သည် မျက်စိကို မှေး၍ကြည့်တတ်သဖြင့် သူ့ဝမ်းထဲ၌ ဘယ်လိုအကြံရှိသည်ဟု သူ့မျက်စိကိုကြည့်ပြီး အကဲခတ်၍မရ။ သို့ရာတွင် သူ့မျက်စိများသည် ဂိုရင်ဝမ်းထဲ၌ ဘယ်လိုဖြစ်နေသည်ကိုမြင်သည်။ သူသည် ဂိုရင်ကို အနှောင့်အယှက်ဖြစ်စေပြီးလျှင် စိတ်ရှုပ်သွားစေသည်။ ဗိသုကာယျူးဆိတ်၏ အမူအရာများက "ဘာလို့ သင့်ကိုယ်သင် စိတ်ဆင်းရဲအောင် လုပ်နေမလဲ။ ဘာလို့ သင့်ကိုယ်သင် စိတ်ချောက်ချားအောင်လုပ်နေမလဲ။ ငါ လုပ်သလိုလုပ်ပါ ဂိုရင်။ အစစအကုန်လုံး ဟန်ကျ သွားပါလိမ့်မယ်"ဟု ဂိုရင်ကို ပြော၍နေဘိသကဲ့သို့ရှိသည်။ ယျူးဆိတ်သည် ဂိုရင်ကို စိတ်ချမ်းသာမှုဖြင့် လာဘ်ပေး၍သွေးဆောင်သည်။ သို့ရာတွင် ထိုစိတ်ချမ်းသာမှုအတွက် ပေးချေရမည့်အဖိုးကို စဉ်းစားမိသောအခါ ဂိုရင်မှာ ကြက်သီးထ၍သွားသည်။

ဂိုရင်သည် သူ့တစ်သက်တွင် တစ်ခါမျှ ထိုမျှလောက် စိတ်ဆင်းရဲခြင်းမဖြစ်ခဲ့ဘူး။ သူ၏ပထမမယားသေစဉ်က သူ အများကြီး ပူပန်သောကရောက်ခဲ့ဖူးသည်။ သို့ရာတွင် ထိုကိစ္စမှာ သူ၏ ကိုယ်ရေးကိုယ်တာကိစ္စသာဖြစ်သည်။ ထိုကိစ္စမှာ သူ့ကိုယ်သူချစ်သည်ထက်လည်းကောင်း၊ သူ၏လုပ်ငန်းကိုသူ ချစ်သည်ထက်လည်းကောင်း၊ ပို၍ချစ်သော မိတ်ဆွေကောင်းတစ်ယောက် ရုတ်တရက်သေသွားပြီး သူ၏ချစ်ရေးပြိုကွဲသွားရသောကိစ္စဖြစ်သည်။ ထိုစဉ်က သူ၏ စိတ်ဆင်းရဲရမှုသည် တစ်စစ်စစ်နှင့်ကိုက်နေသော သွားကိုက်နာသည် သူ့အား တတိတတိနှင့် ညှဉ်း၍နေဘိသည့်အလား၊ သူ့ဟာသူ ဘယ်လိုစဉ်းစား၍ ဘာကိုလုပ်ရမည်မသိဘဲဖြစ်နေသော ဒွိဟစိတ်က သူ၏စိတ်ဝိညာဉ်ကို ရေရှည်ဆွဲကာ ညှဉ်း၍နေရသော စိတ်ဆင်းရဲမှုဖြစ်သည်။

သူ၏ ပထမအချစ်ရေးမှာ ဆန်းလည်းဆန်း၍ မှတ်သားဖွယ်လည်းကောင်းသည်။ ထိုအခါတွင် ဂိုရင်မှာ ခြေသလုံးအိမ်တိုင်ဖြစ်ပြီးလျှင် ချိပ်ရောက်နှင့်တကွ အခြားသူ့လိုလူများနှင့်အတူ ပင်လယ်နက်ကမ်းခြေတွင် ခြေဦးတည့်ရာ လျှောက်သွားနေခဲ့ပြီးလျှင် အိုဒက်ဆာမြို့တွင် တစ်ခဏတာမျှ အခြေစိုက်၍နေခဲ့သည်။ သူ၏စိတ်ဓာတ်မှာ မကောင်းမှုတွင် နစ်မွန်း၍နေခဲ့သည်မှာ ကြာပြီဖြစ်သဖြင့် ဖောဒကာသေရည်ဖြင့်သာ

www.burmeseclassic.com

www.burmeseclassic.com



ဆည်၍နေရသည်။ သူသည် ဖော့ဒကာကို အားပါးတရသောက်သည်။ သူ့စိတ်ဓာတ်သည် ဖော့ဒကာကို တောင့်တသည့်နည်းတူ သူ၏ဝမ်းခေါင်းကလည်း အစားကို အများကြီးတောင့်တသည်။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်အခါတွင် ဂိုရင်မှာ အရွယ်ကလည်းကောင်းတုန်း၊ ကျန်းမာခြင်းနှင့်လည်း ပြည့်စုံတုန်းဖြစ်သောကြောင့်ဖြစ်သည်။ သူနှင့်ပေါင်းသင်းနေသော မိတ်ဆွေများသည် ကောင်းရောင်းကောင်းဝယ် အလုပ်လုပ်ရသည်ကို ရှက်စရာကောင်း၍ နိုးသောအလုပ်ကိုမှ ဂုဏ်ရှိသည်ဟု ယူဆကြသည်။ ဂိုရင်သည် သူ၏အလုပ်တွင် စိတ်အားထက်သန်လှသဖြင့် နောက်ဆုံးတွင် သူခိုးဂိုဏ်းကြီးတစ်ခုနှင့် ပေါင်းမိသွားသည်။ တစ်နေ့တွင် ဂိုရင်သည် အိုဒက် ဆာမြို့ရှိ သူခိုးများစုဝေးရာဌာနတစ်ခုတွင် ကုန်ခိုးတစ်ယောက်၏သမီးနှင့် သွား၍တွေ့သည်။ လုံမပျိုသည် အံ့ဖွယ်သရဲ ချောသည်။ မပြုပြင်ဘဲနှင့် ကျက်သရေရှိသည်။ ပင်လယ်၏သမီးအစစ်လည်းဖြစ်သည်။ ပင်လယ်ကို ဘယ်လိုဖြစ်လိမ့်မည်ဟု တင်ကြို၍နိမိတ်မဖတ်နိုင်သလို သူ့သဘောကိုလည်း တင်ကြို၍သိနိုင်ဖို့ခက်သည်။ သူသည် တစ်ခါတစ်ရံပင်လယ်ကဲ့သို့ ငြိမ်သက်၍ တစ်ခါတစ်ရံတွင်လည်း ပင်လယ်ကဲ့သို့ပင် ကြမ်းတမ်းသည်။ တစ်နေ့သောနံနက်တွင် ခရသင်းခွံထဲတွင် ပင်လယ်လှိုင်းသံများသည် ဆူညံနေသကဲ့သို့ ပင်လယ်လှိုင်းသံတို့ဖြင့် ဆူညံ၍နေသော တဲပျက်ကလေးတစ်ခုထဲ၌ သေသောက်ကြူးတို့သည် ဆူသံကြောင့် အိပ်ရာမှနိုး၍ ကြည့်လိုက်သောအခါ အလွန်နုနယ်ပြေပြစ်သော အဆိုပါလုံမပျိုကိုမြင်သည်။ လုံမပျို၏မည်းနက်သော မျက်ဝန်းနက်များမှ ရွှေ၏ အရောင်နှင့်တူသော ရောင်ခြည်များထွက်လျက်ရှိသည်။ ထိုရောင်ခြည်များသည် ဂိုရင်၏နှလုံးကို နှစ်သိမ့်ခြင်းဖြစ်စေသဖြင့် ဂိုရင်သည် မျက်လွှာများကို ချလိုက်သည်။ လုံမပျို၏မျက်လုံးကလေးများနှင့် ပြတင်းပေါက်မှ ဖြူဖွေးနေသော အလင်းရောင်ဟပ်လျက်ရှိသော သူ၏ဆံပင်ကလေးများကလည်း အင်မတန် အင်မတန် ချစ်စရာကောင်းသည်။ သူညတုန်းကမြင်ရသော ချိပ်ရောက်၏ အကျည်းတန် သောနှာခေါင်းကြီးနှင့် သေရည်မူး၍ပုစွန်လုံးမျက်စိကဲ့သို့ ပြူး၍ထွက်နေသော မျက်လုံး ကြီးများနှင့် သူမြင်ရသော လုံမပျို၏ရုပ်ရည်သည် ဖြောင့်ဖြောင့်ကြီး ဗီလာဖြစ်နေသည်ကို တွေ့ရသဖြင့် ဂိုရင်စိတ်ထဲတွင် သူသေသွားပြီးနောက် သူ့ကို ထာဝရဘုရားသခင်က သူ၏ သေသောက်ကြူးသောအဖြစ်ကို ခွင့်လွှတ်တော်မူကာ နတ်သမီးကလေးရှိရာ ကောင်းကင်ဘုံသို့ ပို့လိုက်သည်ဟု ထင်မိသည်။

လုံမပျိုသည် မည်သည့်အကြောင်းကြောင့် ဂိုရင်ကို သဘောကျသွားသည့်ဟု ပြောဖို့ခက်သည်။ သို့ရာတွင် ထိုနေ့ညနေချမ်းသို့ရောက်သောအခါ သူတို့နှစ်ယောက်မှာ တစ်ယောက်လည်ပင်းကို တစ်ယောက်ဖက်ကာ ပင်လယ်ကမ်းစောက်ကြီးပေါ်တွင်ထိုင်၍ ချစ်တင်းဆိုနေကြသောအဖြစ်သို့ရောက်သွားသည်။ နောက်နေ့မိုးသောက်၍ စိမ်းရောင်သမ်းနေသော ပင်လယ်ရေပြင်ပေါ်သို့ နေရောင်ခြည်များမကျော်မီပင် လုံမပျိုသည် ဂိုရင်၏ ချစ်ဇနီးအဖြစ်သို့ရောက်၍သွားသည်။



သူတို့နှစ်ယောက်၏အချစ်မှာ ရုတ်တရက်ချင်းဖြစ်ပေါ်လာသော ပြင်းထန်သောအချစ်ဖြစ်သည်။ သူတို့နှစ်ယောက်သည် နှုတ်ခမ်းချင်းထိတွေ့ကြသောအခါတိုင်းအခါတိုင်း အချိန်မှန်း သတိမရကြသည့်အဖြစ်၊ ပင်လယ်လှိုင်းသံများကို သူတို့ကြားရကောင်းမှန်းမသိကြသည့်အဖြစ်၊ အသက်ရှုရကောင်းမှန်းပင် မသိကြသည့် အဖြစ်များကို ဂိုရင်သည် ကွက်ကွက်ကွင်းကွင်း ပြန်၍သတိရသည်။ ဂိုရင်က သူ၏အင်အားကိုဂုဏ်ယူ၍ လုံမပျိုရှေ့တွင် ကိုယ်တုံးလုံးနှင့်နေခိုက်တွင် လုံမပျိုက သနားစိတ်၊ ရှက်စိတ်၊ ချမ်းမြေ့စိတ်တို့ဖြင့် ငိုလိုက်သောအသံကို မည်သည့်အခါမျှ မေ့နိုင်လိမ့်မည်မဟုတ်။ ထိုအချိန်တွင် နေဝန်းကြီးသည် ပင်လယ်ရေပြင်ပေါ်မှဖြတ်၍ အချစ်ယစ်နေသူနှစ်ဦးပေါ်သို့ နီမြန်းသော ရောင်ခြည်များဖြင့် ထိုးပေးလျက်ရှိသည်။ ထိုနီမြန်းသော နေရောင်ခြည်တို့က လုံမ၏ရှက်သွေးမွှန်၍ နီမြန်းသောမျက်နှာကိုလည်းကောင်း၊ နှစ်သိမ့်ကျေနပ်နေသောမျက်စိများကို ရစ်ဝန်းလျက်ရှိသော အပြာရောင်သမ်းနေသော မှောင်ရိပ်များကိုလည်းကောင်း ဖုံးအုပ်ပေးသည်။

ထို့နောက် ဂိုရင်က ချစ်ခင်ကြင်နာခြင်းဖြင့် ပြည့်ဝလျက်ရှိသော အသံဖြင့်…။

"ဝမ်းနည်းသလား မီရာ"ဟု မေးသည်။

လုံမသည် အလိုဆန္ဒဖြင့် တစ်ကိုယ်လုံးတုန်၍နေရာမှ ဂိုရင်ကို သူ့ ရင်ဘတ်ဆီသို့ ဆွဲလိုက်ပြီးလျှင် လေသံကလေးသဲ့သဲ့ဖြင့် "သင်ဖက်တာမခံရခင်က ကုန်သွားတဲ့ အချိန်တွေ အတွက်ပဲ ငါ ဝမ်းနည်းပါတယ်။ ဖက်ပါ ဖက်ပါ နာနာဖက်ပါ ချစ်သူရဲ့"ဟု ပြောသည်။

ဤနည်းဖြင့် မိုးမမြင်၊ လေမမြင်ဖြစ်လျက်ရှိသော သိမ်မွေ့နူးညံ့သော ချစ်ခြင်းသည် ဂိုရင်၏နှလုံးတွင်းသို့ ရောက်၍လာခဲ့သည်။ ဂိုရင်သည် မီရာနှင့် မတွေ့ခင်က မိန်းမတွေ အများကြီးတွေ့ဖူးသည်။ မီရာသည် အခြားမိန်းမများနှင့် ဘယ်လိုခြားနားသနည်း။ မီရာ၏ အချစ်မှာ ကလေးငယ်တို့၏ သန့်ရှင်းသောနှလုံးဖြင့် ချစ်သောအချစ်မျိုးဖြင့်ချစ်သည်။ ဤအချစ်မျိုးကို အခြားယောက်ျားများအဖို့တွင် စိတ်ကူးထဲ၌သာ ရနိုင်မည်။ ဂိုရင်ကဲ့သို့ ကိုယ်တွေ့မရနိုင်၊ မီရာသည် ဂိုရင်အား ဤမွန်မြတ်သော အချစ်ဆုကိုသာ ပေးသည်မဟုတ်။ သူ၏ အကျင့်စာရိတ္တကိုပင် လုံးဝဥဿုံ ပြုပြင်၍ပေးလိုက်သည်။ ထို့ပြင် မီရာသည် ဂိုရင်၏နှလုံးတွင်း၌ ယခင်က မတွေ့မကြုံဖူးသော ချမ်းသာမှုကိုလည်း ဖြစ်ပေါ်စေ၍ ကြောက်ဖွယ်လည်းကောင်း၊ တုံ့ဖွယ်လည်းကောင်းသော ဤလောကကြီး၏အကြောင်းကို စာဖွဲ့၍ထားချင်ခဲ့သော အလိုဆန္ဒကိုလည်းဖြစ်ပေါ်လာစေသည်။ မီရာနှင့်တွေ့သောအခါက ဂိုရင်သည် အချစ်နှင့်ထိုးထွင်းဉာဏ်ဖြင့် စာဖွဲ့သည့်အလုပ်ကို ခွဲခြား၍မရ။ အချစ်သည် ဘယ်နေရာတွင်ဆုံး၍ ထိုးထွင်းဉာဏ်အလုပ်သည် ဘယ်နေရာတွင်စသည်ဟု သူ မပြောနိုင်။ ဂိုရင် လက်ဦးအစ စာစ၍ဖွဲ့သည်မှာ ထိုအချိန်ကဖြစ်သည်။ ထိုအချိန်က သူရေးသော ပတ္တုတိုကလေးများမှာ လောကတွင် တကယ်ဖြစ်နေသောအကြောင်းများကိုတိုင်၍

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးဖြင့်ဖွဲ့နွဲ့ အပ်သော အချက်များဖြင့် ဖောက်ထားသော ဝတ္ထုကလေးများဖြစ်သည်။ မီရာသည် ဂိုရင့်အဖို့တွင် သေသွားသည့်အချိန်တိုင်အောင် မယားနှင့်မတူဘဲ ချစ်သူနှင့်သာတူသည်။ မီရာသည် ဂိုရင်ကို မျက်စိဖွင့်ပေးသူဖြစ်သည်။ အမြင်အားဖြင့် စရိုက်ကြမ်းသည့် အောက်တန်းကျသည့် လူများသည် အင်မတီအင်မတန် စိတ်နှလုံးမြင့်မြတ်သော ဂုဏ်များနှင့် ပြည့်စုံကြသည်ကို ဂိုရင်တွေ့ရသည်။ အများအားဖြင့် လူအများက ကြောက်လန့်၍ တိမ်းရှောင်နေကြသော ခြေသလုံးအိမ်တိုင်လူများတွင် အလွန်မြင့်မြတ်သော စိတ်ထားနှလုံးထားရှိသည်ကို ဂိုရင် တွေ့ရသည်။ ထိုလူများ တစ်ခါတစ်ရံ သူတို့၏စိတ်ထားကို ကြမ်းတမ်းစွာ ဖော်ပြတတ်ကြသော်လည်း သူတို့၏စိတ်ရင်းမှာ အမြဲတမ်း ဖြူစင်ဖြောင့်မတ်သည်ကို သူ တွေ့ရသည်။ ဂိုရင်သည် သူ၏ဝတ္ထုကလေးများကိုရေးရာတွင် ယဉ်ကျေးသိမ်မွေ့သော အသုံးအနှုန်းများကို မသုံးဘဲ ရိုးရိုးကြမ်းကြမ်း စကားလုံးများကိုသာ သုံးသည်။ ပရိယာယ်မရှိသေးသော ကလေးတို့ သုံးလေ့ရှိသော စကားလုံးကလေးများကဲ့သို့ မှန်ကန်တိကြသော စကားလုံးများကိုသာ အသုံးပြုခြင်းမှာ ဂိုရင်၏ ရေးဟန်မူပင်ဖြစ်သည်။

ဂိုရင်သည် သူ ပထမရေးထားသော ဝတ္ထုကလေးများစုဆောင်း၍ ရောက်စတောက်မြို့တွင်ထုတ်သော မဂ္ဂဇင်းတစ်စောင်သို့ ပို့လိုက်သည်။ ထိုဝတ္ထုကလေးများအတွက် သူသည် နေ့ချင်းညချင်း ထင်ရှားကျော်ကြားသူအဖြစ်သို့ ရောက်လာလိမ့်မည်ဟု သူ့စိတ်ထဲက လုံးလုံးမဥပါဒ်မိ၊ ထိုဝတ္ထုကလေးများကို စိန့်ပီတာစဗတ်မြို့တော်မှ မဂ္ဂဇင်းတစ်ခုကထပ်၍ ဖော်ပြပြီးလျှင် နောက်တွင် စာအုပ်တစ်ခုအဖြစ်နှင့်ထုတ်သည်။ စာဖတ်ပရိသတ်တို့သည် ဂိုရင်နာမည်ကိုကြားရလျှင် နာမည်ကျော်စာရေးဆရာကြီး ချိပ်ရောက်၏ နာမည်ကိုကြားလိုက်ရသည့်နည်းတူ ဝမ်းသာအားရဖြစ်ကြပြီးလျှင် ဂိုရင်သည် နာမည်ကျော်စာရေးဆရာကြီးတစ်ယောက်ဖြစ်လာလိမ့်မည်ဟု နိမိတ်ဖတ်ကြသည်။ ဂိုရင်မှာ သူ စာစ၍ဖွဲ့သည့်အချိန်ကစပြီး အကောင်အထည် မယ်မယ်ရရမရှိသော ဒဏ္ဍာရီထဲက ဇာတ်ဆောင်အဖြစ်မျိုးသို့ ရောက်သွားပြီးလျှင် လူအများက သူ့အကြောင်းကို မှန်တာရောမမှန်တာပါ ရောထွေး၍ အမျိုးမျိုးတွေးကြသည်။ ထိုကဲ့သို့ဖြစ်ရသည့် အကြောင်းမှာ အခြားကြောင့်မဟုတ်။ သူ့ဝတ္ထုများထဲတွင် ထူးဆန်းသော အကြောင်းအရာများကို စာဖွဲ့၍ထားခြင်းကြောင့်ဖြစ်သည်။ သူ့ဝတ္ထုများထဲတွင် သူ့တပည့် ချိပ်ရောက်အကြောင်း၊ သူနှင့် ကုန်းနီးဖော်နီးဖက်များအကြောင်း၊ သူခိုးများအကြောင်း၊ ခြေသလုံးအိမ်တိုင်များအကြောင်း၊ ပြည့်တန်ဆာများအကြောင်း၊ လောကကြီး၏ကောင်းကျိုးကို ဆန္ဒပြင်းစွာနှင့် တောင့်တလျက်ရှိကြသော စိတ်ဂန ဒမငြိမ်သောသူလို အတွေ့အကြုံ အဆန်းအသစ်များကို အမြဲရှာတွေ့နေကြသော လူလေလွင့်များ အကြောင်းကို ဖော်ပြသည်။ ထို့ပြင် သူသည် ပင်လယ်ကမ်းခြေရှိ အိမ်ပုတ်ကလေးထဲတွင်မွေးသော အတတ်ပညာမရှိသော ရိုးရိုးအအ မီရာလုံမကလေး၏ အကြောင်းနှင့်တကွ၊ ထိုလုံမကလေး၏ အတွင်းစိတ်သန္တာန်၌ အင်မတီအင်မတန် မွန်မြတ်သော စိတ်ထားနှလုံး ထားများရှိသည့်



အကြောင်းများကို စာဖွဲ့သည်။ ထို့ပြင် အလိုဆန္ဒ အင်အားနည်းပါးချို့တဲ့သည့် ညောင်နာနာ မြို့နေလူများကြားမှုပင်မကြားဖူးသော ကိုယ်ကာယ၏အလို စိတ်ဓာတ်၏ အလိုတို့ ပြည့်ဝခြင်းကြောင့် မီရာမှာ ကိုယ်နှင့်စိတ်နှင့် စည်းဝါးကိုက်နေပုံအကြောင်း တို့ကို စာကုံး၍ပြသည်။ ပြီးလျှင် သူသည် မြို့နေလူများအား ကောင်းကောင်းကြီးနက်သည်။ သူတို့သည် လူဆန်းများဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် မသာယာသော အကြောင်းမှန်များကို အစားရအမျိုးရခက်သောဆေးကို စက်ဆုပ်ကြသည့်နည်းတူ စက်ဆုပ်ကြလျက်နှင့်ပင် ဂိုရင်၏ထိုးနက်ချက်များကို အကျွတ်တရားရသွားသော လူမိုက်များပမာ ကျေးဇူးတင်သောနှလုံးဖြင့်ခံယူကြခြင်းကြောင့်ဖြစ်သည်။ မြို့နေလူတို့သည် လောကကြီး၏ သာယာမှု မသာယာမှုများကို အသက်ငယ်ငယ်နှင့် ကိုယ်တိုင်အကြွင်းမဲ့ တွေ့ကြုံဖူးသည့် ဆရာကလေးဂိုရင်အား ချီးမွမ်းကြသည်။ ဂိုရင်၏ဝတ္ထုများသည် ပျစ်ခဲ၍နေသော ရုရှပြည်၏ သာယာမှုအပေါင်းများကို တိုက်ဖျက်ပစ်မည့် ဆားဓာတ်ပါသည့် ပင်လယ်လေနှင့်ထွက်နေသည်။ ထိုဝတ္ထုတို့သည် ရင်သပ်ရှုမောဖြစ်လောက်အောင် လူတို့၏ ရှုမျှော်တွေးကြံမှု နယ်နိမိတ်ကို တိုးချဲ့၍ပေးရုံမက ဟုတ်တိုင်းမှန်ရာကျလှသဖြင့်လည်း လူတို့၏စိတ်နေစိတ်ထားကို မြင့်မြတ်၍လာစေသည်။ ဂိုရင်သည် လူတို့၏ ဗီဇပါအင်အားကိုလည်းကောင်း၊ ရိုသေလေးစားသော အနုပညာသည်တစ်ဦးသာဖြစ်သည်မဟုတ်၊ အပေါင်းအဆွေးကိုဖျက်၍ အသစ်တီထွင်လိုသူ တော်လှန်ရေးသမားတစ်ဦးလည်းဖြစ်သည်။ ဂိုရင်သည် သူ့၌ရှိသော ပျိုမျစ်သော စိတ်ဓာတ်အင်အားအကုန်ဖြင့် ဇာဘုရင်၏ အုပ်ချုပ်ခြင်းကို စက်ဆုပ်သည်။ ဂိုရင်၏ အမြင်တွင် ဇာဘုရင်အုပ်ချုပ်ခြင်းသည် လူတို့၏ အတွင်းစိတ်သန္တာန်၌ရှိသော မွန်မြတ် သောအရည်အချင်းများကို မကြီးပွားမတိုးတက်နိုင်အောင် ပိတ်ပင်ဟန့်တား၍ အညွန့်တုံးစေပြီးလျှင် အပါတ်တီရစ္ဆာန်တို့နှင့် သာတန်သော နှစ်ပေါင်းတစ်ထောင်ကျော်ခေတ်က ကျွန်ပိုင်ဘဝဆိုးသို့ ပြန်၍ရောက်စေသည်။

သူရေးသော (မှန်တိုင်းရှေ့ပြေးငှက်ကဗျာ)သည် ရောက်အံ့ဆဲဆဲ တော်လှန်မှုကိုဖွဲ့ဆို၍ ထိုခေတ်၏ အရိပ်နိမိတ်ပင်ဖြစ်သည်။ မိမိတို့ကိုယ်ကို မိမိတို့ တော်လှန်ရေးသဘော၏တည်ရာဟု ယူဆနေကြသော ကျောင်းသားများ၊ ကျောင်းဆရာများ၊ စက်ဆရာများစသော ပညာတတ်အားလုံးသည် ဂိုရင်၏ကဗျာကို မျက်လုံးပြူးပြူး မျက်ဆန်ပြူးပြူးနှင့် မျက်နှာဖြူဖပ်ဖြူရော်ဖြစ်အောင် တစ်ယောက်ကိုတစ်ယောက် သံကုန်ဟစ်၍ ဖပြန်အလှန် ရွတ်ပြကြသည်။ ဂိုရင်၏ ကဗျာတွင် ရောက်ဆဲရောက်လတ္တံ့ဖြစ်သော အရေးများ၏အော်သံသည် မိုးချုန်းသကဲ့သို့ မြည်ဟည်းလျက်ရှိပြီးလျှင် ထိုကဗျာ၏ တူရိယာသံမှာလည်း ဂျာမန် တူရိယာဆရာကြီး ဗီသိုဗင်၏စီရင်သော တူရိယာသံကို သတိရလောက်အောင် သာယာလှသည်။ ရုရှဒင်္ဂါးထောင်ချီ၍ ရှေ့နေခယူကာ အမယ်အိုကြီးတစ်ယောက်၏ပစ္စည်းကို လုယက်သဖြင့် လုယက်မှုတရားခံအဖြစ်နှင့် ရုံးရောက်နေသော မိန်းမထိန်းတစ်ယောက်၏ အမှုကိုလိုက်ပေးသော ကုံလုံကြွယ်ဝသော ရှေ့နေကြီးများသည် သူတို့လျှောက်လဲချက်များပေးရာတွင် ဂိုရင်၏ကဗျာကိုရွတ်ကာ အဆုံးသတ်လေ့ရှိကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုသို့ ရွတ်ပြလိုက်သောအခါတွင် ပတ်ဝန်းကျင်၏ဒဏ်ကို ခံနေရရှာသူ တရားခံသည့် ရှိက်ကြီးတငင်ငို၍ အမှုနားထောင်ရန်လာကြသည့် ယောက်ျားများက ဩဘာပေးပြီးလျှင် ကျော့နေအောင်ဝတ်ဆင်လာကြသော အမျိုးသမီးများမှာမူ အမယ်လေးတ,သံဖြင့် မူးမေ့၍သွားကြသည်။

အကယ်၍ ရာဇဝင်ဆရာတို့က ၁၉၁၇-ခုနှစ်၊ ရုရှတော်လှန်ရေးကြီး ဖြစ်ပေါ်လာစေရန်အတွက် အများလှူဆော်ပေးခဲ့သူကို ရွေးချယ်ကြရမည်ဆိုလျှင် သူတို့သည် ဂိုရင်ကို ရွေးချယ်ကြမည်သာဖြစ်သည်။ လီနင်ကဲ့သို့သော ပုဂ္ဂိုလ်များမှာ ပရိယာယ်ကင်း၍ အင်မတန် ထိုးထွင်းဉာဏ်ရှိသော ကလေးနှလုံးကဲ့သို့ဖြူစင်သော နှလုံးရှိသော ဂိုရင် စိုက်ပျိုးခဲ့သောလယ်ကို တံစဉ်ကိုင်ကာ ဝင်၍ရိတ်နေကြသော ကောက်ရိတ်သမားများသာဖြစ်သည်။ ဇာဘုရင်ကျဆုံးသွားသောအခါတွင် တော်လှန်ရေးကို ဘူးလုံးနားမထွင်းတို့၏ ဝမ်းသာခြင်းမျိုးဖြင့် ဝမ်းသာစွာပီတိဖြစ်နေကြသော မပီကလာပီကလာဖြင့် ဂိုရင်၏ကဗျာကို ရွတ်ခဲ့ကြသော တော်လှန်ရေးအတွက် ဝမ်းသာနေကြသော ပညာတတ်များကို လီနင်က နှိပ်စက်ညှဉ်းပန်းခြင်းနှင့်တကွ စတာလင်က သူ့လက်ထက်သို့ရောက်သောအခါ ချွေးတပ်စခန်းများသို့ပို့ခြင်း၊ သေနတ်နှင့်ပစ်၍သတ်ခြင်းတို့သည် တကယ်ဖြစ်ပျက်သော ရာဇဝင်အကြောင်းခြင်းတရားများပင်ဖြစ်သည်။ ဂိုရင်သည် ရာဇဝင်ကို မသိလိုက်။ နောက်ဆုံး သူကိုယ်တိုင် အိမ်မင်းမစွမ်းအရွယ်သို့ရောက်လာမှသာ ရာဇဝင်နှင့် နှာခေါင်းကျည်ပွေ့တွေ့ရသည်။ ကံကြမ္မာသည် ထိုကဲ့သို့ သရော်လှောင်ပြောင်လုပ်လိမ့်မည်ဟု တော်လှန်ရေးမပေါ်မီအခါတုန်းက မည်သူမျှ တင်ကြို၍မသိခဲ့၊ ထိုသို့ မသိခဲ့ကြသူတို့အနက် ဂိုရင်ကိုယ်တိုင်မှာ မသိချက်အဆိုးရွားဆုံးဖြစ်သည်။

ဂိုရင်သည် သူ ပထမရေးလိုက်သော ဝတ္ထုများခွဲသဖြင့် အားတက်ကာ အခြားအလုပ်ကိုမလုပ်ဘဲ စာဖွဲ့သောအလုပ်တစ်ခုတည်းကိုသာ အချိန်ကုန်လုပ်သည်။ ထိုအတောအတွင်းတွင် မီရာမှာ မိန်းမကြီးဘဝနှင့် မယား၏ဘဝသို့ရောက်ခဲ့၍ သူ၏ အသွေးအသားများသည် ထိုအချိန်ကျမှပင် ပထမဆုံးစ၍ ညီညွတ်လာဘိသည့်ပမာ ပို၍ပင် ချောလှ၍လာသည်။ မီရာသည် တွေးတောခြင်း၊ ဆင်ခြင်ခြင်း၊ ထိန်းသိမ်းခြင်း မရှိသော သူ၏ မိန်းမသဘာဝအင်အားအပြည့်အစုံဖြင့် ရပ်ရောနာမ်ပါ၊ ဂိုရင်သို့အပ်ကာ ချစ်သည်။ မီရာ၏အချစ်သည် နက်ရှိုင်းလှသော သမုဒ္ဒရာကြီးကဲ့သို့ အချစ်လှိုင်းဂယက်တို့ဖြင့် ဂိုရင်အား နစ်မွန်းလုမတတ်လွှမ်းမိုးလျက်ရှိသည်။ ဂိုရင်သည် ခွန်အားဗလနှင့် ပြည့်စုံ၍ ဘဝကိုချစ်ခင်သူဖြစ်သော်လည်း တစ်ခါတစ်ရံ မီရာ၏ အချစ်ဒဏ်ကို မခံမရပ်နိုင်လောက်အောင်ဖြစ်သဖြင့် မီရာ၏အချစ်လှိုင်းများ ငြိမ်သက်နေသောအခါများတွင် ဂိုရင်ဝမ်းသာသည်။ ထိုကဲ့သို့ အချစ်လှိုင်းဂယက်များ ငြိမ်သက်နေသည့်အခါများတွင် မီရာသည် ဂိုရင်၏ ပေါင်ပေါ်တွင်ထိုင်၍ ဂိုရင်၏ ကျယ်ပြန့်သောရင်ဘတ်ကြီးကို သူ့ခေါင်းနှင့်မှီကာ လှိုင်းလေကင်းသောအခါတွင် တဖျပ်ဖျပ်ရိုက်ခတ်သော ဂယက်သံနှင့်တူသော အသံကလေးဖြင့် သီချင်းများကို ချိုချိုအေးအေး ဆိုပြလေ့ရှိသည်။



မီရာမှာ ဂိုရင်နှင့် သားတစ်ယောက်ရသည်။ ထိုအခါ သူ၏ စိတ်ချမ်းသာခြင်းသည် အဆုံးရှိနိုင်လိမ့်မည်ဟု သူမထင်မိခဲ့။ သို့ရာတွင် သူ၏ စိတ်ချမ်းသာခြင်း၏အဆုံးသည် မညှာမတာရောက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် မီရာမှာ အဆုတ်နာဖြင့် ရုတ်တရက် ဘဝဆုံးရသောကြောင့်ဖြစ်သည်။ မီရာ၏ သူ့ဘဝကို ခင်မင်ခြင်းနှင့် အချစ်မာတ်ပြင်းထန်ခြင်းတို့မှာ အဆုတ်နာ၏ မမြင်နိုင်သော လက္ခဏာများဖြစ်သည်။ မီရာသေသောအချိန်မှာ ညနေစောင်းဖြစ်သည်။ သူ၏အလောင်းမှာ အမှောင်ထဲတွင် အလင်းရောင်ဆောင်၍နေသည် ဟု ထင်ရသည်။ မီရာသည် သေခါမှပင် ပို၍လှပာန်ရသည်။

ထိုအခါမှစ၍ ဂိုရင်အဖို့တွင် အလင်းရောင်ပျောက်၍သွားသည်။ လောကကြီးတစ်ခုလုံးသည် ဟာလာဟင်းလင်းဖြစ်သွားပြီးလျှင် ဘာမျှအနက်အဓိပ္ပာယ်မရှိတော့။ သို့ရာတွင် သူ၏ အတွင်းသန္တာန်တွင်ရှိသော စာဖွဲ့လိုသော စိတ်ဓာတ်ကိုမူ မသေမချင်းတားဆီးထား၍ ရမည်မဟုတ်။ ဂိုရင်သည် သေလည်းသေ၊ အကြံကိုလည်းမလျှော့၊ အီတလီပြည်သို့သွား၍ ရုတ်တရက် ပတ်ဝန်းကျင်ပြောင်းသွားသောအခါ ဂိုရင်မှာ စိတ်သက်သာရာ ရ၍သွားသည်။ နောင်နှစ်အတော်ကြာတွင် ဖလောရိန့်မြို့၌ စိတ်နှလုံးနူးညံ့သိမ်မွေ့သော လူဗာနှင့်တွေ့သောအခါ ဂိုရင့်စိတ်တွင် သူ အင်မတန်တောင့်တနေသော အေးချမ်းသောခိုအောင်းရာကို ရရှိသကဲ့သို့ ဖြစ်၍သွားသည်။ လူဗာသည် လိမ်လည်းလိမ္မာ၍ အေးလည်းအေးသည်။ သို့ရာတွင် ဂိုရင်သည် မီရာကို မေ့၍မရသေး။ ထိုသို့ မေ့၍မရသေးသဖြင့် သူ့ဟာသူ လိပ်ပြာမလုံသည့်အတွက် ဂိုရင်သည် လူဗာကို အထူးတလည် ဂရုစိုက်ကာ ချစ်ခင်ကြင်နာစွာ ပြုစုသည်။ ထိုသို့ပြုစုခြင်းမှာ သူသည် လွန်ပြီးသားအဖြစ်ကို အားလုံးမေ့ပျောက်ဖျက်၍ မေ့ပစ်လိုက်ပြီဟု သူ့ဟာသူ ယုံကြည်စိတ်ပေါ်လာစေရန်အတွက်ဖြစ်သည်။

ထို့နောက် နီနာကို မွေးသည်။ ဂိုရင်မှာ အလွန်အကျူးပင် စိတ်ဒုက္ခရောက်ခဲ့ပုံရသည်။ သူ စိတ်ဒုက္ခရောက်ခဲ့ရခြင်းမှာလည်း သူ၏ ပင်ပန်းနွမ်းရိနေသော နှလုံးကို နှစ်သိမ့်အောင်ပြုစုပေးမည့် ဇနီးသည်တစ်ယောက် လိုနေခြင်းကြောင့်မဟုတ်ဘဲ အခြားတစ်စုံတစ်ယောက်သောသူ၏ နှစ်သိမ့်အောင်လုပ်ပေးမှုကို လိုနေခြင်းကြောင့်သာ ဖြစ်ဟန်တူသည်။ ဤနည်းဖြင့် နီနာသည် လူ့ဘဝသို့ရောက်၍ ပင်လယ်လေကိုရှူရှိုက်ရင်း ပထမဆုံးအကြိမ် အူဝဲ အူဝဲဟု ငိုလိုက်သည့်အချိန်ကစ၍ ဂိုရင်သည် လူဗာအပေါ်တွင် ချစ်တင်းဆိုခြင်းမပြုတော့။ သူ့အဖို့တွင် နီနာသည် အတိတ်ကမှောင်ရိပ်များကို တစ်ခါတည်းပျောက်ပျက်သွားစေသော အသစ်ထွက်လာသော နေဝန်းပင်ဖြစ်သည်။ နီနာ၏ချစ်စရာကောင်းသော မျက်လုံးကလေးများတွင် ဂိုရင်၏မျှော်လင့်ချက်သည် အရိပ်ထင်လျက်ရှိသည်။ သူ၏နှလုံးတွင်း၌ ဆင်းရဲ ခြင်းပျောက်ကွယ်၍ တည်ငြိမ်သော ချမ်းသာခြင်းလည်း ပေါ်ပေါက်လာသည်။

နီနာမွေးလာသည့်အချိန်မှာ ဂိုရင့်အဖို့တွင် ထိုးထွင်းဉာဏ်ဖြင့် စာဖွဲ့သည့် အလုပ်အတွက် အကျိုးအရှိဆုံး အချိန်၏အစပင်ဖြစ်သည်။ ထိုအချိန်ကစ၍ ဂိုရင်သည်

www.burmeseclassic.com

www.burmeseclassic.com



ကုန်ခဲ့ပြီးသောအချိန်ကို ပြန်၍လည်းမစဉ်းစား၊ သူ့ကိုယ်ရေးအတွက်လည်း မှုပင်သောက မထားတော့ဘဲ တည်ကြည်ငြိမ်သက်စွာဖြင့် သူ့အလုပ်ကို လုပ်သည်။

ဤနည်းဖြင့် ဂိုရင် စိတ်နှလုံးမချမ်းမြေ့သောအချိန်သည် အဆုံးသတ်ခဲ့သည်။ ထိုအချိန်ကစ၍ သို့လော သို့လော တွေးတောမှုတို့သည်လည်းကောင်း၊ အဖော်ကင်းမဲ့သဖြင့် အထီးတည်းဖြစ်၍နေရသော ကြီးစွာသော စိတ်ဆင်းရဲမှုသည်လည်းကောင်း၊ သူ့အား နောက်တစ်ဖန်လာ၍ ညှဉ်းဆဲနှိပ်စက်နိုင်တော့မည်မဟုတ်ဟု သူ့စိတ်ထဲတွင် အခိုင်အမာယုံကြည်မိသည်။ သူ၏နောင်ရေးသည် မိုးရိပ်မိုးသားကင်းစင်သော ကောင်းကင်ပြင်ကဲ့သို့ သာယာတော့မည်ဟုသာ ထင်မိခဲ့သည်။ သို့ရာတွင် ယခုသော်မူကား။

ဂိုရင်သည် အခန်းစည်းကို လက်ဖြင့်အသာဖယ်၍ ပြတင်းပေါက်မှ အပြင်သို့ ကြည့်လိုက်ရင်း သူ့နှလုံးသည် ရယ်၍နေဘိသည့်ပမာ လှုပ်လှုပ်လှုပ်လှုပ်ဖြစ်၍ လာသည်ကိုတွေ့ရသည်။ ထိုအခိုက်တွင် နီနာသည် ဥယျာဉ်ထဲရှိ လမ်းကလေးတစ်ခုပေါ်တွင် လျှောက်၍နေသည်။ သူသည် ဘောင်းဘီတိုကိုဝတ်ထားပြီးလျှင် အင်္ကျီချွတ်ထားသော သူ၏ပခုံးများကို မျက်နှာသုတ်ပဝါဖြင့် ခြုံထားသည်။ နီနာသည် နံနက်စောစော မြစ်ထဲမှရေကူး၍ ပြန်လာခြင်းဖြစ်သည်။

"နီနာဟာ အားကြီးချောတာပဲ။ သူ့သွားဟန်လာဟန်ကလေးကလည်း အားကြီး ပေါ့ပါးသိမ်မွေ့တာပဲ" ဟု ဂိုရင်စိတ်ထဲက ထင်မိသည်။

ဂိုရင်သည် အခန်းစည်းကို အသာပြန်ချလိုက်ပြီးလျှင် ချိပ်ရောက်ဘက်သို့ လှည့်၍ ချိပ်ရောက်၏ ကုန်းနေသောခါးကို လက်နှင့်ဖက်ပြီးလျှင် အခန်းထဲမှ နှစ်ယောက်သား ထွက်သွားသည်။ သူ၏ခြေလှမ်းများမှာ မှန်ကန်ခိုင်မြဲ၍ သူ၏မျက်နှာမှာ တည်ငြိမ်သည်။ တစ်ခဏတာမျှအလွန်က သူ့ရင်ထဲတွင် ဖြည့်လျှံလျက်ရှိသော သို့လော သို့လော တွေးတော သံသယဖြစ်မှုများသည် ပျောက်ကွယ်၍ သူ၏စိတ်နှလုံးသည် အလွန်လုံခြုံ၍နေသည်။ ဂိုရင်သည် နေ့အသစ်ကို ရင်ဆိုင်ရန် အသင့်ပြင်ဆင်ပြီးရှိပြီ။

***

## အခန်း-၁၃

"တကယ့်အဖြစ်အပျက်ပုံတစ်ခု ငါ ပြောပြမယ်။ တစ်ခါတုန်းက ငါက ငါ့တပည့်တွေကို ပဗ္ဗလောက်ရဲ့ဝါဒအကြောင်းကို ရှင်းပြနေတယ်။ သူတို့ကြည့်ရတာ ဘာမှနားလည်ကြပုံမရဘူး။ ဒါနဲ့ ငါက တစ်ခါထပ်ပြီး ရှင်းပြပြန်တယ်။ ဒီတော့လည်း သူတို့ နားမလည်ကြဘူး။ ဒါနဲ့ပဲ ငါကလည်း ဆက်ကာ ဆက်ကာရှင်းပြတော့ ငါကိုယ်တိုင် ပဗ္ဗလောက်ဝါဒကို နားလည်သွားတယ်။ သူတို့ကတော့ နားမလည်ကြသေးဘူး။ ဟားဟား ဟားဟား ဟော ဂိုရင်တောင်လာပြီ။ မနက်စောစော သွားရေကူးလာသလား။ ငါ့ပုံ အသစ်ကို သင် ကြားဖူးပလား။ ပြန်ပြီးပြောပြရဦးမလား" ဟု ဆရာဝန်က ပြောသည်။



"ကြားဖူးပါပြီ၊ ကြားဖူးပါပြီ။ ပြန်ပြောပြဖို့မလိုပါဘူး။ သင်ဟာ သင်ကိုယ်တိုင် နားမလည်တဲ့အကြောင်းများကို သိပ်ရှင်းအပြကောင်းတယ်" ဟု ဂိုရင်က ပြုံး၍ပြောသည်။ ပြီးလျှင် ဂိုရင်က "မင်္ဂလာမနက်ပါ ဒေါက်တာ၊ မင်္ဂလာမနက် လူဗာတို့ နီနာတို့" ဟုပြော၍ ဘူသမီး၏ ကောင်းကောင်းမခြောက်သေးသော ဆံပင်များကို နမ်းပြီးလျှင် စားပွဲ၌ဝင်၍ ထိုင်သည်။

သူတို့သည် လသာဆောင်တွင် အခင်းဖြူဖြူခင်းထားသော စားပွဲဝိုင်းတစ်ခုတွင် လက်ဖက်ရည်ချိုင့်နှင့် မုန့်များကိုချ၍ ရှရှထုံးစံအတိုင်း လိုက်နာကြသည်။ လူဗာက ချမ်းချမ်းနှင့်ဓာတဘက်ကိုခြုံ၍ လက်ဖက်ရည်ငှဲ့ပေးသည်။ သူ၏ပြုံးရွှင်သော မျက်နှာပေါ်သို့ ပြောင်လက်နေသော လက်ဖက်ရည်ချိုင့်နှင့် ငွေဇွန်းများဖန်ခွက်များ ပေါ်တွင်ကျနေသော အလင်းရောင်များ ထိုးလျက်ရှိသည်။

လူဗာသည် မြင်ရသူတို့၏စိတ်နှလုံးကို ချမ်းမြေ့စေသည်။ လူဗာသည် ဝ၍လာသော်လည်း ခါးမတုတ်သေး။ သူ၏နောက်ကျောနှင့် ပခုံးများမှာ အထူးပင် ကျက်သရေရှိသည်။ သူ့ရုပ်လက္ခဏာများမှာလည်း အထူးပင် သိမ်မွေ့နူးညံ့သည်။ သို့ရာတွင် သူ့သမီးနှင့်ယှဉ်၍ ကြည့်မည်ဆိုလျှင် လူဗာမှာ တစ်ပုံစံဖြစ်၍ ဆေးရောင်ရင့်ရင့်နှင့်ခြယ်ထားသော ပန်းချီကားနှင့်တူသည်။ လသာဆောင်ကို တန်ဆာဆင်ထားသော ခပ်ကြဲကြဲစိုက်ထားသည့် တိုင်ကြီးများကြားမှ ကြည့်လိုက်လျှင် နံနက်စောစောပိုင်းဖြစ်သဖြင့် ပြာလဲ့သောနှင်းများဖြင့် အုပ်လျက်နေသော ဥယျာဉ်ကို မြင်နိုင်သည်။ မိုကလေးများသည် နှင်းစိုသောလမ်းများပေါ်တွင် ညည်းသံပေး၍ ဦးခေါင်းမော့ကာ လျှောက်လျက်ရှိသည်။ ရေပန်းတိုင်များမှ တလျှပ်လျှပ်နှင့် ပန်း၍ထွက်နေသော ရေသံများကိုလည်း ကြားရသည်။ ရေပန်းတိုင်များသည် နေရောင်ဟပ်၍နေသော ရေပန်းများကို နောက်ခံပြု၍ တဖွေးသရဲများပမာ မားမားမတ်မတ်ရပ်၍ နေကြသည်။ လေထုတစ်ခုလုံးမှာလည်း သင်းပျံ့သောရနံ့ဖြင့် လွှမ်းလျက်ရှိသဖြင့် ထိုလေကို ရှူရသူတိုင်း ကြည်လင်ရွှင်ပျလျက်ရှိသည်။

"ဂိုရင် သင့်ကြည့်ရတာ သိပ်ရွှင်လန်းတာပဲ။ ရေက ဘယ့်နှယ်နေသလဲ။ သိပ်အေးသလား" ဟု လူဗာက မေးပြီးလျှင် လက်ဖက်ရည်ကို ဖန်ခွက်ထဲသို့ ငှဲ့၍ပေးသည်။

"အပေါ်ယံကတော့ ဒါလောက်မအေးဘူး။ အောက်ကတော့ သိပ်အေးတယ်။ ရေခဲကျနေတာပဲ။ နီနာရေချိုးပြန်လာတာ မြင်လိုက်တာနဲ့ ငါလည်း အားကျပြီး သွားချိုးတယ်" ဟု ပြောပြီးလျှင် ဂိုရင်သည် လွတ်နေသောကုလားထိုင်ကိုကြည့်၍ "ဘယ်လိုအကြောင်းများရှိနေလို့ ပါဗယ်က မနက်စာစားဖို့ မလာရတာလဲ" ဟု မေးသည်။

"သူ့ အိပ်ရာထဲမှာပဲ စားမယ်လို့ ပါဗယ်က ပြောတယ်"

"ပါဗယ် ဘယ်လိုဖြစ်ပြန်ပလဲ" ဟု ဂိုရင်က ဆရာဝန်ဘက်သို့ လှည့်၍မေးသည်။

"ဘာမှ စိုးရိမ်လောက်အောင် မဖြစ်ပါဘူး။ စိတ်ညစ်နေတာပါပဲ။ အခုလိုပဲ မနက်စောစောထပြီး ရေကူးပေးရင် မကြာခင်ပဲ သင် ကျန်းမာသလို ကျန်းမာပြီး

www.burmeseclassic.com

www.burmeseclassic.com



ကြာပန်းလို လန်းလာပါလိမ့်မယ်''ဟု ဆရာဝန်က ဘီစကွတ်မုန့်ကို သွားကြီးများနှင့် ကိုက်ရင်းပြောသည်။ ဂိုရင့်အိမ်တွင် နံနက်စာစားတိုင်း ဆရာဝန်နှင့် သူသောလုံးများ မပါလျှင်မပြီး။ ဆရာဝန်မှာ အသက်လေးဆယ်ခန့် ပိန်ပိန်ပါးပါး သွက်သွက်လက်လက် ဖြစ်သည်။ သူသည် သူ၏နီရဲနေသောဆံပင်များကို နားနောက်သို့လှန်၍ သပ်ရပ်စွာ ဖြီးထားလေ့ရှိသည်။ သူ့အသားမှာ မိန်းမများအသားကဲ့သို့ နေရောင်ယှက်၍ နီမြန်းခြင်း မရှိဘဲ အမြဲဖြူဖွေးနေသည်။ လသာဆောင်တွင်းရှိ သန့်ရှင်းသောနံနက်ပိုင်းလေထုမှာ ပုံပြောင်းပုံမြင်းများကို အာသွက်လျှာသွက်နှင့်ပြောသော ဆရာဝန်၏အသံဖြင့် ပြည့်လျက် ရှိသည်။ ဆရာဝန်သည် ဦးခေါင်းကို မော့၍ ရွှေသွားများပြည့်နေသော သူ့ပါးစပ်ကို ဖြဲ၍ရယ်လိုက်သောအခါ မြင်းဟီနေသည်နှင့် များစွာတူသည်။ သူ့နာမည်မှာ စိဗိတ်ဖြစ် သည်။ သို့ရာတွင် သူ့ကို အားလုံးက နာမည်ကိုမခေါ်ဘဲနှင့် ဆရာဝန်ဟုသာ ခေါ်ကြသည်။

သူသည် ရောက်စတောက်မြို့သို့ ဂိုရင်တို့ရောက်လာစကပင် ဂိုရင့်အိမ်သို့လာ ၍နေသည်။ လူမမာသည် ပါဗယ်မှာ ဆရာဝန်ကို လက်လွှတ်ထား၍မရ။ ဤနည်းဖြင့် ဆရာဝန်သည် ဂိုရင်တို့၏ အိမ်သုံးဆရာဝန်အဖြစ်သို့ ရောက်သွားသည်။ စိဗိတ်သည် ရောက်စတောက်ဆေးရုံကြီးတွင် အလုပ်လုပ်၍ ရောဂါကျမ်းကို အတော်ကလေးနိုင်သူ ဖြစ်သည်။ တစ်ခါတစ်ရံ သူသည် ဆေးကျောင်း၌ သင်ကြားပို့ချရသည်။ သူသည် နေ့တိုင်း နေ့တိုင်း နံနက်စာစားပြီးလျှင် မြို့ထဲသို့ထွက်သွား၍ ဆေးရုံစားပွဲခန်း၌ ညစာစား ပြီးမှ ဂိုရင်အိမ်သို့ပြန်သည်။ ဂိုရင့် အိမ်နေလူအားလုံးအနက် စိဗိတ်တစ်ယောက်တည်း သာလျှင် ဂိုရင်နှင့်အတူ ထမင်းစားခွင့်ရသည်။ ဤသို့ဖြစ်ရခြင်းမှာ မသိလိုက်မသိဘာနှင့် စိဗိတ်က မျက်နှာပြောင်ခြင်းကြောင့်ဖြစ်သည်။ နောက်ဆုံးတွင် ဂိုရင်မှာ သူ့ထမင်းစားပွဲ တွင် စိဗိတ်လာ၍စားသည်ကို အကျင့်ပါသွားသည်။ ပြီးလျှင် စိဗိတ် သူနှင့်အတူ လာစားသည့်အတွက် သူ့အဖို့တွင်လည်းသဘောယဖြစ်သည်။ ထမင်းစားပွဲသို့ရောက်သော အခါ ဆရာဝန်က ဂိုရင်၏ဇနီးနှင့် သားသမီးများနှင့်တကွ သူ့ အိမ်နေလူစု၏ ကျန်းမာရေး အခြေအနေကိုလည်းကောင်း၊ ဂိုရင်၏ပြိုင်မြင်းများ၏ အခြေအနေကိုလည်းကောင်း အစီရင်ခံရသည်။ ဂိုရင်တွင် ပြိုင်မြင်းပေါင်း အမြောက်အမြားရှိသည်။

မြို့ထဲတွင် အစားအစာမှာ မကောင်းသည်ကိုသိသဖြင့် ဆရာဝန်သည် ဂိုရင့်အိမ်၌ နံနက်စာကို မြိန်ရှက်စွာစားသည်။ ဂိုရင့်အဖို့တွင် တန်းမစီ(ရာရှင်မတိုး)ရဘဲနှင့် လိုသလောက်အစားအစာများကိုရသဖြင့် သူ့အိမ်တွင် အစားအသောက် အင်မတန်ပေါ သည်။ ဆရာဝန်သည် အစားကောင်းသူဖြစ်သည်ကိုသိသဖြင့် လူဗာသည်အစား အသောက်မျိုးစုံကို ချက်ပြုတ်စေ၍ စားသည့်အခါတွင်လည်း ထင်သလိုစားနိုင်စေရန် ရှုရှထုံးစံအတိုင်း စားပွဲကို ပြင်ပေးစေသည်။

ဆရာဝန်သည် ဂိုရင်အိမ်၌ ကြားမှုမကြားဖူးလောက်အောင် စည်းစိမ်ရှိသော အစားအသောက်ကောင်းမျိုးစုံကိုစား၍, ရေပန်းများကို ပတ်ဝန်းကျင်ပြုကာ အလှ ကံကောင်းစွာနေရသော်လည်း သူ့စိတ်ထဲတွင် ထိုသို့နေရခြင်းမှာ သူ့အတွက် နေရိုးနေရ



နေရခြင်းမဟုတ်ဘဲ ကံကောင်းထောက်မခြင်းကြောင့်သာ နေရခြင်းဖြစ်သည်ကို အမြဲ သတိရ၍နေသည်။ ထို့ပြင် သူ့ကံသည် အမြဲပင် ဆက်၍ကောင်းနေလိမ့်ဦးမည်ဟုလည်း သူယုံကြည်သည်။ ဆရာဝန်မှာ ဂိုရင်တို့နှင့် အစကနဦးတွေ့စဉ်ကပင် အလွန်ကံကောင်း သည်။ လွန်ခဲ့သည့်နှစ်တွင် ပါဗယ်က ရုရှတွင်နေရသည်ကို ငြီးငွေ့လာသဖြင့် ပြင်သစ် ပြည်သို့ အပြင်းပြေသွား၍နေသောအခါ ဆရာဝန်သည် အဖော်အဖြစ်နှင့် စောင့်ရှောက်ပြု စုရန်လိုက်၍သွားရသည်။ ပါဗယ် ပြင်သစ်ပြည်သွားရန်အတွက် နိုင်ငံကူးလက်မှတ်ကို အခက်အခဲမရှိဘဲနှင့်ရသည်။ ပါဗယ်နှင့် ပြင်သစ်ပြည်သို့ လိုက်၍နေခွင့်ရသည့်အချိန်က စ၍ သူ့ကံမှာ အကယ်ပင်ကောင်းသည့်အဖြစ်ကို စိဗိတ်သည် တစ်ခါတည်း ယုံ၍သွား သည်။

ပါဗယ်နှင့်ဆရာဝန်တို့သည် ပြင်သစ်ပြည်တွင် နှစ်လနေကြသည်။ ထိုနှစ်လ အတွင်း၌ ပါရစ်မြို့တွင် အနေများသည်။ ပါရစ်မြို့သည် အမြဲတမ်း ဓာတ်မီးရောင်ဖြင့် ထိန်လင်းလျက်ရှိသည်။ ပါရစ်မြို့သည် ရာဇဝင်စ၍ရေးချိန်လောက်က တည်ဆောက်ခဲ့ သော မြို့ဟောင်းကြီးဖြစ်သော်လည်း မြို့သူမြို့သားတို့မှာ အမြဲတမ်း စိတ်ထားပျိုကြ သူများဖြစ်သည်။ ပါရစ်မြို့သည် နက်နဲ၍ချစ်ခင်ဖွယ်ဝုဏ်နှင့် ပြည့်စုံသဖြင့် မြို့သူမြို့သား ပျိုအိုမရွေးတို့သည် မိမိတို့၏ဝတ္တရား မိမိတို့အိမ်သူအိမ်သားများနှင့်တကွ မိမိတို့၏ ကိုယ်တိုင်ကိုပင် မေ့လျော့ကာ ပါရစ်မြို့၏ ဆန်းကြယ်သော ဓာတ်မီးရောင်များဖြင့် အမြဲပျော်မြူးကာနေကြသည်။ ပါရစ်မြို့သို့ ပထမအကြိမ်ရောက်လာကြသောသူများပင် လျှင် ပါရစ်မြို့ကို ရောက်လာသည်နှင့်တစ်ပြိုင်နက် အရှည်အကြာ ကွဲကွာ၍နေသော ချစ်သူကိုပြန်၍တွေ့ကြသည့်ပမာ ပျော်မြူးမှုကို အားသွန်ခွန်စိုက်ခံစားကြသည်။ အချို့တို့မှ အထိန်းအအုပ်မရှိသော အာသာဆန္ဒကြောင့် နားစည်းစိမ်အခံကြူး၍လည်းကောင်း၊ သေသောက်ကြူး၍လည်းကောင်း မ,အလိုက်ကြူး၍လည်းကောင်း၊ အသက်သို့တိုင် ယောင်ပင် ပျက်စီးခြင်းသို့ရောက်ကြသည်။ အချို့တို့မှလည်း နန်းတော်အိမ်တော်ကြီးများ လမ်းကြီးလမ်းကျယ်ကြီးများ ပန်းချီကားများ၊ အထူးတလည် သာယာရှုမောဖွယ်ရှိသော နေဝင်ချိန်များကို ကြည့်ရှုကာ မျက်စိအာရုံကို တိတ်ဆိတ်စွာ ခံစားကြသည်။ ပါရစ်မြို့က လူများမှာ တစ်ဦးနှင့်တစ်ဦး စိတ်နေစိတ်ထားချင်း ဘယ်လိုပင်ခြားနားခြားနား တစ်ခု သောအချက်တွင် စိတ်သဘောချင်းတူကြသည်။ ထိုအချက်မှာ အခြားမဟုတ်။ သူတို့ သည် အသက်ရှင်နေရရုံနှင့် မရောင့်ရဲကြဘဲ တစ်ခုခုကို ချစ်၍နေကြရမှ နေတတ်ကြခြင်း ဖြစ်သည်။

ပါရစ်မြို့တွင် နေထိုင်ကြသူအားလုံးအနက် ဒေါက်တာစိဗိတ်တစ်ယောက် တည်းသာ ဆင်းရဲခြင်းနှင့်တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် သူ့ခမျာမှာ ပါရစ်မြို့တွင် နေရသမျှ အချိန်ကလေးအတွင်း၌ သွားစိုက်ဆိုင်တွင်သွား၍ ဆင်းရဲဒုက္ခဖြင့်တွန့်လိမ်၍ နေရသောကြောင့်ဖြစ်သည်။ စိဗိတ်မှာ ကိုယ်၏ဆင်းရဲခြင်းကို ခံစားရလင့်ကစား၊ သူ၏စိတ်သန္တာန်ကမူ အလွန်ပျော်ရွှင်လျက်ရှိသည်။ အဘယ်ကြောင့်ဆိုသော် သူသည်

www.burmeseclassic.com

www.burmeseclassic.com



ရွှေသွားများရတော့မည် ဖြစ်သောကြောင့်ဖြစ်သည်။ စိဗိတ်သည် သွားတစ်ချောင်းစ နှစ်ချောင်းစကိုသာ ရွှေသွားစိုက်သည်မဟုတ်။ အထက်သွားရော အောက်သွားပါအကုန် ကောင်းသည့်သွားရော မကောင်းသည့်သွားပါ အားလုံးနုတ်၍ ရွှေသွားများစိုက်သည်။ ရောက်စတောက်မြို့သို့ ပြန်ရောက်သွားသောအခါ သူ၏ရွှေခံတွင်းကိုကြည့်၍ မြို့သူ မြို့သားများက သူ့ကို အင်မတိ အင်မတန် ရိုသေလေးစားကြမည့်အဖြစ်ကို တွေးမိသော အခါတွင် သူ၏နာကျင်သော ဝေဒနာများသည် အကြွင်းမဲ့ပျောက်ကွယ်၍သွားသည်။

ပထမတွင် သူ့စိတ်ထဲက ရုရှပြည်သားများအဖို့ မမီသည့်ပန်းဖြစ်သော ရွှေနာရီတစ်လုံးဝယ်ဖို့ ကြံမိသည်။ ထို့နောက် ထိုအကြံကို ဖျက်လိုက်သည်။ သူသည် နယ်စပ်အစောင့်စစ်သားများကို မယုံကြည်ရဲ "မျက်စိနှစ်ခါမှိတ်လောက်အတွင်း ဒင်းတို့ဟာ ငါ့နာရီကို သိမ်းယူလိုက်ကြမှာပဲ" သူ၏ဒုတိယအကြံမှာ ရွှေသွားစိုက်ရန်ဖြစ်သည်။ "ရွှေသွားကိုတော့ နယ်စပ်အစောင့်စစ်သားတွေက ဖြုတ်ယူကြမှာမဟုတ်ဘူး။ ဖြုတ်ယူမှ ဆိုတာက သိပ်ခက်တယ်" စိဗိတ်သည် သူ၏ ကျန်သောအသပြာဖြင့် စီးကရက်စွပ်တံ တစ်ချောင်း၊ အင်္ကျီကြယ်သီးတုတ်စုံ၊ လည်စည်းတပ် ပယင်းတွယ်အပ်တစ်ချောင်းကို ဝယ်သည်။ ပယင်း စီးကရက်စွပ်တံ၊ ပယင်းကြယ်သီး၊ နီရဲသောနှုတ်ခမ်းမွေး နီရဲ၍ ကျကျနနဖြီးထားသော ဆံပင်နှင့် အထက်တန်း အောက်တန်းရွှေသွားတို့ကြောင့် စိဗိတ် သည် ခြေဆုံးခေါင်းဆုံး တွေးတွေးနီ၍ ဖန်သားကဲ့သို့နေလိမ့်မည်။

သူ၏ အပြင်ပမြောင်းလွဲချက်များမှာ သူ၏အတွင်းစိတ်သန္တာန် ပြောင်းလွဲ ချက်နှင့်နှိုင်းစာမည်ဆိုလျှင် ဘာမျှမပြောလောက်။ နိုင်ငံခြားလေကို ရှူရသဖြင့် စိဗိတ် သည် သွေးနားထင်ရောက်သွားပြီးလျှင် ရုတ်တရက်ချင်း သူ့ကိုယ်သူ အထက်တန်းကျ သော ယဉ်ကျေးမှုနှင့် ပယင်းကြယ်သီးများဖြင့် အမွှန်းတင်အပ်သော ယဉ်ကျေးမှုကြီး တစ်ခု၏ အမွေခံအမွေစား ဥရောပတိုက်သားတစ်ယောက်ဖြစ်သည်ဟု ထင်လိုက်သည်။ ထိုအချိန်ကစ၍ စိဗိတ်သည် သူ့ရုရှပြည်သားများကို အထင်အမြင်သေး၍လာပြီးလျှင် ဂိုရင်ကိုပင် သူနှင့်အဖက်တန်သည်ဟု မထင်တော့။ ဂိုရင်သည် သူ့အသက်ထက်ဝက် လောက် နိုင်ငံခြား၌နေခဲ့သော်လည်း စိဗိတ်အထင်တွင် ဂိုရင်သည် ခွေးမြီးကောက် ကျည်တောက်စွပ်၍မရသကဲ့သို့ ရုရှစိတ် ဘယ်တော့မျှပျောက်မည့်သူမဟုတ်။

စိဗိတ်၏ထူးခြားချက်မှာ သေသေသပ်သပ်ရှိခြင်းဖြစ်သည်။ အိပ်ရာသို့ဝင်ခါ နီးသောအခါ စိဗိတ်သည် လူပျိုတို့ထုံးစံအတိုင်း သူ့ဘောင်းဘီကို သေသေချာချာခေါက်၍ မွေ့ရာအောက်၌ သွင်းထားပြီးလျှင် နံနက်အိပ်ရာကထမှ ခေါက်ရိုးကျကျနှင့် ဝတ်လေ့ရှိ သည်။ စိဗိတ်သည် အထူးပင်ဂရုစိုက်၍ သပ်သပ်ရပ်ရပ် နေထိုင်လျက်ရှိသည်။ အမှု အရာ ယဉ်ကျေးသည်မှာလည်း ရွှံ့စရာကောင်းလောက်ပင်ဖြစ်သည်။ သူ့လက်သည်းများ ကိုလည်း အရှည်ခံ၍ထားကာ လက်သည်းတိုက် တံစဉ်းတစ်ခုကိုလည်း အမြဲတစေ ဆောင်၍ထားသည်။ သူ ပုံတိုပတ်စကို ပြောပြသည့်အခါတွင်လည်း လက်သန်းကို ထောင်၍ တံစဉ်းနှင့်လက်သည်းများကို တိုက်လေ့ရှိသည်။



သို့ရာတွင် "နိုင်ငံခြားသား" စိဗိတ်သည် အစားဝိုင်းသို့ရောက်သောအခါ ကိုယ်ကြိုက်ရာကို ကြိုက်သလိုစားနိုင်သည်ဆိုသော ရုရှထုံးဟောင်းကြီးကိုသာ လိုက်နာ သည်။ ပထမအနည်းငယ် ရှက်တက်တက်ဖြစ်နေသော်လည်း လောဘတကြီးနှင့် ဟိုခွက်နှိုက် ဒီခွက်နှိုက်နှိုက်နေသော သူ့လက်ကို မည်သူကမျှ နာနာပါအောင်မခေါက်မှန်း သိလာသောအခါ စည်းကမ်းမထားတော့ဘဲ မြင်သမျှကို ပယ်ပယ်နယ်နယ် နှိုက်၍စား သည်။ စားစရာတစ်ခုခုကို နှိုက်တော့မည်ကြံလျှင် စိဗိတ်သည် ရှေးဦးစွာ ထိုအစာကို သူ့မျက်လုံးများနှင့်ချိန်၍ ပါးစပ်ကို ပျပ်ပျပ်ပျပ်ပျပ်လုပ်ပြီးလျှင် အမွေးထူသော သူ့ လက်ရှည်ကြီးဖြင့် လှမ်း၍နှိုက်လိုက်သည်။ သို့ရာတွင် စိဗိတ်သည် နွားငတ်စားစားသော် လည်း ဝဖြိုးသည်ဟုမရှိ။

စိဗိတ်၏စရိုက်မှာ ဖြောင့်မှန်ခြင်းတစ်ဝက်၊ လိမ်လည်ခြင်းတစ်ဝက်၊ ရိုးအခြင်း တစ်ဝက်၊ မောက်မာခြင်းတစ်ဝက် ရောရှက်နေသော ရောရာစရိုက်ဖြစ်သည်။ သူ၏ ဘမိကအရည်အချင်းမှာ ပေါ့ပေါ့ဆဆပြောတတ်ခြင်းဖြစ်သည်။ ဆေးရုံတွင် ခန့်ညားစေ ခြင်းအကျိုးငှာ ဝတ်လုံအဖြူကိုဝတ်ထားရာမှ ထိုဝတ်လုံကို ချွတ်လိုက်သည်နှင့် တစ်ပြိုင်နက် စိဗိတ်မှာ ခန့်ညားခြင်း လုံးဝမရှိတော့။

ပါဗယ်က သူ့ကို သဘောကျခြင်းမှာ အခြားကြောင့်မဟုတ်။ သူက ပါဗယ် အားဘယ်ဆေးကိုသောက်ရမည်။ ဘယ်အစာကို စားရမည်ဟု အတင်းမခိုင်းဘဲ ပါဗယ် အား သူ့သဘောအတိုင်း သူ့ဟာသူ နေစေခြင်းကြောင့်ဖြစ်သည်။ သူ့စရိုက်ကို ဂိုရင်က ဆန်းသည်ဟုမယူဆတော့။ လူဗာကမူ သူ့ကို လျစ်လျူရှု၍ထားသည်။ သို့ရာတွင် နီနာကမူ သူ့ကို အင်မတန်အမြင်ပြင်းကတ်သည်။ ပထမတွင် သူ၏ ထူးကဲစွာသေသပ် ခြင်း၊ အမူအရာယဉ်ကျေးခြင်းတို့ကြောင့် သူ့ကို နီနာက သဘောကျသည်။ နောက်တွင် သူ့အကြောင်းကို သိသွားသဖြင့် နီနာသည် သူ့ကို သဘောမကျတော့။ တစ်ခါတွင် နီနာက ခေါင်းကိုက်ကြောင်း သူ့ကိုပြောသည်။ ထိုအခါ စိဗိတ်က နီနာအား သူ စမ်းသပ်ကြည့်နိုင်ရန်အတွက် တစ်ကိုယ်လုံးချွတ်ပြရန် ပြောသည်။ နီနာသည် အင်္ကျီ ကြယ်သီးများကို ဖြုတ်နေစဉ် စိဗိတ်၏လည်စေ့ကြီးမှာ ပွစိပွစိဖြစ်နေသည်။ နီနာက ရုတ်တရက်မြင်သွားသည်။ ထိုအခါ နီနာသည် အများကြီး ရှက်သွေးမွှန်သွားပြီးလျှင် စိဗိတ်အား အဝတ်အစားချွတ်၍မပြတော့။ ထိုအချိန်ကစ၍ နီနာသည် စိဗိတ်အား မုန်းကြီးမုန်းသွားပြီးလျှင် တစ်ခါတည်း စိဗိတ်အနားသို့ မကပ်တော့။

စိဗိတ်သည် သူ့ဟာသူ အိုးတိုးအမ်းတမ်းဖြစ်နေသည်ကို ဖုံးကွယ်လိုသည့် သဘောနှင့် နီနာနှင့်တွေ့သည့်အခါများတွင် အရယ်အရွှမ်းဖက်၍ စကားပြောသည်။ ဆရာဝန်စိဗိတ်သည် ချိပ်ရောက်ကြီးကိုမှ တကယ့်ကိုကြောက်သည်။ ချိပ်ရောက်က သူ့ကို စိုက်ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် စိဗိတ်မှာ မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

"ဆရာဝန်မျက်စိတွင် တစ်ကမ္ဘာလုံးမှာ မိန်းမထဘီပဲမြင်သည်" ဟု ချိပ်ရောက်က ပြောလေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် မိန်းမသည် ဆရာဝန်စီဗိတ်၏ အဓိကအလိုဆန္ဒမဟုတ်၊ သူ့မှာ လူမသိသော အလိုဆန္ဒကြီးလေးခုရှိသည်။ ထိုလေးခုမှာ ဆေးရုံအုပ်ဆရာဝန်ကြီးဖြစ်ရန် ရွှေနာရီတစ်လုံးပိုင်ရန် "မြေခွေးပြေး" အက ကတတ်ရန်နှင့် ပါရစ်မြို့သို့ နောက်ထပ် တစ်ခါသွားလည်ရန်ဖြစ်သည်။ ပထမသုံးခုမှာခက်သော်လည်း သူ့ဟာသူ အားကိုး၍ ရနိုင်လမ်းရှိသည်။ သူ၏ စတုတ္ထအလိုဆန္ဒကို ရနိုင်ရန်အတွက်မူ ဂိုရင်ကို အားကိုး ရမည်ဖြစ်သဖြင့် စီဗိတ်မှာ မျှော်လင့်ချက် မရှိသလောက်ဖြစ်နေသည်။ စီဗိတ်သည် အားမလျှော့ဘဲ သူ့အလိုဆန္ဒ ပြည့်မြောက်ချင် ပြည့်မြောက်စေခြင်းအကျိုးငှာ ဂိုရင်ကို အမြဲမျက်နှာချိုသွေးကာ ဂိုရင်အကြိုက်ကို လိုက်ပေးသည်။ ဤနည်းဖြင့် စီဗိတ်သည် ဂိုရင်အား နံနက်စာစားသည့်အခါတိုင်း တစ်ခါတစ်ရံ ရယ်စရာကိုပြော၍လည်းကောင်း၊ တစ်ခါတစ်ရံ ပုံတိုပတ်စများ ပြော၍လည်းကောင်း ဖြေဖျော်သည်။ နန်းတော်များမှာလျှင် လူရွှင်လူပြက်တစ်ယောက်စီ ထားမြဲဖြစ်သည့်အတိုင်း ဂိုရင်၏နန်းတော်တွင်လည်း လူရွှင်လူပြက်တစ်ယောက် မထား၍မဖြစ်။

"ဒီမှာ ဒေါက်တာ နောက်ကိုဆိုရင် ဒေါက်တာဟာ မြို့ထဲသွားဖို့ လိုတော့မှာ မဟုတ်ဘူး။ ငါတို့ဆေးရုံနဲ့ ငါတို့ဖြစ်နေပြီ။ လူနာတွေလည်းလှိုင်လို့။ ပါဗယ်တို့ အန်ဒရေတို့ နေ့ရာသီကျရင် ငါတစ်ယောက်ပဲနာစေးပြီး အိပ်ရာထဲမှာ လဲသွားဖို့လိုတော့တယ်" ဟု ဂိုရင်က ပြုံး၍ပြောသည်။

"ဒီကဆေးရုံဟာ ပထမတန်းဆေးရုံဖြစ်မှာပဲ။ နီနာဟာ လူဖျိုလူရွယ် သူနာ ကလေးတွေအပေါ်မှာ စိတ်ဝင်စားမသွားမချင်း နီနာကို ငါက ဆရာမအဖြစ်နဲ့ထား မယ်" ဟု စီဗိတ်က ပြောပြီးလျှင် နောက်မြောင်သောရယ်သံဖြင့် နီနာဘက်သို့ လှမ်း၍ ကြည့်လိုက်သည်။ သို့ရာတွင် နီနာစိတ်ဆိုးသွားသည်ကို မြင်လိုက်သဖြင့် စီဗိတ်သည် ဂိုရင်ဘက်သို့ ကပျာကယာလှည့်ပြီးလျှင် "အဟမ်း အဟမ်း အင်း အင်း ဟုတ်တယ်။ ဟုတ်တယ်။ နာစေးတဲ့အတွက်တော့ ငါ့မှာ ဆေးနည်းကောင်းတစ်ခု ရှိပါတယ်၊ ဗော့ဒကာသေရည်နဲ့ ဆူးရစ်သီးသေရည်နှစ်ခုရောပြီး တိုက်လိုက်ရင်ပြီးတာပဲ။ ဒီနည်းကို တောကလူတစ်ယောက် ဆီက ငါ ယူထားလိုက်တယ်။ ပထမဆူးရစ်သီးကို အရက်ပြန်နဲ့ စိမ်ရတယ်။ ပြီးတော့မှ ရေနဲ့ရောသောက်ရတယ်။ ဒါပေမယ့် သင့်ဖို့တော့ ငါ ရေရော မပေးပါဘူး။ ဟဲ ဟဲ ဟဲ ဟဲ" ဟု စကားဖာလိုက်သည်။

"အရူး" ဟု နီနာက ရုတ်တရက် မှတ်ချက်ချလိုက်သည်။

"ဘာပြောတယ်" ဟု ဆရာဝန်က စိတ်ဆိုးသံဖြင့် မေးသည်။ နီနာက သူ့မျက်စိဖြင့် ပျားရည်ခွက်ထဲကျနေသော လိပ်ပြာကလေးကိုပြသည်။ လိပ်ပြာကလေးမှာ ပျားရည်ခွက်ထဲတွင် ကျနေသဖြင့် ပြန်၍မထွက်နိုင်တော့။

"ချိုတဲ့အရာများဟာ ကြောက်စရာကောင်းတယ်နော်။ ဟုတ်လား နီနာ" ဟု ဆရာဝန်က ပြုံး၍မေးသည်။

ဂိုရင်သည် ရှုံ့သင်း၍နေသော လေကို တစ်ရှိုက်လိုက်ပြီးလျှင် "ညတုန်းက ဒေါင်းမြစ်ထဲမှာ ယောက်ျားတွေ သီချင်းစုပြီးဆိုနေကြတဲ့အသံ ငါ ကြားတယ်။ သိပ်



သာယာတာပဲ။ အဲဒီအချိန်တုန်းက ငါ အိပ်ရာထဲမှာ မှေးမှေး မှေးမှေးဖြစ်နေတော့ ငါ အိပ်မက်မက်နေတာ ဖြစ်ချင်လည်းဖြစ်မှာပဲ" ဟုပြောသည်။

"သင် အိပ်မက်မက်နေတာ မဟုတ်ပါဘူး။ ငါလည်း ကြားလိုက်ပါတယ်" ဟု လူဗာကပြောပြီးလျှင် စကားမဆုံးခင် ရုတ်တရက် လေပြတ်သွားသည်။ ပြီးလျှင် ဆက်၍ "နိုးနေတဲ့အချိန်နဲ့ အိပ်ပျော်တဲ့အချိန်စပ်ကြား မှေး မှေး မှေး မှေးဖြစ်နေတဲ့ အချိန်မှာ ဘယ်သီချင်းသံဖြစ်ဖြစ် နတ်တူရိယာသံလို သာယာတာချည်းပါပဲ။ အထူးသဖြင့် အဝေးကလာတဲ့ သီချင်းသံဆိုရင် အင်မတန် နားထောင်ကောင်းပါတယ်။ ငါတို့ အီတလီ ပြည်မှာနေကြတုန်းကဆိုရင်လည်း ည ည ပင်လယ်ထဲက တံငါသည်တွေ သီချင်းဆိုကြ တာကို ငါ သိပ်သဘောကျတာပဲ။ ညအချိန်ဟာ တစ်မျိုးပဲ။ ဘာမှမဟုတ်တဲ့ သီချင်း တောင်မှပဲ နားထောင်ကောင်းတယ်။ ညကျရင် အကောင်အထည်ရှိတဲ့ လောကကြီးဟာ ပျောက်သွားပြီး သီချင်းသံနှင့် ကြယ်တွေပဲကျန်နေတယ်" ဟု လူဗာက ပြောသည်။

"သင် ပြောတာ သိပ်မှတ်သားစရာကောင်းတယ်" ဟု ဆရာဝန်က ပြောပြီးလျှင် သဘောကျသည့် အမူအရာဖြင့် သူ့ဖနှောင့်နှစ်ခုကို ဖြတ်ခနဲဖြစ်အောင် ရိုက်လိုက်သေးသည်။

"ငါ ဒီလို သီချင်းဆိုသံမကြားရတာ တော်တော်ကြာသွားပြီ။ ဘယ်သူတွေ များလည်း မပြောတတ်ဘူး။ ဆိုတဲ့လူတွေဟာ ဘယ်သူတွေပဲဖြစ်ဖြစ် ဒါဟာ ကောင်းတဲ့ နိမိတ်ပဲ။ လူတွေဟာ စိတ်ချမ်းသာကြမှသာ အဲဒီလိုသီချင်းကို ဆိုကြတာပဲ" ဟု ဂိုရင်က ပြောသည်။

"ရွာထဲက ကောက်ဆိတ်လူမျိုးတွေနဲ့တူပါတယ်" ဟု လူဗာက ထင်မြင်ချက် ပေးပြီးလျှင် တစ်စုံတစ်ခုသောအကြောင်းဖြင့် ဂိုရင်ကို အသေအချာ စိုက်ကြည့်နေသည်။

လူဗာက သူ့ကိုကြည့်နေသည်ကို ဂိုရင်သိသည်။ ဂိုရင့်စိတ်တွင် အနှောင့် အယှက် ဖြစ်သွားသည်။ ပြီးလျှင် "သူတို့အကုန်လုံးဟာ ငါ ဘာပြောမလဲဆိုတာဘဲ စောင့်ကြည့်နေကြတယ်" ဟု ဂိုရင်အောက်မေ့သည်။ ထို့နောက် ဂိုရင်သည် စကားကို ပြောင်း၍ပစ်လိုက် ပြီးလျှင် ဆရာဝန်ဘက်သို့လှည့်၍ "အန်ဒရေတစ်ယောက် ဘယ့်နှယ် နေသေးသလဲ။ ပြောစမ်းပါဦး" ဟု ပြောသည်။

"အများကြီး သက်သာသွားပါပြီ။ အန်ဒရေဟာ တော်တော်စိတ်ခိုင်တယ်။ ရယ်စရာမောစရာတွေ ပြောနေလိုက်တာများ မျက်စိတစ်ဖက်ပျက်သွားတဲ့ လူမဟုတ်ဘဲ အနားပြေစခန်းကိုလာနေတဲ့လူကျနေတာပဲ" ဟု ဆရာဝန်က ပြောသည်။

"တတ်နိုင်သမျှ ကြိုးစားကုပေးလိုက်ပါ ဆရာရယ်။ နာလန်ထအခါ အားမွေးဖို့ အချိန်ကိုလည်း ရှည်နိုင်သမျှရှည်ပါစေ။ ဆေးကုနေတာကို အလျင်စလိုနဲ့ ဆင်းမသွားပါစေနဲ့" ဟု ဂိုရင်က ပြောသည်။

"နီနာကလည်း တကယ့်သူနာပြုဆရာမကြီးလိုပါပဲ။ အန်ဒရေကို ပြုစုပေး နေပါတယ်။ တစ်ခါတစ်ခါ စာအုပ်များကိုလည်း ဖတ်ပြပါတယ်" ဟု ဆရာဝန်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီလိုဆိုရင် သိပ်ကောင်းတယ်''

''အန်ဒရေကလေးဟာ သိပ်သနားစရာကောင်းတာပဲ။ ဆရာဝန်က သူ့မျက်စိက ကြွပ်စည်းထားတာကို ပထမစဖြုတ်လိုက်တဲ့အချိန်ကို ငါ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ဘူး။ ဆရာဝန်ကလည်း တမင်ပဲ မိုးချုပ်ခါစအချိန်မှာ ကြွပ်စည်းထားတာကို ဖြုတ်ပေးလိုက်တယ်။ မိုးချုပ်စဆိုပေမယ့် ဥယျာဉ်ကို ကောင်းကောင်းမြင်နိုင်ပါသေးတယ်။ အဲဒီတုန်းက သူ့မျက်နှာကို သင် မြင်စေချင်လိုက်တာ ဂိုရင်ရယ်။ ပထမတော့ အန်ဒရေဟာ စကားမပြောနိုင်ဘူး။ ပြီးတော့မှ ဖြူန်းခနဲ ဝမ်းသာအားရနဲ့ ကောက်ရယ်တာပါပဲ''ဟု လူဗာက ပြောသည်။

''ရယ်တယ်။ ဘာကြောင့် ရယ်ရတာလဲ''ဟု ဂိုရင်က မေးသည်။

''မပြောတတ်ဘူး။ ငါ့အထင်တော့ အလင်းကိုမြင်ရလို့ သူ့မျက်စိ မပျက်သေးဘူးဆိုတာသိလို့ ရယ်တယ်ထင်တာပဲ''ဟု လူဗာက ပြောသည်။

''အလင်းရောင်ဟာ မျက်စိကိုထိတော့ မျက်ကြောတွေက အလိုလိုတုံ့ပြန်တဲ့အခါမှာ ကိုယ့်ဟာကိုယ်ရယ်မှန်းမသိဘဲနဲ့ ရယ်ချင်ရယ်တတ်တယ်''ဟု ဆရာဝန်က လက်ဖက်ရည်ချိုင့်တွင် အရောင်ဟပ်၍နေသော သူ့အရိပ်ကို သူကြည့်ပြီး မျက်နှာထားတည်တည်နှင့်ပြောသည်။

နီနာက နှုတ်ခမ်းကိုကိုက်ပြီး ဆရာဝန်အား အထင်အမြင်သေးသော အမူအရာဖြင့် ကြည့်သည်။

''တော်တော်ရူးတဲ့လူ။ အန်ဒရေရယ် ဒါဟာ ဘာမှမျက်စိနဲ့ အလင်းရောင်နဲ့ ထိလို့မဟုတ်ဘူး။ လီဒါကိုမြင်လို့ သက်သက်ဝမ်းသာပြီးရယ်တာ''ဟု နီနာစိတ်ထဲက အောက်မေ့သည်။

ထိုအချိန်ကို နီနာကောင်းကောင်းကြီး သတိရသည်။ ထိုအချိန်တွင် လီဒါသည် ပြတင်းပေါက်နား၌ အန်ဒရေဘက်သို့ ခပ်စောင်းစောင်းလှည့်၍ မတ်တတ်ရပ်နေသည်။ အန်ဒရေမျက်စိထဲတွင် အခြား ဘာကိုမျှမမြင်ဘဲ လီဒါတစ်ယောက်တည်းကိုသာ မြင်သည်ဟု နီနာက အသေအချာပြောနိုင်သည်။ ထိုအချိန်တွင် နီနာသည် သူ့သူငယ်ချင်း လီဒါကိုပင် အားကျမိပြီး ''ဒါမှ အချစ်စစ်''ဟု ပြောမိသေးသည်။

နီနာသည် စိတ်ရှုပ်လျက်ရှိသည်။ ရုဒ္ဒိုင်ကို သူ တစ်ခါတည်းဖြတ်လိုက်ပြီးဖြစ်၍ ပြန်၍သတိမရချင်တော့။ နီနာ့စိတ်ကူးထဲတွင် နိုဗိကောက် ပေါ်လာသည်။ နိုဗိကောက်ကို တွေ့ရစကားပြောရသဖြင့် နီနာ များစွာဝမ်းသာသည်။ နိုဗိကောက်သည် အလျှင်က နီနာသိဖူးသော ယောက်ျားများနှင့် လုံးဝမတူ။ သူသည် ပညာလည်းတတ်သည်။ စကားပြောလည်းကောင်းသည်။ တွေးရကြံရမှာကိုလည်း လုံးဝမကြောက်။ ဥယျာဉ်ထဲမှာ တွေ့လိုက်စဉ်က နိုဗိကောက် တုန်တုန်ယင်ယင်ဖြစ်နေသည်ကို နီနာ



မြင်ရသည်။ ထိုသို့ တုန်တုန်ယင်ယင်ဖြစ်နေခြင်းသည် သူ့ကြောင့်ဖြစ်သည်ဟု သိရသည့်အတွက် နီနာသည် ကြောက်ရတော့မလိုလိုလည်းဖြစ်သည်။ ကျေလည်း ကျေနပ်သည်။

ပထမတွင် နီနာသည် နိုဗိကောက်အား တွေ့ရသည်ကို ဝမ်းသာစရာကောင်းသောအချက်တစ်ခုအဖြစ် သဘောထားကာ အခြားဝမ်းသာစရာကောင်းသော အရာများနှင့်အတူ သူ့စိတ်ထဲတွင် မှတ်၍ထားမည်ဟု ကြံသည်။ သို့ရာတွင် သူ့အဖေက နိုဗိကောက်နာမည်ကို အမှတ်တမဲ့နှင့် ပြောလိုက်သည်ကို ကြားရသောအခါ နီနာသည် အသက်ရှူမှား၍သွားသဖြင့် သူ့ဟာသူ အံ့အားသင့်သွားသည်။ နီနာသည် သူ့ဟာသူ မသိသော်လည်း သူ့ဝမ်းထဲက နိုဗိကောက် လာနိုးလာနိုးနှင့်မျှော်နေသည်။ သို့ရာတွင် နေ့တွေရက်တွေသာကုန်သွားသည်။ နိုဗိကောက်ကား ပေါ်မလာ။

''ငါဘယ်လိုမှား ဖြစ်နေပါလိမ့်။ တစ်လောတုန်းက နိုဗိကောက်နဲ့ ငါနဲ့ တွေ့တာဟာလည်း အမှတ်တမဲ့နဲ့ တွေ့တာပဲ။ ဘာမှအဓိပ္ပာယ်ရှိတာ မဟုတ်ဘူး''ဟု နီနာစိတ်ထဲက အောက်မေ့သည်။

နိုဗိကောက်နှင့် ပထမတွေ့ရခြင်းသည် နောက်ဆုံးတွေ့ရခြင်းလည်းဖြစ်ကာ သူ့အား ပျော်ရွှင်ရတော့မလိုဖြစ်စေရန် လှည့်စားမှုမျှသာ ဖြစ်မည်ဆိုသောအဖြစ်ကို နီနာ လက်မခံနိုင်။ နီနာသည် ညညတွင် အိပ်၍ပျော်မှန်းပင် မသိတော့။ သူ့မျက်စိထဲတွင် နိုဗိကောက်နှင့် တွေ့ခဲ့ရပုံကို မြင်ယောင်၍ သူ့နားကလည်း နိုဗိကောက်နှင့်သူနှင့် စကားပြောကြသည့် အသံများကို ပြန်၍ကြားနေသည်။ အချုပ်ကိုဆိုသော် နီနာသည် စိတ်ကူးယဉ်စွာနှင့် အမျိုး မျိုးတွေးကာ အချစ်စိတ်ဝင်လျက်ရှိသည်။

နီနာသည် နိုဗိကောက်အပေါ်တွင် ချစ်သွေးဝင်၍နေပြီ။ သို့ရာတွင် သူ ချစ်သွေးဝင်ပုံမှာ မြန်လည်းမြန်လွန်းလှ၊ အရမ်းလည်း ကျလွန်းလှသဖြင့် သူ၏ချစ်စိတ်သည် ခိုင်မြဲမည့်ချစ်စိတ် ဖြစ်လိမ့်မည်ဟု သူ အယုံအကြည်မရှိ။

ထိုအခိုက်တွင် ငှက်ကလေးတစ်ကောင်သည် လသာဆောင်ဘက်သို့ ပျံလာပြီးလျှင် လက်ရမ်းပေါ်တွင် နား၍နေသည်။ ထို့နောက် ငှက်ကလေးသည် လက်ရမ်းပေါ်တွင် ခုန်ကာ ခုန်ကာ လျှောက်သွားနေသည်။

''ဒီငှက်ကလေးဟာ စတုတ္ထလက်ရမ်းတိုင်ကို ရောက်အောင်လျှောက်လာရင် နိုဗိကောက် ဒီနေ့လာလိမ့်မည်''ဟု နီနာက အတိတ်ကောက်လိုက်သည်။ ငှက်ကလေးသည် နီနာ အတိတ်ကောက်သောတိုင်သို့ မရောက်မီ ပျံသွားပြီးလျှင် ပန်းချုံနောက်ကွယ်တွင် ကွယ်၍နားနေသည်။

''ဒါဖြင့် ဒီနေ့ သူ လာမှာမဟုတ်တော့ဘူး။ ဒုက္ခပဲ''ဟု နီနာဝမ်းထဲက ညည်းသည်။

ဂိုရင်ကလည်း ငှက်ကလေးပျံသွားသည်ကို လိုက်ကြည့်သည်။

''ဟုတ်ပါတယ် ဒေါက်တာ၊ လုပ်ကောင်းတယ် မလုပ်ကောင်းဘူးဆိုတဲ့ ကရားဟာလည်း အကန့်အသတ်ရှိတာပါပဲ။ သို့သော်လည်း လူများဟာ ကိုယ်တွေ့နဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြုံလာကြတော့မှသာ အဲဒီအကန့်အသတ်ဟာ ဘာပဲလို့ဆိုတာကို ယောင်ရမ်းပြီး ရှာကြပါတယ်''ဟု ကိုရင်က ပြောသည်။ ပြီးလျှင်ဆက်၍ ''အဲဒီ အကန့်အသတ်ကို ငှက်များ တစ်ချို့မှ တစ်ချို့ကျတာလို ခြေရာပျောက်ကျော်သွားမယ်ဆိုလို့ မဖြစ်ပါဘူး''ဟု ပြောပြန်သည်။

နီနာသည် ကိုရင်နှင့်ဆရာဝန်တို့ ပြောနေကြသည့်စကား အစကာစ၍ မကြား လိုက်မှန်းသိသဖြင့် စိတ်မကောင်း။ သူ့အဖေပြောသည့်စကားများကို နီနာ အင်မတန် နားထောင်ချင်သည်။ ကိုရင်သည် စကားပြောသည့်အခါတွင် သာမန်စကားလုံးများကို မသုံးဘဲ အကောင်အထည်ပေါ်လာအောင် ပုံဆောင်၍ပြောတတ်သည်။ သူ့စကားကို နားထောင်ရသည်မှာ တကယ်ဖြစ်ပျက်နေသည့် အခြင်းအရာများကို မျက်ဝါးထင်ထင် မြင်ရသလောက်ပင် စိတ်ဝင်စားဖွယ်ကောင်းသည်။

ထိုအခိုက်တွင် ကိုရင်သည် သူနှင့်လည်းစကားမပြော၊ သူ့အမေနှင့်လည်း စကားမပြောဘဲ ဘာမျှအရေးမကြီးသည့် ဆရာဝန်နှင့်သာ စကားပြောနေသဖြင့် နီနာက စိတ်ဆိုးသည်။ ''ဆရာဝန်မှာ သူ့ဗိုက်ပြည့်ဖို့လောက်ကလွဲ၍ ဘာမျှ စိတ်ဝင်စားတတ်သူ ဟုတ်ပုံမပေါ်သော်လည်း သူ့အဖေပြောသောစကားများကို နားလည်နိုင်လိမ့်မည်ဟု သူ့စိတ်က မယူဆနိုင်သဖြင့် သူ့အဖေက ဆရာဝန်ကို အဖက်လုပ်၍ စကားပြောနေခြင်း ကိုပင် သူ့အဖေသည် ဝက်ကို ပုလဲလုံးတွေ ချကျွေးနေသည်''ဟု နီနာစိတ်ကထင်သည်။

ဆရာဝန်သည် ပျားရည်လိမ်းထားသော သူ၏မျက်စိများဖြင့် ပတ်ဝန်းကျင်သို့ လှည့်၍ကြည့်ပြီး ကိုရင်အား ''ငါ ငယ်ငယ်တုန်းက ငါ့အဖေက ငါ့ကို လုပ်ကောင်းတာ မလုပ်ကောင်းတာများရဲ့ အကန့်အသတ်ကို ရှာကြည့်စမ်းလို့ပြောတယ်။ အဲဒီလိုပြောပြီး တဲ့နောက် ငါက ငါတို့အိမ်က အစေခံမကလေးအပေါ်မှာ စိတ်ဝင်စားနေတာတွေ့သွား တာနဲ့ ငါ့ကို ခါးပတ်နှင့် ဖုန်းဖုန်းပါအောင် ရိုက်တာပါပဲ''ဟု ရယ်စရာပြောသည်။

ကိုရင်က ရယ်၍ ''လောကမှာ တွေ့ကြုံရတဲ့ အခြင်းအရာများဟာ တစ်ခါ တစ်ရံ ခါးပတ်နဲ့ အသေအလဲအရိုက်ခံရတာထက်ပဲ ပိုပြီးနာပါသေးတယ်''ဟု ပြောသည်။

ကိုရင်သည် ရွှင်ရွှင်ပျပျနှင့်ပြော၍ တစ်ခါတစ်ရံလည်း ရယ်သည်။ သို့ရာတွင် သူသည် လူဗာနှင့် မျက်စိချင်းမဆုံမိစေရန် အထူးဂရုစိုက်၍ ရှောင်နေပြီးလျှင် အချိန်ရှိ သလောက် ဆရာဝန်နှင့်သာ စကားပြော၍နေသည်။ ကိုရင့်ကို အကဲခတ်ရသည်မှာ လွန်ခဲ့ သည့်နေ့က ဂလူယှက်အကြောင်း လူဗာကပြောသည့်အတွက် သူ့စိတ်ထဲမှာ ဘယ်လိုမျှ အနှောင့်အယှက်ဖြစ်သည့်ပုံ မပေါ်စေချင်ဟန်တူသည်။

သို့ရာတွင် လူဗာကိုလှည့်စားဖို့အလုပ်မှာ လွယ်သည်မဟုတ်။ ကိုရင် စကားဖောင်၍ နေခြင်းသည်ပင် သူ့တွင် အဖော်ကင်းမဲ့ကာ စိတ်မချမ်းမသာဖြစ်လာသဖြင့် ည ည အိပ်မရနိုင် လောက်အောင် အခြေဆိုးနေသည့်အတွက်ဖြစ်သည်ကို လူဗာသိသည်။ သို့ရာတွင် လူဗာသည် သူသိသည့်အကြောင်းကို အရိပ်အမြွက်မပြဘဲ နီနာကိုသာ



အထူးဂရုစိုက်၍နေသည်။ နီနာမှာ မကြာသေးမီအတွင်းကစ၍ အံ့ဩလောက်အောင် အခြေပျက်လာသည်ကို လူဗာ တွေ့ရသည်။

နီနာသည် လက်ဖက်ရည်သောက်လျက် မုန့်များကို ငေး၍စားရင်း သူ့အမေကို ချစ်ခင်စိတ်ဖြင့် ကြည့်၍နေသည်။ နီနာသည် သူ့အမေကို စကားပြန်ပြောရာတွင် ပွင့်ပွင့် ဟဟမရှိ။ နီနာတွင် ရည်းစားပူရှိနေပြီဟု လူဗာ သဘောရသည်။

ဆရာဝန်သည် သူများတကာက ဝမ်းထဲမှာသာထားတတ်သော အကြံများကို အမြဲတမ်းဖွင့်၍ ပြောတတ်သည်။ ''နီနာဟာ အမူအရာ တော်တော်ထူးခြားနေတယ်။ စကားလည်း မပြောဘူး။ ငေးတိငေးတေးနဲ့ ငါက ဆရာဝန်မို့ လက္ခဏာကိုကြည့်ပြီး အကဲခတ်ရမယ်ဆိုရင် နီနာမှာ ရည်းစားပူရှိနေပြီ''ဟု ဆရာဝန်က ပြောသည်။

နီနာသည် အံ့အားသင့်သွားပြီး သူ့မျက်စိများကို ဖွင့်ကြည့်ပြီးလျှင် သူ့ပါး ကလေးများလည်း ရှက်သွေးဝင်၍နီလာသည်။

''ဆရာ သင်ဟာ ဘာမှ လက္ခဏာကို အကဲမခတ်တတ်ပါဘူး။ ငါ့မယ် ဘာရည်းစားပူမှ မရှိပါဘူး။ ငါ့စိတ်ထဲမှာ ရွံမုန်းတာပဲရှိပါတယ်''ဟု ဆရာဝန်၏ လည်စေ့ကို ရွံမုန်းစိတ်ဖြင့် ကြည့်၍ပြောသည်။

''ဒါဖြင့် သင့်စိတ်ထဲက ဒါလောက်တောင် ရွံမုန်းနေတဲ့လူက ဘယ်သူလဲ''

''သင်ပေါ့''

လူဗာက လက်ဖက်ရည်ပန်းကန်ကို ဇွန်းနှင့်အသာခေါက်၍ နီနာကို သတိ ပေးသည်။ ဆရာဝန်ကမူ ကျယ်လောင်စွာရယ်၍ သူ့လက်နှစ်ဖက်ကို အတောင်ပံခတ် သလို ခတ်နေသည်။ ပြီးလျှင် ဆရာဝန်က ''အဲဒါလည်း လက္ခဏာတစ်မျိုးပဲ။ ရည်းစား ရှိနေတဲ့ လုံမကလေးများဟာ သူတို့ရည်းစားကလွဲရင် တခြားယောက်ျားတွေမှန်သမျှကို ရွံစရာ မုန်းစရာတွေချည်းလို့ သဘောထားတတ်တယ်''ဟုပြောသည်။

နီနာသည် စားပွဲမှထ၍ ဆရာဝန်ကိုမကြည့်ဘဲ သူ့အမေကို ''ငါ ဟိုဘက် အခန်းထဲသွားပြီး စန္ဒရားတီးကျင့်နေမယ်။ သင် လာချင်လည်းလာခဲ့။ ငါတို့နှစ်ယောက် တွဲပြီး တီးကြမယ်''ဟု ပြောပြီးထွက်သွားသည်။

ကိုရင်၏မျက်စိများတွင် ရယ်ရောင်သမ်းလာပြီးလျှင် ''ဒီနေ့ နီနာ ဘာဖြစ်နေ သလဲ''ဟု သူ့ဇနီးကို မေးသည်။

''မပြောတတ်ပါဘူး''ဟု လူဗာက ပခုံးကိုပင့်၍ပြောသည်။ ဆရာဝန်က မဲ့၍ ''ဒါကတော့ လုံမငယ်တွေရဲ့ သဘောပါ။ အရေးမကြီးရမှာကို သူတို့ဟာ အမြဲ အရေးကြီးတတ်တယ်။ နီနာက သူများထက်ကိုထူးပြီး စိတ်ပြင်းတယ်''ဟုပြောသည်။

လူဗာကစားပွဲမှထ၍ ''ဒါထက် စကားမစပ် ကိုရင်၊ ပါဗယ်က သင့်ကို ပြောစရာ ကိစ္စတစ်ခုရှိတယ်တဲ့''ဟု ပြောသည်။ ကိုရင်က လူဗာကို ဘာကိစ္စတဲ့လဲဟု မေးလိုဟန် ဖြင့် ကြည့်သည်။ ကိုရင်သည် စိတ်အနှောင့်အယှက်ဖြစ်သွားဟန်ပင် ပေါ်၍နေသည်။ ''အင်း ဒုက္ခတွေတော့ စလာပြီ''ဟု ကိုရင် စိတ်ထဲကအောက်မေ့သည်။ ကိုရင်သည်

www.burmeseclassic.com

www.burmeseclassic.com



ထိုဒုက္ခများကို ရှောင်လွှဲနိုင်ရန် အားကုန်ကြိုးစားလျက်ရှိသည်၊ လူဗာက ဆက်၍ ''ဘာကိစ္စလဲဆိုတာ သင်ကိုယ်တိုင်သွားပြီး မေးကြည့်ရင်ကောင်းမယ်'' ဟုပြောသည်။

ဂိုရင်သည် စားပွဲမှထပြီးလျှင် ရုတ်တရက် ဆရာဝန်ဘက်သို့လှည့်၍ ''ငါတို့နှစ်ယောက်သွားကြမယ်။ ဒီကိစ္စက သင်နဲ့ပတ်သက်တဲ့ကိစ္စ ဖြစ်ချင်ဖြစ်မှာပဲ'' ဟု ပြောသည်။

ဂိုရင်သည် ပါဗယ်ဆီသို့ သူတစ်ယောက်တည်း သွားရမှာကြောက်သည်။ သူသည် ပါဗယ်နှင့် တစ်ယောက်ချင်း စကားပြောရမှာ ကြောက်လည်းကြောက်သည်။ စိတ်လည်းမလုံ။

※※※

အခန်း-၁၃

ပါဗယ်သည် သူ့အိပ်ခန်းထဲတွင် ထောင့်ဖြတ်လမ်းသလားလျက်ရှိသည်။ သူ့ပခုံးပေါ်တွင် ဝတ်လုံကိုတင်ထားသည်။ စီးကရက်ကိုလည်း စိတ်ဂနာမငြိမ်သည့်အတွက် သောက်လျက်ရှိသည်။ ပြီးလျှင် ကော်ဇောက ပန်းပုံစံများကို ငုံ၍ကြည့်နေသည်။ သူ၏ဘေးစောင်းပုံကို ကြည့်ရသည်မှာ မှောင်မည်း၍ ကြမ်းတမ်းခက်တရော်ရှိသည်။ သူ့ဆံပင်ကလည်း ကျိုးတိုကျဲတဲ သူ့အောက်နှုတ်ခမ်းက စေးတွဲကျနေသည်။ ပါဗယ်သည် သူ့ကို မည်သူကမျှ မေတ္တာမရှိမှန်းသိသဖြင့် အခြားသူများနှင့်အတူ လသာဆောင်က စားပွဲတွင် နံနက်စာထွက်၍မစားဘဲ နံနက်စာကို သူ့အိပ်ခန်းထဲသို့ အပို့ခိုင်းသည်။

''ဒီတော့ ဘာဖြစ်သလဲ။ သူ့ကိုလည်း ငါ သဘောမကျဘူး'' ဟု ပါဗယ်သည် စိတ်ဆိုးကာပြောလျက်ရှိသည်။ ထို့နောက် နီနာကို သတိရသဖြင့် သူ၏ ထင်မြင်ချက်သည် မတရားကြောင်းကိုသိ၍ ''အင်း သင်ကတော့ ငါ့ကို မေတ္တာတော့ မမဲ့ဘူး။ ဒါပေမဲ့ သနားတယ်။ သင် သနားတာကို ငါက ပိုပြီးမုန်းသေးတယ်'' ဟု စိတ်ထဲက တွေးလျက်ရှိသည်။

ပါဗယ်သည် မအိပ်နိုင်၊ စီးကရက်ကိုသောက်၍ တစ်တွေးတည်းတွေးနေသည်။ သူ့ပါးစပ်ထဲတွင်လည်း ခါးနေသည်။ ခေါင်းကလည်း ကွဲမတတ်ကိုက်နေ၍ စိတ်ကူးရတာ ခက်နေသည်။ သူ၏စိတ်ကူးများသည် အလွန်အရေးကြီး၍ အဖိုးတန်သည်။

ထိုအချိန်တွင် လေကလည်းတိုက်၊ မိုးကလည်းရွာနေသည်။ ပါဗယ်သည် ပါရစ်မြို့ဆင်ခြေဖုံး စိန့်ဒိန်းပိုက်မှ အငှားမော်တော်ကားကို သူနှင့်အတူ စီး၍ပြန်လာသည်။ မော်တော်ကား၏ထိုင်ခုံမှာ အရောင်ရော်နေသော ကတ္တီပါဖြင့် ခင်းထားသဖြင့် စွေး၍ ထိုင်ရတာစိမ်ရှိသည်။ မိုးသည် ဖွဲဖွဲကလေးကျနေသဖြင့် ပြတင်းပေါက်မှ သူ့မျက်နှာပေါ်သို့ စိုထိုင်းသောလေတိုက်လျက်ရှိသည်။ အိမ်များ သစ်ပင်များ ထီးအရောင်မျိုးစုံဆောင်း၍လာကြသော လမ်းသွားလမ်းလာများ၏ အရိပ်များသည် မိုးစိုနေသော လမ်းဘေးစကြံများတွင် ပြာရောင်သမ်းကာ ဟပ်လျက်ရှိသည်။ ပါဗယ်၏အထင်တွင်



တစ်လောကလုံးသည် အထူးပင် ပျော်ရွှင်စရာကောင်းလျက်ရှိသည်။ မိုးရေစွတ်၍နေသော လေသည်ပင်လျှင် သူ၏နှလုံးကိုမွေ့လျော်စေ၍ သူ၏ရှေးဟောင်းနှောင်းဖြစ်များကို ပြန်၍ သတိရစေသည်။ အားလုံးအနက် သူ့ဖို့ အဖိုးတန်ဆုံးမှာ သူ့ဘေးကအပြာရင့်အင်္ကျီကိုဝတ်၍ ဦးထုပ်သေးသေးကလေးကို ဆောင်း၍ထိုင်နေသော ကြေကွဲဖွယ်ယောင်ယောင်နှင့် ရွှင်ပျသောမျက်နှာရှိသည့် မိန်းမဖြစ်သည်။ ထိုမိန်းမ၏မျက်နှာမှာ ဦးထုပ်ရှေ့အုပ်ဖာများဖြင့် မှောင်ရိပ်ထိုး၍နေသော်လည်း သူ့စွဲစက်၍ သူမှတ်မိသောအသွင်အပြင်များကို ပါဗယ်မြင်နိုင်သည်။

ပါဗယ် ရုတ်တရက် ပါရစ်မြို့သို့ရောက်လာသည့်အတွက် ထိုမိန်းမသည် အံ့အားသင့်ခြင်းမဖြစ်။ သူ့ကို တွေ့ချင်သည့်အတွက်နှင့် ဘယ်လိုလုပ်ပြီး ရုရှပြည်က လာခဲ့သလဲဟူ၍ပင် ထိုမိန်းမက ဆီး၍မမေး၊ ပါဗယ်ကလည်း သင် ဘယ်လိုနေထိုင်သလဲ ဘယ်သူနဲ့နေထိုင်သလဲ၊ ငါ့ကိုကော သတိရရဲ့လားဟုမမေး။ ပါဗယ် စိတ်ထဲတွင် သူတို့မကွဲကြခင်က အဖြစ်မျိုးအတိုင်းပင် ဆက်၍ဖြစ်နေစေချင်သည်။ ပါဗယ်သည် အဖိုး အင်မတန်တန်ဖိုးထိုက်တန်သော အတိတ်ကအချိန်အတိုင်း ပြန်၍ဖြစ်စေချင်သည်။

ပါဗယ်က ထိုမိန်းမ၏အေးနေသော နှုတ်ခမ်းများကို စုပ်သောအခါ ထိုမိန်းမကတွန့်ဆုတ်ခြင်းမပြုဘဲ ပြုံး၍ ''သင်ဟာ အားပြတ်နေတယ် ချစ်သူရယ်'' ဟု ဝမ်းနည်းသံကလေးနှင့် တိုးတိုးကလေးပြောသည်။ သို့ရာတွင် သူသည် ပါဗယ်ကိုမသနား၊ ထိုကဲ့သို့ မသနားသည့်အတွက်ပင် ပါဗယ်က သူ့ကိုချစ်သည်။ တစ်ခါက ထိုမိန်းမက ပါဗယ်ကို မေးဖူးသည်။ ''ရုရှပြည်မှာ သိပ်ကြောက်စရာကောင်းတယ်ဆိုရင် သင်ဟာ ဘာလို့ ရုရှပြည်ကို ပြန်မှာလဲ'' လို့။ ထိုအခါ ပါဗယ်က ''သင့်အကြောင်းကို အမြဲ စိတ်ထဲမှာ တွေးနေချင်လို့ ငါ သွားမှာပါ'' ဟု ပြန်ပြောလိုက်သည်။

ပါဗယ်သည် အမိုက်ကြီးမိုက်ခဲ့ပြီ၊ အဖျင်းကြီး ဖျင်းခဲ့ပြီ။

ပါဗယ်သည် မျက်စိများကိုမှိတ်၍ သူ့အဖြစ်ဟောင်းအကုန်လုံးကို ကွင်းကွင်းကွက်ကွက် ပြန်၍မြင်အောင် တွေးလျက်ရှိသည်။ ပြာရောင်သမ်းလျက်ရှိသော မိုးဖွားများဖုတ်လမ်းပေါ်က ယာဉ်ဘီးလိမ့်သံများနှင့် အဓိပ္ပာယ်ဆောင်သော မော်တော်ကားမောင်းသူများ၏ မျက်နှာများသည် ပါဗယ်၏စိတ်အာရုံ၌ ပေါ်၍လာသည်။ ထိုကားမောင်းသမားသည် ပါရစ်မြို့ရှိ အားလုံးသော ကားမောင်းသမားများနည်းတူ သူ့မော်တော်ကားနောက်ပိုင်းကို ဇာတ်ရုံဟုသဘောထား၍ သူ့ဇာတ်ရုံတွင်ပြသော ဇာတ်များအတွက် သူသည် ဇာတ်ဆရာဖြစ်သည်ဟု ယူဆသည်။ သူသည် သူ၏မှောင်ရိပ်ထိုးနေသော သူ့မျက်နှာကို ရံဖန်ရံခါ ဇာတ်ဆောင်များဘက်သို့လှည့်၍ လိမ္မာစွာပြုံးပြီးလျှင် သူ၏အားနေသော လက်တစ်ဖက်ဖြင့် ဝှေ့ယမ်း၍ အားပေးလေ့ရှိသည်။ သူ့ဇာတ်ဆောင်များသည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရုံ ကြည့်နေကြပြီး ငြိမ်သက်စွာထိုင်နေကြလျှင် သူမကြိုက်။ သူသည် ဇာတ်လမ်း၏ရွေ့လျောခြင်းကို အလိုရှိသည်။ တစ်ခါတစ်ရံ သူ့ဇာတ်ဆောင်တို့ နမ်းရှုပ်ကြသည်ကို သူ့ရှေ့ကမှန်ထဲတွင် မြင်ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သူက မော်တော်ကားအရှိန်ကို လျှော့၍ပေးသည်။ အဘယ်ကြောင့်ဆိုသော် ချစ်သူတို့ မည်သည့် အချိန်ကုန်မှာကြောက်ကြသည်ကို သူ သိသောကြောင့်ဖြစ်သည်။

ထိုမော်တော်ကား မောင်းသမားသည် ရယ်စရာကောင်းသည်။ ထိုမော်တော်ကားမောင်းသမားကို ဟိုအချိန်တုန်းက တော်တော်ရယ်စရာကောင်းသည်ဟု ပါဗယ် စိတ်ထဲက ထင်မိခဲ့သည်။ ယခုမူ ပါဗယ်သည် ထိုမော်တော်ကားမောင်းသမားကို များစွာသဘောကျလျက်ရှိသည်။

ပါရစ်မြို့တွင်းရှိ လုကမ်စားပွဲရုံကလေး၏ ဥယျာဉ်ထဲ၌ သူတို့နှစ်ယောက် နေ့လယ်စာစားနေကြစဉ်တွင် ပျံသင်းအေးမြသော မိုးသက်လေကလေးကို ရှူလိုက်ရသည်ကို ပါဗယ်သည် ယနေ့တိုင်သတိရလျက်ရှိသည်။ ပါဗယ်၏သတိသည် ကြည်လင်လှသဖြင့် သူ့အိပ်ခန်းပြတင်းပေါက်မှ ဝင်လာသောလေထဲတွင်ပင် ယခင်က ပါရစ်မြို့၌ သူ ရှူခဲ့ရဖူးသော မိုးသက်လေအနံ့ကလေး သင်းလျက်နေသည်။

သတိသည် လူများကို လှည့်ဖြားတတ်သည်။ သတိသည် ဘိန်းနှင့်တူ၍ ကဲဆိုးသူတို့အား အတွေးလှည့်ဖြားကာ အတိတ်ကရှုံ့များကိုပင် သက်တံ့ရောင်ပေါက်အောင် ဆေးချယ်၍ပေးတတ်သည်။ ဤနည်းဖြင့် သတိသည် ရက်စက်စွာ ရိုက်နှက်သော ဒဏ်ချက်များကိုပင် ယုယပိုက်ထွေးသကဲ့သို့ထင်အောင် ဆေးခြယ်၍ပေးတတ်သည်။ ပါဗယ်အဖို့တွင် သူ့သတိသည် အထူးပင် အလှည့်စားကြမ်းသည်။ ပါဗယ်၏သတိသည် ဓာတ်ပုံရိုက်ဆေးမှန်ကဲ့သို့ တန်ခိုးထက်လှသဖြင့် သူ့မျက်စိက တွေ့မြင်သမျှကို မှတ်သား၍သိမ်းထားသည်။ သူ၏သတိတွင် အရိပ်ထင်၍နေသော အရာအားလုံးသည် ထုတ်ဖော်ပြောဆိုခွင့်မရသဖြင့် ပါဗယ်အဖို့တွင် လေးလံသောရတနာထုပ်ကြီးကို ရွက်၍ထားရသည်နှင့်တူသည်။ သူ၏သတိသည် သူ့ မျက်စိအကြည်ဓာတ်ကို လာ၍ထိခိုက်လေသမျှ သာယာသောရုပ်များကို မှတ်ယူ၍ထားသည်။ သို့ရာတွင် ထိုရုပ်များမှာ သူတစ်ယောက်တည်းအတွက်သာဖြစ်သည်။ သူ့တွင် သူ့သတိအတွင်း၌ သိုလှောင်ထားသောအရာများကိုပြောပြနိုင်ရန် ရင်းနှီးသောမိတ်ဆွေမရှိ။ ထို့ကြောင့် ပါဗယ်သည် ပါရစ်မြို့တွင်နေရစ်ခဲ့သော သူ့ချစ်သူနှင့်ခွဲရခြင်းကို သေခြင်းကဲ့သို့ပင် ကြောက်စရာကောင်းသည်ဟု သဘောထားခြင်းဖြစ်သည်။ ဤနည်းဖြင့် ပါဗယ်သည် ရောက်စတောက်မြို့၌ အဖော်ကင်းကာ လွမ်းဆွတ်ပူဆွေးလျက်ရှိသည်။

ပါဗယ်၏အခြေအနေမှာ တစ်ခါတစ်ရံ အာရုံကြောများသေ၍ တစ်ကိုယ်လုံးထုံနေသဖြင့် အထူးပင်စိုးရိမ်စရာဖြစ်သည်။ ထိုအခါမျိုးတွင် ပါဗယ်သည်လောကကြီးမှ တစ်ခါတည်းခြေရာပျောက် ပျောက်သွားချင်သောဆန္ဒရှိသည်။ သို့ရာတွင် ထိုဆန္ဒ ဖြစ်မြောက်နိုင်ဖို့မှာ သူ့စိတ်ထဲနှလုံးထဲက တောင့်တစွဲလမ်းနေသောအချက်များကို မေ့လျော့ဖျောက်ဖျက်ပစ်ဖို့ အလုပ်လောက်ပင် ခဲယဉ်းသည်။ သူ၏ မကျန်းမာသော အဖြစ်နှင့် မည်သူ့အကျိုးကိုမှ မဆောင်ရွက်နိုင်သောအဖြစ်များကို တစ်[illegible]တာလောက်မျှ မေ့လျော့နိုင်စေခြင်းအကျိုးငှာ ပါဗယ်သည် သေရည်ကိုသာ အကြီးအကျယ် သောက်၍ နေ[illegible]သည်။



သူ့အဖေနှင့် ဆရာဝန်တို့ သူ့အိပ်ခန်းထဲသို့ ဝင်လာသည်ကို ပါဗယ် မသိလိုက်။

"သင် ငါ့ကို ခေါ်တယ်ဆို"ဟု ဂိုရင်က စဉ်းစား၍နေသော သူ့သား၏ မျက်နှာကို စိုးရိမ်သောကကြီးစွာဖြင့် ကြည့်၍မေးသည်။

ပါဗယ်သည် တုန်၍သွားပြီးလျှင် မျက်စိများကိုဖွင့်ကြည့်လိုက်သည်။ ဆရာဝန်ပါလာသည်ကို မြင်သောအခါ ပါဗယ်သည် မျက်နှာအိုု၍သွားပြီးလျှင် စိတ်ဆိုး၍ နှုတ်ခမ်းတုန်တုန်နှင့် "သူ ဘာလို့ လိုက်လာရသလဲ၊ ငါက သင့် တစ်ယောက်တည်း ခေါ်တာ"ဟု သူ့အဖေကိုပြောသည်။

"ငါ့စိတ်ထဲက ဆရာဝန်နဲ့ ပတ်သက်တဲ့ကိစ္စ ဖြစ်ချင်ဖြစ်မှာပဲလို့ အောက်မေ့ လို့ပါ"

"ဘာလဲ အဖေက ယောက်ျားပီပီ ငါနဲ့တစ်ယောက်ချင်း စကားမပြောဝံ့ လို့လား"

"ပါဗယ်၊ သင် ဘယ်လိုပြောတာလဲ"

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ အဖေက ငါ့ကို အနူများရှောင်သလို ရှောင်နေတာ ငါ မသိဘူးမှတ်မနေပါနဲ့။ ငါ့ဆီကို သင် မလာတာ တနင်္ဂနွေဘယ်နှပတ် ရှိနေပလဲ"

ဂိုရင်သည် မျက်နှာနီသွားသည်။ ပါဗယ်က အမှန်ကိုပြောသည်။ ဂိုရင်သည် ပါဗယ်ကို အများကြီး သနား၍သွားသည်။ "ဒါတော့ သူ့အပြစ် မဟုတ်ဘူးလေ"ဟု ဂိုရင်စိတ်ထဲက အောက်မေ့သည်။

"ပါဗယ်ရယ် စိတ်မဆိုးပါနဲ့ကွယ်"ဟု ဂိုရင်က လေအေးအေးကလေးနှင့် ပြောပြီးလျှင် ပါဗယ်၏လက်ကို ကိုင်ကြည့်သည်။ သူ့လက်မှာ ပူ၍ချွေးများထွက်နေသည်။ "သင့်အခြေအနေဟာ ဆရာဝန်ကြည့်ဖို့လိုပါတယ်" ဟု ဂိုရင်က ပြောသည်။

ပါဗယ်၏ ဝါနေသောမျက်နှာမှ မျက်စိများသည် အရောင်လက်လာသည်။ "ကိုယ်ကိုတော့ ဆေးကုလို့ ရနိုင်ပါတယ်။ ဒါပေမဲ့ စိတ်သန္တာန်ကိုတော့ ဘယ်သူမှမကု နိုင်ပါဘူး။ အခုခေတ်ရုရှပြည်မှာ နေတတ်ဖို့ဆိုတာ သေပြီးနောက်တစ်ခါ ပြန်မွေးလာရင် တော့ ဖြစ်ချင်ဖြစ်နိုင်ပါလိမ့်မယ်။ အခုအတိုင်းဆိုတော့ ငါတို့မှာရှိနေတဲ့ ဝါသနာတို့ စိတ်နေ စိတ်ထားတို့ ကောင်းမှု မကောင်းမှု အယူအဆတို့ဆိုတာတွေအားလုံးကို တစ်ခုမကျန်အစ ပျောက်မြှုပ်နှံပစ်လိုက်မှပဲဖြစ်နိုင်မယ်။ လူတွေရိုင်းစိုင်းစဉ် အခြေအနေတုန်းကလို သားရိုင်း တိရစ္ဆာန်စိတ်မျိုးတွေကို ပြန်ပြီးမတွန်းမတိုပေါ်လာအောင် လုပ်ပေးနိုင်မှပဲဖြစ်နိုင်မယ်၊ ဒီလိုမှ လုပ်မပေးနိုင်ဘူးဆိုတဲ့လူဟာ လူထုရန်သူလို့ အသမှတ်ခံရမှာပဲ" ဟု ပါဗယ်ကပြောသည်။

"ဘယ်လိုမှ မအောက်မေ့နဲ့နော် ပါဗယ်၊ သင်ပြောတာ တစ်ခုမှမဟုတ်ဘူး" ဟု ဂိုရင်က တည်တည်ကြီးပြောသည်။ ဂိုရင်သည် သူ့သားအပေါ်တွင် စိတ်မဆိုးချင် [illegible]သော်လည်း စိတ်မဆိုးအောင် ထိန်း၍မရ။

ပါဗယ်သည် သူ့အဖေအနားသို့ တိုး၍သွားပြီးလျှင် အသက်ကိုပြင်းပြင်းရှူ၍ "ငါ ပြောတာတွေဟာ အကုန်အမှန်ချည်းပဲ။ မှန်တယ်ဆိုတာကိုလည်း သင် သိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သင်က မှန်တာကိုပြောရမှာထက် သေရမှာကို ပိုကြောက်နေလို့ပါ။ ငါကတော့ မကြောက်ဘူး။ ဒါပေမဲ့ ငါ့ရဲ့မမှန်တဲ့ဘဝက ငါ့ကို အတွင်းကလှည့်ပြီးစားနေသလိုပဲ။ မှန်တာပြောရတာဟာ ငါ့ပေါင် ငါလှန်ထောင်းရတာနဲ့ အတူတူပဲ။ ပါးစပ်က ဘုရား ဘုရား၊ လက်က ကားရား ကားရား လုပ်နေတာကို ငါ မကြိုက်ဘူး။ လူတိုင်း လူတိုင်းဟာ ပါးစပ်က ကိုယ်ကျင့် တရားရှိဖို့ နှားထောင်ကောင်းရုံ သံကုန်ဟစ်နေကြပြီ၊ လူတွေကို ထောင်လိုက်သောင်းလိုက် သတ်ပစ်နေကြတယ်။ ငါပြောတာ ထောင်လိုက် သောင်းလိုက်ဆိုတာတောင် နည်းသေးတယ်။ တကယ်ဆိုတော့ သန်းလိုက်ကုဋေလိုက်ကို ပြောင်သတ်နေကြပါတယ်။ ဒီလို သတ်နေတာကို တခြားလူတွေကတော့ လျစ်လျူရှုချင် ရှုနေနိုင်မယ်။ ငါတော့ လျစ်လျူရှုမနေနိုင်ဘူး။ ငါ့စိတ်ထဲက ငါဟာ တစ်ခုခုလုပ်ဖို့ ကောင်းတယ်လို့ သဘောရတယ်။ ဒါပေမဲ့ ဘာလုပ်ရမှန်း ငါ မသိဘူး'' ဟု လေသံဖြင့် ပြောသည်။

''သင် မိန်းမယူရင်ကောင်းမယ်''ဟု ဆရာဝန်က ပါဗယ်ကိုပြောပြီးလျှင် ဂိုရင်ကို မျက်စိမှိတ်၍ပြသည်။ ဆရာဝန်သည် ပါဗယ်က ဘေးဖြစ်စရာ စကားများ ပြောသည်ကို မကြားဟန်ပြု၍နေသည်။ ပြီးလျှင် ဆရာဝန်က ''သင် လိုချင်ရင် ငါ ရှာပေးမယ်။ ငါတို့ဆေးရုံမှာ ဆရာမချောချောကလေးတွေရှိတယ်။ သင့်စိတ်ရောဂါကို သူတို့ ကုပေးလိုက်ရင် ခဏကလေးနဲ့ ပျောက်သွားမယ်။ သင် မိန်းမနဲ့ဝေးနေတာ တော်တော်ကြာပလား''ဟု ဆက်၍ပြောသည်။

ပါဗယ်သည် ဆရာဝန်ကို ဘာမျှပြန်မပြောဘဲနှင့် ပြတင်းပေါက်ဆီသို့သွား၍ ဥယျာဉ်ဘက်သို့ ကြည့်ပြီးလျှင် ''အဖေ ငါ နိုင်ငံခြားကိုသွားချင်တယ်''ဟု ခပ်တိုးတိုး ပြောသည်။

ဂိုရင်က စိတ်သက်သာရာရပုံမျိုးဖြင့် သက်မချလိုက်သည်။ သူ့စိတ်ထဲက ပါဗယ်သည် ဤအကြောင်းမပြောဘဲ တခြားအကြောင်းကို ပြောလိမ့်မည်ဟု ထင်ခဲ့ သည်။ ပြီးလျှင် ပါဗယ်အား နိုင်ငံခြားသို့မသွားအောင် နားချသောသဘောဖြင့် ''ပါဗယ် သင်ဟာ မနှစ်ကပဲ နိုင်ငံခြားကို တစ်ခါသွားပြီးပြီ။ သွားတော့ကော ဘာအကျိုးထူးသလဲ။ ဘာမှမထူးဘူး။ ဒီတစ်ခါသွားရင်လည်း ဘာမှအကျိုးထူးမှာမဟုတ်ဘူး။ သင့်စိတ်ထဲက အကျိုးထူးလိမ့်မယ်လို့ ထင်နေတာပဲရှိတယ်။ ဒီမှာနေရတာ ဘယ်လိုမကောင်းဘူးဆိုတာ ငါ့ကို ပြောပြစမ်းပါ''ဟုပြောသည်။

ပါဗယ်သည် သူ၏ဆေးချေးတက်နေသော သွားများကို ဖြလိုက်ပြီးလျှင် ''ဘယ်လို မကောင်းဘူးဆိုတာ ပြောရမလား။ ဒီမှာနေရတာဟာ မကောင်းဘူးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သချိုင်းထဲနေရတာနဲ့တော့ မထူးဘူး'' ဟုပြောသည်။

''သင့်စိတ်ကို အေးအေးထားစမ်းပါ ပါဗယ်။ သင် နိုင်ငံခြားသွားဖို့ လိုတယ် မလိုဘူးဆိုတာကို ပထမဆရာဝန်ကိုပဲ မေးကြည့်ပါဦး။ ဘယ့်နှယ်လဲ ဆရာ။ သူ နိုင်ငံခြားသွားရင်ကောင်းမလား''ဟု ဂိုရင်က ပြောသည်။



ပါဗယ်သည် နိုင်ငံခြားသွားဖို့အတွက် ရုတ်တရက် စိတ်ရှူးဝင်လာသဖြင့် ဆရာဝန်တွင် ဝမ်းသာဖို့ မျှော်လင့်ချက်ပေါ်လာသော်လည်း ဆရာဝန်သည် သူ့စိတ်ထဲက ဂရုမစိုက်ပုံဖြင့် ဟန်လုပ်၍ ပခုံးများကိုပင့်လိုက်သည်။ ''နိုင်ငံခြားသွားဖို့တော့ ထူးပြီးမလိုပါဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်အကုန်လုံး ပြောင်းသွားဖို့တော့ လိုအပ်ပါတယ်။ ပါရစ်မြို့ကို နောက်ထပ် သင် သွားလည်ဖို့ စိတ်ကူးသေးသလား''ဟု ဆရာဝန်က ပါဗယ်ကို မေးသည်။ ပါရစ်မြို့ဆိုသောစကားကိုပြောသောအခါ ဆရာဝန်စိတ်ထဲ နိုးရိမ်မိသည်။ ပါရစ်မြို့သည် သူ ရောက်နိုင်ဖို့ခက်သော မျှော်မှန်းချက်ဖြစ်သည်။

''ပါရစ်မြို့ကိုလား။ သွားမှာပေါ့''

''အိုး''

''အိုး ဆိုတာက ဘယ်လိုအဓိပ္ပာယ်လဲ''

''ပါရစ်မြို့ဟာက ဓာတ်မီးရောင်တွေကလည်း ထိန်လို့။ မိန်းမချော မိန်းမလှတွေလည်းပေါတယ်''ဟု ဆရာဝန်က ဟန်လုပ်မနေနိုင်တော့သဖြင့် လျှာသွက် အာသွက်နှင့် ပြောသည်။ ပါရစ်မြို့အကြောင်းကို တွေးမိသဖြင့် ဆရာဝန်သည် ဣန္ဒြေ မဆည်နိုင်တော့ဘဲ ရှုံ့ရှုံ့ရှားရှားဖြစ်ကာ လက်ဝါးချင်းပွတ်ပြီးလျှင် ပါးစပ်ကလည်း သကြားလုံးစုပ်သကဲ့သို့ ပျပ်ပျပ်ပျပ်ပျပ်မြည်၍လာသည်။

ဂိုရင်သည် သူ့သားအတွက် စိတ်မကောင်းဖြစ်ကာ လက်များကိုရှမ်းပြီးလျှင် ''သင်လည်း ကလေးမဟုတ်တော့ဘူး ပါဗယ်။ ဒီတော့ သင့်ဟာ သင်ပဲ ဆုံးဖြတ်ပေါ့။ သင့်ဟာသင် သွားချင်တယ်လို့ဆိုရင်တော့ သွားပေါ့။ အနို့ သင် ဘယ်တော့သွားချင် သလဲ'' ဟုမေးသည်။

''မြန်မြန်သွားရလေ ကောင်းလေပေါ့''

ဆရာဝန်သည် ရုတ်တရက် ပါဗယ်ဆီသို့ပြေးသွားပြီးလျှင် ပါဗယ်၏မျက်နှာ ကိုကြည့်၍ ခွေးများ၏လောကွတ်မျိုးဖြင့် ပါဗယ်၏လက်ကိုဆွဲ၍ နှုတ်ဆက်သည်။ ပြီးလျှင် ''သင့်အတွက် ငါ သိပ်ဝမ်းသာပါတယ်။ သင့်အတွက် ငါ သိပ်ဝမ်းသာပါ တယ်'' ဟုပြောသည်။ ဆရာဝန် ဝမ်းသာခြင်းမှာ ပါဗယ်အတွက် ဝမ်းသာခြင်းမဟုတ်၊ သူလည်း လိုက်ရလိမ့်မည်ဟု မျှော်လင့်၍ သူ့အတွက်သူ ဝမ်းသာခြင်းဖြစ်သည်။

ပါဗယ်က ဆရာဝန် ဝမ်းသာအားရဖြစ်နေသည်ကို သဘောမကျသော်လည်း သူ့အကြံကိုရိပ်မိသဖြင့် ''သင့်ကိုပါ ငါ ခေါ်သွားမယ်။ အဖေ ဆရာဝန်ဖို့ပါ နိုင်ငံကူး လက်မှတ်ရအောင် စီစဉ်ပေးပါ''ဟုပြောသည်။

ဆရာဝန်က ပြုံးပြုံးကြီးလုပ်၍ ''ကျေးဇူးပါပဲ ပါဗယ်ရယ်၊ သင်ဟာ တကယ် ကောင်းတဲ့မိတ်ဆွေပါ။ ပါရစ်မြို့မှာ ဘယ်သူနဲ့တွေ့ချင်လို့ သင် သွားမယ်ဆိုတာ ငါ သိပါတယ်''ဟု ရင်းနှီးသော မိတ်ဆွေတစ်ယောက်၏ လေသံဖြင့်ပြောသည်။ ပြီးလျှင် ''ဟို ညိုညိုကလေးအတွက်ပါ။ ငါ သိပါတယ်။ ငါ သိပါတယ်။ ငါ မြင်ဖူးပါတယ်။ သင်ကတော့ ပျော်ပျော်နေတတ်တဲ့ သူငွေးသားပဲ။ ဒါပေမဲ့ ဟိုဟာလေးက သင့်ထက်

www.burmeseclassic.com

www.burmeseclassic.com



တော့ နည်းနည်းအဆင့်အတန်း နိမ့်တယ်ဆိုရမှာပေါ့။ သင်ကတော့ ပင်ကိုစရိုက်ထူးတဲ့လူပဲ။ ဒါကတော့ ဝက်ဝံနဲ့ပျားကောင်ပုံလိုပေါ့လေ။ ဟားဟား ဟားဟား''ဟု ရယ်၍ပြောသည်။

ပါဗယ်သည် မျက်နှာနီ၍သွားသည်။

''သင် ထွက်သွားရင်သွား၊ မသွားရင် ငါ့ကို အဆိုးမဆိုနဲ့''ဟု ပါဗယ်က အံကြိတ်၍ပြောသည်။ ပြီးလျှင် ပါဗယ်သည်စားပွဲပေါ်မှ ပုလင်းတစ်လုံးကို ကောက်၍ကိုင်ပြီး ဆရာဝန်ကို ရိုက်မည်လုပ်သည်။ ဆရာဝန်သည် မျက်လုံးပြူးသွားပြီးလျှင် တံခါးဘက်သို့ နောက်ပြန်ဆုတ်၍သွားသည်။ ပြီးလျှင် တံခါးနားတွင် ရပ်၍နေမည်လုပ်သည်။

''သွားဆို မသွားသေးဘူးလား''ဟု ပါဗယ်က လှမ်း၍ကြိမ်းသည်။

ဆရာဝန်မှာ တံခါးကို ပိတ်လိုက်မိပေလို့သာ သက်သာသွားသည်။ ပါဗယ်က လှမ်း၍ပစ်လိုက်သောပုလင်းသည် တံခါးပေါက်ကို ဝှမ်းခနဲမှန်၍ ကွဲသွားသည်။

အပြင်ဘက်၌ ဆရာဝန်သည် သူ့နဖူးကချွေးများကို လက်ကိုင်ပဝါဖြင့်သုတ်၍ သက်မချလိုက်သည်။

''ပါဗယ်ကတော့ ထိန်းလို့သိမ်းလို့ရမယ့်အကောင် မဟုတ်ပါဘူး။ ဒါပေမဲ့ ပါရစ်မြို့ကိုလိုက်ရဖို့က အရေးကြီးတယ်''ဟု ဆရာဝန်စိတ်ထဲက တွေးမိသည်။

သူတို့သားအဖနှစ်ယောက်တည်းကျန်သောအခါ ဂိုရင်က သူ့သားကို ''သင်ဟာ သင့်စိတ်ကိုသင် ဘာမှ ထိန်းသိမ်းခြင်းမရှိတော့ဘူး။ သင့်ကို ဘယ်လိုဝေဒနာက နှိပ်စက်နေလို့လဲ''ဟု တည်တည်ကြီးမေးသည်။

''ငါ့ဝေဒနာက စိတ်ပူတဲ့ဝေဒနာပါ အဖေ၊ ငါ့ဝေဒနာဟာ အင်မတန်ပြင်းထန်ပါတယ်။ ည ည အိပ်မပျော်တဲ့အခါမှာ ထွေရာလေးပါးတွေ စိတ်ကူးမိပြီဆိုရင် ပိုပြီးဆိုးပါတယ်။ ငါ့ကိုတော့ ထားပါဦး။ သင်ကော ဘယ်လိုဖြစ်နေသလဲ။ ငါဟာ မျက်စိကန်းနေတာမဟုတ်ဘူး အဖေ။ ငါ အကုန်မြင်ပါတယ်''

''သင် ဘာတွေမြင်သလဲ''ဟု ဂိုရင်က သူ့အမျက်ကိုသူ အနိုင်နိုင်ထိန်း၍ ပြောသည်။

''မှန်တာကိုဝန်ခံစမ်းပါအဖေ။ နှစ်နှစ်လောက်အလွန်က သင် ရုရှပြည် ပြန်လာတုန်းက သင် ဘယ်လိုအထင်နဲ့ ပြန်လာတာလဲ''

ဂိုရင်သည် အမျက်ပြင်းစွာ ထွက်၍သွားသည်။ ဂိုရင်သည် သူ့သားကို မေတ္တာပျက်နေသည်။ ထိုသို့ မေတ္တာပျက်နေသည့်အဖြစ်ကို သူ ရှက်သည်။ သို့ရာတွင် သူ့စိတ်ကိုသူ တားဆီး၍မရ။ ဂိုရင်က ''သင် ပြောတာမမှန်ဘူး။ သင့်ဟာသင် အရှစ်၊ စိတ်ကူးပြီး ပြောနေတာ။ ငါ့မှာ ဘာမှဝန်ခံစရာမရှိဘူး။ သင့်ဟာသင် အဖျင်းနိုင်တာကို သင်က သူများကို အပြစ်တင်ချင်သေးသလား။ သင်ဟာ မမာဘူး၊ သင် မမာသလိုပဲ တခြားလူတွေကိုလည်း မမာဘူးလို့ သင် ထင်နေတယ်။ သင် မှားတယ်။ ငါ ကောင်း၊



ကောင်းမာတယ်။ ငါဟာ ကိုယ်ရောစိတ်ရောကျန်းမာတယ်။ ငါ့မှာ သို့လော သို့လော ဒွိဟစိတ်ဘာမှမရှိဘူး။ ငါ့လုပ်သမျှတွေဟာ အကုန်မှန်တယ်လို့ ငါ ကောင်းကောင်းကြီးယုံတယ်။ အီတလီပြည်က ဒီကို ငါလာခဲ့တုန်းက ရုရှပြည်ဟာ နတ်ဘုံနတ်နန်းကြီးလိုဖြစ်နေလိမ့်မယ်လို့ထင်ပြီး လာခဲ့တာမဟုတ်ဘူး။ ရုရှပြည်မှာ အခက်အခဲတွေတွေ့နေတဲ့အတွက် သင်လို အဖျင်းနိုင်တဲ့ လူတွေအကုန်လုံးကပဲ ညည်းညူကြတယ်။ ငါကတော့ သင်တို့လိုမဟုတ်ဘူး။ ဒီအခက်အခဲ တွေရှိတာကို သဘောကျတယ်။ ဘာလို့လဲဆိုတော့ ဒီအခက်အခဲတွေ ပျောက်ပသွားတဲ့အခါမှာ ရုရှပြည်ရဲ့နောင်ရေးဟာ အင်မတန်သာယာတော့မှာမို့''ဟု ဂိုရင်က ပြောသည်။

ပါဗယ်သည် အမျက်ထွက်၍ ရပ်ပျက်နေသော သူ့အဖေ၏မျက်နှာကို ညှိုးငယ်စွာဖြင့် ဂရုစိုက်၍ကြည့်နေသည်။

''ငါ ပြောနေတာကတစ်မျိုးပါ့ အဖေရဲ့။ အခက်အခဲတွေကို ငါက ဂရုစိုက်တာမဟုတ်ပါဘူး။ ငါ စိတ်မကောင်းတာက လူတွေ အကျင့်တရား အများကြီးပျက်နေကြတဲ့အတွက် စိတ်မကောင်းတာပါ။ အခု ရုရှပြည်မှာ ရိုးသားဖြောင့်မတ်တဲ့ လူများ နေစရာမရှိ တော့ဘူးဆိုတာကို အဖေ မငြင်းနိုင်ပါဘူး။ လူတွေဟာ စိတ်ဓာတ်ပျက်ပြားနေပြီဆိုရင် ဘယ်လိုမှ ပြုပြင်လို့မရပါဘူး''ဟု ပါဗယ်က ပြောသည်။

''ရုရှပြည်မှာ ရိုးသားဖြောင့်မတ်တဲ့လူများ နေစရာမရှိတော့ဘူးဆိုတဲ့ စကားဟာ မမှန်ပါဘူး။ ဥပမာ ငါ့ကိုကြည့်ပါလား။ ငါဟာ အများကြီး ထင်ရှားတဲ့လူ တစ်ယောက်ပဲ။ သင် ပြောသလိုဆိုရင် ငါဟာ ရိုးသားဖြောင့်မတ်တဲ့လူ မဟုတ်ဘူးပေါ့''

''ကြိုးကိုင်အဖွဲ့က အခွင့်အရေးပေးထားလို့ အခုထိ သင် ဒီလိုနေနိုင်သေးတာပါ။ ဒါပေမဲ့ သူတို့သွားတဲ့လမ်းနဲ့ သင် သွားတဲ့လမ်းက တခြားစီပါ။ ဒါကိုလည်း သင့်ဟာသင် သိပါတယ်''

''ငါသွားတဲ့လမ်းက ရုရှလူထုသွားတဲ့လမ်းပါ။ ကြိုးကိုင်အဖွဲ့နဲ့ ငါနဲ့ ဘာမှမဆိုင်ပါဘူး''

''လူထုသွားတဲ့လမ်းဆိုတာ ဘာလဲလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ လူထုမှာလည်း သူတို့လမ်းကို သူတို့ ရွေးချယ်နိုင်ခွင့်မရှိပါဘူး။ သူတို့ဟာ သူတို့ရဲ့ နောက်ကျောကိုထောက်ထားတဲ့လှံစွပ်က တွန်းပို့တဲ့အတိုင်း သွားနေရတာပါ''ဟု ပါဗယ်က ပြောသည်။ ပါဗယ်ဝမ်းထဲတွင် အောင့်အည်းထားရသော မနှစ်မြို့သော အချက်အများကြီးရှိသည်။ ပါဗယ်သည် မကျန်းမာ။ သူ့လက်ချောင်းများက တုန်နေသည်။ သူ့ပါးကလည်း ဖျားသွေးတက်၍နီနေသည်။ သူ့နဖူးတွင်လည်း ချွေးပေါက်ကြီးများသီးနေသည်။ ထို နည်းဖြင့် ပါဗယ်သည် သူပြောချင်သောစကားများကို ထစ်ထစ်ငေါ့ငေါ့နှင့် ပြောရသည်။

ဂိုရင်သည် မချမ်းမသာသောစိတ်ဖြင့် ပါဗယ်၏ တုန်နေသောမျက်နှာ ချွေးစိုနေသော နဖူးပေါ်ကျနေသည့် ဆံပင်ကျိုးတိုးကျဲတဲတို့ကိုကြည့်၍ ပါဗယ်ပြောသည်ကို

www.burmeseclassic.com

www.burmeseclassic.com



နားထောင်နေသည်။ သူ့စိတ်ထဲက "ငါ ဆရာဝန်နဲ့ အတူလိုက်သွားရင် အကောင်း သား"ဟု အောက်မေ့မိသည်။

ပါဗယ်က မောကြီးပန်းကြီး ကြိုးစား၍ပြောရသော စကားများသည် ဂိုရင်အမြဲ ပြောဖို့လိုသည်မဟုတ်။ ထိုစကားများမှာ ဂိုရင်ကို စိတ်ဆိုးအောင် ဆွပေးရာသာကျသည်။

သူ့အဖေစိတ်ဆိုးသည်ကို ပါဗယ် သိသည်။ ပါဗယ်သည် စကားဆက်မပြော တော့ဘဲ စားပွဲငယ်ကလေးတစ်ခုဆီသို့သွား၍ သူ့စီးကရက်ကို ပြာခွက်အဖြစ် အသုံးပြု သော ပင်လယ်ခရုခွံထဲသို့ထည့်၍ ပြာချွေချပြီးလျှင် ခရုပတ်အတွင်းသို့ စီးကရက်ပြာများ တဖြည်းဖြည်း ကျဆင်းပျောက်ကွယ်သွားသည်ကို ကြည့်နေသည်။ ခရုခွံပြာခွက်မှာ သူ့အဖေက ပါဗယ်ကိုပေးသော လက်ဆောင်ဖြစ်သည်။ ပါဗယ်၏ ဝါဖန့်ဖန့်ဖြစ်နေသော မျက်နှာသည် ခရုခွံထဲကပြာကဲ့သို့ တွန့်လိမ်၍မည်းနက်သွားသည်။

ပါဗယ်သည် သူ့အတွင်းစိတ်သန္တာန်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသော သဘောကို မထုတ်ချင်ထုတ်ချင်နှင့် ထုတ်ဖော်၍ပြောသည့်ဟန်ဖြင့် "အဖေ"ဟု ဂိုရင်ကို အာလေးလျှာလေးနှင့် ခေါ်လိုက်သည်။

"ဘာလဲ၊ ပါဗယ်"

"ငါတို့ နိုင်ငံခြားကိုသွားကြပါစို့"

"သင်ပြောတာ ငါ နားမလည်ဘူး။ ငါတို့အကုန်လုံးလား"

"သင်ရယ်၊ လူဗာရယ်၊ နီနာရယ်၊ ငါရယ် တစ်အိမ်သားလုံးပေါ့"

ဂိုရင်သည် သတိထားလာသည်။ ပြီးလျှင် "ဘာလို့ တစ်အိမ်သားလုံး သွားရမှာလဲ"ဟုမေးသည်။

"ဘာလို့လဲဆိုတာ နိုင်ငံခြားရောက်တော့ သိမှာပေါ့။ အခုနေ အတွေးနဲ့ပြောနေ လို့ အလကားပေါ့"

"ပိုပြီးရှင်းအောင် ပြောစမ်းပါသားရယ်"

"ရှင်းအောင်ပြောဖို့ မလိုပါဘူး အဖေ။ အခုတလောမှာ အဖေဟာ မှင်မှင် ပြောတာကိုလည်း သဘောမကျပါဘူး"

ဂိုရင်က ခေါင်းမာသည်။

"မပူပါနဲ့သား၊ ခေါင်းမြစ်ရေဟာ အညာကိုမဆန်ပါဘူး။ ငါတို့ဟာ ရုရှလူမျိုး ဖြစ်တယ်ဆိုတာကိုလည်း သား သတိပြုပါ။ ငါဟာ နိုင်ငံခြားမှာ နှစ်ရှည်လများ သွားနေခဲ့ပေမယ့် ရုရှ စိတ်မပျောက်ပါဘူး။ သင်လည်း ဒီလိုပဲမဟုတ်လား။ ငါတို့ဟာ ခံနိုင်ရည်ရှိတဲ့ ဆိုက်သီယန္တယ်ဝင်တွေပါသား"

"ဟုတ်တယ်အဖေ၊ ဟုတ်တယ်။ ဆိုက်သီယန္တယ်ဝင်ဆိုတာ ငါကြိုက်တယ်" ဟုပြောကာ ပါဗယ်က သူ့အဖေကိုဖမ်းလိုက်သည်။ ပြီးလျှင် ဟိုမှဒီမှ ခြေလှမ်း ကျယ်ကျယ်လှမ်း၍ လမ်းသလားနေသည်။ "ငါ ငယ်ငယ်တုန်းက ရာဇဝင်စာအုပ်ထဲမှာ ဖတ်ဖူးတယ်။ ဆိုက်သီယလူမျိုးများဟာ သူတို့ထက်အားကောင်းတဲ့ ရန်သူများနဲ့



တွေ့တဲ့အခါမှာ မြစ်ထဲ ဆင်းငုပ်နေပြီး ကျူရိုးကိုနှာခေါင်းမယ်တပ်ပြီး အသက်ရှူနေတယ် လို့။ အခုလည်း ရုရှပြည်မှာ အဲဒီလိုပဲဖြစ်နေတယ်။ ရုရှပြည်သားတွေအကုန်လုံးဟာ ကျူရိုးနဲ့သာ အသက်ရှူနေရပြီး ဘယ်လိုမှ မလှုပ်နိုင်မယှက်နိုင်ကြဘဲ နေထွက်က နေဝင်ထိ တထိတ်ထိတ်တလန့်လန့်နဲ့ နေကြရတယ်"ဟု ပါဗယ်က ပြောသည်။

ပါဗယ်သည် ရုတ်တရက် သူ့အဖေ၏ရှေ့တည့်တည့်တွင် သူ့ခြေတံရှည်ကြီး နှစ်ချောင်းကို ကားကားရပ်၍ ချောင်းဆိုး၍နာနေသော သူ့အသံကို မထွက်ထွက်အောင် ကြိုးစား၍ထုတ်ပြီးလျှင် သူ၏မုန်းစိတ်ကို ဖုံးကွယ်၍မထားဘဲ "ငါတော့ ငါ့နှာခေါင်းနဲ့ ငါ လွတ်လွတ်လပ်လပ် အသက်ရှူချင်တယ်။ ကျူရိုးနဲ့ မရှူချင်ဘူး။ ငါဟာ အားတော့ မရှိဘူး။ ဒါပေမဲ့ သရဲပေါကြောင်တဲ့လူတော့ မဟုတ်ဘူး။ အဖေက ဘာလို့ကျွန်အဖြစ်နဲ့ နေချင်ရတယ် မပြောတတ်ဘူး။ အဖိုးတန်တဲ့ကျွန်ဟာလည်း ကျွန်ပါပဲ အဖေရဲ့"ဟု ပြောသည်။

ဂိုရင်သည် ပါဗယ်၏ ပြင်းထန်သောစကားလုံးများ၏ ထိုးနှက်ချက်ဒဏ်ဖြင့် ပုံ၍နေသည်။ သူ့သားပြောသည့် စကားများကိုလည်း သူပြန်၍မဖြေနိုင်။ သူ၏ ခံနိုင်ရည် လည်းလျော့၍လာပြီ။ သူ၏အောက်ခြေလည်း လွတ်၍လာပြီ။ ပါဗယ်ဆီ သူလာစဉ်က သူ့စိတ်ထဲကတွေး၍ ကြောက်မိသည့်အတိုင်း အကုန်ဖြစ်၍နေပြီ။

"ငါ့ချက်မြှုပ်နိုင်ငံမှာပဲ ငါ ခေါင်းချချင်တယ်သားရယ်"ဟု ဂိုရင်က ပါဗယ်ကို တောင်းပန်သောသဘောနှင့် ချိုသာစွာပြောသည်။ ထို့နောက် ပါဗယ်ထံ အသနားခံသော သဘောဖြင့် ဂိုရင်သည် ပါဗယ်၏လက်မောင်းကို သွား၍ကိုင်သည်။

"သင် ပြောတာဟာ မှန်သလောက်မှန်တယ်။ ငါ့မှာ သတ္တိမရှိတော့ဘူး"ဟု ဂိုရင်က ပြောသည်။ ဂိုရင်မှာ တုန်၍နေသဖြင့် ပါဗယ်ကိုပါ အတုန်ကူး၍သွားသည်။ တစ်ဖန် ဂိုရင်ကဆက်၍ "ငါ့မှာ သတ္တိမရှိတော့ဘူး။ ဒါပေမဲ့ ငါ့ကိုသင်က မြေနိမ့်ရာ လှံစိုက်တော့ မလုပ်ထိုက်ပါဘူး။ ငါလည်း ငါ့ဟာငါ အများကြီးကို စိတ်မကောင်း ဖြစ်နေပါပြီ"ဟု လေသံသဲ့သဲ့ကလေးဖြင့်ပြောသည်။ ပြီးလျှင်ဆက်၍ "ငါ့ဘဝဟာ သနေစောင်းနေပါပြီ။ ငါ့အသက်ဟာလည်း ကြီးပါပြီ။ ဒီတော့ ငါဟာ အာဏာရှိသူတွေရဲ့ အမုန်းဒဏ်ကို ရင်ဘတ်လှန်ပြီး မခံရဲတော့ပါဘူး"ဟုပြောသည်။

သူ့အဖေ နောက်ဆုံးပြောလိုက်သောစကားကို ကြားရသဖြင့် ပါဗယ်သည် စိတ်မကောင်း၊ ပါဗယ်သည် ယခင်က သူ့အဖေအပေါ်တွင် လှိုက်လှိုက်လှဲလှဲ မချစ်ခဲ့ဖူး သော်လည်း အဆိုပါစကားကို ကြားလိုက်ရသောအခါ လူသတ္တဝါတွေအားလုံးအနက် သူ့အဖေတစ်ယောက်တော့ဖြင့် သူချစ်နိုင်သေးသလို သူ့စိတ်ထဲတွင် ဖြစ်ပေါ်၍လာသည်။ ပါဗယ်သည် သူ့တစ်သက်တွင် ဤတစ်ကြိမ်သာ သနားသောစိတ် ဖြစ်ပေါ်ဖူးသည့်ပမာ သူ့အဖေအပေါ်တွင် အပြင်းအထန် သနားစိတ်ဖြစ်ပေါ်လာပြီးလျှင် သူ့အဖေ၏ ဆံပင် ဖြူဖွေး၍ ငိုက်စိုက်ကျနေသောဦးခေါင်း၊ ရှပ်အင်္ကျီပါးပါးဝတ်ထားသဖြင့် ပေါ်၍ထွက် နေသော လက်ပြင်ရိုး၊ လက်သီးဆုပ်ထားသည့် အချိုးအစားကျသော လက်မောင်းများကို

www.burmeseclassic.com

www.burmeseclassic.com



စိုက်၍ကြည့်နေသည်။ ဂိုရင်သည် သူ့ကိုယ်သူအားတင်း၍ထားသည်ကိုလည်း ပါဗယ်မြင်ရသည်။

''ငါပြောမိတာကို သည်းခံပါအဖေ''ဟု ပါဗယ်က ထစ်ထစ်ငေါ့ငေါ့နှင့်ပြောသည်။ ထို့နောက် သူလည်းချောင်းထဲတွင် ဆို၍လာသည်။ ပြီးလျှင် ချောင်းခြောက်တစ်ချက်ဆိုး၍ ''ငါပြောမိတာကို သည်းခံပါ ငါ မှားသွားပါတယ်''ဟုပြောသည်။

ထို့နောက် နှစ်ယောက်စလုံး တစ်ခဏတာမျှငြိမ်၍နေကြသဖြင့် ပါဗယ်၏ ချောင်းဆိုးသံတစ်ခုတည်းကိုသာ ကြားရသည်။ ပါဗယ်သည် မျက်ရည်လည့်၍လာသည်။ သူ့အဖေက အခန်းထဲမှထွက်လာပြီးနောက် တံခါးကို အသာကလေးပိတ်သွားသောအခါ ပါဗယ်၏ ရောဂါဟောင်းဖြစ်သော စိတ်မချမ်းသာမှုသည် ပြင်းဖွာပေါ်၍လာသည်။

''ကိုင်း…ငါတော့ မူးအောင်သောက်မှပဲ ဖြစ်တော့မယ်။ အများကြီး မူးအောင်သောက်မှပဲ ဖြစ်တော့မယ်။ မူးအောင်မသောက်ရင် ငါ ရူးသွားလိမ့်မယ်''ဟု ပါဗယ်စိတ်ထဲတွင် အကြံဖြစ်၍လာသည်။

※※※

## အခန်း-၁၅

ဂိုရင်သည် သူ့အလုပ်ခန်းသို့ ရောင်လွှဲ၍မရသည့် ပျင်းစရာကောင်းသော ဝတ္တရားတစ်ခုကို ဆောင်ရွက်ရန်သွားသည်။ ထိုဝတ္တရားမှာ အခြားမဟုတ်။ သူ့ဆီသို့ လက်ဆောင်လာပေးကြသူ၊ အကူအညီလာတောင်းကြသူ၊ သူ့ကိုမမြင်ဖူး၍ သက်သက်လာကြည့်ချင်သူစသော ဧည့်သည်များကို ဧည့်ခံရန်ဖြစ်သည်။

သူ၏အတွင်းရေးမှူးက ဧည့်သည်စာရင်းကို ဖတ်ပြသည်။ ထိုစာရင်းထဲတွင် စာရေးဆရာဗေဒေါက်၊ ခါကောဘော်ရှီဗစ်သတင်းစာမှ သတင်းထောက်တစ်ယောက်နှင့် ဂိုရင်ကိုရိုင်ဖယ်သေနတ်တစ်လက် လက်ဆောင်ပေးရန်လာကြသည်။ နယ်စပ်တပ်မှကိုယ်စားလှယ်များပါသည်။ နယ်စပ်တပ်မှ သူ့ကိုလက်ဆောင်ပေးမည့်သေနတ်မှာ သူတို့စာထဲတွင်ပါသည့်အတိုင်းဆိုလျှင် ဘော်ရှီဗစ်နိုင်ငံတော်၏ နယ်ခြားကိုဖြတ်၍ ပြေးရန်ကြံကြသည့် ရန်သူဦးရေတစ်ရာတိတိကို ပစ်သတ်ထားသဖြင့် နာမည်ကျော်ကြားသောသေနတ်ဖြစ်သည်။

ထိုသေနတ်အကြောင်းကိုကြားသောအခါ ဂိုရင့်စိတ်ထဲက ပါဗယ်ကို သွား၍သတိရသည်။ ''သူတို့သတ်ပစ်လိုက်တယ်ဆိုတဲ့လူတွေဟာ ပါဗယ်လို လူမျိုးတွေနဲ့ပဲတူပါတယ်။ ဒါပေမဲ့ ပါဗယ်အတွက်ကတော့ နိုင်ငံကူးလက်မှတ်ယူပေးလိုက်ရင် စိုးရိမ်စရာရှိမှာ မဟုတ်ပါဘူး။ သူတို့တွေဟာ ဘယ်လို မဟုတ်တာတွေများ လျှောက်လုပ်နေကြမှန်း မသိပါဘူး''ဟု ဂိုရင့်စိတ်ထဲက အောက်မေ့သည်။ ပြီးလျှင် သူ့အတွင်းရေးမှူးအား ''သူတို့ အတည်ပြောနေကြတာလား''ဟုမေးသည်။



ဂိုရင်မေးသည့်စကားမှာ လူတစ်ရာသတ်ပစ်ပြီးပြီဆိုသောအချက်ကို မယုံ၍ မေးသည်ဟု ထင်သဖြင့် အတွင်းရေးမှူးက ဂိုရင်အား ယုံကြည်စေလိုသောသဘောဖြင့် ''နယ်စပ်ခရိုင်အမိန့်ပေးဗိုလ်ရဲ့ သက်သေခံလက်မှတ်ပါ ရိုင်ဖယ်သေနတ်နှင့်အတူ ပါလာပါသည်''ဟုပြောသည်။

ဧည့်သည်စာရင်းတွင် ရေးပုံများကို ရွှတ်ပြတတ်သော မိန်းမတစ် ယောက်လည်းပါသဖြင့် ဂိုရင်က စာရေးဆရာဗေဒေါက်ကိုတွေ့ပြီးသည့်နောက် ထိုမိန်းမကို တွေ့သည်။

ပါဗယ်ပြောသော စကားများကို အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သောအခါ ပါဗယ်သည် နိုင်ငံခြားသို့ တစ်ခါတည်းသွား၍နေတော့မည့် အကြံရှိကြောင်းကို ဂိုရင် သဘောပေါက်လာသည်။

''ဒီလိုဆိုရင် ပါဗယ်ကို နိုင်ငံကူးလက်မှတ် ယူမပေးတော့ဘူး''ဟု ဂိုရင်က ဆုံးဖြတ်လိုက်သည်။ ထိုသို့ ဆုံးဖြတ်လိုက်ခြင်းမှာ သူ့သားက ထိုကဲ့သို့လုပ်လျှင် သူ့မှာ အကြီးအကျယ် နာမည်ပျက်လိမ့်မည်ဟု အထင်ရောက်သောကြောင့်ဖြစ်သည်။

ထို့နောက် ဂိုရင်သည် သူ့သားပါဗယ်နှင့် စကားပြောခဲ့စဉ်တွင် သူ့ဟာသူ မမျှော်လင့်ဘဲနှင့် ရှက်စရာကောင်းလောက်အောင် သူညံ့ဖျင်းခဲ့သည့်အဖြစ်ကို ပြန်၍သတိရသည်။ ယခုအခါ ဂိုရင်သည် သူ့တွင်ရှိသမျှသော အပြစ်များကို ပါဗယ်အပေါ်သို့ ပုံ၍ချသည်။ သူ့ဟာသူ ညံ့ဖျင်းသည့်အဖြစ်ကိုပင် ပါဗယ်ကြောင့်ဟု သူ သဘောရသည်။ ဤနည်းဖြင့် ဂိုရင်သည် အချိန်ကြာလေလေ ပါဗယ်အပေါ်တွင် ပို၍စိတ်ဆိုးလာလေလေ ဖြစ်သည်။

သူ၏အတွင်းရေးမှူးက ဧည့်သည်စာရင်းကို ဖတ်ပြပြီးနောက် သူ့ကို ခိုင်းစရာ အခြားအလုပ်များ ရှိပါသေးသလားဟု မေးသောအခါ ဂိုရင်က ပါဗယ်ကို ဘယ်နည်းနှင့်ဖြစ်ဖြစ် ဖယ်ရှားပစ်မှပင်ဖြစ်မည်ဟု သဘောရသဖြင့် သူ့အတွင်းရေးမှူးအား ပါဗယ်နှင့် ဆရာဝန်အတွက် နိုင်ငံကူးလက်မှတ်ယူ၍ ပေးလိုက်ရန်ခိုင်းသည်။ ''မြင်းသစ်ပြည်အတွက် ကိစ္စကဆေးကုဖို့''ဟု အတွင်းရေးမှူးကို ဂိုရင်က အမိန့်ပေးလိုက်သည်။ ထို့နောက် ဂိုရင်သည် သူ့ခေါင်းပေါ်က လေးလံသောဝန်ထုပ်ကြီး ကျ၍သွားဘိသည့်အလား စိတ်သက်သာရာရသွားသဖြင့် ရှုတ်တရက် သက်မချလိုက်သည်။

စာရေးဆရာဗေဒေါက်နှင့်တွေ့သောအခါ ဂိုရင်စိတ်ထဲက ဗေဒေါက်အား မည်သည့်စာရေးဆရာ အတန်းအစားထဲသို့ ထည့်ရမည်ဟုမဝေခွဲနိုင်။ ဂိုရင်သည် စာရေးဆရာများကို သုံးမျိုးသုံးစားခွဲ၍ထားသည်။ ပထမအမျိုးအစားမှာ ရာထူးယူ၍ ကြီးပွားလိုသူများဖြစ်သည်။ ထိုစာရေးဆရာမျိုးတို့သည် ရာထူးကြီးကြီး တစ်ခုခုရဖို့အတွက် သူ၏ ထောက်ခံချက်လက်မှတ်ကို လာတောင်းလေ့ရှိသည်။ ဒုတိယအမျိုးအစားမှာ သူတို့အား ကလောဝ်ဆျာနှင့်မဝေဖန်ဘဲ ရိုင်ဖယ်သေနတ်များနှင့်လည်းကောင်း၊ ဖမ်းစေဟမိန့်များဖြင့်လည်းကောင်း ''ဝေဖန်ကြသူ''တစ်စု၏ဘေးမှ ကာကွယ်ပေးရန် သူ့ဆီသို့

www.burmeseclassic.com

www.burmeseclassic.com



အပြေးအလွှားလာ၍ အကယ်ဆယ်နိုင်းသူလူမျိုးဖြစ်သည်။ အဆိုပါ ကံဆိုးသူအမျိုးအစား စာရေးဆရာများကို ထောင်ထဲမှ ဂိုရင် ထုတ်၍ပေးရသည်မှာများလှပြီ။ ထိုစာရေးဆရာ အမျိုးအစားသည် စိတ်မချမ်းသာစရာအကောင်းဆုံး အမျိုးအစားဖြစ်သည်။ တတိယ အမျိုးအစားမှာ စာရေးဆရာအသစ်များဖြစ်သည်။ သူတို့သည် စာအုပ်လည်း မထုတ်မှု သေး။ ဘယ်ဒင်းကိုမရေးရဘူး။ ဘယ်ဒင်းကိုသာ ရေးရမည်ဟု အစိုးရက "ဆင်ဆာ" လုပ်ခြင်းဒဏ်ကိုလည်း မခံဖူးသေးသဖြင့် အများအားဖြင့် ကလေးတွေးတွေး၍ နေကြသော ရိုးအသော စာရေးဆရာကလေးများဖြစ်သည်။ သူတို့သည် ကြီးကြီးကျယ် ကျယ်စီမံကိန်းထုတ်တတ်သဖြင့် သူတို့ကို ဂိုရင် သဘောကျသည်။

ဗေဒေါက်သည် စာရေးဆရာသုံးစားအနက် မည်သည့်အစားတွင်မျှမပါ။ သူသည် ဂိုရင်ထံမှ ထောက်ခံချက်လက်မှတ်ကိုလည်းမတောင်း၊ ဂိုရင်၏ ကယ်ဆယ်ခြင်း ကိုလည်း အလိုမရှိ၊ သူသည် စာရေးဆရာအသစ်လည်း မဟုတ်။ ဗေဒေါက်လာခြင်းမှာ သူ့စာအုပ်အသစ်အကြောင်းနှင့်ပတ်သက်၍ ဂိုရင်နှင့် နှီးနှောလိုခြင်းကြောင့်သာဖြစ်သည်။ ထို့ပြင် သူ့တွင် အခြားကိစ္စဘာမျှမရှိ။

ဗေဒေါက်က သူ့စာအုပ်အကြောင်းကို ဂိုရင်အားပြောပြသည်။ သူ့စာအုပ်၏ အမည်မှာ (ချမ်းသာသောလမ်း)ဖြစ်သည်။ ဝတ္ထုအကြောင်းမှာ ယုတ်မာသောလယ်ပိုင်ရှင် အငယ်စားကုလတ်တစ်ယောက်သည် ဆော်ဗီယက်အစိုးရကို အကြီးအကျယ်စိတ်ဆိုးသဖြင့် အစိုးရကျီတစ်ခုကို မီးရှို့လိုက်သည်။ သို့ရာတွင် ထိုသို့မီးရှို့နေခိုက်တွင် သူ့သားကတွေ့သွား သဖြင့် သူ့သားက မြင့်မြတ်သောဒေါသဖြင့် မိန့်ခွန်းမြွက်ကြားပြီးလျှင် သူ့အဖေကို အာဏာ ပိုင်များထံသို့ဖမ်း၍အပ်လိုက်သည်။ အာဏာပိုင်များက အဖေကိုသေနတ်နှင့်ပစ်၍ သတ် လိုက်သောအခါ လူတိုင်းလူတိုင်း ရွှင်လန်းဝမ်းမြောက်ကြကုန်သတည်း ဟူ၍ဖြစ်သည်။

စာရေးဆရာ ဗေဒေါက်တွင် သူ့ဝတ္ထုကို ဘယ်လိုအဆုံးသတ်ရမှန်း မသိသည့် သိမ်မွေ့သောပြဿနာပေါ်၍နေသည်။ "ကုလတ်" လယ်ပိုင်ရှင် အသေးစားတစ်ယောက် ၏သားကို ဇာတ်လိုက်အရာ၌ထား၍ ရွှေတံဆိပ်ပေးကာ သူ့ဝတ္ထုကို အဆုံးသတ်လိုက်ရ မလား၊ ထိုသို့မဟုတ်ဘဲ သူ့ဇာတ်လိုက်အား လူထုရန်သူကုလတ်၏သွေးဖြစ်နေသည့် အပြစ်မှ ကင်းစင်ပပျောက်သွားစေရန် ချွေးတပ်စခန်းသို့ လေးငါးခြောက်လပို့လိုက်ကာ အဆုံးသတ်လိုက်ရမလားဟု ဗေဒေါက်သည် မဝေခွဲတတ်အောင် ဖြစ်နေသည်။

ဗေဒေါက်သည် အထက်ပါ သိမ်မွေ့သောပြဿနာကို စာရေးဆရာကြီး ဂိုရင့်ထံတင်ပြရန် အကြံနှင့်လာခဲ့သည်။ ဂိုရင်သည် ထိုပြဿနာကိုဖြေ၍ ပေးနိုင်ဖွယ်ရှိ သည်ဟု သူ သဘောရသည်။

ဂိုရင်က "သူ့ဝတ္ထုကို ဒီလိုအဆုံးသတ်လိုက်ရင် မကောင်းဘူးလား။ ဥပမာ သင့်ဇာတ်လိုက်ရဲ့ အဖေအစစ်ဟာ ကုလတ်မဟုတ်ဘဲ တကယ့်အဖေအစစ်က စုပေါင်း ထွန်ယက်ရေး သမဝါယမဥက္ကဋ္ဌကြီးဆိုပါတော့။ ပြီးတော့ အဲဒီအကြောင်းကိုလည်း သင့်ဇာတ်လိုက်ရဲ့အမေနဲ့ ဥက္ကဋ္ဌကြီးနှစ်ယောက်ကလွဲပြီး ဘယ်သူမှမသိကြဘူး။ သင့်



ဇာတ်လိုက်ရဲ့အမေကလည်း ဟိတ်မထုတ်ချင်တာနဲ့ ဒီအကြောင်းကို ဘယ်သူ့မှ မပြောဘဲနဲ့ မြုံထားခဲ့မယ်ဆိုပါတော့။ အဲဒီလိုဆိုရင် သင့်ဇာတ်လိုက်ကို ချွေးတပ်စခန်းသို့ ပို့ဖို့လို တော့မှာမဟုတ်ဘူး။ သူ့အဖေအစစ် ဥက္ကဋ္ဌကြီးရဲ့အိမ်ကို ပြန်ပို့လိုက်ပြီး ဥက္ကဋ္ဌကြီးရဲ့ အပါးတော်မြဲမှ ချောချောလှလှကလေးတစ်ယောက်နဲ့ မင်္ဂလာဆောင်ပေးလိုက်ရင် ပြီးသွားမှာပဲ" ဟု လေးလေးနက်နက် စဉ်းစား၍ပြောဟန်ဖြင့်ပြောသည်။

ထိုသို့ပြောပြီးသောအခါ ဗေဒေါက်က ဟက်ဟက်ပက်ပက်ရယ်လိုက်လိမ့် မည်ဟု ဂိုရင့်စိတ်ထဲကထင်မိသည်။ သို့ရာတွင် ဗေဒေါက်သည် လုံးဝမရယ်။ အင်မတန် ဟုံသြ၍ သဘောအကျကြီးကျသွားသဖြင့် မျက်နှာများပင် ဖြူရွှ၍သွားသည်။ ပြီးလျှင် ဗေဒေါက်က "အင်မတန် အဖိုးတန်တဲ့အကြံပါ။ ကျေးဇူးအများကြီးတင်ပါတယ် ဂိုရင် ရယ်" ဟု လေသံနှင့်ပြောပြီးလျှင် ဂိုရင် ပေးလိုက်သည့်အကြံကို မေ့သွားမည်စိုးသဖြင့် အသက်ကိုပင်အောင့်ကာ ကမန်းကတန်း ထ၍ပြန်သွားသည်။

ဗေဒေါက်ကို အခန်းဝထိလိုက်ပို့လိုက်ပြီးလျှင် ကိုယ့်ဟာကိုယ်လွှမ်းနေသည့် စတုတ္ထအမျိုးအစား စာရေးဆရာလည်း ရှိသေးသကိုးဟု ဂိုရင့်စိတ်ထဲက အောက်မေ့ မိသည်။

ထို့နောက် ဂိုရင်သည် ရေးပုံရွတ်သူ မိန်းမငယ်သည်ကို ပျူပျူငှာငှာညွှ်ခဲ၍ သူရွတ်ပြမည့်ပုံကို မျက်စိမှိတ်ကာ စူးစိုက်၍နားထောင်သည်။

ရေးပုံရွတ်သူမိန်းမက "ငါ ရွတ်ပြမယ့်ပုံက လင်းယုန်လီနင်နှင့် ချိုးသိမ်း စတာလင်ပုံပါ။ လင်းယုန်လီနင်သည် သူသေခါနီးသောအခါ ချိုးသိမ်းစတာလင်ကိုခေါ်၍ အမွေပေးခဲ့ပါသည်"ဟု ရွတ်လိုက်သည်။

ဂိုရင်သည် နားမခံသာသဖြင့် မျက်နှာမဲ့၍သွားသည်။ ပရိယာယ်များသော မိန်းမသည် ရေးပုံကိုရွတ်မပြဘဲ အစိုးရထုတ် ကွန်မြူနစ်ပါတီသမိုင်းကို ရွတ်ပြနေသည်။ စတာလင့်နာမည်ကို ရွတ်ခါနီးတိုင်း ချိုးသိမ်းစတာလင် နေဝန်းစတာလင်၊ အလင်းရောင် စတာလင်ဟု ဝိသေသခံ၍ရွတ်ပြသည်။ ထိုမိန်းမ၏ရေးပုံမှာ ကွန်မြူနစ်ဝါဒဖြန့်ဌာနမှ ပေါက်ဖွားလာသော ပုံဖြစ်သည်မှာ ထင်ရှားသည်။ ချိုးသိမ်းစတာလင်နှင့် မြွေမွေးထရော် စကီတို့ အာဏာလုခန်းပုံဟောင်းကြီးကို ရွတ်မပြရသေးခင်ပင် ဂိုရင်သည် ပုံရွတ်မိန်းမ အား တံခါးဝသို့လိုက်ပို့ပြီး ပြန်လွှတ်လိုက်သည်။

နီနာက အန်ဒရေကို ဝတ္ထုဖတ်ပြ၍အပြီးတွင် ဂိုရင် ဝင်လာသည်။ နီနာ ထွက်သွားပြီးနောက် အန်ဒရေနှင့် နှစ်ယောက်တည်းကျန်နေသောအခါ ဂိုရင်နှင့် အန်ဒရေတို့ တော်လစတွိုင်း၏ ဝတ္ထုအကြောင်းကို ဆွေးနွေးနေကြရင်းမှ လူသားတို့၏ အကျိုးကို အဓိကထားရေးဝါဒသို့ စကားဆက်သွားသည်။

အန်ဒရေက "ဒီမှာ ဂိုရင်၊ သင် ရေးတဲ့ဆောင်းပါးတစ်ခုတည်းမှာ သင်တ လှို့ဝှက်ပုလိပ်သဘာပတိ ဇာဇိန်စကီရေးတဲ့ စာတစ်စောင်ကို ကိုးကားထားတာ ငါ တွေ့ဖူးတယ်"ဟု အသံတုန်တုန်နှင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



''အဲဒီစာအကြောင်းနဲ့ပတ်သက်လို့ သင်က ဘယ်လိုပြောချင်သလဲ'' ဟု ဂိုရင်က မေးသည်။

''အဲဒီစာကို သင် ကိုးကားတဲ့အချိန်ဟာ နှစ်နှစ် သုံးနှစ်လောက်ရှိသွားပြီ။ အဲဒီအခါတုန်းကလည်း သင်ဟာ ရုရှပြည်မှာ မရှိဘူး။ အီတလီပြည်မှာ ရောက်နေတယ်။ ဟိုအခါတုန်းကတော့ ဇာမိန်စကီရဲ့စာကို သင် သဘောကျလို့ ကိုးကားတာနဲ့ပဲတူတယ်။ အခုကော ဘယ့်နှယ်လဲ။ အဲဒီစာကို သင် သဘောကျသေးသလား'' ဟု အန်ဒရေက မေးသည်။

ဂိုရင်က စိတ်မချမ်းမသာဖြစ်နေသော မျက်နှာထားဖြင့် အန်ဒရေကို မျက်နှာလွှဲနေပြီး စကားပြန်မပေး။

''သင် ငါမေးတာ ဘာလို့မဖြေသလဲ''

''ဇာမိန်စကီပြောတာကို အခုလည်း ငါ သဘောကျသေးတာပဲ။ သူ့စကားက အကျိုးအကြောင်းနဲ့ ညီညွတ်တယ်။ ဒီကိစ္စမျိုးမှာ ဟုတ်မှန်တဲ့အတိုင်း စဉ်းစားတတ်ဖို့လိုတယ်''

''အဲဒီစာဟာ ဇာမိန်စကီက ကြိုးကိုင်အဖွဲ့နဲ့ အထူးသဖြင့် ဒုရောက်တို့လို လက်အောက်အာဏာပါးကွက်သားတွေ လိုက်နာဖို့အတွက် ရေးပေးတဲ့လုပ်ငန်းစဉ်ပဲ။ အဲဒီစာကို ဖွဲ့နွဲ့မပြောဘဲ တိုက်ရိုက်အဓိပ္ပာယ်ကောက်လိုက်ရင် သင်တို့သည် သင်တို့၏ သတ်ဖြတ်ညှဉ်းပန်းမှုကို ခိုင်မြဲစွာယုံကြည်ရမည်။ သင်တို့ကျူးလွန်ရသော ညှဉ်းပန်းမှုများသည် မကျူးလွန်ဘဲနေ၍မရသော အမှုများဖြစ်သည်ဟုလည်း ကောင်းကောင်း သဘောပေါက်ကြရမည်။ ထောင်ပေါင်းများစွာသောသူတို့ကို အဆုံးစီရင်ပါ။ သို့စီရင်ရာတွင် နှောင့်နှေး တွန့်တိုခြင်း မရှိပါနှင့်။ ဒီလိုလုပ်မှသာ လောကဟာကြီးပွားနိုင်သည်။ သန်းပေါင်းများစွာသော သူတို့ကိုလည်း ကျွန်ဘဝသို့ပို့ပါ။ ဒီလိုလုပ်မှသာ ''လွတ်လပ်ခြင်း'' ကို ရနိုင်သည်လို့ အဓိပ္ပာယ်ရတယ်မဟုတ်လား။ ပြီးတော့ ဒုရောက်နဲ့ တခြားကောင်ယုတ်မာတွေက လူတွေကို ထောင်ထဲသွင်းပြီး အရိုးတွေကြေကုန်အောင် ရိုက်နှက်၊ သွေးချောင်းစီးနေတဲ့အထဲမှာ ဆင်းပြီး အပြစ်မရှိတဲ့လူတွေကို လူစဉ် မမီအောင်လုပ်၊ အဲဒီလို အလုပ်ခံရတဲ့သူတွေရဲ့ ဟစ်အော်ငိုကြွေးသံတွေကို ကြားရတဲ့အခါမှာ မျက်စိစုံဖွင့်ပြီး ကြံ့ကြံ့ခိုင်ခိုင်နေတတ်ရမယ်လို့ ဆိုလိုတာပဲ မဟုတ်လား။ ဒါမှသာ ဘဝရဲ့အရသာဟာ ပေါ်မယ်လို့ဆိုလိုတာပဲမဟုတ်လား။ ဘယ့်နှယ်လဲ ဂိုရင်၊ ဘော်ရှီဗစ်တို့က လူသားတို့၏အကျိုးကို အဓိကထားရမယ်ဆိုတာဟာ အဲဒါတွေကိုပဲ ဆိုလိုတယ် မဟုတ်လား'' ဟု အန်ဒရေက ပြောသည်။

''တော်ကွာ တော်ကွာ အန်ဒရေ၊ သင်ဟာ ငါ့ကို သက်သက်စိတ်မချမ်းသာအောင် ပြောနေတာပဲ'' ဟု ဂိုရင်က ပြောသည်။

''ဘယ့်နှယ်လဲ ငါ ပြောတာကို သင် မကြိုက်ဘူးလား။ ငါက ကိုယ်ပိုင်စိတ်ရဖူးတော့ မပြောဘဲမနေနိုင်ဘူး။ ငါ့အဖေလည်း ဒီလိုနဲ့ပဲ အသက်ပျောက်သွားရတာပဲ။



ငါ့အဖေဟာ အဲဒီလို သူတို့ညှဉ်းပန်းနှိပ်စက်လို့ အော်နေရတုန်းကလည်း သင် အီတလီပြည်မှာနေတုန်းကရေးခဲ့တဲ့ဆောင်းပါးကို သတိရသွားမှာပဲထင်တယ်။ ဘယ့်နှယ်လဲ ဂိုရင်။ သူများအသက်ဟာ ဘာမှ နှမြောစရာမကောင်းဘူး မဟုတ်လား'' ဟု အန်ဒရေက ပြောသည်။

''သင့်မျက်နှာကို ငါ မကြည့်ချင်ဘူး။ သင့်အသံကိုလည်း ငါ မကြားချင်ဘူး'' ဟု ဂိုရင်က ပြောသည်။

''မပူပါနဲ့ဂိုရင်၊ သင့်အိမ်မှာ ငါ ဆက်မနေတော့ပါဘူး''

''ဒါပဲကြိုက်တယ်၊ ဒါပဲကြိုက်တယ်'' ဟုပြောပြီးလျှင် ဂိုရင်သည် အခန်းတံခါးကို ဂျုံးခနဲပိတ်ပြီး ထွက်သွားသည်။ ပြီးလျှင် ''ဒီကောင်ကို ငါ့အိမ်မှာလက်ခံထားမိတာ မှားတာပဲ။ ငါ့နားမှာရှိတဲ့အကောင်တွေဟာ တစ်ကောင်မှ မကောင်းဘူး။ ဒီကောင်တွေကို အကုန်မောင်းထုတ်ပစ်မယ်။ အန်ဒရေကို အရင်ဆုံး နှင်ပစ်လိုက်မယ်'' ဟု ဂိုရင့်စိတ်ထဲက အောက်မေ့သည်။

နေ့လယ်တွင် လီဒါက အန်ဒရေ၏အမေကို အန်ဒရေဆီသို့ခေါ်လာသည်။ အန်ဒရေသည် သူ့အမေနှင့်ကူကြွေမပျက် ချစ်ခင်ကြင်နာစွာ စကားပြောသည်။ သို့ရာတွင် လီဒါကမူ အန်ဒရေ မျက်နှာပျက်နေသည်ကိုသိသည်။ အန်ဒရေက ဂိုရင့်အိမ်တွင် သူ မနေတော့ဘူးဟုပြောသောအခါ လီဒါမှာ အံ့အားသင့်၍သွားသည်။

''သူတို့က ဘယ်လောက်ပဲခင်ခင် သူတို့ကိုအနှောင့်အယှက်လာပေးနေရင် မတော်ဘူး'' ဟု အန်ဒရေက သူ့အမေကိုပြောသည်။

သူ့အမေက ''သင့်အဖေလည်း သေပြီသားရှေ'' ဟုပြောပြီးငိုသည်။ အန်ဒရေက မငိုပါနဲ့အမေရယ်ဟု အားပေးသည်။ သူ့အမေပြန်သွားသောအခါ အန်ဒရေက ကောင်းကောင်းမွန်မွန် နှုတ်ဆက်လိုက်သည်။ အန်ဒရေ့အမေသည် သူ့သားဆီမှပြန်လာသောအခါ သူ့စိတ်ထဲက ''ငါ့သား ချက်စိကြည့်ပုံဟာ ဆန်းပါတယ်'' ဟု အောက်မေ့မိသည်။

ဂိုရင်က နီနာသည် အန်ဒရေကိုကြိုက်နေသဖြင့် သူ့အိမ်မှ အန်ဒရေ မသွားစေရန် နီနာက ကာဆီးကာဆီးလုပ်နေမည်စိုးသဖြင့် သူ့အိမ်သို့ နီဗီကောက်ကိုလာရန် ဖိတ်လိုက်သည်။

နီဗီကောက်မရောက်ခင် ဂိုရင်သည် သူ့မိန်းမလူဗာနှင့် တိုင်ပင်သည်။ ပါဗယ် ပါရစ်မြို့သွားရန်အတွက် လူဗာက သဘောတူသည်။ ပါဗယ်ရှိနေသည့်အတွက် ဂိုရင် စိတ်မချမ်းသာခြင်းကိုလည်း လူဗာသိသည်။ ပါဗယ်သည် ပါရစ်မြို့သို့သွားလျှင် ရုရှပြည်သို့ ပြန်လာတော့မည်မဟုတ်သည့်အကြောင်းကိုမူ ဂိုရင်က သူ့မိန်းမကို ပြော၍မပြ။

နီနာသည် နီဗီကောက်ကို ကြိုက်၍နေပြီဖြစ်သည့်အကြောင်းကို ဂိုရင်က ပြောပြသောအခါ လူဗာက အံ့အားသင့်ကာ ပြုံး၍နေသည်။ ဂိုရင်က ပါမောက္ခ နီဗီကောက်က သူ၏ရာဇဝင်မှတ်တမ်းများလာပို့ခြင်းမှာ နီနာနှင့်တွေ့ရအောင် ဉာဏ်ဆင်

www.burmeseclassic.com

www.burmeseclassic.com



ခြင်းသာဖြစ်သည်ဟု ဂိုရင်က လူဗာကို ပြောပြသည်။ ဂိုရင်သည် နိုဗိကောက်၏ မှတ်တမ်းကို မဖတ်ရသေးသော်လည်း အလိုက်သိသောသဘောဖြင့် ဖတ်ပြီးပြီဟု လိမ်ပြောလိုက်ရကြောင်းနှင့် လူဗာကိုပြောပြသည်။

ညစာစားပြီးသောအခါ ဂိုရင်သည် နိုဗိကောက်အား နောက်ထပ်လိမ်၍ ရလမ်းမရှိတော့သဖြင့် သူ့အလုပ်ခန်းသို့သွား၍ နိုဗိကောက်၏မှတ်တမ်းကို ဖတ်သည်။

နိုဗိကောက်၏မှတ်တမ်းမှာ ကြောက်စရာ အီဗန်ဇာဘုရင်အကြောင်းဖြစ်သည်။

ဂိုရင်စိတ်ထဲက "အီဗန်ခေတ်နဲ့ အခုခေတ်ဟာ သိပ်တူတာပဲ။ ဟိုခေတ်တုန်းကဆိုရင် အပြစ်မရှိတဲ့လူတွေအများကြီး သေကြရတယ်။ ငါ့စိတ်ထဲက အီဗန်ကို ဘီလူးလိုအောက်မေ့မိခဲ့တယ်။ အခု ပါမောက္ခလေး နိုဗိကောက်ရဲ့ ယူဆပုံကတော့တစ်မျိုးပဲ။ ငါ့ယူဆပုံနှင့် လုံးလုံးမတူဘူး"ဟု ဂိုရင် သဘောရသည်။

ဂိုရင်သည် အန်ဒရေက သူ့ကိုကဲ့ရဲ့ခြင်း၊ ပါဗယ်က အပြစ်တင်ခြင်းများကို ပြန်၍ သတိရပြီးလျှင် "ကောင်းပြီး သင်တို့ ငါ့ကို ကဲ့ရဲ့တာတွေ အပြစ်တင်တာတွေကို တစ်လုံးမကျန် ငါ အကုန်လုံးပြန်ချေမယ်။ သင်တို့ဟာ မျက်မွေးတစ်ဆုံးထက် ပိုမမြင်တဲ့ သူတွေဆိုတာကို ငါ ထင်ရှားအောင်ပြမယ်။ တော်ပြီ ငါ အားမငယ်တော့ဘူး။ ငါ ယူဆတာတွေ ဟာမှန်တယ်။ ဂလူယက်တို့ ပါဗယ်တို့ အန်ဒရေတို့ ယှူးဆိတ်တို့ဟာ ပေါင်းအပ်တဲ့သူတွေ မဟုတ်ဘူး။ ပါမောက္ခလေး နိုဗိကောက်လိုလူမျိုး များများရှာပြီး ငါပေါင်းမယ်။ ငါဘယ်လောက် စွမ်းတယ်ဆိုတာကို ငါ့ပြဇာတ်က သက်သေခံလိမ့်မယ်"ဟု တွေးလျက်ရှိသည်။

ပြီးလျှင် အို…ရည်းစားဟူမိနေတဲ့ ပါမောက္ခလေး၊ သင့်မှတ်တမ်းဟာ ငါ့အတွက် အများကြီး ကျေးဇူးရှိစေလိမ့်မယ်ဆိုတာကို သင် ရေးနေတုန်းက သင့်ဟာသစ် သိရှာမယ် မဟုတ်ဘူး။ ဒါကြောင့် "အချစ်ဆိုတာ မျက်စိမရှိဘူးလို့ ပြောကြတာပဲ"ဟု တွေးပြီးလျှင် ဂိုရင်သည် ပြုံးလျက်ရှိသည်။

※※※

## အခန်း-၁၆

နိုဗိကောက်သည် ဂိုရင်၏နန်းတော်ကြီးသို့ စုတ်ချာသောဝတ်စုံဖြင့်မသွားချင်သဖြင့် ဝတ်စုံအသစ်ရှာရန် ကြံစည်လျက်ရှိသည်။

နီကိုလေ၏ လမ်းညွှန်ချက်အရ နိုဗိကောက်သည် ဝတ်စုံအသစ်ရနိုင်သောနေရာ သူခိုးဈေးသို့ သူစုထားသော ရှူဒဂါးလေးထောင်ကို ယူ၍သွားသည်။ သူခိုးဈေးသည် အသုံးမပြု၍နှစ်ရှည်လများပိတ်ထားသော ဘုရားရှိခိုးကျောင်းအနီးတွင်ရှိသည်။ သူခိုးဈေးသည် လူစည်ကား၍ ဖုံတထောင်းထောင်းထနေပြီး မျက်နှာထားဆိုးဆိုးနှင့် စောင့်နေသော စစ်သားများလည်းရှိနေသဖြင့် နိုဗိကောက်လန့်၍သွားသည်။ ထိုဈေးသို့



လာကြသူများသည် အနားတွင်စစ်သားများစောင့်နေသဖြင့် လမ်းလျှောက်လာကြဟန်ဖြင့် မိမိတို့ဝမ်းထဲက အကြံကို မျက်နှာတွင်ထုတ်၍မပြဘဲ ဘေးဘက်အပေါ်ဘက်တို့ကိုသာ တစေ့တစောင်း ကြည့်၍သွားကြပြီးလျှင် တစ်ယောက်နှင့်တစ်ယောက် နီးကပ်လာမှ "ဂျုံမှုန့် နှစ်ပေါင်ပေးရင် ဘွတ်ဖိနပ်တစ်ရံရမယ်" "သကြားတစ်လုံးပေးရင် ရှေရင်ထိုး တစ်ချောင်းရမယ်"ဟု မသိမသာပြောကြသည်။ အသပြာနှင့်ရောင်းမည်ဟု မည်သူကမျှ မပြောသဖြင့် နိုဗိကောက်မှာ စိတ်ပျက်၍သွားသည်။ အစောင့်စစ်သားများက လူများစုရုံးစုရုံးလုပ်နေသည်ကိုမြင်၍ "ဟေ့ ဘာအရောင်းအဝယ်လုပ်နေကြတာလဲ"ဟု အော်လိုက်သောအခါ လူများက သူတို့လက်ထဲ၌ ဘာမျှမရှိသည်ကို ပြကြသည်။ သူခိုးဈေးသို့ မည်သည့်ကုန်ကိုမျှ ယူ၍မလာကြ။ မိမိတို့ရောင်းလိုသော ပစ္စည်းများကို တော်ရာတွင် ပုက်၍ထားကြသည်။

စောင်စုတ်ကလေးကို ခြုံ၍လာသော အမယ်အိုတစ်ယောက်က "ဂျုံမှုန့် နှစ်အိတ်ပေးရင် ဝတ်စုံတစ်စုံကောင်းကောင်းရမယ်"ဟု နိုဗိကောက်ကို မကြားတကြားကလေးပြောသည်။ နိုဗိကောက်တွင် ဂျုံမှုန့်မရှိ။ နိုဗိကောက် အမယ်အိုနှင့်းတူ မိုးပေါ်ကို မော့ကြည့်ရင်းနှင့် "ငွေနှစ်ထောင်ပေးရင်ကော မရဘူးလား"ဟု တိုးတိုးကလေး မေးသည်။

"ငွေမလိုချင်ဘူး။ ဂျုံမှုန့်ရရ၊ သကြားရရလို့ချင်တယ်"

နိုဗိကောက်တွင် ကုန်စုံဆိုင်နှင့် အဆက်မရှိသဖြင့် အခက်ကြုံနေပြီ။ သို့ရာတွင် နိုဗိကောက်က အကြံမလျှော့ဘဲ "ဒါဖြင့် ဂျုံမှုန့်ရအောင်ရှာပေးမယ်။ ဒါပေမဲ့ ဝတ်စုံကို တော့ ကြည့်ပါရစေဦး"ဟုပြောသည်။

အမယ်အိုက မသင်္ကာသောမျက်နှာထားနှင့်ကြည့်၍ "သင်ဟာ ပုလိပ် …ထောက်ချမယ့် လူစားထဲကတော့ မဟုတ်ပါဘူး။ သင့်ရုပ်ရည်က သန့်ပြန့်ပါတယ်။ အင်ဂျင်နီယာ လား ဘာလားမသိဘူး"ဟုပြောသည်။

"ဟုတ်ပါတယ်။ အင်ဂျင်နီယာပါ။ ငါ မင်္ဂလာဆောင်ဖို့ ဝတ်စုံလိုနေလို့ပါ အမေ"

အမယ်အိုသည် မသင်္ကာစိတ်ပျောက်သွားပြီး ဘေးပတ်ဝန်းကျင်သို့ကြည့်ကာ "ဒါဖြင့် အမေ့နောက်က လိုက်ခဲ့ပေတော့။ သိပ်ပြီး နီးနီးကြီးကပ်မလိုက်နဲ့"ဟု ကမျာကယာပြောပြီး နောက်သို့ပြန်မကြည့်ဘဲ သုတ်သုတ် သုတ်သုတ်နှင့် ထွက်သွားသည်။ အမယ်အိုသည် သူ့အန္တရာယ်ကို သူမြင်သည်။

အမယ်အိုသည် ချုံများဖုံးနေသော ကွက်လပ်တစ်ခုရှိ သစ်တုံးများကြားသို့ သွားသည်။ သစ်တုံးပေါ်တွင် လူနှစ်ယောက်ထိုင်နေသည်ကိုမြင်သောအခါ နိုဗိကောက်သည် ခြေလှမ်းတုံ့၍သွားသည်။ သစ်တုံးပေါ်တွင် ထိုင်နေသူနှစ်ယောက်အနက် တစ်ယောက်မှာ ဒူရောက်၏သား အိုးလိတ်ဖြစ်သည်။ အိုးလိတ်၏လက်တွင် ကြိုးစည်း မဖြုတ်ရသေး။ သူ့ပါးတစ်ဖက်က အမာရွတ်မှာလည်း နီရဲနေတုန်းရှိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



''အလို ပါမောက္ခပါလား''ဟု အိုးလိတ်က အာရှင်ရှင်နှင့် ဆီး၍နှုတ်ဆက်သည်။ အိုးလိတ်သည် ပါမောက္ခလာသည်ကို မအံ့ဩ။ အမှန်အားဖြင့် သူလာသည့်အတွက် ဝမ်းပင်သာသေးသည်။ ပြီးလျှင် အိုးလိတ်က ''ဘယ့်နှယ်လဲ အရောင်းအဝယ် လုပ်ဖို့လာသလား''ဟု နိုဗီကောက်ကို မေးသည်။

နိုဗီကောက်က သွယ်ဝိုက်မနေဘဲနှင့် ''ဘယ်မလဲဝတ်စုံက''ဟုမေးသည်။

''ရှိပါတယ်။ ဟေ့…ဗန်ကာရေ။ သားရေအိတ်ယူခဲ့ဟေ့''ဟု အိုးလိတ်က သူ့အဖော်ကိုပြောသည်။

ထိုအခါ အမယ်အိုသည် ထိတ်လန့်သောအမူအရာနှင့် တောင်မြောက်လေးပါးကို ကြည့်၍ ''မကောင်းတဲ့အလုပ်နဲ့ အသက်မွေးရတာ ကြောက်စရာကြီးပဲ''ဟု ပြောသည်။

''မပူပါနဲ့။ နောက်ပြီးတော့ သင့်အတွက် ငါ ပေးပါမယ်''ဟု အိုးလိတ်က ပြောသည်။ ဂျုံမှုန့်ငါးဆယ်သားနော်။ တော်တော်ကြာမေ့မနေနဲ့''

''စိတ်သာချပါ။ ရပါစေ့မယ်''

အမယ်အို သွားသောအခါ ဗန်ကာက သားရေအိတ်ကိုယူလာပြီး အထဲက ဝတ်စုံကိုထုတ်ပြသည်။ ဝတ်စုံမှာ နိုင်ငံခြားလုပ် အသစ်စက်စက်ဖြစ်သည်။

နိုဗီကောက်သည် ဝမ်းသာစွာဖြင့် ''ငါနဲ့တော်ရင်တော့ ကော်တာပဲ''ဟု အောက်မေ့သည်။

''ငါ ဝတ်မကြည့်ရဘူးလား''

''ဝတ်ကြည့်လေ။ ဘယ်သူမှ မရှိပါဘူး''ဟု အိုးလိတ်ကပြောပြီး စီးကရက်တိုကိုပါ ပါးစပ်ထဲမှ ထွေးပစ်လိုက်သည်။ အိုးလိတ်ပါးစပ်ထဲတွင် ရွှေသွားတစ်ချောင်း ကျိုးနေသည်ကို နိုဗီကောက် မြင်လိုက်ရသည်။

လက်အနည်းငယ် ရှည်နေသည်မှတစ်ပါး အင်္ကျီမှာ သူနှင့်အတော်ပဲဖြစ်သည်။ ဘောင်းဘီကိုမူ ဝတ်မကြည့်ဘဲ အပြင်မှဖြန့်၍တိုင်းကြည့်ရာ သူနှင့် အတော်ပင်ဖြစ်သည်ကို နိုဗီကောက်တွေ့ရသည်။

''ငါ ယူမယ်''

''အမယ်…တယ်သွက်ပါလား။ ဒါပေမဲ့ ဂျုံမှုန့်နှစ်အိတ်မဟုတ်ဘူး။ သုံးအိတ် ပေးရမယ်''ဟု အိုးလိတ်က ခပ်မာမာပြောသည်။ ပါမောက္ခကို သူနိုးချေး၍ ရင်းရင်းနှီးနှီးတွေ့ရသည်မှာ အိုးလိတ်အဖို့ တန်းတူအခြေအနေသို့ ရောက်သွားရုံမျှမကဘဲ အိုးလိတ်အတွက် ပို၍ပင် အခြေအနေကောင်းသွားသေးသည်။

''ငါ့မှာ ဂျုံမှုန့်တော့မရှိဘူး။ ဒါပေမဲ့ ငါ အခုလက်ငင်း ငွေနှစ်ထောင် ပေးမယ်''ဟု နိုဗီကောက်က ပြောသည်။

''ဂျုံမှုန့်မရှိရင် သင် ဘာလို့ဒီကိုလာရသလဲ။ ငါတို့အချိန်ကို သက်သက် လာဖြုန်းတာလား။ သင့်ငွေ ငါတို့ ဘာလုပ်ရမှာလဲ။ သင့်ငွေကို ငါတို့ နောက်ဖေးသွားတဲ့အခါတောင် မသုံးချင်ဘူး''



''အမလေး၊ သင်ကကောဂျုံမှုန့်ကို ဘာလုပ်ချင်ရတာလဲ။ သင့်အဖေက သင့်ကို ဝအောင် ကျွေးမထားလို့လား''ဟု နိုဗီကောက်က ပြန်မေးသည်။

''ဒါဟာ သင် မေးစရာမဟုတ်ပါဘူး။ ဒါပေမဲ့ ဂျုံမှုန့်အကြောင်းကို သင် တကယ်သိချင်တယ်ဆိုရင်တော့ ငါ ပြောပြမယ်ပါမောက္ခ။ ဂျုံမှုန့်တစ်အိတ်ပေးမယ်ဆိုရင် ကြိုက်တဲ့မိန်းကလေးကို အိပ်ဖို့ရနိုင်တယ်။ ထိပ်တန်းစားအကျဆုံးဆိုတဲ့ ကချေသည်မကို တောင်ရနိုင်တယ်''ဟု အိုးလိတ်က ပြောသည်။

အိုးလိတ်အဖော်ကရယ်၍ ''ရရုံတင်မကသေးဘူး။ သူတို့ကပြန်ပြီး ကျေးဇူး တောင်တင်လိုက်လိမ့်ဦးမယ်''ဟု ထောက်ခံသည်။

''ငါ့မှာ ဂျုံမှုန့်တော့မရှိဘူး။ သင်တို့ ရောင်းချင်လည်းရောင်း၊ ငါ နောက်ထပ် ငါးရာတိုးပေးမယ်''

''ဒီဈေးနဲ့တော့မရောင်းနိုင်ဘူး''ဟုပြော၍ အိုးလိတ်က သားရေအိတ်ကိုပိတ် လိုက်သည်။

''ဒါဖြင့် သုံးထောင်ပေးမယ်။ ငါ့မှာ ဒါပဲပါတယ်။ မယုံရင် သင်တို့ ရှာကြည့်ပါ'' ဟု နိုဗီကောက်က ပြောသည်။

ဗန်ကာက အိုးလိတ်ကို တံတောင်နှင့်တွတ်၍ ''သိပ်ဈေးခေါ်မနေပါနဲ့။ ဒါလောက်ဆို တော်လောက်ပါပြီ။ သူပေးတာလည်း မနည်းပါဘူး''ဟုပြောသည်။

''လေးထောင်ရမှပဲ ရောင်းနိုင်မယ်''ဟု အိုးလိတ်ကပြော၍ နိုဗီကောက် မျက်နှာကို မျှော်လင့်ချက်နှင့်ကြည့်နေသည်။

''သိပ်ယုတ်မာတဲ့အကောင်ပဲ''ဟု နိုဗီကောက်စိတ်ထဲက အောက်မေ့ပြီး သားရေအိတ်ထဲသို့ လှမ်းကြည့်လိုက်သည်။ သားရေအိတ်ထဲတွင် စက္ကူဖြင့် ဖုံးထားသော အရာတစ်ခု မြင်သဖြင့် နိုဗီကောက်က လှန်၍ကြည့်လိုက်ရာ နောက်ပိတ်ဖိနပ်အသစ်တစ်ရံ ဖြစ်နေသည်ကိုတွေ့ရသည်။

''ဒါဖြင့် ဖိနပ်ရော၊ သားရေအိတ်ရောပါပေးလေ။ ငါ လေးထောင်ပေးမယ်'' ဟု နိုဗီကောက်က ပြောသည်။

''ကောင်းပြီ။ ဒါဖြင့် ယူတော့။ ငါလည်း သိပ်ဈေးတင်မနေချင်ဘူး'' ဟု အိုးလိတ်က ပြောသည်။

ခေတ်ပေါက်ဈေးနှင့်ဆိုလျှင် ဈေးများသည်ဟု မဆိုနိုင်မှန်းသိသော်လည်း သူ့ရှိစုမဲ့စု ငွေလေးထောင်ကို ပေးလိုက်ရတော့မည်ဖြစ်သဖြင့် နိုဗီကောက်မှာ မျက်ရည် ပေါက်ကျမတတ်ဖြစ်သွားသည်။

အင်္ကျီလည်ပတ်ကတံဆိပ်ကို မြင်လိုက်သဖြင့် နိုဗီကောက်က ''အင်္ဂလိပ်လုပ် လား'' ဟုမေးသည်။

''မဟုတ်ဘူး။ အမေရိကန်လုပ် အသစ်စက်စက်ကြီးရှိသေးတယ်။ တစ်ခါမှ မဝတ်ရသေးဘူး''ဟု အိုးလိတ်ကပြောပြီးလျှင် ထိုဝတ်စုံမှာ အမေရိကန်ကပြန်လာသော

www.burmeseclassic.com

www.burmeseclassic.com



ရုရှ အင်ဂျင် နီယာတစ်ယောက်၏ ဝတ်စုံဖြစ်ကြောင်း၊ ထိုအင်ဂျင်နီယာမှာ သူ့ဝတ်စုံကို တစ်ခါမှ ဝတ်မကြည့်ရသေးခင် အဖမ်းခံသွားရကြောင်း ပြောပြသည်။

နီဗီကောက်သည် ဝမ်းသာအားရနှင့် သားရေအိတ်ကို ယူ၍လာခဲ့သည်။ သို့ရာတွင် ထိုဝတ်စုံကိုပိုင်သော မူလပိုင်ရှင်၏ ကံကြမ္မာအကြောင်းကိုမူ ထည့်၍ မစဉ်းစား။

⁂ ⁂ ⁂

အခန်း-၁၇

ဂိုရင့်အိမ်သို့ နီဗီကောက်လာသည့်နေ့တွင် ဂိုရင့်အိမ်၌ ပစ္စည်းခိုးသော အဖေ နှစ်ယောက်ကို ချိပ်ရောက်က မောင်းထုတ်နေသဖြင့် ဆူဆူပူပူဖြစ်လျက်ရှိသည်။

နီဗီကောက် လာနေကြောင်းကို ဂိုရင်ကပြောသဖြင့် နီနာသည် ဝမ်းသာအား ရနှင့်ပြေး၍ကြိုသည်။ နီနာသည် နီဗီကောက်ဝတ်စုံအသစ် ဝတ်လာသည်ကို သတိမပြုမိ။

ဂိုရင်က နီဗီကောက်အား အားရဝမ်းသာ လက်ဆွဲနှုတ်ဆက်ပြီးလျှင် သူ့ စာကြည့်ခန်းသို့ လာရန်ဖိတ်သည်။ ပြီးလျှင် သူ့သမီးကို "စိတ်မပူပါနဲ့ နီနာ၊ သူ့ကိုငါ ချက်ချင်းပြန်လွှတ်လိုက်ပါမယ်"ဟု ရယ်၍ပြောသည်။

နီနာက နီဗီကောက်ကို စိမ်းစိမ်းပါအောင်ကြည့်ရင်းနှင့် သူ့အဖေ၏ပါးကို နမ်းလိုက်သည်။ ဂိုရင်က "ငါ့သမီးက လူမှားနေပြီထင်တယ်"ဟု နီနာ နားနားကပ်ပြီး ပြောသည်။ နီနာသည် ရှက်ပြီးမျက်နှာပျက်သွားသည်။

နီဗီကောက်သည် ဂိုရင်က သူ့မှတ်တမ်းကို သဘောကျကြောင်းပြောပြသဖြင့် ဝမ်းသာသွားသည်။

"ကြောက်စရာ အီဗန်ဇာဘုရင်ပြဇာတ်ကို ငါ ရေးတော့မယ်။ သင့် မှတ်တမ်းကို မဖတ်ရရင် ဒီပြဇာတ်ကို ငါ ရေးရဲမှာမဟုတ်ဘူး"ဟု ဂိုရင်က ပြောသည်။

နီဗီကောက်သည် သဘောကျသဖြင့် ခေါင်းငုံ့၍နေသည်။

"ပညာရှိတွေရေးတဲ့စာများဟာ ကလေးသိပ်သီချင်းလိုပဲ။ သိပ်အိပ်ပျော်စရာ ကောင်းတယ်။ သင့်မှတ်တမ်းကတော့ သန္တာထားသီချင်းများလို သိပ်ဖတ်လို့ကောင်း တာပဲ"ဟု ဂိုရင်က ပြောသည်။

"အီဗန်အကြောင်းကို ငါ အများကြီးစိတ်ဝင်စားပါတယ်။ ဒါကြောင့် ငါ နည်းနည်းအမွှန်းတင်လွန်းအားကြီးသွားပါတယ်"ဟု နီဗီကောက်က ပြောသည်။

"သင့်မှတ်တမ်းဟာ အားလုံးကောင်းပါတယ်။ အပိုတစ်ခုမှ မပါပါဘူး။ အခုတလောမှာ ငါလည်း ငါ့ကိုယ်ငါ စိတ်ခပ်ပျက်ပျက်ဖြစ်နေတာ။ သင့်မှတ်တမ်းကို ဖတ်လိုက်ရတော့မှပဲ ငါလည်းအားတက်ပြီး သင့်ကို သဘောကျလှတာယ်"ဟု ဂိုရင်က ပြောသည်။



နီဗီကောက်က ဂိုရင်လူနွေ့ပျက်နေသည်ကို မြင်သဖြင့် "ဒီနေ့ နက်ဖြန်ဆို သလိုပဲ မော်စကိုမြို့ရှိ ငါ့မိတ်ဆွေတစ်ယောက်က ပိဋကတ်တိုက်စာအုပ်မှုထဲမှ ကောက် နုတ်ချက်များကို ထပ်ပြီးပို့လိုက်ပါလိမ့်ဦးမယ်"ဟုပြောသည်။ သို့ရာတွင် သူ့မိတ်ဆွေ ဆိုသူမှာ ဒရိုဖြစ်ကြောင်းကိုမူ နီဗီကောက်က ပြော၍မပြ။

"ဩော်...သင်က အကုန်လုံးတင်ကြိုပြီး စီစဉ်ထားသကိုး။ ဒီလိုဆိုတော့ သင်က ဒီပြဇာတ်ကို ငါ ရေးဖြစ်အောင် ရေးစေချင်တယ်ဆိုပါတော့"ဟု ဂိုရင်က ပြောသည်။

"ရေးဖြစ်အောင်ရေးစေချင်ပါတယ်။ သင်ရေးသမျှထဲမှာ ဒီပြဇာတ်ဟာ အကောင်းဆုံးနေမှာပဲဆိုတာကိုလည်း ငါ ယုံကြည်ပါတယ်"

"အကောင်းဆုံးတော့လည်း ဖြစ်နိုင်မယ်မဟုတ်ဘူးပေါ့။ ပျို့ရွယ်စဉ်က ရေးခဲ့တဲ့စာထက် ပိုပြီးကောင်းအောင် အသက်အိုမှရေးရမယ်ဆိုတဲ့ အလုပ်ကတော့ ခက်တော်ပဲပါတယ်"

"ဟိုတုန်းကရေးခဲ့တာနဲ့ အခုခေတ်ရေးမယ့်စာနဲ့ နှိုင်းယှဉ်လို့တော့ မဖြစ်နိုင်ဘူး ပေါ့။ ခေတ်ချင်းက မတူကြဘဲကို"ဟု နီဗီကောက်က ပြောသည်။

"သင်ပြောတာမှန်တယ်။ ငါကိုယ်တိုင်လည်း အရင်ကနဲ့ လုံးလုံးမတူ တော့ဘူး။ လုံးလုံးကိုမတူတော့ဘူး"

နီဗီကောက်က ဂိုရင်သည် အဘယ်ကြောင့် အရင်ကနှင့်မတူတော့သည့် အကြောင်းကို သိလိုသည်။ သို့ရာတွင် သိခွင့်မရ။

လူဗာမှာ အင်မတန်တည်ကြည်သော စိတ်ရှိသူဖြစ်သည်ကို နီဗီကောက် တွေ့ရသည်။ "ငါ့အကြံပျက်စရာအကြောင်း ပေါ်ခြင်းပေါ်ရင် ဂိုရင့်ဘက်က ပေါ်ဖို့လမ်း တော့မရှိဘူး။ လူဗာဘက်က ပေါ်ဖို့လမ်းပဲရှိကယ်"ဟု နီဗီကောက် တွေး၍မြင်သည်။

လူဗာသည် နီဗီကောက်ကို သဘောကျသော်လည်း သူ့အမူအရာမှာ ထူးဆန်း သည်ဟု အောက်မေ့သည်။ အထူးသဖြင့် ဂိုရင်နှင့်ပြောပုံဆိုပုံကို လူဗာ မကြိုက်။ "ငါ့လင်နဲ့ ငါ့သမီးနှစ်ယောက်အနက် ဘယ်သူက နီဗီကောက်ကို ပိုပြီးကျနေတယ် မပြောတတ်ဘူး"ဟု လူဗာစိတ်ထဲတွင် မဝေခွဲနိုင်။ နီနာ ရောက်လာ၍ နီဗီကောက်နှင့် အပြန်အလှန် မျက်စိချင်းကြည့်ကြပုံကို မြင်တော့မှ "ငါ့သမီးက ပိုကျနေတာကို"ဟု ဆုံးဖြတ်လိုက်သည်။

နီနာနှင့် နီဗီကောက်တို့သည် အပြင်သို့ထွက်၍ လမ်းလျှောက်ကြသည်။ လမ်းတွင် ပါဗယ်နှင့်ဆရာဝန်တို့ ငါးမျှား၍ပြန်လာသည်ကိုတွေ့သည်။ နီနာက ပါဗယ် ပါရစ်မြို့ ကို သွားမည့်အကြောင်း ဆရာဝန်ပါ လိုက်သွားလိမ့်မည့်အကြောင်းကို ပြောပြသည်။ "ဒီလိုလူတွေတော့ တယ်လည်း ကံကောင်းပါလား" ဟု နီဗီကောက် အောက်မေ့သည်။

နီဗီကောက်နှင့် နီနာတို့သည် တောစပ်သို့ရောက်အောင် လျှောက်သွားပြီးလျှင် မြက်ခင်းပေါ်တွင်ထိုင်ကြသည်။ သူတို့နှစ်ယောက်မှာ ချစ်ခြင်းကို အတည့်အလင်းဖွင့်၍

www.burmeseclassic.com

www.burmeseclassic.com



မကြေညာရသေးသော်လည်း တစ်ယောက်နှင့်တစ်ယောက် ချစ်နေကြပြီဖြစ်သဖြင့် ပျော်တပြုံးပြုံးဖြစ်နေကြသည်။

နီနာသည် ရုတ်တရက် ကြက်သေသေသွားပြီးလျှင် နိုဗိကောက်၏ ခေါင်းပေါ် ကိုကျော်၍ ကြည့်နေသည်။ နိုဗိကောက်က နီနာ ဘာကိုမြင်၍ ကြက်သေသေသွားသည် ကို သိနိုင်ရန် လှည့်၍ကြည့်လိုက်သောအခါ နီနာသည် ငယ်သံပါအောင် အော်လိုက် သည်။ ထိုအခိုက်တွင် တစ်စုံတစ်ယောက်က နိုဗိကောက်၏ ခေါင်းကိုရိုက်လိုက်သဖြင့် နိုဗိကောက်သည် မြက်ခင်းပေါ်သို့ လဲကျသွားပြီး အတော်ကြာမေ့နေသည်။

နိုဗိကောက်သတိရ၍ မျက်စိများကို ဖွင့်ကြည့်လိုက်သောအခါ ''ထ…သင့် အဝတ်တွေ အကုန်ချွတ်ပေး''ဟု မျက်လုံးပြူးပြူး၊ မျက်ဆံပြူးပြူးနှင့် လူတစ်ယောက်က သူ့ရင်ဘတ်ပေါ်မှာ ခွထိုင်ပြီးပြောသည်။ ထိုသူမှာ အကျဉ်းသားတစ်ယောက်ဖြစ်သည်ကို နိုဗိကောက်တွေ့ရသည်။ အခြားပို၍ ကြောက်ဖွယ်ကောင်းသော နှုတ်ခမ်းပဲ့နှင့် အကျဉ်း သားတစ်ယောက်က နီနာ၏လက်များကို ချုပ်၍ကိုင်ထားသည်။

''မအော်နဲ့။ မိန်းကလေးကလည်း မကြောက်နဲ့။ သင်တို့ကို ငါတို့ ဘယ်လိုမှ မလုပ်ဘူး။ သင်တို့အဝတ်ကိုပဲ ငါတို့ လိုချင်တယ်။ တို့အဝတ်တွေ မကောင်းဘူး။ တို့အဝတ်တွေနဲ့ဆိုရင် တို့ကို ချက်ချင်းပြန်ဖမ်းသွားလိမ့်မယ်'' ဟု နှုတ်ခမ်းပဲ့က ပြောသည်။

ပထမအကျဉ်းသားက လက်တစ်ဖက်နှင့် နိုဗိကောက်ကို ကိုင်ထားပြီးလျှင် အခြားလက်တစ်ဖက်နှင့် နိုဗိကောက်၏ အဝတ်များကိုချွတ်နေသည်။ ပြီးလျှင် ''ငြိမ်ငြိမ် နေ၊ နို့မို့ရင် ငါ ထပ်ချလိုက်မယ်''ဟုကြိမ်းသည်။ နိုဗိကောက်၏ ဘောင်းဘီကို ချွတ်ယူပြီးနောက် အကျဉ်းသားက ''ဖိနပ်တော့ သင့်ဟာသင် ချွတ်ပေး''ဟု အမိန့်ပေး သည်။ နိုဗိကောက်က ခုခံဖို့စိတ်ကူးမိသော်လည်း ခုခံလိုက်လျှင် နီနာပါ ဒုက္ခရောက်စရာ ရှိသဖြင့် လျှော့၍ခံလိုက်သည်။

နိုဗိကောက်မှ အတွင်းခံဘောင်းဘီသာ ကျန်တော့သည်။

''ဒီအဝတ်တွေက သိပ်သစ်တယ်''

''ကိစ္စမရှိဘူး။ မြေကြီးပေါ်ပစ်ချပြီး လုံးပစ်လိုက်ရင် ပြီးတာပဲ။ ဘာပဲ ပြောပြော တို့အဝတ်ထက်တော့ ကောင်းသေးတာပဲ''

နီနာမှာ သူ့ကို ရန်မလုပ်မှန်းသိသဖြင့် အကြောက်ပြေသွားပြီးလျှင် နိုဗိကောက် ကိုပင် စပ်ဖြဲဖြဲလုပ်၍ ကြည့်နေသည်။

''သင်တို့မှာ စားစရာဘာပါသလဲ''ဟု နှုတ်ခမ်းပဲ့က နီနာကို ကိုင်ထားရင်း နှင့် မေးသည်။

''ဘာမှမပါပါဘူး။ ငါတို့ ခဏလမ်းလျှောက်ထွက်လာကြတာပါ''ဟု နီနာက ပြောသည်။

''ဟေ့ သွားမယ်ဟေ့။ သွားမယ်''ဟု ပထမအကျဉ်းသားက ပြောသည်။



''ခဏနေပါဦး''ဟု နှုတ်ခမ်းပဲ့ကပြောပြီးလျှင် ''သင့်အဝတ်တွေ ချွတ် လိုက်''ဟု နီနာကို အမိန့်ပေးသည်။

''ဘာလုပ်ဖို့လဲကွ သွားကြပါစို့ရဲ့''

''ပေါင်မုန့်နဲ့ လဲစားနိုင်တာပေါ့ကွ။ ချွတ်လေ ချွတ်လေ၊ အချိန်ကြာအောင် လုပ်မနေနဲ့''ဟု နီနာအား တုတ်နှင့်ရွယ်၍ခိုင်းသည်။

နီနာသည် ပထမ လေးတိလေးကန်လုပ်နေပြီးနောက် သူ့အပေါ်အင်္ကျီဂါဝန်နှင့် တကွ ဖိနပ်များကိုပါ ချွတ်ပေးလိုက်သည်။ နီနာ၏ဖိနပ်များမှာ များစွာအဖိုးတန်သည်။

''ကျေးဇူးတင်ပါတယ်။ သည်းခံပါ''ဟု ပြောပြီးလျှင် အကျဉ်းသား နှစ်ယောက်သည် တောထဲသို့ဝင်၍ပြေးကြသည်။

ခြေသံများပျောက်သွားသောအခါ နီနာသည် သတိရ၍ ချုံတစ်ခုအကွယ်သို့ သွား၍ ပုန်းနေသည်။ နီနာတွင် အတွင်းခံဘောင်းဘီတိုကလေးနှင့် အတွင်းခံရင်စည်းသာ ရှိတော့သည်။ ချုံကွယ်မှနီနာက နိုဗိကောက်ကို ကြည့်၍ရယ်ပြီး ''ကိုင်း…ဘယ့်နှယ် လုပ်ပြန်ကြမလဲ''ဟု လှမ်း၍မေးသည်။

''အခုပဲ မိုးချုပ်သွားပါလိမ့်မယ်။ ဒီတော့မှပဲ ပြန်ကြတာပေါ့''ဟု နိုဗိကောက် က ပြန်ပြောသည်။ နိုဗိကောက်မှာ ပကတိအားဖြင့် စိတ်ခိုင်သူဖြစ်သော်လည်း အနှစ်နှစ် အလလက စုဆောင်းထားသော ရှိစုမဲ့စုကလေးနှင့် ဝယ်ထားရသည့် အသစ်စက်စက် ဝတ်စုံကို ဆုံးရှုံးရသည့်အတွက် စိတ်ဖြေ၍မရ။

''ဒီလို တွေ့ဖူးရတာလည်း ကောင်းတာပဲ''ဟု နီနာက ပြောသည်။ သူ့တစ်သက်မှာ ဒီလိုရယ်စရာကောင်းသည့်အဖြစ်မျိုး မတွေ့ခဲ့ဖူးဟု နီနာ သဘောရ သည်။ နိုဗိကောက် အဖို့တွင် သူ့ဝတ်စုံမှာ အဘယ်မျှလောက် အရင်းအနှီးကြီးသည်ကိုမူ နီနာ မတွေးမိ။

''နေကုန်အောင် ဒီနေရာမှာ ငါ ထိုင်မနေနိုင်ဘူး။ သင် ရှေ့ကသွား။ ငါက နောက်ကလိုက်မယ်။ ဒါပေမဲ့ နောက်ကိုတော့ လှည့်မကြည့်နဲ့''ဟု နီနာက ပြောသည်။

''ကောင်းပြီ''

သူတို့ အိမ်ပြန်ကြသောအချိန်သည် တိမ်စွယ်တွင် နေကွယ်၍သွားပြီဖြစ် သော်လည်း မမှောင်သေး။ နီနာသည် အရှက်ရှင်၍နေသဖြင့် နိုဗိကောက်ကို မခံချင်အောင် စနေသည်။ ''ဘယ့်နှယ်လဲ သူရဲကောင်းကြီးရဲ့။ ကိုယ့်အမျိုးသမီးတစ်ယောက်ရဲ့ အဝတ်တွေပါမသွားအောင် စောင့်ရှောက်မပေးနိုင်ဘူးလား''ဟု နီနာက ပြော၍လှောင်သည်။

နိုဗိကောက်သည် ပထမတွင် သုန်သုန်မှုန်မှုန် ဖြစ်နေသော်လည်း နောက်တွင် နီနာထံမှ အရှုံးခြင်းကူးစက်၍ ထိုသို့ဖြစ်ရခြင်းသည် နီနာနှင့်ပို၍ ရင်းနှီးရန် စိုင်ဆေး၍ ရုံပေါ်ရောက်ခြင်းဖြစ်သည့်အတွက် ပျော်ရွှင်၍လာသည်။

''အမယ်လေး သေပါပြီ''ဟု နီနာက ရုတ်တရက် အော်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်သလဲ နီနာ"

"ခလုတ်တိုက်မိလို့"

"ဘယ်မှာလဲ ပြစမ်း"

"ဒီမှာ"

နိုဗိကောက်က ကြည့်လိုက်သောအခါ နီနာသည် မျက်လုံးများကိုပြူး၍ နိုဗိကောက်ကို စိုက်ပြီးကြည့်နေသည်။ နိုဗိကောက်က နီနာအား ပခုံးကိုကိုင်၍ သူ့ဘက်သို့ ဆွဲလိုက်သည်။ ပြီးလျှင် နိုဗိကောက်က နီနာ၏နှုတ်ခမ်းများကို စုပ်သည်။ နီနာက ကြောက်ဟန်၊ အံ့အားသင့်ဟန်မပြ။ ထို့နောက် နှစ်ယောက်သားဖက်ကြသည်။

"ပျော်စရာကောင်းလိုက်တာ။ ဘယ်လိုပျော်စရာကောင်းမှန်း မသိဘူး။ မောင်မင်းကြီးသားများ ကျေးဇူးပါပဲ။ ဟုတ်တယ်မဟုတ်လား နိုဗိ"ဟု နီနာက ပြောသည်။

"ဘယ်က မောင်မင်းကြီးသားများလဲ"ဟု နိုဗိကောက်က မေး၍ နီနာ၏ မျက်စိများကို နမ်းသည်။

"တောထဲဝင်ပြေးကြတဲ့ အကျဉ်းသားမောင်မင်းကြီးသားတွေပေါ့။ ဒီကိုနမ်းပါဦး"

"သြော်…ဟုတ်သားပဲ။ ကျေးဇူးတင်စရာ မောင်မင်းကြီးသားတွေပဲ။ ဒီကိုလား"

"နိုဗိရယ်…ငါ သိပ်ပျော်တာပဲ။ ငါ နည်းနည်းလေးမှ မကြောက်ဘူး။ ငါ့စိတ်ထဲမှာ သင်နဲ့ငါဟာ တစ်သက်လုံး ရင်းနှီးလာခဲ့သလိုပဲ အောက်မေ့တယ်"

"အချစ်ကလေးရေ"

"ငါတို့ ဒီလိုပဲ တစ်သက်လုံး ပျော်ပျော်နေကြမယ်နော်။ ဟုတ်လား နိုဗိရေ"

"တစ်သက်လုံး ပျော်ပျော်နေမှာပေါ့ အချစ်ရဲ့"

ခဏကြာသောအခါ ကောက်ဆက်တပ်သားတစ်စု မြင်းစီး၍ သူတို့ နှစ်ယောက်ဆီသို့ ရောက်လာသည်။ မြင်းစီးသမားများထဲတွင် ရုဒ္ဒိုင်လည်းပါလာသည်။ ရုဒ္ဒိုင်သည် နိုဗိကောက်ကို အောက်သိုးသိုးစိုက်၍ကြည့်နေပြီး ပါးစပ်က ဘာမျှမပြော။

"ဒီဘက်ကို အကျဉ်းသားနှစ်ယောက် ပြေးလာတာမတွေ့ဘူးလား" ဟု မြင်းစီးခေါင်းဆောင်က မေးသည်။

နိုဗိကောက်က သူ့ဝတ်စုံပြန်ရဖို့ မျှော်လင့်ချက်နှင့် တောဘက်ကို လက်ညှိုးထိုး၍ပြမည့်အလုပ်တွင် နီနာက "ဒီဘက်ကို ဘယ်သူမှမလာပါဘူး" ဟု ဦးအောင်ပိတ်၍ ပြောလိုက်သည်။

နီနာသည် မြင်းစီးသမားများက မရိုးသောကြည့်ခြင်းဖြင့် သူ့ကိုစိုက်ကြည့်နေကြသည်ကို သိသဖြင့် နိုဗိကောက်၏နောက်တွင် ကွယ်၍နေသည်။ ပြီးလျှင် နိုဗိကောက်အား တိတ်တိတ်နေဖို့ နောက်ကနေပြီး လက်နှင့်ကုတ်သည်။

ဒါဖြင့် ခေါင်းမြစ်ဘက် သွားကြည့်ကြမယ်ဟေ့။ ဒီကောင်နှစ်ကောင် လှေတွေထဲ ဝင်ပုန်းချင်ပုန်းနေမှာဟု ခေါင်းဆောင်ကပြောပြီး မြစ်ဘက်သို့ မြင်းများကိုလှည့်၍ စီးသွားကြသည်။



"တို့လာတာနဲ့ သူတို့ခွကျသွားတယ်ကွ။ ငနဲက ဘောင်းဘီတောင် ချွတ်ပြီးနေပြီ" ဟု မြင်းစီးသမားတစ်ယောက်က နိုဗိကောက်ကြားလောက်အောင် တမင်အော်ပြောလိုက်ရာ ကျန်မြင်းစီးသမားများက ဝိုင်း၍ရယ်ကြသည်။

နိုဗိကောက်သည် နီနာ မျက်နှာပူမှာစိုးသဖြင့် နီနာဘက်သို့ လှည့်၍မကြည့်။ နီနာသည် မြင်းစီးသမားပြောလိုက်သည်ကို ကြားရုံမျှမက ပြောသူမှာ ရုဒ္ဒိုင်ဖြစ်သည်ကို ပင်သိသည်။ သို့ရာတွင် သူ့စိတ်ထဲတွင် မည်သို့မျှအနှောင့်အယှက်မဖြစ်။ ရုဒ္ဒိုင်ကိုလည်း စိတ်မဆိုး။ သူ့စိတ်ထဲက အပျော်လည်းမပျက်။ နီနာသည် ရုဒ္ဒိုင်ကိုကြည့်ပြီး "အဲဒီလို လူမျိုးကို ဘာလို့များ ငါ သွားပြီးကြိုက်မိတယ်မသိဘူး"ဟု အောက်မေ့သည်။

ထိုအချိန်တွင် နေဝင်၍သွားပြီ။ ညဦးယံ၏ အမှောင်တိုက်လည်း ဖုံးလွှမ်းစပြုပြီ။ နီနာသည် နိုဗိကောက်၏ ဘေးနားမှကပ်၍လိုက်သည်။ နှစ်ယောက်စလုံး ဘယ်သူမျှစကားမပြော။ ထို့နောက် နီနာက နိုဗိကောက်၏ လက်ကိုကိုင်သည်။ တစ်ခဏမျှကြာသောအခါ လမ်းဘေးချယ်ရီချုံကြီးဘက်သို့ ခြေဦးလှည့်လိုက်ကြသည်။ ချယ်ရီချုံကြီးထဲတွင်မူ ငှက်ကလေးနှစ်ကောင် အသံတစာစာနှင့် ချစ်တင်းဆိုနေကြသည်။

※※※

## အပိုင်း-၅

### အခန်း-၁

နိုဗိကောက်သည် မော်စကိုမြို့မှ ရောက်လာသော ကောက်နုတ်ချက်များကို အသေအချာ ကြည့်ရှုစစ်ဆေးပြီးလျှင် ဂိုရင့်ထံသို့ပို့လိုက်သည်။

ဂိုရင်သည် အဆိုပါကောက်နုတ်ချက်များကို မရမီကပင် ပြဇာတ်ကို ကြိုးစား၍ ရေးနေပြီဖြစ်ကြောင်း နိုဗိကောက်အား နီနာက ပြောပြသည်။ နီနာသည် ခဏခဏ နိုဗိကောက်နှင့် ချိန်း၍တွေ့နေပြီ။

"အဖေဟာ အရင်ကနဲ့မတူဘူး။ ပျော်ပျော်ရွှင်ရွှင်နဲ့ အလုပ်ကို သိပ်ကြိုးစားလုပ်နေတယ်။ သင် ဘယ်လိုများ လုပ်ထားသလဲ"ဟု နီနာက နိုဗိကောက်ကို မေးသည်။

"ငါ ဘာမှလုပ်မထားရပါကလား"ဟု နိုဗိကောက်က အံ့အားသင့်ကာဖြေသည်။ ဂိုရင်က လွယ်လွယ်ကူကူနှင့် သူ့အကြံကို လိုက်လုပ်နေသဖြင့် နိုဗိကောက်သည် အကယ်ပင် အံ့အားသင့်မိသည်။ ထိုသို့ လွယ်ကူသည့်အတွက်ပင် ဖြစ်လွယ်ပျက်လွယ်များ ဖြစ်သွားမလားဟု နိုဗိကောက်က စိုးရိမ်သည်။ ဂိုရင်သည် သို့လော သို့လောတွေဝေနေခိုက်၌ နိုဗိကောက်၏ မှတ်စုကိုရသောအခါ ရေနစ်သူသည် သစ်တုံးကိုတွယ်မိသကဲ့သို့ ဖြစ်သွားသည်။ စင်စစ်သော်ကား နိုဗိကောက်ဘက်သို့ ဂိုရင် တစ်ခါတည်းပါ၍ သွားခြင်းမှာ ပါဗယ်နှင့် အန်ဒရေတို့က ဝိုင်း၍ ကဲ့ရဲ့လှောင်ပြောင်ကြသည့်ဒဏ်ကို မခံနိုင်ခြင်းကြောင့်ဖြစ်သည်ကို နိုဗိကောက် မသိ။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်ထံမှ ပို့လိုက်သော ကောက်နုတ်ချက်များရကြောင်းနှင့် စာပြန်လိုက်ရင်းနှင့် ဂိုရင်က နိုဗိကောက်အား သူ့အိမ်ကို အလည်လာခဲ့ပါဦး။ "ငါ့လို ဗျစ်တောက် ဗျစ်တောက်ပြောတတ်တဲ့ အဘိုးကြီးတစ်ယောက်ကို တွေ့ဖို့အတွက်မဟုတ်ပါဘူး" ဟု ထည့်၍ရေးလိုက်သည်။ နိုဗိကောက်နှင့် နီနာတို့သည် ခဏခဏချိန်း၍ တွေ့နေကြသည်ကို ဂိုရင် မသိ။

တစ်နေ့တွင် နိုဗိကောက် ဟောပြောနေသည်ကို နီနာကသွား၍ နားထောင်ပြီးနောက် "သင်ဟောတာ နားထောင်ရတာ ငါ သိပ်ကြောက်တာပဲ။ သင် ဟောပုံက လူတစ်ယောက်နဲ့ ရန်ဖြစ်လို့ အသေအလဲ ထိုးကြိတ်နေပုံမျိုးကြီးပဲ။ စင်မြင့်ပေါ်တုန်းက ဆိုရင် သင့်ရုပ်ဟာ ကြောက်စရာကြီးပဲ။ ငါဖြင့် မှတ်တောင် မမှတ်မိဘူး" ဟုပြောသည်။

နိုဗိကောက်က နီနာ၏နဖူးကိုနမ်း၍ "သင့်နားက အနုပညာသည်နားဆိုတော့ ငါ ဟောတာမျိုးကို နားထောင်လို့ရမှာမဟုတ်ဘူး။ နောက်ကို ဘယ်တော့မှ ငါ ဟောတာကို နားမထောင်ပါနဲ့" ဟုပြောသည်။

နောက် နှစ်ရက်သုံးရက်အကြာတွင် တူရိယာစာမေးပွဲတွင် နီနာ စန္ဒရားတီးသည်ကို နိုဗိကောက် သွား၍နားထောင်သည်။ နီနာစန္ဒရားတီးသည်ကို နားထောင်ရသောအခါ နီနာ၏အတွင်းစိတ်သန္တာန်သည် အင်မတိအင်မတန် သိမ်မွေ့နူးညံ့သည့် အဖြစ်ကို နိုဗိကောက် သိသည်။

နီနာသည် နိုဗိကောက်နှင့် မြို့ပြင်သို့မြင်းစီး၍ ခဏခဏအလည်ထွက်သည်။

ချိပ်ရောက်က မကြည်သာသော မျက်နှာထားဖြင့် "မြင်းပြင်ပြီးပြီ နီနာ" ဟု ပြောသည်။

"ခုတလော သင် ဘာဖြစ်နေသလဲ။ သင်ဟာ ငါ့ကိုအမြဲ မျက်မှောင်ကြီး ကြုတ်ကြုတ်ပြီးကြည့်တယ်" ဟု နီနာက ချိပ်ရောက်ကိုမေးသည်။

"သင် ကောင်းစားတာကို ငါ မြင်ချင်ပါတယ်နီနာ။ သင်က ဒီလူကို အတော်သဘောကျနေပုံရတယ်။ ငါလို သက်ကြီးဝါရင့်တစ်ယောက် ပြောတဲ့စကားကို နားထောင်ပါ။ ဘာမဆိုချိန်ဆပြီးမှလုပ်ပါ။ ပထမ နိုဗိကောက်အကြောင်းကို စုံစမ်းကြည့်ပါ။ ပြီးတော့ ဆုံးဖြတ်ပေါ့။ ရေအိုင်တစ်ခုထဲခုန်ချမယ်ဆိုရင် ပထမ အောက်မှာ ဘာတွေရှိသလဲဆိုတာကို စုံစမ်းရပါတယ်" ဟု ချိပ်ရောက်က ပြောသည်။

"သြော်…ဒါကြောင့် သင် မျက်နှာမကောင်းနေတာကို။ ဒီအတွက်တော့ မပူပါနဲ့။ ငါ ခုန်ချမယ့်ရေအိုင်ဟာ ရွံ့အိုင်မဟုတ်ပါဘူး။ ရေကြည်လွန်းလို့ အောက်မှာ ကျောက်စရစ်ခဲ ဘယ်နှခဲရှိတယ်ဆိုတာတောင် မြင်နိုင်ပါတယ်" ဟု နီနာက ပြောပြီး ၎င်း အဘိုးကြီး အရေတွန့်နေသောပါးကို နမ်းလိုက်သည်။ သင်က ငါ့ကို အီတလီပြည်မှာ နေတုန်းကအရွယ်ပဲ အောက်မေ့နေသေးတာကို" ဟုပြောသည်။

"အဲ…အဲ…အဲဒါကြောင့်ခက်တာပေါ့။ တို့ အခုနေကြတာ အီတလီပြည် မဟုတ်ဘူး။ ဒီကလူတွေက ဟိုကလူတွေနဲ့မတူဘူး နီနာ" ဟု ချိပ်ရောက်ကပြောသည်။



ချိပ်ရောက်သည် နီနာကို ငယ်စဉ်က သူထိန်းခဲ့ချီခဲ့သည်များကို အောက်မေ့လျက် နီနာကို မျက်စိတစ်ဆုံးကြည့်ကာ ကျန်ရစ်သည်။ သူ့စိတ်ထဲတွင် နီနာ အိမ်ထောင်ကျ၍ သားဦးကလေးဖွားသည်ကို မြင်လိုသည်။ သို့ရာတွင် နိုဗိကောက် မျက်စိကြည့်ပုံကိုမူ သူမကြိုက်။ သူ့မျက်စိကြည့်ပုံသည် အလွန်ကြောက်စရာကောင်းသည်။ သူသည် နီနာကို ကောင်းကျိုးပေးမည့်သူမဟုတ်ဟု ချိပ်ရောက် သဘောရသည်။

နိုဗိကောက်သည် နီနာကိုတွေ့ရသောအခါ သူ့စိတ်ထဲက တောင့်တသည့်အတိုင်း လူ့စိတ်ပြန်ဝင်ခွင့်ရလာသဖြင့် ဝမ်းသာသည်။ သူ၏စိတ်ရင်းမှာ မည်သူ့အပေါ်မျှ မကောင်းမကြံလို။

သူ့အစ်ကိုက နိကိုလေအား နီနာနှင့်မိတ်ဆွေဖွဲ့၍ပေးသောအခါ နိကိုလေသည် နီနာကို အများကြီးသဘောကျ၍ နိုဗိကောက်ကိုလည်း အင်မတန် ကံကောင်းသည်ဟု သဘောရသည်။ သို့ရာတွင် သူ့စိတ်ထဲက လီဒါအတွက် သွား၍စိုးရိမ်မိသည်။ နိုဗိကောက်က စက်ရုံဒါရိုက်တာ ဆီဒိုရောက်၏သမီး လီဒါကိုအရယူဖို့ ကြံစည်နေသည်ကို နိကိုလေသိသည်။ ယခုအခါ နိုဗိကောက်သည် လီဒါအပေါ်တွင် ခပ်စိမ်းစိမ်းဖြစ်နေသည်။ ထိုသို့ဖြစ်နေခြင်းကိုလည်း သူ့ဝမ်းထဲကသဘောကျသည်။ ဘာကြောင့်ဟု သူ့ဟာသူ မပြောနိုင်သော်လည်း သူ့စိတ်ထဲက လီဒါသည် ဘယ်သူနှင့်မျှ အဆက်မရှိဘဲ လွတ်လွတ်လပ်လပ် ဖြစ်နေစေလိုသည်။

❊❊❊

## အခန်း-၂

နိုဗိကောက်သည် တစ်ခါတစ်ရံ ဂိုရင့်အိမ်၌ ဂလူယုက်နှင့်ဆုံမိသည်။ ဂိုရင်သည် အလုပ်ကိုကြိုးစားလုပ်နေပြီး ဂလူယုက်ကို ကောင်းကောင်းစကားမပြောသည်ကို နိုဗိကောက် တွေ့ရသည်။ ဂလူယုက်သည် အများအားဖြင့် လူဗာနှင့်သာ တောက်တိုမယ်ရစကားများကို ပြော၍ပြန်သည်။

ဂိုရင်အား နိုဗိကောက်က အိမ်မွေ့ချ၍ ညို့များထားလေသလားမသိဟု ဂလူယုက် အောက်မေ့သည်။ ဤနည်းဖြင့် ဂလူယုက်သည် နိုဗိကောက်ကို ကြောက်၍ လာသဖြင့် နိုဗိကောက်နှာမည်ကို ကြားလိုက်ရုံနှင့်ပင် ကြက်သီးများထ၍သွားသည်။

နိုဗိကောက်သည် ဂိုရင့်အိမ်၌ ခဏခဏ ညစာလာ၍စားလျက်ရှိပြီ။ ဂိုရင်ကလည်း သူ့သမီးနှင့် မင်္ဂလာဆောင်ဖို့အကြောင်းကို ဖုံး၍မထားတော့။ ဂိုရင်က နိုဗိကောက်ကို မျက်စိမှိတ်ပြပြီး နီနာအား မြေးကလေးတွေရတော့မည့်အကြောင်းကို ပြောသည်။ ထိုအခါ နီနာကရှက်၍ မျက်လွှာချနေသည်။ လူဗာကလည်း သူ့သမီး၏ အကဲကိုခတ်ပြီး ဂိုရင်ကဲ့သို့ပင် ဝမ်းသာနေသည်။ သို့ရာတွင် သူ့စိတ်ထဲက နိုဗိကောက်၏ အပြုအမူကိုအားမရ။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်သည် ဂိုရင့်အိမ်သို့ရောက်၍လာသည့်အခါတိုင်း ဂိုရင်၏ အခြေအနေကိုသိရအောင် နားစွင့်၍ထောင်သည်။ ဂိုရင့်အိမ်သည် တိတ်ဆိတ်လျက်ရှိသဖြင့် နိုဗိကောက် ဝမ်းသာသည်။ တိတ်ဆိတ်ခြင်းမှာ ဂိုရင် အလုပ်လုပ်နေခြင်းပင်ဖြစ်သည်။

ဂိုရင်က နိုဗိကောက်အား ''သင့်ကို ငါ ပြောစရာရှိတယ်။ ဒါပေမဲ့ အခုတော့ မပြောသေးဘူး။ နောက်မှပြောမယ်''ဟု ဆိုသဖြင့် နိုဗိကောက် ထိတ်၍သွားသည်။

တစ်နေ့တွင် နိုဗိကောက်သည် ဂိုရင်၏ဥယျာဉ်ထဲသို့ ရောက်လာသည်။ ထိုအခိုက်တွင် နီနာသည် တစ်နေရာတွင် အန်ဒရေနှင့် စကားပြောနေသည်။ နိုဗိကောက် ရောက်နေသည်ကို နီနာမသိ။ နိုဗိကောက်က အနှောင့်အယှက်မပေးလိုသဖြင့် နီနာ အလာကို စိတ်ရှည်လက်ရှည် ထိုင်စောင့်နေသည်။ ထိုသို့ ထိုင်စောင့်နေစဉ် ဂလူယုက်နှင့် လူဗာတို့ ခပ်လှမ်းလှမ်းမှ စကားပြောရင်း လမ်းလျှောက်လာကြသည်ကို နိုဗိကောက် မြင်သည်။ ဂလူယုက်တို့ကမူ နိုဗိကောက်ကို ပန်းရုံကွယ်နေသဖြင့် မမြင်ကြ။

''ပါမောက္ခလေးကို သင် ဘယ်လိုသဘောရသလဲ''ဟု လူဗာက ဂလူယုက်ကို မေးသည်။

''သင်မေးတာက ဘယ်လိုသဘောလဲ''

''ဘယ်လိုသဘောမှရယ်လို့တော့ မဟုတ်ပါဘူး။ နီနာက သူ့ကိုကြိုက်နေတာ ငါ တွေ့ရတယ်။ ဒါပေမဲ့ သူကြည့်ရတာက နီနာ့အပေါ်မှာ ဒါလောက် စိတ်မဝင်စားဘဲ ဂိုရင့်အပေါ်မှာသာ ပိုပြီးစိတ်ဝင်စားနေတာတွေ့ရလို့ပါ''ဟု လူဗာက ပြောသည်။

ပညာကျော်ဂလူယုက်သည် တောင်မြောက်လေးပါးကို အပြန်ပြန်အလှန်လှန် ကြည့်ပြီး ''ဒီပါမောက္ခအကြောင်းကို ငါ ဘာမှမသိဘူးလူဗာ။ ဒါပေမဲ့ ငါ့အထင်တော့ ဒီလူဟာ အတော်ဆန်းတယ်။ ဒါကြောင့် သူ့ကိုသတိထားပေါင်းပါလို့ ငါ ပြောချင်တယ်။ ငါ ထပ်ပြောမယ်။ သူ့အကြောင်းကို မယ်မယ်ရရတော့ ငါ ဘာမှမသိဘူး။ ဒါပေမဲ့ အရပ်ထဲကတော့ ဒီလူဟာ သိပ်ဆိုးတဲ့လူလို့ပြောတာ ငါ ကြားရတယ်''ဟုပြောသည်။

ဘယ်လိုပြောကြသလဲ။

''သူ ပါမောက္ခရာထူးကိုရတာဟာ မတရားတဲ့နည်းနဲ့လုပ်ယူလို့ရတာလို့ ပြောကြတယ်။ အရေးကြီးတာကတော့ ဂိုရင်ဟာ သူ့ကိုသတိထားပေါင်းဖို့ပဲ အရေးကြီးတယ်''

လူဗာသည် ဂလူယုက်၏စကားကို သဘာမကျ။ အရေးကြီးသည်ဟုလည်း မထင်။ မနာလို၍ ပြောသည်ဟုသာ အောက်မေ့သည်။

နိုဗိကောက်သည် ပန်းရုံကွယ်မှ ပြုံး၍နေသည်။ တစ်ဆယ့်ငါးမိနစ်ခန့်ကြာသောအခါ လူဗာသည် နီနာတို့ အန်ဒရေတို့နှင့် စကားပြောကျန်ရစ်ခဲ့သဖြင့် ဂလူယုက် တစ်ယောက်တည်း ပြန်လာသည်။

ဂလူယုက်သည် နိုဗိကောက်အနီးသို့ရောက်လာသောအခါ နိုဗိကောက်က လက်မောင်းကိုကိုင်၍ ပန်းရုံကွယ်သို့ ဆွဲခေါ်ယူလိုက်ပြီးလျှင် ''သင် ပြောတာတွေ ငါ အကုန်ကြားတယ်''ဟု ဂလူယုက်ကို ပြောသည်။ ပြီးလျှင် နိုဗိကောက်က



ဂလူယုက်၏ပါးကို လက်နှင့် တအားရိုက်လိုက်သည်။ ဂလူယုက်သည် ပုံ၍ကျသွားသည်။ နိုဗိကောက်က ဂလူယုက်၏မျက်နှာကို သူ့မျက်နှာနားသို့ဆွဲ၍ မလိုက်ပြီး ''သင် သေသွားချင်သလား''ဟုမေးသည်။ ပြီးလျှင် ဂလူယုက်ကို မြက်ခင်းပေါ်သို့ တွန်းလှဲပစ်လိုက်သည်။

ဂလူယုက်တွင် သူ့အကြံကိုဖျက်နိုင်သည့် အခြေအနေမရှိတော့သည်ကို နိုဗိကောက်သိသည်။ အကယ်၍ ဂလူယုက်က သစ္စာဖောက်ကာ အကုန်လုံးဖော်ပြသည့်တိုင်အောင် သူ့စကားကို မည်သူမျှယုံကြလိမ့်မည်မဟုတ်။ အထူးသဖြင့် ဂိုရင်က ယုံကြည်လိမ့်မည်မဟုတ်။ သို့ရာတွင် လုံးလုံးစကားမပွလျှင် ပို၍ကောင်းမည်ဖြစ်သဖြင့် နိုဗိကောက်က ထိုသို့တင်ကြို၍ ကာကွယ်လိုက်ခြင်းဖြစ်သည်။

ဂလူယုက်သည် အကြောက်ကြီးကြောက်သွားသဖြင့် အခွင့်ရက်ကို တနင်္ဂနွေ တစ်ပတ်ကြို၍ယူကာ ယူကရိန်းနယ်သို့ ဆေးကုထွက်သွားသည်။

❋ ❋ ❋

## အခန်း-၃

ဂိုရင်က နိုဗိကောက်ကို ပြောစရာရှိတယ်ဆိုသောအကြောင်းကိုပြောမည့် အချိန်ရောက်ပြီ။

တစ်နေ့တွင် နိုဗိကောက်ကို ဥယျာဉ်ထဲသို့လမ်းလျှောက်ခေါ်သွားပြီး ''ငါ့ပြဇာတ်ထဲမှာ အာဏာကိုတရားသဖြင့် အသုံးပြုမှုနှင့် ညှဉ်းပန်းနှိပ်စက်မှုကို ကွဲပြားအောင် ဖော်ပြရမယ့်နေရာကို ရောက်နေပြီ။ သင့်မှတ်စုထဲမှာ ရုရှပြည်တွင် အာဏာပြဿနာကို အီဗန်ဘုရင်က ပထမစပြီး ဖြေရှင်းလိုက်တယ်လို့ပါတယ်။ ဒါပေမဲ့ ငါသိချင်တာက နိုင်ငံအုပ်ချုပ်ဖို့အာဏာကို ညှဉ်းပန်းနှိပ်စက်ဖို့အတွက် အသုံးပြုကောင်းတယ်လို့ဆိုတဲ့ သဘောကို လူအများကလက်ခံနိုင်မယ် လက်မခံနိုင်ဘူးဆိုတာပါပဲ''ဟုပြောသည်။

နိုဗိကောက်စိတ်ထဲက ''အင်း…ဂိုရင်တော့ ယုံမှားသံသယဖြစ်လာပြီ။ ငါ့အကြံကိုတော့ ထိနိုက်တော့မှာပဲ''ဟု ပူမိသည်။

''အာဏာကို ဘယ်လို အသုံးပြုထိုက်တယ်ဆိုတဲ့ ပြဿနာကို အင်မတန် ကျော်ကြားတဲ့ ပြဇာတ်ဆရာကြီးများ စဉ်းစားလာခဲ့တာဟာ အခုမှမဟုတ်ပါဘူး။ ရှေးကတည်းကပါ။ ဒါပေမဲ့ သူတို့စဉ်းစားတာက ပြောင်းပြန်ဖြစ်နေပါတယ်။ သူတို့စိတ်ထဲကအာဏာကို အသုံးပြုတဲ့အခါမှာ ညှဉ်းပန်းနှိပ်စက်မှု မရှိအောင်လုပ်ဖို့ဟာ သူတို့ရဲ့ မျှးဦးဝတ္တရားပဲလို့ သဘောထားနေကြပါတယ်။ စင်စစ်တော့ ဒီလိုသဘောထားမျိုးဟာ ုတ်တိုင်းမှန်ရာကျအောင်စဉ်းစားတဲ့ ပညာရှင်များရဲ့ စဉ်းစားပုံမျိုးမဟုတ်ပါဘူး။ ဘာမလုပ်ကောင်းဘူး ညာမလုပ်ကောင်းဘူးလို့ ပေါ့ပေါ့ဆဆပြောနေကြတဲ့ တက်ယောင် ကားများရဲ့ စဉ်းစားပုံမျိုးသာဖြစ်ပါတယ်''ဟု နိုဗိကောက်က ပြောသည်။

www.burmeseclassic.com



နိုဗိကောက်ပြောပုံလေသံမှာ “သင်တို့ ငါတို့က ပေါ့ပေါ့ဆဆပြောနေကြတဲ့ တတ်ယောင်ကားတွေမှ မဟုတ်ဘဲ”ဟု ပြောပုံမျိုးဖြစ်သည်။ ပြီးလျှင် နိုဗိကောက်က “ရာဇဝင်သဘောအရ မရှောင်လွှဲသာတဲ့အတွက် အီဗန်ဘုရင်ဟာ သူ့ကိုဆန့်ကျင်ဘက်လုပ်တဲ့ မှူးမတ်ပေါင်းထောင်ပေါင်းများစွာကို အဆုံးစီရင်ခဲ့ပါတယ်။ ဒါပေမဲ့ အီဗန်ဟာ အဲဒီလို ညှဉ်းပန်းနှိပ်စက်မှုကို ကျင့်သုံးလိုက်ရသော်လည်း အင်မတန် ဝိညာဉ်စင်ကြယ်ပြီး စိတ်နှလုံးမြင့်မြတ်တဲ့ လူသားတစ်ယောက်ရဲ့အဖြစ်မှ လျော့ကျမသွားပါဘူး”ဟု ဆက်၍ ပြောပြီးလျှင် ဂိုရင် ဘယ်လိုသဘောရသည်ကို စောင့်၍ကြည့်သည်။

ဂိုရင်သည် မျက်နှာကိုအောက်သို့ စိုက်ကြည့်နေပြီး ဘာမျှမပြောဘဲ နိုဗိကောက်၏စကားကိုသာအာရုံပြု၍ နားထောင်နေသည်။ အကယ်၍ နိုဗိကောက်ပြောသည့် စကားကိုကြားရ၍ ဂိုရင်က ပြုံးလိုက်သည်ဖြစ်စေကာမူ ထိုသို့ပြုံးလိုက်သည်ကို သူ့နှုတ်ခမ်းမွေးကြီး ကွယ်နေသဖြင့် မမြင်ရ။

ထို့နောက် နိုဗိကောက်က “အဲဒီလိုအခါမျိုးမှာ ညှဉ်းပန်းနှိပ်စက်မှုကို သုံးတာဟာ အာဏာကို အလွဲသုံးစားလုပ်တယ်လို့ မဆိုနိုင်ပါဘူး။ တိုးတက်တဲ့ နိုင်ငံမှု ဆောင်ပုဂ္ဂိုလ်များမပြုဘဲမနေကောင်းသော ဝတ္တရားကိုပြုလုပ်ခြင်းသာဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံများမှာ မငြိမ်မသက်ဖြစ်နေတဲ့အခါမှာ ဒီလိုပဲလုပ်ရမျိုးဖြစ်ပါတယ်။ သွေးသစ်သွေးကောင်းဝင်လာစေရန် မကောင်းတဲ့သွေးကို ဖောက်ထုတ်ပစ်ရတဲ့ သဘောမျိုးပါပဲ”ဟု နိဂုံးချုပ်လိုက်သည်။

“ဒီလိုဆိုတော့ လူကိုတော့ထည့်ပြီး မစဉ်းစားတော့ဘူးပေါ့”ဟု ဂိုရင်က စိတ်မသန့်ဖြစ်သောသဘောဖြင့် မေးသည်။ ပြီးလျှင် “ငါ့စိတ်ထဲက လူတွေ တစ်ယောက်စီတစ်ယောက်စီခံကြရတဲ့ ဆင်းရဲမှုတွေကို စဉ်းစားနေတယ်။ လူတွေကို အသနား အကြင်နာမရှိတဲ့ ရာဇဝင်သဘောနဲ့ခွဲခြားပြီး သွေးနဲ့ကိုယ် သားနဲ့ကိုယ်တွေချည်း ဖြစ်ကြတယ်လို့ သဘောထားမယ်ဆိုရင် သူတို့ကို ညှဉ်းပန်းနှိပ်စက်တာကို တရားတယ်လို့ ဘယ်လို လုပ်ပြီးပြောနိုင်မလဲ။ သူတို့ခံစားရတဲ့ ဆင်းရဲမှုတွေကို ထည့်မတွက်လို့ မဖြစ်နိုင်ဘူး”ဟု ဂိုရင်က ဆက်၍ပြောသည်။

“လူတစ်ယောက်စီ တစ်ယောက်စီက သေပါတယ်။ သို့သော် လူမျိုးကတော့ မသေပါဘူး။ အီဗန်ဟာ ရုရှားဘုရင်ထဲမှာ လူမျိုးဟာမသေဘူးဆိုတဲ့အကြောင်းကို ပထမဆုံးစပြီး သဘောပေါက်တဲ့ ဘုရင်ဖြစ်တဲ့အတွက် လူမျိုးကောင်းစားရေးကို သူ စိတ်ကူးခဲ့ပါတယ်။ လူတွေခံစားရတဲ့ ဆင်းရဲမှုတွေကို အီဗန် မမြင်မဟုတ်ပါဘူး။ မြင်ပါတယ်။ တချို့ညှဉ်းပန်းနှိပ်စက်ခံနေရင်းက သူ့ မျက်နှာကိုကြည့်ပြီး ကြိမ်ဆဲရေရွတ်သွားကြတာမျိုးတောင် အီဗန်တွေ့ဖူးပါတယ်။ ဒါပေမဲ့ အီဗန်က ရာဇဝင်သဘောအရ သူလုပ်ရမယ့် ဝတ္တရားကိုသိတဲ့နေရာမှာ သူနဲ့ခေတ်ပြိုင်လူများထက် ပိုပြီးသိပါတယ်။ သူ့ရဲ့ သံမဏိစိတ်ဓာတ်ဟာ လူတွေကို တစ်ယောက်စီခွဲကြည့်နေမယ်ဆိုရင်တော့ ရက်စက်ရာကျပေမယ့် တကယ်ဆိုတော့ (ရုရှ)လူမျိုးရဲ့တောင့်တချက်နဲ့ ညီညွတ်ပါတယ်။



အဲဒီလို ညီညွတ်တဲ့အကြောင်းကိုလည်း အီဗန် နှလုံးပိုက်မိပါတယ်။ ပြီးတော့ သူလုပ်ရမယ့်ဝတ္တရားဟာ ကျေးဇူးတင်ခံရမယ့် ဝတ္တရားမဟုတ်ဘူးဆိုတာလည်း သူ သိတာပါပဲ။ အဲဒီအတွက် သူစိတ်မကောင်းဖြစ်တာဟာမှန်သော်လည်း သူလုပ်ခဲ့သမျှ ဝတ္တရားများကို တစ်ခုမျှမှားတယ်လို့ သူ ဝန်မခံပါဘူး။ တကယ်ဆိုတော့ အီဗန်ဟာ ရာဇဝင်သဘောက ပေးတဲ့ဝတ္တရားများကို မြင်ရရုံနဲ့ ဒူးတုန်နေတဲ့သူများထက် အဆပေါင်းအသချေ်အသချာ မြတ်တဲ့ပုဂ္ဂိုလ်ပါ”ဟု နိုဗိကောက်က ပြောသည်။

ဂိုရင်သည် နိုဗိကောက်ပြောသည်ကို သဘောကျ၍ ရှင်ပျလာသည်။

“အီဗန်ဟာ သူ့စိတ်ထဲက တရားတယ်၊ မှန်ကန်တယ်ထင်လို့ သတ်ဖြတ်ညှဉ်းပန်းဖို့အမိန့်တွေကို ထုတ်ပေးလိုက်လို့ သူ့အာဏာသားများက အဲဒီအမိန့်တွေအတိုင်း လူတွေကို သတ်ဖြတ်ညှဉ်းပန်းလုပ်ကြလို့ လူတွေဆင်းရဲဒုက္ခရောက်ကြတဲ့အခါမှာကော စိတ်မကောင်းဖြစ်သေးသလား။ ငါ့ကို ပြောပြစမ်းပါ” ဟု ဂိုရင်က မေးသည်။ ပြီးလျှင် “ငါ့ပြဇာတ်ထဲမှာ သူ့အတွင်းသန္တာန်မှာ ဖြစ်ပေါ်တဲ့စိတ်တွေကိုလည်း ပေါ်အောင် ဖော်ပြဖို့လိုတယ်”ဟု ဂိုရင်က အကြောင်းပြသည်။

“အီဗန်ဟာ လူသားတစ်ယောက်ဖြစ်တဲ့အတွက်ကတော့ ဝမ်းနည်းစရာပါပဲ။ သူဟာ ကိုယ်ချင်းစာတရား အများကြီးရှိပါတယ်။ ရှိတဲ့အတွက်လည်း သူ အများကြီး စိတ်မချမ်းမသာ ဖြစ်ရှာပါတယ်။ သူ့ရဲ့ယူဆချက်ဟာကတော့ ကျောက်တိုင်ကြီးလိုခိုင်မာပါတယ်။ ဒါပေမဲ့ အဲဒီယူဆချက်ကိန်းဝပ်ရာဖြစ်တဲ့ သူ့ကိုယ်ကတော့ သေခြင်းသဘောကို မလွန်ဆန်နိုင်ပါဘူး။ သူဟာ လူသားတစ်ယောက်သာ ဖြစ်ရတဲ့အတွက် အီဗန်ဟာ စိတ်မကောင်းပါဘူး။ သို့ရာတွင် သူသေတဲ့အခါမှာတော့ သူ့ရဲ့မမြဲတဲ့ဘဝနဲ့ သူ့အယူအဆရဲ့ တည်မြဲတဲ့ သဘောနှစ်ခုဟာ အကြွင်းမဲ့ပေါင်းစပ်မိသွားပါတယ်။ အီဗန်သေခါနီးမှာ ကိုယ်တိုင်မြင်လိုက်ရတဲ့ ဒီကောင်ရဟန်းက အီဗန်၏မျက်စိများသည် မေတ္တာစိတ်ကိန်းဝပ်ရာ ဆေးရုပ်နတ်များရဲ့ မျက်စိနှင့်တူသည်လို့ ဖော်ပြပါတယ်။ အီဗန်ဟာ စိတ်ထားနှလုံးထား အင်မတိ အင်မတန်မြင့်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်တယ်ဆိုတာ ယုံမှားသံသယဖြစ်ဖို့မရှိပါဘူး။ ပြီးတော့”ဟု နိုဗိကောက်ကပြော၍ စကားမဆုံးမီ ဂိုရင်က “ဒါကတော့ ရောမဘုရင်ယုတ် နီရိုကိုတောင် စာဆိုတော်တွေက အသပြာမျက်နှာထောက်ပြီး နတ်လိုသိကြားလိုဖြစ်အောင် ဘုန်းတော်ဘွဲ့ပေးကြတာမျိုးလည်း ရှိသေးတာပဲ”ဟု ဖြတ်၍ပြောလိုက်သည်။

“သင် ပြောတာလည်း မှန်ပါတယ်။ သို့သော်လည်း တစ်အချက်မယ် ဒီကောင်ဟာ စာဆိုတော် တစ်ယောက်မဟုတ်ပါဘူး။ နှစ်အချက်ကတော့ ဒီကောင်ရေးတဲ့စာဟာ အီဗန်ဖတ်ဖို့မဟုတ်ပါဘူး။ သင်တို့ ငါတို့ လိုလူများ ဖတ်ဖို့အတွက် ရေးတဲ့စာပါ။ ပြီးတော့ သူရေးတာဟာလည်း အင်မတန်အကြောင်းကောင်းလို့သာ ရေးတယ်လို့ဆိုရပါမယ်။ ဘာလို့လဲဆိုတော့ အီဗန်ဟာမြှောက်ပင့်ပြောတာကို မကြိုက်တဲ့အတွက် သတ္တိမရှိတဲ့လူတွေကိုသတ်ပစ်သလိုပဲ မြှောက်ပင့်ပြောတဲ့လူတွေကိုလည်း အမြှောက်

www.burmeseclassic.com



အမြားသတ်ပစ်ခဲ့လို့ပါ။ ပြီးတော့ အီဗန်နဲ့ နီရိုကို နှိုင်းယှဉ်တာကတော့ မတရားပါဘူး။ နီရိုဟာ စိတ်မနှံ့တဲ့သူပီပီ ရက်ရက်စက်စက် သတ်ဖြတ်ညှဉ်းပန်း လုပ်တာတွေဟာက ဘဝရဲ့အရသာကို မသိလို့သာ လုပ်တယ်ဆိုတာ အင်မတီအင်မတန် ရှင်းနေပါတယ်။ တကယ်ဆိုတော့ နီရိုလုပ်တာတွေဟာ ရောမပြည်ကြီး ပျက်စီးကာနီးမှာ သွေးရူးသွေးတန်း လုပ်ခြင်းသာ ဖြစ်ပါတယ်။ အီဗန်ကတော့ ဒီလိုမဟုတ်ပါဘူး။ ဟိုတကွဲဒီတကွဲဖြစ်နေတဲ့ ရုရှပြည်ကြီးကို တစ်လုံးတစ်စည်းတည်း ဖြစ်အောင် လုပ်ပေးခြင်းသာဖြစ်ပါတယ်။ ဒီလိုလုပ်ပေးခြင်းကိုကပဲ အီဗန်ဟာ အင်မတန် အမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်တယ်ဆိုတာကို သက်သေခံနေပါတယ်။ အီဗန်ကို ဘယ်စာဆိုတော်ကမှ မြှောက်ပင့်ပေးဖို့မလိုပါဘူး''ဟု နိုဗိကောက်က အကြောင်းပြသည်။

''တော်တော် တော်တဲ့သူငယ်ပဲ''ဟု ဂိုရင့်စိတ်ထဲက အောက်မေ့သည်။

ထို့နောက် စကားဆက်ပြောကြရင်းနှင့် အန်ဒရေအကြောင်းသို့ရောက်သွားသည်။ အန်ဒရေကို ဂိုရင်က သဘောမကျကြောင်းကို တွေ့ရသောအခါ နိုဗိကောက် အံ့အားသင့်သွားသည်။ ဂိုရင်က အန်ဒရေကို ဘာကြောင့် သဘောမကျသည်ဆိုသောအကြောင်းကိုသိရသောအခါ နိုဗိကောက်မှာ ဂိုရင်၏ရိုးလွန်းပုံကိုတွေ့ရသဖြင့် ပို၍ပင်အံ့အားသင့်ပြန်သည်။

အင်မတီအင်မတန် ကျော်ကြားသော စာရေးဆရာကြီးတစ်ဦးသည် ရိုးချင်သည့်နေရာတွင် ကလေးငယ်များပမာ ရိုးနိုင်သည့်အဖြစ်ကို သိရသောအခါ နိုဗိကောက်သည် အံ့သြလည်း အံ့သြ၊ ဝမ်းလည်း ဝမ်းသာဖြစ်၍သွားသည်။ အဘယ်ကြောင့်ဆိုသော် သူလုပ်ရမည့်တာဝန်ကြီးမှာ အများကြီးပေါ့၍သွားသောကြောင့်ဖြစ်သည်။

※※※

---

## အခန်း-၄

ဆရာဝန် စိဗိတ်သည် ရောက်စတောက်ပြည်နယ် ကွန်မြူနစ်ပါတီ အတွင်းရေးမှူးချုပ် ဖေရီးယား၏ ဧည့်ခန်းတွင်ထိုင်၍ စောင့်နေသည်မှာ တစ်နာရီရှိသွားပြီ။

ဖေရီးယားက သူ့ကို အဘယ်ကြောင့် အခေါ်လွှတ်သည်ဟု စိဗိတ် တွေး၍မရ။ ဖေရီးယားသည် စိဗိတ်ကို တမင် အကြာကြီးအစောင့်ခိုင်းထားသည်။ ပြီးလျှင် ဖေရီးယားက ပျူပျူငှာငှာနှင့်ဧည့်ခံ၍ ဆေးရုံအကြောင်းများကိုမေးသည်။

ငါ့ကို ဆေးရုံအုပ် ဆရာဝန်ကြီးခန့်ချင်လို့ ထင်ပါရဲ့ဟု စိဗိတ်က အောက်မေ့သည်။

ဖေရီးယားက ဖြုန်းခနဲဖြတ်၍ ''သင် နိုင်ငံခြားသွားဖို့ လုပ်နေတယ်လို့ ငါကြားတယ်''ဟုပြောသည်။

''ဒါကတော့ မလွဲသာလို့ သွားရမှာပါ ရဲဘော်ဖေရီးယား၊ ဂိုရင့်သား ပါဗယ်ကို ဆေးကုပေးဖို့အတွက်ပါ''ဟု ဆရာဝန်က မျက်နှာပျက်ပျက်ဖြင့်ပြောသည်။



''ငါ့ကို ဘာလို့လိမ်နေရတာလဲ''

''သင်ပြောတာ ကောင်းကောင်းမကြားလိုက်ပါဘူး။ တစ်ဆိတ်ပြန်ပြောပါဦး''

''ငါ့ကို ဘာလို့လိမ်နေရတာလဲလို့ ငါပြောတယ်။ ပြီးတော့ သင်လိမ်ပုံကလည်း ပိပိရိရိမရှိဘူး။ ပါရစ်မြို့ကို သင် အင်မတန်သွားချင်နေတယ် မဟုတ်လား''

ဆရာဝန်က ဘာမျှစကားပြန်မပေး။

''ပါရစ်မြို့အကြောင်း ငါ့ပြောပြစမ်းပါဦး။ သိပ်ပျော်စရာကောင်းသလား''

''အလကားမြို့ပါ။ သိပ်ပျင်းစရာကောင်းပါတယ်''

''မရှက်ပါနဲ့ ပြောပါ။ ပါရစ်မြို့က တို့ဆီထက် ဘာများထူးသေးလို့လဲ''

ဆရာဝန်က ငြိမ်နေသည်။

ဖေရီးယားက သက်မချ၍ ''သင့်အတွက် ငါ စိတ်မကောင်းဘူး ဆရာဝန်၊ သင်ဟာ ဘော်ရှီဗစ်တစ်ယောက်ဆိုပြီး အမြင်မှန်ပျောက်ဆုံးနေတယ်။ သင် ဒါလောက်တောင် မရှက်မကြောက် နိုင်ငံခြားကို သွားချင်နေတဲ့အတွက် သင်ဟာ နယ်စပ်မှာမီလို့ ၂၄-နာရီအတွင်း တို့သေနတ်နဲ့ ပစ်ပစ်သတ်လိုက်တဲ့ သစ္စာဖောက်တွေရဲ့ အမျိုးအစားထဲကို ရောက်နေတယ်ဆိုတာ ထင်ရှားနေပြီ''ဟု ပြောသည်။

ဆရာဝန်သည် ဖေရီးယားမျက်နှာကို ငေး၍ကြည့်နေပြီး ပါးစပ်က ပွစိပွစိလုပ်နေသည်။ သို့ရာတွင် အသံမထွက်။ ဖေရီးယားက ဂိုရင့်ဆီက နိုင်ငံကူးလက်မှတ်တောင်းသောစာကို ထုတ်၍ပြပြီးလျှင် ''အစိုးရက ပါဗယ်ကို နိုင်ငံကူးလက်မှတ်မပေးနိုင်ဘူး။ ပြီးတော့ သင့်ကို တစ်ယောက်တည်း ပါဗယ်နဲ့ထည့်လိုက်လို့လည်း ဘာမှအဓိပ္ပာယ်ရှိမှာ မဟုတ်ဘူး''ဟုပြောသည်။

ဆရာဝန်က ဘာမျှစကားပြန်မပေးသဖြင့် ဖေရီးယားက ''သင် အများကြီး ဒုက္ခရောက်သွားလိမ့်မနော်''ဟုပြောသည်။ ပြီးလျှင် ဖေရီးယားက အသံကျယ်စွာဖြင့် ''ဒီကောင်ယုတ်မာပါဗယ်ကို သင် သတ်ပစ်လိုက်မှပဲ သင့် အသက်ချမ်းသာဖို့ရှိတယ် ဆရာဝန်စိဗိတ်''ဟု ပြောသည်။

''သတ်ပစ်''ဆိုသော စကားကို ဖေရီးယားက ပီပီသသကြီးပြောသည်။ ပြီးလျှင် ဖေရီးယားသည် ထိုင်ရာမှထ၍ ဆရာဝန်ဘက်သို့ ပြေးသွားပြီးလျှင် ''ဒီကောင်ယုတ်မာကို သတ်ရုံတင်သတ်မယ်ဆိုရင် အင်မတန်သက်ညှာရာ ရောက်နေသေးတယ်။ ဒီကောင်ဟာ မှန်မှန်ညက်ညက်ချေပစ်ဖို့ကောင်းတဲ့ နံပါတ်တစ် ပြည်သူ့ရန်သူ၊ သူ့အဖေက ဂိုရင်ဖြစ်တယ်ဆိုတာနဲ့ ဘာမှငဲ့နေစရာ မလိုဘူး။ ဒီကောင်ဟာ ဂိုရင့်ကိုတောင် သတ်ချင်သတ်မယ့်ကောင်။ ဒီတော့ တို့က ဒီကောင်ကို ဦးအောင်သတ်ပစ်ရမယ်။ ဟီ… ဟီ… ဟီ ဒီကိစ္စကို သင် ပိုပြီး နားလည်ပါတယ် ဆရာဝန်၊ ကမန်းကတန်းတော့ များမလုပ်နဲ့။ သေသေချာချာ စဉ်းစားပြီးမှ လက်ရာခြေရာမထင်အောင်လုပ်ပါ။ တစ်နှစ်အတွင်းမယ် ပါဗယ်မရှိစေရဘူး။ ဒါထက်ပိုမကြာစေနဲ့။ ငါပြောတာ ကြားတယ် မဟုတ်လား။ ဒီကောင်ကို အစဖျောက်ရမယ်''ဟု အမိန့်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်သည် ဇေရီးယားထံမှ ပြန်လာသောအခါ အိပ်မက်မက်သလို ဖြစ်နေသည်။ ဇေရီးယားအခန်းထဲမှ သူ ဘယ်လိုထွက်လာခဲ့သည်။ သူက ဇေရီးယားကို ဘယ်လိုပြန် ပြောခဲ့သည် မပြောခဲ့သည်ကိုပင် သူ့ဟာသူ သတိမရ။

ပါဗယ်က ''ဟုတ်ပါတယ်။ တစ်နေ့တော့ ဆရာ့အလှည့်ပါ ရောက်လာမှာပေါ့'' ဟု မကြာခင်က ပြောထားဖူးသောစကားကို ဆရာဝန်ပြန်၍ စဉ်းစားမိသည်။ ဆရာဝန် စိဗိတ်သည် ဆေးရုံလမ်းကိုလျှောက်လာရင်းနှင့် သူ့မျက်ရည်များကို ဆည်၍မရ။ သူသည် ပါဗယ်အတွက်ကို စဉ်းစားမိ၍ မျက်ရည်မဆည်နိုင်ခြင်းမဟုတ်။ သူ့ကိုယ်ရေးအတွက် သူ စိတ်မချမ်းသာပြီး ဝမ်းနည်းခြင်းကြောင့်သာဖြစ်သည်။

ထိုနေ့တွင်ပင် ဇေရီးယားသည် နီဗိကောက်ကို ခေါ်၍တွေ့သည်။ ဇေရီးယားက ရောက်စတောက်တက္ကသိုလ်တွင် နီဗိကောက်ကို ကျောင်းအုပ်ကြီးခန့်လိုက်၍ သူ အင်မတန် ဝမ်းသာကြောင်းပြောပြသည်။

ဂိုရင် ရေးနေသော (ကြောက်စရာအိဗန်ဘုရင်)ပြဇာတ်အကြောင်းကို ပြောကြရင်းနှင့် ဇေရီးယားက ''ငါလည်း ကောကေဆပ်ပြည်နယ် ကွန်မြူနစ်ပါတီသမိုင်းကို ရေးနေတယ်။ ဒီတော့ ငါနဲ့ဂိုရင်နဲ့ တိတ်တိတ်ပုန်း ပြိုင်နေကြတယ်ဆိုပါတော့။ ငါရေးတာကတော့ သိရက်သားနဲ့ တမင်ရေးတာ။ ဂိုရင်ကတော့ နားလည်မှုမရှိလို့ရေးတာ။ သူ့စာနဲ့ ငါ့စာ ဘယ်ဒင်းက ကောင်းမယ်ဆိုတာ ကြည့်ကြသေးတာပေါ့။ ငါ့စာကတော့ ပိုပြီး ရိုးသားဖြောင့်မတ်လိမ့်မယ်လို့ ငါ သဘောရတယ်''ဟု သွားဖြဲပြီး ပြောသည်။

ပြီးလျှင် ဇေရီးယားက ''သင်က နီနာကို တော်တော်စွဲနေတယ်လို့ ငါ ကြားတယ်။ နီနာကလည်း တော်တော်ချောတော့ စွဲမယ်ဆိုလည်း စွဲစရာပေါ့။ ဒါပေမဲ့ သင် အမြော်အမြင် နည်းတာကိုတော့ ငါ သဘောမကျဘူး''ဟု ပြောသည်။

''ဘယ်လိုဆိုတာလဲ''

''သင့်အခြေအနေကို ပြန်စဉ်းစားကြည့်ပါ။ သင်က အလုပ်နဲ့အပျော်အပါးကို တွဲလုပ်ချင်သလား။ ဒီလိုလုပ်တာဟာ ဘော်ရှီဗစ်တို့ ကျင့်ရိုးကျင့်စဉ်မဟုတ်ဘူး နီဗိကောက်''

''နည်းနည်း ငါ ရှင်းပြပါရစေ''

''ပြီးတော့ သင့်ဟာသင်လည်း စဉ်းစားကြည့်ပေါ့။ တကယ်လို့ သင့်အကြံအစည်ဟာ မအောင်မြင်ခဲ့ဘူးဆိုရင် ဂိုရင့်သမီးနဲ့ အဆက်ဖြစ်နေတဲ့အတွက် သင့်မှာ အပြောရပိုပြီး ခက်သွားမယ်မဟုတ်လား။ အများကြီးခက်သွားမယ်နော်။ ဒါကို သင် မစဉ်းစားမိဘူးထင်တယ် ပါမောက္ခ။ နီနာကိုမြင်ရင် ယောကျ်ားတိုင်း စွဲလမ်းမှာပဲ။ သင်လည်း မစွဲလမ်းဘဲမနေနိုင်လို့ ဖြစ်ရတာပါလို့ ဆင်ခြေပေးမယ်ဆိုရင်တော့ ပေးနိုင်ပါတယ်။ ဒါပေမဲ့ အချိန်မလွန်ခင် သတိရမယ်ဆိုရင်တော့ ကောင်းတာပေါ့။ ဒီတော့ နီနာကို အမြန်ဆုံးဖြတ်လိုက်ပါလို့ ငါ အကြံပေးပါတယ်။ ရဲဘော်ကျောင်းအုပ်ကြီး''



နီဗိကောက်မှာ ဘယ်လိုပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်ကို မြင်သဖြင့် ဇေရီးယားက ထိုင်ရာမှထ၍ ''သင့်ကိုယ်ရေးကိုယ်တာထဲ ဝင်စွက်ဖက်တယ်ဆိုပြီး ငါ့ကိုတော့ စိတ်မဆိုးပါနဲ့။ ဘော်ရှီဗစ်များမှာ ကိုယ်ရေးကိုယ်တာလို့ မရှိရဘူး။ တာဝန်ဝတ္တရားပဲရှိရတယ်။ အထူးသဖြင့် ပါတီရဲ့ တာဝန်ဝတ္တရားပဲရှိရတယ်။ သင့်အခြေအနေဟာက တခြားဘော်ရှီဗစ်များရဲ့ အခြေအနေထက်ပိုပြီး အရေးလည်းကြီးတယ်။ သိမ်လည်းသိမ်မွေ့တယ်။ သင် ထမ်းဆောင်ရမယ့် တာဝန်ဟာက ထူးခြားတဲ့တာဝန်မဟုတ်ဘူးဆိုရင်တော့ ငါက ဘာမှစွက်ဖက်ဖို့မလိုပါဘူး။ နီနာလို မိန်းကလေးတစ်ယောက်ကိုရတဲ့အတွက် ဝမ်းသာစကားပြောဖို့ပဲ ရှိပါတယ်။ ဒါပေမဲ့ သင့်မှာ ကိုယ့်ဟာကိုယ် လုပ်ချင်တာလုပ်မယ်ဆိုတဲ့ လွတ်လပ်ခြင်း ရှိတာမဟုတ်ဘူး။ ဒါကြောင့် သင်ဟာ တာဝန်ဝတ္တရားမပျက်ရအောင် သင့်စိတ်ကို ကြိုးစားပြီး နိုင်အောင်ထိန်းမှဖြစ်မယ်''

''ငါ ကောင်းကောင်းကြီး သဘောပေါက်ပါပြီ ရဲဘော်ဇေရီးယား။ ငါ မှားပါပြီ''

''နီနာက ပွင့်သစ်စပန်းကလေးလို ချစ်စရာကလေးမို့ ခဏတစ်ဖြုတ်ပျော်ပါးရုံလောက် ကြံမယ်ဆိုရင်တော့ မလွန်ပါဘူး။ ဒါပေမဲ့ ပျော်ရုံပါးရုံကြံတာနဲ့ အတည်ကြံတာနဲ့ကတော့ မတူဘူးနော်''

နီဗိကောက်သည် အထက်ကပေးသောအမိန့်များကို နာခံဖူးသည်။ သို့ရာတွင် ထိုအမိန့်များမှာ သူ့အလုပ်နှင့်ပတ်သက်သော အမိန့်များသာဖြစ်သည်။ ယခုမူ အာဏာပိုင်ရှင်တို့က ဆိုင်းမပါ ဗိုင်းမပါ သူ၏ကိုယ်ရေးကိုယ်တာထဲတွင် ဝင်၍စွက်ဖက်နေပြီ။ စက်ဆုပ်ဖွယ် ကြောက်မက်ဖွယ်ကောင်းလှဘိသည်။

***

## အခန်း-၅

ဆရာဝန် စိဗိတ်မှာ ယခင်ကနှင့် လုံးလုံးမတူတော့ပြီ။ ယခင်ကကဲ့သို့ စကားလည်းမများ။ ပုံတိုပတ်စလည်းမပြော။ အဝတ်အစားကိုလည်း သပ်ရပ်အောင် မဝတ်တော့ဘဲ မျက်နှာထားတည်တည်ကြီးနှင့် ဖြစ်၍နေသည်။ သူသည် ပါဗယ်ကို အထူးဂရုစိုက်လျက်ရှိပြီးလျှင် နေထိုင်ကောင်းမကောင်းကို ခဏ ခဏမေးသည်။ ထိုအခိုက်တွင် ဂိုရင်သည် ပါဗယ်အတွက် နိုင်ငံကူးလက်မှတ်နှင့်ပတ်သက်၍ အစိုးရထံမှ ပြန်စာမရသေး။ သူ့အိမ်သားတွေအကုန်လုံး စိတ်ထဲတွင် ပါဗယ်အတွက် မကြာမီ နိုင်ငံကူးလက်မှတ်ရလိမ့်မည်ဟု ထင်၍နေကြသည်။ ဆရာဝန်က ဤအကြောင်းနှင့် ပတ်သက်၍ ဘာမျှမပြော။

ဆရာဝန်က ပါဗယ်အား ရှောင်ရမည့်အစာများ စာရင်းလုပ်ပေးပြီးလျှင် ပါဗယ်၏ကိုယ်ကိုပင် တစ်ခါစမ်းသပ်ကြည့်သေးသည်။ ပါဗယ်က ဆရာဝန်ဟာ တယ်

www.burmeseclassic.com

www.burmeseclassic.com



ဝီရိယကောင်းနေပါလားဟု အောက်မေ့မိသဖြင့် ''ဆရာ ဘယ်လိုများ ဖြစ်နေသလဲ။ ဆရာကိုယ်တိုင် နေထိုင်မှုကောင်းရဲ့လား''ဟုမေးသည်။

''သင် ကျန်းမာမှသာ နိုင်ငံခြားသွားလို့ကောင်းမှာ။ မတော်တဆလမ်းမှာ သင် မမာမကျန်းဖြစ်နေမယ်ဆိုရင် ဘယ်ကောင်းမလဲ''ဟု ဆရာဝန်က ဟန်လုပ်ပြုံးပြုံး၍ ပြောသည်။ သူ့ဝမ်းကမူ ပါဗယ်ပြောတာမှန်ကြောင်းကို သိသည်။ သူသည် နေ၍ထိုင်၍ မကောင်း။ ဂိုရင့်အိမ်က အစားကောင်းအသောက်ကောင်းများကို စားရသော်လည်း အရင်က ကဲ့သို့ မြိန်ယှက်ခြင်းမရှိတော့။

⁕

မတည့်ဘူးဆိုသောအစာသည် ပို၍ အရသာရှိတတ်သည့်နည်းတူ နိုဗိကောက်လည်း ဗေရီးယားက ပိတ်ပင်လိုက်ပြီးသည့်နောက်မှပင် နီနာကိုပို၍ ချစ်လာသည်။ ထိုသို့ဖြစ်လာသည့်အတွက် သူ့စိတ်ထဲကကြောက်လာသဖြင့် နိုဗိကောက်သည် ဗေရီးယား ပေးလိုက်သည့် အမိန့်အတိုင်း နီနာအပေါ်တွင် ချစ်ခင်စိတ်ကို အတင်းချိုးနှိမ်ရန် ကြိုးစားသည်။

အခြားသူများ မရှိသောအခါတွင် နိုဗိကောက်က နီနာ့အပေါ်တွင် ချစ်ခင်သည့် အမူအရာကို အခြေမပျက်ပြ၍ အခြားသူများရှိသည့်အခါတွင်မူကား နီနာကို ပွင့်ပွင့် ဟဟပင် စကားမပြောဘဲ ဝေးနိုင်သမျှဝေးအောင် ရှောင်လွှဲ၍နေသည်။ နီနာက နိုဗိကောက်သည် လီဒါကိုကြိုက်နေ၍သာ သူ့အပေါ်ထိုကဲ့သို့ လုပ်နေသည်ထင်၍ လီဒါကိုပင် မတရားစိတ်ဆိုးမိသည်။

တစ်နေ့တွင် နီနာ နိုဗိကောက်နှင့် လီဒါတို့သုံးယောက် ဂိုရင့်အိမ်ဧည့်ခန်းရှိ စန္ဒရားနားတွင် ထိုင်နေကြသည်။ နီနာက လွမ်းစရာကောင်းသော သီချင်းများကို တီးသည်။ နိုဗိကောက်က ''နီနာရယ် ခပ်မြိုင်မြိုင်သီချင်းကလေးတစ်ပုဒ်လောက် တီးပြပါ'' ဟုပြောသည်။

''တီးချင်စိတ်မရှိပါဘူး'

''ဒါဖြင့် လီဒါက တီးပြပေါ့''ဟု ပြောပြီးလျှင် နိုဗိကောက်က လီဒါ၏ ပခုံးကို ကိုင်လိုက်သည်။

ထိုအခါ နီနာက ဘာမျှမပြောဘဲနှင့် ရုတ်တရက်အပြင်သို့ ထွက်၍ပြေးသည်။ လီဒါသည် မျက်နှာနီလာပြီး ကြက်သေသေသွားသည်။ နိုဗိကောက်လည်း အကြံအိုက်သွားပြီး ဘာမျှမပြောနိုင်။

ထိုအခိုက်တွင် ကံအားလျော်စွာ ဂိုရင်နှင့်လူဗာတို့ ဝင်လာသည်။

''အန်ဒရေတစ်ယောက် မရှိတော့ဘူး''ဟု ဂိုရင်က အသံတုန်တုန်နှင့် ပြောသည်။

လီဒါက ''မရှိတော့ဘူးဆိုတာက ဘယ်လိုလဲပြောပါဦး၊ မရှိတော့ဘူး ဆိုတာက ဘယ်လိုလဲ''ဟုမေးသည်။



''ဒီစာကို ရေးထားခဲ့ပြီး ထွက်သွားတာပဲ။ ဖတ်ကြည့်စမ်းပါဦး ဘာတွေများ ပါသလဲ''ဟု လူဗာကပြော၍ စာကိုလီဒါသို့ ပေးလိုက်သည်။ စာထဲတွင်···။

''ချစ်သူလီဒါ···သင့်ကိုလည်း ဒုက္ခမပေးချင်။ တခြားသူများကိုလည်း ဒုက္ခမပေးချင်တဲ့အတွက် ငါ တစ်ခါတည်း ထွက်သွားပြီ။ ငါ့ကို သင် ဖြတ်လိုက်ပါတော့။ ငါ့အဖေဟာ ပြည်သူ့ရန်သူဖြစ်တဲ့အတွက် လောကကြီးမှာ ငါ့အဖို့ မျှော်လင့်ချက် မရှိတော့ပါဘူး။ ငါ့ကို အပြစ်လွှတ်ပါ။ တစ်နေ့ကျတော့ ငါလုပ်တာမှန်ကြောင်းကို သင် သိလာပါလိမ့်မည်။ အန်ဒရေ''ဟု ပါသည်။

''ဘာ့ကြောင့်များ ဒီလိုရေးတယ်မသိပါဘူး။ သက်သက်နောက်နေတာနဲ့ တူပါတယ်။ တစ်နေ့တော့ သူဟာသူ့မှားမှန်းသိပြီး ပြန်လာမှာပါပဲ''ဟု လီဒါက ပြောသည်။

''ငါလည်း ဒီလိုပဲထင်တယ်''ဟု ဂိုရင်က ရီးဖြောင့်စွာပြောသည်။ အကယ်၍ ထိုအခိုက်တွင် အန်ဒရေများ ပြန်လာမည်ဆိုလျှင် ဂိုရင့်ထက်ဝမ်းသာသူ ရှိမည်မဟုတ်။

ဂိုရင့်စိတ်ထဲက အန်ဒရေ သူ့အိမ်တွင် မနေစေချင်သည်မှာကြာပြီ။ သူ မနေစေချင်သည့်အတိုင်း အန်ဒရေလည်းထွက်သွားပြီ။ သို့ရာတွင် အန်ဒရေ သူ့အိမ်က ထွက်သွားပုံမှာ သူ ထွက်သွားစေချင်ပုံမျိုးမဟုတ်။

⁕⁕⁕

## အခန်း-၆

အချိန်မှာ ပူအိုက်၍လေတိုက်သော ဩဂုတ်လဖြစ်သည်။ လူနှစ်ယောက်သည် သစ်ပင်ချုံနွယ်များပိတ်ပုံးလျက်ရှိသော လျှိုကြီးတစ်ခုထဲတွင် ခြေသံမကြားအောင် သတိထား၍ သွားလျက်ရှိသည်။ သစ်ရွက်ကြိုသစ်ရွက်ကြားမှ ဒေါင်းမြစ်ကိုလှမ်း၍ မြင်နိုင်သောအခါ မျက်စိတစ်ဖက်တွင် ကြပ်စည်းထားသော အကြီးလူက ''ငါတို့မိုးချုပ်မှ ရှေ့ကိုဆက်သွားကြစို့၊ အခုနှယ် ဆက်သွားရင် ငါတို့ကို မိသွားလိမ့်မယ်''ဟုပြောသည်။

''ငါတော့ ဆာလှပြီ။ သိပ်ကြာကြာကြီးတော့ မစောင့်နိုင်ဘူး။ အခုနှယ် ပေါင်မုန့်ကလေးတစ်ဖဲ့နဲ့ ဆားကလေးတစ်တို့လောက်ရရင် သိပ်ကောင်းမှာပဲ''ဟု အငယ်လူက ပြောသည်။

အစာပြတ်ပြတ် ရေငတ်ငတ်နှင့် အန်ဒရေတောထဲတွင် ပုန်းနေသည်မှာ ရက်သတ္တပတ်ရှိသွားပြီ။ သို့ရာတွင် အန်ဒရေသည် စိတ်မပျက်။ ဂိုရင်၏ အိမ်မှသာမဟုတ်ဘဲ သူ၏ အသိမိတ်ဆွေများနှင့်တကွ သူ၏ဘဝဟောင်းနှင့်ပါ ခွဲခွာ၍မသွားဘဲ မဖြစ်နိုင်တော့ သည့်အဖြစ်ကို အန်ဒရေ သဘောပေါက်နေသည်မှာ ကြာပြီ။ ဂိုရင့်အိမ်က သူ့ကို လက်မခံချင်တော့ကြောင်းကိုလည်း သူ သိသည်။ ပြီးလျှင် လီဒါနှင့် အဆက်ပြတ်၍ လည်း မဖြစ်သည်ကို သူ သိသည်။ ဒုရောက်လက်တွင်းမှ ဂိုရင်က သူ့ကို ကယ်ဆယ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းသည်လည်း တစ်ခဏအတွက်သာ ဖြစ်နိုင်မည်။ ပြည်သူ့ရန်သူ၏ သားတစ်ယောက်သည် သက်ဆုံးမရှည်နိုင်။ သို့သိလျှက်နှင့်လီဒါကို အဆက်မဖြတ်ဘဲနေလျှင် သူ့အဖို့တွင် စိတ်နှလုံးယုတ်ညံ့ ရာကျလိမ့်မည်။

အန်ဒရေတွင် ဗိုရင့်အိမ်မှထွက်လာစဉ်က အကြံဘာမျှမရှိ။ နောက်မှ တောထဲတွင်ပုန်းနေရင်းနှင့် သူ့ရှေ့ရေးအတွက်အကြံက အလိုလိုပေါ်လာသည်။ သူ့တွင် သူသည် မည်သူမည်ဝါဖြစ်ပါသည်ဆိုသော လက်မှတ်မရှိသဖြင့် ပုန်းမနေ၍မဖြစ်။ တောထဲတွင် တစ်ဆယ့်ခြောက်နှစ်အရွယ်ခန့်ရှိပြီး ဖော်လောက်ယာအမည်ရှိသော သူငယ်တစ်ယောက်နှင့်အန်ဒရေတွေ့သည်။ ဖော်လောက်ယာက လွန်ခဲ့သည့်တစ်လခန့်လောက်က သူတို့ရွာက အိမ်ထောင်ပေါင်းတစ်ရာကျော်ကို အစိုးရအတင်းဖမ်း၍ မြောက်ဘက် ရေခဲတောချွေးတပ်စခန်းသို့ ခေါ်ဆောင်သွားရန် လော်လီကားများနှင့်တင်၍ ဘူတာရုံသို့အပို့တွင် ထွက်ပြေးလာသဖြင့် သူလွတ်လာကြောင်း အန်ဒရေကိုပြောပြသည်။ ပြီးလျှင် သူ့အဖေက "ငါ့သား သင် လွတ်အောင်သာ ပြေးပေတော့။ ဟိုရောက်ရင်လည်း သင် သေရမှာ မထူးဘူး" ဟုပြောသဖြင့် လော်လီကားပေါ်ကခုန်ချပြီး ထွက်ပြေးလာရာ အစောင့်စစ်သားများက သေနတ်နှင့် လှမ်း၍ပစ်ကြကြောင်း၊ ကံကောင်း၍ မသေကြောင်းကိုလည်း ဒို၍ပြောပြသည်။

မိုးချုပ်သောအခါ အန်ဒရေနှင့် ဖော်လောက်ယာတို့သည် ဒေါင်းမြစ်ကမ်းဆီသို့သွားကြသည်။ သူတို့၏ ရည်ရွယ်ချက်မှာ ဂျုံစေ့တင်သမ္ဗန်ကြီးများဆီသို့သွား၍ ဂျုံစေ့များ ခိုးကြရန်ဖြစ်သည်။ အစောင့်စစ်သားတို့က မည်းမည်းမြင်လျှင် ဖမ်း၍ သေနတ်နှင့်ပစ်တတ်သဖြင့် သူတို့အလုပ်မှာ အသက်ကိုစွန့်၍ လုပ်ရသောအလုပ်ဖြစ်သည်။ ငတ်မွတ်ခြင်းသည် သူတို့၏ မွေးသမိခင်မဟုတ်သဖြင့် သူတို့နှစ်ယောက်သည် မစွန့်စားဘဲမနေနိုင်။ ဤအကြိမ်သည်လည်း သူတို့၏ ပထမစွန့်စားခြင်းမဟုတ်။ အန်ဒရေတို့နှစ်ယောက်သည် ဂုံအိတ်တစ်ခုနှင့် လွှန်ပူတစ်လက်ကိုယူ၍ ကမ်းနားကလှေတစ်စင်းကိုခိုးကာ ဂျုံစေ့တင်သမ္ဗန်ကြီးများရှိရာသို့ အသံမကြားအောင် မျှော၍သွားကြသည်။ သမ္ဗန်ကြီးများအနီးသို့ ရောက်သောအခါ ကမ်းသို့ကပ်၍ ဖော်လောက်ယာကို ချပေးလိုက်သည်။ ပြီးလျှင် အန်ဒရေသည် သူ့လှေကို သမ္ဗန်ကြီးများဆီသို့ ဆက်၍ခတ်သွားသည်။ ဖော်လောက်ယာ၏တာဝန်မှာ ဂျုံစေ့သမ္ဗန်ကြီးများကို အန်ဒရေ လုံလုံခြုံခြုံ ဖောက်နိုင်စေရန် အစောင့်စစ်သားများအား သူ့ဘက်သို့ အာရုံပြောင်း၍ပေးရန်ဖြစ်သည်။

ဖော်လောက်ယာက ကမ်းပါးပေါ်မှနေ၍ "ဦးလေး ငါ့ကို စားစရာနည်းနည်းပေးပါ။ ပေါင်မုန့်ကလေး တစ်ဖဲ့လောက် ရရင်တော်ပါပြီ"ဟု သနားစရာအော်၍ပြောသည်။ သမ္ဗန်ကြီးပေါ်မှ လူတစ်ယောက်က မီးအိမ်ကိုကိုင်၍ ကမ်းပါးဘက်သို့သွားပြီးလျှင် "ဟေ့ ဘယ်သူလဲ"ဟု လှမ်း၍မေးသည်။

"ဦးလေး...ပေါင်မုန့်ကလေးတစ်ဖဲ့လောက်ပေးပါ။ ငါ အစာမစားရတာ သုံးရက်ရှိပါပြီ"



"ဟေ့...ဒီနားမကပ်နဲ့။ သင်တို့ဟာ သိပ်ရှုပ်တယ်။ ဒီနားကို ဘယ်သူမှ မကပ်ရဘူးဆိုတာ မသိဘူးလား။ ငါတို့ကို သေနတ်နဲ့ပစ်ဖို့ အမိန့်ပေးထားတယ်"ဟု သမ္ဗန်ကြီးပေါ်က လူက ပြောသည်။

ထို့နောက် သမ္ဗန်ပဲ့ပိုင်းက အသံတစ်သံက "မစားရရင် သေကြပေါ့ကွာ" ဟုပြောသည်။

"အခုတလော ဒီလိုတောင်းတဲ့သူတွေ တော်တော့်ကိုများလာတယ်" ဟု မိန်းမတစ်ယောက်ကပြောသည်။

"ခေါ်ခေါ်ရယ် ပေါင်မုန့်ကလေး နည်းနည်းလောက်ပေးပါ"ဟု ဖော်လောက်ယာက ပို၍ကျယ်လောင်စွာ အော်၍ပြောသည်။

အစောင့်စစ်သားသည် စိတ်တိုလာသဖြင့် "ဟေ့ကောင် သွားရင်သွားနော်။ မသွားရင် ငါ ပစ်လိုက်မယ်။ ဒါပဲ"ဟု ပြောသည်။ ပြီးလျှင် "ဒီကောင် လိုက်ဖမ်းပြီး ပေါင်မုန့်ကျွေးလိုက်စမ်းပါကွာ"ဟု ဆက်၍ပြောသည်။

ထိုအခိုက်တွင် အန်ဒရေသည် သမ္ဗန်ကြီးဘေးနားသို့ သူ့လှေကိုကပ်၍ ဆိုက်ပြီးလျှင် လွန်ပူနှင့်ဖောက်သည်။

"ဟေ့ အမျိုးယုတ်တွေ။ ကပ်စေးနှဲတွေ။ သင်တို့ဟာ ပေါင်မုန့်နှင့်ပြီး သေကုန်မယ့် ကောင်တွေ"ဟု ဖော်လောက်ယာကလှမ်း၍ မခံချင်အောင်အော်သည်။

ဂျုံစေ့များသည် ယိုယိုယိုယိုနှင့် အန်ဒရေ၏လှေထဲသို့ ကျနေသည်။ အန်ဒရေမှာ သူ့စိတ်ထဲက ဂျုံစေ့များကျသည့်အသံသည် ဘေးပတ်ဝန်းကျင် ဆယ်မိုင်ဆယ့်ငါးမိုင်လောက်ကပင် ကြားလောက်အောင်ကျယ်သည် အောက်မေ့ကာ ဇောချွေးများပြန်လျက်ရှိသည်။

ထိုအခိုက်တွင် ဖော်လောက်ယာက ကမ်းပေါ်မှနေ၍ အော်လိုက်ဆဲလိုက်လုပ်ကာ အစောင့်စစ်သားများ မခံချင်အောင်စ၍ပေးသည်။ တစ်စုံတစ်ယောက်က ဖော်လောက်ယာကို လိုက်၍ဖမ်းသည်။

အန်ဒရေ သူ့လှေထဲတွင် ဂျုံစေ့များပြည့်လာသဖြင့် သမ္ဗန်ပေါက်ကို အဝတ်နှင့် ကပျာကယာဆို့ခဲ့ပြီး သူ့လှေကို ရေစုန်သို့မျှောကာခွာခဲ့သည်။ အန်ဒရေသည် ရန်သူနှင့်ဝေး၍ စိတ်ချလောက်သော နေရာသို့ရောက်သောအခါ "ဟေ့ ကျူးတို့သမား၊ လှေယူခဲ့ဟေ့" ဟုအော်သည်။ ထိုသို့အော်ခြင်းမှာ ဖော်လောက်ယာကို ပြန်ခဲ့ရန် အချက်ပေးခြင်းဖြစ်သည်။ ထိုအခိုက်တွင် သမ္ဗန်ကြီးပေါ်မှ သေနတ်သံနှစ်ချက် ကြားရသည်။

အန်ဒရေသည် သူ့လှေကိုကမ်းနားတွင် ချည်ခဲ့ပြီးလျှင် ဖော်လောက်ယာရှိရာသို့ တစ်ဟုန်တည်းပြေးသည်။ ဖော်လောက်ယာသည် ကြောက်အားလန့်အားနှင့် မှောင်မည်းကြီးထဲတွင်ပြေးလာရာ အန်ဒရေနှင့်ဝင်၍ ရင်ဆိုင်တိုးမိသည်။

"ဟေ့ ဖော်လောက်ယာ ဘာဖြစ်လာသလဲ"

"ငါ့ကို သေနတ်ထိသွားပြီ။ ခွေးသားတွေ တကယ်ပစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဖော်လောက်ယာ၏ ဒဏ်ရာမှာ လက်မောင်းတွင်ရှပ်၍မှန်သွားသော ဒဏ်ရာဖြစ်၍ မပြင်းထန်။ အန်ဒရေက သူ့လက်မောင်းကို အဝတ်နှင့်စည်း၍ပေးသည်။

"အန်ဒရေရေ ရခဲ့ရဲ့လား"

"ရခဲ့တာပေါ့ကွ"

"ဒီလိုဆိုရင် တခြားစားစရာသောက်စရာပစ္စည်းတွေနဲ့ တိုလဲစားနိုင်ပြီ"

အန်ဒရေနှင့် ဖော်လောက်ယာတို့သည် လှေကိုသစ်ကိုင်းများနှင့် အုပ်၍ဝှက်ထားကြသည်။ သူတို့နှစ်ယောက်သည် အသက်ဆက်မိကြရုံမျှမက အခြားသူများကိုလည်း အကူအညီပေးနိုင်ကြပြီ။ တောထဲတွင် သူတို့ကဲ့သို့ ပုန်းနေကြသော လူတစ်စုလည်းရှိသေးသည်။ ထိုသူတို့အနက် ဖော်လောက်ယာအရွယ် သမီးကလေးတစ်ယောက်နှင့် အဘိုးကြီးတစ်ယောက်လည်းပါသည်။ အဘိုးကြီးမှာ လမ်းတောင် ကောင်းကောင်း မလျှောက်နိုင်တော့။ သူတို့အစုထဲက ဦးစီးဦးဆောင်လုပ်သူသုံးယောက်မှာ အားလည်းမရှိ ဉာဏ်လည်းမရှိသူများဖြစ်သဖြင့် ရွာထဲသို့သွား၍ တောင်းရမ်းစားဖို့လောက်သာ နားလည်သည်။ ရွာသားများမှာလည်း သူတို့လို ငတ်ပြတ်နေကြသူများသာဖြစ်သဖြင့် သူတို့၏တောင်းရမ်းခြင်းအလုပ်မှာ တွက်ခြေမကိုက်။ သူတို့ထဲက လူတစ်ယောက်တွင် ခြောက်လုံးပူးသေနတ်တစ်လက်ရှိ၍ အဘိုးကြီးတွင် ရိုင်ဖယ်သေနတ်တစ်လက်ရှိသည်။ သို့ရာတွင် သူတို့သည် ထိုသေနတ်များကို သုံးရဲသောသတ္တိမရှိ။

ဖော်လောက်ယာသည် အဘိုးကြီး၏သမီးကလေးကို ခင်၍နေသဖြင့် အစစအရာရာကို စောင့်ရှောက်ပေးရုံမျှမက တစ်ခါတစ်ရံ သူစားမည့်ပေါင်မုန့်ကိုပင် မစားဘဲနှင့် မိန်းကလေးကိုကျွေးသည်။ အန်ဒရေမှာ တောပုန်းတစ်စု၏ ခေါင်းဆောင်အဖြစ်သို့ ရောက်သွားပြီးလျှင် သူ၏ဝတ္တရားများကို စေတနာသန့်ရှင်းစွာဖြင့် ဆောင်ရွက်သည်။

တောပုန်းတို့သည် တောနက်ရာတွင်နေ၍ အလုည့်ကျကင်းစောင့်ကြသည်။ သူတို့သည် ညညတွင် မီးရောင်လုံးလုံးမပြဘဲ နေ့ခင်း နေ့ခင်းတွင်သာ ချက်ပြုတ်စား၍ မြေတွင်းများတူးကာ အိပ်ကြသည်။ သူတို့သည် စကားကိုလျှော့ပြောပြီးလျှင် အကြံကိုပို၍ ထုတ်ကြသည်။ သူတို့သည် ဆောင်းဝင်၍ ရေခဲလာလျှင် အခက်တွေ့ကြရမည်ဖြစ်သဖြင့် ရုရှ၏ ဆောင်းဒဏ်ကိုခံနိုင်ရန် ဘယ်လိုလုပ်ကြမည်ကိုသာ အမြဲတွေး၍နေကြသည်။

သို့ရာတွင် သူတို့တွေ့ရမည့် ဒုက္ခများကမူ ဆောင်းအဝင်ကိုစောင့်၍မနေ။ တစ်နေ့တွင် သူတို့အထဲမှ လူနှစ်ယောက်၏ မလိမ္မာမှုကြောင့် သူတို့နေရာကို ရန်သူများက သိသွားသည်။ သူတို့သည် မရှိမဲ့ရှိမဲ့နှင့် ဟင်းရည်ကြဲကြဲကို ကျို၍သောက်နေကြစဉ် သူတို့၏ လေးဘက်လေးတန်မှ သေနတ်သံများ ထွက်ပေါ်လာပြီးလျှင် "ဟေ့…သင်တို့အသက်ကိုနှမြောရင် လက်နက်ချလိုက်ကြ" ဟု ရန်သူတို့က အော်၍ပြောသည်။

တောပုန်းတို့က ဘာမျှပြန်၍မပြော။ အဘိုးကြီးသည် မိုလ်အန်ဒရေထံမှ ခြောက်လုံးပူးကို လှမ်း၍ယူလိုက်ပြီးလျှင် "တို့လူတွေကို လွတ်ရာသို့ သင်က ခေါ်သွားပါ။ ငါက စစ်သားတွေကို ခံပြီးချနေမယ်"ဟု အန်ဒရေကို ပြောသည်။



"ငါ ခံချပါမယ်"ဟု အန်ဒရေက တည်တည်ကြီးပြောသည်။ အဘိုးကြီးက မျက်မှောင်ကြုတ်၍ "ငါပြောတာကိုသာလုပ်ပါ။ အသေခံဖို့က လွယ်တယ်။ တို့လူတွေ လွတ်အောင်လုပ်ဖို့က မလွယ်ဘူး။ ငါ့အဖို့က မထူးတော့ဘူး။ အခု မသေလည်း နောက် မကြာခင်သေမှာပဲ"ဟု ပြောသည်။

"လာကြဟေ့"ဟု အန်ဒရေက မျက်ရိပ်ပြ၍ သူ့လူများကိုခေါ်ပြီးလျှင် တောနက်ရာသို့ ဝင်သွားသည်။

ထိုအခိုက်တွင် ဦးထုပ်ပြာနှင့် စစ်သားတစ်ယောက်ပေါ်လာသည်။ အဘိုးကြီးက အနားကတွေ့ပြီး သေနတ်မောင်းကို ဖြုတ်လိုက်သည်။ စစ်သားသည် အော်ချိန်မရခင်လဲကျသွားသည်။ ပြီးလျှင် အဘိုးကြီးသည် သစ်ပင်ကြီးတစ်ပင်ကို ကွယ်၍စောင့်နေသည်။ သူသည် စစ်သားများက သေနတ်နှင့်ပစ်သည်ကို ပြန်၍မပစ်။ ယမ်းတောင့်မပြုန်းစေရန် သေချာလောက်မှသာပစ်သည်။

ထိုအခိုက်တွင် အန်ဒရေသည် ရံဖန်ရံခါ လေးဘက်ထောက်သွား၍လည်းကောင်း၊ ရံဖန်ရံခန် မြေပေါ်တွင်မှောက်ကာ စောင့်၍လည်းကောင်း၊ သူ့လူများကို ရန်သူလက်မှလွတ်အောင် ဦးဆောင်၍သွားသည်။ သစ်ပင်နည်းပါးသော ကွင်းပြင်တစ်ခုသို့ရောက်သောအခါ မိန်းကလေးမှာ ရန်သူ့ကျည်သင့်၍လဲကျသွားသည်။ ဖော်လောက်ယာက သူ့အသက်ကို သူဂရုမစိုက်ဘဲ မိန်းကလေးကို ပြေး၍ကယ်သည်။ မိန်းကလေးအနားသို့ရောက်သောအခါ သူလည်း ကျည်သင့်၍လဲကျသွားသည်။ အန်ဒရေက ကျန်သည့်လူသုံးယောက်ကို တစ်နေရာတွင် ငြိမ်၍ ပုန်းနေရန်ပြောသည်။ ထိုလူသုံးယောက်က သူ့စကားကိုနားမထောင်ဘဲ မတ်တတ်ရပ်၍ လတ်မြောက်လိုက်ကြသောအခါ သေနတ်သံသုံးချက် တစ်ချက်ပြီးတစ်ချက် ဆင့်၍ပေါ်လာပြီး သုံးယောက်စလုံး လဲကျသွားသည်။ အန်ဒရေမှာ သူတစ်ယောက်တည်းကျန်တော့သဖြင့် ချုံထဲသို့ဝင်၍ ပုန်းနေသည်။ ပြီးလျှင် အန်ဒရေသည် စစ်သား၏သေနတ် သံကြားရာသို့ ချုံကွယ်မှ ခြေသံမကြားအောင်သွားသည်။ အန်ဒရေက နောက်ကွယ်မှနေ၍ စစ်သား၏လည်ပင်းကို တအားညှစ်သတ်လိုက်သည်။ ပြီးလျှင် နောက်သို့လှည့်မကြည့်ဘဲ ခြေကုန်သုတ်၍ပြေးသည်။ နောက်ဆုံးတွင် အားပြတ်၍သစ်ရွက်ခြွေများဖုံးလျက်ရှိသော မြေကြီးပေါ်သို့လဲသွားသည်။ ထို့နောက် အနားတွင် တွင်းတစ်တွင်းတွေ့သဖြင့် တွင်းထဲသို့ ဝင်၍ပုန်းကာ သူ့ကိုယ်ကို အပေါ်မှ သစ်ကိုင်းသစ်ခက်များနှင့် လုံခြုံစွာဖုံး၍ထားသည်။ ခပ်လှမ်းလှမ်းတွင် သေနတ်သံများ မစဲသေး။ ခဏနေ၍ သေနတ်သံစဲသွားသောအခါ "အင်း…အဘိုးကြီးတော့ သေပြီထင်တယ်။ သူတို့လက်ချက်နဲ့ပဲလား၊ သူ့လက်ချက်နဲ့ သူပဲလားမပြောတတ်ဘူး။ အို…ဒီအဘိုးကြီးဟာ ကျည်ဆန်ပြုန်းအောင် သူ့ကိုယ်သူတော့ သတ်မှာမဟုတ်ပါဘူး။ သူတို့ လက်ချက်နဲ့ပဲတူပါတယ်"ဟု အောက်မေ့သည်။

အန်ဒရေ့စိတ်ထဲက သူတို့ရုရှပြည်တွင် ဖြစ်ပျက်နေသောအခြေအနေကို စဉ်းစားမိသဖြင့် ငါတို့ပြည်မှာ ဒီအဘိုးကြီးလိုပဲ လက်နက်ကိုင်ပြီး အသက်များလဲကြ

www.burmeseclassic.com

www.burmeseclassic.com



မုပဲဖြစ်တော့မယ်။ ငါ့အဖေလို ထောင်ထဲသွားပြီး အသေခံနေကြရင် အကျိုးထူးမှာ မဟုတ်ဘူးဟု စဉ်းစားမိသည်။ ဖော်လောက်ယာနှင့် မိန်းကလေးတို့အဖြစ်ကို စဉ်းစားမိသောအခါ အန်ဒရေစိတ်ထဲတွင် ရင်ထုမနာဖြစ်၍သွားသည်။

မိုးချုပ်သောအခါ အန်ဒရေသည် တွင်းထဲမှထွက်၍ မြို့ထဲသို့ပြန်သွားသည်။

နောက် တနင်္ဂနွေတစ်ပတ်လောက်ကြာသောအခါ ကင်းစောင့်များက အန်ဒရေကိုဖမ်းသွားသည်။ အန်ဒရေက သူ့နာမည်ကို လိမ်၍ပြောပြီးလျှင် သူ၏နေရပ်ကို ထိန်၍ထားသည်။ ထိုအခါ သူ့ကိုစစ်ဆေးသောအရာရှိက သေနတ်ဒင်နှင့် သူ့ခေါင်းကို တအားရိုက်လိုက်သည်။ အန်ဒရေ သတိမေ့ပြီး လဲကျသွားသည်။ သတိရသောအခါ ချွေးတပ်စခန်းသို့ ရောက်နေသည်ကို တွေ့ရသည်။

※※※

---

အခန်း-၇

---

စက်ရုံဒါရိုက်တာ ဆီဒိုရောက်က နီဗိကောက် တက္ကသိုလ်ကျောင်းအုပ်ကြီးရာထူးရသည့်အတွက် ဝမ်းသာပွဲကို သူ့အိမ်တွင် ကျင်းပရမည်ဟု နီဗိကောက်အားအတင်းခိုင်းသည်။ ဆီဒိုရောက်သည် နီဗိကောက်ကို သူ့သမက်ဟုသဘောထားလျက်ရှိသည်။ လီဒါ စိတ်မကောင်းဖြစ်နေသဖြင့် လီဒါကို အားနာ၍ နီဗိကောက်က ဝမ်းသာပွဲကို ဆီဒိုရောက်အိမ်တွင်မလုပ်ချင်။ လီဒါ၏ အလိုဆန္ဒကိုမူ ဆီဒိုရောက်က ထည့်၍ မစဉ်းစား။

နီဗိကောက်အတွက် ဝမ်းသာပွဲမတိုင်မီတွင် ဆီဒိုရောက်သည် သူ့သမီးလီဒါနှင့် အကြီးအကျယ် ကတောက်ကဆတ်ဖြစ်ကြသည်။ "အန်ဒရေကို ငါ ချစ်တယ်။ သူကလွဲရင် ငါ ဘယ်သူ့မှမယူဘူး"ဟု လီဒါက ပြောသည်။

"သင့် အန်ဒရေက ဘယ်မှာလဲ ပြောစမ်းပါဦး။ ဘယ်မှာလဲ"ဟု ဆီဒိုရောက်က ခုနစ်အိမ်ကြားအော်၍မေးသည်။

သူတို့၏ နွေရာသီအိမ်သို့ နီဗိကောက်လာစဉ်က လီဒါသည် နီဗိကောက်ကို ခပ်တန်းတန်းပင် ဆက်ဆံသည်။ သူ့အဖေက သူ့ကို နီဗိကောက်နှင့် ပေးစားဖို့ကြံကြောင်းကိုသိရသောအခါတွင် လီဒါသည် နီဗိကောက်ကို ရှောင်နိုင်သမျှ ရှောင်၍နေပြီးလျှင် နီကိုလေကိုသာ ဖော်ဖော်ရွေရွေ ဆက်ဆံသည်။ နီဗိကောက်သည် လီဒါ၏အဖြစ်ကို သဘောပေါက်သဖြင့် လီဒါကို အနှောင့်အယှက်ဖြစ်အောင်မလုပ်။ နီကိုလေမှာ ခါတိုင်းကဲ့သို့ပင် အမှုမဲ့ အမှတ်မဲ့ ပျော်ပျော်ရွှင်ရွှင်နေသည်။ နာတာလီယသည် နီကိုလေက သူ့သမီးလီဒါကို ကြိုက်နေမှန်းသိသော်လည်း နီဗိကောက် သူ့သားမက်ဖြစ်ဖို့ကိုစွဲထားသူ နီကိုလေဘက်မှ ဘာမျှအနှောင့်အယှက် ဖြစ်နိုင်စရာရှိလိမ့်မည်ဟု မယူဆ။

ထိုကဲ့သို့ အမျိုးမျိုးခြေရှုပ်၍နေကြသည့်အထဲတွင် လီဒါသည် အန်ဒရေအတွက်သာ စိုးရိမ်ပြီး စိတ်ပူနေသည်။



နာတာလီယသည် နီဗိကောက်က အေးစက်စက်လုပ်နေသည်ကို သဘောမကျ။ လီဒါတွင် "ပါမောက္ခကလေးအား မနေနိုင်မထိုင်နိုင်ဖြစ်လာအောင်" မြူဆွယ်ပေးနိုင်သောသတ္တိမရှိသည်မှာမှန်သော်လည်း ပါမောက္ခလေးကိုယ်တိုင်ကလည်း "ကာမစိတ်နည်းပါးလွန်းသည်"ဟု နာတာလီယ သဘောရသည်။ "အ,အနှစ်ယောက်ကိုတွေ့အောင်လုပ်ပေးဖို့ အချိန်တော်ပြီ"ဟု နာတာလီယ အောက်မေ့သည်။

နာတာလီယသည် ဗေဒင်ဆရာကြီးတစ်ယောက်ထံ တိတ်တိတ်သွား၍ တိုင်ပင်သည်။ (ရုရှပြည်တွင် ဗေဒင်ဆရာများကို အစိုးရက ပစ္စည်းသိမ်း၍ ချွေးတပ်စခန်းသို့ ပို့နိုင်သဖြင့် ဗေဒင်ဆရာမကြီးသည် အစိုးရဆိုလျှင် အင်မတန်ကြောက်သည်)။ သို့ရာတွင် နာတာလီယတို့လင်မယားမှာ သူ၏ဖောက်သည်ဟောင်းကြီးများဖြစ်၍ ဗေဒင်ဆရာမကြီးသည် လက်ဖက်ရည်ကို တစ်ခွက်ပြီးတစ်ခွက်သောက်ပြီး နာတာလီယနှင့် ယုံကြည်စိတ်ချစွာ စကားပြောသည်။ ဆရာမကြီး လှုပ်သွက်၍လာစေခြင်းအကျိုးငှာ နာတာလီယက သကြားအစိတ်သားနှင့် ဗော့ဒကာသေရည်တစ်ပုလင်းပေးသည်။ ဆရာမကြီးသည် သကြားအစိတ်သားကို ကပျာကယာယူ၍ သိမ်းလိုက်ပြီးလျှင် ဗော့ဒကာကိုမူ နာတာလီယနှင့်အတူသောက်သည်။ ဆရာမကြီးသည် နာတာလီယပြောသည်ကို ဂရုစိုက်၍ နားထောင်ပြီးလျှင် "အခုခေတ် လူငယ်တွေကို ကာမစိတ်ကြွလာအောင် ဗေဒင်ဟောကိန်းနဲ့ ယတြာချေပေးလို့မရဘူး။ အကောင်းဆုံးကတော့ စပိန်ပိုးကောင် (စပန်နစ်ဖလိုင်း)သာရအောင်ရှာပါ"ဟု အကြံပေးသည်။

"အဲဒီပိုးကောင်က ဘယ်လိုဟာမျိုးလဲ။ သူတို့ကို ဒီပိုးကောင်ကိုက်အောင် လုပ်ပေးရမှာလား။ ဘယ်လိုလဲ"

"ကိုက်အောင်လုပ်ပေးဖို့ မလိုပါဘူး။ သူတို့စားတဲ့အစာထဲ ထည့်ကျွေးလိုက်ရင်ပြီးပါတယ်"

"ဘယ်သူ့အစာထဲ ထည့်ရမှာလဲ"

"ယောကျ်ားကလေးအစာထဲ ထည့်ကျွေးလိုက်ရင် ပိုကောင်းတယ်။ သူတို့စိတ်ကို ဆွပေးလိုက်ရင် ယောကျ်ားကလေးများဟာ ထရံတောင်တက်ပါတယ်။ ဒီတစ်ခါကျတော့ သင့်သမီးဟာ ဘယ်နည်းနဲ့မှ လွတ်အောင်ရှောင်နိုင်တော့မှာ မဟုတ်ပါဘူး"

နာတာလီယသည် အင်မတန်ဝမ်းသာသွားသဖြင့် "အနို့ ဒီပိုးကောင်ကို ဘယ်မှာရှာရမလဲ။ ငါလည်း တစ်ခါမှမမြင်ဖူးဘူး"ဟုပြောသည်။

"ငါ့မှာ အခြောက်လှန်းထားပြီး တစ်ကောင်ရှိပါတယ်။ ဒီအတွက်တော့ ငါ့ကို နောက်ထပ် ဗော့ဒကာတစ်ပုလင်းပဲပေးပါ"ဟု ဆရာမကြီးက ပြောသည်။

"နောက်ထပ် ဗော့ဒကာတစ်ပုလင်းပေးလိုက်သဖြင့် ပိုးကောင်ခြောက်ကလေးရသောအခါ နာတာလီယသည် ပိုးကောင်ခြောက်ကလေးကို ရှုသေစွာကြည့်သည်။ ပိုးကောင်ကလေးမှာ အရောင်စိမ်းသည့်မှတစ်ပါး သာမန်ယင်ကောင် အမျိုးအစား

www.burmeseclassic.com

www.burmeseclassic.com



ထဲက သာဖြစ်သည်။ သူတို့ဝင်းထဲက နောက်ချေးပုံပေါ်တွင် ဤလို ပိုးကောင်ကလေးမျိုးကို မြင်ဖူးသည်ဟု နာတာလိယ ထင်သည်။

ဗေဒင်ဆရာမကြီးက ပြန်ခါနီးတွင် "မုန့်လင်မယားထဲ ထည့်ကျွေးလိုက်နိုင်ရင်တော့ အကောင်းဆုံးပဲ။ နောက်ဖေးနောက်ဖီသွားပြီးလို့ ဝမ်းထဲမှာ အစာမရှိတဲ့အချိန်ဟာ အကောင်းဆုံးအချိန်ပဲ"ဟု အကြံပေးခဲ့သည်။

နာတာလိယက မုန့်လင်မယားယန်းကန်ပြားကြီးကို စားပွဲပေါ်တွင် နိုဗိကောက်ရှေ့တည့်တည့်ကချ၍ တည်သည်။ ပိုးကောင်ခြောက်ထည့်ထားသော မုန့်ကို ကြက်ခြေခတ်ရာသေးသေးလေးနှင့် မှတ်ထားပြီးလျှင် နာတာလိယက မျက်ခြည်မပြတ်အောင် စောင့်ကြည့်နေသည်။

"စားကြည့်စမ်းပါ။ လီဒါလုပ်တဲ့မုန့်လေ။ စားကြည့်ပြီးတော့ မုန့်အလုပ်ကောင်းတယ်။ မကောင်းဘူးဆိုတာပြောပေါ့"ဟု နာတာလိယက နိုဗိကောက်ကို ပြောသည်။

နိုဗိကောက်က မုန့်တစ်ခုကို ယူ၍စားကြည့်သည်။ သို့ရာတွင် ကြက်ခြေခတ်မှတ်ထားသော မုန့်မဟုတ်။ ဆီဒိုရောက်ကလည်း သူ့သမီးလက်ရာကို စား၍ကြည့်ချင်သည်။ ပြီးလျှင် ကြက်ခြေခတ်ရာပါသော မုန့်ကို ကောက်၍ကိုင်လိုက်သည်။ ထိုအခါနာတာလိယမှာ ယောင်၍အော်လိုက်တော့မလိုပင် ဖြစ်သွားသည်။ နာတာလိယသည် စိတ်ကိုမချုပ်တည်းနိုင်တော့သဖြင့် လက်ဆော့သောကလေးကိုရိုက်သည့်ပမာ သူ့လင်၏လက်ကိုလှမ်း၍ရိုက်လိုက်ပြီးလျှင် "ဘာလုပ်တာလဲ အဘိုးကြီးက ဒါကို သင်စားဖို့ မလိုသေးပါဘူး"ဟု ပြောသည်။ ပြီးမှ ညှော်သည်တွေ စားပါစေဦး"ဟု ဆက်၍ ပြောသည်။

လောကဝတ်ပျက်၍ သူ့ကိုဆုံးမသည်ဟု သဘောရသဖြင့် ဆီဒိုရောက်သည် သူ့လက်ထဲကမုန့်ကို ဟျာဟျာသလဲချလိုက်သည်။ နာတာလိယက ထိုမုန့်ကိုယူ၍ ပန်းကန်ပြားကလေးထဲထည့်ပြီးလျှင် နိုဗိကောက်ရှေ့တွင်ချ၍ "ဒီတစ်ခု ထပ်စားကြည့်ပါဦး"ဟု ပြောသည်။

နိုဗိကောက်က အနည်းငယ်ကိုက်စားပြီး ပြုံး၍ကောင်းသားပဲဟု ပြောပြီးလျှင် တစ်ခုလုံးစားလိုက်သည်။

နာတာလိယက ဆေးတန်ခိုးကို စောင့်၍ကြည့်နေသည်။

ဆီဒိုရောက်သည် ပထမအကြိမ်ကကဲ့သို့ပင် သူ၏ညှော်သည်များကို အပျော်စီးသင်္ဘောနှင့်တင်၍ ခေါ်သွားသည်။ ဤတစ်ကြိမ်တွင်လည်း ပထမအကြိမ်ကဲ့သို့ပင် အကျဉ်းသမားများကိုတင်လာသော သမ္ဗန်ကြီးတစ်စင်းကို တွေ့သည်။ လီဒါက အကျဉ်းသားများထဲတွင် အန်ဒရေပါလာသည်ကိုတွေ့သည်။

"အန်ဒရေ…ရေ အန်ဒရေ…ရေ"ဟု လီဒါက အော်ခေါ်သည်။

အန်ဒရေသည် သမ္ဗန်ကုန်းပတ်သံဆူးကြိုးနားတွင် ကပ်၍ထိုင်နေသည်။ အန်ဒရေမှာ ချေးလက်လေးသစ်နှင့် ပိန်ညှော်ပြီး အဘိုးကြီးများလို ခါးကုန်း၍နေသည်။



လီဒါခေါ်သံကို ကြားလိုက်သောအခါ အန်ဒရေသည် အခြားဘာကိုမျှ သတိမရတော့ဘဲ သံဆူးကြိုးကိုကျော်၍ ရေထဲသို့ခုန်ချပြီးလျှင် လီဒါတို့သင်္ဘောဆီသို့ အားကုန်ကူး၍သွားသည်။

"အမယ်လေးချစ်သူရဲ၊ မြန်မြန်ကူးခဲ့ပါ"ဟု လီဒါက ဆီး၍ခေါ်သည်။

ရုတ်တရက်သေနတ်သံနှစ်ချက် တစ်ချက်ပြီးတစ်ချက်ဆင့်၍ ပေါ်လာပြီးလျှင် အန်ဒရေ၏ ဦးခေါင်းနားတွင် ရေပန်းများထသွားသည်။

"မပစ်နဲ့နော် မပစ်နဲ့နော်"ဟု လီဒါက သမ္ဗန်ဆီသို့ လှမ်း၍ပြောသည်။

နိကိုလေသည် သူဝတ်ထားသည့် အဝတ်နှင့်ပင် ရေထဲသို့ခုန်ချပြီး အန်ဒရေဆီသို့ အပြင်းကူးသွားသည်။

"ဟော့ကောင် ဘယ်လဲ။ သင် သေလိမ့်မယ်"ဟု နိုဗိကောက်က သူ့ညီကို လှမ်း၍ပြောသည်။

ထိုအခိုက်တွင် သေနတ်သံတစ်ချက်ထပ်ပေါ်လာပြီး အန်ဒရေ၏နောက်ဘက်ကရေများသည် နီ၍သွားသည်။ အန်ဒရေသည် ရေထဲသို့မြုပ်သွားပြီး တစ်ဖန်ပြန်ပေါ်လာသည်။ သူသည် ကြိုးစား၍ ကူးမြဲကူးလျက်ရှိသည်။ နိကိုလေက အန်ဒရေကို ချိုင်းမှမ၍ သင်္ဘောဆီသို့ ဆွဲလာသည်။

သင်္ဘောပေါ်သို့ ရောက်လာသောအခါ လီဒါက "အမယ်လေး ချစ်သူရဲ့ အန်ဒရေရဲ့" ဟု ပြောပြီး အန်ဒရေကို ဖက်သည်။

အန်ဒရေက မချိဘဲလျက် အောင့်ကာပြုံးပြီးလျှင် "တကယ်ဆိုတော့ သင့်ကိုငါ ပစ်မသွားပါဘူးနော် လီဒါ"ဟုပြောသည်။ ပြီးလျှင် အသက်ထွက်သွားသည်။

❊ ❊ ❊

---

## အခန်း(၈)

---

လီဒါသည် ရက်သတ္တတစ်ပတ်မျှ အိပ်ရာထဲက မထနိုင်။ ပိန်လည်းအများကြီး ပိန်သွားသည်။ စကားလည်း ပြောဖော်မရ။

ဆီဒိုရောက်တို့အိမ်သားတစ်စုသည် နွေရာသီအိမ်မှ မြို့သို့ပြန်ရောက်ကြပြီ။ ဆီဒိုရောက်သည် သူ့သမီးအခန်းသို့သွား၍ သူ့သမီးစိတ်ပျောတ်လက်ပျောက်ရှိစေရန် အမျိုးမျိုး ချော့မော့လုပ်သည်။ လီဒါမှာ အန်ဒရေအတွက် စိတ်ဖြေ၍မရ။

"လီဒါဟာ အန်ဒရေကို တကယ်ပဲ စွဲလမ်းနေပြီ။ ခက်တာပဲ"ဟု ဆီဒိုရောက်က ညည်းသည်။

နိကိုလေက လီဒါကို တွေ့ရန်လာသော်လည်း နာတာလိယက ဆရာဝန်အမိန့်အရဟုပြောကာ တွေ့ခွင့်မပေး။

www.burmeseclassic.com

www.burmeseclassic.com



နီနာက လီဒါကို ခဏခဏလာ၍တွေ့သည်။ လီဒါ စိတ်ညစ်နေသည်ကို ပမာဏမထားဘဲ နီနာက ဟောင်ဖွာဟောင်ဖွာနှင့် စကားပြောသည်။ လီဒါမှာ ပူမြဲသာပူနေသည်။

တစ်နေ့တွင် နီနာသည် ဖျာဖျာလောင်လောင်နှင့် ဝင်လာပြီးလျှင် ''လီဒါရေ အဝတ်လဲဟေ့၊ တို့ ပွဲသွားကြည့်ကြမယ်။ သင့်ဖို့ ငါ လက်မှတ်ဝယ်လာခဲ့ပြီ'' ဟုပြောသည်။

ပြီးလျှင် နီနာက ''ပျော်ပျော်နေစမ်းပါအေ။ နိုဗိကောက်က သင်ကြည့်ဖို့ဆိုပြီး လက်မှတ်သုံးစောင်ဝယ်လာတယ်။ သင်မပါရင် မသွားဘူးတဲ့''ဟု ပြောသည်။

''သူက ငါ့ကို ဘာလို့ ပွဲကြည့်စေချင်ရတာတဲ့လဲ''

''ငါ ဘယ်သိမလဲ။ သူ့မေးပေါ့။ ဘာပြောပြော သင်တော့ လိုက်ရမယ်''

လီဒါက မလိုက်ချင်ဘူးဟု ခေါင်းခါပြသည်။ နီနာက ''အိမ်ထဲမှာ ကုပ်ပူနေလို့ အလကားပေါ့။ ပွဲထဲရောက်ရင် သင် ပျော်သွားမှာပါ''ဟုပြောသည်။

နီနာနှင့် နာတာလီယတို့က လီဒါကို အတင်းအဝတ်အစား လဲပေးကြသည်။

''တော်လစတွိုင်းရေးတဲ့ အန္နာကာရီနိနီနာဇာတ် ပထမပြမယ့်ညအေ့'' ဟု နီနာက ပြောသည်။

နိုဗိကောက်က ရုံဝမှစောင့်နေသည်။ နိုဗိကောက်သည် လီဒါကိုကြည့်၍ စကားမပြောဘဲ အလိုက်သင့်နေသည်။ နိုဗိကောက်က အမြင့်ဆုံးအတန်းက လက်မှတ်ဝယ်ထားသည်။ ပွဲထဲတွင် မီဒိုယန်နှင့် အခြားကွန်မြူနစ်ပါတီအရာရှိကြီးများ သူတို့ဇနီးများနှင့် ရောက်နေကြသည်။

မီဒိုယန်က ''သင်က တယ်အကြံကြီးတာကို''ဟူသော သဘောမျိုးဖြင့် နိုဗိကောက်ကို မျက်စိမှိတ်၍ပြသည်။

နီနာက လီဒါနှင့် နိုဗိကောက်ကြားက ထိုင်၍ ''ပူမနေပါနဲ့ လီဒါရယ်။ တော်တော်ကြာတော့ သင် စိတ်အေးသွားမှာပါပဲ။ အရေးကြီးတာက သင်နဲ့ငါနဲ့ မိတ်ဆွေ မပျက်တာဘဲ အရေးကြီးပါတယ်''ဟု ပြောသည်။

လီဒါမှာ အန်ဒရေကိုသာ သတိရနေပြီး ဇာတ်ပြနေသည်ကို ဘာမျှမမြင်။ အန်ဒရေသေသွားသဖြင့် လောကကြီးသည် ပျော်စရာမကောင်းတော့ ဇာတ်ခုံပေါ်က မိန်းမက ဘာတွေလျှောက်ပြောနေရတာလဲ။ ရောက်စတောက်မြို့မှာ လူတစ်ယောက် သေသွားတယ်ဆိုတာ သူ မသိဘူးတဲ့လား။ ရယ်များတောင်နေလိုက်သေးတယ်။ ဘယ်လိုဟာမပါလိမ့်ဟု လီဒါ စိတ်ထဲကအောက်မေ့သည်။

နီနာသည် ရွှင်မြူး၍နေသည်။ အထူးသဖြင့် နိုဗိကောက်နှင့် နီးနီး ကပ်ကပ်နေခြင်းအတွက်ဖြစ်သည်။

''အန္နာကာရီနိနီနာဟာ သူမကြိုက်တဲ့လူကို ယူရတယ်။ ငါကတော့ ဒီလို မဟုတ်ဘူး။ ငါ့လင်ဟာ ငါချစ်တဲ့ နိုဗိကောက်ဖြစ်မှာပဲ။ ဒီလို ယောကျ်ားမျိုးကတော့



ရှာမှရှားပါတယ်။ ကြည့်စမ်း၊ နိုဗိကောက်က ဟိုဘက်ကိုရွှေ့သွားတယ်။ ငါနဲ့ ထိရမှာ ကြောက်လို့များလား။ လီဒါကတော့ တကယ်ကို သနားစရာပဲ။ အစိုးရထိုင်ခုံတွေ ဘက်က မှန်ပြောင်းနဲ့ ငါ့ကိုလှမ်းကြည့်နေတာ ဘယ်သူပါလိမ့်။ ယိုတ်ဗာကောက်နဲ့ တူတယ်။ ဒီလူဟာ တော်တော်ဆန်းတဲ့လူ။ အေးလေ ဘယ်သူပဲဖြစ်ဖြစ် ငါ ပြုံးပြလိုက်မယ်။ ငါ သိပ်ပျော်တာပဲ''ဟု နီနာသည် အပျော်ယစ်လျက်ရှိသည်။

လီဒါ၏သူငယ်ချင်း ကျောင်းသားတစ်ယောက်သည် သူတို့အနားသို့လာပြီး ကျယ်လောင်ကျယ်လောင်နှင့် ပွဲအကြောင်း ထင်မြင်ချက်ပေးလျက်ရှိသည်။ လီဒါက ထိုကျောင်းသားကို အမြင်ကတ်သည်။ မီဒိုယန်ကြီးကိုလည်း ကြည့်၍မရ။ နီနာကိုပင် သူ မမှတ်မိ။ ''ဘယ်လိုဟာတွေလဲ။ အန်ဒရေ သေနေတာတောင် သူတို့က ပျော်နေနိုင် ကြသေးတယ်''ဟု လီဒါ အောက်မေ့သည်။

ရတ်တရက်နှင့် ပွဲကြည့်ယောကျ်ားပရိသတ်တို့က မတ်တတ်ရပ်၍ အလေးပြု ကြသည်။ အပေါက်ဝမှ ယိုတ်ဗာကောက် ဝင်လာသည်။

''ယိုတ်ဗာကောက်တော့ နည်းနည်းမူးနေပြီထင်တယ်''ဟု နိုဗိကောက်က အလေးပြုရင်း အောက်မေ့မိသည်။

''သင့်ကိုမြင်တာနဲ့ ငါလာတာ။ မနက်ဖြန်ခါ သင့်အစီရင်ခံစာသွင်းရမှာ မမေ့နဲ့နော်''ဟု ယိုတ်ဗာကောက်က အခြားသူများက နှုတ်ဆက်သည်ကို ပြန်၍နှုတ် မဆက်ဘဲ မီဒိုယန်ကိုပြောသည်။

မီဒိုယန်က မျက်နှာချိုသွေး၍ ''ကောင်းပါပြီ ရဲဘော်ယိုတ်ဗာကောက်၊ အားလုံး အဆင်သင့်ရှိပါတယ်''ဟုပြောသည်။

ယိုတ်ဗာကောက်က ''ဒီလိုဆိုရင်ကောင်းတယ်''ဟု မီဒိုယန်ကိုပြောပြီးလျှင် နီနာကိုမြင်သဖြင့် ''နေထိုင်ကောင်းရဲ့နော် ရဲဘော်နီနာ။ ရဲဘော်ဂိုရင်တစ်ယောက်ကော ကျန်းမာရဲ့လား''ဟုမေးသည်။

မတ်တတ်ရပ်၍ သူ့ကိုအလေးပြုနေသူများအား ထိုင်ရန်လက်ပြပြီးနောက် ယိုတ်ဗာကောက်က ရုံးသံပါပါနှင့် ''သင် စာမေးပွဲအောင်တယ်လို့ ငါ ကြားတယ်။ ဒီတော့ လူမှုရေးရာအလုပ်တစ်ခုခုကို သင် လုပ်ရင်ကောင်းမယ်ထင်တယ်။ ဥပမာဆိုရင် တော့ မြို့စောင့်တပ်အတွက် ကပွဲစီစဉ်ပေးတာမျိုးလိုပေါ့။ အင်းပါလေ။ ဒီအကြောင်းကို နောက်ကျမှပြောကြတာပေါ့။ သင့်အဖေကို ငါက အလေးပြုလိုက်ပါတယ်ဆိုတဲ့အ ကြောင်း တစ်ဆိတ်ပြောဖြစ်အောင်ပြောလိုက်ပါ''ဟု ပြောပြီးလျှင် ပြုံး၍ထွက်သွားသည်။

မီဒိုယန်ကို သူ့ဆီသို့ခေါ်၍ စကားမပြောဘဲနှင့် ကွန်မြူနစ်ပါတီဒုတိယ အတွင်းရေးမှူးယိုတ်ဗာကောက်က သူကိုယ်တိုင် မီဒိုယန်ထံလာပြီး စကားပြောခြင်းသည် များစွာထူးဆန်းသည်။ မီဒိုယန်မှာ သူ၏အစီရင်ခံစာအကြောင်းနှင့်ပတ်သက်၍ စကား ပြောကြေးနန်းနှင့် လှမ်း၍ပြောထားပြီးဖြစ်ပါလျက် ထိုအစီရင်ခံစာအကြောင်းကို ယိုတ်ဗာကောက်က ထပ်၍ပြောသဖြင့် အံ့အားသင့်၍သွားသည်။ နီနာသည် မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပျက်သွားပြီး ယိုတ်ဗာကောက်ဟာ ဘယ်လိုပဲပရိယာယ်လုပ်ပြီး ဟိုအလုပ်ကိစ္စပြော ဒီအလုပ်ကိစ္စပြော ပြောသော်လည်း ယိုတ်ဗာ ကောက်လာခြင်းမှာ သူ့အတွက်လာခြင်းဖြစ်သည်ကို နီနာသိသည်။

လီဒါမှာ ပွဲပြနေသည်ကို ဘာမျှမမြင်ဘဲ သူ့မျက်စိထဲတွင် ခေါင်းမြစ်ထဲမှ အန်ဒရေ ရေကူးလာသည်ကိုသာ မြင်နေသည်။

''အန်ဒရေ အန်ဒရေ''ဟု လီဒါက ယောင်၍အော်လိုက်သည်။ ပွဲကပရိသတ်ရော၊ ပွဲကြည့်ပရိသတ်ရောက လီဒါကို ဝိုင်း၍ကြည့်ကြသည်။ လီဒါကမူ ဘယ်သူ့ကိုမျှ မမြင်။ နီနာနှင့်နိုဗိကောက်တို့က ညနေခင်းသို့ သူ့ကို ဘယ်လိုခေါ်သွားသည်ကိုလည်း လီဒါ သတိမရ။ လီဒါ သတိရ၍ မျက်စိဖွင့်လိုက်သောအခါ နီနာက ''ဘယ်လိုဖြစ်တာလဲ လီဒါ'' ဟုမေးသည်။

''ငါ့အတွက်တော့ ဘာမှမျှော်လင့်ချက်မရှိတော့ပါဘူး''

''ဘယ်လိုပြောတာလဲ လီဒါ။ သင့်အသက်ဟာ ငယ်ငယ်လေးရှိသေးတာပဲ''

''သင့်ကို ငါ အိမ်ပြန်ပို့ရင်ကောင်းမယ်''ဟု နိုဗိကောက်က လီဒါကို ပြောသည်။ ပြီးလျှင် ဆက်၍ ''နီနာတော့ ပွဲကြည့်ပြီးနေရစ်ပေါ့''ဟုပြောသည်။

''နိုဗိရေ''ဟု နီနာက နိုဗိကောက်၏ ပခုံးကိုကိုင်၍ခေါ်ပြီးလျှင် ''နိုဗိ ငါ့ကို နမ်းစမ်းပါ မြန်မြန်နမ်းစမ်းပါ''ဟု ပြောသည်။

နိုဗိကောက်သည် အံ့အားသင့်သွားပြီး ပတ်ဝန်းကျင်သို့ ကြည့်လိုက်ရာ ဘယ်သူမှမရှိသဖြင့် နီနာကို မပက်ဘဲနှင့် စိတ်အားထက်သန်စွာ နမ်းလိုက်သည်။ လီဒါမှာ သူ့အပူနှင့် သူ ဆိုဖာပေါ်တွင် ခေါင်းစိုက်၍နေသဖြင့် နီနာတို့ ပြဇာတ်ကို မမြင်လိုက်။

* * *

---

**အခန်း(၉)**

---

နီနာ၏မွေးနေ့အတွက် ဂိုရင်တို့သားအမိသားအဖတစ်စုနှင့် နိုဗိကောက်တို့သည် ငှက်ပစ်သွားကြသည်။

နိုဗိကောက်က ငှက်ပစ်သွားရင်းနှင့် သူနှင့်မင်္ဂလာဆောင်ဖို့ အကြောင်းပြောပဲ ပြောမလားဟုတွေး၍ နီနာစိတ်ထဲက ပူနေသည်။ လူဗာကမူ ယခုတလော နိုဗိကောက်၏ အပြုအမူမှာ ထူးဆန်းသည်ဟု အောက်မေ့သည်။ ''လူငယ်တွေဟာ ဒီလိုချည်းပါပဲကွာ'' ဟု ဂိုရင်က သူ့မယားကိုပြောသည်။

ဂိုရင်သည် နိုဗိကောက်ကို သားသမက်လောင်းဟု သဘောထားကာ ပြုမူလျက်ရှိသည်။ ချိပ်ရောက်ကမူ နိုဗိကောက်ကို မသင်္ကာ။ ထိုသို့ မသင်္ကာသည့်



အကြောင်းကို ဂိုရင်ကိုပင် တစ်ခါဖွင့်၍ပြောဖူးသည်။ ဂိုရင်က ချိပ်ရောက်စကားကို နားမထောင်။

ဂိုရင်တို့သည် စုပေါင်းထွန်ယက်ခြင်း၏ဒဏ်ကို မခံရဘဲ တောထဲတွင် အေးချမ်းစွာနေသည့် မိသားတစ်စု၏တဲတွင် စခန်းချကြသည်။ တဲရှင်သည် ဗေရီးယားတို့လို ဂိုရင်တို့လို ပုဂ္ဂိုလ်ကြီးများအတွက် တောကစားပွဲများကို စီစဉ်ပေးသည်။

တဲရှင်နှင့် သူ့မယားကလေးမှာ အင်မတန်ပျော်ရွှင်ပုံရသည်။ ''ငါတော့ ဒီလို ပျော်ပျော်ရွှင်ရွှင်နေရမယ် မထင်ပါဘူး''ဟု နီနာ အောက်မေ့သည်။

တစ်နေ့သော ကုန်သွားသည် နိုဗိကောက်က သူနှင့်မင်္ဂလာဆောင်ဖို့အကြောင်းကို နီနာအားမပြော။ နိုဗိကောက်မှာ ရွှင်ပျခြင်းမရှိ။ စကားလည်း မပြော။ နီနာကိုလည်း ရှောင်နိုင်သမျှ ရှောင်၍နေသည်။

မိုးချုပ်ပြီ။ နိုဗိကောက်သည် တဲရှင်၏သားနှင့် စကားပြောလျက်ရှိသည်။

''ဘယ့်နှယ်လဲ နိုဗိကောက် နီနာကို မယူဘူးလား''

''တိုးတိုးပြောပါ။ နီနာကို ငါ ချစ်တော့ချစ်ပါတယ်။ ဒါပေမယ့် ယူတော့ မယူနိုင်ဘူး''

''ဘာလို့လဲ''

''မမေးပါနဲ့။ သောက်မှာသောက်ပါ''

''နီနာကလေးက ချစ်စရာကလေးပဲ။ သင်က မယူနိုင်ဘူးဆိုတာ ငါ စိတ်မကောင်းဘူး။ ကြီးကြီးအစိုးရပိုင်းက သူ့ကိုချိန်နေလို့လား''

''ဒီလိုလဲ မဟုတ်ပါဘူး။ ငါက မယူချင်လို့ပါဘဲ။ ဒီလိုလဲမဟုတ်ပါဘူး၊ ကော်ကွာ။ ဒီအကြောင်းကို မမေးပါနဲ့''

ဂိုရင်နှင့်တဲရှင်သည် ခုံရှည်ပေါ်မှထ၍ တဲထဲသို့ဝင်ကြသည်။ နိုဗိကောက်ကို တွေ့သောအခါ ဂိုရင်က ပခုံးကိုပုတ်၍ ''အိပ်ကြစို့ နိုဗိကောက် ငါ့သား''ဟု ပြောသည်။

နိုဗိကောက်က ဘာမျှပြန်မပြော။

ဂိုရင်တို့ တဲထဲသို့ ဝင်သွားသောအခါ နိုဗိကောက်နှင့်တဲရှင်သားတို့ စကားဆက်ပြောနေကြသည်။ အတန်ကြာသောအခါ တဲရှင်သားမှာ မူး၍တံခါးပေါက်တွင် တုံးလုံးဖြစ်သွားသည်။ နိုဗိကောက်တစ်ယောက်တည်း ဆက်၍သောက်နေသည်။

ထိုအခိုက်တွင် နီနာမှာ အိပ်မပျော်သဖြင့် အိပ်ရာပေါ်တွင် တလူးလူး တလွန့်လွန့်ဖြစ်နေသည်။

နိုဗိကောက်က သူ့ကိုယူမည့်အကြောင်းကို မပြောသဖြင့် နီနာမှာ ရက်လျက်ရှိသည်။ နီနာသည် သူ၏ညအိပ်ဝတ်လုံကို ချွတ်ပြီးလျှင် သူ့ကိုယ်သူ မှန်ထဲ၌ကြည့်ပြီးလျှင် ''ငါက သိပ်လှတာပါပဲလား''ဟု အောက်မေ့သည်။ ပြီးလျှင် အဝတ်အစား မဲ့သော သူ့ကိုယ်ကို သူ့အင်္ကျီနှင့်ခြုံပြီးလျှင် အခန်းပြင်သို့ ထွက်၍သွားသည်။ ထိုညသည် အင်မတန် မှောင်မိုက်သောညဖြစ်သည်။ နိုဗိကောက်နေသောတဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်သောအခါ နီနာက အထဲသို့ဝင်၍ သူ့အင်္ကျီခြုံကိုချွတ်၍ ကြမ်းပေါ်သို့ပစ်ချလိုက်သည်။ တဲရှင်၏သားသည် တံခါးဝ၌ အိပ်ပျော်နေသည်ကိုလည်း နီနာတွေ့သည်။ နီနာက ''နိုဗိရေ ငါလာပြီလေ''ဟု နိုဗိကောက်ကိုပြောသည်။ နိုဗိကောက်သည် အံ့အားသင့်သောအမူအရာကို မပြ။ စကားလည်း ဘာမျှမပြောဘဲနှင့် နီနာကိုစိုက်၍ကြည့်နေသည်။ ပြီးလျှင် ယိုင်တီယိုင်တိုင်နှင့်ထ၍ နီနာဆီသို့လာသည်။ နိုဗိကောက်သည် အများကြီး သေရည်မူးနေသည်ကို နီနာတွေ့ရသည်။ ပြီးလျှင် နိုဗိကောက်က မီးအိမ်ကို လက်တစ်ဖက်နှင့်မြှောက်၍ နီနာကို သေသေချာချာကြည့်သည်။ မလှုပ်မယှက် ကိုယ်တုံးလုံးနှင့် နီနာရပ်၍နေသည်မှာ အင်မတန်ကြည့်၍ကောင်းသည်။

နိုဗိကောက်က ''မလှုပ်နဲ့။ အဲဒီလိုပဲနေ ငါ မူးနေတာ ခုကျတာပဲ။ အမူးပြေသွားရင်တော့ အိပ်မက်မက်တယ်လို့ပဲ အောက်မေ့မှာပဲ''ဟု ပြောသည်။

''အိပ်မက်မက်တာ မဟုတ်ဘူး နိုဗိ။ ငါ တကယ် သင့်ဆီမှာရောက်နေတာ''

''သင့်မျက်လုံးကလေးတွေရယ်၊ ရင်သားကလေးတွေရယ်၊ ပေါင်တံကလေးတွေရယ်ဟာ သိပ်လှတာပဲ နီနာ''

''ပြောပါ နိုဗိရဲ့၊ ပြောပါ''ဟု ပြောပြီးလျှင် နီနာသည် နိုဗိကောက်ဘက်သို့တိုးသွားသည်။

နိုဗိကောက်က လက်ဟန့်ဖြင့် ဆီး၍ဟန့်လိုက်ပြီးလျှင် ''သင်ဟာ အင်မတန်လှပါတယ်နီနာ။ ဒါပေမယ့် ငါ့ကံက မကောင်းတော့ သင်ဟာ ငါ့အဖို့ မဟုတ်နိုင်တော့ဘူး''ဟု ပြောသည်။ ထို့နောက် နိုဗိကောက်သည် မီးအိမ်ကို စားပွဲပေါ်သို့တင်ကာ ခုံရှည်ပေါ်သို့ ထိုင်ချလိုက်ပြီးလျှင် ခေါင်းငုံ့၍နေသည်။

နီနာသည် နိုဗိကောက်ဆီသို့ပြေး၍ နိုဗိကောက်ခေါင်းကို သူ့ရင်ဘတ်နှင့်ကပ်၍ထားသည်။ ပြီးလျှင် ''ငါ့အသက်ရော ကိုယ်ရောဟာ သင့်ပစ္စည်းပါ။ သင်အကုန်လုံးပိုင်ပါတယ်''ဟု ပြော၍ နိုဗိကောက်ကို အားရပါးရဖက်ကာ တရှုပ်ပြီးတစ်ရှုပ်ဆက်၍ နမ်းသည်။

နိုဗိကောက်သည် ထိုင်ရာမှထ၍ နီနာကို တင်းတင်းမာမာ ဖယ်ရှားပြီးလျှင် ''မဖြစ်နိုင်ဘူး နီနာ သင်ပေးတဲ့လက်ဆောင်ကို ငါ လက်မခံနိုင်ဘူး။ သင့်ကို ငါ ချစ်တော့ချစ်ပါတယ်။ ငါက ချစ်တယ်ဆိုတာလည်း သင် သိပါတယ်။ ဒါပေမယ့် ငါ့မှာ ရေအောက်က ကျောက်ဆောင်ကြီးတွေနဲ့ ဝင်တိုက်မိနေပြီ''ဟု ပြောသည်။

ပြီးလျှင် တစ်ဖန် ''နီနာ သင်နဲ့ငါနဲ့ဟာ ဘဝတခြားစီဖြစ်နေတယ်။ အဲဒါကို သင် မြင်အောင်ကြည့်ပါ''ဟု ဆက်၍ပြောသည်။ ပြီးလျှင် သူတို့ကိစ္စမှာ အချစ်ဆိုတာကို ဘာမျှနားမလည်သည့် ဗေရီးယားပြီးမှသာ ပြီးနိုင်မည့်ကိစ္စဖြစ်ကြောင်းကို ပြောပြသည်။

နိုဗိကောက်သည် နီနာ၏ခေါင်းကိုကိုင်၍ သူ့ဘက်သို့ဆွဲယူလိုက်ပြီးလျှင် ''တောစပ်ကို တို့သွားလည်ကြတာ မှတ်မိသေးလား နီနာ''ဟု မေးသည်။



''မှတ်မိတာပေါ့။ အဲဒီတုန်းက တို့ဟာ တစ်သက်လုံး စိတ်ချမ်းချမ်းသာသာနဲ့ နေကြရလိမ့်မယ်လို့တောင် သင်က ပြောသေးတာပဲ''

''အဲဒါဟာ သင့်ကို ငါ လိမ်ပြောတာ မဟုတ်ပါဘူး နီနာ''

''သင် လိမ်မပြောဘူးဆိုတာ ငါ ယုံပါတယ်''

ထိုအခိုက်တွင် ပြင်းထန်စွာမိုးချုန်း၍ လျှပ်စီးများလက်လာပြီး မီးအိမ်ကလေးမှာ မှိန်၍သွားသဖြင့် နီနာမှာ ကျောက်ရုပ်သဏ္ဌာန်နှင့်တူနေသည်။

''ပြန်ပါတော့ နီနာပြန်ပါတော့။ သင့်ကို ငါ ဘယ်နည်းနဲ့မှယူလို့မဖြစ်နိုင်ပါဘူး''

''ဘာလို့လဲ လီဒါ ရှိနေလို့လား''

''ငါ့မှာ ဘယ်သူမှ မရှိပါဘူး။ လီဒါကြောင့်လည်း မဟုတ်ပါဘူး။ လီဒါကြောင့် မဟုတ်ဘူးဆိုတာလည်း သင် သိပါတယ်''

''ဒါဖြင့် ဘာကြောင့်လဲ''

''ပြန်ပါ နီနာ ဒီအကြောင်းကို တစ်ခါတည်းမေ့ပစ်လိုက်ပါတော့။ ပြန်ပါ ပြန်ပါ ငါ တောင်းပန်ပါတယ်''

နီနာသည် နိုဗိကောက်အနားမှ ခွာခဲ့သည်။ ထိုအခိုက်တွင် နိုဗိကောက်သည် ရုတ်တရက်ယိုင်ပြီး ကြမ်းပေါ်သို့လဲကျသွားသည်။ နိုဗိကောက်သည် အမူးလွန်၍ သတိလစ်သွားပြီး နီနာက နိုဗိကောက်ဦးခေါင်းကိုသွား၍ အသာမပြီးလျှင် သူ့ဒူးပေါ်တွင်တင်၍ နိုဗိကောက်၏ဆံပင်ကို လက်နှင့်သပ်၍ပေးသည်။

''နိုဗိ သင့်ကို ငါ အပိုင်ယူမယ်။ အခုတော့ သင် မူးနေတယ်။ ဒါပေမယ့် သင့်ကို ငါအပိုင်ယူမှာပဲ''ဟု နီနာက ပြောသည်။

သို့ရာတွင် သူ့ပါးစပ်က မည်ကဲ့သို့ပင် ပြော၍နေသော်လည်း နိုဗိကောက်သည် သေရည်မူး၍ အရမ်းပြောနေခြင်းမဟုတ်ဘဲ သူနှင့်နိုဗိကောက်စပ်ကြားတွင် ပို၍အရေးကြီးသော အကြောင်းတစ်ခု ခြား၍နေပြီဖြစ်သည်ကို နီနာဝမ်းထဲက ရိပ်မိသည်။ နီနာသည် နိုဗိကောက်၏ဦးခေါင်းအောက်တွင် ခေါင်းအုံးတစ်ခုထိုးပေးခဲ့ပြီးလျှင် သူ့အခန်းသို့ပြန်ခဲ့သည်။ အခန်းထဲသို့ရောက်သောအခါ အိပ်ရာပေါ်တွင်လှဲကာ သူ့ပါးစပ်ကို ခေါင်းအုံးနှင့်ဖုံး၍ငိုသည်။

နီနာသည် သူ့အတည်ကြံခြင်း မဟုတ်သည်ကို ဗေရီးယားယုံကြည်စေရန်အတွက် နိုဗိကောက်သည် လီဒါကို အထင်ခံအမြင်ခံ ပိုး၍နေသည်။ လီဒါကမူ အန်ဒရေအတွက် စိတ်ဖြေ၍မရသေးသဖြင့် မျက်ရည်စက်လက်ဖြင့် သူ့ကို အနှောင့်အယှက်မပေးရန် တောင်းပန်သည်။

နိုဗိကောက်က ရုတ်တရက် သူ့သမီးကို ဂရုစိုက်လာသဖြင့် ဆီဒိုရောက် ဝမ်းသာသည်။ ''လသာခိုက် ဗိုင်းငင်ရမည်''ဆိုသော ဥပဒေကို လိုက်နာသောအားဖြင့် ဆီဒိုရောက်သည် နိုဗိကောက်အား အမိဖမ်း၍ ''ယောက်ျားအချင်းချင်း'' အပြောမျိုးဖြင့် ပြောင်ဖွင့်၍ပြောသည်။ နိုဗိကောက်က သူ လီဒါကိုယူပါမည်ဟု တာဝန်ခံလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို ဆီဒိုရောက်က ပြောပြသောအခါ သူ့မယားနာတာလီယက ပြုံးသည်။ နာတာလီယစိတ်ထဲကမူ ထိုကိစ္စမှာ နိုဗီကောက်အား စပိန်ပိုးကောင်ကို မုန့်လင်မယားထဲ ထည့်ကျွေးလိုက်သည့် အချိန်ကပင်ပြီးစီးနေပြီဟု သဘောရသည်။

* * *

## အခန်း(၁၀)

နိုဗီကောက်သည် ရုရှဒင်္ဂါးသုံးထောင်တန် အစိုးရက စရိတ်ခံ၍ပေးထားသော သူ့ရုံးခန်းထဲက ကော်ဇောကြီးနှင့်တကွ အခြားအဖိုးထိုက်အဖိုးတန် စားပွဲကုလားထိုင်များ အတွက် အကျေနပ်ကြီး ကျေနပ်၍နေသည်။

သူညီ နိကိုလေကိုခေါ်၍ပြသောအခါ သူ့စိတ်ထဲက နိကိုလေသည် အင်မတန် ဝမ်းသာသွားလိမ့်မည်ဟု ထင်သည်။ သို့ရာတွင် နိကိုလေက မဲ့၍နေသည်။

"နိကိုလေ သင် နေမှကောင်းရဲ့လား"

"သင့်ကို ငါ အရေးကြီးတဲ့ စကားတစ်ခုပြောချင်တယ်။ နိုဗီကောက်"

"သင့်ဟာ နေမကောင်းပါဘူး နိကိုလေ။ ဟား ဟား ဟား ။ ဒါပေမယ့် သင်က အရေးကြီးတဲ့အကြောင်း ပြောစရာရှိတယ်ဆိုရင်လည်း ပြောပေါ့"

"နိုဗီကောက် သင့်ကို ငါ လီဒါအကြောင်း မေးချင်တယ်"

"ဘယ့်နှယ် လီဒါ့အကြောင်းမေးချင်တယ်။ ဘယ်လိုများအကြောင်းထူး ပြန်လို့လဲ"

နိကိုလေက အတန်ကြာစဉ်းစားပြီးနောက် "လီဒါအပေါ်မှာ သင် ဘယ်လို သဘောထားတယ်ဆိုတာ ငါ သိချင်တယ်။ သင် ဂိုရင်သမီး နီနာကို ကြိုက်နေတယ်ဆို တာတော့ ငါသိတယ်။ အဲဒီအထဲကနေပြီး အခုတော့တစ်ခါ သင် လီဒါကို သိပ် အရေးပေးနေပြန်တယ်။ ပြီးတော့ ဆီဒိုရောက်တို့ လင်မယားကလည်း သင့်ကို သူတို့ သမက်ဖြစ်နေသလိုပဲ သဘောထားနေတာ ငါ တွေ့ရတယ်"ဟုပြောသည်။

"ဒီကိစ္စက သင်နဲ့ဘာဆိုင်လို့လဲ နိကိုလေ"

"ငါဟာ သင့်ညီမဟုတ်လား"

"ဒါကြောင့် ငါ့လုပ်သမျှကို သင့်ကိုတစ်ခုမကျန် အစီရင်ခံရမယ်ဆိုပါတော့"

"သင်က ဘာရန်စကားပြောတာလဲ။ သင့်ကို ဘယ်သူကမှ အစီရင်ခံရမယ် လို့ မပြောဘူး။ သင်ဟာ နှစ်ဖက်လွှလုပ်နေလို့သာ ငါ ပြောတာ။ သင်ဟာ နီနာကိုယူဖို့ လုပ်ထားပြီး အခုတစ်ခါ သင့်စိတ်ထဲကမပါဘဲနှင့် လီဒါကိုသွားပြီး စနေပြန်တယ်။ တခြားအခါမျိုးဆိုရင်တော့ ငါ မပြောပါဘူး။ သင့်ဟာသင် လုပ်ချင်တာလုပ်ပေါ့။ အခုတော့ လီဒါဟာ အန်ဒရေအတွက် အများကြီး စိတ်မကောင်းဖြစ်နေရှာတဲ့အခါမို့သာ ငါပြောတာပါ။ ဘယ်လိုလဲ သင်က ရေနစ်ရာမှာ ဝါးနဲ့ကူပြီးနှစ်ချင်လို့လား။ တကယ်



လို့ လီဒါက သင်နှူးလို့ သင့်ဘက်ပါပြီဆိုပါတော့။ သင် နီနာကိုယူတဲ့အခါမှာ လီဒါကို သင် ဘယ်လိုလုပ်ပြောမလဲ။ သင့်အဖို့တော့ ဒီကိစ္စဟာ ဘာမှအရေးကြီးမယ် မဟုတ်ဘူး ပေါ့။ ဒါပေမယ့် လီဒါအဖို့တော့ ဘဝဆုံးသွားနိုင်တဲ့ကိစ္စပါ။ လီဒါရဲ့မိတ်ဆွေကောင်း တစ်ယောက်အဖြစ်နဲ့ လီဒါကို သင် ဘာမှသွားပြီး အနှောင့်အယှက်မပေးပါနဲ့လို့ ငါ ပြောချင်တယ်"

နိကိုလေပြောသော စကားများသည်မှန်နေသဖြင့် နိုဗီကောက်သည် အနာပေါ်တုတ်ကျဖြစ်သွားသည်။

နိုဗီကောက်က "သင်က ငါ့ကို ဘာမှတရားဟောနေဖို့မလိုပါဘူး။ ငါ လီဒါကိုယူမယ်လို့ သူ့အဖေတွေအမေတွေကိုလည်း ငါ ပြောပြီးပြီ။ ဒီအပြင် ဘာလိုသေး သလဲ။ အဖေနဲ့အမေကိုပြောပြီးတဲ့နောက်မှတော့ သူတို့သမီးမှာ အရှက်ကွဲစရာ အကြောင်း မရှိတော့ပါဘူး"ဟု ပြောသည်။

နိကိုလေမှာ အံ့သြကြီး အံ့သြ၍သွားသဖြင့် "သင်ပြောနေတာတွေဟာ ဒဏ္ဍာရီတွေပါ ငါ မယုံပါဘူး"ဟု ပြောသည်။

"ငါ မှန်တဲ့အတိုင်း ပြောနေတာ။ ဒဏ္ဍာရီမဟုတ်ဘူး နိကိုလေ"

"သင့်အကြောင်းကို ငါ သိပါတယ်။ သင်ဟာ နီနာလို နန်းတော်ကြီးနဲ့နေတဲ့ မိန်းကလေးတစ်ယောက်ကိုပစ်ပြီး ဆီဒိုရောက်သမီးလိုဟာမျိုးကို ယူမယ့်အစားထဲက မဟုတ်ပါဘူး နိုဗီကောက်။ သင့်အကြောင်း ငါ ကောင်းကောင်းသိပါတယ်"

"သင်က ငါ့ကို ဒါလောက်တောင် အထင်မသေးပါနဲ့။ ဒါကိုတော့ ထား လိုက်ပါတော့။ ငါပြောတာကို သင် အခုမယုံသေးရင်လည်း မကြာခင် ယုံလာမှာပါပဲ။ ဘာမှ သင် စိတ်ပူမနေပါနဲ့။ လီဒါကို ငါ ချစ်ပါတယ်"

"ဒါဖြင့် နီနာတော့ကော"

"နီနာနဲ့ငါနဲ့ ခွာပြဲသွားပြီ။ သူနဲ့ငါနဲ့ဟာ စိတ်သဘောချင်းမတိုက်ဆိုင် ကြဘူး"

နိကိုလေက နိုဗီကောက်ကို စိုက်၍ကြည့်နေသည်။ နိုဗီကောက်သည် မနေတတ် မထိုင်တတ်ဖြစ်နေသဖြင့် မရယ်ချင်ရယ်ချင်ရယ်၍ "ဟော့ နိကိုလေ လီဒါကို သင့်ကိုယ်တိုင်က ကြိုက်နေတယ်မဟုတ်လား"ဟု မေးသည်။

နိကိုလေသည် မျက်နှာပျက်သွားသည်။ နိုဗီကောက်သည် နိကိုလေအား သူတစ်ပါးကိုဖွင့်၍ ဝန်ခံဖို့ကိုမဆိုထားဘိ၊ နိကိုလေဝမ်းထဲကပင် သူ့ဟာသူ ဝန်မခံသေး သောစကားကို ဖွင့်၍ပြောလိုက်သည်။

ပြီးလျှင် နိုဗီကောက်သည် မရယ်ချင်ရယ်ချင်နှင့်ဆက်၍ ရယ်ပြီးနောက် "နိကိုလေရယ် သင်က လူကောင်းကြီးလုပ်မနေပါနဲ့။ ဟုတ်တဲ့အတိုင်း အစကတည်းက ဖွင့်ပြီးပြောလိုက်ရင် ပြီးနေတဲ့ဟာပဲ"ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"သင် ရယ်စရာမလိုပါဘူး။ ငါကတော့ မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ လီဒါ ချမ်းသာတာပဲ မြင်ချင်တာပါပဲ။ သင့်အပေါ် ငါ အထင်မှားမိတဲ့အတွက်တော့ ငါ့အပေါ်မှာ စိတ်မရှိပါနဲ့"

"ငါ ဘယ်လိုမှ မအောက်မေ့ပါဘူး။ လူဆိုတာ မှားကြတာမျိုးပဲ"

ညီအစ်ကိုနှစ်ယောက် လက်ဆွဲနှုတ်ဆက်ပြီး ခွဲကြသည်။ သို့ရာတွင် နှစ်ယောက်စလုံး စိတ်မကောင်း။ နိကိုလေသည် သူ့အစ်ကိုတွင် စိတ်ကောင်းရှိသည်ဟုမထင်။ သူ့အစ်ကို၏ ရယ်ပုံကြီးကလည်း အတော့်ကိုထူးဆန်း၍ စိတ်မနှစ်မြို့ဖွယ်ဖြစ်သည်။

နိုဗိကောက်သည် အမျက်ပြင်းစွာထွက်လျက်ရှိသည်။ နိကိုလေသည် သူ့အစ်ကိုအား သူ့ဟာသူပင် အစိုးမရသော ကိစ္စကိုဖော်၍ပြောလိုက်သည်။ နိုဗိကောက်မှာ သူ၏စိတ်အာရုံကိုပင် ထိန်းသိမ်းနိုင်သော အခြေအနေမရှိတော့။

※※※

## အခန်း(၁၁)

လီဒါကိစ္စမှာ နိုဗိကောက် ကြံစည်ထားသည့်အတိုင်း ဖြစ်၍လာသည်။ ကျောင်းအုပ်ကြီး ပါမောက္ခလေးနိုဗိကောက်က စက်ရုံဒါရိုက်တာကြီး၏သမီး တက္ကသိုလ်ကျောင်းသူကလေးကို ပိုး၍နေသည်ဆိုသောသတင်းမှာ တစ်မြို့လုံးမဟုတ်တောင်ပင် တက္ကသိုလ်နယ်အတွင်း၌ ဟိုးလေးတကျော်ဖြစ်၍နေပြီ။ ထိုအကြောင်းကို ဗေရီးယားမကြားဘဲနေမှာ မဟုတ်သည့်အကြောင်းကိုသိသဖြင့် နိုဗိကောက်သည် ဝမ်းသာလျက်ရှိသည်။

နိုဗိကောက်သည် ဗေရီးယား သဘောကျစေရန်အတွက် လီဒါကို သူ့ဘက်သို့ ပါအောင် နူးရာတွင် ဒူရောက်၏သားအိုးလိတ်က သူ့ကို အကြီးအကျယ် ရန်လုပ်လိမ့်မည့်အကြောင်းကို မစဉ်းစားမိ။ အိုးလိတ်သည် လီဒါအပေါ်တွင် မကျေနိုင်။ လီဒါကို မှတ်လောက်အောင် လက်စားချေမည်ဟု ဆေးရုံကအဆင်းတွင် အိုးလိတ် ဆုံးဖြတ်လိုက်သည်။ ကျောင်းအုပ်ကြီးအသစ် နိုဗိကောက်သည် လီဒါကို ပိုးနေသည်ဟုသိသောအခါ အိုးလိတ်က မစားရသည့်အမဲ သဲနှင့်ပက်ရမည်ဆိုသော ဥပဒေအရ နိုဗိကောက်ကို ကြောက်သွားအောင် လှန့်၍ပေးလိုက်မည်ဟု ဆုံးဖြတ်ပြန်သည်။ အလျှင်ကျောင်းအုပ်ကြီးသည် ကြောက်တတ်၍ အလိုတော်ရိလုပ်တတ်သည့်နည်းတူ ကျကျနနဘိပေးလိုက်လျှင် နိုဗိကောက်လည်း ကြောက်၍သွားလိမ့်မည်ဟု အိုးလိတ် တစ်ထစ်ချယုံသည်။ လူစွာတစ်ယောက်ကို နှိမ်လိုက်ရသော အရသာထက် ကောင်းသောအရသာ အဘယ်မှာရှိမည်နည်းဟု အိုးလိတ် သဘောရသည်။

နိုဗိကောက်သည် နေဝင်ခါနီးအချိန်တွင် ဒေါင်းမြစ်ဘက်မှ ကွင်းပြင်ကြီးတစ်ခုကို ဖြတ်၍ပြန်လာသောအခါ သစ်ပင်ကွယ်မှပုန်း၍နေသော လူနှစ်ယောက်



ထွက်ရှုနှင့်ထွက်လာကြသည်ကိုတွေ့ရသည်။ အနီးသို့ရောက်သောအခါ ထိုလူနှစ်ယောက်မှာ အိုးလိတ်နှင့်သူ့သက်တော်စောင့် အီဗန်ဖြစ်သည်ကို နိုဗိကောက်တွေ့ရသည်။ နိုဗိကောက်ကို အိုးလိတ်က သူခိုးချေး၍ ဝတ်စုံရောင်းလိုက်စဉ်ကလည်း အီဗန်ပါ ပါသည်။

အိုးလိတ်သည် ကျောင်းအုပ်ကြီးနိုဗိကောက်၏ ရှေ့တည့်တည့်မှ ခြေနှစ်ဘက်ကို ခပ်ကားကားရပ်ပြီးလျှင် ရန်လိုသော မျက်နှာထားနှင့် "သင့်ကို ငါ ရှင်းရှင်းပဲ ပြောချင်တယ် ကျောင်းအုပ်ကြီး၊ လီဒါကို သင် အဆက်ဖြတ်လိုက်ပါ။ လီဒါဟာ သင့်အဖို့ မဟုတ်ပါဘူး"ဟု ပြောသည်။

"အိုးလိတ်ရယ် သင်ဟာ မူးနေပါတယ်။ အိမ်ပြန်အိပ်ပါ"

"ဘယ်သူက မူးသလဲ။ ငါက မူးသလား"

"သင် သွားစရာရှိတဲ့လမ်း အေးအေးသွားပါ အိုးလိတ်ရယ်"

"သင်က ဘာလုပ်ချင်သလဲ"ဟု အိုးလိတ်၏ သက်တော်စောင့်က နိုဗိကောက်နားကပ်လာပြီးပြောသည်။

"သင် ဖယ်ပါ သင့်ကို ဘယ်သူကမှ ထိတာမဟုတ်ဘူး။ သင်ကလည်း ဘယ်သူကိုမှ မထိပါနဲ့"ဟု နိုဗိကောက်က ရန်ရှောင်ပြောသည်။

"လီဒါကိစ္စကို ဘယ်လိုလုပ်မလဲ"ဟု အိုးလိတ်ကမေးပြီးလျှင် နိုဗိကောက်ကို ရစရာမရှိအောင် ညစ်ညစ်ကြမ်းကြမ်းဆဲသည်။

နိုဗိကောက်က သူတို့အခြေအနေကို စောင့်၍ကြည့်နေသည်။ အီဗန်သည် ဗလလည်း ကောင်းသည်။ လက်တစ်ဖက်ကိုလည်း ဘောင်းဘီအိတ်ထဲတွင် နှိုက်ထားသည်။ ထို့ကြောင့် ကြောက်ခြင်းကြောက်လျှင် သူ့ကိုပဲကြောက်ရမည်။ အိုးလိတ်မှာ ပို၍မူးနေသူဖြစ်သဖြင့် များစွာကြောက်ဖို့မရှိ။

နိုဗိကောက်က လမ်းသွားလမ်းလာတစ်ယောက်ယောက် လာလိုလာညားနှင့် အချိန်ကိုင်၍နေသည်။ ထိုအခိုက်တွင် အိုးလိတ်က သူ့အနားသို့တိုးလာပြီးလျှင် သူ့မျက်နှာကို လက်သီးနှင့်ချိန်ကာ "လီဒါကို မထိနဲ့။ ထိရင်တော့ သင့်အသက်သေပြီသာ အောက်မေ့တော့။ သင့်ကို သတ်ဖို့ ငါ့မှာ ဘာမှမခက်ဘူး"ဟု ပြောသည်။

အီဗန်က "အိုးလိတ်က ဘာစကားတွေ ရှည်နေတာလဲကွ။ ပိတ်ထိုးလိုက်ပါလား။ ဒါမှ သူများမြာကို လုချင်တဲ့အကောင် မှတ်သွားမယ်"ဟု ပြောသည်။

အိုးလိတ်က သူ၏နံ့စော်သော လက်သီးနှင့် နိုဗိကောက်၏ မျက်နှာကို ထိလိုက်သဖြင့် နိုဗိကောက်က စိတ်ဆိုးပြီး အိုးလိတ်ကို တအားပိတ်၍ထိုးလိုက်ရာ အိုးလိတ်သည် သူ့သက်တော်စောင့်အပေါ်သို့ လဲသွားသည်။ သက်တော်စောင့်လည်း အိုးလိတ်လဲသောအရှိန်နှင့် လဲကျသွားသည်။ ထိုအခိုက်တွင် သက်တော်စောင့်က သူ့ဘောင်းဘီအိတ်ထဲမှ လက်ကိုမထုတ်ဘဲ ခြောက်လုံးပူးနှင့်ပစ်လိုက်ရာ နိုဗိကောက် ဘယ်ဘက်ပခုံးကိုမှန်ပြီး နိုဗိကောက်ပါ သုံးယောက်ထပ်လဲသွားသည်။ ထို့နောက် နိုဗိကောက်က အီဗန်၏လက်ကို အတင်းလိမ်ချိုးလိုက်ရာ သေနတ်လွတ်ကျသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗီကောက်က သေနတ်ကို ကောက်ယူပြီးလျှင် အီဗန်၏ခေါင်းကို သေနတ်ဒင်နှင့် ရိုက်လိုက်ရာ သွေးများဖြာထွက်လာပြီး အီဗန်မေ့သွားသည်။

ထိုအခိုက်တွင် အိုးလိတ်သည် လဲရာမှထပြီးလျှင် ''သေပေတော့''ဟု အော်၍ ညာဘက်လက်နှင့် သူ့အိတ်ထဲနှိုက်လိုက်ရာ နိုဗီကောက်က သေနတ်ဒင်နှင့် အိုးလိတ်နားအုံကို ရိုက်လိုက်သည်။ အိုးလိတ်သည် အော်၍ယိုင်သွားသည်။ နိုဗီကောက်က နောက်တစ်ချက်ဆင့်၍ ပို၍ပြင်းထန်စွာ ရိုက်လိုက်သောအခါ အိုးလိတ်သည် မြေကြီးပေါ်သို့ လဲကျသွားသည်။ အိုးလိတ်က ''သင့်အသက်ကို အရှင်မထားဘူး။ ငါသေပြီးလို့ မြေကြီးထဲရောက်သွားတောင် သင့်ကို ငါ သတ်ဦးမှာပဲ''ဟု ကြိမ်းသည်။

နိုဗီကောက်က ကုန်း၍ထနေသော အိုးလိတ်ဆီသို့သွားပြီးလျှင် နောက်ဘက်မှနေ၍ အိုးလိတ်၏ပေါင်ခြံကို တအားပစ်၍ကန်လိုက်သည်။ အိုးလိတ်သည် တစ်ခါတည်း လဲရာက မထနိုင်တော့။

နိုဗီကောက်သည် သေနတ်ကိုယူ၍ ခေါင်းမြစ်ဘက်သို့ သူ့ကိုယ်ကသွေးများကို ဆေးကြောရန်သွားသည်။ သူ့ပခုံးမှ ဒဏ်ရာကလည်း တဖြည်းဖြည်းပို၍ နာလာသည်။ ပြီးလျှင် ''ခွေးသားတွေလက်ချက်နဲ့ ကံကောင်းလို့ ငါ မသေတာယ်''ဟု အောက်မေ့သည်။ ထို့နောက် နိုဗီကောက်သည် ရုတ်တရက်ရပ်၍ နဖူးမှချွေးပေါက်ကြီးများထွက်လာပြီးလျှင် ''ငါ ဘာတွေများ လျှောက်လုပ်နေပါလိမ့်။ ငါလုပ်ပုံတွေဟာ စိတ်မနှံ့တဲ့လူ လုပ်ပုံမျိုးဖြစ်နေပြီ။ အိုးလိတ်တို့ သားအဖကို ငါ သွားစရင် ငါ့အသက်ချမ်းသာဖို့လမ်း ဘယ်မှာရှိတော့မလဲ''ဟု အောက်မေ့သည်။

နိုဗီကောက်သည် အိုးလိတ်တို့နှစ်ယောက်ဆီသို့ ပြန်လာပြီးလျှင် ခြောက်လုံးပူးနှင့် ပထမ အိုးလိတ်ကိုပစ်၍ နောက်ထပ် အီဗန်ကိုပစ်သည်။ အိုးလိတ်၏ မျက်စိများမှာ မှိတ်၍သွားပြီ။ သို့ရာတွင် အီဗန်ကမူ နိုဗီကောက်လုပ်သမျှကို အကုန်မြင်၍နေသည်။ အီဗန်၏နှုတ်ခမ်းများမှာ သူ့ကိုထပ်၍ မပစ်ပါနှင့်တော့ဟု တောင်းပန်သည့်ဟန်ဖြင့် လှုပ်လှုပ် လှုပ်လှုပ်လုပ်နေသည်။ နိုဗီကောက်က အီဗန်ကို နောက်ထပ်သေနတ်နှင့် နှစ်ချက်ဆင့်၍ ပစ်လိုက်သည်။ ပြီးလျှင် သေနတ်ဒင်ကို သူ့လက်ကိုင်ပဝါနှင့်သုတ်၍ သေနတ်ကို မြက်တောကြီးထဲသို့ လွှင့်ပစ်လိုက်သည်။

ပြီးလျှင် နိုဗီကောက်သည် ချုံများကို အကွယ်အကာယူ၍ သွေးများပေကျံနေသော သူ့ပခုံးကို ညာဘက်လက်နှင့်ကိုင်၍ မြို့တွင်းသို့ပြန်ခဲ့သည်။

❋❋❋

## အခန်း(၁၂)

ထို့နောက် နိုဗီကောက်သည် မှောင်ရိပ်ကိုခိုကာ သူ့ညီနိကိုလေနေသော စုပေါင်းနေထိုင်ရေးကျောင်းဆောင်သို့သွားသည်။



နိကိုလေနေသောအခန်းကို အသာကလေးခေါက်၍ ''သင့်ကို ငါ တစ်ယောက်တည်း တွေ့ချင်တယ်''ဟု နိုဗီကောက်က ပြောသည်။

''ဘာဖြစ်လာ..သလဲ နိုဗီကောက်။ ဒီကို ဘာကိစ္စရှိလို့လာသလဲ''ဟု နိကိုလေက မေးသည်။

''ပြောပါမယ်။ ငါ့ကိုသာ အခန်းထဲရောက်အောင်လုပ်ပေးပါ။ သင့်အဖော်တွေကော ရှိကြသလား''

''မရှိကြဘူး။ မြို့ထဲသွားနေကြတယ်။ ဟယ် သွေးတွေပါလား''

''ကျည်ဆန်ကို မြန်မြန်ရအောင်ထုတ်ပြီး ကြပ်စည်းပေးမှဖြစ်မယ်''

နိကိုလေက သူ့တွင်ရှိသော ခဲတံချွန်ဓားနှင့် နိုဗီကောက်၏ ဒဏ်ရာကိုခွဲ၍ ကျည်ဆန်ကို ထုတ်ပေးသည်။ ပြီးလျှင် နိုဗီကောက်၏အင်္ကျီကိုဆုတ်၍ ကြပ်စည်းပေးသည်။

နိုဗီကောက်ကို သူနေသောအိမ်ခန်းသို့ လူမသိအောင် တိတ်တိတ်ပြန်ပို့လိုက်ပြီးလျှင် နိကိုလေက လီဒါကို သွား၍ခေါ်မည်ဟုပြောသည်။ နိုဗီကောက်က မည်သူမျှ အသိပေး၍မဖြစ်သဖြင့် လီဒါကို သွားမခေါ်ဖို့ပြောသည်။ ပြီးလျှင် နိုဗီကောက်မှာ ကိုယ်များပူလာသည်။

နိကိုလေက လီဒါကို စကားပြောကြေးနန်းနှင့် လှမ်း၍ခေါ်လိုက်ရာ နာရီဝက်ခန့်အကြာတွင် လီဒါ ရောက်လာသည်။ ''ဘယ်လိုဖြစ်တာလဲ''ဟု လီဒါက မေးသောအခါ နိကိုလေက အကြောင်းစုံကိုပြန်ပြောပြသည်။

ထိုအခိုက်တွင် အသံလွှင့်ရုံမှ ''ရောက်စတောက်ပြည်နယ် သူလျှိုဥက္ကဋ္ဌရောက်၏သား အိုးလိတ်ကို ပြည်သူ့ရန်သူ၊ သူပုန်မာများက ရက်စက်စွာသတ်သွားသည့်အမှုကို စုံစမ်းလျက်ရှိသည်။ မသင်္ကာသူများစွာကို ဖမ်းထားပြီး''ဟု ကြေညာသံထွက်လာသည်။

❋❋❋

## အခန်း(၁၃)

နိုဗီကောက်မှာ ဝေဒနာပြင်းသဖြင့် ကယောင်ချောက်ချား ပြော၍နေသည်။ သူပြောသည့်အထဲတွင် နီနာလည်းပါသည်။ ဂိုရင်လည်းပါသည်။ ဒရို့လည်းပါသည်။

လီဒါသည် နိုဗီကောက်ကိုကြည့်ပြီး သနားမိသည်။ သနားခြင်းနှင့်ချစ်ခြင်းမှာ အားလုံးသိကြသည့်အတိုင်းပင် လက်တစ်လုံးခန့်သာခြားသည်။

''လူနာကို မမြင်ရဘဲနဲ့ ဆရာဝန်က ဘယ့်နှယ်လုပ်ပြီး ဆေးလက်မှတ်ထုတ်ပေးမလဲ''ဟု လီဒါက နိကိုလေကို ပြောသည်။

''ဒီလိုဆိုရင် ငါက နိုဗီကောက်ကို မသိတဲ့ ဆရာဝန်ဆိုရင်တော့ ငါ့အကြံဟာ ချောချောမောမောအောင်မှာပဲ''ဟု နိကိုလေက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ဆရာဝန်က နိုဗိကောက်ကို သိတယ်ဆိုရင်ကော"

တက္ကသိုလ်နဲ့အဆက်မရှိတဲ့ ဆရာဝန်အသက်ကြီးကြီးတစ်ယောက်ကို သွားခေါ်တာပေါ့။ ဒါနဲ့မှ တကယ်လို့ နိုဗိကောက်ကို သိတဲ့ဆရာဝန်ဖြစ်နေရင်လည်း ငါ မတတ်နိုင်ဘူး။ ဒါကတော့ စွန့်ပြီးလုပ်ရမှာပဲ လီဒါ"

"သင့်အကြံ ငါ ကြိုက်ပြီ။ ဒါပေမယ့် သင်က ဘာမှမဖြစ်တာကခက်တယ်။ ကိုယ်ပူနေရင်လည်း ကောင်းသားပဲ"

"ဒါကတော့ လွယ်ပါတယ်။ ဆရာဝန်ကို အစာချွန့်လိုက်ရင်ပြီးနိုင်ပါတယ်။ ဆရာဝန်အဖို့မှာ သူနာကို သူကိုယ်တိုင်မြင်ရဖို့ပဲ အရေးကြီးတာပါ။ သူနာဟာ ဖျားသလား မဖျားဘူးလားဆိုတာဟာ အရေးမကြီးပါဘူး လီဒါ"

လီဒါနှင့်နိကိုလေတို့သည် နိုဗိကောက်၏ခုတင်ကို ဆရာဝန်လာသောအခါ မမြင်နိုင်စေရန် စာအုပ်ဘီရိုကိုရွှေ့၍ကာလိုက်ကြသည်။ ပြီးလျှင် လီဒါသည် ဆရာဝန်ရှာရန်ထွက်သွားသည်။

နှစ်နာရီခန့်ကြာသောအခါ လီဒါသည် မျက်ထားဆိုးဆိုးနှင့် ဆရာဝန်အိုကြီးတစ်ယောက်ကို ခေါ်၍လာသည်။ အခန်းဝသို့ရောက်သောအခါ လီဒါက ဆရာဝန်၏ လက်ထဲသို့ ငါးဆယ်တန်ငွေစက္ကူကို ထည့်လိုက်သည်။ ဆရာဝန်ကမကြည့်ဘဲနှင့်ယူ၍ ငွေစက္ကူကို သူ့အိတ်ထဲသို့ ထည့်လိုက်သည်။ ပြီးလျှင် "သူနာ"ဆီသို့ ဝင်သွားသည်။

ဆရာဝန်က သူနာ၏ အလုပ်အကိုင်ကိုမေးသောအခါ လီဒါက "ရောက်စတောက် တက္ကသိုလ်က ကျောင်းအုပ်ကြီးပါ"ဟု ပြောသည်။

"သင့်ကြည့်ရတာ ငယ်ငယ်လေးရှိပါသေးလား"ဟု ဆရာဝန်က ပြောသည်။

"တစ်ပြည်လုံးမှာရှိတဲ့ ကျောင်းအုပ်ကြီးတွေထဲမှာ နိုဗိကောက်ဟာ အသက်ငယ်ဆုံးပါပဲ"ဟု လီဒါက ဝင်၍ပါလိုက်သည်။

ဆရာဝန်ကထပ်၍ ဘာမျှမမေးတော့ဘဲ သူနာ၏ပါးစပ်ထဲမှ အပူတိုင်းပြဒါးတိုင်ကို ထုတ်၍ကြည့်ပြီးလျှင် အဖျားက အတော်ပြင်းကြောင်းပြော၍ ဆေးလက်မှတ်ထဲတွင် အပူချိန်ကိုထည့်၍ရေးသည်။ ပြီးလျှင် "ရဲဘော် ကျောင်းအုပ်ကြီးဟာ တစ်ရက်နှစ်ရက်လောက် အိပ်ရာထဲကမထဘဲ နေနိုင်ပါတယ်"ဟု ပြောသည်။

"နှစ်ရက်တည်းနဲ့တော့ ဘယ်ဖြစ်မလဲဆရာ၊ အနည်းဆုံးခုနစ်ရက်လောက်မှ ဖြစ်မှာပေါ့။ ခုနစ်ရက် အိပ်ရာထဲမှာနေဖို့ ရေးလိုက်ပါဆရာရယ်။ ကျေးဇူးပြုပါ ဆရာရယ်။ ကျေးဇူးပြုပါ"ဟု လီဒါက တောင်းပန်သည်။

"ဘာလဲ သင်က ရယ်စရာပြောနေတာလား။ သေခါနီးလူကိုတောင်မှပဲ ခုနစ်ရက်နားခွင့်ပေးရိုး မရှိဘူး။ ငါ့အဖို့မှာ လက်မှတ်ထိုးပေးရတာ မလွယ်ပါဘူး။ တစ်ခုခုဖြစ်ရင် ငါ့ခေါင်းပြုတ်သွားမှာကိုလည်း ထည့်စဉ်းစားပါဦး"ဟု ဆရာဝန်က ပြောသည်။



"ဒါဖြင့် ဆရာရယ် နောက်ထပ် နှစ်ရက်ပဲတိုးပေးပါ"ဟုပြော၍ လီဒါက ငွေငါးဆယ် ဆရာဝန်လက်ထဲသို့ ထပ်၍ထည့်လိုက်သည်။

"ကောင်းပြီ။ ငါးရက်ရေးလိုက်မယ်။ ဒါပေမယ့် အိပ်ရာထဲက ထလို့တော့ မဖြစ်နိုင်ဘူးနော်"ဟု ပြော၍ ဆရာဝန်က ဆေးလက်မှတ်ကိုရေး၍ပေးပြီးလျှင် ပြန်ရန်ထသည်။

ထိုအခိုက်တွင် နိုဗိကောက်ထံမှ ညည်းသံပေါ်လာသည်။

"ဟိုဘက်က ဘယ်သူလဲ"ဟု ဆရာဝန်က အံ့အားသင့်စွာဖြင့် မေးသည်။

"ဟိုဘက်အိမ်က ယစ်ထုပ်ကြီးပါ"ဟု လီဒါက တုန်တုန်ယင်ယင်နှင့် ပြောသည်။

ဆရာဝန်က ပြန်ခါနီးတွင် "အိပ်ရာထဲက မထစေနဲ့နော်။ မမာဘူးဆိုပြီး ဈေးထဲ လျှောက်လည်နေလို့ မိသွားရင် ငါ့ခေါင်းပြုတ်လိမ့်မယ်"ဟု လီဒါကို မှာခဲ့သည်။

"စိတ်ချပါဆရာ။ သူက ငါနဲ့ မကြာခင် မင်္ဂလာဆောင်မယ့်သူပါ"ဟု လီဒါက ပြောသည်။

"ဒီလိုဆိုရင် ကောင်းတာပဲ"ဟု ပြောပြီးလျှင် ဆရာဝန်ပြန်သွားသည်။

လီဒါက ဝမ်းသာအားရနှင့် "နိုပ်တာပဲ။ တို့ ဆေးလက်မှတ်ရပြီ"ဟု ပြောသည်။

ပြီးလျှင် နိကိုလေက အိပ်ရာထဲမှထပြီးလျှင် စာအုပ်ဘီရိုကို လီဒါနှင့် ဝိုင်း၍ရွှေ့သည်။

ထိုအခိုက်တွင် ဆရာဝန်ပြန်ဝင်လာပြီး နိကိုလေကိုမြင်သွားသည်။ သို့ရာတွင် ဘာမျှမပြော။ ဆရာဝန်က နိကိုလေကို မမြင့်ချင်ယောင်ဆောင်ပြီးလျှင် "ငါ့လက်အိတ် မေ့ကျန်ရစ်ခဲ့လို့လာတာ"ဟု ပြောသည်။

လီဒါက စားပွဲခုံပေါ်က လက်အိတ်ကို ကပျာကယာယူပေးပြီး "ဟောဒီမှာ ဆရာ့လက်အိတ်"ဟုဆိုကာ ပေးလိုက်သဖြင့် ဆရာဝန်ပြန်သွားသည်။

"စာအုပ်ဘီရို ရွှေ့ထားတာ ဆရာဝန်များ မြင်သွားသလားမသိဘူး။ နိကိုလေရဲ့"

"မမြင်ပါဘူး ထင်ပါရဲ့"

"ဒီလိုဆိုရင် တော်ပါသေးရဲ့"

နိုဗိကောက်သည် အနာပျောက်၍ အလုပ်လုပ်နိုင်သောအခါ ဂိုရင်တို့အိမ်ကို သွားသည်။ ဂိုရင်တို့အိမ်သို့ သူ မရောက်သည်မှာ တစ်လခန့်ရှိသွားပြီ။

ဂိုရင်တို့အိမ်သို့ရောက်သောအခါ အိမ်သားများအားလုံး မျက်နှာရွှင်မပျ ဖြစ်နေကြသည်ကို နိုဗိကောက်တွေ့ရသည်။ ပါဗယ်အတွက် နိုင်ငံကူးလက်မှတ် ထုတ်မပေးနိုင်သည့်အကြောင်းကို ဂိုရင်ထံသို့ အစိုးရထံမှစာပြန်လိုက်ပြီ။ အစိုးရ၏ အကြောင်းပြချက်မှာ ကမ္ဘာ၏အခြေအနေမကောင်းသဖြင့် မည်သူ့ကိုမျှ နိုင်ငံကူးလက်မှတ်

www.burmeseclassic.com

www.burmeseclassic.com



မပေးနိုင်ခြင်းကြောင့် ဖြစ်သည်ဟုဆိုသည်။ ဂိုရင်ကလည်း အစိုးရ၏ အကြောင်းပြချက်ကို ကျေနပ်ဟန်ပြ၍နေသည်။

ထို့နောက် ဂိုရင်သည် သူ့သားပါဗယ်ကို အားမငယ်ရန်ပြောပြီးလျှင် စိတ်ပျော်လက်ပျောက်ဖြစ်စေရန် အလုပ်တစ်ခုခုလုပ်ဖို့ပြောသည်။ ပါဗယ်ကမူ သူ့ကို နိုင်ငံကူးလက်မှတ်ထုတ်မပေးခြင်းမှာ ဂိုရင်ကို မထီမဲ့မြင်ပြုခြင်းဖြစ်သည်ဟု ယူဆသည်။ ပါဗယ်၏ယူဆချက်မှာ မှန်ကြောင်းကို ဂိုရင် ဝမ်းထဲကသိသည်။ ''ပါဗယ် ထင်တာအမြဲ မှန်တယ်''ဟု ဂိုရင် အောက်မေ့သည်။

ဂိုရင်တို့ အိမ်သို့ ကွန်မြူနစ်ပါတီ ဒုတိယအတွင်းရေးမှူးယိုတ်ဗာကောက် ဝင်ထွက်နေသည်ကို နီဗိကောက် တွေ့ရသည်။ ယိုတ်ဗာကောက်သည် ရောက်စတောက် မြို့တွင် ဗေရီးယားကလွဲလျှင် တန်ခိုးအကြီးဆုံးဖြစ်သည်။

''ယိုတ်ဗာကောက်ဟာ သင့်ဆီကို ခဏခဏလာသလား''ဟု နီဗိကောက်က နီနာကို မေးသည်။

''ဟုတ်တယ်။ ခဏခဏလာတယ်။ သင်က ဘာလုပ်ချင်လို့လဲ''

''နီနာက အများကြီး ပြောင်းလဲသွားသည်''

''သင်ကတော့ မပြောင်းလဲဘူးလား''

ယိုတ်ဗာကောက် ဂိုရင်တို့အိမ်သို့ ဝင်ထွက်လုပ်နေခြင်းမှာ လူဗာ၏စီမံချက် ဖြစ်သည်ကို နီဗိကောက် သိသည်။ လူဗာသည် နီဗိကောက်အပေါ်တွင် အလျှင်ကထက် နှစ်ဆတိုး၍ လေးစားခြင်းရှိလာသော်လည်း ဖော်ရွေခြင်း လျော့သွားသည်ကို နီဗိကောက် တွေ့ရသည်။

ဂိုရင်သည် ယိုတ်ဗာကောက်ကို သဘောမကျသည့်ပြင် နီနာကလည်း မလွှဲသာ၍သာ လက်ခံစကားပြောနေကြောင်းကို သိရသဖြင့် နီဗိကောက် ကျေနပ်သည်။ ဂိုရင်သည် သူ့ပြဇာတ်ကို တစ်ဝက်လောက်ရေးပြီးကြောင်း သိရသဖြင့် နီဗိကောက် ဝမ်းသာသည်။

အီဗန်ဘုရင်၏စရိုက်မှာ ဂိုရင်က ယထာဘူတကျအောင် စရိုက်အတော် ကောင်းသဖြင့် သူ့ ပြဇာတ်ထဲတွင် ကွက်ကွက်ကွင်းကွင်း ပေါ်၍နေသည်။ ''စတာလင် ၏ အလိုကျအောင် ငါသည် အီဗန်ကို သိဒ္ဓိတင်ပေးမည်''ဟု ဂိုရင် စိတ်ထဲတွင် မဥပါဒ်မိ။ အကယ်၍ ဥပါဒ်မိခဲ့လျှင်လည်း ထိုပြဇာတ်ကို သူရေးလိမ့်မည်မဟုတ်။ စတာလင်၏ အလိုကျဖြစ်အောင် ရေးစေရန်မှာ နီဗိကောက်၏ အလိုဆန္ဒဖြစ်သော်လည်း၊ နီဗိကောက်က သူ့အလိုဆန္ဒကို တိုက်ရိုက်ပြောမပြ။ ''အီဗန်ကို ခြောက်ပြစ်ကင်း ဖြစ်အောင် သိဒ္ဓိတင်ပေးဖို့မလိုပါဘူး။ သူ့အကြောင်းကို ဟုတ်မှန်တဲ့အတိုင်းပဲဖော်ပြပါ။ သို့သော်လည်း ရာဇဝင်ဆရာများက အီဗန်ကို အိုးမည်းသုတ်ထားတာကိုတော့ စင်အောင် ဆေးကြောပေးဖို့ လိုပါလိမ့်မယ်''ဟု နီဗိကောက်က အကြံပေးသည်။ သူ့အကြံ ပေးချက်အတိုင်း ဖြစ်စေရန်အတွက်လည်း နီဗိကောက်က ရာဇဝင်ထုတ်နုတ်ချက်များကို



ရှာ၍ပေးသည်။ အကယ်၍ နီဗိကောက်ကသာ ထုတ်နုတ်ချက်များရှာ၍မပေးပါမူ အီဗန်အပေါ်တွင် ဂိုရင်သည် တစ်မျိုးယူဆမည်သာဖြစ်သည်။ ထို့ပြင် အကယ်၍ အခြား စာရေးဆရာတစ်ယောက်ယောက်ကသာ အီဗန်အကြောင်းကို ယခု သူရေး သကဲ့သို့ ရေးမည်ဆိုလျှင်လည်း ဂိုရင်က ထိုစာရေးဆရာသည် လက်ရှိအာဏာ ရှင်၏ အလိုတော်ကျရေးပေးသည်ဟုသာ သဘောရမည်ဖြစ်သည်။

ဂိုရင့်စိတ်ထဲက ရာဇဝင်အဖြစ်အပျက်ကို ယခု သူရေးသကဲ့သို့ ယထာဘူတ ကျအောင် ရေးပေးခြင်းအားဖြင့် မျက်မှောက်ရုရှပြည်၏ အဖြစ်အပျက်ကို နားမလည် သော ပါဗယ်ကဲ့သို့သော မျက်ကန်းများကို နားလည်မှုရစေနိုင်လိမ့်မည်ဟု သဘောရ သည်။

သို့ရာတွင် ဂိုရင်မှာ ရေးရင်းရေးရင်းနှင့် သူ့စိတ်ထဲက မကျေနပ်သော အခက်အခဲများနှင့် တွေ့၍လာသည်။ ဥပမာဆိုသော် နိုင်ငံအုပ်ချုပ်ဖို့အာဏာကို ညှဉ်းပန်း နှိပ်စက်ဖို့အတွက် အသုံးပြုကောင်း မပြုကောင်းဆိုသော ပြဿနာကို သူ့စိတ်ထဲက ပြေလည်အောင် မဖြေဖျက်နိုင်။ ထို့ကြောင့် အာဏာအကြောင်းကို နီဗိကောက်နှင့် ဆွေးနွေးခြင်းဖြစ်သည်။ နီဗိကောက်က ပြောလိုက်သဖြင့် သူ့စိတ်ထဲက သံသယဖြစ်နေ သောအချက်များ ပပျောက်သွားသည်ဟု မဆိုနိုင်။ နီဗိကောက်က တီကောင်ရဟန်း အကြောင်းကို ပြောသောအခါ ဂိုရင်က သဘောကျ၍ မှတ်ထားလိုက်ခြင်းသာဖြစ်သည်။ ဂိုရင်သည် တီကောင်ရဟန်း အကြောင်းကို သဘောကျလှသဖြင့် တီကောင်ကို သူ့ပြဇာတ်ထဲတွင် ဇာတ်ကောင်တစ်ကောင်အဖြစ်နှင့် ထည့်ရေးဖို့ပင် ကြံမိသေးသည်။

ဂိုရင်စိတ်ထဲက အီဗန်သည် ရက်စက်သော ရှင်ဘုရင်မဟုတ်ဘူးဟု ဆိုမည်ဟု မကြံ။ သို့ရာတွင် အီဗန်၏ ရက်စက်မှုများကို ဖော်ပြလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ပြဇာတ်၏ရည်ရွယ်ချက်ဖြစ်သော ''အီဗန်သည် အမြော်အမြင်ရှိသော နိုင်ငံပြုဘုရင် ကြီးတစ်ပါးဖြစ်သည်''ဆိုသောအချက်သည် ပျက်၍သွားလိမ့်မည်။ ရက်စက်မှုများသည် ပွဲကြည့်ပရိသတ်တို့၏ စိတ်ထဲတွင် အများကြီး စွဲ၍သွားတတ်သည်။ ထို့ကြောင့် ဂိုရင်က အီဗန်၏ ရက်စက်မှုများကို သူ့ပြဇာတ်ထဲတွင် ဖော်မပြဘဲ ချန်၍ထားခဲ့ရသည်။ ဤနည်းဖြင့် ဂိုရင်သည် သူ့စိတ်ထဲက မပါဘဲလျက် အီဗန်ကို ခြောက်ပြစ်ကင်းဖြစ်အောင် သိဒ္ဓိတင်၍ ပေးနေသည့်အခြေသို့ ရောက်၍နေသည်။

နီဗိကောက်နှင့် လက်ဖက်ရည်သောက်နေကြရင်းနှင့် ဂိုရင်က သူ့စိတ်ထဲတွင် ရှိသော အခက်အခဲများကို ပြောပြပြီးလျှင် ''ကရင်မလင် နန်းတော်ကြီးထဲမှာ အီဗန်က မှူးမတ်တွေကို သတ်ပစ်တဲ့အခန်းကို ငါ ဖြုတ်ထားခဲ့တယ်။ ပြီးတော့ ဒီအကြောင်းကို ဆွမ်းခံရင်း လက်လွှဲသဘောမျိုးလောက်ပဲ ဖော်ပြလိုက်တယ်''ဟု ပြောသည်။

''ဟာ ဘယ့်နှယ်ကြောင့် ဖြုတ်ပစ်ရတာလဲ။ အီဗန်ရဲ့ ရက်စက်မှုတွေကို မှောက်ခွယ်မှာ ဖယ်မထားဘဲ လေးလေးနက်နက် ဖော်ပြပေးရမယ်။ ဖော်ပြပေးပြီးတော့မှ ဒီရက်စက်မှုများဟာ တရားတယ်လို့ အကြောင်းပြပေးရမယ်။ ဒီလိုမှမဟုတ်ဘူးဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီပြဇာတ်ဟာ တစ်ခုလုံးပျက်သွားလိမ့်မယ်''ဟု နိုဗိကောက်က စိုးရိမ်ထိတ်လန့်သော အမူအရာဖြင့်ပြောသည်။ ပြီးလျှင် နိုဗိကောက်က

''ငါသဘောတော့ ဒီလိုပဲ ရတာပဲလေ''ဟု ထပ်၍ပြောသည်။

နိုဗိကောက်ပြောပုံမှမမှန်သည်ကို ဂိုရင်တွေ့ရသဖြင့် ''ပါမောက္ခနိုဗိကောက်မှာ စာကောင်းထွက်ပေါ်မှုအတွက် စေတနာသန့်သန့်နှင့် လိုလားခြင်းမဟုတ်ဘဲ သူ့တွင် လျှို့ဝှက်သည့် ရည်ရွယ်ချက်ရှိနေပြီ''ဟု သဘောရသည်။ သို့ရာတွင် ထိုသို့ သဘောရခြင်းမှာ တစ်ခဏတာမျှသာဖြစ်သည်။ ပြီးလျှင် ဂိုရင်စိတ်ထဲက နိုဗိကောက်သည် မမာပြီးခါစမို့သာ စကားပြောပုံမဟန်ခြင်းဖြစ်မည်ဟု အောက်မေ့ကာ နိုဗိကောက်နှင့် အေးချမ်းစွာ ဆက်၍စကားပြောသည်။ ပြီးလျှင် ဂိုရင်က ''အီဗန်ဘုရင်က သူ့ရှုးလို့ မှူးမတ်တွေကို သတ်ပစ်တဲ့အခန်းကို ပြပြီးတဲ့နောက်မှ တစ်ခါ နိုင်ငံတော်စည်းလုံးညီညွတ်ရေးအစရှိတဲ့ ပညာရှိပြောပြောနေပုံကိုပြဖို့ အများကြီးခက်တယ်''ဟု နိုဗိကောက်ကို ရှင်းပြသည်။

''ငါကတော့ ပြဇာတ်ရေးဆရာ မဟုတ်ပါဘူး။ ဒါပေမယ့် အီဗန်ရဲ့ ရက်စက်မှုတွေဟာ မတရားရက်စက်မှုတွေ မဟုတ်ဘူး။ တရားသဖြင့် ရက်စက်မှုတွေပဲလို့ ပရိသတ်က ထင်မြင်လာအောင်အတွက်ကတော့ အနှိပ်စက်ခံရတဲ့လူတွေရဲ့ အပြစ်တွေကို အတုံးလိုက် အတစ်လိုက်ပေါ်လာအောင် ပြပေးဖို့လိုလိမ့်မည်ထင်တယ်။ ဥပမာဆိုရင် အီဗန်သတ်ပစ်ရတဲ့ မှူးမတ်တွေဟာ အကြံဉာဏ်ဘက်ကလည်း နောက်ပြန်ဆုတ်နေကြတယ်။ အချင်းချင်းလည်း ညီညွတ်မှုမရှိကြဘူး။ အာဏာလည်းရူးကြတယ်။ လောဘလည်း ကြီးကြတယ်ဆိုတာတွေကို ထင်ရှားအောင် ဖော်ပြပေးဖို့လိုလိမ့်မည်။ အဲဒီအပြစ်တွေကို သဘောပေါက်လာလောက်အောင် ဖော်ပြပေးလိုက်မယ်ဆိုရင် ပွဲကြည့်ပရိသတ်က အီဗန်ရဲ့ရက်စက်မှုတွေကို ဗွေယူကြမှာမဟုတ်ပါဘူး''ဟု နိုဗိကောက်က ပြောသည်။

ဂိုရင့်စိတ်ထဲက သူ့ပြဇာတ်သည် နိုဗိကောက်အကြံပေးသလို လုပ်မှပဲဖြစ်တော့မည်ဟု သဘောရသည်။ ပြီးလျှင် နိုဗိကောက်က သူ့အပေါ်တွင် ဆရာလုပ်နေရသည့် အခြေအနေသို့ရောက်နေသည်ကိုလည်း ဂိုရင်မကြိုက်။ သို့နှင့် ဂိုရင်က ပြဇာတ်စကားပြတ်သွားစေခြင်းအကျိုးငှာ ''ဒီမှာ နိုဗိကောက် သင့်ကို နီနာ့အကြောင်း ငါ ပြောချင်တယ်။ ငါ သိသလောက်ပြောရမယ်ဆိုရင် သင်နဲ့ နီနာနဲ့ဟာ မတည့်မရှုဖြစ်နေကြတယ်။ တကယ်ဆိုတော့ သင်တို့ကိစ္စဟာ ငါနဲ့ဆိုင်ချင်မှဆိုင်ပါမယ်။ ဒါပေမယ့် သင်တို့ မတည့်မရှုဖြစ်နေကြတဲ့အကြောင်းကိုတော့ ငါ သိချင်တယ်။ သင်တို့ကိစ္စမှာ ငါက အကူအညီပေးချင်ပေးနိုင်မပေါ့။ သင်တို့ မတည့်မရှုဖြစ်ကြတာက ဖြုန်းဖြုန်းဖြင်းဖြင်းကြီးဆိုတော့ အတော်ဆန်းတာပဲ''ဟု ပြောသည်။

''ဒီလိုဖြစ်ရတဲ့အတွက် ငါ စိတ်မကောင်းပါဘူး။ ဒီကိစ္စမျိုးဟာ သင်သိတဲ့အတိုင်းပဲ။ အတော်သက်ာရှင်းဖို့ ခက်ပါတယ်။ အတိုချုံးရှင်းပြရမယ်ဆိုရင်တော့ နီနာနဲ့ ငါနဲ့ဟာ စိတ်နေစိတ်ထားချင်း မတူကြပါဘူး''ဟု နိုဗိကောက်က ပြန်ပြောသည်။



''သင့်စကားက အဓိပ္ပာယ်မရှိပါဘူး။ ဘာပဲဖြစ်ဖြစ်လေ တို့အိမ်ကိုတော့ အဝင်အထွက်မပျက်ပါနဲ့။ တစ်နေ့ကျတော့ သဘောချင်းတိုက်ဆိုင်သွားကြမှာပေါ့။ ဒါပေမယ့် တစ်ခုတော့ ငါ သတိပေးချင်တယ်။ သင့်မှာ ရန်သူရှိနေတယ်နော်''ဟု ဂိုရင်က ပြောသည်။ ပြီးလျှင် မျက်စိမှိတ်ပြပြီး ''အမှန်ပြောရရင်တော့ ဒီလူကိုတော့ ငါ နည်းနည်းလေးမှ သဘောမကျပါဘူး''ဟု ဆက်၍ပြောသည်။

ထိုနေ့က ဂိုရင်သည် နိုဗိကောက်နှင့် အင်မတန်ကြည်သာစွာ ခွဲကြသည်။ သို့ရာတွင် ချိပ်ရောက်က သူပြောနေကျအတိုင်း နိုဗိကောက်အကြောင်းကို မကောင်းပြောသောအခါ ဂိုရင်က ရုတ်တရက်သဘောကျသွားပြီးလျှင် ချိပ်ရောက် ပြောသောစကားများကို ထောက်ခံသည်။

လူဗာက ဆရာဝန်စိဗိတ်အား နိုင်ငံကူးလက်မှတ်မရသည့်အတွက် ပါဗယ်အတော်စိတ်မကောင်းဖြစ်နေသလားဟု မေးသောအခါ စိဗိတ်က ''ပါဗယ်အတွက် ငါ အများကြီးစိတ်မကောင်းဘူး''ဟု ပြောသည်။

အမှန်မှာ ပါဗယ်၏ ရောဂါသည် ယခုတစ်လောတွင် တိုးလျက်ရှိသည်။ ဒေါက်တာစိဗိတ်က ဆေးကုဖို့ပြောသောအခါ ပါဗယ်က မကုချင်ဘူးဟုပြောသည်။ နောက်ဆုံးတွင်မူ ပါဗယ်က ကရိမိယနယ်သို့ ဆရာဝန်စိဗိတ်နှင့် သွား၍လည်ကြဖို့ သဘောတူလိုက်သည်။

ချိပ်ရောက်က သူပါ ကရိမိယနယ်သို့ ပါဗယ်နှင့်အတူလိုက်မည်ဟု အတင်းအကြပ်ပြောသည်။ နောက်တွင် ပါဗယ်က အတန်တန် ချော့မော့ပြောမှ ချိပ်ရောက်က မလိုက်ဘဲနေရစ်သည်။

※※※

## အခန်း(၁၅)

လီဒါသည် နိုဗိကောက်ကိုပြုစုရင်းနှင့် အချစ်စိတ်ဝင်သွားသည်။ နိုဗိကောက်ကလည်း လီဒါ အချစ်စိတ်ဝင်လာသည်ကိုတွေ့ရသောအခါ မရှောင်မတိမ်းသာသော ကိစ္စအဖြစ်နှင့် လက်ခံလိုက်ရသည်။ နိုဗိကောက်အဖို့တွင် လီဒါအပေါ်၌ မိတ်ဆွေခင်ခင်ခြင်းထက်မပို။ သို့ရာတွင် မရှောင်မလွှဲနိုင်သည့်အတူတူ ဆုံးခန်းတိုင်အောင်ပင် လိုက်လျောတော့မည်ဟု နိုဗိကောက်စိတ်ကကြံသည်။

ထိုအခိုက်တွင် ဆီဒိုရောက်က နိုဗိကောက်အား လီဒါကို မင်္ဂလာဆောင်ဖို့ ဖျက်ဆွဲနေရကောင်းမလားဟု အကြီးအကျယ် စိတ်ဆိုးလျက်ရှိသည်။ ဆီဒိုရောက်က နိုဗိကောက်ကို စိတ်ဆိုးခြင်းမှာ သူ၏စက်ရုံအလုပ် အခြေမဟန်စပြု၍လာသည့် အကြောင်းကြောင့် ဖြစ်သည်ကို သူ့ဟာသူသိသည်။ ဒူရောက်သည် ဆီဒိုရောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခပေး၍နေပြီ။ ထိုအကြောင်းကိုလည်း အရပ်ထဲတွင် ပွစိပွစိပြောလာစပြုပြီ။ ဤနည်းဖြင့် ဆီဒိုရောက်သည် သူ အလုပ်မပြုတ်ခင် သူ့သမီးကို နေရာချထားပေးခဲ့ချင်သည်။ နောက်ဆုံးတွင် နိုဗီကောက်က လီဒါနှင့်မင်္ဂလာဆောင်မည့်အကြောင်း အတည်တကျဖွင့်၍ပြောသဖြင့် ဆီဒိုရောက်ဝမ်းသာသွားသည်။ အောက်တိုဘာလကုန်တွင် လီဒါနှင့် နိုဗီကောက်တို့ မင်္ဂလာဆောင်ဖို့ ရက်သက်မှတ်လိုက်သည်။

ဆီဒိုရောက်သည် ဗေရီးယား၊ ယိုတ်ဗာကောက်၊ မီဒိုယန်အစရှိသော ရောက်စတောက်မြို့၏ မျက်နှာဖုံးများကို ဖိတ်စာကမ်းလိုက်သည်။ သူ ဖိတ်စာကမ်းသူများမှာ မြို့တစ်ဝက်ခန့်ရှိသည်။ ဆီဒိုရောက်သည် ဒူရောက်ကို မဖိတ်။

နီနာမှာ မော်စကိုမြို့သို့ ခရီးလွန်နေသဖြင့် မင်္ဂလာဆောင်သို့ မလာနိုင်သည့်အတွက် လီဒါ စိတ်မကောင်း။ ထိုအတောအတွင်း၌ လီဒါမှာ တစ်နေ့တခြား ပို၍ချောလာသဖြင့် နိုဗီကောက်သည် လီဒါကို စွဲလမ်းစပြု၍လာပြီ။ လီဒါက နိုဗီကောက်ကို သူ့ချစ်ခြင်းမှာ အန္တရေနှင့်ပျက်သွားသော အချစ်ဇာတ်လမ်း၏အဆက်ပင်ဖြစ်ကြောင်းနှင့် နိုဗီကောက်ကို ပြောပြသောအခါ နိုဗီကောက်က "ငါတို့နှစ်ယောက် ပျော်ပျော်ရွှင်ရွှင်ကြီး ချစ်ကြမယ်"ဟု ပြောကာ လီဒါကို နှစ်သိမ့်စေသည်။

လီဒါနှင့် နိုဗီကောက်တို့ မင်္ဂလာဆောင်တွင် နီကိုလေသည် သေရည်တော်တော် မူးနေသဖြင့် "နိုဗီကောက်ဟာ လူကောင်းပါ။ ငါတစ်ယောက်နဲ့ကလွဲရင် သူဟာ လူတိုင်းနဲ့တည့်ပါတယ်"ဟု လီဒါကို အားပေးစကားပြောသည်။ လီဒါ့အမေက နီကိုလေကို ဝမ်းမနည်းပါနဲ့ကွယ်ဟု ရယ်၍ပြောသည်။ လီဒါနှင့် နိုဗီကောက်တို့ မင်္ဂလာဆောင်နေပြီဖြစ်သဖြင့် နီကိုလေလက်သို့ လီဒါ ပါသွားမည်ကို နာတာလီယ မကြောက်တော့။ ဆီဒိုရောက်ကလည်း နီကိုလေကို သေရည်တစ်ခွက်ပြီးတစ်ခွက် ငှဲ့၍ပေးသည်။ အားလုံး သေရည်သောက်ကြသူတို့အနက် ဆီဒိုရောက်မှာ အမူးဆုံးဖြစ်သည်။ ဆီဒိုရောက်က မူးမူးနှင့်တွေ့ကရာတွေ လျှောက်ပြောရင်း ဒူရောက်၏အကြောင်းလည်း ထည့်၍ပစ်ပစ်ခါခါပြောသည်။ ထိုအခါ အချို့သော ဧည့်သည်များသည် ပြုံးတုံးပြုံ့တဲဖြစ်လာပြီး အချင်းချင်း မျက်ရိပ်မျက်ခြည်ပြ ကြသည်။ သူ့ယောက္ခမ၏အပြုအမူကို နိုဗီကောက်က သဘောမကျ။ ဆီဒိုရောက်၏ စက်ရုံအလုပ်မှာ အခြေမဟန်တော့သည့်အဖြစ်ကို ထိုအခါကျမှပင် နိုဗီကောက်ရိပ်မိပြီး ထိတ်လန့်သွားသည်။ သို့ရာတွင် နိုဗီကောက်သည် နောက်သို့ပြန်၍ မဆုတ်နိုင်တော့။ မိခင်တို့မှာ သမီးမင်္ဂလာဆောင်သည့်အခါတွင် ငိုတတ်သည့်နည်းတူ နာတာလီယက အနည်းငယ်ငိုသည်။ သူ၏ငိုခြင်းမှာ ဝမ်းသာငို ငိုခြင်းသာဖြစ်သည်။ နိုဗီကောက်ထက် သာသည့်သမက် အဘယ်မှာ ရနိုင်မည်နည်း။

***



## အခန်း(၁၆)

ကားလမတ်အိန်ဂဲဗီမာန်ဖွင့်ပွဲတွင် ဗေရီးယားမိန့်ခွန်းပေးစဉ်က အရိပ်အမြွက်ထွက်လာသော အပုပ်ချပွဲကြီးမှာ တစ်ပြည်လုံးပျံ့နှံ့၍သွားသည်။ ကံကောင်းထောက်မသဖြင့် ရောက်စတောက်မြို့က အပုပ်ချပွဲမှာ အသက်သာဆုံးဖြစ်သည်။ ရောက်စတောက်မြို့တွင် လာရင်နှင့်ရင်းနှီးသော ဒုတိယတန်းခေါင်းဆောင် ဆယ်ယောက် ဆယ့်ငါးယောက်လောက်သာ အဖမ်းခံကြရသည်။ အခြားမြို့များတွင် လူတိုင်းလူတိုင်း ခေါင်းနှင့်ကိုယ်နှင့် ဘယ်တော့ အိုးစားကွဲမလဲဟု တထိတ်ထိတ် တလန့်လန့်ဖြစ်၍ နေကြရခြင်းနှင့်စာလျှင် ရောက်စတောက်မြို့၌ လူဆယ့်ငါးယောက်လောက် အဖမ်းခံရခြင်းမှာ စကားထဲထည့်မပြောလောက်သော အသေးအဖွဲကိစ္စသာဖြစ်သည်။ အခြားအခြားသော မြို့များတွင်မူ ယနေ့ တရားသူကြီးအဖြစ်နှင့် တရားခံများကို သေဒဏ်ပေးသောသူသည်ပင် မနက်ဖြန် သူကိုယ်တိုင် သေဒဏ်ပေးခြင်းခံရတတ်သည်။

ထိုအခိုက်၌ ရောက်စတောက်မြို့သည် အဘယ်ကြောင့် သာယာသောတောရွာကလေးကဲ့သို့ အေးချမ်း၍နေရသည်ကို မည်သူမျှမပြောနိုင်။ ရောက်စတောက်မြို့သည် ထိုကဲ့သို့ ထူးထူးခြားခြား အေးချမ်း၍နေခြင်းမှာ အခြားကြောင့်မဟုတ်။ ဗေရီးယားနှင့် သူ၏လက်ထောက်များမှာ နိုင်ငံရေးကျမ်းသစ်တစ်ခုကို ပြု၍နေကြသဖြင့် အပုပ်ချသောအလုပ်ကို လုပ်ချိန်မရသောကြောင့်ဖြစ်သည်။ မော်စကိုမြို့တော်ကလည်း ထိုကျမ်းသစ်ကို မြန်မြန်ထွက်စေချင်သဖြင့် အပုပ်ချသောအလုပ်ကိုမလုပ်ဘဲနေသဖြင့် ဗေရီးယားကို အပြစ်မတင်။ ဤနည်းဖြင့် ရုရှတစ်ပြည်လုံးသတ်ဖြတ်မှုများဖြင့် သောသောညံလျက ရှိသောအခါတွင် ထိုသို့ သတ်ဖြတ်ခြင်းများသည် တရားသဖြင့် သတ်ဖြတ်ခြင်းများသာ ဖြစ်သည်ဟု ပြောနိုင်ရန်အတွက် ဗေရီးယားတို့လူစုက အကြောင်းများရှာလျက်ရှိသည်။

ရောက်စတောက်မြို့သည် မအေးချမ်းသင့်ဘဲနှင့် အေးချမ်း၍နေသည့် အခိုက်၌ပင် ဒူရောက်သည် သူ့သားအိုးလိတ် အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ မသင်္ကာသူများကို ဖမ်းဆီး၍နှိပ်စက်လျက်ရှိသည်။ ဒူရောက်ကိုယ်တိုင်က လည်ပင်းကို ညှစ်၍ သတ်ပစ်လိုက်သူများလည်း မနည်းဘူးဟုပြောသည်။

နိုဗီကောက်သည် တက္ကသိုလ်ကပေးထားသော သူ၏အိမ်တွင် လီဒါနှင့် ပျော်တပြုံးပြုံးနေသည်။ ပြီးလျှင် ဂိုရင်တို့အိမ်သို့လည်း နီနာကို ပိုးသူအဖြစ်နှင့်မဟုတ်ဘဲ မိတ်ဆွေဟောင်းတစ်ယောက်အဖြစ်နှင့် ခဏခဏသွား၍ ဂိုရင်၏ ပြဇာတ်အကြောင်းကို ဆွေးနွေးသည်။ "ကြောက်စရာအိဗန်ပြဇာတ်"မှာ ပြီးခါနီးပြီ။ ထိုပြဇာတ်မှာ နိုဗီကောက်မျှော်လင့်သည်ထက် ပို၍ ကျေနပ်စရာဖြစ်နေသည်။

"ကြောက်စရာအိဗန်ပြဇာတ်ဟာ သင် ရေးတဲ့စာတွေထဲမှာတော့ အကောင်းဆုံးစာပဲ"ဟု နိုဗီကောက်က ပြောသည်။

"အင်း ငါ ပင်ပန်းတာတွေလည်း ထည့်ပါဦး"ဟု ဂိုရင်က ပြောသည်။ ဂိုရင် ဘာဆိုလိုသည်ကို နိုဗီကောက်နားလည်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် နီနာသည် နိုဗီကောက်အပေါ် မသင်္ကာစပြု၍လာသည်။ တစ်ခါသော် နီနာက ''နိုဗီကောက်ကို သင် ဘယ်လိုသဘောရသလဲ''ဟု ဂိုရင်ကို မေးသည်။

ဂိုရင်က နိုဗီကောက်သည် လူတော်တစ်ယောက်ဖြစ်ပြီးလျှင် ရာဇဝင်ကို ကောင်းကောင်းနိုင်သူဖြစ်သည်ဟု ပြောသည်။ ပြီးလျှင် ဂိုရင်က ''နိုဗီကောက်ဟာ ရာဇဝင်ကိုသာ ကောင်းကောင်းနိုင်တာ မဟုတ်ဘူး။ အနုပညာဘက်က စိတ်ကူးလည်း အင်မတန်ကောင်းတယ်။ ရာဇဝင်အဖြစ်အပျက်ကို နိုဗီကောက်လို ကွက်ကွက်ကွင်းကွင်းပေါ်လာအောင် ပြောတတ်တဲ့လူ ငါ တစ်ခါမှ မတွေ့ဖူးဘူး'' ဟု ပြောသည်။

ဂိုရင်သည် သူတစ်ယောက်တည်းနေသည့်အခါတွင် သူ့သမီးမေးလိုက်သော မေးခွန်းကို လေးနက်စွာ ပြန်၍စဉ်းစားမိသည်။

ပါဗယ်နှင့်ဆရာဝန်ဗိုဗိတ်တို့ ကရိမိယနယ်မှပြန်၍လာကြပြီ။ ပါဗယ်သည် လေ့ပေါ်မှ လိမ့်ကျရာ ကံကောင်း၍ တင်ါသည်တစ်ယောက်ကကယ်သဖြင့် မသေခဲ့။ ကရိမိယသွားသည့်အတွက် ပါဗယ်မှာ စိတ်ရွှင်ပျ၍လာသည်။ ဆရာဝန်မှာမူ စိတ်ရှုပ်၍ လာခဲ့သည်။ ကရိမိယကအပြန်တွင် ဗေရီးယားက ဗိုဗိတ်ကို ခေါ်၍တွေ့သည်။

''သင်ဟာ ဆရာဝန်မဟုတ်ဘူး။ အလကားနွား။ သင့်ကို ငါ ပေးလိုက်တဲ့ တာဝန်ဟာ သေးသေးမဟုတ်ဘူး။ အခုတော့ သင်လုပ်ပုံက ဓာတ်လမ်းမဆုံးခင် ဓာတ်လိုက်ကို ရေနှစ်သတ်တာမျိုးဖြစ်နေတယ်။ ငါ့စိတ်ထဲက သင်ဟာ ဘာမှ ခြေရာလက်ရာမထင်အောင် သိမ်သိမ်မွေ့မွေ့လုပ်တတ်လိမ့်မယ်လို့ ထင်မိတယ်။ သင့်တာဝန်ကို သင် နားမလည်ဘူးဆိုရင် နားထောင်၊ ငါ ရှင်းရှင်းကလေးပြောပြမယ်။ သင်ဟာ ဆရာဝန်မဟုတ်လား။ ဆရာဝန်ဆိုရင် ပါဗယ်ကိုသေအောင် ကုပေးတတ်ရမယ်။ ကြားလား၊ ပါဗယ်ကို သေအောင်ကုပေးတတ်ရမယ်။ ဒီမှာ ဆရာဝန် အချိန်များများမရှိတော့ဘူးနော်။ ဒါကိုလည်းတွက်ပါ။ သင် ပြင်သစ်ပြည်သွားဖို့ကိစ္စကိုလည်း ငါတို့ မမေ့ပါဘူး။ အမြဲသတိရပါတယ်''ဟု ဗေရီးယားက ပြောသည်။

ဗိုဗိတ်မှာ တစ်ကိုယ်လုံးတုန်၍နေသည်။ ဗိုဗိတ် ထွက်သွားသောအခါ ဗေရီးယားက ''အလကားနွား''ဟု ရွတ်ပြီးလျှင် ဒုရောက်ဆီသို့ စကားပြောကြေးနန်း ဆက်သည်။

အိုးလိတ်နှင့်အချင်းဖြစ်ပွားပြီး နောက်တစ်လအတွင်းတွင် နိုဗီကောက်မှာ ဒုရောက်က သူ့ကိုလာ၍ ဖမ်းနိုးဖမ်းနိုးနှင့် တထိတ်ထိတ် တလန့်လန့်ဖြစ်၍နေသည်။ သို့ရာတွင် အချိန်ကြာ၍သွားသောအခါ အကြောက်ပြေ၍သွားပြီးလျှင် နေရဲထိုင်ရဲရှိလာသည်။ ထိုသို့ပင် နေရဲထိုင်ရဲရှိလာသော်လည်း သူ့အမာရွတ်ကိုမူ လူမမြင်အောင် အမြဲသတိကြီးစွာထား၍ နေသည်။ နိုဗီကောက်သည် သူတစ်ပါးရှေ့တွင် အဝတ်လည်း မလဲ၊ ရေလည်းမချိုး။

ထိုနှစ် နိုဝင်ဘာလတွင် ဂိုရင်၏ပြဇာတ်ကို ပုံနှိပ်၍ပြီးသည်။ သူ့ပြဇာတ်ကို မော်စကိုက အထူးသဖြင့် နှိုးကျူးပြီးလျှင် ဝါဒဖြန့်ရာတွင်လည်း ယခင် ယခင်က ဝါဒဖြန့်ခြင်းများထက်ပို၍ ကြီးကျယ်အောင်ဝါဒဖြန့်သည်။ ရုရှတစ်ပြည်လုံးရှိ ဇာတ်ရုံများတွင် ဂိုရင်ပြဇာတ်ကို တစ်ပြိုင်နက်တည်းပြစေပြီးလျှင် အသံလွှင့်ရုံမှလည်း အသံလွှင့်ပေးသည်။ ထို့ပြင် ထိုပြဇာတ်ကို စာအုပ်ပေါင်းကုဋေကုဋာ ပုံနှိပ်၍ ဈေးပေါပေါနှင့် ရောင်းစေသည်။ ထို့နောက် တစ်ဖန် ရုပ်ရှင်ရိုက်၍ ပြစေပြန်သည်။



ဂိုရင်သည် သူ့ပြဇာတ်ကို သူ့ဟာသူစိတ်တိုင်းမကျ။ သူ့ပြဇာတ်သည် သူ့ဝမ်းထဲက အာသီသနှင့်မကိုက်။ သူ့ပြဇာတ်ထဲတွင် အီဗန်၏နှိပ်စက်မှုများကို တရားသည့်အဖြစ်သို့ ရောက်အောင် ရေးလိုသည်အတိုင်း ရေးလိုက်၍ပြီးသွားပြီ။ သို့ရာတွင် သူ၏အတွင်းစိတ် သန္တာန်၌မူကား သူသည် အီဗန်ကိုအများကြီး စက်ဆုပ်၍လာသည်။ နိုဗီကောက်အဖို့တွင် ဂိုရင့်စိတ်ထဲတွင် ဘယ်လိုဖြစ်နေဖြစ်နေ အရေးမကြီးတော့။ သူ့အလုပ်ပြီး၍သွားပြီ။ ပြဇာတ်ရေးပြီး၍ အနားယူသူမှာ ဂိုရင်မဟုတ်ဘဲ နိုဗီကောက်ဖြစ်ဘိသကဲ့သို့ နိုဗီကောက် မျက်နှာက အမှုအရာပြလျက်ရှိသည်ကို ဂိုရင် တွေ့ရသည်။

❋❋❋

## အခန်း(၁၇)

လပေါင်းများစွာ ကုန်၍သွားသော်လည်း သူ့သားကို မည်သူသတ်သည်ဟု ဒုရောက်စုံစမ်း၍မရ။

အိုးလိတ်နှင့်အီဗန်ကို သူတို့သတ်ပါသည်ဟု ဖြောင့်ချက်ပေးကြသော တရားခံတို့၏ အရေအတွက်မှာလည်းမနည်း။ သို့ရာတွင် ထိုတရားခံတို့မှာ ပုလိပ်ကနှိပ်စက်ညှဉ်းပန်း၍သာ ဖြောင့်ချက်ပေးကြရခြင်းဖြစ်သည်။ တရားခံ အစစ်အမှန်များမဟုတ်။

ဒုရောက်ကိုယ်တိုင်သည် အမှုရှင်သာမဟုတ်ပါမူ ထိုတရားခံတို့၏ ဖြောင့်ချက်များကိုလက်ခံ၍ ထိုတရားခံများကို သေဒဏ်ပေးလိုက်ပြီးနောက် ထိုအမှုအကြောင်းကို ဆက်၍စဉ်းစားရန်လိုတော့မည်မဟုတ်။ ဒုရောက်သည် ဖြောင့်ချက်ပေးသော တရားခံများကိုယ်တိုင် ခေါ်၍စစ်ကြည့်သည့်အခါ တရားခံအစစ်အမှန်များမဟုတ်ဘဲ ပုလိပ်၏ နှိပ်စက်ညှဉ်းပန်းခြင်းဒဏ်ကို မခံနိုင်သဖြင့် ပုလိပ်ကသင်ပေးသည့်အတိုင်း ပြောကြသော သူများသာ ဖြစ်သည်ကိုတွေ့ရသည်။ ဤအမှုတွင် ဒုရောက်သည် တကယ့်အမှန်ကို လိုချင်သည်။ ပုလိပ်၏ အမှန်ကို မလိုချင်။

ဒုရောက်၏စိတ်ထဲကမူ သူ့သားကိုသတ်သူမှာ လီဒါ၏အဖေ ဆီဒိုရောက်ဖြစ်သည်ဟုထင်သည်။ သို့ရာတွင် ဆီဒိုရောက်ကိုမူ အခြားတရားခံများကို ဖမ်းပြီး နှိပ်စက်သလို သူ မနှိပ်စက်နိုင်။

ကားလမတ်ဝါဒသသောတရားအရဆိုလျှင် အိုးလိတ်နှင့်အီဗန်ကို သတ်သူများမှာ ပြည်သူ့ရန်သူထဲကဖြစ်ရမည်။ ဤသဘောတရားကို အခြေထား၍ စုံစမ်းထောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပုလိပ်တို့မှာ ယုန်တောင်ပြေး ခွေးမြောက်လိုက်ဖြစ်ကာ တရားခံအစစ်ကို ခြေရာမခံနိုင်ခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ဒူရောက်သည် အကြံကုန်သဖြင့် ထောင်အချခံနေရသော ပုလိပ်အရာရှိဟောင်းတစ်ယောက်ကို ထောင်ထဲမှသွား၍ထုတ်ပြီး အိုးလိတ်တို့အမှုကို အစုံစမ်းခိုင်းသည်။

''ဒီမှာ ပြိုတိုပိုပေါက် တရားခံအစစ်ကိုရအောင်ရှာပေးရင် သင့်ကို ငါ ထောင်က လွှတ်မယ်။ ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်။ သင် စုံထောက်တာကို ဘယ်သူမှမသိစေနဲ့. သင် စုံထောက်လို့ရသမျှကို ငါ့ဆီကို တိုက်ရိုက်အစီရင်ခံရမယ်။ သင်လိုချင်တဲ့ အကူအညီကို ငါ အကုန်ပေးမယ်''ဟု ဒူရောက်က ပုလိပ်အရာရှိဟောင်းကြီးကိုပြောသည်။

ဒူရောက်က ပြိုတိုပိုပေါက်ကို ကူညီရန်အတွက် မေဂျာဗိုလ်နှစ်ယောက်ကို ပေးထားသည်။

ပြိုတိုပိုပေါက်သည် အိုးလိတ်တို့ အသတ်ခံရသောနေရာကို သူ့လက်ထောက်နှင့်သွား၍ အသေအချာကြည့်ရှုပြီးလျှင် ဒူရောက်ထံသို့သွား၍ ''သင့်သားနဲ့ သက်တော်စောင့်က လူတစ်ယောက်ကို သွားပြီးရန်စလို့ အဲဒီလူက သူ့ကိုယ်သူ ကာကွယ်တဲ့သဘောနဲ့ သင့်သားကို သတ်သွားတာပါ''ဟု အစီရင်ခံသည်။

''ဟုတ်ပါ့မလား''

''ဟုတ်ပါတယ်။ ပထမ စပစ်တာက သက်တော်စောင့်ကပါ။ သူ့အိတ်ထဲ လက်နှိုက်ထားရင်းနဲ့ ပစ်လိုက်တာပါ။ အဲဒီကျည်ဆန်ဟာ အိုးလိတ်အင်္ကျီကို ရှပ်ပြီး မှန်သွားပါတယ်။ ပြီးတော့မှတစ်ဆင့် သူတို့ကိုသတ်တဲ့လူရဲ့ အပေါ်ပိုင်းကို မှန်သွားပါ တယ်။ အဲဒီအမည်မသိသူဟာ ဇလလုည်းကောင်း အရပ်လည်းမြင့်ပါတယ်။ ဇလလည်း မကောင်း အရပ်လည်းမမြင့်ဘူးဆိုရင် သက်တော်စောင့်ရဲ့လက်ကိုလိမ်ချိုးပြီး သေနတ်ကို လုယူနိုင်မှာ မဟုတ်ပါဘူး။ ပြီးတော့ အဲဒီအမည်မသိသူက သက်တော်စောင့်ရဲ့ခေါင်းကို သေနတ်ဒင်နဲ့ ရိုက်လိုက်လို့ ခေါင်းခွဲကွဲသွားပါတယ်''ဟု ပြိုတိုပိုပေါက်ကပြောသည်။

''ဒါဖြင့် ဆီဒိုရောက်ပဲထင်တယ်''ဟု ဒူရောက်စိတ်ထဲက အောက်မေ့လိုက်သည်။ သို့ရာတွင် ဆီဒိုရောက်မှာ အရပ်မမြင့်ဘဲ ပုတုတုဖြစ်သဖြင့် ဒူရောက် စိတ်ပျက်သွားသည်။

ပြီးလျှင် ပြိုတိုပိုပေါက်က ''အမည်မသိသူဟာ အိုးလိတ်နဲ့ခဏသတ်ကြပါသေးတယ်။ အိုးလိတ်က သေနတ်နဲ့ပစ်လိုက်ဖို့ အချိန်မရလိုက်ပါဘူး။ ပြီးတော့ အမည်မသိသူက အိုးလိတ်မျက်နှာကို သေနတ်ဒင်နဲ့ နှစ်ချက်ရိုက်ပါတယ်။ အိုးလိတ် လဲသွားတဲ့အခါမှာ အဲဒီသူက နောက်ကနေပြီး ပေါင်ခြံကို ခြေနှင့်ကန်လိုက်ပါတယ်။ အဲဒီ ကန်လိုက်တဲ့ဒဏ်ဟာ အတော်ပြင်းတဲ့အတွက် အိုးလိတ်သတိမေ့သွားပါတယ်''ဟု ဆက်၍ပြောသည်။



''ဒီနောက်ကော''

''ဒီနောက်တော့ သူ့အမှုပေါ်မှာစိုးတဲ့အတွက် အိုးလိတ်တို့နှစ်ယောက်ကို အနားကပ်ပြီး သေနတ်နှင့်ပစ်သတ်လိုက်ပါတယ်။ ဒါကြောင့် သူတို့ဒဏ်ရာများမှာ မီးလောင်ရာရှိနေတာပါ။ အဲဒီလို သေအောင်သတ်တာကတော့ နောက်မှ အကြံရပြီး သတ်တာပါ''

ဒူရောက်သည် သူ့သားအကြောင်းကို သူသိသဖြင့် ပြိုတိုပိုပေါက်ပြောတာ မှန်ကြောင်းကိုသိရသည်။

''ဒါဖြင့် အဲဒီသတ်တဲ့သူဟာ ဘယ်သူလဲ''

''အခုတော့ မပြောနိုင်သေးပါဘူး။ ဒါပေမယ့် သူတို့အချင်းဖြစ်ပွားရင်း အကြောင်းကို စုံစမ်းပြီးတဲ့အခါကျရင်တော့ သိနိုင်ပါလိမ့်မယ်''

ထို့နောက် ပြိုတိုပိုပေါက်သည် အိုးလိတ်၏ အဖြစ်အပျက်အားလုံးကို သေသေ ချာချာစုံစမ်း၍ အိုးလိတ်နှင့်အဆက်ရှိသော မိန်းမများကိုစစ်သည်။

လီလီမှာ ဗေရီးယားအစရှိသော အရာရှိကြီးများနှင့်တကွ အများဆိုင်ဘုံပန္နည်း ဖြစ်ခြင်းကြောင့် လီလီအတွက် အိုးလိတ်တွင် အသတ်ခံရလောက်အောင် ရန်မရှိနိုင်ဟု ပြိုတိုပိုပေါက် သဘောရသည်။

အိုးလိတ်သည် ရောက်စတောက်မြို့က ကချေသည်မတစ်ယောက်နှင့် ရှုပ်ရှုပ် ရှက်ရှက်ဖြစ်ဖူးသေးသဖြင့် ပြိုတိုပိုပေါက်သွား၍စစ်ရာ တစ်လကျော်လောက်ကြာသည်။ နောက်ဆုံးတွင် အဆက်မရှိကြောင်း တွေ့ရသည်။

လီဒါအကြောင်းနှင့်ပတ်သက်၍ စစ်ကြည့်ရာ အန်ဒရေလည်းသေသွားပြီ။ ထို့ပြင် လီဒါသည်လည်း ပါမောက္ခနီဇိကောက်နှင့် ညား၍နေပြီဖြစ်သဖြင့် လီဒါဘက်က ရန်မဟုတ်နိုင်သည်ကို တွေ့ရသည်။ ပြိုတိုပိုပေါက်၏စိတ်ထဲတွင် ပါမောက္ခနီဇိကောက်လို လူစားမျိုးသည် ရန်လိုတတ်သော လူစားမျိုးဟုတ်သည်ဟု မထင်။ ဤအချက်သည် ပြိုတိုပိုပေါက်၏ ပထမအကြိမ်အတွက် မှားခြင်းဖြစ်သည်။

ပြိုတိုပိုပေါက်သည် အိုးလိတ်၏ အဆက်အသွယ်များကို စစ်ဆေးရင်းနှင့် နောက်ထပ်ခြောက်လကြာ၍သွားသည်။ အိုးလိတ်၏ ဓာတ်ရှုပ်များမှာလည်း မိုးမဆုံး မြေမဆုံးဖြစ်နေသဖြင့် ပြိုတိုပိုပေါက်က ဒူရောက်ဆီသို့သွား၍ သူ၏ အခက်အခဲများကို ပြောပြကာ သူ လက်လျှော့ပြီ။ ထောင်ထဲပြန်သွားပါရစေတော့ ဟု ပြောရန်ပင်ကြံမိ သည်။

ထိုအခိုက်တွင် မမျှော်လင့်သော အကြောင်းတစ်ခုပေါ်ပေါက်လာပြီးလျှင် ပြိုတိုပိုပေါက်သည် တရားခံအစစ်ကို ခြေရာခံမိသည်။

❋❋❋

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၈)

ဘော်ရှီဗစ်တို့အုပ်စိုးသော ရုရှပြည်တွင် မည်သူမျှ လက်မှတ်သုံးစောင်မရှိဘဲနှင့် ပေါင်မုန့်ထုတ်၍မရ။ လက်မှတ်တစ်စောင်မှာ မိမိတို့အလုပ်ရုံက ထုတ်ပေးသော လက်မှတ်ဖြစ်၍ ကျန်နှစ်စောင်မှာ ပြည်သူ့အိုးအိမ်ဌာနမှ ထုတ်ပေးသောလက်မှတ်နှင့် သမဝါယမဆိုင်မှထုတ်ပေးသောလက်မှတ်များဖြစ်သည်။ ထို့ပြင် မိမိတို့အလုပ်ရုံနှင့် စက်ဘက်က ပူးပေါင်း၍ထုတ်ပေးသော လက်မှတ်မရှိလျှင်လည်း မည်သူမျှ မြို့တွင်း မြို့ပြင်သို့ထွက်ခွင့်မရ။ ဖျားနာသည့်အခါ၌တောင်ပင် ဆရာဝန်က ထုတ်ပေးသော လက်မှတ်မရှိလျှင် မည်သူမျှ ဖျားနာနိုင်ခွင့်မရှိ။ ဘော်ရှီဗစ်ရုရှပြည်တွင် နေရသူတို့မှာ ပင့်ကူအိမ်တွင် ညှိ၍နေသော ယင်ကောင်နှင့် ဘာမျှ ခြားနားခြင်းမရှိ။

နိုဗိကောက်နှင့်အိုးလိတ်တို့ အချင်းဖြစ်ပွားပြီး နောက်တစ်နေ့တွင် နီကိုလေသည် ခါတိုင်းကဲ့သို့ အမဲသားလုံးကို ကုန်အောင်မစားနိုင်သည့်အကြောင်း၊ စားဖိုဆောင်မှ နာဒယာက သူလျှို့ဌာနသဘာပတိထံ အစီရင်ခံသည်။ နာဒယာမှာ သူလျှို့ဌာန၏ အမှုထမ်းတစ်ယောက် ဖြစ်သည်။ ထို့ပြင် နာဒယာက ပါမောက္ခပလောက်ကင် တစ်ယောက်လည်း အစားပျက်ကြောင်းကို သူ့အစီရင်ခံစာထဲ၌ ထည့်၍ဖော်ပြသည်။

သူလျှို့ဌာနသဘာပတိသည် သူ့လက်အောက် အမှုထမ်းများဖြစ်ကြသည့် ကျောင်းသားများ၊ ကထိကများ၊ ကျောင်းစောင့်များထံမှရရှိသော အစီရင်ခံစာများကို ကြည့်ပြီးလျှင် သိမ်းထားသည်။ နီကိုလေ အစားပျက်သည့်အကြောင်းကိုမူ ခဲတံနီနှင့် မျဉ်းသားထားလိုက်ခြင်းမှတစ်ပါး ထူးခြားသည်ဟု မယူဆ။

ပလောက်ကင် အစားပျက်ခြင်းမှာ သူ့ယောက်ဖအဖမ်းခံနေရသဖြင့် စိတ်မကောင်း၍ အစားပျက်ခြင်းဖြစ်သည်ကို သဘာပတိ ကောင်းစွာသိသည်။

နောက်တစ်နှစ်ခန့်ကြာ၍ တက္ကသိုလ်အုပ်ချုပ်ရေးဌာနမှ ဆေးလက်မှတ်များကို စစ်ဆေးသောအခါ ပါမောက္ခနိုဗိကောက်၏ ခွင့်ငါးရက်ယူသော ဆေးလက်မှတ်တွင် ဆရာဝန်၏တံဆိပ်ရိုက်မထားသည်ကို တွေ့ရသည်။ ဆရာဝန်တံဆိပ်မပါသော ဆေးလက်မှတ်သည် တရားမဝင်သဖြင့် အုပ်ချုပ်ရေးဌာနကလက်မခံ။ တက္ကသိုလ်အုပ်ချုပ်ရေးမှူးသည် ဆရာဝန်ဆီသို့ တိုက်ရိုက်သွား၍ သူရေးပေးသော ဆေးလက်မှတ်တွင် တံဆိပ်ရိုက်ပေးရန်ပြောသည်။ ဆရာဝန်က လိုနေသောတံဆိပ်ကို ရိုက်ပေးလိုက်ပြီးလျှင် အုပ်ချုပ်ရေးမှူးအား ခါကောက်မြို့တွင် ဆေးကုပညာသင်နေသော သူ့တူမတစ်ယောက်ကို ရောက်စတောက်တက္ကသိုလ် ဆေးကုပညာသင်တန်းသို့ ပြောင်းပေးရန်အကူအညီတောင်းသည်။ အုပ်ချုပ်ရေးမှူးက "ဒီကိစ္စက ငါနဲ့တိုက်ရိုက်မဆိုင်ဘူး။ ကျောင်းအုပ်ကြီးနဲ့ဆိုင်တယ်။ သူ့ဆီကိုသွားပြောလျှင် ပြီးနိုင်ပါတယ်"ဟု ပြောသည်။

ထို့နောက် အုပ်ချုပ်ရေးမှူးက ဆရာဝန်ကို ကျောင်းအုပ်ကြီးနိုဗိကောက်ထံသို့ ခေါ်သွားသည်။ ဆရာဝန်နှင့် ကျောင်းအုပ်ကြီးတို့သည် တစ်ယောက်ကိုတစ်ယောက်



မမှတ်မိကြသဖြင့် ကြောင်၍နေသည်ကို တွေ့ရသောအခါ အုပ်ချုပ်ရေးမှူးသည် အံ့အားသင့်၍သွားသည်။ နိုဗိကောက်သည် သူ့အခြေအနေကို သူရိပ်မိပြီးလျှင် ဆရာဝန်အား သီမြင်ဖူးဟန်ဖြင့် ကပျာကယာဖော်ဖော်ရွေရွေ နှုတ်ဆက်လိုက်သည်။ ထိုအခိုက်တွင် အုပ်ချုပ်ရေးမှူးက စဉ်းစားကာ ထ၍ပြန်သွားသည်။

ကျောင်းအုပ်ကြီးအခန်းထဲမှ ဆရာဝန်ပြန်ထွက်လာသောအခါ အုပ်ချုပ်ရေးမှူးက ဆရာဝန်ကို သူ့တူမကိစ္စနေရာကျရဲ့လားဟု မေးသည်။ ဆရာဝန်က နေရာကျခဲ့ကြောင်း ပြန်ပြောသည်။

အုပ်ချုပ်ရေးမှူးသည် ဆရာဝန်နှင့်ကျောင်းအုပ်ကြီးတို့အဖြစ်ကို သူလျှို့ဌာနသဘာပတိထံသို့ အစီရင်ခံလိုက်သည်။

"အဲဒီဆေးလက်မှတ်ကို ငါ့ဆီယူခဲ့စမ်း။ သိုသိုသိပ်သိပ်လည်းလုပ်နော်။ သူတို့ တစ်ယောက်နဲ့တစ်ယောက် မမှတ်မိဘူးဆိုတာလည်း ရိုးရိုးမေ့နေလို့ မမှတ်မိတာဖြစ်ချင်လည်းဖြစ်နိုင်တယ်"ဟု သူလျှို့ဌာနသဘာပတိက ပြောသည်။

ဆေးလက်မှတ်ကို ဆေးရုံဘက်ဆိုင်ရာ သူလျှို့ဌာနစိတ်သို့ ပို့လိုက်ပြီးလျှင် ဆရာဝန်အား လာဘ်စားမှုနှင့်ပတ်သက်၍ စုံစမ်းသည်။ တစ်နေ့တွင် ဆရာဝန်မှာ လာဘ်စားမှုတစ်ခုနှင့် အဖမ်းခံရသဖြင့် ဆရာဝန်က ပါမောက္ခနိုဗိကောက်ကိစ္စနှင့် ပတ်သက်၍ အကုန်လုံးဖော်၍ ပြောသည်။ ဆရာဝန်က သူသွား၍ဆေးကုပေးသူမှာ ကျောင်းအုပ်ကြီးနိုဗိကောက်မဟုတ်ဘဲ အခြားသူတစ်ယောက်ဖြစ်သည်ဟုလည်း ပြောသည်။

ထိုအမှုကို တက္ကသိုလ်ဆေးကုဌာနက ဆက်၍စုံစမ်းသောအခါ ကျောင်းအုပ်ကြီးယောင်ဆောင်သူမှာ နီကိုလေဖြစ်ကြောင်းနှင့် မိန်းကလေးတစ်ယောက် ဆိုသည်မှာ လီဒါဖြစ်ကြောင်းကို သိရသည်။

သူလျှို့ဌာနသဘာပတိသည် အချင်းဖြစ်ပွားပြီး နောက်တစ်နေ့တွင် နီကိုလေ အစားပျက်သည့်အကြောင်းနှင့် ပတ်သက်၍ နာဒယာထံမှပို့လိုက်သော အစီရင်ခံစာကို ပြန်၍ စဉ်းစားမိသဖြင့် ထိုကိစ္စမှာ ပေါ့ပေါ့မဟုတ်ကြောင်းကိုသိသည်။ သဘာပတိသည် အကျိုးအကြောင်းစုံလင်စွာဖော်ပြ၍ ဒုရောက်ထံ အစီရင်ခံသည်။

နောက်တစ်ရက် နှစ်ရက်ခန့်ကြာသောအခါ ဒုရောက်က သူလျှို့ဌာန သဘာပတိကို ခေါ်၍စစ်သည်။ ထိုအခိုက်တွင် ပုလိပ်အရာရှိဟောင်းကြီး ပြို့တိုပိုပေါက်လည်း ရှိသည်။ သဘာပတိက ဒုရောက်အား သူသိသမျှအကြောင်းများကို အကုန်လုံးပြောပြသည်။

"ကျောင်းအုပ်ကြီး အကျီချွတ်နေတဲ့အခါကို သင် သတိထားပြီး မကြည့်မိဘူးလား။ သူ့ကိုယ်မှာ သေနတ်မှန်သည့် အမာရွတ်များကော မမြင်မိဘူးလား"ဟု ပြို့တိုပိုပေါက်က စွတ်၍မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



''ငါ သတိထားမကြည့်မိဘူး''ဟု သဘာပတိကပြောသည်။ ပြီးလျှင် နိုဗိကောက် ဖျားသည်ဆိုသောအချိန်တွင် အိုးလိတ်သတ်မှုနှင့် ပတ်သက်၍ ကျောင်းသားများစွာကို သူဖမ်းဆီးခဲ့သည်ကို သူ ပြန်၍သတိရသည်။

သဘာပတိပြန်သွားသောအခါ ပြူတိုဗိုပေါက်က ဒူရောက်အား ''နိုဗိကောက်မှာ သေနတ်မှန်ရာရှိမရှိကို ငါတို့ စုံစမ်းကြည့်ရမယ်။ ဒီကိစ္စကို ငါကိုယ်တိုင်ပဲ စုံစမ်းကြည့်မယ်''ဟု ပြောသည်။

ထိုအခိုက်တွင် နိုဗိကောက်မှာ သူ့အမှုအတွက် ဘာမှမဖြစ်နိုင်တော့ဘူးဟု အောက်မေ့ကာ စိတ်အေး၍နေသည်။

ဒူရောက်နှင့် သူ့လျှို့ဝှက်နသဘာပတိတို့ တွေ့ကြသည့်နေ့တွင်ပင် ဒူရောက်က နီကိုလေကိုဖမ်း၍ ရိုက်နှက်စစ်ဆေးသည်။

နီကိုလေက ဘူးခံ၍နေသည်။

''ကောင်းပြီ။ သင့်ကို စဉ်းစားဖို့ အချိန်တစ်ရက်ပေးမယ်။ အခုနေမှာ မှန်တာပြောရင် သင် သက်သာမယ်။ နက်ဖြန်ခါဆိုရင် သင့်ကို ငါတို့ နည်းတစ်မျိုးပြောင်းပြီး စစ်ရလိမ့်မယ်''ဟု ဒူရောက်က နီကိုလေကို ပြောသည်။

ဒူရောက်သည် ထိုနေ့တွင်ပင် ဗေရီးယားထံသို့သွား၍ ''အိုးလိတ်သတ်တဲ့ ရာဇဝတ်ကောင်ကို ငါ တွေ့ပြီ။ ငါပြောရင် သင်ယုံချင်မှယုံမှာ၊ ရာဇဝတ်ကောင်ဟာ တခြားသူမဟုတ်ဘူး။ ကျောင်းအုပ်ကြီး နိုဗိကောက်ပေါ့''ဟု ပြောသည်။

''သင် ဘာပြောတယ်''

ဒူရောက်က ဗေရီးယားအား သူသိသမျှ အကြောင်းစုံကို အကုန်ပြောပြသည်။

''ဒီလိုဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ကျောင်းအုပ်ကြီးက လက်နက်ရှိတဲ့ လူနှစ်ယောက်ကို နိုင်အောင်ပြန်ပြီး ခုခံနိုင်တယ်ဆိုတာ ဘယ့်နှယ်လုပ်ဖြစ်နိုင်မလဲ။ အင်း ပါမောက္ခဆိုတော့ စွမ်းချင်လည်း စွမ်းမပေါ့''ဟု ဗေရီးယားက ငေါ့၍ပြောသည်။

ဒူရောက်က ဘာမျှမပြောဘဲ မှုန်ကုပ်ကုပ်နှင့် ဗေရီးယားကိုကြည့်နေသည်။ ပြီးလျှင် ဗေရီးယားက ''ကျောင်းအုပ်ကြီးကို ဖမ်းဖို့ဆိုတဲ့ကိစ္စကို သင့်စိတ်ထဲက တစ်ခါတည်း မေ့ပစ်လိုက်ပါ''ဟု ပြောသည်။

''ဘာလို့မေ့ပစ်လိုက်ရမှာလဲ။ ဒီခွေးမသားကို အခုချက်ချင်းပဲ ထောင်ထဲပို့ပစ်လိုက်မယ်''ဟု ဒူရောက်က ပြောသည်။

''နိုဗိကောက်ကို သင် မဖမ်းရဘူး။ ငါပြောတာ နားလည်ရဲ့လား။ မဖမ်းရဘူး။ ပြီးတော့ ဒီကိစ္စကို မေ့ပစ်လိုက်ဖို့ သင့်ကို ငါ အမိန့်ပေးတယ်။ သင့်သားကို ပြည်သူ့ရန်သူတွေက သတ်တာ။ နိုဗိကောက်ဟာ ပြည်သူ့ရန်သူမဟုတ်ဘူး။ ဒီကိစ္စ သင် သိပ်ဂရုစိုက်ပြီး စုံထောက်နေတာဟာ သက်သက်ပိုနေတာပဲ။ တို့ပါတီအကျိုးအတွက် လိုအပ်မယ်ဆိုရင် သင့်ကိုတောင် ငါတို့ နပိုလီယန်ဘုရင်ဖြစ်အောင်လုပ်နိုင်တယ်''ဟု ဗေရီးယားက ပြောသည်။



''အနို့ ငါ့သားကို သတ်ပစ်တာတော့ ဘယ့်နှယ်လုပ်မလဲ''

''ဒူရောက် သင်ဟာ ဘော်ရှီဗစ်တစ်ယောက်ဆိုပြီး သင့်ကိုယ်ရေးကိုယ်တာကိစ္စကို ဘာလို့ ဒါလောက်ဦးစားပေးနေရတာလဲ။ တကယ်ဆိုတော့ သင်ဟာ သင့်ဝတ္တရားနဲ့မဆိုင်တဲ့ စုံထောက်တဲ့ကိစ္စကို အချိန်တွေအများကြီး အကုန်ခံပြီး လုပ်နေတယ်လို့ သင့်ကို ငါ အခုပဲသတိပေးတော့မလို့။ သင်ဟာ လက်အောက်အရာရှိတွေကိုလည်း မခိုင်းသင့်တဲ့အလုပ်တွေ ခိုင်းနေတယ်။ လူတွေကိုလည်း အလကားထိတ်လန့်အောင် လုပ်နေတယ်။ ဤတွင် ဗေရီးယားက အများဆိုင်ပစ္စည်း မလီလီကို ရည်ရွယ်၍ပြောသည်။ သင်လုပ်နေတဲ့ အလုပ်တွေဟာ အများအားဖြင့် မလုပ်ထိုက်တဲ့အလုပ်တွေချည်းဘဲ။ သင့်ဝတ္တရားက ပြည်သူ့ရန်သူတွေကို စုံထောက်ဖို့။ အဲဒါကို သင် မမေ့ပါနဲ့။ သင့်သားကိစ္စနဲ့ပတ်သက်ပြီး နောက်ထပ် ငါ ဘာမှမကြားချင်ဘူး။ ဘာဆိုလို့ ဘာမှ နောက်ထပ် မကြားရစေနဲ့။ ပြီးတော့ ငါ ပြောဦးမယ်။ နိုဗိကောက် တစ်စုံတစ်ခု မဖြစ်ရအောင် သင်ကိုယ်တိုင် တာဝန်ခံရမယ်။ သင် သွားနိုင်ပြီ''ဟု ဗေရီးယားက ပြောသည်။

ဒူရောက်သည် ဘာမျှပြန်မပြောဝံ့ဘဲ တံခါးကို ဆောင့်ကြီးအောင့်ကြီး ပြန်ပိတ်ကာ ထွက်သွားသည်။

နီကိုလေ အဖမ်းခံရကြောင်းကို ကြားရသောအခါ နိုဗိကောက်စိတ်ထဲက ငါတော့ပြီးပါပြီဟု အောက်မေ့လိုက်သည်။ ဒူရောက်တို့ နှိပ်စက်ညှဉ်းပန်း၍ စစ်ပုံမျိုး၏ ဒဏ်ကို နီကိုလေသည် ဘယ်နည်းနဲ့မျှခံနိုင်လိမ့်မည်မဟုတ်။ သူ့အကြောင်းကို ဖော်၍ ပြောလိမ့်မည်ဟု နိုဗိကောက်က တစ်ထစ်ချယုံကြည်သည်။ ထိုနေ့ညနေပိုင်းတွင် သူ့ဆီသို့ နီကိုလေပြန်လာသောအခါ နီကိုလေ၌ ညာဘက်မျက်ကွင်းညိုနေပြီးလျှင် သွားတစ်ချောင်းလည်း ကျိုး၍လာသည်ကို နိုဗိကောက် တွေ့ရသည်။

နီကိုလေက နိုဗိကောက်အား သူ့အနှိပ်စက်ခံရပုံများကို အကျယ်တဝင့် ပြန်ပြောပြီးလျှင် ''ဒူရာက်က ပြောတာတွေကို တစ်ခုမှမယုံဘူး။ သူ့ကြည့်ရတာ အကုန်သိနေပုံရတယ်''ဟု ပြောသည်။

ဒူရောက်က သူ့ကို အဘယ်ကြောင့် မဖမ်းဘဲထားသည်ကို နိုဗိကောက် စဉ်းစား၍မရ။ ဒူရောက်သည် အချိန်မကျသေး၍သာ သူ့ကို မဖမ်းသေးဘဲနှင့် ထားသည်ဟု နိုဗိကောက် သဘောရသည်။

ထိုကဲ့သို့ ကြောက်လန့်၍ တံခါးခေါက်သံကြားတိုင်း ကြက်သီးထ၍နေရသောအချိန်တွင် နိုဗိကောက်အား မော်စကိုမြို့ရာဇဝင်ဆရာများ အစည်းအဝေး ဖိတ်စာပို့လိုက်သည်။ ထိုသို့ ဖိတ်စာပို့လိုက်ခြင်းမှာ မော်စကိုမြို့သို့ရောက်မှ သူ့ကိုဖမ်းရန်အတွက် ဒူရောက်ဆင်ထားသော ထောင်ချောက်ဖြစ်မည်ဟု နိုဗိကောက်ထင်သည်။ သို့ရာတွင် မော်စကိုမြို့တွင် ရာဇဝင်ဆရာများအစည်းအဝေးမှာ အကယ်ရှိနေကြောင်းကို သိရသဖြင့် နိုဗိကောက်မှာ တက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မော်စကိုမြို့သို့သွားခါနီးတွင် နီဗိကောက်က အကယ်၍ သူ့တွင် တစ်စုံတစ်ခုဖြစ်လျှင် လီဒါကို ကြည့်ရှုစောင့်ရှောက်လိုက်ပါဟု နီကိုလေကိုမှာခဲ့သည်။

ဘူတာရုံသို့ ရောက်သောအခါ လူဆိုးတစ်ယောက်က နီဗိကောက်ကို မီးရထားဘီးအောက်သို့ ရောက်သွားစေရန် ရည်ရွယ်ချက်ဖြင့် ရန်မူသည်။ ကံကောင်း ထောက်မ၍ ရန်မူသူ၏အကြံမှာ မအောင်မြင်။ နီဗိကောက်စိတ်ထဲက ဒါတော့ ဒုရောက် စနက်ပဲဟု အောက်မေ့ကာ သတိဝီရိယနှင့်နေသည်။

* * *

## အခန်း(၁၉)

မော်စကိုမြို့သို့ရောက်လျှင် နီဗိကောက်သည် လောကဓာတ်ပညာအဖွဲ့သို့ သွားသည်။ ထိုအဖွဲ့အရာရှိတစ်ဦးက သွားလာခွင့်လက်မှတ်များ ပေါင်မုန့်နှင့်တကွ အခြားအစားအသောက်ရဖို့ လက်မှတ်များကို နီဗိကောက်သို့ပေး၍ "ပါမောက္ခ နီဗိကောက် သင်ဟာ ကရင်မလင်နန်းတော်ကြီးကိုသွားပြီး ရဲဘော်မာလင်ကောက်နဲ့ တွေ့ရပါလိမ့်မယ်။ ရဲဘော် နီဗိကောက် သင်ဟာ အတော်ကို ကံကောင်းပါတယ်" ဟုပြောကာ ကရင်မလင်နန်းတော်ကြီးသို့ ဝင်ခွင့်ရရန် လက်မှတ်ယူရမည့်နေရာကို ညွှန်ပြလိုက်သည်။

သူလက်မှတ်ယူရမည့်နေရာမှာ သူလျှို့ဌာနရုံးဖြစ်သည်ကိုသိသောအခါ နီဗိကောက်သည် အများကြီး လန့်၍သွားသည်။

နီဗိကောက်စိတ်ထဲက သူ့ကို မော်စကိုမြို့ခေါ်ပြီး မလိမ့်တပတ်နှင့် ဖမ်းလိမ့် မည်ဟုထင်ကာ တထိတ်ထိတ်ဖြစ်၍နေသည်။ သို့ရာတွင် သူလျှို့ဌာနရုံးသို့ ရောက်သွား သောအခါ ထိုရုံးမှ လိုအပ်သောလက်မှတ်များကို ထုတ်ပေးပြီးလျှင် ကရင်မလင်နန်း တော်ကြီးထဲသို့ ဘယ်လိုဝင်ရမည်ဆိုသော အကျယ်ညွှန်ကြားချက်များကို ပေးလိုက် သဖြင့် အကြောက်ပြေသွားသည်။ သူလျှို့ရုံးမှ နီဗိကောက်အား လက်နက်များကိုင် ဆောင်မသွားရန် အထူးသဖြင့် မှာလိုက်သည်။

ကရင်မလင်နန်းတော်ထဲတွင် မာလင်ကောက်နှင့် တွေ့ရမည်ဆိုသဖြင့် အဓိပ္ပာယ်မည်သို့ဟု နီဗိကောက်နားမလည်။ အကယ်ဆိုတော့ မာလင်ကောက်၏နာမည် ကို သူ ကြားဖူးမကြားဖူး။

မာလင်ကောက်နှင့် သူ တွေ့ရမည့်အချိန်မှာ ည ၁၂ နာရီဖြစ်သည်။ ကရင် မလင်နန်းတော်၏ အလုပ်လုပ်ချိန်မှာ ထူးဆန်းသည်ကို နီဗိကောက် သိနှင့်ပြီးဖြစ်သဖြင့် အချိန်မတော်ချိန်းသည်ကို မအံ့သြတော့။

နန်းတော်အဝင်သို့ ရောက်သောအခါ သူ့လက်မှတ်များကို အစောင့်စစ်သား များက သေချာစွာ စစ်ဆေးသည်။ ပြီးမှ ဝင်ခွင့်ပြုသည်။ အထဲသို့ဝင်မိသောအခါ



တွင်လည်း သုံးလေးဆင့်ဆက်၍ စစ်ပြန်သည်။ နောက်ဆုံးတွင် နီဗိကောက်သည် မာလင် ကောက်ဆီသို့ ရောက်သွားသည်။ မာလင်ကောက်မှာ အသက်ငယ်ငယ်ပင်ရှိသေးသည်။

"ထိုင်ပါ ပါမောက္ခ။ ငါဟာ ရဲဘော်စတာလင်ရဲ့ အတွင်းခံမာလင်ကောက် ပါ။ လမ်းခရီးမှာ [illegible] လင်ကောက်က ပြောသည်။

မာလ[illegible] သေးသဖြင့် သူ့ထက်ပင် ငယ်သေးသည်က [illegible] မာလင်ကောက်၏ အမှုအရာမှာ အင်မတန်ဝါရင့် [illegible] အရာမျိုးဖြစ်သည်။

"[illegible] နဲ့ ဘာကြောင့် သူဟာ စတာလင်ရဲ့ လက်ရုံးကြီးတစ်ခုဖြစ်နေရသလဲ။ သူက ဒါ့ထက် ဘာအရည်အချင်းများသာလို့လဲ" ဟု နီဗိကောက် စိတ်ထဲကတွေးမိသည်။

"သင့်ကို ငါ ခေါ်တာက ရဲဘော်စတာလင်က အခေါ်ခိုင်းလို့ခေါ်တာပါ။ ရဲဘော်စတာလင်က သင့်ကို သူကိုယ်တိုင်တွေ့ချင်ပါတယ်။ ဒါပေမယ့် အလုပ်များနေလို့ ငါ့ကိုပဲ အတွေ့ခိုင်းပါတယ်။ ရဲဘော်စတာလင်က သင်ရေးတဲ့ ရုရှားမိုင်းကိုလည်း အင်မတန် သဘောကျတယ်လို့ ပြောပါတယ်။ ပြီးတော့ တခြားသမိုင်းဆရာတွေဟာ သင့်စံကိုယူကြဖို့ သင့်တယ်လို့လည်းပြောပါတယ်။ ငါက ရဲဘော်စတာလင်ရဲ့ကိုယ်စား သင့်ကို အများကြီး ကျေးဇူးတင်ပါတယ် ပါမောက္ခနီဗိကောက်" ဟု မာလင်ကောက်က ပြောသည်။

"ငါ့အပေါ်မှာ အခုလိုယုံကြည်ခြင်းရှိတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု နီဗိကောက်က စစ်ဟန်ပါပါနှင့် မတ်တတ်ထပြီးပြောသည်။ ပြီးလျှင် သူ့ကို မော်စကိုမြို့သို့ ခေါ်ခြင်းမှာ ဖမ်းဖို့မဟုတ်ဘဲ ချီးမွမ်းဖို့ခေါ်ခြင်းဖြစ်ကြောင်းကို သိရသဖြင့် နီဗိကောက်မှာ အတိုင်းမရှိဝမ်းသာသွားသည်။

"မနက်ဖြန်ခါ အစည်းအဝေးကျတော့ ရဲဘော်စတာလင်က သင့်ကို ဘယ် လောက်အထင်ကြီးတယ်ဆိုတာ သင်ကိုယ်တိုင် တွေ့ရပါလိမ့်မယ်။ ရဲဘော်စတာလင်က အခြား သမိုင်းဆရာများအား သင့်ကို စံတင်ကြဆိုပြီး လက်ညှိုးထိုးပြပါလိမ့်မယ်" ဟု မာလင်ကောက်က ပြောသည်။

ပြီးလျှင် မာလင်ကောက်က နီဗိကောက်အား အထိုင်ခိုင်းပြီးနောက် ဂိုရင်၏ ပြဇာတ်အကြောင်းနှင့် ပတ်သက်၍ "ပြဇာတ်ကိစ္စနဲ့စပ်လို့လဲ သင်၏အလုပ်ကို အစိုးရက အများကြီးချီးမွမ်းပါတယ်" ဟု ပြောသည်။

နီဗိကောက်က စကားပြန်မပြောဘဲ သဘောကျကြောင်းကို ခေါင်းညိတ် ပြသည်။ ပြဇာတ်ကိစ္စနဲ့ ပတ်သက်၍ နီဗိကောက်က မပြောလိုသည့်အဖြစ်ကိုလည်း မာလင်ကောက်ကသိသည်။

ပြီးလျှင် မာလင်ကောက်က "ကိစ္စတော့ ဒါပါပဲ။ ဒါပေမယ့် ခဏနေပါဦး။ ချီးမွမ်းတယ်ဆိုတာဟာ စကားနဲ့သာ မချီးမွမ်းဘဲနှင့် အလုပ်နဲ့ချီးမွမ်းပြတာက

www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်းပါတယ်။ ဟောဒီမှာ သင့်ကို အစိုးရကပေးတဲ့ဆုငွေ။ ဒီအကြောင်းကို ဘယ်သူမှ တော့မသိစေနဲ့။ သင် သဘောရှိသုံးစွဲပြီး မော်စကိုမြို့မှာ ပျော်ပျော်ကြီးနေသွားပါ။ သင့်ဘက်က တာဝန်ပြီးနေပါပြီ''ဟုပြော၍ အထုပ်တစ်ခုကို ပေးလိုက်သည်။

နိုဗိကောက်သည် အကြီးအကျယ် ဝမ်းသာသွားသည်။ အထုပ်ထဲတွင် ငွေပါမည့် အကြောင်းကို သူ သိသည်။ သို့ရာတွင် သူဝမ်းသာခြင်းမှာ ဆုငွေရ၍မဟုတ်။ ကြောက်နေသော ဝန်ထုပ်ကြီးကျသွားသောကြောင့်ပင်ဖြစ်သည်။ ယခုအခါ နိုဗိကောက်မှာ လူဖျန်ကာထောင်ကြီးကိုလည်း ကြောက်ဖို့မလိုတော့။ သူလျှိုရုံးကြီးပေါ်ခေါ်၍ အနှိပ်စက်ခံရမှာကိုလည်း ကြောက်ဖို့မလိုတော့။ သူ့အလောင်းကို မော်စကိုမြစ်ထဲသို့ [illegible]ချခံရမှာကိုလည်း ကြောက်ဖို့မလိုတော့။

သူ့[illegible]သို့ပြန်ရောက်၍ [illegible]ကို ဖြည်ကြည့်လိုက်သောအခါ ငွေ [illegible]သင့်ကာ ဝမ်းသာ၍သွားသည်။

ပြီးလျှင် [illegible] ကြောက်စရာကြီးတွေ'' [illegible]အော်လိုက်သည်

[illegible]ဝက်နာ၏မျက်လုံးများကဲ့သို့ [illegible] ကြောက်စရာကောင်း[illegible] နိုဗိကောက် သတိရသည်။ မာလင် [illegible] အင်မတန် ရက်စက်သော [illegible] နိုဗိကောက် [illegible]မိသည်။

''သူ့မျက်လုံးများမှာ အင်မတန် ထူးဆန်းသည်။ သူ့များမျက်လုံးများနှင့်မတူ၊ ယဉ်ရှယ်စဉ်ကစ၍ လူအများ၏အသက်ကို သတ်ချင်သလိုသတ်လာခဲ့သော သူတစ်ယောက်၏ မျက်လုံးများမှာ အဘယ်မှာလျှင် သူများမျက်လုံးများနှင့် တူနိုင်ပါအံ့နည်း''ဟုလည်း နိုဗိကောက် အောက်မေ့မိသည်။

※ ※ ※

## အခန်း(၂၀)

သမိုင်းဆရာတို့၏ အစည်းအဝေးသို့ စတာလင် ကိုယ်တိုင်လာသည်။ သူ့ဘယ်ဘက်က ဗိုရိုရှီလောက်ထိုင်၍ သူ့ညာဘက်က ပညာကျော်အဖွဲ့ ဥက္ကဋ္ဌ ကိုမာရောက် ထိုင်သည်။ ကိုမာရောက်ဘေးမှ မိုလိုတောက်က ထိုင်သည်။ ထို့ပြင် ကြိုးကိုင်အဖွဲ့ဝင် အခြားပုဂ္ဂိုလ်များနှင့် ပညာကျော်အဖွဲ့ဝင်များလည်း အစည်းအဝေးတက်ကြသည်။

စတာလင်က ''ရဲဘော်တို့ သင်တို့ဟာ သမိုင်းပညာများ၏ နောင်ရေးအတွက် လမ်းစဉ်ရေးဆွဲရန် ဤအစည်းအဝေးကို ရောက်လာကြပါသည်။ သင်တို့အား သမိုင်းပညာ များအတွက် ဘယ်လမ်းစဉ်ကို ချမှတ်ရမည်ဟု ငါက အတိအကျမပြောလိုပါ။ ပြောလျှင် သင်တို့စားမည့်အစာကို ငါက လုစားသလို



ဖြစ်နေပါလိမ့်မည်။ (ပရိသတ်က မျက်နှာချိုသွေးသောသဘောဖြင့် ပြုံးကြသည်) အတိတ်က အဖြစ်အပျက်များကို ကောင်းစွာနားလည်ပါလျှင် ငါတို့ ဘော်ရှီဗစ်များသည် ယခုမျက်မှောက်နိုင်ငံရေးကို နားလည်နိုင်ကြမည် မဟုတ်ရုံသာမက နောင်တွေ့ရမည့် အခက်အခဲများကိုလည်း ဖြေဖျက်နိုင်ကြလိမ့်မည် မဟုတ်ပါ။ ငါတို့အထဲတွင် ယခင်က အဖြစ်အပျက်များကို အဓိပ္ပာယ်မှန်အောင် ကောက်တတ် သူများလည်းရှိပါသည်။ ထို့ပြင် မနေရှင်ပညာရှိများ ပေးထားခဲ့သည့်အမွေကို စားမြုံ့ပြန်နေကြသူလည်း အမြောက်အမြားပင် ရှိနေသေးသည်။ ထိုသူတို့သည် ယခုတိုင်အောင်ပင် ခေတ်မမီသော မနေရှင်ဆေးမြီးတိုစာများကို ရွတ်၍နေကြပါသေးသည်။ (ရယ်သံများ) ယေဘုယျအားဖြင့် ထိုသူမျိုးများဟာ ပထမဆုံး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တတ်ပါတယ်။ ထိုသူမျိုးများဟာ တစ်နေရာမှာ ပိုးဟပ်လျှောက်သွား၍ ချွတ်ချွတ်သံကြားတာနဲ့ တစ်ပြိုင်နက် ဘော်ရှီဗစ်အစိုးရပျက်ပြီဆိုပြီး အော်တတ်ပါတယ်။ ပြီးတော့ ထိုသူမျိုးများဟာ ရန်သူက တိုတ်တိုတ်ပုန်း ညာသံပေးလိုက်တာနဲ့ တစ်ပြိုင်နက် ကွန်မြူနစ်ပါတီက သုတ်သင် ပစ်လိုက်တဲ့သူများအတွက် ရှိုက်ကြီးတငင် မျက်ရည်ချောင်းစီးထပြီး ငိုတတ်ကြပါတယ်။ အဲဒီလို သမိုင်းဆရာများအကြောင်းကို အချိန်ကုန်ခံပြီး ပြောနေရတာဟာ ဝမ်းနည်းစရာ ကောင်းပါတယ်။ အခု ငါပြောချင်တာကတော့ ရဲရဲဝံ့ဝံ့နဲ့ နည်းသစ်လမ်းသစ်ရှာပြီး ရာဇဝင်သမိုင်းနယ်ကို ခေါင်းဆောင်မှုပေးနိုင်တဲ့ လောကဓာတ် ဉာဏ်မီသမိုင်းဆရာများ အကြောင်း ဖြစ်ပါတယ်''

သမိုင်းဆရာများသည် လည်ပင်းကို ဆန့်၍နားထောင်နေကြသည်။

ပြီးလျှင် စတာလင်က ဆက်၍ ''ငါတို့ ဘော်ရှီဗစ်တွေဟာ အမှန်တရားကို ကြည့်တဲ့အခါမှာ မျက်မှန်အဆန်းတပ်တပ်ပြီး ကြည့်တယ်လို့ စွပ်စွဲကြတယ်။ တကယ်ဆိုတော့ ငါတို့ကြည့်တာနဲ့ မျက်မှန်နဲ့မဆိုင်ပါဘူး။ ငါတို့ရဲ့ အမှန်တရားကိုက တစ်မျိုးမို့ပါ။ အနောက်နိုင်ငံက ငါတို့ရဲ့ ရန်သူတွေဟာ ငါတို့ရဲ့ အမှန်တရားကို နားမလည်ကြဘူး။ ဟုတ်တဲ့အတိုင်းပြောရမယ်ဆိုရင်တော့ ငါတို့ရဲ့ အမှန်တရားဟာ သူတို့အတွက်ရေးထားတာမဟုတ်ပါဘူး။ ငါတို့ရဲ့ အမှန်တရားကို ဖန်တီးပေးတဲ့သူမျိုးကိုလည်း သူတို့မသိကြပါဘူး။ နောက်လည်းသိကြမှာ မဟုတ်ဘူး။ ငါတို့ အမှန်တရားကို ပြုစုပျိုးထောင်လာတဲ့သူများဟာ ရှာမှရှားတဲ့ဘော်ရှီဗစ်များဖြစ်တယ်။ အဲဒီလို လောကဓာတ်ဉာဏ်မီသမိုင်းဆရာ ဘော်ရှီဗစ်တစ်ယောက်ကို ငါက ဥပမာပြရမယ်ဆိုရင် ဟောဒီက ရောက်စတောက် ပါမောက္ခနိုဗိကောက်ကိုပဲကြည့်ပါ။ ဟောဒီ ပါမောက္ခလေး နိုဗိကောက်ဟာ ငါတို့ရဲ့ အမှန်တရားကို နည်းနည်းမျှကြောက်လန့်ခြင်း မရှိပါဘူး။ ပြီးတော့ ရှေးအစဉ်အလာဖြစ်တဲ့ သမိုင်းအယူအဆတွေကိုလည်း ဖျက်ဆီးပစ်လိုက်ပါတယ်။ ဒါကြောင့် ငါက အဲဒီ နိုဗိကောက်လို အသစ်တီထွင်သူ လောကဓာတ်ပညာရှင်များကို ဂုဏ်ပြုသောအားဖြင့် ငါ့သေခွက်ကို မြှောက်လိုက်ပါတယ်''ဟု ပြော၍ သေခွက်ကိုမြှောက်၍ သောက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပရိသတ်အားလုံးက မတ်တတ်ရပ်၍ သူတို့သေခွက်များကို ကိုယ်စီကိုယ်ငှ မြှောက်၍သောက်ကြသည်။

အစေခံတစ်ယောက်က နိုဗိကောက်ဆီသို့သွား၍ "ရဲဘော်စတာလင်က သူ့နားမှာ လာထိုင်လှည့်ပါလို့ သင့်ကို ခေါ်ပါတယ်"ဟု ပြောသည်။

နိုဗိကောက် သူ့အနားသို့ ရောက်လာသောအခါ စတာလင်က အင်္ကျီလက်ကိုဆွဲ၍ "ထိုင်ပါ ပါမောက္ခနိုဗိကောက်"ဟု ပြောသည်။

ပညာကျော်အဖွဲ့ ဥက္ကဋ္ဌ "ကိုမာရောက်က အားလုံးက သင့်ကို မြင်နိုင်အောင် ဒီမှာထိုင်ပါ"ဟု ပြောပြီးလျှင် နိုဗိကောက်၏ လက်မောင်းကို ညှစ်လိုက်သည်။ ပရိသတ်က ဝိုင်း၍ဆူညံစွာ သြဘာပေးသည်။ နိုဗိကောက်ကို ဗိုရိုရှီလောက်ကလည်း နှုတ်ဆက်သည်။ ထို့နောက် မိုလိုတောက်က "သင်နဲ့ငါဟာ ရောက်စတောက်မြို့သားတွေပဲ"ဟု ပြောကာ နှုတ်ဆက်သည်။

စတာလင်က နိုဗိကောက်၏ ဖန်ခွက်ထဲသို့ သေရည်ကိုငှဲ့ထည့်ပေးပြီးလျှင် "သင် လိုချင်တာရှိရင် ဘာပဲဖြစ်ဖြစ် ငါတို့ကိုပြောပါ။ အားမနာပါနဲ့။ ငါတို့ပေးပါ့မယ်"ဟု ပြောသည်။

အစည်းအဝေးအစအဆုံးထိ စတာလင်က ဂိုရင့်အကြောင်းကို တစ်ခွန်းမျှ ထည့်၍ မပြောသည်ကို နိုဗိကောက် သတိပြုလိုက်မိသည်။

နိုဗိကောက်သည် သူ့နှမအော်လဂါနှင့် မိန်းမဖော်တစ်ယောက်ကိုခေါ်၍ ဂိုရင်၏ (ကြောက်စရာအိမ်နဘုရင်ပြဇာတ်)ကို သွား၍ကြည့်သောအခါ ပရိသတ်အချို့က "တကယ်ဆိုတော့ ဂိုရင်ဟာ ခေါင်းမပါပါဘူး"ဟု ပြောသည်ကို ကြားရသည်။

ဒရို့နှင့်တွေ့၍ မော်စကိုမြို့တွင် သူသည် ပွဲများကိုလျှောက်ကြည့်နေကြောင်း ပြောသောအခါ ဒရို့က ပွဲထက်ကောင်းတာ သူ ပြပါမည်ဟု ပြောသည်။

ဒရို့၏အိမ်မှာ မော်စကိုမြို့၏စံချိန်နှင့် ချိန်ဆသည့်တိုင်အောင်ပင် ထူး၍ စံချိန်မြင့်သော အိမ်ဖြစ်သည်ကို နိုဗိကောက် တွေ့ရသည်။ ဒရို့အိမ်သို့ နိုဗိကောက် ရောက်ပြီး ခဏကြာသောအခါ မိန်းမချောကလေးနှစ်ယောက် ပေါက်လာသည်။

"ဒါဟာ ဖော်လယ်ဗ္ဗိုင်ဇာတ်ရုံက ကချေသည်တာနီယာနဲ့ ဗလေးရီပေါ့"ဟု ပြောကာ ဒရို့က နိုဗိကောက်နှင့် မိတ်ဆက်ပေးသည်။ ပြီးလျှင် ဒရို့က "ဒါ ငါ့မိတ်ဆွေ နိုဗိကောက်ပါ။ သူ့ကိုလည်း ငါ့လိုပဲ ဖော်ဖော်ရွေရွေဆက်ဆံကြပါ"ဟု ကချေသည် နှစ်ယောက်ကို ပြောသည်။

ဗလေးရီက နိုဗိကောက်ကို တကြည့်တည်း ကြည့်နေသည်ကို မြင်သဖြင့် ဒရို့က "သင်က ဗလေးရီကို နှူးပေတော့။ ကိုယ်လုံးကိုယ်ထည်ကလည်းချော ခြေတံကလေးတွေ ကလည်းသွယ် အားကြီးနိပ်တာပဲ"ဟု နိုဗိကောက်ကို တိုးတိုးပြောသည်။

"ငါ့မှာ မိန်းမရှိတာ သင် သိတယ်မဟုတ်လား"ဟု နိုဗိကောက်က ပြောသည်။



"မိန်းမရှိတော့ ဘာဖြစ်သလဲ။ ငါ့လည်း မိန်းမရှိတာပဲ"ဟု ဒရို့က ပြောသည်။

"သင့်မိန်းမက ဘယ်မှာလဲ"

"အခု ငါ့မိန်းမက ငါနဲ့မနေတော့ဘူး။ စကားရှည်မနေပါနဲ့။ လာပါ ကောင်မလေးတွေဆီ သွားရအောင်ပါ"ဟု ပြော၍ ဒရို့သည် သေရည်တစ်ပုလင်းကို ယူ၍ အခန်းထဲသို့ ဝင်သွားသည်။ ပြီးလျှင် "ညစာမစားခင် တို့ တစ်ပုလင်းကုန်အောင် သောက်ကြမယ်"ဟု ပြောသည်။

ဟိုတယ်ဆိုင်တစ်ဆိုင်သို့ ရောက်သောအခါ ဒရို့က စားပွဲထိုးတစ်ယောက်ကို ဗော့ဒကာသေရည်တစ်ပုလင်းပေးဖို့ ပြောသည်။ ဟိုတယ်တွင်းတွင် တီးသံမှုတ်သံများ နားကွဲမတတ် ဆူညံလျက်ရှိပြီးလျှင် နှစ်ယောက်တစ်တွဲ နှစ်ယောက်တစ်တွဲလည်း ကလျက် ရှိကြသည်။

ကနေသူများကိုကြည့်၍ နိုဗိကောက်က "နိုင်ငံခြားသားတွေ မဟုတ်လား"ဟု မေးသည်။ "တချို့က နိုင်ငံခြားသားတွေ၊ တချို့ကတော့ ငါတို့ လူမျိုးတွေ၊ အဲဒီအထဲမှာ တချို့က သင့်လိုပဲ ပျော်လို့လာကြတာ။ တချို့ ဟောဟိုနားက လူလိုဟာကတော့ စိတ်ညစ်လို့လာတာ"ဟု ပြော၍ ဒရို့က အရွယ်ကြီးကြီးသူတစ်ယောက် တစ်ခွက်ပြီးတစ်ခွက် သေရည်ဆက်၍သောက်နေသည်ကို မေးငေါ့၍ပြသည်။

ပြီးလျှင် ဒရို့သည် နိုဗိကောက်အနားသို့ကပ်၍ "အဲဒီလူဟာ စက်ရုံကြီးတစ်ခုက အင်ဂျင်နီယာချုပ်ကြီးပေါ့။ သူဟာ နိုင်ငံခြားကို ရောက်ဖူးတယ်။ သူ့ကို မကြာခင် သေနတ်နှင့်ပစ်သတ်လိမ့်မယ်။ သနားစရာတော့ သနားစရာပဲ။ ဟောဟိုဘက်က စာရေးနေတဲ့လူကတော့ သေနတ်နဲ့ပစ်သတ်ထိုက်တဲ့ လူပဲ။ ဒါပေမယ့် သူ့ကိုတော့ ပစ်သတ်မှာမဟုတ်ဘူး"ဟု ပြောသည်။

"အဲဒီလူက ဘယ်သူလဲ"

"ပရဗ္ဗဒါ သတင်းထောက်လေ။ နက်ဖြန်ခါ သတင်းစာထဲထည့်ဖို့ ရေးနေတာ"

နိုဗိကောက်သည် သဘောပေါက်၍သွားသဖြင့် ထပ်၍မမေးတော့။

ထိုအခိုက်တွင် ကချေသည်မနှစ်ယောက်က "ဘယ့်နှယ်လည်း ငါတို့ကို မေ့နေကြပြီလား"ဟု မေးလိုက်သည်။

ပြီးလျှင် တစ်ယောက်တွက် တစ်ရာတန်ညစာကို မှာ၍စားကြသည်။ အားလုံးအတွက် ကျသင့်ငွေကို နိုဗိကောက်က ထော်သူပမာ ထုတ်၍ပေးသည်။ နိုဗိကောက်၏ ငွေစက္ကူထုပ်ကြီးကိုမြင်သောအခါ ဗလေးရီမှာ တပြုံးပြုံးဖြစ်၍နေသည်။

ဒရို့က နိုဗိကောက်၏မျက်နှာထားကို အကဲခတ်မိသဖြင့် "ဗလေးရီနဲ့ သင် အိပ်ချင်ရင်တော့ အိပ်နိုင်တယ်။ ဒါပေမယ့် ကြေးကတော့ မနည်းဘူးနော်"ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗိကောက်က ဘယ်လောက်ပေးရမှာလဲဟု မေးမည်ကြံနေခိုက်တွင် လူရွယ်တစ်ယောက် မိန်းမလှလှကလေးတစ်ယောက်နှင့် ဝင်လာသဖြင့် ဟိုတယ်တစ်ခုလုံး ငြိမ်၍သွားသဖြင့် နိဗ္ဗိကောက်မှာ မေးခွင့်မရလိုက်။ ထိုလူရွယ်၏နောက် မလှမ်းမကမ်းမှ ဗလကောင်းကောင်းနှင့် လူနှစ်ယောက်ပါလာသည်။ ပြီးလျှင် သူတို့လေးယောက်သည် အတွင်းခန်းထဲသို့ ဝင်သွားကြသည်။ ဟိုတယ်ခန်းတစ်ခုလုံး ပွစိပွစိဖြစ်၍နေသည်။

"ဒါ ဘယ်သူလဲ ဒရို"

"ဒါ စတာလင်ရဲ့သား ယယှ"

"အဲဒီမိန်းကလေးက ဗလပ်ဆိုဗာဆိုတာပေါ့။ ငါ သိပါတယ်။ ဘာမှ အသုံးကျတာ မဟုတ်ပါဘူး"ဟု ဗလေးရီက ပြောသည်။

"ကိုင်း နိဗ္ဗိကောက် သောက်လိုက်ဦး။ သင့်အဖို့ နောက်ဆုံးဖြစ်တဲ့ ဒုတိယပိုင်း ဆက်ရန်ကျန်သေးတယ်"ဟု ဒရိုက ပြောသည်။

"ဒုတိယပိုင်းဆိုတာက ဘာလဲ"

"မသိချင်ယောင်ဆောင်မနေပါနဲ့။ သင့်ဟာသင် သိပါတယ် နိဗ္ဗိကောက်ရယ်"

ထိုအခိုက်တွင် "နှစ်သစ်ကူးပြီ၊ နှစ်သစ်ကူးပြီ" ဆိုသောအသံများ ဆူညံစွာထွက်ပေါ်လာပြီးလျှင် ဟိုတယ်ထဲရှိသူအားလုံး သေရည်ခွက်ချင်း ဆပ်၍သောက်ကြသည်။

နိဗ္ဗိကောက်မှာ သေရည်အတော်မူး၍နေပြီဖြစ်သဖြင့် ဒရိုနှင့်သေခွက်ချင်း မဆပ်ဘဲ ဗလေးရီဘက်သို့ လှည့်၍သွားသည်။

နိဗ္ဗိကောက်သည် တာနိယနှင့် ဒရိုကို ထားခဲ့ပြီးလျှင် ဗလေးရီကို သူ့ဟိုတယ်ခန်းသို့ခေါ်၍သွားသည်။ အခန်းထဲသို့ရောက်သောအခါ လီဒါ၏ လက်ရေးနှင့် စာတစ်စောင် ရောက်နေသည်ကို တွေ့ရသည်။ ထိုစာကို မနက်ကျမှပဲ ဖတ်မည်ဟု သူ့စိတ်ထဲက အောက်မေ့သော်လည်း နိဗ္ဗိကောက်သည် လီဒါကို သတိရသွားသဖြင့် ခပ်စောစောကကဲ့သို့ ပျော်ရွှင်ခြင်းမရှိတော့။

ဗလေးရီသည် ဆိုဖာပေါ်တွင် နိဗ္ဗိကောက်နှင့်ကပ်၍ထိုင်ပြီးနောက် ဒူးများကို ဖော်ပြီးလျှင် "ဘယ်လိုကြိုက်သလဲ။ မီးထွန်းထားမလား၊ ငြိမ်းလိုက်ရမလား"ဟု မေးသည်။

နံနက်လင်းသောအခါ ဗလေးရီမနိုးခင် နိဗ္ဗိကောက်နိုးသဖြင့် သူ့ကိုငါ ဘယ်လောက်ပေးရပါ့မလဲဟု စဉ်းစားနေသည်။ ပြီးလျှင် လီဒါ့စာကို သတိရသဖြင့်ဖတ်ကြည့်သည်။ လီဒါက "ငါ သိပ်လွမ်းတာပဲ။ သင်မရှိရင် ငါ မနေတတ်ဘူး။ အမြန်ဆုံးပြန်ခဲ့ပါ။ သတင်းကောင်းတစ်ခု ပြောစရာရှိတယ်။ သင်လာမှ ပြောပြမယ်"ဟု ရေးလိုက်သည်။

သတင်းကောင်းတစ်ခုဆိုသည်မှာ ကလေးရတော့မည်ဟု ပြောခြင်းဖြစ်သည်ဟု နိဗ္ဗိကောက် အဓိပ္ပာယ်ကောက်ပြီး ပျော်၍နေသည်။ လီဒါကို ပြန်၍သတိရသည့်အချိန်ကစ၍ နိဗ္ဗိကောက်သည် ဗလေးရီကို ရွံ၍သွားသည်။



နိဗ္ဗိကောက်က ဗလေးရီကို အတင်းဆွဲ၍နှိုးပြီးလျှင် "သင်ကို ဘယ်လောက် ငါ ပေးရမလဲ"ဟု မေးသည်။

ဗလေးရီက နိဗ္ဗိကောက်၏ ငွေစက္ကူထုပ်ကြီးကို သတိရသဖြင့် "တစ်ထောင်" ဟု ပြောလိုက်သည်။

နိဗ္ဗိကောက်က ငွေစက္ကူများကို တစ်ဆုပ်ကြီးနှိုက်ပြီးလျှင် "ရော့ ဒါ တစ်ထောင်ကမှာ မဟုတ်ဘူး"ဟု ပြော၍ပေးပြီးလျှင် ဗလေးရီကို မြန်မြန်နှင်၍ လွှတ်လိုက်သည်။

❋ ❋ ❋

## အခန်း(၂၁)

မော်စကိုမြို့မှ ရောက်စတောက်မြို့သို့ နိဗ္ဗိကောက်ပြန်ရောက်လာသောအခါ တက္ကသိုလ်မှ ကိုယ်စားလှယ်များ၊ အထက်တန်းပညာရေးဌာနမှ ကိုယ်စားလှယ်များနှင့် ပါတီအမှုဆောင်များက ဘူတာရုံသို့လာ၍ အကြီးအကျယ်ကြိုကြသည်။ မီးရထားစီးများက ဘာအတွက်ကျင်းပတဲ့ပွဲလဲဟု မေးသောအခါ ကြိုဆိုသူများက "စတာလင်ကိုယ်တိုင်ချီးမွမ်းလိုက်တဲ့ ပါမောက္ခနိဗ္ဗိကောက်ကို ကြိုကြတာလေ။ နိဗ္ဗိကောက်ဟာ ငါတို့ ရောက်စတောက်မြို့သားပေါ့"ဟု ကြိုဆိုသူတို့ကဖြေသည်။

နိဗ္ဗိကောက်မှာ လက်ဆွဲနှုတ်ဆက်ကြသူများ များလှသဖြင့် လက်မောင်းပင် အောင့်၍နေသည်။ လီဒါက နိဗ္ဗိကောက်၏လည်ပင်းကို ပြေး၍ဖက်လိုက်သောအခါ တက္ကသိုလ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးက တွန်း၍ဖယ်ရှားပစ်လိုက်သည်။

သူတို့နှစ်ယောက်တည်းရှိကြသောအခါ နိဗ္ဗိကောက်က လီဒါ၏နှုတ်ခမ်းကို အားပါတရစုပ်ပြီးလျှင် "သင်နဲ့ခွဲသွားရတာ ငါ သိပ်အောက်မေ့တာပဲ လီဒါရယ်၊ သင်ပြောမယ်ဆိုတဲ့ သတင်းကောင်းကို ငါ သိပါတယ်"ဟုပြောသည်။

"ဒါဖြင့် ပြောစမ်းပါ ဘာလဲ"

"ငါတို့ကလေးရတော့မယ် မဟုတ်လား လီဒါ"

"ဟုတ်တယ် ရတော့မယ်"

"မော်စကိုမြို့မှာတုန်းကလေ ငါဖြင့် သင့်ကို သတိရတာပဲ လီဒါရယ်"

"ငါလည်း သင်မရှိရင် နေလို့မရပါဘူး"

နိဗ္ဗိကောက်နှင့်လီဒါတို့မှာ အင်မတီအင်မတန် ပျော်ရွှင်လျက်ရှိကြသည်။

တစ်နေ့ညနေ လီဒါအလည်သွားနေခိုက်တွင် သူ့အမေ နာတာလီယသည် ရှုလျှားဖားလျားနှင့် ပေါက်လာပြီး "ဆီဒို့ရောက်ကို ဖမ်းသွားပြီ"ဟု နိဗ္ဗိကောက်အား ပြောသည်။

"ဘာအတွက်ဖမ်းတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"မပြောတတ်ဘူး။ လူလေးယောက် လာဖမ်းသွားတာပဲ။ ဘာမှလဲ ယူသွားခွင့်မရဘူး။ တစ်ယောက်ကတောင် ငါ့ကိုနှုတ်ဆက်ရကောင်းမလားဆိုပြီး ဆီဒိုရောက်ကို ရိုက်သေးတယ်။ ဘာလို့ ဖမ်းတယ်ဆိုတာ သင် သွားစုံစမ်းပြီး လွတ်အောင်လုပ်ပေးပါ။ သင်က အဆက်ကောင်းပါတယ်။ သင့်ကိုဆိုရင် လူတိုင်းသိပါတယ်။ စတာလင်ကတောင်မှပဲ သိပါတယ်။ မြန်မြန်လုပ်ပါ။ နောက်ကျသွားရင်ခက်လိမ့်မယ်"ဟု နာတာလီယကပြောသည်။

"ကောင်းပါပြီ နာတာလီယ။ ငါ တတ်နိုင်သမျှ ကြိုးစားပါမယ်။ သင် အိမ်ပြန်ပြီး စိတ်အေးအေးသာနေပါ"

နာတာလီယသည် ပြန်ရန်ထ၍ တံခါးပေါက်နားသို့ရောက်သောအခါ "လီဒါ မျက်နှာထောက်ပြီး လွတ်အောင်လုပ်ပေးပါနော်"ဟု ပြောသည်။

ဆီဒိုရောက်အဖမ်းခံရခြင်းမှာ အိုးလိတ်ကို သူသတ်သည့်အတွက်ဖြစ်သည်ဟု နိုဗီကောက် ထင်သည်။ နိုဗီကောက်မှာ ပြည်သူ့ရန်သူ၏သမီးကို ယူမိလျက်ဖြစ်နေပြီး ဤအဖြစ်ထက်ဆိုးသောအဖြစ် အဘယ်မှာရှိနိုင်တော့မည်နည်း။

ဗေရီးယားကိုသွားပြောလျှင်လည်း ဗေရီးယားက "ဘော်ရှီဗစ်တို့၏ဝတ္တရားဟာ ဘာဆိုတာကို သင် သိတယ်မဟုတ်လား"ဟု ပြန်ပြောလိုက်မည်သာ ဖြစ်သည်ကို နိုဗီကောက်သိသည်။

လီဒါပြန်လာသောအခါ နိုဗီကောက်က "လီဒါ စိတ်လည်း သိပ်ညစ်မသွားနဲ့။ သင့်အဖေကို ဖမ်းသွားပြီတဲ့။ အခုပဲ နာတာလီယ လာပြောသွားတယ်" ဟုပြောသည်။

"ဘာအတွက်ဖမ်းတာတဲ့လဲ"

"ငါလည်း မသိဘူး။ အဖမ်းခံရတယ်ဆိုတာပဲ ငါသိတယ်"

"အခု အမေ ဘယ်မှာလဲ"

"အိမ်ပြန်သွားတယ်"

"ဒါဖြင့် ငါတို့သွားမေးကြမယ်။ ပြည်နယ်ဆိုင်ရာ ပါတီအမှုဆောင်အဖွဲ့ကို သွားပြောမယ်။ ဗေရီးယားဆီကိုလည်း သွားပြောကြမယ်။ ယိုတ်ဗာကောက်ဆီကိုလည်း သွားပြောကြမယ်။ မြန်မြန်လုပ်မှဖြစ်မယ်။ သွားပြီးအဝတ်လဲပါ"ဟု လီဒါက ပြောသည်။

"လီဒါ သင်နဲ့ငါနဲ့ ကွာကြမှဖြစ်မယ်"ဟု နိုဗီကောက်က ချိချိနှင့်အခိုင်အမာ ပြောသည်။ ပြီးလျှင် "ယာယီပေါ့ နောက် ကိစ္စအေးသွားတော့ ပြန်ပေါင်းကြတာပေါ့"ဟု ဆက်၍ပြောသည်။

"သင် ဘာတွေ ပြောနေတာလဲ နိုဗီကောက်"

"ငါပြောတာရှင်းရှင်းလေးပဲ။ သင်နဲ့ငါ ကွာကြမှဖြစ်မယ်။ အတော်ပဲ သင်နဲ့ငါနဲ့ မင်္ဂလာဆောင်တာကို မှတ်ပုံမတင်ရသေးဘူး။ ဒီတော့ ကွာဖို့တောင်မလိုဘူး။ သင့်အမေဆီ သင်ပြန်သွားရင် ပြီးတာပဲ။ ရှင်းရှင်းကလေးပါ"ဟု နိုဗီကောက်က ပြောသည်။



"သင်က ငါ့ကို နှင်ချတယ်ဆိုပါတော့"

"ဒီလိုဘယ်ဟုတ်မလဲ။ သင်နားလည်ရမှာက သင်ဟာ အခုပြည်သူ့ရန်သူရဲ့ သမီး ဖြစ်သွားပြီဆိုတာပဲ လီဒါ"

"ငါ့အဖေဟာ ပြည်သူ့ရန်သူမဟုတ်ဘူးဆိုတာ သင် သိသားပဲ"

"သင်က တယ်နားဝေးတာကိုး။ သင်က ဘယ်လိုထင်တာ၊ ငါက ဘယ်လိုထင်တာဟာ အရေးကြီးတာမဟုတ်ဘူး လီဒါ။ အရေးကြီးတာက သူများတွေက ဘယ်လိုထင်တယ်ဆိုတာက အရေးကြီးတာ။ အခုဆိုရင် သင့်အဖေဟာ ပြည်သူ့ရန်သူဖြစ်သွားပြီ။ အဲဒီတော့ သင်နဲ့ငါနဲ့ ဆက်ပြီးအတူတူနေကြမယ်ဆိုရင် နှစ်ယောက်စလုံး ဘေးတွေ့ကြလိမ့်မယ်။ ငါ့အလုပ်ကိုလည်း ထိခိုက်မယ်။ နောက်ဆုံးကျတော့ သင့်ကိုပါ ထိခိုက်လိမ့်မယ် လီဒါ"

"သင် ငါ့ကို မချစ်တော့ဘူးပေါ့"

"မချစ်ဘဲနေပါ့မလား လီဒါ။ ချစ်တာပေါ့ အဲဒီလိုချစ်တဲ့အတွက်ကြောင့်ပဲ စိတ်ချမ်းသာမှုရကြဖို့ ငါတို့ ကွာကြရမယ်လို့ ပြောတာပါ။ မြန်နိုင်သမျှ မြန်မြန် ကွာလေကောင်းလေပဲ"

"ဒီလိုဆိုရင်ကောင်းပြီ။ ငါသွားမယ် ငါသွားမယ်။ ငါ့ပစ္စည်းတွေယူပြီး ငါ သွားမယ်။ အခုချက်ချင်းပဲသွားမယ်"ဟုပြောပြီးလျှင် လီဒါသည် အိပ်ခန်းဆီသို့ သွားသည်။

နိုဗီကောက်သည် လီဒါနောက်သို့လိုက်၍ ဘေးကဒူးထောက်ထိုင်ပြီးလျှင် လီဒါ၏လက်များကို ကိုင်၍နမ်းသည်။ ပြီးလျှင် "ယုံပါ လီဒါရယ်။ မကွာလို့ မဖြစ်လို့ပြောတာပါ။ ငါလည်း အများကြီး စိတ်မကောင်းပါဘူး။ ငါ့စိတ်ကို အများကြီး ထိခိုက်ပါတယ်။ ဒါပေမယ့် ဒီပြင်နည်းလမ်းမရှိဘူး။ ကွာမှပဲဖြစ်မယ်" ဟုပြောသည်။

"ငါ သိပါတယ်"ဟု ပြောပြီးလျှင် လီဒါသည် သူ့အဝတ်အစားများကို သေတ္တာထဲသို့ သုတ်သီးသုတ်ပျာထည့်သည်။

"လီဒါ သင့်ဆီကို ဘယ်သူမှမသိအောင် ငါ လာလာတွေ့ပါမယ်"

လီဒါက မျက်ရည်များဝိုင်းလျက် "ကျေးဇူးပါပဲ"ဟု ပြောသည်။ နိုဗီကောက်သည် အငှားမော်တော်ကားသမားကို ပိုက်ဆံပေး၍ လီဒါအား သူ့အိမ်သို့ လိုက်အပို့နိုင်းသည်။

"မပူပါနဲ့ လီဒါ။ ဒီကိစ္စဟာ အေးသွားမှာပါပဲ"ဟု ပြောပြီးလျှင် လီဒါကို နမ်းသည်။

လီဒါက ဘာမျှပြန်မပြော။ ဘာမျှလည်းမမြင်၊ နိုဗီကောက်နမ်းသည်ကိုလည်း မသိ။ ပြောသည်ကိုလည်း မကြား။

❋ ❋ ❋

www.burmeseclassic.com

www.burmeseclassic.com



## အပိုင်း-၆

### အခန်း (၁)

ဆီဒိုရောက် အဖမ်းခံရပြီးနောက်တစ်နေ့တွင် နီဗိုကောက်သည် စက်ရုံက အင်ဂျင်နီယာချုပ်နှင့်တွေ့သည်။ ဘယ်သတင်းစာကမျှ ဆီဒိုရောက် အဖမ်းခံရသည့် သတင်းကို မထည့်ကြ။ သို့ရာတွင် အရပ်ထဲတွင်မူကား ဆီဒိုရောက်အဖမ်းခံရခြင်းမှာ စက်ရုံ၏လုပ်ငန်းကို အတွင်းမှနေ၍ ဖျက်ဆီးနေခြင်းကြောင့်ဖြစ်သည်ဟု ကောလာဟလ ပြောကြသည်။ အချို့ အဆင်ခြင်မရှိကြသူများကမူ ဆီဒိုရောက်မှာ နိုင်ငံရပ်ခြားအရှယ်ကစ၍ အနောက်နိုင်ငံများက စေလွှတ်ထားသော သူလျှိုဖြစ်သည်ဟုပြောကြသည်။ အကြောင်းမှန်ကိုသိသောသူများကမူ နှုတ်ပိတ်၍နေကြသည်။

"ဆီဒိုရောက်က စက်ရုံအလုပ်ကို ဖျက်နေတယ်ဆိုတာဟာ မဟုတ်ပါဘူး။ ကုန်ရိုင်းများမရှိတာနဲ့ စက်ရုံက အလုပ်မလုပ်နိုင်တာ နှစ်လရှိပြီ။ ဒီပြင်အကြောင်းတွေလည်း ရှိသေးတယ်။ ဒါပေမယ့် အဓိကအကြောင်းကတော့ ကုန်ရိုင်းမရှိတာပါပဲ။ ဒီအတွက်ဖမ်းမယ်ဆိုရင် ငါ့ကိုလည်း ဖမ်းနိုင်တာပဲ။ အမှန်ကတော့ တစ်ယောက်ယောက်က ဆီဒိုရောက်ကို မုန်းနေတာနဲ့ စက်ရုံက ပစ္စည်းမထွက်ဘူးဆိုတာ အကြောင်းပြပြီးဖမ်းလိုက်တာပဲ"ဟု အင်ဂျင်နီယာချုပ်က နီဗိုကောက်ကို တိုးတိုးပြောပြသည်။

ဆီဒိုရောက် အဖမ်းခံရခြင်းမှာ ဒူးရောက်၏လက်ချက်ဖြစ်သည်ကို နီဗိုကောက် သိသည်။

ထိုနေ့ညနေတွင် တက္ကသိုလ်ကွန်မြူနစ်ပါတီအမှုဆောင်အဖွဲ့၏ အတွင်းရေးမှူးသည် နီဗိုကောက်ဆီကိုလာပြီး "သင့်ဇနီးရဲ့အဖေကို ပြည်သူ့ရန်သူတစ်ယောက်အဖြစ်နဲ့ ဖမ်းလိုက်တယ်လို့ ငါတို့ သတင်းရတယ်။ သင့်ဇနီးဟာ ကျောင်းသူတစ်ယောက်လည်း ဖြစ်တယ်။ ကွန်မြူနစ်ကျောင်းသားအသင်းဝင် တစ်ယောက်လည်းဖြစ်နေတယ်။ ပြည်သူ့ရန်သူရဲ့သားသမီးများကို ကျောင်းသားများက အစည်းအဝေးခေါ်ပြီး ထုတ်ပစ်ဖို့ထုံးစံရှိတယ်။ ဒါပေမယ့် ဒီကိစ္စကို ပြည်နယ်ဆိုင်ရာ ကွန်မြူနစ်ပါတီအမှုဆောင်အဖွဲ့က ချွင်းချက်အဖြစ်နဲ့ ငါတို့ကို ကြည့်လုပ်ဖို့လွှဲပေးလိုက်တယ်။ အဲဒီတော့ ဒီကိစ္စမှာ သင်ကလည်း ပေါ့ပေါ့မနေစေချင်ဘူး"ဟု နီဗိုကောက်ကိုပြောသည်။

"ဒါဟာ ဒူးရောက်ရဲ့ မထောင်ချောက်ပဲ"ဟု နီဗိုကောက် ထင်လိုက်သည်။

"ရဲဘော်အိလျှိန်ကို သင် မှားနေပြီ။ ဆီဒိုရောက်သမီးလီဒါဟာ ငါ့ဇနီး မဟုတ်ဘူး။ သူနဲ့ငါနဲ့ ဘယ်တုန်းကမှ လင်မယားမဖြစ်ခဲ့ဖူးဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်သူ့ဆီမှ ငါ လိုက်မပြောချင်ဘူး။ ဒီကိစ္စဟာ ငါနဲ့ လုံးလုံးဆိုင်တာမဟုတ်ဘူး"ဟု ကျောင်းအုပ်ကြီး နီဗိုကောက်က ပြောသည်။

"သင်တို့ဟာ ကွာရှင်းရတာမှ မဟုတ်သေးဘဲ ရဲဘော်ကျောင်းအုပ်ကြီးရဲ့ အခုအတိုင်းဆိုတော့ လီဒါဟာ သင့်ဇနီးပဲဖြစ်နေသေးတယ်"



"သင် မှားနေပြီလို့ ငါ ထပ်ပြောပါတယ်။ တို့မင်္ဂလာဆောင်တာက မှတ်ပုံတင်ထားတာမဟုတ်ဘူး။ ဒီတော့ တရားမဝင်ဘူးမဟုတ်လား။ ဘယ့်နှယ်လဲ ငါပြောတာ မဟုတ်ဘူးလား"

"ဒါတော့လည်း မှန်ပါတယ်။ ဒါပေမယ့် လီဒါကိုတော့ တက္ကသိုလ်ကရော၊ ကွန်မြူနစ်ကျောင်းသားအသင်းကရော ထုတ်ပစ်လိမ့်မယ်။ ပြည်သူ့ရန်သူရဲ့သားသမီးများကို ထုတ်ပစ်ရမယ်လို့ ဗဟိုကော်မတီက လျှို့ဝှက်တဲ့အမိန့် ထုတ်ထားတာကို သင်လည်း အသိသားပဲ"

"ငါ သိတာပေါ့။ ဒါကြောင့်လည်း ငါက ဒီကိစ္စကို ချွင်းချက်လိုသဘော မထားဘဲ ဥပဒေရှိတဲ့အတိုင်း မညှာမတာလုပ်ဖို့ပြောတာပါ"

"ဒီလိုဆိုတော့ ခက်တာပဲ။ သူ့ခမျာဟာ မျက်စိတစ်မှိတ်လောက်အတွင်းမှာ အကျိုးနည်းသွားတော့မှာပဲ။ သင့်ကို ငါက မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ အကြံပေးချင်တာကတော့ ဒီကိစ္စကို ဘယ်သူမှမသိဘဲ အေးအေးချမ်းချမ်းနဲ့ဖြစ်အောင် စီစဉ်စေချင်တယ်။ အဲဒီလို စီစဉ်လိုက်ရင် လီဒါဟာ ကျောင်းကလည်း အထုတ်ခံရဖို့လိုမှာ မဟုတ်ဘူး။ ကွန်မြူနစ်ကျောင်းသားပါတီကလည်း အထုတ်ခံရဖို့လိုမှာမဟုတ်ဘူး။ ဒီကိစ္စကို ငါကိုယ်တိုင်ကပဲ ပြည်နယ်ဆိုင်ရာ အမှုဆောင်အဖွဲ့ကို ပြောပြပေးပါမယ်။ သင်ဟာလည်း နာမည်ကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဖြစ်တော့ သင်ပြောရင် ဘယ်သူကမှ ငြင်းမှာမဟုတ်ပါဘူး"

"နေပါစေ ကိစ္စမရှိပါဘူး"

"ဒီလိုဆိုလည်းပြီးတာပဲ။ တကယ်ဆိုတော့ ဒီကိစ္စဟာ သင့်ကိစ္စပဲ"

"ငါ့ကိစ္စမဟုတ်ပါဘူး။ သင်တို့ကိစ္စပါ။ ဒါထက် ရဲဘော်အိလျှိန်ကို အစည်းအဝေးက ဘယ်တော့လုပ်မှာလဲ"

"မနက်ဖြန်လုပ်မယ်။ ဆုံးဖြတ်ချက်နဲ့ ကျောင်းသားတွေပြောဖို့စကားတွေကို ငါကပဲ ရေးပေးရမယ်"

"အထွေထွေအစည်းအဝေးကြီးလား။ သူ့ကိစ္စအတွက် သက်သက်အစည်းအဝေးလား"

"သူ့ကိစ္စအတွက် သက်သက်အစည်းအဝေးပါ"

"ဒါဖြင့် ဒီအစည်းအဝေးကို ငါ တက်ဖို့မလိုဘူး။ ဒါလည်း ကောင်းတာပဲ။ ဒါထက် အစည်းအဝေးကိုတော့ လီဒါဟာ ဆီဒိုရောက်သမီးသာဖြစ်တယ်။ ငါ့ဇနီး မဟုတ်ဘူး ဆိုတာ တစ်ဆိတ်ပြောပြဖြစ်အောင် ပြောပြလိုက်ပါ"

အတွင်းရေးမှူးသည် အထွေးရခက်သော ကျောင်းအုပ်ကြီး၏မျက်နှာကို စေ့စေ့ကြည့်ပြီး ပြန်သွားသည်။

လီဒါကို ကွန်မြူနစ်ကျောင်းသားအသင်းမှ ထုတ်ပစ်လိုက်သည်။ လီဒါက အသင်းဝင်လက်မှတ်ကို ပြန်အပ်ပြီး ကျောင်းခန်းထဲမှထွက်သွားသည်။ ကျောင်းသားများ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဉပဒေရှိသည့်အတိုင်း လီဒါကို ကွန်မြူနစ်ကျောင်းသားအသင်းမှ ပြင်းထန်စွာရှုတ်ချ၍ ထုတ်ပစ်လိုက်ကြရသော်လည်း မည်သူမျှ စိတ်မကောင်းကြ။

အစည်းအဝေးတွင် နီဗိကောက်၏နာမည်ကို မည်သူမှ ထည့်၍မပြောကြသဖြင့် နီဗိကောက်နှင့်လီဒါတို့မှာ တရားဝင်လင်မယားအဖြစ်သို့ မရောက်သေးကြောင်း သိရသည်။ ထိုအစည်းအဝေးသို့ နီဗိကောက်ကိုယ်တိုင်လည်းမတက်။ နီဗိကောက်သည် ဘော်ရှီဗစ်ဝိဝိ ကျင့်အပ်ပြီ။

နောက်ရက်သတ္တတစ်ပတ်ကြာသောအခါ လီဒါကို တက္ကသိုလ်မှ ထုတ်ပစ်လိုက်သည်။ လီဒါကို တက္ကသိုလ်မှထုတ်ရန်အမိန့်ကို လက်မှတ်ထိုးသောအခါ ကျောင်းအုပ်ကြီး နီဗိကောက်သည် လုံးဝ တုန်လှုပ်ခြင်းမရှိ။

တနင်္ဂနွေနှစ်ပတ်ကြာသောအခါ လီဒါကို ဓာတုဗေဒစက်ရုံကြီးတစ်ခုသို့ အလုပ်သမားတစ်ယောက်အဖြစ်နှင့် ပို့လိုက်သည်။ လီဒါနှင့် သူ့အမေ နာတာလီယာတို့သည် သူတို့၏ခန့်ညားကြီးကျယ်သော အိမ်ကြီးကိုစွန့်လွှတ်ကာ အလုပ်သမားတန်းလျားတွင် သွား၍နေကြရသည်။ လီဒါတို့အိမ်ကို အိမ်ရှိပစ္စည်းများနှင့်တကွ အစိုးရကသိမ်းလိုက်သည်။

※※※

## အခန်း (၂)

ကျောင်းသားများ ကျောင်းဆရာများ စက်ကွင်းပစ်လေ့ကျင့်ရန် ထွက်သွားကြသောအခါ နီဗိကောက်သည် နီနာနှင့်တွေ့သည်။ နောက် စစ်ဖြစ်သည့်အခါတွင် အဆင်သင့်ရှိကြစေရန်အတွက် ရုရှပြည်ရှိ လူငယ်အားလုံးသည် စက်ကွင်းပစ်လေ့ကျင့်ကြရသည်။ နီနာမှာ စက်ကွင်းပစ်လေ့ကျင့်ချင်၍ မဟုတ်ဘဲ အပျင်းပြေ လေကောင်းလေသန့်ရှူရန် အတွက်သာ လိုက်လာခြင်းဖြစ်သည်။

"သင် ငါ့ကို ပြောချင်တယ်ဆိုတာဘာလဲ" ဟု နီနာက နီဗိကောက်ကို မေးသည်။

"ထူးထူးထွေထွေမဟုတ်ပါဘူး…လီဒါနဲ့ငါနဲ့ ကွဲကြတာ သင် သိမှာပေါ့"

"ငါ ကြားပြီးပါပြီ"

"သင်ကတော့ ငါ့ကို အပြစ်တင်မှာပဲ"

"ဘာလို့ ငါက သင့်ကိုအပြစ်တင်ရမှာလဲ။ တကယ်ဆိုတော့ သင်တို့ ဘယ်လိုဖြစ်ကြတယ်ဆိုတာ ငါ မသိဘူး။ ဒီတစ်ခါလဲပဲ ရေအောက်က ကျောက်ဆောင်တွေကြောင့်ပဲ မဟုတ်လား"

"ဒီတစ်ခါတော့ ရေအောက်က ကျောက်ဆောင်တွေကြောင့် မဟုတ်ပါဘူး။ ဆီဗိုရောက် အဖမ်းခံရတာ သင် သိတယ်မဟုတ်လား"



"ဒါနဲ့ ဘာဆိုင်သလဲ"

"ဘယ်သူဖြစ်ဖြစ် ကိုယ့်အသက်တော့ ကိုယ်နမြောတယ်မဟုတ်လား နီနာ"

နီနာက သူပြောချင်တာတွေအားရအောင် ပြောစမ်းပေစေဟု အောက်မေ့ကာ ဘာမျှမပြောဘဲ နားထောင်နေသည်။

"လီဒါက ငါ့အဖြစ်ကို သဘောမပေါက်ဘူး။ စိတ်ဆိုးဖို့ပဲသိတယ်။ သင်ဆိုရင်တော့ စဉ်းစားတတ်တဲ့အတွက် သဘောပေါက်မှာပဲ။ လောကမှာ အားမတန်လို့ မာန်လျှော့ရတဲ့ကိစ္စတွေ အများကြီးရှိပါတယ်။ အုတ်နံရံကြီးကို ခေါင်းနဲ့ဝင်တိုက်နေရင် မိုက်ရုံပဲရှိမှာပေါ့ နီနာ" ဟု နီဗိကောက်က ပြောပြီးလျှင် နီနာ၏လက်ကို ကိုင်လိုက်သည်။ ပြီးလျှင် ဆက်၍ "မနက်ကလေ၊ သင့်ကို ငါ အများကြီး သတိရတာပဲ။ သင်ကလည်း ငါ့ဆီကိုမလာလို့ လာရင် ဟိုတုန်းက သင်နဲ့ငါနဲ့ စကားပြောကြသလို သိပ်ပြောချင်တာပဲ။ အခု သင်နဲ့ငါနဲ့ ပြန်ပြီးမဆက်နိုင်စရာအကြောင်း ဘာများရှိသေးသလဲ" ဟုပြောသည်။

နီနာက ထိုင်ရာမှထ၍ နီဗိကောက်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး "ဟိုတစ်ယောက်ကို နစ်မွန်းအောင်လုပ်ရရုံနဲ့ အားမရသေးဘူးလား" ဟု မေးလိုက်သည်။

※※※

## အခန်း (၃)

လီဒါတို့သားအမိ ဓာတုဗေဒစက်ရုံတွင် အလုပ်လုပ်ကြရသည်မှာ တနင်္ဂနွေနှစ်ပတ်ရှိသွားပြီ။ စက်ရုံမှာ စက်များဟောင်းနွမ်းနေသဖြင့် ခဏခဏ ဟိုကပျက်လိုက် သည်က ပျက်လိုက်ဖြစ်နေသည်။ အလုပ်ခန်းများထဲတွင် အက်ဆစ်ဓာတ်ငွေ့များ တထောင်းထောင်း ထွက်နေသဖြင့် အလုပ်သမားများ အသက်ပင် မရှူနိုင်လောက်အောင် ဖြစ်သည်။

လီဒါတို့နေရသောတန်းလျားမှာ အင်မတန်ညစ်ပတ်၍ အလုပ်သမားများမှာ ငါးပိ ငါးချဉ်သိပ်နေကြရသည်။

"ဒီရုံးအုပ်ကို သတိထားနော်၊ ဒီကောင်ဟာ အင်မတန် မိန်းမရူးတယ်။ တို့အခန်းနားမှာလည်း သူ့အမြဲလာလာပြီး ရစ်သီရစ်သီလုပ်တယ်"ဟု အခန်းမှူးမ မုစယာက လီဒါကို သတိပေးသည်။

လီဒါနှင့် အိပ်ရာချင်းယှဉ်၍နေသော အသက်တစ်ဆယ့်လေးနှစ်ရှိ တိုနယာခေါ် ပိန်ပိန်မိန်းကလေးမှာ အမြဲတမ်းမှိုင်၍နေသည်။ သူ့တွင် ဖိနပ်စီးစရာမရှိသဖြင့် ရေခဲပြင်တွင် ခြေအိတ်ကိုစွပ်၍လျှောက်ရသည်။

တစ်နေ့တွင် လီဒါသည် ညလည့်ကျသဖြင့် လက်နက်ခန်းရှေ့တွင် ဖြတ်သွားသောအခါ အခန်းထဲမှ မိန်းကလေးတစ်ယောက် ငိုသံကိုကြားရသည်။ လီဒါက အခန်းတံခါးကို ဖွင့်လိုက်သောအခါ တိုနယာသည် ရုံးအုပ်၏ပေါင်ပေါ်တွင် ထိုင်၍

www.burmeseclassic.com

www.burmeseclassic.com



နေသည်ကိုတွေ့ရသည်။ ရုံးအုပ်က တိုနယာ၏ပါးစပ်ကို လက်နှင့်ပိတ်ထားပြီးလျှင် လက်တစ်ဖက်က တိုနယာ၏ ဂါဝန်ကိုလှန်နေသည်။ တိုနယာက သူ့ပေါင်ပိန်ပိန်ကလေး နှစ်ချောင်းကို သနားစရာ ကျစ်ကျစ်ပါအောင် စေ့ထားသည်။

ရုံးအုပ်က လီဒါကို မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် ကြည့်နေသည်။ လီဒါသည် ဒေါသဖြစ်လှသဖြင့် ဘာမပြော ညာမပြော ရုံးအုပ်၏ပါးကို ပြေး၍တစ်အား ရိုက်လိုက်သည်။ ထိုအခါ တိုနယာသည် သူ့ပေါင်ပေါ်မှ အောက်သို့ လျှောကျသွားပြီးလျှင် မျက်နှာကိုလက်နှင့်အုပ်ကာငိုနေသည်။

ရုံးအုပ်သည် သူ့အဝတ်များကို ပြင်ဝတ်ပြီးနောက် လီဒါအား "ဒါပဲနော်၊ သင် ဘယ်သူ့မှသွားမပြောနဲ့။ ပြောရင် သင် ဒုက္ခတွေ့လိမ့်မယ်။ သင်လို ပြည်သူ့ရန်သူရဲ့ သမီးက ပြောတာကိုလည်း ဘယ်သူမှယုံမှာမဟုတ်ပါဘူး" ဟု ပြောပြီးထွက်သွားသည်။

⁂ ⁂ ⁂

## အခန်း ၄

လီဒါသည် ရုံးအုပ်က တိုနယာကို မတော်တရားကြံသည့်ကိစ္စနှင့် ပတ်သက်၍ အထက်လူကြီးများကိုမတိုင်။

"တိုင်လို့လည်း ဘာမှထူးမှာမဟုတ်ပါဘူး။ သင်တောင် ဒုက္ခဖြစ်ချင်ဖြစ်ဦး မယ်" ဟု မူစယာက လီဒါကို ပြောသည်။

ရုံးအုပ်သည် လီဒါအပေါ်တွင်ရန်လိုနေသဖြင့် လီဒါမှာ တထိတ်ထိတ် တလန့်လန့်နှင့်ဖြစ်၍နေသည်။

တိုနယာမှာ ရူးသလို ကြောင်သလိုဖြစ်ကာ ငိုလိုက်ရယ်လိုက်ဖြစ်နေသည်။

အလုပ်အားသည့်နေ့တွင် စေတနာအလျောက် လုပ်လိုသူများကို အလုပ်လုပ် နိုင်းသည်။ "စေတနာနေ့" တစ်နေ့တွင် လီဒါသည် အလုပ်မှပြန်လာသောအခါ နီကိုလေ ရောက်လာသည်။ လီဒါက မမြင်ဟန်ပြု၍ သုတ်သုတ် သုတ်သုတ်နှင့်ရှောင် သွားရာ နီကိုလေက နောက်မှ ခြေကုန်သုတ်လိုက်လာပြီး "ဘယ်လိုဖြစ်တာလဲ လီဒါ၊ ငါလာတာ ဘာလို့ရှောင်ပြေးရတာလဲ။ တကယ်ဆိုရင် သင် ဘယ်ကိုသွားတယ်ဆိုတာ လိပ်စာပေးထားခဲ့ဖို့ကောင်းတယ်" ဟု ပြောသည်။

လီဒါက ခေါင်းငုံ့ပြီး စကားပြန်မပြော။

"သင့်ကို ငါ လိုက်ရှာတာနဲ့နေတာပဲ။ အခုတွေ့ရတာတောင် ကံကောင်းလို့ တွေ့ရတာ။ အခု သင် ဘယ်ကိုသွားမလို့လဲ"

"တခြား ဘယ်သွားစရာရှိမလဲ အိမ်ကိုပေါ့"

"လီဒါရယ် သင့်အတွက် ငါ တကယ်ကို စိတ်မကောင်းပါဘူး။ အခု သင်က ငါတို့လိုမိတ်ဆွေများကို မတွေ့ချင်လို့ရှောင်နေတယ်ဆိုတာကတော့ မကောင်း ပါဘူး"



လီဒါသည် နီကိုလေထံမှ နိုဗိကောက်၏သတင်းများ ကြားရလိမ့်မည်ထင်၍ စကားမပြောဘဲ စောင့်၍နားထောင်နေသည်။ သူ့စိတ်ထဲက သူ့အစ်ကိုက လွှတ်လိုက်၍ သာ နီကိုလေလာသည်ဟု ထင်သည်။ သို့ရာတွင် နီကိုလေက နိုဗိကောက်အကြောင်းနှင့် ပတ်သက်၍ ဘာမျှမပြော။

သူတို့နေကြသော တန်းလျားသို့ရောက်သောအခါ လီဒါက "နီကိုလေရေ သင် အထဲကိုမဝင်ပါနဲ့။ သင် ငါ့ဆီလာတာကို သူတို့မြင်သွားရင် သင် ဒုက္ခရောက်သွား လိမ့်မယ်။ ငါက ကူးစက်တတ်တဲ့ရောဂါ ဖြစ်နေတဲ့လူလို ဖြစ်နေတယ်"

နီကိုလေက ဘာမျှပြန်မပြောဘဲ လီဒါ၏လက်ကိုကိုင်ကာ တန်းလျားထဲသို့ ဝင်လိုက်သည်။ တန်းလျားခန်းမှာ လူမြင်၍မကောင်းအောင် ရှုပ်ပွေညစ်ပတ်နေသည်။

နာတာလိယက နီကိုလေလာသည်ကို မယုံသင်္ကာဖြစ်ကာ "ငါ့စိတ်ထဲက သင်ဟာ ငါတို့ဆီကို လာလိမ့်မယ်လို့မထင်ဘူး" ဟုပြောသည်။

"အမေရယ် ဘာလို့မလာရမှာလဲ"

"သင်နဲ့ နိုဗိကောက်ဟာက ညီအစ်ကိုပဲ။ ဒါပေမယ့်လေ သင်ကတော့ တစ်မျိုးပါ။ ငါလည်း မပြောတတ်ဘူး"

"ဒီလိုဆိုတော့ နိုဗိကောက်ဟာ သင်တို့ဆီကို တစ်ခါမှမလာဘူးလို့ဆိုပါ"

"တစ်ခါမှမလာပါဘူး။ ဒါပေမယ့် သူ လာခဲ့မယ်လို့တော့ ကတိပေးလိုက်ပါ တယ်။ သူ လာမှာပါပဲ" ဟု လီဒါက ပြောသည်။

နီကိုလေက ဘာမျှမပြော။ နိုဗိကောက်နှင့် သူတွေ့ခဲ့သော်လည်း လီဒါတို့ အတွက် ဘာမျှလုပ်ဖို့စီစဉ်သည်ကို သူ မတွေ့ခဲ့ရ။

လီဒါနှင့် နာတာလိယတို့သည် နီကိုလေအား တစ်ခုခုကျွေးရန်အတွက် အတွင်း သို့ဝင်သွားကြသည်။

"အို နိုဗိကောက် သင် ဘယ်လိုလုပ်တာလဲ" ဟု အောက်မေ့ကာ နီကိုလေ သည် သူ့အစ်ကိုကို ပို၍စိတ်ဆိုးလာသည်။

လီဒါသည် ဖော်ဒကာပုလင်းတစ်လုံးကို ကြံဖန်ရှာ၍ယူလာသည်။ "လီဒါ ကလည်း အလကားပိုက်ဆံကုန်အောင်" ဟုပြောသည်။

နာတာလိယက မီးဖိုချောင်မှ အားလူးကြော်၊ ငါးခြောက်ကြော်နှင့် လက်ဖက် ရည် တစ်ခရားယူလာသည်။

"အစားကောင်း အသောက်ကောင်းတော့ မတတ်နိုင်ဘူး။ တို့မှာ ဒါပဲရှိ တယ်" ဟု နာတာလိယကပြောပြီး ဖော်ဒကာကို နီကိုလေအတွက်တစ်ခွက် သူ့အတွက် တစ်ခွက် ငှဲ့ထည့်သည်။

"လီဒါဖို့လည်း တစ်ခွက်ထည့်ဦးပေါ့" ဟု နီကိုလေက ပြောသည်။

"အို နေပါစေ၊ ငါ သောက်လို့မဖြစ်ပါဘူး"

နီကိုလေက စိတ်မကောင်းသည့်မျက်နှာနှင့် ဖော်ဒကာကိုသောက်ပြီး "နီးပလား" ဟုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခြောက်လလောက်လိုပါသေးတယ်"

နီကိုလေက သူ့ဘယ်ဘက်လက်ဝါးကို လက်သီးနှင့်ထု၍ "သင်တို့ကို ဒီနေရာက ငါတို့ မြန်မြန်ကြုံပြီးထုတ်မှဖြစ်မယ်" ဟု အံကြိတ်ကာပြောသည်။

"ဒီအကြောင်းပြောနေလို့ အလကားပါပဲ။ သင်လည်း ဘာမှတတ်နိုင်မှာ မဟုတ်ပါဘူး"ဟု လီဒါက ပြောသည်။

သို့ရာတွင် ထိုသို့သာပြောသော်လည်း သူတို့တွင် ဆင်းရဲဒုက္ခရောက်နေသည့် အခါ၌ လိုလိုချင်ချင် အားပေးကူညီဖော်ရသည့်အတွက် လီဒါသည် နီကိုလေအပေါ်တွင် အများကြီးခင်မင်၍သွားသည်။

"လီဒါ ဘာမှမပူနဲ့။ ဒီကိစ္စဟာ အေးသွားမှာပဲ" ဟု နီကိုလေက ပြောသည်။

"ဒီမှာ နီကိုလေ၊ သင့်ကို ငါ နီဗိကောက် အကြောင်းပြောပြမယ်။ သူ့ အကြောင်းကို သင်သိရင်ကောင်းမယ်"ဟု လီဒါက ပြောပြီးလျှင် နီဗိကောက်အကြောင်း ကို ပြောပြသည်။ ထိုသို့ပြောနေစဉ်တွင် လီဒါမှာ အော်၍ငိုမတတ်ဖြစ်၍သွားသည်။ နီကိုလေက ပထမငြိမ်၍နားထောင်နေပြီးမှ "ငါ နီဗိကောက်ကိုသွားပြောမယ်" ဟုပြောသည်။

နီကိုလေသည် နောက်နေ့တွင် နီဗိကောက်နှင့်သွား၍တွေ့သည်။

"ငါ မနေ့က လီဒါ့ဆီကိုရောက်ခဲ့တယ်"

"ဒီတော့ ဘာဖြစ်သလဲ"

"ငါ့တာဝန်ကုန်ပြီ။ သင့်တာဝန်ပဲ ကျန်တော့တယ်"

"အခု သူ ဘယ်မှာလဲ"

"ဓာတုဗေဒစက်ရုံမှာ၊ အဲဒီမှာဆိုရင် တစ်နှစ်နှစ်နှစ်နေရင် သေမှာပဲ"

"ဒီတော့ ငါက ဘာလုပ်ပေးစေချင်လဲ။ သူနဲ့ငါနဲ့ကွာပြီးတာ သင် သိတယ် မဟုတ်လား"

"ဟိုမှာဆိုရင် သူ သေမှာ သေချာတယ်။ ဒီတော့ ငါ သူ့ကိုကယ်ရလိမ့်မည်။ သင့်ကြည့်ရတာကတော့ သူ့ကို သေစေချင်နေပုံရတယ်"

"သင့်စကားက ပြင်းထန်လွန်းပါတယ် နီကိုလေ။ ငါက သူ့ကို ဘာလို့ သေစေချင်ရမှာလဲ။ သူလည်း သူ့ဟာသူနေတယ်။ ငါလည်း ငါ့ဟာငါ နေတယ်။ သူကလည်း ငါ့ကို မနှောင့်ယှက်ဘူး။ ငါကလည်း သူ့ကို မနှောင့်ယှက်ဘူး"

"သင်ပြောတာတွေဟာ အကုန်လုံးကောင်းပါတယ်။ ဒါပေမဲ့ သင့်မျက်စိ ကြည့်ပုံကတော့ မဟုတ်ဘူး" ဟု နီကိုလေက ရွဲ၍ပြောသည်။ နီကိုလေသည် သူ့အစ်ကို အား သနားကြင်နာခြင်း လုံးလုံးမရှိသည့်အတွက် အများကြီး စိတ်ဆိုးသည်။ သူ့စိတ်ကို သူ အနိုင်နိုင်ချုပ်တည်းထားရသည်။

ပြန်ခါနီးတွင် နီကိုလေက "ဒါပေမယ့် လီဒါကို အကူအညီပေးမယ်လို့ သင် ကတိပေးရမယ်။ ကတိပေးတဲ့အတိုင်းလည်း မပျက်ကွက်စေရဘူး" ဟုပြောသည်။



"ငါ ဘာမှကတိမပေးဘူး။ ဒီမှာ နီကိုလေ နောင်တ နောင်မှမဖြစ်ရအောင် ငါ ပြောတာနားထောင်ပါ။ လီဒါ့ဆီကို သင် နောက်ထပ်မသွားပါနဲ့"

"သင် ငါ့ကို ဘာမှပြောဖို့မလိုဘူး"

"သင်က တော်တော်ခေါင်းမာတာပေါ့။ သင်ဟာ သတ္တိကောင်းလာပြီ။ ဒူးရောက်ဆီသွားပြီး ဖိမ်ခံခဲ့ရတာလည်း သင် မေ့သွားပြီပေါ့"

"ဒူးရောက်ဆီကို ငါရောက်တယ်။ ဒါပေမဲ့ ငါ မကြောက်ဘူး။ သင်က မရောက်ဘဲနဲ့ကြောက်နေတယ်"

"သင့်ကိုသင် လှည့်စားမနေပါနဲ့ နီကိုလေ။ သင် ကံကောင်းရင် တစ်ခါပဲ ကောင်းနိုင်ပါမယ်။ နှစ်ခါမကောင်းနိုင်ပါဘူး"

"ငါက သင့်အကြောင်းကို ဖော်မှာစိုးလို့လား။ ဒီလိုဆိုရင် သင်ဟာ ငါ့အစ်ကို မဟုတ်ဘူးလို့ ကြေညာလိုက်ရမယ်လေ ဘယ့်နှယ်လဲ"

"နီကိုလေ၊ သင် ပြန်တော့"

"နီဗိကောက် သင်ဟာ အရှက်အကြောက်လုံးလုံးမရှိတော့ဘူးလား"

"သွားဆိုရင်သွားပါ နီကိုလေ"

"သင်နဲ့ငါနဲ့ မရှောင်သာတဲ့နေရာမှာ တစ်နေ့ထပ်တွေ့ကြရလိမ့်ဦးမယ် ထင်တယ်။ အစ်ကိုချစ် နီဗိကောက်"ဟု ပြော၍ နီကိုလေသည် တံခါးကို ဖြန်းခနဲ ပိတ်ပြီးထွက်သွားသည်။

❊❊❊

## အခန်း(၅)

"ပါဗယ်ဟာ ငါ့စကားကို လုံးလုံးနားမထောင်ဘူး။ ဆေးသောက်ပါဆိုလည်း မသောက်ဘူး။ ဒီအစာမစားပါနဲ့ဆိုလည်း မရဘူး။ ဒီလိုဆိုရင် သူ သေမှာပဲ"ဟု ဆရာဝန် စီဗိတ်က ဂိုရင်ကို ပြောသည်။

ဂိုရင်က စန္ဒရားတီး၍နေသော နီနာကိုကြည့်၍ "နီနာရေ ပါဗယ်ကိုတော့ သင်ကြည့်ပြောဦးမှဖြစ်မယ်ထင်တယ်။ ပါဗယ်ဟာ သင့်စကားကလွဲရင် ဘယ်သူ့စကားမှ နားမထောင်ဘူး"

"အဖေရယ်၊ ငါ့သဘောကတော့ ပါဗယ်ကို သူနေချင်သလိုနေဖို့ လွှတ်ထား စေချင်တာပဲ။ ကရိမီးယားကပြန်လာမှ သူ့ရောဂါဟာ သက်သာနေပါတယ်။ ကရိမီးယား တုန်းက ရေနစ်သေမယ်လုပ်တာ တစ်ခုပဲပြောစရာရှိတယ်" ဟုပြော၍ နီနာသည် ဆရာဝန်ကို စားတော့မလိုဝါးတော့မလို မျက်နှာထားနှင့် မျက်စောင်းထိုးလိုက်သည်။

"ပါဗယ်ကို ငါက ရေနစ်သတ်ဖို့လုပ်တယ်လို့ နီနာကထင်နေတယ်" ဟု ဆရာဝန်က လှောင်ပြောပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



“ရန်ဖြစ်မနေကြပါနဲ့၊ တော်ကြပါ။ နီနာကလည်း မဟုတ်တာတွေမပြောနဲ့။ ပါဗယ်ရဲ့ နာတာရှည်ရောဂါကို တို့အကုန်လုံး ဝိုင်းပြီးပြုစုကြမှဖြစ်မယ်။ ဟိုမှာ ပါဗယ်ကို လည်းကြည့်ပါဦး။ နတ်သမီးတွေအကြောင်းပြောပါ ပြောဖြစ်နေတယ်” ဟု ဂိုရင်က ပြောသည်။

ပါဗယ်သည် အခန်းထဲသို့ဝင်လာပြီးလျှင် “ငါ လမ်းပေါ်ကနှင်းခဲတွေကို ကလေးတွေနဲ့ ကုရှင်းပေးနေတယ်။ သိပ်ပျော်တာပဲ။ အဲဒါက သင့်ဆေးထက်ကောင်းတယ် ဒေါက်တာ” ဟုပြောသည်။ ပြီးလျှင် နီနာကိုကြည့်၍ “ဒီမှာ နီနာ သင်တို့ ဒီနေ့လျှောဖိနပ်စီးပြီး နှင်းခဲတွေပေါ် လျှောက်လည်ကြဦးမလား” ဟုမေးသည်။

“လည်ကြမှာပေါ့” ဟုပြောပြီးလျှင် နီနာက သူ့အဖေကိုကြည့်၍ “အဖေ ဒါကြောင့် ငါ ပြောတယ်မဟုတ်လား” ဟုပြောသည်။

“နီနာပြောတာ မှန်တယ်ထင်တယ်။ ပါဗယ်ကို သူ့သဘောအတိုင်း နေစေရင် ကောင်းမယ်ထင်တယ်။ ဒါပေမယ့် ဆရာဝန်ကတော့ ပိုပြီး သိချင်လည်းသိမပေါ့” ဟု ဂိုရင်က ပြောသည်။

“ဝမ်းသာနေကြပေါ့၊ တစ်နေ့ကျတော့ သင်တို့ သိကြမှာပဲ” ဟုပြောချင်သော ပုံပန်းဖြင့် ဆရာဝန်သည် ပြတင်းပေါက်နားသွားပြီး နှုတ်ခမ်းကိုက်နေသည်။

“ငါ မောလိုက်တာ နီနာရယ်၊ အကျင့်မရှိလို့ထင်ပါရဲ့” ဟု ပါဗယ်က ပြောပြီးလျှင် သူ့ကိုအားလုံးက ဝိုင်း၍ကြည့်နေကြသည်ကိုမြင်သဖြင့် “သင်တို့ ဘာလို့ စကားမပြောကြတာလဲ။ ...အဖေရေ ငါတို့လျှောဖိနပ်စီးပြီး နှင်းခဲတွေပေါ် လျှောက်မလည်ကြခင် သေရည်တစ်ခွက်စီသောက်ကြရင် မကောင်းဘူးလား” ဟုပြောသည်။

“သင်ဟာ သောက်ဖို့တစ်ခုပဲသိတယ်။ ဒီပြင် ဘာမှမသိဘူး။ သင်ဟာ သောက်တဲ့နဲ့ သေမှာပဲ ပါဗယ်” ဟု ဆရာဝန်က ပြောသည်။

“မဆူနေပါနဲ့ ဒေါက်တာ။ ငါ မသေခင် သင် သေမှာပါ။ ပုလင်းယူခဲ့ဟေ့။ နီနာလည်း နည်းနည်းသောက်ကွာ။ နည်းနည်းသောက်ရင် ဘာမှ မဖြစ်နိုင်ပါဘူး” ဟုပါဗယ်က ပြောသည်။

“ပါဗယ်ရယ် ဒါကို သင် ဖြတ်မှကောင်းမယ်” ဟု ဂိုရင်က ပြောသည်။

“ဒါကိုဆိုတာ ဘာလဲ အဖေရဲ့။ ဘာကိုဖြတ်ရမှာလဲ”

“မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့ ပါဗယ်ရယ်။ ဘာဖြတ်ရမှာလဲ၊ သေရည်ကို ဖြတ်ရမှာပေါ့”

“လျှောဖိနပ်စီးထွက်ခါနီး တစ်ခွက်တလေသောက်လို့ ဘာမှမဖြစ်နိုင်ပါဘူး။ ပြီးတော့ ငါ့ကို ကလေးလိုသဘောထားနေတာလဲ ငါ မကြိုက်ဘူး”

“ငါတို့က သင် ကောင်းဖို့ပြောတာပါ။ အခုချက်ချင်းတော့ ဘာမှ မဖြစ်နိုင်ဘူးပေါ့။ မတော်တဆချော်လဲတော့ ဘယ့်နှယ်လုပ်မလဲ ပါဗယ်”

“ချော်လဲတော့ ပျော်တာပေါ့”



“ပျော်တာတော့ဟုတ်ပါရဲ့။ ဆေးမမီတော့ ဘယ့်နှယ်လုပ်မလဲ” ဟု ဆရာဝန်က ပြောသည်။

“မဟုတ်တာတွေ ပြောမနေပါနဲ့ ဒေါက်တာ။ ငါ ဘာမှဖြစ်တာ မဟုတ်ဘူး။ အရင်တုန်းက ငါ မမာဘူးဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ငါ မမာတာက ဗော်ဒကာ သောက်လို့မဟုတ်ပါဘူး။ ဘာလို့ဆိုတာ သင်သိသားပဲ။ အခုဆိုရင် ငါဟာ အတိတ်ကို အကုန်မေ့ပစ်လိုက်ပြီ။ ဘာဖြစ်ဖြစ် တစ်ခုခုလုပ်ပြီး အကုန်လုံး ငါ မေ့ပစ်လိုက်မယ်”

“သင် အလုပ်လုပ်မယ်ဆိုရင် ဒီအချိန်ဟာ အချိန်ကောင်းပဲ။ သင်ဟာ ဘာသာစကားနှစ်မျိုးကို ကောင်းကောင်းတတ်တယ်။ ဒီတော့ ဘာသာပြန်အလုပ်နဲ့ သင်နဲ့ အတော်ဆုံးပဲ” ဟု ဂိုရင်က ပြောသည်။

“မှန်တယ်အဖေ၊ မှန်တယ်။ ဒါပေမယ့် ဒေါက်တာ သင်တော့ ငါ့နားကို အကြောင်းမရှိဘဲနဲ့ မလာနဲ့။ ငါ မမာမှပဲ သင် ကုပေးပါ။ ဒါပေမယ့် သင့်ကို မုန်းတာနဲ့ ငါ မဖျားတော့ မနာတော့ဘူး” ဟု ပါဗယ်က လှောင်ပြောပြောသည်။

ဆရာဝန်က “မဖျားတော့ မနာတော့ဘူးဆိုရင်လည်း ငါ ဝမ်းသာတာပါပဲ” ဟုပြောသည်။

ဆရာဝန်သည် အတော်ပင် စိုးရိမ်ကြောင့်ကြဖြစ်ပုံပေါ်၍နေသည်။ “နောက်တစ်ခါ သင့်ဆေးတွေနဲ့ ငါ့ကို လာလာနှိပ်စက်နေရင်တော့ သင့်ကို ငါတစ်ခါတည်း နှင်းခဲတွေထဲပစ်ချလိုက်မယ်။ ဘုရားကိုစူးစေရဲ့၊ ငါ တကယ်ပြောတာ” ဟု ပါဗယ်က ပြောသည်။ ပြီးလျှင်ရယ်၍ “ကိုင်း ငါတို့သောက်ကြမယ် ဒေါက်တာဦးဒိုဆေး” ဟုပြောသည်။

※ ※ ※

## အခန်း (၆)

ထိုဆောင်းတွင်းတွင် ဂိုရင်သည် သူတစ်ယောက်တည်းမနေရဲသည့်ပမာ သူ့အိမ်တွင် ဆူဆူညံညံညည့်ခံပွဲများ အမြဲပြုလုပ်နေသည်။ ဂလူယုက်ကဲ့သို့သော မိတ်ဆွေဟောင်းများ အပြင် ယိုတ်ဗာကောက်ကဲ့သို့သော မိတ်ဆွေသစ်များကိုလည်း သူ့အိမ်သို့ဖိတ်၍ညည့်ခံသည်။ ယိုတ်ဗာကောက်က နီနာကို လာ၍ ပိုးနေကြောင်းကိုလည်း လူတိုင်းသိကုန်ပြီ။

အရာရှိများသည် အစိုးရစရိတ်နှင့် သောက်ပွဲများကျင်းပကာ သောက်ခွင့်မရကြသောအခါ ဂိုရင့်အိမ်သို့သွား၍ ဖောဖောသီသီ သောက်ကြသည်။

ဂိုရင်မှာ သူ့ပြဇာတ်ကို ရေးပြီးသည့်အချိန်ကစ၍ စိတ်မကောင်းဖြစ်နေသဖြင့် သူ့အိမ်ထဲ၌ ညည့်ခံပွဲများပြုလုပ်နေခြင်းကိုပျော်သည်။ နိုဗိကောက်တစ်ယောက်မှာ

www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်သို့မလာတော့။ မလာခြင်းကိုလည်း ဂိုရင်သဘောကျသည်။ သူလာလျှင် (ကြောက်စရာ အီဗန်ပြဇာတ်) အကြောင်းကို သူသတိရပြီး စိတ်မချမ်းမသာဖြစ်နေရဦးမည်။

ဆူဆူညံညံ ပျော်ပျော်ရွှင်ရွှင် သောက်ကာစားကာနေရသဖြင့် ပါဗယ်၏ရောဂါလည်းသက်သာ၍နေသည်။

ဆရာဝန်စိဗိတ်မှာ အလိုက်အထိုက်အပြင်ပန်းက ပျော်ရွှင်ဟန်ပြ၍နေရသော်လည်း ပါဗယ် ကျန်းကျန်းမာမာဖြစ်လာသည်ကို မြင်ရသဖြင့် အများကြီး စိတ်မချမ်းမသာဖြစ်၍နေသည်။

ဂိုရင့်အိမ်သို့ ဗေရီးယားလည်း နှစ်ခါသုံးခါလာ၍ ညစာစားသည်။ တစ်ခါတွင် ဗေရီးယားက စိဗိတ်အား သူများမသိအောင် ''သင့်လူနာဟာ အများကြီး ရောဂါသက်သာနေပါလား။ ငါ အများကြီးဝမ်းသာပါတယ်'' ဟု ကြိတ်၍ပြောသွားသည်။ ဗေရီးယားသည် သနားကြင်နာစိတ် လုံးလုံးမရှိသည်ကို ဆရာဝန်စိဗိတ် တွေ့ရသည်။

ဒေါက်တာစိဗိတ်မှာ ပါဗယ်၏အသက်ကိုသတ်မှသာ သူ့အသက်ရှင်နေနိုင်ခွင့်ရှိမည့်အဖြစ်ကိုသိသဖြင့် အကြီးအကျယ် စိတ်အိုက်၍နေသည်။ တစ်ခါတစ်ရံ သူ့ကိုယ်သူ ရူးများသွားမှာပင် စိဗိတ် စိတ်ပူမိသည်။

သူ့အကြံမှာ နေ့အခါတွင် အောင်မြင်နိုင်ဖို့ခက်သည်။ ပြီးလျှင် ချိပ်ရောက်ကလည်း သူ့အပေါ်တွင် ပြောင်ပြောင်ကြီးပင် မယုံသင်္ကာဖြစ်လျက်ရှိသဖြင့် သူ့ကို အလစ်မပေးဘဲ သူ့နောက်က တကောက်ကောက်လိုက်၍နေသည်။

ထို့ပြင် နီနာကလည်း စိဗိတ်ကို အယုံအကြည်မရှိတော့။ သို့ရာတွင် နီနာက အယုံအကြည်မရှိခြင်းမှာ သူ၏ဆေးကုတတ်သော အရည်အချင်းကိုသာ အယုံအကြည်မရှိခြင်းဖြစ်သဖြင့် မထောင်းတာလှ။

ပါဗယ်ကလည်း သူ့အပေါ်တွင် ယခင်ကကဲ့သို့ ဖော်ဖော်ရွေရွေမရှိ၊ ပွင့်ပွင့်လင်းလင်းလည်း စကားမပြောသည်ကို စိဗိတ် တွေ့ရသည်။ ပါဗယ်က သူ့အပေါ်တွင် စိတ်ပြောင်းခြင်းမှာ ကရိမီးယားသွားစဉ်က လှေစီးရင်းဖြစ်သည့်ကိစ္စကြောင့် ဖြစ်တန်ရာသည်ဟု စိဗိတ်တွေးသည်။

ထိုကဲ့သို့ဖြစ်နေသဖြင့် တစ်နေ့တွင် ဂိုရင်က သူ့ကိုပင် ယဉ်ယဉ်ကျေးကျေးနှင့် မောင်းထုတ်လိုက်လိမ့်မလားဟု စိဗိတ် တွေး၍ပူနေသည်။ ဂိုရင့်အိမ်မှ မောင်းအထုတ်ခံရသည်နှင့်တစ်ပြိုင်နက် ဆရာဝန်စိဗိတ်မှာ ဗေရီးယား၏လက်တွင်းသို့ ကျရောက်၍ ဒုက္ခအကြီးအကျယ် တွေ့ရတော့မည်။ စိဗိတ် ဒုက္ခတွေ့ရတော့မည့်အချိန်မှာ တစ်မိနစ်ထက် တစ်မိနစ်နီး၍လာပြီ။

တစ်နေ့တွင် စိဗိတ် ကံကောင်းချင်တော့ ဂိုရင်တို့သည် ယုန်ပစ်ထွက်ကြသည်။ ထိုအခါတွင် ယိုတ်ဗာကောက်လည်းပါသည်။ သို့ရာတွင် မိန်းမများ တစ်ယောက်မှမပါ။ ချိပ်ရောက်လည်းမပါ။ တည်းအိမ်တွင် စိဗိတ်က သူနှင့်ပါဗယ်နှင့် တစ်ခန်းထဲတွင် အတူအိပ်ရအောင် စီစဉ်လိုက်သည်။ ပါဗယ် အိပ်မောကျနေသည့်အချိန်တွင်



စိဗိတ်က ပါဗယ် ခေါင်းရင်းက ပြတင်းပေါက်ကို အသာဖွင့်လိုက်ပြီးလျှင် ပါဗယ်ခြုံထားသောစောင်ကိုလည်း ဖြည်းညင်းသက်သာစွာ လှန်၍ထားသည်။ အလွန်အေးသောလေတိုက်ခတ်သဖြင့် ပါဗယ်သည် ချမ်းတုန်လာသည်ကိုမြင်သောအခါ စိဗိတ်သည် ပြတင်းပေါက်ကို အသာပြန်၍ ပိတ်ပြီးလျှင် စောင်ကိုလည်း ပြန်၍ခြုံပေးလိုက်သည်။ စိဗိတ်သည် ထိုကဲ့သို့ ပြတင်းပေါက်ကို သုံးခါ လေးခါလောက်ထ၍ ဖွင့်လိုက်ပိတ်လိုက်လုပ်သည်။ နံနက်လင်းသောအခါ ပါဗယ်မှာ အဖျားတက်၍ အိပ်ရာမှမထနိုင်တော့။

ဂိုရင်သည် ပါဗယ်၏အဖျားတက်ခြင်းကို အရေးကြီးသည်ဟုမထင်။ ယုန်ပစ်ထွက်ရင်းနှင့် ရိုးရိုး အအေးမိသွားသည်ဟုသာထင်သည်။

ဆရာဝန်စိဗိတ်သည် ဝမ်းသာ၍သွားပြီ။ ပါဗယ်ကို သူ ပြုစုဖို့အခွင့်ရပြီ။ ဤနည်းဖြင့် သူ့အသက်ကိုသူ ပြန်၍ပိုင်သွားပြီ။

သို့ရာတွင် စိဗိတ်၏အခက်အခဲများသည် မကုန်သေး။ ချိပ်ရောက်သည် ဂိုရင်တို့ နီနာတို့ တစ်ယောက်ယောက်မရှိလျှင် ပါဗယ့်အနားမှမခွာ။ ချိပ်ရောက်သည် တခြား ဆရာဝန်တစ်ယောက်ကို ပြောင်းခေါ်ဖို့ပင် ဂိုရင်ကိုပြောသေးသည်။ ဂိုရင်က ''အအေးမိတာပါ။ ပျောက်သွားမှာပါပဲ။ အအေးမိတာကုတဲ့နေရာမှာတော့ စိဗိတ်ဟာ တခြားဆရာဝန်ထက် မညံ့နိုင်ပါဘူး''ဟု ဂိုရင်က ပြောသည်။

ချိပ်ရောက်က ညတွင် ပါဗယ်ကို စောင့်၍အိပ်သည်။ ချိပ်ရောက်သည် ပန်း၍ အိပ်ပျော်သွားသောအခါ ဆရာဝန်စိဗိတ်သည် အခန်းထဲသို့ ခြေဖျားထောက်၍ ဝင်လာပြီးလျှင် ပထမတွင် ဆေးသမားတို့၏သိက္ခာကို ဆင်ခြင်မိသည်။ ပြီးလျှင် ''သင်ဟာ ဆေးသမား မဟုတ်ပါဘူး။ သူသတ်ပါ''ဟု သူ့ကိုယ်သူပြော၍ သတိမရတစ်ချက်ရတစ်ချက်ဖြစ်နေသော ပါဗယ်၏လက်မောင်းကို အသာလှန်ပြီး ဖြတ်ခနဲ ဆေးထိုး၍ပေးလိုက်သည်။

ဆရာဝန်စိဗိတ်သည် အသာပြန်ထွက်လာပြီးလျှင် တံခါးပေါက်မှ ပါဗယ်ကို စောင့်၍ကြည့်နေသည်။ ပါဗယ်သည် သူ့နောက်ကျောကို တူနှင့်ရိုက်၍နှိုးလိုက်သည့်ပမာ ဖြန့်းခနဲ အိပ်ရာမှထ၍ထိုင်ပြီးလျှင် မျက်လုံးများပြူးကာ ဆရာဝန်ကို တွေ၍ကြည့်နေသည်။ သို့ရာတွင် ပါဗယ်သည် ဘာမျှမြင်လိမ့်မည် မဟုတ်သည်ကို စိဗိတ်သိသည်။ ခဏနေသောအခါ ပါဗယ်သည် ကြောက်စရာလန့်စရာ အသံနက်ကြီးနှင့် အားကုန်ဟစ်၍ အော်သည်။ ထို့နောက် ခဏနေသောအခါ ပါဗယ်သည် ပါးစပ်ရွဲ့ကာညည်းပြီးလျှင် ခေါင်းအုံးပေါ်သို့ လဲကျသွားသည်။ သူ့ညည်းသံမှာ တဖြည်းဖြည်းနှင့် ကျယ်၍လာသည်။

ချိပ်ရောက်သည် အိပ်ရာမှလန့်နိုးပြီး ကြည့်လိုက်သောအခါ ပါဗယ်မှာ မျက်ဖြူလန်၍နေသည်ကို တွေ့ရသည်။ ချိပ်ရောက်သည် ဆရာဝန်ကိုမမြင်။

ထိုအခိုက်တွင် အခြားသူများ အခန်းထဲသို့ရောက်လာကြသည်။ ဆရာဝန်သည် အော်ဟစ်၍ပြေးချင်သော စိတ်ပေါ်လာသော်လည်း ကြက်သေသေ၍ တံခါးပေါက်တွင်

www.burmeseclassic.com

www.burmeseclassic.com



မတ်တတ်ကြီးရပ်မြဲရပ်နေသည်။ ခဏနေမှ သူ့လက်ထဲက ဆေးထိုးတံကို သူ့အင်္ကျီလက်ထဲတွင် ထည့်၍ဝှက်လိုက်သည်။

အခန်းထဲသို့ ဂိုရင် ပထမဆုံးရောက်လာပြီး ထိတ်ထိတ်လန့်လန့်နှင့် ''ဘယ်လိုဖြစ်တာလဲ'' ဟု စိဗိတ်ကို မေးသည်။

''ဘယ်လိုဖြစ်တယ် မသိသေးဘူး။ ငါလည်း အခုပဲပြေးလာတယ်''ဟု စိဗိတ်က ပြောသည်။ ပြီးလျှင် စိဗိတ်သည် ပါဗယ်ကိုစမ်းသပ်၍ ''ငန်းဖမ်းတာနှင့် တူပါတယ်'' ဟုပြောသည်။

ထိုအချိန်ကစ၍ ဆရာဝန်စိဗိတ်သည် ဆေးသမားပြန်၍ဖြစ်လာပြီးလျှင် ပါဗယ်၏ ဝေဒနာကို သက်သာရာရစေရန် တတ်နိုင်သမျှ ကြိုးစား၍ကုသသည်။

ပါဗယ်သည် နံနက်လင်းသောအခါ အနည်းငယ်သက်သာလာပြီး မွန်းတည့်အထိ သတိမေ့၍နေသည်။ သတိပြန်ရသောအခါ ပါဗယ်သည် ညက ဘယ်လိုဖြစ်သည် ဟုဘာမျှမသိ။

ဤနည်းဖြင့် ဆရာဝန်သည် ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ဇာတ်ကိုစ၍ ခင်းကာ ပါဗယ်ကိုနှိပ်စက်ခန်းဖွင့်သည်။ ဆရာဝန်က ပါဗယ်ကိုကုသ၍ ပေးနေခြင်းမှာ နောက်ထပ်သေအောင် ဆေးထိုးပေးဖို့အတွက်သာဖြစ်သည်။ ပါဗယ်၏ဝေဒနာမှာ ဆေးတစ်ခါ တစ်ခါထိုးပြီးလျှင် သိသိသာသာပို၍ ပို၍ ဆိုးလာသည်။ ထိုကဲ့သို့ သေဆေးထိုးပေးနေသည့်စပ်ကြားတွင် ပါဗယ်မှာ အိပ်ရာထဲမှထ၍ လမ်းလျှောက်သည့်အခါ လျှောက်နိုင်သေးသည်။ သို့ရာတွင် ပါဗယ်၏အသက်မှာ ရက်ပိုင်းသာကျန်တော့သည့် အဖြစ်ကို ဆရာဝန်သိသည်။ ထိုရက်ပိုင်းမှာ နောက်ဆုံးတစ်ချီ ဆေးထိုးပေးလိုက်လျှင် ဆုံးခန်းတိုင်၍သွားတော့မည်။

❋ ❋ ❋

---

## အခန်း (၇)

---

ဆရာဝန်စိဗိတ်သည် တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့် ပါဗယ်သေစေရန်အတွက် နောက်ဆုံးထိုးပေးဖို့ ဆေးကိုမထိုးသေးဘဲ ဆိုင်းထားသည်။ သူ့စိတ်ထဲက ရုတ်တရက် ပါဗယ်ကို သံယောဇဉ်ဖြစ်၍လာသည်။ ပါဗယ်ကို သေစေ၍မဖြစ်သေး။ မသေစေချင်သေးသည်မှာ သနား၍မဟုတ်။ အခြားအကြောင်းတစ်ခုကြောင့်ဖြစ်သည်။ ပါဗယ်၏ကိုယ်ခန္ဓာ ကွဲပျက်သွားခြင်းကို သူ လျစ်လျူရှုနိုင်သည်။ သို့ရာတွင် ပါဗယ်ထံမှ သူသိချင်သော အကြောင်းတစ်ခု ရှိနေသေးသည်။ ပါဗယ်သာသေသွားလျှင် ထိုအကြောင်းကို သူ သိလိုက်ရလိမ့်မည်မဟုတ်။

ပါဗယ်ကို ဒုတိယအကြိမ် ဆေးထိုးပေးလိုက်ပြီးသည့်အချိန်ကစ၍ စိဗိတ်သည် ပါဗယ်ကို မသေစေချင်သေးသော ဆန္ဒပေါ်လာသည်။ ထိုအချိန်ကစ၍



သူသိချင်သောအကြောင်းကို သိနိုင်ရန်အတွက် ပါဗယ်ကို စိဗိတ်က အထူးဂရုစိုက်၍ ပြုစုသည်။ ဆေးထိုးပေးလိုက်သဖြင့် ပါဗယ် အကြီးအကျယ် ဝေဒနာခံစားရပြီး ဒုတိယနေ့တွင် စိဗိတ်သည် ပါဗယ်နှင့်ပထမအကြိမ် စကားလက်ဆုံကျသွားသည်။ ထို့နောက်လည်း သူတို့နှစ်ယောက် ဆက်ကာဆက်ကာ စကားလက်ဆုံကျကြသည်။ တစ်နေ့တွင် ပါဗယ်၊ ချိပ်ရောက်နှင့် ဆရာဝန်တို့သည် သုံးယောက်သား သေရည်သောက်ကာ စကားပြော၍နေကြသည်။

ပါဗယ်မှာ အားနည်း၍နေတုန်းပင်ရှိသေးသည်။ ဆရာဝန်ကိုမြင်သောအခါ ပါဗယ်သည် အိပ်ရာမှထလိုက်သည်။ ထိုအခါ ပါဗယ်သည် လဲကျသွားပြီးလျှင် အန်သည်။ ဆရာဝန်က ဆေးကြောသုတ်သင်ပေးပြီးလျှင် ပါဗယ်ကို ပြန်၍သိပ်သည်။ ဆရာဝန်၏ပြုစုခြင်းမှာ ကြင်ကြင်နာနာရှိလှသဖြင့် အပြုအစုကြင်နာလှသဖြင့် ချိပ်ရောက်ကပင် စိဗိတ်အပေါ်တွင် ယုံကြည်စိတ်များပေါ်သွားသည်။

''ဘယ်လိုနေသလဲပါဗယ်''ဟု ဆရာဝန်က မေးသည်။

ပါဗယ်သည် အိပ်ရာပေါ်တွင် လှဲနေရင်းနှင့် မျက်နှာကြက်ကို တွေ၍ ကြည့်နေသည်။ ဆရာဝန်လက်ထဲတွင် ဗော်ဒကာတစ်ပုလင်းပါလာသည်။ ဆရာဝန်က သူ့အတွက် သေရည်တစ်ခွက်နှင့် ချိပ်ရောက်အတွက် တစ်ခွက်ငှဲ့ထည့်သည်။ ပါဗယ်က သူ့ကိုလည်း တစ်ခွက်ပေးပါဟုပြောသည်။

''သင် သောက်လို့ ဘယ်ဖြစ်မလဲ၊ အားမှမရှိသေးဘဲနဲ့''ဟု ဆရာဝန်က ပြောသည်။

''ငါက ထည့်ပါဆိုရင်ထည့်ပါ''

စိဗိတ်သည် သေရည်မူးမှသာ ပါဗယ်အား ရှင်လာမည်ကိုသိသဖြင့် ပါဗယ်အတွက် ဗော်ဒကာတစ်ခွက်ထည့်ပေးလိုက်သည်။

ပါဗယ်က ''ဒီမှာချိပ်ရောက် တို့အီတလီပြည်တုန်းကတွေ့ခဲ့တဲ့ တံငါသည်ကြီးတစ်ယောက်ကို သင် မှတ်မိသေးလား၊ သူ့နာမည်တောင် ငါ မေ့နေပြီ။ အကကောင်းတဲ့ တံငါသည်ကြီးဟာလေ''ဟု ချိပ်ရောက်ကို ပြောသည်။

''ဂျီဂေါက်တိုလေ''

''အေးအေး ဟုတ်တယ် ဟုတ်တယ်။ သူ အခုရှိပါဦးမလား''

''အခုလောက်ရှိရင် သေရောပေါ့။ သူက မားကိုင်ပြီး သိပ်ရန်ဖြစ်ချင်တဲ့လူ၊ ဒီလိုလူမျိုးဟာ အသက်ရှည်ခဲတယ်''

''အဲဒီတုန်းက ကလေးမလေးတစ်ယောက် ပင်လယ်ထဲနစ်သေတယ်လို့ ငါ အိပ်မက်မက်တယ်မဟုတ်လား။ သင် မှတ်မိဦးမှာပေါ့''

''သင်က ကလေးမရှိတော့ သူများကလေးတွေကို တယ်ခင်တတ်တယ်''

''ဒါကြောင့်မဟုတ်ပါဘူး။ သူတစ်ပါးဒုက္ခဟာ ငါ့ဒုက္ခလောက်ပဲ ပိုပြီး ငါ့စိတ်ကိုထိခိုက်တယ်။ ငါ့မျက်စိကိုမှိတ်ပြီး စဉ်းစားလိုက်ရင် ငါ့နားထဲမှာ ကူ‌ရေ့

www.burmeseclassic.com



ကုဋေချမ်းသာ လူသားတွေရဲ့ငွေကြေးသံတွေဟာ ကြားယောင်လာတာပဲ။ လူသားတွေအစား ငါ ရှက်တယ်။ သူတို့ဟာ ကမ္ဘာပေါ်မှာ ပေါ်လာကြတာလည်း ကြာလှပြီ။ ဒါနဲ့လည်း အခုထက်ထိ အနေမတတ်ကြသေးဘူး။ မီးလှုံဖို့၊ အစာချက်ဖို့ လမ်းကိုမြင်ရဖို့အတွက် လူသားတစ်ယောက် ကစပြီး မီးမွှေးတဲ့ပညာကို ပိုင်ပိုင်ကြီးတတ်အောင် ကြိုးစားခဲ့တယ်။ ဒီနောက် တစ်ယောက်ကနင်းပြီး ခြေဖဝါးကျွမ်းသွားတယ်။ အဲဒီအခါကစပြီး ညှော်စော်နံတဲ့အနံ့ဟာ မပျောက်တော့ဘူး။ တခြားတစ်ယောက်ကလည်း သစ်ပင်ကိုလှဲဖို့၊ အိမ်ဆောက်ဖို့၊ လှေထွင်းဖို့အတွက် ပုဆိန်ကို စပြီးထွင်လိုက်တယ်။ နောက်တစ်ယောက်က ဒီပုဆိန်နဲ့ပဲ သူတစ်ပါးခေါင်းကို ပေါက်ခွဲလိုက်တယ်။ ဘာဖြစ်လို့ လူသားတွေဟာ အစကနဦးကတည်းက တစ်ယောက်နဲ့ တစ်ယောက် ညီလိုအစ်ကိုလို ချစ်ချစ်ခင်ခင် မနေကြဘဲနဲ့ အချင်းချင်းသတ်ဖြတ်ချင်တဲ့ စိတ်တွေ ပေါ်လာမှန်းမသိဘူး''ဟု ပါဗယ်က ပြောသည်။

''ဒါကတော့ အသက်မွေးမကျပ်တည်းတာကို'' ဟု စိဗိတ်က ပြောသည်။

''ဒါကြောင့်လည်း မဟုတ်ပါဘူး။ တိရစ္ဆာန်တွေမှာလည်း အသက်မွေးမကျပ်တည်းတာပါပဲ။ ဒါပေမဲ့ တိရစ္ဆာန်တွေဆိုတာက လူလို စဉ်းစားဉာဏ်ရှိတာမဟုတ်ဘူး။ လူသားတွေဟာ ယဉ်ကျေးလာပြီးတဲ့နောက် တစ်ယောက်နဲ့တစ်ယောက် ချစ်ချစ်ခင်ခင် နေကြတာဟာ အချင်းချင်းသတ်ဖြတ်နေကြတာထက် ကောင်းတယ်ဆိုတဲ့သဘောတရားကို နားလည်ကြဖို့ကောင်းတယ်။ အထူးသဖြင့် ငါဟာ ကလေးတွေအတွက် စိတ်မကောင်းဘူး။ ကလေးတွေဟာ ဘာဖြစ်လို့ ကြားထဲက ဒုက္ခရောက်ရမလဲ။ လက်တွေ့အားဖြင့် လုပ်လို့ဖြစ်နိုင်တယ်လို့ အထောက်အထားမရှိတဲ့ လယ်ယာစုပေါင်းထွန်ရက်ရေးကိုလုပ်ချင်တာနဲ့ ဆည်ကြီးတွေတည်ဖို့ ရှိသမျှစပါးတွေကို နိုင်ငံခြားကိုရောင်းပစ်ပြီး လူတွေ ကုဋေကုဋာကို အငတ်ထားတယ်ဆိုတာဟာ ဘယ်လိုအဓိပ္ပာယ်လဲဆိုတာ ငါ နားမလည်ဘူး။ ငတ်မွတ်နေတဲ့လူတွေကိုမြင်ရတာဟာ အင်မတန်ကို စိတ်မချမ်းသာစရာကောင်းတယ်။ အဲဒီအထဲမှာ ငတ်မွတ်နေတဲ့ ကလေးတွေကိုမြင်ရတာက ပိုပြီးစိတ်မချမ်းသာစရာကောင်းတယ်။ ငါတို့ ရုရှပြည်ကကလေးတွေ ဆင်းရဲဒုက္ခဖြစ်ရတာကို ငါ့စိတ်ထဲမှာ အမြဲပဲ ကွင်းကွင်းကွက်ကွက် ထင်နေတယ်။ မနှစ်မြို့ဖွယ်ကောင်းတဲ့ လယ်ယာစုပေါင်းထွန်ရက်ရေး အောင်မြင်မှုအတွက် ကလေးတွေက ငတ်ပြီးသေပေးရတယ်ဆိုတာ ဘာမှအဓိပ္ပာယ်မရှိဘူး။ ငတ်ပြီး သေကြရတဲ့ ကလေးတွေရဲ့ အလောင်းကလေးတွေဟာ ငါ့မျက်စိထဲက တစ်ခါတည်း မထွက်တော့ဘူး။ ငါ့အဖေနဲ့ငါ ခါကောက်မြို့ကို မော်တော်ကားစီးသွားကြတော့ ခုနစ်နှစ်သားကလေးတစ်ယောက်က ငါတို့မော်တော်ကားဆီ ပြေးလာပြီး အရိုးပေါ်အရေတင်နေတဲ့ လက်ချောင်းသေးသေးကလေးတွေကိုဖြန့်ပြီး ထမင်းတစ်ဆုပ်လောက်ပေးပါလို့ လာတောင်းရှာတယ်။ ဒီတုန်းမှာ ငါ့အဖေကတော့ မော်တော်ကားတစ်ဘက်မှာ လျှပ်စစ်ဓာတ်အားရဖို့ နီပါမြစ်ကိုပိတ်ပြီး ဆယ်ထားတဲ့ တမံကြီးအကြောင်းကို ပြောနေတယ်။ ငါကတော့ အဲဒီကလေးလေးက (ငါ ဘာကြောင့်



ဆင်းရဲနေတာလဲ) လို့မေးလိုက်တဲ့အသံကိုပဲ နားထဲမှာကြားနေတယ်။ နီပါမြစ်က တမံကြီးမျိုးတွေ ထောင်သောင်းလုပ်ထားပေမယ့် အဲဒီကလေးလေး မျက်စိသူငယ်ဖြစ်နေရတာနဲ့ မကာမိပါဘူး''ဟု ပါဗယ်က ပြောသည်။

''သင်က ရုရှတစ်ပြည်လုံးမှာရှိတဲ့အပူတွေကို သင်တစ်ယောက်တည်း ဒိုင်ခံပူနေတာ'' ဟု ချိပ်ရောက်က ပြောသည်။

''ဒါတော့ ငါ့စိတ်ကိုက ပူတတ်တာကို၊ ဘယ်တတ်နိုင်မလဲ ချိပ်ရောက်''

''အန်ဒရေကတော့ သင်နဲ့မတူဘူး။ တို့နယ် တို့ပြည်မှာ အန်ဒရေလိုလူမျိုးတွေ အများကြီးရှိရင် သိပ်ကောင်းမှာပဲ''

''သင် ဘာပြောချင်တယ်ဆိုတာ ငါ သိပြီ။ တို့အိမ်မှာလာနေတုန်းကတော့ အန်ဒရေဟာ မခုတ်တတ်တဲ့ကြောင်လိုပဲ''

''ဒီလိုလူမျိုးက ဒီလိုပဲ''

''သင်တို့ရဲ့အန်ဒရေက သက်သက်မိုက်တာပါ။ သင်တို့အိမ်မှာ ကောင်းကောင်းမွန်မွန်နေရရဲ့သားနဲ့ ဘာမှအကြောင်းမရှိဘဲ ထွက်သွားတယ်။ ဒီတော့ သေတာပေါ့။ ဒါနဲ့များ သင်တို့က ချီးမွမ်းနေကြသေးတယ်''ဟု ဆရာဝန်က ပြောသည်။

ဆရာဝန်သည် အဟူးပင် ဂနာမငြိမ်သည်ကိုမြင်သဖြင့် ချိပ်ရောက်သည် ''သင် ဘာဖြစ်နေတာလဲ၊ ဝမ်းနာနေသလား။ ဒါမှမဟုတ်ရင် ခြေစွယ်ငုပ်နေလို့လား'' ဟု စိဗိတ်ကို မေးသည်။

''မှန်တာပေါ့။ ရုတ်တရက်ကြည့်လိုက်တော့ သင်ပြောသလို မိုက်တယ်ထင်ရတာပေါ့။ ကောင်းကောင်းနေရတဲ့ အိမ်မှာလည်းမနေချင်ဘူး။ သူ့အမေကိုလည်း ရင်ကွဲနာကျပြီး သေအောင်ပစ်သွားတယ်...'' ဟု ပါဗယ်က စိဗိတ်ကိုပြောသည်။

''အန်ဒရေဟာ သူ့အမေကို တော်တော့်ကို ချစ်ရှာတယ်။ ဒါတော့ ငါကိုယ်တိုင်သိတယ်'' ဟု ချိပ်ရောက်က အန်ဒရေဘက်က ထောက်ခံသည်။

''ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်လိုက်တော့ အဲဒီလိုမှ မမိုက်ရင်လည်း ထွက်ပေါက်မရှိတဲ့ ရုရှပြည်က ဘယ်နည်းနဲ့မှ ထွက်ခွင့်ရမှာမဟုတ်ဘူး'' အန်ဒရေဟာ ငါ မျက်ရည်ကျသလို မကျဘူး။ သူ့ဝမ်းထဲမှာတော့ အင်မတီအင်မတန် မခံမရပ်နိုင်ဖြစ်နေတယ်။ သူဟာ စကားတော့ များများမပြောတတ်ဘူး။ ဒါပေမဲ့ အချိန်ကျတော့ ရုရှလူမျိုးတိုင်းလုပ်အပ်တဲ့ အလုပ်ကိုလုပ်တယ်။ အန်ဒရေလိုလူမျိုး တစ်သန်းလောက်ရှိမယ်ဆိုရင် ရုရှပြည်ဟာလွတ်လပ်မှာပဲ။ ရုရှပြည်ဟာ ဒီလိုလူမျိုးတွေကို စောင့်နေတယ်။ ငါတို့ပြည်မှာ အန်ဒရေလို မျက်ရည်မကျဘဲ အသက်စွန့်ချင်တဲ့ စိတ်ပြင်းပြင်းထန်ထန်ရှိတဲ့လူတွေ ပေါ်လာမှကောင်းမယ်'' ဟု ပါဗယ်က ဆက်၍ပြောသည်။

ချိပ်ရောက်က ပါဗယ်၏ပခုံးကိုကိုင်၍ ''သင် ဒီလိုပြောလိုက်တဲ့အတွက် ငါ့အဖို့မှာ သင့်ထက်မြတ်နိုးအပ်တဲ့လူ မရှိတော့ဘူးလို့ ငါ သဘောရတယ်။ အားမငယ်ပါနဲ့။ အန်ဒရေလိုလူမျိုးတွေပေါ်လာတာကို သင်ကိုယ်တိုင် မြင်ရပါလိမ့်မယ်။ စိတ်သာချပါ'' ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ ဒီလိုလူမျိုးတွေကို သင်တို့ ငါတို့လက်ထက်မှာတော့ မြင်ကြရမယ် မထင်ဘူး။ အနိဒရေအကြောင်းစဉ်းစားမိရင် ငါ အသုံးမကျတဲ့အတွက် ငါ့ဟာငါ အံမျှားကြီးရှက်မိတယ်"

အနိဒရေကို ငါ့စိတ်ထဲက ဘာမှအသုံးမကျဘူးလို့ ထင်မိခဲ့တယ်။ ဒါပေမယ့် အခုတော့ သူဟာ နောင်ရေးကို ရှင်းရှင်းလင်းလင်းမြင်တဲ့ စိတ်နှလုံးသန့်ရှင်းတဲ့သူ ဖြစ်တာကို ငါ တွေ့ရတယ်။

အနိဒရေဟာ တကယ်သတ္တိရှိတယ်။ ငါတို့ကတော့ တခြားနိုင်ငံတွေက ငါတို့ကို လာကယ်ကြဖို့ပဲ ထိုင်ပြီးမျှော်နေကြတယ်။ သူကတော့ အဲဒီလို မျှော်မနေဘူး။ ကိုယ်တိုင်ထပြီး လုပ်လိုက်တယ်" ဟု ပါဗယ်က ပြောသည်။

ဆရာဝန်သည် အထက်ပါစကားမျိုးကို နားထောင်ရမှာကြောက်သော်လည်း ထိုစကားမျိုးမှာ သူ့အဖို့ ကြားရဖန်များနေ၍ ရိုးနေပြီ။ သူ့စိတ်ထဲက ပါဗယ်သည် တစ်နည်းနည်းဖြင့် သူသိလိုသောအကြောင်းကို ပြောလိမ့်မည်ဟု ယုံကြည်လျက်ရှိသည်။

ပြီးလျှင် ပါဗယ်က "ငါတို့ကတော့ အမှန်တရားထက် ညာလိုင်းပြီး ကျော ကလေး တစ်ချက်ပုတ်ပေးလိုက်တာကို ပိုပြီးသဘောကျကြတယ်။ အမှန်ကိုပြောရမယ် ဆိုရင် ငါတို့ဟာ ငါတို့ကိုယ်ကာယရဲ့ ကျွန်တွေပဲ။ ဒီတော့ အုပ်ချုပ်မှုအာဏာလက် ကိုင်ရနေတဲ့သူတွေက အဲဒီဟာကိုပဲ အချက်ကောင်းယူကြတာပေါ့" ဟုပြောသည်။

ချိပ်ရောက်က "ထောင်ထဲမှာ ခိုးမှုနဲ့ထောင်ကျနေတဲ့ ကျမ်းအမျိုးမျိုးကြေတဲ့ လောကဓာတ်ဆရာကြီးတစ်ယောက်ကို ငါ တွေ့ဖူးတယ်။ အဲဒီလူက ငါ့ကို ကိုယ်နဲ့ စိတ်အကြောင်းကို ပြောပြဖူးတယ်။ သူပြောတာ တော်တော်နားထောင်ကောင်းတယ်" ဟုပြောသည်။

ဆရာဝန်က သူကြားချင်သောစကားကို ပါဗယ် ပြောခွင့်မရအောင် ချိပ်ရောက်က စကားကြောရှည်နေသည်ထင်သဖြင့် ချိပ်ရောက်ကို စိတ်ဆိုး၍လာသည်။

"ကျမ်းအမျိုးမျိုး ကြေတဲ့လူ။ ခိုးမှုနဲ့ထောင်ကျနေတယ်။ တယ်ဟုတ်ပါ လား" ဟု စီဗိတ်က လှောင်သည်။ ပါဗယ်ကမူ ချိပ်ရောက်၏စကားကို သဘောကျသ ဖြင့် "ကိုင်း ပြောစမ်းပါဦး။ အဲဒီကျမ်းအမျိုးမျိုးကြေတဲ့လူက ဘယ်လိုပြော သလဲ" ဟုမေးသည်။

"သူပြောတာက ဒဿနိကလိုပဲ။ ငါတော့ ဘာဆိုလိုတယ်လို့ လုံးလုံးနား မလည်ပါဘူး။ ဒါပေမဲ့ ပြောပုံကတော့ သိပ်နားထောင်ကောင်းတယ်။ သူပြောတဲ့အတိုင်း ငါ တတ်နိုင်သမျှ ကြိုးစားပြီးပြန်ပြောမယ်" ဟု ချိပ်ရောက်က ပြော၏။

***



## အခန်း (၈)

"တစ်ခါတုန်းက ဘဝ၏အဓိပ္ပာယ်ကို သိလိုလို့ လှေလာနေတဲ့ လောကဓာတ် ဆရာကြီးတစ်ယောက်ရှိတယ်။ သူဟာ ကျမ်းအမျိုးစုံကိုဖတ်ဖူးတယ်။ ဒါပေမဲ့ ဘဝ၏ အဓိပ္ပာယ်ကို သူ ရှာလို့မရဘူး။ လောကမှာ သူ နားမလည်တဲ့အရာရယ်လို့မရှိဘူး။ အင်မတန် ခက်ခဲနက်နဲတဲ့အရာများကိုတောင် သူ နားလည်တယ်။ ဥပမာဆိုရင် ကနဦးက အကြောင်းကိုမသိဘဲနှင့် ဒုတိယအကြောင်းကို မသိနိုင်တဲ့အရာကိုလည်း သူ နားလည်တယ်။ ပြီးလျှင် မိန်းမတွေဟာ မီးဖိုထဲကမီးစထက်ပိုပြီး ပူကြောင်းကိုလည်း သူ နားလည်တယ်…" ဟု ချိပ်ရောက်က ပြောသည်။

"တယ်တော်တဲ့ လောကဓာတ်ဆရာကြီးပါလားဟေ့ ဆက်ပြောပါ၊ ဆက်ပြောပါ" ဟု ပါဗယ်က ပြောသည်။

အဲဒါနဲ့ အဲဒီလောကဓာတ်ဆရာကြီးဟာ သူရထားတဲ့ ဘွဲ့အမျိုးမျိုးကိုမှ အားမနာဘဲ ဘဝ၏အဓိပ္ပာယ်ကို ဘယ်လိုနားလည်အောင်လုပ်ရမလဲဆိုတာကို ရပ်ထဲရွာထဲက သာမန် လူတွေဆီမှာသွားပြီး စုံစမ်းကြည့်ဦးမယ်လို့ ဆုံးဖြတ်လိုက်တယ်။ လူတွေက တောအုပ်ကြီးတစ်ခုထဲမှာ အဘိုးကြီးအိုပုပုတစ်ယောက်ရှိတယ်။ အဲဒီအဘိုးကြီးအို ဟာ လောကကြီးတစ်ခုလုံးအကြောင်းကို သိတယ်လို့ လောကဓာတ်ဆရာကြီးကို ပြောပြ လိုက်ကြတယ်။ အဘိုးကြီးအိုဟာ ဘယ်သူ့ကိုမှ အနှောင့်အယှက်မပေးဘဲ အချိန်ရှိသမျှ သစ်ကိုင်းသစ်ခက်များကို ချိုးဖွဲ့ပြီး တောတွင်းရနံ့များကိုပဲ ရှူနေတယ်။ အဘိုးကြီးအိုဟာ ပုံပန်းကသာရိုးပုံ အပုံရပေမယ့် ခေသူမဟုတ်ကြောင်းကို လောကဓာတ်ဆရာကြီးက ရိပ်မိတယ်။ အဘိုးကြီးအို၏ အမြင်ဟာ ကျမ်းအမျိုးမျိုးက မှိုများဖြင့်ဖုံးအုပ်မနေဘဲ ကြည်လင်နေတယ်။

လောကဓာတ်ဆရာကြီးက အဘိုးကြီးအိုကို ရိုရိုသေသေနှုတ်ဆက်ပြီး သူ့ဒုက္ခ ကို ပြောပြတယ်။ ဒီတော့ အဘိုးကြီးအိုက သင် သိချင်တာက အပျင်းပြေသိချင်တာမျိုး ဆိုရင်တော့ သင် သိရမှာမဟုတ်ဘူး။ အဲဒီလိုဆိုရင် တောပန်းနံ့ကလေးတွေကိုရှူပြီးတော့ သင့်နေရာကိုသာ သင် အေးအေးပြန်ပေတော့။ ဒါမှမဟုတ်ဘဲနဲ့ သင် သိချင်တာက ရည်ရွယ်ချက်ကောင်းကောင်းနဲ့ သိချင်တာဆိုရင်တော့လည်း တစ်မျိုးပေါ့လို့ပြောတယ်။

"ဒီတော့ လောကဓာတ်ဆရာကြီးက မြို့တွေမှာနေကြတဲ့လူများဟာ မျက်စိ မမြင်တဲ့ ကြွက်တွေလိုပဲ။ ဟိုကိုက်ဆွဲ ဒီကိုက်ဆွဲလုပ်နေကြလို့ အဲဒီလူတွေရဲ့ ဆင်းရဲဒုက္ခ တွေကိုပျောက်ပအောင်လုပ်ပေးချင်တဲ့အတွက် ဘဝရဲ့အဓိပ္ပာယ်ကို သူသိချင်တာပါလို့ ပြန်ပြောတယ်။ ပြီးတော့ အဲဒီမြို့တွေကလူတွေကို ဘဝရဲ့အဓိပ္ပာယ်ကို ပြောပြလိုက်ရင် သူတို့တွေဟာ တစ်ယောက်ကိုတစ်ယောက် တက်နင်းမနေကြဘဲ တစ်ယောက်နဲ့ တစ်ယောက် ချစ်ချစ်ခင်ခင် ဖြစ်သွားကြမှာပါပဲလို့ပြောတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ အဘိုးကြီးအိုက ''သင် ပြောတာမှန်တယ်။ မြို့တွေမှာနေကြတဲ့လူတွေဟာ နည်းနည်းကလေးမှရပ်တည်ရာမရကြဘူး။ ငါ ငယ်ငယ်တုန်းက ငါ့အဖေနဲ့ ဟင်းရွက်ရောင်းဖို့ မြို့ကိုရောက်သွားတယ်။ အဲဒီတုန်းက ငါ့အဖေဟာ ကံကောင်းလို့ မှတ်ဆိတ်မွေးကိုဆွဲ အရမ်းမခံရတယ်။ မြို့ထဲက လမ်းမပေါ်မှာရှိတဲ့ ရွှံ့ဗွက်တစ်ခုထဲမှာ ဝက်ကလေးတစ်ကောင်က ဇွတ်ပေပြီးအိပ်နေတော့ ငါတို့လှည်းက တက်ကြိတ်သွားတယ်။ ဒီတော့ ဝက်ကလေးက မြို့ဝန်ပိုင်တဲ့ ဝက်ကလေးဖြစ်နေတော့ ငါတို့သားအဖ နှစ်ယောက် ကံကောင်းလို့ အသတ်မခံရတယ်'' လို့ပြောတယ်။

''ဒီတော့ လောကဓာတ်ဆရာကြီးက မြို့တွေထဲမှာ အခုတော့ ဝက်တွေတော့ မရှိတော့ပါဘူး။ ဒါပေမဲ့ မြို့တွေဟာ ပိုပြီးရှုပ်ထွေးနေတဲ့အတွက် အရင်တုန်းကလိုပဲ သင့်မုတ်ဆိတ်မွေးကို ဆွဲအရမ်းခံရဦးမှာပဲ'' လို့ပြောတယ်။

ဒီတော့ အဘိုးကြီးအိုက ''သင် ပြောတာဟုတ်ပါတယ်။ ဘာလို့လဲဆိုတော့ လူ့ဘဝဟာက စိတ်နဲ့ကိုယ်နဲ့ ပဋိပက္ခဖြစ်နေတဲ့အပေါ်ကို အခြေခံထားပြီး တည်ထားတာကို။ စိတ်ကလည်း ကိုယ်ရဲ့ချုပ်နှောင်မှုက အမြဲလွတ်အောင် ရုန်းထွက်ချင်တယ်။ ကိုယ်ကလည်း စိတ်ကို သံလှောင်အိမ်ထဲမှာထည့်ပြီး အမြဲချုပ်နှောင်ပြီးထားချင်တယ်။ ဒါကြောင့် စိတ်ငြိမ်းချမ်းမှုသာ အားလုံးလူတွေဟာ ငြိမ်းချမ်းနိုင်ကြမယ်'' လို့ပြောတယ်။

ဒီတော့ လောကဓာတ်ဆရာကြီးက ''အနို့ စိတ်ကို ဘယ်လိုငြိမ်းချမ်းအောင် လုပ်ရမလဲလို့မေးတယ်။ ဒီတော့ အဘိုးကြီးအိုက စိတ်ဟာ လွတ်လပ်ခြင်းမရှိဘဲနဲ့ မငြိမ်းချမ်းနိုင်ဘူးလို့ပြောတယ်။ ဒီတော့ လောကဓာတ်ဆရာကြီးက စိတ်ကို လွတ်လပ်အောင်လုပ်ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူးလို့ပြောတယ်။ ဒီတော့ အဘိုးကြီးအိုက ဖြစ်နိုင်တယ်ဖြစ်စေ မဖြစ်နိုင်ဘူးဖြစ်စေ ဒီနည်းကလွဲလို့ တခြားနည်းမရှိဘူး'' လို့ပြောတယ်။

လောကဓာတ်ဆရာကြီးစိတ်ထဲက ဒီအဘိုးကြီးဟာ သူ့သေရည် သူ တယ်သောက်ပြီး မူးနေပြီထင်တယ်လို့ အောက်မေ့တယ်။ ဒီအခါမှာ အဘိုးကြီးအိုက လောကဓာတ်ဆရာကြီးကို သစ်ပင်ကြီးနှစ်ပင် လိန်ယှက်ပေါက်နေတဲ့ ချောင်တစ်ခုကိုခေါ်သွားပြီး သစ်ပင်ရိပ်က ကျောက်ခွက်တစ်ခုကိုပြတယ်။ အဲဒီကျောက်ခွက်ထဲမှာ ကြည်လင်နေတဲ့ မိုးရေရှိတယ်။ အဘိုးကြီးအိုက ယောဒီရေထဲမှာ သင် ကြည့်စရာတွေ အများကြီးတွေ့လိမ့်မယ်။ ကြည့်စမ်းလို့ပြောတယ်။ အဲဒါနဲ့ လောကဓာတ်ဆရာကြီးကကြည့်လိုက်တော့ ကျောက်ခွက်ထဲကရေဟာ သမုဒ္ဒရာကြီးဖြစ်သွားပြီး အဲဒီသမုဒ္ဒရာကြီးထဲမှာ ဘဝရဲ့ အမိပွာယ်ပေါ်လာတယ်''ဟု ချိပ်ရောက်ကပြောပြီးလျှင် စကားကိုဖြတ်၍ ဟော့ဒကာကို တစ်ကျိုက်ချင်းတစ်ကျိုက်ချင်း သောက်၍နေသည်။ ထိုအချိန်တွင် ဆရာဝန်စိဗိတ်သည် ချိပ်ရောက်၏ဒဏ္ဍာရီကို စိတ်ဝင် စား၍လာသည်။

ပြီးလျှင် ချိပ်ရောက်က ''လောကဓာတ်ဆရာကြီးဟာ အဲဒီလိုကြည့်နေရင်း သူ့မှာ မျက်လုံးပေါင်းတစ်သန်းမျှ ပေါက်လာသည့်ပမာ ဘဝ၏အဓိပ္ပာယ်ကို သဲလုံး



ကလေးတစ်ခု စမကျန် အကုန်လုံးမြင်လာတယ်။ သူမြင်ရတဲ့ဘဝဟာ သူ့ဘဝတစ်ခုတည်းသာမဟုတ်ဘူး။ ကမ္ဘာစသည့်အချိန်ကစ၍ လူအားလုံး၏ ဘဝများပါပါတယ်။ လောကဓာတ်ဆရာကြီးဟာ ဘဝရဲ့အဓိပ္ပာယ်ကို မျက်စိနဲ့မြင်ရတာမဟုတ်ဘဲ တစ်စုံတစ်ယောက်က ရှင်းပြနေတဲ့အသံကိုလည်း ကြားရသေးတယ်။ ပြီးတော့ ဘဝရဲ့အဓိပ္ပာယ်မှာ သူကျမ်းမျိုးစုံထဲမှာတွေ့ဖူးတာနဲ့ မတူတာကိုလည်း တွေ့ရတယ်။ လောကဓာတ်ဆရာကြီးဟာ သူ့မယားက အိမ်နီးချင်း ပါမောက္ခကြီးတစ်ယောက်နဲ့ ဖောက်ပြန်နေတာကိုလည်း တွေ့ရတယ်။ ဒါပေမဲ့ လောကဓာတ်ဆရာကြီးဟာ သူ စိတ်ဝင်စားစရာ အင်မတိအင်မတန် အရေးကြီးတဲ့ အကြောင်းခြင်းရာတွေကို တွေ့မြင်နေရတာနဲ့ ဒုစရိုက်သမားပါမောက္ခကြီးအကြောင်းကို မေ့သွားတယ်။

ပြီးတော့ လောကဓာတ်ဆရာကြီးဟာ ထူးဆန်းတဲ့အဝတ်များကို ဝတ်ထားတဲ့ သူမမြင်ဖူး မတွေ့ဖူးတဲ့သူများနှင့် အရာဝတ္ထုများကိုတွေ့ရတယ်။ ဒီတော့ သူက ဒါတွေက ဘာတွေလဲလို့ အဘိုးကြီးအိုကိုမေးတယ်။ အဘိုးကြီးအိုက ဒါတွေဟာ နောက်ဖြစ်မယ့် အနာဂတ်ကာလလေ။ ကြည့်နော် ကြည့်နော်။ သေသေချာချာ ကြည့်လို့ပြောတယ်။ အဲဒါနဲ့ လောကဓာတ်ဆရာကြီးဟာ ရေ့ကို ဆက်ကြည့်လိုက်တော့ ကမ္ဘာကြီးရဲ့အသွင်အပြင်ဟာ ထူးထူးခြားခြားကြီး ပြောင်းလွဲသွားပြီး ကိုရိုးကားရား အဆောက်အဦကြီးတွေ၊ ဧရာမ တူးမြောင်းကြီးတွေ ပေါ်လာတာကိုတွေ့ရတယ်။ ပြီးတော့ ကပ်ကြီးဆိုက်ပြီး လူသေကောင်တွေ တောင်လိုပုံပြီးနေတာ။ အရပ်လေးမျက်နှာမှာ မျက်စိတဆုံး မီးခိုးတလူလူ၊ မီးလျှံ တပြောင်ပြောင် ဖြစ်နေတာများကိုလည်းမြင်ရတယ်။ ပြီးလျှင်တစ်ခါ အရင်ကအဆောက်အဦတွေထက်ကောင်းတဲ့ အဆောက်အဦကြီးတွေ အရင်က တူးမြောင်းများထက် ကြီးကျယ်တဲ့တူးမြောင်းကြီးတွေ ပေါ်လာပြန်တယ်။ ပြီးတော့ အဲဒီ အဆောက်အဦကြီးတွေ တူးမြောင်းကြီးတွေဟာလည်း အရင်က အဆောက်အဦကြီးတွေ တူးမြောင်းကြီးတွေလိုပဲ ကပ်သင့်ပြီး ပျက်စီးကုန်ကြပြန်တာကို တွေ့ရတယ်။ အဲဒီလိုပဲ ပြုလိုက်ပျက်လိုက် ပြုလိုက်ပျက်လိုက်နဲ့ အကြာကြီးဖြစ်နေပြီးတော့ လူတွေဟာ အသွင်ပြောင်းသွားကြတာကို တွေ့ရတယ်။ လူတွေဟာ သူတို့ကိုယ်တွေက ဖန်သားလို တိုးလျှိုပေါက်မြင်ရပြီး အတောင်မပါဘဲနဲ့ ကောင်းကင်မှာ ပျံနေကြတာကို တွေ့ရတယ်။ ပြီးတော့ နှစ်ပေါင်းအမြောက်အမြားကြာသွားတော့ အကုန်လုံး ကွယ်ပျောက်ကုန်ပြန်တယ်။ လူတွေလည်းမရှိတော့ အိမ်တွေလည်း မရှိတော့ဘဲ မြေကြီးပေါ်မှာ မြက်ပင်နှင့် သီးပင်ပွင့်ပင်တွေပဲရှိတော့တာကို တွေ့ရတယ်။ အဲဒီလို တွေ့ရတာနဲ့ လောကဓာတ်ဆရာကြီးက ဒါက ဘယ်လိုဖြစ်တာလဲလို့ မေးလိုက်မယ်ကြံနေတုန်းမှာပဲသူ့ဟာသူ အလိုလိုသဘောပေါက်သွားလို့ မမေးဖြစ်တော့ဘူး။ ပြီးတော့ လောကဓာတ်ဆရာကြီးရဲ့နားထဲမှာ တီးသံမှုတ်သံလို အသံများကိုကြားရတယ်။ တကယ်ဆိုတော့ သူ့နားထဲမှာ ကြားရတာမဟုတ်ဘဲ သူ့ဝိညာဉ်ထဲမှာ ကြားတာဖြစ်တယ်။ အဲဒီ အသံများဟာ အင်မတန်သာယာ အင်မတန်နာပျော်ဖွယ်ရှိလှတဲ့အတွက် သူဟာ ရယ်ရတော့မလိုလို ငိုရတော့မလိုလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတယ်။ သူမျက်စိနဲ့ ဘာမှမမြင်ရပေမယ့် လူသားတို့ရဲ့ ဝိညာဉ်ဟာ သူ့ရှေ့မှောက်မှာ ပျံ့သန်းနေတယ်ဆိုတာကို လောကဓာတ်ဆရာကြီး ကောင်းကောင်းကြီးသဘောပေါက်တယ်။

ဒီနောက် အဘိုးကြီးအိုက အဲဒါဟာ ကိုယ်ရဲ့အနှောင်အဖွဲ့က လွတ်မြောက်လာတဲ့ လူ့ဝိညာဉ်ပေါ့။ ဝိညာဉ်ဟာ အိပ်ပျော်နေတဲ့အခါမှာ ဟိုပျံ့ဒီပျံ့ ပျံ့နေတယ်ဆိုတာတော့ သင် သိတယ်မဟုတ်လား။ ဒါပေမဲ့ အခု သင့်ရှေ့မှောက်က ဝိညာဉ်ကတော့ တကယ့်လွတ်လပ်လို့ပျံ့နေတဲ့ဝိညာဉ်။ အဲဒီ ဝိညာဉ်လို လွတ်လပ်ဖို့ဆိုတာကတော့ အချိန်တွေ အများကြီးလိုပါသေးတယ်လို့ပြောတယ်။

"လောကဓာတ်ဆရာကြီးက သေသေချာချာကြည့်လိုက်တဲ့အခါမှာ ဝိညာဉ်ပျံ့နေတဲ့နေရာဟာ လူတစ်ယောက်မှမရှိတာကလွဲလို့ သူနဲ့အဘိုးကြီးနဲ့ နှစ်ယောက်ရောက်နေကြတဲ့နေရာနဲ့ တစ်ထေရာတည်းဖြစ်နေတာကို တွေ့ရတယ်။ အဲဒီအခိုက်မှာ သူ့ရဲ့ ကိုယ်တွင်းမှာ တစ်စုံတစ်ခုက တိုးပြီးထွက်ဖို့လုပ်နေတာကို လောကဓာတ်ဆရာကြီး တွေ့ရတယ်။ သူ့ဝိညာဉ်ဟာ လွတ်လပ်တဲ့ဝိညာဉ်ကိုအားကျပြီး ချမ်းသာစွာနေလိုတဲ့ ဆန္ဒပေါ်လာတယ်။ ဒီတော့ လောကဓာတ်ဆရာကြီးဟာ သူ့ဟာသူ မချုပ်တည်းနိုင်ဘဲ သိပ်သာယာတာပဲ။ အဲဒီကို ငါ သွားနေလိုက်ချင်စမ်းပါဘိ။ ပူစရာလည်းမရှိဘူး။ စိတ်ချမ်းသာစရာလည်း မရှိဘူး" လို့ ညည်းလိုက်တယ်။

"နောက်ကို နှစ်ပေါင်း ကုဋေကုဋာလောက်ကြာမှ အဲဒီနေရာကို ငါတို့ ရောက်နိုင်မယ်လို့ အဘိုးကြီးအိုကပြောတယ်။ ဒီတော့ လောကဓာတ်ဆရာကြီးက ငါတို့ အဲဒီနေရာကို မြန်မြန်ရောက်အောင် လုပ်လို့မရဘူးလားလို့မေးတယ်။ ဒီတော့ အဘိုးကြီးအိုက ရတာပေါ့လို့ ဖြေတယ်။ ဒီတော့ လောကဓာတ်ဆရာကြီးက အန္တဲ့ အဲဒီနေရာကိုရောက်အောင် သင် ဘာလို့မလုပ်သလဲလို့ မေးတယ်။ ဒီတော့ အဘိုးကြီးအိုက ဒါကတော့ ငါ့ကိုယ်ပုပ်ကိုမှ ငါက မခွဲနိုင်ဘဲကို ငါ့ကိုယ်ဟာ ကျန်းမာနေနေ၊ ဖျားနာနေနေ ငါက ငါ့ကိုယ်ကို ချစ်တာပဲ။ ပြီးတော့ ဇော်ဒကာကိုလည်း ငါကပဲ ချစ်သေးတယ်လို့ ပြောတယ်။ ဒီတော့ လောကဓာတ် ဆရာကြီးက သဘောကျသွားပြီး သူ့မြို့ကိုသူပြန်သွားတာ။ သူ့မြို့ကိုရောက်တော့ လူတွေက သူ့ကို အကြောင်းမဲ့ အထင်အမြင်မလွဲစေချင်တာနဲ့ သူသိလာခဲ့တဲ့ ဘဝရဲ့အဓိပ္ပာယ်ကို ဘယ်သူ့မှမပြောဘဲနဲ့ လူတွေကိုကြည့်ပြီး သူတို့ဇော်ဒကာကို သူတို့ဟာသူတို့ ဆက်ပြီး သောက်နေကြတာပဲကောင်းပါတယ်လေလို့ အောက်မေ့တယ်"လို့ ချိပ်ရောက်က ပြောသည်။

"ဒီတော့ ကိုယ်(ကာယ)က စိတ်ထက်အားကောင်းနေတယ်ဆိုပါတော့။ မဟာရားမင်းတွေက အဲဒါကိုပဲ အခွင့်ကောင်းယူနေကြတယ်။ ငါတို့ကလည်း ငါတို့ကိုယ်(ကာယ)နာမှာ ကြောက်နေကြတယ်။ နာမှာကြင်မှာကိုကြောက်တာနဲ့ ငါတို့ဟာ မလွှပ်ဝံ့ကြဘူး။ ဒီအချက်ဟာ ငါတို့ ညံ့နေတဲ့အချက်ပဲ" ဟု ပါဗယ်က ပြောသည်။



"အဲဒီ ကုဋေကုဋာမျှဖြစ်တဲ့ နှစ်ကာလကို ငါတို့ ဘယ်လိုလွန်မြောက်အောင် လုပ်ကြမလဲဆိုတာက အရေးကြီးတယ်။ ဘယ်လိုလုပ်ရမယ်ဆိုတာတော့ အဘိုးကြီးအိုက ပြောမသွားဘူးလား" ဟု ဆရာဝန်က ချိပ်ရောက်ကိုမေးသည်။

"ဒါကို အဘိုးကြီးအိုက ပြောဖို့မလိုပါဘူး။ လောကဓာတ်ဆရာကြီးက သူ့ဟာသူ နားလည်သွားပါတယ်။ ပညာရှိလာရင် သင်လည်း နားလည်လာမှာပဲ" ဟု ချိပ်ရောက်က ဖြေသည်။

"ဒဏ္ဍာရီက အရှင်းသားပဲ" ဟု ပါဗယ်က ထောက်သည်။ ပြီးလျှင် ဆက်၍ "တခြားလူတွေညံ့တာ ဘာလို့ဆိုတာတော့ ငါမသိဘူး။ ငါညံ့တဲ့အကြောင်းတော့ ငါ သိတယ်။ ငါ့အဖြစ်က တောင်ကြီးတစ်ခုရဲ့ခြေရင်းမှာနေတဲ့ လူလိုပဲ။ အမြဲ အရိပ်ဖုံးခံနေရတယ်။ ထင်ရှားတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ကို အဖေတော်ရတာ ဘယ်လောက်မကောင်းတယ်ဆိုတာ သင်တို့တော့ သိချင်မှသိမယ်။ အဖေဟာ ထင်ရှားလွန်းနေရင် ကိုယ်က ဘယ်လောက်ပဲ ကြိုးစားကြိုးစား အလကားပဲ။ အဖေ့အရိပ်က အုပ်နေတာပဲ။ ကိုယ့်ဟာကို ဘယ်လောက်ပဲ ထိုးထွင်းဉာဏ်ထုတ်ပြီး အစွမ်းပြချင်ပေမယ့် အဖေ့ရဲ့လောင်းရိပ်မိပြီး မှိုတက်နေရတဲ့အတွက် ဘာမှအစွမ်းမပြနိုင်ဘူး။ နောက်ဆုံးပိတ် ကုန်ကုန်ပြောရမယ်ဆိုရင် မကောင်းတဲ့ဘက်ကတောင်မှပဲ အစွမ်းပြခွင့်မရဘူး။ အခုဆိုရင်လည်း ငါဟာ အားယုတ်ယုတ်လာပြီ။ မသေမချင်း လျှောက်ရမယ့်ခရီးမှာ အားမရှိတဲ့လူတွေကို အခုခေတ်က သတ်ပစ်ကြတယ်" ဟုပြောသည်။

ဆရာဝန်သည် ကြက်သီးထ၍သွားသည်။ ပြီးလျှင် ရုတ်တရက် "သေတယ်ဆိုတာ ဘာလဲ" ဟု ပါဗယ်ကို မေးသည်။

"သင့်အသက်ကို သင် သိပ်ခင်တယ်မဟုတ်လား စိဗိတ်"ဟု ပါဗယ်က ဆရာဝန်ကို မေးသည်။

ဆရာဝန်က "သေရမှာကြောက်တဲ့အတွက်သာ ငါ့အသက်ကို ငါ ခင်တွယ်တာပါ" ဟုပြောသည်။

"ဒါပေမဲ့ တခြားသူများ သေခါနီး အသက်ငင်နေတာကို ကြည့်ရတာတော့ သင့်အဖို့မှာ ဇိမ်ပဲမဟုတ်လား။ ဘယ့်နှယ်လဲ" ဟု ပါဗယ်က ဆရာဝန်ကိုမေးသည်။

ဆရာဝန်သည် အများကြီးချောက်ချားသွားပြီးလျှင် ငြိမ်၍နေ၏။ ပြီးလျှင် "ငါ့အကြံကိုတော့ ပါဗယ် သိမှာမဟုတ်ပါဘူး" ဟု သူ့စိတ်ထဲက အောက်မေ့သည်။

ထို့နောက် ဆရာဝန်က "ကိုယ်ချစ်ခင်နေတဲ့လူတစ်ယောက် သေမင်းငင်နေတာတော့ ဘယ်သူမဆို ဘယ်ကြည့်ချင်မလဲ။ ပြီးတော့ အသက်ရှင်နေရတဲ့စည်းစိမ်နဲ့ သေရခြင်းတည်းဟူသော ဆင်းရဲခြင်း၏နယ်နိမိတ်ဟာလည်း သတ်မှတ်ထားတာ မဟုတ်ပါဘူး။ အဲဒီပြဿနာကိုလည်း အခုထက်ထိ ဘယ်သူမှ မဖြေနိုင်သေးဘူး။ ဒါပေမဲ့ ဒီပြဿနာဟာ ဖြေလို့မရနိုင်တဲ့ပြဿနာတော့လည်း ဖြစ်နိုင်မယ်မဟုတ်ပါဘူး"ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ချိပ်ရောက်က ဆရာဝန် ခြေမကိုင်မိလက်မကိုင်မိဖြစ်နေသည်ကို မြင်၍ ''သင်ဟာ တော်တော်ကို ဉာဏ်မရှိတဲ့လူပဲ။ သင့်ကြည့်ရတာ တော်တော်ဆန်းတယ်။ သင်ဟာ ဂနာလည်းမငြိမ်ဘူး'' ဟု ဆရာဝန်ကိုပြောသည်။

ပါဗယ်နှင့်ချိပ်ရောက်တို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ''ဒီဆရာဝန်မှာ စိတ်မချမ်းသာစရာ တစ်ခုခုရှိနေပြီထင်တယ်'' ဟု အောက်မေ့ကြသည်။

''ဒီဆရာဝန်ဟာ စိတ်မှန့်သေးရဲ့လား'' ဟု ပါဗယ်က မေးသည်။ ချိပ်ရောက်က ''စိတ်နှံ့ပုံမရပါဘူး'' ဟုဖြေသည်။

❋ ❋ ❋

## အခန်း (၉)

ဂိုရင်သည် ပါဗယ်အခန်းထဲသို့သွား၍ ''ပါဗယ် ဘယ့်နှယ်နေသလဲ သက်သာရဲ့လား'' ဟု ချိပ်ရောက်ကိုမေးသည်။

''တစ်ညလုံး ကယောင်ကတမ်းဖြစ်နေတယ်'' ဟု ချိပ်ရောက်က ပြောသည်။ ပါဗယ်မှာ အိပ်ပျော်နေသည်။

ဂိုရင်က ''သူ အိပ်ရာကနိုးချိန်လောက်ကျမှ ငါ လာခဲ့မယ်''ဟု ပြော၍ ထွက်သွားသည်။

ချိပ်ရောက်အလှည့်ကုန်၍ နီနာက ပါဗယ်နားသို့ လာ၍စောင့်နေသောအခါ ပါဗယ်က ''နီနာရေ အဖေတို့ လူဗာတို့ ချိပ်ရောက်တို့ကို အကုန်လုံးသွားပြီးခေါ်ဟေ့'' ဟု နိုင်းသည်။

အားလုံးရောက်လာကြသောအခါ ပါဗယ်က ''ငါ့ကို သင်တို့အားလုံး ခွင့်လွှတ်ကြပါ၊ သင်တို့အားလုံးက ငါ့ကို စိတ်ဆိုးနေကြတာ ငါ သိပါတယ်'' ဟုပြောသည်။

''ငါတို့က သင့်ကို ဘာ့လို့စိတ်ဆိုးရမှာလဲ''ဟု အားလုံးကပြောသည်။

''အဖေ ငါ တစ်ခုတောင်းပန်ချင်တယ်၊ ငါသေဖို့ အချိန်နီးပြီ''ဟု ပါဗယ်က ပြောသည်။

''မဟုတ်တာပဲ သားရယ်၊ သင့်ရောဂါဟာ ပျောက်ကာနီးပါပြီ''

ချိပ်ရောက်က ''ပါဗယ့်ရေ သင့်ကို ငါတို့ မိန်းမပေးစားမယ်။ သိပ်လှတာကို ငါတို့ရှာပေးမယ်။ အဲဒီမိန်းမကိုရရင် သင့်ရောဂါလည်း တစ်ခါတည်းပျောက်သွားမှာပဲ'' ပြောသည်။

''ငါ မနေရတော့ပါဘူး။ ဒီတော့ ငါသေရင် ဘုန်းကြီးပင့်ပြီး သရဏဂုံတင်ပေးပါ။ တစ်နေရာရာမှာ ဘုရားရှိခိုးကျောင်းတစ်ကျောင်းတော့ ရှိပါလိမ့်ဦးမယ်''ဟု ပါဗယ်ကပြောသည်။



''သေမယ့်စကားကိုပြောနေလို့ အကျိုးမရှိပါဘူး သားရယ်။ ဒါပေမဲ့ သင်မှာတဲ့ အတိုင်း လုပ်ပေးဖို့တော့ ငါ ကတိပေးပါတယ်''ဟု ဂိုရင်က ပြောသည်။ ပြီးလျှင် ဂိုရင်သည် ပါဗယ်၏လက်ကို ကိုင်ထားသည်။ ထိုအခိုက်တွင် ဂိုရင်သည် ပါဗယ်အပေါ်တွင် အမျက်သိုခြင်းမရှိတော့ဘဲ ကရုဏာသက်လျက်ရှိသည်။ ပြီးလျှင် ''ပါဗယ် သင်က ငါတို့ကိုခွင့်လွှတ်ဖို့ တောင်းပန်ရမှာ မဟုတ်ပါဘူး။ ငါတို့ကသာ သင့်ကို ခွင့်လွှတ်ပါလို့ တောင်းပန်ရမှာပါ။ ငါဟာ သင့်ကို ဂရုစိုက်သင့်သလောက် မစိုက်ခဲ့ဘူး။ ငါဟာ မတရားဘူး။ ဒါကြောင့် ငါ့ကို ခွင့်လွှတ်ပါ။ ငါ နောင်တဖြစ်တာတော့ အချိန်လွန်နေပါပြီ။ ဒါပေမဲ့'' ဟုပြောပြီးလျှင် ဆို့လာသဖြင့် စကားကို အဆုံးသတ်အောင်မပြောနိုင်။

ပါဗယ်သည် ရုတ်တရက် မျက်နှာကြည်လာပြီး ''စိတ်မကောင်းမဖြစ်ပါနဲ့ အဖေ။ အဖေ့မှာ ဘာအပြစ်မှမရှိပါဘူး။ လူဗာကော ဘယ်မလဲ'' ဟုပြောသည်။

''ငါ ဒီမှာပါ ပါဗယ်။ ငါ့ကိုလည်း အပြစ်လွှတ်ပါ'' ဟု လူဗာက ပြောပြီးလျှင် ပါဗယ်၏နဖူးကိုနမ်းသည်။

''ကိုင်း ကိုင်း၊ မဟုတ်တာတွေ ပြောမနေကြနဲ့။ လာကြ၊ လာကြ အကုန်လုံး လာကြ။ လက်ဆွဲနှုတ်ဆက်ရအောင်။ သင်တို့လက်တွေ ပြိုင်တူပေးကြ။ ဟုတ်ပြီ ဒီလိုမှ ပေါ့'' ဟု အားလုံး၏လက်ကို စုကိုင်၍နှုတ်ဆက်ကာ ပါဗယ်ကပြောသည်။

ပြီးလျှင် ပါဗယ်က ''ငါတို့တစ်ယောက်နဲ့တစ်ယောက် မခွဲကြဘူး။ မေ့လည်း မမေ့ကြဘူး''ဟု ချိုသာစွာပြော၍ ပြတင်းပေါက်ကိုကြည့်နေသည်။ ထို့နောက် ''ဟိုလင်းလင်းက ဘာလဲ။ သြော် သိပြီ ငါ သေခါနီးမို့ နိမိတ်ထင်တာပဲ။ ကောင်းလိုက်တာ၊ ဘာမှအောက်မေ့စရာ ဝမ်းနည်းစရာမရှိဘူး''ဟု ပြော၍ အိပ်ပျော်သွားသည်။

''ကိုင်း ငါတို့သွားကြရင်ကောင်းမယ်။ ပါဗယ် အိပ်ပျော်သွားပြီ'' ဟု နီနာက ပြောသည်။

❋ ❋ ❋

## အခန်း (၁၀)

ဂိုရင်သည် သူ့ကတိအတိုင်း ပါဗယ်သေသောအခါ ဘုရားရှိခိုးကျောင်းကလေးတစ်ခုသို့သွား၍ သရဏဂုံတင်ပေးသည်။ ဗေရီးယားက သရဏဂုံတင် မတင်ဖို့ အတန်တန်ဖျက်သေးသည်။ သို့ရာတွင် ဂိုရင်က နားမထောင်။

ဗေရီးယားသည် ဂိုရင်ကို ပြော၍မနိုင်သည့်အဆုံးတွင် ပါဗယ်၏မသာကို သူကပင် ကမကထပြု၍ချပေးသည်။ အပုတ်ချပွဲများ၊ သေနတ်နှင့်ပစ်သတ်ပွဲများ၊ ချွေးတပ်ဆွဲခြင်းများ၊ အမျိုးမျိုးအဖုံဖုံမှ ကံကောင်းထောက်မ၍ မသေဘဲကျန်နေသော ရဟန်းတစ်ပါးက ပါဗယ်၏အလောင်းကို သရဏဂုံတင်၍ပေးသည်။ ထိုရဟန်းမှာ

www.burmeseclassic.com

www.burmeseclassic.com



ယခင်က ရောက်စတောက်မြို့ ဂိုက်းချုပ် ဆရာတော်ကြီးပင်ဖြစ်သည်။ မသာချသောအခါတွင် မနုစ်မြို့ဖွယ်ရာ တစ်စုံတစ်ရာ မဖြစ်စေနိုင်ရန်အတွက် ဗေရီးယားက ကွန်မြူနစ်ပါတီဝင်တစ်ကျိပ်နှစ်ယောက်ကို ဝမ်းနည်းသောအစည်းအရုံးများ၏ ကိုယ်စားလှယ်များအဖြစ်နှင့် လိုက်ပို့ကာ စောင့်ရှောက်ပေးစေသည်။

ပါဗယ်၏မသာကို ဆရာဝန်စိဗိတ်လည်း လိုက်ပို့သည်။ အလောင်းမြေကျခါနီးတွင် မသာပို့သူတို့က ပါဗယ်၏ခေါင်းကို အသီးသီးသွား၍ နှုတ်ဆက်ကြသည်။ စိဗိတ်လည်း မလွှဲသာသဖြင့် ခေါင်းနားသို့သွား၍ ဒူးထောက်ကာ နှုတ်ဆက်သည်။ နှုတ်ဆက်ရင်းနှင့် စိဗိတ်က "အရာခပ်သိမ်းအတွက် သင့်ကို ငါ ကျေးဇူးတင်ပါတယ် ပါဗယ်။ ဒါပေမဲ့ စိတ်ချမ်းသာအောင် နေတတ်တဲ့နည်းကလေးကို သင် ငါ့ပြောမသွားခဲ့တဲ့အတွက်တော့ ငါ စိတ်မကောင်းဘူး" ဟုပြောသည်။

နောက်တစ်နေ့တွင် ပါဗယ်၏အလောင်းကို သရဏဂုံတင်၍ ဘာသာရေးထုံးစံအရ မသာချသည့်အကြောင်းနှင့်ပတ်သက်၍ သတင်းစာများက တစ်လုံးတစ်ပါဒမျှ ထည့်၍မရေးကြ။ သို့ရာတွင် စတာလင်နှင့် ကြီးကိုင်အဖွဲ့ဝင်တို့က လက်မှတ်ထိုးထားသော ဝမ်းနည်းသည့်အကြောင်းကိုမူကား သတင်းစာများက စာမျက်နှာဖုံးမှနေ၍ ဖော်ပြကြသည်။

ဂိုရင်က စတာလင်တို့၏ ဇမ်းနည်းကြောင်းစာကိုမြင်သဖြင့် "သူတို့က ဘယ်လိုမှ မရေးကြရင်ကောင်းမှာပဲ" ဟု အောက်မေ့သည်။

ဤအကြိမ်တွင် ဆရာဝန်စိဗိတ်သည် ဗေရီးယား ရုံးခန်းသို့ရောက်သောအခါ သူသွားနေကျနေရာသို့ သွားသည့်ပမာ ရဲရဲဝံ့ဝံ့ကြီး ဝင်၍သွားသည်။ သူ့စိတ်ထဲတွင် ယခင်က ကဲ့သို့ ကြောက်လန့်နေခြင်း လုံးဝမရှိတော့။ ဗေရီးယား၏ရုံးခန်းစောင့် အရာရှိကို စိဗိတ်က လေသံခပ်မာမာဖြင့် သူရောက်သည့်အကြောင်းကို ဗေရီးယားအား သွား၍ အပြောခိုင်းပြီးလျှင် ကုလားထိုင်ပေါ်တွင် ခြေတစ်ဖက်ကို အခြားခြေတစ်ဖက်ပေါ်သို့တင်ကာ ထိုင်၍စောင့်နေသည်။ အခန်းစောင့်အရာရှိက ဆရာဝန်ကို ကာဖီတစ်ခွက်လောက် သုံးဆောင်ပါဦးဟုပင် ပြောသေးသည်။ စိဗိတ်က "ကျေးဇူးတင်ပါတယ်။ ရှိပါစေတော့" ဟု သူ့ရွှေသွားများကိုမြင်စေရန် ပြုံး၍ပြောသည်။

ဗေရီးယားသည် နှောင့်နှေးခြင်းမရှိဘဲ စိဗိတ်ကို အခန်းတွင်းသို့ ဝင်ခွင့်ပြုပြီး ကတ်ဗိတ်စီးကရက် ဆီး၍တည်သည်။ ပြီးလျှင် "စောင့်နေရတာ တော်တော်ကြာသွားသလား၊ စိတ်မရှိပါနဲ့" ဟု တောင်းပန်သည်။ ပြီးလျှင် ဆရာ့ကိုတွေ့ရတာ အင်မတန်ဝမ်းသာပါတယ်။ ဆရာ့လို ပညာရှိတဲ့ပုဂ္ဂိုလ်မျိုးနဲ့ စကားပြောရဖို့ဆိုတာ တော်တော်ကိုကြုံကြိုက်ခဲပါတယ်" ဟု ဆက်၍ပြောသည်။

စိဗိတ် စိတ်ထဲက "တယ်နိုင်ပါလား" ဟု အောက်မေ့လိုက်သည်။ ပြီးလျှင် သူ့စိတ်ထဲက ဗေရီးယားကိုပင် သနားမိသည်။ ဗေရီးယားမှာ ပါဗယ်ကဲ့သို့ စိတ်ချမ်းသာအောင်နေတတ်သောနည်းကိုမသိဘဲ သူ့အထက်ကလူများနှင့် တွေ့သောအခါ ကြောက်



ကြောက် ရွံ့ရွံ့နှင့်နေရပြီး ရူးချင် အ,ချင်ယောင်ဆောင်၍နေရမည့်ကောင်သာဖြစ်မည်ဟု စိဗိတ် သဘောရသည်။

စိဗိတ်သည် သူ၏အောင်မြင်မှုအတွက် စိတ်ကြီးဝင်လျက် အာသွက်လျှာသွက်ဖြစ်နေသည်။

ဗေရီးယားက "ဆရာ့ကို ဒီကိုခေါ်တာဟာ တခြားကြောင့်မဟုတ်ပါဘူး။ အစိုးရက ဆရာ့ကို ဆေးရုံအုပ်ဆရာဝန်ကြီးအဖြစ် ခန့်လိုက်ပြီဆိုတဲ့အကြောင်း ဝမ်းသာစကားပြောချင်တဲ့အတွက်ပါပဲ။ ဒီရာထူးဟာ ဆရာနဲ့ အင်မတန်ကို တော်တဲ့ရာထူးပါ။ ဆရာရဲ့ ပညာအရည်အချင်း၊ ဆရာရဲ့ အအုပ်အချုပ်ကောင်းခြင်း၊ နောက်ဆုံးပေါ်ဆေးကုနည်းကို နားလည်ခြင်း၊ ဆရာဝန်များက ဆရာ့ကို ရိုသေလေးစားကြခြင်းများနဲ့ တကွ ဆရာ့ရဲ့အကျင့်စာရိတ္တ ဖြောင့်မတ်တည်ကြည်၍ သမာဓိရှိခြင်းတို့အတွက် ဆရာ့ကို ဆေးရုံအုပ်ဆရာ ဝန်ကြီးခန့်ထားခြင်းဖြစ်ပါတယ်။ အခုလို ဆရာ ရာထူးတိုးတဲ့အတွက် ငါ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပါတယ် ဆရာဝန်ကြီး စိဗိတ်" ဟုပြောသည်။

စိဗိတ်မှာ သူ မျှော်မှန်းသော ဆေးရုံအုပ် ဆရာဝန်ကြီးရာထူးကိုရသွားပြီ။ ရွှေနာရီတစ်လုံးရဖို့နှင့် မြေခွေးပြေးအကတတ်ဖို့သာ ကျန်တော့သည်။ ဤအရာများကို နောက်တွင် ရနိုင်လိမ့်မည်။

ဗေရီးယားသည် ဆရာဝန်ကို အခန်းဝထိ လိုက်ပို့ပြီးလျှင် "ဟိုကိစ္စကို သင် ဆောင်ရွက်ပုံကတော့ တကယ်ပဲ သပ်ရပ်ပါပေတယ်။ တကယ်ပဲ သပ်ရပ်ပါပေတယ်" ဟုပြောသည်။ စိဗိတ်ထွက်သွားသောအခါ ဗေရီးယားသည် တခိခိရယ်၍ ကျန်ရစ်သည်။

***

## အခန်း (၁၁)

ပါဗယ်သေခြင်းနှင့် ဆရာဝန်စိဗိတ် ရူးသွပ်သွားခြင်းမှာ ထပ်ကြပ်ဖြစ်နေသဖြင့် လူဗာသည် သဘောပေါက်သွားပြီး အများကြီးကြောက်လာသည်။ "ဂိုရင့်နယ်နော့ဘာလို့များ ရုရှပြည်ပြန်လာပါလိမ့်၊ တခြားနိုင်ငံမှာ သွားနေရတာဟာ ဒီမှာနေရသလို စည်းစိမ်မကြီး ဂုဏ်ပကာသနမရှိပေမယ့် ဒီမှာလို ဘာမှကြောက်စရာမရှိဘူး။ တကယ်လို့ အီတလီပြည်မှာ မပျော်ဘူးဆိုရင်လည်း အမေရိကသွားနေနိုင်တာပဲ" ဟု လူဗာစိတ်ထဲက နောင်တဖြစ်မိသည်။ ပြီးလျှင် "နောက် ဘာတွေလျှောက်ဖြစ်ဦးမလဲ မပြောတတ်ဘူး" ဟု ကျယ်လောင်စွာညည်းလိုက်သည်။

လူဗာသည် သူ့စိတ်ထဲက အင်မတိအင်မတန် ကြောက်၍လာသော်လည်း ဂိုရင်ကို ဘာမျှဖွင့်၍မပြော။ ဂိုရင်လည်း စိတ်အားငယ်လျက်ရှိပြီးလျှင် ပါဗယ်သေရပုံကိုလည်း သင်္ကာမကင်းဖြစ်၍လာသည်။ ည ညအိပ်သည့်အခါတွင်လည်း ဂိုရင်သည်

www.burmeseclassic.com

www.burmeseclassic.com



ယောင်ယောင်ပြီးညည်းသည်။ နေ့နေ့တွင်လည်း ဆောက်တည်ရာမရ အိမ်ထဲတွင် ဖိနပ်တရှပ်ရှပ်နှင့် အမြဲတမ်း လမ်းသလား၍နေသည်။ ပြီးလျှင် အလင်းရောင်ကို မကြည့်ဝံ့သည့်ပမာလို ရှက်ကြောက်မှုယ်ရာ တစ်ခုခုကို ပြုမိထားသည့်ပမာလို မျက်မှောင်ကြီးကိုလည်း အမြဲကြုတ် ၍ကြုတ်၍နေသည်။

လူဗာမှာ သူ့သမီးနီနာအတွက် စိတ်ပူလာသဖြင့် တစ်နေ့တွင်နီနာကိုခေါ်၍ "သမီးရေ၊ တံခါးပိတ်လိုက်စမ်းဟော့၊ သင့်ကို ငါ ပြောစရာရှိတယ်" ဟုပြောသည်။

"ဘာပြောစရာရှိသလဲ အမေ"

"နီနာ၊ သင်ဟာ မငယ်တော့ဘူး။ ဒီတော့ ငါပြောတာကို သင် နားလည်လိမ့်မယ်လို့ ငါ မျှော်လင့်တယ်။ ဒီအိမ်မှာ သင်ဆက်နေရင် ဒုက္ခတွေ့လိမ့်မယ်။ ဒီအိမ်ဟာ တော်တော့်ကိုဇာတ်ရှုပ်နေပြီ"

"ငါ သိပါတယ်အမေ၊ ဒါပေမဲ့ အဖေက သဘောပေါက်ပါ့မလား"

"သင့်အဖေကို ငါ ကြည့်ပြောပါမယ်။ သင့်အဖေဟာ သင့်အကျိုးကို ငါ လိုလားသလိုပဲလိုလားတော့ သဘောပေါက်မှာပါပဲ" ဟု လူဗာကပြောသည်။ ပြီးလျှင် နီနာအနားသို့တိုး၍ လေချိုကလေးဖြင့် "သင်နဲ့ ယိုတ်ဗာကောက်ကိစ္စကော ဘယ်အခြေအနေ ရောက်နေပလဲ" ဟုမေးသည်။

"ယိုတ်ဗာကောက်ကို ငါက ကြိုက်နေတယ်ထင်လို့ မေးတာလား။ ငါက လုံးလုံးမကြိုက်ပါဘူး အမေရဲ့"

"သမီးက မကြိုက်ဘူးဆိုတာကို အမေသိပါတယ်။ ဒါပေမဲ့ အမေက မိတ်ဆွေတစ်ယောက်အဖြစ်နဲ့ပြောရမယ်ဆိုရင် ဒီကိစ္စမှာ သမီးက မေတ္တာရှိမရှိတာဟာ အရေးမကြီးဘူးထင်တယ်။ မေတ္တာဆိုတာ နောက် လင်ရယ်မယားရယ်ဖြစ်လာတော့လည်း ရှိလာ မှာပေါ့"

"မေတ္တာရှိလာမှာ မလာမှာတွေကို ပြောမနေပါနဲ့ အမေ။ ဒီကိစ္စကို ငါ ဆုံးဖြတ်ပြီးပါပြီ"

"ဪ သမီးက ဆုံးဖြတ်တောင်ပြီးပလား"

"ဟုတ်ပါတယ်။ ဆုံးဖြတ်ပြီးပါပြီ။ နိုဗိကောက်ကို နောက်ဆုံးတွေ့ပြီးတဲ့ အချိန်ကစပြီး ငါ့စိတ်ထဲမှာ ဘာကိုလုပ်ရမယ်ဆိုတာ တစ်ခါတည်း ရှင်းရှင်းလင်းလင်း မြင်လာပါတယ်။ ဒီကောင်ဟာ အပေါ်ယံက ရိုးသားဖြောင့်မတ်ပုံပေါ်အောင် မျက်နှာဖုံး တပ်ထားပေမယ့် အတွင်းသဘောက တော်တော်ကိုယုတ်မာတဲ့အကောင်။ အခုတော့ ငါလည်း နားလည်ပါပြီ။ ဒီတိုင်းပြည်မှာ ရိုးသားဖြောင့်မတ်တဲ့ လူကောင်းသူကောင်းတွေကိုကောင် ယုတ်မာတွေက မြေကြီးပေါ်ချပြီး ရက်ရက်စက်စက် နင်းပစ်နေကြပါတယ်။ ဒီတော့ ငါဟာ လီဒါလိုတော့ မြေကြီးပေါ်ချပြီး အနင်းမခံတော့ဘူး။ ဒီလောကကြီးဟာ မရက်စက်ရင် နေလို့မရဘူး။ ကိုယ့်ကိုယ်ကိုယ်ပါ ရက်စက်နိုင်မှဖြစ်မယ်။ အရင်က ခင်မင်စွဲလမ်းလာခဲ့တာတွေလည်း အကုန်လုံးရက်ရက်စက်စက် ဖြတ်ပစ်ဖို့လို



တယ်။ ဒီတိုင်းပြည်က ထွက်မပြေးနိုင်တဲ့အတူတူတော့ ကိုယ့်ကိုယ်ကိုယ်ပဲ တော်သလို ပြောင်းလွဲယူရမှာပဲ။ ရောမမြို့မှာနေရင် ရောမသားတွေလိုပဲကျင့်ရမယ်"

လူဗာသည် သူ့သမီး ပြောပုံဆိုပုံကိုကြား၍ ကြောက်လန့်လာပြီးလျှင် နီနာအနားမှ ဖယ်၍သွားသည်။

"တိုးတိုးသမီး တိုးတိုး ကြမ်းကြားလေကြား တွေ့ကရာတွေ မပြောကောင်းဘူး"

ခဏကြာသောအခါ လူဗာက "ယိုတ်ဗာကောက်အတွက်ကတော့ သေချာပြီဆိုပါတော့"ဟု သူ့သမီးကိုမေးသည်။

"ယိုတ်ဗာကောက်အတွက် မပူပါနဲ့ အမေ။ ငါက သေဆိုရင် ဒီကောင် တစ်ခွန်းတည်းပြောလိုက်ရုံနဲ့ သေပါတယ်"

လူဗာက သူ့သမီးကို အားရပါးရဖက်၍နမ်းပြီးလျှင် "နီနာရေ တို့ အီတလီပြည်မှာနေကြတုန်းက သိပ်ပျော်တာပဲနော်" ဟုပြောသည်။

"ဒါတွေ စမြုံ့ပြန်မနေနဲ့တော့ အမေ၊ မေ့ပစ်လိုက်ရင်ကောင်းတယ်"

"ဟုတ်ပါတယ်လေ၊ ဟုတ်ပါတယ်။ ဒီမှာနေရတာတော့ သိပ်ရင်လေးတာပဲ သမီးရယ်။ ဒါထက် ယိုတ်ဗာကောက်ကိုတော့ ပြောဆိုပြီးပြီပေါ့။ ဘယ်တော့ဆီလောက် မင်္ဂလာဆောင်ဖို့ကြံသလဲ။ ထုံးစံရှိတဲ့အတိုင်း အကုန်လုံး ကျကျနန လုပ်မှဖြစ်မယ်နော်။ ဒီကိစ္စနဲ့ပတ်သက်လို့ အမေ့ကိုလည်း သမီး ဘာမှပြောမပြသေးဘူး"

"ဘာမှပြောစရာမရှိဘူး အမေ။ ငါကိုယ်တိုင် သူ့ဆီကိုသွားမယ်။ မနက်ဖြန်ခါပဲသွားမယ်"

"သမီးက သူ့ဆီသွားရမှာလား။ နက်ဖြန်ခါပဲသွားမှာလား"

ထိုအခိုက်တွင် နီနာမှာ တံခါးပေါက်နားသို့ရောက်၍နေပြီ။ ပြီးလျှင် "ငါ့ဟာငါ ဘာကိုလုပ်နေတယ်ဆိုတာ ငါ သိပါတယ်။ သင်က အဖေ့ကိုသာ သွားပြီး နားသွင်းထားနှင့်ပါ" ဟု လူဗာကို ဣန္ဒြေရရပြောပြီးလျှင် အခန်းထဲမှ ထွက်သွားသည်။

※ ※ ※

## အခန်း (၁၂)

မှန်သည်။ နီနာသည် သူ့ဟာသူ ဘာကိုလုပ်နေသည်ဆိုတာကို ကောင်းကောင်းသိသည်။ နောက်တစ်နေ့ နီနာသည် သူ့အိမ်မှထွက်ခွာရန် အသင့်ပြင်ဆင်၍ နေသည်ကို လူဗာတွေ့ရသည်။ နီနာသည် အဝတ်အစားများကို ကြော့နေအောင်ဝတ်ဆင်ထားသည်။ လူဗာ့စိတ်တွင် သူ့သမီးမှာ အလုံးအရပ်ပင် ကြီးထွားသည်ဟု ထင်မိသည်။

အစေခံများက အထုပ်အပိုးများကို သယ်ချနေကြစဉ်တွင် နီနာသည် သူ့အဖေကို သွား၍နှုတ်ဆက်သည်။ ဂိုရင်က အခန်းပေါက်မှ ဆီး၍ကြိုလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



နီနာသည် သူ့အဖေကို ပြေး၍ဖက်ပြီးလျှင် ''သင်တို့ကို ပစ်သွားတဲ့အတွက် စိတ်မရှိပါနဲ့ အဖေရယ်၊ ငါ နေ့တိုင်း နေ့တိုင်း သင်တို့ကို လာတွေ့ပါမယ်'' ဟုပြောသည်။

''အခု သင် သွားတော့မယ်ပေါ့။ ငါတို့ကို သင် မေ့သွားမှာပါပဲ''

နီနာက မျက်စိများကို တအားမှိတ်၍ ခေါင်းခါပြသည်။

''အဖေက အလကားပြောတာပါ မငိုပါနဲ့။ မုန်းစမ်း သမီး ဘယ်လောက်ချောသလဲ အဖေ ကြည့်စမ်းမယ်''ဟု ပြောပြီးလျှင် ဂိုရင်သည် သူ့ သမီးကိုတွန်း၍ ဖယ်လိုက်ပြီးလျှင် ခပ်လှမ်းလှမ်းမှ သေသေချာချာကြည့်၍နေသည်။

''တယ်ချောတာပဲဟေ့ လူဗာရေ၊ သင့်သမီးကိုကြည့်စမ်းပါဦးကွာ။ သင် ငယ်ငယ်ကလိုပဲ သိပ်ချောတာပဲ။ တို့အီတလီပြည်မှာနေကြတုန်းက သင့်ရုပ်ဟာလည်း ဒီအတိုင်းပေါ့။ အင်း ဟိုတုန်းကတော့ တယ်ပျော်တာပဲ''

လူဗာသည် ဝမ်းနည်း၍လာသဖြင့် ဟန်လုပ်၍ ပြုံးလိုက်ပြီးလျှင် ''ငါလည်း ဟိုတုန်းကဟာတွေပဲ ပြန်ပြီးသတိရနေတယ်''ဟုပြောပြီးလျှင် ဆို့လာသဖြင့် စကား ဆက်၍ မပြောနိုင်။

''တော်ပါပြီကွာ။ လူဗာကလည်း မျက်ရည်စက်လက် လုပ်မနေပါနဲ့တော့။ တကယ်ဆိုတော့ အခုလိုဖြစ်တာပဲကောင်းပါတယ်။ နီနာဟာ ဗျစ်တောက်ဗျစ်တောက် လုပ်နေကြတဲ့ အဘိုးကြီးအို အမယ်ကြီးအိုတွေနဲ့ ဆက်ပြီးနေလို့ အကျိုးမထူးပါဘူး၊ ဟေ့ ချိပ်ရောက်ရေ တို့ကိုသေရည်တစ်ခွက်စီပေးကွ၊ ခွဲခွာခါနီး တို့သောက်ကြမယ်''

ချိပ်ရောက်က သေခွက်များကို ယူလာသောအခါ ဂိုရင်က ''သင်နဲ့ လူဗာက ယိုတ်ဗာကောက်ကို ရွေးလိုက်ကြပြီ။ ကောင်းတယ်၊ ငါတော့ အခုကာလလူငယ်တွေ အကြောင်းကို နားမလည်ဘူး။ ပြီးတော့ ငါလည်း မိန်းကလေးမဟုတ်တော့ ငါသိဖို့ ဘာမှမလိုဘူး'' ဟုပြောသည်။

''ယိုတ်ဗာကောက်ဟာ တခြားယောက်ျားတွေထက် ထူးပြီးလည်း မဆိုးဘူး၊ ထူးပြီးလည်း မကောင်းပါဘူး အဖေ။ ဟိုတစ်နှစ်လောက်အလွန်တုန်းကဆိုရင် ငါ့စိတ်ထဲက ငါချစ်တဲ့သူဟာ တစ်လောကလုံးမှာ အကောင်းဆုံး အမြတ်ဆုံးလို့ ထင်မိခဲ့ပါတယ်။ ဒါနဲ့ စိတ်ချမ်းသာမှု သမုဒ္ဒရာကြီးထဲကို ခေါင်းစိုက်ပြီး ငါ ခုန်ချလိုက်တော့မယ်လို့ ကြံစည်မိတယ်။ နောက်တော့လည်း အကုန်ပျက်စီးကုန်တာပဲ။ ဒီတော့ ငါ အများကြီး စိတ်မကောင်းဖြစ်သွားတာဆိုတာလည်း အဖေသိတဲ့အတိုင်းပါပဲ။ အခုလည်းပဲ ငါ့စိတ်ကို ငါ မထိန်းနိုင်လို့ မဟုတ်ပါဘူး။ လောကမှာ စိတ်ကူးနဲ့ရှုးနေလို့မဖြစ်ပါဘူး အဖေ''

''မှန်ပါတယ် သမီး မှန်ပါတယ်။ အခုကိစ္စမှာ အဖေက ဘာမှ ကန့်ကွက်စရာ မရှိပါဘူး။ အဖြစ်က မြန်လွန်းလို့သာ အဖေကပြောတာပါ။ ဘယ်တုန်းက ဘယ်လိုအချိန်ရပြီး ဒီကိစ္စကို ပြီးအောင်စီစဉ်လိုက်ကြတယ်ဆိုတာကိုပဲ အဖေက အံ့ဩမိပါတယ်။ အနို့ ယိုတ်ဗာကောက်က သင့်ကို လာခေါ်မလား''



''သူလာမခေါ်ပါဘူး။ တကယ်ဆိုတော့ သူ့ဆီကိုတောင် စကားပြောကြေးနန်းနဲ့ ဆက်ပြီး မပြောရသေးပါဘူး''

''ဘုရားရေ။ ဒီလိုဆိုတော့ သမီးဘက်က သိပ်သေချာနေတာပေါ့။ သတိထားနော် သမီး။ ယောက်ျားက ပယ်လွှတ်လိုက်တယ်ဆိုရင် မိန်းမဟာ ဂုဏ်အများကြီး ပျက်သွားတတ်တယ်''

သေခွက်ကိုကိုင်ထားသော နီနာ၏လက်သည် တုန်၍နေသည်။

''တစ်ခါသေ့ဖူးပြီးပါပြီ အဖေ။ ဒါထက် သူ အလုပ်မသွားခင် ငါ မီအောင်သွားမှ ဖြစ်မယ်''

နီနာသည် သူ့အဖေကို ထပ်၍နမ်းပြီးနောက် ချိပ်ရောက်ကိုပါနမ်းပြီးလျှင် ''ဒီမှာ အဘိုးချိပ်ရောက် ငါ့ကိုယ်စား အဖေ့ကိုကြည့်ပြီး စောင့်ရှောက်လိုက်ပါ'' ဟုပြောသည်။

''ဒီတစ်ခါ ငါပေါ့ရင်တော့ ငါ့ကိုသတ်ပါနီနာ။ ငါ့အပြစ်ပါ။ ပါဗယ် သေရတာဟာ ငါ ညံ့လို့ပါ'' ဟု ချိပ်ရောက် တုန်တုန်ယင်ယင်နှင့်ပြောသည်။

''ချိပ်ရောက်က မဟုတ်တာတွေပြောမနေပါနဲ့ကွယ်။ သင့်ကို ဘယ်သူက အပြစ်တင်နေလို့လဲ'' ဟု ဂိုရင်က ပြောသည်။

ချိပ်ရောက်က နှုတ်ခမ်းများတတုန်တုန်နှင့် ''ဒီတစ်ခါတော့ ငါ့ကို အရင်သတ်ပြီးမှပဲ ဒင်းတို့ကြံလို့ရတော့မယ်'' ဟုပြောသည်။

နီနာက သူ့အဖေပေးထားသော အီတလီပြည်လုပ် ပက်လက်မော်တော်ကားကြီးပေါ်သို့တက်ခါနီးတွင် ''အမေ တစ်နေ့ကျရင် ပါဗယ်သတ်တဲ့အကောင်ကို ငါ လက်စားချေပြမယ်'' ဟုပြောသည်။

''မကြံစည်ကောင်းတာတွေ မကြံစည်ပါနဲ့ သမီးရယ်။ ဘုရားမျက်နှာထောက်ပါ။ ဒီလိုဆိုရင် ငါ သင်နဲ့လိုက်နေရင် ကောင်းမယ်ထင်တယ်'' ဟု လူဗာက ပြောသည်။

''မလိုပါဘူး အမေ'' ဟုပြောပြီးလျှင် နီနာသည် မော်တော်ကားပေါ်သို့ တက်၍ သွားသည်။

နီနာ၏မော်တော်ကား ထွက်၍သွားသောအခါ ဂိုရင်က လူဗာ၏ခါးကိုဖက်၍ ''အင်း၊ တို့နှစ်ယောက်ပဲရှိတော့တယ် လူဗာရေ'' ဟုပြောသည်။

''သင်က ဝမ်းနည်းသလား ဂိုရင်''

''ဝမ်းမနည်းဘဲနေပါ့မလား လူဗာရဲ့။ ဒါပေမဲ့ စဉ်းစားကြည့်တော့လည်း နီနာ လုပ်တာမှန်တာပဲ။ တစ်ခုပဲရှိတယ်။ နီနာ စိတ်မခိုင်မှာပဲစိုးတယ်''

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ယိုတ်ဗာကောက်နေသောဝင်းထဲတွင် ဗေရီးယားတို့၊ ဒူးရောက်တို့၊ ကာယိုရင်တို့ အစရှိတဲ့ ပြည်နယ်ကွန်မြူနစ် ခေါင်းဆောင်ကြီးများနေကြသည်။

နီနာ၏ကားဝင်လာသောအခါကို လက်နက်ကိုင် အစောင့်စစ်သားများက သိနေကြသဖြင့် ဆီး၍မစစ်။

"ထောင်တစ်ထောင်ကနေပြီး ထောင်တစ်ထောင်ကိုတော့ ပြောင်းလာရပြန်ပြီ" ဟု နီနာ့စိတ်ထဲက အောက်မေ့သည်။ နီနာသည် ကောင်းကင်က တိမ်တိုက်များကိုကြည့်၍ သူတို့လို လွတ်လွတ်လပ်လပ် နေချင်စိတ်ပေါ်လာသည်။

သို့ရာတွင် နီနာ့အဖို့တွင် ပျော်ရွှင်လွတ်လပ်စွာ နေနိုင်သောဘဝသည် ကုန်ဆုံးခဲ့ပြီ။ လောကတွင်-ပျော်ရွှင်စွာနေရဖို့ဆိုသောအလုပ်မှာ မဖြစ်နိုင်သော အလုပ်ဖြစ်သည်ကို နီနာ သဘောပေါက်ပြီ။ နီဇိကောက် ပြောသလိုပင်။ လူရယ်လို့ဖြစ်လာလျှင် ကိုယ့်အသက်ကို တစ်နည်းနည်းနှင့် ကြံ၍မွေးရတော့မည်။ လောကကြီးကို ယောကျာ်းများ အုပ်စိုးနေသဖြင့် သူတို့အဖို့တွင် အသက်မွေးဖို့ အရေးမကြီးသော်လည်း နီနာလို မိန်းမသားတစ်ယောက်သည် လောကကြီး၏ဒဏ်ကို ခံနိုင်ပါမည်လော။

နီနာမှာ ကြောက်စိတ်ဝင်စပြုလျက်ရှိပြီ။ "ငါ အိမ်ပြန်ရင် ကောင်းမယ်ထင်တယ်" ဟု အောက်မေ့ပြီးလျှင် တစ်ဖန် "အို ဘာလို့ အားလျော့ရမလဲ။ ဘာလို့ အားလျော့ရမလဲ" ဟု သူ့ကိုယ်သူ အားပေးပြန်သည်။

ခါးကုန်းနေသော သူ့အဖေကိုသတိရသဖြင့် "အို သနားလိုက်တာ" ဟု အောက်မေ့သည်။ ထို့နောက် ကြောက်လန့်နေသော သူ့အမေကို သတိရပြန်ပြီးလျှင် "ငါ့အမေ အကြောက်ပြေအောင် ဘယ်လိုလုပ်ရပ့်" ဟုကြံမိသည်။ ထို့နောက်တစ်ဖန် သူ့အစ်ကို ပါဗယ်ကိုတွေးမိ၍ "အင်း နိုင်ငံခြားသွားခွင့် မပေးဘဲနဲ့ ငါ့အစ်ကိုကို သူတို့သတ်ပစ်ကြတယ်" ဟု ညည်းသည်။

ပြီးလျှင် လီဒါကို သတိရ၍ "လီဒါတစ်ယောက်တော့ ဘယ်များရောက်နေတယ် မသိဘူး။ သေများသေပလား မပြောတတ်ဘူး" ဟု တသမိသည်။

နောက်ဆုံးတွင် နီနာသည် စိတ်ကိုတင်း၍ "ငါ ဘာလို့အားလျော့ရမှာလဲ။ တစ်နေ့မယ် ဒင်းတို့အပေါ် ငါ လက်စားချေချင်တောင် ချေနိုင်ဦးမယ်။ ဒီနေ့ကစပြီး ငါပြောတဲ့စိတ်တွေ အကုန်မယ်ပြီး လက်စားချေတဲ့စက်ကြီးလို အကုန်လုံးကို လျှောက်ဝါးတော့မယ်" ဟု သူ့ကိုယ်သူ အားပေးသည်။

"ဒါက ဗေရီးယားနွေရာသီအိမ်ပါ။ ဟိုဘက်က ယိုတ်ဗာကောက်ရဲ့ အိမ်ပါ" ဟု မော်တော်ကားမောင်းသမားက ပြောသည်။

နီနာလာကြောင်းကို ကြားသောအခါ တစ်ညလုံး မှူးယစ်ပျော်ပါးထားသဖြင့် အိပ်ချင်မပြေသော မျက်နှာဖြင့် ယိုတ်ဗာကောက်သည် နီနာ့ဆီသို့ ကမန်းကတမ်း ပြေး၍ကြိုသည်။



"နီနာ သင် တစ်ယောက်တည်းလာသလား"

"ဒီမှာ ယိုတ်ဗာကောက် သင်နဲ့နေဖို့ ငါလာခဲ့တာ"

"ဝမ်းသာလိုက်တာ နီနာရယ် ဝမ်းသာလိုက်တာ" ဟု ပြောပြီးလျှင် ယိုတ်ဗာကောက်သည် နီနာကိုနမ်းမည်ဟု ကြံစည်လိုက်သည်။ သို့ရာတွင် နီနာ၏မျက်နှာထားမှာ တည်တည်ကြီးဖြစ်နေသဖြင့် မနမ်းဝံ့ဘဲ "အခုပဲ ငါလာမယ် နီနာ၊ ခဏကလေး စောင့်ပါ" ဟုပြောပြီးလျှင် သူ့အိမ်ပေါ်သို့ အတင်းပြေးတက်သွားသည်။

အိမ်ပေါ်သို့ရောက်သောအခါ သူ့ဘဏ္ဍာစိုးကို "ဟေ့ ဗန်ကာရေ၊ အိမ်ပေါ်က ကောင်မတွေကို နောက်ဖေးပေါက်ကနေပြီး အကုန်ကန်ထုတ်လိုက်ဟေ့။ မြန်မြန်လုပ်နော်။ အိမ်ပေါ်မှာ သူတို့နဲ့ဆိုင်တာ ဘာမှအစအနမတွေ့စေနဲ့" ဟု အမိန့်ပေးသည်။

"ဘာဖြစ်လို့လဲ။ မော်စကိုမြို့က သင့်အဖေ လာလို့လား။ ဘာလို့လဲ"

"ငါ့မိန်းမလာနေတယ်။ ငါ မင်္ဂလာဆောင်တော့မလို့ မြန်မြန်လုပ်ပါကွ။ အိမ်ပေါ်ကို ရောက်နေပြီ" ဟု ဗန်ကာကိုပြောပြီးလျှင် ယိုတ်ဗာကောက်သည် နီနာ့ဆီသို့ ပြန်၍လှည့်သွားသည်။

"နီနာရေ၊ ခဏထိုင်ပါဦး။ သင့်ဖို့ အခန်းရှင်းနေပါသေးတယ်" ဟု ပြောပြီးလျှင် ယိုတ်ဗာကောက်သည် နီနာကို သူ့အလုပ်ခန်းထဲသို့ ခွဲ၍ခေါ်သွားသည်။

ထိုအခိုက်တွင် အိပ်မှုန်စုံမွှား၊ ခေါင်းစုတ်ဖွားနှင့် ကိုယ်ကြပ်အင်္ကျီကိုသာ ဝတ်လျက်ရှိသော မိန်းကလေးများကို ဗန်ကာက ထရပ်ကားကြီးပေါ် အတင်းတင်၍ ပေးနေသည်။ ပါတီအမှုဆောင်အဖွဲ့၏ အသုံးတော်ခံ လီလီကိုမူ ဗန်ကာက ကိုယ်တိုင်ပွေ့၍ ကားပေါ်သို့ တင်ပေးပြီးလျှင် သူ၏ဆူဖြိုးသော တင်ပါးကြီးကို လက်ဝါးနှင့်ပုတ်၍ "တယ်ဝတဲ့ဟာမကြီးပါလား" ဟု အရွှန်းပြောလွှတ်လိုက်သည်။

အဝတ်အစားလုံခြုံအောင် မဝတ်ရသေးသော မိန်းကလေးများသည် အကြောင်းမည်သို့ဟုမသိသဖြင့် ဒေါသထွက်ပြီး ပါးစပ်ကတွတ်တွတ် တွတ်တွတ်နဲ့ ဆဲလျက်ရှိကြသည်။ ထရပ်ကားထွက်သွားသောအခါ ဗန်ကာက သူတို့၏အင်္ကျီ လုံချည်များ၊ ဖိနပ်များ၊ ခြေအိတ်များကို လုံး၍ထုတ်ပြီးလျှင် ကားပေါ်သို့ပစ်တင်ပေးလိုက်သည်။

"တအားမောင်းသွားဟေ့။ ပြီးတော့ သူတို့ကိုလမ်းမှာ တစ်နေရာရာ ချပေးခဲ့ပြီး သင်လည်း မြန်မြန်ပြန်ခဲ့" ဟု ဗန်ကာက မော်တော်ကားမောင်းသမားကို မှာသည်။

ထို့နောက် ဘဏ္ဍာစိုးသည် သူ့ကိုယ်ကိုသူ သပ်ရပ်အောင်လုပ်ပြီးလျှင် နီနာ့ဆီသို့လာပြီးလျှင် နီနာအား သူ့အခန်းသို့လိုက်ပို့သည်။ ထိုအခိုက်တွင် ယိုတ်ဗာကောက်သည် အခြားအခန်းသို့သွား၍ အစေခံများကို အသံကြောင်ကြောင်နှင့်ဟစ်အော်ကာ အမိန့်ပေး၍နေသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

ဗန်ကာသည် ယိုတ်ဗာကောက်၏အလိုကို အင်မတန်သိတတ်သော လူယုံတော် ဖြစ်သည်။ ဗန်ကာသည် အခန်းတံခါးများကို ခြေထောက်ဖြင့်ကျင်လည်စွာ ကန်၍ဖွင့် ပြီးလျှင် နီနာ၏ရှေ့ကသွားသည်။ တစ်ခါတစ်ခါ နီနာကို မျက်နှာလုပ်လိုသောသဘော ဖြင့် သွားဝါကြီးများကိုဖြဲကာ သမင်လည်ပြန် ပြန်၍ ပြန်၍ကြည့်သည်။

"မဟုတ်မှလွဲရော ဒီကောင်ဟာ သူခိုးပဲထင်တယ်" ဟု နီနာက ဗန်ကာအပေါ် မှတ်ချက်ချလိုက်သည်။

ကျယ်ဝန်း၍ကော်ဇောခင်းထားသော အိပ်ခန်းကြီးသို့ရောက်သောအခါ "ဒီနေရာကို သဘောကျပါရဲ့လား။ ယိုတ်ဗာကောက်က ဒီအခန်းကို သင့်အတွက် ပြင်ထားတာ ကြာလှပါပြီ။ ဒါ ငါ့မိန်းမ လာတဲ့အခါမှာနေဖို့၊ ဒီအိမ်မှာတော့ ဒီတစ်ခန်း ဟာ အကောင်းဆုံးပဲလို့ ယိုတ်ဗာကောက်က ပြောပါသည်" ဟု ဗန်ကာက နီနာကို ပြောပြသည်။

ပြီးလျှင် ဗန်ကာက မွေ့ရာကြီး ဖောင်းအိညက်သောကြောင်းကို လက်နှင့်ဖိ၍ပြ သည်။ နီနာက အခန်းထဲသို့ ဟိုမှသည်မှလှည့်၍ ကြည့်သောအခါ အခန်းလယ်ခေါင်တွင် အထုပ်တစ်ခုကိုမြင်သည်။

ထိုအခါ ဗန်ကာက "တယ်မိုက်တဲ့ဟာတွေပဲ။ အခန်းလည်းရှင်းထားပါ ဆိုတာ ရှင်းမထားဘူး"ဟုပြောပြီးလျှင် အထုပ်ကို သူ့ကိုယ်နှင့်ကွယ်၍ကောက်သည်။ အထုပ်သည် ပြေသွားသဖြင့် အထုပ်ထဲမှ မိန်းမစီးခွာမြင့်ဖိနပ်တစ်ရံ၊ မိန်းမဝတ်အင်္ကျီ တစ်ထည်၊ မိန်းမအတွင်းခံဘောင်းဘီတစ်ထည်နှင့် ရင်သားသိုင်းကြိုးတစ်သွယ် ကြမ်းပေါ်သို့ကျသွားသည်ကို နီနာ မြင်လိုက်သည်။ ဗန်ကာသည် သူ့မျက်စိက နီနာကို အကြည့်မပျက်ဘဲ ထွက်ကျကျန်သော ပစ္စည်းများကို ကပျာကယာကောက်ပြီး ပြန်ထုပ် သည်။ သို့ရာတွင် လက်ချော်သွားသည့်ပမာ ထိုပစ္စည်းများသည် ကြမ်းပေါ်သို့ ပြန်ကျကျန် ပြန်သည်။ ထိုအခါ ဗန်ကာသည် ပြောင်ချော်ချော်လုပ်၍ လေးဘက်ထောက်လျှောက်၍ သွားသည်။

နီနာသည် အများကြီး စိတ်ဆိုးလာသဖြင့် ဗန်ကာကို "အပြင်ထွက်သွား စမ်း" ဟု ဣန္ဒြေနှင့်ပြောလိုက်သည်။

ဗန်ကာထွက်သွားသောအခါ နီနာသည် ကုလားထိုင်ပေါ်တွင်ထိုင်၍ "ကြံ့ကြံ့ခံ နီနာ၊ ဒါဟာ အစပဲရှိသေးတယ်"ဟု သူ့ကိုသူ အားပေးသည်။

ခဏနေလျှင် တံခါးကိုဖြည်းညင်းစွာခေါက်၍ ယိုတ်ဗာကောက် ဝင်လာပြီး လျှင် "နီနာ ဒီအိမ်ဟာ သင့်အိမ်ပဲ။ အစေခံတွေကိုလည်း ခိုင်းသာခိုင်း။ အကုန်လုပ်ဖို့ ငါမှာထားပြီးပါပြီ"ဟုပြောသည်။ ထို့နောက် ဘာစကား ဆက်ပြောရမှန်းမသိသဖြင့် ယိုတ်ဗာကောက်သည် ကြောင်၍နေသည်။



"သင် အလုပ်နောက်ကျနေလိမ့်မယ် သွားတော့လေ" ဟု နီနာက ပြောသည်။

"အလုပ်က နောက်ကျလည်း အရေးမကြီးပါဘူး။ သင် ဒီအိမ်ကို ရောက်လာ ဖို့ ငါ တောင့်တနေတာကြာပြီ။ ဒါပေမဲ့ ငါ့စိတ်ထဲကတော့ သိပ်ပြီး မျှော်လင့်ချက် မထားရဲဘူး။ သင်က ငါ့ကို ချစ်တယ်လို့ ငါ မထင်ဘူး"

"မိန်းမစိတ်ဆိုတာက လင်းနို့များပျံသလိုပဲ ဘယ်ဘက်ကို ပျံမယ်လို့ တင်ကြိုဟောကိန်းထုတ်လို့ ရတာမျိုးမဟုတ်ဘူး"

ယိုတ်ဗာကောက်က ကမူးရှူးထိုးနှင့် နီနာ့အနားသို့ တိုးလာသည်။ သူ၏ မျက်တွင်းကျ၍နေသော မျက်လုံးကြီးနှစ်လုံးကလည်း ဝိုင်း၍နေသည်။ နီနာသည် ယိုတ်ဗာကောက်၏ မျက်လုံးကြီးများကိုကြည့်ပြီး ရက်သွေးဝင်လာသည်။

"ငါတို့မင်္ဂလာဆောင်ပြီးလို့ မှတ်ပုံတင်ပြီးမှပဲ အတူတူအိပ်ကြမယ်နော် ယိုတ်ဗာကောက်"

"ဒါဖြင့် နီနာရေ နက်ဖြန်ခါပဲ ငါတို့ မှတ်ပုံသွားတင်ကြမယ်။ မင်္ဂလာလည်း နက်ဖြန်ခါပဲဆောင်ကြမယ်။ အို··· နက်ဖြန်ခါမဖြစ်သေးဘူး။ နောက် ရက်သတ္တပတ် ကျမှပဲ မှတ်ပုံလည်းတင် မင်္ဂလာလည်းဆောင်ကြမယ်။ မော်စကိုမြို့ကို ငါ့အဖေဆီ အကြောင်းကြားချင်သေးတယ်"

ယိုတ်ဗာကောက်က တစ်ချက်လောက်အော်လိုက်လျှင် သူ့အဖေလောက် ရှိသော အစေခံကြီးများပင်လျှင် ဒူးတုန်၍နေသည်ကို မြင်ဖူးသဖြင့် နီနာ့စိတ်ထဲက "တယ် မိဘရိုသေပါလား"ဟု အောင့်ကာ ဝမ်းသာသွားသည်။

ပြီးလျှင် နီနာက "သင့်ကို အရင်က ငါ မချစ်ပေမယ့် အခုကြိုးစားပြီး ချစ်ပါမယ်။ ဒီလိုမှပဲ တို့နှစ်ယောက်လုံးအတွက် ကောင်းမှာ"ဟုပြောသည်။

"သင်ရဲ့အချစ်ကို ခံယူထိုက်အောင်လည်း ငါက ကြိုးစားပါမယ် နီနာ" ဟု ယိုတ်ဗာကောက်က ပြောသည်။

နီနာစိတ်ထဲက "ဒီလိုလူမျိုးဟာ ငါ ပြုပြင်ပေးလိုက်ရရင် စိတ်သဘော ပျော့ပျောင်းသွားမှာပဲ"ဟု အောက်မေ့၍ တစ်ဖန် "မမိုက်ချင်ပါနဲ့တော့ နီနာ၊ သင်ဟာ ခံမှန်ဖူးတာလဲ နှစ်ခါရှိပါပြီ။ ဒါလောက်ဆိုရင် သင့်အဖို့ တော်လောက်ရောပေါ့" ဟု အောက်မေ့ပြန်သည်။

"ဘာမှထူးပြီး ကြိုးစားမနေပါနဲ့ ယိုတ်ဗာကောက်၊ သင့်မူရင်းအတိုင်းပဲ နေပါ။ ငါလည်း ဒါလောက် ဇီဇာမကြောင်ပါဘူး။ ဒါပေမဲ့ သင့်ဘဏ္ဍာစိုးတော့ ငါ မကြည့်ချင်ဘူး"ဟု နီနာက ပြောသည်။

"ဗန်ကာက သင်မကြိုက်တာ ဘာများလုပ်သလဲ"

www.burmeseclassic.com

www.burmeseclassic.com



''သင့်ဘဏ္ဍာစိုးက သိပ်ရိုင်းစိုင်းတယ်''

ယိုတ်ဗာကောက်သည် နီနာကို နောက်ထပ် ဘာမျှမမေးဘဲ တံခါးကိုဖွင့်ပြီး ဗန်ကာကို လှမ်း၍ခေါ်လိုက်သည်။

ဗန်ကာသည် ရုတ်တရက် ရောက်လာပြီး ငါ့ဆရာက ငါ့ကိုလက်မလွှတ်နိုင်ပါဘူးဆိုသော မျက်နှာထားမျိုးနှင့် ပြုံးစိစိကြီးလုပ်နေသည်။ ဗန်ကာသည် သူ့ဆရာအိမ်သို့ သူ့ထက် တန်ခိုးကြီးသူ ရောက်လာသည့်အဖြစ်ကိုမသိ။

''ဗန်ကာ သင်ဟာ လူ့ဝတ်ကို ဘာမှနားမလည်သေးဘူး''ဟု ပြောပြီးလျှင် ယိုတ်ဗာကောက်သည် ဗန်ကာ၏ပါးစပ်ကို လက်သီးနှင့် ပိတ်၍ထိုးလိုက်သည်။ နီနာမှာ လန့်သွားသဖြင့် ထိုင်ရာမှမတ်တတ်ရပ်လိုက်သည်။ ယိုတ်ဗာကောက်သည် စိတ်ဆိုးမပြေသေးသဖြင့် ''သွား အလုပ်ဌာနခွဲကိုသွားပြီး သင့်ကို အလုပ်ဖြုတ်လိုက်ပြီဆိုတဲ့အကြောင်း အစီရင်ခံချေ''ဟု အမိန့်ပေးလိုက်သည်။

ဗန်ကာ၏မျက်နှာတွင် သွေးဆုတ်သွားသည်။ ဗန်ကာသည် ဒူးထောက်လျက် လဲသွားပြီးလျှင် သေဘေးကိုရောက်ရမည့်အရေးကဲ့သို့''ငါ့ကိုခွင့်လွှတ်ပါ၊ ငါ မှားသွားပါတယ်။ နောက်ကိုထပ်ပြီး မမှားစေရပါဘူး။ ငါ့ကို အလုပ်ထုတ်မပစ်ပါနဲ့၊ သင့်ကျွန်ပိုင်လို ငါ သင့်အမှုကို ထမ်းပါရမယ်''ဟု ဗန်ကာက အသနားခံသည်ကိုမြင်သဖြင့် နီနာမှာ အများကြီးလန့်၍သွားသည်။

''သွားစမ်း'' ဟုအော်ပြီးလျှင် ယိုတ်ဗာကောက်သည် ဗန်ကာကို စကြိန်ဆောင်သို့ ကန်ထုတ်လိုက်သည်။

နီနာစိတ်ထဲက ယိုတ်ဗာကောက်သည် သူ၏ ကြမ်းတမ်းသောအပြုအမူအတွက် သူ့ဟာသူရှက်သွားလိမ့်မည်ဟုထင်သော်လည်း ယိုတ်ဗာကောက်မှာ လုံးဝရှက်ခြင်းမရှိဘဲ သူ့ဟာသူ ကျေနပ်ဟန်ဖြင့် နီနာ့ဆီသို့ ပြုံး၍လာပြီးလျှင် နီနာ၏ပခုံးကိုဖက်၍ ''နီနာရေ သင်နဲ့ငါနဲ့တော့ နှစ်ယောက်သား နှစ်ကိုယ့်တစ်စိတ်ဖြစ်ကြမှာပဲ''ဟုပြောသည်။

ယိုတ်ဗာကောက်သည် **သူ့စရိုက်အတိုင်း** လုပ်လိုက်ရသဖြင့် နေသာထိုင်သာရှိသွားပြီး နီနာနှင့်ဆက်ဆံရာတွင် **အိုးတိုးအမ်းတမ်းမဖြစ်တော့ဘဲ** နီနာ့အနားသို့ကပ်၍ခေါင်းကိုငုံ့ကာ နီနာကို ပထမ**အကြိမ်စ၍နမ်း**လိုက်သည်။ နီနာမှာ သူ့စိတ်ထဲက မနှစ်မြို့ချက်ကို အတော်မြိုသိပ်၍ **ထိန်းထား**ရသည်။ ပြီးလျှင် နီနာက ယိုတ်ဗာကောက်ကို ဖြည်းညင်း စွာဖယ်၍ ခေါင်းကိုခါပြီးလျှင် ''**အစိုးရရဲ့** အရေးကြီးတဲ့အလုပ်တွေဟာ နောက်ကျကုန်ပြီ ထင်တယ်။ ကိုင်း သွားပါ**တော့** ငါ လိုက်ပို့မယ်''ဟု ပြောပြီးလျှင် ယိုတ်ဗာကောက်ကို တံခါးပေါက်သို့လိုက်ပို့**သည်။**

***



# အပိုင်း (၇)

## အခန်း (၁)

နိကိုလေသည် လီဒါကို တန်းလျားအပေါက်ဝတွင်တွေ့သည်။ လီဒါသည် တိုနီယနှင့်လမ်းလျှောက်ထွက်ကြရန် ပြင်ဆင်လျက်ရှိသည်။ ''ဒီနေ့ တနင်္ဂနွေနေ့ ငါတို့အလုပ်မလုပ်ကြဘူး။ လေကောင်းလေသန့်ရှူဖို့ လမ်းလျှောက်ထွက်ကြမလို့''ဟု လီဒါကပြောသည်။ လီဒါသည် နိကိုလေက သူ့ကိုမမေ့ဘဲ သတိတရအလည်လာသည့်အတွက် ဝမ်းသာသည်။

''သင်တို့လမ်းလျှောက်ထွက်တဲ့ဆီ ငါကော မလိုက်ရဘူးလား။ ဒါပေမဲ့ ပထမတန်းလျားထဲ ပြန်သွားကြရအောင်။ သင်တို့စားဖို့ ငါ မုန့်ဝယ်လာခဲ့တယ်။ နာတာလိယလည်း ရှိတယ်မဟုတ်လား''ဟု နိကိုလေကပြောသည်။

နိကိုလေသည် ရွှင်ရွှင်ပျပျစကားပြောသော်လည်း သူ့မျက်နှာမှာ မသာ၊ လီဒါတို့သားအမိကို ဓာတုဗေဒစက်ရုံမှ အခြားတစ်နေရာသို့ပြောင်းပေးရန်အတွက် နိကိုလေ ကြိုးစားနေသည်မှာ သုံးလမျှရှိပြီ။ ပရိယာယ်အမျိုးမျိုးကို သုံးသော်လည်း သူ၏ကြိုးစားချက်မှာ မအောင်။ ထိုသို့မအောင်ရသည့်အကြောင်းမှာ ဒူးရောက်၏ရန်ကြောင့်ဖြစ်သည်ကို လီဒါသိသည်။ နိကိုလေကဲ့သို့သော ကျောင်းသားကလေးတစ်ယောက်သည် ဒူးရောက်၏ရန်ကို ဖြိုဖျက်နိုင်လိမ့်မည်မဟုတ်။ နိကိုလေသည် မဖြစ်နိုင်သောအရာမှန်းသိလျက် အားမလျှော့ဘဲ ဆက်လက်ကြိုးစည်နေသည့်အတွက် လီဒါသည် နိကိုလေအပေါ်တွင် ကရုဏာပင်သက်၍လာသည်။

လီဒါ၏မိခင် နာတာလိယသည် အဝတ်လျှော်၍နေသည်။ နာတာလိယသည် နိကိုလေကိုမြင်သောအခါ ဝမ်းသာသွားသည်။ နိကိုလေသည် လက်ဖက်ရည်တည်ရန် မီးဖိုထဲသို့သွားသည်။ သူ့ကို တန်းလျားကလူများက ခင်ကြသည်။ သူကလည်း တန်းလျားက လူများကိုခင်သည်။ သူက လီဒါအပေါ်တွင် အများကြီး ဂရုတစိုက်လုပ်သည်ကို အားလုံးကပင် သဘောကျသည်။ သို့ရာတွင် လီဒါတို့သားအမိအတွက် သူဆောင်ရွက်နေခြင်းမှာ အောင်မြင်လိမ့်မည်မဟုတ်သည်ကိုမူကား အားလုံးကပင် သိကြသည်။

''တိုနီယကို ရယ်စရာ မောစရာ သွားမပြောနဲ့နော် နိကိုလေ။ ကောင်မလေးက တစ်မျိုးဖြစ်နေသည်။ သူ့မှာအကြောင်းတစ်ခုခု ရှိနေပြီနဲ့တူတယ်။ အားလုံးကလည်း သူ့အတွက် စိုးရိမ်နေကြတယ်''ဟု နာတာလိယက သတိပေးသည်။

ပြီးလျှင် သူတို့အားလုံး လက်ဖက်ရည် ဝိုင်း၍သောက်ကြသည်။ တိုနီယကိုလည်း ခေါ်၍တိုက်သည်။ သူတို့တန်းလျားက အကြီးအမှူးဖြစ်သည့် မူစယ်မှာ ဖျားနေသော မိန်းကလေးတစ်ယောက်အတွက် ဆရာဝန်အခေါ်သွားနေသဖြင့် လက်ဖက်ရည်သောက် မလာနိုင်။

www.burmeseclassic.com

www.burmeseclassic.com



နာတာလီယက''မနေ့တုန်းက တို့ဒါရိုက်တာက ရုံးအုပ်ကို တို့တန်းလျားက ကြမ်းပိုးတွေကို အကုန်သတ်ပစ်ရမယ်လို့ခိုင်းတယ်'' အလုပ်သမားများ အားအင်ဆုတ်ယုတ်ကုန်တာဟာ ညညကျရင် ကြမ်းပိုးတွေက သွေးတွေကို စုပ်ကုန်လို့လို့ ဆရာဝန်တွေကပြောတယ်။ ရုံးအုပ်က ဘယ်နည်းနဲ့မှ ကြမ်းပိုးကို နိုင်အောင် သတ်နိုင်မှာမဟုတ်ဘူး။ ကြမ်းပိုးတွေဟာ ရှရှကြမ်းပိုးတွေမို့ သတ်လို့ရမှာမဟုတ်ဘူးလို့ပြောတယ်။ အခုတော့ ဓာတုဗေဒဓာတ်စမ်း ရုံအုပ်ကြီးကိုယ်တိုင်က ကြမ်းပိုးနိုင်ဆေးကို ဖော်နေရပြီ'' ဟုပြောသည်။

နီကိုလေသည် နာတာလီယပြောသည်ကို နားမထောင်ဘဲ လီဒါ ကိတ်မုန့်စားနေသည်ကိုကြည့်၍ ဝမ်းသာနေသည်။ နီကိုလေသည် ကိတ်မုန့်ကို ဘယ်လိုနည်းနှင့်ရအောင် ရှာလာသည်ဟု မည်သူမျှမသိ။ သူကိုယ်တိုင်ကလည်း ဘယ်လိုနည်းနှင့်ရလာခဲ့သည်ဟု ဖွင့်၍မပြော။

''သိပ်ကိုအရသာရှိတာပဲ။ သင်ကော စားပါဦးလား နီကိုလေ''ဟု လီဒါကပြောသည်။ လီဒါသည် ကိတ်မုန့်ကိုကြိုက်သော်လည်း သူ့စိတ်ထဲကမူ ငန်သောအစာကို စားချင်သောချဉ်ခြင်း ဖြစ်လျက်ရှိသည်။

နီကိုလေကမူ လီဒါသာ စိတ်ချမ်းသာမှုရမည်ဆိုလျှင် ကိတ်မုန့်တစ်လုံးနှစ်လုံးကိုသာမဟုတ်၊ သူ့တွင်ရှိသမျှ စည်းစိမ်တိုပင် အကုန်ပေးလိုသော ဆန္ဒရှိသည်။ နီကိုလေသည် လီဒါ့အပေါ်တွင် အများကြီး ကရုဏာသက်လျက်ရှိသည်။ အလုပ်သမားများမှာ တစ်နေ့လျှင် တစ်ကြိမ်သာ အစာစားကြရသည်ကို တွေးမိသောအခါ နီကိုလေမှာ အများကြီး စိတ်မချမ်းမသာဖြစ်သွားသည်။

လီဒါမှာ အားပြတ်နေသောကြောင့် အဝတ်လှမ်းရင်းနှင့် လဲကျသွားသဖြင့် အနားရှိသည့် ကလေးများကပင် အကြောင်းမဲ့ လဲကျသွားရမလားဟု အံ့အားသင့်၍နေကြသည်။ လီဒါမှာ တစ်နေ့တခြား ပိန်ပိန်လာပြီးလျှင် စိုးရိမ်စရာအခြေအနေသို့ပင်ရောက်၍နေသည်။ လီဒါက ရှက်ဟန်ဖြင့် သူ့ဗိုက်ကို အင်္ကျီစနှင့်ဆွဲ၍ဖုံးသည်ကို မြင်ရသောအခါ နီကိုလေမှာ အင်မတိ အင်မတန် စိတ်မချမ်းမသာ ဖြစ်၍သွားသည်။ 'လီဒါကို ဒီနေရာက အမြန်ဆုံးကယ်မှပဲ ဖြစ်မည်'ဟု နီကိုလေ သဘောရသည်။ သို့ရာတွင် ဘယ်ကဲ့သို့ကယ်မည်နည်း။

***

---

**အခန်း-၂**

---

ရုံးအုပ်သည် ကိတ်မုန့်များကိုမြင်သဖြင့် လီဒါတို့လက်ဖက်ရည်ဝိုင်းနားတွင် ရစ်သီ ရစ်သီလုပ်နေပြီးလျှင် နောက်ဆုံးတွင် သူ့ကို မည်သူကမျှမခေါ်ဘဲနှင့် ခုံရှည်ပေါ်သို့ ဝင်၍ထိုင်သည်။



''ဘယ့်နှယ်လဲ နီကိုလေ သင်ကြိုးစားတာ မအောင်မြင်သေးဘူးလား။ ကြိုးစားမနေပါနဲ့ သူငယ်ချင်း။ အချိန်ကုန်ရုံပဲ ရှိပါမယ်။ လီဒါက သိပ်အလုပ်ကောင်းတဲ့အတွက် ငါတို့က ဘယ်နည်းနဲ့မှ လီဒါကို လက်လွှတ်နိုင်မှာမဟုတ်ဘူး''ဟု ရုံးအုပ်က ပြောသည်။

နီကိုလေက ရုံးအုပ်ကို ကလန်ကဆန် ပြန်ပြောလိုက်မည်ဟု ကြံနေတုန်းတွင် တန်းလျားအတွင်း ကန့်လန့်ကာ ကာထားသော နောက်ဘက်မှ မိန်းမတစ်ယောက်က ငယ်သံပါအောင် အော်လိုက်သောအသံကိုကြားသဖြင့် ဘယ်လိုမှ ပြန်မပြောဖြစ်။ ထိုအခိုက်တွင် လက်ဖက်ရည်ပန်းကန်ပြားတစ်ချပ်သည် ဒုံးပျံကဲ့သို့ပျံလာပြီး ဗွမ်းခနဲမြည်လာကာ ရုံးအုပ်ရှေ့က စားပွဲပေါ်သို့ကျလာသည်။

''မနိပ်ဘူးဟေ့၊ အော်လောက်တို့လင်မယား သတ်ကြပြန်ပြီ''ပြောပြီးလျှင် ရုံးအုပ်သည် နောက်ထပ် ဘယ်လိုဖြစ်ဦးမည်ကို ဣန္ဒြေရရနှင့်စောင့်ကြည့်နေသည်။

ထိုအခိုက်တွင် အော်လောက်တို့လင်မယားနေရာကို ပိုင်း၍ကာထားသော ကန့်လန့်ကာသည် ပြုတ်ကျလာသည်။ အော်လောက်သည် လက်တစ်ဖက်ဖြင့် သူ့မယား၏ဆံပင်ကို ဆွဲ၍ရမ်းပြီးလျှင် အခြားလက်တစ်ဖက်ဖြင့် သူ့မယား၏ကျောပိန်ကြီးကို တအုံးအုံးထု၍နေသည်။ အော်လောက်၏မယားသည် အော်လောက်၏လက်ထဲမှ လွှတ်၍သွားသော်လည်း ထွက်၍မပြေးဘဲ ရိုက်လေ ရိုက်လေ ရိုက်ဦးလေ။ ဘာလို့မရိုက်သလဲ'' ဟုပြောကာ သူ့မျက်နှာကို ထိုး၍ပေးသည်။

''ကိုင်း ရိုက်တယ်ကွ'' ဟုပြော၍ အော်လောက်က သူ့မယား၏ မျက်နှာကို ရိုက်လိုက်ရာ၊ နှာခေါင်းထဲမှ သွေးများဖြာ၍ကျလာသည်။

''ရိုက်ပါဦး၊ ရိုက်ပါဦး။ ဘာလို့ထပ်မရိုက်သလဲ။ မောသွားပလား''ဟု အော်လောက်မယားက ထပ်၍ အရိုက်ခိုင်းသည်။

အော်လောက်သည် ပို၍ စိတ်ဆိုးလာသဖြင့် ပုလင်းကိုကောက်၍ အသေရိုက်လိုက်တော့မည်လုပ်သောအခါကျမှ နီကိုလေနှင့် အခြားသူနှစ်ယောက်က အော်လောက်ကို ဆွဲ၍ ဖယ်လိုက်ကြသည်။ ပြီးလျှင် အော်လောက်၏မယားကို နီကိုလေတို့က လက်ဖက်ရည်တိုက်သည်။

အော်လောက်သည် မော၍ ဟောဟဲ ဟောဟဲဖြစ်နေရင်းနှင့် ပြုတ်ကျလာသော ကန့်လန့်ကာကိုကောက်၍ ပြန်တပ်နေသည်။

လင်မယားရန်ဖြစ်ခြင်း ပြီးနဲ့ပြီးသွားသည်ကို မကျေနပ်သဖြင့် ရုံးအုပ်က ''ဩော် လူသားတွေဟာ အခုထက်ထိ အနေအထိုင်မတတ်ကြသေးပဲကို''ဟုပြောသည်။ ပြီးလျှင် ဆူညံဆူညံဖြစ်နေခိုက်တွင် အမှတ်တမဲ့ သူ နိုက်ထားလိုက်သော နီကိုလေ၏ ကိတ်မုန့်ကို တမြုံ့မြုံ့စား၍နေသည်။

''နီကိုလေ၊ ဒီမှာ သင် လာနေရင်ကောင်းမယ်။ သင် လာနေမယ်ဆိုရင် ချောင်ကောင်းကောင်းတစ်ခု ငါ ရှာပေးမယ်။ သင် မိန်းမရရင်လည်း ငါတို့ စောင်တစ်ခု

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အခန်းကာပေးမယ်။ လုံလုံခြုံခြုံနဲ့ ကလေးတွေလည်း မွေးချင်တိုင်းမွေးပေါ့။ သင်လာနေရင် သိပ်ကောင်းမှာပဲ။ ဒီမယ် သိပ်ပျော်စရာကောင်းတယ်။ နေ့တိုင်း နေ့တိုင်း ပွဲတစ်ပွဲတော့ ကြည့်ရမှာပဲ။ လူမိုက်တစ်ယောက်ယောက်မရှိရင် သူတို့မနေတတ်ဘူး။ တကယ့်အရှိုင်းအစိုင်းတွေပဲ'' ဟု ရုံးအုပ်ကပြောသည်။

ထိုအခိုက်တွင် တိုနီယက မိန်းမကြီးတစ်ယောက်၏ အသံမျိုးဖြင့် ကျယ်လောင်ရှည်လျားစွာ ရယ်လိုက်ပြီးလျှင် ''သူပြောတာမှန်တယ်။ ဒီမှာ သိပ်ပျော်စရာကောင်းတယ်။ ဒါပဲ။ ကြည့်ပါလား။ ဟိုမှာ တစ်ယောက်လဲနေတယ်''ဟုပြောကာ ဖျားနေသော မိန်းကလေးကို လက်ညှိုးထိုး၍ပြသည်။ ပြီးလျှင် ''သူလည်း ပျော်နေတာပဲ။ တော်တော်ကြာ ရယ်ရလွန်းလို့ အူတက်ပြီးတောင်သေဦးမယ်''ဟု ဆက်၍ပြောသည်။

ထို့နောက် တိုနီယသည် ဘာမပြောညာမပြော ဗြုန်းခနဲထ၍ထွက်သွားရာ ရေခွက်ကို လက်နှင့်တိုက်မိသဖြင့် ရုံးအုပ်၏ ဘောင်းဘီဖြူဖြူဖွေးဖွေးပေါ်သို့ ရေများဖိတ်ကုန်သည်။ ရုံးအုပ်က လှမ်း၍ကြိမ်းသော်လည်း တိုနီယသည် လှည့်၍တောင်မကြည့်ဘဲ အခန်းပြင်သို့ ထွက်သွားသည်။ ရုံးအုပ်သည် ဘောင်းဘီက ရေကိုသုတ်ပြီး ဒီကောင်မလေးဟာ ကလေးဆိုးကြီးလိုပဲ။ ငါပြောတာယုံပါ။ တစ်နေ့ သူ ဒုက္ခတွေ့လိမ့်မယ်'' ဟုပြောသည်။

နီကိုလေက လက်ဖက်ရည်ပိုင်းမှထ၍ ''လီဒါရေ သွားကြစို့'' ဟု ပြောသည်။

အပြင်သို့ရောက်သောအခါ နီကိုလေနှင့်လီဒါတို့သည် တိုနီယဝင်းထရံကိုမှီ၍ ရှေ့တည့်တည့်သို့ ကြောင်၍ကြည့်နေသည်ကို တွေ့သည်။

တိုနီယမှီနေသော ဝင်းထရံတွင် ကျွန်းမာဝဖြိုး၍ ရယ်မောကာ လက်တွဲ၍ အနာဂတ်သို့ ရှေ့ရှုသွားနေကြသော မိန်းကလေးတစ်ယောက်နှင့် ယောကျ်ားကလေး ရုပ်ပုံကားချပ်ကြီးတစ်ခု ကပ်ထားသည်။ မိန်းကလေးနှင့် ယောကျ်ားကလေးတို့ ရှေ့ရှုသွားနေရာဘက်တွင် စလင်းကျောက်ဖြင့်တည်ထားသော မြို့ကြီးရှိသည်။ ထိုအရုပ်ကား အောက်ဘက်တွင် ''အိုဘော်ရှီဗစ် လူငယ်တို့'' ဟု အမည်ထိုးထားသည်။ ထိုချမ်းသာခြင်း၏ ရှေ့ပြေးနိမိတ်ဆောင် အရုပ်ကားပေါ်တွင် တစ်စုံတစ်ယောက်က မီးသွေးခဲဖြင့် ညစ်ပတ်သော မှတ်ချက်ရေးထားသည်။

လီဒါသည် တိုနီယလက်ကိုဆွဲ၍ နီကိုလေကိုမစောင့်ဘဲ ရှေ့ကသွားနှင့်သည်။ လေသည် ပြင်းထန်စွာတိုက်လျက်ရှိသည်။ တိုနီယသည် သူနှင့် မတော်သော အင်္ကျီမှုမှုကြီးကိုဝတ်ထားသည်။ သူ့ဖိနပ်မှာလည်း အစိုးရကထုတ်ပေးသော အင်မတန်ကြီးသော ယောကျ်ားစီးဖိနပ်ကြီးဖြစ်သည်။ ထိုဖိနပ်ကိုရဖို့ပင် အင်မတန် တန်ဖိုးကြီးကြီးပေး၍ ယူရသည့်အဖြစ်ကို နီကိုလေသိသည်။ တိုနီယက ငို၍ ရုံးအုပ်၏ဖိနပ်ကို ဦးခေါင်းနှင့်တိုက်၍ တောင်းပန်ပါလျက်နှင့်ပင် ရုံးအုပ်က သူ့ကို မုဒိန်းကျင့်ဖြစ်အောင် ကျင့်လေသည်။ တိုနီယသည် ခြေမကိုင်မိ လက်မကိုင်မိဖြစ်ကာ သူ့ကို ရုံးအုပ်က မုဒိန်းကျင့်သည့် အကြောင်းကို တန်းလျားထဲက မိန်းကလေးတွေကို လျှောက်၍ပြောသည်။



တိုနီယမှာ မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြစ်နေသည်။ နီကိုလေက တိုနီယ စိတ်ပျောက်လက်ပျောက်ရှိစေရန် မဟုတ်မဟတ်တွေကာရာ ရှစ်သောင်းတွေကို စကားဖောင်နေအောင်ပြောသဖြင့် တိုနီယသည် နီကိုလေကို အားနာသည့်သဘောဖြင့် မပြုံးချင်ပြုံးချင်နှင့် ပြုံး၍နေသည်။ သို့ရာတွင် သူ ပြုံးခြင်းမှာ သူ့ဝမ်းထဲကပါ၍ မဟုတ်ဘဲ တစ်ပါးသူအတွက်သာ ပြုံးခြင်းဖြစ်သဖြင့် နီကိုလေက သူ့ကိုကြည့်မနေသည့် အခါတွင် မှိုင်မြဲတိုင်းမှိုင်၍နေသည်။

''ဒီနေရာက သိပ်ဆူတယ်။ ဥယျာဉ်ထဲသွားကြစို့'' ဟု တိုနီယက ပြောသည်။

တိုနီယသည် အခြားသူများရှိနေလျှင် မနေတတ်သောကြောင့်ပြောသည်ကို နီကိုလေသိသည်။

⁂

---

အခန်း - ၃

---

ဥယျာဉ်ဆိုသည်မှာလည်း သစ်ပင်ကိုးပင် ဆယ်ပင်လောက်ရှိသော မြေကွက်လပ်ကိုသာ ခေါ်ခြင်းဖြစ်သည်။ အကယ် ဥယျာဉ်အင်္ဂါနှင့်ပြည့်စုံသော နေရာ မဟုတ်။ ဥယျာဉ်ကိုဖြတ်၍ သွားကြပြီးနောက် တဲပုတ်တစ်ခုကိုတွေ့ကြသည်။ တဲပုတ်ထဲမှ သိုးပုပ်နေသော လွှစာမှုန့်အနံ့များထွက်လာသည်။ ဥယျာဉ်၏အခြားနေရာများတွင် လေညင်းခံထွက်နေသော လူများရှိသော်လည်း သူတို့ သုံးယောက်ရောက်သွားသည့် တဲပုတ်နားတွင် အခြားသူများ တစ်ယောက်မျှမရှိ။

''ငါမောပြီ'' ဟုပြောပြီးလျှင် လီဒါသည် မြဉ်တိုမြဉ်စပုံပေါ်တွင် ထိုင်လိုက်သည်။ ပြီးလျှင် ''ငါတစ်နေ့လုံး ဒီလိုပဲ နေပူစာလှုံပြီး ထိုင်နေချင်တယ်။ သိပ်ကောင်းတာပဲ'' ဟုပြောသည်။ နီကိုလေက လီဒါဘေးတွင်ထိုင်သည်။ သူတို့ရှေ့ဆယ်လှမ်းလောက်တွင် ချုံနွယ်များဖုံးနေသော ချောင်းတစ်ခုရှိသည်။ တိုနီယက ချောင်းကိုသွား၍ ကြည့်သောအခါ နီကိုလေက ''သတိထားနော်၊ လိမ့်ကျသွားရင် သက်သာမှာ မဟုတ်ဘူး'' ဟုပြောသည်။

သူတို့သုံးယောက်အနက် မည်သူမျှစကားပြောချင်စိတ်မရှိဘဲ တစ်ယောက်အကြောင်းကိုတစ်ယောက် တွေး၍နေကြသည်။ လီဒါက နီကိုလေကိုကြည့်ပြီး ''တကယ်ကောင်းတဲ့မိတ်ဆွေပဲ။ အခုထက်ထိ ငါတို့အတွက် စိတ်မပျက်ဘဲ ဆက်လာနေတာ အံ့ပါရဲ့'' ဟု အောက်မေ့သည်။ တစ်လောကလုံးတွင် နီကိုလေမှာ သူတို့၏ တစ်ဦးတည်းသော မိတ်ဆွေဖြစ်သည်ကို လီဒါသိသည်။

''လောကမှာ မိတ်ဆွေကောင်းထက် အဖိုးတန်တာမရှိဘူး။ မိတ်ဆွေကောင်း တစ်ယောက်သာ ကိုယ့်ဆီမှာ မားမားမတ်မတ်လာရပ်နေလျှင် ဘယ်လို ဆင်းရဲခြင်းမျိုး ကိုမှကြောက်စရာမရှိဘူး။ မိတ်ဆွေကောင်းတစ်ယောက်ရဲ့ ကြင်နာတဲ့မျက်နှာ ကရုဏာ

www.burmeseclassic.com

www.burmeseclassic.com



သက်တဲ့ ပြုံးရယ်ခြင်းကိုမြင်လိုက်ရတယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်တဲ့စိတ်ဟာ တိုးပွားကျယ်ပြန့်လာတာပဲ'' ဟုလည်း လီဒါတွေးမိသည်။ လီဒါသည် နီကိုလေကို မောင်အရင်းကဲ့သို့ ချစ်ခင်အားကိုးလျက်ရှိပြီးလျှင် သူ့အတွက် သောကထားခြင်းကိုလည်း ကျေးဇူးတင်သည်။

နီကိုလေမှာ လီဒါတို့အတွက် အကြံအိုက်နေသဖြင့် သူ့ဖိနပ်နှင့်မြေကြီးကို ဟိုခြစ်သည်ခြစ်လုပ်နေသည်။ လီဒါသည် သူ့တွင်ကျရောက်နေသော ဆင်းရဲခြင်းကို ကြာရှည်ဆက်၍မျှ ခံနိုင်ပါဦးမည်လောဟုလည်း နီကိုလေ ပူပန်မိသည်။

လီဒါတို့နေသော အလုပ်သမားတန်းလျားကို ရောက်သည့်အချိန်ကစ၍ သူ့စိတ်များပြောင်းလွဲလျက်ရှိသည်ကို နီကိုလေ တွေ့ရသည်။ နီကိုလေသည် တက္ကသိုလ်က သူ့သူငယ်ချင်းမနှင့်လည်း အပြင်သို့ထွက်၍ လည်ခြင်းမရှိတော့။ လီဒါသည် နိုဗိကောက်နှင့် ရသွားပြီးသည့်နောက်တွင် လီဒါကို သူမေ့နိုင်ရန်အတွက် ထိုသူငယ်ချင်းမနှင့် နီကိုလေ ဆက်ဆံခြင်းဖြစ်သည်။ သူ့သူငယ်ချင်းမသည် ရိုးရိုးအအ အချစ်ဖောနှင့် သန်သန်နှင့် သူပြုသလိုခံသော မိန်းကလေးဖြစ်သည်။ သို့ရာတွင် လီဒါတို့ ဒုက္ခရောက်နေသောအချိန်တွင် သူ့သူငယ်ချင်းမနှင့်တစ်ကိုယ်ကောင်းကြံကာ ပျော်မွေ့ပြီး မနေထိုက်ဟု နီကိုလေ သဘောရသဖြင့် သူ့သူငယ်ချင်းမကို ဖြတ်လိုက်သည်။

နီကိုလေသည် လီဒါတို့ကို ဘယ်လိုကယ်ရမည်ဟု မကြံတတ်သဖြင့် လက်သီးဖြင့် လေကိုယောင်၍ထိုးလိုက်သည်။

''ဘာဖြစ်တာလဲ နီကိုလေ''

''ဘာမှမဖြစ်ပါဘူး။ ဒီကောင်တွေကို ငါ မုန်းလွန်းလို့ပါ။ ဒီကောင်တွေဟာ ကျောက်တုံးကျောက်ခဲလိုအကောင်တွေပဲ။ ဘာမှ လူ့စိတ်မရှိဘူး။ မနေ့ကပဲ အရာရှိတစ်ယောက် ငါ သွားတွေ့ပြီး သင်ဟာ အရည်အချင်းနဲ့ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရုံးကို အလုပ်ပြောင်းပေးပါလို့ ငါက ပြောတယ်။ ဒီတော့ ပထမတော့ သူက ကောင်းပြီကောင်းရဲ့ပြောပြီး တကယ်တမ်း တော့တော့ဆိုင်ဆိုင် ဘယ်တော့ ပြောင်းပေးမှာလဲလို့မေးတော့ အလုပ်လစ်လပ်တာမရှိသေးဘူး ဖြစ်သွားတယ်။ တကယ့်ကို အသနားမရှိတဲ့ကောင်တွေပဲ။ ဒီကောင်တွေဟာ တစ်နေ့တော့ ငါနဲ့တွေ့ကြဦးမှာပေါ့။ ဒီတော့မှ လက်စားကောင်းကောင်းချေပြမယ်''ဟု နီကိုလေက ပြောသည်။

''စိတ်သိပ်မဆိုးပါနဲ့ နီကိုလေ။ သင် ဒါလောက်တောင် ငါ့အတွက် စိတ်သောကဖြစ်နေတယ်ဆိုတာ သိရတဲ့အတွက် ငါလည်း စိတ်မကောင်းပါဘူး။ ကိုင်း အဲဒါတွေ ထားပြီး သင် စာမေးပွဲအကြောင်းကို ပြောစမ်းပါဦး။ ငါလည်း ကျောင်းကို အများကြီး သတိရပါတယ်''ဟု လီဒါက ပြောသည်။

နီကိုလေက တက္ကသိုလ်အကြောင်းနှင့်ပတ်သက်၍ လီဒါနားထောင်ချင်မည့် အကြောင်းများကို အကုန်လုံးပြောပြသည်။ သို့ရာတွင် သူ့အစ်ကို နိုဗိကောက်အကြောင်းကို မူကား တစ်လုံးတစ်ပါဒမျှထည့်၍မပြော။



လီဒါနှင့်နီကိုလေတို့နှစ်ယောက် စကားပြောနေကြစဉ်တွင် တိုနီယာသည် စကားတစ်ခွန်းမျှမပြော၊ လီဒါသည် တိုနီယာကို ခဏခဏလှည့်ကြည့်ပြီး အများကြီး စိတ်ပူမိသည်။

မှောင်းတည့်သောအခါ နီကိုလေသည် ကျောင်းသို့ပြန်၍ အစာစားရန်ထကာ ''ငါ သွားချိန်တော်ပြီ။ နောက်တစ်ခါ ကျောင်းအားတော့မှ လာခဲ့ဦးမယ်။ ဒီအတွင်းမှာ ငါတို့လာနိုင်ရင်လည်း လာဦးမယ်။ တိုနီယာရေ သင်ကလည်း ဒါလောက် အားမငယ်ပါနဲ့ကွာ။ သင်တို့နှစ်ယောက်ကြည့်ရတာ ညီအစ်မအရင်းလိုပဲ'' ဟုပြောသည်။

လီဒါက ''နီကိုလေရေ၊ သင့်ကို ဟိုနားထိ ငါ လိုက်ပို့ဦးမယ်။ တိုနီယာရေ ဒီက စောင့်နေနော်။ ငါ အခုပဲပြန်လာခဲ့မယ်'' ဟုပြောသည်။ တိုနီယာက ပါးစပ်က ပြန်မပြောဘဲ ခေါင်းညိတ်၍ပြသည်။

နီကိုလေထသွားသောအခါ တိုနီယာသည် တဲပုတ်ပေါက်ကိုမှီ၍ မှိုင်ပြီး ကျန်ရစ်သည်ကို နီကိုလေမြင်ရသဖြင့် နီကိုလေသည် အများကြီး စိတ်မကောင်း။

''လီဒါရေ၊ တိုနီယာကို ဆရာဝန်ဆီသွားပြရင် ကောင်းမယ်ထင်တယ်။ စကားလုံး လုံးမပြောဘူးဆိုတာဟာ စိုးရိမ်ရတယ်''

''ငါလည်း သင်ပြောသလိုပဲ သဘောရတယ်''

''လီဒါရေ သင့်အတွက် ဘာမှလုပ်မပေးနိုင်တဲ့အတွက် ငါ့ကို အပြစ်လွှတ်ပါ။ သင့်ကို ဒီနေရာကလွတ်အောင် ငါ လုပ်ပေးမယ်လို့ ကျယ်ကျယ်လောင်လောင် ငါပြောခဲ့ပေမယ့် အခု ငါ ဘာမှမတတ်နိုင်ဘူး။ ဒါကြောင့် ငါ့ကို အပြစ်လွှတ်ပါ''

လီဒါသည် မျက်ရည်များလည်လာပြီး ''ငါ့ဖို့ ဘာမှလုပ်ပေးဖို့မလိုပါဘူး နီကိုလေ။ တစ်နေ့ကျတော့လည်း သူ့အလိုလို တစ်နည်းနည်းနဲ့တော့ ကောင်းသွားဦးမှာပေါ့'' ဟု ပြောသည်။

ပြီးလျှင် လီဒါသည် မျက်နှာတွင် ပြုံးရောင်သမ်းလာသည်ကို မြင်ရသဖြင့် နီကိုလေက ''သြော် ဘယ်လိုဟာပါလိမ့်။ စိတ်ပူရကောင်းမှန်းလည်း မသိပါလား။ ငါ့အပြစ်ကိုလည်း ဖွေမယူရှာဘူး''ဟု အောက်မေ့သည်။

လီဒါသည် သူ့ဗိုက်ထဲက ကလေးအကြောင်းကို တွေးလျက်ရှိသည်။ သူ့ကလေးမှာ ဝမ်းထဲတွင် လှုပ်ရှားစပြု၍လာပြီ။ သူ့ကလေးသည် ယောက်ျားကလေး ဖြစ်လိမ့်မည်။ သူ့အဖေ နိုဗိကောက်နှင့်တူလိမ့်မည်ဟု အောက်မေ့ပြီးလျှင် လီဒါ၏ စိတ်ပူခြင်းများသည် တိမ်တိုက်ကိုလေခတ်လိုက်သကဲ့သို့ လွင့်စင်၍သွားသည်။ ပြီးလျှင် လီဒါသည် သူနှင့် နိုဗိကောက်တို့ ပျော်ပျော်ရွှင်ရွှင်နေခဲ့ကြသည်များကို ပြန်၍သတိရသည်။ ယခု သူ လက်ငင်းတွေ့နေရသော ဒုက္ခများသည်လည်းကောင်း၊ သူနှင့်နိုဗိကောက်တို့ ပျော်ရွှင်စွာနေခဲ့ကြ ပြီးသည့် နောက်အဖို့တွင်ဖြစ်သော မသာယာမှုများသည်လည်းကောင်း၊ သူတို့လင်မယား ပျော်ရွှင်စွာနေခဲ့ကြဖူးသည့်အဖြစ်ကို သတိပြန်၍မရအောင် မတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



“လီဒါ သင် ဘာလို့ပြုံးနေတာလဲ”

“အို ဘာလို့မှမဟုတ်ပါဘူး။ ငါ့စိတ်ထဲက တစ်စုံတစ်ခုကို စဉ်းစားမိလို့ပါ။ နီဗီကောက်ကို သင် မတွေ့ဘူးလား”

“အခုထက်ထိ နီဗီကောက်ကို သင် သတိရတုန်းပဲလား”

“အို ဘယ့်နှယ်ပြောပါလိမ့်။ သတိရတာပေါ့။ နီဗီကောက်ဟာ သူ့သားကို မမြင်ရသေးလို့ပါ”

နီကိုလေသည် ဘာမျှပြန်မပြောဘဲ လီဒါ၏ဆံပင်များကိုကြည့်၍ “ဆံပင်ကလေးတွေက သိမ့်မွေ့တဲ့မီးခိုးကလေးတွေထက်တောင် သိမ်မွေ့သေးတယ်” ဟု အောက်မေ့နေသည်။

“သင့်စိတ်ထဲကတော့ ငါ့ကို ရူးနေပြီလို့ထင်မှာပဲနော် နီကိုလေ”

“ငါလည်း ရူးနေတာပါပဲ။ ငါလည်း စိတ်ချမ်းသာချင်တာပါပဲ လီဒါ”

ပြီးလျှင် နီကိုလေသည် ဓာတ်ရထားပေါ်သို့ ပြေး၍တက်သွားသည်။

“အားမငယ်နဲ့နော် လီဒါ။ ငါ့အကြံဟာ မျှော်လင့်ချက်ရှိပါသေးတယ်” ဟု နီကိုလေက ဓာတ်ရထားပေါ်မှ လှမ်းပြောသွားသည်။

လီဒါသည် တပြုံးပြုံးနှင့် တိုနီယဆီသို့ပြန်သွားရင်း “နီကိုလေဟာ တော်တော့်ကိုဆန်းတယ်။ အရင်တုန်းက ငါထင်တာမှားနေပြီ” ဟုအောက်မေ့သည်။

တိုနီယကို တဲပုတ်နားတွင် လီဒါမတွေ့။ လီဒါသည် စိတ်ပူသွားသဖြင့် မြောက်ဘက်သို့ပြေး၍ ကြည့်မည်လုပ်သည်။ နောက်မှသတိရဟန်ဖြင့် “သြော် ငါကလည်း ဒါကို မစဉ်းစားမိဘူး။ တိုနီယဟာ မောမောနဲ့ လှေတာမှန့်ပေါ်မှာ အိပ်နေမှာပေါ့” ဟု ထင်လိုက်သည်။

လီဒါသည် မှောင်မည်းနေသောတဲထဲသို့ အပေါက်ဝမှလှမ်း၍ ကြည့်လိုက်ပြီးလျှင် “တိုနီယရေ၊ တိုနီယရေ” ဟုခေါ်သည်။ တိုနီယထံမှ အသံမကြားသဖြင့် လီဒါသည် “တဲတွင်းသို့ ကြောက်ကြောက်နှင့် တစ်လှမ်းနှစ်လှမ်း လှမ်းပြီး ဝင်ကြည့်သည်။ ပြီးလျှင် ငယ်သံပါအောင် အော်လိုက်သည်။ တဲအတွင်း၌ တိုနီယသည် ခါးပတ်နှင့်ဆွဲကြိုးချ၍ သေနေသည်။

✳ ✳ ✳

အခန်း - ၄

လီဒါသည် ကြောက်အားလန့်အားနှင့် နီကိုလေကို မီလိုမီငြား အပြေးလိုက်၍ခေါ်သည်။ နီကိုလေစီးသော ဓာတ်ရထားမှာ မရှိတော့။ လီဒါသည် ပြေးရင်းနှင့် အားလွန်၍ လမ်းဘေးတွင်ထိုင်၍ ခြေအိတ်ဖာနေသော မိန်းမပိန်ပိန်တစ်ယောက်အနားသို့



လဲသွားသည်။ ထိုမိန်းမရှေ့နားတွင် ဗိုက်ပူနံကားနှင့် လောက်လေးကိုင်းကဲ့သို့ကောက်၍နေသော ခြေထောက်များရှိသည့် နို့စို့ရွယ်ကလေးတစ်ယောက် မြေကြီးပေါ်တွင် တွားရှ၍သွားနေသည်။ မိန်းမ၏မျက်နှာမှာ စိတ်ချမ်းသာပုံ မရ။

“ဘာဖြစ်သလဲ မိန်းကလေး” ဟု ထိုမိန်းမက လီဒါကိုမေးသည်။

“တိုနီယ ဆွဲကြိုးချသေလို့ပါ” ဟု လီဒါက ပြောပြသည်။ ကလေးငယ်သည် လီဒါဆီသို့လာပြီးလျှင် လက်ဖြန့်၍ခံသည်။

“ဘာလိုချင်သလဲ ကလေး” ဟု လီဒါကမေးပြီးလျှင် သူ့ဝမ်းထဲက မမွေးသေးသောကလေးအတွက် အများကြီး ပူပန်စိုးရိမ်မိသည်။

ထိုအခိုက်တွင် တိုနီယ ဆွဲကြိုးချသေသော တဲဆီသို့ လူအများပြေးလာကြသည်။ လီဒါသည် ဘာကိုမျှသတိမရ။ ကလေးအမေက ကလေးကို ကောက်၍ချီပြီး “လာ သွားကြစို့” ဟုပြောသည်။ လီဒါက “ကြောက်တယ်၊ မလိုက်ဝံ့ဘူး” ဟုပြောသည်။

“မကြောက်ပါနဲ့၊ ဟိုကိုမဟုတ်ပါဘူး။ ငါနဲ့လိုက်ခဲ့ပါ” ဟု ကလေးအမေက ပြောသည်။ လီဒါက ဘာမျှပြန်မပြောဘဲ လိုက်သွားသည်။ ထိုမိန်းမနေသော သစ်တုံးများကာထားသောအိမ်မှာ သေးငယ်သော်လည်း သပ်သပ်ရပ်ရပ်ရှိသည်။

“ကိုင်း ဒီမှာတုံးလုံးပက်လက်နားဦး။ တစ်ခုခုစားစရာ ငါသွားလုပ်ဦးမယ်”

အိမ်ရှင်မိန်းမသည် လီဒါကို စားစရာများထည့်ပြီးလျှင် “ကောင်းကောင်းမွန်မွန်တော့မရှိဘူး။ ဒါပေမဲ့” ဟုပြောသည်။ အိမ်ရှင်မိန်းမက သူသည် ကျောင်းဆရာမတစ်ယောက်ဖြစ်၍ သူ့နာမည်မှာ ရှုဗာကင်ဖြစ်သည်ဟုပြောသည်။ ပြီးလျှင် “ငါ့ယောက်ျားက မနှစ်ကပဲ သေသွားတယ်။ အခု ငါ တစ်ယောက်တည်းနေတယ်” ဟု ပြောသည်။

ရှုဗာကင်သည် သူ့ကလေးကို ပေါင်ပေါ်တွင်တင်၍ အာလူးများကျွေးရာ ကလေးက ပလုပ်ပလောင်းစားသည်။ ပြီးလျှင် “ငါတော့ ကလေးကို သနားတာပါပဲ။ ကလေးက အရိုးမမာတဲ့ရောဂါရှိလို့ အစာအများကြီးကျွေးဖို့လိုတယ်။ ကျွေးစရာကလည်း ဘာမှမရှိဘူး။ ဒါနဲ့ အသက်ကလေးမသေရုံတမယ်ပဲ ရှိတာကလေးကို ကျွေးနေရတယ်” ဟုပြောသည်။

ခဏနေလျှင် ရှုဗာကင်က “သင့်သူငယ်ချင်းမကလေးရဲ့ နာမည်ကတော့ တိုနီယလို့ ခေါ်တယ်ထင်ပါရဲ့” ဟုပြောသည်။

“ဟုတ်ပါတယ်၊ တိုနီယလို့ခေါ်ပါတယ်”

“တိုနီယအတွက် ငါ ဆုတောင်းပေးပါမယ်”

“ဒါဖြင့် သင်ဟာ ဘုရားတရားကို ယုံကြည်တာပေါ့”

“ငါဟာ ကျောင်းဆရာမတစ်ယောက်လုပ်နေပြီး ဘုရား တရားကို ယုံကြည်လို့ သင်က အံ့သြတယ်မှတ်တယ်။ ဒီအကြောင်းကို ကျောင်းမှာတော့ ဘယ်သူ့မှ အသိမပေးဝံ့ဘူး။ ဒါပေမဲ့ သင့်ကိုတော့ ငါ ယုံပါတယ်”

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုတော့ ဘာလို့ယုံတာလဲ"

"ယုံတာပေါ့။ သင့်မျက်နှာက စိတ်မချမ်းမသာဖြစ်နေတဲ့မျက်နှာပဲ။ ဒီလို စိတ်မချမ်းမသာဖြစ်နေတဲ့လူတွေဟာ ဘယ်တော့မှ အစိုးရဆီကိုသွားပြီး သတင်းမပေးဘူး။ သင့်ဗိုက်ထဲကဟာက သင့်သားဦးပဲဆိုပါတော့"

"ဟုတ်ပါတယ်"

"ငါ့မှာ ကလေးသုံးယောက်ရှိတယ်။ နှစ်ယောက်ကတော့ သေသွားပြီ"

"စိတ်မချမ်းသာစရာကြီးပဲ"

"ဟုတ်တယ်။ နှစ်ယောက်စလုံး ငယ်ငယ်ကလေးမှာပဲ သေကြတယ်။ နှစ်ယောက်လုံးပိန်လိုက်ကြတာလည်း သစ်ရွက်ခြောက်ကလေးတွေ ကျနေတာပဲ။ ဒုတိယကလေးသေတော့ ငါ့ယောကျ်ားဟာ သူ့ကိုယ်သူ သတ်သေတယ်။ ငါရော ဒီကလေးကိုရောကိုတောင် သူသတ်မယ်လုပ်သေးတယ်။ ကိုယ့်ကိုယ်ကိုယ်သတ်သေတာ အပြစ်ကြီးတယ်ဆိုတဲ့ အကြောင်းပြပြီး တောင်းပန်တာနဲ့ ငါ့ကို သူ မသတ်ဘဲထားခဲ့တာ"ဟု ရှုဗာကင်က ပြောပြီးလျှင် စကားဆက်မပြောဘဲနေသည်။

နောက်ခဏကြာသောအခါ ရှုဗာကင်က "သင့်ယောကျ်ားနဲ့ သင်နဲ့ ကွဲနေတယ်ဆိုတာက ဘာလို့လဲ"

"သူက ငါ့ကိုပစ်သွားတယ်"

"သင့်ကို သူကချစ်တယ်မဟုတ်လား"

"ဟုတ်ကဲ့ ဟိုတုန်းကတော့ ချစ်ပါတယ်"

"ဒါဖြင့် သင့်ဆီကို သူ ပြန်လာမှာပဲ။ ငါပြောတာယုံပါ။ လောကမှာ အချစ်ထက်ကြီးတဲ့အား မရှိပါဘူး"

ရှုဗာကင်သည် ဗီရိုထဲမှ ဘုရားရုပ်တုကလေးကို သွား၍ယူပြီးလျှင် ဒူးတုပ်၍ ရှိခိုးသည်။ အခန်းတွင်း၌ တိတ်ဆိတ်လျက်ရှိသည်။ လီဒါသည် ရောင်ရှဉည်းမိမည်စိုးသဖြင့် နှုတ်ခမ်းများကို တအားစေ့၍ထားပြီးလျှင် မျက်စိမှိတ်နေသည်။ ထိုအခိုက်တွင် သူ့ဝမ်းတွင်းမှ တမြိုက်မြိုက်လောင်လျက်ရှိသည်။

ရှုဗာကင်သည် ဘုရားရှိခိုးရာမှထ၍ ပြတင်းပေါက်သို့သွား၍ကြည့်သည်။ သူ့မျက်နှာသည် အင်မတိအင်မတန် စိတ်မချမ်းသာသောအသွင်ကို ဆောင်လျက်ရှိသည်။

"ငါ ပြန်တော့မယ်"ဟု လီဒါကပြောသည်။

ရှုဗာကင်က ဘာမျှပြန်မပြော။ လှုပ်တောင်မလှုပ်။ သူ၏စိတ်သည် ဝေးလံရာသို့ ရောက်နေသည်မှာ ထင်ရှားသည်။ လီဒါသည် အလွန်တရာမချမ်းမြေ့သော စိတ်နှလုံးဖြင့် တံခါးကို အသာပိတ်၍ပြန်ခဲ့သည်။ နို့စို့ကလေးလေးသည် လီဒါ၏ဂါဝန်ကို နောက်မှလှမ်း၍ဆွဲရင်း အားမရှိသဖြင့် လဲကျသွားပြီး ငို၍ကျန်ရစ်သည်။ ကလေး၏ငိုသံသည် လီဒါ၏နားထဲ၌ သံမှိုနှက်ထားသကဲ့သို့ စွဲ၍ပါလာသည်။



လီဒါပြန်သွားသောအခါ တန်းလျားကလူများမှာ အရင်ကနေကြထိုင်ကြပုံမျိုးအတိုင်း အခြေမပျက်နေကြသည်ကို လီဒါတွေ့ရသည်။ လူငယ်များမှာမူ အနည်းငယ်စိတ်မကောင်းဖြစ်၍ နေကြဟန်တူသည်။

နာတာလီယက လီဒါပြန်လာသည်ကို တွေ့သောအခါ "သင် ဘယ်ပျောက်နေတာလဲ။ ငါ ရှာလိုက်ရတာမောလို့။ တိုနီယတစ်ယောက်ဆွဲကြိုးချသေသွားပြီ၊ သင်သိပြီလား"ဟု ပြောသည်။

"ငါ သိပါတယ်"ဟု လီဒါက အင်မတန်စိတ်မကောင်းသော အသံနှင့်ပြောသဖြင့် နာတာလီယသည် လီဒါအတွက် စိုးရိမ်မကင်းဖြစ်သွားသည်။

ရှုဗာကင်သည် လင်လည်းဆုံး သားနှစ်ယောက်လည်းသေ ကျန်သည့်ကလေးတစ်ယောက်လည်း မကြာမီပင် သေဦးမည်ဖြစ်လျက် အဘယ့်ကြောင့် သူ့ကိုယ်သူသတ်မသေဘဲ သူ့လောက်ဒုက္ခမကြီးသော တိုနီယက သူ့ကိုယ်သူသတ်သေရသနည်း။ လီဒါ မစဉ်းစားတတ်။ ရှုဗာကင်တွင် ဘာအားကိုးရှိ၍ ထိုမျှကြီးလေးသောအပူကို ခံနိုင်ရည်ရှိရသနည်း။ ဘာသာတရားလက်ကိုင်ရှိ၍လော။

လီဒါသည် မဖြေနိုင်မဆည်နိုင် ဖြစ်၍နေသည်။ သူ့အဖို့တွင် လောကကြီးတစ်ခု လုံးသည် တစ်ကောင်ကိုတစ်ကောင် မျိုဝါးနေကြသော တိရစ္ဆာန်ဘုံကြီးနှင့်တူနေသည်။ လောကကြီးတွင် အန်ဒရေတို့ တိုနီယတို့လို ရိုးသားဖြောင့်မတ်၍ အပြစ်ကင်းစွာနေကြသောသူများအတွက် အဘယ်ကြောင့် ဆောက်တည်ရာနေရာ မရှိရသနည်း။ အဘယ့်ကြောင့် ရိုးသားဖြောင့်သူများသည် လူသားတို့၏ ရက်စက်မှုဒဏ်ကို ခံ၍နေကြရသနည်း။ သားရဲတိရစ္ဆာန်တို့၏ ရက်စက်မှုသည် ကြောက်စရာကောင်းသည်။ လူသားတို့၏ ရက်စက်မှုကား မခံမရပ်နိုင်ဖြစ်သည်။ လူသားတို့၏ ရက်စက်မှုများသည် သွားကြီးများဖြီးလျက်ရှိသော ခွေးဝံအုပ်ကြီးပမာ လီဒါကို လေးဘက်လေးတန် ဝိုင်းလျက်ရှိသည်။ မကြာမီပင် ခုန်အုပ် ၍စားကြတော့မည်။ လီဒါမှာ နောက်ဆုံးတစ်ချက်အော်ပြီး အသက်ပျောက်ရတော့မည်။ လီဒါသည် သောင်မတင်ရေမကျ ဆက်၍မနေနိုင်တော့။ သို့နှင့် နံနက်မိုးလင်းသောအခါတွင် နိုဗိကောက်ထံသွား၍ သူ၏ဆင်းရဲဒုက္ခရောက်ရပုံကို ပြောပြတော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထိုသို့ပြောပြလိုက်လျှင် နိုဗိကောက်သဘောပေါက်သွားလိမ့်မည်ဟုတော့ထင်သည်။ ဒုက္ခရောက်စရာရှိလျှင် သူ့ရင်သွေးကပင် ဒုက္ခရောက်ရမည်မဟုတ်ပါလော။ နိုဗိကောက်သည် သားရဲတိရစ္ဆာန်မဟုတ်သဖြင့် သူ့ရင်သွေးအတွက် သူက ကရုဏာမသက်ဘဲ နေနိုင်မည်မဟုတ်။

နံနက်လင်းသောအခါ လီဒါသည် အလုပ်သွား၍မလုပ်။ အလုပ်ပျက်ခြင်းသည် ကြီးလေးသော ရာဇဝတ်ပြစ်မှုကြီးဖြစ်သည်ကို သူသိသည်။ သို့ရာတွင် သူ့အဖို့တွင် ဘာဖြစ်ဖြစ်မထူးတော့။ နိုဗိကောက်နှင့်ပြန်၍ပေါင်းပြီး စိတ်ချမ်းသာလက်ချမ်းသာနေရလျှင်လည်းနေရ။ အကယ်၍မနေရလျှင်လည်း တစ်လမ်းပဲရှိတော့သည်။ ထိုအခါ အလုပ်ပျက်သည့်အတွက် သူ့အဖို့တွင် ဘာမျှထူးတော့မည်မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



လီဒါသည် လူမြင်သူမြင်တန်းလျားထဲ၌ပင် အဝတ်အစားလဲသည်။ ကန့်လန့်ကာ နောက်ကွယ်မှ ယောကျ်ားတစ်ယောက်ယောက် ထွက်လာမည်ကိုလည်းမကြောက်။ ရုံးအုပ်က တံခါးမခေါက်ဘဲ အခန်းထဲသို့ သကာလောင်းထားသော မျက်နှာကြီးနှင့်ဝင်လာမည်ကိုလည်း မစိုးရိမ်။ ဤအဖြစ်တို့မှာ သူ့အဖို့ ရိုးနေပြီ။

လီဒါသည် ပထမပန်းရိုက်ဂါဝန်ကို ဝတ်မည်ကြံသည်။ သို့ရာတွင် တိုနီယသည် ထိုဂါဝန်နှင့်တွဲ၍ဝတ်သော ခါးပတ်နှင့်ဆွဲကြိုးချသေသည်ကို သတိရသဖြင့် ကြောက်လန့်ပြီး ပြန်ချွတ်ပစ်လိုက်သည်။ ထို့နောက် နိုဗီကောက်နှင့်တွေ့၍ ပထမအကြိမ်သူ့ကိုနမ်းလိုက်သောအခါတွင် သူဝတ်ခဲ့သော ဂါဝန်အပြာကိုဝတ်သည်။ ထို့နောက် မျက်နှာချေများလိမ်း၊ မျက်ခုံးများဆွဲပြီးလျှင် သူနိုးပမာ တိတ်တိတ်ကလေး ထွက်၍သွားသည်။

ထိုအခိုက်တွင် သူ့အမေကမြင်သွားသဖြင့် "ဟဲ့ လီဒါ သင်ဘယ်သွားမလို့လဲ"ဟုမေးသည်။

လီဒါသည် ခဏတန့်၍နေပြီးနောက် "အို မထူးပါဘူး"ဟု အောက်မေ့ကာ သူ့အမေကိုလက်ပြပြီး ဓာတ်ရထားဆီသို့ ပြေး၍သွားသည်။

※※※

---

## အခန်း(၅)

---

ကျောင်းအုပ်ကြီး၏ ဧည့်ခန်းထဲတွင် ပါမောက္ခတစ်ယောက်နှင့် ကျောင်းသားနှစ်ယောက် စောင့်နေကြသည်။ သူတို့က လီဒါကို အံ့အားသင့်စွာနှင့် ဝိုင်း၍ကြည့်ကြသည်။ လီဒါသည် နိုဗီကောက်အခန်းထဲသို့ တန်း၍ဝင်သွားမည် ကြံလိုက်သည်။ သို့ရာတွင် ထိုအခိုက်တွင် ရုံးခန်းထဲမှ ဘာသာရပ်များ အုပ်ချုပ်သူထွက်လာသဖြင့် သူ့အကြံပျက်၍သွားသည်။

"ဘာကိစ္စရှိပါသလဲ"

"ကျောင်းအုပ်ကြီးကို တွေ့ချင်လို့ပါ"

"ကျောင်းအုပ်ကြီး မအားပါဘူး။ ငါ သွားပြီးမေးပါရစေဦး"ဟု ပြော၍ အုပ်ချုပ်သူသည် နိုဗီကောက်အခန်းထဲသို့ တံခါးပိတ်မထားခဲ့ဘဲ ဝင်သွားသည်။

နိုဗီကောက်စကားပြောသံကို ကြားရသဖြင့် လီဒါသည် ရှေ့သို့ အနည်းငယ်တိုး၍ ကြက်သီးတဖြန်းဖြန်းနှင့် နားထောင်နေသည်။ သူကြားနေကျအသံကို ကြားလိုက်ရသောအခါ လီဒါမှာ ရေကန်ထဲသို့ ကျောက်ခဲချလိုက်သည့်အခါတွင် လှိုင်းဂယက်များရိုက်၍သွားသည့်ပမာ သူ့တစ်ကိုယ်လုံးတွင် သူ၏အချစ်ပေါင်း လှိုင်းဂယက်များရိုက်၍သွားသည်။ လီဒါသည် ဝမ်းသာသလိုဖြစ်၍ ပြုံးပင်ပြုံးလိုက်မိသည်။

"ရဲဘော် ကျောင်းအုပ်ကြီးက သင့်ကို မတွေ့နိုင်ဘူးတဲ့"



လီဒါရုက်၍ ကြက်သေသေသွားသည်။ ခဏနေသောအခါ လီဒါက "သူက ငါ့ကို မတွေ့နိုင်ဘူးတဲ့လား။ ဒါပေမယ့် သူ့ကို ငါ မတွေ့လို့မဖြစ်ဘူး။ တွေ့ရမှဖြစ်မယ်"ဟု ပြောပြီးလျှင် တံခါးပေါက်သို့ အတင်းတိုး၍ ဝင်သွားမည်လုပ်သည်။ သို့ရာတွင် အုပ်ချုပ်သူက ဆီး၍တားထားပြီး "ဆီဒိုရောက်သမီး နိုင်ငံသူလီဒါ သင် ဒီလိုလုပ်လို့မရဘူး"ဟု ပြောသည်။

လီဒါသည် လေးမှန်သောစာသူငယ်ကဲ့သို့ အခန်းထဲတွင် ဟိုလျှောက်သည်လျှောက် တစ်လျှောက်လျှောက်ဖြစ်နေသည်။ ပြီးလျှင် "ဒါဖြင့် ငါ စာတစ်စောင်ရေးထားခဲ့မယ်"ဟု ပြောသည်။

"ရေးချင်လည်းရေးပေါ့။ ငါ့အဖို့ကတော့ အကြောင်းမထူးပါဘူး"

သူ့အဖို့ အကြောင်းမထူးဘူးဆိုခြင်းသည် မဟုတ်။ အကြောင်းထူးသည်။ သူက လျှို့ဝှက်သူလျှိုသနှသို့ ကျောင်းအုပ်ကြီးအကြောင်းနှင့် ပတ်သက်၍အစီရင်ခံစာတင်သောအခါ ကျောင်းအုပ်ကြီး၏ မွေးခါနီးမိုက်ကြီးနှင့် ချစ်ဇနီးက ကျောင်းအုပ်ကြီးကို တွေ့ရန် သူ၏ရုံးခန်းသို့ လိုက်လာကြောင်း၊ ကျောင်းအုပ်ကြီးက စကားလက်ခံမပြောလိုက်ကြောင်း၊ ထိုအခါ ဇနီးသည်က စာတစ်စောင်ထားခဲ့ကြောင်းများကို စုံစုံပြည့်ပြည့် ထည့်၍ ရေးနိုင်တော့မည်။ ဤသို့ရေးလိုက်လျှင် ကျောင်းအုပ်ကြီးအရှက်ကွဲလိမ့်မည်။ ကျောက်ခဲလိုမာကျောပြီး အနိုင်ကျင့်တတ်သော ဘော်ရှီဗစ်ကျောင်းအုပ်ကြီး နိုဗီကောက်ကို အရှက်ခွဲလိုက်ရလျှင် သူ့အဖို့ အားရစရာကြီးဖြစ်မည်။

*"ချစ်သူနိုဗီ ငါ့ကို ချစ်ပါလို့ သင့်ကို ငါ မပြောပါဘူး။ ဒါပေမယ့် ကလေးကိုတော့ သနားပါ။ မနေ့က တိုနီယသေသွားတယ်။ သင်က ငါနဲ့ ငါတို့ရဲ့ ကလေးကိုမကယ်ဘူးဆိုရင် ငါသေဖို့ အလှည့်ရောက်မှာပဲ။ လူသတ်သမား မဖြစ်ချင်ပါနဲ့"*

*လီဒါ*

အုပ်ချုပ်သူသည် လီဒါ၏စာကိုယူ၍ မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် ဖတ်ကြည့်ပြီး နိုဗီကောက်ကို သွား၍ပေးသည်။

ဧည့်ခန်းထဲတွင်ရှိသည့် ပါမောက္ခက "သင်ဟာ ကျောင်းအုပ်ကြီး နိုဗီကောက်ရဲ့ဇနီး လီဒါမဟုတ်ဘူးလား"ဟု မေးသည်။ လီဒါကမကြား

နိုဗီကောက်က လီဒါ၏စာရွက်ပေါ်တွင် "ငါ့ကို မနှောင့်ယှက်ပါနှင့် လီဒါ"ဟု ရေး၍ ပြန်ပေးလိုက်သည်။

လီဒါသည် နိုဗီကောက်၏မှတ်ချက်ကို ဖတ်ရသောအခါ မျက်စိမျက်ဆံများပြာသွားသည်။ အခန်းထဲမှထွက်၍ ပြန်ခဲ့သော်လည်း သူ့ဟာသူ ကြမ်းကို နင်းရမှန်းပင် မသိခဲ့။

လီဒါ တက္ကသိုလ်သို့ လာလိမ့်မည်ဆိုသောသတင်းသည် လီဒါမလာမီကပင် ရောက်နေနှင့်သဖြင့် လီဒါကို စင်္ကြံဆောင်တွင် ဝိုင်း၍ကြည့်ကြသည်။ သို့ရာတွင် မည်သူကမျှ သူနားသို့မကပ်။ လှေကားထစ်အဆင်းတွင် လဲကျသွားတော့မည်ဟန်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော်လည်း သူ့ကို မည်သူမျှ ကူညီဖေးမခြင်းမပြု။ လီဒါကိုယ်တိုင်ကလည်း မည်သူ့ကိုမျှ သတိထား၍မကြည့်မိ။

ဓာတ်ရထားပေါ်သို့ရောက်၍ တိုးဝှေ့နေသည့် လူများ၏အကြားမှ လူငယ်တစ်ယောက်က သူ့နားသို့ကပ်၍ ထိုင်နေသည်ကိုလည်း သူ သတိမပြု။ ခဏနေ၍ ထိုသူငယ်က မသိမသာ လက်ဖြင့်နှိုက်၍ သူ့ဂါဝန်စကို လှန်တော့မှပင် ''ငါ့ကို မနှောင့်ယှက်ပါနဲ့''ဟု ဣန္ဒြေကြီးကြီးနှင့် ပြောလိုက်သည်။

သူတို့တန်းလျားသို့ လီဒါပြန်ရောက်သွားသောအခါ ကလေးများနှင့် အဘိုးကြီး အမယ်ကြီးများသာရှိသည်။ သူ့နားထဲတွင် ''ငါ့ကို မနှောင့်ယှက်ပါနဲ့၊ ငါ့ကို မနှောင့်ယှက်ပါနဲ့''ဟုသာကြားနေသည်။

※ ※ ※

---

အခန်း(၆)

---

နိုဗိကောက်ဆီသို့ လီဒါသွားသည့် တနင်္လာနေ့ညနေတွင် နီကိုလေသည် သူစီးလာသော ဓာတ်ရထားပေါ်မှ ရောက်စတောက်ဓာတ်ရုံသို့ နီနာ မော်တော်ကားနှင့် လာသည်ကို မြင်လိုက်သည်။

နီကိုလေသည် သွားနေသော ဓာတ်ရထားပေါ်မှ ခုန်ဆင်းပြီးလျှင် ''နီနာရေ၊ နီနာရေ ခဏနေပါဦး''ဟု လှမ်းခေါ်သည်။ နီနာသည် လှည့်ကြည့်ပြီး မျက်မှောင်ကြုတ်ကာ သွားမြဲတိုင်းသွားသည်။

နီကိုလေသည် နီနာရှိရာသို့ အတင်းပြေးလိုက်သွားသောအခါ လူနှစ်ယောက်က ''ဟေ့ ဘာလုပ်မလို့လဲ''ဟု ပြောကာ သူ့လက်ကို ဆွဲထားသည်။ ထိုလူနှစ်ယောက်မှာ အရပ်ဝတ်အရပ်စားနှင့် ရုပ်ဖျက်ထားသော လျှို့ဝှက်သူလျှိုများဖြစ်သည်။ ထိုအခါ နီကိုလေက ''သင့်ကို ပြောစရာရှိလို့ပါ။ လီဒါကို ငါ တွေ့ခဲ့လို့ပါ''ဟု နီနာကို အော်၍ပြောသည်။

နီနာက ချက်ချင်းရပ်လိုက်ပြီး ''လွှတ်လိုက်ပါ။ သူ့ကို ငါ သိပါတယ်''ဟုပြောကာ လီဒါ ဘယ်မှာနေသလဲ။ သင် သိသလား နီကိုလေ''ဟု ပြောသည်။

''မနေ့ကပဲ လီဒါကို ငါ တွေ့ရတယ်''

''လီဒါက ငါ့ကို ဘာလို့ အခေါ်မလွှတ်ရတာတဲ့လဲ''

''သူ့အကြောင်းကို တိုတိုနဲ့ပြောလို့ မပြီးဘူး။ နောက်မှပဲ အားလုံးပြောပြမယ်''

''ဒီလိုဆိုရင် သူ့ဆီကို ငါ ချက်ချင်းသွားတွေ့မယ်။ ဒီမှာ ယိုတ်ဗာကောက် ငါ ပွဲမကြည့်တော့ဘူး။ သင် ခဏစောင့်ပါ။ သူငယ်ချင်းကို ငါ သွားမတွေ့လို့မဖြစ်ဘူး။ အရေးသိပ်ကြီးတယ်''ဟု နီနာက ပြောသည်။



ယိုတ်ဗာကောက်က မျက်နှာကြီးအောက်သိုးသိုးလုပ်၍ ''ဒီ လီဒါက ဘယ်မှာနေသလဲ''ဟု နီကိုလေကိုမေးသည်။

''အိုဘူခေါက်တန်းလျားမှာနေတယ်''

''ဘယ့်နှယ်တန်းလျားမှာ နီနာ သင်သွားရမယ့်နေရာဟာ ဘာဆိုတာ သင် သိရဲ့လား''ဟု ယိုတ်ဗာကောက်ကပြောသည်။

''ငါသိပါတယ်။ သင်လည်း လိုက်ခဲ့။ ဟုတ်တယ် ဟုတ်တယ်။ သင်လည်း လိုက်ခဲ့။ လာ လာ တစ်ခါတည်းလိုက်ခဲ့''

နီကိုလေအဖို့တွင် ထိုအကြိမ်သည် သူ့တစ်သက်တွင် မော်တော်ကား ပထမစ၍ စီးဖူးခြင်းဖြစ်သည်။

တခြားအချိန်အခါမျိုးဖြစ်လျှင် နီကိုလေသည် မော်တော်ကားစီးရခြင်းကို အများကြီး ဇိမ်ခံမည်သာဖြစ်သည်။ သို့ရာတွင် ထိုအခိုက်တွင် သူ့တွင် ဇိမ်ခံချင်သော စိတ်မရှိ။ နီကိုလေက နီနာအား လီဒါ၏အကြောင်းကို ကမန်းကတန်းပြောပြသည်။

''လီဒါအတွက် ငါ အများကြီး စိတ်ပူတယ်။ သူလိုမိန်းမသားတစ်ယောက် မပြောနဲ့။ လေးလုံးခြောက်ဖက်နဲ့ ယောက်ျားကြီးတွေတောင် ဒီစက်ရုံထဲရောက်သွားရင် ဘယ်သူမှ မခံနိုင်ဘူး။ ပြီးတော့ လီဒါ ကိုယ်ဝန်အရင့်အမာကြီးနဲ့လည်း ဖြစ်နေတယ်''

နီနာသည် နီကိုလေပြောသည်ကို နားထောင်ရင်း ရင်ထဲတွင်ဆို့လာသည်။

တန်းလျားကလူများသည် အင်မတန် ခန့်ညားတောက်ပြောင်သော မော်တော်ကားကြီးကို ဝိုင်း၍ကြည့်ကြသည်။ ရုံးအုပ်သည် အရေးကြီးသောကိစ္စနှင့် အထက်အရာရှိကြီးများလာပြီး စစ်ဆေးသည်ဟု သဘောရသဖြင့် ဘယ်ဘက်လက်ဖြင့် တွဲလောင်းကျနေသော သူ့ဘောင်းဘီကိုမ၍ ညာဘက်လက်ဖြင့် လေးစားစွာဆလံပေးနေသည်။

နီကိုလေသည် နီနာကို လီဒါအခန်းထဲသို့ တစ်ခါတည်းခေါ်သွားသည်။ ကြမ်းများကလည်း ညစ်ပတ်။ ထရံများကလည်း ချေးနံ့ကြမ်းပိုးနံ့များဖြင့် ဟောင်၍နေပြီးလျှင် တန်းလျားတွင် နေကြသည့်လူများမှာလည်း မျက်တွင်းဟောက်ဟောက်ဖြစ်နေကြသည်ကို တွေ့ရသဖြင့် နီနာမှာ တုန်လှုပ်ချောက်ချား၍သွားသည်။ ရုရှပြည်သို့ ပြန်ရောက်မှ အလုပ်သမားများနေသော တန်းလျားသို့ ယခုတစ်ကြိမ်သာ နီနာ ရောက်ဖူးသည်။ ယိုတ်ဗာကောက်သည် နှာခေါင်းတရှုံ့ရှုံ့နှင့် နီနာနောက်ကလိုက်သည်။

နာတာလိယမှာ မျက်နှာမကောင်းဖြစ်နေသည်ကို တွေ့ရသဖြင့် နီကိုလေက ''လီဒါ ဘယ်မလဲ''ဟု မေးသည်။

''အခုတွင်ကပဲ အခန်းထဲက ထွက်သွားတယ်။ ငါလည်း အခုပဲ အလုပ်က ပြန်လာတယ်။ တစ်နေရာရာသွားပြီး မှိုင်နေပြီနဲ့တူပါတယ်။ တိုနီယအတွက် သူ အများကြီး စိတ်ထိခိုက်ဖြစ်နေတယ်။ ဒီနေ့ဆိုရင် သူ အလုပ်တောင်မဆင်းဘူး။ အဲဒီအတွက်ကလည်း အပြစ်ဒဏ်ကြီးကြီး ခံရဦးမယ်''

''တိုနီယ ဘာဖြစ်လို့လဲ''

www.burmeseclassic.com

www.burmeseclassic.com



''ဆွဲကြိုးချသေပြီလေ သင် မသိဘူးလား''

နီကိုလေသည် လီဒါ၏အိပ်ရာပေါ်တွင် ဆုပ်ချေထားသော စာရွက်ကလေးကို မြင်သဖြင့် ကောက်၍ဖတ်ကြည့်သည်။ နီကိုလေသည် အစိပ္ပာယ်ကို အကုန်လုံးနားလည်သွားသဖြင့် ''လီဒါ ဘယ်မှာလဲ ပြောကြပါဦး''ဟု နာတာလီယ၏ လက်ကိုကိုင်၍ ကျယ်လောင်စွာ ပြောသည်။ နာတာလီယသည် နီကိုလေက သူ့သမီးကို ကြိုက်နေပြီဖြစ်သည့်အကြောင်းကို သဘောပေါက်သွားသည်။

နီကိုလေသည် ဣန္ဒြေမဆည်နိုင်ဘဲ အပြင်သို့ထွက်သွားပြီးလျှင် ပထမတွေ့သော သူငယ်ကလေးကို ''လီဒါများ မမြင်မိဘူးလားဟေ့''ဟု မေးသည်။

''လီဒါ ဟိုတဲထဲကို အဝတ်အစားလဲဖို့ ဝင်သွားတယ်။ သူ ဒီလိုပဲ အဲဒီတဲထဲကို အဝတ်အစားဝင်ဝင်လဲတယ်''

နီကိုလေသည် တဲဆီသို့ ပြေးပြီးလျှင် ''ဟေ့ လီဒါရေ သင် တဲထဲမှာလား''ဟု မေးသည်။ တဲထဲမှ ဘာသံမျှမကြားရ။ တဲတံခါးမှာ အတွင်းကနေ၍ ကလန့်ထိုးထားသည်။ တံခါးကိုခေါက်ပြီးနောက် အနီးတွင် ပုဆိတ်တစ်လက်တွေ့သဖြင့် နီကိုလေသည် တံခါးကို ပုဆိန်နှင့် ပေါက်ဖွင့်သည်။

''ဟေ့ မလုပ်နဲ့၊ ဒါအစိုးရပစ္စည်း သင် ဒုက္ခရောက်သွားမယ်''ဟု ရုံးအုပ်က လှမ်း၍အော်သည်။

နီကိုလေသည် ရုံးအုပ်ကိုပြန်၍အော်ပြီးလျှင် တဲထဲသို့ ပြေးဝင်သွားသည်။ လီဒါသည် ကြမ်းပေါ်တွင် မှောက်ခုံလဲလျက်ရှိသည်။ လီဒါ၏ ဘယ်ဘက်လက်မောင်းမှ သွေးများထွက်၍နေပြီးလျှင် သူ့အနီးတွင် ဓားတစ်လက်ကိုလည်း တွေ့ရသည်။

''သူ့သွေးကြောကို သူ ဖြတ်ထားတယ်''ဟု နီကိုလေကပြောပြီးလျှင် လီဒါ၏ လည်စီးကိုဖြည်၍ လီဒါ၏ရင်ဘတ်ကို နားနှင့်ကပ်ထောင်သည်။ ပြီးလျှင် ''အသက်ရှိသေးတယ်''ဟု ပြော၍ လီဒါ၏လက်မောင်းကို အဝတ်နှင့်စည်းပေးသည်။

နီနာက မျက်စိပျက်ပျက် မျက်နှာပျက်ပျက်ဖြင့် ''ဘာလို့ ဒီလိုလုပ်ရသလဲ မသိဘူး''ဟု ပြောသည်။

နီနာက ''ယိုတ်ဗာကောက် သင် ဘယ်လိုနည်းနဲ့ပဲလုပ်လုပ် လီဒါ့ကိုတော့ မသေအောင်လုပ်ပေးရမယ်''ဟု ပြောသည်။ ပြီးလျှင် နာတာလီယဘက်သို့ လှည့်၍ ''သင်တို့ပစ္စည်းတွေ အကုန်သွားယူ။ ငါတို့နဲ့လိုက်ခဲ့။ နောက်ကို သင်တို့ ဒီကိုပြန်မလာရတော့ဘူး''ဟု ပြောသည်။

ရုံးအုပ်က နီနာသို့ ''ရဲဘော် သင့်နာမည်လည်း ငါ မသိဘူး။ ဒါပေမယ့် နာတာလီယရဲ့ ယောကျ်ားဆီဒီရောက်ဟာ ပြည်သူ့ရန်သူဆိုတာကိုတော့ သင် သိစေချင်တယ်။ ပြီးတော့ သူ့သမီး လီဒါဟာလည်း အခွင့်မတိုင်ဘဲနဲ့ ဒီနေ့ အလုပ်မဆင်းဘူး။ အဲဒီအတွက် ဥပဒေအရ ကြီးလေးတဲ့အပြစ်ဒဏ်ကို ပေးရလိမ့်မယ်။ အခုလို သူ့ကိုယ်သူ သတ်သေဖို့လုပ်တာနဲ့ သူအလုပ်ပျက်လို့ခံရမယ့် အပြစ်ဒဏ်နဲ့ ဘာမှမဆိုင်ဘူး''ဟု ပြောသည်။



နီကိုလေက ''ဒါက ပြည်သူ့ရန်သူအတွက်၊ ဒါကအလုပ်ပျက်တဲ့ အပြစ်အတွက် သင့်ကို ငါ လုပ်ချင်နေတာကြာလှပြီ''ဟု ပြောကာ ရုံးအုပ်၏ နားအုံကို လက်သီးနှင့် နှစ်ချက်ဆင့်၍ ထိုးလိုက်သည်။

ရုံးအုပ်က သူ့ကို အကာအကွယ်ပေးရန် ယိုတ်ဗာကောက်ဆီသို့ပြေးရာ ယိုတ်ဗာကောက်က ခြေနှင့်ကန်လွှတ်လိုက်သည်။

ထို့နောက် နီကိုလေတို့လူစုသည် မေ့မြော၍နေသော လီဒါကို ကားပေါ်သို့ တင်လိုက်သည်။ ခဏနေလျှင် နာတာလီယလည်း ကားပေါ်သို့အထုပ်အပိုးနှင့် ရောက်လာသည်။ ပြီးလျှင် နီနာတို့၏ လူအပြည့်နှင့်မော်တော်ကားကြီးသည် ညစ်ပတ်ပေကျံသော အလုပ်တန်းလျားဝင်းအတွင်းမှ အပြင်းမောင်း၍ထွက်သွားသည်။

ဆေးရုံသို့ရောက်သောအခါ သူနာတွေများလွန်းသဖြင့် အကြာကြီးစောင့်နေရသည်။ သူတို့သည် ကိုယ့်အတွေးနှင့်ကိုယ်တွေးကာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ။ ယိုတ်ဗာကောက်သည် နီနာကို အပြစ်တင်သော မျက်နှာထားနှင့် ကြည့်ပြီး ဆေးရုံစြည့်ခန်းထဲမှ လူးလာခေါက်တုံ့ လျှောက်၍နေသည်။ သူ့စိတ်ထဲက အဘယ်ကြောင့် ပွဲမကြည့်ရဘဲ ဆေးရုံတွင် အရှုတ်တွေကြားထဲ၌ ရောက်နေရသလဲဟု တွေးသည်။

အခန်းထဲမှ ဆရာဝန်ထွက်လာသောအခါ နီနာတို့လူစုသည် ရင်တဖိုဖို ဖြစ်နေကြသည်။

''စိုးရိမ်စရာမရှိပါဘူး''ဟု ဆရာဝန်က ယိုတ်ဗာကောက်ကို ပြောသည်။

နီကိုလေသည် ဝမ်းသာ၍ရယ်နိုင်ပြီ။

နီဗိကောက်သည် ညဘက်တွင် ပါတီအစည်းအဝေးမှအပြန် သူ့အခန်းထဲသို့ ရောက်၍ ခတ်မီးခလုတ်ကို ဖွင့်လိုက်သောအခါ တံခါးပေါက်ဘက်သို့ မျက်နှာပြုနေသော ကုလားထိုင်ပေါ်တွင် နီကိုလေငုတ်တုတ်ကြီးထိုင်၍ ဒေါသဖြစ်သော မျက်လုံးများနှင့် သူ့ကိုကြည့်နေသည်ကို တွေ့ရသည်။

''သင် ဘာလာလုပ်တာလဲ''

''သင်နဲ့ ရှင်းစရာရှိလို့ ငါလာတာ။ သင်နဲ့ငါနဲ့ တစ်နေ့ကျရင် မရှောင်သာတဲ့နေရာမှာ တွေ့ကြလိမ့်မယ်လို့ ငါပြောတာ သင် သတိရသေးတယ်မဟုတ်လား။ အခု ငါတို့ တွေ့ကြတာပဲ။ တွေ့ရုံပဲနော် ခွဲကြဖို့မဟုတ်ဘူး''

''မနောက်စမ်းပါနဲ့ နီကိုလေ။ ငါ မောလာပါတယ်။ ပြန်ပါ ငါ အိပ်ချင်ပြီ''

''ရှင်းစရာရှင်းပြီးတော့ ပြန်မှာပေါ့။ တံခါးပိတ်လိုက်ပါ''ဟု ပြောပြီးလျှင် နီကိုလေသည် နီဗိကောက်ကို စားမည့်ဝါးမည့်ပုံနှင့်ကြည့်သည်။ နီကိုလေသည် မကြာသေးမီကပင် တက္ကသိုလ်ထမင်းစားခန်းတွင် သူ့စားကြွင်းစားကျန်များကိုစား၍ ပေါ့ပေါ့ဆဆနှင့် နေခဲ့သူဖြစ်သဖြင့် သူ့အလုပ်ကိုပင် ထိခိုက်ချင်ထိခိုက်မည်ဟု နီဗိကောက် ကြောက်ခဲ့ဖူးသည်။ ယခုအခါလည်း နီဗိကောက်သည် နီကိုလေကို ကြောက်ရပြန်သည်။ သို့ရာတွင် ယခု ကြောက်ခြင်းမှာ ယခင်ကြောက်ခြင်းမျိုးမဟုတ်၊ နီကိုလေဘက်က

www.burmeseclassic.com

www.burmeseclassic.com



မှန်ကန်နေသည့်အတွက် သူ့အတွင်းသန္တာန်က စိမ့်၍ကြောက်ခြင်းဖြစ်သည်။ နီကိုလေ၏ မျက်နှာတွင် နီဗီကောက်ကို အင်မတန်အင်မတန် အထင်အမြင်သေးနေသည့် အခြင်းအရာများ ထင်ရှားစွာပေါ်၍နေသည်။

နီဗီကောက်သည် တံခါးကိုပိတ်လိုက်ပြီးလျှင် "ကိုင်း ဘယ်လိုရှင်းချင်သလဲ။ ငါ သိချင်လွန်းလို့ တုန်တောင်နေတယ်" ဟု ရွှံ့၍ပြောသည်။

နီကိုလေသည် ထိုင်ရာမှထလျက် လီဒါရေးထားသည့်စာကို နီဗီကောက်သို့ ခပ်လှမ်းလှမ်းမှနေ၍ပြပြီးလျှင် "သင့်ဆုံးဖြတ်ချက်ကို ငါ ဖတ်ရတယ်။ သင်ဟာ ချီးမွမ်းထိုက်ပါတယ်။ သင်ဟာ ကျောက်ခဲလိုမာတဲ့ ဘော်ရှီဗစ်တစ်ယောက်ဖြစ်နေပြီး သေဒဏ်အပေးကျွမ်းကျင်နေတာ ငါ တွေ့ရတယ်" ဟု ပြောသည်။

နီဗီကောက်က အံကိုကြိတ်၍ "အေးအေးနေစမ်း၊ အေးအေးနေစမ်း၊ သင့်ကို ညီဆိုပြီး ငါကညာမှမဟုတ်ဘူး" ဟုကြိမ်းသည်။

နီကိုလေသည် နီဗီကောက်ကိုစိုက်၍ကြည့်လျက် နီဗီကောက်ဆီသို့ လာပြီးလျှင် "သင်ဟာ တော်တော်ယုတ်မာတယ်။ သင် လူကောင်းယောင်ဆောင်နေပေမယ့် အပိုပဲ။ သင့်ကို ငါ အစ်ကိုမတော်ချင်တာကြာလှပြီ" ဟု ပြောသည်။

နီဗီကောက်က "စိတ်အေးအေးထားစမ်းပါ နီကိုလေ။ ငါ့အပေါ်ကို အလွဲမထင်ပါနဲ့။ ငါတို့ဟာ ကလေးတွေမဟုတ်ဘဲ။ နှစ်ယောက်သား သတ်နေကြလို့ မကောင်းဘူး" ဟု စကားချိုသွေးပြီး ပြုံး၍နေသည်။ နီကိုလေက နီဗီကောက်၏ မျက်နှာကို စိုက်၍ကြည့်ပြီးလျှင် ဖြန်းခနဲ နီဗီကောက်၏လက်မောင်းကို တအားညှစ်၍ ကိုင်လိုက်သည်။

"စိတ်အေးအေးထားပါ နီကိုလေ။ ငါ့လက်ကိုလွှတ်လေ။ တို့နှစ်ယောက် ရန်ဖြစ်နေလို့ အလကားပေါ့။ လောကမှာ အေးအေးချမ်းချမ်းနဲ့ပြီးအောင် လုပ်မရတဲ့ကိစ္စလို့ မရှိပါဘူး။ သင် ပြောချင်တာတွေကို ငါ့ကို အကုန်ပြောပြပါ။ ငါလည်း ငါပြောချင်တာတွေကို သင့်ကို ပြောပြပါမယ်။ ပြီးတော့မှပဲ အေးအေးချမ်းချမ်း ဆုံးဖြတ်ကြတာပေါ့"

"ငါတို့နှစ်ယောက်ဟာ သဘောချင်းတိုက်ဆိုင်အောင် လုပ်လို့ရတော့မယ် မထင်ပါဘူး နီဗီကောက်"

"ရမှာပေါ့။ ရမှာပေါ့"

နီဗီကောက်သည် နီကိုလေနှင့် မျက်စိချင်းမဆုံမိအောင်ကြည့်၍ ရှောင်ပြီးလျှင် မီးဖိုခန်းသို့သွား၍ သေရည်တစ်ပုလင်းနှင့် ဖန်ခွက်နှစ်ခွက်ယူလာသည်။ ပြီးလျှင် နီကိုလေ၏ ရှေ့တွင်ရပ်၍ ဖန်ခွက်သံပေးလိုက်သည်။

"နီကိုလေ သင် ဗော်ဒကာသောက်မယ် မဟုတ်လား" ဟု နီဗီကောက်က မေးသည်။ နီကိုလေသည် သေခွက်ကိုယူ၍ သောက်လိုက်ပြီးလျှင် "လီဒါဟာ သူ့ကိုယ်သူရော၊ ကလေးကိုရော သတ်သေဖို့လုပ်တာ သင် သိရဲ့လား။ ဒီလိုအခြေမျိုးကို လီဒါ ရောက်သွားတာဟာ သင်လုပ်လို့ပေါ့" ဟုပြောသည်။



"သင်ပြောလိုက်ရင် ဒီလိုချည်းပဲ။ သူ့ဟာသူ သတ်သေဖို့လုပ်တာထဲမှာ ငါ့ပယောဂ ဘာမှမပါဘူး"

"ဪ သင့်ရဲ့ပယောဂမပါဘဲကိုး။ ဒါဖြင့် ဘယ်သူ့ပယောဂပါသလဲ"

"ဘယ်သူ့ပယောဂပါတယ်လို့မှ မဆိုနိုင်ဘူး။ လောကဆိုတာ ဒီလိုပဲ"

"ဪ ဪ"

"ယုံပါ နီကိုလေ၊ လီဒါကို ငါ တကယ်သနားပါတယ်"

"ဪ လီဒါကို သင် သနားသကိုး" ဟု နီကိုလေကပြောပြီးလျှင် "ဒီကောင်ကို ငါ ဒေါသထွက်နေတုန်း မြန်မြန်ပိတ်ထိုးမှပဲဖြစ်မယ်။ နို့မို့ရင် ဟိုလျှောက်ပြော ဒီလျှောက်ပြောနဲ့ ငါ ဘာမှ ပြန်ပြောတတ်မှာမဟုတ်ဘူး။ ဒီကောင်က အပြောသိပ်လည်တယ်" ဟု အောက်မေ့သည်။ နီကိုလေသည် ဖန်ခွက်ကိုကြမ်းပေါ်သို့ချ၍ တံခါးကိုသွား၍ သော့ခတ်ပိတ်ပြီး နီဗီကောက်ရှိရာသို့ ပြန်လှည့်လာသည်။

နီကိုလေ၏ မျက်နှာမှာ ဒေါသဖြစ်၍ ကြောက်စရာကြီးဖြစ်နေသည်။ သူ၏ချုပ်တည်းထားရသော ဒေါသများသည် ပွင့်၍ထွက်နေပြီ။ နီဗီကောက်သည် နီကိုလေ၏မျက်နှာကို ကြည့်၍ကြောက်လာသဖြင့် နောက်သို့ဆုတ်သွားပြီးလျှင် သူ့ခြောက်လုံးပူးသေနတ်ကို ယူလိုက်သည်။ ထိုအခိုက်တွင် နီကိုလေသည် အတင်းပြေး၍ နီဗီကောက်၏လက်ကို ဖိထားသည်။

"သေနတ်ချလိုက်၊ သေနတ်ချလိုက်" ဟု နီကိုလေ အသံနက်ကြီးနှင့်အော်သည်။ ခြောက်လုံးပူးလည်း ကြမ်းပေါ်သို့ ဗုန်းခနဲကျသွားသည်။ ထို့နောက် ညီအစ်ကိုနှစ်ယောက်သည် ဒေါသကြီးသော ခွေးနှစ်ကောင်ကိုက်နေကြသည့်ပမာ ဝုန်းဝုန်းဒိုင်းဒိုင်းသတ်ကြသည်။ တစ်ယောက်နှင့်တစ်ယောက်လည်း လက်သီးနှင့် တစ်အားကြုံး၍ထိုးကြသည်။ သူတို့ နှစ်ယောက်မှာ လဲကျလိုက် ထ၍သတ်လိုက် ဖြစ်နေသည်။

"ဟော့ ခွေးကောင် လီဒါလို အားမရှိတဲ့မိန်းကလေးသာ သင် အနိုင်ကျင့်လို့ရမှာ" ဟု နီကိုလေကပြောသည်။ နီဗီကောက်ကလည်း ပြန်၍ကြိမ်းဝါးပြီးလျှင် နီကိုလေကို တွန်း၍ဖယ်လိုက်ပြီး ကုလားထိုင်ကိုကောက်၍ နီကိုလေကို ပေါက်လိုက်သည်။ နီကိုလေက တိမ်း၍ရှောင်လိုက်ရာ ကုလားထိုင်သည် ကြမ်းပေါ်သို့ကျ၍ အစိတ်စိတ်အပိုင်းပိုင်း ကျိုးသွားသည်။ ထိုအခိုက်တွင် နီကိုလေကပြေး၍ တစ်အားထိုးလိုက်ရာ နီဗီကောက်၏ ပါးစပ်မှ သွေးများထွက်လာသည်။ နောက်တစ်ချက်ဆက်၍ ထိုးမည်အလုပ်တွင် နီဗီကောက်က တိမ်းလိုက်ပြီး နီကိုလေကို ပူး၍သတ်သည်။ နှစ်ယောက်သားမှာ တစ်ယောက်လည်ပင်း တစ်ယောက်ညှစ်၊ တစ်ယောက်အသား တစ်ယောက်ဖဲ့ကြရင်း လဲကျသွားပြီး ကြမ်းပေါ်တွင် ထွေးလုံးရစ်ပတ်ဖြစ်နေကြသည်။ သူတို့နှစ်ယောက်မှာ အားချင်းကတူနေသဖြင့် ဘယ်သူ့ကို ဘယ်သူက၍ အနိုင်မသတ်နိုင်ဘဲ နောက်ဆုံးတွင် နှစ်ယောက်စလုံး ခြေပန်းလက်ပန်း ကျ၍သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့တွင် နှစ်ယောက်သားသည် တစ်ယောက်ကိုတစ်ယောက် မလွှတ်သေးဘဲ ဟောဟဲဟောဟဲဖြစ်ကာ ဖက်ထားကြသည်။ ခဏနေသောအခါ နီကိုလေက အမောအလျှင် ပြေသဖြင့် ကုန်း၍ထပြီးလျှင် နီဗိကောက်၏နားသည်ကို တအားပိတ်၍ထိုးလိုက်ရာ နီဗိကောက်မှာ အော်၍ ကြမ်းပေါ်လိမ့်သွားသည်။

ထို့နောက် နီကိုလေသည် အရက်မူးသူကဲ့သို့ ယိုင်တိုင်ယိုင်တိုင်နှင့် မီးဖိုထဲတွင် သွား၍ သူ့ကိုယ်တွင်ပေနေသော သွေးများကိုဆေးသည်။ နီကိုလေ ပြန်လာသောအခါ နီဗိကောက်မှာ ကြမ်းပေါ်တွင်ထိုင်၍ ခေါင်းကိုရမ်းနေသည်ကို တွေ့ရသည်။ နီဗိကောက်၏ မျက်လုံးနှစ်ဖက်စလုံး ရောင်၍နေပြီးလျှင် သူ့အင်္ကျီမှာလည်း စုတ်ပြတ်နေသည်။ နီဗိကောက်သည် သူ၏ သွေးထွက်နေသောနှုတ်ခမ်းများကို မဖွင့်နိုင်ဖွင့်နိုင်ဖွင့်ပြီး ပါးစပ်ကြီးကို ဖြဲ၍နေသည်။

“ဒီမှာ နီကိုလေ”ဟု နီဗိကောက်ပြောပြီးလျှင် စကားမဆက်နိုင်ဘဲ သူ့နှုတ်ခမ်းက သွေးများကို လျှာနှင့်လျက်သိမ်းနေသည်။ ပြီးမှဆက်၍ “သင်နဲ့ ငါနဲ့ သတ်ကြတဲ့ အကြောင်း ငါ ဘယ်သူ့မှ မပြောပါဘူး။ သင်ကလည်း ဘယ်သူ့ကိုမှ မပြောပါနဲ့”ဟု ပိတ်သည်။

“ကောင်းပြီ။ ငါ ဘယ်သူ့မှ မပြောဘူး”ဟု နီကိုလေကပြောသည်။ နီဗိကောက်ကို ကြည့်ရသည်မှာ သနားစရာကောင်းသည်။ သို့ရာတွင် နီကိုလေ စိတ်ထဲကမူ မသနား။ နီကိုလေသည် သေရည်ကို ဖန်ခွက်ထဲသို့ငှဲ့၍ထည့်ပြီးလျှင် သောက်မည်လုပ်ပြီးမှ မသောက်ဘဲ သူ၏ တုန်နေသောလက်ဖြင့် ဖန်ခွက်ကို နီဗိကောက်ပါးစပ်ထဲသို့ ထည့်၍ ဖိတ်တဝက်စင်တဝက်တိုက်ပေးသည်။

“ကျေးဇူးပါပဲ နီကိုလေ။ ငါတို့နှစ်ယောက်ဟာ တော်တော်ထူးဆန်းတာပဲ။ ညီအစ်ကိုဆိုပြီး သတ်လိုက်ကြတာ ရန်သူကြီးတွေကျနေတာပဲ”

“သင်နဲ့ ငါနဲ့ဟာ ရန်သူပဲ”

“ဒီလိုလား”

“ဟုတ်တယ်။ ဒီအတိုင်းပဲ”

ခဏကြာသောအခါ နီဗိကောက်က “လီဒါ ဘယ့်နှယ်နေသလဲ”ဟုမေးသည်။

“လီဒါ ဆေးရုံမှာ ရောက်နေပြီ။ မစိုးရိမ်ရတော့ဘူး”

“သင် လီဒါကို သိပ်ချစ်သလား”

“လီဒါကို မချစ်ဘူးဆိုလို့ မဖြစ်နိုင်ဘူး။ သင်ဟာ လီဒါ့သဘောကို မသိဘူး။ နောက်လည်းသိမှာ မဟုတ်ဘူး”

“သင်ပြောသလိုဆိုတော့လည်း ဟုတ်တာပဲ။ ဒါပေမယ့် ငါ့ကံကိုက သားနဲ့ မယားနဲ့ နေရမယ့်ကံမဟုတ်ဘူး။ ငါ ဒုက္ခတွေ့ရတာ နှစ်ခါရှိပြီ။ ပထမတစ်ခါက နီနာနဲ့။ ငါ့ကံကိုက ဆိုးပါတယ်နီကိုလေ။ ငါ့ကံကိုက ဆိုးပါတယ်။ ငါ့ကို ဒီလို ဒုက္ခရောက်အောင် လုပ်နေတဲ့လူဟာ ဘယ်သူဘယ်ဝါဆိုတာကို တစ်ယောက်ယောက်က



ပြပေးမယ်ဆိုရင် အဲဒီလူကို ဟောဒီ ငါ့လက်နှစ်ဖက်နဲ့ လည်ပင်းကိုညှစ်ပြီး သတ်ပစ်ပါရဲ့။

နီကိုလေသည် တံခါးပေါက်ဆီသို့သွားသည်။ နှစ်ယောက်သား သတ်ထားကြသည့်အတွက် သူ့ကိုယ်သည် အိုက်လှုံက်ပူလှုက်ပင် ရှိသေးသည်။ သူ့စိတ်ထဲက ဒေါသဖြစ်ခြင်းလည်း မပျောက်သေး။ နီဗိကောက်သည် မောပန်းနာကျင်နေသေး၍သာ စကားကောင်းပြောနေခြင်းဖြစ်သည်။ မနက်ဖြန် အမောပြေ၍ အားပြန်ပြည့်လာလျှင် ကောက်ကျစ်မြဲ ပြန်၍ကောက်ကျစ်သွားမည့်အဖြစ်ကို နီကိုလေသိသည်။

“ငါ ပြန်မယ်။ အခုဆိုရင် သင် ငါ့ကို တက္ကသိုလ်က ထုတ်ပစ်တော့မယ် မဟုတ်လား”

“ဘာလို့လဲ ထုတ်ပစ်မှာ သင် ကြောက်သလား”

“ငါ မကြောက်ပါဘူး။ ထုတ်ပစ်မလား၊ မထုတ်ပစ်ဘူးလားဆိုတာကို သိချင်လို့ မေးတာပါ”

“သင့်ကို တက္ကသိုလ်က ထုတ်မပစ်ပါဘူး။ ငါ့အပေါ် ဒါလောက် အထင်မသေးပါနဲ့ နီကိုလေ”

နီကိုလေသည် နီဗိကောက်အခန်းထဲမှ ထွက်ခဲ့သည်။ လကလည်း တိမ်ကြားမှ သာလိုက် မသာလိုက်ဖြစ်နေသည်။ လေညင်းကလေးကလည်း တိုက်ခတ်လျက်ရှိသည်။ နီကိုလေ၏ စိတ်ထဲတွင် အလွန်တရာ ပျော်ရွှင်၍နေသည်။ အဘယ်ကြောင့် ထိုသို့ ပျော်ရွှင်၍ နေသနည်း။ တစ်ကြောင်းအားဖြင့် သူသည် နီဗိကောက်ထက် စိတ်နှလုံးမြင့်မြတ်ကြောင်း နီဗိကောက်က ဝန်ခံလိုက်ခြင်းကြောင့်ဖြစ်သည်။ တစ်ကြောင်းအားဖြင့်လည်း ဤကြမ်းကြုတ်သော လောကကြီးအတွက် သူက နည်းလမ်းအမှန်ကိုရွေး၍ အသုံးပြုလိုက်ခြင်းကြောင့် ဖြစ်သည်။ နောက်တစ်ကြောင်းအားဖြင့်လည်း သူ့တွင် သနားကြင်နာတတ်သောစိတ် ရှိကြောင်းကို သိရ၍ဖြစ်သည်။ ထိုမှတစ်ပါး အဓိကအကြောင်းကြီးတစ်ခုလည်းရှိသေးသည်။ ထိုအကြောင်းကြီးမှာ သူ အလွန်တရာချစ်မြတ်နိုးသော လီဒါမသေသည့်အတွက် ဖြစ်သည်။ မနက်ဖြန်ခါဆိုလျှင် သူသည် လီဒါကို တွေ့ရတော့မည်။ သူ့ရင်တွင်းနှလုံးတွင်းက ပျော်ပျော်ရွှင်ရွှင်နှင့် သူ လိုလားတောင့်တနေသော စင်ကြယ်သာယာ၍ လူသားတို့နှင့်ထိုက်တန်ပြီး အံ့ဖွယ်ဖြစ်သော လောကကြီးကို လီဒါ၏မျက်လုံးကလေးများထဲတွင် တွေ့မြင်ရတော့မည်။

❋❋❋

## အခန်း(၇)

ယိုတ်ဗာကောက်အဖေက မော်စကိုမြို့မှနေ၍ သူ့သားထံသို့ “နီနာသည် ချောလှ၍ အင်မတန် ပါးနပ်လိမ်မာသော မိန်းကလေးတစ်ယောက်ဖြစ်သည်။ သင် နီနာနှင့်လက်ထပ်ဖို့ကို ငါ သဘောတူသည်။ ငါတို့ ဗိုလ်(စတာလင်)ကလည်း သဘော

www.burmeseclassic.com

www.burmeseclassic.com



တုသည်။ သင်တို့ မင်္ဂလာဆောင်ကြသောအခါ ရောက်စတောက်မြို့တွင် မကြုံဖူး၊ မကြားဖူးလောက်အောင် ငါ အကြီးအကျယ် ကျွေးမွေးဧည့်ခံမယ်''ဟု စာရေးလိုက်သည်။ ယိုတ်ဗာကောက်အဖေက မင်္ဂလာဆောင်ကို သူလာမှပင် ကျင်းပရမည်ဟု ပြောသည်။ သူလည်း မော်စကိုမြို့တွင် အရေးကြီးသော ကိစ္စများရှိနေ၍ အရက်ခြောက်ဆယ်လောက်ကြာမှ လာနိုင်မည်။ သူလာသောအခါ ယူလာမည်ဟုပြောသည်။ ထိုမျှအချိန်ကြာမြင့်စွာ စောင့်နေရသည့်အလုပ်မှာ ယိုတ်ဗာကောက်အဖို့ အင်မတိအင်မတန် အနေရအထိုင်ရကြပ်သော အလုပ်ဖြစ်သည်။

နီနာရောက်လာပြီး နောက်တစ်နေ့၌ပင် ယိုတ်ဗာကောက်နှင့်နီနာတို့သည် မှတ်ပုံတင်ရုံးသို့သွား၍ လင်မယားအဖြစ် မှတ်ပုံတင်ထားကြသော်လည်း နီနာက ယိုတ်ဗာကောက်ကို သူနှင့်အတူ အိပ်ခွင့်မပေးဘဲ ''မင်္ဂလာဆောင်ပြီးမှပဲ ငါဟာ သင့်မယားဖြစ်မယ်''ဟု ပြောသည်။ သူတို့နှစ်ယောက်သည် ဟိုတယ်တစ်ခုတွင် တစ်ယောက်နှင့်တစ်ယောက် မသိကြသော သူစိမ်းများပမာ ကိုယ့်အခန်းနှင့်ကိုယ် နေကြသည်။

ယိုတ်ဗာကောက်မှာ ပြာသိုလတွင် ကြောင်ထီးအော်သလို အော်၍သာနေချင်သဖြင့် စီးကရက်ကို ဖိ၍သောက်နေရသည်။ နီနာကို မြင်လိုက်ရလျှင်လည်း တုန်လှုပ်ချောက်ချားကာ တံထွေးတမျိုမျိုဖြစ်၍နေသည်။ တစ်ခါတစ်ရံ ခေါင်းပင်ကိုက်သွားသည်။

''ငါ့မှာ ဘုန်းကြီးကျောင်း လာနေရသလို ဖြစ်နေပြီ။ နီနာကတော့ မတွေ့ဘူးတဲ့အရိုင်းမို့ သူ့စိတ်ကိုထိန်းဖို့ ဘာမှအရေးကြီးမှာ မဟုတ်ဘူး။ ငါ့အဖို့က ခက်တယ်''ဟု ယိုတ်ဗာကောက်စိတ်ထဲက တွေးမိသည်။

တနင်္ဂနွေတစ်ပတ်ကြာသောအခါ ယိုတ်ဗာကောက်မှာ မအောင့်နိုင်တော့သဖြင့် နီနာ့အခန်းအတွက် သော့တုတစ်ချောင်းကို ရှာပြီးလျှင် နီနာမရှိသည့်အခါတွင် ခိုးကြောင်ခိုးဝှက်နှင့် ဖွင့်၍ဝင်ပြီးလျှင် လက်တုန်တုန် ခြေတုန်တုန်ဖြင့် နီနာ၏ အဝတ်အစားများကို လှန်လှော၍ကြည့်ပြီးလျှင် ပိုးအင်္ကျီကိုနမ်းလိုက်သည်။ ပြီးလျှင် သူ့ဟာသူ ရှက်မိသည်။ တစ်နေ့ညနေတွင် ယိုတ်ဗာကောက်သည် နီနာအခန်းတွင်းသို့ မြင်နိုင်သော သစ်ပင်တစ်ပင်ပေါ်သို့တက်၍ နီနာကို တိတ်တဆိတ် ချောင်း၍ကြည့်သည်။ ဘာတွေကိုမြင်ရသည်ကို သူနှင့်သူ့အထက် သစ်ကိုင်းပေါ်တွင် နားနေသော ကျီးကန်းမမှတစ်ပါး မည်သူမျှ မသိနိုင်။ ကျီးကန်းမသည် သူ့နေရာသို့ မဖိတ်ခေါ်ဘဲနှင့် သူစိမ်းတစ်ယောက်ရောက်လာသဖြင့် အ၊ အ၊ အ၊ အနှင့် ပြင်းထန်စွာအော်သည်။ ယိုတ်ဗာကောက် ကမန်းကတန်း သစ်ပင်ပေါ်မှ ဆင်း၍ပြေးရသဖြင့် ဘောင်းဘီလည်းစုတ်၊ ပါးတွေလည်း သစ်ကိုင်းနှင့်ခြစ်မိသဖြင့် ပွန်းကုန်သည်။ သစ်ပင်အောက်သို့ရောက်လာသောအခါ ယိုတ်ဗာကောက်၏ မျက်စိထဲတွင် နီနာ၏ ကိုယ်တုံးလုံးပုံကိုသာ ကသိုဏ်းထင်သကဲ့သို့ မြင်နေသည်။ နီနာ၏ ဖြူဖွေးသောကိုယ်သည် တစ်ကမ္ဘာလုံးကို အလင်းရောင်ပေးနေသည်ဟု



ယိုတ်ဗာကောက်ထင်သည်။ သူ၏ကဏ္ဍာရုံကသိုဏ်းပျောက်၍သွားစေရန် ယိုတ်ဗာကောက်သည် တစ်ညလုံး မိုးလင်းအထိ သေရည်ကို ဖိ၍သောက်သည်။ သူ့စိတ်ချောက်ချားသဖြင့် အရက်တက်တွင် စတာလင်ရုပ်ပုံဘောင်ပေါ်တွင် သရဲလေးတစ်ကောင် ထိုင်၍နေသည်ကို ယိုတ်ဗာကောက် မြင်သည်။ သရဲကလေးက သူ့ကို လျှာစိမ်းစိမ်းကြီး ထုတ်ပြသည်။ ယိုတ်ဗာကောက်က သရဲကလေးကို ပုလင်းနှင့်ဆွဲ၍ပေါက်လိုက်ရာ စတာလင်၏ရုပ်ပုံမှာ စုတ်ပြတ်သွားသည်။ သို့ရာတွင် သရဲကလေးမှာ အထိုင်မပျက်ဘဲ မတော်တရော်များပင် လုပ်၍ပြသည်။ ယိုတ်ဗာကောက်မှာ သုံးရက်ကြာမှ စိတ်ချောက်ချားပျောက်သွားသည်။ နောက်ဆုံးတွင် ယိုတ်ဗာကောက်သည် စိတ်အပျက်ကြီးပျက်လာပြီးလျှင် သူ့ဘဏ္ဍာစိုးကို အလုပ်ထုတ်ပစ်လိုက်မိသည်ကို နောင်တဖြစ်လာသည်။ ဘဏ္ဍာစိုးရှိပါမူ နီနာအနားသို့ ချဉ်းကပ်ခွင့်မရမီအတွင်း၌ မိန်းကလေးတစ်ယောက်ယောက်ကို ရှာပေးနိုင်မည်သာဖြစ်သည်။

ယိုတ်ဗာကောက်မှာ သူ့အဖေထံမှ အရိပ်အမြွက်ပေးထားသော သတင်းကောင်း၏အဓိပ္ပာယ်ကိုသိရသဖြင့် နီနာနှင့် နီးလျက်ဝေးနေရသော ဒုက္ခအတွက် သက်သာရာရ၍ သွားသည်။ ဗေရီးယားသည် ဗဟိုကွန်မြူနစ်ပါတီကြီးကိုင်အဖွဲ့ဝင် ရာထူးကိုရသဖြင့် မကြာမီပင် မော်စကိုမြို့သို့ ပြောင်းရွှေ့ရပြီးလျှင် ဗေရီးယား၏နေရာ ပြည်နယ်ကွန်မြူနစ် ပါတီအမှုဆောင်အဖွဲ့ အတွင်းရေးမှူးချုပ်ရာထူးကို ယိုတ်ဗာကောက်က ရလိမ့်မည်ဖြစ်ကြောင်းကို မော်စကိုဗဟိုအမှုဆောင်အဖွဲ့က ရောက်စတောက်ပြည်နယ် အမှုဆောင်အဖွဲ့သို့ ယိုတ်ဗာကောက်၏ အဖေမရောက်ခင်ပင် လှမ်း၍အကြောင်းကြားသည်။

ထိုသတင်းကိုကြားရသောနေ့တွင် ယိုတ်ဗာကောက်သည် သူ့လက်အောက် အမှုထမ်းများ၏ ဝမ်းသာစကားကို ကမန်းကတန်းနားထောင်ပြီးသည်နှင့် တစ်ပြိုင်နက် နီနာထံသို့သွား၍ ဝမ်းသာအားရပြောပြသည်။ ယိုတ်ဗာကောက်၏ မင်္ဂလာဆောင်ပွဲမှာ သူ့အတွင်းရေးမှူးချုပ်ရာထူးရသည့်ပွဲနှင့် ပူးတွဲ၍ဆင်နွှဲမည်ဖြစ်သဖြင့် ယိုတ်ဗာကောက်သည် အင်မတန်ဝမ်းသာသည်။ သူ့အဖို့တွင် အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ထင်ရှားကျော်ကြားခြင်း၏ အထွတ်အထိပ်သို့ ရောက်ခြင်းဖြစ်သဖြင့် ဝမ်းသာမည်ဆိုလျှင် အများကြီး ဝမ်းသာထိုက်သည်။ သူ့အဖေသည် အလွန်အပျော်အပါးကြိုက်သူဖြစ်သဖြင့် သူ၏မင်္ဂလာဆောင်ပွဲတွင် မြို့မျက်နှာဖုံးပေါင်းစုံကို ဖိတ်၍ စားကောင်းသောက်ဖွယ်များကို တောင်လိုပုံနေအောင် ကျွေးလိမ့်မည်။ ခေါင်းမြစ်ကြီးတစ်ခုလုံးကိုပင် သေရည်ဖြင့် ပြည့်လျှံသွားလိမ့်မည်ဟု စိတ်ကူးကာ ပီတိဖြစ်လျက်ရှိသည်။ သူရာထူးတိုးသည့်အကြောင်း နီနာကို ပြောပြသောအခါ နီနာက ဝမ်းသာသည့်အခြင်းအရာကို မပြသဖြင့် ယိုတ်ဗာကောက် အံ့အားသင့်သွားသည်။

''ဗေရီးယားနေရာကို သင် ရလိမ့်မယ်လို့ သင် ငါ့ကို ပြောထားတာကြာလှပြီဟာပဲ''ဟုသာ နီနာက ယိုတ်ဗာကောက်ကို အမှုမဲ့အမှတ်မဲ့ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နီနာသည် ဆိုဖာပေါ်တွင်ထိုင်၍ စာတိုက်မှရောက်လာသော စာများကို ဖတ်၍နေသည်။ နီနာသည် အဝတ်အစားကို ရိုးရိုးကလေးဝတ်ထားပြီးလျှင် သူဝတ်ထားသော အင်္ကျီမှာ လက်တိုဖြစ်၍ နေရောင်သင်း၍ကြေးနီရောင်ထနေသော သူ့လက်မောင်းများမှာ ပေါ်၍နေသည်။ ယိုတ်ဗာကောက်မှာ နီနာကိုမြင်ရတိုင်း သူ၏ချောခြင်းလှခြင်းကို မက်မောကာ တစ်မိနစ် နှစ်မိနစ်ခန့် စကားမပြောနိုင်ဘဲ နီနာ၏ ဝိုင်းဝန်းသောမျက်စိများကို စိုက်ကြည့်နေသည်။ နောက်ဆုံးတွင် သက်မကြီးချလိုက်ပြီးလျှင် ယိုတ်ဗာကောက်က "ဟိုတုန်းကတော့ သက်သက်အပြောပါ။ အခုလို လက်ရောက်မဟုတ်ပါဘူး။ မယုံရင် ဟောဒီမှာ မော်စကိုက ရိုက်လိုက်တဲ့ကြေးနန်း ဖတ်ကြည့်ပါ။ မနက်ဖြန်ခါဆိုရင် မိုလောက်သတင်းစာထဲမှာ ဒီသတင်းပါမှာပဲ။ ပရဗ္ဗဒါသတင်းစာထဲမှာလည်း အကျဉ်းချုပ်လောက်တော့ ပါချင်ပါလိမ့်မယ်။ အို နီနာ သင်ဟာ အတွင်းရေးမှူးချုပ်ရာထူး အကြောင်းကို မသိသေးဘူးနော်။ အခု ငါ အတွင်းရေးမှူးချုပ်ဖြစ်တယ်လို့ဆိုရင် ရောက်စတောက်ပြည်နယ် တစ်ခုလုံးမှာ ငါဟာ ဗိုလ်ပဲ။ အကုန်လုံး ငါက သေဆိုသေ ရှင်ဆိုရှင်ရမှာပဲ" ဟု ပြောပြီးလျှင် ပျာပျာသလဲနှင့် အခန်းထဲတွင် လမ်းသလားနေသည်။ ထို့နောက် "အခန်းတံခါးပိတ်ထားရဲ့လားဟေ့။ အေး ပိတ်ထားတယ်။ ကောင်းတယ်။ ပိုပေါက်ကို ငါ အရင်ဆုံး အလုပ်ဖြုတ်ပစ်မယ်။ ဒီကောင်က သိပ်လူဝါးဝတဲ့ကောင်။ ဒီနေ့ဆိုရင် ငါ ရာထူးတိုးလို့ ဝမ်းသာကြောင်း ပြောလိုက်တာ ရွှန်းရွှန်းကိုဝေနေတာပဲ။ ဒီကြွက်သိုက်ကိုတော့ တစ်ခါထဲရှင်းပစ်မှဖြစ်မယ်။ ငါလုပ်လိုက်ရင် ဘယ်သူမှ ကယ်နိုင်မှာ မဟုတ်ဘူး။ ပြီးတော့ ဆေမျိုနောက်တစ်ကောင်လည်း ရှိသေးတယ်။ သူလည်း အထူးလျှို့ဝှက်သူလျှိုဌာနမှာ လူတစ်ယောက်ပဲ။ ဒီကောင်ကိုတော့ ငါ့အကြောင်း သိသွားအောင် ပြောင်ပြောင်ကြီးဖွင့်မေးလိုက်မယ်။ ဒါနဲ့မှ ယီးတီးယားတား ပြောနေသေးရင် ဒီကောင်အတွက် သက်သေခံရထားတာကို ငါ ထုတ်ပြလိုက်မယ်။ ဘာမှမပူနဲ့။ ဒီဌာနတစ်ခုလုံးကို အကုန်ရှင်းပစ်လိုက်မယ်။ ငါ့အကြောင်းကို ကောင်းကောင်း ကြီးပြလိုက်မယ်။ အကုန်လုံး နားရွက်ဆွဲပြီး လှည့်ပစ်လိုက်မယ်" ဟုပြောသည်။

ယိုတ်ဗာကောက်မှာ ဝမ်းသာလုံးဆို့၍ အရှိန်မသတ်နိုင်။ နီနာက သူ ပြောသည်ကို နားထောင်၍မနေ။ ယိုတ်ဗာကောက်သည် အံ့အားသင့်သော မျက်နှာထားနှင့် နီနာကို ကြည့်ပြီးလျှင် "ဩော် ဒီဟာမကလေးကလည်း ကိုယ့်ဟာကို ဝမ်းသာရမယ့်အကြောင်းကိုလည်း မသိရှာဘဲဟာကို။ ကိစ္စမရှိပါဘူးလေ။ မကြာခင်ဘဲ သိလာရှာမှာပါပဲ" ဟု အောက်မေ့သည်။

"သူငယ်ချင်းလေးရေ သင် ဘာလို့ ဒီနေ့ မကြည်မသာဖြစ်နေတာလဲ" ဟု ယိုတ်ဗာကောက်က နီနာကို ယုယစွာဖက်၍မေးသည်။

"လူတစ်ယောက်ဟာ စဉ်းစားနေတာကိုမြင်ရင် ဘာလို့ ရုရှလူမျိုးတွေက ဒီလူဟာ မကြည်မသာဖြစ်နေတယ်လို့ ပြောကြတာလဲ" ဟု နီနာက မေးသည်။

ယိုတ်ဗာကောက်သည် နီနာကိုကပ်၍ မှီလိုက်ပြီးလျှင် နီနာ၏မျက်စိများကို စိုက်၍ကြည့်ကာ "အချစ်ရယ် ညိုးညိုးငယ်ငယ် မနေစမ်းပါနဲ့ကွယ်" ဟု ပြောသည်။



ပြီးလျှင် ရုတ်တရက် သူ့စိတ်ကို သူ မချုပ်တည်းနိုင်သဖြင့် အင်္ကျီဟိုက်၍နေသော နေရာမှနေ၍ နီနာ၏ရင်သားများကို နမ်းလိုက်သည်။ နီနာမှာ မခံသာအောင် ကျောချမ်း၍ သွားသည်။ နီနာစိတ်ထဲက "ငါ့အဖို့ဆိုရင် သူဟာ သူစိမ်းပြင်ပြင်ကြီးပဲ" ဟု ကြောက်ကြောက်နှင့် အောက်မေ့လိုက်ပြီးနောက် ဒါပေမယ့် သူက မကြာခင်ဘဲ ငါ့လင်ဖြစ်တော့မှာပဲ။ ငါ သူ့အလိုကို လိုက် လိုက်ပါတော့မယ်လေ" ဟု အောက်မေ့လိုက်ပြန်သည်။

ထို့နောက် နီနာသည် ယိုတ်ဗာကောက်ကို လက်နှင့်အသာတွန်း၍ ဖယ်လိုက်ပြီး လျှင် "ဟောဒီမှာ လီဒါ့ဆီကစာ။ သူရယ် နိကိုလေရယ် ငါတို့ မင်္ဂလာဆောင်ကို မလာနိုင်ဘူး တဲ့။ တကယ်ဆိုတော့ သူတို့လည်း မလာချင်ကြပါဘူး။ ငါ သိပါတယ်" ဟု ပြောသည်။

"ဩော် ဒါကြောင့် သင် မျက်နှာမကြည်မသာ ဖြစ်နေတာကိုး။ သူတို့မှ မလာချင်တာကို ဘာဂရုစိုက်စရာရှိသလဲ။ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ တကယ်ဆိုတော့ သူတို့မလာရင် သာပြီးတောင်ကောင်းပါသေးတယ်။ သူတို့လာလည်း အလကားကြောင်တောင်တောင် ဖြစ်နေကြမှာပဲ။ ပြီးတော့ လီဒါအကြောင်းနဲ့ပတ်သက်လို့လည်း သင့်ကို ငါ ပြောချင်နေတာကြာလှပြီ" ဟု ယိုတ်ဗာကောက်ကပြော၍ စကားမဆုံးမီပင် နီနာက စိတ်ဆိုး၍ "ငါ့ သူငယ်ချင်းတွေအကြောင်းကို ဒီလိုမကောင်းမပြောနဲ့။ ငါ မကြိုက်ပါဘူး" ဟု ဖြတ်၍ ပြောလိုက်သည်။

ယိုတ်ဗာကောက်တွင် နီနာနှင့် အငြင်းပွားလိုသော ဆန္ဒမရှိသဖြင့် "သင် မကြိုက်ရင် မပြောပါဘူးနီနာ။ စိတ်မဆိုးပါနဲ့။ ငါက ပြောင်ပြီးပြောတာပါ။ လီဒါ မလာဘူးဆိုတာက အကြောင်းရှိသားပဲ။ သူ့မှာ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ဘယ်လာချင်မလဲ။ အနေရအထိုင်ရ ကျဉ်းကြပ်မှာပေါ့။ သူဟာ အရှင်းသားပဲ" ဟုပြောသည်။

ထို့နောက် ယိုတ်ဗာကောက်သည် ဂနာမငြိမ်သဖြင့် စီးကရက်တစ်လိပ်ကို မီးညှိပြီးလျှင် လမ်းသလားရင်း ခြေထောက်နှင့်စည်းလိုက်ကာ သီချင်းဆိုသည်။

နီနာက မျက်မှောင်ကြုတ်၍ ကြည့်နေသည်။ ယိုတ်ဗာကောက်မှာ တူရိယာဘက်တွင် အတော်နားဝေးသည်။ နီနာက "တောက်တဲ့လှည်းနင်းတဲ့ အသံမျိုးပဲ" ဟု အောက်မေ့သည်။

"ပြီးတော့ ဘယ်သူ့ကို သင် ဖိတ်သေးသလဲ နီနာ"

"ငါတို့ကျောင်းက သူငယ်ချင်းမ သုံးယောက်ပဲ ဖိတ်တယ်"

"အိုး ဖိတ်တဲ့လူက နည်းလှချည်လား။ ဘာလို့ များများမဖိတ်သလဲ။ အချိန်ရှိတုန်း ထပ်ဖိတ်ပါဦး နီနာ။ လူများများလာလေ ပျော်စရာကောင်းလေပေါ့"

"သင် တကယ်ပြောတာလား" ဟု နီနာက မယုံကြည်သည့် လေသံဖြင့် မေးသည်။

"တကယ်ပြောတာပေါ့။ သင့် သူငယ်ချင်းတွေလည်း ငါ့သူငယ်ချင်းတွေ ဟာပဲ" ဟု ယိုတ်ဗာကောက်က လက်ကိုဝှေ့၍ပြောပြီးလျှင် အခန်းထဲမှ ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌ သူတစ်ယောက်တည်း ကျန်နေရစ်သောအခါ နီနာသည် သူ့သူငယ်ချင်းများအကြောင်းနှင့် ပတ်သက်၍ သူက ယိုတ်ဗာကောက်ကို စိတ်ဆိုးမာန်ဆိုး ပြောလိုက်မိသော စကားများအတွက် သူ့ဟာသူ အများကြီးရှက်မိသည်။ သူပြောလိုက်သော စကားများမှာ မုသားသက်သက်မျှသာဖြစ်သည်ကို သူ့ဟာသူ သိသည်။ သိလျက်နှင့်လည်း သူ အမှန်ကိုမပြောနိုင်။ လီဒါက သူတို့မင်္ဂလာဆောင်သို့ မလာနိုင်သည့်အကြောင်းကို ပြေပြစ်စွာ စာရေးလိုက်သောအခါ နီနာသည် စိတ်မကောင်းဖြစ်ထိုက်သော်လည်း စင်စစ်အားဖြင့် ဝမ်းပင်သာမိသည်။ သူ့အချစ်ဆုံးသူငယ်ချင်းနှစ်ယောက် လီဒါနှင့်နိကိုလေတို့ လာမည်မဟုတ်ကြောင်းကို သိရသောအခါ နီနာသည် ဝမ်းသာသွားသည်။ လီဒါသည် သူ့ကိုယ်သူ သတ်သေဖို့လုပ်သည့်အကြောင်းကို အမှတ်တမဲ့နှင့်တွေ့သွားရပြီးနောက် နိကိုလေက လီဒါကို နီနာ့အထင်တွင် ချစ်နိုင်ဖို့လမ်းမရှိဘဲနှင့် ချစ်၍နေသည်ကို တွေ့ရသောအခါ နီနာမှာ သူ့ဟာသူ မမျှော်လင့်ဘဲ လီဒါကို အားကျပြီး စိတ်မကောင်းဖြစ်လာသည်။

"သင်ဟာ ကျဉ်းမြောင်းကောက်ကွေ့တဲ့ မုသားလမ်းပေါ်ကို ရောက်နေတယ်နော်။ သင် မှားပြီ နီနာ သင် မှားပြီ။ သင်ဟာ ကိုယ်ချမ်းသာမှုကိုမက်ပြီး နှလုံးသန့်ရှင်းမှုကို စွန့်လွှတ်ဖို့လုပ်နေတယ်။ လီဒါဟာ သင် ခံစားရတဲ့ ဆင်းရဲခြင်းထက် ကြီးတဲ့ဆင်းရဲခြင်းတွေကို ခံရလျက်နှင့် သူ့နှလုံးကို စင်ကြယ်သန့်ရှင်းအောင်ထားနိုင်တယ်"ဟု နီနာ၏ဆင်ခြင်တုံတရားက နီနာကိုကဲ့ရဲ့သည်။ နီနာသည် သူ၏ဆင်ခြင်တုံတရားက ကဲ့ရဲ့ခြင်းများကို အစွမ်းကုန်ကြိုးစား၍ ဖျောက်ဖျက်သော်လည်း အိပ်ပျော်ရာ၌ပင် ဖျောက်ဖျက်မရ။ တစ်ညတွင် နီနာ အိပ်မက်မက်သည်။ သူ့အိပ်မက်ထဲတွင် သူရယ် နိုဗိကောက်ရယ်၊ လီဒါရယ် သုံးယောက်သားတွေ့ကြသည်။ သုံးယောက်စလုံး တစ်ယောက်မျှ အဝတ်မပါ။ ပတ်ဝန်းကျင်တောတောင် ရေမြေတို့ကလည်း အင်မတန်သာယာသည်။ နိုဗိကောက်က လီဒါ၏ လက်ကိုဆွဲ၍ ပြုံးနေသည်။ နီနာကိုမြင်သောအခါ နိုဗိကောက်သည် လီဒါကို လွှတ်လိုက်ပြီး နီနာကို လှမ်း၍ဆွဲလိုက်သည်။ လီဒါက ငိုသည်။ နိုဗိကောက်နှင့်နီနာတို့က လီဒါကို ခဲနှင့်ပေါက်ပြီး လွှတ်လိုက်ကြသည်။ နီနာသည် လီဒါကို မုန်းလှသဖြင့် ဆဲပင် ဆဲလိုက်သေးသည်။ လီဒါမှာ ခပ်လှမ်းလှမ်းသို့ ရောက်သွားပြီး တစ်ကိုယ်လုံးတုန်ကာ တရှိုက်ရှိုက်နှင့်ငိုသည်။ နိုဗိကောက်နှင့်နီနာတို့မှာ အပျော်ကြီးပျော်ကြပြီးလျှင် မြက်ခင်းပေါ်တွင်ထိုင်၍ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် နမ်းကာရှုပ်ကာ ပွေ့ကာဖက်ကာဖြင့် နောက်ဆုံးတွင် အချစ်၏ စိမ်ကိန်းကို လက်မြှောက်၍ခံကြသည်။

နီနာသည် အိပ်ရာကနိုးပြီးနောက်ပင် အိပ်မက်ကိုသတိရကာ စိတ်ကြီးဝင်လျက် ရှိသေးသည်။ သို့ရာတွင် တဖြည်းဖြည်းနှင့် သူ့ဟာသူ စဉ်းစားမိသောအခါ အရှက်ကြီး ရှက်သွားသည်။ အိပ်မက်သည် သူ့ကို လှည့်စားခဲ့ပြီ။ နိုဗိကောက်သည် ဘယ်လိုလူစားမျိုးဖြစ်ပြီး ဘယ်လောက်ထိ ယုတ်မာသည်ကို သူ သိဖို့ကောင်းသည်။



အဘယ်ကြောင့် အိပ်မက်ထဲတွင် နိုဗိကောက်ယုတ်မာခြင်းနှင့်ပတ်သက်၍ အရိပ်အမြွက်သော်မျှ မထင်လာရသနည်း။ ပြီးတော့ လီဒါကိုလည်း အိပ်မက်ထဲတွင် သူက ဘာကြောင့် အပြင်းအထန်မုန်းရသနည်း။ တကယ်ဆိုလျှင် လီဒါသည် သူ့အဖို့ အကောင်းဆုံးမိတ်ဆွေပင် မဟုတ်ပါလော။ နိုဗိကောက်လည်း ဤလိုအိပ်မက်မျိုး မက်ကောင်းမက်မည်လောမသိ။ လီဒါကို အိပ်မက်ထဲ၌ သူကမုန်းခြင်းမှာ သူ့အတွင်းသန္တာန်က ဖြစ်ပေါ်လာခြင်းမဟုတ်ဘဲ သူ၏ လောလောဆယ် အနေအထိုင် မစင်ကြယ်မှုမှ ဖြစ်ပေါ်ခြင်းပင်လော။ သို့မဟုတ်လျှင်လည်း ယခင်က နိုဗိကောက်ကို သူချစ်ခဲ့မိခြင်းကို သူ့စိတ်ထဲက ကွက်ကွက်ကွင်းကွင်းပြန်၍ သတိရသဖြင့် ယခုယိုတ်ဗာကောက်နှင့် ပေါင်းသင်းရမည်မှာ ဘာမျှအဓိပ္ပာယ်မရှိခြင်းကို နှိုင်းယှဉ်ကြည့်မိ၍ပင်လော။ ယိုတ်ဗာကောက်လို အစိုးရအရာရှိတစ်ယောက်၏ လက်တွင်း သို့ သွန်လိုသွန်မှောက်လိုမှောက်လုပ်စေရန်အတွက် သူ့ကိုယ်သူ အပ်နှံရခြင်းကိုလည်း သူ၏ဆင်ခြင်တုံတရားက အပြင်းအထန်ကန့်ကွက်ခဲ့သည်ကို သူ့ဟာသူသိသည် မဟုတ်ပါလော။ ထို့ကြောင့်ပင်လျှင် အိပ်မက်ထဲ၌ ယိုတ်ဗာကောက် လုံးလုံးမပါခြင်းလည်း ဖြစ်ချင် ဖြစ်နိုင်သည်။ ဟုတ်တယ် ဟုတ်တယ်။ ဒီအတိုင်းပဲဟု သူ့ဆင်ခြင်တုံတရားက သူ့ကိုပြောသည်။ ဆင်ခြင်တုံတရားဆိုတာ ဘာလဲ။ ဒီတရားကို ဘယ်သူက ထွင်ထားသလဲ။ ဒီတရားသည် သရဲဘောကြောင်သော လူသားတို့၏စိတ်ထဲက ဖြစ်ပေါ်လာသောတရားလော။ သို့မဟုတ် လူသားတို့၏ အရေးကိစ္စများကို တရားသူကြီးကဲ့သို့ ဆုံးဖြတ်ပေးစေဖို့ ဘုရားသခင်က ဖန်ဆင်းပေးထားသော တရားလော။

ဤသို့ နီနာသည် သို့လောသို့လော တွေးတောကာ စိတ်မချမ်းမသာ ဖြစ်လျက်ရှိသဖြင့် တစ်နေ့တခြား နီး၍လာသော သူတို့မင်္ဂလာဆောင်ပွဲကို သူ့အသားစားမျိုမည့် ဘီလူးကြီးကဲ့သို့ အောက်မေ့လျက်ရှိသည်။

❋ ❋ ❋

## အခန်း(၈)

ယိုတ်ဗာကောက်၏အဖေ အယ်လက်ဇန္ဒာသည် စနေနေ့တွင် မော်စကိုမြို့မှ တင်ကြိုအကြောင်းမကြားဘဲနှင့် ရောက်လာသောအခါ ဂိုရင်နှင့်ယိုတ်ဗာကောက်တို့သည် မီးဖိုခန်းတွင် သေရည်များကို ရွေးချယ်၍နေကြသည်။ ချိပ်ရောက်ကလည်း သူတို့နှစ်ယောက်ကို ကူညီလျက်ရှိသည်။ လူဗာမှာမူ အခန်းထဲတွင် နီနာနှင့်အတူ အပ်ချုပ်သည့်မတစ်ဦးနှင့် မင်္ဂလာဆောင်အတွက် နောက်ဆုံးအစီအစဉ်များကို ပြင်ဆင်၍နေကြသည်။ ထိုနေ့မှာ မင်္ဂလာဆောင် အဖိတ်နေ့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အရပ်အမောင်း ကိုယ်လုံးကိုယ်ထည်ကြီးမားသော အယ်လက်ဇန္ဒာသည် အိမ်ခန်းထဲသို့ ဆင်နင်းသည့်ခြေသံမျိုးဖြင့် ဝင်လာပြီးလျှင် ဘယ့်နှယ်လဲ ဂိုရင် သင်နဲ့ ငါနဲ့ ဆွေမျိုးတော်ရလိမ့်မယ်လို့ ဘယ်တုန်းကမှ ငါ မထင်ခဲ့ဘူး။ ဘယ်မလဲ သတို့သမီးကဟု ကျယ်လောင်စွာမေးသည်။

"အိမ်ပေါ်မှာ မင်္ဂလာဆောင်ဖို့အတွက် အလုပ်များနေကြတယ်"ဟု ဂိုရင်က အယ်လက်ဇန္ဒာကို လက်ဆွဲနှုတ်ဆက်၍ပြောသည်။

ယိုတ်ဗာကောက်သည် ပျာပျာသလဲနှင့် သူ့အဖေနားတွင် လူးလားခတ်နေသည်။ ပြီးလျှင် "ခရီးပန်းပန်းနဲ့ သေရည်သောက်ပါဦးလား"ဟု ပြောသည်။ ယိုတ်ဗာကောက်သည် ပြင်သစ်ဘရန်ဒီအကောင်းဆုံးကို သွား၍ယူမည်လုပ်သောအခါ သူ့အဖေက "နေပါဦး ဟေ့ ငါ့မှာ မော်စကိုလုပ် သေရည်ပါလာတယ်" ဟုပြောသည်။

အယ်လက်ဇန္ဒာသည် သူကိုယ်တိုင်ပြေး၍ သေပုလင်းတစ်လုံးကို ယူလာပြီးလျှင် "သင်တို့ဆီမှာ ဒါမျိုးဘယ်ရမလဲ"ဟု ပြုံးကာပြောပြီးလျှင် ပုလင်းကို ဖင်မှနေ၍ လက်ဝါးနှင့် ကျင်လည်စွာရိုက်လိုက်ရာ အဆို့ကျွတ်၍ ထွက်သွားသည်။ ပြီးလျှင် ဖန်ခွက်များထဲသို့ ကြည်လင်တောက်ပနေသော ဗော်ဒကာသေရည်ကို ငှဲ့၍ထည့်သည်။ ယိုတ်ဗာကောက်နှင့် ချိပ်ရောက်တို့မှာ ပြုံးပြုံး ပြုံးပြုံးဖြစ်နေကြသည်။

"လာကြဟေ့။ ငါတို့နှစ်ဖက်ဆွေမျိုးများကို ပထနာပြုဖို့ သောက်ကြမယ်" ဟု အယ်လက်ဇန္ဒာက ပြောသည်။

အယ်လက်ဇန္ဒာသည် ပျော်တတ်၍ စားပွဲ၌ နီနာနားတွင်ထိုင်ပြီးလျှင် နီနာကို သေသေချာချာကြည့်လျက် "ယိုတ်ဗာကောက်ရေ သင်တော့ နီနာလိုဟာမျိုးရတာ သိပ်ကံကောင်းတာပဲ"ဟု ပြောသည်။ ပြီးလျှင် နီနာ၏ပါးကိုနမ်း၍ သူ့သား ယိုတ်ဗာကောက်ကိုလည်း နမ်းနိုင်းသည်။ ထို့နောက် "အင်း လူငယ်ဖြစ်ရတာများ သိပ်ကောင်းတာပဲဟေ့။ ဝမ်းသာသကွာ။ သင်တို့ကို ဝမ်းသာစရာတစ်ခု ပြောရဦးမယ်။ သင်တို့မင်္ဂလာဆောင်ပြီးတာနဲ့ ဓာတ်ပြိုင်နက် ဆိုချီမြို့က ဗဟိုကွန်မြူနစ်ပါတီရဲ့ ကျန်းမာရေးဗိမာန်ကို သင်တို့ နှစ်ယောက်တည်း ပျော်ပျော်ပါးပါးသွားနေကြဖို့ ငါ အကုန်စီစဉ်ထားပြီးပြီ"ဟု ပြောသည်။

ညစာစားပြီး၍ ယိုတ်ဗာကောက်က ခဏအိပ်ရန် လစ်၍ပြေးမည်လုပ်သောအခါ အယ်လက်ဇန္ဒာက "ဘယ်လဲ နေဦး။ သင် ဖိတ်ထားတဲ့ ဧည့်သည်တွေစာရင်းကို ငါ့ကို ပြစမ်း"ဟုပြောသည်။

ဧည့်သည်စာရင်းကို ယူလာသောအခါ အယ်လက်ဇန္ဒာက စာရင်းကိုဖတ်၍ "ဗေရီးယား၊ ဒူးရောက်၊ ကာယိုရင်၊ အေးအေးကောင်းတယ်။ မီဇိုယန် ဒါထက် မီဇိုယန် ခွေးကောင်ကြီးကော။ အရင်တုန်းကလို ဝတုန်းပဲလားဟေ့။ ဟ ဟ နေပါဦး။ အယ်လက်ဇန်ဒရောက်ဆိုတဲ့ မိန်းမက ဘယ်သူလဲ"ဟုမေးသည်။



"ပြည်သူ့သဘင်သည်လေ။ အဖေက မသိဘူးလား။ မော်စကိုကလာတာပဲ"

"ဩော် သိပြီ သူ့ကို။ ခရေနောက်၊ ဂလူယှက်၊ နိုဗိကောက်"ဟု အယ်လက်ဇန္ဒာ က စာရင်းကိုဆက်၍ဖတ်သည်။

"နိုဗိကောက်ကို သင် ဖိတ်သလား"ဟု နီနာက ယိုတ်ဗာကောက်ကို မေးသည်။

အယ်လက်ဇန္ဒာက နီနာကို သူက ဘာဝင်ရှုပ်နေရသလဲဟူသော အကြည့်မျိုးနှင့် ကြည့်နေသောအခါ ယိုတ်ဗာကောက်မှာ အနေရအထိုင်ရအများကြီး ကြပ်သွားသဖြင့် နီနာဆီသို့သွား၍ "ဟုတ်တယ် ကျောင်းအုပ်ကြီးနိုဗိကောက်ကို ငါ ဖိတ်တယ်။ ဖိတ်တာက ဒီလိုပါ"ဟု ပြော၍ စကားမဆုံးခင် အယ်လက်ဇန္ဒာကဝင်၍ "နိုဗိကောက်ကို ဖိတ်တာ ကောင်းတယ်ဟေ့"ဟု ပြောလိုက်သည်။ ပြီးလျှင် နီနာဘက်သို့လှည့်၍ "သင်က နိုဗိကောက်ကိုဖိတ်တာ မကြိုက်ဘူးလား"ဟု မျက်နှာထားဆိုးဆိုးကြီးနှင့်မေးသည်။ လူဟာက သူ့သမီးအတွက် စိတ်ပူသဖြင့် မျက်ရိပ်မျက်ခြည်ပြ၍ သတိပေးသည်။

"ဖိတ်ဖိတ် မဖိတ်ဖိတ် ငါ့အဖို့က မထူးပါဘူး"ဟု ပြောပြီးလျှင် နီနာစိတ်ထဲက "နိုဗိကောက်ဟာ ယိုတ်ဗာကောက်က ဂရုစိုက်ပြီး ဖိတ်လောက်အောင် အရေးကြီးတဲ့လူ မဟုတ်ပါဘူး"ဟု အောက်မေ့သည်။ နိုဗိကောက်ကို အရင်က နီနာနှင့် အဆက်ဖြစ်ခဲ့ဖူးသဖြင့် ယိုတ်ဗာကောက်က သဘောမကျသည်ကို နီနာသိသည်။ သို့ဖြစ်ရာ နိုဗိကောက်ကို ဖိတ်ခြင်းမှာ ပေါင်းသင်းဆက်ဆံရေးအတွက် ဖိတ်ရခြင်းမဟုတ်ဘဲ သူတို့မင်္ဂလာဆောင်သည် နိုင်ငံရေးသဘောအရ အရေးကြီး၍ ဖိတ်ရခြင်းဖြစ်မည်ကို နီနာ ရိပ်မိသည်။

"ငါတို့က နိုဗိကောက်ကို အများကြီး လေးစားတယ်။ ရဲဘော်စတာလင်ကလည်း သူ့ကို သိပ်မြှောက်စားတယ်။ နိုဗိကောက်ကိုဖိတ်တာ ယိုတ်ဗာကောက်အဖို့ အများကြီး မှန်တယ်"ဟု အယ်လက်ဇန္ဒာက နီနာကို ရှုသိုးသိုးနှင့် ကြည့်၍ပြောသည်။

ပြီးလျှင် နီနာကို ပမာဏမပြုဘဲ အယ်လက်ဇန္ဒာက "မင်္ဂလာဆောင်ကို တို့ရှေးရုရှထုံးစံအတိုင်း လုပ်ကြမလား"ဟု ဂိုရင်ကိုမေးသည်။

"ရုရှထုံးစံအတိုင်း လုပ်မယ်ဆိုရင် ငါတော့ ကြိုက်မှကြိုက်ပဲ"ဟု ဂိုရင်က ပြောသည်။

"ရုရှထုံးစံအတိုင်းလုပ်တာကတော့ ကောင်းပါရဲ့။ မင်္ဂလာဆောင်ပွဲပြီးတဲ့အခါမှာ ပွဲထိုင်လာတဲ့သူတွေကို ရေနဲ့လောင်းလောင်းယူရတာက ဆိုးတယ်။ ဒီတော့ ရုရှထုံးစံက ဘယ်လိုရှိတယ်ဆိုတာ ဂိုရင်ကတစ်ဆိတ်ပြောပြပါလား" ဟု ယိုတ်ဗာကောက်ကပြောသည်။

"ဟုတ်တယ်အဖေ။ ရုရှမင်္ဂလာဆောင်ထုံးစံကို အဖေက ငါတို့သိရအောင် ပြောပြပါလား"ဟု နီနာက သူ့အဖေစိတ်ကောင်းအောင်ပြောသည်။ ဂိုရင်မှာ မကြာမီ

www.burmeseclassic.com

www.burmeseclassic.com



ကစ၍ စိတ်မချမ်းသာသော အခြင်းအရာများကိုပြ၍နေသည်ကို နီနာ တွေ့ရသည်။ စကားပြောလျှင်လည်း တစ်မျိုးကြီးဖြစ်နေသဖြင့် သူ့ဝမ်းထဲက ဖွင့်မပြောနိုင်သော အရာများရှိသည်ကို နီနာ သိရသည်။

"အရင်တုန်းကတော့ သတို့သမီးဆီကို အောင်သွယ်လုပ်တဲ့လူတွေက သွားပြီး ခန်းဝင်ပစ္စည်းအတွက် စီစဉ်ရတယ်။ သတို့သားက သတို့သမီးဆီကို လိုက်သွားရပေမယ့် ခပ်လှမ်းလှမ်းကပဲ နေကြည့်ရတယ်။ မနမ်းရဘူး။ သတို့သားနဲ့ သတို့သမီးဟာ မင်္ဂလာမဆောင်မချင်း ရဟန္တာများလို နေကြရတယ်" ဟု ဂိုရင်က ပြောသည်။

"ဒီထုံးစံဟာ တို့မင်္ဂလာဆောင်အဖို့ကတော့ နောက်ကျသွားပြီထင်တယ်။ ဘယ့်နှယ်လဲဟေ့ တိတ္တိလေး"ဟု အယ်လက်ဇန္ဒာက သူ့သားကို မျက်စိမှိတ်ပြပြီး မေးသည်။

ယိုတ်ဗာကောက်က မရယ်ချင်ရယ်ချင်ရယ်ပြီး နီနာကိုလည်းမကြည့်ဘဲနဲ့ ဘာမျှပြန်မပြောဘဲ သူ့ခွေးကလေးကိုသာ နားရွက်ကိုပွတ်ပေးနေသည်။

"ဂိုရင်ရေ ဆက်ပြောပါ။ ဆက်ပြောပါ"ဟု လူဗာကဆိုသည်။

"မင်္ဂလာမဆောင်ခင်မှာ သတို့သမီးရဲ့ မိန်းမချွေမျိုးများက သတို့သမီးအတွက် အဝတ်အစားများကို ချုပ်ပေးရတယ်။ သတို့သမီးကတော့ သူ့လက်မြောက်ကြောင်းပြဖို့အတွက် သတို့သားကို လက်ဆောင်ပေးရန် ဆေးအိတ်ဖြစ်ဖြစ် လက်အိတ်ဖြစ်ဖြစ် ထိုးရတယ်။ မင်္ဂလာဆောင်ဖို့ ခုနစ်ရက်လိုတဲ့အခါမှာ သတို့သားက သတို့သမီးအိမ်ကို သွားရတယ်။ ဒါပေမယ့် သတို့သမီးနဲ့ တစ်ယောက်ချင်းမတွေ့ရဘူး။ သူ့မိန်းမဖော်များရှေ့မှာ တွေ့ရ တယ်။ သတို့သားပြန်ခါနီးတော့ သတို့သမီးက သူထိုးထားတဲ့ ဆေးအိတ်ဖြစ်ဖြစ်၊ လက်အိတ်ဖြစ်ဖြစ် သူ့လက်ရာအဖြစ်နဲ့ လက်ဆောင်ပေးရတယ်။ နောက်ဆုံး မင်္ဂလာဆောင်ဖို့နေ့ရောက်လာတော့ သတို့သားက ရထားတွေအများကြီးနဲ့ အိုးစည်ဗုံမောင်းတီးပြီး သတို့သမီးကို သွားခေါ်ရတယ်။ အဲဒီအခါ အကုန်လုံးမူးကြတာပဲ"ဟု ဂိုရင်က ဆက်ပြောသည်။

"ဒို့လိုဆိုတော့ သိပ်ကောင်းတာပေါ့"ဟု ယိုတ်ဗာကောက်က ပြောသည်။

ပြီးလျှင်တစ်ခါ ဂိုရင်က ဆက်၍ "အားလုံးမူးကြပေမယ့် သတို့သားကတော့ မမူးရဘူး။ ပျော်ပျော်ပါးပါးနဲ့ သတို့သမီးအိမ် ရောက်သွားတော့လည်း သတို့သားဟာ အိမ်ထဲသို့ ဝင်ခွင့်မရသေးဘူး။ သတို့သမီးရဲ့ မိတ်ဆွေတွေက မင်္ဂလာကြေးဆီးပြီး တောင်းကြတာကို ပေးပြီးမှသာ ဝင်ခွင့်ရတယ်။ အဲဒီတော့မှ သတို့သားက သတို့သမီးကို သူ့အိမ်ကို ခေါ်သွားခွင့်ရတယ်။ အဲဒီအခါမှာ မိဘများက ဆုတောင်းမေတ္တာပို့ကြတယ်။ ပြီးတော့ သတို့သမီးရဲ့အဖေက သူ့သမီးကို ကြိမ်လုံးနဲ့ရိုက်ပြီး အဲဒီကြိမ်လုံးကို သတို့သားလက်ထဲကို အပ်လိုက်ရတယ်။ သဘောကတော့ လင်မယားအပေါ်မှာ ပိုင်နိုင်ခွင့်ရှိပြီလို့ ဆိုတာပါပဲ"ဟု ပြောသည်။



လူဗာက "သင်ပြောတာ ရှေးသိပ်ကျလွန်းတယ် ထင်ပါရဲ့။ ငါတို့ခေတ်ကျတော့ ဒီလိုကြိမ်နဲ့ရိုက်တာတွေ မရှိတော့ပါဘူး။ ဒီတော့ ကြိမ်လုံးနဲ့ရိုက်တာကိုတော့ မထည့်နဲ့တော့ပေါ့"ဟု ပြောသည်။

"ကြိမ်လုံးနဲ့ရိုက်တာ ချန်ထားချင်လည်း သင်တို့သဘော ချန်ထားပေါ့။ မိဘတွေက ဆုတောင်းမေတ္တာပို့ပြီးတော့ သတို့သားနဲ့ သတို့သမီးဟာ ဘုရားရှိခိုးကျောင်းကို သွားရတယ်"ဟု ဂိုရင်က ဆက်၍ပြောသည်။

"ဒီလိုဆိုရင် မဖြစ်ဘူး။ ဘုရားရှိခိုးကျောင်းသွားတာလည်း ချန်ထားခဲ့မှပဲ ဖြစ်မယ်"ဟု ယိုတ်ဗာကောက်က ဖြတ်၍ပြောသည်။

"ချန်ပေါ့။ ဒါပေမယ့် ဟိုခေတ်တုန်းကတော့ ဘုရားရှိခိုးကျောင်းမသွားရင် မင်္ဂလာဆောင်ဟာ တရားမဝင်ဘူး။ အဲဒီ ဘုရားရှိခိုးကျောင်းကပြီးတော့ သတို့သားအိမ်ကို ပြန်ပြီး ကျွေးမွေးညှော်ခံကြတယ်။ အဲဒီအခါမှာ မင်္ဂလာပွဲလာတဲ့ ပရိသတ်က သတို့သားနဲ့ သတို့သမီးကို တစ်ယောက်တစ်ပြန် အနမ်းခိုင်းတယ်။ ပြီးတော့ အရက်ခါး အရက်ခါးလို့ အော်တိုင်း အော်တိုင်း သတို့သားနဲ့ သတို့သမီးဟာ တစ်ပြန်စီနမ်းကြရတယ်။ မနမ်းကြလို့ရှိရင် ပရိသတ်က စိတ်ဆိုးတယ်။ ညကျလို့ သတို့သားနဲ့သတို့သမီး အိပ်ရာဝင်ကြတော့ ပရိသတ်က လာဘ်ကောင်းအောင်ဆိုပြီး အိုးတွေ၊ ခွက်တွေ၊ ပန်းကန်ခွက်ယောက်တွေကို ခွဲပစ်ကြတယ်။ ပြီးတော့ တစ်ညလုံးပဲ ပရိသတ်ဟာ ဆက်ပြီးပျော်ကြတယ်။ အဲဒီလို ပျော်ကြရင်းနဲ့ အရွတ်အနောက်တွေလည်း ပြောကြတယ်။ ပရိသတ်တိုင်းရဲ့ စိတ်ဟာ သတို့သားနဲ့ သတို့သမီးဆီမှာပဲ ရောက်နေတယ်။ မနက်ကျတော့ အောင်သွယ်လုပ်တဲ့ သူတွေက သတို့သားနဲ့ သတို့သမီးရဲ့ အိပ်ရာခင်းကိုယူပြီး ပရိသတ်တွေကို ပြရတယ်။ သဘောကတော့ သတို့သမီးဟာ အပျိုရည်မပျက်အောင် စောင့်ထိန်းလာခဲ့တဲ့သူဖြစ်တယ် လို့ဆိုတဲ့သဘောပဲ"ဟု ဂိုရင်ကပြောပြီးလျှင် ဂိုရင်သည် သူ့ဟာသူ အပြောလွန်ကုန်မှန်း သိသဖြင့် အိုးတိုးအမ်းတမ်း ဖြစ်သွားသည်။

ထိုအခိုက်တွင် ယိုတ်ဗာကောက်သည် သူ့ခွေးလက်ကို တက်နင်းမိ၍ သူ့ခွေးက ဟိန်းလိုက်သောကြောင့် လန့်၍ခုန်လိုက်သည်။ အယ်လက်ဇန္ဒာကမူ ချောင်းဟန့်၍ မနေတတ်မထိုင်တတ်ဖြစ်နေသည်။ နီနာ၏မျက်နှာမှာ နီ၍လာသည်။ နီနာသည် သူ့အဖေက ဘယ်လိုသဘောနှင့် ပြောနေမှန်းကို နားမလည်။ သူ့အဖေအတွက် ရှက်လည်းရှက် စိတ်လည်း ပူမိသည်။ အမှန်မှာ ဂိုရင်သည် တမင်သက်သက်အရွဲ့တိုက်၍ အရမ်းပြောနေခြင်းဖြစ်သည်။ ဂိုရင်က သူ့သမီး၏ အကဲကိုစမ်းကြည့်နေသည်။ နီနာ့စိတ်ထဲက သူ့အဖေအပေါ်တွင် "ငါကလည်း သူ့ကို ဘာမှစိတ်ဆိုးအောင် ပြောတာလည်းမဟုတ်ဘဲနဲ့"ဟု အောက်မေ့သည်။

ယိုတ်ဗာကောက်က သူ့အဖေဆီသွားပြီးလျှင် "မင်္ဂလာပွဲကို အိုးတွေခွဲတာတွေနဲ့ တခြားရိုင်းစိုင်းတဲ့ဟာတွေ မထည့်ဘဲနဲ့ ယဉ်ကျေးတဲ့နည်းနဲ့ ငါတို့ ကျင်းပမယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုမှ မကျင်းပရင် ငါတို့လူမျိုးတွေဟာ မဟုတ်တာတွေ လျှောက်လုပ်တာနဲ့ ငါတို့ အကုန်အရှက် ကွဲကုန်လိမ့်မယ်''ဟု ပြောပြီးလျှင် နီနာကို တစေ့တစောင်းကြည့်သည်။

အယ်လက်ဇန္ဒာက ''တို့လူမျိုးတွေကိုတော့ ထိန်းလို့ရမယ်မထင်ဘူး။ စကားပုံလည်းရှိသားပဲ။ တကယ်ကောင်းတာ မကောင်းတာဟာ အရေးကြီးတာ မဟုတ်ဘူး။ လူတွေကြိုက်တာ မကြိုက်တာကသာ အရေးကြီးတာလို့။ ကိုင်း ဒါကို ထားပါဦး။ သင်က မင်္ဂလာပွဲကို ဘယ်လိုကျင်းပချင်သလဲ''ဟု မေးသည်။

ယိုတ်ဇာကောက်က ''ဥရောပတိုက်မှာ ကျင်းပတဲ့နည်းမျိုးအတိုင်း ခန့်ခန့် ညားညား ကျင်းပချင်တာပေါ့။ ဥရောပနည်းအတိုင်းဆိုရင် ပွဲထိုင်ပရိသတ်များဟာ ရောက်လာတဲ့အခါမှာ သတို့သားနဲ့ သတို့သမီးကို ဝမ်းသာစကားပြောပြီး ဧည့်ခန်းထဲကို သွားကြရတယ်။ တချို့လည်း ကကြတယ်။ တချို့လည်း နိဗ္ဗာန်ဈေးစားပွဲခုံသွားပြီး စားကြသောက်ကြတယ်။ သေရည်ကို သောက်ကြရင်လည်း လွန်အောင်ကျုံအောင် မသောက်ကြဘဲ အတော်အသင့်သာ သောက်ကြတယ်''ဟု ပြောသည်။

သူ့အဖေက မျက်မှောင်ကြုတ်ပြီး ''အဲဒါ သင် ဘယ်မှာတွေ့ဖူးသလဲ'' ဟု မေးသည်။

''စာထဲမှာလား ရုပ်ရှင်ထဲမှာလား တွေ့ဖူးတယ်။ ဘယ်မှာတွေ့ဖူးတယ်လို့ ငါ ကောင်းကောင်းမမှတ်မိဘူး။ ငါပြောတဲ့အတိုင်းပဲ မဟုတ်လား ဂိုရင်''ဟု ယိုတ်ဇာ ကောက်က ဂိုရင့်ကို ဆရာတင်ကာ မေးသည်။

''သင်ပြောတာ မှန်ပါတယ်။ ဒါပေမယ့် သင့်အဖေပြောသလိုပဲ။ ဥရော ပနည်းနဲ့ လုပ်ရင် ငါတို့လူငယ်တွေက ကြိုက်မှာမဟုတ်ဘူး''ဟု ဂိုရင်က ပြောသည်။

ယိုတ်ဇာကောက်သည် မျက်မှောင်ကြုတ်၍နေသည်။ ပြီးလျှင် ''လူငယ်တွေ အတွက် ကိစ္စမရှိပါဘူး။ ငါတို့ကြည့်ပြီး ထိန်းပေးပါမယ်။ သူတို့ကို အမျိုးကောင်း သမီးကလေးများလို ပိပိရိရိနေအောင်လုပ်ဖို့ ငါ့တာဝန်ထားပါ။ ဘာပြောပြော သူတို့ တာဝန် သူတို့သိကြရမှာပေါ့။ ယဉ်ယဉ်ကျေးကျေးမကျင့်နိုင်တဲ့လူဆိုရင် သွားကြပေါ့''ဟု ပြောသည်။

''ကောင်းပါပြီ ကောင်းပါပြီ၊ သင် သဘောကျတဲ့အတိုင်းပဲ ဥရောပမင်္ဂလာ ဆောင်နည်းအတိုင်း ငါတို့ မင်္ဂလာဆောင်ပေးပါမယ်''ဟု အယ်လက်ဇန္ဒာကပြောသည်။

နောက်ဆုံးတွင် လူဇာက စီစဉ်စရာရှိသမျှကို စီစဉ်ရန် ယိုတ်ဇာကောက်ဆီမှာ နေရစ်ခဲ့ပြီး ဂိုရင်က နီနာကို ပြန်ခေါ်သွား၍ နောက်တစ်နေ့ကျမှ ပညာကျော်ဂလူယုက် နှင့်အတူ မင်္ဂလာဆောင်ပွဲသို့ ပြန်ခေါ်လာရန် သဘောတူကြသည်။ နီနာမှာ လှောင်အိမ်ထဲ တွင်ထည့်ထားသော ငှက်ကဲ့သို့ဖြစ်နေသည်ကို ဂိုရင် တွေ့ရသည်။ ဂိုရင်သည် ယခင်က ကဲ့သို့ပင် သူ့သမီးနှင့် ဥမကွဲသိုက်မပျက်နေလိုသည်။

နီနာသည်လည်း သူ့အဖေကဲ့သို့ပင် နေလိုပြီးလျှင် သူ့အဖေအကြောင်းနှင့် ပတ်သက်၍ သူ့အမေက ''ဂိုရင်ဟာ စကားလည်း မပြောတော့ဘူး။ ပိန်လည်း



သိပ်ပိန်နေတာပဲ။ မျက်တွင်းကြီးတွေကလည်း ဟောက်လို့။ ငါ့တော့ သူ့အတွက် စိုးရိမ်တယ်''ဟု ပြောဖူးသည်ကို သွား၍သတိရသည်။

မှန်သည် ဂိုရင်မှာ ပါဗယ် သေပြီးကတည်းက တစ်မျိုးဖြစ်၍နေသည်။ သူ့အဖေ၏အနားမှာ သူရှိလျှင်ကောင်းမည့်အဖြစ်ကိုနီနာသိသည်။ ဂိုရင်သည် သူ့ဝမ်းထဲ တွင်ရှိသည့် အလိုကိုထုတ်၍ပြောရမှာခက်နေသဖြင့်သာ နီနာကို မခံချင်မခံသာ ပြောနေခြင်း ဖြစ်ဟန်တူသည်။

အယ်လက်ဇန္ဒာကလည်း ဂိုရင့်ကို ကြည့်ရသည်မှာ မဟန်သဖြင့် စိတ်ပူပြီး လျှင် အထူးပင် ရိုရိုသေသေ ကိုင်းကိုင်းညွှတ်ညွှတ်ဆက်ဆံသည်။ ''ဂိုရင်ရဲ့ ကြောက်စရာ အိဗန်ဘုရင်ပြဇာတ်ဟာ ဝါဒဖြန့်သမား သိန်းသန်းကုဋေထက် အဖိုးတန်တယ်။ တကယ့်ကို ထူးချွန်တဲ့ပြဇာတ်ပဲ''ဟု စတာလင်က ပြောလိုက်သည့်အတိုင်း အယ်လက် ဇန္ဒာက ဂိုရင့်ကို လုံးစေ့ပတ်စေ့ပြန်ပြောပြသည်။

သို့ရာတွင် ဂိုရင်မှာ သူ့ဟာသူ စဉ်းစားချင်ရာ စဉ်းစားနေသဖြင့် အယ်လက် ဇန္ဒာပြောသည်ကို ဘာမှနားမလည်ဘဲ အင်း အဲသာလိုက်နေသည်။ ပြီးလျှင် ဂိုရင်ကို တံခါးပေါက်သို့လိုက်ပို့ရင်း အယ်လက်ဇန္ဒာက

''မနက်ဖြန်ခါကျတော့မှပဲ မင်္ဂလာဆောင်မှာ သင်နဲ့ငါနဲ့ ပျော်ပျော်ပါးပါး တွေ့ကြမယ်နော် ဂိုရင်။ အခု ငါယိုတ်ဇာကောက်နဲ့ စကားနည်းနည်းပြောလိုက်ဦးမယ်။ တို့ နှစ်ယောက်စလုံး မမူးခင် ပြောစရာကလေးတွေရှိတာ ပြောထားမှဖြစ်မယ်။ မနက်ဖြန် ခါဆိုရင် နှစ်ယောက်စလုံး မူးနေတာနဲ့ ဘာမှပြောလို့ ဖြစ်မှာမဟုတ်ဘူး''ဟု ပြောသည်။

နီနာ သူ့အဖေနှင့် ထွက်သွားသောအခါ ယိုတ်ဇာကောက်က ဝမ်းနည်းသော မျက်နှာထားနှင့် နီနာကို လှမ်းကြည့်သည်။ နီနာက ပြန်လှည့်ကြည့်လိုက်သောအခါ သူတို့နှစ်ယောက် မျက်စိချင်းဆုံမိကြသည်။ ယိုတ်ဇာကောက်မှာ မျက်လုံးများပြူး၍ မျက်နှာများတုန်၍နေသည်။ ပြီးလျှင် ယိုတ်ဇာကောက်သည် ခေါင်းကိုစောင်းငုံ့ပြီးလျှင် ခွေးကဲ့သို့ သူ့နှုတ်ခမ်းကို သူ့လျှာနှင့် လျက်လိုက်သည်။ နီနာသည် လန့်သွားပြီးလျှင် သူ့အဖေနောက်သို့ ကမန်းကတန်း ပြေး၍လိုက်သွားသည်။

နီနာတို့သားအဖပြန်သွားသောအခါ အယ်လက်ဇန္ဒာသည် သူ့သား ယိုတ်ဇာကောက်နှင့် အခန်းထဲတွင် တံခါးပိတ်၍ သုံးနာရီကြာအောင် စကားပြောကြ သည်။ ရောက်စတောက် ပြည်နယ်၏ ရှင်ဘုရင်အသစ်ဖြစ်သော ယိုတ်ဇာကောက်ကို သူ့အဖေက ဘာတွေပြောသည်ကိုမသိရ။ ယိုတ်ဇာကောက်၏ အသံကိုမကြားရဘဲ အယ်လက်ဇန္ဒာ၏ အသံသြသြကြီးတစ်ခုတည်းသာ လူဇာကြားရသည်။ ဆေးလိပ်မီးခိုး တလူလူဖြစ်နေသော အခန်းထဲမှ သားအဖနှစ်ယောက် ထွက်လာကြသောအခါ အယ်လက်ဇန္ဒာ၏ မျက်နှာမှာနီရဲ၍ ဣန္ဒြေကြီးနှင့်ဖြစ်ပြီလျှင် ယိုတ်ဇာကောက်၏ အောက်နှုတ်ခမ်းများမှာ တုန်တုန်ဖြစ်နေသည်ကို လူဇာ တွေ့ရသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၉)

နီနာနှင့်ယိုတ်ဗာကောက်တို့ မင်္ဂလာဆောင်သို့ ရုရှထုံးစံအရမဟုတ်ဘဲ ဥရောပထုံးစံအရ ခန့်ခန့်ညားညားကျင်းပဖို့ ဆုံးဖြတ်လိုက်သော်လည်း ယိုတ်ဗာကောက်မှာ ဥရောပထုံးစံကို နားမလည်သဖြင့် ကိုးရိုးကားရားဖြစ်ကုန်သည်။ အယ်လက်ဇန္ဒာလူဗာနှင့် ယိုတ်ဗာကောက်တို့က ဧည့်သည်များကို ဆီး၍ကြိုကြသည်။ အယ်လက်ဇန္ဒာ၏မျက်နှာထားတင်းတင်းကြီး ဖြစ်၍နေသည်။ ယိုတ်ဗာကောက်၏မျက်နှာကလည်း ဖော်ဖော်ရွှေရွှေမရှိ။ သူ့ကို ဧည့်သည်များက ရိုင်းရိုင်းစိုင်းစိုင်းနှင့် လှောင်ကြပြောင်ကြလိမ့်မည်ဟု အထင်ရောက်ကာ သူ့မျက်နှာတွင် ရန်လိုသော အခြင်းအရာပင်ပေါ်၍နေသည်။ ဧည့်သည်များလည်း ရှိုးတိုးရှန့်တန့်ဖြစ်နေကြသည်။ လူဗာတစ်ယောက်ကသာ ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေရှိသဖြင့် တော်သေးသည်။

သို့ရာတွင် ဧည့်သည်များမှာ မင်္ဂလာဆောင်ရှင်နှင့် ဝမ်းသာစကားပြောပြီးကြသည်နှင့် တစ်ပြိုင်နက် လွတ်မြောက်ရာလွတ်မြောက်ကြောင်း ဧည့်ခန်းဘက်သို့ အသီးသီးထွက်သွားကြသည်။ ဧည့်ခန်းထဲသို့ရောက်သောအခါတွင် ဧည့်သည်များမှာ လဲရာသူ့ခိုးထောင်းဖြစ်ကြရပြန်သည်။ ဧည့်ခန်းတွင် ထိုင်စရာ စားပွဲကုလားထိုင်များမရှိ။ ဧည့်ခန်းထဲသို့ သူနှင့်တစ်ပြိုက်နက်တည်းရောက်လာသော နိုဗီကောက်ကို မီဒိုယန်က ''ဘယ်လိုလုပ်ကြတာလဲ ထိုင်ဖို့စားပွဲလည်း တစ်ခုမှမရှိဘူး။ ယိုတ်ဗာကောက်တို့သားအဖတစ်တွေဟာ ရူးများနေကြသလား မသိဘူး''ဟု ပြောသည်။

ဧည့်သည်များမှာ အစားအစာများကို စုံ၍တင်ထားသော ဘူဖေးခေါ် စားပွဲတစ်ခုကိုသာ တွေ့ရသည်။ ဧည့်သည်များသည် သေရည်ဆောင်သို့ချဉ်း၍ သေရည်ခွက်များကို တစ်ယောက်တစ်ခွက်စီ ညာဘက်လက်နှင့်ကိုင်၍ ဘယ်ဘက်လက်ဖြင့် အစားမျိုးစုံထည့်ထားသော ပန်းကန်ထဲမှ ကြိုက်ရာကို နှိုက်၍စားကြသည်။ ဧည့်သည်များမှာ ဘူဖေးစားနည်းကို ကျင်လည်ခြင်းမရှိသဖြင့် ဌာပနာသွင်းပေါင်မုန့်များမှာ ကြမ်းပေါ်သို့ လွတ်၍ကျကုန်သည်။ ထိုသို့ကျခြင်းကို လူမမြင်အောင်ခြေထောက်နှင့်အသာ စားပွဲခုံအောက်သို့ ကန်၍သွင်းကြပြီးလျှင် ကြမ်းပေါ်က အဖတ်အမှုန့်များကို ပါးစပ်နှင့်မှုတ်ပစ်ကြသည်။ ပြီးလျှင် ပါးစပ်က တတွတ်တွတ်ရေရွတ်ကြသည်။ ယိုတ်ဗာကောက်မှာ ဧည့်ခန်းထဲတွင် မတ်တတ်တရပ်တည်းရပ်နေရသဖြင့် ညောင်းလာသောကြောင့် ဧည့်သည်များဆီသို့ လျှောက်၍စကားပြောနေသည်။

''အားလုံးဣန္ဒြေရရနဲ့ ယဉ်ကျေးမှုထုံးစံနဲ့ညီအောင် လုပ်ကြမယ်နော်''ဟု ယိုတ်ဗာကောက်က ဧည့်သည်များကိုဆုံးမသည်။ ဧည့်သည်များသည် အစာကို မျိုမရနိုင်ဘဲ မျက်လုံးပြူးပြူး မျက်ဆံပြူးပြူးနှင့် ပုံမှုံမျစ်သော ရှင်ဘုရင်ကလေး (ယိုတ်ဗာကောက်)ကို ကြည့်၍နေကြသည်။ ကိုယ်လုံးကိုယ်ပေါက် သေးငယ်သော ဗေရီးယားမှာ နောက်ဆုံးရောက်သော ဧည့်သည်များတွင် တစ်ယောက်အပါအဝင်



ဖြစ်သည်။ ကိုယ်လုံးကိုယ်ထည်ကြီး၍ ကြောက်စရာကောင်းသော သူ့ဇနီးက သူ့လက်မောင်းကို ကိုင်၍လိုက်လာသည်။ ဒရို့သည် လက်များတွင် စားတံဆိပ်တပ်ထားသော သူလျှိုတပ်ပုံစံအင်္ကျီကိုဝတ်၍ အသိခက်သော ပြုံးခြင်းမျိုးဖြင့်ပြုံးလျက်ရှိသည်။ မီဒိုယန်အေးတွင်ရပ်လျက်ရှိသော နိုဗီကောက်သည် ဒရို့ကိုမြင်လိုက်သောအခါ လန့်၍သွားပြီးလျှင် သူ့ဝမ်းထဲတွင် တထိတ်ထိတ် ဖြစ်လျက်ရှိသည်။ ဒရို့သည် အကြောင်းထူးမရှိဘဲနှင့် လာမည်မဟုတ်။

နိုဗီကောက် ဣန္ဒြေပျက်နေသည်ကိုမြင်သဖြင့် မီဒိုယန်က ''ဒါဘယ်သူလဲ''ဟု မေးသည်။

''ငါလည်း မသိဘူး။ သူ့ကို ဒီတစ်ခါပဲ ငါ မြင်ဖူးတယ်''ဟု နိုဗီကောက်က လိမ်၍ပြောပြီးလျှင် သူ့ကို ဗေရီးယားက မမြင်နိုင်စေရန် ချောင်တစ်ချောင်သို့ ရှောင်၍နေသည်။ နောက်ဆုံးတွင် သတို့သမီးရောက်လာသဖြင့် ဧည့်ခန်းထဲတွင် လှုပ်လှုပ်ရှရှဖြစ်သွားသည်။ ယိုတ်ဗာကောက်သည် ဣန္ဒြေမဆောင်နိုင်ဘဲ နီနာကို ငန်းဝမ်းဘဲကဲ့သို့ လည်ပင်းကြီးကိုဆန့်ပြီး ပါးစပ်ဟောင်းလောင်းနှင့် လှမ်း၍ကြည့်သည်။ နီနာ၏ ညာဘက်ဘေးမှ ဂိုရင်ကလိုက်၍ ဘယ်ဘက်ဘေးမှ ဂလူယှက်၏ဇနီး အော်လဂါက ပြုံး၍ လိုက်လာသည်။ ဂလူယှက်ကမူ နောက်ဘက်မှ ပန်းစည်းကြီးကို ကိုင်၍လိုက်သည်။

အယ်လက်ဇန္ဒာသည် သူ့သားကို ရုတ်တရက်မတွေ့သဖြင့် စိုးရိမ်သောကဖြစ်ကာ ပရိသတ်ထဲတွင် သူ့သားကို လိုက်၍ကြည့်ပြီးလျှင် ''ဟေ့ ယိုတ်ဗာကောက် လာလေ သတို့သမီးကို ဆီးကြိုဦးမှပေါ့''ဟု ပြောသည်။ ကော်ဇောပေါ်သို့ နီနာတက်မိသောအခါ တူရိယာဝိုင်းက မြိုင်ဆိုင်စွာ တီးကြမှုတ်ကြသည်။

နိုဗီကောက်၏မျက်လုံးများမှာ နီနာဆီသို့တစ်ခါတည်း ရောက်၍နေသည်။ မင်္ဂလာဆောင်ဝတ်လုံကို ဝတ်ထားသဖြင့် နီနာမှာ အလွန်ကြည့်ရကြော့ရှင်းသည်။ နီနာ၏မျက်လုံးများမှာ အနည်းငယ်အမ်း၍နေသည်ကို နိုဗီကောက် တွေ့ရသည်။ ပြီးလျှင် နီနာ၏မျက်နှာမှာ စိတ်မချမ်းသာသော အခြင်းအရာများကို ဆောင်၍နေသည်ကိုလည်း နိုဗီကောက် တွေ့ရသည်။ နီနာ၏မျက်နှာကို မြင်လိုက်ရသောအခါ နိုဗီကောက်မှာ အသက်ရှူမှားရ၍သွားသည်။ သူ့ကိုချစ်၍ သူကလည်း ချစ်သူ နီနာသည် ကော်ဇောပေါ်တွင် လျှောက်လျက်ရှိသည်။ နီနာသည် သူနှင့် အင်မတန် နီးစပ်ခဲ့သည်။ နီနာကို ပထမအကြိမ် သူနမ်းလိုက်ရသော အဖြစ်ကို နိုဗီကောက်သည် အဘယ်မှာမေ့နိုင်မည်နည်း။ ထိုအခါ နီနာကလည်း ပြူးတူးကြောင်တောင်ကလေး ဖြစ်၍နေသည်။ အချစ်ဟောင်းတို့သည် ကွက်ကွက်ကွင်းကွင်း ပေါ်လာသဖြင့် နိုဗီကောက်မှာ ကြက်သီးတဖြန်းဖြန်းဖြစ်၍နေသည်။ သူတို့ချစ်ခဲ့ကြသည်မှာလည်း ဘာမျှမကြာသေး။ အဘယ့်ကြောင့် သူကိုယ်တိုင်သည် သတို့သား မဖြစ်နိုင်ရပါသနည်း။ ထိုသို့ သို့လော သို့လော စဉ်းစားနေရာမှ နိုဗီကောက်၏မျက်စိသည် ယိုတ်ဗာကောက်ဆီသို့ ရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယိုတ်ဗာကောက်မှာ လေးကြိုးကဲ့သို့ တင်းတင်းကြီး ရပ်၍ နီနာကို မျက်တောင်မခတ်ဘဲကြည့်နေသည်။ ယိုတ်ဗာကောက်ကိုကြည့်ပြီးလျှင် နိုဗိကောက်က ''ဒီကောင်စွံပြီလားမသိဘူး'' ဟု အောက်မေ့ကာ အများကြီး မနာလိုစိတ်ဖြစ်လာသည်။ ပြီးလျှင် ''မစွံသေးဘူးနဲ့ တူပါတယ်။ ဒါကြောင့်သာ ဒီကောင်ဟာ ငမ်းငမ်းတက်ကြည့်နေတာပါ'' ဟု အောက်မေ့ပြန်သည်။

နီနာကို သတို့သားဆီသို့ ခေါ်သွားကြသည်။ ထိုအခါ ဧရီးယားကစ၍ ''အရက်ခါး'' ဟု အော်လိုက်သည်။ အားလုံးပရိသတ်က ''အရက်ခါး'' ဟုလိုက်၍ အော်ကြသည်။

''သတို့သားကို နမ်းလိုက်လေနီနာ'' ဟု ဂိုရင်က လေအေးကလေးနှင့် ပြောသည်။ လူဗာ၏မျက်စိများတွင် မျက်ရည်များဝဲ၍နေသည်။ ယိုတ်ဗာကောက်သည် ရှက်ကိုးရှက်ကန်းနှင့် နီနာကို ဖက်ပြီးနမ်းလိုက်သည်။ နမ်းခြင်းမှာမကြာ၊ နမ်းပြီးလျှင် နှစ်ယောက်သားယောင်တောင်တောင်ဖြစ်နေပြီး၊ နောက် ဘာကိုဆက်လုပ်ရမည်ကို မသိကြ။ ထိုအခိုက်တွင် အယ်လက်ဇန္ဒာက သတိရပြီး ''ဗျာဗို'' ''ဟူးရေး''ဟု အော်၍သြဘာပေးသည်။ ပရိသတ်တို့က ဝိုင်း၍ဆူညံစွာ သြဘာပေးကြသည်။ နိုဗိကောက်၏ သေခွက်သည် လက်မှလွတ်ကျပြီး ကွဲသွားသည်။ ထိုသို့ကွဲသွားသည်ကို နိုဗိကောက်သည် သူ့ဟာသူ သတိမပြုမိလိုက်။ အယ်လက်ဇန္ဒာက လက်ကိုမြှောက်၍ ပရိသတ်ကို ငြိမ်အောင်အချက်ပြလိုက်ပြီးလျှင် ''ချစ်ရဲဘော်တို့ ငါတို့ ဘော်ရှီဗစ်တွေဟာ ကိုယ်ရေးကိုယ်တာ ဘာမှစဉ်းစားချိန်မရကြဘူး။ ငါတို့ဟာ ငါတို့ရဲ့အချိန် ငါတို့ရဲ့ စွမ်းအားနဲ့တကွ၊ ငါတို့ရဲ့ အသက်ကိုပါ ငါတို့ရဲ့ပါတီအတွက် အသုံးပြုနေကြတယ်။ ဒါဟာ ဘာမှမဆန်းဘူး။ အခါကမကောင်းလို့ ငါတို့ဟာ ငါတို့ရဲ့ လူတန်းစားရန်သူများကို အကြိတ်အနယ်နှိမ်နင်းနေကြရတဲ့အတွက် ငါတို့ရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို စဉ်းစားဖို့အချိန်မရခဲ့ကြဘူး။ ဒီလိုဖြစ်တာနဲ့ ငါတို့ဘော်ရှီဗစ်တွေဟာ ကိုယ်ရေးကိုယ်တာကို အားမပေးဘူးလို့ ယူဆမယ်လို့ဆိုရင် အဲဒီလို ယူဆတာဟာ အင်မတန်မှ မှားပါတယ်။ ငါတို့ဟာ အခွင့်အခါရတာနဲ့ တစ်ပြိုင်နက် ကိုယ်ရေးကိုယ်တာကို ပစ်မထားကြပါဘူး။ ငါဆိုရင်လည်း တခြားအဖေများလိုပဲ ငါ့သားကိစ္စအတွက် မော်စကိုမြို့က လာခဲ့ပါတယ်။ အလုပ်မအားလို့ ကြာရှည်တော့ မနေနိုင်ဘူး။ နှစ်ရက်ပဲ နေနိုင်မယ်။ ငါ့အဖို့ဆိုရင် ပျော်ပွဲတစ်ခုထဲမကပါဘူး။ နှစ်ခုပါ။ ပါတီနဲ့လူထုက ယုံကြည်တဲ့အတွက် ငါ့သား ယိုတ်ဗာကောက်ဟာ မြောက်ပိုင်းကောကေ ဆပ်ပြည်နယ်ရဲ့ အထွေထွေအတွင်းရေးမှူးချုပ်ရာထူးကိုလည်း ပေးအပ်ခြင်းခံရပါတယ်''ဟုပြောသည်။

''သဘောကျတယ်''ဟု သေရည်မူးနေသည့် အသံတစ်သံကအော်သည်။

ယိုတ်ဗာကောက်က မျက်မှောင်ကြုတ်၍ ''ဒုတိယပျော်ဖို့ကောင်းတဲ့အချက်က ငါ့သားဟာ ဂိုရင်ရဲ့သမီး နီနာနဲ့ မင်္ဂလာဆောင်ခြင်းပါပဲ။ ငါလို အဘိုးကြီးတစ်ယောက်ဟာ လူငယ်များအတွက် ဝမ်းမသာဘဲမနေနိုင်ပါဘူး။ အရင်ဆိုးယုတ်တဲ့



ဇာတုရှင်လက်ထက်ကဆိုရင် လူငယ်များဟာ အခုလို ပျော်ပျော်ရွှင်ရွှင် ချစ်ခွင့်မရခဲ့ကြပါဘူး။ အခု ငါ့သား မင်္ဂလာဆောင်မယ့် သတို့သမီးဟာဆိုရင်လည်း တော်ရုံတန်ရုံအစားထဲက မဟုတ်ပါဘူး။ ရုရှပြည်မှာသာ မဟုတ်ဘဲ တစ်ကမ္ဘာလုံးမှာ ထင်ရှားကျော်ကြားတဲ့ စာရေးဆရာကြီးတစ်ယောက်ရဲ့သမီးပါ။ ငါမှာဆိုရင်တော့ သူများဆီမှာ လက်ခစားဝင်လုပ်ခဲ့ရတဲ့ လူတစ်ယောက်ပါ။ အရင်ခေတ်ကလိုသာဆိုရင် ငါ့သားဟာ ငါတို့လို လက်ခစားထဲက မိန်းမကိုပဲရနိုင်ပါမယ်''ဟု ဆက်၍ပြောသည်။

မိဒိုယန်က နိုဗိကောက်ဘက်သို့ ကုန်း၍ ''အဘိုးကြီးဟာ သက်သက်လိမ်ပြောနေတာ သူဟာ လက်ခစားတစ်ခါမှ လုပ်ဖူးတာမဟုတ်ဘူး။ ခရစ်ယာန်ဘုန်းကြီးရဲ့သားပါ။ ငါ့ကို ယုံကြည်လောက်သူတစ်ယောက်က ပြောတယ်'' ဟုပြောသည်။

ပြီးလျှင် အယ်လက်ဇန္ဒာက ''အခု ဘော်ရှီဗစ်လက်ထက်ရောက်လာတော့ ငါ့သားဟာ အခွင့်အရေးကောင်းကောင်းရပြီး သူ့ကိုယ်တိုင်ကလည်း ကြိုးစားပြီး စည်းရုံးတတ်တဲ့အတွက် အကြီးဆုံးရာထူးကိုရပြီး အလွန်ချောတဲ့လှတဲ့ နီနာနဲ့ မင်္ဂလာဆောင် ရပါတယ်။ ဒီကို ငါ လာခါနီးမှာ ရဲဘော်စတာလင်က သင့်သားမင်္ဂလာဆောင်ကို ခမ်းခမ်းနားနားကျင်းပပါ။ ငါတို့ ဘော်ရှီဗစ်တွေဟာ ရသေ့ရဟန်းတွေ မဟုတ်ပါဘူး။ မင်္ဂလာဆောင်မှာ ဘယ်ဘက်ကမှ ချို့ချို့တဲ့တဲ့မဖြစ်စေနဲ့လို့ ငါ့ကို မှာလိုက်ပါတယ်။ စတာလင်မှာလိုက်တဲ့စကားဟာ အင်မတန် လျောက်ပတ်တဲ့စကားပါ''ဟု ဆက်၍ပြောပြီးလျှင် နီနာနှင့် ယိုတ်ဗာကောက်တို့ဘက်သို့ လှည့်၍ သင်တို့နှစ်ယောက်ဟာ ချမ်းချမ်းသာသာ ပေါင်းသင်း၍ သားသမီးအမြောက်အမြားရပါစေလို့ ငါ ဆုတောင်းပါတယ်။ အောင်ခြင်း မင်္ဂလာဖြစ်ပါစေသတည်းဟုပြောသည်။

ပရိသတ်ကလည်း ဝိုင်း၍ဆုတောင်းကြသည်။ ပြီးလျှင် တီးဝိုင်းက သောသောညံညံ တီးမှုတ်သည်။

အယ်လက်ဇန္ဒက ဆူညံနေသောအသံများကို လွှမ်းသွားအောင်အော်၍ ''ဂိုရင်ရေ သင် ပြောဖို့ အလှည့်ရောက်ပြီလေ''ဟု ပြောသည်။

ဂိုရင်က သူ့ပတ်ဝန်းကျင်ရှိ ပရိသတ်များကို ဖြည်းညင်းစွာကြည့်သည်။ သူ့ပတ်ဝန်းကျင်တွင် သားရဲတိရစ္ဆာန်အုပ်ကြီး ဝန်းရံလျက်ရှိသည်။ ဝက်ဝံမျက်နှာ၊ မြေခွေးနှုတ်သီး၊ ဝံပုလွေမျက်လုံးများဖြင့် ပြီးသောပရိသတ်ကြီးသည် ဟိန်းဟောက်မာန်ဖီလျက်ရှိသည်ဟု သူ ထင်သည်။ ဂိုရင်သည် နှုတ်ခမ်းမွေးကိုသပ်၍ ပရိသတ်အနည်းငယ်ငြိမ်သွားသောအခါ ''အခု ငါ့သမီးကို မင်္ဂလာဆောင်ပေးရတာတော့ ဟုတ်ပါရဲ့။ ဒါပေမယ့် ငါ့ဟောဒီထဲ မှာတော့''ဟု ပြော၍ သူ့နှလုံးကို ပုတ်ပြသည်။ ပြီးလျှင် ''ငါ့ ဟောဒီထဲမှာတော့ ငါ့သား ပါဗယ်သေတုန်းကလိုပဲနေတယ်။ ဘာလို့ အဲဒီလိုနေရသလဲဆိုတော့''ဟု ပြောလိုက်သောအခါ ပရိသတ်မှာ တစ်ခါတည်းငြိမ်၍ သွားပြီးလျှင် နားတစွင့်စွင့်နှင့်ဖြစ် နေကြသည်။ လူဗာ့မျက်နှာတွင် ရတ်တရက် သွေးဆုတ်သွားပြီးလျှင် လူဗာက သူ့ခင်ပွန်း၏ လက်ကို လှမ်း၍ဆွဲလိုက်သည်။ သို့ရာတွင် ဂိုရင်က သူ့ဇနီးကို ဘေးသို့ဖယ်ပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် ဂိုရင်က ''ငါ့သားသေပြီးကတည်းက ငါ့စိတ်ဟာ နည်းနည်းမှ မချမ်းသာတော့ပါဘူး။ ငါ့သားသေရတာဟာ ငါ့အပြစ်ပဲလို့ ငါ ယူဆပါတယ်။ အခု ခေတ်လူငယ်များ ဆင်းရဲဒုက္ခရောက်နေကြတာဟာ လူကြီးများရဲ့ အပြစ်ကြောင့်လို့လည်း ငါ ယုံကြည်ပါတယ်''ဟု ပြော၍ စကားမဆုံးမီ ဗေရီးယားက ''ပါဗယ်ကို သင်များ သတ်ပစ်သလားမှ မသိဘဲနဲ့၊ နောင်တဖြစ်ပေါ့ ဂိုရင်၊ နောင်တဖြစ်ပေါ့။ ငါတို့ဟာ ငါတို့ရဲ့အပြစ်တွေကို သေရည်နဲ့ဆေးကြမယ်''ဟု ပြောင်ချော်ချော်ပြောသည်။

ပရိသတ်များက ဝိုင်း၍ရယ်ကြသည်။ ထိုအထဲတွင် အယ်လက်ဇန္ဒာ၏ အသံမှာ အကျယ်ဆုံးဖြစ်သည်။ ''သင့်စကားကို မြန်မြန်အဆုံးသတ်လိုက်ပါတော့ ဂိုရင် မင်္ဂလာအခမ်းအနားစဖို့ အချိန်တော်နေပါပြီ''ဟု အယ်လက်ဇန္ဒာကပြောသည်။

ဂိုရင်က အယ်လက်ဇန္ဒာ၏စကားကို နားမထောင်ဘဲ ဗေရီးယား၏ မတရား စွပ်စွဲချက်ကို ပြန်၍ချေပရန်အလို့ငှာ ''ဟုတ်ပါတယ် ပါဗယ်သေရတာဟာ ငါ့အပြစ်ပါ။ ဒါပေမယ့် ငါ့အပြစ်က သေရည်နဲ့ဆေးလို့ရမယ့် အပြစ်လည်းမဟုတ်ပါဘူး။ နောင်တ ဖြစ်ပြီး မျက်ရည်နဲ့ဆေးလို့ရမယ့် အပြစ်မဟုတ်ပါဘူး။ ဒါကြောင့် ငါ့ကို အကြီးဆုံး ရာဇဝတ် ကောင်ကြီးလို့လည်း ဆိုချင်ဆိုနိုင်ပါတယ်။ အခု ငါပြောတဲ့စကားဟာ နောင်လူငယ်များသတိရကြဖို့ အဘိုးကြီးတစ်ယောက်ရဲ့ ဖြောင့်ချက်ဆိုလည်း ဟုတ်ပါ တယ်။ မိတ်ဆွေကောင်းတစ်ယောက်ရဲ့ အကြံပေးချက်ဆိုလည်း ဟုတ်ပါတယ်။ အခု ဒီမှာ ရောက်နေကြတဲ့ ပရိသတ်ထဲက တချို့ မွေးတောင်မမွေးကြသေးတဲ့ခေတ်ကို ငါ မီလိုက်ပါတယ်။ အဲဒီတုန်းကဆိုရင် အခုဒီမှာရှိတဲ့ သတို့သားယိုတ်ဗာကောက်တို့ သတို့သမီးနီနာတို့လည်း မမွေးကြသေးပါဘူး။ အဲဒီတုန်းကဆိုရင် ငါတို့ဟာ အရွယ် ကလည်းပျိုပျို စိတ်အားကလည်းသန်သန်၊ မျှော်လင့်ချက်ကလည်း ကြီးကြီးနဲ့ ငါတို့ သားသမီးများလက်ထက်ရောက်ရင် လောကကြီးဟာ အင်မတန် သာယာဝပြောရှိလိမ့် မယ်လို့ စိတ်ကူးပြီးကြည့်မိခဲ့ကြတယ်။ အဲဒါနဲ့ ငါတို့ဟာ ငါတို့စိတ်ကူးနဲ့ ငါတို့ပျော်ပြီး ငါတို့ဟာ ရာဇဝင်ပြောင်းကြမယ့် သူများဖြစ်တယ်လို့လည်း မိုးမမြင် လေမမြင် ယုံကြည် မိခဲ့ကြပါတယ်။ အဲဒီတုန်းကဆိုရင် လောကမှာ မဖြစ်နိုင်တာရယ်လို့ကို မထင်မိခဲ့ပါဘူး။ ငါတို့ဟာ ငါတို့ရုရှလူမျိုးတွေရဲ့ အဆင့်အတန်းကို တိုးမြှင့်အောင်လုပ်ပေးပြီး နေနိုင်ကြလိမ့်မယ်လို့လည်း ယုံကြည်မိခဲ့ကြ တယ်။ ငါတို့၏ စိတ်ကူးကြံစည်ချက်များ ဟာ ဆုတ်ယုတ်ပျက်စီးနိုင်လိမ့်မယ်လို့လည်း မထင်မိခဲ့ကြဘူး။ ငါတို့၏ စိတ်ကူးကြံစည် ချက်များ အောင်မြင်သည်ကိုလည်း ငါကိုယ်တိုင် ရှင်လန်းဝမ်းမြောက်စွာနဲ့ တွေ့ရပါစေ လို့ တောင့်တခဲ့ကြတယ်။ ပြီးတော့ ငါနဲ့ လုပ်ဖော်ကိုင်ဖက်များကလည်း စိတ်ရှည် လက်ရှည်နဲ့ ငါတို့အကြံအောင်မည်နေ့ကို စောင့်မျှော်ခဲ့ကြတယ်။ တချို့လည်း အဲဒီလို စောင့်မျှော်ကြရင်းနဲ့ပဲ သေသွားကြတယ်။

''ငါတို့ရဲ့ မျှော်လင့်ချက်တွေဟာ အကုန်လုံး တလွဲတချော်ဖြစ်ကုန်တယ်။ လောကကြီးက ငါတို့အား ရက်စက်စွာ လှောင်ပြောင်သည့်အလား ငါတို့တင်ကြို့ပြီး



မမျှော်လင့်မိခဲ့တဲ့ ဆန်းကြယ်တဲ့လူငယ်များ ပေါ်လာပါတယ်။ ငါတို့ မျှော်လင့်တောင့်တ ခဲ့တဲ့အချက်များဟာ ငါတို့ရဲ့ တော်လှန်ရေးရေ့ပြေးငှက်သီချင်းများ၊ သီချင်းလိုသာယာ သော ကြွေးကြော်သံများနှင့် ငါတို့ချီးကျူး၍ မကုန်နိုင်သည့် လှုပ်ရှားမှုကောင်းများနှင့်အတူ ပျောက်ကွယ်သွားတယ်။ ငါတို့ အမြတ်တနိုးပြုခဲ့တဲ့ တရားခြင်းသဘော မြင့်မြတ်တဲ့ ချစ်ခင်ကြင်နာမှုသဘော နောင်ရေး၌ ယုံကြည်စိတ်များကို ခရီးဆောင်မသိုးထမင်း မသိုး ဟင်းအဖြစ်မျိုးနဲ့ ငါတို့လူငယ်များရဲ့ ရင်ခွင်ထဲကို ငါတို့အဘိုးကြီးများက ငါတို့ခေတ်တုန်းက ထည့်ပေးခဲ့တယ်။ အခု နောက်ပေါက်လူများကို ကြည့်လိုက်တော့ စိတ်ပျက်စရာကြီးဖြစ်နေလို့ ငါတို့က ငါတို့ထည့်ပေးလိုက်တဲ့အစာဟာ ဘယ်မလဲ။ သင်တို့ရင်ခွင်ထဲ ဘာတွေရှိတယ်ဆိုတာ ငါတို့ကို ပြစမ်းပါဦး။ သင်တို့ရင်ခွင်ထဲမှာ သက်ညှာခြင်းသဘော ရှိရမည့်အစား ကျောက်တုံးကျောက်ခဲလို မာကျောတဲ့ အမုန်း သဘောတွေ ရောက်နေပြီ မဟုတ်လားလို့ ငါတို့ကမေးတယ်။

''မေးပေမယ့်လို့ အလကားပဲ။ နောက်လူတွေဟာ ဘာမှပွင့်ပွင့်လင်းလင်း မရှိကြတော့ဘူး။ ငါတို့မေးတာကို မဖြေဘဲနဲ့ မယုံသင်္ကာဖြစ်တဲ့အနေနဲ့ ငါတို့ကိုပဲ သူတို့က ပြန်ပြီးလှောင်ပြောင်ကြသေးတယ်။ ငါတို့တပ်လှန့်ပေးတာကိုလည်း သူတို့ အယုံအကြည်မရှိကြဘူး။ ပြီးတော့ သူတို့မယုံသင်္ကာဖြစ်တာများကိုလည်း ဖွင့်မပြော ပေမယ့်လည်း အသိသာကြီးပါ။ ဖော်ဖော်ရွေရွေမရှိတဲ့ ဒီလိုလူဆန်းတွေနဲ့ နေရတာဟာ သိပ်အနေရကျဉ်း ကြပ်ပြီး ကြောက်စရာကောင်းတယ်။ ငါတို့ တိုင်းပြည်တစ်ခုလုံးဟာ မုန်းတီးခြင်း ကျောက်တုံးကြီးနှစ်ခုနဲ့ ဖိညှပ်ထားသလို ဖြစ်နေတယ်။ လူတွေဟာ အသက်ရှင်နေရကြပေမယ့်လဲ သင်္ချိုင်းကို အမြဲမျက်စောင်းထိုးနေကြရတယ်။ သူသတ် လက်ချက်များကြောင့် ယိုစီးရတဲ့ လူ့သွေးများဟာလည်း ဘုံးပေါလအောပဲ။ ဆင်းရဲ ဒုက္ခရောက်ပြီး သေကြေပျက်စီးကြရတဲ့လူတွေလည်း အများကြီးပဲ။ ဒါပေမယ့် အခုခေတ် လူများက ဒါလောက်နဲ့ မကျေနပ်ကြသေးဘူး။ အိမ်တိုင်းအိမ်တိုင်း၊ မိသားစုတိုင်း မိသားစုတိုင်းမှာရှိတဲ့ လူများအနက် တစ်ယောက်ယောက်ကို သတ်ပစ်ဖို့လိုသေးတယ်လို့ ယူဆကြသေးတယ်။ ပြီးတော့ သူတို့က လူသတ်ခြင်းဟာ သူတို့ရဲ့ဆရာပဲလို့လည်း ပြောကြသေးတယ်။ ဒါတွင်မက သေးဘူး။ သူတို့က ငါတို့သုံးတဲ့ စကားလုံးတွေကို လည်း ဖွဲ့သန်သန်နဲ့ ထပ်ထပ်ပြီးရွတ်ကြတယ်။ အဲဒီလိုရွတ်ကြတာဟာ ငါတို့ကို ကျီကြမ္မာက လှောင်ပြောင်တာနဲ့ အတူတူပဲ။ သူတို့အခုအသုံးပြုတဲ့ စကားလုံးတွေကို ငါတို့အသုံးပြုခဲ့ကြတာမှန်ပါတယ်။ ဒါပေမယ့် ငါ့ကိုပေးချင်တဲ့သစ္စာပေးပါ။ ဟိုအခါ တုန်းက ငါတို့ဆိုလိုတဲ့သဘောနဲ့ အဓိပ္ပာယ်က အခု သူတို့ဆိုလိုတဲ့သဘောနဲ့ အဓိပ္ပာယ် လုံးလုံးမတူပါဘူး။ ဒါပေမယ့် ငါတို့က အဲဒီစကားလုံးများကို သုံးမိခဲ့တဲ့အတွက် ငါတို့မှာ အပြစ်ရှိတယ်လို့ ဆိုချင်ရင်တော့ ဆိုနိုင်ပါတယ်။

''ဒါကြောင့် ငါက ငါ့သား ပါဗယ်သေရတာနဲ့ ငါ့သမီးနီနာစိတ်မချမ်း မသာဖြစ်ရတာဟာ ငါ့အပြစ်ပါလို့ ပြောတာပါ။ နီနာ အင်မတန်စိတ်မချမ်းမသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကို ငါ မသိဘူးမထင်ပါနဲ့။ နီနာအဖို့ စိတ်ချမ်းသာမှုလိုပါတယ်။ လူတွေရဲ့ ဝမ်းမှာ စိတ်ချမ်းသာမှုကို တောင့်တတတ်တဲ့ သဘောရှိတယ်ဆိုတာကို မငြင်းချင်ပါနဲ့။ ဘာပဲဖြစ်နေနေ နီနာ့အဖို့ သူ့အကြိုက်အတိုင်း စိတ်ချမ်းသာမှုရဖို့လိုတယ်။ ဒီလိုလိုတဲ့ အတွက်လည်း သူ့ကိုအပြစ်တင်စရာမရှိဘူး။ နီနာလို သူငယ်မကလေးတစ်ယောက်ဟာ သူ့ပတ်ဝန်းကျင်မှာရှိတဲ့ မုန်းတီးမှုလှိုင်းဂယက်တွေကို ငြိမ်သက်အောင် လုပ်နိုင်မှာမဟုတ် ဘူး။ အသက်ဆုံးရမယ့်သူများကိုလည်း ကယ်နိုင်မှာမဟုတ်ဘူး။ ဒီလိုမတတ်နိုင်ရုံနဲ့ နီနာဟာ စိတ်ချမ်းသာမှုကိုမေ့ပြီး အဲဒီကြောက်မက်ဖွယ်ကောင်းတဲ့ ဆင်းရဲမှုသမုဒ္ဒရာကြီး ထဲမှာ နစ်ပြီးအသေခံရမယ်ဆိုရင်တော့ မဖြစ်နိုင်ဘူး။ ဘယ့်နှယ်လုပ် ဖြစ်နိုင်မလဲ။ စိတ်ချမ်းသာမှုကိုတောင့်တတဲ့အတွက် နီနာဟာ မမှားဘူး။ ပြီးတော့ နီနာဟာ အခုစိတ် မချမ်းသာဖြစ်နေတာလည်း အမှန်ပဲ။ ဒါကတော့ သူတစ်ယောက်တည်းမကပါဘူး''ဟု ဂိုရင်ကပြောသည်။

နီနာ၏မျက်နှာသည် တဖြည်းဖြည်းနီ၍လာသည်။ သူ့မျက်စိများမှာ ဘာမျှမမြင်တော့။ နီနာသည် သူ့အဖေအနားသို့ ရုတ်တရက်ကပ်၍ ''အဖေရယ် ဒီ အကြောင်းတွေ မပြောပါနဲ့။ တခြားအကြောင်း တစ်ခုခုကိုပြောပါ''ဟု တောင်း ပန်သည်။

''ဂိုရင် မူးနေပြီ''ဟု ပရိသတ်ထဲမှ တစ်ယောက်ကပြောသည်။

ဂိုရင်သည် တစ်ကိုယ်လုံးတုန်၍နေပြီးလျှင် ခေါင်းကိုခါ၍ ''တကယ်ပါပဲ။ ငါတို့ အဘိုးကြီးတွေက နောက်လူများရဲ့အရေးနဲ့ပတ်သက်လို့ အများကြီး စဉ်းစားခဲ့ကြပါတယ်။ ဒါပေမယ့် ငါတို့စဉ်းစားမိတဲ့အချက်တွေလည်း ရှိနေပါတယ်။ အဲဒီ ငါတို့မစဉ်းစားမိတဲ့ အချက်တွေဟာ ဘာတွေလဲ''ဟု အသံကျယ်ကျယ်ဖြင့် မေးလိုက် သည်။ ပရိသတ်က ဂိုရင်သည် ဘယ်လိုများဆက်ပြောမလဲဟု ရင်တဖိုဖိုနှင့် နားစွင့်နေ ကြသည်။ ထို့နောက် ဂိုရင်က ပရိသတ်များကို တဖြည်းဖြည်းလှည့်ကြည့်ပြီး ပြုံး၍ ''ဘာမှမကြောက်ကြပါနဲ့'' ဟုပြောသည်။ ပရိသတ်မှာ ထိုသို့ပြောသည့်အတွက်ပင် ပို၍ကြောက်သွားသည်။ ပြီးလျှင် ဂိုရင်က ''ငါတို့ရဲ့ ပထမအပြစ်က နောက်ပေါ်လူစုနဲ့ ဆက်ဆံခြင်းကင်းကွာနေခဲ့ခြင်းပဲ ဖြစ်တယ်။ ငါတို့နှင့် ဆက်ဆံခြင်းကင်းကွာ၍နေတဲ့ အခါမှာ လူငယ်များမှာ ငါတို့၏ စိတ်ဓာတ် ငါတို့၏သဘောထားများကို နားလည်နိုင်ခွင့် မရကြတော့ဘူး။ ငါတို့ရဲ့ ဒုတိယအပြစ်ကတော့ ငါတို့ကိုယ်တိုင် စည်းကမ်းကြီးစွာနဲ့ သစ္စာရှိရှိ ပေါင်းသင်းနေထိုင်ခဲ့ကြသော စနစ်ကို လူငယ်များအား ငါတို့ လက်ဆင့်မကမ်း နိုင်ခဲ့ကြခြင်းဘဲဖြစ်တယ်။ ဒါကြောင့် လူငယ်များဟာ တစ်ယောက်နဲ့တစ်ယောက် သစ္စာစောင့်မှု တစ်ယောက်နဲ့တစ်ယောက် လေးစားယုံကြည်မှုများကို နားမလည်နိုင်ကြ တော့ဘူး။ အဲဒီလို တစ်ယောက်နှင့်တစ်ယောက် ယုံကြည် လေးစားမှုမရှိရင် လောကမှာ နေလို့မဖြစ်တော့ဘူး။ နောက်ပေါ်လူများဟာ အင်မတိ အင်မတန် သက်သောင့်သက်သာ နေလာကြတယ်။ တချို့ဟာ ကိုယ်ကိုယ်တိုင်ရှာတဲ့ပစ္စည်းရယ်လို့ တစ်ခုမှမရှိဘဲနဲ့



တစ်ပါးသူဆီကလိုသမျှကို အကုန်ရထားကြတာနဲ့ သနားကရုဏာစိတ်တွေ ပျောက်ကုန် တယ်။ အဲဒါနဲ့ မိမိနဲ့ ညီအစ်ကိုမောင်နှမဖြစ်တဲ့ တခြားလူသားများ ဆင်းရဲနွမ်းပါး တာကိုလည်း သနားရကောင်းမှန်းပင် မသိကြတော့ဘူး။ ဒါကြောင့် ငါက နောက်ကျနေ ပြီဖြစ်ပေမယ့် လူငယ်များကို ပြောပြပါရစေဦး။ ယိုတ်ဗာကောက်နဲ့ နီနာတို့ ငါပြောတဲ့ စကားတွေကို မှတ်ထားကြပါ။ ပြီးတော့ ငါပြောတဲ့ စကားများကို အမြတ်တနိုးထားအပ် တဲ့ မသိုးထမင်း မသိုးဟင်းလို သင်တို့နှလုံးထဲမှာ အမြဲထည့်ထားကြပါ။ ပျောက်မသွား ပါစေနဲ့။ ကိုင်း ယိုတ်ဗာကောက်တို့ နီနာတို့ရေ အကြီးဆုံး ရာဇဝတ်ကောင်ကြီးဖြစ်တဲ့ ငါက သင်တို့နှစ်ယောက်လုံးကို နမ်းခွင့်ရယ်၊ နမ်းပြီး ဆုတောင်းမေတ္တာပို့ခွင့် ပေးကြပါကွယ်''ဟု ပြောကာ နိဂုံးချုပ်လိုက်သည်။

ပရိသတ်အားလုံးက သက်မချလိုက်ကြသည်။ လူဗာက ပြုံးနေသည်။ မိဗိုယန်က နိုဗိကောက်နားကပ်၍ ''ဒီငနဲကြီးပြောပုံဟာ တော်တော်နိပ်တယ်နော်''ဟု တိုးတိုးကလေး ပြောသည်။

⁂ ⁂ ⁂

## အခန်း(၁၀)

မင်္ဂလာဆောင်ပရိသတ်များ အကြောက်ပြေကြပြီ။ အယ်လက်ဇန္ဒာက ''ဟူးရား'' ဟုအော်၍ ဩဘာပေးသည်။ ပရိသတ်တို့က သူ့ထက်ငါဦးအောင်တိုး၍ သတို့သားနှင့် သတို့သမီးကို ဝမ်းသာစကားပြောကြသည်။ နိုဗိကောက် စိတ်ထဲက လည်း ဝမ်းသာစကားပြောလိုသည်။ သို့ရာတွင် သူ့စိတ်ထဲကမရဲ။ ''နောက်ကြုံတော့မှပဲ ပြောတော့မလေ'' ဟု သူ့စိတ်ထဲက အောက်မေ့သည်။ ပြီးလျှင် နိုဗိကောက်သည် အစားခန်းသို့သွားသည်။ သူ့အနားတွင် တိုးဝှေ့နေကြသည်။ လူစုထဲတွင် ဒူးရောက်ကို နိုဗိကောက်တွေ့ရာ လည်ပင်းဖြတ်စဉ်နီတုံးကို တွေ့ရသည်ပမာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားသည်။ ဒူးရောက်မှာ မျက်နှာမသာ စိတ်မချမ်းသာစရာအကြောင်း များကို စဉ်းစားနေဟန်ရသည်။ ဒူးရောက်က သူ့မျက်နှာမှ ချွေးများကိုသုတ်ပြီး အမှတ်မထင် နိုဗိကောက်ဘက်သို့ လှည့်လာသည်။ သူ့စိတ်မှာ တခြားသို့ရောက်နေပုံ ရသည်။ နိုဗိကောက်သည် သူ့ကိုရှာသည့်ပမာ ဗေရီးယားရှိရာသို့သွားသည်။ ဗေရီးယား သည် ချောင်တစ်ချောင်တွင် ဒရိုနှင့်စကားပြောနေရာမှ နိုဗိကောက်ကိုမြင်သဖြင့် ခေါင်းညိတ်၍ခေါ်လိုက်သည်။

''ဘယ့်နှယ်လဲ နိုဗိကောက် စိတ်မကောင်းဘူးလား''ဟု ဗေရီးယားက ရယ်၍ မေးသည်။

''ငါ ဘာလို့ စိတ်မကောင်းရမှာလဲ''ဟု နိုဗိကောက်က ဣန္ဒြေဆည်၍သာ ပြောသည်။ နိုဗိကောက်သည် ဗေရီးယား၏ ပတ်ဝန်းကျင်တွင် အမြဲတမ်းရှိတတ်သော မမြင်ကောင်းသည့် ထောင်ချောက်များကို မနင်းမိစေရန် သတိထား၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ညာမနေပါနဲ့ နိုဗိကောက်ရယ်။ ငါ သင့်ကိုစောင့်ကြည့်နေပါတယ်။ သင် မနေတတ် မထိုင်တတ်ဖြစ်ပြီး ဟိုလျှောက်ဒီလျှောက်သွားနေတာကို ငါ မြင်ပါတယ်" ဟု ဇေရီးယားက ပြောသည်။ ပြီးလျှင် ဒရိုဘက်သို့လှည့်၍ "ရဲဘော်ကျောင်းအုပ်ကြီးက နီနာကို အသေအလဲကြိုက်နေတယ် ဒရို့ရဲ့" ဟုဆက်၍ပြောသည်။

"ဩော် ဒီလိုလား" ဟု ဒရို့ကပြောပြီးလျှင်၊ နိုဗိကောက်အား သိဟောင်းကျွမ်းဟောင်းတစ်ယောက်ဖြစ်သည့်ပမာ ဇေရီးယားရှေ့၌ပင် ခေါင်းညိတ်၍ပြသည်။ ဒရို့မှာ အတော်မူးနေသည်။ ဒရို့သည် စစ်ပုံစံအင်္ကျီကို ဝတ်လာသဖြင့် သိသိသာသာ ထူးခြားသော ကိစ္စတစ်ခုခုရှိနေပြီဆိုသည်ကို နိုဗိကောက် တွေးမိသည်။

ဇေရီးယားက "နီနာဟာ တကယ်ကို ချောတယ်ဆိုတာတော့ ဘယ်သူမှ မငြင်းနိုင်ပါဘူး။ နီနာဟာ ယောကျ်ားတွေဆိုတာကိုတော့ မပြောနဲ့ မိန်းမချင်းတောင် ချစ်လောက်စရာကောင်းအောင် ချောပါတယ်။ သူ့လိုချောတာမျိုးကတော့ ရှားပါတယ်။ နိုဗိကောက်က နီနာကို ကြိုက်သလိုပဲ နီနာကလည်း နိုဗိကောက်ကိုပြန်ပြီး အသည်းစွဲ ကြိုက်ပါတယ်။ သူတို့နှစ်ယောက်ဟာ လိုက်လည်းလိုက်ပါတယ်။ မင်္ဂလာမဆောင်လိုက်ရတာ တစ်မယ်ပဲ ရှိတယ်။ သူတို့အချစ်ဟာ ရိုးမြေကျချစ်ကြမယ့် အချစ်မျိုးပဲ၊ ဒါပေမဲ့ သူတို့အချစ်ကို ငါက ဝင်ပြီးဖျက်ပစ်လိုက်တယ်" ဟု ပြောပြီးလျှင်၊ စိတ်ကျေနပ်ဟန်နှင့် သေရည်တစ်ကျိုက်သောက်လိုက်သည်။ ပြီးလျှင် သူ့အချစ်တော် နိုဗိကောက်ကိုကြည့်၍ အကဲခတ်နေသည်။ ထို့နောက် "ရဲဘော် ကျောင်းအုပ်ကြီးက ငါ့ကို အများကြီး ကျိန်ဆဲနေမှာစိုးတာကို ငါလည်း တွေးမိပါတယ်" ဟုပြောသည်။

"ငါ့အမှားကို ငါ သိပါပြီ။ ဒါပေမယ့် ဘယ်သူ့မှ ငါ မကျိန်ဆဲပါဘူး။ ငါ့ကိုယ်ငါပဲ ကျိန်ဆဲပါတယ်" ဟု နိုဗိကောက်က မျက်မှောင်ကြုတ်၍ပြောသည်။

"မလိမ်ပါနဲ့ နိုဗိကောက်၊ အဲဒီတုန်းက သင်မှားတာကို သင် မသိပါဘူး။ ငါ့ကိုသာ သင် အားရပါးရကျိန်ဆဲပါတယ်။ (ဇေရီးယားခွေးမသားဟာ သူနဲ့ မဆိုင်တဲ့ ကိစ္စကို ဝင်စွက်တယ်လို့ သင် ပြောတယ်မဟုတ်လား။ ဘယ့်နှယ်လဲ မဟုတ်ဘူးလား)ဟု ဇေရီးယားက မေးသည်။

နိုဗိကောက်က မကြားချင်ယောင်ဆောင်နေတာပဲကောင်းသည်ဟု သဘောရကာ ငြိမ်၍နေသည်။

ဇေရီးယားက "အခုတောင် သင်ဟာ ငါ့ကို ကျိန်ဆဲနေတယ်မဟုတ်လား နိုဗိကောက်။ (ယိုတ်ဗာကောက်က နီနာကိုယူတော့ ဘယ်သူကမှမပြောကြဘူး။ ငါ့ကျတော့ နီနာနဲ့ ခဏလေးပလူးပလဲလုပ်ရသေးတယ် ဇေရီးယားက ဝင်ဖျက်တာပဲလို့ သင် ပြောချင်တယ်မဟုတ်လား။) ဘယ့်နှယ်လဲ သင် ငါ့ကို စိတ်မဆိုးဘူးလား" ဟု မေးသည်။

"နီနာအပေါ် ငါ စိတ်ပြတ်တာကြာပါပြီ" ဟု နိုဗိကောက်က စိတ်မဆိုးသည့်ဟန်ဖြင့်ပြောသည်။ သို့ရာတွင် အမှန်မှာ ဇေရီးယားပြောလိုက်သော စကားများသည်



သူ့စိတ်ကို အများကြီးထိခိုက်သွားသည်။ "ငါ့ကိုဘာများ အလုပ်နိုင်းချင်ပြန်သလဲ မသိဘူး" ဟု နိုဗိကောက်စိတ်ထဲက အောက်မေ့သည်။

ဇေရီးယားက နိုဗိကောက်၏ပခုံးကို အသာအယာပုတ်ပြီးလျှင် "နီနာကို ယိုတ်ဗာကောက်က ဘာလို့ယူနိုင်တယ်။ သင်ကတော့ ဘာလို့မယူနိုင်ဘူးလည်းဆိုတဲ့ အကြောင်းကို သင် သိချင်ရင် ငါ ပြောပြမယ်" ဟု ပြောသည်။

နိုဗိကောက်၏ သေခွက်ကိုင်ထားသောလက်မှာ တုန်၍နေသည်။ "ငါ့ကို ဘယ်အချက်များဖမ်းချင်လို့ မသိဘူး။ သူ့ရုပ်ကြီးကိုက တစ်မျိုးပဲ" ဟု ဇေရီးယားကိုကြည့်ပြီး နိုဗိကောက်စိတ်ထဲက အောက်မေ့သည်။

ဇေရီးယားသည် အာရှင်၍နေသည်။ သူရေးသော (ကောကေဆပ်ပြည်နယ် ကွန်မြူနစ်ပါတီသမိုင်း)မှာ လွန်ခဲ့သော ရက်သတ္တပတ်လောက်က ပုံနှိပ်ပြီး၍ အင်မတန် ကျော်ကြားလျက်ရှိသည်။ ထိုသမိုင်းမှာ ရောက်စကောက်နိုင်ငံရေး ဗိမာန်ဖွင့်ပွဲတွင် သူတင်ပြသော အကျဉ်းချုပ်သဘောကို ချဲ့ထွင်၍ရေးထားသော ကျမ်းဖြစ်သည်။ ဇေရီးယားမှာ အင်မတန်ကျင်လည်သူဖြစ်သဖြင့် သမိုင်းကို သူရေးချင်သလို ရေး၍ဖြစ်သည်။ ကွန်မြူနစ်ပါတီ အမှုဆောင်အဖွဲ့၏ အသုံးတော်ခံလီလီသည် အမှုဆောင်အဖွဲ့ဝင်တို့၏ စိတ်ကြိုက်ကိုလိုက်၍ ပြုမူသကဲ့သို့ သမိုင်းသည်လည်း ဇေရီးယား၏ အလိုဆန္ဒကို လိုက်နာရသည်။ သူ၏သမိုင်းကို အစအဆုံးမဟုတ်တာကို တိုင်၍ မမှန်တာနှင့်ဖောက်ထားသည်။ စတာလင်ခိုင်းစေသောတာဝန်ကို ဇေရီးယားသည် ကျေပြွန်စွာထမ်းဆောင်အပ်ပြီ။ ဝေဖန်သူများကလည်း သူ့သမိုင်းကို ဘော်ရှီဗစ်တို့ ကိုးကားညှိနှိုင်းရန် လက်သုံးကျမ်းကြီးဖြစ်သည်ဟု ဝေဖန်ကြသည်။ ထိုကျမ်းကို ပြုပြီးသည့်မှတစ်ပါး ဇေရီးယားအဖို့တွင် ဂိုရင်၏သားပါဗယ်ကိုလည်း သတ်၍ပြီးပြီ။ ထိုသို့သတ်၍ ပြီးခြင်းသည်ပင် သူ၏ဂုဏ်ကြီးတစ်ခုဖြစ်သည်။ ဇေရီးယားသည် မော်စကိုမြို့သို့လက်ချည်းသက်သက် သွားလိမ့်မည်မဟုတ်။ သူသည် ဘဝသစ် အဝင်ပေါက်တွင် မတ်တတ်ရပ်လျက်ရှိသည်။ မတ်တတ်ရပ်ရုံသာမဟုတ်၊ မြင်းသုံးကောင် တပ်ရထားကြီးဖြင့် အပြင်းမောင်းလျက်ရှိသည်။ သူ့စိတ်အာရုံ၌ အံ့ဘနန်းမှုဖြစ်သော စိတ်ကူးများသည် တဖြည်းဖြည်းဖြစ်ပေါ်လျက်ရှိသဖြင့် ဇေရီးယားမှာ သေရည်ယစ်သည် ထက်ပင် စိတ်ကူးယဉ်လျက်ရှိသည်။

ဇေရီးယားက ရုတ်တရက် သူ၏သေဖန်ခွက်ကို နိုဗိကောက်၏ မျက်စိနား တွင်ကပ်၍ပြပြီး "ဒီသေခွက်ကို အလင်းဘက်မှာ ထားကြည့်စမ်း။ သေရည်ဟာ မျက်ရည်လိုကြည်နေတာကို သင် တွေ့ရလိမ့်မယ်။ ဒါပေမယ့် ဟောဒီ အောက်ပိုင်းမှာ တော့ အနယ်တွေရှိတယ်။ သင် မြင်ချင်မှမြင်ရမယ်။ ဒါပေမယ့် ရှိတာတော့အမှန်ပဲ။ ကိုင်း အပေါ်ပိုင်းကိုကြည့်ဦး။ ဘာတွေ့ရမလဲ။ ယိုတ်ဗာကောက်တို့လို ကံကောင်းတဲ့ နောက်ပေါ်လူများကို တွေ့ရလိမ့်မယ်။ ဒီအကြောင်းကို အခုတွင်ကပဲ ဂိုရင်က ပြောသေးတယ်မဟုတ်လား။ ဒါပေမယ့် သူပြောတာကတော့ ငါတို့ကို လှန့်ချင်တဲ့

www.burmeseclassic.com

www.burmeseclassic.com



သဘောနဲ့ တစ်မျိုးပြောတာ။ ဟီ ဟီ ဟီ ဟီ'' ဟု ပြောသည်။ ပြီးလျှင် သူသည် ပြောရင်းပြောရင်း ပို၍ယစ်လာသည်။

ထို့နောက် ဗေရီးယားကဆက်၍ ''ဒီအကြောင်းကိုတော့ ငါ နောက်မှ ဆက်ပြောမယ်။ ယိုတ်ဗာကောက်လိုလူမျိုးတွေ အတွတ်အထိပ်ရောက်နေတာဟာ သူ့အဖေအယ်လက်ဇန္ဒာကြီးပြောသလို စွမ်းရည်ရှိလို့ ဝီရိယကောင်းလို့မဟုတ်ဘူး။ ဒီအကြောင်းကို ငါတို့ အကုန်လုံးသိကြတာပဲ။ ဒီအချက်က အရေးမကြီးပါဘူး။ အရေးကြီးတာက ယိုတ်ဗာကောက် တို့လိုလူမျိုးတွေ ကောင်းစားဖို့အတွက် သင်တို့လို ငါတို့လိုလူတွေက သူများမလုပ်ချင်တဲ့အလုပ်တွေကို လုပ်ပေးနေရတာက အရေးကြီးတာ။ ငါတို့တွေဟာက အနယ်တွေပဲ။ လောကကြီးမှာ အတွင်းရေးတွေ ဘယ်လိုဖြစ်နေတာကို ငါတို့ သိကြတာပေါ့။ ဒါပေမယ့် ငါတို့ သိတာတွေကို ပြောခွင့်မရဘူး။ အပေါ်ယံက အဆီကိုသုံ့စားပြီး လောကမှာ ဇိမ်နဲ့နေနိုင်ဖို့အတွက်ဆိုတာကတော့ အယ်လက်ဇန္ဒာကို အဖေတော်မှဖြစ်နိုင်တာ။ စတာလင်ကို အဖေတော်နိုင်ရင် ဒါထက် တောင်ကောင်းသေးတာပေါ့။ အဲဒီလို ဖြစ်နိုင်ဖို့ဆိုတာကတော့ အင်မတန်ခဲယဉ်းတယ်။

''ယိုတ်ဗာကောက်ဟာ ဒီနေ့ ဂိုရင်သမီးနီနာနဲ့ မင်္ဂလာဆောင်တယ်။ နီနာကို သူ ဘယ်လိုသဘောထားသလဲ။ သူ့အဖို့ဆိုရင် နီနာဟာ ကွန်မြူနစ်ပါတီကတောင် အရေးမပေးဘဲ မနေနိုင်တဲ့ ကမ္ဘာကျော်စာရေးဆရာကြီးတစ်ယောက်ရဲ့ သမီးဖြစ်တဲ့ အင်မတန်လှတဲ့ ပန်းပွင့်ကလေးပဲ။ ယိုတ်ဗာကောက်အဖို့မှာ ဒါလောက်ပဲ သိဖို့လိုတယ်။ သူ့အဖို့ဆိုရင် လောကကြီးဟာ အမြဲပဲပျော်စရာကောင်းတယ်။ လောကကြီးမှာ ပူစရာ ပင်စရာများရှိတယ်လို့တောင် သူ့စိတ်ထဲက မထင်မိဘူး။ ပူစရာပင်စရာကိစ္စများဟာ သူနှင့်ဘာမျှမဆိုင်ဘူး။ သူ့ထက်ကံကောင်းတဲ့လူ ဘယ်မှာမှမရှိဘူး။ တကယ်လို့ ဂိုရင်သေမယ်ဆိုရင်လည်း ဇာဘုရင်ရဲ့မသာတော် အခမ်းအနားလောက် ကြီးကျယ်တဲ့ အခမ်းအနားနဲ့ သူတို့က သင်္ဂြိုဟ်ကြမှာပဲ။ ပြီးတော့ ဂိုရင့်ဂုဏ်ကို သီချင်းဖွဲ့ပြီးလည်း သူတို့ဆိုကြလိမ့်မယ်။ ယိုတ်ဗာကောက်ကလည်း အင်မတန်ကျော်ကြားတဲ့ စာရေးဆရာကြီးရဲ့သမီးကိုရတယ်ဆိုပြီး စိတ်ကြီးဝင်နေမှာပဲ။ ငါတို့မှာတော့ လောကကြီး အကြောင်းကို ငါတို့သိတာကတစ်မျိုးဖြစ်နေပေမယ့် ယိုတ်ဗာကောက်ရဲ့ စိတ်အနှောင့် အယှက်ဖြစ်မှာစိုးတာနဲ့ပဲ ငါတို့သိတာကို မပြောဘဲနဲ့ ငြိမ်နေကြရမှာပဲ။ ဒီတော့ ဘယ်သူပဲ ဖြစ်ဖြစ် ယိုတ်ဗာကောက်ကို အားကျကြမှာပေါ့''ဟု ဗေရီးယားက ပြောသည်။

ဗေရီးယားက ထိုကဲ့သို့ ပွင့်ပွင့်ကြီးပြောလိုက်သည့်အတွက် နီဗိကောက်မှာ အံ့အားသင့်သွားသည်။ ဗေရီးယားက ဘယ်သဘောနှင့်ပြောတာလဲ။ မနာလိုလို့ ပြောတာလား။ သူ့ဝမ်းထဲက အငြိုးရှိလို့ ပြောတာလား။ ဒါမှမဟုတ်လျှင်လည်း နီဗိကောက်၏စိတ်ကို စမ်းကြည့်တာလား။ ထိုအခိုက်တွင် ဗေရီးယားက ပြုံးလိုက်ပြီးလျှင် ''ဒါပေမယ့် မပူပါနဲ့ ရဲဘော်ကျောင်းအုပ်ကြီး။ ငါတို့ဘက်က သာတဲ့အကြောင်းတွေလည်း ရှိပါသေးတယ်။ ပင်လယ်ကူးသင်္ဘောကြီးများဟာ လေမုန်တိုင်းမိပြီဆိုရင်



ယိုတ်ဗာကောက်တို့လို ပေါ့ပေါ့တန်တွေကို အရင်ဆုံး ပင်လယ်ထဲကို ပစ်ချရတာမျိုးပေါ့''ဟု ပြော၍ သူ့သေခွက်ထဲက သေရည်ကို အနည်းငယ်ခါ၍သွန်ပြသည်။ ပြီးလျှင် ''အဲဒီအတိုင်းပေါ့။ အရေးကြုံလာတော့ ငါတို့ကို သူတို့ကပ်ကြရမှာပါ။ ငါတို့မပါလျှင် မပြီးနိုင်ဘူးလို့သိရတာဟာ ငါတို့အဖို့ တစ်အားပဲမဟုတ်လား''ဟု မေးသည်။

''သင် ပြောတာ သိပ်မှန်တယ်ဗေရီးယား''ဟု ဒရို့က ထောက်ခံစကား ပြောသည်။

ထို့နောက် ဗေရီးယားသည် မျက်နှာတည်တည်ကြီးထား၍ ''ရဲဘော်ကျောင်းအုပ်ကြီး သင် အင်္ဂါနေ့ ငါ့ဆီကို လာခဲ့ပါက သင်နဲ့ငါ စကားပြောစရာနည်းနည်းရှိတယ်။ ဒရို့ကလည်း သင် စိတ်ဝင်စားဖို့အကြောင်း နည်းနည်းလောက် ပြောပါလိမ့်မယ်။ ဒီအတောအတွင်းမှာတော့ ပျော်အောင်သာနေပေါ့။ ဘာမှ စိတ်သောကမဖြစ်ပါနဲ့''ဟု ပြောသည်။

ထိုအခိုက်တွင် နီဗိကောက်နှင့်ဒရို့တို့ မျက်စိချင်းဆုံမိကြသည်။ သူတို့ နှစ်ယောက် စကားမပြောရမီ ဗေရီးယားက ကြားဖြတ်၍ ''ဘာမှမပူဖို့ ငါ ပြောတယ် မဟုတ်လား ရဲဘော်ကျောင်းအုပ်ကြီး။ ဟော ပြောရင်းဆိုရင်း ဂလူယှက် လာနေပြီ။ ဒီကို ခဏလာပါ ရဲဘော်ဂလူယှက်''ဟု ပြောလိုက်သည်။

***

## အခန်း(၁၁)

ဗေရီးယားကခေါ်လိုက်သဖြင့် ဂလူယှက်မှာ လန့်သွားသည်။ ဂလူယှက်သည် ဗေရီးယားဆီသို့ ဆတ်တောက်ဆတ်တောက်နှင့်သွားသည်။ ထိုကဲ့သို့သွားပုံမျိုးကိုသေရည်မူးသူရော မမူးသူရောသွားသည်ကို နီဗိကောက် တစ်ခါမျှမမြင်ဘူး။ ဗေရီးယားက ကြည့်လိုက်သဖြင့် ဂလူယှက်မှာ ကိုယ်လုံးကိုယ်ထည် အများကြီးကြုံ၍သွားသည်ဟုပင် ထင်ရသည်။

''အခုတလောမှာ ဂလူယှက်ဟာ ဘာကြောင့်လည်းတော့မသိဘူး။ ဂိုရင်နဲ့ သိပ်တည့်နေတယ်။ သူ့အထဲက အပုပ်အစပ်တွေကိုလည်း ငါတို့ ခါထုတ်ပစ်ရလိမ့်မယ်''ဟု ဗေရီးယားက လေအေးအေးနှင့်ပြောသည်။

ဂလူယှက်က သူ့လက်ဝါးနှစ်ဖက်ကိုပွတ်ကာ ဗေရီးယားဆီသို့လာပြီးလျှင် ''ရဲဘော်ဗေရီးယား သင်ဟာ ငါတို့ကိုပစ်ပြီး မကြာခင်ပဲ နတ်ဘုံနတ်နန်းနဲ့ တူတဲ့နေရာကို ပြောင်းရတော့မယ်လို့ ငါကြားရလို့ အများကြီး ဝမ်းသာပါတယ်၊ ဟီ ဟီ ဟီ ဟီ''ဟု ပြောသည်။

''သင်တို့ကို ငါ ပစ်ပြီးသွားရမှာတော့ အမှန်ပါပဲ ရဲဘော်ပညာကျော်ကြီး။ ဒါပေမယ့် သင့်ကို တစ်ယောက်ထဲထားပစ်ခဲ့ရမှာတော့ ငါ စိတ်မချဘူး။ ငါမရှိရင် သင် ဘေးတွေ့မှာပဲ''ဟု ဗေရီးယားက ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂလူယုက်က ခေါင်းကို အရှိအသေညွှတ်၍ပြုံးပြီးလျှင် ဒရို့ကို အကြိမ်ကြိမ်ကြည့်၍ ''သင့်ကို ငါ မသိပါလား''ဟု ပြောသည်။ အမှန်မှာ ဂလူယုက်က သိလျက်နှင့် မသိဟန်ဆောင်၍ ပြောခြင်းဖြစ်သည်။ ထိုသို့ပြောခြင်းမှာ ဇေရီးယားရှိနေ၍ ဣန္ဒြေဆောင်ခြင်း သာဖြစ်သည်။

''သူ့ကို သင် သိဖို့မလိုပါဘူး ဂလူယုက်''ဟု ဇေရီးယားက ခပ်ရိုင်းရိုင်း ပြောသည်။ သို့ရာတွင် ဇေရီးယားက ဂလူယုက်အပေါ်တွင် ကရုဏာသက်သော မျက်နှာထားကို ဆက်၍ပြသည်။

ဂလူယုက်မှာ အိုးတိုးအမ်းတမ်းဖြစ်သွားပြီးလျှင် ပြုံးမြဲတမ်းဆက်၍ပြုံးနေသည်။ ပြီးလျှင် ဒရို့ကို နှုတ်ဆက်ရန် မြှောက်ထားသော သူ့ညာဘက်လက်ကို ပြန်၍ ချလိုက်သည်။

''ဒရို့နဲ့ သင် သိရင်လည်း သင့်မှာ အကျိုးယုတ်ဖို့တော့မရှိပါဘူး။ မနက်ဖြန် ခါပဲ ဒရို့က သင့်ကိုလာပြီး ဖမ်းချင်ဖမ်းမှာပေါ့။ ဘယ်ပြောနိုင်မလဲ။ အဲဒီတော့ ဒရို့နဲ့ သင်နဲ့ သိနိုင်ကြတာပဲ။ ဒရို့က စကားပြော အင်မတန်ကောင်းတယ်။ ဒါပေမယ့် သင့်လို ပညာကျော်တစ်ယောက်တော့ မဟုတ်ဘူးပေါ့။ မရဏနိုင်ငံကို သူပို့လိုက်တဲ့ လူတွေဟာ ဘယ်နည်းမလဲ''ဟု ဇေရီးယားက ချစ်ခင်ကြင်နာသောလေသံဖြင့်ပြော၍ ဂလူယုက်ကို လှောင်သည်။ ဂလူယုက်မှာ ဇေရီးယား၏ စကားကိုကြားရသဖြင့် ကြက်သီးမွေးညင်းထ၍ သွားသည်။ ပြီးလျှင် ဂလူယုက်က ဣန္ဒြေမပျက်စေရန် အများကြီးကြိုးစား၍ ''ရဲဘော်ဇေရီးယားက တယ်အရွှန်းပြောတတ်တာကို''ဟု ပြောသည်။

''ဒါပေမယ့် သင့်အဖို့ ဘာမှကြောက်စရာမရှိပါဘူး။ သင့်မှာ ဘာအပြစ်ရှိတာမှ မဟုတ်ဘဲနဲ့။ တစ်ခုတော့ရှိတာပေါ့လေ။ သင်တို့လို ပညာတတ်တွေဆိုတာမျိုးကတော့ စိတ်တော့မချရဘူးပေါ့။ သင်တို့လို ပညာတတ်တွေဟာက ထစ်ခနဲအကြောင်းကလေး တစ်ခုမပေါ်လိုက်နဲ့ ပေါ်လိုက်တာနဲ့တစ်ပြိုင်နက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားတတ်တယ်။ သင်ဟာလည်း ဥပမာ သင့်သားကိုဖြစ်ဖြစ် သင့်သမီးကိုဖြစ်ဖြစ် သတ်တဲ့လူမသိတဲ့ ရာဇဝတ်ကောင် ဖြစ်ချင်ဖြစ်နေမှာပဲ။ ဒါကိုတော့ ဘယ်သူမှ သိနိုင်မယ်မဟုတ်ဘူးပေါ့''ဟု ဇေရီးယားက ဆက်၍ပြောသည်။

ဇေရီးယားက ဘာကိုရည်၍ပြောသည်ကို ဂလူယုက်သိသည်။ သို့ရာတွင် နားမလည်ဟန်ဆောင်၍ ''ကြံကြံဖန်ဖန်ရှိလိုက်တာ ရဲဘော်ဇေရီးယားရယ်။ ငါဟာ လူတစ်ယောက် အသက်ကို သတ်ဖို့ဆိုတာတော့မပြောနဲ့ ယင်ကောင်ကလေးတစ်ကောင်တောင် ရိုက်ရက်တဲ့လူ မဟုတ်ပါဘူး''ဟု ပြောပြီးလျှင် ရယ်၍နေသည်။

နီဗိကောက်သည် ဂလူယုက်ကို စက်ဆုပ်၍လာသဖြင့် ဒရို့ဘက်သို့လှည့်၍ စကားပြောဖို့လုပ်သည်။ သို့ရာတွင် ဇေရီးယားက စကားဖြတ်၍ပြောလိုက်သဖြင့် ဒရို့နှင့်စကားမပြောဖြစ်ဘဲ ဇေရီးယားပြောသည်ကို ဂရုစိုက်၍နားထောင်နေသည်။



ဇေရီးယားက ''ရဲဘော်ကျောင်းအုပ်ကြီးက သင့်အကြောင်းကို အခုတွင်ကပဲ ငါ့ကို တိုင်နေတယ်။ သင်ဟာ သိပ်စကားများတယ်တဲ့။ သင့် အခြေအနေမျိုးနဲ့ စကားများရင် အကြီးအကျယ်ဘေးတွေ့တတ်တယ်ဆိုတာကို ငါ သတိပေးချင်ပါတယ် ရဲဘော် ပညာကျော်ကြီး''ဟု ပြောသည်။

နီဗိကောက်က မျက်နှာပွသဖြင့် စကားဝင်၍ ဖာမည်လုပ်သောအခါ ဇေရီးယားက လက်ရိပ်ပြ၍ တားထားလိုက်သည်။ ဂလူယုက်မှာ မျက်နှာတွင် သွေးမရှိတော့။

''ကျောင်းအုပ်ကြီးစိတ်ထဲက ငါ့အပေါ်မှာ ဘယ်လိုထင်နေတယ်လို့ ငါ မသိဘူး။ ဒါပေမယ့် ငါဟာ ဘာအပြစ်ကိုမှ မကျူးလွန်မိဘူးဆိုတာကိုတော့ အခိုင်အမာ ငါ ပြောနိုင်ပါတယ်''ဟု ဂလူယုက်ကပြောသည်။ ထိုအခိုက်တွင် ဂလူယုက်မှာ ရင်ထဲက တဒိန်းဒိန်းဖြစ်ကာ ချွေးစေးကြီးပြန်လာသည်။ ဇေရီးယားသည် ဂလူယုက် အခြေအနေ ပျက်နေသည်ကို မသိချင်ယောင်ဆောင်၍ ''ပညာတတ်တွေဟာ ဘယ်လိုလူမျိုးတွေလည်းမသိဘူး။ သူတို့ကိုကြည့်ရတာတော့လည်း ပညာသိပ်တတ်ပုံ၊ အစစအရာရာ နဲ့စပ်ပုံ၊ အဆုံးအစမရှိအောင် ဉာဏ်ရှိပုံရတယ်။ ဒါပေမယ့် နှုတ်စောင့်ဖို့အလုပ်ကျတော့ ဈေးသည်မလိုဘဲ ဗလစ်ဗလစ်နဲ့နေတာပဲ။ တိတ်တိတ်နေခြင်းဟာ ပညာရှိတို့ရဲ့ လက္ခဏာဆိုတာကိုလည်း သူတို့မသိကြဘူး။ ပြီးတော့ တိတ်တိတ်နေတတ်အောင်လည်း သူတို့ သင်ကြားမထားကြဘူး။ ပါးစပ်ပိတ်ပြီး တိတ်နေရတာဟာ ခက်တာကျနေတာပဲ။ ကိုယ်မပြောချင်ရင် ဘယ်သူကမှ ရိုက်ပြီးအပြောခိုင်းတာမှ မဟုတ်ဘဲ။ အခုတော့ သူတို့ဟာက တိတ်တိတ် ကိုမနေနိုင်ဘူး။ ပါးစပ်က ဓာတ်လျှောနေတဲ့ ကျနေတာပဲ။ လောကအကြောင်းကို အင်မတန် အတွေ့အကြုံများတဲ့ ဂိုရင်တောင်မှပဲ သူ့နှုတ်ကိုသူ မထိန်းနိုင်ဘူး။ အသုံးမကျတာတွေ အကုန်လျှောက်ပြောတာပဲ။ ဒီမှာ ဂလူယုက် အခုတွင်က ဂိုရင်ပြောတဲ့စကားအကြောင်းနဲ့ ပတ်သက်လို့ မပြောခင်က သင့်ကိုတိုင်ပင်သေးသလား''ဟု ပြောသည်။

''ဒီအကြောင်းနဲ့ပတ်သက်လို့ ငါဘာမှမသိရရိုးအမှန်ပါ''ဟု ဂလူယုက်က ပြောသည်။

''သင် မသိဘူးဆိုရုံနဲ့ မပြီးဘူး။ သူဘာပြောလိမ့်မယ်ဆိုတာကို သိဖို့ရယ်၊ သူ့ကိုသတိပေးဖို့ရယ်ဆိုတာက သင့်တာဝန်''ဟု ဇေရီးယားက ကြိမ်းသံဖြင့်ပြောသည်။ နီဗိကောက်သည် ဇေရီးယားကြိမ်းသံကိုကြားသဖြင့် ကြက်သေသေ၍နေသည်။ ဇေရီးယား၏စကားတွင် သူ့ကိုစောင်း၍ပြောချင်တာလည်း ပါချင်ပါမည်။

ဇေရီးယားက ''အခု သင် ဂိုရင်တို့အိမ်မှာ သွားနေတယ်မဟုတ်လား'' ဟု ဂလူယုက်က ရုတ်တရက်မေးသည်။

''ဟုတ်ပါတယ် ဂိုရင်ကခေါ်တာနဲ့ သွားနေပါတယ်''

''ဒီအကြောင်းကို ဘာလို့ ငါတို့ဆီကို အစီရင်ခံပြီး အခွင့်မတောင်း ရတာလဲ''

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုခွင့်လွှတ်ပါ။ ဂိုရင်နဲ့ ငါနဲ့ဟာက မိတ်ဆွေဟောင်းဖြစ်လို့။ ငါသွားပြီး နေနိုင်ခွင့်ရှိတယ်လို့ မှတ်လို့ပါ"

"သင့်မှာ ဘာအခွင့်မှမရှိဘူး။ ကိုင်း ဒါကိုထားပါဦး။ အခုတလောမယ် ဂိုရင့် အမူအရာပြောင်းလဲလာတာများ သင် တွေ့မိသလား။ ငါ့ကိုပြောစမ်း"

"မတွေ့မိပါဘူး။ တစ်ခုတော့ရှိပါတယ်။ သူ့သားသေပြီးတဲ့နောက် ဂိုရင်ဟာ အင်မတန် စိတ်မချမ်းမသာ ဖြစ်နေတာကိုထည့်တွက်မယ်ဆိုရင်တော့ အမူအရာ ပြောင်းလဲတယ်လို့ ဆိုနိုင်ပါတယ်"

"ထည့်တွက်ရင်တော့။ တယ်ကောင်းတယ်။ သင်ဟာ နည်းနည်းလေးမှ ဉာဏ်ရှိတဲ့လူမဟုတ်ဘူး။ ရဲဘော်ပညာကျော်ကြီး နည်းနည်းလေးမှ သင်ဟာ ဉာဏ်မရှိတာ"

ဂလူယုက်က ဗေရီးယားဆိုလိုသည့်သဘောကို နားမလည်။ ဗေရီးယားကို မျက်လုံးမြှူး၍ကြည့်ပြီး "သင်ဘာကို ပြောနေတာလဲ။ ရဲဘော်ဗေရီးယား ငါ မကြားလိုက်ပါဘူး"ဟုပြောသည်။

"ငါ မပြောလို့မဖြစ်တာကို ပြောနေတာပေါ့"

နိုဗိကောက်သည် စိုးရိမ်စိတ်ဖြင့် ဂလူယုက်ကိုကြည့်နေသည်။ ပြီးလျှင် ဂလူယုက်အပေါ်တွင် သူ ရှိုင်းစိုင်းစွာပြုမူခဲ့သည်ကို သူပြန်၍သတိရသည်။ ထိုစဉ်အခါက ဂလူယုက်ကို သူပြောသောစကားများမှာ သူပြောထိုက်သော စကားများဖြစ်သည်ဟု သူ သဘောရခဲ့သည်။ ယခုမူ ဗေရီးယားက ဂလူယုက်အပေါ်တွင် ပြော၍နေသော စကားများကို ဘေးကလူတစ်ယောက်အနေနှင့် သူကြားရသောအခါ ယခင်က သူပြောမိသောစကားများအတွက် သူ့ဝမ်းထဲက ရှက်၍လာသည်။ "ဗေရီးယားပြောတာတွေဟာ သိပ်ရိုင်းစိုင်းတာပဲ။ နည်းနည်းလေးမှ ယဉ်ကျေးမှုမရှိတော့ဘူး"ဟု နိုဗိကောက်စိတ်ထဲက အောက်မေ့ပြီးလျှင် စိတ်မကောင်းဖြစ်သွားသည်။ သူ့စိတ်၌ ဂလူယုက်ကို ကရုဏာသက်သလိုပင်ဖြစ်သွားပြီး ဂလူယုက်၏ နေရာကို ယူ၍ကြည့်မိသည်။ အဘယ်ကြောင့်ဆိုသော် အကယ်၍ သူ့ကို ဗေရီးယားက လူရှေ့မရှောင် သူရှေ့မရှောင် ရိုင်းရိုင်းစိုင်းစိုင်းပြောချင်လျှင် မပြောပါနဲ့ဟု မည်သူကမျှ တားနိုင်မည်မဟုတ်သော ကြောင့်ဖြစ်သည်။ ဒရိုစိတ်ထဲ၌လည်း နိုဗိကောက်ထင်သလို ထင်၍နေသည်မှာ သိသာသည်။ နိုဗိကောက်သည် ပြုံးရယ်ခြင်းကို ရပ်လိုက်ပြီးလျှင် အနေကြံ့သွားပြီး ကျောချမ်းလာသဖြင့် မတ်တတ်ရပ်ကာနေသည်။

ဂလူယုက်၏ဇနီး အော်လဂါသည် ဂလူယုက်တွင် တစ်စုံတစ်ရာဖြစ်နေပြီဟု သိသဖြင့် လှမ်း၍ကြည့်နေသည်။ ဗေရီးယားသည် သူ့သေခွက်ထဲမှ သေရည်ကို တစ်ကျိုက်တည်းနှင့် ကုန်အောင်မော့၍ သောက်လိုက်ပြီးလျှင် ဂလူယုက်ကို သူ့မျက်စိ ကျဉ်းကျဉ်းကလေးနှစ်ခုဖြင့် စိုက်၍ကြည့်နေသည်။



ထို့နောက် ဗေရီးယားက "တိုတိုပြောရမယ်ဆိုရင်တော့ သင်ဟာ အသက်ကြီးပေမယ့် နည်းနည်းမှ အကင်းပါးတဲ့လူမဟုတ်လို့ သင့်နားရွက်ကို ဆွဲလိမ်ဖို့ ပဲကောင်းတယ်" ဟု သူ့လက်နှင့် ပညာကျော်ဂလူယုက်၏ ဘယ်ဘက်နားရွက်ကို လှမ်း၍ပင် ဆွဲမည်လုပ်ပြီး မခံသာအောင် ပြောင်ပြောင်ကြီးပြောသည်။

ဂလူယုက်သည် သွေးမရှိသောမျက်နှာဖြင့် နောက်သို့ဆုတ်လိုက်သည်။ သူ့မျက်နှာမှာ လူရုပ်ပင်မပီတော့။ သူ၏အတွင်းစိတ်ဓာတ်သည် ပျက်ပြား၍သွားပြီး နောက်တွင် ဂလူယုက်သည် သူ့စိတ်ကို တင်းနိုင်သမျှတင်းကာ မတ်တတ်ရပ်ပြီးလျှင် အဘိုးကြီးအိုတို့၏ မမှုတာအဝိုင်း တုန်ယင်သောအသံဖြင့် "သင့်အဖို့မှာ နောက်ရပြောင်ရတာတော့ ပျော်ပါလိမ့်မယ်။ ဒါပေမယ့် ငါ့အဖို့ကတော့ အသက်အရွယ်ကြီးရင့်နေတဲ့အတွက် မခံချိပါဘူး။ သင် ပျော်ချင်ရင် ငါ့ထက်ငယ်တဲ့ လူတစ်ယောက်ယောက်ကိုရှာပြီး နောက်ပါပြောင်ပါ" ဟုပြောသည်။

ဗေရီးယားမျက်နှာကြီးသည် နီရဲလာပြီးလျှင် သူ့မျက်လုံးကြီးများသည်လည်း ငါးမျက်လုံးများကဲ့သို့ဝိုင်း၍ အသွေးအရောင်မရှိဘဲဖြစ်လာသည်။

"တိတ်စမ်း"ဟု ဗေရီးယားက ကြိမ်းလိုက်သည်။ သို့ရာတွင် ဂလူယုက်သည် ကြောက်လန့်ဟန်ကိုမပြ။ သူ၏မျက်နှာတွင် ခိုင်မာစွာ စိတ်ကိုပိုင်းဖြတ်ထားသည့် အခြင်းအရာများပေါ်လာပြီးလျှင် ဝမ်းမြောက်သည့်လက္ခဏာများပင် အလိုလို ပေါ်ပေါက်လာဟန် ထင်ရသည်။ ထို့နောက် ဂလူယုက်သည် သူ့အား နှိပ်စက်နေသည့် သူထိတ်လန့်ကြောက်ရွံ့နေသောဘေးမှ ရုတ်တရက် လွတ်မြောက်၍လာသည့်ပမာ သူ့မျက်နှာမှာ အောင်ပွဲရသူ၏မျက်နှာကဲ့သို့ပင် တည်ငြိမ်ခြင်းကို ဆောင်လျက်နေသည်။ ပြီးလျှင် ဂလူယုက်က "စိတ်လည်းမရှိပါနဲ့။ သင် မူးနေတယ် ရဲဘော်ဗေရီးယား။ ငါ ပြန်ရင် ကောင်းမယ်"ဟု ဣန္ဒြေရရနှင့် အေးချမ်းစွာပြောသည်။

"ကောင်းပြီ၊ သင် ပြန်တော့ သင့်ဇနီးလည်း ပြန်ချင်ရောပေါ့"ဟု ဗေရီးယားက စိတ်မဆိုးဘဲနှင့်ပြောသည်။ ဂလူယုက်သည် ဗေရီးယားကို မော့မကြည့်ဘဲ ထွက်သွားသည်။ ဗေရီးယားမှာ အထင်အမြင်သေးသော အကြည့်နှင့်ကြည့်၍ကျန်ရစ်သည်။ ပြီးလျှင် ဗေရီးယားက နိုဗိကောက်နှင့်ဒရိုကို ဂလူယုက်သွားရာသို့ ခေါင်းညိတ်၍ပြကာ "သူ့ကို စိတ်မချဘူး စောင့်ကြည့်ကြ။ ဘယ်သူမှ မယုံတာဟာ ဘော်ရှီဗစ်တို့ရဲ့ ဂုဏ်တစ်ခုပဲ"ဟု ပြောသည်။

ဂလူယုက်နှင့်ဗေရီးယားတို့၏ စိတ်မချမ်းသာဖွယ်ရာအဖြစ်ကို မြင်လိုက်ရသဖြင့် နိုဗိကောက်မှာ ဆောက်တည်ရာမရသေး။ သူသည် ဗေရီးယားကို စက်ဆုပ်လည်း စက်ဆုပ်သည်။ ကြောက်လည်းကြောက်သည်။ ဗေရီးယားက ပညာကျော်ဂလူယုက်ကို တမင်မခံချင်အောင်စခြင်းမှာ ထင်ရှားသည်။ ဂလူယုက်ကို ရိုင်းရိုင်းစိုင်းစိုင်း လှောင်ပြောင်စော်ကားလိုက်သဖြင့် ဂလူယုက်က မခံမရပ်နိုင်၍ သူ့ကို ကလန်ကဆန်ပြုလုပ်သည်ကို ဗေရီးယားသဘောကျသည်။ အဘယ်ကြောင့်ဆိုသော် ထိုကဲ့သို့ဖြစ်အောင်

www.burmeseclassic.com

www.burmeseclassic.com



ဖေရီးယားက တမင်လုပ်လိုက်ခြင်း ဖြစ်သောကြောင့်ဖြစ်သည်။ တကယ်ပင် ရက်စက်သောပရိယာယ်ပဲ။

ထိုအခိုက်တွင် ဖေရီးယားမှာ သူ့ကိုယ်သူ အများကြီး ကျေနပ်သဖြင့် အစားကောင်းကြိုက်သူတစ်ယောက်သည် အင်မတန် အရသာရှိသောအစာကို စားပြီးသွားသောအခါတွင် သူ့နှုတ်ခမ်းကို သူလျှာနှင့်လျက်၍နေသည်။ ပြီးလျှင် "ဂလူယက်က ငါ့ကို ထထိုးလိမ့်မယ်လို့ အောက်မေ့တယ်။ ပညာတတ်တွေကို သိပ်စိတ်ဆိုးလာအောင်လုပ်ရင် ထထိုးတတ်တယ်"ဟု ချိုသာစွာပြောသည်။

ထိုအခိုက်တွင် နီနာသည် သူတို့နားမှ ဖြည်းဖြည်းဖြတ်သွားသည်။

"ကြည့်စမ်း သတို့သမီးက သတို့သားမပါဘဲနဲ့ တစ်ယောက်တည်းထွက်လာတယ်"ဟု ဖေရီးယားကပြောသည်။ နီနာသည် သူတို့ကို မကြည့်ဘဲ ဝရန်တာဘက်သို့ ထွက်သွားသည်။ ဖေရီးယားက နိုဗိကောက်ကို မျက်စိမှိတ်ပြပြီး "လိုက်သွားပြီး စကားပြောပါ။ မိတ်ဆွေဆိုတာ မမေ့ကောင်းဘူး"ဟု ပြောသည်။

နိုဗိကောက်က "သူနဲ့ငါနဲ့ စကားပြောလို့ရမယ် မထင်ပါဘူး"

"စမ်းကြည့်ပေါ့ ဘာမှကြောက်စရာမရှိပါဘူး"

"သင်က ခွင့်ပြုရင် ငါ သွားပြောပါမယ်"ဟု ပြောပြီးလျှင် နိုဗိကောက်သည် နီနာဆီသို့ လိုက်၍သွားသည်။ နိုဗိကောက်က ဖေရီးယားအနားမှ ထသွားချင်နေသည်မှာ ကြာပြီ။

နိုဗိကောက်ထသွားသောအခါ ဖေရီးယားက "ဒီသူငယ် စိတ်သိပ်နိုင်တယ်။ ဒါပေမယ့် နည်းနည်းပျော့တဲ့ အချက်ကလေးတွေတော့လည်း ရှိသေးတာပေါ့" ဟု ဒရီ့ကိုပြောသည်။

ဒရီ့က ဖေရီးယားဆိုလိုသည့် အဓိပ္ပာယ်ကိုနားလည်ကြောင်း အာလုတ်သံနှင့်ပြောသည်။

❊ ❊ ❊

## အခန်း(၁၂)

နီနာသည် ဝရန်တာကိုမှီ၍ရပ်ပြီးလျှင် ဥယျာဉ်ဘက်သို့ ကြည့်နေသည်။ နေမှာ တိမ်ဖုံးနေသဖြင့် အရောင်မထွန်း။ နိုဗိကောက်သည် နီနာ့ဆီသို့ မရောက်မီ သုံးလှမ်းလောက်တွင် ရပ်၍နေသည်။ နီနာက သူ့ကိုမမြင်။

"ငါ့မှာ ဘာမှအားကိုးစရာမရှိဘူး"ဟု နီနာက တစ်စုံတစ်ယောက်ကို သူ့လက်နှင့် ဖယ်ရှားပစ်ဟန်ဖြင့် ဝရန်တာမှနောက်ဘက်သို့ မှီလိုက်ရင်းပြောသည်။

နီနာသည် အများကြီးလန့်သွားပြီးလျှင် နိုဗိကောက်ဘက်သို့လှည့်ကြည့်ပြီး နောက်သို့တုံ့သွားသည်။ နီနာ၏ပခုံးနှင့် မို့နေသော ရင်သားများမှာ ဖြူဖွေး၍နေသော်လည်း သူ့မျက်နှာမှာ နီရဲ၍နေသည်။



"ဘာကိစ္စရှိသလဲ"ဟု နီနာက နိုဗိကောက်ကို အသံတုန်တုန်ဖြင့်မေးသည်။

"ဖိတ်စာပို့လိုက်တဲ့အတွက် ကျေးဇူးတင်ကြောင်း ပြောချင်လို့ပါ။ ငါ့စိတ်ထဲက ငါ့ကို ဖိတ်မယ်လို့"

"သင့်ကို ငါဖိတ်တာမဟုတ်ဘူး။ ယိုတ်ဗာကောက်ဖိတ်တာ"ဟု နီနာက စကားဖြတ်၍ပြောလိုက်သည်။

"အဲဒါနဲ့ ငါ့စိတ်ထဲက သင်ဟာ စိတ်မပြောင်းလဲသေးဘူးလို့ အောက်မေ့ပြီး ဝမ်းသာမိတယ်"

နီနာက တစ်ဘက်သို့လှည့်လိုက်သည်။ ထိုအခါ သူ့ဘယ်ဘက်ပခုံးကို အလင်းရောင်ဟပ်၍ ဝင်းခနဲဖြစ်သွားသည်။ နိုဗိကောက်စိတ်ထဲက ထိုပခုံးကို သူ့ပါးနှင့် ကပ်၍ ထားလိုက်ချင်သောဆန္ဒ ဖြစ်လာသည်။ ထိုသို့ကပ်လိုက်လျှင် နီနာက ဘယ်နည်းနဲ့မှ ဖယ်ရှားပစ်မှာမဟုတ်ဘူးဟု ယုံကြည်သည်။ သို့ရာတွင် နိုဗိကောက်မှာ သူ့နေရာတွင် မင်သက်မိကာ ခြေတစ်လှမ်းမျှရွေ့၍မရ။

"နီနာ သင်တို့မင်္ဂလာဆောင်ကို ငါ လာတာဟာ ငါ့စိတ်ထဲက အရေးကြီးတဲ့ အကြောင်းတစ်ခုကို လေးလေးနက်နက်ပြောချင်လို့ လာတာပါ။ သင်နဲ့ ငါနဲ့ စက်ကွင်းပစ်တဲ့နေရာမှာ တွေ့ကတည်းက ငါ့စိတ်ထဲမှာ ဖျောက်မရတဲ့ အကြောင်းတစ်ခုပေါ်နေတယ်။ အဲဒီတုန်းက သင်က ငါ့သဘောကို နားမလည်ဘဲနဲ့ ငါ့ကိုဗြုန်းစားကြီး အပြစ်တင်လိုက်တယ်"ဟု နိုဗိကောက်က ပြောသည်။

နီနာက နိုဗိကောက်ဘက်သို့ မလှည့်ဘဲနှင့် "လေလုံးတွေ လေလုံးတွေ။ နိုဗိကောက် သင်ဟာ သင့်မှာ မယားရှိနေပြီဆိုတာရယ်၊ ငါ့မှာ လင်ရှိနေပြီဆိုတာရယ်ကို မေ့နေတယ် ထင်တယ်"ဟု ပြောသည်။

"ဒါတွေကို ငါ မမေ့ပါဘူး။ ဒါတွင်မကဘူး။ သင်နဲ့ငါနဲ့ အပြန်အလှန် ချစ်ခဲ့ကြတာကိုလည်း ငါ မမေ့ပါဘူး"

နီနာက နိုဗိကောက်ဘက်သို့ ဗြုန်းခနဲလှည့်လိုက်ပြီး အင်မတန်ကြီးသော မုန်းတီးစိတ်ဖြင့်ကြည့်ပြီးလျှင် "သွားပါ နိုဗိကောက်၊ သင် အခုပြောနေတဲ့ စကားတွေဟာ ဘယ်လောက်မှ တန်ဖိုးမရှိပါဘူး"ဟုပြောသည်။

"ငါ့ကို ခွင့်လွှတ်ပါ နီနာ"

"သင့်ကို ငါ ဘာမှ ခွင့်လွှတ်ဖို့မလိုဘူး။ အခု ဘာအကြောင်းရှိလို့ ငါ့ဆီကို အခုလို သင်လာပြီး စကားပြောရတာလဲ"

"ဒါဖြင့် ဘာလို့ ငါတို့တစ်ယောက်နဲ့တစ်ယောက် ချစ်ခဲ့ကြသလဲ။ ဟိုတုန်းကဆိုရင် သင့်မျက်လုံးကလေးနှစ်ခုဟာ ရွှင်လန်းဝမ်းမြောက်ခြင်းနဲ့ ဖိတ်ဖိတ်တောက်နေတယ်။ အခုဆိုရင် ဒီလိုမတောက်တော့ဘူး။ အကြောင်းကတော့ အဲဒီနေ့ကမှာ ဖြစ်ပေါ်လာသမျှတွေဟာ မနှစ်မြို့ဖွယ်ရာတွေ၊ မလိုအပ်တာတွေ၊ အသက်ရှုကြပ်စရာတွေချည်းမို့ပါ"ဟု နိုဗိကောက်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နီနာသည် နိုဗိကောက်ရှေ့တွင် ဆောက်တည်ရာမရဖြစ်ကာ ရပ်နေရာမှ သတိရ၍လာသည့်အလား သူ့မျက်လုံးများထဲတွင် ဝဲ၍လာသောမျက်ရည်များကို လက်နှင့်သုတ်လိုက်သည်။

"စိတ်ညစ်သလား နီနာ"ဟု နိုဗိကောက်က မေးသည်။ နီနာသည် ဝရန်တာ နားသို့ တိုး၍ကပ်ကာနေသည်။ သူ့ရင်သားများသည် တောင့်တင်းလာသဖြင့် သူ့ပိုး အင်္ကျီမှာ ကြပ်၍လာသည်။ ထိုအခိုက်တွင် နိုဗိကောက်မှာ အာခေါင်ခြောက်၍လာသည်။ ထိုသို့ အာခေါင်ခြောက်လာခြင်းမှာ နိုဗိကောက်အဖို့တွင်မဆန်း။ သူ့ရည်းစားဟောင်း နီနာ၏ အင်္ကျီကြပ်ကြပ်ဝတ်ထားသော ကိုယ်လုံးကိုယ်ဟန်ကိုမြင်ရတိုင်း သူ အာခေါင်ခြောက်တတ်သည်။ နိုဗိကောက်သည် တံတွေးကိုမျိုလိုက်ပြီးလျှင် နီနာဘက်သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

"ငါ့ကို ခွင့်လွှတ်ပါ နီနာ"ဟု နိုဗိကောက်က ထပ်၍ပြောသည်။

နီနာက ကိုယ်လုံးကိုယ်ထည်ကြီးမားသော ကျောင်းအုပ်ကြီးနိုဗိကောက်ကို ကြည့်ပြီးလျှင် သူ၏ ခြောက်သွေ့သောမျက်နှာ၊ သူ၏ ကရုဏာလျှံကာ အသနားခံနေသောမျက်စိများ၊ သူ၏ မရဲတရဲပြုံးနေခြင်း၊ သူ၏ အပိုစကားများအားလုံးသည် စက်ဆုပ်စရာချည်းဖြစ်သည်ဟုထင်သည်။ ယခုအခါတွင် နိုဗိကောက်နှင့်ပတ်သက်သော အရာမှန်သမျှကို နီနာ ကြောက်သည်။ ပြီးလျှင် သူ့ဝမ်းထဲက "အိပ်မက်ကိုတော့ သင် ဘယ်လိုသဘောထားမလဲ နီနာ။ အိပ်မက်ထဲမှာ နိုဗိကောက်နဲ့ တွေ့တုန်းကတော့ သင် ပျော်တယ်မဟုတ်လား" ဟု တွေးမိသဖြင့် နိုဗိကောက်ကို ရက်ရက်စက်စက် ပြန်ပြောလိုက်တော့မည်ဟု စိတ်ကူးထားသည့်အကြံကို စွန့်လွှတ်ပြီးလျှင် "လောကမှာ အပြစ်မရှိတဲ့လူရှိယ်လို့ မရှိဘူးထင်ပါရဲ့ နိုဗိကောက်။ သင့်ကို ငါ အပြစ်လွှတ်ပါတယ်။ ဒါပေမယ့် ကျေးဇူးပြုပြီး သင် သွားပါတော့"ဟု ချိုသာစွာပြောသည်။

❋❋❋

## အခန်း(၁၃)

နီနာမှာ တစ်ကိုယ်လုံးပူထူ၍နေပြီးလျှင် နောင်တဖြစ်၍ ခေါင်းငိုက်စိုက်ကျနေသော နိုဗိကောက်ဆီမှ ဖယ်ခဲ့သည်။ ခန်းမဆောင်တံခါးဝသို့ ရောက်သောအခါ နီနာမှာ ကြောက်လန့်၍ရပ်နေသည်။ ခန်းမဆောင်တွင် ဝရုန်းသုန်းကား ဖြစ်၍နေသည်။ မိဗိုယန်သည် အင်္ကျီလည်ပင်းကြယ်သီးကိုဖြုတ်၍ ပြတင်းပေါက်ဘောင်ပေါ်တွင်တက်ပြီး မတ်တတ်ရပ်လျက် လက်တစ်ဖက်က သေပုလင်းကိုကိုင်ကာ သံကုန်ဟစ်၍ အော်နေသည်။

"ဣန္ဒြေသိက္ခာတွေ မလိုချင်ဘူး။ အနောက်နိုင်ငံထုံးစံတွေ မလိုချင်ဘူး"ဟု မိဗိုယန်က အော်သည်။ သူ့ပတ်ဝန်းကျင်၌ရှိကြသူများလည်း သူကဲ့သို့ပင် သေရည်မူး၍နေကြသည်။



"ဟိတ် ယိုတ်ဗာကောက် ဘယ်မှာလဲ။ စားပွဲတွေ ကုလားထိုင်တွေယူခဲ့ကြ။ ငါတို့ ခြေညောင်းလှပြီ"

"ပျော်ပွဲဆိုတာ ပျော်ပွဲနဲ့တူအောင် လုပ်ရမယ်ကွ။ ယိုတ်ဗာကောက်ကို ခေါ်စမ်းဟေ့"

နီနာဝင်လာသည်ကို မြင်သောအခါ သေရည်မူးတို့သည် နီနာဆီသို့ ပြုံး၍ပြေးကြသည်။ မိဗိုယန်သည် ပြတင်းပေါက်ဘောင်ပေါ်မှ ခုန်ချပြီးလျှင် ခေါင်းပြောင်ပြောင်၊ ဖိနပ်ပြောင်ပြောင်နှင့် နီနာဆီသို့ပြေး၍ နီနာကို သူ့ဗိုက်ကြီးနှင့် ဝင်တိုက်ပြီးလျှင် သူ့ပါးစပ်မှ သေရည်နံ့များကို နီနာ၏နှာခေါင်းတွင်းသို့ ဒလဟောပစ်၍ သွင်းလိုက်သည်။ ပြီးလျှင် "နီနာရယ် ငါတို့ကို စားစရာပေးပါဦးကွယ်။ ညစာစားချိန်လည်း ရောက်နေပါပြီ။ ဒါပေမယ့် ပထမဆုံးသေရည်ကို ထပ်ပေးပါဦး"ဟု ပြောသည်။

နီနာက စိတ်ညစ်လာသဖြင့် မိဗိုယန်ကို လက်နှင့်တွန်း၍ ဖယ်လိုက်သည်။ ထိုအခါတွင် ယိုတ်ဗာကောက် ရောက်လာပြီးလျှင် သေရည်မူးများကို တတောင်နှင့်တွတ်၊ ဒူးနှင့်တိုက်၍ ဖယ်ရှားလိုက်ပြီးလျှင် "ဟေ့ ဘာဖြစ်ကြတာလဲ။ ဘာကြောင့် ဒါလောက် ဆူကြတာလဲ"ဟုမေးသည်။

မိဗိုယန်က မျက်စိမှိတ်တုတ် မှိတ်တုတ်လုပ်ကာ နောက်သို့ဆုတ်လိုက်သော်လည်း ကျန်သော သေရည်မူးတို့မှာ ပို၍ကျယ်လောင်စွာ အော်ကြပြီးလျှင် "မင်္ဂလာဆောင်ကို ဒီလိုပဲ ကျင်းပရသလား။ ဘယ်မလဲ ဗော်ဒကာ"ဟု ပြောကြသည်။

"သင်တို့ မင်္ဂလာဆောင်က သိပ်ပျင်းစရာကောင်းတာပဲ"

"သင်ကတော့ ညအတွက် အားချန်ထားရလို့ မသောက်ချင်နေပေါ့။ ငါတို့က ဘာလို့မသောက်ဘဲ နေရမှာလဲ"

ယိုတ်ဗာကောက်က မျက်နှာကြီးနီနီနှင့် "ဟေ့ ဗလာဆလောက် ဣန္ဒြေရရ နေစမ်းကွာ။ ခွေးသောက် ဝက်သောက်မသောက်ပါနဲ့"ဟု အဆူဆုံး သေရည်မူးကို ပြောသည်။

"ဟေ့ ခွေးတွေ ဝက်တွေဆိုတာ ဘယ်သူ့ကိုဆိုတာလဲကွ"ဟု အော်၍ သေရည်မူးတို့သည် သေရည်က ရဲသွေးတင်ပေးသဖြင့် ကြောက်လန့်ရကောင်းမှန်း မသိဘဲ ယိုတ်ဗာကောက်ဆီသို့ ဝိုင်း၍သွားကြသည်။

ယိုတ်ဗာကောက်မှာ ကြောက်လန့်ပြီး ဘာလုပ်ရမှန်းမသိ။ ထိုအခိုက်တွင် သူ့အဖေ အယ်လက်ဇန္ဒာပေါက်လာပြီး ယိုတ်ဗာကောက်၏ပခုံးကို သူ့ဘက်သို့တအား ဆွဲ၍ "ဟေ့ ဧည့်သည်တွေ ပြောတာမှန်တယ်။ ဘာ သင်က လူဝါးဝပြီး အထက်တန်းစားလူတွေ အတုကိုခိုးနေရတာလဲ။ ဟေ့ လာကြဟေ့ စားပွဲတွေခင်းလိုက်၊ စားစရာတွေ ယူခဲ့ကြ" ဟုပြောသည်။

ဧည့်သည်များက သဘောကျ၍ ကျယ်လောင်စွာသြဘာပေးကြသည်။ အစေခံများက စားပွဲငါးခုနှင့် ကုလားထိုင်များကို ယူ၍လာသည်။ ဧည့်သည်များက

www.burmeseclassic.com

www.burmeseclassic.com



မှုးမှုးနှင့် ဝိုင်း၍ကူကြသောအခါ အလုပ်ပို၍ နှောင့်နှေးသွားသည်။ ပြီးလျှင် သေရည်မူးတို့က ''တို့က နိုင်တယ်ကွ''ဟု အော်ကြသည်။

ယိုတ်ဗာကောက်မှာ စိတ်ညစ်လာ၍ ခပ်လှမ်းလှမ်းတွင် ရှောင်၍နေပြီးလျှင် နီနာကိုကြည့်ရမှာ အားနာနေသည်။ ထိုအခိုက်တွင် ဧည့်သည်များက ''သတို့သမီးနဲ့ သတို့သား နှစ်ယောက်လည်း စားပွဲမှာလာထိုင်ကြပါစေ ဟိတ်'' ဟုအော်ကြသည်။

''သောက်ကြဟေ့''

''သီချင်းသည်တွေ ဘယ်မှာလဲဟေ့''

''ကချေသည်တွေကော''

''ငါကမယ်ဟေ့''ဟု ဂိုရင်က အော်၍ ဝင်လာသည်။ အားလုံးက ဂိုရင်ကို ဝိုင်း၍ကြည့်ကြသည်။ ဂိုရင်သည် ပရိသတ်ကို ဖယ်ရှားပြီးလျှင် ကချေသည်မ အယ်လက်ဇန်ဒရောက်ကို ဆွဲ၍လာသည်။ ကချေသည်မက ရှက်သွေးဝင်သောမျက်နှာဖြင့် ပြုံးရယ်ကာ ဂိုရင်ကို ကြည့်နေသည်။ ဂိုရင်ကိုယ်တိုင်က အတော်မူး၍နေပြီ။

''ငါတို့လူတွေဟာ သေရည်ဒဏ်ကို မခံနိုင်ဘူးလို့ ဒါကြောင့် ငါပြောတယ် မဟုတ်လား။ ကိုင်း ဝိုင်းချဲ့ပေးကြဟေ့။ ငါကမယ်။ ငါ့သမီးမင်္ဂလာဆောင်မှာ ငါ လုပ်ချင်တာလုပ်နိုင်တယ်''ဟု ရယ်၍ပြောသည်။

နီနာက သူ့အဖေဆီသို့သွားမည်လုပ်ရာ ပရိသတ်များက ဘေးသို့တွန်းပစ်ကြသည်။ စားပွဲတွင် ထိုင်နေကြသူတို့သည် ဂိုရင်ကသည်ကို မြင်ရခဲလှသဖြင့် ကြည့်ချင်စောနှင့် ထ၍ခုန်ကြသည်။ ဘာဂျာဆွဲသမားတစ်ယောက်လည်း ဘယ်ကနေရောက်လာမှန်းမသိဘဲ ရောက်လာသည်။ မီဇိုယန်သည် မှုးမှုးနှင့် တင်ပါးကိုကုန်းကာ ပရိသတ်ဘေးတွင် ပတ်ချာလှည့်၍ ကနေသည်။

''နဒီတ်ဒါရေ သင်က အရင်ကနှင့်ဟေ့။ ငါ ပြီးတော့မှလာမယ်''ဟု ဂိုရင်က ကချေသည်မကိုပြောသည်။

ကချေသည်မသည် တောသူမများကဲ့သို့ သူ့ခေါင်းကို ပဝါနှင့်စည်းထားပြီးလျှင် စိတ်ညစ်နေသော မျက်နှာကိုဆောင်၍ သက်မချလိုက်ပြီးလျှင် ခြေတစ်ဖက်ကို ရှေ့သို့လှမ်းကာ

''ငါ့ရုပ်က မလှဘူး''

''ငါ့အဝတ်ကလည်း မကောင်းဘူး''

''ဘယ်ယောက်ျားကမှ ငါ့ကို မဖက်ချင်ကြဘူး''ဟု သီချင်းဆိုလိုက်သည်။

ပြီးလျှင် ကချေသည်မသည် ဘယ်ဘက်လက်ကို ခါးတွင်ထောက်၍ ညာဘက်လက်ကို ဦးခေါင်းထက်သို့မြှောက်၍ ပတ်ချာလှည့်ကာ ကသည်။ ဘာဂျာသမားကလည်း စည်းချက်မိစေရန် သူ့ဘာဂျာကို အစွမ်းကုန်ဆွဲ၍တီးသည်။

''စည်းသွက်သွက်ဟေ့။ စည်းသွက်သွက်ဟေ့''ဟု ဂိုရင်ကအော်သည်။ ဂိုရင်မှာ ငယ်သွင်ပေါ်လျက် ညာဘက်ဒူးကိုကွေး၍ လက်ခုပ်ပြင်းစွာတီးပြီးလျှင် ခြေ



ထောက်ကလည်း စည်းလိုက်၍နေသည်။ ပြီးလျှင် ပတ်ချာလှည့်၍ကနေသော ကချေသည်မကို စိတ်အားထက်သန်စွာ ကြည့်၍နေသည်။ ကချေသည်မသည် သူ့ဂါဝန်ကို မီးပုံးပျံကဲ့သို့ ပွ၍နေအောင် လုပ်ပြီးလျှင် ဂိုရင်ဆီသို့ လေဟုန်စီး၍သွားဟန်ဖြင့် သွားသည်။ ထို့နောက် ဂိုရင်ကို မျက်စပစ်၍ မြူပြီးလျှင် နောက်သို့ဆုတ်ကာ အမောဖြေသောသဘောဖြင့် တစ်ဘက်တွင် သွား၍ရပ်နေသည်။ ပြီးလျှင် မို့မောက်သော သူ့ရင်သားနှစ်ခုကြားတွင် လက်ကိုင်ပဝါ ငယ်ငယ်ကလေးကိုထုတ်၍ ချစ်ချင်စဖွယ်ရာ ချွေးသုတ်နေသည်။

''ကိုင်း ဂိုရင် ငါ့အလှည့်ပြီးပြီ။ သင် ထပေတော့''

''အေး အေး ကောင်းပြီ''

ဂိုရင်က လွတ်လွတ်လပ်လပ် ကနိုင်စေရန် သူ့လည်စည်းကို တအားဆွဲ၍ ဖြည်လိုက်ရာ သူ၏လည်ပင်းစိန်ကြယ်သီးသည် ကြမ်းပေါ်သို့ကျ၍ တလက်လက်ဖြစ်နေသည်။ ထို့နောက် ဂိုရင်သည် အဟုန်နှင့်ပြေးပြီးလျှင် ကြမ်းကိုခြေနှင့် ဆောင့်၍ ဆောင့်၍ ကလိုက်ရာ ခန်းမဆောင်တစ်ခုလုံး တုန်သွားသည်။

''ဆက်ကပါ။ ဆက်ကပါ''ဟု ပရိသတ်က အားပေးကြသည်။

ဂိုရင်၏ခြေကမှာ အံ့သြလောက်အောင်ပင် သွက်သည်။ ပြီးလျှင်

''သင့် သခင် အလေလိုက်နိုင်ဖို့ ကြိတ်လိုက်ပတဲ့။ ကြိတ်လိုက်ပမီးဖို'' ဟု သီချင်းဆိုလိုက်သည်။

ထို့နောက် ဂိုရင်သည် သူ့လက်နှစ်ချောင်းကို ပါးစပ်ထဲတွင်နိုက်ပြီးလျှင် သူ့ ခြေသလုံးအိမ်တိုင်ဘဝက လေချွန်ခဲ့ဖူးသည့်နည်းတူ လေချွန်လိုက်သည်။

ပရိသတ်က ''ဝေါင်း''ဟုအော်၍ ဆူညံစွာ သြဘာပေးကြသည်။

ထိုသို့ ဆူညံနေသည့်အထဲမှ တစ်စုံတစ်ယောက်က သူ့နောက်နားမှနေ၍ ''ဒါပေမယ့် ဂိုရင်ဟာတော့ အရင်နဲ့မတူဘူး။ တစ်မျိုးဖြစ်နေတယ်''ဟု ပြောလိုက်သည်ကို နီနာ ကြားလိုက်သည်။ နီနာက လှည့်၍ကြည့်လိုက်သောအခါ ထိုသို့ပြောသူမှာ ဗေရီးယားဖြစ်နေသည်ကို တွေ့ရသည်။ သူနှင့်မျက်စိချင်းဆုံမိသဖြင့် နီနာက ကြောက်၍ သွားသည်ကို မြင်သောအခါ ဗေရီးယားက ကပျာကယာပြုံးလိုက်သည်။ သို့ရာတွင် သူ၏ပြုံးခြင်းမှာ အငြိုးနှင့် ဝမ်းသာပြုံး ပြုံးခြင်းဖြစ်သည်ကို နီနာသိသည်။ ဂိုရင် ဆူညံစွာက၍နေခြင်းမှာ သူ၏ဝမ်းထဲမှ နောက်ဆုံးပွင့်ထွက်ခြင်းဖြစ်မည့်အကြောင်းကိုလည်း နီနာကိုယ်တိုင် တွေးမိသည်။ ဂိုရင်သည် သူ့ဝမ်းထဲတွင် မချိမဆန့်ဖြစ်နေခြင်းကို ပျောက်ပစေရန် ပျော်ရွှင်မှုနှင့်ဖုံးဖိထားခြင်း ဖြစ်ဟန်တူသည်။ နီနာသည် သူ့အဖေကို အလျှင်က တစ်ခါမျှမသနားဘူးလောက်အောင် သနားမိသည်။

ပရိသတ်က ''ကြမ်းကျိုးအောင်ကပါ။ ကြမ်းကျိုးအောင်ကပါ''ဟုအော်သည်။

''ပျော်သေးတယ်။ ပျော်သေးတယ်''ဟု တချို့ကဆိုသည်။

ဂိုရင်က ပို၍ပြင်းထန်စွာကရန် ကြိုးစားသောအခါ ခြေချော်၍လဲမတတ်ဖြစ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



‘‘တော်လှန်ရေး ရှေ့ပြေးငှက်ကြီး မူးနေပြီ’’ဟု လူတစ်ယောက်က လှောင်သည်။ အခြားတစ်ယောက်က ဂိုရင်၏အင်္ကျီစကို နောက်ကနေ၍ ဆောင့်ဆွဲသည်။

ဗေရီးယားက ဝိုင်းကြည့်နေကြသော ပရိသတ်အလယ်ခေါင်သို့ ခုန်၍ဝင်လိုက်ပြီးလျှင် ဘာမပြော ညာမပြောနှင့် ခရိုင်စစ်ဦးစီးဗိုလ် ကာယိုရင်၏ ရှေ့ခါးအိမ်ထဲတွင် ထည့်ထားသော ဓားရှည်ကိုဆွဲ၍ထုတ်လိုက်သည်။

‘‘ဖယ်ပေးကြ။ ဖယ်ပေးကြ။ ငါ ကောက်ဆိတ်ဓားက ကပြမယ်’’ဟု ဗေရီးယားက ဓားကြီးကိုဝင့်၍ပြောသည်။ ဗေရီးယားက ပုပုဖြစ်၍ ဓားကြီးက ရှည်၍နေသည်။ ပြီးလျှင် ဗေရီးယားက ‘‘သတိထား တော်လှန်ရေးရှေ့ပြေးငှက်ကြီး။ အတောင်ပြတ်သွားမနော်’’ဟု ကြွားသောလေသံဖြင့် ပြောသည်။

‘‘ဟား ဟား ဟား ဟား’’ဟု ကပ်စား ညာစားများက ရယ်ကြသည်။

နီနာ၏နှုတ်ခမ်းများသည် တုန်လာသည်။ ထို့နောက် သူ့မျက်ရည်များကို သူဆည်ပြီးလျှင် ခန်းမဆောင်ထဲမှ ထွက်၍ပြေးသည်။ သူပြေးသည်ကို မည်သူမျှ သတိမပြုမိလိုက်။ နီနာ အပြင်သို့ရောက်သွားသောအခါ ခန်းမဆောင်မှ လေချွန်သံများ၊ သီချင်းဆိုသံများ၊ အော်ကြဟစ်ကြသံများကို ကြားရသည်။ နီနာမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ သူ့စိတ် အင်မတန်မကောင်းနေသဖြင့် သူ့အဖေကိုရော မင်္ဂလာဆောင်ကိုပါ နီနာ မေ့၍သွားသည်။ ထိုအခိုက်တွင် သူ့စိတ်အာရုံ၌ လီဒါရုပ်ပုံပေါ်လာသည်။ လီဒါက စကားမပြောဘဲ သူ့ကို ကရုဏာသက်ဟန်ဖြင့် ကြည့်နေသည်။ နီနာသည် အင်မတိအင်မတန် ယူကျုံးမရဖြစ်လာသဖြင့် ညည်းညူပြီးလျှင် မော်တော်ကားရုံသို့ ပြေး၍သွားသည်။

မော်တော်ကားရုံမှာ ကားမောင်းသမားများဖြင့် ပြည့်နေသည်။ သူတို့သခင်များ အိမ်တွင်း၌ပျော်ပါးနေခိုက်တွင် မော်တော်ကားမောင်းသမားများကလည်း အပြင်တွင် သူတို့ဟာသူတို့ ကြံ၍ပျော်နေကြသည်။ သူတို့သည် မြေကြီးပေါ်တွင် စုဝေး၍ထိုင်ကြပြီးလျှင် ဗော်ဒကာပုလင်းကို တစ်ယောက်တစ်ယောက် လက်ကမ်းကာ ပုလင်းလိုက်မော့၍နေကြသည်။ ကားမောင်းသမားများမှာ အားလုံး ဗလကောင်း၍ စစ်တပ်သို့ဝင်ရသည့်အရွယ် လူငယ်များချည်းဖြစ်ပြီးလျှင် အချို့မှာ စစ်ပုံစံအဝတ်ကိုပင် ဝတ်၍ထားကြသည်။ သူတို့အထဲတွင် တစ်နေရာရာမှ ကြံဖန်၍ခေါ်ထားသော လုံမငယ်သုံးလေးယောက်ရှိသည်။ သူတို့သည် လုံမငယ်များကို သေရည်တိုက်ပြီးလျှင် ဆွဲလိုက်ရုန်းလိုက်လုပ်နေကြသည်။ လုံမငယ်များက သူတို့ဓမ္မတာအတိုင်း အမူလုပ်၍ အော်ကြပြီးလျှင် ယောကျ်ားများ၏လက်ကို ဖယ်၍ပစ်ကြသည်။ မော်တော်ကားရုံအပေါက်ဝတည့်တည့်တွင် နီနာသည် သူ့ကားမောင်းသမားကို တွေ့သည်။ သူသည် သူ့အဖော်တစ်ယောက်နှင့် လုံမဝဝတစ်ယောက်ကို နှစ်ဖက်ညှပ်၍ ဆွဲရုန်းလုပ်နေသည်။ လုံမက

‘‘ဆရာဝန်က မေးတယ်။ ဒီတော့ သင် ဘာဖြစ်သလဲလို့။ ငါ့မှာရည်းစား ခုနစ်ယောက်တောင်ရှိတယ်’’ဟု ရယ်စရာသီချင်းကြမ်းကြမ်းကို ဆိုပြသည်။



ထိုသို့ ဆိုလိုက်သောအခါ မော်တော်ကားမောင်းသမားများသည် နေမထိထိုင်မထိ ဖြစ်၍လာကြသဖြင့် လုံမအနားသို့ တိုး၍လာကြပြီးလျှင်

‘‘အချိန်ကလည်း လမိုက်သန်းခေါင် ဖျူလိုက်တဲ့ရင်သားကလည်း နှင်းခဲရောင်။ အရဏ်သာကျင်းရော့၊ သူတို့ကလည်း အနားမပေးပေါင်’’ဟူသော သီချင်းဖြင့် တုံ့ပြန်ကြသည်။

သူတို့အနားတွင်ရှိသော ဥယျာဉ်မှူး၏မယား အရွယ်တော်တော်ကြီးသော မိန်းမကြီးကလည်း

‘‘ဒီတော့ ပြောစမ်းပါဦး သတို့သမီးရယ်။ သူစိမ်းတွေကြားထဲနေရတာ ကောင်းရဲ့လားကွယ်’’ဟူသော သီချင်းကိုဆို၍ပြသည်။

မော်တော်ကားမောင်းသမားများသည် နီနာကိုမြင်သောအခါ အံ့အားသင့်ကာ ငေး၍ ကြည့်နေကြသည်။ နီနာ၏ကားမောင်းသမားသည် ဖြုန်းခနဲ ထိုင်ရာမှထကာ နီနာရှေ့သို့ လာ၍ ရင်ဘတ်ကိုကော့ပြီးလျှင် မတ်တတ်ရပ်နေသည်။ သူ၏လုံမလည်း လေးလေးကန်ကန်ထ၍ သူ့ဂါဝန်ကို သပ်ရပ်အောင်လုပ်ပြီးလျှင် နီနာကို ရန်ထောင်ကြည့်ကြည့်နေသည်။

‘‘စိတ်မဆိုးပါနဲ့ နီနာ။ ငါတို့ဟာ အမိန့်ခံပြီး မင်္ဂလာဆောင်အတွက် ပျော်ပွဲလုပ်နေကြပါတယ်။ သင့်ပါးကို အားရပါးရ စုပ်ခွင့်ပြုပါ’’ဟု နီနာ၏ မော်တော်ကားမောင်းသမားက ပြောပြီးလျှင် သူ့နှုတ်ခမ်းကို ပြင်လိုက်ရာ၊ သူ့လုံမက နောက်ကနေ၍ အင်္ကျီစကိုဆွဲပြီး ‘‘သင် ရူးသလား’’ဟုပြောသည်။

‘‘သင်တို့ကို အနှောင့်အယှက်ပေးတဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ။ ငါ မော်တော်ကားသော့ လိုချင်လို့လာတာပါ’’ဟု နီနာကပြောသည်။

မော်တော်ကားမောင်းသမားက သူ့အိတ်ထဲကသော့ကိုစမ်း၍ ရှာပြီးလျှင် ‘‘သင် သဘောတူမယ်ဆိုရင် ငါ မောင်းပေးပါမယ်။ ငါ မမူးပါဘူး’’ဟုပြောသည်။

‘‘ကိစ္စမရှိပါဘူး။ ငါ့ဟာငါပဲ မောင်းပါမယ်’’ဟု နီနာက ပြုံး၍ပြောသည်။ ပြီးလျှင် မော်တော်ကားမောင်းသမား၏ လုံမသည် မျက်စိမျက်နှာပျက်နေသည်ကို မြင်သဖြင့် ‘‘သင့်နာမည်က ဘယ်လိုခေါ်ပါသလဲ’’ဟု ချိုသာစွာ မေးသည်။

‘‘နာဒယာလို့ခေါ်ပါတယ်။ ဘာလို့မေးတာလဲ’’

‘‘ဘာမှလုပ်ချင်လို့ မဟုတ်ပါဘူး။ သင့်ကို အရင်က တစ်ခါမှ မမြင်ဖူးလို့ပါ’’

‘‘သူက တက္ကသိုလ်ကျောင်းစားဖိုဆောင်က စားပွဲထိုးသူငယ်မပါ’’ဟု မော်တော်ကားမောင်းသမားတစ်ယောက်က ဝင်၍ထောက်သည်။

‘‘နာဒယာက တယ်ချောတာပဲ’’ဟု နီနာက အင်မတန် ရိုးသားစွာဖြင့် ပြောသည်။ နီနာမှာ သူ့စိတ်ထဲတွင် အဖော်ကင်း၍အထီးတည်းဖြစ်နေသဖြင့် နာဒယာနှင့် မော်တော်ကားမောင်းသမားများ အားလုံးအပေါ်တွင် အဘယ်ကြောင့်ဟုမသိ ကရုဏာအသက်ကြီးသက်မိသည်။ ပြီးလျှင် နီနာက နာဒယာ၏ပါးကို နှုတ်ခမ်းနှင့်စုပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



နာဒယာမှာ အိုးတိုးအမ်းတမ်းဖြစ်ပြီး မျက်နှာနီလာသည်။ ထို့နောက် နီနာသည် ဥယျာဉ်မှူး၏မယားဘက်သို့လှည့်၍ "သင် သီချင်းဆိုတာ သိပ်ကောင်းတာပဲ။ ဘာတဲ့ (ဒီတော့ ပြောစမ်းပါဦး သတို့သမီးရယ်)တဲ့။ ဒီသီချင်းကို ငါ တစ်ခါမှမကြားဖူးဘူး" ဟုပြောသည်။

"ဒါဟာ မင်္ဂလာဆောင်တေးချင်းဟောင်းပဲ"

"ဒီလိုဆိုရင် အားကြီးကောင်းတာပေါ့။ ကိုင်း ငါ သွားလိုက်ပါဦးမယ်။ ပျော်ပျော်ပါးပါးသာ နေကြပါ။ ဘာမှစိတ်ကျဉ်းကြပ် မနေကြပါနဲ့" ဟု ပြုံး၍ ပြောပြီးလျှင် နီနာသည် မော်တော်ကားကို မောင်း၍သွားသည်။ တံခါးပေါက်ကို ထွက်မိသောအခါ နာဒယာက တစ်ခုခုပြောလိုက်သဖြင့် အားလုံးက ဝိုင်း၍ရယ်ကြသည်ကို နီနာကြားလိုက်သည်။

"ငါ့အကြောင်းကို မကောင်းပြောကုန်ကြပြီထင်တယ်။ သူတို့များ ငါက ဘာမကောင်းလုပ်လို့ပါလိမ့်" ဟု နီနာ အောက်မေ့သည်။

နီနာမှာ စိတ်ချောက်ချားသဖြင့် အတွန့်မပြေသေးဘဲ မော်တော်ကားကို တစ်နာရီမိုင် ၅၀၊ ၆၀၊ ၇၀ စသဖြင့် တိုး၍ တိုး၍မောင်းသွားသည်။ လမ်းစောင့်စစ်သားများကလည်း အမောင်းကြမ်းလှချေလားဟု အောက်မေ့ကာကြည့်နေကြသည်။ အနေးအမြန်ပြ အိမ်မြှောင်ကလည်း သူ့ကို သတိပေးနေပြီ။ နီနာသည် လမ်းကို သဲသဲကွဲကွဲမမြင်။ သတိလစ်နေသူကဲ့သို့ ရောက်ရာရောက် ပေါက်ရာပေါက် မောင်းနေသည်။ မော်တော်ကား၏ မြန်ခြင်းနှင့် ဆန့်ကျင်ဘက်လေ၏ တိုးခြင်းတို့သည် သူ၏ကိုယ်နှင့်စိတ်ကို သယ်ဆောင်၍သွားသည်ဟု ထင်ရပြီးလျှင် မော်တော်ကားမောင်းနေသူမှာလည်း သူကိုယ်တိုင်မဟုတ်တော့ဘဲ အခြား သူစိမ်းလုံ့မတစ်ယောက်ဖြစ်နေသည်ဟု နီနာထင်ရသည်။ နီနာသည် သူ့ကိုယ်တိုင်အတွက်အဖို့ ကြောက်လန့်ခြင်း၊ အံ့သြခြင်းမဖြစ်ဘဲ အဆိုပါ သူစိမ်းလုံ့မအတွက်သာ အင်မတန်အင်မတန် သနားမိသည်။ ထို့ပြင် နီနာသည် သူ့ကိုယ်မှ သူလွတ်အောင် ပြေးနေခြင်းဖြစ်သဖြင့် သူမော်တော်ကားမောင်းနေသော လမ်းကြီးသည် ဘယ်တော့မှ မဆုံးပါစေနှင့်ဟု ဆုတောင်းလျက်ရှိသည်။

❊ ❊ ❊

## အခန်း(၁၄)

မင်္ဂလာဆောင်ပရိသတ်တို့သည် နောက်တစ်ကြိမ် "အရက်ခါး" ဟု အော်ကြရန် အလို့ငှာ ထိုင်ကြသောအခါကျမှသာ နီနာကို သတိရကြသည်။

"သတို့သမီး ဘယ်မှာလဲ" ဟု ဗေရီးယားက စ၍မေးသည်။ ဗေရီးယားသည် မူးသော်လည်း မျက်စိရှင်သည်။



"ရှက်စရာဖြစ်ကုန်ပြီဟေ့။ ရှက်စရာဖြစ်ကုန်ပြီဟေ့" ဟု ပရိသတ်က အော်သည်။

ယိုတ်ဗာကောက်အဖေ အယ်လက်ဇန္ဒာက "သတို့သမီးကလန့်ပြီး ထွက်ပြေးတာပါ။ လုံ့စွပ်ထိုး တိုက်ပွဲဆင်ကာနီးမို့နဲ့တူပါတယ်" ဟု ရယ်စရာဖြစ်အောင် ပြောသည်။

"ဟား ဟား ဟား လုံ့စွပ်ထိုးတိုက်ပွဲတဲ့"

"ချုံတစ်ချုံထဲမှာ ပုန်းများနေသလားမသိဘူး"

ပရိသတ်တို့သည် ဥယျာဉ်ထဲသို့ ထွက်၍ရှာကြသည်။

"ပထမတွေ့တဲ့လူဟာ သူ့ကိုပိုင်မှာပဲ" ဟု ဗေရီးယားက ရယ်၍ပြောသည်။

အယ်လက်ဇန္ဒာက သူ့သား၏လက်မောင်းကို ဆွဲ၍ "သင် ဧည့်သည်တွေကို ကြည့်ပြီးဧည့်ခံနေရင် ငါ လိုက်ရှာမယ်။ ဥယျာဉ်ထဲမှာမရှိဘူး။ သင်က ဘာလို့ မျက်စိအောက်က အပျောက်ခံရတာလဲ တယ်ဖျင်းတာကို" ဟု စိတ်ဆိုးမာန်ဆိုးနှင့် ပြောသည်။

"သူထွက်ပြေးတာနဲ့ ငါ့ကိုဘာလို့ အပြစ်တင်ရတာလဲ" ဟု ယိုတ်ဗာကောက်က ပြောသည်။

"ဟုတ်ပါတယ်။ သင့်အပြစ် မဟုတ်ပါဘူး" ဟု အယ်လက်ဇန္ဒာကငေါ်၍ မျက်စောင်းထိုးကြည့်လိုက်ရာ ယိုတ်ဗာကောက် ရှောင်ပြေးသည်။

ဥယျာဉ်ထဲတွင် လေအေးတိုက်ခတ်သဖြင့် ဧည့်သည်များမှာ ပို၍မူးလာကြသည်။ သူတို့သည် သတို့သမီးကို တစ်ခါတည်းသတိမရကြတော့ဘဲ ခုန်ကြ ပေါက်ကြ နပန်းချကြ ပြေးကြလိုက်ကြ ဖြစ်နေသည်။ တာဝန်ရောက်မြို့အမှုဆောင်အဖွဲ့အတွင်းရေးမှူးက သစ်ပင်တစ်ပင်ပေါ်သို့တက်ပြီး ကျီးကန်းအာသလို အာ၍နေသည်။ ကာယိုရင်က အတွင်းရေးမှူး လိမ့်ကျစေရန် သူ့ဓားအိမ်ဖြင့် သစ်ပင်ကိုခုတ်လှဲနေသည်။ ဆီဒိုရောက်နေရာတွင် ရောက်နေသော စက်ရုံဒါရိုက်တာက ပြတင်းပေါက်မှထိုးသော မီးရောင်ထဲတွင် သူ့အရိပ်ကို သူလွတ်အောင်ခုန်နေသည်။ သို့ရာတွင် လူကပုပု အရိပ်က ရှည်ရှည်ဖြစ်နေသဖြင့် သူ့အရိပ်ကို သူလွတ်အောင် မခုန်နိုင်ဘဲ မြက်ပေါ်သို့ ခြေတုန်တုန် လက်တုန်တုန်နှင့် လဲကျသွားသည်။ ထိုအခါ အခြားလူတစ်ကျိပ်ခန့်က "ဝက်ပု" ဟု အော်ပြီးလျှင် သူ့အပေါ်က ဝိုင်း၍ဖိကြသည်။ အမူးလွန်နေကြသောသူ သုံးယောက်ကလည်း တစ်ယောက်လည်ပင်း တစ်ယောက်ဖက်ပြီးလျှင် ဥယျာဉ်ထဲက ပန်းပင်များကို လျှောက်၍နင်းကြသည်။ သေရည်ယစ်သုံးဦးသည် စစ်ချီသီချင်းကိုဆို၍ လဲလိုက်ရင်း ထလိုက်ရင်းနှင့် ဥယျာဉ်တစ်ခုလုံးကို လျှောက်၍နင်းကာ ဟစ်အော်၍နေကြသည်။ ထို့နောက် သူရူးသုံးဦးသည် ရွှေငါး ငွေငါးမွေးထားသော အင်တုံကြီးထဲသို့ လဲကျသဖြင့် အင်တုံကြီးကွဲ၍ ရွှေငါးငွေငါးတွေ လွင့်စင်ကုန်သည်။ သေရည်ယစ်နေသော မော်တော်ကားမောင်းသမားများသည် သေရည်ယစ်လျက်နှင့်ပင် သူတို့သခင်များကို

www.burmeseclassic.com



ဆွဲ၍ထုတ်ကြသည်။ ဝတုတ်ပြဲ မီဒိုယန်ကြီးကလည်း သူကိုယ်တိုင် အင်တုံထဲသို့ ဆင်းမည် လုပ်သဖြင့် သူ့မယားကဆွဲ၍ထားရသည်။

"ငါ့ကို မဆွဲနဲ့။ ငါ ရေကူးမလို့"ဟု မီဒိုယန်ကပြောသည်။

"ဆီဒိုရောက် တစ်ယောက်မပါတာ နာသကွာ။ သူသာပါရင် ဘယ်လောက် ရမ်းလိုက်မလဲ မပြောတတ်ဘူး"

"အခုလည်း သေမင်းပြည်ရောက်နေပြီ။ ရမ်းနေတုန်းရှိမှာပါပဲ"

နာရီဝက်ခန့်ကြာသောအခါ ဥယျာဉ်တစ်ခုလုံး ရစရာမရှိအောင် ပျက်စီးသွားသည်။ သေရည်ယစ်တို့သည် ဥယျာဉ်ကို ဖျက်စီးပြီးသောအခါ မြစ်ဘက်သို့ ဟစ်အော်ဆူညံ၍သွားကြသည်။ နောက်ဆုံးတွင် ယိုတ်ဗာကောက်လည်း စိတ်ဆိုးလာသဖြင့် "ဒင်းတို့ကို အကုန်ရေနစ်သက်ပစ်မည်"ဟု အောက်မေ့ပြီးလျှင် သေရည်ယစ်များကို သူကိုယ်တိုင်ခေါင်းဆောင်ပြီး ခေါ်သွားသည်။

နီဗိကောက်သည် နီနာနှင့်တွေ့ရလိမ့်ဦးမည်ဆိုသော မျှော်လင့်ချက်ကို မလျှော့သေးဘဲ ချုံစပ်ကိုခို၍ မြစ်ဘက်သို့သွားသည်။ ချုံရိပ်တစ်ခုသို့ရောက်သောအခါ နီဗိကောက်သည် လျှို့ဝှက်ပုလိပ် အကြီးအမှူးဖြစ်သော ဒူးရောက်နှင့် ဝင်၍တိုက်မိသည်။ ဒူးရောက်သည် သူလာမည်ကိုသိ၍ တမင်စောင့်နေဟန်တူသည်။ သူတို့နှစ်ယောက် အနီးတွင် အခြားမည်သူမျှမရှိ။ သေရည်ယစ်ညွှဲသည်တို့သည် မြစ်ကမ်းစပ်တွင် မီးပုံကြီးများကိုဖို၍ ပျော်ရွှင်နေကြသည်။ နီဗိကောက်မှာ ကြက်သေသေသွားသည်။ သူတို့နှစ်ယောက်လုံး၏ မျက်နှာတွင် သွေးမရှိ။ သူတို့မျက်စိများကိုမူကား မှောင်နေသဖြင့်မမြင်ရ။ ဒူးရောက်သည် သူ့ညာဘက်လက်ကို သူ့ဘောင်းဘီအိတ်ထဲတွင် ဝှက်၍ထားသည်။

"ကိစ္စချောပြီ"ဟု နီဗိကောက်စိတ်ထဲက အောက်မေ့လိုက်သည်။ သို့ရာတွင် ရန်သူနှင့်မြန်းစားကြီး ရင်ဆိုင်တွေ့ရသဖြင့် နီဗိကောက်သည် သူ့အသက်ကိုသူ ကာကွယ်လိုသော ဆန္ဒပင်မရှိတော့။

"ဒီမှာ ရဲဘော်နီဗိကောက်၊ ဒရှီ ဒီကို ဘာကိစ္စနဲ့ လာသလဲ"ဟု ဒူးရောက်က မေးသည်။

နီဗိကောက်သည် ဒူးရောက်က ထိုသို့မေးလိုက်သည့်အတွက် မအံ့ဩဘဲ သူ၏ စိတ်ရှုပ်နေပုံရခြင်းအတွက်သာ အံ့ဩမိသည်။ စိတ်ရှုပ်ခြင်းနှင့်ဒူးရောက်သည် မအပ်စပ်။ အကယ်၍ အလင်းရောင်သာရှိပါမူ နီဗိကောက်မှာ ပို၍ပင် အံ့ဩမိဖွယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဒူးရောက်၏ မျက်တွင်းဟောက်ကြီးနှစ်ခုမှာ ထိတ်လန့်ခြင်း၏ အရိပ်အရောင်ကို ဆောင်လျက်ရှိသောကြောင့်ဖြစ်သည်။

"ရောက်စတောက်မြို့သို့ ဒရှီ ဘာလို့လာတယ်လို့ ငါ မပြောတတ်ဘူး။ အနို့ သင်ကော မသိဘူးလား"ဟု နီဗိကောက်ကပြောသည်။



ဒူးရောက်က တည်တည်ကြီးနှင့်ပြုံးလိုက်သည်။ နီဗိကောက်မှာ အနေရခက်သွားသည်။

"သင်က လိမ်မနေပါနဲ့။ ဒရှီနဲ့သင်ဟာ အင်မတန် ရင်းနှီးပါတယ်။ မော်စကို မြို့မှာလည်း သင်နဲ့တွေ့ခဲ့ပြီးပြီ။ အခုတွင်တုန်းကလည်း သင် သူနဲ့စကားပြောလာတယ် မဟုတ်လား။ သင် အကုန်လုံးသိပါတယ်"ဟု ဒူးရောက်ကပြောသည်။

"ငါ့ကို တရားခံလို စစ်နေတာလား"ဟု နီဗိကောက်က မေးသည်။ မှောင်မိုက်နေသဖြင့် ဒူးရောက်၏မျက်နှာကို မမြင်ရသော်လည်း သူ့ကိုကြောက်စရာကြီး စိုက်၍ကြည့်သည်ကို သူတွေး၍သိနိုင်သည်။ ဒူးရောက်သည် ငြိမ်၍နေသည်။ နှစ်ယောက်သားသည် စကားလည်းမပြော လှုပ်ရှားခြင်းလည်းမရှိ။ ထို့နောက် နီဗိကောက်က "အခွင့်ပြုပါ ငါ သွားတော့မယ်"ဟု ပြောပြီးလျှင် ဒူးရောက်ထံမှ ဖယ်ခဲ့သည်။ နီဗိကောက်စိတ်ထဲက သူ့ကို ဒူးရောက်က နောက်မှနေပြီး သေနတ်နှင့်များ ပစ်လိုက်လိမ့်မလားဟု တထင့်ထင့် ဖြစ်၍နေသည်။ သို့ရာတွင် သေနတ်သံပေါ်မလာ။ သုံးလေးလှမ်းလှမ်းမိ၍ နီဗိကောက် နောက်သို့ ပြန်လှည့်ကြည့်လိုက်ရာ ဒူးရောက်ကို မတွေ့ရတော့။

"ငါ့ကို ဘာလို့မသတ်ပါလိမ့်"ဟု နီဗိကောက် စိတ်ထဲက အံ့ဩမိသည်။ ပြီးလျှင် "ဘာလို့ပဲဖြစ်ဖြစ် ဒူးရာက်ဟာတော့ မူမမှန်တော့ဘူး"ဟု သဘောရသည်။

ဗေရီးယားက ဒူးရောက်အား "သင် ခြောက်၍ မြင့်ရာမှာ အေးဆေးစွာနေရင်နေ၊ မနေက စွတ်စို၍ နိမ့်တဲ့နေရာဆင်းရမယ်"ဟု မကြာမီက သတိပေးဖူးသည်ကို နီဗိကောက် မသိ။ သူနှင့်ရာထူးတူဖြစ်သူ ဒရှီ ရုတ်ခြည်းရောက်လာသဖြင့် ဗေရီးယား၏ သတိပေးချက်မှာ ဒူးရောက်အတွက် စိတ်ပူစရာဖြစ်၍နေသည်။

❊ ❊ ❊

## အခန်း(၁၅)

လူဗာက သူနှင့်အယ်လက်ဇန္ဒာတို့ နီနာကိုလိုက်ရှာတုန်းတွင် ဂိုရင်ကို အလုပ်ခန်းထဲသို့ခေါ်သွားရန် ချိပ်ရောက်ကို မှာခဲ့သည်။ ဂိုရင်နှင့်ချိပ်ရောက်တို့သည် တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ ယိုတ်ဗာကောက်၏ အလုပ်ခန်းထဲသို့ ဝင်သွားကြသည်။

"ငါတော့ ငါ့သမီးမင်္ဂလာဆောင်မှာ ကလိုက်ရပြီ။ အဲဒီလို ကမယ်ဆိုပြီး သူမွေးတဲ့နေ့ကစပြီး ငါ စိတ်ကူးလာခဲ့တာ။ ဩော် စိတ်ကူး၊ စိတ်ကူး။ ဘယ်မှာလဲ သင့်အရသာ။ ချမ်းလိုက်တာ။ ငါ့ကို ဘရန်ဒီပေးစမ်းပါ"ဟု ဂိုရင်ကပြောပြီးလျှင် သူ့စီးကရက်တိုကို တုန်တုန်ယင်ယင်နှင့် ပြာခွက်ထဲတွင် ဖိ၍ မီးငြိမ်းလိုက်သည်။

"သင် အိပ်ရင်ကောင်းမယ်ထင်တယ် ဂိုရင်"

www.burmeseclassic.com

www.burmeseclassic.com



"ငါနိုင်းတာကို လုပ်ပါ ချိပ်ရောက်"

အခန်းထဲတွင် သူတစ်ယောက်တည်းကျန်သောအခါ ဂိုရင်သည် သက်မချလိုက်ပြီးလျှင် ပြုံးပြန်သည်။ ထို့နောက် ထရံကိုလှမ်းကြည့်ပြီးလျှင် ရုတ်တရက် "သားလေး ပါဗယ်ရယ်"ဟု အော်၍ စားပွဲပေါ်သို့ သူ့ခေါင်းကိုပစ်ချလိုက်ပြီးလျှင် ရှိုက်ကြီးတငင်ငိုသည်။ ချိပ်ရောက်က သေရည်များကိုယူလာ၍ ဂိုရင်က မော့၍ကြည့်လိုက်သောအခါ ချိပ်ရောက်မှာ အတော်မျက်တွင်းကြီးများကျနေသည်ကို ပထမအကြိမ် ဂိုရင် သတိပြုမိသည်။

"ချိပ်ရောက်ရေ ငါတို့အိတာလီက ဒီကိုပြန်ရောက်လာတာ ဘယ်လောက်ကြာသွားပြီလဲဟေ့။ နှစ်နှစ်ရှိပြီလား။ သုံးနှစ်ရှိပြီလား"ဟု ဂိုရင်က မေးသည်။

"လာမယ့် စက်တင်ဘာလကျရင် သုံးနှစ်ပြည့်ပြီပေါ့ ဂိုရင်ရဲ့။ သင်ကလည်း မေ့နေပြီလား"

ဂိုရင်သည် သက်မချ၍ ဘရန်ဒီနှင့်ဗော်ဒကာကိုရော၍ အမြုပ်မသေခင် မော့သောက်လိုက်ပြီးလျှင် သူ့နှုတ်ခမ်းမွေးများကို လက်နှင့်သုတ်သည်။ ပြီးလျှင် ပေါင်မုန့်ကို အနည်းငယ်ဖွဲ့၍ ပါးစပ်ထဲသို့ ပစ်သွင်းလိုက်သည်။ အခန်းတစ်ခန်းလုံးမှာ သေရည်နံ့ဖြင့် လှိုင်၍နေသည်။

"သြော် တို့ ရုရှပြည်ရောက်လာတာ သုံးနှစ်တောင်ရှိသွားမှကိုး။ ဒီသုံးနှစ်အတွင်းမှာ ငါ အတော်ကျသွားသလားဟေ့"ဟု ဂိုရင်က စဉ်းစားရင်းပြောသည်။

"ငါတို့အားလုံးဟာ အသက်ကြီးကုန်ကြပြီလေ"ဟု ချိပ်ရောက်က သွယ်ဝိုက်၍ ဖြေသည်။

"ငါက စိတ်ကိုပြောတာပါ။ ငါတို့ကိုယ်တွေကတော့ အသက်ကြီးလာရင် မကျဘဲ နေလို့မရဘူးပေါ့။ ဒါပေမယ့် ငါတို့စိတ်တွေကတော့ သချိုင်းရောက်တဲ့အချိန်ထိ ပျိုနေနိုင်တာပဲ။ ငါ သိပ်စိတ်ညစ်တာပဲ ချိပ်ရောက်ရာ ငါ့စိတ်ဟာ ငှက်များစွန့်ပစ်သွားတဲ့ အသိုက်လို သိပ်ဟာနေတာပဲ"

"ငှက်ဆိုတာကတော့ တခြားမဟုတ်ဘူး။ နီနာပေါ့။ ဒီပြင်ငှက်ဘယ်ရှိမလဲ" ဟု ချိပ်ရောက်က ပြောသည်။

"သူငယ်ချင်းကြီးရယ် သင် သတိရသေးလား။ ဟိုတုန်းက သင်နဲ့ငါနဲ့ နှစ်ယောက်သာ ခေါင်းမြစ်ရိုးကို အငတ်ငတ်အပြတ်ပြတ် ဖိနပ်မပါဘဲလျှောက်ပြီး ငှက်များလိုပျော်နေကြတာလေ။ အဲဒီတုန်းကဆိုရင် ငါကလည်း စာရေးဆရာမဖြစ်သေးဘူး။ ငါ့ကိုလည်း ဘယ်သူမှ မသိကြဘူး။ အဲဒီတုန်းကအချိန်ကို အခုပြန်တွေးလိုက်တော့မှ သိပ်အောက်မေ့စရာကောင်းတာပါပဲလားကွာ။ စိတ်ကူးယဉ်ချင်တိုင်းယဉ်ပြီး ပျော်နေရတာနဲ့ သိပ်တူတာပဲ။ အခုတလောတော့ဖြင့် ချိပ်ရောက်ရေ ငါဟာ ကြောက်စရာကောင်းတဲ့ အိပ်မက်ကြီးကို မက်နေသလိုဖြစ်ပြီး ရင်သိပ်လေးနေတာပဲ။ အဲဒီအိပ်မက်ကြီးက လွတ်သွားအောင် ငါ နိုးတော့မယ်။ ငါ နိုးတော့မယ်ဆိုပြီး ကြိုးစားလို့လည်းမရဘူး။



ဟိုတုန်းက သီချင်းဟောင်းကလေး တစ်ပုဒ်လောက် ဆိုပြစမ်းပါကွာ။ သင်လည်း သိပ်သီချင်းဆို ညံ့တဲ့လူမဟုတ်ပါဘူး"ဟု ဂိုရင်ကပြောသည်။

"ငါ ဆိုပြနေပါပြီ"ဟု ချိပ်ရောက်က တိုးတိုးကလေးဆိုပြသည်။

"ဟာ နိပ်လိုက်တာကွာ။ (ဓားပြတစ်ကျိပ်နှစ်ယောက်) သီချင်းကိုး။ ဒီသီချင်းဟာ တော်တော်ကောင်းတယ်ဟေ့"ဟု ပြော၍ ဂိုရင်သည် သူ့ခေါင်းဖြူကြီးကို ငိုက်စိုက်ချကာ နားထောင်နေသည်။ ပြီးလျှင် "အခု ငါ စိတ်မချမ်းသာဖြစ်နေရတာဟာ ဘာကြောင့်လဲ။ ပါဗယ့်ကြောင့်လည်း လုံးလုံးမဟုတ်ဘူး။ နီနာ့ကြောင့်လည်း မဟုတ်ဘူး။ သားကြောင့် သမီးကြောင့်ကိုပဲ မဟုတ်ဘူး။ ဒါဖြင့် အင်မတန်နိုင်ခန့်တဲ့ ငါရဲ့ အတွင်းသန္တာန်ကွဲပြိုသွားအောင် အက်ကြောင်းထင်နေတာ ဘယ်နေရာကလဲ။ ငါ့အတွင်းသန္တာန်ဟာ အရင်တုန်းကဆိုရင် သိပ်နိုင်တယ်"ဟု သူ့ဟာသူ သုံးသပ်ကြသည်။

ဂိုရင်သည် အံကိုကြိတ်၍ တစ်ကိုယ်လုံးတုန်နေသည်။ သူ၏စိတ္တဇဝေဒနာမှာ အဖျားချွန်ထက်သော အပ်နှင့်ထိုးလိုက်ဘိသကဲ့သို့ မခံမရပ်နိုင်အောင်ဖြစ်နေသည်။ သူ့စိတ်ထဲတွင် တစ်စုံတစ်ယောက်သောသူက သူ့ကိုယ်တွင်းသို့ဝင်၍ သူ့အသည်းနှလုံးနှင့် သူ့ဦးနှောက်ကိုပါမကျန် တစ်ကိုယ်လုံးကို အပ်ချောင်းပေါက်တစ်ထောင်ဖြင့် ထိုးနေသည်ဟုထင်သည်။

ချိပ်ရောက်က ကျောက်ဖြူမြီးလှုံ့ဖိုမီး၍။

လေကြီးတိုက်ပြီ ငါ၏ သတင်းပျက်။

မုန်တိုင်း ငါ့ကို သတ်မည် ငါအရှက်"ဟု သီချင်းကို ဆက်၍ဆိုသည်။

ဂိုရင်က နားကိုစွင့်၍ထောင်ပြီးလျှင် "သြော် ငါသိပြီ ငါသိပြီ။ သင့်သီချင်းကကောင်းမှာပေါ့။ ငါ့နှလုံးကို ဦးတိုက်လာထိနေတာကို"ဟု ပြော၍ စိတ်မကောင်းသည့်နှင့် သူ့ပန်းကန်ပြားကို ဖယ်၍ပစ်လိုက်သည်။ ပန်းကန်ပြားလည်း ကြမ်းပေါ်သို့ လိမ့်ကျသွားသည်။

"လူဖျင်း၊ အသည်းကြောင်။ မျက်စိလည်နေတဲ့သိုး။ ကျီးကန်းတွေဝိုင်းဆိတ်နေတဲ့ လင်းယုန်"ဟု မြည်တမ်းပြီးလျှင် ဂိုရင်က လေးကန်စွာထလိုက်ရာ ကုလားထိုင်လဲကျသွားသည်။

ပြီးလျှင် ဂိုရင်သည် မှန်ထဲတွင် သူ့အရိပ်ကိုမြင်သဖြင့် အနားသို့သွား၍ သူ့ပုံကို သူကြည့်သည်။ သို့ရာတွင် သူ့ဟာသူ မမှတ်မိ။ သူ့ပုံမှာ အတွင်းစိတ်ချောက်ချားနေသဖြင့် လူရုပ်မပီတော့။ ဂိုရင်သည် နောက်ထပ်သေရည်တစ်ခွက်ကို သောက်လိုက်သည်။ ကြမ်းပြင်သည် တဖြည်းဖြည်းဖြင့်တက်လာပြီး တစ်ဖန် တဖြည်းဖြည်းပြန်နိမ့်ကျသွားသည်။

"တံခါးတွေဖွင့်စမ်း ဟိတ် ချိပ်ရောက် အသက်ရှူကြပ်လွန်းလို့"

ချိပ်ရောက်သည် တံခါးများကိုဖွင့်ပေးပြီးလျှင် ချောင်ထဲသို့သွား၍ စောင့်ရိုပ်တွင်ကြုတ်နေသည်။ ထိုအခိုက်တွင် ထရံထဲမှ ဆံပင်နီနီ အင်္ကျီနီနီ၊ ဖိနပ်နီနီနှင့် တစ်ကိုယ်လုံးနီ၍ နေသော လူတစ်ယောက်ထွက်၍လာသည်။ ဂိုရင်သည် သူ့ကိုယ်ကို ဟိုယိမ်း

www.burmeseclassic.com



ဒီယိမ်း ယိမ်း၍ ထိုလူနီကို မျက်လုံးပြူးပြီးကြည့် သည်။ ထိုလူနီကလည်း သူယိမ်းသလို လိုက်၍ယိမ်းလိုက်ပြီးလျှင် သူ့ကို ကရော်ချော်မယ်လုပ်သည်။

"သင် ဘယ်သူလဲ" ဟု ဂိုရင်က ကြောက်ကြောက်နှင့်မေးသည်။

"ငါ့ကို မသိဘူးလား" ဟု ချိပ်ရောက်က ဂိုရင်ကို လှမ်း၍မေးလိုက်သည်။ ပြီးလျှင် ချိပ်ရောက်က မှောင်ထဲမှထွက်လာသည်။ ထိုအချိန်တွင် လူနီ ပျောက်သွားသည်။ ထိုလူနီပျောက်သွားသောနေရာတွင် မီးလုံ့ဗိုမှ မီးလျှံရောင်များ ဟတ်နေသည်။

"ဟား ဟား ငါသိပြီ။ ငါသိပြီ၊ ငါ့စိတ်က ချောက်နေတာပဲ။ ငါသောက်တာ များသွားပြီ။ ချိပ်ရောက်ရေ နီနာကို သွားခေါ်လိုက်ကွာ။ အို နီနာကို သွားပြီးနှောင့်ယှက် မနေပါနဲ့ကွာ။ အခုဆိုရင် သူဟာ ငါ့ကို ဂရုမစိုက်နိုင်တော့ပါဘူး။ အနို့ သူက ဂရု မစိုက်နိုင်တော့ ဘယ်သူက ဂရုစိုက်နိုင်မတဲ့လဲ။ ဘယ်သူမှ ဂရုစိုက်နိုင်မှာ မဟုတ်တော့ ဘူး။ မကြာတော့ဘူး။ နောက်ကိုဆိုရင် ငါဟာ ဒီခေါင်းမွေးနီသရဲနဲ့ပဲ နေရတော့မယ်။ ဟား ဟား ဟား ဟား။ ဒီသရဲကို ငါ မလိုချင်ဘူး။ တစ္ဆေတို့ သရဲတို့ဆိုတာလည်း ငါမယုံဘူး" ဟု ပြောပြီးလျှင် ဂိုရင်သည် သေရည်တစ်ခွက်ကို ငှဲ့၍သောက်လိုက်ပြီးလျှင် ကြမ်းပြင်ကို ငေးကြည့်နေသည်။

"ထပါ ထပါ ဘာလို့ အိပ်နေရတာလဲ။ သင်နဲ့ငါ စကားပြောချင် ပါတယ်" ဟု မီးလျှံက ပြောသည်။

ဂိုရင်သည် လန့်ပြီးမော့ကြည့်လိုက်သည်။ ဆံပင်နီသည် သူ့ကျောနားတွင် ကပ်၍ ရပ်နေသည်။

"သင် ရောက်နေတာ တော်တော်ကြာသွားပြီလား" ဟု ဂိုရင်က မျက်နှာချိုသွေး၍ မေးသည်။

"ဆယ်ခွက်သောက်ပြီးတဲ့နောက် ငါ အမြဲလာတာပဲ" ဟု ဆံပင်နီက ပြောသည်။

"ငါသောက်တာ ငါးခွက်ထက်မှ မပိုသေးဘဲနဲ့" ဟု ဂိုရင်က ပြောသည်။

"သင့် ခွက်တွေက အကြီးကြီးတွေပဲ" ဟု သရဲက ပြောသည်။ ပြီးလျှင် သရဲသည် စားပွဲပေါ်တွင် တင်ပျဉ်ခွေ၍ ဗွင့်ဗွင့်ကြီးထိုင်ပြီးလျှင် ဂိုရင်ကို သေသေချာချာ ကြည့်နေသည်။ ဂိုရင်သည် ကြောက်၍လာပြီး ဘေးသို့လှည့်လိုက်သည်။ ချိပ်ရောက်မှာ မီးဖိုနားတွင် မီးကိုကြည့်ပြီး အသံမထွက်ဘဲ နှုတ်ခမ်းကိုလှုပ်ကာ ထိုင်နေသည်။

ဂိုရင်က အကြောက်ပြေသွားသဖြင့် "သင့်ကို ငါ မကြောက်ဘူး" ဟု ပြောသည်။

"ငါ့ကို သင် ဘာလို့ ကြောက်ရမှာလဲ။ ကြောက်ခြင်းကြောက်ရင် လူတွေကိုသာ သင် ကြောက်ဖို့ရှိတယ်" ဟု လူနီကပြောပြီးလျှင် သူ့မျက်စိနီနီနှစ်ခုကို မှိတ်ပြသည်။

"အင်း သင်ပြောတာမှန်တယ်ထင်တယ်။ လူတွေကို ငါ နည်းနည်းကြောက် စပြုလာပြီ" ဟု ဂိုရင်က လေသံပျော့ပျော့ဖြင့်ပြောသည်။ ပြီးလျှင် "တစ်ခါတလေ



တစ်ခုခု ဖြစ်နေတယ်လို့ ငါထင်တယ်။ ဒီလူတွေအကုန်လုံးဟာ တွေ့မြင်ပြီး စကား ပြောနေတဲ့ အခါမှာဆိုရင် ဘယ်သူမှ ငါ့အပေါ်မှာ အကောက်ကြံကြလိမ့်မယ်လို့ မထင်ရ ဘူး။ ဒါပေမယ့် ငါတစ်ယောက်တည်းရှိတဲ့အခါကျရင်" ဟု ပြော၍ စကားမဆုံးခင် လူနီက "ပြီးတော့ လူတွေထက်ပဲ သင့်ကိုယ်သင် ပိုကြောက်ဖို့ကောင်းတယ်" ဟု ပြောသည်။

ဂိုရင်သည် အံ့အားသင့်သွားပြီး "သင် ဆိုလိုတာက ဘယ်လိုလဲ" မေးသည်။

"သင့်အတွင်းစိတ်သန္တာန်ဟာ မကောင်းဘူးဆိုတာ သင် သတိထားမကြည့် မိဘူးလား" ဟု ဆံပင်နီက ဣန္ဒြေကြီးနှင့်မေးသည်။

"ဟင့်အင်း ဒါပေမယ့် အနည်းအကျဉ်းတော့ သတိထားကြည့်မိပါတယ်။ ငါ့စရိုက်ဟာ ပကတိအားဖြင့် မကောင်းမှုနဲ့ကင်းပါတယ်။ ဒါပေမယ့် တစ်ခုတော့ရှိတာ ပေါ့။ လောကကြီးတစ်ခုလုံးဟာ မကောင်းမှုတွေနဲ့ ပြည့်လျှံနေပြီး ငါ့ကိုပါ မကောင်းမှု တွေက ရစ်ပတ်နေလို့ ဘယ်သွားသွား သူတို့နဲ့မလွတ်နိုင်ဘူးဆိုရင်တော့ ငါ့ကိုယ်ငါ ကောင်းတယ်လို့ ပြောနိုင်မယ်မဟုတ်ဘူးပေါ့။ ဥပမာဆိုရင်တော့ မိုးရွာနေတဲ့အထဲမှာ ဘယ်သူမှ မိုးရေမစိုအောင် သွားမရသလိုပေါ့" ဟု ဂိုရင်က ဖြေသည်။

"ဒီလို ဆင်ခြေပေးလို့ဘယ်ရမလဲ။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် နိုင်အောင် ထိန်းနိုင်ရမှာပေါ့။ ဒါကို သင် ကောင်းကောင်းသိပါတယ် ဂိုရင်"

"ခက်တာပဲ ငါ့မှာ ဘာမှမှီစရာမရှိဘူး။ အမှီမရှိရင် ဘယ်လိုလူမျိုးမှ မတတ်နိုင်ဘူး။ ဒါပေမယ့် ငါရဲ့ ညံ့ဖျင်းခြင်းအတွက်တော့ ယုံပါတော့။ ဘယ်သူ့ကိုမှ အပြစ်တင်စရာမရှိဘူး။ ငါ့ကိုယ်ငါပဲ အပြစ်တင်ရမယ်ဆိုတာတော့ ငါ သိပါတယ်"

"ကောင်းတယ် ကောင်းတယ်။ သင့်အသိတရားဟာ နိုးလာပြီ။ သင် မမူးတဲ့အခါမှာ သင့်အသိတရားဟာ အိပ်မောကျပြီးနေတယ်။ ဒါကြောင့် သေရည်မူး တွေဟာ သေရည်မသောက်တဲ့ ပညာရှိကြီးတွေထက် အဆတစ်ထောင်လောက်ပိုပြီး အမှန်တရားနဲ့နီးကြတာပေါ့။ ကိုင်း ပြီးတာတွေပျောက်ကြ။ ငါ စိတ်အသစ်ပြောင်း လိုက်ပြီလို့ ဆိုလိုက်စမ်း။ ထိန်လင်းတောက်ပနေတဲ့ လမ်းသစ်ကိုရွေးပြီး ဘုရားဖူးသွား တဲ့ခရီးသည်လို ရွှင်ရွှင်ပျပျနှင့် တက်ပြီးသွားစမ်း" ဟု ဆံပင်နီက ပြုံး၍ပြောသည်။

"ဟုတ်တယ် မှာတ်တယ်။ ဘုရားဖူးသွားတဲ့ ခရီးသည်လို အထုပ်ကလေး ကိုထမ်းပြီး သွားရမယ်။ ဒါထက် နေစမ်းပါဦး။ လမ်းက ဘယ်လိုလမ်းလဲ။ ဒီလမ်းကို ဘယ်မှာရှာရမလဲ" ဟု ဂိုရင်က လျှာလေးအာလေးနှင့် မေးသည်။

"သင့်နှလုံးထဲမှာ လမ်းတွေ သိန်းသန်းကုဋေရှိတယ်။ အကျယ်ဆုံးလမ်းကို လိုက်ပေါ့"

ဂိုရင်သည် ခေါင်းကိုခါ၍ "ငါ့အဖို့ ရွေးချယ်ချိန်မရှိတော့ဘူး။ အချိန်နောက် ကျသွားပြီ" ဟုပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လောကမှာ စောနေသေးတယ်။ နောက်ကျသွားပြီရယ်လို့ မရှိဘူး။ အချိန်ဆိုတာက ဘယ်တော့မှ ကုန်တာမျိုးမဟုတ်ဘူး"

"သင်ပြောတာ မယုံဘူး။ ဘယ်အရာမဆို အစရှိတာချည်းပဲ။ ယုတ်မာခြင်းမှာတောင် အစရှိတာပဲ။ ဒီတော့ စိတ်ရှည်လက်ရှည်နဲ့ မူလအစကို ငါတို့ ရှာရမယ်။ ငါတို့ဟာ စိတ်ကူးသက်သက်အတွေးဖြစ်တဲ့ တိမ်တိုက်အောက်က ထွက်ကြမှသာ ရှင်းရှင်းလင်းလင်း မြင်နိုင်မယ်"ဟု ပြောပြီးလျှင် ဂိုရင်သည် ဖင်ထိုင်လဲသွားသည်။ ထိုအခါ ဆံပင်နီက ဟက်ဟက် ပက်ပက်ရယ်ပြီးလျှင် မီးဖိုထဲသို့ ခုန်ဆင်းလိုက်သည်။ ဂိုရင်က သူ့နဖူးကို သူထုပြီး လှည့်ကြည့်လိုက်ရာ သူတစ်ယောက်တည်းကြမ်းပေါ်တွင် လဲ၍နေသည်ကိုတွေ့ရသည်။ ထိုအခိုက်တွင် ဝေးလံသောအရပ်မှ သေရည်ယစ်ကာ ရယ်၍နေသော စန္ဒရားသံနှင့် ကချေသည်မ အယ်လက်ဇန္ဒရောက်၏ အော်သံသည် သူ၏အသိတရားထဲသို့ နံရံကို ဖောက်၍ဝင်လာသည်။

ဂိုရင်သည် ခဲခဲယဉ်းယဉ်းနှင့်ထ၍ သူ၏ဆံပင်ကို လက်နှင့်ဖွပြီး နံရံတွင် ကပ်ထားသောမှန်ကို သွား၍ကြည့်သည်။ မှန်ထဲတွင် သူ့ကိုယ်ကို မမြင်ရဘဲ အခန်းထဲတွင်ချသော စားပွဲကုလားထိုင်များကိုသာ မြင်ရသဖြင့် ဂိုရင်မှာ ကြက်သီးမွေးညင်းများ ထ၍သွားသည်။ ထို့နောက် အသက်ပြင်းပြင်းရှူပြီးလျှင် မှန်ကို သူ့လက်နှင့်စမ်း၍ ကြည့်သည်။ သူ့လက်နှင့် မှန်၏ ညီညာသောမျက်နှာပြင်ကို တွေ့ရသော်လည်း မှန်က သူ့ကို လှောင်ပြောင်နေသည့်ပမာ မှန်ထဲတွင် သူ့လက်ရိပ်ကို မမြင်ရ။ ဂိုရင်သည် ရုတ်တရက် နောက်သို့ ပြန်ဆုတ်လိုက်ပြီးလျှင် "ငါ ဘယ်ရောက်နေသလဲ။ ငါဘာလို့ ပျောက်နေရသလဲ။ သင် လိမ်တယ်။ ငါ မသေသေးဘူး။ ငါ မသေသေးဘူး"ဟု သံကုန်ဟစ်၍ အော်သည်။

"သင် လိမ်တယ်။ သင် လိမ်တယ်"ဟု သူ့ဦးနောက်တွင်းမှ လိုက်သံက အော်သည်။

ဂိုရင်က သူ့ခေါင်းကို တစ်အားခါလိုက်ရာ လိုက်သံပျောက်၍သွားသည်။ ပြီးလျှင် စိတ်အပျက်ကြီးပျက်၍ "နီနာရေ ရက်စက်တဲ့ နီနာရေ။ သင့်အဖေကို ဘာလို့ ပစ်ထားရတာလဲ"ဟု မြည်တမ်းသည်။

❋ ❋ ❋

## အခန်း(၁၆)

ပြီးလျှင် ဂိုရင်သည် ပြတင်းပေါက်ဆီသို့ တအားပြေး၍ ဥယျာဉ်ဘက်သို့ လှမ်း၍ကြည့်ပြီးလျှင် "နီဗိကောက်ရေ နီဗိကောက်ရေ"ဟု ဝမ်းသာအားရခေါ်သည်။

"နီဗိကောက်လာရင် ကောင်းမှာပဲ။ ဆံပင်နီထက်တော့ နီဗိကောက်က အများကြီးတော်သေးတယ်"ဟု ဂိုရင် သဘောရသည်။



နီဗိကောက်က လန့်၍ အသံကြားရာဘက်သို့ လှည့်ကြည့်ပြီးလျှင် "ဘာလိုချင်သလဲ ဩော် ဂိုရင်ပါလား"ဟု ပြောသည်။

"ဟုတ်တယ် ငါ ဂိုရင်ပဲ၊ ငါ့နားမှာ ဘယ်သူမှမရှိဘူး။ ငါကြောက်လွန်းလို့"

"သင် အခု ဘယ်မှာလဲ"

"ငါ ယိုတ်ဗာကောက် အလုပ်ခန်းထဲမှာလေ"

ဂိုရင်သည် ကုလားထိုင်ပေါ်တွင် ထိုင်ပြီးလျှင် ပြုံး၍နေသည်။ သူ့မျက်စိကို ဖွင့်လိုက်သောအခါ နီဗိကောက်ကို တွေ့ရသည်။ သို့ရာတွင် နီဗိကောက်၏ မျက်နှာမှာ ခါတိုင်းကဲ့သို့မဟုတ်။ နီ၍နေသည်။

"သင်လာတာ တော်တော်မြန်တာပဲ။ သင် ဒီက ခုန်တက်လာသလား"ဟု ပြတင်းပေါက်ကို မေးထိုးပြပြီး ဂိုရင်ကမေးသည်။

"ဒါ သင် မေးစရာမဟုတ်ပါဘူး"ဟု မျက်နှာနီနီဗိကောက်က ရိုင်းစိုင်းစွာ ပြောသည်။ ပြီးလျှင် "နီနာ ဘယ်မှာလဲ။ သင် ဝှက်ထားတယ်မဟုတ်လား" ဟုမေးကာ စားပွဲကိုလက်သီးနှင့်ထုသည်။

"ငါက ဘာကိစ္စနဲ့ နီနာကို ဝှက်ထားရမှာလဲ"

မျက်နှာနီနှင့်နီဗိကောက်သည် စားမလိုဝါးမလိုမျက်နှာထားနှင့် ဂိုရင်၏ လည်ပင်းကို လှမ်း၍ဆွဲလိုက်သည်။ ထိုအခိုက်တွင် ဂလူယှက်ဝင်လာသဖြင့် မျက်နှာနီ နီဗိကောက်သည် မှောင်ရိပ်တွင် ပုန်း၍နေသည်။

"ဂလူယှက်ရေ သင်လာတာ ငါ ဝမ်းသာလိုက်တာ။ ကျောင်းအုပ်ကြီးက ငါ့ကို လက်သီးနဲ့ထိုးမယ်လုပ်ပြီး နီနာ ဘယ်မှာလဲလို့ မေးနေတယ်။ နီနာဘယ်မှာလို့ ငါ ဘယ့်နှယ်လုပ်သိမလဲ"ဟု ပြောသည်။

"ကျောင်းအုပ်ကြီးမှ ဒီအခန်းထဲမှာမရှိဘဲနဲ့"ဟု ဂလူယှက်က ပြောသည်။

"ရှိပါတယ်။ ဟိုမှောင်ထဲမှာ ပုန်းနေပါတယ်"

ဂလူယှက်က အခန်းထဲလျှောက်လာပြီး "ဒီအခန်းထဲမှာ သင်ရယ် ငါရယ် ချိပ်ရောက်ရယ်ပဲ ရှိပါတယ်"

"သင် တကယ်ပြောတာလား"

"တကယ်ပြောတာပါ"

"ဒါဖြင့် ငါ့ကို ဆံပင်နီ နောက်နေတာပဲ။ သူနောက်တာက ကြောက်စရာမကောင်းပါဘူး။ ကြောက်စရာကောင်းတာက ငါ့ဝမ်းထဲမှာ ခွေးရူးတွေရောက်နေတာက ကြောက်စရာကောင်းတာ။ သူတို့က ငါ့အူတွေကိုလည်း ကိုက်ဖြတ်ပြီး ငါ့ဝိညာဉ်ကို အစိတ်စိတ်အမြွာမြွာဖြစ်အောင် ဆွဲဖဲ့နေကြတယ်။ သူတို့ မာန်ဖီနေသံလည်း ငါ ကြားရတယ်။ သူတို့ သွားကြီးတွေ ဖြဲနေကြတာကိုလည်း ငါ မြင်ရတယ်။ ငါသေမှပဲ သူတို့ကျေနပ်ကြမှာပဲ။ ငါတော့ ကိစ္စလုံးလုံးချောပြီ" ဟု ဂိုရင်က ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂလူယုက်အနားသို့သွားပြီးလျှင် ''ဒီမှာဂလူယုက်၊ ငါ ဒီနေ့ည ထွက်ပြေးတော့မယ်။ သင်ကော လိုက်မလား။ ကြောက်စရာတော့ကောင်းတယ်။ နယ်စပ်ကဆီးပြီး သူတို့က သေနတ်နဲ့ပစ်ကြလိမ့်မယ်။ ဒါပေမယ့် လွတ်လပ်ချင်ရင်တော့ ဒီလိုပဲ စွန့်ရမှာပဲ''ဟု ဂိုရင်က ပြောသည်။

''ထိုင်ပါ ဂိုရင်။ သင်ဟာ နေမကောင်းပါဘူး''

ဂိုရင်သည် နီဗိကောက်ကို ထပ်၍တွေ့ပြန်သည်။ ဤတစ်ခါတွင် နီဗိကောက်မှာ တံခါးပေါက်မှဝင်လာ၍ သူ့မျက်နှာမှာလည်း မနီတော့ဘဲ ခါတိုင်းကဲ့သို့ရှိသည်။ ''ဒီကောင် တော်တော်ဉာဏ်များတဲ့ အကောင်ပဲ''ဟု ဂိုရင်စိတ်ထဲက အောက်မေ့သည်။ ထို့နောက် အကြီးအကျယ်စိတ်ဆိုးလာသဖြင့် ဂိုရင်သည် တစ်အားပြေး၍ နီဗိကောက်ကို ပုလင်းနှင့်ရိုက်ရန် ရွယ်လိုက်သည်။

''ဘာဖြစ်တာလဲ။ ဘာဖြစ်တာလဲ''ဟု နီဗိကောက်က ကြောက်ကြောက်နှင့်မေးသည်။

''ဂိုရင် နည်းနည်းမူးနေတယ်''ဟု ဂလူယုက်က ဖြေသည်။

ဂိုရင်က သူအကြံအောင်ပြီဟူသော·သဘောဖြင့် ''အင်း အင်း နီဗိကောက်လည်း ဒီမှာရှိသကိုး''ဟု ပြောသည်။ ဂလူယုက်က စကားပြေဝင်၍ထိုးရန် ကြိုးစားသော်လည်း ဂိုရင်က သူပြောသည်ကိုမကြား။ ဂိုရင်က နီဗိကောက်ကို သတိထားပြီးကြည့်နေသည်။ နီဗိကောက်က မျက်လွှာချကာ ဂိုရင်ကို အလစ်မပေးဘဲပြန်ကြည့်သည်။

''ဂလူယုက် သင် နီဗိကောက်ကို မကြောက်ဘူးလား''ဟု ဂိုရင်က မေးသည်။

''ငါ ဘယ်သူ့ကိုမှ မကြောက်ဘူး''ဟု ဂလူယုက်က စိတ်လုံလုံနှင့်ပြောသည်။ ဂလူယုက်သည် အမှန်ကိုပြောသည်။ ဂလူယုက်တွင် သူနှင့်တစ်သက်လုံး အဖော်လုပ်လာခဲ့ရသော ကြောက်ခြင်းသည်မရှိတော့။ သို့ရာတွင် ထိုအကြောင်းကို ဂိုရင်မသိ။ ဂလူယုက်သည် စားပွဲခုံဘက်သို့ အမှတ်မထင်သွား၍ ဗော်ဒကာကိုသောက်သည်။

''ဒီမှာ ဂိုရင် ငါပြောတာ နားထောင်စမ်းပါ။ ငါဟာ အခု ဘယ်သူ့မှ မကြောက်တော့ဘူး။ ဥပမာဆိုရင် အခု ဒီမှာကျောင်းအုပ်ကြီး နီဗိကောက်ရှိနေတယ်။ ငါပြောတာတွေလည်း သူ အကုန်ကြားနေတယ်။ ဒါပေမယ့် သူကြားအောင်ပဲ သင့်ကို ငါ အရေးကြီးတဲ့ ဖြောင့်ချက်တစ်ခုပေးချင်တယ်။ ငါဟာ သင့်အပေါ်မှာ သစ္စာဖောက်ခဲ့တယ်။ သင်ကတော့ ငါ့ကို မိတ်ဆွေလို့ထင်နေတယ်။ အမှန်က ငါဟာ သင့်ကို သစ္စာဖောက်နေတယ်။ သင့် အကြောင်းနဲ့ပတ်သက်လို့ ငါဟာ ယုတ်ယုတ်ညံ့ညံ့ အစီရင်ခံစာတွေကို ရေးပြီးတင်ခဲ့တယ်။ ဒီအတွက် ငါ့ကို သင်က အခွင့်လွှတ်ဖို့ ငါ တောင်းပန်ပါတယ်ဂိုရင်။ ငါ့ကိုယ်ကိုငါ အင်မတန်စက်ဆုပ်ပါတယ်။ ဒါပေမယ့် ငါ့ကိုတော့ အပြစ်မတင်ပါနဲ့။ မွေးကတည်းက သတ္တိမရှိဘဲ မွေးလာခဲ့တဲ့လူတစ်ယောက်ကို အပြစ်တင်နေလို့ အလကားပါပဲ။ သင်လည်း သတိရဦးမှာပေါ့။ ငါ့ညီ ဗလာဒီမိယားကို ငါနေတဲ့



ထောင်ခန်းနဲ့ကပ်နေတဲ့ ထောင်ခန်းထဲမှာထည့်ပြီး လျှို့ဝှက်ပုလိပ်က ညှဉ်းပမ်းနှိပ်စက်လို့ ကြောက်စရာလန့်စရာ အော်သံငိုသံတွေ ကြားရတဲ့အချိန်ကစပြီး ငါဟာ သွေးပျက်သွားပါတယ်။ တခြားလူဆိုရင်တော့ သွေးပျက်ချင်မှပျက်မှာပေါ့။ ငါ မပြောတတ်ဘူး။ ဒါပေမယ့် ငါတော့ မခံနိုင်ဘူး။ သွေးပျက်သွားတာပဲ။ အဲဒီအချိန် ကစပြီး ငါဟာ လျှို့ဝှက်ပုလိပ်ရဲ့ကျွန်ဖြစ်သွားတာပဲ။ သူတို့ကသာ ခိုင်းမယ်ဆိုရင် ငါဟာ မစင်ကြုံးဆိုရင်တောင် ငါ ကြုံးမှာပဲ။ တကယ်ဆိုတော့ သူတို့ခိုင်းတာက မစင်ကြုံးရတဲ့အလုပ်ထက်တောင် ဆိုးပါသေးတယ်။ ငါ့မိတ်ဆွေတွေအပေါ်မှာ သစ္စာဖောက်ခိုင်းတယ်။ ငါကလည်း သူတို့ခိုင်းတဲ့အတိုင်း သစ္စာဖောက်ခဲ့တာပဲ''ဟု ဂလူယုက်က ပြောင်ပြောင်ကြီးဖွင့်၍ပြောသည်။

နီဗိကောက်မှာ ဂလူယုက်က ထိုကဲ့သို့ပြောင်ပြောင်ကြီး ဖွင့်ပြောလိမ့်မည်ဟု မတွေးမိခဲ့သဖြင့် ကြောင်၍သွားပြီးလျှင် တော်တော်ကြာကြာ ပါးစပ်ပြဲပြီး စကားမပြောနိုင်ဘဲ ဖြစ်နေသည်။

''အမှန်ပါပဲ ဂိုရင်၊ ငါဟာ လူစိတ်ပျောက်သွားအောင် အကြောက်ကြီးကြောက်သွားတာနဲ့ သင့်အပေါ်ကို ငါ သစ္စာဖောက်ခဲ့ပါတယ်။ အဲဒီအတွက် အခု ငါ နောင်တအများကြီးရပါတယ်။ ငါ နောင်တရတာဟာ နောက်ကျသွားပြီဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ငါ နောင်တရတာတော့ အမှန်ပါပဲ ဂိုရင်''ဟု ဂလူယုက်က အားပါးတရ ဆက်၍ပြောသည်။ ထိုသို့သူ့ဝမ်းထဲတွင် အောင့်အည်းထားရသောအချက်ကို ဖွင့်၍ပြောလိုက်သဖြင့် သူ့စိတ်ထဲတွင် အင်မတိ အင်မတန်ချမ်းသာသွားပြီးလျှင် သူ၏ပြုံးရယ်ခြင်းကလည်း သူ့တစ်ကိုယ်လုံးကို ကြည်လင်တောက်ပသွားစေသည်။

ဂိုရင်မှာ အမူးလွန်နေဖြင့် ဂလူယုက် အားရဝမ်းသာ ဖြောင့်ဟဝန်ခံလိုက်သည့် စကားများ၏ အဓိပ္ပာယ်ကို နားမလည်လိုက်။

''ဟေ့ ဂလူယုက် သင် ဘာများဖြစ်နေသလဲ။ ဘာတွေအားရဝမ်းသာ ပြောနေတာလဲ။ သင့်မျက်စိတွေဟာ တစ်မျိုးကြီးပဲ''ဟု ဂိုရင် နားမရှင်းဟန်ဖြင့် မျက်မှောင်ကြုတ်၍ မေးသည်။

ထို့နောက် ဂလူယုက်နှင့် နီဗိကောက်တို့က နှစ်ယောက်စလုံးတစ်ပြိုင်နက် ဂိုရင်မေးသည်ကို ဖြေကြသည်။ ဂလူယုက်က ဝမ်းအသာကြီးသာ၍ ဖြေသည်။ နီဗိကောက်ကမူ ဘူးလုံးနားမထွင်း မပြေမပြစ်ဖြေသည်။

''ငါ နောင်တရပါပြီ ဂိုရင်၊ ငါ့ကို အပြစ်လွှတ်ပါ''

''ဂလူယုက်က လိမ်ပြောနေတာပါ။ သူပြောတာတွေကို တစ်ခုမှမယုံပါနဲ့ဂိုရင်''

''ငါဟာ သင့်ကို သစ္စာဖောက်ခဲ့ပါတယ် ဂိုရင်။ သင့်ကို အကုန်လုံးဝိုင်းပြီး မကောင်းကြံနေကြတာကို ငါ သိပါတယ်။ ကျောင်းအုပ်ကြီးရယ်။ ဗေရီးယားရယ်။ ဒရို့ရယ်ဟာ အကုန်လုံး သင့်ရန်သူတွေချည်းပါ''

''လိမ်တာပါ။ လိမ်တာပါ။ သင့်ကို လိမ်ပြောနေတာပါ''

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏အသံများသည် ကျယ်သထက်ကျယ်လာခိုက်တွင် ချိပ်ရောက်က အော်၍ကြိမ်းလိုက်သဖြင့် နှစ်ယောက်စလုံးငြိမ်သွားကြသည်။ ချိပ်ရောက်က သူတို့နှစ်ယောက်ကြားဝင်၍ ဆွဲရမ်းပြီးလျှင် ''ဟိတ် မိမစစ် ဖမစစ်ကောင်တွေ မဆူကြနဲ့။ ဂိုရင် မူးနေတာကို သင်တို့မျက်စိက မမြင်ဘူးလား''ဟု ပြောသည်။ ထို့နောက် သုံးယောက်သား ဂိုရင်ကို စိုက်၍ကြည့်နေကြသည်။ ဂိုရင်သည် ပြတင်းပေါက်သို့သွား၍ ကောင်းကင်သို့ မော့ကြည့်သည်။ နောက်ဆုံးတွင် ဂိုရင်သည် ဂလှုယှက်ပြောသောစကားများ၏ အဓိပ္ပာယ်ကို သဘောပေါက်သွားသည်။ ဂိုရင်က မူးမနေသည့်အမူအရာဖြင့် နှုတ်ခမ်းကိုရွဲ၍ ဂလှုယှက်တို့ကို လှောင်၍ ကောင်းကင်သို့ စိုက်၍ကြည့်ပြန်သည်။ သူကြည့်ပုံမှာ ခဏ်း၍ စိတ်အားလျော့လိုက်ပုံမျိုးဖြစ်သည်။ ပြီးလျှင် ''ငါဟာ အကောင်ကျိုးနေတဲ့ ဝိညာဉ်ပဲ''ဟု လေအေးအေးနှင့်ညည်းသည်။ ဂိုရင်သည် ငှက်များကဲ့သို့ အတောင်ပေါက်လာဖို့ တောင့်တနေသည်။ အကယ်၍ သူ့၌အတောင်သာရှိပါမူ ကျောင်းအုပ်ကြီးနိဗ်ကောက်တို့လို ပညာကျော် ဂလှုယှက်တို့လို လူများနှင့်တကွ လူ့လောကကြီးတစ်ခုလုံးနှင့် ဝေးရာလံရာ ကြယ်များရှိရာ တစ်ခါတည်းလွတ်အောင် ကျွတ်အောင် ထွက်ပြေးနိုင်မည်သာဖြစ်သည်။ ဖြူစင်ခြင်း၊ ပျော်ရွှင်ခြင်း၊ အစဉ်ငြိမ်းချမ်းခြင်းတို့သည် ကြယ်များ၏အလယ်၌သာ ရှိနိုင်မည်။ ဂိုရင်သည် အသက်ကိုအောင့်၍ အိပ်မက်မက်၍နေသည့်ပမာ ကြယ်များမြူးထူးပျော်ပါးနေသည်ကို ကြည့်၍နေသည်။ ကြယ်များက သူတို့၏ချစ်ခင်ခြင်း၊ ချမ်းသာခြင်းကို လာ၍ခံစားလှည့်ရန် ဂိုရင်ကိုမျက်စပစ်ကာ ခေါ်၍နေကြသည်။ ဤဆိုးယုတ်သော လူ့လောကကြီးကို တစ်ခါတည်း စွန့်ပစ်၍ ကြယ်များရှိရာသို့သာ သွားနိုင်ပါမူ ကောင်းလေစွဟု ဂိုရင် အောက်မေ့လျက်ရှိသည်။

ထိုသို့အောက်မေ့နေခိုက်တွင် စိတ်ပန်းကိုယ်ပန်း ပန်းလှသဖြင့် ဂိုရင်သည် သူ့ရင်ဘတ်ပေါ်တွင် ခေါင်းငိုက်စိုက်ချပြီး အိပ်ပျော်သွားသဖြင့် ကြမ်းပေါ်သို့ ဝုန်းခနဲလဲကျသွားသည်။

''ဂိုရင်ကို ဖြည်းဖြည်းမပြီး ဆိုဖာပေါ်ကို တင်လိုက်ပါ''ဟု ချိပ်ရောက်က ပြောသည်။

နိဗ်ကောက်နှင့်ဂလှုယှက်တို့က အသက်မှန်မှန်ရှူ၍ အိပ်ပျော်နေသော ဂိုရင်ကို ဖြည်းညင်းစွာမ၍ ဆိုဖာပေါ်သို့တင်ကြသည်။

❊ ❊ ❊

## အခန်း(၁၇)

ထို့နောက် နိဗ်ကောက်သည် ကပွဲဆောင်သို့ပြန်လာသည်။ ပရိသတ်တို့သည် တိုးတိုးတိုးတိုးနှင့် ''သိပ်ရှက်စရာကောင်းတာပဲ။ သိပ်ရှက်စရာကောင်းတာပဲ''ဟု ကဲ့ရဲ့လျက်ရှိကြသည်။



ထိုအခိုက်တွင် အယ်လက်ဇန္ဒာသည် ရှတ်တရက် တံခါးကိုဖွင့်၍ နီနာကိုဆွဲပြီး ဝင်လာသည်။

''ဟောဒီမှာ နီနာ၊ မိန်းကလေးက လေညင်းခံချင်တာနဲ့ ထွက်သွားတာပါ။ ဒါကိုပဲ သင်တို့က အလန့်တကြားလုပ်နေကြတယ်''ဟု အယ်လက်ဇန္ဒာက ပြောသည်။

နိဗ်ကောက်က နီနာကို ကြည့်လိုက်သောအခါ နီနာမျက်နှာတွင် သွေးများဆုတ်နေပြီး အင်မတန်ထိတ်လန့်နေပုံ ပေါ်နေသည်ကိုတွေ့ရသည်။

တစ်စုံတစ်ယောက်က ''သတို့သားနဲ့ သတို့သမီးကို အခန်းအပ်ဖို့ အချိန်တော်ပြီ'' ဟု ပြောသည်။

''ငါတို့ လိုက်ပို့မယ်ဟေ့''

''အိုးခွဲချ''

တစ်စုံတစ်ယောက်က အဖိုးတန်ရေတကောင်းတစ်ခုကို ကောက်၍ပေါက်ခွဲလိုက်သည်။ ယိုတ်ဗာကောက်က မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် အပေါ်ထပ်သို့ ရှေ့ဆုံးမှနေ၍ တက်သွားသည်။ ပရိသတ်တို့က သေရည်ယစ်ယစ်ဖြင့် မျက်လုံးကြီးများ ပြူး၍ မော့ကြည့်နေကြသည်။ အယ်လက်ဇန္ဒာနှင့် လူဗာက နီနာကို လှေကားတက်ထိ လိုက်ပို့ကြသည်။ ထို့နောက် နီနာသည် ခြေလှမ်းကိုရေနေသည့်ပမာ တစ်လှမ်းချင်းလှမ်း၍ ယိုတ်ဗာကောက် နောက်သို့လိုက်သွားသည်။ ထိုအချိန်တွင် ကပွဲဆောင်တွင် တိတ်ဆိတ်၍နေသည်။ လူဗာက လက်ကိုင်ပဝါနှင့် သူ့မျက်စိကိုသုတ်သည်။

တစ်စုံတစ်ယောက်က စူးစူးဝါးဝါး လေချွန်လိုက်ခြင်းနှင့် မီဇိုယန်က ''မိန်းကလေးတွေခေါ်ခဲ့ဟေ့''ဟုပြောသည်ကို နီနာ ကြားလိုက်သည်။

ထို့နောက် မီဇိုယန်အသံသည် ပရိသတ်များ၏ ရယ်မောသံများထဲတွင် ပျောက်သွားသည်။

❊ ❊ ❊

## အခန်း-၁၈

သတို့သားနဲ့ သတို့သမီးတို့ အိပ်ခန်းထဲသို့ ရောက်သွားသောအခါ သေရည်ယစ်တို့သည် ဝရန်တာဘက်သို့သွားကာ စုဝေး၍နေကြသည်။ မီဇိုယန်မှာ အတော်ကိုမူး၍ နေပြီး ထိုအထဲတွင် အရွှင်၍နေသော ပေစီးယား စိတ်ညစ်၍နေသော ဒူးရောက်နှင့်တကွ ဒရိုတို့လည်းပါသည်။ ထိုအခိုက်တွင် ဒရိုမှာ သူ့ဟာသူ တစ်ယောက်တည်းခွဲ၍နေသည်။ သေရည်ယစ်တို့သည် သူတို့၏မယားများကို စောစောကပင် ပြန်၍လွှတ်လိုက်ကြသည်။

''အယ်လက်ဇန္ဒာ ဘယ်မှာလဲဟေ့။ ငါတို့ကို မိန်းကလေးတွေ ရှာပေးရမယ်လို့ အယ်လက်ဇန္ဒာကိုပြောဟေ့။ ပျော်ပွဲဆိုတာ ပျော်ရမှကောင်းတာကွ''ဟု မီဇိုယန်က ထပ်၍ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



အယ်လက်ဇန္ဒာက ကပွဲဆောင်သို့ ဝင်လာပြီးလျှင်၊ "နှစ်ယောက်စလုံးကို အိပ်ခန်းထဲမှာထည့်ပြီး သော့ခတ်ထားလိုက်ပြီ။ ဒီတစ်ခါတော့ နီနာ ထွက်မပြေးနိုင်တော့ပါဘူး" ဟုပြောသည်။

မီဗိုယန်က အယ်လက်ဇန္ဒာဆီသို့ သုတ်သီးသုတ်ပျာသွားပြီးလျှင် "ဒီမှာ အယ်လက်ဇန္ဒာ ဟိုဟာအတွက် ဘယ်လိုလဲ၊ သင် သိတယ်မဟုတ်လား" ဟုပြောသည်။

"ငါ ဘယ်ရှာတတ်မှာလည်း ငါက သင်တို့မြို့မှာဆိုရင် ညှို့သည်ပဲ"

ထိုအခိုက်တွင် နိုဗိကောက်က မျက်စိပျက်ပျက် မျက်နှာပျက်ပျက်နှင့် ဝရန်တာပေါက်မှ ဝင်လာသည်။

"ဟော့ ကျောင်းအုပ်ကြီးလာဟေ့" ဟု ဗေရီးယားက အော်၍ခေါ်သည်။

နိုဗိကောက်က ဗေရီးယားအနားသို့ကပ်ပြီး "အရေးကြီးတဲ့ကိစ္စ သင့်ကို ငါ ပြောချင်တယ်။ ဂလူယှက်က အကုန်လုံးဖော်ကုန်ပြီ။ ဂိုရင် မူးနေလို့ ဘာမှသတိမရရင်တော့ တော်ပါသေးရဲ့" ဟု တိုးတိုးကလေးပြောသည်။

"ဒီလိုဖြစ်လိမ့်မယ်လို့ ငါ ထင်တယ်။ ဒီပညာတတ်တွေကို ပါးစပ်ဟတာနဲ့ အူဘယ်နှစ်ခွေရှိတယ်ဆိုတာ ငါသိတယ်။ ဒါပေမယ့် ဘာမှမပူပါနဲ့။ အခုဆိုတော့ အရေးမကြီးတော့ပါဘူး" ဟု ဗေရီးယားက ပြောသည်။

ဗေရီးယားက နိုဗိကောက်ကို မျက်စပစ်ပြီး သေရည်ယစ်များဆီသို့ ခေါ်သွားပြီးလျှင် "ဒီမယ် ကျောင်းအုပ်ကြီး ဒီငနဲတွေက မိန်းမလိုချင်တယ်ပြောတယ်။ ဘယ်မယ်ရနိုင်မလဲ အကြံပေးစမ်းပါဦး" ဟု ပြောသည်။

နိုဗိကောက်မှာ ခေါင်းရှုပ်၍သွားသည်။ ပြီးလျှင် နိုဗိကောက်က "ဒီနားက ကောက်ဆက်ရွာထဲမှာတော့ ရချင်ရမှာပေါ့" ဟု ပြောသည်။

"တောသူမတွေက သိပ်ညစ်ပတ်တယ်။ သူတို့ကို ဘယ်သူမှသဘောကျမှာမဟုတ်ဘူး"

ဗေရီးယားက သူ့ပေါင်ကိုပုတ်၍ "ငါ အကြံရပြီ။ ဗလေးအကသင်ကျောင်းက ကျောင်းသူမတွေအဆောင်ကိုသွားပြီး တို့စီးကြမယ်" ဟု ပြောသည်။

သေရည်ယစ်တို့သည် တစ်ခဏတာမျှ ဘာမျှမပြောဘဲ ငြိမ်နေပြီးမှ "ဒီအကြံ ဘယ်သူမှ သတိမရကြဘူးကွာ။ ဗေရီးယားဟာ တကယ်တော်တဲ့လူပဲ။ ကိုင်း ကိုယ့်ကားပေါ်ကိုယ်တက်ကြဟေ့" ဟု ပြောကြသည်။

ဗေရီးယားတို့လူစုသည် သေရည်နှင့်စားဖွယ်များတင်ထားသော အမိုးချထားသော ကားနှစ်စီးပေါ်သို့ တက်၍စီးကြသည်။ ကားမောင်းသမားများလည်း သေရည်မူးနေသဖြင့် သူများထက်ပို၍ ဗျာများနေကြသည်။ အကပညာသင် မိန်းကလေးများနေသော ကျောင်းဆောင်မှာ ရောက်စတောက်မြို့စွန်တွင်ရှိသည်။ ဗေရီးယားတို့လူစုသည် ကျောင်းဝင်းထဲသို့ ဟွန်းများကို အရမ်းတီးပြီးလျှင် ဆူညံစွာဟစ်အော်၍ ဝင်သွားကြသည်။ ဗေရီးယားက ဦးထုပ်ကိုကိုင်ကာ ဝှေ့ယမ်းပြီးလျှင် စစ်တိုက်နေသည့်ပမာ သူ့လူများကို အမိန့်ပေးသည်။



"ကျောင်းဆောင်ကို ဝိုင်းကြဟေ့" ဟု အမိန့်ပေးပြီးလျှင် သူ့ကားမောင်းသမားအား "ဟေ့ ဗန်ကာ သင် တံခါးပေါက်ကစောင့်နေ။ ဘယ်သူမှ အထွက်အဝင်မရှိစေနဲ့။ သင့်ခြောက်လုံးပြူးကို ထုတ်လိုက်။ ဒီနေရာမှာ မိုးလင်းထိအောင် သင်စောင့်ရမယ်" ဟု ဗေရီးယားက ပြောသည်။

"မိန်းကလေးများသည် ကြောက်အားလန့်အားနှင့် ကျောင်းဆောင်အဝင်ခန်းမကြီးထဲသို့ စုပြုံ၍ထွက်လာကြသည်။ ဗေရီးယားသည် ကုလားထိုင်တစ်ခုကိုတက်၍ နင်းမိပြီးလျှင် သူ့လက်ထဲက ဖြောင်းနင်းခါးပတ်ကြီးကိုရမ်း၍ "တစ်ယောက်မှ မလှုပ်ကြနဲ့။ လှုပ်တဲ့ခေါင်းထဲကို ငါ ကျည်ဆန်ပစ်သွင်းလိုက်မယ်။ သင်တို့အကုန်လုံးကို မိုးလင်းအထိ ဘဏ္ဍာတော်အဖြစ် သိမ်းလိုက်တယ်" ဟု ပြောသည်။

ယိုတ်ဗာကောက်အဖေ အယ်လက်ဇန္ဒာက "အေးအေးဆေးဆေး လုပ်စမ်းပါ ဗေရီးယားရဲ့။ ကောင်မလေးတွေ လန့်ပြီးသေကုန်လို့ အလကား ကောနေပါဦးမယ်" ဟုပြောသည်။

ထိုအခိုက်တွင် အရွယ်ကြီးကြီးမိန်းမကြီးတစ်ယောက်က အိပ်မှုန်စုံမွှားနှင့် ထလာပြီးလျှင် "ဟော့ ဘာဖြစ်ကြတာလဲ။ ဘာလို့ ဒါလောက် ဆူဆူညံညံ လုပ်နေရတာလဲ" ဟု တည်တည်ကြီးမေးသည်။ ထိုမိန်းမကြီးသည် သေရည်ယစ်များကို မြင်သောအခါ လက်ညှိုးဖြင့် ထိုး၍ "အခုချက်ချင်း ထွက်သွားကြ။ မသွားရင် ငါ စစ်တပ်ကိုတိုင်လိုက်မယ်" ဟု ပြောသည်။

ဗေရီးယားက အံကြိတ်ကြိတ်၍မိန်းမကြီးကို "သင် ဘယ်က ထွက်လာသလဲ" ဟု ငေါက်ပြီးလျှင် ဒူးရောက်ဘက်သို့ လှည့်၍ "ဟေ့ ဒူးရောက် ဒီကောင်မကြီးကို ကြိုးနဲ့တုပ်ပြီး ပစ္စည်းခန်းထဲမှာထည့်ပြီး ပိတ်ထားလိုက်" ဟု အမိန့်ပေးသည်။

ထို့နောက် မိန်းမကြီးကိုဖမ်း၍ ကြိုးနှင့်တုပ်ပြီးလျှင် ပါးစပ်ထဲတွင် အဝတ်စုတ်ဆို့ပြီး ပစ္စည်းခန်းထဲသို့ဆွဲသွင်းကြသည်။ ထိုအခါ ထိတ်လန့်၍နေကြသော အကသင်ကျောင်းသူမကလေးများသည် တံခါးပေါက်ဆီသို့ ပြုံ၍ပြေးကြရာ ကားမောင်းသမားများက ဝိုင်း၍လိုက်ကြသည်။ ဗေရီးယားသည် စစ်တိုက်သည့်ပမာ လက်ကိုဝှေ့ယမ်း၍ "တက်ကြဟေ့။ ငါ့နောက်လိုက်ခဲ့ကြ။ အခန်းထဲဝင်ကြ" ဟု အမိန့်ပေးသည်။ ပြီးလျှင် အပေါ်ထပ်သို့ ပြေး၍တက်သွားသည်။ မီဗိုယန်က ဝက်အော်အော်ပြီးလျှင် ပထမဆုံးတွေ့သော အခန်းထဲသို့ ဒလကြမ်း ပြေး၍ဝင်သွားရာ၊ မိန်းကလေးနှစ်ယောက်က ငယ်သံပါအောင်အော်ကြသည်။ ထို့နောက် ဗေရီးယားက အပေါ်ထပ်မှနေ၍ "သေရည်နဲ့ စားစရာယူခဲ့ဟေ့" ဟု အော်၍ ပြောသည်။

သူများနည်းတူ အူမြူးနေသော နိုဗိကောက်သည် ဒရိုနှင့်အတူ အခန်းတစ်ခုထဲသို့ဝင်ကြသည်။ ထိုအခန်းတွင်းရှိ ကျောင်းသူမ အပျိုပေါက်ကလေးနှစ်ယောက်မှာ ကြောက်ရွာလွန်း၍ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေကြသည်။ သူတို့နှစ်ယောက်မှာ စောင်ခြုံ၍ မျက်စိကလေးများကို ပေကလပ်ပေကလပ်လုပ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒရို့က ''စောင်ခြံုထဲကထွက်ကြပါ သူငယ်မတို့။ ငါတို့ ပျော်ပွဲစားကြရအောင်'' ဟု လေချိုသွေး၍ပြောသည်။

နီဗိုကောက်က မျက်လုံးပြူးပြူးနှင့် သူငယ်မလေးအနားသို့သွားပြီးလျှင် စောင်ကိုဆွဲလှန်လိုက်သည်။ သူငယ်မကလေးက အမယ်လေးတပြီးလျှင် နီဗိုကောက်က ဓားနှင့် ဗိုက်ကို ထောက်ဘိသည့်ပမာ သူ့ဗိုက်ကလေးကို လက်နှင့်ဖိ၍ထားသည်။ ပြီးလျှင် သူငယ်မကလေးက အသံထွက်အောင်ပြော၍မရသဖြင့် ခေါင်းကလေးကို မော့ပြီးလျှင် အသနားခံဟန်ဖြင့် ကြည့်နေသည်။ နီဗိုကောက်သည် လက်ထဲတွင်စောင်ကို ကိုင်ထားပြီးလျှင် တစ်ခဏတာမျှ စကားမပြောနိုင်ဘဲ တွေ၍ကြည့်နေသည်။ သူငယ်မကလေးသည် အင်မတန်ချောသဖြင့် သူ့စိတ်ထဲတွင် နီနာကို သွား၍သတိရသည်။ ပြီးလျှင် ''ဒါမှပိုကောင်းတာပေါ့''ဟု အောက်မေ့ကာ ရယ်လိုက်သည်။ သူ့ရယ်သံကို ကြားသောအခါ သူငယ်မကလေးမှာ ပို၍ ကြောက်ဒူးတုန်သွားသည်။

ထိုအခိုက်တွင် ဒရို့သည် စားဖွယ်များကို စားပွဲခုံပေါ်သို့ တင်လိုက်ပြီးလျှင် ''ဗေရီးယားအကြံဟာ ကောင်းတယ်။ ဒီကိုလာတာ သိပ်နေရာကျတာပဲ။ ကောင်မလေးတွေကလည်း အကုန်လုံးလက်ရွေးစင်ချည်းပဲ။ ကိုင်း ဘယ့်နှယ်လဲဟေ့။ မျက်ခုံးမည်းကလေးရဲ့ မျက်လုံး ပေကလပ် ပေကလပ် လုပ်နေတာကို ရပ်လိုက်ပါတော့။ လာပါ ငါ့ပေါင်ပေါ်မှာ ထိုင်လှည့်ပါ။ မကြောက်ပါနဲ့။ ငါတို့နှစ်ယောက်က အခွန်တော်ကောက်တဲ့သဘောမျိုးနဲ့ လာတာပါ။ သင်တို့ကို အစိုးရက ထာဝစဉ်ကျွေးမွေးကြည့်ရှုထားတယ်မဟုတ်လား။ ဒီတော့ သင်တို့ ဘက်က ဘာပေးနိုင်မယ်ဆိုတာကိုသိရအောင် ငါတို့လာတာပါ''ဟုပြောသည်။

***

အခန်း(၁၉)

ယိုတ်ဗာကောက်သည် မှန်တင်ခုံဘေးတွင်မှီ၍ မျက်စိမှိတ်ပြီး နီနာအလာကို စောင့်နေသည်။ တံခါးဖွင့်သံကြားလိုက်သည်နှင့် တစ်ပြိုင်နက် မျက်စိများကို ဖွင့်လိုက်ပြီးလျှင် နီနာကို ကမူးရှူးထိုး ပြေး၍ဖက်သည်။ ယိုတ်ဗာကောက်သည် တစ်ကိုယ်လုံး တုန်နေပြီးလျှင် နီနာအား ပခုံးနှစ်ဖက်ကိုကိုင်၍ အိပ်ရာပေါ်သို့ ပစ်လှဲလိုက်သည်။

နီနာမှာ ထိတ်လန့်နေ၍ ငြင်းဆန်ရကောင်းမှန်းမသိဘဲ မလှုပ်မယှက်ခံနေသည်။ ယိုတ်ဗာကောက်က သူ့ကို အပိုင်းပိုင်းအစစဖြစ်အောင် ဆွဲဖုံ့ပစ်လိမ့်မည်ဟု နီနာစိတ်ထဲက ထင်သည်။ ယိုတ်ဗာကောက်သည် နီနာ၏အင်္ကျီကို ဆွဲဆုတ်ပြီးလျှင် ဇာဘော်လီကိုအနံ့အပြား လျှောက်၍နမ်းသည်။ ပြီးလျှင် အဓိပ္ပာယ်မရှိဘဲ ညစ်ညစ်ပတ်ပတ်တိုင်းထွာသည်။ နီနာက ရှက်သဖြင့် မျက်စိများကိုမှိတ်ထားပြီးလျှင် ကျယ်လောင်စွာငိုသည်။



ယိုတ်ဗာကောက်သည် အာသာပြေသွားသဖြင့် အိပ်ရာတစ်ဖက်စွန်းသို့ လှိမ့်၍သွားပြီးလျှင် အိပ်ပျော်သွားသည်။ နီနာမှာ ဒူးတုန်မပြေသေးဘဲ သူ၏စုတ်ပြတ်ကြေမွနေသော အဝတ်များကိုချုတ်၍ အိပ်ရာနံဘေးတွင် ကျုံ့ကျုံ့ကလေးအိပ်နေသည်။ အိပ်ပျော်နေရင်းနှင့် ယိုတ်ဗာကောက်က နီနာပေါ်သို့လှမ်း၍ ပေါင်တင်လိုက်သောအခါ နီနာက ဖယ်၍မပစ် နီနာမှာ အဆုံးစွန်သောအဖြစ်သို့ ရောက်၍နေပြီ။

***

## အပိုင်း-၈

### အခန်း(၁)

''အချက်ပေးစကား ဘာလဲ''

''ဂလန့်''

တံခါးစောင့်စစ်သားက ဝင်းတံခါးကြီးကို ဖွင့်ပေးလိုက်သည်။ ဒရို့နှင့် နီဗိုကောက်တို့ စစ်သားများနှင့် စီး၍လာသောထရပ်ကားကြီးသည် ဝင်းထဲသို့ဝင်သွားသည်။

ထိုနေ့မှာ ဆူဆူညံညံနှင့် ပြီးသွားသည့် နီနာတို့မင်္ဂလာဆောင်အပြီး သုံးရက်မြောက်သော ဗုဒ္ဓဟူးနေ့ဖြစ်သည်။ ဒရို့နှင့်နီဗိုကောက်တို့သည် ဗေရီးယားတို့၏ တံခါးပိတ်အစည်းအဝေးဆုံးဖြတ်ချက် အစီအစဉ်အရ လာကြခြင်းဖြစ်သည်။ ဗေရီးယားမှာ အစည်းအဝေးပြီးသည့်နေ့ကပင် မော်စကိုမြို့သို့ထွက်သွားသည်။ ဒရို့မှာ စစ်ဝတ်စစ်စားကို သပ်ရပ်စွာဝတ်ထားသည်။ သူ၏ မျက်စိများတွင် စော်ကားဟန်သမ်းလျက်ရှိသော်လည်း သူ၏ပြင်ပအသွင်အပြင်မှာ တည်ငြိမ်သောအခြင်းအရာကို ပြလျက်ရှိသည်။ နီဗိုကောက်မှာ မှုန်တေတေ ဖြစ်နေသည်။ ဗေရီးယားနှင့် (အချိန်အကြာကြီး တံခါးပိတ်စည်းဝေးပြီး သည့်နောက်) နီဗိုကောက်သည် တစ်ညလုံးအိပ်မပျော်။ သူ၏ မျက်နှာတွင် မောပန်းနေသော အခြင်းအရာများ ပေါ်၍နေသော်လည်း သူ၏အတွင်း သန္တာန်၌မူကား မောင်းတင်ထားသော သေနတ်ပမာ အမြဲသတိထားလျက်ရှိသည်။

ဆင်ဝင်အနီးသို့ရောက်၍ ထရပ်ကားကို ရပ်လိုက်သောအခါ ဒရို့က နီဗိုကောက်ကို တစ်တောင်နှင့်တွတ်၍ ''ဒီခွေးမသားတွေ အိမ်က သိပ်ကောင်းတာပဲ''ဟု ပြောသည်။ ဒရို့အဖို့တွင် ဂိုရင်၏အိမ်ကို ဤအကြိမ် ပထမမြင်ဖူးခြင်းဖြစ်သည်။ နီဗိုကောက်က နာရီကိုကြည့်၍ နံနက် ၉ နာရီသာရှိသေးသည်ကို မြင်သောအခါ မင်္ဂလာဆောင်တွင် အပျော်ကြူးခဲ့သောအရှိန်နှင့် ဂိုရင်မှာ အိပ်ရာထဲတွင် လှဲ၍နေလိမ့်ဦးမည်သာဖြစ်သည်ကို သိသည်။ လူဗာက ထိတ်ထိတ်လန့်လန့်နှင့် ဒရို့နှင့်နီဗိုကောက်တို့ကို ထွက်၍ကြိုသည်။ နီဗိုကောက်ကိုမြင်သောအခါ လူဗာသည် မျက်မှောင်ကြုတ်၍

www.burmeseclassic.com

www.burmeseclassic.com



သွားပြီးလျှင် လက်နက်အများကြီး ကိုင်ဆောင်လာသော စစ်သားများကိုမြင်လိုက်သောအခါ ထိတ်လန့်၍သွားသည်။

ဒရို့က ပြေပြစ်စွာဖြင့် ''ငါဟာ ပထမတန်းစား နိုင်ငံတော်လုံခြုံရေးဝန်ဒရိုပါ။ သင့်ခင်ပွန်းကို ပြည်သူ့ရန်သူများက သတ်လိမ့်မယ်လို့ သတင်းရတာနဲ့ စောင့်ရှောက်ပေးဖို့ ဒီစစ်သားများကို ခေါ်လာပါတယ်။ ဘာမှ စိတ်မပူပါနဲ့။ အားလုံး စည်းကမ်းတကျ ရှိပါတယ်။ အသေးစိတ်အကြောင်းများကိုတော့ အိမ်ထဲကျမှ ငါ ပြောပြပါမယ်။ ရဲဘော်ကိုရင်ကို ငါတို့ တွေ့ပါရစေ''ဟုပြောသည်။

''ကိုရင်နေမကောင်းလို့ အိပ်ရာထဲက မထနိုင်ပါဘူး''ဟု လူဇာက မပြောချင် ပြောချင်နှင့်ပြောသည်။ လူဇာက ဒရို့အပေါ်တွင် အယုံအကြည်မရှိသည်မှာ ထင်ရှားသည်။

''တစ်မိနစ်လောက်ပဲ တွေ့ရရင်တော်ပါပြီ''ဟု ဒရို့က ဦးထုပ်ကိုကိုင်ကာ အလေးပြုပြီး ပြုံးပြုံးကြီးပြောသည်။

ထိုအခိုက်တွင် ချိပ်ရောက်မှာ ကိုရင်၏အခန်းဝတွင် အစောင့်ကျလျက်ရှိသည်။ ချိပ်ရောက်သည် နီဗိကောက်နှင့် သူစိမ်းတစ်ယောက်ကို မြင်သောအခါ သူ့လက်ထဲတွင် ကိုင်ထားသော အမဲလိုက်သေနတ်ကြီးနှင့်ချိန်၍ နီဗိကောက်တို့ဆီသို့သွားသည်။ သူ၏ မျက်ခုံးမွေးထူကြီးများသည် ကြောက်ခမန်းလိလိ ဆတ်ဆတ် ဆတ်ဆတ်နှင့် တုန်၍ နေပြီးလျှင် သူ၏မျက်လုံးကြီးများကလည်း မဖိတ်ဘဲနှင့်ရောက်လာသော ဧည့်သည်များကို စားမလို ဝါးမလိုကြည့်နေသည်။

''ချိပ်ရောက် ဒီဧည့်သည်တွေဟာ တို့အိမ်မှာ အစောင့်စစ်သားများ ချထားဖို့ ကိစ္စနဲ့လာကြတာပါ။ ဝင်ပါစေ''ဟု လူဇာကပြောသည်။

''ဘာအစောင့်စစ်သားချရမှာလဲ''ဟု ငေါက်ဆတ်ဆတ်ပြောပြီးလျှင် ချိပ်ရောက်က တံခါးဝမှ ပိတ်ထားသည်။ သူ့သေနတ်ပြောင်းဝက ဒရို့၏ဗိုက်ကို သွား၍ထောက်နေသည်။ ဒရို့က ကပျာကယာသေနတ်ပြောင်းကို ဖယ်ပစ်လိုက်ပြီးလျှင် ချိပ်ရောက်၏ပခုံးကို လက်နှင့်ထိုးပြီး ချိပ်ရောက်ကို အစိမ်းလိုက်ဝါးစားမည့် အကြည့်မျိုးနှင့်ကြည့်၍ ''ဒီကောင်က ဘယ်ဆက်ကပ်ထဲက လူပျက်လဲ၊ ဒင်းနဲ့ ဘယ်လို ဆိုင်လို့လဲ''ဟုမေးသည်။

''သူက ကိုရင်ရဲ့ မိတ်ဆွေဟောင်းကြီးပါ။ အဘိုးကြီးက အပြောမတတ်ပါဘူး။ ဒါပေမယ့် သဘောတော့ကောင်းပါတယ်''ဟု နီဗိကောက်က ဝင်၍ဖြေသည်။

ချိပ်ရောက်က ''တွေ့ကရာတွေကို ဝင်ခွင့်ပြုဖို့မကောင်းဘူး လူဇာ။ ငါတို့ ဆရာဝန်ကို ယုံမိတဲ့အတွက်လဲ ပါဗယ်ကို ဒီဆရာဝန်ကပဲ သတ်သွားတယ် မဟုတ်လား'' ဟု ပြောသည်။

''တိတ်တိတ်နေစမ်းပါ ချိပ်ရောက်''ဟုပြောပြီးလျှင် လူဇာက ကိုရင်၏ အခန်းတံခါးကိုခေါက်သည်။



အခန်းထဲသို့ ရောက်သောအခါ ဒရို့က ကိုရင်ကို အိမ်အပြင်သို့ လုံးလုံးမထွက်ရန် ပြောသည်။ ကိုရင်က အိပ်ချင်မပြေပြဟန်ဖြင့် မျက်စိကို မပွင့်တပွင့်ဖွင့်ပြီးလျှင် ''ငါ့အဖို့ကတော့ ဘာမှမထူးပါဘူး။ ငါဟာ တနင်္ဂနွေတစ်ပတ်လုံးလုံး အိပ်ရာထဲက ထနိုင်စရာလည်းမရှိပါဘူး''ဟုပြောသည်။ ကိုရင့်မျက်နှာကို ကြည့်ရသည်မှာ အပြင်းအထန် ခေါင်းကိုက်နေပုံရသည်။

''ဒီလိုဆိုရင် သိပ်ကောင်းပါတယ်။ တနင်္ဂနွေတစ်ပတ်လောက်ဆိုရင် သင့်ဝေဒနာရော ငါတို့စိတ်ပူရတာရော အကုန်လုံး အေးသွားပါလိမ့်မယ်''ဟု ဒရို့က ရိုသာစွာပြောသည်။ ဒရို့၏မျက်နှာသည် ချစ်ခင်စဖွယ်ရှိသည်။ သို့ရာတွင် သူ၏မျက်စိ၏နက်ရှိုင်းသော အောက်ခြေတွင်မူကား ယုတ်မာရက်စက်သော အခြင်းအရာများ ပေါ်လျက်ရှိသည်။ ထိုအခြင်းအရာကို လူဇာသတိပြုမိပြီးလျှင် နီဗိကောက်နှင့်ဒရို့တို့ကို ပထမမြင်လိုက်ရသည့် အချိန်ကစ၍ စိတ်အလေးကြီးလေးနေသည်။ လူဇာသည် ကိုရင်၏ အိပ်ရာဘေးမှနေ၍ မျက်မှောင်ကြုတ်ကာ ကြည့်နေသည်။ ကိုရင်မှာ မမာသည့်အတွက် မျက်တွင်းကြီးလက်တစ်နှိုက်လောက်နှင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည်။ ကိုရင်သည် သူ့အနီးတွင်ရှိသည့် အရာများကို ဘာမျှဂရုမပြုဘဲ ကောင်းကင်တွင် တအိအိရွေ့နေသော တိမ်တိုက်များကိုသာ လှမ်း၍ကြည့်နေသည်။

ကိုရင် အများကြီးပိန်ကျုံ၍သွားသည်ကိုတွေ့ရသဖြင့် နီဗိကောက်မှာ ကြက်သီးပင် ထသွားသည်။ သို့ရာတွင် သူ့အဖို့မှာ ကိုရင် ဘယ်လိုနေနေမထူး။ စင်စစ်ဆိုသော် နီဗိကောက်သည် ကိုရင့်အပေါ်တွင် အကြောင်းမယ့် မနှစ်မြို့သောစိတ်ပင် ပေါ်လျက်ရှိသည်။

''ဂလူယက် ဘယ်မှာလဲဟေ့ လူဇာရေ။ နီနာတို့မင်္ဂလာဆောင်ပြီးကတည်းက သူ့ကို ငါ တစ်ခါတည်းမတွေ့ရပါလား''ဟု ကိုရင်က ပြောသည်။

လူဇာက ထိတ်လန့်သောအမူအရာဖြင့် ''အဲဒီနေ့ကစပြီး ဂလူယက်တို့ ဒီအိမ်ကို ပြန်မလာကြဘူး။ ဒါနဲ့ အရင်က သူတို့နေတဲ့အခန်းကို ငါ သွားကြည့်တော့ လည်း ဘယ်သူမှမတွေ့ရဘူး''ဟုပြောသည်။ ပြီးလျှင် လူဇာက

''ပညာကျော်ဂလူယက်ကို သင် မတွေ့ဘူးလား''ဟု နီဗိကောက်ကို မေးသည်။

နီဗိကောက်က ခေါင်းခါ၍ပြသည်။ ဂလူယက်ကို နီဗိကောက်မတွေ့ခြင်းမှာ မှန်သည်။ သို့ရာတွင် ဂလူယက် ဘယ်လိုဖြစ်သွားသည်ကိုမူ နီဗိကောက်သိသည်။ တနင်္လာနေ့ကပင် ဂလူယက်တို့လင်မယားကို ဗေရီးယား၏အမိန့်အရ ဖမ်း၍ မော်စကိုထောင်သို့ ပို့လိုက်သည်။ သူတို့နှင့် တစ်ချိန်တည်းပင် ဂလူယက်၏ယောက်ဖလည်း အဖမ်းခံရသည်။ ဤအကြောင်းများကို ဗေရီးယားကိုယ်တိုင်က နီဗိကောက်ကို ပြောပြသည်။

ကိုရင်နှင့် စကားပြောပြီးသောအခါ ဒရို့က အစောင့်စစ်သားများကို ''ဒီအိမ်က လူတွေ ဘယ်သူမှ ဝင်းအပြင်မထွက်စေနဲ့။ လူဇာတစ်ယောက်တော့ ထွက်ချင်ထွက်ပါ

www.burmeseclassic.com

www.burmeseclassic.com



စေ။ ဟိုဗျစ်တောက်ဗျစ်တောက်ကောင်ကြီး ချိပ်ရောက်ကို အထူးသတိထားပြီး ကြည့်ကြ။ ဒီကောင်ကြီးဟာ နည်းနည်းမှစိတ်မချရဘူး။ အသက်ကြီးပေမယ့် အားကြီးပါးတယ်''ဟု မှာသည်။ အစောင့်စစ်သားများကို အုပ်ချုပ်သော ဗိုလ်ကလေး၏ခါးတွင် ယမ်းတောင့်ခါးပတ်ကတစ်ခု၊ ခြောက်လုံးပြူးခါးပတ်တစ်ခု၊ မြေပုံခါးပတ်တစ်ခု၊ လေချွန်စရာခါးပတ်တစ်ခုနှင့် မိန်းကလေးများကို ဖျက်စီးရန် ကိရိယာအပြည့်အစုံရှိသည်။

❋ ❋ ❋

## အခန်း(၂)

ထို့နောက် ဒရို့သည် ဥယျာဉ်စောင့် အိုးသူကြီးမှူးနှင့်တကွ အခြားအိုးသူကြီး အားလုံး အိမ်ရှိလူကုန်ကို တန်းစီခိုင်းသည်။ အားလုံးမှာ ပြူးတူးကြောင်ဖြစ်ကာ ထိတ်လန့်နေကြပြီးလျှင် ကြောက်စရာကောင်းသော ဒရို့၏စစ်ပုံစံဝတ်စုံ၊ စစ်ဗိုလ်ကလေး၏ခါးမှ ခါးပတ်မျိုးစုံ၊ သူတို့သိပြီးဖြစ်သော်လည်း အကဲခတ်ရခက်သော နိုဗိကောက်၏ မျက်နှာ ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြည့်နေကြသည်။

''ဘယ်မလဲ ဂိုရင်ရဲ့ အတွင်းရေးမှူး''ဟု ဒရို့ကမေး၍ အတွင်းရေးမှူး ထွက်လာသောအခါ သူ့ကိုလည်း အခြားအစေခံများနှင့်ရော၍ တန်းစီခိုင်းသည်။

ပြီးလျှင် ဒရို့သည် တန်းစီနေသူများ၏မျက်နှာကို တစ်ယောက်ပြီးတစ်ယောက် ခေါက်တုံ့ခေါက်ပြန်လျှောက်ကြည့်ကာ ပါးစပ်ကလည်း ဘာပြောမှန်းမသိဘဲ တတွတ်တွတ်ပြော၍နေသည်။ နောက်ဆုံးတွင် ဒရို့က ''သတိချပ်ကြ နိုင်ငံသားတို့။ အခုအချိန်ကစပြီး သင်တို့အားလုံးဟာ ဘယ်သူမှ ဒီဝင်းအပြင်ကို မထွက်ကြရဘူး။ ဝင်းအပြင်ဘက် ခြေလှမ်းရောက်သွားတာနဲ့ တစ်ပြိုင်နက် ပစ်သတ်လိုက်မယ်။ ဒါကြောင့် သင်တို့အားလုံး မဆူကြ မပူကြဖို့နဲ့ ငြိမ်ငြိမ်ဆိတ်ဆိတ်နေကြဖို့ ငါက အကြံပေးချင်တယ်။ ဆူစရာပူစရာအကြောင်းလည်း ဘာမှမရှိဘူး။ သင်တို့ ချက်ပြုတ် စားသောက်ဖို့ လိုသမျှကို အစောင့်စစ်သားများက ယူပေးလိမ့်မယ်။ မြို့ထဲမှာ ရည်းစားရှိတဲ့လူများလည်း အခုအတောအတွင်းမှာ ရည်းစားနဲ့ တွေ့ဖို့ကို ဆိုင်းထားလိုက်ကြ။ သင်တို့ကို ငါတို့ ဘယ်လိုမှ လုပ်မှာမဟုတ်ဘူး။ ရည်းစားနဲ့ မတွေ့ရတော့ မသေနိုင်ပါဘူး'' ဟုပြောသည်။ ဒရို့က ထိုသို့ပြောလိုက်သောအခါ စစ်ဗိုလ်ကလေးက သွားကြီးဖြဲ၍နေသည်။ ပြီးလျှင် ဒရို့က ဆက်၍ ''သင်တို့အပြင်ကို စာလည်း မရေးရဘူး။ စကားပြောကြေးနန်းနဲ့လည်း စကားမပြောရဘူး''ဟုပြောသည်။ ထို့နောက် စစ်ဗိုလ်ကလေးဘက်သို့ လှည့်၍ ''ဒီမှာရဲဘော်ကလေး အိမ်အဝင်ခန်းထဲက စကားပြောကြေးနန်းကို သွားယူပြီး ရဲဘော်နိုဗိကောက်အခန်းထဲမှာ ထားလိုက်။ ဒီပြင်ကြေးနန်းကြိုးတွေ အကုန်ဖြတ်လိုက်။ အခုချက်ချင်းသွားလုပ်''ဟု အမိန့်ပေးသည်။

''ကောင်းပါပြီ''ဟုပြောပြီးလျှင် ဗိုလ်ကလေးသည် ခါးပတ်သံတကျွိကျွိနှင့် ထွက်သွားသည်။



ထို့နောက် ဒရို့က တန်းစီနေသူများကိုဆက်၍ ''ရဲဘော်နိုဗိကောက်ဟာ သင်တို့ရဲ့ အကြီးအကဲပဲ။ သင်တို့လိုချင်တာရှိလျှင် နိုဗိကောက်ကိုဖြစ်ဖြစ်၊ စစ်ဗိုလ်ကလေးကိုဖြစ်ဖြစ်ပြော။ စစ်သားတွေကို ဘာစကားမှ သွားမပြောနဲ့ ကြားလား။ သင်တို့မေးချင်တာရှိရင် မေးနိုင်တယ်''ဟုပြောပြန်သည်။

''နေပါဦး ဘယ်လိုဖြစ်တာလဲ''

''စည်းကမ်းက ကြပ်လှချည်လား''

''ဆွေမျိုးများကိုကော ငါတို့ သွားတွေ့ခွင့်မရှိဘူးလား''

''ဒီလိုဆိုတော့ မြို့ထဲကို တစ်နာရီ နှစ်နာရီကြာလောက်တောင် သွားခွင့်မရှိဘူးပေါ့''

ဒရို့က မျက်နှာကိုမဲ့၍ ''စကားရှည်မနေကြနဲ့။ ဒီကိစ္စဟာ ယာယီပဲ။ ဆယ်ရက် ဆယ့်ငါးရက်လောက်ရှိရင် အားလုံးကို အရင်အခြေအနေအတိုင်း ပြန်ဖြစ်သွားမယ်။ အခုလို လုပ်ရတာဟာ သင်တို့ကိုယ်တိုင်ရဲ့ လုံခြုံမှုအတွက် လုပ်ရတာ''ဟု ပြောသည်။

ဒရို့က ထိုသို့ပြောလိုက်သောအခါ ဂိုရင့်အိမ်သားများမှာ အနည်းငယ် စိတ်သက်သာရာရသွားကြသည်။ တစ်နည်းဆိုသော် ရင်လေးခြင်းကိုပျောက်၍ ကြံဖန်ကာ စိတ်သက်သာအောင် နေကြရသည်။

မျက်နှာတွင် သိသိသာသာကြီး သွေးဆုတ်၍နေသော ဥယျာဉ်စောင့်က သူ့မယားအား ''အမေရေ ငါတို့တော့ ကိစ္စချောပြီထင်ပါရဲ့''ဟု လေသံဖြင့်ပြောသည်။

တန်းစီနေသောသူများကို ပြန်လွှတ်လိုက်ပြီးသောအခါ ဒရို့က အတွင်းရေးမှူးကို ခေါ်၍ ''သင်နဲ့ငါနဲ့ စကားသွားပြောရအောင် သင့်အလုပ်ခန်း ဘယ်မှာလဲ'' ဟုပြောသည်။

အတွင်းရေးမှူးသည် ဆတ်ဆတ် ဆတ်ဆတ်တုန်နေသော သူ၏နှုတ်ခမ်းများကို သွားနှင့်ကိုက်ထားပြီး ဒရို့နှင့် နိုဗိကောက်ကို ဂိုရင်၏ အလုပ်ခန်းသို့ ခေါ်သွားသည်။ ''ထိုင်ပါ''ဟု ပြောပြီးလျှင် အတွင်းရေးမှူးက ကုလားထိုင် ထိုးပေးသည်။ သူကိုယ်တိုင်မူမထိုင်ဘဲနှင့် မျက်နှာရှုံ့သွေးကာပြူးနေသည်။ သို့ရာတွင် သူ့မျက်လုံးများမှာ ကြောက်လန့်ခြင်းများဖြင့် ဖုံးလျှက်ရှိသည်။

''ဂိုရင့်ဆီကို စာပေးတဲ့လူတွေ တော်တော်များသလား''ဟု ဒရို့က အတွင်းရေးမှူးကို ထိုင်ပါဟု လောကဝတ်မပြုဘဲမေးသည်။

''တော်တော်ပဲများပါတယ်။ အထူးသဖြင့် (ကြောက်စရာအိမ်ဘုရင်ပြဇာတ်) ရေးပြီးတဲ့နောက်မှာ များလာပါတယ်။ ပြီးတော့ သဘောမကျတဲ့လူတွေဆီကလည်း ပစ်စာတွေ အများကြီး တိုးလာပါတယ်။ ပစ်စာများကိုတော့ အများအားဖြင့် ဂိုရင်ကို ငါ မပြပါဘူး။ ပြရင် အလကား သူ့စိတ် အနှောင့်အယှက်ဖြစ်မှာ စိုးလို့ပါ''

''ဒါ့ထက် ဂိုရင့်ဆီကို ဧည့်သည်တွေ ခဏခဏလာကြသလား''

www.burmeseclassic.com

www.burmeseclassic.com



"ဧည့်သည်တွေဟာ ခဏခဏလည်းလာပါတယ်။ များလည်းများပါတယ်။ အလုပ်နေ့များမှာဆိုရင် တစ်နေ့တစ်နေ့ကို ဆယ်ယောက် ဆယ့်ငါးယောက်လောက် လာပါတယ်။ အလုပ်အားတဲ့နေ့များကျတော့ တစ်ရာလောက်အထိ ကိုယ်စားလှယ်အဖွဲ့တွေ လှုကိုန်လာကြပါတယ်။ ဒါပေမယ့် ဂိုရင်ကတော့ အကုန်လုံးကို လက်ခံစကားမပြောနိုင်ပါဘူး။ တစ်နေ့ကို နှစ်ယောက် သုံးယောက်လောက်ပဲ လက်ခံစကားပြောပြီး ကျန်တဲ့လူများတော့ ငါနဲ့ လွှဲပေးပါတယ်။ အဲဒီလူများကိုတော့ စိတ်ဆိုးမသွားကြအောင် ငါက ကြည့်ပြီးဧည့်ခံပါတယ်"

"ကောင်းပြီ၊ ဒီကနေ့ကစပြီးတော့ ဘယ်သူ့ကိုမှ ဧည့်မခံနဲ့တော့။ ဧည့်သည်တွေ လာလို့ရှိရင် သင်က ရဲဘော်ဂိုရင်မမာနေလို့ ဘယ်သူနဲ့မှ မတွေ့နိုင်ဘူးလို့ ကြည့်ပြီးပြောလိုက်"

"ဒါကတော့ ဟုတ်ပါပြီ။ အကယ်၍ တကယ်လို့ ဂိုရင်ကိုယ်တိုင်က ဧည့်သည်များကို တွေ့ချင်တယ်ဆိုရင်ကော ဘယ့်နှယ်လုပ်ရမလဲ"

"အဲဒီလိုအခါမျိုးကျတော့ ရဲဘော်နိုဗိကောက်နဲ့ တိုင်ပင်ပြီးလုပ်။ နိုဗိကောက်က ဂိုရင်ကို ကြည့်ပြီးပြောလိမ့်မယ်။ ပြီးတော့ ဂိုရင်ဆီကိုပေးတဲ့စာများနဲ့ ပတ်သက်လို့တော့ အရင်ကလိုပဲ သင်က ကြည့်ပြီးပြန်၊ ဒါပေမယ့် တခြားက ရောက်သမျှစာရော ဒီကပြန်သမျှ စာရော စစ်ဆေးဖို့အတွက် နိုဗိကောက်ကို သင် ပြရမယ်"

"နားလည်ပါပြီ။ ဒါပေမယ့် နိုင်ငံခြားသားတွေနဲ့ ပတ်သက်တဲ့အခါမျိုးကျတော့ ဘယ်လိုလုပ်ရမလဲ"

"ဘယ်လိုနိုင်ငံခြားသားမျိုးတွေလဲ"

"နိုင်ငံခြားသားတွေကတော့ အမျိုးမျိုးပဲ။ ဥပမာ နိုင်ငံခြားသတင်းထောက်များ ဆိုပါတော့။ သူတို့တွေဟာ ရက်သတ္တပတ်တိုင်းလောက်ပဲ ဂိုရင်ဆီကိုလာလာပြီး မေးကြ မြန်းကြပါတယ်။ တကယ်လို့ ဂိုရင် မကျန်းမာနေလို့ ဘယ်သူ့မှ လက်ခံစကားမပြောနိုင်ဘူးလို့ ငါကပြောလိုက်ရင် သူတို့က သူတို့သတင်းစာတွေထဲမှာ ဘော်ရှီဗစ်တွေက ဂိုရင်ကို အကျဉ်းချကြပြီလို့ ရေးကြပါလိမ့်မယ်။ သူတို့အဖို့ ဒီလိုရေးတာ မခက်ပါဘူး"

ဒရိုသည် အတွင်းရေးမှူးကို သေသေချာချာကြည့်ပြီးလျှင် "သင်ကိုယ်တိုင်ကလည်း ဂိုရင်ဟာ အကျဉ်းကျနေပြီလို့ ထင်ချင်လည်း ထင်နေမှာပါ"ဟု ပြောသည်။

အတွင်းရေးမှူးမှာ ရုတ်တရက် ဘာကို ပြန်ပြောရမှန်းမသိဘဲ ဖြစ်သွားသည်။ ပြီးမှ "ငါက ဒီလိုမထင်ရပါဘူး။ ဒါပေမယ့် နိုင်ငံခြားသားတွေက ဟိုးလေးတစ်ကျော် သတင်းမျိုးကို သိပ်ကြိုက်ကြလို့ပြောတာပါ"ဟုပြောသည်။

"ဒါဖြင့်ကောင်းပြီ။ ဒီအကြောင်းကို ငါ စဉ်းစားဦးမယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ ရဲဘော်နိုဗိကောက်က သင့်ကို လိုအပ်သလို ညွှန်ကြားချက်ပေးလိမ့်မယ်။



အခုချက်ချင်း အရေးကြီးတာက အစစအရာရာမှာ လုပ်နေကျအတိုင်း ဆက်လုပ်ဖို့ပဲ။ ဒါပေမယ့် ဧည့်ခံပွဲတွေတော့ မလုပ်ရဘူး"ဟု ဒရိုကပြောသည်။

"နားလည်ပါပြီ"ဟု ပြောပြီးလျှင် အတွင်းရေးမှူးက "ငါ့ကို တစ်ခုမေးခွင့်ပြုပါ"ဟု လေးစားစွာ ဆက်၍ပြောသည်။

"မေး ဘာမေးချင်သလဲ"

"ရောက်စတောက်မြို့ထဲမှာ ငါ့ရည်းစားရှိပါတယ်။ သူ့စိတ်ပူနေမှာစိုးလို့ တနင်္ဂနွေ တစ်ပတ်တစ်ခါလောက် သူ့ဆီကို ငါ သွားချင်ပါတယ်"

"သင်တို့တန်းစီတုန်းက ငါပြောတာ သင် ကြားတယ်မဟုတ်လား။ အဲဒါဟာ အမိန့်ပဲ။ သင်တစ်ယောက်အတွက်ထူးပြီး အဲဒီအမိန့်ကို မပြင်နိုင်ဘူး" ဟု ဒရိုကပြောသည်။ ပြီးလျှင် ဒရိုသည် ရုတ်တရက် စိတ်ဆိုးလာပြီး "ဘာလို့ သင်က တုန်နေရတာလဲ။ သင့်ကို ဘယ်သူကမှ သတ်မပစ်ပါဘူး"ဟုထပ်၍ပြောသည်။

အတွင်းရေးမှူးသည် မျက်စိသူငယ်နှင့် ကုလားထိုင်နောက်မှီကို အားပြု၍ကိုင်ထားသည်။ သူ့ခြေထောက်များမှာ ခွေ၍ကျတော့မလိုဖြစ်နေသည်။ ပြီးလျှင် အတွင်းရေးမှူးက "ငါ့ကို အခွင့်လွှတ်ပါ။ မသိလို့ မေးမိတာပါ"ဟု ထစ်ထစ်ငေါ့ငေါ့နှင့်ပြောသည်။

ထို့နောက် ဒရိုနှင့်နိုဗိကောက်တို့သည် ဂိုရင်၏အလုပ်ခန်းမှ ထွက်သွားကြသည်။

"ကိုင်း ရဲဘော်နိုဗိကောက် သင်နေဖို့ ငါတို့ အခန်းကောင်းကောင်း သွားကြည့်ကြမယ်။ ဒီအိမ်မှာ သင် တစ်ရက်နှစ်ရက်တွင် နေရမှာမဟုတ်ဘူး" ဟု ဒရိုကပြောသည်။

ပြီးလျှင် နိုဗိကောက်နေဖို့အတွက် ဂိုရင်၏အိပ်ရာခန်းနှင့်ကပ်နေသော အခန်းကိုရွေး၍ ဒရိုက ထိုအခန်းကိုရွေးရတာက အခု ရုတ်တရက်ဖြစ်ကြောင်း လူဗာကို ပြောပြသည်။

"ညကျရင် ရဲဘော်ကျောင်းအုပ်ကြီးဟာ ဂိုရင်ရဲ့ခုတင်အောက် ဝင်အိပ်ဖို့ လိုချင်လည်းလိုမလား မပြောတတ်ဘူး"ဟု လူဗာက ငေါ့၍ပြောသည်။

ဒရိုက သူ့စေတနာကို ဝေဒနာလို့ အထင်ခံရသည့် မျက်နှာထားမျိုးဖြင့် "ငါတို့က သင်တို့အတွက် စိတ်ပူလို့ပါ"ဟုပြောသည်။

အခန်းထဲ၌ ဒရိုက နိုဗိကောက်ကို လက်ဆွဲနှုတ်ဆက်ပြီး "ဒါပဲလေ ရဲဘော်ကျောင်းအုပ်ကြီး။ အခုဟာ အစပဲရှိသေးတယ်လို့ ငါ တွေးမိတာပဲ"ဟု ပြောသည်။

"ဟုတ်ပါတယ်။ အခုဟာက အစပဲရှိပါသေးတယ်"ဟု နိုဗိကောက်က ရွှင်ပျခြင်း မရှိဘဲပြောသည်။

ဒရိုသည် နောက်ထပ် ဘာမျှမပြောဘဲ ဂိုရင့်အိမ်မှ ထွက်၍သွားသည်။

***

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃)

ချိပ်ရောက်သည် ပထမညဉ့်ပင် နိုး၍ အပြင်ကိုထွက်သည်။ နေမကောင်းဟန်ဆောင်၍ တစ်နေ့လုံး အိပ်ရာထဲတွင် အိပ်၍နေပြီးလျှင် ချိပ်ရောက်သည် မိုးချုပ်သောအခါ ပြတင်းပေါက်မှကျော်၍ ဥယျာဉ်ထဲသို့ဆင်းသွားသည်။ ချိပ်ရောက်သည် အသံဗလံကို နားတစွင့်စွင့်နှင့်ထောင်ပြီး လေးဘက်တွားရွှေ့သွားရာ နောက်ဆုံးတွင် မြစ်ဘက်ရှိ ရေချိုးအိမ်သို့ ရောက်သွားသည်။ ရေချိုးအိမ်မှတစ်ဆင့် လကို တိမ်ဖုံးနေခိုက်တွင် လှေတစ်စင်းကိုယူ၍ မြစ်ကိုကူးသည်။ ချိပ်ရောက်မှာ မြို့တွင်းသို့ရောက်အောင် သုံးနာရီမျှ လမ်းလျှောက်သွားရသည်။ မြို့တွင်းသို့ရောက်သောအခါ ပထမဆုံးတွေ့သော စာတိုက်ပုံးထဲသို့ နီနာထံ သူရေးထားသောစာကို ထည့်လိုက်သည်။ ထိုစာထဲတွင် ""သင် အမြန်ဆုံးလာပြီး ဂိုရင်ကို ကယ်လှည့်ပါ။ အိမ်ကို စစ်သားတွေဝိုင်းထားတယ်။ ဒါပေမယ့် သင် လာနိုင်အောင် ငါ စီစဉ်ပေးပါမယ်""ဟု ပါသည်။ ထို့ပြင် စစ်သားများမသိအောင် ဘယ်လိုလာရမည့်နည်းနှင့်တကွ သူနှင့်ဘယ်လိုလျှို့ဝှက်စွာ တွေ့ရမည့်အကြောင်းများကိုလည်း ချိပ်ရောက်စာထဲတွင် အကျယ်တဝင့်ဖော်ပြထားသည်။

ချိပ်ရောက်သည် သူ့စာကို စာတိုက်ပုံးထဲသို့ ထည့်ပြီးလျှင် မူလသွားနည်းအတိုင်း သူ့အိမ်ကို ပြန်လာသည်။ ပြီးလျှင် ပြတင်းပေါက်သို့ ဖိနပ်ချွတ်၍တက်ပြီးလျှင် သူ့အခန်းထဲသို့ဝင်သည်။ ချိပ်ရောက်သည် အစောင့်စစ်သားများမသိအောင် ကျင်လည်စွာခိုး၍ သွားနိုင်ပြန်နိုင်သည့်အတွက် ဝမ်းသာလျက်ရှိသည်။ သူ့အခန်းထဲတွင် လူဗာစောင့်၍နေသည်ကို တွေ့ရသောအခါ ချိပ်ရောက်မှာ အံတော်အကြံအိုက်သွားသည်။ နီနာ့ဆီသို့ စာထည့်လိုက်လျှင် နီနာကြောက်လန့်သွားမည်ကိုစိုးသဖြင့် လူဗာက သဘောတူမည် မဟုတ်သည်ကိုသိသဖြင့် ချိပ်ရောက်က ""ငါစုထားတဲ့ ငွေကလေးကို ဒီမှာထားရင် စိတ်မချလို့ မြို့ထဲ ငါသွားထားလိုက်တယ်""ဟု လူဗာကိုပြောသည်။

""ချိပ်ရောက် ငါဒါပဲပြောမယ်။ တို့အိမ်ကအကြောင်းကို နီနာကို သွားမပြောလေနဲ့။ ပြောလို့ ဘာမှအကျိုးရှိမှာလည်း မဟုတ်ဘူး။ တို့အတွက် သူ့အပေါ် စိတ်မညစ်စေနဲ့တော့ ဒါပဲကောင်းတယ် မဟုတ်လား""

လူဗာသည် အားရဝမ်းသာနှင့် ချိပ်ရောက်ကိုဖက်ပြီးလျှင် ""ချိပ်ရောက်ဟာ အသက်သေမှာလည်း ဘာမှ ကြောက်ရကောင်းမှန်းမသိဘဲကို""ဟု အောက်မေ့သည်။ ထိုအချိန်ကမှစ၍ ဂိုရင်နှင့်သူတို့သည် အားထားရမည့် မိတ်ဆွေကောင်းမရှိဘဲ အထီးထီးဖြစ်၍နေကြောင်းကို လူဗာ သဘောပေါက်လာသည်။ ရုရှပြည်တွင် သုံးနှစ်တာမျှ သူတို့နေကြသည့်အတွင်း၌ သူတို့ကို ဝိုင်း၍ကြည်ညိုနေကြသော အစိုးရအရာရှိများသည် ယခုအခါတွင် သူတို့အား မလှုပ်သာမယှက်သာအောင် ဝိုင်း၍ထားကြပြီး အစိုးရအရာရှိတို့၏ ကြည်ညိုခြင်းသည် တစ်ခဏချင်းနှင့် မုန်းတီးခြင်းအဖြစ်သို့ ပြောင်းသွားနိုင်သည့်အဖြစ်ကို လူဗာ အမြဲသိသည်သာဖြစ်သည်။



ဂိုရင်၏ ခမ်းနားကြီးကျယ်သော အိမ်ကြီးမှာ အိမ်တွင်းသို့ လူသေအလောင်းကြီးတစ်ခု ရောက်၍နေသကဲ့သို့ ဖြစ်နေသည်။ ထိုလူသေအလောင်းကြီးမှာ အခြားမဟုတ်။ ကြောက်လန့်ခြင်းပင်ဖြစ်သည်။ ကြောက်လန့်ခြင်းသည် တစ်အိမ်လုံးပျံ့နှံ့၍ လူတိုင်းလူတိုင်း၏ ဝိညာဉ်ထဲသို့ ထိုးဝင်လျက်ရှိသည်။ အိမ်သူအိမ်သားအားလုံးမှာ စိတ်အားငယ်လျက်ရှိကြပြီးလျှင် ဘယ်အချိန်တွင် ကြေကွဲဝမ်းနည်းဖွယ် ဇာတ်ကြီးဖြင့် ရင်ဆိုင်တိုးရတော့မည်နည်းဟု တထင့်ထင့်ဖြစ်၍နေကြသည်။ စင်စစ်သော်ကား ကြေကွဲဝမ်းနည်းဖွယ်ဇာတ်ကြီးသည်ကား ဖွင့်၍ပြီးနေပြီဖြစ်သည်။ ဂိုရင်တစ်ယောက်ကမူ ဘာမျှမရိပ်မိ။ ဂိုရင်၏ ကျန်းမာခြင်းကို ထိခိုက်မည်စိုးသဖြင့် လူဗာကလည်း သူစိတ်လေးနေသည့်အကြောင်းများကို ဂိုရင်ကို ဖွင့်၍မပြော။

နိုဗိကောက်မှာ ဂိုရင်ထံမှ ပေးသောစာ၊ ဂိုရင်ထံသို့ ရောက်သောစာများကို ကြည့်ရခြင်း၊ ဧည့်သည်များကိုစွကို ဖြေဖြတ်ရခြင်းဖြင့်သာ အလုပ်ရှုပ်၍နေသည်။ အိမ်ကို စောင့်ရှောက်ဖို့အလုပ်ကိုမူ နိုဗိကောက်က စစ်ဗိုလ်ကလေးကို လုံးဝလွှဲ၍ထားသည်။ အိမ်သူအိမ်သားအားလုံးကပင် နိုဗိကောက်ကို ကြောက်စရာကောင်းသော ဧတ်ဧည့်သည်ဟု သဘောထားကြသည်။ လူဗာသည် နိုဗိကောက်နှင့် အင်မတန်တွေ့ခဲသည်။ အကယ်၍ တွေ့ပြန်လျှင်လည်း မေးပြောခေါ်ထူးလောက်သာလုပ်သည်။ နိုဗိကောက်ကလည်း လူဗာကို အထူးပင် ဖော်ရွေခြင်းကင်းစွာဆက်ဆံသည်။ ဂိုရင်မှာ အတော်ကြီးရောဂါသက်သာလာသော်လည်း အိပ်ရာထဲမှ မထနိုင်သေး။ ဂိုရင် နေမကောင်းသည်နှင့် တစ်ပြိုင်နက် သူ့အတွက် တကယ်စိတ်ရှုပ်စရာကိစ္စများ ပေါ်လာမည့်အဖြစ်ကို နိုဗိကောက် သိသည်။

ရက်သတ္တတစ်ပတ်လောက်ကြာသောအခါ နိုဗိကောက်သည် သူ့ခါတိုင်းကဲ့သို့ပင် ဂိုရင်ထံ ရောက်လာသောစာများကို ဖတ်ကြည့်နေသည်။ ထိုအခိုက်တွင် တံခါးဖွင့်သံကြားသဖြင့် နိုဗိကောက် ခေါင်းထောင်ကြည့်လိုက်သည်။ နိုဗိကောက်သည် လန့်သွားသဖြင့် ထိုင်ရာမှ ဗြုန်းခနဲထလိုက်သည်။ နီနာသည် နိုဗိကောက်၏ ရင်ဘတ်ကို ခြောက်လုံးပူးနှင့် ချိန်ကာရပ်နေသည်။ ခြောက်လုံးပူးပြောင်းသည်၊ နီနာ၏ ဖြူရော်ရော်ဖြစ်နေသော မျက်နှာသည် တုန်၍နေသည်။ နီနာ၏ မျက်လုံးများမှာ ဒေါသမွှန်ကာမှေး၍နေသည်။

""လက်စသတ်တော့ နီနာပါလား""ဟု နိုဗိကောက်က လန့်လန့်နှင့်ပြောပြီးလျှင် နောက်သို့ဆုတ်လိုက်သည်။ ပြီးလျှင် ""နီနာ သင် ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာသလဲ""ဟု မေးသည်။

""ငါကလည်း သင် ဒီကို ဘယ်လိုလုပ်ပြီး ရောက်လာသလဲလို့ သင့်ကို မေးချင်တယ်။ သင် ငါ့အဖေအိမ်ကို ဘာလာလုပ်ရသလဲ""ဟု နီနာက မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်၏ မျက်နှာပုံးကိုစွပ်၍ နိုဗိကောက်၏အသံကိုဆောင်သော ဟန်ဆောင် နိုဗိကောက်က "ခြောက်လုံးပူးကြီးကို ချလိုက်ပါ နီနာ။ ဒါဟာ ကစားစရာ မဟုတ်ပါဘူး။ ဒီကိစ္စက ရှုးရှုးရှားရှားလုပ်ရမယ့်ကိစ္စလည်း မဟုတ်ပါဘူး။ ငါ့တာဝန်က ဂိုရင်ကို ကာကွယ်စောင့်ရှောက်ဖို့ပါ" ဟု တည်ကြည်စွာပြောသည်။

နီနာက ဒေါသဖြစ်ဖြစ်နှင့် နှုတ်ခမ်းများကိုရွဲပြီး "ဘာလိမ်နေတာလဲ။ သင် ငါ့အဖေကို သတ်ဖို့လာတာမဟုတ်လား။ ဘာရမလဲ တစ်ခါလည်း သူများကိုယုံမိလို့ ပါဗယ်သေရပြီ။ အခုတော့ ငါတို့နားလည်ပြီ ရဲဘော်ကျောင်းအုပ်ကြီး။ သင်ဟာ ဘယ်လိုလူစားမျိုးဆိုတာ ငါ သိပြီ။ သင့်ကို ငါ အရှင်မထားဘူး မလှုပ်နဲ့" ဟု ကြောက်စရာကောင်းလောက်အောင် တည်တည်ကြီးပြောသည်။ ပြီးလျှင် နီနာက ဆက်၍ "သင်သေသွားရင် အစိုးရက အကြောင်းပြပုံဟာ သိပ်စိတ်ဝင်စားစရာကောင်းမှာပဲ။ ပြည်နယ်အတွင်းရေးမှူးချုပ်ရဲ့ဇနီးက ကျောင်းအုပ်ကြီးကိုသတ်တယ်လို့ ပြောမှာမဟုတ်ဘူး။ ဘယ်နည်းနဲ့မှ ဒီလိုပြောမှာမဟုတ်ဘူး။ ပါဗယ်သေတုန်းက ပြောတာလိုပဲ သေသောက်လွန်ရောဂါနဲ့ သေတယ်လို့ပြောမှာပဲ" ဟု နီနာက ပြောသည်။

နီနာ ပြောနေစဉ်တွင် နိုဗိကောက်သည် နီနာ၏ခြောက်လုံးပူးကိုသာ ကြည့်နေသည်။ "မောင်းကိုဖြုတ်လိုက်တာနဲ့ တစ်ချက်တည်း ငါတော့ကိစ္စချောတော့မှာပဲ" ဟု နိုဗိကောက်သည် ကယောင်ချောက်ချားတွေးလျက်ရှိသည်။ စကားတစ်ခွန်းမှားရုံသို့မဟုတ် ယောင်၍လှုပ်လိုက်ရုံနှင့် သူ့အသက်သည် ကျည်ဆန်ဖျားတွင် ပါ၍သွားရတော့မည်။ "အင်း သူပြောတာလည်း မှန်တာပဲ။ ငါ့ကိုသတ်လို့ သူ့မှာ ဘာမှမဖြစ်နိုင်ဘူး။ ခက်တာပဲ ဘယ်လိုအခြေမျိုး ငါ ရောက်နေမှန်းမသိဘူး" ဟု နိုဗိကောက်စိတ်ထဲက တွေးမိသည်။ သူ့လက်ဖျားများမှာ အေး၍ချွေးအေးကြီးဖြင့် ရွှဲလျက်ရှိသည်။ နိုဗိကောက်သည် သူ၏ နှလုံးတွင်းမှ ဝရုန်းသုန်းကားဖြစ်နေသော သွေးတိုးသံကို နားထောင်ရင်းနှင့် လွှတ်ပေါက်ကို ရှာလျက်ရှိသည်။

နိုဗိကောက်သည် သူ့အသံတုန်၍မနေစေရန် သတိထားပြီးလျှင် "စဉ်းစားပါ နီနာ၊ တကယ်လို့ တစ်ယောက်ယောက်က ဂိုရင်ကိုသတ်ချင်ပြီပဲ ထားပါဦး။ အဲဒီလိုသတ်ဖို့ ငါ့ကို ခိုင်းပါ့မလား။ လက်မရွံ့တဲ့လူသတ်သမားတွေ အများကြီးရှိတာပဲ။ ငါ့လက်က ဒီလိုလူသတ်ဖို့ မရွံ့တဲ့အစားထဲက မဟုတ်ပါဘူး" ဟု ပြောပြီးလျှင် သူ့စိတ်ထဲက မရည်ရွယ်ဘဲနှင့် သူ့လက်ကို နီနာဆီသို့လှမ်းပြီး ပြလိုက်သည်။

"မလှုပ်နဲ့ နိုဗိကောက် မလှုပ်နဲ့" ဟု နီနာက သတိပေးသည်။

နိုဗိကောက်က သူ့လက်ကို ပြန်၍ရုတ်လိုက်သည်။ နီနာသည် ရုတ်တရက် သံမဏိအသွင်ဆောင်လာပြီး သေနတ်ကိုမြဲမြဲကိုင်၍ အံကြိတ်ကာ နိုဗိကောက်၏မျက်စိများကို စိုက်ကြည့်နေသည်။ နိုဗိကောက်သည် ကြက်သေသေ၍နေပြီ။ သူ့အသက်ချမ်းသာရေးအတွက်လည်း သံကုန်ဟစ်၍ ငိုချင်နေပြီ။ "ချမ်းသာပေးပါ" ဟု သူ့စိတ်ထဲကပြောချင်သော်လည်း သူ့ပါးစပ်က အသံမထွက်။ သူ့လက်များက ယောင်ယမ်းပြီး စားပွဲခုံကို



ကိုင်နေသည်။ အသက်လည်းမှန် အောင်မရှူနိုင်။ ဤနည်းဖြင့် နီနာနှင့် နိုဗိကောက်တို့ နှစ်ယောက်သည် အိပ်မက်မက်နေသူနှစ်ဦးပမာ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲငြိမ်၍နေကြသည်။ နိုဗိကောက်၏စိတ်ထဲတွင် "ပစ်ရင်လည်း မြန်မြန်ပစ်လိုက်ရောပေါ့။ ဘာလို့ အချိန်ဆွဲပြီး ညှဉ်းနေမှန်းမသိဘူး" ဟု ရုတ်တရက် အောက်မေ့မိသည်။

ထိုအခိုက်တွင် အပြင်ခပ်လှမ်းလှမ်းစင်္ကြံဆောင်ဘက်မှ "တကယ့်စက်ဆုပ်စရာပဲဟော့။ လူတွေ အကုန်လုံးဟာ ရူးကုန်ကြပြီလားမသိဘူး။ နိုဗိကောက် စောက်ရူးတစ်ကောင်ကော ဘယ်မလဲ" ဟု ဂိုရင်က မေးလိုက်သည့်အသံကို ကြားရသည်။ ဂိုရင့်အသံသည် တဖြည်းဖြည်းနီး၍လာသည်။ နီနာသည် ဂိုရင့် အသံကိုနားထောင်ရင်း တုန်၍လာသည်။ ထိုအခိုက်တွင်ပင် နီနာက သေနတ်မောင်းကိုဆွဲ၍ ဖြုတ်လိုက်သည်။ နီနာတုန်နေတုန်းကို အခွင့်ကောင်းယူ၍ နိုဗိကောက်သည် နီနာ့လက်ထဲက သေနတ်ကို ဖမ်း၍ဆွဲလိုက်သည်။ ကျည်ဆန်သည် ဘေးသို့ချော်သွားပြီးလျှင် သေနတ်မှာ နိုဗိကောက်လက်ထဲသို့ ရောက်သွားသည်။ နီနာသည် မပီမသအော်ပြီး ဆိုဖာပေါ်သို့ လဲကျသွားသည်။ နိုဗိကောက်သည် ဝဲထဲနစ်နေရာမှ လွတ်၍လာသူပမာ အသက်ကို အားရပါးရရှူပြီးလျှင် ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။ ထိုအခိုက်တွင် တံခါးဖွင့်၍ ဂိုရင် ဝင်လာသည်။ ဂိုရင်သည် စိတ်ဆိုးလွန်းအားကြီးသဖြင့် သူ့သမီးကိုပင်မမြင်။

"ဒါတွေဟာ ဘာသဘောတွေလဲ ရဲဘော်ကျောင်းအုပ်ကြီး၊ သင်က ငါ့အိမ်ကို ဘာကိစ္စနဲ့ရောက်နေရတာလဲ။ ဒီစစ်သားတွေကကော ဘယ်ကရောက်လာကြတာလဲ" ဟု ဂိုရင်ကမေးသည်။ ဂိုရင်မှာ လူတစ်ယောက်ကို အစိမ်းလိုက် ဝါးစားချင်လောက်အောင် စိတ်ဆိုး၍နေသည်။ ဂိုရင်က သူ့လက်ထဲတွင် ကိုင်လာသော တုတ်ကောက်နှင့် ဝက်စံခုန်ခုန်၍ နိုဗိကောက်ကိုရိုက်ရန် ရွယ်လိုက်သည်။ နိုဗိကောက်က ကုလားထိုင်ပေါ်ကကျုံ့၍ပေးလိုက်သည်။

"သင့်ကို ငါတို့ အကျိုးအကြောင်းပြောပြပြီးသားပါ။ အစောင့်စစ်သားတွေ တိုးချထားတာကလည်း သင့်အတွက် ပိုပြီးလုံလုံခြုံခြုံရှိအောင်လို့ပါ" ဟု နိုဗိကောက်က ထစ်ထစ်ငေါ့ငေါ့နှင့်ပြောသည်။

"ဒါဖြင့် ဘာလို့ စစ်ဗိုလ်လေးတစ်ယောက်က ငါ့အိမ်လာပြီး စစ်တန်းလျားလို အမိန့်ပေးနေရတာလဲ"

"ဒီကိစ္စကလည်း သင့်ကို ငါတို့ အကျယ်တဝင့်ရှင်းပြလို့ သင်ကိုယ်တိုင်က သဘောတူပြီးသားပါ။ သင် မေ့နေလို့ဖြစ်ပါလိမ့်မယ်"

"ဟုတ်တော့ဟုတ်တယ်။ ဒါပေမယ့် သင်တို့ဟာ အခုလို အရှုးချေးပန်း အလွန်အကြူးလုပ်လိမ့်မယ်လို့ ငါ မထင်မိဘူးပေါ့" ဟု ဂိုရင်ကပြောပြီးလျှင် သူ့စိတ်ထဲက တစ်စုံတစ်ခုကို ကွက်ကွက်ကွင်းကွင်း သတိရလာဟန်ဖြင့် နိုဗိကောက်ကို အားမလိုဝါးမလိုကြည့်ပြီးလျှင် "ကိုင်း ဒါတော့ထားပါတော့။ အနို့ ဒီအရှုးချေးပန်းကိစ္စအတွက် သင့်ကို အကြီးအကဲခန့်ရတာကတော့ ဘာလို့လဲ" ဟုမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗီကောက်က ဂိုရင်မေးသည်ကို မဖြေဘဲ ''စိတ်ချပါ ဂိုရင်၊ အခုအစီအစဉ်ဟာ ယာယီအစီအစဉ်ပါ။ နောက် တနင်္ဂနွေတစ်ပတ်ကြာရင် အကုန်လုံး ပိုနေမြဲကျားနေမြဲ အခြေကို ရောက်သွားပါလိမ့်မယ်''ဟု ပြောသည်။

''သူပြောတာမယုံနဲ့ အဖေ''ဟု နီနာက ဆိုဖာပေါ်မှ ထ၍ပြောသည်။ ဂိုရင်သည် နီနာဘက်သို့လှည့်၍ ကြည့်လိုက်ပြီး အံ့အားသင့်ကာ နောက်သို့တွန့်သွားသည်။

''သူပြောတာမယုံနဲ့ အဖေ''ဟု နီနာကမျက်ရည်များလည်၍ ငိုသံပါနှင့် ထပ်၍ ပြောသည်။ ပြီးလျှင် ''အခု အဖေ့ကို အကျဉ်းချထားတာကို အဖေမြင်ပြီ မဟုတ်လား အဖေ''ဟု ပြောရင်း ငိုပြီးလျှင် နီနာသည် သူ့အဖေ၏ရင်ဘတ်ကို ခေါင်းနှင့်ပြေး၍ ကပ်သည်။

''နီနာပြောတာ မှန်သလား''ဟု ဂိုရင်က ဣန္ဒြေကြီးနှင့်မေးသည်။ ဂိုရင်၏အသံမှာ ခါတိုင်းပြောနေကျအသံမျိုးနှင့်မတူ။

''မမှန်ပါဘူး ဂိုရင် မမှန်ပါဘူး''ဟု နိုဗီကောက်က ပျာပျာသလဲပြောသည်။ ပြီးလျှင် ''နီနာက မဟုတ်တာတွေ လျှောက်ပြောနေတာပါ။ နီနာ့စိတ်ဟာ အများကြီး ချောက်ချားနေပုံရပါတယ်။ တွေးချင်ရာတွေကို ''ဆက်၍ပြောသည်။

''မှန်တယ် မမှန်ဘူးသိဖို့က အလွယ်ကလေးပါ။ အခုပဲ ငါ အပြင်ကို ထွက်သွားမယ်။ အစောင့်စစ်သားတွေက ငါ့ကို ဆီးတားတယ်မတားဘူးဆိုတာ လက်တွေ့သိရမှာပေါ့။ သေနတ်ကျည်ဆန်ကို ငါ မကြောက်ပါဘူး။ ခင်းတို့က ဂိုရင်ကို သတ်ချင်သတ်ကြပါစေ'' ဟု ဂိုရင်က ပြောသည်။

နိုဗီကောက်၏ မျက်နှာတွင် သွေးဆုတ်၍သွားသည်။ ပြီးလျှင် နိုဗီကောက်က ''ဒီလိုလုပ်လို့ မတော်ပါဘူး ဂိုရင်။ ဆူဆူပူပူလုပ်လို့ အလကားပေါ့။ တနင်္ဂနွေတစ်ပတ်လောက် သင် မစောင့်နိုင်စရာမရှိပါဘူး''ဟုပြောသည်။

ဂိုရင်က တံခါးပေါက်သို့ သုတ်သုတ်သွားပြီးလျှင် ''နီနာရေ လာဟေ့။ တို့ သွားကြမယ်''ဟုပြောသည်။

ဂိုရင်အခန်းထဲကထွက်သွားသောအခါ နိုဗီကောက်သည် သူ့အခန်းထဲက စကားပြော ကြေးနန်းဆီသို့ အပြေးသွား၍ ဒရိုဆီလှမ်း၍စကားပြောသည်။

❋ ❋ ❋

## အခန်း(၄)

''ရပ်လိုက်။ ဘယ်သွားမလို့လဲ''ဟု အစောင့်စစ်သားက သေနတ်နှင့်ချိန်၍ပြောသည်။ ဂိုရင်က ဘာမျှပြန်မပြောဘဲ ဆက်၍သွားသည်။ အရပ်ပုပု ပါးရိုးမောက်မောက်နှင့် တာတာလူမျိုးစစ်သားက ''ရပ်ဆိုရပ်။ မရပ်ရင် ငါ ပစ်လိုက်မယ်'' ဟုထပ်၍ပြောသည်။



ဂိုရင်သည် တုန့်လှုပ်ခြင်းမရှိဘဲ ဆက်၍သွားသည်။ သို့ရာတွင် စစ်သားရှေ့ရောက်သောအခါ ရပ်လိုက်သည်။ ပြီးလျှင် ဂိုရင်က ''သင့်နာမည် ဘယ်သူလဲ''ဟု စစ်သားကို ရုတ်တရက်မေးလိုက်သည်။

''ငါ့နာမည် ယူဆူပေါက်လို့ခေါ်တယ်''ဟု စစ်သားက အံ့အားသင့်ကာ ဖြေသည်။

''ငါ့နာမည်က ဂိုရင်လို့ခေါ်တယ်။ ငါ့နာမည်ကို သင် ကြားဖူးသလား''

''ဟေ့ မဟုတ်တာတွေ ပြောမနေနဲ့။ ငါပြောတာကို နားမထောင်ဘူးလား'' ဟုပြောပြီးလျှင် စစ်သားသည် ရှေ့သို့တစ်လှမ်းတိုး၍ ဂိုရင်၏ရင်ဘတ်ကို သေနတ်နှင့် ချိန်လိုက်သည်။ စစ်သားသည် အံ့အားလည်းသင့်၊ လန့်လည်းလန့်ပြီး မျက်စိမှိတ်တုတ်မှိတ်တုတ်နှင့် ဂိုရင်ကို ကြည့်နေသည်။ ပြီးလျှင် ''ဘယ်သူမှ အိမ်ပြင်ကိုမထွက်ရဘူး။ ထွက်ရင် ငါပစ်မယ်''ဟု ပြောသည်။

''ဒီတော့ သင်က ငါ့ကို မသိဘူးဆိုပါတော့။ ငါ့ကို သင် သိချင်လည်းသိမှာပါပဲ။ ဒါပေမယ့် သင့်အဖို့ကတော့ မထူးပါဘူး။ သင့်ကိုပစ်ဖို့ အမိန့်ပေးထားမှ သင်လည်းပစ်ရမှာပေါ့''ဟုပြောပြီးလျှင် ဂိုရင်သည် လက်ဝှေ့၍ပြပြီးလျှင် စစ်သားကို နောက်ကျောခိုင်းပြီး ဝင်းတံခါးဆီသို့ ဆက်၍သွားသည်။

''ရပ်လိုက်''ဟု စစ်သားက တတိယအကြိမ် ကျယ်လောင်စွာ အော်၍ပြောသည်။ ပြီးလျှင် သေနတ်ကို အပေါ်သို့ထောင်၍ ဖောက်လိုက်သည်။ ဂိုရင်သည် ကြက်သီးထ၍ ဒယိုးဒယိုင်ဖြစ်သွားသော်လည်း ဆက်၍သွားမြဲသွားနေသည်။ ဂိုရင်က သူ့ခေါင်းကိုပင် မော့၍ပေးလိုက်သေးသည်။ ထိုအခိုက်တွင် နီနာနှင့်သူ့အမေ လှေကားသို့ရောက်လာသည်။

လူဗာက ထိတ်ထိတ်လန့်လန့်နှင့် သူ့လင်ကို ပြေး၍ကာကွယ်ရန် အားထုတ်သည်။ သို့ရာတွင် သူ့ခြေထောက်များက လှမ်း၍မရ။ နီနာသည် ဒေါသမွှန်သွားသဖြင့် စစ်သားဆီသို့ အတင်းပြေးပြီးလျှင် သေနတ်ကို လုယူလိုက်သည်။ ပြီးလျှင် သေနတ်ဒင်နှင့်ရိုက်လိုက်ရာ စစ်သားမှာ ပုံ၍လဲသွားသည်။ နီနာသည် ဒေါသမပြေနိုင်သေးသဖြင့် လဲနေသောစစ်သားကို ဆက်ကာဆက်ကာရိုက်သည်။ ပြီးလျှင် ''သင့်တို့ရှိရင် ငါ့အဖေကို သတ်ပစ်ကြည့်စမ်း''ဟု နီနာက အသံနက်ကြီးနှင့် အော်၍ပြောသည်။

ထိုအခိုက်တွင် နိုဗီကောက်နှင့်စစ်ဗိုလ်ကလေးတို့ အိမ်ထဲမှ ပြေးထွက်လာကြသည်။ စစ်ဗိုလ်ကလေးက စစ်သားများကိုလက်နှင့်ပြ၍ ''သူ့ကိုဖမ်းလိုက်''ဟု အမိန့်ပေးသည်။

စစ်သားသုံးယောက်သည် ဂိုရင့်ဆီသို့ ပြေး၍လာသည်။ တစ်ယောက်သည် ဂိုရင်မှန်းသိသဖြင့် ''သြော် ဂိုရင်ပါလား''ဟု အော်ပြီး ကြက်သေသေနေသည်။ စစ်သားများမှာ ဘာလုပ်ရမှန်းမသိကြ။

www.burmeseclassic.com

www.burmeseclassic.com



''ငါ့ဖမ်းကြလေ။ ငါ့ကို ဘာလို့ မဖမ်းကြတာလဲ။ ငါ့ကိုဖမ်းကြ။ ကြိုးနဲ့တုပ်ကြ။ တော်လှန်ရေးရှေ့ပြေးငှက်ရဲ့ အတောင်ကိုဖြတ်ကြ''ဟု ဂိုရင်က ကျယ်လောင်စွာပြောသည်။ ပြီးလျှင် ဂိုရင်သည် အမှတ်မထင် သူ၏ ကံကြမ္မာကို တွေးကြည့်သည်။ ပြီးလျှင် မျက်နှာစိမ်းစစ်သားများကို ကြည့်၍ရယ်သည်။

ထို့နောက် စစ်ဗိုလ်ကလေးသည် အံကိုကြိတ်၍ ဂိုရင့်ဆီပြေးလာပြီးလျှင် ဂိုရင်၏ ပါးသွယ်ကို လက်နှင့် တအားကျုံး၍ရိုက်လိုက်သည်။ ထိုသို့ရိုက်လိုက်ခြင်းသည် ဂိုရင်၏ အသားကိုမဟုတ်ဘဲ ဂိုရင်၏စိတ်နှလုံးကိုပါ ထိခိုက်သွားသည်။

ဂိုရင်က စစ်ဗိုလ်ကလေးကို ပြေး၍ထိုးရန်လုပ်သောအခါ စစ်သားများက နောက်မှ ဝိုင်း၍ဆွဲထားကြသည်။ ဂိုရင်သည် အမျက်ပြင်းစွာထွက်လျက်ရှိသဖြင့် စစ်သားများကို တွန်းထိုးကန်ကြောက်လုပ်သည်။ သို့ရာတွင် သူနှင့်အရပ်အမောင်းတူဗလတူ စစ်သားတစ်ယောက်ကမူ သူ့ကို အတင်းတွယ်ထားပြီးလျှင် သူ့လက်ကို နောက်သို့လှန်၍ လိမ်ထားသည်။ ဂိုရင်သည် သူ့အဖြစ်ကိုသူ သတိမရဘဲ ကြိတ်၍ အတင်းရုန်းသည်။ ဟစ်အော်ကြိမ်းဝါးနေလျှင် အားကုန်မည်စိုးသဖြင့် ဂိုရင်သည် ဘာမျှ အသံမပြုဘဲ အံကြိတ်ပြီး လွတ်မြောက်ရန်ကြိုးစားသည်။ သူ့တစ်ကိုယ်လုံးသည် လွတ်မြောက်ရန် ဂိုရင်ကို အားပေးလျက်ရှိသည်။ နောက်ဆုံးတွင် စစ်သားများက ကြိုးတစ်ချောင်းယူ၍ ဝိုင်းတုပ်ကြတော့မှာပင် ဂိုရင်သည် ပုံလဲကျသွားသည်။ သူ့နှာခေါင်းနှင့်ပါးစပ်မှသွေးများသည် သူ့နှုတ်ခမ်းမွေးကြီးပေါ်သို့ အဆီးအတားမရှိ စီးကျလျက်ရှိသည်။ ဂိုရင်သည် ဟောဟဲ ဟောဟဲနှင့် အသက်ရှူရင်းနှင့် နီနာကို ကြောက်မက်ဖွယ်ဝိုင်းနေသော သူ့မျက်လုံးကြီးများနှင့် လိုက်၍ကြည့်သည်။ နီနာ၏ လက်မောင်းကို တာတာစစ်သားက ကိုင်၍ထားသည်။ နီနာသည် သူ့အဖေနှင့် မျက်စိချင်းဆုံမိသည်။

ထိုအခိုက်တွင် လူဗာမှာ သတိမေ့သွားသဖြင့် စစ်သားတစ်ယောက်က မွေ၍အိမ်ထဲသို့ယူသွားသည်။ ထို့နောက် စစ်ဗိုလ်ကလေး၏အမိန့်အရ တာတာစစ်သားက နီနာကို လွှတ်လိုက်သောအခါ နီနာသည် သူ့အမေဆီသွား၍ သူ့အမေ၏လက်ကို ကိုင်ထားသည်။ နီနာ၏ဆံပင်များမှာ ဖိုးရိုးဖားရားဖြစ်နေသည်။ သူ့မျက်လုံးများမှာလည်း ဒေါသအလျှံထ၍နေသည်။ နောက်ဆုံးတွင် ဒေါသဖြစ်လှသဖြင့် နီနာသည် တဗျစ်တောက်တောက် ကြိမ်းဝါးရေရွတ်ကာငိုသည်။

နီဗီကောက်မှာ စိတ်ရှုပ်ပြီး ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။ စစ်ဗိုလ်ကလေးက အကြိမ်ကြိမ်အခါခါတိုက်တွန်းမှသာ နီဗီကောက်က ဂိုရင်ကို သူ့အိပ်ယာခန်းထဲသို့သွင်း၍ ပိတ်ထားရန် အမိန့်ပေးသည်။ ပြီးလျှင် ဒရိုမရောက်လာမချင်း နီနာနှင့် လူဗာတို့ကို အိမ်ပြင်သို့ ထွက်မသွားရဟု အမိန့်ထုတ်လိုက်သည်။ ပြီးလျှင် ''သူတို့နှစ်ယောက်ကို ဂိုရင်နဲ့ဝေးနိုင်သမျှ ဝေးဝေးကြီးခွဲ၍ထားရမည်'' ဟု နီဗီကောက်က အမိန့်ထုတ်သည်။

* * *



## အခန်း(၅)

ချိပ်ရောက်သည်လည်း ဂိုရင်ကို တွေ့ခွင့်မရ။ သို့ရာတွင် သူ၏ဆန္ဒပြင်းထန်ခြင်း၏အကျိုးဖြင့် ချိပ်ရောက်မှာ ဂိုရင်အနားတွင် နေခွင့်ရသည်။ ချိပ်ရောက်သည် မချုပ်တည်းနိုင်လောက်အောင် အမျက်ထွက်သဖြင့် နီဗီကောက်ကို လက်သီးနှင့်ပင် လိုက်၍ထိုးသေးသည်။ ''ငါနဲ့ဂိုရင်နဲ့ဟာ တစ်သက်လုံး အတူတူနေလာခဲ့ကြတာ။ သင့်ဝမ်းထဲမှာ ကိုယ်ချင်းစာတရား လုံးလုံးပျောက်မသွားသေးဘူးဆိုရင် ဂိုရင်ကိုပြုစုဖို့ ငါ့ကို သင် အခွင့်ပြုဖို့ကောင်းတယ်''ဟု အသံတုန်တုန်ဖြင့် အော်၍ပြောသည်။

''ကောင်းပြီ။ ကောင်းပြီ။ ဂိုရင်ဆီကို သင် သွားနိုင်တယ်။ ဒါပေမယ့် ဆူဆူပူပူတော့မလုပ်နဲ့''ဟု နီဗီကောက်က သနားစရာလည်းကောင်း ကြောက်စရာလည်းကောင်းဖြစ်နေသော ချိပ်ရောက်၏လက်သီးများကို နောက်ဆုတ် နောက်ဆုတ် ရှောင်ရင်းနှင့် ပြောသည်။

နီဗီကောက်က လက်နက်အဖြစ်အသုံးပြုနိုင်မည့် ပစ္စည်းများကို ဂိုရင်ဆီမှရှာရန် စစ်ဗိုလ်ကလေးကို ခိုင်းသည်။ ချိပ်ရောက်ကိုရှာသောအခါ ချိပ်ရောက်က နီဗီကောက် မျက်စိကို တစ်ခါတည်းစိုက်ကြည့်နေသည်။ နီဗီကောက် မျက်စိပြူး၍ချောက်သော်လည်း ချိပ်ရောက်က စိုက်၍ အကြည့်မပျက်။ ဤသို့လျှင် ချိပ်ရောက်နှင့်နီဗီကောက်တို့သည် ခြင်္သေ့နှင့်ဆက်ကပ် ဆရာကဲ့သို့ တစ်ဦးကိုတစ်ဦး ပြိုင်၍ကြည့်နေကြသည်။ နောက်ဆုံးတွင် နီဗီကောက်ကလျှော့၍ ဘေးသို့မျက်နှာလှည့်ပစ်လိုက်သည်။

ဂိုရင်သည် ကြမ်းပေါ်တွင် လဲလျက်ရှိသည်။ သူ့တွင်ချည်ထားသော ကြိုးများမရှိတော့။ သို့ရာတွင် အပန်းမပြေသေးသဖြင့် ရှေ့တည့်တည့်သို့ တွေ၍ကြည့်နေသည်။ ချိပ်ရောက်က ပြေး၍ဖက်ပြီး ဂိုရင့်မျက်စိကိုကြည့်သည်။ ဂိုရင်သည် စကားမပြော။ သူ့ရုပ်မှာ မြင်လျှင် မမှတ်မိနိုင်လောက်အောင် ဖြစ်နေသည်။ ခါတိုင်းဆိုလျှင် အားအင်ပြည့်စွမ်း၍ ခန့်ညားတင့်တယ်ခြင်းရှိသော်လည်း၊ ယခုမူ ဂိုရင်မှာ ပျော့ခွေ၍ လက်တုန်တုန် ခြေတုန်တုန်နှင့်ဖြစ်နေသည်။ မျက်စိလည်း ပွင့်အောင်မဖွင့်။ ချိပ်ရောက်သည် ဂိုရင်ကို အိပ်ရာပေါ်သို့တင်၍ သူ့လက်နှင့်မျက်နှာကသွေးများကို သုတ်ပေးသည်။ ပြီးလျှင် ရင်ဘတ်နှင့်နားထင်ကို အိုဒီကလုံးလိမ်းပေးသည်။ ပြီးလျှင် ဇဝက်သာဆီနှစ်စက် သုံးစက်ကို ရေနှင့်ဖျော်၍ ''ဒါလေး သောက်လိုက်ပါ။ သင် သက်သာသွားပါလိမ့်မယ်''ဟု ပြောသည်။

ဂိုရင်က မသောက်နိုင်သောက်နိုင်နှင့် သောက်သည်။ ချိပ်ရောက်က ဖန်ခွက်ကို ကိုင်ပေးသည်။ ပြီးလျှင် ဂိုရင်က စားပွဲခုံကလေးရှိရာသို့ လှမ်း၍ကြည့်လိုက်သည်။ ချိပ်ရောက်က စီးကရက်သောက်ချင်၍ ကြည့်သည်ကိုရိပ်မိသဖြင့် စီးကရက်တစ်လိပ်ကို ယူပေးသည်။ ဂိုရင်မှာ တစ်ကိုယ်လုံးတုန်နေပြီး မီးခြစ်ကိုတောင် သူ့ဟာသူ မချစ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို ချိပ်ရောက်ကညှိပြီး ဂိုရင် ပါးစပ်ထဲသို့ ထည့်ပေးရသည်။ စီးကရက်ကို သုံးလေးဖွာဖွာပြီးလျှင် ဂိုရင်က “လူဇာနဲ့နီနာ ဘယ်မှာလဲ”ဟုမေးသည်။

“ဒီအိမ်ထဲမှာပဲ ရှိပါတယ်။ ကောင်းကောင်းမွန်မွန်ပါပဲ”

ဂိုရင်က ညည်းသည်။

“သူတို့ကို ဘယ်သူကမှလက်ဖျားနဲ့ မတို့ပါဘူး။ အားမငယ်ပါနဲ့ဂိုရင်” ဟုပြောပြီးလျှင် ချိပ်ရောက်သည် ဂိုရင်မျက်နှာက ချွေးပေါက်ကြီးများကို သုတ်၍ပေးသည်။ ပြီးလျှင် ကြင်နာယုယစွာဖြင့် ဂိုရင့်ဆံပင်ကို သူ့လက်ကြမ်းကြီးနှင့် သပ်ပေးသည်။

“ချိပ်ရောက်ရေ သင် ဘယ့်နှယ်ထင်သလဲ။ အခြေအနေကဖြင့် အတော်ကလေး ဆိုးနေပြီ မဟုတ်လား”

“မဆိုးပါဘူး”

“ဆိုးတယ်မဟုတ်လား ချိပ်ရောက်ရဲ့”

“မဆိုးပါဘူး။ မဆိုးပါဘူး။ မဆိုးပါဘူး”ဟု ပြော၍ ချိပ်ရောက်သည် ဂိုရင်၏ပခုံးကိုဖက်သည်။ ပြီးလျှင် “ဂိုရင် ဂိုရင် ငါ့ထာဝရ မိတ်ဆွေဂိုရင်”ဟု ပြောရင်း ချိပ်ရောက်၏အသံများမှာ ကြေကွဲဖွယ်တုန်လာသည်။ ထို့နောက်ချိပ်ရောက်သည် ဂိုရင်နှင့် ခွဲရမှာကြောက်သည့်ပမာ ဂိုရင်နားကို တိုး၍သွားသည်။

ဂိုရင်သည် ငြိမ်သက်၍နေပြီးလျှင် သူ့ခေါင်းကိုစောင်း၍ ချိပ်ရောက်၏ မျက်နှာကို ကြည့်သည်။ ထိုအခါကျမှပင် သူ့တစ်ကိုယ်လုံး မရွှမလှုပ်ဖြစ်နေသည်ကို သိရသည်။ ကုပ်ပိုးကို အရိုက်ခံရသဖြင့် သူ့ခေါင်းထဲတွင် ယိုင်တီးယိုင်တိုင်ဖြစ်နေသည်။ “ပြောစမ်းပါဦး ချိပ်ရောက်ရာ။ ဖုံးမနေပါနဲ့။ တို့အချင်းချင်းဟာပဲ။ အခုဖြစ်နေတာဟာ တကယ်ဖြစ်နေတာလား။ တို့အိပ်ပျော်နေရင်း ကယောင်ချောက်ချား အိပ်မက်မက်နေတာလား”ဟု ဂိုရင်က မျက်စိမှိတ်၍မေးသည်။ သူ့အသံမှာ ဝေးလံရာမှ ပြောနေသည့် အသံကဲ့သို့ မကြားရတစ်ချက် ကြားရတစ်ချက်ဖြစ်သည်။

ချိပ်ရောက်က ဂိုရင်မေးသည်ကို ဘာမျှပြန်၍မဖြေ။

“သူငယ်ချင်းကြီးရေ။ ငါတို့ သေကြဖို့ အချိန်တော်ပြီကွာ။ အင်း ပါဗယ် ပြောတာ သိပ်မှန်တာပဲ။ အခုဆိုရင် သင်တစ်ယောက်ပဲ ငါ့မှာ အဖော်ရှိတော့တယ်”

“သင့်ကို ငါ ဘယ်တော့မှပစ်မသွားပါဘူး။ ငါသေရင်လည်း သင်နဲ့ အတူတူပဲ သေပါမယ်”ဟု ပီတစ်ချက် မပီတစ်ချက်ပြောပြီးလျှင် ချိပ်ရောက်၏ မျက်နှာမှာ ကြည်လင်၍လာသည်။ ဂိုရင်သည် အဘိုးကြီး၏ နီရဲကောက်ကွေးနေသော လက်ကိုကိုင်၍ ကျေးဇူးတင်သော အထိမ်းအမှတ်အဖြစ်ဖြင့် သူ့နှုတ်ခမ်းဖြင့်စုပ်သည်။

✻✻✻



## အခန်း(၆)

စစ်မိုလ်ကလေးကို နောက်ဆုံးအမိန့်ပေးပြီးနောက် နီဗိကောက်သည် သူ့အခန်းထဲတွင် တစ်ယောက်တည်းစဉ်းစားနေသည်။ ဆယ်မိနစ်တာမျှ နီဗိကောက်သည် သူသေပမာ လှုပ်ယှက်ခြင်းမပြု။ စောစောပိုင်းက အဖြစ်အပျက်များကြောင့် သူ့စိတ်မှာနောက်နေသည်။ ထို့နောက် စိတ်ဝေဝေနှင့် ဗေရီးယားရုံးခန်းထဲတွင် ဖြစ်ပျက်ခဲ့သောအကြောင်းကို ပြန်၍သတိရသည်။ ထိုစဉ်က ဒရိုလည်းရှိသည်။ သူတို့သုံးယောက်မှာ ဗေရီးယား၏အမိန့်ကို ဆွေးနွေးနေကြ သည်။ ထိုအခါက ဗေရီးယားတစ်ယောက်တည်းကသာစကားပြောသည်။ ဒရိုနှင့်နီဗိကောက်တို့မှာ နားထောင်ကာသာနေကြသည်။

“စေ့စပ်ဖို့၊ သွေးဆောင်ဖို့ အချိန်ကုန်သွားပြီ”ဟု ဗေရီးယားက သူ့ရုံးခန်းထဲတွင် လမ်းသလားရင်းပြောသည်။ ပြီးလျှင် ဗေရီးယားက ဆက်၍ “အခုဆိုရင် စလုပ်ဖို့ အချိန်ရောက်ပြီ။ အကြမ်းမှုကို သုံးဖို့လိုရင်သုံးနိုင်ဖို့ အစိုးရက ငါ့ကို အမိန့်ပေးထားပြီ။ ဒါပေမယ့် ငါတို့ဘော်ရှီဗစ်တွေဟာ အရိုင်းအစိုင်းတွေမဟုတ်တော့ ဘယ်သူ့ကိုမှ နှစ်နာအောင် မလုပ်ချင်ဘူး။ ဒါကြောင့် ဂိုရင်ရဲ့သွားလာခွင့်ကို ချုပ်ချယ်ဖို့လောက်ပဲ ငါ အကြံပေးချင်တယ် ဒါပါပဲ။ ဒီတော့ ဂိုရင်ကို သူ့စိတ်ကိုမချုပ်ချယ်ဘဲနဲ့ သူ့ကိုယ်ကိုသာ ချုပ်ချယ်တဲ့သဘောမျိုးပဲ လုပ်ပေးရလိမ့်မယ်။ အဲဒီလို ပြုပြင်ပေးနေတဲ့အချိန်အတွင်းမှာ ဂိုရင်ဟာ သူရဲ့ဆင်ကန်းတောတိုး ထင်မြင်ချက်တွေကို သူ့ဟာသူပြုပြင်လာပြီး နောင်တရတဲ့ ငါတို့သားချင်းတစ်ယောက်အဖြစ်နဲ့ ငါတို့ရဲ့ ငြိမ်းချမ်းသာယာတဲ့ စည်းဝိုင်းတွင်းကို ပြန်ဝင်လာလိမ့်မယ်လို့ ငါ တကယ့်ကိုယုံကြည်မျှော်လင့်တယ်။ ဒီအခါမျိုးကျတော့ ဂိုရင်ဟာ ဘယ်နှစ်ခါပဲမှားဖူးမှားဖူး ငါတို့က ချစ်မြဲခင်မြဲ ဆက်ပြီး ချစ်ကြခင်ကြမှာပါပဲ”ဟု ပြောသည်။ အဆုံးသတ်စကားလုံးများကို ပြောပြီးသောအခါ ဗေရီးယားသည် သူ့ဗိုက်ကလေးပေါ်တွင် သူ့လက်နှစ်ဖက်ကို ရိုသေလေးစားစွာပိုက်၍ပင် ထားလိုက်သေးသည်။

ဂိုရင်အား သူ၏လွတ်လပ်ခွင့်ကိုပိတ်ပင်၍ သူ၏အိမ်မှမထွက်ရန် တားမြစ်သောအမိန့်မှာ ဗေရီးယားက နီနာတို့မင်္ဂလာဆောင်တွင် ဂလူယက်အား မခံချင်အောင် တမင်သက်သက်လုပ်သည့်နည်းတူ ဂိုရင်ကို တမင်သက်သက် မခံချင်အောင်လုပ်ခြင်းပင်ဖြစ်သည်ဟု ဗေရီးယားက အမိန့်ပေးစဉ်အခါတုန်းကပင် နီဗိကောက်စိတ်ထဲက ထင်မိသည်။

ဗေရီးယား၏အကြံမှာ ဂိုရင်ကို တမင်သက်သက် မခံချင်အောင်လုပ်ရန်ဖြစ်သည်ဟု နီဗိကောက် တစ်ထစ်ချယုံကြည်သည်။ ဂလူယက်တုန်းကလုပ်ပုံနှင့် ယခု ဂိုရင်ကိုလုပ်ပုံမှာ တစ်လက်ရာတည်း တစ်ပုံစံတည်းဖြစ်သည်။ ထိုကဲ့သို့လုပ်ခြင်းသည် ဘယ်အခြေသို့ ရောက်သွားလိမ့်မယ်ကိုလည်း နီဗိကောက် တွေး၍မြင်သည်။ သို့ရာတွင် ဗေရီးယားက အဘယ်ကြောင့် သူ့အား ဂိုရင်ကို သစ္စာဖောက်ဖို့တာဝန်ကို လွှဲအပ်ရသနည်းဆိုသောအကြောင်းကိုမူ နီဗိကောက် နားမလည်နိုင်သး။

www.burmeseclassic.com

www.burmeseclassic.com



ဗေရီးယားသည် ဒရိုကိုပြန်လွှတ်လိုက်ပြီးနောက် နီဗိကောက်နှင့်နှစ်ယောက်တည်း စကားပြောသည်။ ဗေရီးယားက မီးခံသေတ္တာထဲမှ စာတွဲအစိမ်းကိုယူ၍ နီဗိကောက်ကို ပြုံးစိစိလုပ်ပြီးပေးသည်။ ထိုစာတွဲမှာ အိုးလိတ်သတ်မှုနှင့်ပတ်သက်သော အစီရင်ခံစာများဖြစ်သည်။ ထိုစာတွဲထဲ၌ အစိုးရစုံထောက်တို့၏ အစီရင်ခံစာများဖြစ်သည်။ စုံထောက်ပြိုတို ပေါက်၏ အစီရင်ခံစာ၊ တက္ကသိုလ် အထူးထောက်လှမ်းရေးဌာနမှူး၏ အစီရင်ခံစာ၊ စားပွဲထိုးမနာဒယာ၏ အစီရင်ခံစာ၊ လာဘ်စားသော ဆရာဝန်အိုကြီး၏ဖြောင့်ချက်တို့နှင့်တကွ ဒူးရောက်၏ အစီရင်ခံစာများပါသည်။

လက်ဦးတွင် ဗေရီးယားက သူ့ကို အဘယ်ကြောင့် လျှို့ဝှက်သည့်ကိစ္စများကို အသိပေးနေသည်ဟု နီဗိကောက် နားမလည်။ နီဗိကောက်သည် ထိုစာတွဲကို စိတ်ကူးကောင်းသော ဝတ္ထုဆရာတစ်ယောက်ရေးထားသော ဝတ္ထုပမာ လှန်၍ဖတ်သည်။ အနည်းငယ်ဖတ်မိသောအခါ ထိုဝတ္ထုထဲက ဇာတ်လိုက်ဖြစ်သည့် လူသတ်သမားမှာ သူကိုယ်တိုင်ဖြစ်၍နေသည်ကို နီဗိကောက် တွေ့ရသည်။

စုံထောက် ပြိုတိုပေါက်၏အစီရင်ခံစာမှာ အထူးပင်ခိုင်လုံ၍ သူ၏သေပေါက်ဖြစ်သည်ကို နီဗိကောက်တွေ့ရသည်။ နီဗိကောက်မှာ ဖတ်ရင်းဖတ်ရင်းနှင့် တစ်ကိုယ်လုံးအေး၍လာသည်။ ကြောက်လန့်ခြင်းသည် သူ၏နှလုံးကို ခိုင်မြဲစွာဆုပ်ကိုင်၍ထားပြီ။ နီဗိကောက်သည် ဆက်၍မဖတ်ရဲတော့သဖြင့် ဗေရီးယားကိုမော့ကြည့်ပြီး ''ဒီလိုဆိုတော့ အစကတည်းက သင် အကုန်လုံးသိနေတာပေါ့'' ဟုပြောသည်။ ပြီးလျှင် ထိုအခြေအနေကျမှ သူကငြင်းနေ၍ ဘာမျှအကျိုးရှိနိုင်တော့မည် မဟုတ်တော့သည့်အဖြစ်ကိုလည်း နီဗိကောက်သိသည်။

''ဟုတ်တယ် အစကတည်းက ငါ အကုန်လုံးသိတယ်''ဟု ဗေရီးယားက ပြုံး၍ပြောသည်။ ထို့နောက် စာတွဲကို ရုတ်တရက်ယူ၍ စကားတစ်ခွန်းမှမပြောဘဲ စာရွက်များကို တစ်ရွက်ချင်း တစ်ရွက်ချင်း ဆုတ်ပစ်လိုက်ပြီးလျှင် မီးလှုံဖိုထဲသို့ ထည့်လိုက်သည်။ သူ့လက်ထဲတွင် စာရွက်တစ်ရွက်မျှမကျန်တော့သောအခါ ဗေရီးယားက ''တစ်ဆိတ်မီးခြစ်ပေးပါ''ဟု နီဗိကောက်ကိုပြောသည်။ နီဗိကောက်သည် ဗေရီးယား၏အကြံကို မည်သို့ဟု နားမလည်နိုင်ခင်ပင် မီးခြစ်ဘူးကို ဗေရီးယားသို့ လှမ်း၍ပေးလိုက်သည်။ ပြီးလျှင် ဗေရီးယားက စာရွက်များကို မီးနှင့်ရှို့ပစ်လိုက်သည်။

''သင်မြင်တဲ့အတိုင်းပဲ သင်အရင်က ရမ်းကားခဲ့တဲ့သက်သေခံချက်တွေကို ငါ ဖျက်ဆီးပစ်လိုက်ပြီ။ ဒီကိစ္စကို ငယ်ရွယ်သူမို့ မှားခဲ့တာလို့ ငါတို့ သဘောထားမယ်။ လွန်ပြီးတဲ့ကိစ္စကို ပြန်ပြောနေတဲ့သူဟာ မျက်စိမရှိတဲ့လူပဲလို့ စကားပုံရှိတယ်မဟုတ်လား။ ကိုင်း ရဲဘော်ကျောင်းအုပ်ကြီး ငါဟာ သင့်အပေါ်မှာ ဘယ်လောက်ယုံကြည်တယ်ဆိုတာ သင် သဘောပေါက်လောက်ရောပေါ့။ သင့်ကို ယုံကြည်သလိုပဲ သင်ကလည်း ငါ့အပေါ်မှာ သစ္စာစောင့်လိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်''ဟု ပြောပြီးလျှင် ဗေရီးယားသည် မင်းသားကြီးဟန်ပါပါဖြင့် နီဗိကောက်၏လက်ကို အားရပါးရ



ဆွဲ၍နှုတ်ဆက်သည်။ ပြီးလျှင် ဗေရီးယားသည် သူ၏အကြံကို ပုံစံကျကျစကားလုံးလှလှဖြင့် ခန့်ခန့်ကြီးအကျဉ်းချုပ်၍ ပြောပြသည်။

ဤနည်းဖြင့် ဗေရီးယားသည် နီဗိကောက်ကို သူ့ဘဝကြမ္မာ၏ တံခါးသစ်ကို မပွင့်တပွင့်ဖွင့်၍ပေးလိုက်သည်။ ဆရာသည် မိမိ၏လက်စောင်းထက်သောတပည့်ကို ယုံကြည်စိတ်ချသည့်နည်းတူ နီဗိကောက်သည် သူ့ဟာသူ တံခါးကိုပွင့်အောင်ဖွင့်၍ ဝင်နိုင်လိမ့်မည်ဟု ဗေရီးယား စိတ်ချယုံကြည်သည်။ နီဗိကောက်သည် ဂိုရင့်အကြောင်းကို တစ်ဖက်ကမ်းခတ် နားလည်သူဖြစ်သည်ဟု ဗေရီးယားက သဘောထားသည်မှာ ယုံမှားဖွယ်မရှိ။ သို့ရာတွင် ယခုအခါတွင် ယခင်က စိတ်ဓာတ်ကိုပြုပြင်သည့် ဆရာဝန်ဖြစ်ခဲ့သော နီဗိကောက်မှာ ထောင်မှူးအာဏာသားအဖြစ်သို့၊ ယခင်က စိတ္တဇဝေဒနာသည်ဖြစ်ခဲ့သော ဂိုရင်မှာ အနှိပ်စက်ခံနေရသော အကျဉ်းသားအဖြစ်သို့ ရောက်၍သွားပြီ။ ထိုအဖြစ်မျိုးသို့ ရောက်သွားရသည့်အတွက် နီဗိကောက်မှာ မိန်းမော၍သွားသည်။ သူ၏ပြောင်းလဲသွားသောအဖြစ်မှာ မျက်ဝါးထင်ထင်ဖြစ်၍နေသော်လည်း နီဗိကောက်၏ အသိတရားက ထိုအဖြစ်ကို လက်မခံနိုင်။ အခြားအခြားသော ရုရှလူငယ်များနည်းတူ နီဗိကောက်သည် ဂိုရင်ကို ကလေးဘဝ ကျောင်းသားဘဝကစ၍ တစ်သက်လုံး ခေတ်သစ်၏နိမိတ်၊ လွတ်လပ်ရေးရှေ့ပြေး၊ တော်လှန်ရေးခေါင်းဆောင်ကြီးဖြစ်သည်ဟု ယူဆခဲ့သည်။

ယခုတော့ ဘယ်လိုနည်း။ နီဗိကောက်စိတ်ထဲက သူ ယခုကဲ့သို့အဖြစ်ဆိုးမျိုးသို့ ရောက်ရခြင်းမှာ အခြားသူ၏ အပြစ်ကြောင့်မဟုတ်ဘဲ ဂိုရင်၏အပြစ်ကြောင့်သာဖြစ်သည်ဟု ဆိုချင်သည်။ သို့ရာတွင် မည်ကဲ့သို့ပင်ဖြစ်စေကာမူ လက်ငင်းဖြစ်ပေါ်နေသော အခြေအနေ သစ်အရ နီဗိကောက်မှာ သတိကြီးစွာထားကာ ပရိယာယ်ကိုသုံး၍ အထူးသဖြင့် စွန့်စွန့်စားစားကြီးလုပ်ရတော့မည်။ ''ငါ၏စိတ်ဓာတ်သည် သံတုံးသံခဲကဲ့သို့ မာကျော၍ ငါ၏ နှလုံးသည် ကျောက်သားပကတိကဲ့သို့ ခိုင်ပါစေသတည်း''ဟုပင် နီဗိကောက်စိတ်ထဲက အဖန်တလဲလဲ ဆုတောင်းမိသည်။

⁂ ⁂ ⁂

## အခန်း(၇)

ဒရိုရောက်လာသဖြင့် နီဗိကောက်မှာ စိတ်ကူးပျက်သွားသည်။ သူက လှမ်း၍ခေါ်လိုက်ပြီးနောက် တစ်နာရီလောက်အကြာတွင် ဒရိုရောက်လာသော်လည်း ထိုအတောအတွင်း၌ အကြံအိုက်စရာ အရေးအမြောက်အများ ပေါ်လာသဖြင့် ထိုတစ်နာရီခန့်အချိန်တွင် တစ်ကမ္ဘာလောက်ကြာသည်ဟု နီဗိကောက်ထင်မိသည်။

ဒရိုကိုကြည့်ရသည်မှာ ရွှင်ရွှင်ပျပျရှိ၍ အားတက်၍နေဟန်ပင် ထင်ရသည်။ ထိုကဲ့သို့ အခက်အခဲတွေ့ရခြင်းမျိုးကို ဒရို သဘောကျသည်။ ဂိုရင်ကို သူ့အခန်းထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



ထည့်ပိတ်ထားပြီးလျှင် လူဗာနှင့်နီနာတို့ကို ဂိုရင်နှင့်တွေ့ခွင့်မပေးဘဲထားကြောင်း နိုဗီကောက်က ပြောသောအခါ ဒရို့က ''ကောင်းတယ်''ဟုပြောသည်။

''နီနာကို ငါ အံ့အားလည်းသင့်၊ ဝမ်းလည်းသာအောင် လုပ်လိုက်မယ်။ ဟောဒီ ပြတင်းပေါက်ကကြည့်စမ်း''ဟု ဒရို့က ပြောသည်။ နိုဗီကောက်က ကြည့်လိုက်သောအခါ မော်တော်ကားတစ်ခုပေါ်တွင် ယိုတ်ဗာကောက်ထိုင်နေသည်ကို တွေ့ရသည်။ ယိုတ်ဗာကောက်သည် မော်တော်ကားမောင်းသမား၏ ဘေးတွင်ထိုင်၍ ဂိုရင့်နန်းတော် ပြတင်းပေါက်ဘက်သို့ လည်ပင်းတရှည်ရှည်နှင့် မျှော်ကြည့်နေသည်။

''ဘာလို့ ယိုတ်ဗာကောက်အိမ်ထဲကို မလာသလဲ''ဟု နိုဗီကောက်က မေးသည်။

''သူ့ကို ကားထဲမှာစောင့်နေလို့ ငါ ပြောထားတယ်။ ပြည်နယ်ဆိုင်ရာ အတွင်းရေးမှူးချုပ်ဖြစ်ပေမယ့် ဒီကိစ္စမှာတော့ တို့က သူ့ထက်အရေးကြီးတယ်။ တို့ကိစ္စက တစ်ကမ္ဘာလုံးနဲ့ဆိုင်တဲ့ နိုင်ငံတော်ရဲ့ကိစ္စ။ ဗေရီးယားက အရေးကြုံတဲ့အခါ အကြောင်းကိုပြောဖူးတာကို မှတ်မိတယ်မဟုတ်လား။ ခုအချိန်ဟာ အဲဒီအရေးကြီးတဲ့ အချိန်ပဲ''ဟု ဒရို့ကပြောသည်။

''ဒါထက် သင် ယိုတ်ဗာကောက်ကို ဘယ်လိုလုပ်ရှာလာသလဲ''ဟု နိုဗီကောက်က မေးသည်။

''သူ့ကို ငါ လမ်းမှာပဲတွေ့တယ်။ သူ ကရီးမီးယားနယ်ကနေပြီး နီနာ့ဆီကို အပြင်းလိုက်လာတယ်။ သူနဲ့ပွေ့ဖက်နေရင်းက ဖြုန်းခနဲ နီနာ ဘာလို့ပျောက်သွားတယ် ဆိုတဲ့အကြောင်းကိုတော့ သူ သေသေချာချာမသိဘူး။ ဒါပေမယ့် သူ့ကို အနှောင့်အယှက်ဖြစ်စရာတစ်ခုခုဖြစ်နေပြီလို့တွေးမိလို့ လိုက်လာတာ''နီနာက သူ့ကို ထိခိုက်စရာ ဘာမှလုပ်ချိန်မရခင် ယိုတ်ဗာကောက်က အုပ်မိအောင်လိုက်လာတာ။ ဂိုရင့်အကြောင်းနဲ့ ပတ်သက်လို့တော့ သူ ဘာမှမသိပါဘူး။ ငါက နည်းနည်းပါးပါးပြောပြပြီး ဂိုရင့်အိမ်နဲ့ ဝေးနိုင်သမျှ ဝေးဝေးရှောင်နေရင် ကောင်းမယ်လို့ ငါ ပြောထားတယ်။ သူက ဘာမှ ကလန်ကဆန်မလုပ်ပါဘူး'' ဟု ဒရို့ကပြောသည်။ ပြီးလျှင် ဒရို့သည် အေးအေး ဆေးဆေး စီးကရက်တစ်လိပ်ကိုညှိပြီး ''လူဗာကော ဘယ်လိုနေသလဲ''ဟုမေးသည်။

''စိတ်ညစ်နေတာပေါ့''

''လူဗာကတော့ စဉ်းစားတတ်လိမ့်မယ်လို့ ငါ မျှော်လင့်တာပဲ။ သူ ကိုယ်တိုင်ရဲ့ နောင်ရေးအတွက်ရော နီနာရဲ့နောင်ရေးအတွက်ရော ဒီအိမ်က သူတို့ နှစ်ယောက်လုံး အေးအေးချမ်းချမ်းထွက်သွားကြရင် ကောင်းမယ်။ သူတို့ကို ရဲဘော် ယိုတ်ဗာကောက်နဲ့ သွားနေအောင် ငါတို့က ဖျောင်းဖျပြောမှဖြစ်မယ်။ ဒီမှာ သူတို့ ဆက်နေကြလို့တော့ ပိုနေတာပဲ''ဟု ဒရို့က ပြောသည်။

''ဒီလိုလုပ်လို့လည်း ဟန်မယ်မထင်ဘူး''ဟု နိုဗီကောက် သဘောရသည်။

ဒရို့က မျက်စိမှေး၍ကြည့်ပြီး ''ဘယ်ဒင်းမှ ထင်သလောက်မခက်ဘူး ဆိုတာကို သိရရင် သင်တို့ အံ့အားတောင်သင့်သွားမှာပဲ။ လူတွေရဲ့ စိတ်နေစိတ်ထားဟာ



အင်မတန် အသိရခက်တယ်ဆိုတာတော့လည်း ဟုတ်ပါတယ်။ ဒါပေမယ့် သိအောင်လုပ်လို့ ရနိုင်တဲ့အကြောင်းလည်း ရှိပါတယ်။ အရေးကြီးတာက အဲဒီလိုသိအောင်လုပ်ဖို့ပဲ အရေးကြီး တာပဲ''ဟု နက်နက်နဲနဲသိဟန်ဖြင့်ပြောသည်။ ဒရို့သည် သူ့ဟာသူ သိသည်ဟုလည်း ကောင်းစွာယုံကြည်သည်။

ပြီးလျှင် ဒရို့က ''နီနာ့အတွက်ကတော့ ယိုတ်ဗာကောက်ရဲ့ တာဝန်ပဲ။ နီနာကိုမှ နိုင်အောင် မထိန်းနိုင်ဘူးဆိုရင် ယိုတ်ဗာကောက်ဟာ အလကားပြည်နယ် အတွင်းရေးမှူးချုပ် ဖြစ်သွားမှာပေါ့''ဟုပြောသည်။

''နီနာဟာ သူ့အမေနောက်လိုက်သွားလိမ့်မယ်လို့ ငါ ယုံတယ်။ အခုလို အချက်ထဲမှာ သူလာပြီး ဒီလိုဆူဆူပူပူလုပ်လိုက်တာတော့ အတော်ခွကျသွားတယ်။ သူ့ကို လူဗာကများ သွားပြောလိုက်သလား မသိဘူး''ဟု နိုဗီကောက်က ပြောသည်။

''ငါတော့ ဒီလိုမထင်ဘူး။ လူဗာက ဒီလိုအစားထဲကနဲ့ မတူဘူး။ မဟုတ်မှ လွဲရော။ ဒါဟာ ချိပ်ရောက်ကောင်ရှုပ်ကြီး လက်ချက်ပဲထင်တယ်''ဟု ဒရို့ကပြောသည်။ ပြီးလျှင် ဒါ့ထက် ''ချိပ်ရောက် အခု ဘယ်မှာလဲ''ဟုမေးသည်။

''ဂိုရင့်ဆီမှာ''ဟု နိုဗီကောက်က ဖြေသည်။

''ဘာလို့ ဒီကောင်ကြီးကို ဂိုရင့်ဆီသွားခွင့်ပေးရတာလဲ''ဟု ဒရို့က စိတ်ဆိုး မာန်ဆိုးနှင့်မေးသည်။

နိုဗီကောက်မှာ အပြောရကြပ်သွားသဖြင့် ''ချိပ်ရောက်အတွက် စိုးရိမ်စရာမရှိ ပါဘူး။ သူ့ကို ငါ ရှာကြည့်ပါတယ်။ သူ့ဆီမှာ ဆေးတံရယ်၊ ဆေးရယ်၊ အခန်းသော့ ရယ်ကလွဲပြီး ဘာမှမရှိပါဘူး''ဟုဖြေသည်။

''သူ့လက်ထဲ ဘာရှိတာ ညာရှိတာ အရေးမဟုတ်ပါဘူး။ လာ ဒီကောင်ကြီး ကို သွားပြီးဆွဲထုတ်ကြမယ်''ဟု ဒရို့ကပြောသည်။

''ဒါထက် ယိုတ်ဗာကောက်အတွက်တော့ ဘယ်လိုလုပ်မလဲ''

''ဘာမှလုပ်ဖို့ မလိုဘူး။ အပြင်မှာ သူ စောင့်နေလိမ့်မယ်''

ဂိုရင်၏တံခါးပေါက်တွင် စောင့်နေသော စစ်သားကို ဒရို့က ''ဘယ်လိုနေ သလဲဟေ့'' ဟုမေးသည်။

''ရဲဘော် ပထမတန်းဝန်အားလုံး တိတ်ဆိတ်နေပါတယ်။ အဘိုးကြီးက သူနာကို အိပ်ရာပေါ်မှာ တင်သိပ်ထားပါတယ်''ဟု စစ်သားက အလေးပြု၍ပြောသည်။

''သူနာ''ဆိုသည့်စကားမှာ ဂိုရင်ကိုခေါ်သောစကားဖြစ်သည်။ ဂိုရင်ကို ''သူနာ'' ဟု ခေါ်ရမည်ဟု အမိန့်ထုတ်ထားသည်။

ဒရို့သည် အမျက်ပြင်းစွာထွက်၍ ခြောက်လုံးပြူးသေနတ်ကို အိမ်ထဲမှထုတ်ပြီး လျှင် ''ချိပ်ရောက်ကို ငါ လှန့်ပေးလိုက်ဦးမယ်''ဟုပြောသည်။ ပြီးလျှင် နိုဗီကောက်က စကားပြန်ပြောချိန်မရခင်ပင် ဒရို့သည် ဂိုရင့်အခန်းထဲသို့ တံခါးကို ကြမ်းကြမ်းတမ်းတမ်း ဖွင့်၍ဝင်သွားသည်။ အခန်းထဲသို့ရောက်သောအခါ ဒရို့က ခြေနှစ်ဖက်ကို ကားကား ထား၍ မတ်တတ်ရပ်ပြီးလျှင် သေနတ်နှင့်ပစ်မည့်ဟန် ပြင်၍နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ချိပ်ရောက်မှာလန့်၍ ကုလားထိုင်ပေါ်က ထလိုက်သည်ကို နီဗိကောက် မြင်ရသည်။ ဒရို့နှင့်နီဗိကောက်တို့သည် ဂိုရင်ကို သတ်ဖို့လာကြသည်ဟု ချိပ်ရောက်က ယုံကြည်သဖြင့် ချိပ်ရောက်သည် ဂိုရင်ကို သူ့ကိုယ်နှင့်ကာထားသည်။ ထိုအခိုက်တွင် ဂိုရင်မှာ တစ်တောင်နှင့်ထောက်၍လျှောင်းရာမှ ထနေသည်။ ချိပ်ရောက်သည် အိပ်ရေးပျက်၍နီနေသော သူ၏မျက်လုံးကြီးများကိုပြူး၍ ဒရို့ကို စားမည့်ဝါးမည့်ဟန်ဖြင့် ကြည့်နေသည်။ ပြီးလျှင် ဒရို့ကိုခုန်၍ အုပ်လိုက်သည်။

ထိုကဲ့သို့ ချိပ်ရောက်က လုပ်လိမ့်မည်ဟု မမျှော်လင့်မိခဲ့သဖြင့် ဒရို့သည် လန့်၍ နောက်သို့ဆုတ်ပြီး ရှောင်လိုက်ရာ ခြေချော်၍လဲသွားသည်။ ချိပ်ရောက်သည် ဒရို့၏ လည်ပင်းကို သူ့လက်နှစ်ဖက်နှင့် တစ်အားညှစ်၍ထားသည်။ ဒရို့က မအော်နိုင် အော်နိုင်နှင့် အော်၍ရုန်းနေသည်။ နီဗိကောက်က ခဲခဲယဉ်းယဉ်းနှင့် ချိပ်ရောက်ကို ဆွဲ၍ထားရသည်။ ချိပ်ရောက်မှာ ပိန်ပိန်ညှော်ညှော်ရှိသော်လည်း ဒရို့၏လည်ပင်းကို စွန်ကုပ်သကဲ့သို့ တအားကုပ်၍ထားသည်။

ဒရို့သည် ကြောက်အားလန့်အားနှင့်ထပြီး မျက်လုံးကြီးများပိုင်း၍လာသည်။ ထို့နောက် ဒရို့က ခြောက်လုံးပူးကိုကောက်၍ ချိပ်ရောက်၏ မျက်နှာကို သေနတ်ဒင်နှင့် တအားရိုက်လိုက်ရာ ချိပ်ရောက်၏ပါးမှာ အရိုးပေါ်လာအောင် ကွဲ၍သွားပြီးလျှင် သွေးများပန်း၍ထွက်လာသည်။ နီဗိကောက်၏လက်ထဲမှ ချိပ်ရောက်လွတ်၍ ထွက်သွားသောအခါ ဒရို့က ထပ်၍ရိုက်လိုက်သဖြင့် ချိပ်ရောက်လဲကျသွားသည်။ ချိပ်ရောက်က နာကျင်နေသည့်အထဲမှ "ဟဲ့ သူသတ်ကောင် နင့်ကို ဘုရားရိုက်လိမ့်မည်"ဟု အော်၍ ပြောသည်။ စစ်သားများက ကြမ်းကြမ်းတမ်းတမ်းကိုင်တွယ်၍ ချိပ်ရောက်ကို အခန်းထဲမှ ဆွဲ၍ထုတ်ကြသည်။ "မိတ်ဆွေကြီး ဂိုရင်ရေ။ ငါ သွားပြီဟေ့"ဟု မပြောနိုင်ပြောနိုင်နှင့် ချိပ်ရောက်ကပြောသည်။

ထိုအခိုက်တွင် ဂိုရင်ကအိပ်ရာထဲမှ ထမည်လုပ်ရာ နီဗိကောက်က ကိုင်၍ထားသည်။ ဂိုရင်သည် တုန်၍ ချိပ်ရောက်ကိုကြည့်နေသည်။

"ဒီကောင်ကို အပြင်ထုတ်မသွားကြနဲ့။ ကြမ်းပေါ်မှာပဲ နေပါစေ"ဟု ဒရို့က စစ်သားများကို အမိန့်ပေးသည်။

စစ်သားများက ချိပ်ရောက်ကို တံခါးဝတွင်ချထားကြသောအခါ ဒရို့က သွား၍ သေနတ်နှင့် ရင်ဘတ်ကိုတစ်ချက် ခေါင်းကိုတစ်ချက် ပစ်လိုက်သည်။ သေနတ်သံများမှာ တစ်အိမ်လုံးညံ၍သွားသည်။ သေနတ်သံမတိတ်ခင်ပင် လူဗာက ခပ်လှမ်းလှမ်းမှ အော်လိုက်သည်ကို နီဗိကောက် ကြားလိုက်သည်။ ထို့နောက် အားလုံး တိတ်ဆိတ်သွားသည်။ ဂိုရင်မှာ သူ့ကို သေနတ်ကျည်ဆန်ထိမှန်သွားသည့်ပမာ နီဗိကောက်၏လက်ထဲတွင် အသက်မရှိသောသူကဲ့သို့ ပျော့၍ကျသွားသည်။ "သင်ဟာ



လူသတ်သမားပဲ ကျောင်းအုပ်ကြီး၊ သင့်ကို ဘုရားကကြည့်နေမှာ မဟုတ်ဘူး"ဟု ဂိုရင်က အသံသဲ့သဲ့ကလေးနှင့်ပြောသည်။

❊ ❊ ❊

## အခန်း(၈)

ချိပ်ရောက်ကို သတ်ပြီးသည့်နောက်တွင် ဒရို့သည် သွေးစွန်း၍သွားသဖြင့် ထိန်းမနိုင်သိမ်းမရ အခြေအနေမျိုးသို့ရောက်သွားသည်။ သူ့မျက်လုံးကြီးများမှာ ကျောက်မျက်လုံးကြီးများကဲ့သို့ ဖြစ်လာသည်။ စစ်ဗိုလ်ကလေးက သေနတ်သံကြား၍ ပြေးလာသောအခါ ဒရို့က ချိပ်ရောက်အလောင်းကို ဥယျာဉ်ထဲတွင်သွား၍ မြှုပ်လိုက်ရန် အမိန့်ပေးသည်။ စစ်ဗိုလ်ကလေးမှာ နီနာနှင့်လူဗာတို့ကို ယဉ်ကျေးစွာ ဖြားယောင်းဖျောင်းဖျနေခိုက်တွင် သေနတ်သံများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဒရို့က "အိမ်ရှိလူကုန် အတွင်းရေးမှူးပါမကျန် မြေတွင်းအထပ်ထဲမှာ ထည့်ပြီး ချုပ်ထားလိုက်"ဟု စစ်ဗိုလ်ကလေးကို အမိန့်ပေးသည်။

"သူတို့ကို ဘယ်လိုလုပ်ရမလဲ"ဟု စစ်ဗိုလ်ကလေးက မေးသည်။

ဒရို့က အုံ့သြသော မျက်နှာထားနှင့်ကြည့်ပြီး "ငါပြောတာ အင်မတန်ရှင်းပါတယ်"ဟု ပြော၍ ချိပ်ရောက်၏အလောင်းကို မေးထိုး၍ပြသည်။ စစ်ဗိုလ်ကလေးသည် မျက်နှာတွင် သွေးဆုတ်၍သွားပြီးလျှင် တောင့်တင်းစွာရပ်၍ ကျယ်သင့်သည်ထက် ပို၍ ကျယ်သောအသံဖြင့် "အမိန့်အတိုင်းပါ"ဟုပြောသည်။

"လာ မိန်းမတွေဆီ သွားကြမယ်"ဟု ဒရို့က နီဗိကောက်ကိုပြောသည်။

လူဗာအခန်းဆီသို့သွားကြရင်းနှင့် နီဗိကောက်က သူ့စိတ်တွင် မအောင့်နိုင်တော့သဖြင့် "ရဲဘော်ဒရို့ တစ်အိမ်သားလုံးကို အစစ်အဆေးမရှိဘဲနှင့် ဖမ်းချုပ်တဲ့အတွက် သင့်အပေါ်မှာ တာဝန်ကြီးဝိမနေဘူးလား။ နောက်တော့ အဖြေရခက်နေပါဦးမယ်" ဟု ပြောသည်။

"ဖမ်းတယ်ဆိုတာ အဓိပ္ပာယ်မရှိပါဘူး။ အကြီးလေးဆုံး အပြစ်ဒဏ်ပေးနိုင်ဖို့ ငါ့မှာ အာဏာရှိပါတယ်။ ဒီကိစ္စက နိုင်ငံတော်ကိစ္စပါ။ သက်သေမလိုပါဘူး"ဟု ဒရို့က မျက်နှာထားဆိုးဆိုးကြီးနှင့် ပြောသည်။ ပြီးလျှင် ဆက်၍ "ဘာပဲဖြစ်ဖြစ် ဒင်းတို့တွေဟာ ဓိမ်ယစ်ပြီး အကျင့်ပျက်နေတဲ့ ဟာတွေပဲ။ ဘော်ရှီဗစ်စံချိန်နဲ့ ကြည့်လို့မရပါဘူး။ ဒင်းတို့ကို သနားဖို့မလိုပါဘူး။ ဒင်းတို့ကို ငါတို့က ပစ်မသတ်လည်း တခြားသူက ပစ်သတ်မှာပဲ" ဟုပြောသည်။

ထိုအခိုက်တွင် လူဗာမှာ အင်မတန်ကြီးကျယ်သော ဘေးကြီးနှင့်တွေ့နေရပြီဖြစ်သဖြင့် မကြံတတ်မစည်တတ်အောင်ဖြစ်ကာ ဆိုဖာပေါ်တွင် လျောင်း၍နေသည်။ သူ့ခေါင်းတွင် ရေစွတ်ထားသော မျက်နှာသုတ်ပဝါကို ပတ်ထားသည်။ သူ့ရှေ့တွင် ဆိုက်ရောက်လျက်ရှိသော ဘေးဒုက္ခများမှာ အထင်အရှားကြီးဖြစ်ပါလျက် သူ့စိတ်ထဲ

www.burmeseclassic.com

www.burmeseclassic.com



တွင်မူ မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။ သူ့မျက်နှာမှာ ဖြူဖပ်ဖြူရော်ဖြစ်နေရသည့်အထဲတွင် ကြောက်လန့်ခြင်းကြောင့် မဲ့ရွဲ့၍နေပြန်သည်။ လှဗာ ပြင်းထန်သော ကြောက်လန့်ခြင်းနှင့် မောပန်းခြင်းတို့သည် ဖိစီးနှိပ်စက်လျက်ရှိသည်။

နီနာမှာဆောက်တည်ရာမရဖြစ်ကာ အခန်းထဲတွင် ဟိုမှသည်မှ လမ်းသလားလျက်ရှိသည်။ ကြမ်းပြင်သို့ စိုက်ကြည့်နေရင်း စဉ်းစားဟန်ဖြင့် နီနာသည် မျက်မှောင်ကြုတ်လျက်ရှိသည်။ နီနာ့စိတ်ထဲတွင် ဒေါသဖြစ်ခြင်းမရှိတော့ဘဲ အကြံအိုက်ခြင်းတစ်ခုသာ ရှိတော့သည်။ သားအမိနှစ်ယောက်စလုံး စကားမပြောကြဘဲ ''ဂိုရင် ဘယ်လိုနေသလဲ။ သူ့အတွက် ဘယ်လိုလုပ်မလဲ။ နောက်ဘာဖြစ်ဦးမလဲ''ဟု တစ်ပြိုင်တည်း တွေး၍နေကြသည်။

လှဗာတို့သားအမိအဖို့တွင် လွန်ခဲ့သော နှစ်နာရီအတွင်း၌ မျှော်လင့်ချက်အမျိုးမျိုးပျက်သွားသဖြင့် သူတို့၏နောင်ရေးကို စိတ်မကူးရဲအောင်ဖြစ်သွားသည်။ သူတို့အဖို့တွင် အကူအညီရနိုင်မည့်နေရာဟု မရှိတော့ပြီ။ ယုံကြည်ရမည့်လူလည်း မရှိတော့။ အားကိုးရမည့်လူလည်း မရှိတော့။ သူတို့နှစ်ယောက်အဖို့တွင် သေချာတာတစ်ခုပဲရှိသည်။ ထိုသေချာခြင်းမှာ ခိုးကိုးရာမဲ့ခြင်းပင်ဖြစ်သည်။

နီနာစိတ်ထဲတွင် သူ့အဖေအတွက် သူ့အမေအတွက် သူ့သွေးသားအတွက် ဒေါသဖြစ်ခြင်းသည် ပြင်းထန်လာသဖြင့် အခန်းထဲတွင် ငုတ်တုတ်ထိုင်မနေဘဲ တစ်နေရာသို့ ဒလကြမ်းပြေး၍ တစ်ခုခုကိုလုပ်ချင်သော ဆန္ဒပေါ်လာသည်။ သို့ရာတွင် နီနာ ဘာမျှမတတ်နိုင်။

လှဗာတွင် လင်အတွက်တစ်ပူ၊ သမီးအတွက်တစ်ပူ၊ အပူနှစ်ခုဆင့်လျက်ရှိသည်။ အပူနှစ်ခုစလုံးသည် မခံမရပ်နိုင်လောက်အောင် ကြီးသောအပူကြီးများဖြစ်သည်။ ဂိုရင်တွင် သေခြင်းဆိုးနှင့်သေနိုင်သည့် လမ်းရှိသည့်အဖြစ်ကို လှဗာစိတ်ထဲ၌ သံသယမရှိတော့။ ဂိုရင်၏အဖြစ်ကို တွေးမိကာမျှနှင့် လှဗာမှာ တစ်ကိုယ်လုံး ရေခဲတုံးကြီးကဲ့သို့ အေး၍သွားပြီးလျှင် ''သနားလိုက်ပါဘိတော့တယ် ဂိုရင်ရယ်။ သနားလိုက်ပါဘိတော့တယ်''ဟု ညည်းမိသည်။ လှဗာ့စိတ်တွင် ဒူးတုပ်၍တောင်းပန်ရ တောင်းပန်ရ၊ ဂိုရင့်အတွက် တောင်းပန်ချင်သည်။ သို့ရာတွင် မည်သူ့ထံ တောင်းပန်ရမည်နည်း။ သူတို့အခန်းထဲတွင် စော်စော်ကားကားလာထိုင်နေသော လှောင်ပြုံးပြုံးနေသည့် စစ်ဗိုလ်ကလေးကို တောင်းပန်ရမည်လော။ သို့မဟုတ် သူတို့အိမ်ကို ဝင်၍စီးနေသော မှုန်တေတေသရဲ ကျောင်းအုပ်ကြီး နိုဗိကောက်ကို တောင်းပန်ရမည်လော။

လှဗာသည် ရုတ်တရက် ဆိုဖာပေါ်မှဆင်း၍ ကြမ်းပေါ်တွင် ဒူးတုပ်ပြီးလျှင် ''ကောင်းကင်ဘုံ၏ဘုရင် ဘုရားသခင် ဂိုရင်ကို သေဘေးမှကယ်တော်မူပါ'' ဟု ဆုတောင်းသည်။

နီနာလည်း ငြိမ်၍မနေနိုင်တော့သဖြင့် သူ့အမေကို ပြေး၍ဖက်ပြီးလျှင် သူ့အမေ၏ရင်ဘတ်ကို ခေါင်းနှင့်ဖေ့ကာ တရှုပ်ရှုပ်နှင့်ငိုသည်။ လှဗာက ကြေကွဲသောနှလုံး



ဖြင့် ''သမီးလေးရယ် သင့်ကို ဘယ်သူကမှ ခေါ်မသွားရအောင် ငါ စောင့်ရှောက်ပါမယ်'' ဟု ပြော၍ မျက်ရည်များတွေတွေစီးကျလာသည်။ ထိုအခိုက်တွင် သေနတ်သံနှစ်ချက်ကြားရသည်။ လှဗာက သည်းထန်စွာငို၍ နီနာကို ဘေးမဖြစ်နိုင်စေရန် ကာကွယ်သောသဘောနှင့် ဖက်၍ထားသည်။ လှဗာမှာ တစ်ကိုယ်လုံးနတ်ကျသကဲ့သို့ တုန်၍နေသည်။ သူ့သမီးအတွက် စိုးရိမ်ခြင်းမှာ ပြင်းထန်လှသဖြင့် သူ့ကိုယ်ရေးအတွက် ကြောက်စိတ်များပင် ပျောက်၍သွားသည်။ စစ်ဗိုလ်ကလေးသည် သေနတ်သံကြားသဖြင့် အခန်းထဲတွင် အစောင့်စစ်သားတစ်ယောက်တည်းထားခဲ့ပြီး အခန်းပြင်သို့ ဒလကြမ်း ပြေးထွက်သွားသည်။

ခဏနေသောအခါ လှဗာက ''ဒါဟာ လမ်းဆုံးပဲ။ ဒီတော့ ဘာမှထွေရာလေးပါးတွေ စဉ်းစားမနေနဲ့တော့ သမီး။ သမီး အသက်မသေရအောင်သာ စဉ်းစားပေတော့။ သူတို့နဲ့ ဘာမပြိုင်ပြောမနေနဲ့။ ပြိုင်ပြောနေရင် လေကုန်ရုံပဲရှိမယ်''ဟုပြောသည်။

နန်း၁၀၂

သခင်။ ချိပ်ရောက်ကဲ့လည်း ကယ‌တော်မူပါဘုရားသ

ထိုအခိုက်တွင် ဒရိုနှင့်နိုဗိကောက်တို့ ဝင်လာသည

လှဗာက ဒရိုနှင့်နိုဗိကောက်တို့ဆီသို့ ရှေ့ရှုသွားပြီးလျှင် ငါ၊ လုပ်ကြဦးမလဲဟူသော စိုးရိမ်ခြင်းဖြင့် ကြက်သေသေ၍နေသည်။ လှဗာမှ ပုံပန်းပင် ပေါ်၍နေပြီ။

ဒရိုသည် ကုလားထိုင်ပေါ်တွင် မထိမဲ့မြင် စီးကရက်ကို မီးညှိကာထိုင်နေသည်။ နိုဗိကောက်က မတ်တတ်ရပ်နေသဖြင့် ကုလားထိုင်တစ်လုံးကို ထိုးပေးပြီးလျှင် ''ထိုင်လေ နိုဗိကောက်''ဟုပြောသည်။

''ငါတို့ သင့်ဆီကို ကိစ္စရှိလို့လာတာ။ စကားရှည်ရှည် ပြောနေဖို့တော့ မလိုဘူး။ ဒါပေမယ့် ငါတို့ပြောတာတော့ သင် ကြိုက်ချင်မှကြိုက်မယ်''ဟု ဒရိုက လှဗာကို ပြောသည်။

လှဗာသည် မျက်နှာပျက်သွားပြီး သူ့သမီးကိုကြည့်၍နေသည်။

''ငါ့အဖေကို သင်တို့ ဘယ်လိုလုပ်ခဲ့ကြသလဲ''ဟု နီနာကစွက်၍မေးလိုက်သည်။

ဒရိုက နီနာက လှည့်၍ပင်မကြည့်ဘဲနှင့် ''ဒီမှာလှဗာ ဒီနေ့ သင့်ကိုယ်တိုင်မြင်ရတဲ့အတိုင်းပဲ သင့်ယောက်ျားဟာ စိတ်ချောက်ချားပြီး မကျန်းမမာဖြစ်နေတယ်။ ဒီတော့ သူ့ကိုဆေးကုပေးရမှဖြစ်မယ်။ အစိုးရကလည်း သူ့အတွက်စိုးရိမ်လို့ အကောင်းဆုံးဆေးဆရာများနဲ့ ကုပေးဖို့ အမိန့်ထုတ်ထားတယ်။ အခုပဲ ရောက်စတောက်မြို့က ဆရာဝန်နှစ်ယောက်ဟာ ဂိုရင်ကို စမ်းသပ်နေကြတယ်။ ဒီဆရာဝန်နှစ်ယောက်အပြင် မော်စကိုမြို့က စိတ္တဇနာကု ဆရာဝန်တစ်ယောက်လည်း လာလိမ့်မယ်။ ဒီကိစ္စဟာ ငါတို့ အချင်းချင်းမို့ သင့်ကို ပြောပြတာ။ ဂိုရင် မကျန်းမာဘူးဆိုတဲ့အကြောင်းကိုတော့ ဘယ်သူ့မှ သိစေလို့ မဖြစ်ဘူး။ ဒါပေမယ့် စိတ်မပူပါနဲ့လှဗာ။ ဂိုရင့်အခြေအနေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှတော့ စိုးရိမ်စရာမရှိပါဘူး။ ဆရာဝန်များက ဒီရောဂါဟာ ကုလို့ရနိုင်တဲ့ ရောဂါလို့ ပြောပါတယ်။ ဒါပေမယ့် သင်တော့ ဒီအိမ်မှာနေလို့မဖြစ်ဘူးလို့ ဆရာဝန်များက ပြောပါတယ်။ သင့်ကို ဂိုရင်မြင်ရလျှင် သူ့ရောဂါဟာ အများကြီး ပိုဆိုးစရာရှိတယ်လို့လဲ ဆရာဝန်များက သဘောရကြပါတယ်။ ဒါကြောင့် သင် ဒီအိမ်က ခဏလောက်ရှောင်နေဖို့ တောင်းပန်ပေးရန်အတွက် ဆရာဝန်များက ငါ့ကို တာဝန်ပေးအပ်လိုက်ပါတယ်။ ခဏပါ။ မကြာပါဘူး။ တနင်္ဂနွေ တစ်ပတ်လောက်ကြာရင် ဂိုရင်ရဲ့ စိတ္တဇဝေဒနာဟာ ပျောက်သွားပါလိမ့်မယ်။ အဲဒီအခါ သင် ပြန်လာနိုင်ပါတယ်လို့ ဆရာဝန်များက ပြောပါတယ်။ ဒါ့ထက်မကြာပါဘူး။ သင် သွားရင် သင့်အဝတ်အစားများကိုတောင် ယူသွားဖို့မလိုပါဘူး။ အခုလည်း နီနာကိုခေါ်ဖို့ ရဲဘော်ယိုတ်ဗာကောက် ရောက်နေပါတယ်။ ဒီတော့ သင်လည်း နီနာနဲ့အတူလိုက်သွားပြီး ယိုတ်ဗာကောက်အိမ်မှာပဲ နေနိုင်ပါတယ်။ တကယ်လို့ သင့်စိတ်က ရောက်စတောက်ဟိုတယ်မှာ နေချင်တယ်ဆိုရင်လည်း အကောင်းဆုံးအခန်းကို ငါတို့ ရအောင်လုပ်ပေးပါမယ်။ အဲဒီ ဟိုတယ်မှာ တနင်္ဂနွေ တစ်ပတ်လောက် သက်သောင့်သက်သာ သင် သွားမနေချင်ဘူးလား''ဟုပြောသည်။ ဒရို့သည် စကားကိုတစ်လုံးချင်း တစ်လုံးချင်းပြတ်သားအောင် ပြောပြီးလျှင် သူပြောလိုက်သည့်အတွက် လူဗာနှင့်နီနာတို့ စိတ်ခံစားကို ဘယ်လိုထိခိုက်သည်ကို သူသတိ၏ ကြည့်ခြင်းမျိုးဖြင့် စောင့်၍ကြည့်နေသည်။ ပြီးလျှင် ဒရို့သည် သူ့သွားဝါဝါကြီးများကိုဖြဲ၍ သကာလောင်းထားသော မျက်နှာထားနှင့်ပြုံးနေသည်။

''ခုတွင်ကကြားရတဲ့ သေနတ်သံဟာ ဘာလဲပြောပါဦး။ ဘယ်သူတွေများ သေနတ်နဲ့ ပစ်နေကြတာလဲ''ဟု လူဗာက စိတ်အားလျော့သော အမူအရာဖြင့်မေးသည်။ လူဗာမှာ ဒရို့ပြောသောစကားများကို ကြားလိုက်ပုံမရ။

''ဘယ်လိုသေနတ်သံလဲ''ဟု ဒရို့က အံ့အားသင့်ဟန်ဆောင်၍မေးသည်။ ပြီးလျှင် နိုဗိကောက်ဘက်သို့လှည့်၍ ''သေနတ်သံများ သင် ကြားလိုက်သလား''ဟု မေးသည်။ ထို့နောက် သတိရဟန်ဖြင့် ''အို ဟုတ်တယ် ဟုတ်တယ် စစ်သားတစ်ယောက်က ကျီးကန်းကိုသေနတ်နဲ့သွားပစ်လိုက်တဲ့အသံပေါ့။ ဒါပေမယ့် ဒီလိုလူတွေ လန့်ဖျပ်ကုန်အောင် နောက်ထပ် သေနတ်အရမ်းမပစ်ဖို့ ငါ တာဝန်ခံပါမယ်။ စိတ်ချနေပါ''ဟု ဆက်၍ပြောသည်။

လူဗာနှင့်နီနာတို့သည် ကြောက်၍ နောက်ထပ်စကားမပြောရဲသော်လည်း ဒရို့က မျက်နှာဖုံးစွပ်၍ လိမ်နေသည်ကိုမူ ရိပ်မိကြသည်။ နောက်ဆုံးတွင် လူဗာက ဆိုဖာပေါ်မှ ထ၍ အသံတုန်တုန်ဖြင့် ''ငါ့ယောကျ်ားကို ငါ တွေ့ချင်တယ်''ဟုပြောသည်။ ပြီးလျှင် ''သင်တို့က ဘယ်အာဏာနဲ့ ငါနဲ့ငါ့သမီးကို ဂိုရင်နဲ့ တွေ့ခွင့်မပေးရတာလဲ။ သင်တို့က ငါ့ယောကျ်ားဟာ အများကြီး စိတ်ချောက်ချားနေတယ်လို့ပြောတယ်။ ဒါဟာ သင်တို့ လိမ်တာပါ။ မနက်ကပဲ ငါ့ယောကျ်ားဟာ ကျန်းကျန်းမာမာ ရှိသေးတယ်။ ပြီးတော့ ငါ့ယောကျ်ားကို သင်တို့ထဲက လူဆိုးတစ်ယောက်က ရိုက်တာကို



ငါကိုယ်တိုင်မြင်ရတယ်။ ဒါကြောင့် အခု သင်ပြောတဲ့စကားအရဆိုတော့ ငါ့ယောကျ်ားကို သင်တို့ သတ်ပစ်လိုက်ပြီလို့ ငါ သဘောရတယ်။ ဟုတ်ပါတယ် သင်တို့သတ်ပစ်လိုက်ကြပါပြီ။ မသတ်ရသေးဘူးဆိုရင် အခု ငါ့ကိုပြပါ။ ငါ့ယောကျ်ားကို ငါ ကြည့်ချင်တယ်''ဟုပြောသည်။

ဒရို့က စိတ်မကောင်းဟန်ဆောင်၍ မျက်နှာကို ညှိုးငယ်စွာထားပြီးလျှင် ''စိတ်မပူပါနဲ့လူဗာ၊ ငါဟာ သင့်အပေါ်မှာ ကိုယ်ချင်းစာတရား အများကြီးထားပါတယ်။ ပြီးတော့ သင့်အခြေအနေကိုလည်း ငါ နားလည်ပါတယ်။ ဒါကြောင့်သာပေါ့။ နို့မို့ဆို သင် အခုလို ငါ့အပေါ်မှာ အရမ်းစွပ်စွဲနေတာကို ငါ သည်းခံနေမှာမဟုတ်ပါဘူး။ ငါက ဂိုရင်ကို ဘာဖြစ်လို့သတ်ပစ်ရမှာလဲ။ သင်သိဖို့ ငါ ပြောပြပါမယ်။ ဂိုရင်ကို ငါဟာ ငါ့အဖေအရင်းလိုချစ်ပါတယ်''ဟု ပြောသည်။

လူဗာက ကပျာကယာလက်နှင့် ခါ၍ပြပြီးလျှင် ''တော်ပါ တော်ပါ''ဟု ပြောသည်။ လူဗာမှာ အိပ်မက်ဆိုးကြီးကို မက်နေသကဲ့သို့ဖြစ်နေသည်။ ထိုသို့ဖြစ်နေခြင်းမှာ ဘယ်ကဲ့သို့ လွတ်အောင်လုပ်ရမည်ဟု လူဗာ မကြံတတ်။

''ကောင်းပါပြီ၊ ဂိုရင်ဟာ တကယ်နေမကောင်းဘူးပဲ ထားပါတော့။ ဒီတော့ နေမကောင်းနေတဲ့လင်ကို သူ့မယားကိုကြည့်ခွင့် မပေးဘူးဆိုတာကတော့ မဆန်းဘူးလား။ ဒါကတော့ သက်သက်ကရော်ချော်မယ် လုပ်နေတာပါ။ အင်မတန်ကို ရက်စက်လွန်းပါတယ်။ ဘယ့်နှယ်လဲ ရဲဘော်ကျောင်းအုပ်ကြီး မဟုတ်ဘူးလား''ဟု လူဗာက နိုဗိကောက်ကို ပြောသည်။ ပြီးလျှင် ဆက်၍ ''အခုလို မတရားလုပ်နေတာဟာ သင့်သဘောနဲ့သင် လုပ်နေတာတော့ မဟုတ်ပါဘူး။ သင့်ကို ဘယ်သူကအမိန့်ပေးလို့ ငါ့လင်ကိုရော ငါတို့ကိုရော ဖမ်းချုပ်ထားရတာလဲ ငါ သိချင်တယ်''ဟုပြောသည်။

''ဘယ်သူ့ကိုမှ မဖမ်းပါဘူး''ဟု ဒရို့က နိုဗိကောက်ကိုယ်စား ဝင်၍ဖြေသည်။ ပြီးလျှင် ''ဂိုရင်ကတော့ မမာနေပါတယ်။ သင်ကတော့ ဒီအိမ်က သွားနိုင်ခွင့်ရှိပါတယ်။ စဉ်းလည်းစဉ်းစားကြည့်ပါဦး။ အခုအခြေအနေအရဆိုရင် ဂိုရင်ကို သင်တစ်ယောက်တည်းက သတ်ချင်နေတာပါ။ လူဗာ သင့်ကို ငါ အများကြီး လေးစားပါတယ်။ သို့သော်လည်း သင့်သဘောကို ငါ နားမလည်နိုင်ပါဘူး။ နီနာ မလိမ်မာတာကတော့ ငယ်ရွယ်သူမို့ဆိုတာကို ငါ နားလည်နိုင်ပါတယ်။ သင်ကတော့ ငယ်တော့တာမှ မဟုတ်ဘဲနဲ့ ဘယ်လိုဖြစ်နေတာလဲ'' ဟု ဆက်၍ပြောသည်။

လူဗာက ဒဏ်ထိနေသော သားရဲတိရစ္ဆာန်ပမာ သူ့ကိုဆက်ပြီး နှိပ်စက်မနေပါနှင့်ဟု တောင်းပန်သည့်မျက်နှာထားဖြင့် ''အယုတ်သဖြင့် ဂိုရင့်ကိုမေးကြည့်ခွင့်တော့ ငါ့ကို ပေးထိုက်ပါတယ်''ဟုပြောသည်။

ဒရို့သည် မြန်းခနဲထိုင်ရာမှထလိုက်ပြီးလျှင် ကုလားထိုင်ကို ခြေနှင့်တင်အားကန်၍ လှဲပစ်လိုက်သည်။ ပြီးလျှင် အော်၍ ''သင် ငါ့သဘောကို နားမလည်ဘူး။ အခုသင့်ဆီကို ငါတို့လာတာဟာ ပြည်ထောင်အချင်းချင်း စကားပြေပြောဖို့လာတာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ သင် လိုက်နာဖို့စည်းကမ်းများ ငါတို့ဆီမှာ ပါလာတယ်။ စည်းကမ်းများဟာ အင်မတန်ရက်စရာတယ်။ အဲဒါကို သင် လက်ခံရင်ခံ မခံဘူးဆိုရင်တော့''ဟု ပြောသည်။

''လက်မခံဘူး။ သင့်ကို ငါတိုင်လိုက်မယ်။ သင့်ကို ငါ တရားစွဲမယ်။ ရုံးကို ငါသွားမယ်''ဟု လူဗာက ဖြတ်၍ပြောသည်။

''ရုံးတဲ့ ငါဟာ ရုံးပဲ''ဟု ဒရိုက ကန့်လန့်ပြောသည်။ ဒရိုက နွားထိုင်ထိုင်၍ လူဗာကို ကြည့်နေသည်။ ဒရို၏ဗလကို မြင်သောအခါ လူဗာစိတ်ထဲက ဒရိုကို သူနိုင်အောင် အားချင်းလည်း ပြိုင်နိုင်မည်မဟုတ်။ တောင်းပန်တိုးလျှိုး၍လည်း ရနိုင်လိမ့်မည် မဟုတ်သည်ကိုသိသည်။ လူဗာမှာ ကြောက်လန့်၍ ဝပ်ကျသွားသည်။

''နီနာရေ သွားမယ်ဟေ့။ ဒီလို လူမျိုးတွေနဲ့ ပြောနေလို့အလကားပဲ''ဟု အသံတိုးတိုးနှင့်ပြောပြီးလျှင် လူဗာသည် တံခါးပေါက်ဆီသို့ သွားသည်။

''ငါ မလိုက်ဘူး။ အဖေနဲ့ချိပ်ရောက် ဘာဖြစ်ကုန်ကြသလဲဆိုတာ မသိရမချင်း ငါ မလိုက်ဘူး''ဟု နီနာက တည်တည်ကြီးပြောသည်။

ဒရိုက ဒေါသနှင့်ကြည့်ပြီး ''အတွက်လွဲမနေပါနဲ့ နီနာ။ သင့်ကိုယ်သင် အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို့ ထင်မနေပါနဲ့။ ဒါဟာ တခြားနိုင်ငံမဟုတ်ပါဘူး။ ဒီနိုင်ငံက မလေ့ထုံးစံကတစ်မျိုးပါ။ သင့်အမေနဲ့ လိုက်သွားဖို့ ငါ အကြံပေးပါတယ်။ ငါ တံခါးဖွင့်ပေးပါမယ်''ဟုပြောပြီးလျှင် တံခါးကို သွား၍ဖွင့်ပေးသည်။ ပြီးလျှင် ''ဒီတံခါးကို သင် အသုံးပြုရင်ပြုပါ။ အသုံးမပြုရင် ဒီတံခါးဟာ သံမဏိထက်ခိုင်မာတာကို သင်တွေ့ရပြီး သင့်လင် ယိုတ်ဗာကောက်ဟာ ဒီတံခါးကို ခေါင်းနဲ့လာဆောင့်နေရပါလိမ့်မယ်'' ဟုပြောသည်။

''နီနာရေ လာဟေ့''ဟု လူဗာက မျက်စိပျက်ပျက်၊ မျက်နှာပျက်ပျက်နှင့် ပြောသည်။ ပြီးလျှင် ''ငါ့ကို ငဲ့ပါ နီနာ၊ လာပါ''ဟု ဆက်၍ပြောသည်။

နီနာသည် တုန်၍လာပြီး သူ့အမေကိုရော ဒေါသမွှန်နေသော ဒရိုကိုရော မျက်မှောင်ကြုတ်နေသော နီဇိကောက်ကိုရောကြည့်သည်။ ပြီးလျှင် ''အမေကို ငဲ့လို့သာပေါ့'' ဟုပြောပြီးလျှင် နီနာသည် သူ့အမေနှင့်အတူ အခန်းထဲမှ ထွက်သွားသည်။

''သူတို့ကို မော်တော်ကားဆီကို လိုက်ပို့လိုက်''ဟု ဒရိုက အစောင့်စစ်သားကို အမိန့်ပေးပြီးလျှင် သူကိုယ်တိုင်စင်္ကြံဆောင်မှနေ၍ လူဗာတို့သားအမိ ဖြောင့်ဖြောင့်မတ်မတ် သွားမသွားကို စောင့်၍ကြည့်သည်။ လူဗာနှင့်နီနာတို့သည် လေးလံသောနလုံးဖြင့် စဉ်းစားရင်းခေါင်းကိုငုံ့ကာ သွားကြသည်။ မှန်သည်။ သူတို့နှစ်ယောက်သည် ဦးခေါင်းပေါ်တွင် မမြင်ကောင်းသော ဝန်ထုပ်ကြီးများကို တာဝန်ကျေပွန်စွာ ရွက်၍သွားကြသည်။

***



## အခန်း(၉)

ဤနည်းဖြင့် ဂိုရင်မှာ အဖမ်းခံ၍နေရပြီ။ အစာကိုလည်း သူ့အိပ်ခန်းထဲ၌ပင် စားရသည်။ ကျင်ကြီးကျင်ငယ်ကိုပင် သူ့အိပ်ခန်းထဲ၌ပင် စွန့်ရသည်။ အဖျင်းထူသော အစောင့်စစ်သားက မသွန်သဖြင့် ပုပ်ဟောင်၍နေသော နောက်ဖေးအိုးသည် သူ့အိပ်ခန်းထောင့်တွင်ရှိသည်။ တံခါးပေါက်တွင်လည်း အစောင့်များကို တိုး၍ချထားသည်။ စင်္ကြံဆောင်တွင် အစောင့်စစ်သားတို့သည် တဒေါက်ဒေါက်နှင့် လမ်းလျှောက်လျက်ရှိသည်။ အစေခံများလည်း အကုန်ပျောက်၍သွားပြီ။ ကျောင်းအုပ်ကြီး နီဇိကောက်မှတစ်ပါး ဂိုရင့်အိမ်ထဲတွင် စစ်သားများသာရှိသည်။ တစ်အိမ်လုံးကိုလည်း ပတ်ပတ်လည်မှ စစ်သားများနှင့် ဝိုင်း၍ထားသည်။ သူ ရူးနေပြီဟု စစ်သားများကို ပြောထားသည့်အကြောင်းကိုလည်း ဂိုရင် သိသည်။ ဂိုရင်ကမူ သူ မရူးသည့်အကြောင်းကို ဂရုစိုက်ပြီးဖြေဖို့ပင် မကြံတော့။ စစ်သားများက ဘယ်လိုထင်ထင် သူ့အဖို့တွင် အရေးမကြီး။

ပထမရေနွေးထဲ ထည့်စိမ်ပြီးနောက် ရေခဲရည်ထဲ ပစ်ချပြီးနှိပ်စက်သောနည်းတစ်နည်းရှိသည်။ ဂိုရင်မှာ ဤနှိပ်စက်နည်းမျိုးကို ခံ၍နေရပြီ။ ဂိုရင်သည် ကျော်စောထင်ရှားနေရာမှ အကျဉ်းချထားခြင်းသို့၊ ဂုဏ်ကြီးနေရာမှ အရှက်ကွဲရသောအဖြစ်သို့ ရောက်၍နေရပြီ။ ထိုကဲ့သို့ ဆန့်ကျင်ဘက်အဖြစ်မျိုးနှင့် တွေ့ရသဖြင့် ဂိုရင်၏ဝိညာဉ်မှာ တွေဝေလျက်ရှိသည်။ ဂိုရင်သည် တစ်နေ့လုံးနေ၍ စကားတစ်ခွန်းမျှမပြော။ သူ့နဖူးရေများမှာ တွန့်၍နေပြီ။ သူ့မျက်လုံးများလည်း အရောင်မှိန်၍နေပြီ။ ဂိုရင်သည် တောက်ပခြင်းမရှိသော မျက်လုံးများဖြင့်သာ အစောင့်စစ်သားများ အဝင်အထွက်ကို ကြည့်၍နေသည်။ သူ့အလုပ်မှာ အခန်းထဲ၌ ကြမ်းချိုင့်၍သွားလောက်အောင် အဖန်တလဲလဲ လမ်းလျှောက်ခြင်းနှင့် စီးကရက်ကို တစ်လိပ်ပြီးတစ်လိပ်ညှိ၍ သောက်ခြင်းဖြစ်သည်။ လမ်းလျှောက်၍ ညောင်းပြန်လျှင် ဂိုရင်သည် စားပွဲတွင်ထိုင်၍ မေးထောက်ပြီး ငေးနေသည်။ အချိန်သည် သူ့အဖို့ ကုန်ခဲဘိသည်။ တစ်စက္ကန့်နှင့်တစ်စက္ကန့်ခြားတွင် နာရီသည် တစ်ကမ္ဘာလောက် တစ်ကမ္ဘာလောက် ရပ်နေသည်ဟု ထင်ရသည်။ ထိုကဲ့သို့ အချိန်ကုန်ခဲနေသည့်အခိုက်တွင် ချိပ်ရောက်က ''ဂိုရင်ရေ ငါ သွားပြီဟေ့''ဟု နှုတ်ဆက်သွားသော အသံကို ဂိုရင်သည် ကြားယောင်လာပြန်သည်။ သူ့မျက်နှာမှာ မချိသောဝေဒနာဖြင့် မဲ့ရွဲ့၍နေပြီးလျှင် သူ့နှုတ်ခမ်းများသည် တုန်၍နေသည်။ ဝန်ထုပ်ကြီးဖိ၍ထားသည်နှင့်တူသော သူ့ဦးခေါင်းသည် အိပ်ပျော်ခြင်းကို တောင့်တလျက် ရှိသည်။ ဂိုရင်သည် ပြတင်းပေါက်ကို ဖြည်းဖြည်းကလေးဖွင့်၍ ပြတင်းပေါက်အနီးတွင် ကုလားထိုင်နှင့်ထိုင်၍နေသည်။ အပြင်ဘက်တွင် ပန်းများပွင့်နေသော ဥယျာဉ်ကြီးနှင့် ခေါင်းမြစ်ကြီးရှိသည်။ ညအခါတွင် ခေါင်းမြစ်သည် ရနံ့သင်းသော မြက်များ သစ်ပင်များ ဝန်းရံလျက်ရှိသော ပြာရောင်သမ်းနေသော လမ်းမကြီးနှင့်တူသည်။ အပေါ်က မိုးကောင်းကင်တွင် ကြယ်များပေါက်လျက်ရှိသည်။ ဂိုရင်သည်

www.burmeseclassic.com

www.burmeseclassic.com



ချိုအေးသောလေကို အားရပါးရရှူသည်။ လေရနံ့နှင့်အတူ အမျိုးမျိုးအဖုံဖုံသော အသံတို့သည် ဂိုရင့်အခန်းထဲသို့ ဝင်လာသည်။ ဉယျာဉ်အနံ့အပြားမှ မိုးစွေငှက်ကလေးများမြည်သံ၊ ဒေါင်းမြစ်ဘက်မှ အဖော်ကွဲ၍နေသော ရေဘဲကလေး၏ တွတ်တီးတွတ်တာအော်သံ၊ ပန်းချုံနှင့် မြက်ထဲမှထူးဆန်းသော တူရိယာ သံနှင့်တူသော ဒေါင်းယဉ်ကျူးသံ၊ ရေအိုင်တွင်းမှ ထောင်သောင်းများစွာသော ဖားတို့၏ချစ်တင်းဆိုသံတို့သည် ဂိုရင့်အခန်းထဲသို့ ဥဒဟိုဝင်၍လာသည်။ အားလုံးသော သတ္တဝါများသည် အနှောင်အဖွဲ့ကင်း၍ လွတ်လပ်စွာရှိကြပြီးလျှင် သူတို့သည် နားရှိသူတိုင်း ကြားနိုင်စေရန်အတွက် သူတို့၏ လွတ်လပ်ခွင့်နှင့် တရားသဖြင့် နေထိုင်ခွင့်တို့ကို ကြေညာလျက်ရှိကြသည်။

"ပြတင်းပေါက်နားမှာ မနေနဲ့"ဟု ဂိုရင်ကို အစောင့်စစ်သားက လှမ်း၍ အော်လိုက်သည်။

"ပြတင်းပေါက်ကို ပိတ်လိုက်"ဟု ကြော်ဆောင်စောင့်စစ်သားက ဆင့်၍ အော်လိုက်ပြီးလျှင် အခန်းထဲသို့ အပြေးဝင်လာပြီး ဂိုရင်၏ဗိုက်ကို သေနတ်နှင့်ချိန်ထားသည်။ ဂိုရင်သည် ပြတင်းပေါက်ကို မပိတ်ဘဲနှင့် ပြတင်းပေါက်နားမှဖယ်ခဲ့သည်။ စစ်သားက သူကိုယ်တိုင် ပြတင်းပေါက်ကိုဆွဲ၍ပိတ်ပြီးလျှင် အခန်းစည်းကိုပါ ဆွဲ၍ ဖုံးလိုက်သည်။ ပြီးလျှင် "ဟေ့ ငနဲကြီး သတိထားနေနော်။ ညစာမစားရဘဲနဲ့ လုံ့ချုပ်နဲ့ အထိုးခံနေရဦးမယ်"ဟု ပြောသည်။

ရုရှတစ်နိုင်ငံလုံး၏ အချစ်တုံးကြီး၏ အသေးအဖွဲ့ လိုအင်ကလေးများသည်ပင် စစ်သားတစ်ယောက်၏ လုံ့ချုပ်များတွင် ပျောက်ကွယ်၍သွားရပြီ။

ဂိုရင်သည် အဝတ်အစားလဲပြီးလျှင် အိပ်ရာပေါ်တွင် လှဲ၍နေသောအခါ နဖူးက ချွေးများထွက်လာသဖြင့် ကြိမ်ဖန်များစွာ သုတ်ပစ်ရသည်။ လေကောင်းလေသန့်ကို ရှူလိုက်ပြီးနောက် အခန်းတွင်းက အသက်မရှူနိုင်လောက်အောင် နံစော်နေသော အနံ့များမှာ ပို၍ပင်ဆိုးလာသည်။ ဂိုရင်သည် အိပ်ချင်မူးတူးဖြစ်လာပြီး သူ့ရင်ဘတ်ပေါ်တွင် ကိုယ်လုံးကိုယ်ထည်ကြီးမားသော သူတစ်ယောက်က တက်၍ဖိထားပြီး သူ့ပါးစပ်တွင်းသို့ အာပုပ်နံ့များ မှုတ်၍သွင်းနေသကဲ့သို့ ဖြစ်နေသည်။

နံနက်လင်းသောအခါ သူ့အခန်းထဲသို့ စစ်ဗိုလ်ကလေး အလျှင်ဆုံးရောက်လာသည်။ စစ်ဗိုလ်ကလေးသည် ဂိုရင့်အခန်းထဲ၌ပင် ဂိုရင်၏ဖိနပ်ကို ပျင်းမှုပျင်းရာနှင့် ဖိနပ်ဆေးတိုက်သည်။ ဖိနပ်ဆေးအနံ့သည် အခန်းတွင်းမှ အခြားအနံ့ဆိုးများကို အခိုက်အတန့်အားဖြင့် ဖုံးလွှမ်းသွားသည်။ ဂိုရင်၏ အခန်းပြင်ဘက်၌မူ ထိုအချိန်သည် နေထွက်ခါစဖြစ်၍ အင်မတန်သန့်ရှင်းသာယာသော နံနက်ခင်းအချိန်ဖြစ်၍ ဒေါင်းမြစ်ပြင်တွင် ပြာလဲ့သော မြူများဆိုင်းလျက်ရှိသည်။ ဂိုရင်၏အိပ်ခန်းသည် မှောင်မည်းနံစော်နေသော ရေတွင်းပျက်ကြီးကဲ့သို့ ဖြစ်နေသည်။ အိပ်ရာကနိုးသောအခါ ခေါင်းကိုက်နေသဖြင့် ဂိုရင်က အပြင်သို့ထွက်၍ လမ်းလျှောက်ပါရစေဟု ခွင့်တောင်းသည်။ အစောင့်စစ်သားက "ပြီးတော့ကော ဘာလုပ်ချင်သေးသလဲ"ဟုသာ ငေါ့၍မေးသည်။ ဆယ်နာရီခန့်



အချိန်လောက်တွင် ဒရို့မှာ နံနက်စာစားပြီးခါစဖြစ်၍ ရွှင်ရွှင်ပျပျဖြစ်လျက်ရှိပြီးလျှင် ဂိုရင်၏ပခုံးကို ခင်မင်သော အခြင်းအရာဖြင့် သူ့လက်နှင့်ပုတ်သည်။

ပြီးလျှင် ဒရို့က "အင်း မနေ့က သင် လုပ်ပုံဟာ အတော်ကိုကောင်းတာပဲ ဂိုရင်။ ဒါပေမယ့် နောက်ထပ်တော့ ဒီလို မလုပ်ပါနဲ့တော့။ သင့်ကို ဘုရားသခင်က ခွင့်လွှတ်ပါလိမ့်မယ်။ ဘယ့်နှယ်လဲ နေလို့ထိုင်လို့ ကောင်းရဲ့လား"ဟုပြောသည်။

ဂိုရင်က ဘာမျှပြန်မပြောဘဲ ဒရို့ဘက်မှ မျက်နှာလွှဲလိုက်သည်။

"သင်က သင့်မိတ်ဆွေချိပ်ရောက်ကို မနေ့က ငါ သတ်လိုက်တဲ့အတွက် စိတ်ဆိုးနေတာပေါ့။ ဒါပေမယ့် တစ်ခုတော့ရှိပါတယ် ဂိုရင်၊ ဥပဒေဆိုတာ လူမိုက်တွေ ကောင်းစားဖို့လုပ်ထားတာ မဟုတ်ပါဘူး။ သင်ဟာ ငါဆိုရင်လည်း ဘယ်နည်းနဲ့မှ သင့်လည်ပင်းကို ညှစ်သတ်နေတာကို သေတဲ့အချိန်ထိ ခံနေမှာမဟုတ်ပါဘူး။ သင့်စိတ်ထဲကတော့ ငါ သေသွားမယ်ဆိုရင် ပိုပြီးသဘောကျမယ်ဆိုတာကို ငါ သိပါတယ်။ ဒါပေမယ့် ဒီကိစ္စက ကိုယ့်အသက်ထက်သူများ အသက်ကို မနှမြောနိုင်တဲ့ကိစ္စပါ။ လောကမှာ ဒီကိစ္စထက် ဘယ်ကိစ္စမှ ပိုပြီးအရေးမကြီးပါဘူး"ဟု ဒရို့က ပြောသည်။

"သင် ဘာလိုချင်သလဲ"ဟု ဂိုရင်က သူ့ဘက်လှည့်မကြည့်ဘဲမေးသည်။

"ရိုင်းလှချေလား ဂိုရင်၊ အခု ငါလာတာ သင့်မိန်းမနဲ့ သင့်သမီးဆီက စကားလက်ဆောင်ပါးဖို့လာတာပါ"

"အခု သူတို့ဘယ်မှာလဲ"ဟု ဂိုရင်က သွက်လက်စွာမေးပြီးလျှင် ဒရို့ဘက်သို့ လှည့်ကြည့်သည်။

"ယိုတ်ဗာကောက်ဆီမှာပါ။ သင် မြန်မြန်ကျွန်းမာလာဖို့ပဲ သူတို့ မျှော်လင့်နေကြတယ်။ ငါ ဘုရားကို ကိုယ်တိုင်တည်ပြီး ပြောဝံ့ပါတယ်။ သူတို့အတွက် သင် ဘာမှပူဖို့မလိုပါဘူး"

"ဒီမှာ သင့်နာမည် ဘယ်သူ"

"ငါ့နာမည် ဒရို့ပါ"

"ဒီမှာ ဒရို့၊ သင် ငါ့ကို လုပ်ချင်သလိုလုပ်နိုင်တယ်။ သင့်အစေခံကလည်း ငါ့ကို အပြင်ကို ထွက်ခွင့်မပြုဘဲနဲ့ ပိတ်ထားတာလည်း ထားနိုင်တယ်။ ငါ့အပေါ်မှာ ရိုင်းရိုင်းပျပျလုပ်တာလည်း လုပ်နိုင်တယ်။ သတ်ပစ်ချင်တောင် သတ်ပစ်နိုင်တယ်။ ဒါပေမယ့် ငါ့မိန်းမနဲ့၊ ငါ့သမီးကိုတော့ သင် ဘယ်လိုမှ အနှောင့်အယှက်မပေးပါနဲ့"

"သင့်မိန်းမနဲ့ သင့်သမီးကို ဘယ်သူကမှ အနှောင့်အယှက်မပေးပါဘူး။ ပြီးတော့ သင့်ကိုလည်း ဘယ်သူကမှ မသတ်ချင်ပါဘူး။ ဒီတော့ သင် ဘာမှ စိတ်အနှောင့်အယှက် ဖြစ်နေစရာမရှိပါဘူး။ ပြီးတော့ စစ်ဗိုလ်ကလေးကလည်း သင့်အပေါ်မှာ ရိုင်းရိုင်းပျပျ လုပ်ခွင့်မရှိပါဘူး။ တကယ်လို့ ရိုင်းရိုင်းပျပျလုပ်တယ်ဆိုရင် အဲဒီလို မဖြစ်ရအောင် ငါ ချက်ချင်းစီမံပေးပါမယ်"ဟု ပြောပြီးလျှင် ဒရို့က စစ်ဗိုလ်ကလေးကို လှမ်း၍ခေါ်လိုက်သည်။ စစ်ဗိုလ်ကလေး သူ့ဆီသို့ ရောက်လာသောအခါ ဒရို့က

www.burmeseclassic.com

www.burmeseclassic.com



ပါးကို ဖြဲ့ခနဲရိုက်လိုက်ပြီးလျှင် "သင့်ကို ငါတို့ မိတ်ဆွေက တိုင်နေတယ်"ဟု ပြောသည်။

စစ်ဗိုလ်ကလေးသည် ပါးကိုလက်နှင့်ပွတ်ပြီး ဂိုရင်ကို စိုက်၍ကြည့်နေသည်။

ဒရိုကရယ်၍ "ကိုင်း၊ နောက်ထပ် ဘာတိုင်စရာရှိသေးသလဲ၊ ဂိုရင်"ဟု မေးသည်။

ဂိုရင်က လက်ယမ်း၍ပြပြီးလျှင် "ဘာမှမရှိပါဘူး။ မတိုင်တာက ပိုကောင်းပါတယ်"ဟု ပြောသည်။

ဂိုရင် အဝတ်လဲပြီးသွားသောအခါ ဒရိုကလေသာဆောင်ဘက်တံခါးကို ဖွင့်ပေးပြီးလျှင် သဘောထားကြီးသောအနေဖြင့် ဂိုရင်ကို အလျှင်ထွက်ရန် လက်ဖြင့်အချက်ပြသည်။ သို့ရာတွင် ထိုသို့ ဂိုရင်ကို အချက်ပြပြီးနောက် ဒရိုသည် သူ့လက်ကို နောက်သို့ဝှေ့၍ စစ်သားနှစ်ယောက်အား ဂိုရင်မမြင်အောင် တစ်မျိုးအချက်ပေးလိုက်သည်။ ထိုအခါ စစ်သားနှစ်ယောက်က ဂိုရင်ကို သေနတ်နှင့်ချိန်ပြီးလျှင် "ရပ်လိုက်။ ဘယ်သွားမလို့လဲ"ဟု ပြောသည်။

"အို ဒုက္ခပါပဲလား။ ဒီလိုဆိုတော့ ငါတို့ သွားခွင့်မရှိဘူးပေါ့။ အားနာစရာကောင်းလိုက်တာ။ ဒါပေမယ့် အခုမသွားရရင် နောက်တော့သွားရမှာပါပဲ။ ဒီတော့ အခု အတောအတွင်းမှာတော့ ကိုယ့်ဒုက္ခကိုယ်မရှာဘဲ အခန်းထဲပြန်ကြရင် ကောင်းမယ်ထင်တယ်။ ဒီကောင်တွေက ကောင်ကြမ်းတွေ၊ ငါတို့ကို ရိုက်ချင်တောင် ရိုက်ဦးမယ်။ ဒါလောက်တောင် ကြပ်ကြပ်တည်းတည်း အမိန့်ထုတ်ထားတာဟာ နီဗိကောက်လက်ချက်ပေါ့"ဟု ဒရိုက စိတ်မကောင်းဟန်ဆောင်၍ပြောသည်။

"နီဗိကောက်လက်ချက် မဟုတ်ပါဘူး။ စတာလင်ကိုယ်တိုင်ရဲ့ လက်ချက်ပါ"ဟု ဂိုရင်က ရွှတ်ချသောသဘောဖြင့်ပြောသည်။

"အို ဒါတော့ သင် မှားတယ်ဂိုရင်။ သင့်အကြောင်းကို သတင်းစာထဲက သူတို့ ဘယ်လိုရေးနေကြတယ်ဆိုတာ သင် မသိလို့ပြောတာပါ"ဟု ဒရိုကပြောပြီးလျှင် သူ့အင်္ကျီအိတ်ထဲက ပရဗ္ဗဒါသတင်းစာနှင့် အစ္စဗိတ်ယားသတင်းစာများကိုထုတ်၍ ဂိုရင်ကိုပေးသည်။

သတင်းစာနှစ်ခု၏ ထင်ရှားသော စာမျက်နှာတွင် ဂိုရင်အား အစိုးရက လီနင်အခင်း ဘွဲ့ထူးဖြင့် ချီးမြှင့်သည့်အတွက် ဝမ်းသာချီးကျူးကြောင်း ဖော်ပြထားသည်။ ထို့ပြင် တော်လှန်ရေးမပေါ်မီက ဂိုရင်ရေးခဲ့သော စာအုပ်များနှင့်တကွ အထူးအားဖြင့် သူနောက်ဆုံးရေးသားသော "ကြောက်စရာအိဗန်ဘုရင်ပြဇာတ်"ကို ချီးကျူးချက်များကိုလည်း သတင်းစာနှစ်စောင်က ဖော်ပြကြသေးသည်။ အိဗန်ဘုရင်ပြဇာတ်ကိုမူ ဂိုရင်ရေးသမျှထဲတွင် အကောင်းဆုံးဖြစ်သည်ဟု ချီးမွမ်းကြသည်။ ထို့ပြင် ထိုသတင်းစာနှစ်စောင်၏ မျက်နှာဖုံးတွင် စတာလင်က ပြုံး၍နေပုံနှင့် ဂိုရင်က စတာလင်ကို ယုံကြည်စိတ်နှင့် ကြည့်နေပုံဓာတ်ပုံကို ဖော်ပြကြသည်။ ထိုဓာတ်ပုံမှာ ရုရှပြည်သို့ ဂိုရင်ပြန်ရောက်သည့်နေ့က ကရင်မလင် နန်းတော်တွင် ရိုက်ထားသောပုံဖြစ်သည်။



"ကိုင်း သင်ကိုယ်တိုင်ပဲ ဖတ်ကြည့်ပါတော့။ သင်ဖတ်နေတုန်း သင့်ကို ကောင်းကောင်းမွန်မွန် စောင့်ရှောက်ကြရဲ့လားဆိုတာ ငါ သွားပြီးစစ်ကြည့်လိုက်ဦးမယ်"ဟုပြော၍ ဒရိုသည် နီဗိကောက်ဆီသို့သွားသည်။ နီဗိကောက်မှာ စိတ်အနည်းငယ်ရှုပ်၍နေသည်ကို ဒရို တွေ့ရသည်။

"စိတ်ရှုတ်စရာအကြောင်းသစ်တွေ ပေါ်နေပြန်ပြီ။ နိုင်ငံခြားသတင်းထောက်တွေက ဂိုရင်ကို အလေးပြုခွင့်ပြုပါလို့လာပြောနေတယ်"ဟု နီဗိကောက်ကပြောသည်။

ခါတိုင်း စိတ်အေးအေးထားတတ်သော ဒရိုမှာ နိုင်ငံခြားသတင်းထောက်များ အကြောင်းကို ကြားလိုက်သောအခါ စိတ်ရှုပ်သွားပြီးလျှင် "ဒီကောင်တွေဟာ အနံ့တစ်ခုခုရသွားလို့ လာကြတာတော့ မဟုတ်ဘူးထင်ပါရဲ့"ဟု ပြောသည်။

"နိုင်ငံခြားသတင်းထောက်နှစ်ယောက်ဟာ ဝင်းတံခါးပေါက်မှာ ရပ်ပြီးစောင့်နေ ကြတယ်။ စစ်သားတွေက ဝင်ခွင့်မပြုဘူး"

"ဒါဖြင့် နီဗိကောက် သတင်းထောက်နှစ်ယောက်ကို သင် သွားတွေ့လိုက်ပါ။ ငါက စစ်ဝတ်စစ်စားနဲ့ဖြစ်နေတယ်။ ငါသွားလို့ အရုပ်ဆိုးလိမ့်မယ်။ တို့အစီအစဉ်ဟာ ဒီအချက်မှာပဲဟာသွားတယ်။ တကယ်ဆိုရင် သူတို့မလာခင် စစ်သားတွေကို ချုံကွယ်မှာသွားဝှက်ထားဖို့ စီစဉ်ထားဖို့ကောင်းတယ်။ ဂိုရင် မမာလို့ ကရိမီးယားပြည်နယ်ကို ဆေးကုဖို့ သွားနေတယ်လို့ ပြောလိုက်ပါ။ ဒီလိုမပြောချင်လည်း တစ်နည်းနည်းနဲ့သာ လှည့်ပြောလိုက်ပါ။ အရေးကြီးတာက သူတို့မြန်မြန်ပြန်သွားဖို့ပဲ အရေးကြီးတယ်"ဟု ဒရိုကပြောသည်။

ဝင်းတံခါးသို့ နီဗိကောက်ရောက်သွားသောအခါ နိုင်ငံခြားသတင်းထောက်နှစ်ယောက်မဟုတ်ဘဲ တစ်ယောက်တည်းသာ တွေ့ရသည်။ သူနှင့်ပါလာသူတစ်ယောက်မှာ ရုရှအစိုးရက မျက်ခြည်မပြတ်စောင့်ကြည့်ဖို့ တာဝန်ပေးထား၍ လိုက်လာသော ရုရှတိုင်းရင်းသား မော်တော်ကားမောင်းသမားဖြစ်သည်။

"ဘာ အလိုရှိပါသလဲ။ ငါဟာ ဂိုရင်ရဲ့ အတွင်းရေးမှူးပါ"ဟု နီဗိကောက်က နိုင်ငံခြားသတင်းထောက်ကို ပြောသည်။

နိုင်ငံခြား သတင်းထောက်သည် ရုရှစကား အနည်းငယ်တတ်သည်။ သူ့နာမည်ကို ပြောပြသောအခါ နီဗိကောက်ခေါ်နေမကျ၍ ချက်ချင်းမေ့သွားသည်။ ထို့နောက် နိုင်ငံခြားသတင်းထောက်က သူသည် အင်္ဂလန်ပြည်က နာမည်ကျော်ကြားနန်းသတင်းကိုယ်စားလှယ်အဖွဲ့က ဖြစ်ကြောင်းပြောပြသည်။ နီဗိကောက်သည် ထိုသတင်းကိုယ်စားလှယ်အဖွဲ့၏အမည်ကို သတင်းစာထဲတွင် ခဏခဏ တွေ့ဖူးသည်။ နိုင်ငံခြားသတင်းထောက်မှာ အရပ်ရှည်ရှည် မျက်နှာထားတည်တည် မျက်မှန်နှင့်ဖြစ်သည်။ သူ့ကိုကြည့်ရသည်မှာ အနည်းငယ် ကြောင်တောင်တောင်ရှိပုံရသည်ဟု ထင်ရသည်။

"ငါ ဂိုရင်နဲ့တွေ့ပြီး စကားပြောခွင့်ရလိုပါတယ်"ဟု နိုင်ငံခြားသတင်းထောက်က နီဗိကောက်၏ ဦးခေါင်းပေါ်ကိုကျော်၍ ဂိုရင့်နန်းတော်ကို ကြည့်ရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နီဗီကောက်က သတင်းထောက်အား ဂိုရင် ကရီမီးယားပြည်နယ်သို့ သွားကြောင်းကို တတ်နိုင်သမျှ အပတ်ပြေအောင်ပြောပြသည်။ သတင်းထောက်က နီဗီကောက်ပြောသမျှ စကားများကို သူ့မှတ်စုစာအုပ်ထဲတွင် မှတ်ယူသည်။

"ဂိုရင်ရဲ့ အရင်က အတွင်းရေးမှူးမစ္စတာဗော်လကောက် ဘယ်မှာလဲ။ တစ်ဆိတ်လောက်သိပါရစေ။ ငါနဲ့သူနဲ့ အင်မတန်ခင်ပါတယ်။ ဒါထက် အကြောင်းစပ်မိလို့ ပြောရဦးမယ်။ မစ္စတာဗော်လကောက်ကတော့ ငါ့ကို အမြဲတမ်း အိမ်ထဲမှာညှော်ခံပါတယ်။ အခုလို ဝင်းတံခါးပေါက်မှာ ထွက်ပြီးညှော်မခံပါဘူး"ဟု သတင်းထောက်က ပြောသည်။

နီဗီကောက်က "ဗော်လကောက်ဟာ ဂိုရင်နဲ့ ကရီးမီးယားကို လိုက်သွားပါတယ်" ဒီအတောအတွင်းမှာ သူ့အလုပ်များကို ငါက လုပ်နေရပါတယ်"ဟု ပြောသည်။

သတင်းထောက်က ပြုံးပြီး သူ့မှတ်စုစာအုပ်ထဲတွင် တစ်စုံတစ်ရာမှတ်ပြန်သည်။ ပြီးလျှင် ဝင်းတံခါးဝက စစ်သားများကိုကြည့်သည်။ ပြီးလျှင် ဝင်းထဲတွင်ရှိသော အခြားစစ်သားများကို ကြည့်သည်။ ပြီးလျှင် ထပ်၍ပြုံးပြန်သည်။ ထို့နောက် "ဒါထက် ဂိုရင် ဘယ်မှာလဲ"ဟု သတင်းထောက်က ရှေးနည်းတူ လေးစားစွာဖြင့် ပြုံး၍မေးပြန်သည်။

နီဗီကောက် အံ့အားသင့်ကာ မျက်ခုံးတစ်ဖက်ကို ပင့်၍ "ဂိုရင် ကရီးမီးယားကို သွားပါတယ်လို့ ငါ ပြောနေတာပဲ။ စိတ်လည်းမရှိပါနဲ့။ သင် မပြန်သေးဘူးလား။ နောက်တစ်လလောက်နေတော့ လာခဲ့ပါ။ အဲဒီတော့ ဂိုရင်က သင့်ကို လက်ခံတွေ့ပါလိမ့်မယ်။ ပြီးတော့ သင့်မိတ်ဆွေ ဗော်လကောက်ကိုလည်း သင် တွေ့ရပါလိမ့်မယ်"ဟု ပြောပြီးလျှင် ဦးခေါင်းကိုညွတ်၍ သတင်းထောက်ကို နှုတ်ဆက်လိုက်သည်။ ပြီးလျှင် မော်တော်ကားမောင်းသမားအား "ဒီကောင်ကို မြန်မြန်ခေါ်သွားစမ်းကွာ"ဟု ပြောသည့်ဟန်ဖြင့် သတင်းထောက်မသိအောင် လက်ရိပ်ပြလိုက်သည်။ ထိုအခါ မော်တော်ကားမောင်းသမားက မော်တော်ကားဆီသို့ သုတ်သီးသုတ်ပျာထွက်သွားသည်။

သို့ရာတွင် သတင်းထောက်သည် မော်တော်ကားမောင်းသမားနောက်သို့ ချက်ချင်းလိုက်မသွားသေးဘဲ သူ့မှတ်စုစာအုပ်ကို စိမ်ပြေနပြေ သူ့အင်္ကျီအိတ်ထဲသို့ ထည့်ပြီး ဂိုရင် နန်းတော်ပြတင်းပေါက်များကို တစ်ပေါက်စီ တစ်ပေါက်စီ လှမ်း၍ ကြည့်သည်။ ပြီးလျှင် သတင်းထောက်သည် ရုတ်တရက် သူ့ဦးထုပ်ကိုချွတ်၍ သချိုင်း၌ အလောင်းကို မြေဖို့ခါနီးတွင် ပြုလုပ်လေ့ရှိသည့်နည်းအတိုင်း တစ်ခဏတာမျှ ငြိမ်သက်စွာရပ်နေပြီးနောက် သူ့ဦးခေါင်းကို ညွတ်၍အလေးပြုလိုက်သည်။

***



## အခန်း(၁၀)

ဒရို့နှင့်နီဗီကောက်တို့သည် ဂိုရင်၏စားပွဲဆောင်၌ အတူတူညစာစားကြသည်။ စစ်ဗိုလ်ကလေးက မျက်နှာချိုသွေးကာ စားပွဲထိုးသည်။ ဒရို့မှာ အထူးရွှင်ပျကာ စကားကြွယ်လျက်ရှိသည်။ ဒရို့က ဂိုရင့်သေရည်ခန်းမှ အကောင်းဆုံးသေရည်များကို အယူခိုင်းပြီး အိမ်ရှင်ပမာ နီဗီကောက်ကို ညှော်ခံပြီး "သောက်ပါ နီဗီကောက် မှိုင်မနေပါနဲ့"ဟုပြောသည်။

"ငါ မှိုင်နေတာ မဟုတ်ပါဘူး။ စဉ်းစားနေတာပါ"ဟု နီဗီကောက်က ပြောသည်။ နီဗီကောက်မှာ ဂိုရင့်အိမ်သို့ရောက်သည့် အချိန်ကာလအတွင်း၌ အတော်ပင် အို၍သွားသည်။ သူ့နဖူးရေများမှာ အများကြီးတွန့်၍လာပြီးလျှင် သူ့ပါးရိုးကြီးများလည်း သိသိသာသာငေါ၍ ထွက်လာသည်။ သူ့မျက်တွင်းကြီးများလည်း နက်ရှိုင်း၍ သွားသည်။ သို့ရာတွင် နီဗီကောက်မှာ တုန်လှုပ်ချောက်ချားခြင်းကားမဖြစ်။

ဂိုရင့်အပေါ်မှာ ငါတို့လုပ်ပုံဟာ မှန်မှမှန်ရဲ့လား။ ငါ မပြောတတ်ဘူး။ တို့လုပ်တာတွေမှားကုန်ပြီလို့ သင် မထင်ဘူးလား"ဟု နီဗီကောက်က ဒရို့ကိုပြောသည်။

"ဒီလိုဆိုတော့ သင်ဟာ လောကအကြောင်း ဘာမှနားမလည်သေးဘူးပေါ့" ဟု ဒရို့ကပြောသည်။

"လောကအကြောင်းကို ငါ နားလည်တာ အခုမှ မဟုတ်ပါဘူး။ ကြာလှပါပြီ"

"သင်က နီနာ့အတွက် စိတ်မကောင်းဖြစ်နေတယ် ထင်ပါရဲ့"ဟု ပြောပြီးလျှင် ဒရို့သည် လှောင်ပြုံးပြုံးကာ နီဗီကောက်ကို စိုက်ကြည့်နေသည်။

ဒရို့ပြောသော စကားကိုကြားလိုက်ရသောအခါ နီဗီကောက်မှာ ဟန်လုပ်နေရင်းနှင့်ပင် သူ့ဝမ်းထဲက ရှက်လည်းရှက် နောင်တလည်းဖြစ်၍လာသည်။ ထိုအခိုက်တွင် နံရံတွင် ချိတ်ထားသောမှန်ထဲ၌ သူ့အရိပ်ကို သူမြင်သဖြင့် ဒရို့ရှေ့တွင် သူ မျက်နှာထားပျက်နေသည့်အတွက် သူ့ဟာသူ ရှက်မိသည်။

နီဗီကောက်က "ငါ ဘယ်သူ့အတွက်မှ စိတ်မကောင်းမဖြစ်ဘူး"ဟု ဒွတ်မိုတ်၍ပြောသည်။ သို့ရာတွင် သူ့အသံမှာ မှုမမှန်။ ပြီးလျှင် နီဗီကောက်က ဆက်၍ "ငါက အလုပ်အတွက်ပဲ စိတ်မကောင်းဖြစ်ပါတယ်။ အခု ငါတို့လုပ်နေကဲ့နည်းဟာ ကောင်းတဲ့အကျိုးဖြစ်ပေါ်နိုင်လိမ့်မယ်လို့ ငါ မထင်ဘူး။ ငါဟာ အကြမ်းမှုကို မယုံဘူး။ နှလုံးရည်ကိုပဲ ယုံတယ်"ဟုပြောသည်။

ဒရို့သည် သေဖန်ခွက်ကို တစ်ကျိုက်တည်းနှင့်ကုန်အောင် မော့၍သောက်လိုက်ပြီးလျှင် ထိုင်ရာမှ ဖြုန်းခနဲထ၍ နီဗီကောက်အနားသို့ ကပ်၍ထိုင်ပြီးလျှင် "ဒါတွေ ပြောမနေပါနဲ့ နီဗီကောက်၊ သင်လည်း မသိတာမှမဟုတ်တာဘဲ။ နောက်ဆုံးမှာ ဒီအဖြစ်တွေဟာ ဘယ်လိုအဆုံးသတ်လိမ့်မယ်ဆိုတာ သင် ကောင်းကောင်းသိတာပေါ့"ဟု ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးလျှင် ဒရိုက နီဗိကောက်၏ ပခုံးကိုဖက်လိုက်သည်။ နီဗိကောက်မှာ သူ့စကားကိုကြားရ၍ တစ်ကိုယ်လုံးတုန်နေသည်ကို ဒရိုတွေ့ရသည်။ ပြီးလျှင် ဒရိုက ဆက်၍ "တကယ်ဆိုတော့ ငါလည်း အကြမ်းမှုသုံးတာဟာ အဝိုလို့ပဲ ထင်ပါတယ်။ ဒါပေမယ့် ဗေရီးယားက လုပ်ရမယ့်လို့ အမိန့်ပေးတော့ ငါလည်းမတတ်နိုင်ဘူးပေါ့။ ဒါတွေကို သင် အသိဆုံးပါ" ဟု ပြောသည်။

နီဗိကောက်၏လက်ထဲက ခက်ရင်းမှာ တုန်၍ ပန်းကန်ပြားနှင့် တဆတ်ဆတ် ခေါက်လျက်ရှိသည်။ ဗေရီးယားအကြောင်းကို ကြားရ၍ သူ့စိတ်ထဲကမကောင်း။

"ရဲဘော် ဗေရီးယားရဲ့ ဆုံးဖြတ်ချက်ကို ငါက မှားတယ်လို့ ပြောနေတာ မဟုတ်ပါဘူး။ ဒါပေမယ့် အကြမ်းမှုအကြောင်းနှင့် ပတ်သက်လို့ သူက ဘာမှပြောတာ မဟုတ်ဘူးဆိုတာကိုသာ ငါက ပြောတာပါ"ဟု နီဗိကောက်က တည်တည်ကြီး ဆင်ခြေတက်သည်။

ဒရိုက နီဗိကောက်၏စိတ်ထဲတွင် သို့လော သို့လောဖြစ်နေခြင်းများ ပျောက်သွားစေရန်အတွက် "သင်ပြောတာဟာ ကောင်းပါတယ်။ ကောင်းပါတယ်။ ဒါပေမယ့် ယောဒီ ကြေးနန်းကိုလည်း ကြည့်ပါဦး။ မနက်ကပဲ ငါ ရပါတယ်"ဟု ပြောပြီးလျှင် ဒရိုက ကြေးနန်းကို နီဗိကောက်အား ပေးလိုက်သည်။ ပြီးလျှင် ဒရိုသည် ထိုင်ရာမှထ၍ အခန်းထဲတွင် ဟိုလျှောက်ဒီလျှောက် လျှောက်နေသည်။ ပြီးလျှင် ပြတင်းပေါက်နားသို့ သွား၍ ရပ်နေသည်။ ကြေးနန်းစာတွင် "သင်တို့လုပ်သည့်အလုပ်များကို ငါ သဘောတူသည်။ သို့သော် နောက်ထပ်လုပ်ရမည့် အလုပ်များအတွက်မူ အားလုံးကို နီဗိကောက်ကိုလွှဲ၍ သူ့တာဝန်နှင့် သူလုပ်ပါစေ"ဟု ပါသည်။ နီဗိကောက်သည် ကြေးနန်းစာကို ဖတ်ပြီး မျက်မှောင်ကြုတ်နေသည်။

"ကိုင်း ဒီနေ့ကစပြီး ဂိုရင့်အတွက်ဟာ သင့်တာဝန်လုံးလုံးပဲဆိုတာ သင် သိပြီ မဟုတ်လား"ဟု ဒရိုကပြောသည်။ သားကောင်ကြီးတစ်ကောင်သည် သူ့လက်တွင်းသို့မရောက်ဘဲ သူများ၏လက်တွင်းသို့ ရောက်သွား၍ မခံချိမခံသာဖြစ်သည့်ပမာ ဒရို၏အသံတွင် မနာလိုသံပါနေသဖြင့် နီဗိကောက်မှာ အံ့အားသင့်၍သွားသည်။ ပြီးလျှင် ဒရိုကဆက်၍ "အခုအချိန်ကစပြီး သင့်ဝါဒတွေကို သင် စိတ်တိုင်းကျသလို ပိုင်ပိုင်ကြီး လုပ်နိုင်ပါပြီ နီဗိကောက်"ဟု ပြောသည်။

"ဒီဝါဒတွေက လူသေကောင်နဲ့ သိပ်နံတာပဲ"ဟု နီဗိကောက်က ပြောသည်။

ဒရိုကရယ်၍ "ဘယ်လိုလဲ ဝိညာဉ်မျက်သမားကြီးရဲ့။ ဒူးတုန်နေပလား။ ကိုယ့်သတ္တိကို ကိုယ်မယုံတော့ဘူးလား။ သတိထားပါ ကျောင်းအုပ်ကြီး၊ ကြားထဲက သင့်ခေါင်းပြုတ်သွားပါဦးမယ်"ဟုပြောသည်။

"ငါ့ခေါင်းက ပြုတ်ဖို့ထားတာမဟုတ်ဘူး"ဟု နီဗိကောက်ကပြောသည်။

"ပြုတ်ဖို့မဟုတ်ရင် ဘာလို့လဲ၊ ကျည်ဆန်ပစ်ထည့်ဖို့လား"ဟု ဒရိုက မေးသည်။



ဗေရီးယား၏အမိန့်သည် သူ့ဆရာဒရို၏စိတ်ကို များစွာထိခိုက်သွားသည်ကို နီဗိကောက်သိသည်။ ဂိုရင်ကို ထမ်းပိုးကျင့်ရန်အလုပ်အတွက် သူ၏အစွမ်းသတ္တိကို ဗေရီးယားက အယုံအကြည်မရှိသဖြင့် ဒရိုသည် စိတ်မကောင်း။ အမှန်မှာ ဗေရီးယားသည် ထိုအလုပ်မှ ဒရိုကိုဖြုတ်လိုက်ပြီ။ ဒရိုက ဤသို့ယူဆသော်လည်း နီဗိကောက်ကမူ ဒရိုယူဆသလို မယူဆ။ ထိုကဲ့သို့ ဒရိုကိုဖယ်၍ သူ့ကိုတာဝန်လွှဲပေးခြင်းမှာ ဗေရီးယားက ဒရို၏အရည်အချင်းကို အယုံအကြည်မရှိ၍မဟုတ်။ သူ့ကို သက်သက်စမ်းချင်၍ ပရိယာယ်အသစ်ဆင်ခြင်းသာဖြစ်သည်ဟု နီဗိကောက်ယူဆသည်။ ဗေရီးယားသည် ဂိုရင်နှင့်ပတ်သက်သောတာဝန်ကို နီဗိကောက်ကို တစ်ယောက်တည်းထမ်းဆောင်ရန် အတွက် ပခုံးပြောင်း၍ပေးလိုက်ပြီ။

※ ※ ※

## အခန်း(၁၁)

နီဗိကောက်သည် ညစာစားပြီးသည်နှင့်တစ်ပြိုင်နက် ဂိုရင်ဆီသို့သွား၍ ဂိုရင့် အခန်းထဲ၌ အချိန်ကုန်အောင်နေသည်။

ဒရိုသည် အလွန်မူး၍နေပြီးလျှင် ထိုနေ့တွင်ပင် နီဗိကောက်အား ကျွတ်ကျွတ် လွတ်လွတ် ဆောင်ရွက်စေနိုင်ရန်အတွက် မြို့ထဲသို့သွားကာ ရှောင်၍ပေးသည်။ ဂိုရင်၏ ခန့်ညားကြီးကျယ်သော မော်တော်ကားကြီးကိုစီး၍ မြို့ထဲသို့သွားခါနီးတွင် ဒရိုက ငေါ့လိုသောမျက်နှာထားဖြင့် "ငါ့အကူအညီများ လိုလို့ရှိရင် အားမနာပါနဲ့ ငါ့ကို ခေါ်လိုက်ပါ။ ငါတို့က မာနမကြီးပါဘူး။ ကူညီချင်တဲ့စိတ် အမြဲရှိပါတယ်"ဟု ပြောသည်။

ဒရိုသွားသောအခါ နီဗိကောက်မှာ သူ့သဘောနှင့်သူ လုံးဝလုပ်ပိုင်သော အဖြစ်ကို ရောက်သွားသည်။ သူလုပ်သည့်အလုပ်ကို ဝင်စွက်မည့်သူ တစ်ယောက်မျှ မရှိတော့။ အမှန်ဆိုသော် နီဗိကောက်၏ အခြေအနေမှာ သူ့သဘောနှင့်သူ လုံးဝလောက် နီးနီးလုပ်နိုင်ခြင်းသာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဗေရီးယားသည် သူလုပ်သမျှကို နောက်ကွယ်မှစောင့်၍ သေသေချာချာကြည့်နေဦးမည်သာ ဖြစ်သောကြောင့်ဖြစ်သည်။ ထို့ပြင် ထိုအလုပ်ကို သူ ဖြစ်အောင်လုပ်နိုင်မှာမဟုတ်ဘူးဟု ဒရို၏ဝမ်းထဲက ကြိတ်၍ ထင်နေသည်ကိုလည်း နီဗိကောက်သိသည်။ နီဗိကောက်က သူ့ဆီသို့လှမ်း၍ အကူအညီ တောင်းရသည်ဖြစ်ပါမူ ဒရိုသည် အင်မတိအင်မတန် ဝမ်းသာသွားလိမ့်မည်။ ဤ အကြောင်းများသည် နီဗိကောက်အဖို့ အားတက်စရာအကြောင်းများမဟုတ်။ ဂိုရင့်အိမ် တွင် သူသည် ဘုရင်တစ်ဆူဖြစ်၍နေသော်လည်း နီဗိကောက်မှာ မျက်နှာက သစ်သားရုပ် တွေနှင့်တူသော လက်နက်ကိုင်စစ်သား အမြောက်အမြားရှိနေခြင်းအတွက် ရွှင်ပျနေခြင်း မရှိ။ နီဗိကောက်သည် လျှို့ဝှက်စစ်တပ်၏ ပုံစံဦးထုပ်ပြားကို မြင်ရလျှင် အဘယ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မှန်းမသိ ကျောချမ်း၍လာသည်။ တစ်ခါတစ်ရံ သူ့စိတ်ထဲက ဂိုရင်သာမဟုတ် သူ ကိုယ်တိုင်လျှင် အကျဉ်းသားအဖြစ်သို့ ရောက်နေပြီဟုလည်း ထင်မိသည်။

နီဗိုကောက်သည် ဂိုရင့်အတွက် နေရေးထိုင်ရေး အခြေအနေသာယာလာစေရန် အတွက်မဟုတ်ဘဲ အခန်းကအကျဉ်းထောင်ခန်းနှင့် တူနေသည့်အတွက် သူ စိတ်မသန့်ဖြစ် နေရခြင်းကို ပျောက်ပသွားစေရန်အလို့ငှာ နောက်ဖေးအိုးကို အခန်းထဲမှထုတ်၍ စကြံ ဆောင်သို့ ပြောင်းထားရန်နှင့် အခန်းကိုလှဲကျင်း၍ လေကောင်းလေသန့်ဝင်အောင် လုပ်ပေးရန် အမိန့်ထုတ်သည်။ သို့ရာတွင် ဂိုရင်က သူနှစ်သက်မြတ်နိုးသော ခေါင်းမြစ်ကို ကြည့်နိုင်ရန် သူ့အိပ်ရာနှင့်တည့်တည့် ပြတင်းပေါက်က အခန်းဆီးအဝတ်ကို အပေါ်ပင့်တင်ပေးရန် တောင်းပန်သောအခါ နီဗိုကောက်က ပင့်တင်မပေးနိုင်ဘူးဟု ပြောသည်။ ထိုသို့ပြောသော အခါတွင် နီဗိုကောက်သည် ဂိုရင်အား ရန်သူကိုပြောသ ကဲ့သို့ ရိုင်းစိုင်းစွာပြောသဖြင့် သူ့ဟာသူတောင် ရိုင်းစိုင်းလှချေလားဟု အံ့အားသင့် သွားသည်။

ဂိုရင်က သူ့အလိုကို လိုက်နေရခြင်းသည် သူ့အလုပ် လျှော့လျော့လျှုလျှု ဖြစ်နိုင်စေမည့် အကြောင်းတစ်ခုဖြစ်သော်လည်း နီဗိုကောက်စိတ်ထဲက သူ့အလုပ်အတွက် အနှောင့်အယှက်တစ်ခု ဖြစ်သည်ဟုထင်သည်။ လူ့စိတ်များအနက် အထူးသဖြင့် အတန်း မြင့်၍ မာနထောင်နေသော ဂိုရင်တို့လိုလူမျိုး၏စိတ်သည် အကြပ်အတည်းနှင့် တွေ့ရ သည့်အခါတွင် တွေးဆ၍လည်းမသိနိုင်၊ ထိန်းသိမ်း၍လည်းမရကောင်းလောက်အောင် ပေါက်ကွဲထွက်သွားတတ်သည်။ နီဗိုကောက်သည် ဂိုရင်ကို ကျဉ်းကြပ်အောင်မလုပ်ဘဲ လွတ်လွတ်လပ်လပ်ထားပြီး အထင်ခံ အမြင်ခံ ဆက်သွယ်ဖို့ကောင်းသည်။ သို့မှသာ ရှောင်သာ တိမ်းသာ ဆုတ်သာ တက်သာ ပရိယာယ်ကို ဆင်နိုင်မည်။ ဂိုရင်လိုလူမျိုးသည် သေးငယ်သော အကြောင်းတစ်ခုနှင့်ပင် စိတ်ရှုပ်သွားတတ်သည်။ နီဗိုကောက်သည် ပရိယာယ် မှား၍ သွားပြီ။ နောင်အဖို့တွင် ထိုအမှားအတိုင်း သူ ဆက်၍လုပ်ရတော့မည်။ ဂိုရင်သည် အကျဉ်းသားအဖြစ်သို့ ရောက်၍နေပြီးဖြစ်သဖြင့် သူ့စိတ်သည်လည်း အကျဉ်းသားပီပီသာ ကြံတော့မည်။ နီဗိုကောက်တွင် ဂိုရင်နှင့်ဆက်ဆံဖို့ နည်းတစ်နည်း တည်းသာရှိတော့သည်။ ထိုနည်းမှာ အကြမ်းကိုင်ဖို့ပင်ဖြစ်သည်။

"ကိုင်း ဂိုရင် သင်နဲ့ငါ ပွင့်ပွင့်လင်းလင်းပြောကြရအောင်။ သင့်ကိုလည်း ငါ ယုံပါတယ်။ ငါ့ကိုလည်း သင်က ယုံပါ။ ခုအချိန်ဟာ တစ်ယောက်နဲ့တစ်ယောက် အထင်အမြင်မှားနေကြလို့ ကောင်းတဲ့အချိန်မဟုတ်ပါဘူး။ ငါပြောတာ ဟုတ်တယ် မဟုတ်လား" ဟု နီဗိုကောက်က ပြောသည်။

ဂိုရင်သည် စိတ်ညစ်ညစ်နှင့် အိပ်ရာပေါ်တွင် သူ့ကိုယ်ကို ဝတ်လုံအင်္ကျီနှင့် ကျပ်တည်းစွာပတ်၍ မလှုပ်မယှက်ထိုင်နေသည်။ စားပွဲပေါ်တွင် အရာတောင်ယွင်းအောင် စားမထားသော အစားအစာပန်းကန်များရှိသည်။ ထို့ပြင် နီဗိုကောက်ယူလာသော ဝိုင်သေရည်ပုလင်းတစ်လုံးလည်း စားပွဲပေါ်တွင်ရှိသည်။ ဂိုရင်က နီဗိုကောက်ယူလာ



သော သေရည်ကို ယဉ်ကျေးစွာလက်ပြ၍ ငြင်းပယ်လိုက်သည်။ ဂိုရင်သည် စကားမပြော ဘဲ အင်မတန်ပါးနပ်လိမ္မာသော ကျောင်းအုပ်ကြီး၏ မနှစ်မြို့ဖွယ်ကောင်းသော မျက်စိများ နှင့် မဆုံမိစေရန် သတိနှင့်ရှောင်၍နေသည်။

နောက်ဆုံးတွင် ဂိုရင်က "သင်ပြောတာ ငါ နားမကြားချင်ဘူး။ သင်ဟာ သူများခိုင်းတာ လုပ်နေရတဲ့လူဆိုတာ ငါ သိပြီ။ ဒီအတွက် သင့်ကို ငါ အပြစ်လည်း မတင်ဘူး။ စိတ်လည်းမဆိုးဘူး။ ဒီလိုအပြစ်မတင် စိတ်မဆိုးပေမယ့် ငါ့မှာ သင်နဲ့တော့ စကားပြောချင်စိတ်မရှိဘူး။ ဒီတော့ သင့်ကို ပြောဖို့လုပ်ဖို့ အမိန့်ပေးထားတဲ့အတိုင်းပဲ သင် ပြောနိုင်လုပ်နိုင်တယ်"ဟု ပြောသည်။

ဂိုရင်၏စကားများသည် နီဗိုကောက်၏စိတ်ကို ထိခိုက်သွားပြီးလျှင် နီဗိုကောက်၏ မျက်နှာမှာ ဒေါသနှင့်တုန်၍လာသည်။ "သင်ပြောတာမှန်ပါတယ် ဂိုရင်။ ဒါပေမယ့် တစိတ်တဒေသပဲမှန်ပါတယ်။ တစ်ဆိတ်တစ်ဒေသဆိုတာက တခြား တော့မဟုတ်ပါဘူး။ ဒီကိစ္စမှာ ငါ့ကိုယ်ရေးကိုယ်တာလည်း ပါနေလို့ပါ။ ငါ့ကိုယ်ရေး ကိုယ်တာပါနေလို့ ငါလိုရာ ငါ ဆိုနိုင်ပါတယ်။ ငါ့စိတ်ထဲက သင့်အကြောင်းကို အပြည့်အစုံအသေးစိတ်ပြီး သိချင်နေပါတယ်။ တကယ်ဆိုတော့ သိချင်ရုံသာ မဟုတ်ပါ ဘူး။ သင့်အကြောင်းနဲ့ပတ်သက်လို့ ငါ ထင်မြင်ချက်ရထားတာတွေဟာ မှန်မမှန်ကိုလည်း ငါ စစ်ကြည့်ချင်ပါတယ်။ သင်ဟာ ဘယ်သူလဲဆိုတာရယ်။ သင်ဟာ အခုအခြေအနေ မျိုးကို ဘာလို့ ရောက်လာတယ်ဆိုတာရယ်။ ပြီးတော့ သင့်ကိုငါက ဘာကြောင့်အပြင်း အထန်မုန်းနေတယ်ဆိုတာရယ်ကို ငါ သိချင်ပါတယ်"ဟု နီဗိုကောက်ကပြောသည်။

"သင်က ငါ့ကို မုန်းတယ်"ဟု ဂိုရင်က အံ့အားသင့်ကာမေးသည်။ ပြီးလျှင် ဂိုရင်က ကျောင်းအုပ်ကြီးနှင့် ပထမအကြိမ် မျက်စိချင်းဆုံအောင် လှည့်ကြည့်လိုက် သည်။

"ဟုတ်တယ် ငါ သင့်ကိုမုန်းတယ်"ဟု နီဗိုကောက်ကပြောသည်။ သူမုန်း သည်ပြောခြင်းမှာ အမှန်ကိုပြောခြင်းဖြစ်သည်။ ဂိုရင်ကို သူမုန်းသည်မှာ နီဗိုကောက်အဖို့ တွင် သို့လော သို့လောဖြစ်ဖွယ်မရှိတော့။ မမုန်းလျှင် အဘယ်မှာ မနေ့ကစစ်ဗိုလ်ကလေး က ဂိုရင်ကိုရိုက်သောအခါ နီဗိုကောက်က ဘာတစ်လုံးမှဝင်၍မပြော။ နည်းနည်းကလေး မှ ဝင်၍မဆွဲဘဲ လျစ်လျူပြု၍နေပါမည်နည်း။ နီဗိုကောက်မှာ အခွင့်အာဏာရှိသူ ဖြစ်သဖြင့် သူ ဝင်၍တားလိုက်လျှင် ဂိုရင်မှာ အရိုက်ခံရတော့မည်မဟုတ်။ သို့ရာတွင် နီဗိုကောက်သည် ထိုသို့ဝင်၍မတား။ ထို့ကြောင့် နီဗိုကောက်စိတ်ထဲက ဂိုရင် အရှက်တကွဲအကျိုးနည်းဖြစ်ခြင်းကို အလိုရှိနေသည်သာဖြစ်မည်။ ဂိုရင်လဲကျသွားပြီး အတွင်းသန္တာန်တွင် ဝမ်းသာသည်လောက် နည်းနည်းကျေနပ်ခြင်း ဖြစ်သွားသည်ကို နီဗိုကောက် ကွက်ကွက်ကွင်းကွင်း ရုတ်တရက်ပြန်၍သတိရသည်။ ဂိုရင် လိမ့်သွား သည်ကို အဘယ်ကြောင့် သူ အကြီးအကျယ် ဝမ်းသာရသနည်း။ ထိုပုဂ္ဂိုလ်ကြီးကို အဘယ်ကြောင့် သူ အကြီးအကျယ် မုန်းရသနည်း။

www.burmeseclassic.com

www.burmeseclassic.com



နီဗီကောက်သည် စိတ်ကူး၍နေရာမှ ရုတ်တရက် သတိရလာပြီးလျှင် ''မှန်းတဲ့ ပြဿနာကိုတော့ နောက်မှတော်သလိုကြည့်ပြီး စဉ်းစားကြတာပေါ့။ ဒီပြဿနာက ကိုယ်ရေးကိုယ်တာ ပြဿနာမို့ အခုလောလောဆယ်အတွက် အရေးမကြီးပါဘူး။ အခုအရေးကြီးတဲ့အကြောင်းတစ်ခုကို သင်နဲ့ငါ ဆွေးနွေးချင်တယ်။ အခု သင့်ကို အကျဉ်းချထားတာဟာ သင့်ကို ပြည်သူ့ရန်သူများက သတ်မှာစိုးရိမ်ရလို့ မဟုတ်ဘူး ဆိုတာကတော့ သင် သိတဲ့ အတိုင်းပါပဲ။ ဒါကြောင့် မဟုတ်ပါဘူး။ သင်လည်း အကင်းပါးတဲ့လူတစ်ယောက်ဖြစ်တော့ ငါတို့ ဘာကြောင့်ဒီလိုလုပ်တယ်ဆိုတာ သင် ကောင်းကောင်းကြီး သိမှာပါပဲ။ မသိစရာလည်း မရှိပါဘူး။ ငါဟာ တစ်ခုမှ ဖုံးကွယ်မထားဘဲပြောနေတယ်ဆိုတာကို သင် သိနိုင်ပါတယ်။ ငါ့သဘောကို ပြောရမယ်ဆိုလျှင် သင့်ကို အကျဉ်းချထားတာဟာ မှားပါတယ်''ဟု ပြောသည်။

ဂိုရင်က ''ကျေးဇူးပါပဲ။ ငါ အများကြီးကြေကွဲပါတယ်''ဟု ငေါ့၍ပြောသည်။

''သင့်ကို ဒီလိုလုပ်တာ ဘယ်လိုအဓိပ္ပာယ်နဲ့ လုပ်တယ်ဆိုတာကို ငါ နားမလည်နိုင်ဘူးဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ ပြီးတော့ သင့်ကို ဒီလိုလုပ်တာ လျှို့ဝှက်တဲ့ အဓိပ္ပာယ်ကို ငါ အခုထက်တိုင် သဘောမပေါက်သေးသော်လည်း ဒီလိုလုပ်တာဟာ မမှားဘဲ လိမ္မာတဲ့ စိတ်ဓာတ်စစ်ဆင်ရေး ပရိယာယ်ဖြစ်နိုင်ပါတယ်။ သို့သော် အစိုးရက မကြာသေးခင်ကစပြီး သင့်အပေါ်မှာ မကျေနပ်ဖြစ်နေတယ်ဆိုတာတော့ ငါ သေသေချာချာသိပါတယ်။ သင်က နိုင်ငံတော်နဲ့ ဆန့်ကျင်တဲ့ပြစ်မှုကို ကျူးလွန်လို့ အစိုးရက မကျေနပ်တာ မဟုတ်ပါဘူး။ သင်ပြောတဲ့စကားများဟာ အစိုးရနားကို ပေါက်ကြားသွားတဲ့အတွက်ပါ။ တည့်တည့်ကျကျ ပြောရမယ်ဆိုရင် သင်ပြောတဲ့စကားများရဲ့ သက်ရောက်တဲ့ အဓိပ္ပာယ်ကြောင့်ပါ။ ဥပမာဆိုရင် မင်္ဂလာဆောင်မှာ သင်ပြောတဲ့ အဓိပ္ပာယ်မရှင်းဘဲ ထူးဆန်းတဲ့စကားမျိုးပေါ့။ စည်းကမ်း အတိုင်းပြောကြစို့ဆိုရင်တော့ သင်ပြောတဲ့စကားဟာ ဘာမှအပြစ်မရှိပါဘူး။ ဒါပေမယ့် စည်းကမ်းအတိုင်းသာ လုပ်နေမယ်ဆိုရင် ငါတို့ပါတီဟာ ဒီအခြေအနေမျိုးမယ် ရှိနိုင်မှာ မဟုတ်ဘူး။ အစိုးရအဖို့ အရေးကြီးတာက သင့်စကားထဲမှာပါတဲ့ ဖုံးကွယ်ထားတဲ့ သက်ရောက်တဲ့ အဓိပ္ပာယ်က အရေးကြီးတာပါ။ သင့်မှာ နောက်ဆုံးဖြစ်နေတဲ့ စိတ်ညစ်နေခြင်း အကြောင်းရယ်၊ သင်ပြောတဲ့စကားများအကြောင်းရယ်၊ သင်ရဲ့ စိတ်ကူးချက်များအကြောင်းရယ်ကို ကောင်းကောင်းကြီး သဘောပေါက်တဲ့အတွက် သင်ရဲ့ လွတ်လပ်ခွင့်ကို နည်းနည်းချုပ်တည်းပေးဖို့လိုတယ်လို့ အစိုးရက သဘောရပါတယ်။ သင့်အပေါ်မှာ အစိုးရက အင်မတန် သဘောကြီးကြီးထားပြီး လုပ်တယ်ဆိုတာကိုတော့ သင် မမေ့ပါနဲ့။ တခြားသာမန်လူတစ်ယောက်သာဆိုရင် ဘယ်လိုအလုပ်ခံရလိမ့်မယ်ဆိုတာကို သင် စဉ်းစားကြည့်မယ်ဆိုရင် အခု အစိုးရက သင့်ကိုလုပ်တာဟာ မိဘက ကလေးဆိုးကို ခေါင်းကို ပုတ်ပြီး နည်းနည်းပါးပါး ဆိုတာ မြည်တာလောက်ပဲရှိပါတယ်။ သင်က ငါ့ကို



လျှောင်တယ်။ ဒါပေမယ့် ငါပြောတဲ့ စကားထဲမှာ ငေါ့ပြီးပြောတဲ့စကား တစ်လုံးမှ မပါပါဘူး။ သင်က ဘော်ရှီဗစ်အစိုးရကို သင့်မိဘလို သဘောထားရမယ်။ အစိုးရဟာ မညှာတာပေမယ့် စိတ်နှလုံးကတော့ ကောင်းပါတယ်။ အခုချိန်ထိအောင် အစိုးရ သင့်အပေါ်မှာ သဘောထားကြီးကြီးနဲ့ ပြုစုနေတာကိုလည်း သင် မမေ့ပါနဲ့။ နောက်ကိုလည်း အစိုးရက စေတနာကောင်းနဲ့ ဆက်ပြီးသဘောထားကြီးချင်ပါတယ်။ သင့်ကို အကျဉ်းချထားတယ်ဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် သင့်ကို သင့်အိမ်မှာပဲ အစားကောင်း အသောက်ကောင်းကျွေး၊ သေရည်ကောင်းပေးပြီး ထားပါတယ်။ အဲဒီတော့ အခု သင့်ကို အကျဉ်းချထားတာဟာ ယာယီပဲဆိုတာဟာ အထူးထင်ရှားပါတယ်ဟု နီဗီကောက်က ဆက်၍ပြောနေခိုက်တွင် ဂိုရင်က ''နှစ်ကြိမ်မြောက် သင့်ကို ငါ ကျေးဇူးတင်ပါတယ်။ သင်တို့ရဲ့ စေတနာဟာ ကုန်ဆုံးနိုင်စရာ ရှိဟန်မတူပါဘူး''ဟု အရွဲ့တိုက်၍ပြောသည်။ ဂိုရင်မှာ အိပ်ပျော်သူကဲ့သို့ မျက်စိမှိတ်ကာ ထိုင်နေသည်။ သို့ရာတွင် သူ့နားကိုမူ စွင့်၍ထားသဖြင့် နီဗီကောက်ပြောသည်ကို တစ်လုံးမျှ မကြားလိုက်မရှိ။

နီဗီကောက်သည် ဂိုရင်က အရွဲ့တိုက်ပြောသည်ကို လျစ်လျူပြု၍ ''ဟုတ်ပါတယ်။ အခုအစီအစဉ်ဟာ ယာယီပါ။ နောက်အဖို့အတွက်ကတော့ အားလုံးကို သင့်တစ်ယောက်တည်းအပေါ်မှာပဲ တည်ပါတယ်။ ငါ အကုန်ရှင်းပြပါမယ်။ အခု သင့်ကို အကျဉ်းချထားတာကိုလည်း အစိုးရက အကျဉ်းချထားတယ်လို့ သဘောမထားပါဘူး။ အလုပ်သင်ပေးနေတာလို့သာ သဘောထားပါတယ်။ သင် အလုပ်နားလည်လာတာနဲ့ တစ်ပြိုင်နက် အစိုးရက သင့်ကို သင့်ရဲ့ လွတ်လပ်ခွင့်ရော၊ သင့်ရဲ့ သားမယားရော၊ သင်ရဲ့ မိတ်သင်္ဂဟရော အကုန်လုံးတစ်ခုမကျန် ပြန်ပေးပါလိမ့်မယ်။ အစိုးရက သင့်ကို လုပ်စေချင်တဲ့ အလုပ်ကတော့ သတင်းစာထဲမှာ ဆောင်းပါးများ ဆက်ကာဆက်ကာ ရေးပေးဖို့ပါပဲ။ ဘာအကြောင်းရေးရမယ်ဆိုတာကို အစိုးရက ပြောပြပါလိမ့်မယ်။

ကြောက်စရာအီဗန်ပြဇာတ်ကို သင် ရေးပြီးပြီးချင်းပဲ သင့်ပြဇာတ်ကို သင်ကိုယ်တိုင် သဘောမကျဘူးဆိုတဲ့ ကောလာဟလသတင်းများဟာ ရုရှပြည်မှာရော နိုင်ငံခြားမှာရော ထွက်လာပါတယ်။ အဲဒီအထဲမှာ သင်က ဘာမှမပြောဘဲ ဘာမှမရေးဘဲ ငြိမ်နေလိုက်တော့ အခုတွင်ကပြောတဲ့ ကောလာဟလသတင်းကို မှန်တယ်လို့ ဝန်ခံသလိုဖြစ်သွားပါတယ်။ အဲဒီတော့ အဲဒီကောလာဟလသတင်းတွေကို တစ်ခါတည်း ပျောက်သွားအောင် လုပ်ပစ်ဖို့လိုတယ်။ ဒီကိစ္စအတွက် သင်ကိုယ်တိုင်က ဆောင်းပါးရေးပြီး မဟုတ်ဘူးလို့ ငြင်းလိုက်တာဟာ အကောင်းဆုံးပါပဲ။ သင် ဆောင်းပါးရေးဖို့ အစိုးရက ရွေးပေးမယ့် အကြောင်းများကတော့ သင်ဟာ ဘယ်တုန်းကမှ ဝါဒမပြောင်းခဲ့ဖူးဘူး။ အခုလည်း မပြောင်းဘူး။ နောက်လည်း ပြောင်းမှာ မဟုတ်ဘူးဆိုတာကို သွယ်ဝိုက်တဲ့နည်းနဲ့ ပေါ်လာစေမယ့်အကြောင်းများပါပဲ။ အစိုးရက ဆောင်းပါးရေးစေချင်တဲ့ အကြောင်းများဟာ အခု ငါ့ဆီမှာ ပါလာပါတယ်ဟု ပြောပြီးလျှင် သူ့အိတ်ထဲမှလေးချိုးချိုးပြီး ခေါက်ထားသောစာရွက်ကို ဂိုရင်သို့ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုရင်သည် မျက်စိကိုဖွင့်၍ နိုဗီကောက်စာရွက်နိုက်နေသည်ကို ထိတ်ထိတ်လန့်လန့်နှင့်ကြည့်ပြီး မျက်နှာအကြီးအကျယ်ပျက်သွားသည်။ နိုဗီကောက်သည် ဂိုရင်မျက်နှာပျက်သွားသည်ကို မမြင်လိုက်ဘဲ သူ့လက်ထဲက စာရွက်ကို ဖြန့်၍ပြသည်။ ပြီးလျှင် ဟောဒါဟာ အစိုးရက ဆောင်းပါးရေးစေချင်တဲ့ အကြောင်းများရဲ့ အကျဉ်းချုပ်ပါပဲ။ ဒီအကြောင်းများဟာ အံ့မတန်လျှောက်ပတ်တာ စိတ်ဝင်စားစရာကောင်းတာကို သင် တွေ့ရပါလိမ့်မယ်။ ဥပမာ ဘော်ရှီဗစ်ကလေးများကို သွန်သင်ဆုံးမခြင်းနှင့် ဂုဏ်၊ ဝတ္တရား၊ သတ္တိတို့အကြောင်းနှင့် စပ်လျဉ်း၍ ဘော်ရှီဗစ်ပြည်နှင့် နေရှင်ပြည်များတွင် သဘောအယူအဆချင်း ခြားနားပုံအကြောင်းဆိုရင် အများကြီး စိတ်ဝင်စားစရာကောင်းပါတယ်။ သင် အလုပ်သက်သာစေရန်အတွက် သက်ဆိုင်ရာဆောင်းပါးများအတွက် အကြံပေးချက်များကို ဖော်ပြထားပါတယ်''ဟု ပြောသည်။ နိုဗီကောက်က စိတ်ရိုး စေတနာရိုးနှင့် အားပါးတရပြောသည်။ ဂိုရင်က သူပေးသည့်အကြံကို ငြင်းပယ်လိမ့်မည်ဟု နိုဗီကောက်စိတ်ထဲတွင် သံသယအလျဉ်းမဖြစ်၊ အစိုးရက ဘာကို ရေးစေလိုသည်ဟု ဂိုရင့်စိတ်ထဲ၀ွင် မသဲမကွဲ ဖြစ်မနေရအောင် တတ်နိုင်သမျှ ရှင်းရှင်းလင်းလင်း သေသေချာချာကြီး သူက ရှင်းမပြနိုင်မှာ တစ်ခုသာလျှင် နိုဗီကောက် စိတ်ထဲကပူသည်။

ပြီးလျှင် နိုဗီကောက်က ''အခုလို သင် ဖြစ်ရတဲ့အကြောင်းရဲ့ အဓိပ္ပာယ်က အဲဒါပါပဲ ဂိုရင်။ အခု ငါက ပွင့်ပွင့်လင်းလင်း ရှင်းရှင်းကြီးပြောပြတဲ့အတွက် သင် စိတ်မကောင်းဖြစ်နေရတာများရယ်၊ သင်ရဲ့ ကြောက်လန့်နေခြင်းများရယ်ဟာ ပျောက်ပသွားလိမ့်မယ်လို့ ငါ မျှော်လင့်ပါတယ်။ အဲဒါကြောင့်မို့ သင်သိတဲ့အတိုင်းပဲ သင်ရဲ့ နောင်ရေးဟာ သင့်ပေါ်မှာပဲ လုံးလုံးလျားလျား တည်နေပါတယ်။ ဆောင်းပါးများကို သင်ရေးလိုယ်တယ်ဆိုရင် အစိုးရက သင့်အပေါ်မှာ ပြန်ပြီးအယုံအကြည်ရှိလာပါလိမ့်မယ်။ ဒါကြောင့် ဆောင်းပါးများကို အမြန်ဆုံးရေးလိုက်ရင် သင့်အတွက် အကောင်းဆုံးပါပဲ''ဟု ပြောပြီးလျှင် ဟောဒီမှာ ဖတ်ကြည့်ပါ''ဟုဆိုကာ စာရွက်ကိုပေးလိုက်သည်။

နိုဗီကောက်မှာ သူ့ဟာသူပြောသည်ကို သူ့ဟာသူ သဘောအကျကြီး ကျနေသဖြင့် သူပြောနေသည့်အတွင်း၌ ဂိုရင်မျက်နှာထားပြောင်းသွားသည်ကို သတိမပြုမိလိုက်မိ။ ဂိုရင်၏ မျက်နှာသည် ရုတ်တရက်သွေးဆုတ်၍ ပဝါဖြူကဲ့သို့ ဆွတ်ဆွတ်ဖြူလာသည်။

''အ အခုထွက်သွား အခုထွက်သွား''ဟု ဂိုရင်က မြွေပွေး မြွေဟောက်နှင့်တွေ့၍ နောက်သို့ကျုံ့သွားသကဲ့သို့ ကျုံ့သွားပြီးပြောသည်။

နိုဗီကောက်မှာလန့်၍ လက်ထဲက စာရွက်လွတ်ကျသွားသည်။ ''အစိုးရပေးတဲ့အကြံကို သင်က ပယ်တာလား''ဟု နိုဗီကောက်က မယုံကြည်နိုင်သော မျက်နှာထားဖြင့်မေးသည်။

''ပယ်တယ်။ ကျေးဇူးပြုပြီး သင် သွားပါတော့''ဟု ဂိုရင်ကပြောသည်။



နိုဗီကောက်သည် အများကြီး အားပျက်၍သွားသည်။ သူ့စိတ်ထဲတွင် ဗေရီးယားက သူ့ကိုကြည့်ပြီး လှောင်နေပုံကို တွေး၍မြင်လိုက်သည်။ ပြီးလျှင် နိုဗီကောက်သည် သူ့မျက်စိထဲမှ ကြောက်စရာကောင်းသော ဗေရီးယား၏ပုံ ထွက်၍သွားစေရန် ခေါင်းကိုခါလိုက်သည်။

''သင်ပြောတဲ့စကားကို သင့်ဟာသင် အဓိပ္ပာယ်နားလည်ရဲ့လား။ သင်ဟာ အရမ်းကို ခေါင်းမာတယ်။ ဒီလိုခေါင်းမာတဲ့အတွက် သင် ဒုက္ခရောက်မှာပဲ။ နောက်တော့ သင် နောင်တရလိမ့်မယ်။ နောက်မှနောင်တရလို့ အလကားပေါ့။ အခု အချိန်ရှိတုန်းကို သင် သတိရပါ။ ဒီဆောင်းပါးတွေရေးရလို့ သင့်မှာ ဘာမှမပင်ပန်းပါဘူး။ အရင်တုန်းကလည်း သင် ရေးခဲ့တာပဲ''ဟု နိုဗီကောက်ကပြောသည်။

''အရင်တုန်းကလား''ဟု မေးပြီးလျှင် ဂိုရင်က နိုဗီကောက်ကို အံ့သြသော မျက်နှာထားနှင့် မော့၍ကြည့်သည်။ ပြီးလျှင် ဆက်၍ ''အရင်တုန်းက ငါရေးတယ်ဆိုတာ ဟုတ်တယ်။ ဒါပေမယ့် အရင်တုန်းက ငါရေးတာက ငါသဘောနဲ့ငါ ရေးချင်လို့ ရေးတာ။ အခုရေးရမှာက (ရေးရင်ရေး၊ မရေးရင် သတ်ပစ်မယ်)ဆိုပြီး ခြိမ်းခြောက်လို့ ရေးရမှာ''ဟု ပြောပြီးလျှင် ဂိုရင်က ကိုယ်ကို ဆန့်လိုက်ပြီးလျှင် ပို၍ကျယ်လောင်သော အသံဖြင့် ''ငါဟာ ဘယ်သူ့ကျွန်မှ မလုပ်ခဲ့ဘူး။ နောက်ကိုလည်း မလုပ်ဘူး''ဟု ပြောသည်။

နိုဗီကောက်သည် စိတ်အပျက်ကြီးပျက်သွားပြီးလျှင် လက်နှစ်ဖက်ကို မြှောက်လိုက်သည်။

''ဘာတွေလျှောက်ပြောနေတာလဲ ဂိုရင်။ အခုလိုအချိန်မယ် အဓိပ္ပာယ်မရှိတဲ့ စကားဟောင်းတွေ ထပ်ပြောနေလို့ အလကားပေါ့။ ဒီမှာ ငါတစ်ယောက်တည်းရှိပါတယ်။ ဒီပြင် သင့်မိန့်ခွန်းကို နားထောင်မယ့်လူ တစ်ယောက်မှမရှိပါဘူး။ နားထောင်မယ့်လူမရှိဘဲနဲ့ ပြောနေလို့ အလကားပေါ့။ သင့်ကို အကျဉ်းချထားတဲ့အကြောင်းကိုရော အခုငါတို့ ပြောနေကြတဲ့အကြောင်းကိုရော ဘယ်သူ့မှ ငါ ပြောမပြပါဘူး။ စိတ်ချပါ။ ဒီတော့ ဘယ်လိုအကြောင်းကြောင့် ရေးရရေးရ ဘာမှအရေးမကြီးပါဘူး။ သင့်အတွက် အကျိုးရှိဖို့ပဲ လိုပါတယ်။ သင့်ဆောင်းပါးများ ပရဗဒါသတင်းစာထဲ ပါလာတဲ့အခါကျတော့လည်း သင် ဘာကြောင့် ဒီဆောင်းပါးတွေကို ရေးတယ်ဆိုတဲ့အကြောင်းကို ဘယ်သူကမှထည့်ပြီး ရေးမှာမဟုတ်ပါဘူး။ သင့်အတွက်ရော သင့်သားမယားအတွက်ရော စဉ်းစားပါ ဂိုရင်''ဟု နိုဗီကောက်က ဆွယ်သည်။ ဂိုရင်က မဝံ့တတ်ထလိုက်သည်။ သူ့ပုံပန်းတွင် တဖြည်းဖြည်း စိတ်ဆိုးရှိန်ပြေလျက်ရှိသည်။ ပြီးလျှင် ''ဒီမှာ ကျောင်းအုပ်ကြီး တစ်ဆိတ်နားထောင်စမ်း ပါ။ အရှက်အကြောက်တို့ ဂုဏ်သိက္ခာတို့ဆိုတာကို သင် တစ်ခါမှ မကြားဖူးဘူးလား''ဟု ဂိုရင်က မေးသည်။

''ဒီတော့ ငါပြောတာကို သင်က ပယ်တယ်ဆိုပါတော့''

''ဟုတ်တယ်။ ပယ်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"ငါ နောက်တစ်ကြိမ်ထပ်မေးမယ်။ သင်ဟာ ကွန်မြူနစ်ပါတီနဲ့ အစိုးရအတွက် လုပ်မလား မလုပ်ဘူးလား"

"မလုပ်ဘူး"

နိုဗိကောက်က ဂိုရင့်အနားသို့ ခြေတစ်လှမ်းတိုးလိုက်သည်။ ပြီးလျှင် "ဒီမှာ ဂိုရင် ပွင့်ပွင့်လင်းလင်းပြောလက်စနဲ့ ငါ အဆုံးထိအောင်ပဲ ပွင့်ပွင့်လင်းလင်းပြောတော့မယ်။ ငါ့စကားကို သင်ပယ်လိုက်တဲ့အတွက် သင်သာ ဒေးတွေ့မှာမဟုတ်ဘူး။ ငါပါ ဒေးတွေ့လိမ့်မယ်။ ငါပြောတာနားလည်ရဲ့လား။ သင့်ကိုယ်ကို သင် မငဲ့ဘူးဆိုတောင်မှပဲ ငါ့အခြေ အနေကို သင် ထည့်စဉ်းစားထိုက်ပါတယ်။ ငါ့ကိုငဲ့ပြီး ငါ့စကားကို လက်ခံပါ"ဟု နိုဗိကောက်က စိတ်ပျက်သံဖြင့်ပြောသည်။

ဂိုရင်က စက်ဆုပ်ဟန်ဖြင့် မျက်နှာလွှဲ၍ "သင် ဘယ်လိုဖြစ်ဖြစ် ငါနဲ့ ဘာမှမဆိုင်ပါဘူး"ဟုပြောသည်။

"ကောင်းပြီ ဂိုရင်၊ ဒီအချိန်ကို သင် ကောင်းကောင်းမှတ်ထားလိုက်ပါ"

※※※

## အခန်း(၁၂)

အခန်းမှာ တိတ်ဆိတ်၍ နိုဗိကောက်နှင့်ဂိုရင်တို့နှစ်ယောက်၏ အမုန်းစိတ်ဖြင့် ပြည့်လျှက်ရှိသည်။ နိုဗိကောက်သည် ရုတ်တရက် သေရည်သောက်ချင်စိတ် ပေါ်လာသဖြင့် စားပွဲတွင်ထိုင်၍ သေရည်ပုလင်းကို ကိုင်ဖွင့်ပြီးလျှင် "သင့်သေရည်ကို ငါသောက်တဲ့အတွက် စိတ်မရှိပါနဲ့ ဂိုရင်။ သေရည်ပုလင်းကို ငါ ယူလာတုန်းကတော့ သင်နဲ့ ငါနဲ့ နှစ်ဦးသဘောတူချက်ရတာကို အထိမ်းအမှတ်ပွဲလုပ်ဖို့ဆိုတဲ့သဘောနဲ့ ယူလာတာပါ။ ဒါပေမယ့် အခုတော့ ငါ့ဘက်က အရေးရှုံးနိမ့်တာကို မေ့အောင်သောက်ဖို့ ဖြစ်နေပါတယ်။ ငါ့ကံက ဆိုးသကိုး"ဟု တည်တည်ကြီး ပြုံး၍ပြောသည်။

ဂိုရင်သည် မလှုပ်မယှက် နိုဗိကောက်ကို ကျောပေး၍ထိုင်မြဲထိုင်နေသည်။

"သင် ဘာဖြစ်လို့ ရုရှပြည်ကို ပြန်လာရတာလဲ ဂိုရင်"ဟု နိုဗိကောက်က ရုတ်တရက်မေးလိုက်သည်။ ဂိုရင်သည် တုန်၍သွားသည်။

"ဘာဖြစ်သလဲ ငါမေးတာကို ကြောက်သလား။ အခု ငါမေးတဲ့မေးခွန်းကို သင့်ဟာသင်လည်း အခါတစ်ရာလောက်မနည်း မေးကြည့်ဖူးလိမ့်မယ်လို့ ငါ အတတ်ပြောနိုင်ပါတယ်။ ဒီကိုပြန်လာမိတဲ့အတွက် သင်ဟာ အများကြီးစိတ် မချမ်းမသာဖြစ်နေမှာပဲ ဆိုတာကိုလည်း ငါ သိပါတယ်။ ဒီကိုပြန်လာတာဟာ သင်ရဲ့ ပထမအမှားပဲ။ အီတလီပြည်မှာဆိုရင် သင်ဟာ မြေထဲပင်လယ်ကိုကြည့်ပြီး အုံ့သြနေရင်းနဲ့ ဘော်ရှီဗစ်အစိုးရကိုယ်စား ကြေညာစာတမ်းတွေကို လက်မှတ်ထိုး၊ ကပ္ပလီလူမျိုးတွေကို အမေရိကန်လူဖြူတွေက ဝိုင်း၍သတ်ဖြတ်ခြင်းများကို ရှုတ်ချပြီး လူသားတို့၏ အကျိုး



လိုလားသူတစ်ဦးအဖြစ်နဲ့ ဂုဏ်အပြုခံပြီး အေးချမ်းစွာနေရမှာ"ဟု နိုဗိကောက်က ဒေါသမီးလောင်နေသော မျက်စိများဖြင့် ဂိုရင်ကိုကြည့်ပြီး ငေါ့ပြောပြောသည်။

"မျက်စိကန်းနေတဲ့ ခွေးတောင်ပဲ သူ့အိမ်ကိုပြန်လာပြီးမှ သေတယ် မဟုတ်လား" ဟု ဂိုရင်က လေအေးအေးနှင့်ပြောသည်။

နိုဗိကောက်က "အိမ်ပြန်ရောက်တော့ အဲဒီခွေးကို မျက်စိကန်းနေတဲ့အတွက် သူ့သခင်များက သတ်ပစ်ကြတာပေါ့။ ဆင်ခြေပေးမနေပါနဲ့ ဂိုရင်။ သုံးနှစ်လောက် အလွန်တုန်းက ရုရှပြည်ကို သင် ပြန်လာတာဟာ မှားတာပဲ။ ရုရှလူမျိုးတွေက သင့်အကျိုးကို လိုလားတဲ့အတွက် သင့်မေတ္တာနဲ့ ဖိသတ်ကြတာ။ သိန်းသန်းကုဋေရှိတဲ့ ရုရှလူမျိုးတွေက အတင်းအကြပ်ပြုလုပ်ရခြင်းမရှိဘဲနဲ့ သူတို့စေတနာအလျောက် သင့်ကို ဘုတာရုံက ဆီးကြိုကြတဲ့ အချိန်ကတည်းက အမြော်အမြင်ရှိတဲ့လူများစိတ်ထဲမှာ သင်ဟာတော့ သေတော့မှာပဲဆိုတာကို အကုန်သိကြပါတယ်။ ငါပြောတဲ့အထဲမှာ အတင်းအကြပ်ပြုလုပ်ရခြင်းမရှိဘဲနဲ့ဆိုတဲ့ စကားကို အထူးသတိပြုပါ။ ရုရှပြည်မှာ ဘယ်သူမဆို လူတစ်ယောက်တည်း၏ ဘုန်းတော်တွဲ့ကိုသာ သံကုန်ဟစ်ပြီး သီဆိုကြရပါတယ်။ ဒါတွေတော့လည်း သင် သိနိုင်မယ်မဟုတ်ဘူးပေါ့။ သင်က လူသားတွေ ကောင်းစားဖို့ဆိုတဲ့ သင့်လူဆိုတော့ ကုဋေကုဋာမျှဖြစ်တဲ့ ရုရှဆင်းရဲသားတွေ ဒုက္ခပင်လယ်ဝေနေတာဟာ သင့်အဖို့မှာ ဘာမှ အရေးမကြီးဘူးပေါ့။ တိုင်းသူပြည်သားတွေက သင့်ကို အထင်မကြီးပြီး သင်ဟာ သစ္စာရှိတယ်။ မှန်တာကို ပြောတတ်တယ်။ စေတနာသန့်ရှင်းတယ်လို့ အတွက်မှားနေကြတယ်။ ဟိုမိန်းမကြီးက သင့်ဆီကိုလာပြီး ဒူးထောက်ပြီး သူ့သားကိုဝင်ပြီးကယ်ပေးပါလို့ ငိုပြီးပြောတာကို သင် သတိရရဲ့မဟုတ်လား။ အဲဒီမိန်းမကြီးက (ဂိုရင်ရယ် သင်ဟာ လူကောင်းကြီးပါ။ သင်ဟာ အင်မတန်လည်း သနားတတ်ပါတယ်)လို့ ပြောတာကို ငါ ကြားလိုက်တယ်။ တိုင်းသူပြည်သားတွေက သနားတတ်တဲ့ဂုဏ်ကို အင်မတန် တန်ဖိုးထားကြတယ်။ ရုရှလူမျိုးတွေဟာ သနားကြင်နာခြင်းကို လုံးလုံးမခံကြရပါဘူး။ ရုရှလူမျိုးတွေက သင့်ကို သူတို့ရဲ့ အားကိုးရာလို့ယူဆကြပါတယ်။ အခုတော့ အားကိုးရာကြီးက ဘာဖြစ်နေသလဲ။ ရုရှတစ်တိုင်း တစ်ပြည်လုံးမှာ ဆင်းရဲဒုက္ခတွေ ပင်လယ်ဝေနေပါတယ်။ ကုဋေကုဋာမျှဖြစ်တဲ့ လူတွေဟာလည်း အညှဉ်းဆဲ အနှိပ်စက်ခံရလို့ သေနေတယ်။ ဒါပေမယ့် သင်ဟာ ဒါတွေကို ဘာမှမမြင်ဘူး။ တကယ်ဆိုတော့ ဒါတွေကို အကုန်လုံး သင် သိပါတယ်။ သိရက်သားနဲ့ ထူချင် အချင်ယောင်ဆောင်နေတာပါ။ ဒါမှလည်း သင့်မှာ ပိုပြီးအမြတ်ထွက်မှာပေါ့။ တကယ်ဆိုတော့ ဒီလိုလူသားတွေရဲ့ အကျိုးဆောင်ကြီးအဖြစ်နဲ့ ပရမတ်တရားတွေ ရှာနေတဲ့အလုပ်က ပိုလွယ်ပါတယ်"ဟုပြောသည်။

ဂိုရင်က "အကြီးအကျယ်စိတ်ဆိုးပြီး သင့်ရုပ်ဟာ ငါတောင် မမှတ်မိနိုင်လောက် အောင်ဖြစ်နေတယ်"ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗိကောက်သည် သေရည်တစ်ခွက်ကို တစ်ကျိုက်တည်းနှင့် မော့၍သောက်လိုက်ပြီးလျှင် ''တစ်နေ့တော့ မိုက်မိဦးမှာပေါ့ ဂိုရင်။ သင် ဖွတ်မိုက်ပြီး မသိချင်ယောင်ဆောင်မနေဘူးဆိုရင် သင် သိစရာတွေအများကြီးရှိပါတယ်။ ဥပမာဆိုရင် အစေခံတွေ ဘယ်ရောက်ကုန်ပြီလဲလို့ သင် မေးနေရပြီမဟုတ်လား။ အစေခံတွေဟာ သင့်ကို သုံးနှစ်သုံးမိုး စောင့်ရှောက်ကျွေးမွေးပြီး သေခွက်ကိုငှဲ့ပေးခဲ့ကြတယ်။ အညစ်အကြေးပါ သုတ်သင်ပေးခဲ့ကြတယ်မဟုတ်လား။ ဒါနဲ့တောင် သင်ဟာ သူတို့အကြောင်းကို တစ်ခါမှ သင့်စိတ်ထဲမှာ ထည့်ပြီးမစဉ်းစားခဲ့ဘူး။ အခုမှ သူတို့တွေဘယ်မှာလဲလို့ ဘာလို့ ငါ့ကို မမေးရတာလဲ''ဟု စိတ်ဆိုးမာန်ဆိုးဖြင့်ပြောပြီးလျှင် စားပွဲခုံကို လက်သီးနှင့် တစ်အားထုလိုက်သည်။ ပြီးလျှင် ''သင်ဟာ ဘာကိုသိတာလဲ ဂိုရင်။ သင်ဟာ လူသားတွေကိုချစ်ပြီး တိုင်းသူပြည်သားတွေကိုတော့ မုန်းတဲ့လူပါ။ ကိုင်းပြောစမ်းပါ။ ငါပြောတာ မဟုတ်ဘူးလား'' ဟု မေးသည်။

''သင်ဟာ သေရည်မူးပြီး ဘာတွေ အရမ်းလျှောက်ပြောနေတာလဲ နိုဗိကောက်''

''ငါ့ကို လိမ်မနေပါနဲ့ ဂိုရင်။ ဒါပေမယ့် ဒါက အရေးမကြီးပါဘူး။ ငါ့ကို သင် သူများကြိုးဆွဲတိုင်းကနေရတဲ့ လူ့လို့ပြောတယ်။ သင့်စိတ်ထဲမှာလည်း ငါ့ကို ကျွန်တစ်ယောက်လို့ ယူဆနေတယ်။ ဒါပေမယ့် သင့်ကိုယ်သင်တော့ အခုလိုအချုပ်ခံနေရတာတောင်မှပဲ လွတ်လပ်တဲ့လူတစ်ယောက်လို့ ထင်နေတယ်။ သင့်ဝမ်းထဲက (ငါ့ကိုယ်ကို သူတို့ဖမ်းထားတယ်။ ဒါပေမယ့် ငါ့စိတ်ကိုတော့ သူတို့ဖမ်းမထားနိုင်ဘူး။ ငါ့ကို ဘယ်သူမှ ကျွန်မလုပ်နိုင်ဘူး)လို့ အများကြီး စိတ်ကူးချင်သလိုကူးပြီး မာနတက်နေတာကို ငါ စိတ်ကူးပြီး ကြည့်နိုင်ပါတယ်။ ငါကတော့ သင့်လို စာရေးဆရာမဟုတ်လို့ သင့်လို ကြည်နူးဖွယ်စိတ်မကူးတတ်ဘူး။ သင် ကူးတတ်တယ်ဆိုတာတော့ ငါ ယုံပါတယ်။ သင့်အဖို့မှာ အဲဒီလို စိတ်ကူးရတာဟာ အင်မတန်အရသာရှိမှာပဲ။ ပြီးတော့ သင့်စိတ်ထဲက ဒီသနားစရာကောင်းတဲ့ ပမွှားကလေးက အကျင့်သီလနဲ့ ပြည့်စုံတဲ့ ငါလို ရောမယောကျ်ားကြီးတစ်ယောက်ကို အလဲထိုးဖို့ အန်တုဖက်ပြိုင်နေတယ်။ ဒီပမွှားကလေးဟာ တောင်ကြီးဖြိုမယ့်ကြံနေတဲ့ ခါချဉ်ကောင်နဲ့ သိပ်တူတာပဲ။ ငါ့ကို ဘာမှထိခိုက်အောင် မလုပ်နိုင်ဘဲနဲ့ သူ့ဟာသူ ခွေးကျကျပြီး ရွှံ့ဗွက်ထဲလဲနေပြီ။ အဲဒီလို လဲနေရာက အကြံကုန်ပြီး သူ၏ အကြံသေးနုပ် အသုံးမဝင်တဲ့ဘဝအတွက် ခွင့်လွှတ်ဖို့ ငါ့ကို တောင်းပန်နေတယ်။ ဒီတော့ ငါကလည်း ရွံ့ရွံ့နဲ့ သူ့ကို နောက်ကျောနိုင်းနေလိုက်တယ်လို့အောက်မေ့ပြီး ငါ့ကို ရယ်ချင်မှာပါပဲ။ ငါပြောတာမှန်ရဲ့မဟုတ်လား။ ဇာတ်သမားတွေ လုပ်ပြနေတဲ့ဟန်မျိုးကို စိတ်ထားနှလုံးသားမြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က လောကကြီးရဲ့ ဖြားယောင်းသွေးဆောင်မှုတွေကို အောင်မြင်နေဟန်ပေါ့။ သိပ်ကောင်းပါတယ်။ သိပ်ကောင်းပါတယ်ဆိုတာက သင့်စိတ်ကူးအတိုင်း တကယ်ဖြစ်နိုင်ရင်ပြောတာပါ။ ဒါပေမယ့် တကယ်ဆိုတော့ သင် အောင်မြင်တဲ့သူရယ်လို့ တစ်လောကလုံးမှာ



တစ်ယောက်မှ မရှိပါဘူး။ တကယ်ဆိုတော့ သင့်ရဲ့ စိတ်ကူးများဟာ သေခါနီးသူတစ်ယောက် ဘုရားကိုတနေတာနဲ့ ဘာမှမထူးပါဘူး။ မင်္ဂလာဆောင်မှာ သင်ပြောတဲ့စကားကလည်း သင့်အခြေအနေမဟန်တာကို ကောင်းကောင်းကြီး ဖော်ပြနေပါတယ်။ အဲဒီစကားဟာ သင့်နှလုံးတွင်းကမချိလို့ထွက်လာတဲ့ အော်သံပဲ။ ဒီအော်သံဟာ သင့်ကို စစ်ဗိုလ်ကလေးကရိုက်ပြီး ကြိုးနဲ့ဝိုင်းတုပ်ကြတုန်းကထက် နာကျင်လို့ ထွက်လာတဲ့အော်သံပါ။ အဲဒီလို သင့်ကို စစ်သားတွေက ဝိုင်းပြီးကြိုးနဲ့ မတုပ်ခင်ကတည်းကပဲ သင်ဟာ သင့်ကိုယ်သင် ကြိုးနဲ့တုပ်ပြီးဖြစ်နေပါတယ် ဂိုရင်။ ဟား ဟား ဟား'' ဟု နိုဗိကောက်က ရယ်၍ပြောပြီးလျှင် ဂိုရင်၏မျက်နှာကို မျက်စိမပွင့် တပွင့်လုပ်ပြီး ကြည့်နေသည်။

ဂိုရင်သည် ချုပ်တည်း၍မရနိုင်လောက်အောင် စိတ်ဆိုးလာသဖြင့် နိုဗိကောက်ရှေ့တွင် အမျက်ချောင်းချောင်းထွက်ကာ ရပ်၍နေသည်။ သို့ရာတွင် ဂိုရင်၏ပုံပန်းမှာ ကြောက်ဖို့မကောင်းဘဲ နိုဗိကောက်ကို ပို၍စိတ်ဆိုးစေသည်။ ထိုအခိုက်တွင် သေရည်ပုလင်းထဲတွင် သေရည်တစ်စက်မျှမရှိတော့။ ''သင် မူးလို့ရမ်းနေတာ''ဟု ဂိုရင်က ပြောသည်။ ပြီးလျှင် ဂိုရင်သည် သူ့ဦးခေါင်းကို အေးစေရန်အလို့ငှာ လက်ဝါးနှင့် အုပ်လိုက်ပြီးလျှင် ''သင်ဟာ မူးလို့ရှိရင် သိပ်နားညည်းစရာကောင်းတယ်။ သင်ဟာ အရင်တုန်းက ဒီလိုမဟုတ်ပါဘူး'' ဟု ဂိုရင်က ပြောသည်။

''ပြီးတော့ သင့်ကြောက်စရာအိပ်မက်ပြဇာတ်ကိုကော ဘယ်လိုအကဲဖြတ်ရမလဲ။ သင်ကိုယ်တိုင်ပဲ ပြောစမ်းပါဦး။ အဲဒီပြဇာတ်ကို ဘယ်လို အကဲဖြတ်ရမတုံး။ လွတ်လွတ်လပ်လပ်ရေးချင်ရာရေးတဲ့ သူတစ်ယောက်အဖြစ်နဲ့ဆိုရင် ဒီပြဇာတ်အတွက် သင် စိတ်ကြီးဝင်ရမှာပေါ့။ အစိုးရက သင့်ကိုချီးမြှင့်တာဟာ အလကားချီးမြှင့်နေတာမှတ်သလား။ အလကားချီးမြှင့်တာ မဟုတ်ဘူး။ ကြောက်စရာအိပ်မက်ပြဇာတ်ဟာ လွတ်လွတ်လပ်လပ် ဖန်တီးလိုက်တဲ့လက်ရာပဲ'' ဟု နိုဗိကောက်က ကျယ်လောင်စွာ ရယ်၍ပြောသည်။

''သင်က ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောနေတာလဲ''ဟု နိုဗိကောက်က ငေါ့၍ပြောမှန်း ရိပ်မိသဖြင့် ဂိုရင်ကပြောသည်။ ပြီးလျှင် ဂိုရင်သည် စားပွဲနားသို့သွားသည်။ ထိုအခိုက်တွင် နိုဗိကောက်က ထလာသဖြင့် သူတို့နှစ်ယောက် မျက်နှာချင်းဆိုင်မိကြသည်။ ပြီးလျှင် ဂိုရင်က အသံသဲ့သဲ့ဖြင့် ''သင့်စကားက ဘယ်လိုအဓိပ္ပာယ်လဲ''ဟု ထပ်၍မေးသည်။

နိုဗိကောက်သည် သေရည်မူးမူးနှင့် ဂိုရင်၏မျက်နှာကို လက်ညှိုးကြီးတငေါက်ငေါက်နှင့်ထိုးပြီးလျှင် ''ကျွတ် ကျွတ် သင့်ကို ငါ မခံနိုင်တဲ့အချက်ကို ပြောလိုက်မိတယ်။ ငါ ဆိုလိုတာက သင်ရေးတဲ့ပြဇာတ်ကျော်ထဲမှာပါတဲ့ စကားလုံးတိုင်း စကားလုံးတိုင်းဟာ ဘုရားသခင်ရဲ့ မျက်နှာကိုထောက်ပြီး ရေးတာချည်းပဲလို့ ဆိုလိုတာပါ။ တစ်မျိုးဆိုတော့ သင့်ကိုယ်ကျိုးငဲ့ပြီး ရေးတယ်လို့ဆိုလိုတာပါ။ သင့်စိတ်ထဲက ဒီပြဇာတ်ကို ရေးလိုက်ရင် သင့်ကို စတာလင်က ပြန်ပြီးအယုံအကြည်ရှိသွားပြီး သင့်ကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားကို သွားခွင့်ပေးလိမ့်မယ်လို့ထင်ပြီး သင်ရေးတာ သုံးနှစ်ကျော်က ရုရှပြည်ကို သင် ပြန်လာခဲ့တဲ့အမှားကိုဆည်ဖို့ သင် ဉာဏ်နီဆင်ပြီးရေးတာပဲဟုပြောသည်။

''ဒါဟာ သင် လိမ်တာ၊ သက်သက်ကို လိမ်တာ''ဟုပြောပြီးလျှင် ဂိုရင်သည် နိုဗိကောက်၏ လည်စည်းကို ဆွဲပြီးကိုင်လှုပ်သည်။ နိုဗိကောက်က ဘာမျှမလုပ်။ ငြိမ်ပြီးခံနေသည်။ ပြီးလျှင် ဂိုရင်သည် ဒေါသမွှန်၍ ''သင် ဘာလို့ လိမ်နေရတာလဲ။ သင် သေရည်ရှူး။ သင် ဘာလို့ လိမ်နေရတာလဲ''ဟုဆက်၍ပြောသည်။

''သြော် သင်က တကယ်စိတ်ဆိုးနေတာကို၊ ငါ့ကိုတောင် ထိုးဦးမလို့လား'' ဟု ပြောပြီးလျှင် နိုဗိကောက်သည် ပြုံးနေရာမှ ရုတ်တရက်မျက်နှာကို တည်တည်ထား လိုက်ပြီး ဂိုရင်၏လက်ကို အတင်းဖယ်ပစ်လိုက်သည်။ ပြီးလျှင် နိုဗိကောက်က ''အခုလိုဆိုတော့ ပညာတတ်များဟာ တစ်ဆိတ်ရှိရင် လက်သီးပဲအားကိုးတတ်တယ်လို့ ဗေရီးယားကပြောတာဟာ မှန်သလိုဖြစ်နေတာပေါ့။ ဒါလောက်ဆိုတော့ သင်ဟာ လွန်ပြီ။ ဒါလည်း ကောင်းတာပါပဲ။ နောက်ဆုံးကျတော့ သင့်ဆင်ခြင်တုံတရားက သင့်ကို ဆုံးမပါလိမ့်မယ်။ ဒီတော့ သင့်ဟာသင် အပြစ်ကင်းချင်ယောင်ဆောင်နေလို့ ရတော့မှာ မဟုတ်ပါဘူး''ဟုပြောသည်။ ပြီးလျှင် နိုဗိကောက်သည် ဂိုရင်၏ရှေ့တွင် လမ်း သလား၍နေသည်။

နိုဗိကောက်က တစ်ခါဆက်၍ ''သင့်ကို ငါ စောင့်ကြည့်နေတာကြာပြီ ဂိုရင်။ သင့်ပြဇာတ်ကို သင်ရေးတာဟာလည်း ဖဲသမားလို သင် အကောက်ကြံပြီး ရေးလိုက်တာပဲ။ သင် ကြောက်စရာအိပ်မက်ပြဇာတ်ကို ရေးတာဟာ ချောက်ထဲကျခါနီးမယ် ဖြစ်ချင်ရာဖြစ်ရောဆိုပြီး မျက်စိမှိတ်ပြီး ခုန်ချလိုက်တဲ့သဘောနဲ့ရေးတာပဲ။ အခုတော့ ချောက်ကြီးဟာ ဘယ်လောက်နက်တယ်ဆိုတာ သင် သိပြီ။ သင့်ဟာသင် အမြင်မှန်ပြန်ရလာပြီ မဟုတ်လား။ ဒီတော့ သင့်ကိုယ်သင် ဆက်ပြီးလှည့်စားမနေချင်ပါနဲ့တော့။ သင်ဟာ တစ်တိုင်းလုံး တစ်ပြည်လုံး ကြိမ်မီးအုံးဖြစ်နေတာကို သိလျက်သားနဲ့ အာဏာရှင်ကို သင့်ဉာဏ်စွမ်းဉာဏ်စနဲ့ကူပြီး သဒ္ဒါတင်ပေးရက်တဲ့လူပဲ။ တော်ပြီ ငါ ဘာမှထပ်မပြောချင်တော့ဘူး။ အခု ငါပြောတာလည်း သင့်ကို စော်ကားချင်စိတ်နဲ့ ပြောတာမဟုတ်ပါဘူး။ တကယ်ဆိုတော့ ငါကလည်း သင့်ကို စော်ကားလို့မရပါဘူး။ ကျွန်အချင်းချင်း တစ်ယောက်ကိုတစ်ယောက်က ကျွန်လို့ခေါ်ပြီး လှောင်နေလို့ အကြောင်း မထူးပါဘူး။ ဒါပေမယ့် ဒါလောက်တောင် လွယ်လွယ်ကူကူကလေးနဲ့ ခေါင်းလျှို့ခံ သွားပြီး သင့်ဟာသင် လူ့မာနမရှိတဲ့အဖြစ်ကို ခြေမကိုင်မိလက်မကိုင်မိ ဟိုဒင်းနဲ့ ကြုံဖူး၊ ဒီဒင်းနဲ့ကြုံဖူး လုပ်နေတာကို မြင်ရတာတော့ တကယ်ပဲ ဝမ်းနည်းစရာ ကောင်းပါ တယ်။ သင့်ကို ငါက ငါ ငယ်စဉ်ကလေးဘဝကစပြီး ဘုရားမှတ်ပြီး ကိုးကွယ် လာခဲ့ရာက အခုလို ဖွတ်ထွက်သွားတာကိုမြင်ရတော့ တကယ်ပဲ ငါ စိတ်မချမ်းသာ ပါဘူး။ သင့်ကို ငါ အထင်မကြီးတော့ဘူး။ အထင်မကြီးတော့ရုံတွင် မကသေးဘူး သင့်အဖြစ်ဆိုးကို သင့်ဟာသင် ဝန်ခံရဲတဲ့ သတ္တိမရှိတဲ့အတွက် သင့်ကို ငါ အထင်တောင်



သေးသွားသေးတယ်။ သင်ဟာ လူညာအလုပ်ကိုလုပ်ပြီး သင်ကပဲ ငါ့ကို ဂုဏ်တို့သိက္ခာ တို့အကြောင်းကို မျက်နှာပြောင်တိုက်ပြီး မေးခွန်းထုတ်နေသေးတယ်။ ဒီတော့ သင်ဟာ ငါအမိန့်ပေးတဲ့အတိုင်း လုပ်ပါ။ ဟောဒီမှာ ကလောင်တံနဲ့စက္ကူ။ သင်ရဲ့လူညာဇာတ်ကို အဆုံးထိအောင်ဆက်ခင်းပါ။ အရင်က သင် တစ်ခါလမ်းမှားခဲ့တယ်။ ဒါမှမဟုတ်ရင် လည်း လမ်းမှားချင်ယောင် ဆောင်ခဲ့တယ်။ အခုတော့ သင် ဆက်ပြီးဟန်ဆောင်ဝံ့သေး သလား။ သင့်အကြောင်းကို ငါ အကုန်သိတယ်ဆိုတာ သင် သိပြီမဟုတ်လား။ သင့်မှာ ငါ့ကို ဘာမှအထင်သေးနိုင်စရာ အကြောင်းမရှိဘူး။ ပြီးတော့ ငါ့လိုလူမျိုးတွေ ကိုလည်း ကြိုးဆွဲတိုင်းကရတဲ့ အရုပ်တွေလို့ ခေါ်နိုင်စရာအကြောင်းမရှိဘူး။ သင်ဟာ ငါ့လို သို့မဟုတ် ဘော်ရှီဗစ်ပညာတတ်များအားလုံးလို ကျွန်တစ်ယောက်ဖြစ်တယ် ဆိုတာကိုပါ သင့်ဟာသင် သိနေပြီဖြစ်တော့ သင့်အလုပ်ကိုသင် လုပ်စေချင်တယ်။ အာဏာရှင်ရဲ့ အလိုတော်ကို မျက်စိနှစ်လုံးစုံဖွင့်ပြီး လုပ်စေချင်တယ်။ ထူချင် အချင် မသိနားမလည်ချင်ယောင်ဆောင်နေတဲ့ သင့်မျက်နှာဖုံးကိုလည်း ငါက ဖယ်ပစ်လိုက် စေချင်တယ်ဟုပြောသည်။

''သင်ဟာ စိတ်မနံ့တော့ဘူး''ဟု ဂိုရင်က မပွင့်တပွင့်ပြောသည်။

''သင်နဲ့နေရရင် ဘယ်သူမဆို စိတ်မနံ့ဖြစ်သွားမှာချည်းပဲ။ စားပွဲမှာသွား ထိုင်ပြီး ရေးပါ။ ဘာကိုရေးရမယ်လို့ ငါက အကြံပေးနေဖို့မလိုပါဘူး။ သင်ဟာ အတွေ့အကြုံနည်းတဲ့ လူမှမဟုတ်ဘဲ။ ငါက ဘာမှအကြံပေးနေဖို့မလိုပါဘူး။ ပြည့်တန်ဆာကို သင်ပေးနေလို့''ဟု ပြောပြီးလျှင် နိုဗိကောက်က စကားကိုဆုံးအောင် ဆက်၍မပြော။ နိုဗိကောက် သည် တစ်ကိုယ်လုံးတုန်၍နေသည်။ ဂိုရင်က နိုဗိကောက်ကို ပြေး၍ထိုးသည်။ ဂိုရင်သည် ဒေါသမွှန်၍ မျက်လုံးကြီးများပြူး၍နေသည်။ သူ့ကို ကြည့်ရသည်မှာ သနားစရာလည်းကောင်း ကြောက်စရာလည်းကောင်းသည်။ နိုဗိကောက်က ဂိုရင်၏ခါးကိုဖက်၍ အိပ်ရာပေါ်သို့ ပစ်ချလိုက်သည်။ ထိုအခိုက်တွင် နိုဗိကောက်သည် စိတ်မကောင်းမဖြစ်ဘဲ လက်စားချေရခြင်းအတွက် ဝမ်းသာ၍ သွားသည်။ ပြီးလျှင် နိုဗိကောက်သည် အသက်ကို ဟောဟဲ ဟောဟဲနှင့်ရှု၍ ဂိုရင့်အပေါ် ကစီး၍ကြည့်နေသည်။

''ငါသွားမယ်ကိုရင် ငါ့မှာ အရေးကြီးတဲ့ အလုပ်တစ်ခုရှိသေးတယ်။ လျှို့ဝှက် တဲ့ ကိစ္စကလေးတစ်ခုပေါ့။ ဒါပေမယ့် ဒီကိုပြန်လာဦးမယ်။ ငါသွားနေတဲ့အတော အတွင်းမှာ ငါပြောတဲ့စကားတွေကို တစ်လုံးစီတစ်လုံးစီ ချိန်ဆထားနှင့်ပါ။ ပြီးတော့ ငါဟာ သင့် အပေါ်မှာ ပွင့်ပွင့်လင်းလင်းရှိတယ်ဆိုတဲ့ အချက်ကိုလည်း သင် ထည့်ပြီး စဉ်းစားထားနှင့်စေချင်တယ်''ဟု နိုဗိကောက်ကပြောသည်။

✳✳✳

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

နိဗ်ကောက်သည် သူ၏လျှို့ဝှက်တဲ့ကိစ္စ ''ကလေး''ကို အကြောင်းပြု၍ ဂိုရင်အပေါ်တွင် ကြမ်းကြမ်းတမ်းတမ်း ရက်ရက်စက်စက် ပွင့်ပွင့်လင်းလင်းပြုမူနေခြင်းဖြစ်သည်။ ထိုသို့ပြုမူခြင်းကြောင့် သူဆောင်ရွက်ရမည့်တာဝန်သည် အောင်မြင်နိုင်တော့မည်မဟုတ်။ သို့ရာတွင် သူ့စိတ်ကိုသူ ထိန်းမရ။ သူ၏အတွင်းသန္တာန်တွင် အများကြီး သို့လော သို့လောဖြစ်နေသည်။ သူ၏အကျင့်စာရိတ္တသည် အဖတ်ဆည်မရအောင် ပျက်တော့မည် ဖြစ်နေသဖြင့် နိဗ်ကောက်သည် အများကြီး စိတ်ဆင်းရဲနေသည်။

ဒရိုက ချိပ်ရောက်ကို သတ်လိုက်သည့်အချိန့်ကစ၍ နိဗ်ကောက်မှာ ကယောင်ချောက်ချားဖြစ်နေသည်။ သူစိတ်ထဲက အင်မတန် အရေးကြီးသည့် အလုပ်တစ်ခုခုကို သူ လုပ်တော့မှဖြစ်မည်ဟု သဘောရသည်။ သို့ရာတွင် ဘာကိုလုပ်ရမည်ဟု ဝေခွဲမရ။ သို့ဝေခွဲ၍မရခြင်းအတွက် နိဗ်ကောက်သည် ရူးချင်သလိုဖြစ်နေသည်။ ဒရိုက လူဗာနှင့် နီနာတို့ကို အိမ်မှနှင်ထုတ်လိုက်သည့်အခါတွင် နိဗ်ကောက်သည် ဘာမျှဝင်၍မပြောဘဲ လျှစ်လျူပြုကာနေပြီးလျှင် နောက်ကို ဘယ်လိုဖြစ်လာလိမ့်မည့်အရေးကိုသာ စိတ်စော၍နေသည်။ လူဗာနှင့် နီနာတို့၏ကံကြမ္မာသည် အဘယ်သို့ဖြစ်လိမ့်မည်နည်းဟူသော ပြဿနာသည် သူ့စိတ်ထဲက တစ်စုံတစ်ရာကို သူလုပ်မှဖြစ်တော့မည်ဟု သို့လော သို့လော ဖြစ်နေသော ပြဿနာလောက် သူ့အဖို့တွင် အရေးမကြီး။

လူဗာနှင့်နီနာတို့ အိမ်မှထွက်သွားကြလျှင်သွားကြချင်း နိဗ်ကောက်သည် ချိပ်ရောက်၏ အခန်းသို့ မဆိုင်းမတွသွားသည်။ ချိပ်ရောက်အခန်းသော့သည် နိဗ်ကောက်၏အိတ်ထဲတွင် ရှိသည်။ စစ်ဗိုလ်ကလေးသည် နိဗ်ကောက်၏အမိန့်အရ ချိပ်ရောက်ကိုရှာပြီးလျှင် ချိပ်ရောက်၏ အခန်းသော့ မြေဆေးတံနှင့် ဆေးဘူးကို နိဗ်ကောက်လက်ထဲသို့ အပ်လိုက်သည်။ ထိုအခါ ချိပ်ရောက်လက်ထဲတွင် အခြားပစ္စည်းဘာမျှမရှိ။ စစ်ဗိုလ်ကလေးက သော့ကို နိဗ်ကောက် လက်ထဲသို့ ထည့်လိုက်သောအခါ ချိပ်ရောက်သည် လန့်၍သွားပြီးလျှင် အင်မတန်ထူးခြားသော ကြည့်ပုံမျိုးဖြင့် နိဗ်ကောက်ကို မျက်လုံးကြီးများ ပြူးပြီးကြည့်နေသည်ကို နိဗ်ကောက် သတိပြုလိုက်မိသည်။ ချိပ်ရောက်၏ကြည့်ပုံမှာ အင်မတန်ထူးခြားပြီး အင်မတန်ကြောက်ဖို့ကောင်းသဖြင့် နိဗ်ကောက်မှာ ချိပ်ရောက်ကို ဖြိုင်၍မကြည့်ဝံ့ဘဲ မျက်နှာလွှဲပစ်လိုက်ရသည်။

ထိုစဉ်အခါက နိဗ်ကောက်စိတ်ထဲတွင် ဘယ်လိုမျှအရေးကြီးသည်ဟု မထင်လိုက်။ သို့ရာတွင် ထိုအကြောင်းကိုပြန်၍ စဉ်းစားကြည့်သောအခါ ချိပ်ရောက်ကြည့်ပုံမှာ ဂိုရင်၏ အရေးနှင့်မသက်ဆိုင်ဘဲ သော့နှင့်သာသက်ဆိုင်သည်ကို နိဗ်ကောက် စဉ်းစားမိသည်။ နိဗ်ကောက်သည် ပျာရိပျာယာနှင့် ချိပ်ရောက်၏အခန်းကို ဖွင့်လိုက်သည်။ သို့ရာတွင် ဘယ်သူမျှမသိစေချင်သောသဘောဖြင့် နိဗ်ကောက်သည် အခန်းတံခါးကို ဖွင့်ခါနီးတွင် လူသူရှိ မရှိသိနိုင်ရန် တောင်မြောက်လေးပါးကို လှည့်၍ကြည့်လိုက်သေးသည်။ ထိုအခိုက်တွင် စင်္ကြံဆောင်တွင် လူတစ်ယောက်မျှမရှိ။



ချိပ်ရောက်၏အခန်း ညာဘက်ထရံနားတွင် ကော်ဇောနှင့်ဖုံးထားသော ခရီးဆောင် သေတ္တာကြီးတစ်ခုရှိသည်။ ကော်ဇောစမှာ ကြမ်းပေါ်သို့ အများကြီးရှည်ထွက်နေသည့်အတွက် နိဗ်ကောက်စိတ်ထဲက ထူးခြားသည်ဟု သဘောရသည်။ သေတ္တာကြီးကို ဖွင့်၍ကြည့်လိုက်သောအခါ နိဗ်ကောက်သည် ယောင်၍အော်မိမလိုပင်ဖြစ်သွားသည်။ သေတ္တာထဲတွင် အသက်ဆယ်နှစ်ခန့်သာရှိသော သူငယ်ကလေး တစ်ယောက် ပုခွေ၍နေသည်ကို နိဗ်ကောက် တွေ့ရသည်။ သူငယ်ကလေးသည် နိဗ်ကောက်ကိုမြင်သောအခါ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေသည်။ သနားစရာကောင်းသော အပြစ်မရှိသည့် သူငယ်ကလေးကို မြင်လိုက်ရသောအခါ နိဗ်ကောက် မာကျောသောစိတ်နှလုံးသည် အများကြီး ထိခိုက်သွားသည်။

နိဗ်ကောက်သည် မျက်ရည်များလည်လာပြီး ''သားရယ် ဘာမှမကြောက်ပါနဲ့။ ဘုရားသခင်ရှိပါတယ်။ ဘာမှ မကြောက်ပါနဲ့။ သင့်ကို ငါ ဘယ်လိုမှ မလုပ်ပါဘူး။ ဒါပေမယ့် အော်တော့မအော်လိုက်နဲ့။ အော်လိုက်ရင် ဒုက္ခများကုန်မယ်။ သင့်ကို ဒီမှာ ချိပ်ရောက် လာဝှက်ထားတယ် မဟုတ်လား''ဟု ချိုချိုအေးအေးပြောသည်။

သူငယ်ကလေးသည် ကြောက်ကြောက်နှင့် နိဗ်ကောက်ကို မော့ကြည့်ပြီးလျှင် အသံမထွက်အောင် ငို၍နေသည်။ နိဗ်ကောက်ကတွေး၍ အဓိပ္ပာယ်ကို နားလည်သည်။ သော့ကိုမြင်လိုက်သောအခါ ချိပ်ရောက် မျက်စိမျက်နှာပျက်သွားခြင်းမှာ ဤသူငယ်ကလေးအတွက်ပင်ဖြစ်သည်ကို နိဗ်ကောက် သဘောပေါက်ပြီ။ ထို့နောက် သူငယ်ကလေး၏အဖေမှာ ဥယျာဉ်မှူးဖြစ်ပြီးလျှင် သူ့အမေမှာ ထမင်းချက်ဖြစ်သည်ကိုလည်း နိဗ်ကောက်ပြန်၍ သတိရသည်။

''သားရယ် သင့်နာမည်က ဘယ်လိုခေါ်ပါသလဲကွယ်''ဟု နိဗ်ကောက်က မေးသည်။

''အီဂေါ်လို့ခေါ်ပါတယ်''

''ဒီမှာသား ငါ့ကို မကြောက်နဲ့နော်။ ချိပ်ရောက်က ငါ့ကိုသော့ပေးထားခဲ့တယ်။ ဟောဒီမယ်ကြည့်ပါလား။ ချိပ်ရောက်က ငါ့ကို မျက်ရိပ်မျက်ခြည်ပြပြီး ပြောခဲ့တယ်။ သင့်ကို စောင့်ရှောက်လိုက်ပါလို့။ ဒီတော့ သင့်ကို ငါ စောင့်ရှောက်ပါမယ်။ ငါ့ကိုယုံပါ။ သင့်ကို တခြားနေရာကို ငါ ပို့ပေးပါမယ်။ ဘာမှမကြောက်ပါနဲ့။ ငြိမ်ငြိမ်ကလေးသာ ထိုင်နေပါ။ မငိုပါနဲ့။ ငိုလိုက်ရင် သင် ဒုက္ခရောက်သွားလိမ့်မယ်''ဟု နိဗ်ကောက်က နှစ်သိမ့်စကားပြောသည်။

''ငါ့အဖေနဲ့ ငါ့အမေကို သူတို့ သတ်ပစ်လိုက်ကြပြီလား''ဟု အီဂေါ်က ရုတ်တရက်မေးလိုက်သည်။

''ဘာလို့မေးတာလဲ သင့်အဖေနဲ့ သင့်အမေကို သတ်ပစ်လိမ့်မယ်လို့ သင့်ကို ဘယ်သူကပြောလို့လဲ''

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကိုယ်တိုင်က ပြောလို့ပါ။ ငါ့အဖေနဲ့ ငါ့အမေက ဒီနေ့ပဲ ငါ့ကို တခြားခေါ်သွားဖို့ ချိပ်ရောက်ကို မှာပစ်ခဲ့ပါတယ်။ ပြီးတော့ ငါ့ကိုလည်း ပုန်းနေပါ။ မပုန်းနေလို့ စစ်သားတွေကတွေ့သွားရင် သတ်ပစ်လိမ့်မယ်လို့ မှာသွားပါတယ်။ အဲဒီတုန်းက ငါတို့ဟာ ငါတို့အခန်းထဲမှာ ထိုင်နေကြပါတယ်။ အဲဒါနဲ့ ပြင်ဘက်က အော်သံတွေကို ကြားရပါတယ်။ ပြီးတော့ ငါတို့ပြတင်းပေါက်ကနေပြီး စစ်သားတွေက ဂိုရင်ကိုရိုက်ပြီး ဝိုင်းကြိုးနဲ့တုပ်ကြတာကိုလည်း ငါတို့ မြင်ရပါတယ်။ အဲဒါနဲ့ ငါ့အဖေလည်း ကြောက်သွားပြီး ဘုရားကိုတပါတယ်။ ပြီးတော့ ငါ့ကို ဦးလေးချိပ်ရောက်ဆီကို လာပို့ကြပါတယ်။ ပြီးတော့ ချိပ်ရောက်က ငါ့ကို ဒီအခန်းထဲမှာ သော့နဲ့ပိတ်ထားပြီး ဂိုရင့်ဆီကို ပြေးသွားပါတယ်။ ချိပ်ရောက်က သူ ချက်ချင်းပြန်လာမယ်လို့ ပြောတယ်။ အခုထက်ထိလည်း ပြန်မလာသေးဘူး" ဟု အီဂေါကပြောသည်။

"စိတ်အေးအေးနေပါ။ ဘာမှ ဒီပြင်အကြောင်းတွေကို စဉ်းစားမနေပါနဲ့။ သင့်အဖေနဲ့ သင့်အမေလည်းရှိပါတယ်။ မသေပါဘူး။ နောက်တော့ သင် တွေ့ရမှာပေါ့။ ချိပ်ရောက် သင့်ကို ဒီမှာ လာဝှက်ထားတာလည်း ကောင်းတာပဲ။ ကာလကြီးက သိပ်ဆိုးတယ်။ ဒါထက် သင် ဆာနေရောပေါ့။ သင် နောက်ဆုံး ဘယ်တုန်းက အစာစားရသလဲ" ဟု နိုဗီကောက်ကပြောသည်။

"ငါ မနက်စာတော့ စားရပါတယ်။ ပြီးတော့ ချိပ်ရောက်ချန်ထားတဲ့ သေရည်လည်း နည်းနည်းသောက်ရပါတယ်"

"ဒါဖြင့် ကောင်းပြီ။ သင်စားဖို့ ငါ တစ်ခုခုရှာပေးမယ်။ သား ငြိမ်ငြိမ်ကလေး ထိုင်နေ။ ပြတင်းပေါက်နားမသွားနဲ့။ ပြီးတော့ တံခါးသော့ပေါက်တည့်တည့်မှာလည်း သွားမရပ်နဲ့။ ဒီထောင့်မှာပဲထိုင်နေ။ ငါ ကုလားထိုင်တစ်ခု ယူပေးမယ်။ ငါပြန်လာတော့ တံခါးကို နှစ်ချက်ဖြည်းဖြည်းခေါက်လိုက်မယ်။ ဒီတော့ ငါလာပြီဆိုတာ သင် သိရောပေါ့"

"ဦးလေးချိပ်ရောက်က သူပြန်လာရင် တံခါးကို သုံးချက်ခေါက်လိုက်မယ်လို့ ပြောခဲ့တယ်။ အဲဒါနဲ့ သင်က တံခါးကိုမခေါက်ဘဲနဲ့ ဝင်လာတော့ ငါ လန့်သွားပြီး သေတ္တာထဲမှာ ဝင်ပုန်းနေတယ်"

"သင် ကြောက်ဖို့မလိုဘူး။ ငါ အခုချက်ချင်း ပြန်လာမယ်။ ဘာမှ စိတ်မပူပါနဲ့"

※※※

## အခန်း(၁၄)

နိုဗီကောက်သည် အခန်းထဲက ထွက်လာသောအခါ သူငယ်ကလေးပြောလိုက်သောစကားများအရ စဉ်းစားကြည့်သဖြင့် ဂိုရင့်အိမ်မှ အစေခံများ၏ ကံကြမ္မာကို ကွက်ကွက်ကွင်းကွင်း မြင်လာသည်။ ဒရို့က စစ်ဗိုလ်ကလေးအား အစေခံများကို မြေအောက်ထပ်ခေါ်သွားပြီး ပိတ်ထားလိုက်သည်ဟု အမိန့်ပေးလိုက်စဉ်က ဒရို့တွင် အစေခံများကို ပစ်သတ်စေရန် ရည်ရွယ်ချက်ရှိသည်ဟု နိုဗီကောက်မထင်။ ဒရို့က စိတ်ဆိုး၍ပေးလိုက်သည့် အမိန့်ဖြစ်သဖြင့် စစ်ဗိုလ်ကလေးသည် ဒရို့အမိန့်ပေးသည့်အတိုင်း လုပ်လိမ့်မည်မထင်။

သို့ရာတွင် မီးဖိုထဲတွင် သူငယ်ကလေးအတွက် စားစရာသွားယူသောအခါတွင် နိုဗီကောက်သည် အစေခံများကို စစ်သားများက အပြင်သို့တန်းစီပြီး ခေါ်ထုတ်သွားသည်ကို မြင်လိုက်ရသည်။ ပြီးလျှင် အစေခံနှစ်ဆယ်မျှမှာ ခြံထဲတွင်စု၍နေကြသည်ကို နိုဗီကောက်တွေ့ရသည်။ ထိုအစေခံများထဲတွင် ဂိုရင်၏အတွင်းရေးမှူး ဖော်လကောက်လည်းပါသည်။

နိုဗီကောက်က ပြေး၍လိုက်သွားပြီး အစေခံများကို ဘယ်ခေါ်သွားမှာလဲဟု စစ်ဗိုလ်ကလေးကိုမေးသည်။ စစ်ဗိုလ်ကလေးက အစေခံများကို ဒရို့အမိန့်အရ မြို့ထဲသို့ အာဏာပိုင်များဆီသို့သွား၍ အပ်ရန်ခေါ်လာခြင်းဖြစ်သည်ဟု ပြောသည်။ နိုဗီကောက်က ထိုအကြောင်းနှင့်ပတ်သက်၍ ဒရို့ကိုမေးကြည့်ချင်သော်လည်း ဒရို့မှာပြန်သွားပြီဖြစ်၍ မေးမကြည့်နိုင်တော့။

နောက်တစ်နာရီခန့်ကြာသောအခါ နိုဗီကောက်မှာ မည်သူ့ကိုမျှ မေးနေဖို့ မလိုတော့။ အဘယ်ကြောင့်ဆိုသော် စစ်ဗိုလ်ကလေးနှင့် စစ်သားများ ပြန်လာကြသောကြောင့်ဖြစ်သည်။ မြို့ကိုသွားကြမည်ဆိုလျှင် သူတို့သည် ဤမျှမြန်မြန်ကြီး ပြန်ရောက်လာနိုင်ကြမည်မဟုတ် နိုဗီကောက်၏အထင်တွင် စစ်သားများမှာ အတော်ပင် အမူထူးခြားလျက်ရှိသည်။ အထူးသဖြင့် စစ်ဗိုလ်ကလေး၏အမူမှာ ထူးခြားသည်။ သူတို့မျက်နှာထားများမှာ သေရည်မူး မျက်နှာထားမျိုးဖြစ်သည်။ သို့ရာတွင် တစ်ယောက်ဆီကမျှ သေရည်နံ့မထွက်၊ သူတို့သည် အထူးအရှုံင်လျက် ကျယ်လောင်ကျယ်လောင်နှင့် ဖြစ်နေကြပြီးလျှင် ဝါးလုံးကွဲစွာရယ်၍ တစ်ယောက်ကိုတစ်ယောက် မျက်စိမှိတ်ပြပြီး ပြောင်လှောင်နေကြသည်။ နိုဗီကောက်စိတ်ထဲ တွင် အစေခံများ၏ ကံကြမ္မာနှင့်ပတ်သက်၍ သို့လော သို့လော ဖြစ်စရာမရှိတော့။ ထိုသို့ပင်ဖြစ်သော်လည်း ပို၍ ရှင်းလင်းစွာ သိနိုင်ရန်အတွက် နိုဗီကောက်သည် ရိုးရိုးအအ စစ်သားတစ်ယောက်ဆီသို့သွား၍ အမှတ်မထင် မျက်စိမှိတ်ပြပြီး "ဘယ်နေရာမှာလဲဟေ့" ဟု မေးလိုက်သည်။ "တောထဲမှာပေါ့" ဟုစစ်သားက လစ်ခနဲပြောလိုက်သည်။ ပြီးလျှင် စစ်သားက ရုတ်တရက် သူ့စကားကိုရပ်လိုက်သည်။ ထို့နောက် စစ်သားသည် နိုဗီကောက်ထံမှ ဖယ်သွားသည်။

စစ်သားပြန်မလာမီတွင် နိုဗီကောက်သည် သူငယ်ကလေးအတွက် ညစာကို ဝှက်၍ယူလာသည်။ သူငယ်ကလေးမှာ စိတ်အင်မတန်ချောက်ချားနေသဖြင့် နိုဗီကောက် ယူလာသော အစာကို လက်ဖျားနှင့်တောင်မတို့။



www.burmeseclassic.com

www.burmeseclassic.com



''ကျေးဇူးတင်ပါတယ် ဦးလေးရယ်။ ငါ နောက်မှပဲစားပါမယ်''ဟု ပြောပြီးလျှင် သူငယ်ကလေးသည် ကြမ်းပေါ်သို့ပစ်လှဲပြီး သည်းထန်စွာငိုသည်။

''အီဂေါ်မငိုနဲ့ တိတ်တိတ်''ဟု နိုဗိကောက်ကပြောသည်။ သူ့စိတ်ထဲက သူငယ်ကလေး ကို ဘေးဖြစ်ရန်အကြောင်းရှိသည်ကိုသိသဖြင့် နိုဗိကောက်မှာ ထိတ်၍ သွားသည်။

ထိုညတွင် နိုဗိကောက်သည် အိပ်၍မပျော်။ သူငယ်ကလေး၏အကြောင်းသည် သူ့စိတ်ထဲကမထွက်။ သူ့စိတ်ထဲတွင် သူငယ်ကလေးကို ဘယ်လိုကြံ၍ကယ်ရပါမည်နည်းဟု အပူတပြင်းအကြံအိုက်လျက်ရှိသည်။ အီဂေါ်ကို တခြားသို့ပို့လိုက်ဖို့မှာမခက်။ သို့ရာတွင် ပို့လိုက်ပြီးနောက် သူ့ကို ဘယ်သူက စောင့်ရှောက်ကျွေးမွေးထားမည်နည်း။ ကံမသကာဖြစ်ချင်ရာ ဖြစ်ဆိုလျှင်လည်း အီဂေါ်မှာ သေမင်းပြည်သို့ ရောက်ရဖို့သေချာသည်။ နိုဗိကောက်သည် အကြံအများကြီး အိုက်၍နေသည်။ ထိုညတွင် အီဂေါ်ကို အပြင်သို့ ထုတ်သွားဖို့မှာမဖြစ်နိုင်။ စစ်ဗိုလ်ကလေးမှာ အလွန်အကျွံသေရည်မူးပြီး တစ်အိမ်လုံး လျှောက်၍သွားနေသည်။ စစ်သားများကိုလည်း သွား၍အနိုင်ကျင့်နေပြီးလျှင် နိုဗိကောက်၏ အခန်းထဲသို့ အတင်းဝင်၍လာပြီး စကားပြောနေသည်။ ထိုမျှပင်မကသေး ညနာရီပြန်နှစ်ချက်လောက်တွင် တပ်လှန့်လိုက်သေးသည်။ တပ်လှန့်လိုက်သောအခါ စစ်သားများမှာ ညအိပ်ဘောင်းဘီများနှင့် အပြင်သို့ထွက်၍ စီတန်းနေကြရသည်။ ပြီးလျှင် လူတန်းစား ရန်သူများကို မည်ကဲ့သို့ သတိထား၍ စောင့်ကြည့်နေရမည့်အကြောင်း စစ်သားများကို ရှည်လျားစွာ မိန့်ခွန်းပေးသည်။ နောက်ဆုံးတွင် နိုဗိကောက်က အတင်းဆွဲခေါ်သွားပြီး သိပ်လိုက်တော့မှအေးသွားသည်။

နိုဗိကောက်သည် ဂိုရင်ကို သူရာယစ်စစ်ဗိုလ်ကလေးနှင့် ပစ်၍မထားဝံ့။ ပစ်ထားလျှင် ဂိုရင်မှာ ဘေးတွေ့ရမည်မှာ အမှန်ပင်ဖြစ်သည်။ ထိုအတောအတွင်း၌ ဂိုရင်အနီးတွင် သူ မရှိလျှင်မဖြစ်။ ထိုညမှာ ဂိုရင်ကို ပထမစ၍ အကျဉ်းချသောည ဖြစ်သဖြင့် နိုဗိကောက်မှာ စိတ်ပူလျက်ရှိသည်။

နောက်နေ့တွင် နိုဗိကောက်မှာ စိတ်ညစ်ညစ်နှင့် စဉ်းစားလျက်ရှိသည်။ ပြီးလျှင် ထစ်ခနဲရှိလျှင် စိတ်ဆိုး၍ စကားပြော အင်မတန်တို၍နေသည်။ နံနက်ပိုင်းက လာသော နိုင်ငံခြားသတင်းထောက်ကိုလည်း နိုဗိကောက်က မယဉ်မကျေးပြော၍ လွှတ်လိုက်သည်။ ခါတိုင်းကဲ့သို့သာဖြစ်ပါမူ ယဉ်ကျေးဖွယ်ရာစွာ ညှို့ခံလိုက်သည် သာဖြစ်သည်။ ဒရိုနှင့် ညစာစားစဉ်တလည်း နိုဗိကောက်မှာ မရွှင်မပျဖြစ်နေသဖြင့် ဒရိုကပင် ဘာဖြစ်နေသလဲဟု မေးလိုက်သေးသည်။ နောက်ဆုံးတွင် နိုဗိကောက်သည် ဂိုရင့်အပေါ်တွင် ပရိယာယ်ကင်းမဲ့စွာ ပြုမူသဖြင့် ဂိုရင့်ကို သုထင်းသွင်းရမည့်အလုပ်မှာ ယခင်က အောင်မြင်ချင်အောင်မြင် ဦးမည်ဟု မျှော်လင့်နိုင်စရာရှိသည့်တိုင်အောင်ပင် ယခုအခါတွင် မျှော်လင့်ချက်ကင်း၍သွားခဲ့ပြီ။



ဂိုရင်၏အခန်းထဲမှ ထွက်လာပြီးနောက် နိုဗိကောက်သည် အီဂေါ်အခန်းထဲသို့ တောက်လျှောက်ဝင်၍သွားသည်။ နိုဗိကောက်သည် ထိုညပင် အီဂေါ်ကို ဂိုရင်အိမ်မှ အခြားနေရာသို့ ပြောင်းပေးဖို့စိတ်ကို ဆုံးဖြတ်လိုက်သည်။ ဘယ်နေရာသို့ပို့ရမည်ကိုလည်း သူ တွေးပြီးပြီ။ စစ်သားတွေ ပုရွက်ဆိတ်အုံကဲ့သို့ ရှုပ်ဖြစ်နေသော ဂိုရင့်အိမ်မှ အီဂေါ်ကို အောင်မြင်စွာ ထုတ်ယူသွားနိုင်ရန်အတွက် သူ ပထမဆုံးစဉ်းစားသည်။

စင်္ကြံဆောင်တွင် စစ်ဗိုလ်ကလေးနှင့်တွေ့၍ စစ်ဗိုလ်ကလေးက နိုဗိကောက်ကို ဆီး၍တားထားသည်။

စစ်ဗိုလ်ကလေးမှာ ယခင်ညများကလောက် သေရည်မူး၍မနေ။ စစ်ဗိုလ်ကလေးက သူ့ကို သေသေချာချာ စိုက်ကြည့်ပြီး ''ရဲဘော်ဗိုလ်ကြီး ငါတို့ ကံသိပ်မကောင်းဘူး''ဟု ပြောသည်။

''ဘာအတွက် ကံမကောင်းတာလဲ''ဟု နိုဗိကောက်ကမေးသည်။

''သူနာရဲ့အတွက်ပေါ့။ တခြားဘယ်သူရှိဦးမလဲ''ဟု စစ်ဗိုလ်ကလေးက ပြောသည်။

''ဒါဟာ သင့်အလုပ်မဟုတ်ပါဘူး''ဟု နိုဗိကောက်က ဝေါက်သံနှင့်ပြောသည်။ စစ်ဗိုလ်ကလေးသည် မျက်နှာပျက်သွားပြီး နိုဗိကောက်ဆီမှ ဖယ်ရန်ပြင်ဆင်သည်။ နိုဗိကောက်က အကြံရသဖြင့် ''ခဏနေဦး။ သင့်အကူအညီကို ငါ လိုချင်လိုမယ်။ သင့်ဖိနပ်ကို အရောင်တင်ဆေးတိုက်ရင် ဘယ်လောက်လောက်ကြာမလဲ။ မှန်ရောင်ထပြီး ပြောင်နေအောင်လေ''ဟုပြောသည်။

''နာရီဝက်လောက်ကြာမယ် ပိုပြီး ကြာချင်လည်းကြာမယ်။ ဘာလုပ်မလို့တုံး'' ဟု စစ်ဗိုလ်ကလေးက အံ့အားသင့်သော မျက်နှာထားနှင့်မေးသည်။

''ဒါဖြင့် ကောင်းပြီ။ တို့အလုပ်ကို အောင်မြင်စေချင်ရင် သင် အခုပဲ သူနာရဲ့ အခန်းထဲကိုသွားပြီး သင့်ဖိနပ်ကို အရောင်တင်ဆေးသွားတိုက်ချေ။ နာရီဝက်မလုပ်နဲ့ တစ်နာရီတိတိကြာပစေ။ အဲဒီအတွင်းမှာ သူနာကို သင်စကားတစ်လုံးမှ သွားမပြောနဲ့ နားလည်လား။ ဒါဟာ သိပ်အရေးကြီးတဲ့ စိတ်ဓာတ်စစ်ဆင်ရေးပရိယာယ်။ အစိပ္ပာယ် နှစ်မျိုးရှိတယ်''ဟု နိုဗိကောက်ကပြောသည်။

စစ်ဗိုလ်ကလေးက သွားကိုဖြဲပြီး ဒါကို ငါ ကောင်းကောင်းသိပါတယ် ရဲဘော်ဗိုလ်ကြီး၊ ငါ့မှာ ဦးနှောက်ရှိပါတယ်။ ဒီလိုသိမ်မွေ့တဲ့ ပရိယာယ်တွေကို ငါ နားလည်နေတာ အခုမှ မဟုတ်ပါဘူး။ ကြာလှပါပြီ။ မနက်ဖြန်ခါ မနက်ကျရင် သူနာဟာ သင့်ရှေ့မှာ ခေါင်းငိုက်စိုက်ချပြီး ဒူးလာထောက်အောင် ငါ တိုက်ပြလိုက်ပါမယ် စိတ်သာချပေးပါ''ဟု စစ်ဗိုလ်ကလေးက ပြောပြသည်။

''ဒါပေါ့ကွ ဒီအတောအတွင်းမှာ ငါ လေကောင်းလေသန့်ရဖို့ မြင်းစီးပြီး မြို့ထဲဘက်ကို ခဏသွားမယ်။ မြင်းတွေတော့ သေမကုန်သေးဘူးထင်ပါရဲ့။ အစာကောကျွေးမှကျွေးရဲ့လား မသိဘူး''ဟု နိုဗိကောက်ကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်း ငါ ဘာမှလုံးလုံးမသိဘူး။ အမိန့်ထုတ်တဲ့အထဲမှာ မြင်းတွေ အစာကျွေးဖို့ အမိန့်ဘာမှမပါဘူး"

"ကောင်းပြီလေ။ ဒီကိစ္စအတွက် ငါကိုယ်တိုင် သွားကြည့်လိုက်မယ်။ သူနာကိုတော့ သင် ဘယ်လိုမှ သွားမလုပ်နဲ့နော်။ သူနာဟာ မာန်စွယ်ကျိုးကာနီးနေပြီ။ ပြီးတော့ သူနာကို သဗ္ဗိမျက်စိအောက်ကလည်း အပျောက်မခံနဲ့ မတော်ရင် သူ့ကိုယ်သူ ရန်ရှာချင်ရှာနေဦးမယ်။ တိုတိုမြွေ့အရမယ်ဆိုတော့ ဉာဏ်ကိုသုံးပေါ့ကွာ" ဟု နိုဗိကောက်ကပြောသည်။ ပြီးလျှင် တစ်စုံတစ်ခုကို သတိရဟန်ဖြင့် "နေဦး ဒီပြင်တစ်ခုရှိသေးတယ်။ သေရည်ခန်း ကသော့ကို ငှါပေးစမ်း။ ငါ မြင်းစီးထွက်ရင်း အပျင်းပြေ သောက်ရအောင် သေရည်တစ်ပုလင်း ယူသွားချင်တယ်" ဟု ဆက်၍ပြောသည်။

စစ်ဗိုလ်ကလေးကပြုံးပြီးလျှင် သော့ကိုကမ်း၍ "ရဲဘော်ဗိုလ်ကြီး ငါတို့ဖို့လည်းချန်ထားပါဦးနော်" ဟုပြောသည်။

နိုဗိကောက်သည် သေရည်ခန်းမှ ပုလင်းကြီးကြီးတစ်လုံးကိုရွေး၍ ချိုင်းကြားတွင် ညှပ်၍ယူခဲ့ပြီးနောက် မီးဖိုဆောင်သို့သွားသည်။ စစ်သားများမှာ အလုပ်အားချိန်ဖြစ်၍ မီးဖိုဆောင်တွင် ဖဲရိုက်သူရိုက်၍ ဝိုင်းဖွဲ့စကားပြောသူက ပြောနေကြသည်။ နိုဗိကောက်သည် အကင်းပါးပုံမရသော စစ်သားတစ်ယောက်ကို ရွေး၍ အမှတ်တမဲ့ ပြောသည့်သဘောမျိုးဖြင့် "ဟောဒီမှာ သေရည်ခန်းကသော့ စစ်ဗိုလ်ကလေးကိုပေးလိုက်။ ဒါပေမယ့် အခုတော့ သွားမပေးနဲ့။ အဖေဟာ သူနာ့ဆီမှာ အလုပ်များနေတယ်။ တစ်နာရီ နှစ်နာရီလောက်နေမှ ပေးလိုက်။ ဒီနေ့မပေးချင်ရင်လည်း မနက်ကျမှပဲပေး။ အခု ငါ မြို့ထဲသွားမလို့။ ညကျမှ ငါ ပြန်လာမယ်။ ငါပြန်လာတဲ့အချိန်ကျတော့ သူ အိပ်ချင်အိပ်နေတော့မှာ" ဟု ပြောသည်။

ထို့နောက် နိုဗိကောက်သည် မီးဖိုဆောင်ရေခဲသေတ္တာထဲမှ အမဲသားကင် ပေါင်မုန့်နှင့် ဆားနည်းနည်းကိုယူပြီး လက်သုတ်ပဝါတစ်ခုနှင့်ထုပ်သည်။ ပြီးလျှင် ဖန်ခွက်တစ်ခွက်ကိုယူ၍ လက်သုတ်ပဝါနှင့် သေသေချာချာသုတ်သည်။ စစ်သားများသည် အသက်တောင် မရှူဘဲနှင့် နိုဗိကောက်လုပ်သမျှကိုစောင့်၍ ကြည့်နေကြသည်။ သူတို့သည် ဖဲဝိုင်းကိုပင် ရပ်၍ထားပြီးလျှင် ခေါင်းပြောင်ပြောင်ကြီးတွေဖြင့် နိုဗိကောက်ဘက်သို့ အကုန်လှည့်၍ ကြည့်နေကြသည်။ ပြီးလျှင် နိုဗိကောက်သည် မီးဖိုထဲမှ လေချွန်၍ထွက်လာပြီးလျှင် စကြံဆောင်ချောင်တစ်ချောင်မှ ချောင်း၍ကြည့်နေသည်။ ပထမတံခါးဖွင့်သံကြားရပြီးနောက် တံခါးကို ပြန်ပိတ်လိုက်သံနှင့် စစ်သားများ တိုးတိုးတိုးတိုး ပြောနေကြသည့်အသံများကို ကြားရသည်။ ပြီးလျှင် တံခါးကို အသာကလေးဖွင့်၍ စစ်သားများသည် စကြံဆောင်မှ သေရည်ခန်းဘက်သို့ ခြေဖျားထောက်၍ ဆင်းသွားကြသည်။ သော့နှင့်စစ်သားသည် သော့ကို ရင်ဘတ်တွင်ပွေ့၍ ရှေ့ဆုံးမှ ခုန်ပေါက်မြူးထူး၍သွားသည်။



စကြံဆောင်မှစစ်သားများ အကုန်ဆင်းသွားကြသောအခါ နိုဗိကောက်သည် ချိပ်ရောက်အခန်းသို့ သုတ်ခြေတင်၍သွားသည်။ နိုဗိကောက်က အီဂေါ်ကို "ကိုင်း စားပြီးတော့ သင် ဘာလုပ်ရမယ်ဆိုတာ ငါ ပြောမယ်။ အရေးကြီးတာက မကြောက်ဖို့ဘဲ အရေးကြီးတယ်။ ဘာပဲဖြစ်ဖြစ် အသံမထွက်မိစေနဲ့၊ အသံထွက်ရင် တို့အကြံပျက်သွားလိမ့်မယ်" ကိုပြောသည်။

"ငါ့အဖေနဲ့ ငါ့အမေကို သူတို့သတ်ပစ်လိုက်ကြပြီ ဦးလေးရဲ့" ဟု သူငယ်ကလေးက ဖြုန်းခနဲပြောလိုက်သည်။

"သင်က ဘယ်လိုလုပ်သိသလဲ" ဟု နိုဗိကောက်က အံ့အားသင့်ပြီး မေးသည်။

"မနေ့က သင် ထွက်သွားပြီးတော့ ငါ ပြတင်းပေါက်က မျက်စိတစ်ဖက်တည်းနဲ့ ချောင်းကြည့်လိုက်တယ်။ ဒီတော့ စစ်သားတွေက ငါ့အဖေနဲ့ ငါ့အမေကို ဥယျာဉ်ထဲ ခေါ်သွားကြတာကို ငါ တွေ့လိုက်ရတယ်။ အမေက ငါ့ဘက်ကို ခဏကလေး လှည့်ကြည့်လိုက်တယ်။ အဖေကတော့ ငါရှိတာကို စစ်သားတွေ ရိပ်မိသွားမှာစိုးလို့ ငါ့ဘက်ကို ကျောခိုင်းနေတယ်။ ငါ့အဖေနဲ့ ငါ့အမေကို သူတို့သတ်ပစ်လိုက်ကြပြီ။ ဘာလို့ စစ်သားတွေက ငါ့အဖေနဲ့ ငါ့အမေကို သတ်ပစ်ကြတာလဲ။ ပြီးတော့ ဦးလေးနိကိဖော်တို့ ဦးလေး ဖော်လကောက်တို့ကိုလည်း သူတို့သတ်ပစ်ကြတယ်ဟု ပြောပြီးလျှင် အီဂေါ်လက်ထဲမှ အမဲကင်တုံး လွတ်ကျသွားသည်။ ပြီးလျှင် အီဂေါ်သည် ငို၍နေသည်။ ထို့နောက် အီဂေါ်သည် ဖြုန်းခနဲမတ်တတ်ရပ်ပြီးလျှင် "ငါ ကြီးလို့အားရှိလာရင် ငါဟာ သင့်လိုပဲ ဘာမှကြောက်မှာ မဟုတ်ဘူး။ အဲဒီတော့မှ သူတို့အတွက် ငါ လက်စားချေမယ်။ အမေ့အတွက်လည်း လက်စားချေမယ်။ အဖေ့အတွက်လည်း လက်စားချေမယ်။ ဦးလေးနိကိဖော်အတွက်ရော အားလုံးကုန်အတွက် လက်စားချေမယ်။ ဒီတော့မှ ဒင်းတို့သိမယ်" ဟုပြောသည်။

⁂ ⁂ ⁂

## အခန်း(၁၅)

အီဂေါ်စိတ်ပြေ၍သွားသောအခါ နိုဗိကောက်က "ကိုင်း ငါတို့သွားကြမယ် အီဂေါ်ရေ၊ ငါတို့ စကြံဆောင်ထဲမှာရောက်တဲ့အခါ သင်က ငါ့နားကမခွာနဲ့၊ ဒါမှ အရေးအကြောင်းရှိရင် ငါက ရှေ့ကနေပြီး ခုခံနိုင်မယ်။ ငါတို့ပထမဆုံး ဖန်အိမ်ကို သွားမယ်။ အဲဒီကနေမှ ဥယျာဉ်ထဲသွားမယ်။ ဥယျာဉ်ကမှတစ်ဆင့် ရေကန်ကိုသွားမယ်။ ဥယျာဉ်ထဲကျတော့ ငါက စစ်သားတွေမြင်နိုင်အောင် ပြောင်လျှောက်သွားမယ်။ သင်က လေးဘက်ထောက်ပြီး ချုံရိပ်တွေကို ခိုပြီးသွား။ ဝင်းထရံကိုရောက်တော့ ငါက အစောင့်စစ်သားနဲ့ စကားပြောနေမယ်။ ဒီတုန်းမှာ သင်က ဝင်းထရံပေါ်ကျော်တက်ပြီး အပြင်ဘက်ကို ခုန်ချလိုက်။ ပြီးတော့ အသံမကြားအောင်လေးဘက်ထောက်ပြီး ဝေးနိုင်

www.burmeseclassic.com



သလောက်ဝေးအောင် သွားပြီး ငါ့ကို စောင့်နေ။ ပြီးတော့ ငါက မြင်းစီးပြီး ထွက်လာခဲ့မယ်။ အပြင်ရောက်တော့ ငါက ဥသြဥသြနဲ့ အော်လိုက်မယ်။ ဒီတော့ သင်က ဥသြဥသြလို့ သုံးခါပြန်အော်လိုက်၊ ဘယ့်နှယ်လဲ သင် အော်တတ်ပါမလား၊ ပြီးတော့ ငါက သင့်ဆီကို မြင်းနဲ့လာခေါ်မယ်။ အရေးကြီးတာက ဘာမှမကြောက်ဖို့နဲ့ အသံမကြား အောင်လုပ်ဖို့ပဲ အရေးကြီးတယ်။ ငါပြောတာကို နားလည်ရဲ့လား'' ဟုပြောသည်။

''နားလည်ပါတယ်''

''ဒါဖြင့် ကောင်းပြီ သွားကြမယ်''

နိုဗိကောက်သည် လက်နက်အဖြစ်အသုံးပြုချင်ပြုရအောင် သေရည်ပုလင်းကို လက်ထဲတွင် အဆင်သင့်ကိုင်ထားသည်။ စကြံဆောင်မှ နိုဗိကောက်နှင့် အီဂေါ်တို့ ချောမောစွာထွက်ခဲ့ကြသည်။ ဖန်အိမ်နှင့် စကြံဆောင်မှာ ဆယ်လှမ်းလောက်သာကွာ သည်။ အပြင်ဘက်တံခါးသို့ရောက်သောအခါ စစ်သားတစ်ယောက် ကင်းလျှောက် နေသည်ကို နိုဗိကောက်တွေ့ရသည်။ စစ်သားက သူတို့ဘက်ကို ကျောခိုင်း၍သွားသော အခါ နိုဗိကောက်က ''ကိုင်း ဟိုဘက်ချုံထဲရောက်အောင် ပြေးပေတော့။ လေးဘက် ထောက်ပြီး ငါ့နောက်လိုက်ခဲ့။ ငါက ဖြောင့်လျှောက်မယ်'' ဟုပြောသည်။

အီဂေါ်သည် ဖန်အိမ်ထဲမှပြေးပြီး ချုံတစ်ချုံအနီးတွင်ဝပ်၍နေသည်။ ထိုအခိုက်တွင် နိုဗိကောက်က လမ်းပေါ်သို့ထွက်လာသည်။ ကင်းလှည့်စစ်သားက အသံကြားသဖြင့် ဖြုန်းခနဲပြန်လှည့်ပြီး ''ဟိုသွားတာ ဘယ်သူလဲ ရပ်လိုက်'' ဟုအော်လိုက်သည်။

''မိတ်ဆွေပါ နိုဗိကောက်လေ''

''လျှို့ဝှက်အချက်ပေးစကားဘာလဲ''

''ဂလန့်''

''ငါက ခွေးမသားတစ်ကောင်ကောင် ခိုးဝင်လာတယ်မှတ်လို့။ လက်စသတ် တော့ သင်ကို၊ သင်လာပုံက မြန်လိုက်တာ''

''ဟုတ်တယ် ကင်းစောင့်တွေကို ငါ စစ်ချင်လို့။ ဘယ့်နှယ်လဲ အားလုံး ကောင်းကြရဲ့လား''

''အေး အားလုံးကောင်းပါတယ် ရဲဘော်မိုလ်ကြီး။ ဒါထက် အခု ဘယ်နှနာရီ ထိုးပလဲ''

''ကိုးနာရီထိုးပြီးစပဲ ရှိပါသေးတယ်။ ဒါထက် ရဲဘော်ရေ ငါ့အတွက် တစ်ခုကျေးဇူးပြုပေးစမ်းပါကွယ်။ မြင်းဇောင်းထဲက မြင်းတွေကို အစာသွားကျွေး လိုက်စမ်းပါ။ မြင်းနက်ကြီးကို နည်းနည်းပိုကျွေးလိုက်ပါ။ ကင်းစောင့်တွေကို စစ်ပြီးရင် ငါ မြို့ထဲကို အဲဒီမြင်းနက်ကြီးကို စီးသွားမလို့'' နိုဗိကောက်က ပြောသည်။

''တာဝန်ကျတဲ့နေရာက ထွက်သွားဖို့ ခက်ပါတယ် ရဲဘော်ကြီးရယ်''



''ကိစ္စမရှိပါဘူး။ ငါ ဒီနားမှာစောင့်နေပါမယ်။ မြင်းဇောင်းကလည်း ဝေးတာမှ မဟုတ်ဘဲနဲ့၊ မြင်းတွေသနားပါတယ်။ နှစ်ရက်တောင်ရှိပြီ ဘယ်သူမှ အစာ မကျွေးကြဘူး''

ကင်းလှည့်စစ်သားမြင်းဇောင်းသို့ သွားသောအခါ နိုဗိကောက်သည် ဝင်းထရံဘက်သို့ သွား၍ကြည့်သည်။ ရေပန်းများမှာ ပျက်နေသည်။ နတ်သမီး သုံးယောက်၏ ရုပ်တုများမှာ မှောင်မိုက်သောကောင်းကင်ကို နောက်ခံပြု၍ ထင်းထင်း ကြီးပေါ်နေသည်။ အီဂေါ်သည် သူ့နောက်မှချုံများကို ကွယ်၍ပြေးလိုက်လာသည်ကို နိုဗိကောက်မြင်ရသည်။ ထို့နောက်သူတို့နှစ်ယောက် ဝင်းထရံသို့ရောက်သွားသည် ဝင်းထရံအနီးတွင် အစောင့်အကြပ်အများဆုံးဖြစ်သည်။ ကင်းလှည့်စစ်သားတစ်ယောက် သည် ဝင်းထရံတစ်လျှောက်တွင် ရှေ့ပြန်နောက်ပြန် တစ်လျှောက်တည်းလျှောက် နေသည်။ သူနှင့်အလှမ်း၅၀ခန့်တွင် အခြား ကင်းလှည့်တစ်ယောက်ရှိသည်။ ကင်းလှည့် စစ်သားနှစ်ယောက်သည် သူတို့အချင်းချင်း ဆုံမိကြသောအခါ စကားအနည်းငယ် ပြောပြီး ပြန်လှည့်သွားကြသည်။ နိုဗိကောက်သည် သူတို့နှစ်ယောက်ဆုံမိ၍ စကားပြော နေသည့်အချိန်တွင် သူတို့နှစ်ယောက်ဆီကိုသွားသည်။

''ဟို သွားတဲ့လူ ရပ်လိုက်''ဟု ကင်းလှည့်စစ်သားနှစ်ယောက်က လန့်ပြီး တစ်ပြိုင်နက်တည်း အော်လိုက်သည်။

''နိုဗိကောက်ဟေ့။ ငါ ကင်းလှည့်တွေကို လာစစ်နေတာ''

''လျှို့ဝှက်အချက်ပေးစကား ဘာလဲ''

''ဂလန့်''

''မှန်တယ်။ ဒါပေမဲ့ ဘာလို့တပ်ကြပ်က လာမစစ်တာလဲ''ဟု စစ်သား တစ်ယောက်၊ မသင်္ကာသောလေသံဖြင့်မေးသည်။ နိုဗိကောက်က ထိုစစ်သားအနားသို့ ကပ်သွားပြီး ''တပ်ကြပ်ဟာ သေပုလင်းကိုစစ်နေတယ်'' စိတ်ဆိုးဟန်ပြု၍ပြောသည်။

စစ်သားနှစ်ယောက်လုံးက အကျယ်ကြီးကျယ်သွားပြီး သွားကြီးများကို ဖြီးနေကြသည်။ တပ်ကြပ်အကြောင်းကိုမေးသော စစ်သားသည် အမိန့်ထုတ်ထားချက် နှင့်အညီ သေနတ်ကိုထမ်းပြီးလျှင် သူ့ဗိုလ်ကြီးအား ဝတ္တရားကျေပွန်ကြောင်းကို ပြလိုသောသဘောဖြင့် သွက်လက်စွာလှည့်၍ ကင်းလှည့်မြဲဆက်၍လှည့်သည်။

နိုဗိကောက်သည် အီဂေါ်၏အခြေအနေကို တစေ့တစောင်း မျက်စောင်းထိုး၍ ကြည့်သည်။ မှောင်ထဲတွင် အင်မတန် သတိထားကြည့်မှသာ အီဂေါ်ကိုမြင်ရသည်။ နိုဗိကောက်သည် သေရည်ပုလင်းကို ခိုင်မြဲစွာကိုင်၍ သူ့နောက်တွင် ဝှက်ထားသည်။ အီဂေါ်သည် ရုတ်တရက် ချုံကွယ်မှ ဝင်းထရံပတ်လမ်းပေါ်သို့ ဖြတ်၍ပြေးသည်။ ထိုခဏတွင် အီဂေါ်ကို ကောင်းကောင်းမြင်သာသည်။ ''အီဂေါ်ကို ကင်းလှည့်စစ်သားက လိုက်ပြီးဖမ်းမယ်ဆိုရင် ဒီကောင်ခေါင်းကို ငါ တစ်ခါတည်းပုလင်းနဲ့ ရိုက်ခွဲလိုက်မယ်'' ဟု နိုဗိကောက်စိတ်ထဲက ကြံထားသည်။ နိုဗိကောက်သည် ကင်းလှည့်စစ်သားကို

www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်ဖို့လိုလျှင် သတ်ပစ်မည်ဟု စိတ်ပိုင်းဖြတ်ထားသည်။ သို့ရာတွင် ကင်းလှည့်စစ်သားမှာ သေကံမရောက်သေး၊ သူသည် အီဂေါ်ကို လုံးလုံးမမြင်လိုက်၊ အီဂေါ်သည် အသံမကြားအောင် ဝင်းထရံပေါ်သို့တက်ပြီးလျှင် အပြင်ဘက်သို့ ခုန်ချလိုက်သည်။ ထိုအခါကျမှသာ သစ်ကိုင်းခြောက်ကျိုးသံကို ကင်းလှည့်စစ်သား ကြားသွားသည်။ ကင်းလှည့်စစ်သားက အသံကြားရာဘက်သို့ လှည့်၍ "ဟဲ့ ဘာသံပါလိမ့်" ဟု ပြောသည်။

"မြေခွေးဖြစ်ချင်ဖြစ်မှာပေါ့။ ဒီနားမှာ မြေခွေးတွေသိပ်ပေါတယ်"ဟု နီဗိကောက်က ပြောသည်။ နီဗိကောက်မှာ စိတ်အေး၍သွားပြီး "ကိုင်း ရဲဘော် အိပ်မနေနဲ့နော်၊ ငါက သွားမယ်" ဟုပြောပြီးလျှင် နီဗိကောက်သည် အိမ်ဘက်သို့ လှည့်ပြန်ခဲ့သည်။

မြင်းနက်ကြီးကို အစာကျွေးပြီးပြီ။ ကင်းလှည့်စစ်သားသည် သူ့ဗိုလ်ကြီး နီဗိကောက် မြန်မြန်ပြန်လာသဖြင့် စိတ်အေး၍သွားသည်။ နီဗိကောက်သည် မြင်းနက်ကြီးကို ကုန်းနှီးတင်ပြီးလျှင် အိမ်ရှေ့ကွက်လပ်သို့ ဆွဲလာသည်။ မြင်းနက်ကြီးသည် နီနာစီးနေကျ ပြိုင်မြင်းကြီးဖြစ်သည်။ ဖောင်းညောင်းနေသည်မှာ ရက်သတ္တတစ်ပတ်ရှိသွားပြီဖြစ်သဖြင့် မြင်းနက်ကြီးသည် မြူးထူးလျက်ရှိသည်။

"ဟာ မြင်းနက်ကြီးဟ။ တယ်လှတဲ့ မြင်းကြီးပါလား"ဟု ကင်းစောင့်စစ်သားက ပြောသည်။

နီဗိကောက်သည် မြင်းပေါ်သို့တက်ပြီးလျှင် လျှို့ဝှက်အချက်ပေးစကားကို ရွတ်၍ ဝင်းတံခါးပေါက်မှထွက်သွားသည်။ အပြင်သို့ရောက်လျှင် အီဂေါ်ရှိရာဘက်သို့ သွား၍ "ဥဩ ဥဩ" ဟုဖြည်းဖြည်းအော်လိုက်သည်။ အီဂေါ်ဆီမှ အချက်ပေးထားသည့်အတိုင်း ပြန်၍အော်သံမကြားရ။ နီဗိကောက်သည် မြင်းကို ရှေ့သို့အနည်းငယ် ဆက်စီးသွားပြီးလျှင် "ဥဩ ဥဩ" ဟု ထပ်၍ အော်သံကိုသဲ့သဲ့ကလေး နီဗိကောက် ကြားရသည်။ အီဂေါ်သည် သူ့နှင့်ခြေလှမ်းတစ်ရာခန့်အကွာရှိ ခြုံထဲတွင်ပုန်း၍နေသည်။ နီဗိကောက်သည် အီဂေါ်ရှိရာသို့သွား၍ အီဂေါ်ကို သူ့နောက်ကတင်ခဲ့သည်။

"ကောင်းကောင်းကိုင်ထားနော်" ဟု နီဗိကောက်က အီဂေါ်ကို သတိပေးသည်။

ပြီးလျှင် မြင်းနက်ကြီးသည် ခွာစုံပေါက်၍ပြေးသည်။

ထိုညသည် အင်မတန်တိတ်ဆိတ်၍ ကိုင်းတောကြီးတစ်လျှောက်လုံး ပန်းရနံ့များသည် သင်းလျက်ရှိသည်။ တိုက်ခတ်လျက်ရှိသော လေကလေးသည် သန့်ရှင်းအေးမြသော်လည်း ကိုင်းတောပြင်ကြီးမှာ မှောင်တိုက်ကြီးအုပ်လျက်ရှိပြီးလျှင်၊ ကြယ်အမြောက်အမြား ပေါက်လျက်ရှိသော ကောင်းကင်ပြင်နှင့် ဆက်စပ်လျက်ရှိသည် ဟု ထင်ရသည်။ နီဗိကောက်သည် ကြယ်ရောင်ထွန်းလျက်ရှိသော ကောင်းကင်သို့ မော့ကြည့်လိုက်ရာ ရွှေရောင်သမ်းနေသော ကြယ်မှုန်တန်းကြီးကို မြစ်ကြီးပမာ တွေ့ရ



သည်။ နီဗိကောက်စိတ်ထဲတွင် လောကကြီးသည် ကောင်းမြတ်သော နောင်ရေးကို မျှော်လင့်ကာ အင်မတိ အင်မတန် ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံသည်ဟု ထင်မိသည်။ နီဗိကောက်၏နှလုံးသည် တည်ငြိမ်လျက်ရှိသည်။ တိုက်ခတ်လာသော လေအဟုန်ထဲမှ ချမ်းသာမှုနှင့် ချစ်ခင်မှုတေးသီချင်းများကို သူ့နားထဲတွင်ကြားလိုက်ရသည်ဟုလည်း နီဗိကောက်ထင်မိသည်။ နီဗိကောက်သည် သူကယ်ဆယ် လာခဲ့သော သူငယ်ကလေးကို လက်နှင့်စမ်းကြည့်ပြီးလျှင် အလွန်ပင် စိတ်နှလုံးချမ်းသာ ကြည်လင်လာသဖြင့် ဝမ်းသာမှုမျက်ရည်များပင် လည်၍လာသည်။ လွန်ခဲ့သည့်ရက် အနည်းငယ်အတွင်း၌ အင်မတန်လေးလံသော ဝန်ထုပ်ကြီးပိ၍နေသော နီဗိကောက်၏ နှလုံးသည် သက်သာရာရ၍လာပြီ။ သူ၏ချမ်းသာလျက်သော စိတ်နှလုံးတွင် ကျယ်ဝန်းသော ကိုင်းတောပြင်ကြီး ကြယ်ရောင်ထွန်းလျက်ရှိသောကောင်းကင်နှင့် အဟုန်ပြင်းသော မြင်း၏ပြေးခြင်း အာရုံမှ တစ်ပါး အခြားအာရုံများသည်မထင်။ သူ၏တာဝန်ကြွေးကို ပြေလည် အောင်ဆပ်ပြီးပြီ ဖြစ်သဖြင့် သူ၏စိတ်မချမ်းသာမှုသည် အဆုံးသတ်သွားပြီ။

"မနေ့က ငါ ဘာလို့ ချိပ်ရောက်အခန်းကို သွားရသလဲ။ ငါသွားတုန်းက ငါ့စိတ်ထဲမှာ ဘာမှ မယ်မယ်ရရအကြံမရှိဘူး။ ငါ့ကို ဘာက လှုံ့ဆော်ပေးသလဲ"ဟု နီဗိကောက်စိတ်ထဲက ရုတ်တရက်တွေးမိသည်။ နီဗိကောက်သည် သူ့မေးခွန်းအတွက် အဖြေကို စောင့်၍မနေ မေးခွန်းကိုယ်တိုင်ကိုကပင် ကြီးကျယ်၍ စိတ်အားတက်ကြွစရာကြီးဖြစ်ပြီးလျှင် နီဗိကောက်မှာ သူ့စိတ်ထဲက အကြောင်းမည်သို့ဟု မသိသော်လည်း မမျှော်လင့်ဘဲနှင့် စိတ်ချမ်းသာမှုကို ရနေသည့်အတွက် အများကြီး ပီတိဖြစ်နေသည်။

နီဗိကောက်သည် သူ့ညီနီကိုလေကို အလျင်ဆုံးတွေ့လိုသည်။ ယခုအခါ သူသည် နီကိုလေဆီသို့ရှေ့ရှုသွားနေသည်။ သူ၏အဖိုးအနဃထိုက်သင့်သော ပစ္စည်းဖြစ်သည့် အီဂေါ်ကို နီကိုလေထံသို့ သူ သွား၍အပ်ထားမည်။ နီဗိကောက်စိတ်ထဲက ယခင်က သူသည် နီကိုလေ၏ အစ်ကိုတော်ထိုက်သော ဂုဏ်နှင့်ပြည့်စုံသည်ဟု မထင်ခဲ့သော်လည်း ယခုမူ နီကိုလေ၏ အစ်ကိုတော်ထိုက်သော ဂုဏ်နှင့်ပြည့်စုံလာပြီဟု သဘောရသည်။

⁂ ⁂ ⁂

## အခန်း(၁၆)

နီဗိကောက်သည် နီကိုလေကျောင်းသားဖော်များနှင့် သွားလေ့ရှိသော ဟင်းသီးဟင်းရွက်ခင်းသို့ လိုက်သွားသည်။ နီဗိကောက်သည် ဂိုရင့်အိမ်သို့ပြောင်း၍ မနေခင်က ထိုဟင်းသီးဟင်းရွက်ခင်းကိုရောက်၍ နီကိုလေလာသည်ကို တွေ့ဖူးသည်။ သို့ရာတွင် သူနှင့်နီကိုလေမှာ ရန်သူပမာဖြစ်နေကြပြီး တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြ။ နီဗိကောက်ရောက်သွားသောအခါ နီကိုလေမှာ အရေးကြီးသော ကိစ္စတစ်ခုရှိ၍ မြို့သို့သွားနေခိုက်ဖြစ်သည်။ နီဗိကောက်သည် နီကိုလေ ပြန်လာအောင်

www.burmeseclassic.com



မစောင့်နိုင်သဖြင့် နီကိုလေနောက်သို့ လိုက်၍သွားသည်။ လမ်းတစ်ဝက်တွင် နီကိုလေကိုမှီ၍ နိဗ်ကောက်က "ဟော့ နီကိုလေရေ"ဟု အားရဝမ်းသာကျယ်လောင်စွာ လှမ်း၍ခေါ်လိုက်သည်။ နီကိုလေမှာ နိဗ်ကောက်၏အမူက ထူးခြားလွန်းသဖြင့် ရပ်၍စောင့်နေသည်။ ခါတိုင်းလိုသာဖြစ်ပါမူ နီကိုလေသည် နိဗ်ကောက်ခေါ်သည်ကို မကြားချင်ယောင်ဆောင်၍ နေမည်သာဖြစ်သည်။ "သင့်ကို တွေ့ရတာ ငါ ဝမ်းသာလိုက်တာ နီကိုလေရာ။ ဒီမှာ နီကိုလေ၊ သင့်ကိုငါ အရေးကြီးတဲ့ကိစ္စတစ်ခု ပြောချင်တယ်။ ပထမဆုံး ဒီသူငယ်လေးကို မြင်းပေါ်က ချပေးလိုက်ပါဦး။ အီဂေါ်ရေ ဒါဟာ ငါ့ညီ နီကိုလေပဲ။ သူ့ဆီမှာ သင် သွားနေပေတော့။ နီကိုလေက သိပ်စိတ်ထားကောင်းတယ်"ဟု နိဗ်ကောက်က ပြောပြီးလျှင် အနီးပတ်ဝန်းကျင်တွင် အခြားသူများရှိ မရှိကို ကြည့်သည်။ အနားတွင် လူတစ်ယောက်မျှမရှိ။ နိဗ်ကောက်သည် စကားကို ကမန်းကတန်းပြောသဖြင့် နီကိုလေမှာ အံ့အားသင့်သွားသည်။ ပြီးလျှင် နီကိုလေက "နိဗ်ကောက် ဘာဖြစ်လာသလဲ သော်ရည်မူးလာသလား"ဟု မေးသည်။

"ငါ မမူးပါဘူး။ ဘာလို့ ငါ့ကို မူးတယ်ထင်ရတာလဲ။ သြော် ဒီပုလင်းကြီးကြောင့်လား။ အို ဒီပုလင်းကြီးက ဟန်လုပ်ဖို့နဲ့ လက်နက်အဖြစ်နဲ့ အသုံးပြုဖို့ယူလာတာပါ။ အခုဆိုတော့ ဒီပုလင်းကြီးကို ငါ မလိုတော့ဘူး။ ကြည့် ငါ လွှင့်ပစ်လိုက်မယ်"ဟု ပြောပြီးလျှင် နိဗ်ကောက်သည် ပုလင်းကို အိတ်ထဲမှဆွဲထုတ်ပြီး ကိုင်းတောထဲသို့ လွှင့်ပစ်လိုက်သည်။ ထိုအခါ နီကိုလေမှာ ပို၍အံ့အားသင့်သွားပြီးလျှင် လန့်၍ပင်သွားသည်။

"နိဗ်ကောက် သင် ဘာဖြစ်လာသလဲ။ သင့်ကိုကြည့်ရတာ ခါတိုင်းနဲ့ မတူပါလား"

"အို ငါ ဘာမှမဖြစ်ပါဘူး။ ဖြည်းဖြည်းသွားပါ။ မြို့ကိုအချိန်ကျရင် ရောက်မှာပေါ့။ ငါ သင်နဲ့ ပြောချင်တာတွေတော့ အများကြီးပဲရှိတယ်။ တစ်ညလုံးပြောလို့တောင် ဆုံးမှာ မဟုတ်ဘူး။ ဒါပေမယ့် ငါ တိုတိုပဲပြောပါမယ်။ ဒီညဟာ တယ်သာယာတဲ့ညပါလားဟေ့ ကြည့်စမ်းပါဦး။ ကြယ်တွေလည်းပေါက်လို့ အရင်တုန်းက ကြယ်တွေကို ငါ သတိထားပြီး မကြည့်မိဖူးဘူး"ဟု နိဗ်ကောက်ကပြောသည်။

နီကိုလေက မပြုံးချင်ပြုံးချင်နှင့်ပြုံးပြီး "ဘာလဲ သင် ရည်းစားများရှိနေသလား" ဟု ငေါ့သောလေသံနှင့်ပြောသည်။

"ငါ့ကို လှောင်မနေပါနဲ့ နီကိုလေ။ သင် အခုဘယ်သွားမလို့ ဒါလောက်လောနေတာလဲ"

"ငါ လီဒါဆီကိုသွားမလို့။ လီဒါဟာ ဘယ်ဆေးရုံတက်ရမလဲမသိဘူး" ဟု နီကိုလေကပြောသည်။

"ဆေးရုံတက်ရမှာက ဘာဖြစ်လို့လဲ"



"သင်နဲ့ ဘာမှလုံးလုံးမဆိုင်ပါဘူး။ သင်နဲ့ရတဲ့ကလေးမွေးဖို့ နေ့စေ့ ရက်စေ့ဖြစ်နေပြီ။ ဒါပေမယ့် ဒီလိုအသေးအဖွဲကိစ္စများကတော့ သင့်အဖို့ အရေးကြီးမှာ မဟုတ်ပါဘူး။ သင့်အဖို့က ကြယ်တွေကို ကြည့်ဖို့ပဲအရေးကြီးတာပါ။

"စိတ်မရှိပါနဲ့ နီကိုလေ။ ဒီကိစ္စကို ငါ လုံးလုံးမေ့နေလို့ပါ။ ငါ့စိတ်ထဲမှာ အလုပ်တွေက ထောင်သောင်းမကရှုပ်နေလို့ပါ။ ငါဟာ လီဒါ့အပေါ်မှာ မတရားဘူးဆိုတာကို ငါ ဝန်ခံပါတယ်။ ဒါကြောင့် တစ်နေ့တွင် လီဒါက ငါ့အပေါ်မှာ ခွင့်လွှတ်နိုင်ပါစေလို့ပဲ ငါ ဆုတောင်းပါတယ်။ လီဒါက ငါပြောတာကို သဘောပေါက်မယ်တော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် ယုံပါ၊ ငါဟာ လီဒါစိတ်ချမ်းသာတာကို တကယ်ပဲမြင်ချင်ပါတယ်။ သင်ကိုယ်တိုင်ကလည်း ငါ အခုပြောတာကို ယုံချင်မှယုံမှာပါ။ ဒီတော့ ငါဟာ သနားကြင်နာတတ်တဲ့လူ ဟုတ်မဟုတ်ကို ဟောဒီသူငယ်ကလေးပဲ မေးကြည့်ပါတော့။ ကိုင်း မေးပါ။ မေးကြည့်ပါ။ အီဂေါ်ရေ ငါဟာ သနားကြင်နာစိတ်ရှိသလား မရှိဘူးလား ဆိုတာ နီကိုလေကို ပြောပြလိုက်စမ်းပါကွာ။

"ဒီလူကြီးဟာ သတ္တိလည်းကောင်းပါတယ်။ ရိုးလည်း ရိုးဖြောင့်ပါတယ်။ ဒီပြင်လူတွေနဲ့ မတူပါဘူး။ စကားလည်းတည်ပြီး ငါ့ကိုလည်း ကယ်ပါတယ်"ဟု အီဂေါ်က မျက်နှာထားတည်တည်နှင့် ပြောပြီးလျှင် အဘယ်ကြောင့် နိဗ်ကောက်လို အရေးကြီးတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်က သူ၏သက်သေခံချက်ကို လိုချင်ရပါသနည်း ဟု အံ့ဩ၍နေသည်။

"ကိုင်း အဲဒါပဲကြည့်ပါတော့ နီကိုလေ။ အီဂေါ်က ပြောတယ်။ ငါဟာ လူကောင်းတစ်ယောက် လူရိုးတစ်ယောက်ဖြစ်တယ်လို့။ ငါဟာ လူကောင်းပါ။ ငါ့မှာ သင့်လိုပဲ သနားကြင်နာတတ်တဲ့ စိတ်လည်းရှိပါတယ်"ဟု ပြောပြီးလျှင် နိဗ်ကောက်သည် သူ့ရင်ဘတ်ကိုပီတိဖြစ်ကာ ပုတ်၍ပြသည်။ ပြီးလျှင် "နားထောင်ပါဦး။ ဒီသူငယ်ကလေးကို တခြားဘယ်သူ့ဆီကိုမှ ခေါ်မသွားဘဲ သင့်ဆီကို ငါ ခေါ်လာတယ်။ ငါဟာ သင့်ကို လုံးလုံးလျားလျားယုံကြည်ပါတယ်။ ငါ့ကိုယ်ထက်ပဲ ပိုပြီးယုံကြည်ပါသေးတယ်။ ဒီသူငယ်လေးကို သင် ခေါ်ထားပြီး တစ်နေရာမှာ ခဏသွားဝှက်ထားလိုက်ပါ။ သင့်တူလို့ပြောပြော ဘယ်လိုပဲပြောပြော သင် ပြောချင်သလိုပြောပြီး ကြီးပြင်းအောင်မွေးပါ။ သင်လို သနားကြင်နာတတ်တဲ့ စိတ်ရှိလာအောင်လည်း ပြုပြင်ပေးပါ။ ငါပြောတာကို နားလည်ရဲ့လား။ သနားကြင်နာတတ်တဲ့ လူတစ်ယောက်ဖြစ်လာအောင် ပြုပြင်ပေးပါ"ဟု နိဗ်ကောက်ကပြောသည်။

"သင့်ကိုယ်တိုင်တော့ ဘာလို့မမွေးရတာလဲ"ဟု နီကိုလေက မေးသည်။

"သူ့မှာ အဖေအမေမရှိဘူး။ သူ့အဖေနဲ့အမေဟာ မတရားအသတ်ခံရတယ်။ ငါကိုယ်တိုင် သူ့ကိုမွေးလို့တော့မဖြစ်ဘူး။ ဘာလို့လဲဆိုတော့ ငါက ထင်ရှားနေတော့ သူ့အကြောင်းကို ဟိုကဒီက မေးလာကြလိမ့်မယ်။ ဒီတော့ သူ့အတွက် ကောင်းမှာ မဟုတ်ဘူး။ သင့်ဆီမှာဆိုရင် အမှတ်တမဲ့နဲ့ ဘယ်သူကမှ မေးလားမြန်းလားလုပ်ကြမှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ ဒီပြင် အကြောင်းတစ်ခုလည်းရှိသေးတယ်။ အဲဒီအကြောင်းက ပိုပြီးအရေးကြီးတယ်။ အဲဒီအကြောင်းက ဘာလဲဆိုတော့ ငါ့ကိုယ်ငါ စိတ်မချတဲ့အကြောင်းပဲ။ သူ့ကို ငါမွေးထားလျှင် တရားရာကျမှာ မဟုတ်ဘူး။ သင်လို သနားကြင်နာတတ်တဲ့ လူတစ်ယောက်ဖြစ်လာအောင် မွေးပေးပါလို့၊ ငါပြောတာကို သင် ကြားတယ် မဟုတ်လား။ ငါမွေးလို့ သူဟာ သနားကြင်နာတတ်တဲ့ လူတစ်ယောက်ဖြစ်လာနိုင်မှာ မဟုတ်ဘူး။ ငါဟာ သနားကြင်နာတတ်စိတ် ပေါ်ပေါက်နေပါတယ်။ ဒါဟာလည်း အံ့သြစရာကြီးပဲ။ နက်ဖြန်ခါ သန်ဘက်ခါ ဒါမှမဟုတ် နောက်ကြာသွားတဲ့အခါမှာဆိုရင် ငါဟာ အခုလို သနားကြင်နာ စိတ်ရှိနေလိမ့်မယ်လို့ တာဝန်မခံနိုင်ဘူး။ ငါ့စိတ်ကို ငါ နိုင်တာမဟုတ်ဘူး။ ငါဟာ စိတ်နှလုံးပုပ်ပါတယ်။ နောက်လည်း အစဉ်သဖြင့် ဆက်ပြီးပုပ်စရာပဲရှိပါတယ်။ ဒါပေမယ့် ငါ့ညီ သင်ကတော့ ဘယ်တော့မဆို စိတ်ကောင်းနှလုံးကောင်းရှိနေမယ့် လူပါ။ သင်ဟာ ဒီသူငယ်ကို ကယ်ဆယ်ပြီး ကြီးပြင်းအောင် မွေးမြူပေးဖို့အတွက် သင့်ကို ကံတရားက ဖန်ဆင်းပေးလိုက်တဲ့ လူဖြစ်ချင်လည်း ဖြစ်နေမှာပေါ့။ ဘယ်သူပြောနိုင်မလဲ''ဟု နိုဗိကောက်က ပြောသည်။

''သင်ပြောတာတွေဟာ သိပ်ကြီးကျယ်တာပဲ။ ငါ့ပြောစမ်းပါဦး။ သင့်မှာ တစ်ခုခုဖြစ်လာလို့လား''ဟု နိကိုလေက မေးသည်။

''ဖြစ်တာမှ သေးသေးမဟုတ်ဘူး။ အကြီးအကျယ်ဖြစ်တာ ဒီလိုအဖြစ်မျိုးကို အရင်က တစ်ခါမှ ငါ မတွေ့ဘူး။ တကယ်အံ့သြစရာကြီးပါ။ ဒါပေမယ့် ဒီအဖြစ်ဟာ ကြာရှည်ခံမှာမဟုတ်ဘူး။ ခဏနေရင် ပျောက်သွားလိမ့်မယ်။ အဲဒါကြောင့် အဲဒီလို ပျောက်မသွားခင်အတွင်းမှာ သင်က ငါ့ညီပီပီ ငါပြောတာကိုနားထောင်ပြီး သူငယ်ကို ခေါ်ထားလိုက်ပါ''

''ကောင်းပြီ ဒီသူငယ်ကို ငါ ခေါ်ထားမယ်။ နာတာလိယဆီကို ငါပို့ထားလိုက်မယ်။ ပြီးတော့ သူတို့ကို ငါ တတ်နိုင်သမျှ ကြည့်ရှုထောက်ပံ့မယ်။ နာတာလိယဟာတော့ ယိုဒါရဲ့ကလေးအတွက် အလုပ်တော့ အများကြီးရှုပ်မှာပဲ။ ဒါပေမယ့် ဒီသူငယ်က ခိုင်းဖြစ်တဲ့ အရွယ်ဆိုတော့ ဝိုင်းဝန်းဖေးမတော့ရမှာပဲ'' ဟု နိကိုလေက ပြောသည်။

''ငါကလည်း တတ်နိုင်သမျှကူညီပါမယ်။ အခုပဲ ငါက အထိုက်အလျောက် ငွေပေးခဲ့ပါမယ်။ ရော့ ဟောဒီမှာ''ဟု ပြောပြီးလျှင် နိုဗိကောက်သည် အိတ်ထဲမှ ငွေစက္ကူ များကို ထုတ်၍ပေးသည်။ ပြီးလျှင် ဆက်၍ ''ယူပါ ငွေကတော့ စင်ကြယ်တဲ့ ငွေတော့ မဟုတ်ဘူးပေါ့။ ဒါပေမယ့် မစင်ကြယ်တဲ့ငွေနှင့် စင်ကြယ်တဲ့ကိစ္စအတွက် အသုံးပြုကောင်းပါတယ်။ နောက်လည်း ငါ ထပ်ပြီးပေးပါဦးမယ်။ ဒါပေမယ့် တစ်ခု တော့ရှိတယ်။ နောက်ကို သင်နဲ့ငါနဲ့ တွေ့ချင်မှပဲ တွေ့ရတော့မယ်''ဟု နိုဗိကောက်က ပြောသည်။

''ဘာလို့ သင်နဲ့ငါနဲ့ နောက်ထပ်မတွေ့ရမှာလဲ။ သင် ဘယ်လိုဖြစ်လာလို့လဲ။ ဒူးရောက်ကြောင့်လား''



''ဒူးရောက်ကြောင့် မဟုတ်ပါဘူး။ ဒူးရောက်ကိစ္စဟာ အားလုံးအေးသွားပါပြီ။ တခြားအကြောင်းကြောင့်ပါ။ အခု ငါဟာ ထွက်ပေါက်မရှိတဲ့ ချောင်ထဲမှာ ရောက်နေတယ်။ တော်တော်ကို ကြောက်စရာကောင်းတဲ့ ချောင်ပဲ။ ထွက်ပေါက်ကတော့ မရှိသလောက်ဘဲ ဆိုပါတော့''ဟု နိုဗိကောက်က လုံးလုံးလျားလျား စိတ်အားလျှော့ဟန် ဖြင့်ပြောသည်။ ပြီးလျှင် ''ဒီအကြောင်းကို မနက်ဖြန်ခါကျမှပဲ ငါ စဉ်းစားမယ်။ ဒီနေ့တော့ ဒီသူငယ်ကလေးအတွက် ငါဟာ အင်မတန် စိတ်ချမ်းသာနေတယ်''ဟု ဆက်၍ပြောပြီးလျှင် အိဂေါ်၏ပခုံးကို ဖက်၍ထားသည်။ အိဂေါ်ကလည်း သူ့ကိုပြန်၍ ဖက်သည်။ ထို့နောက် နိုဗိကောက်သည် သူ့ညီဘက်သို့ ရုတ်တရက်လှည့်၍ ''ဒီမှာ နိကိုလေ သင် ဘုရားရှိတယ် မရှိဘူးဆိုတဲ့အကြောင်းကို စဉ်းစားများကြည့်ဖူးသလား''

''စဉ်းစားကြည့်ဖူးတာပေါ့''

''စဉ်းစားကြည့်တော့ ဘုရားမရှိဘူးလို့ သဘောရတယ်မဟုတ်လား''

''ဟုတ်တယ်။ ဘုရားမရှိဘူးလို့ ငါ ယုံတယ်''ဟု နိကိုလေကပြောသည်။

''ငါလည်း ဒီလိုပဲယုံတယ်။ ဒါပေမယ့် ဒီနေ့ဆိုရင် ငါဟာ ဘုရားရှိတယ်လို့ ယုံချင်သလိုဖြစ်သွားတယ်။ ဘော်ရီဗစ်တက္ကသိုလ် ကျောင်းအုပ်ကြီးတစ်ယောက်က ဒီစကားကိုပြောတာတော့ ဆန်းတယ်ဆိုရမှာပေါ့။ ဒါပေမယ့် ဒီနေ့ ငါဟာ စိတ်ချမ်းသာတဲ့ လူသားတစ်ယောက်အဖြစ်ကိုရပြီး ဒီသူငယ်ကို ကိုင်းတောပြင်ကြီးထဲဖြတ်ပြီး မြင်းပေါ်တင်လာပြီး ကြယ်တွေမော့ကြည့်ရင်းနဲ့ ဘုရားရှိတယ်လို့ ယုံကြည်သလောက် နီးနီး ဖြစ်သွားတယ်။ ကြယ်တွေကြောင့်တော့ မဟုတ်ပါဘူး။ ကြယ်တွေကိုကြည့်ရင်းနဲ့ လွန်ခဲ့တဲ့ နှစ်ရက်အတွင်းက ငါလုပ်ခဲ့တဲ့အလုပ်တွေကို ငါ ပြန်ပြီးစဉ်းစားမိတယ်။ ငါလုပ်ခဲ့တဲ့ အလုပ်တွေကို ငါ့ဟာငါတောင် ငါလုပ်တယ်လို့ မယုံဘူး။ အဲဒီနှစ်ရက် အတွင်းမှာ ငါဟာ အပြင်ရုပ်က မပြောင်းပေမယ့် တွေးပုံကြံပုံ ပြောပုံဆိုပုံ လုပ်ပုံကိုင်ပုံတွေ အကုန်လုံး ပြောင်းလဲသွားပြီး လူတစ်မျိုး ဖြစ်သွားတယ်။ သင်သာ ဒီလိုပြောင်းလဲသွားမယ်ဆိုရင် ငါ သဘောပေါက်နိုင်တယ်။ ငါ့အဖို့ဆိုတော့ သိပ်ဆန်းနေတယ်။ ဒီလို ပြောင်းလဲသွားတဲ့အတွက် ငါဟာ နောင်တလည်းမဖြစ်ဘူး။ ရှက်လည်းမရှက်ပါဘူး။ နောင်တမဖြစ်ရုံ မရှက်ရုံတွင် မဟုတ်သေးဘူး။ ဒီလို ပြောင်းလဲသွားတဲ့အတွက် ငါဟာ ပြောမပြနိုင်လောက်အောင် စိတ်ချမ်းသာသွားတယ်။

ပြီးတော့ ချိပ်ရောက်အခန်းကို ငါ သွားမိတာကိုလည်း ငါ့ဟာငါ သိပ် အံ့သြတာပဲ။ ချိပ်ရောက်အကြောင်းတော့ သင် ဘာမှသိမှာမဟုတ်ဘူး။ သူ့အကြောင်းကို တစ်နေ့တော့ ငါ ပြောပြချင်လည်း ပြောပြဖြစ်ဦးမှာပေါ့။ ငါ ပြန်စဉ်းစားကြည့်တော့ ချိပ်ရောက်အခန်းကို ငါသွားဖို့ ဘာမှအကြောင်းမရှိဘူး။ ဒါပေမယ့် အဲဒီနေ့က ငါဟာ တစ်နေ့လုံးစိတ်ညစ်ပြီး ငါ့စိတ်ထဲက တစ်ခုခုကို ငါ မလုပ်ရင်မဖြစ်ဘူးလို့ အောက်မေ့နေတယ်။ အဲဒီလို အောက်မေ့နေလိုက်တာဟာ နောက်ဆုံး တခြားအခန်းကို မသွားဘဲနဲ့ ချိပ်ရောက်အခန်းကို တစ်စုံတစ်ယောက်က ငါ့ကိုလက်ဆွဲခေါ်သွားလို့ သွားရတဲ့အတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ရွေးပြီးသွားမိတဲ့အချိန်ရောက်သွားတာပဲ။ အဲဒါနဲ့ အခန်းထဲရောက်သွားတော့ ဟောဒီသူငယ်ကိုတွေ့တာပဲ။ ပြီးတော့ နောက်တစ်ချက်က ဒီအခန်းကသော့ ငါ့လက်ထဲရောက်လာတာလည်း သိပ်အံ့ဩစရာ ကောင်းတာပဲ။ ရောက်လာတာရော ရောက်လာပုံရော ဆန်းတယ်။ တကယ်ဆိုရင် ဒီသော့ဟာ စစ်ဗိုလ်ကလေးလက်ထဲမှာ ရှိရမယ့်သော့။ ငါ့မှာ ဘာမှ အသုံးမရှိတဲ့အတွက် ဒီသော့ကို ငါ တောင်းယူစရာအကြောင်းမရှိဘူး။ အဲဒါနဲ့တောင် စစ်ဗိုလ်ကလေးက ချိပ်ရောက်ရဲ့ ဆေးတံနဲ့အတူ ဒီသော့ကို ဒီသူငယ်ကလေးကိုကယ်နိုင်မယ့် ငါ့ကို ရွေးပြီးပေးတယ်။ ဗိုလ်ကလေးနဲ့ ဒရိုဟာ ဘယ်နည်းနဲ့မှ ဒီသူငယ်ကလေးကို ကယ်နိုင်မှာမဟုတ်ဘူး''ဟု ပြောသည်။

❋ ❋ ❋

## အခန်း(၁၇)

ချိပ်ရောက်လည်း ဒီသူငယ်ကို ကယ်နိုင်မှာမဟုတ်ဘူး။ ချိပ်ရောက်ကို သူတို့ သတ်ပစ်လိုက်ကြပြီ။ ဟုတ်တယ်သား သူတို့ သတ်ပစ်လိုက်ကြပြီ။ တွေ့တယ်မဟုတ်လား နိကိုလေ သူငယ်လေးငိုနေပြီ။ သူက ချိပ်ရောက်အစိုးကြီးကို သိပ်ပြီးချစ်ရှာတယ်။ တကယ်လို့ ချိပ်ရောက်ကို သူတို့ သတ်မပစ်လို့ ချိပ်ရောက်က ဒီသူငယ်ကို အစောင့်စစ်သားတွေကြားက အပြင်ကိုရောက်အောင် ထုတ်သွားနိုင်တယ်ပဲထားဦး၊ အပြင်ကျတော့ သူ ဘယ်မှာထားမလဲ။ မြို့ထဲမှာ ချိပ်ရောက်ရဲ့အသိ တစ်ယောက်မှမရှိဘူး။ သူ့မိတ်ဆွေဟောင်းတွေဟာ သေကုန်တာ ကြာလှပြီ။ ငါ့မှာတော့ အင်မတန် ယုံကြည်စိတ်ချရတဲ့ နိကိုလေခေါ်တဲ့ ညီရှိတယ်။ ဒါတွေ အကုန်လုံးကို ထန်းသီးကြွေခိုက် ကျီးနင်းလိုက်တွေချည်းဖြစ်တယ်။ ဘာမှာ အဓိပ္ပာယ်မရှိဘူးလို့ ယူမလား။ ဒီလိုယူလို့ မဖြစ်ဘူး။ ကြုံလို့ဖြစ်တာတွေက များပဲများလွန်းတယ်။ ဒီတော့ တမင်စီစဉ်ထားတာတွေနဲ့ သိပ်တူနေတယ်။ ဒါကြောင့် သင်ဟာ ဒီသူငယ့် အသက်ကို ကယ်ဆယ်ဖို့မွေးလာတယ်လို့ ငါ ပြောတာပေါ့။ နောက် အချိန်ကြာသွားတဲ့အခါမှာ နိကိုလေဟာ လူသားတစ်ယောက်ရဲ့ အသက်ကိုသာမဟုတ်ဘဲ လူသားအများရဲ့ အသက်ကိုပါ ကယ်မယ့်လူဖြစ်မှာမဟုတ်ဘူးလို့ ဘယ်သူမှ မပြောနိုင်ပါဘူး။ ဒီနေ့ဆိုရင် ငါ ဘုရားရှိတယ်လို့ ဝန်ခံရမယ့်အခြေလောက်နီးနီး ဖြစ်သွားတယ်ဆိုတာကို ငါ ထပ်ပြီးပြောပါတယ်''ဟု နိုဗိကောက်က ဆက်၍ပြောသည်။

''ဒါပေမယ့် ဘုရားရှိတယ်လို့တော့ သင် ဝန်မခံသေးဘူး။ ဝန်ခံရမယ့် အခြေလောက်နီးနီး ရောက်သွားတယ်ဆိုတာ ဘာမှအဓိပ္ပာယ်မရှိဘူး''ဟု နိကိုလေက ပြောသည်။

''သင်ပြောတာမှန်တယ်။ နီးနီးရောက်သွားတယ်ဆိုတာ ဘာမှအဓိပ္ပာယ်မရှိဘူး။ ဘုရားရှိတယ်ဆိုတဲ့ဘက် နယ်ခြားမှတ်တိုင်ကိုတော့ ငါ ဘယ်တော့မှကျော်မှာ



မဟုတ်ဘူး။ တကယ်လို့ ကျော်ခွင့်ရတယ်ဆိုတောင် ငါ တမင်ရပ်ပြီးနေမှာပဲ။ ငါဟာ သေးငယ်တဲ့ တာဝန်ကလေးတစ်ခုကို ပြီးအောင်လုပ်ဖို့နဲ့ပဲ တန်ပါတယ်။ အဲဒီတာဝန်ကလေးကို ပြီးမြောက်အောင် ငါ လုပ်ပြီးပြီ။ ပြီးတော့ အံ့ဩစရာကောင်းတဲ့အဖြစ်ကိုလည်း တွေ့ရပြီ။ အဲဒီထဲ ငါကိုယ်တိုင်တောင် ပါဝင်နေသေးတယ်။ အဲဒီအံ့ဩစရာကောင်းတဲ့အဖြစ်ဟာ ငါ မျက်စိကျိန်းလာလောက်အောင် အရောင်တောက်ပြီး ငါ့စိတ်ထဲမှာလည်း ထူးခြားကြီးကျယ်တဲ့ အာရုံဆန်းတွေကို ပေါ်လာစေတယ်။ မနက်ဖြန်ခါကျလျှင် ငါဟာ ခွေးမြီးကောက် ကျည်တောက်စွပ်သလို ပြန်ဖြစ်သွားချင်လည်း ဖြစ်သွားမှာပဲ။ ဒါပေမယ့် ဒီနှစ်ရက်ကိုတော့ ငါ ပြန်သတိရတဲ့အခါတိုင်း အံ့ဩမိမှာပဲ။ ငါ့ကိုငါ ပြန်ပြီးရယ်မိချင်လည်း ရယ်မိမှာပဲ။ အို ရယ်မိမှာမဟုတ်ပါဘူး။ ဒီနေ့ပေါ်တဲ့ အာရုံတွေထဲက အာရုံတစ်ခုခုတော့ ကျန်နေပြီ။ ငါ့ကိုငါ ရယ်မိမယ်မဟုတ်ပါဘူး။ သင်နဲ့ငါနဲ့ ငါ့အိမ်မှာ သတ်ကြတုန်းက ငါ့ကံအကြောင်းကို ပြောတာကို သင် မှတ်မိဦးမှာပေါ့။ အဲဒီတုန်းက သင်က ဘာမှပြန်မပြောဘူး။ ဒါပေမယ့် သင့်မျက်စိကတော့ ငါ့ကို စက်ဆုပ်ကြောင်းပြနေတယ်။ သင်က ငါပြောတာကို မယုံဘူး။ ငါဟာ ကောက်မြဲပြန်ကောက်မှာပဲ။ နောင်တဖြစ်တာလည်း ခဏစိတ်ခတ်နုတဲ့အခိုက်မို့ ဖြစ်တာဆိုတာကို သင် သိတာပဲ။ သင် ထင်တာဟာ မှန်ပါတယ်။ ငါစိတ်ကောင်းဝင်တယ်ဆိုတာဟာလည်း သင်က လက်သီးနဲ့ထိုးသွင်းလိုက်လို့ ခဏပန်းဝင်လာတာပါ။ အခုတစ်ခါတော့ အဲဒီလိုမဟုတ်ပါဘူး။ ငါ့အတွင်းစိတ်သန္တာန်ကကို မြည်လာတဲ့စိတ်ပါ။ ဒါပေမယ့် ငါဟာ ပြန်ကောက်မြဲတိုင်း ကောက်သွားပြီး ဆေးမီးတော့မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ငါ့ကိုယ်ကိုငါ သနားမိပါတယ်။ ဒါပေမယ့် သဒ္ဓါတရားနဲ့ ပြည့်စုံဖို့ဆိုတာကတော့ ငါ့အဖို့ မျှော်လင့်ချက်မရှိတော့ပါဘူး။ ငါ ပွင့်ပွင့်လင်းလင်းပဲပြောမယ်။ သင်က ဘုရားကိုမယုံဘူးလို့ပြောတုန်းက ငါ စိတ်မကောင်းဖြစ်သွားတယ်။ ဟိုတုန်းကပဲ သင့်အကြောင်းကို ငါ စဉ်းစားကြည့်တော့ သင်ဟာ ဘုရားကိုယုံကြည်တယ်လို့ ငါသဘောရတယ်။ သင် ဘုရားကို ယုံကြည်တဲ့အတွက် သင့်ကို ငါ မလှောင်ပါဘူး။ မတော်လို့ အစိုးရကသိသွားရင် သင့်ကို ဖမ်းသွားမှာကိုသာ ငါ ပူပါတယ်။ အထူးလျှို့ဝှက်စုံထောက်ဌာန သဘာပတိက ဘုရားကိုယုံတဲ့ ကျောင်းသားတွေကို တက္ကသိုလ်ကထုတ်ပစ်ဖို့ ငါနဲ့လာပြီး ဆွေးနွေးတဲ့အခါတိုင်း ဘုရားကိုယုံတဲ့ ကျောင်းသားတွေစာရင်းထဲမှာ သင့်နာမည်များပါလာမလားဆိုပြီး ငါဟာ အများကြီး ပူမိတယ်။ စာရင်းကိုဖွင့်ကြည့်ပြီဆိုမှဖြင့် ငါ့လက်တွေတောင် တုန်နေတယ်။ ကျောင်းသားတွေထဲမှာ ဘုရားယုံတဲ့ ကျောင်းသားတွေဟာ အံ့ဩလောက်အောင်ကိုများတယ်။ သင် ဘုရားကို ယုံတယ်ဆိုတာကို ငါ သေသေချာချာ ပြောနိုင်ပါတယ်။ သင်ဟာ လူရှင်းတဲ့ချောင်တစ်ချောင်ကိုသွားသွားပြီး တစ်ယောက်တည်း တစ်ယောက်တည်း ဘုရားရှိခိုးရှိခိုးနေမှာပဲလို့ ငါ တွေးကြည့်မိတယ်။ အဲဒီလို ငါ တွေးကြည့်မိတဲ့အခါတိုင်း ငါဟာ ပျော်ရွှင်လာပြီး အားရပါးရပြုံးမိတယ်''

www.burmeseclassic.com

www.burmeseclassic.com



နီကိုလေသည် မျက်နှာအများကြီး ပျက်၍သွားသည်။ သို့ရာတွင် မှောင်နေသဖြင့် ထိုသို့ဖြစ်သည်ကို နီဗိကောက် မမြင်လိုက်ရ။

''ငါဟာ သင် တွေးကြည့်သလောက်မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ခုတော့ ရှိပါတယ်။ ငါ့စိတ်ထဲက ကောင်းတဲ့အလုပ်ဟာ မကောင်းတဲ့အလုပ်ထက် မြတ်တယ်လို့တော့ ယုံကြည်ပါတယ်။ ငါ ဘာလုပ်လုပ် အဲဒီပေတံနဲ့ပဲ တိုင်းကြည့်ပြီးလုပ်ပါတယ်''ဟု နီကိုလေကပြောသည်။

''သင့်ကို ကြည့်ရတော့ အလျှိုယှာကို ငါ သွားပြီးသတိရတယ်။ သင်နဲ့ အလျှိုယှာဟာ အပြင်ပန်းကကြည့်ရတော့ မတူဘူး။ ပြီးတော့ အလျှိုယှာကြီးပြင်းလာပုံရယ်၊ အလျှိုယှာနေရတဲ့ ခေတ်ဟာရယ်လည်း သင် ကြီးပြင်းလာရပုံ၊ သင် နေရတဲ့ ခေတ်နဲ့ မတူဘူး။ အလျှိုယှာဟာ အင်မတန် သနားကြင်နာစိတ်ရှိတယ်။ အကြမ်းမှုကိုလည်း ဘယ်တော့မှ မလုပ်ဘူး။ စကားပြောတာတောင် ကြမ်းကြမ်းမပြောဘူး။ သင်ကတော့ ဒီလိုမဟုတ်ဘူး။ သင်ကတော့ ပါးစပ်နဲ့ပြောမရရင် သင့်အစ်ကိုကိုတောင် မျက်နှာကိုပိတ်ထိုးတယ်။ ဟုတ်တယ်၊ အပြင်ပန်းကကြည့်မယ်ဆိုရင် သင်နဲ့ အလျှိုယှာဟာ မတူဘူး။ ဒါပေမယ့် အတွင်းစိတ်သန္တာန်မှာတော့ သင်နဲ့ အလျှိုယှာနဲ့ တူတဲ့အချက်ရှိတယ်။ ဒီအချက်ကြောင့်ပဲ ထင်ပါရဲ့ သင်ဟာ ဘုရားယုံကြည်တယ်လို့ ငါ သဘောရတာ။ အဲဒီ သင်ရဲ့ ထူးခြားတဲ့ဂုဏ်ကြောင့် လည်း သင်ဟာ သင့်ခေတ်က လူငယ်တွေနဲ့ မတူတာပါ။ သင်ဟာ အလျှိုယှာမရှိတဲ့နောက် အနှစ်တစ်ရာလောက်အကြာမှ အလျှိုယှာရဲ့ တရားအမွေကို ဆက်ခံမယ့်သူပဲလို့ ငါ ယူဆပါတယ်။ အလျှိုယှာပေါ်တဲ့ခေတ်မှာ တို့ရုရှပြည်ဟာ ဝရုန်းသုန်းကားဖြစ်ပြီး တို့ရုရှ လူမျိုးတွေဟာ ဘာကိုလုပ်ရမှန်းမသိဘဲ ဖြစ်နေကြတယ်။ အဲဒီအခါမှာ အလျှိုယှာက လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ချစ်ခင်ကြဖို့တရားဟောတယ်။ ဘုရားကို မယုံတဲ့ သူ့ညီအီဗန်အပေါ်မှာတောင် သူဟာ မေတ္တာမပျက်ဘူး။ လင်ကတော့ ဘုရားကိုမယုံဘူး။ နေတော့လည်း ဒေါသမီးရှူးနေတဲ့ ရုရှနိုင်ငံမှာနေတယ်။ ပြီးတော့ မေတ္တာတရားကိုလည်း သင်က မဟောဘူး။ ဒါပေမယ့် သင်က မေတ္တာတရားကို ကိုယ်ထိလက်ရောက် ကျင့်သုံးတယ်။ အခုလိုအခါကြီးမှာ မေတ္တာတရားကို လက်တွေ့ကျင့်သုံးခြင်းဟာ တခြားဟာတွေထက်ပိုပြီး တန်ဖိုးရှိပါတယ်။ သင် လူဖြစ်ရတဲ့ခေတ်ကတော့ တော်တော်ကိုခဲယဉ်းတဲ့ခေတ်ပဲ။ (စာရေးဆရာကြီး) ဒေါက်စတိုယိတ်စကီက အလျှိုယှာတို့လိုမျိုးတွေ ရုရှပြည်ရဲ့ ခေါင်းဆောင်တွေဖြစ်လာလိမ့်မယ်လို့ သဘောရခဲ့ပြီး ရုရှပြည်မှာ နောက်လာမယ့်စစ်ဟာ ချစ်ခင်ခြင်း၊ တရားမျှတခြင်း ထွန်းကားမယ့်ခေတ်လို့ မျှော်ကိုးခဲ့တယ်။ ဒါပေမယ့် သူမျှော်ကိုးခဲ့တဲ့ အတိုင်း ဖြစ်မလာဘဲနဲ့ ရုရှပြည်မှာ အခုတော့ အမုန်းစိတ်နဲ့ညှဉ်းပမ်းမှု ထွန်းကားပြီး ဘုရားကိုမယုံတဲ့ အီဗန်ရဲ့ အမွေခံအမွေစားတွေ တန်ခိုးကြီးနေကြတယ်။ ဟုတ်တယ် ငါတို့ ရုရှနိုင်ငံဟာ အမုန်းစိတ် လွှမ်းမိုးနေတဲ့နိုင်ငံ။ ငါတို့ဟာလည်း အီဗန်ရဲ့ အမွေခံအမွေစားတွေပဲ။ ငါတို့လို ဆိုတဲ့အထဲမှာ ဗေရီးယားတို့လို မာလင်ကောက်တို့လို



ဒရို့တို့လို သင့်အစ်ကို နီဗိကောက် တို့လိုလူတွေ ထောင်ပေါင်းများစွာပါတယ်။ အခု ငါတို့ ကျင့်သုံးနေကြတဲ့ အလုပ်တွေဟာ အနှစ်တစ်ရာအလွန်က အီဗန်ကတော်ခဲ့ပြီး နောက်ဒုတိယ အသုတ်ကျတော့ လီနင်နဲ့ အခြား တော်လှန်ရေးတွက်ကိန်းသမားတွေက အတင်းအကြပ် သင်ကြားပေးခဲ့တဲ့ အလုပ်တွေပဲ။ အဲဒီအတွက် ကိန်းသမားတွေထဲမှာ ဂိုရင်ဟာ စိတ်ဓာတ်လှုံ့ဆော်ပေးတဲ့ဘက်က အဓိပတိ ကြီးပဲ။ ဒီလူတွေဟာ အီဗန်ဆီက ဘုရားမယုံတဲ့ဝါဒ ကိုယ်ကျင့်တရားကို ပယ်တဲ့ဝါဒနဲ့ မက်စရာကောင်းတဲ့ ဘာမဆိုလုပ်ကောင်းတယ်ဆိုတဲ့ ဝါဒတွေကို အမွေဆက်ခံလာတဲ့ လူတွေချည်းပဲ''ဟု နီဗိကောက်က ပြောသည်။

''သင်က ဒီလိုလူတွေထဲမှာ ဂိုရင်ကိုလည်း ထည့်တွက်သလား''ဟု နီကိုလေက အံ့အားသင့်ကာမေးသည်။

''ဟုတ်တယ် ငါ ထည့်တွက်တယ်။ ငါ့ကို ဆင်းရဲငြိုငြင်အောင်လုပ်တဲ့လူကို တွေ့ရင် လည်ပင်းကို ငါ တစ်ခါတည်း ညှစ်သတ်ပစ်မယ်လို့ သင့်ကို ငါ ပြောဖူးတာ သင် သတိရဦးမှာပေါ့။ အခုပဲ ဒီလူကို ငါတွေ့ပြီ။ အဲဒီလူဟာ တခြားမဟုတ်ဘူး ဂိုရင်ပဲ။ ဂိုရင်ဟာ ဒုတိယအသုတ်ပေါ်တဲ့ အီဗန်တွေကို စိတ်နှလုံးပြုပြင်တဲ့ဘက်က ဦးဆောင်ပြီး ငါတို့ အခုကိုယ်ထိလက်ရောက်လုပ်နေတဲ့ လူတွေကို မွေးထုတ်ခဲ့ပြီးတဲ့လူပဲ။ ငါတို့ဟာ လွန်ခဲ့တဲ့အနှစ်တစ်ရာလောက်က တော်လှန်ရေးသမားတွေ တောရမ်းမယ်ဘွဲ့ ဟောခဲ့ ပြောခဲ့တာတွေကို အခုကြက်သီးမွေးညင်းထလောက်အောင် လက်တွေ့လုပ်ပြနေကြတယ်။ လွန်ခဲ့တဲ့ ရက်သတ္တပတ်အတွင်းက ဂိုရင် ပြောဖူးတဲ့စကားဟာ တော်တော်မှတ်ဖို့ကောင်းတယ်။ အဲဒီစကားထဲမှာ ဂိုရင်က သူ့ကိုအမွေဆက်ခံကြတဲ့ ငါတို့တစ်တွေကို အပြစ်တင်တဲ့ စကားပါတယ်။ သူ့အပြောက အနှစ်တစ်ရာလောက်အလွန်တုန်းက သူစိတ်ထားထက်သန်စွာနဲ့ စိုက်ထူခဲ့တဲ့ အင်မတန်သန့်ရှင်းတဲ့ လူသားများကောင်းစားရေးဝါဒအလံကို ငါတို့တစ်တွေက ချပြီးနင်းပစ်ကြတယ်တဲ့။ ဒါပေမယ့်သူပြောတာက သူလိပ်ပြာမသန့်တာကို သူ့ဟာသူ ကာကွယ်ဖို့ပြောတာပါ။ တကယ်ဆိုတော့ ငါတို့ကို ဘာမှအပြစ်တင်စရာမရှိဘူး။ ငါတို့က သူတို့ဟောပြောထားတာတွေကို တစ်သဝေမတိမ်းလိုက်လုပ်နေတဲ့ လူတွေပါ။ မနက်ဖြန်ခါကျရင် သူဟောပြောခဲ့တဲ့တရားတွေက အခုငါတို့လုပ်နေတဲ့နည်းနဲ့ကလွဲပြီး ဘယ်နည်းနဲ့မှ လုပ်မဖြစ်ဘူးဆိုတာကို ငါ ပြလိုက်မယ်။ ဟုတ်တယ်။ ငါတို့ ဘယ်လိုပဲလုပ်လုပ် အသုံး ဖြစ်နေတဲ့အတိုင်းပဲ ဝရုန်းသုန်းကားဖြစ်နေမှာပဲ။ ဒီလိုမဖြစ်အောင် ဘယ်သူမှရှောင်ပြီးလည်း လုပ်ချင်မှာမဟုတ်ဘူး။ ဂိုရင်နဲ့ လီနင်က ဘာကိုရစေမယ်၊ ညာကိုရစေမယ်ဆိုပြီး စည်းလွှတ် ဝါးလွှတ်ကတိတွေ ပေးထားတော့ ဘယ်သူပဲဖြစ်ဖြစ် သူတို့ကတိအတိုင်းဖြစ်မဖြစ် ကံစမ်းမနိုက် ကြည့်ချင်ကြတာပေါ့။ ဝါဒတစ်ခုဟာ မကောင်းဘူးလို့ဆိုရင် အဲဒီလို မကောင်းဘူးဆိုတဲ့အကြောင်းကို ပထမဆုံးလူတွေကိုယ်တိုင်က သဘောပေါက်လာကြဖို့လိုတယ်။ အဲဒီလို သဘောပေါက်လာကြပြီးတဲ့နောက်မှ စိတ်ချမ်းသာမှုနဲ့ တရားမျှတမှုဆိုတာမျိုးဟာ အပြစ်မရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့ သွေးနဲ့အမုန်းစိတ်ကို အခြေထားပြီးတည်ထောင်လို့ မရဘူးဆိုတာကို ကျကျနန နားလည်လာကြတဲ့အခါကျတော့မှသာ လူတွေက ငါတို့လိုလူတွေကို ဖယ်ရှားပစ်ပြီး သင်တို့လို တတိယအသုတ်တက်လာမယ့် အလျှိုယှာတွေ သို့မဟုတ် အခုသူငယ်ကလေးတွေလို သင်တို့ကတစ်ဆင့် ပေါက်ပွားလာမယ့် စတုတ္ထအသုတ် အလျှိုယှာတွေ ဒါမှမဟုတ်သေးရင်လည်း အခုသူငယ်ကလေးလို ကလေးတွေကတစ်ဆင့် ပေါက်ပွားလာမယ့် ပဉ္စမအသုတ် အလျှိုယှာတွေကိုလာပြီး စည်းကပ်ကြမှာ။ ငါပြောတာ သဘောပေါက်ရဲ့လား။ အခုပြောသလို လူတွေရဲ့ အမြင်မှားနေတာတွေ ပျောက်သွားဖို့အတွက်ကတော့ သားစဉ်မြေးဆက်တွေ အများကြီးကြာသွားချင်လည်း ကြာသွားနိုင်ပါတယ်။ ငါတို့ ရုရှလူမျိုးတွေဟာ တခြား လူမျိုးတွေထက် ထူးပြီး သည်းခံနိုင်တယ်။ ဒါပေမယ့် အခုဆိုရင် ငါပြောတဲ့ အမြင်မှားမှုတွေ ပျောက်သွားဖို့ကိစ္စဟာ အစပျိုးနေပါပြီ။ ဒီတော့ ညပြီးလျှင် နေ့လာရစမြဲဖြစ်သလို အပြီးသတ်အောင်မြင်မှုကြီး ဆိုက်ရောက်လာဖို့ဟာလည်း သေချာပါတယ်။ အဲဒီလိုအောင်မြင်မှုကြီး ဆိုက်ရောက်လာတဲ့အခါမှ သင်တို့က အဆင်သင့်ဖြစ်နေကြဖို့ အရေးကြီးတယ်။ သင်တို့ ခေတ်က ချထားတဲ့မျိုးစေ့တွေဟာ အခုအပြင်းအထန်တိုက်ခတ်နေတဲ့ အမုန်းစိတ်နဲ့ အကြမ်းမှု လေမုန်တိုင်းကြီးထဲ ပါမသွားအောင် ထိန်းသိမ်းစောင့်ရှောက်ပေးဖို့ တာဝန်ကတော့ သင်နဲ့ သင်တို့လို လူငယ်များရဲ့တာဝန်ပဲ။ ပြီးတော့ တိုင်းသူပြည်သားများက ခေါင်းဆောင်မှုပေးဖို့အတွက် သင်တို့ကို လာပြီး စည်းကပ်ကြတဲ့အခါမှာ သင်တို့က ခေါင်းဆောင်မှုပေးနိုင်တဲ့ အရည်အချင်းနဲ့ပြည့်အောင်လုပ်ကြဖို့အတွက် သင်တို့လိုလူငယ်များကို စုစည်းပေးဖို့ ပြုစုပျိုးထောင်ပေးဖို့ဟာလည်း သင်တို့ရဲ့တာဝန်ပဲ။ သင်တို့ ခေါင်းဆောင်လုပ်ကြမယ့် လူများဟာ သနားကြင်နာစိတ်လည်းရှိ၊ အချင်းချင်း ချစ်ခင်စိတ်လည်းရှိ၊ ဘုရားရဲ့အလိုတော်ကိုလည်း အမြဲသတိရတဲ့ ခေါင်းဆောင်ကောင်းတွေ ဖြစ်ကြရလိမ့်မယ်။ ငါအဖို့ကတော့ ဘုရားကို ယုံကြည်ဖို့မဖြစ်နိုင်တော့ဘူး။ ငါကတော့ အမုန်းစိတ်နဲ့အကြမ်းမှုကို ထမ်းရွက်နေရလို့ အမုန်းစိတ်နဲ့ အကြမ်းမှုကို ဖြတ်လို့မရတော့ဘူး။ ငါကိုယ်ငါလည်း ကြောက်ပါရဲ့။ ဒါပေမယ့် ပြုပြင်လို့မရတော့ပါဘူး။ ဒါကလည်း ငါစိတ်ထဲကိုက ပြုပြင် ချင်တဲ့ ဆန္ဒမရှိလို့ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ နောက်ဆုံးတော့ ဘာပဲပြောပြော အမုန်းစိတ်နဲ့အကြမ်းမှုနယ်ဟာ ငါ့ပိုင်နက်ပဲ။ ငါ့ပိုင်နက်ကို ငါဟာ မညည်းငွေ့မလာမချင်း ငါဟာ တံခါးမရှိဓားမရှိ အုပ်စိုးတော့မယ်။ တကယ်လို့ ငါဟာ ညည်းငွေ့လာတယ်ဆိုရင်လည်း အဲဒီလို ညည်းငွေ့လာတာဟာ ငါနဲ့စစ်ပြိုင်လူစုရဲ့ ချွတ်ယွင်းချက်မဟုတ်ဘူး။ ငါတစ်ယောက်တည်းရဲ့ ကိုယ်ပိုင်ချွတ်ယွင်းချက်ပဲဖြစ်မယ်။ ငါနဲ့စစ်ပြိုင်လူစုဟာ အများအားဖြင့် အမုန်းစိတ်နဲ့အကြမ်းမှုကို ညည်းငွေ့ကြမယ့် လူတွေမဟုတ်ဘူး။ အနီ့ ဒရို့ကော ဒရို့လည်း ညည်းငွေ့မှာမဟုတ်ဘူး။ ငါကော ညည်းငွေ့မလာတဲ့အင်း ငါတော့ဖြင့် ဒီနေ့ ဒီသူငယ်ကလေးကိုကယ်ရင်းနဲ့ ညည်းငွေ့သလိုဖြစ်လာတယ်။ ဒီအကြောင်းကို သင်ကလွဲလို့ ဘယ်သူမှမသိဘူး။ ငါဟာ ငါနဲ့ စစ်ပြိုင်လူစုနဲ့ ရင်ပေါင်



တန်းမလိုက်နိုင်တဲ့ ခေတ်က ငါ့ချွတ်ယွင်းချက်ရဲ့ဒဏ်ကို ငါ ပြန်ခံရမှာပဲ။ ငါတို့ဟာ နောက်ဆုံးဝိတ် ပျက်စီးခြင်းနဲ့ အဆုံးသတ်ရမှာပဲ။ ငါအဖို့ဆိုရင်တော့ ငါရဲ့ပျက်စီးခြင်းဟာ မနက်ဖြန်ပဲရောက်ချင်ရောက်လာလိမ့်မယ်''ဟု နီဗီကောက်ကပြောသည်။

''ဘာလို့ သင် ပျက်စီးခြင်းက မနက်ဖြန်ခါမှာ ရောက်လာရမှာလဲ''ဟု နီကိုလေက မေးသည်။

''မနက်ဖြန်ခါဟာ ငါ့ကြမ္မာကို ဆုံးဖြတ်မယ့်နေ့ပဲ။ ငါဟာ ချောက်ကမ်းပါးကြီးထိပ်မှာ ရောက်နေပြီ။ အခုလို ငါ ကယောင်ချောက်ချား ပြောနေတာဟာလည်း ဒါကြောင့်ဖြစ်ချင်လည်းဖြစ်မှာပဲ။ ဒီလိုအရေးကြီးတဲ့အချိန်မှာ ငါ့စိတ်ထဲရှိသမျှကို ငါ ထုတ်ပြီးအန်ချင်တယ်''

''သင့်ကို ငါ အကူအညီပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်ဦးမယ်။ သင့်ကို ကြည့်ရတာ တကယ်ကို ထူးဆန်းတယ်။ သင်ဟာ တော်တော့်ကို နေမကောင်းနေတယ်။ လာ ငါတို့ မြို့ကိုသွားမယ်။ ဆရာဝန်သွားရှာမယ်။ သင် အိပ်ရာထဲမှာ လှဲပြီးနားနေပါ''

''ငါ မြို့ကိုမလိုက်နိုင်ဘူး။ ငါ့မှာ တာဝန်ရှိသေးတယ်။ ငါ့အပူကို သင် ဂရုစိုက်ဖို့မလိုပါဘူး။ သင် စထားတဲ့အလုပ်ကိုသာ သွားပြီးလုပ်ပါ။ ဒီသူငယ်ကိုခေါ်ပြီး သင့်လို စိတ်ကောင်းရှိလာအောင် ပြုစုကျွေးမွေးပေးပြီး သနားကြင်နာစိတ်ရှိတဲ့ လူတစ်ယောက် ဖြစ်လာအောင်လည်း ပြုပြင်ပေးပါ။ ငါတို့ရဲ့ အမုန်းစိတ်နဲ့အကြမ်းမှု ပိုင်နက်မှာဆိုရင် ဒီလိုလူမျိုးဟာ စိန်ကောင်းကျောက်ကောင်းထက်တောင် ရှားပါတယ်။ ငါတော့ အကြမ်းသရဲနိုကိုသွားပြီး ပသရဦးမယ်။ ဒီနေ့ ငါ့ကြမ္မာကို ငါ ဆုံးဖြတ်မယ်။ သင့်ကို ငါပြောပြီးတဲ့အတိုင်းပဲ ငါ့မှာ ရန်သူတစ်ယောက်တွေ့ထားပြီ။ ဒါပေမယ့် သူ့ကို ငါ သတ်ဖို့တော့ မကြံပါဘူး။ တကယ်ကိုပဲ မကြံပါဘူး။ သတ်ဖို့အကြံတော့ ငါ့စိတ်ထဲမှာ ပေါ်လာတာပေါ့။ ဒါပေမယ့် ဒီအကြံကို ငါ လက်မခံပါဘူး။ အခုအချိန်ဟာ ငါအဖို့မှာ သိပ်အရေးကြီးပါတယ်။ ဒီလိုအရေးကြီးတဲ့အချိန်မှာပဲ သင့်ကို ငါ တာသန်ခံပါမယ်။ ငါဟာ လူတစ်ယောက်အသက်ကို မသတ်ပါဘူး။ သတ်ခြင်းသတ်ရင် ငါ့ကိုငါပဲ သတ်ပါမယ်ဟုပြောပြီးလျှင် နီဗီကောက်သည် နီကိုလေဆီသို့ ရုတ်တရက်သွား၍ အားရပါးရဖက်ပြီးလျှင် နီကိုလေ၏ပခုံးကိုနမ်းသည်။ သူ့စိတ်ထဲက နီကိုလေ၏ ပါးကိုနမ်းချင်သော်လည်း သူ့မျက်စိများမှ မျက်ရည်များ တွေတွေစီးကျလျက်ရှိသဖြင့် နီကိုလေမြင်သွားမည်စိုးသောကြောင့် ပါးကိုမနမ်းဘဲ ပခုံးကို နမ်းခြင်းဖြစ်သည်။ ပြီးလျှင် ''ငါ့ကို အပြစ်လွှတ်ပါ နီကိုလေရယ်၊ ငါ့ကိုအပြစ်လွှတ်ပါ။ လီဒါကိုလည်း ငါ့အစ်ကိုအပြစ်လွှတ်ဖို့ ပြောလိုက်ပါ''ဟုတောင်းပန်သည်။

''နီဗီကောက် သင့်ကိုယ်တွေဟာ ချစ်ချစ်တောက်နေတာပဲ။ သင်ဟာ ဖျားနေတယ်''ဟု နီကိုလေက လန့်သွားပြီးပြောသည်။ ပြီးလျှင် ''ဒီမှာ နီဗီကောက် သင့်ကို တကယ်ပဲ တောင်းပန်ပါရစေ။ ငါနဲ့ မြို့ထဲလိုက်ခဲ့ပါ။ သင့်မှာ ဘယ်လိုကိစ္စတွေဖြစ်နေတယ်ဆိုတာတော့ ငါ မသိပါဘူး။ ဒါပေမယ့် ဘာကိစ္စပဲဖြစ်နေဖြစ်နေ သင်ဟာ

www.burmeseclassic.com

www.burmeseclassic.com



ဖျားနေပါတယ်။ ခါတိုင်းလို မဟုတ်ပါဘူး။ တော်တော်ကြာ သင့်ကိုယ်သင်တောင် သတိသေနေပါဦးမယ်''ဟု ဆက်၍ပြောသည်။

''ငါ့အတွက် မစိုးရိမ်ပါနဲ့။ နက်ဖြန်မနက်ကျရင် အားလုံးအေးသွားမှာပါပဲ'' ဟုပြောပြီးလျှင် နိုဗိကောက်သည် နိကိုလေ၏လက်ကို တင်းကြပ်စွာကိုင်ထားသည်။ ပြီးလျှင် သူငယ်ကလေး၏ ဦးခေါင်းကို လက်နှင့်သပ်၍ ''အီဂေါ် ငါ့ညီပြောတဲ့စကားကို အကုန်နားထောင်နော်''ဟုပြော၍ မြင်းကိုဆွဲလာပြီးလျှင် မြင်းပေါ်သို့ခုန်တက်လိုက်သည်။

''သင့်ကိုယ်သင် ဂရုစိုက်ပါ နိုဗိကောက်''ဟု နိကိုလေက သတိပေးသည်။

''ငါသွားမယ်ဟေ့ နိကိုလေရေ ငါ သွားမယ်။ အီဂေါ် ငါ့ကို သတိရနော်။ အခု ငါ့စိတ်ထဲမှာ မြင်းကိုတစ်အားစီးသွားပြီး ကျောက်တောင်ကြီးကိုဝင်တိုက်ပြီး အမြန်ဆုံး သေပစ်လိုက်ချင်သလိုဖြစ်နေတယ်''ဟုပြောပြီးလျှင် နိုဗိကောက်သည် မြင်းကိုစီးသွားသည်။ ကိုးလှမ်းဆယ်လှမ်းလောက်ရောက်သောအခါ မြင်းကိုရပ်၍ ''နိကိုလေရေ ငါ့ကိုတစ်ခုကျေးဇူး ပြုပါကွာ။ သူ့ကို နိုဗိကောက်လို့ နာမည်ပေးလိုက်ပါ''ဟု မောင်ထဲမှအော်၍ ပြောသည်။

''ဘယ်သူ့ကိုလဲ။ ဒီသူငယ်ကိုလား''

''ဟုတ်တယ်။ သူ့ကို နိုဗိကောက်လို့ နာမည်အသစ်ပေးလိုက်ပါ''

''ကောင်းပြီ။ ကောင်းပြီ။ ငါ နားလည်ပြီ။ သူ့ကို နိုဗိကောက်လို့ ငါ ခေါ်ပါမယ်''

နိုဗိကောက်သည် မြင်းကိုခွာစုံစိုင်း၍သွားသည်။ မြင်းခွာသံများမှာ အဝေးကြီးရောက်အောင်ပင် ကြားရသည်။ ထို့နောက် အားလုံးတိတ်ဆိတ်သွားသည်။ ပြီးလျှင် နိကိုလေသည် သူငယ်ကိုလက်ဆွဲ၍ မြို့ကိုသွားသည်။ မြို့တွင်းက မီးရောင်များသည် ထိန်လင်း၍နေသည်။

❋ ❋ ❋

## အပိုင်း-၉

### အခန်း(၁)

''သိပ်ကောင်းတာပဲ သိပ်ကောင်းတာပဲ။ ဒီလိုကောင်းတာမျိုး ငါ တစ်ခါမှ မကြားဖူးဘူး''ဟု စစ်ဗိုလ်ကလေးက အူတက်မတတ်ရယ်၍ပြောသည်။ ပြီးလျှင် ''ရဲဘော်ဗိုလ်ကြီးရဲ့ ငါ့ကို အူတက်သေအောင် လုပ်နေတာလား။ ဆက်ပြီးပြောပါဦး'' ဟု တောင်းပန်သည်။

''အခုတွင်က ငါပြောတဲ့အတိုင်းပေါ့။ ငါက ကိုင်းတောကြီးထဲကို မြင်းဖြတ်ပြီးစီးသွားတော့ မည်းမည်း မည်းမည်းနဲ့ အရိပ်နှစ်ခုက ငါ့ဆီကိုရောက်လာတယ်။



ဒါနဲ့ ငါက ဘာများပါလိမ့်။ ဒီအချိန်ကြီးမှာ ဘယ်သူတွေများလာနေပါလိမ့်လို့ အောက်မေ့ပြီး အနားကိုမြင်းနဲ့ကပ်သွားတယ်။ ဒီတော့ မိန်းမနှစ်ယောက်ဖြစ်နေတာကိုး''ဟု နိုဗိကောက်က ပြောပြသည်။

''ဘုရားရေ မိန်းမနှစ်ယောက်လား''

''ဟုတ်တယ်။ မိန်းမနှစ်ယောက်''

''ဟုတ်တယ် မိန်းမနှစ်ယောက်။ အဲဒါနဲ့ ငါက သူတို့အနား သေသေချာချာ ကပ်ကြည့်လိုက်တော့ နှစ်ယောက်လုံးဟာ အရွယ်ကလည်းငယ်ငယ် အသားကလည်း ပြည့်ပြည့်ဝဝနဲ့ တွေ့ရတယ်။ အဲဒါနဲ့ ငါက အသင်တို့ ညကြီး ဒီဘာလာလုပ်နေကြသလဲလို့ မေးလိုက်တယ်။ မိန်းမနှစ်ယောက်က ဘာမှပြန်မပြောဘဲ တစ်ယောက်ကို တစ်ယောက် တစ်တောင်နဲ့တွတ်ပြီး တခိခိလုပ်နေကြတယ်။ ဒါနဲ့ ဒီမိန်းမနှစ်ယောက်ဟာ သေရည်မူးနေတယ်ထင်ပါရဲ့လို့ ငါက အောက်မေ့လိုက်တယ်။ အဲဒီလို ငါကအောက်မေ့နေတုန်းမှာပဲ ဖြူနုံးခန့်ဆို မိန်းမတစ်ယောက်က ငါ့ကို မြင်းပေါ်က ဆွဲချတယ်။ တစ်ယောက်ကတော့ မြင်းဇက်ကိုကိုင်ထားတယ်။ ဒီတော့ ဟေ့ ငါ့ကို ဘာလုပ်ကြတာလဲလို့ ငါကမေးတယ်။ တစ်ယောက်က ကျယ်ကျယ်ကြီးရယ်ပြီး တို့ဟာ မြင်းကို လိုချင်တာမဟုတ်ဘူး။ သင့်ကို လိုချင်တာလို့ပြောတယ်''

''ဟား…ဟား…ဟား…ဟား တယ်ရမ်းတဲ့ ကောင်မတွေပါလား''

''ငါက သူတို့ ဘာအကြံနဲ့ လုပ်တယ်လို့ စဉ်းစားလို့မရဘူး။ ဒါပေမယ့် ငါ့ကို မြင်းပေါ်ကဆွဲချပြီး မြက်ခင်းပေါ်ပစ်လှဲလိုက်တော့ ငါလည်း သူတို့အကြံကို ရိပ်မိသွားတယ်''

စစ်ဗိုလ်ကလေးသည် နဖူးရေကိုတွန့်ပြီးလျှင် ကြားချင်ဇောနှင့် နားစွင့်၍ထောင်နေသည်။ နိုဗိကောက်က စစ်ဗိုလ်ကလေး ကျေနပ်မှုရစေရန်အတွက် သူတို့ ဂါဝန်ကို လှန်ထားပုံ၊ သူတို့၏ အဝတ်မရှိသောပေါင်တံများကို ည၏ အမိုက်တိုက် ကဗ္ဗီပါအနက် ဖြင့် အနုပညာနည်းအရ ဖုံးအုပ်ထားပုံ၊ စသည်တို့ကို အကျယ်တဝင့်ပြောပြသည်။ စစ်ဗိုလ်ကလေးက ''ကမ္ဘာကို အချစ်အုပ်မိုးတယ်။ အချစ်ကို လူက အုပ်စိုးတယ်''ဟုပြောသည်။

''သူတို့အကြံကို ငါသိတာနဲ့တစ်ပြိုင်နက် ငါ သိပ်ကြောက်သွားတာပဲ။ ဒါနဲ့ ငါလည်း အားကုန်ကြုံးပြီး လွတ်အောင်ရုန်းတာပေါ့။ ကောင်မလေးတွေက ငါ့ထက် ဗလကောင်းတာနဲ့ ငါဟာ အနိုင်နိုင်လွတ်အောင် ရုန်းထွက်လာနိုင်တယ်''ဟု နိုဗိကောက်က ပြောသည်။

စစ်ဗိုလ်ကလေးက ရှက်ကိုးရှက်ကန်းမျက်နှာထားနှင့် နိုဗိကောက်၏ ပခုံးကို လက်နှင့်အသာပုတ်ပြီး ''ရဲဘော်ဗိုလ်ကြီးက မှန်တာပြောစမ်းပါ။ ဖုံးမနေပါနဲ့''ဟုပြောသည်။

''ငါ လိမ်မပြောပါဘူး တကယ်ပါ။ ငါ အတင်းရုန်းထွက်လာခဲ့ပါတယ်။ အခုထက်ထိ သူတို့ကိုင်းတောထဲမှာရှိဦးမှာပဲ။ သင် လိုက်မလား။ သင်နဲ့ငါနဲ့ သွားရှာကြမလေ''ဟု နိုဗိကောက်ကပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"နိပ်တယ်။ ငါတို့နှစ်ယောက်ဆိုရင် သူတို့ကို အေးအေးဆေးဆေးနဲ့ နိုင်တာပေါ့။ ဟား…ဟား…ဟား"ဟု စစ်ဗိုလ်ကလေးက ပြော၍ရယ်သည်။

နိုဗိကောက်သည် စစ်ဗိုလ်ကလေးထက်ပင် ကျယ်လောင်အောင် ဝါးလုံးကွဲအောင် ရယ်လိုက်သည်။ နောက်ဆုံးတွင် နိုဗိကောက်သည် ရယ်လွန်းအားကြီးသဖြင့် အူနာ၍ လည်ချောင်းထဲတွင်ဆို့လာပြီး မျက်ရည်များထွက်လာသည်။ ပြီးလျှင် နိုဗိကောက်သည် အရှိန်မသတ်ဘဲဆက်၍ ရယ်ပြီးလျှင် သူ့ဟာသူ အံ့ဩ၍ကြောက်လာသည်။ ထိုအခိုက်တွင် သူ့ကိုရယ်ရန် လှုံ့ဆော်ပေးနေသည့် သူ၏အတွင်းစိတ်သန္တာန်က "ကြိတ်လိုက်ကွ။ ရယ်လိုက်ကွ၊ လှုပ်ပျက်လုပ်လိုက်ကွ"ဟု လှောင်ပြောပြောနေသည်ကို သူ ကြားယောင်လာသည်။

နိုဗိကောက်သည် သူ့စိတ်များ တစ်မျိုးတစ်မည်ဖြစ်နေရာ ချက်ချင်းပင်ပြန်၍ သတိရလာပြီးလျှင် ထိုနေ့ကဖြစ်သည့်အကြောင်းများကို သူ့ဟာသူပြန်၍ နားမလည်နိုင်အောင်ဖြစ်နေသည်။ ယခုအခါ သူ့စိတ်မှာ ဟာ၍နေသည်။ သူညီနိုကိုလေနှင့် ကိုင်းတောကြီးထဲ၌ တွေ့ခဲ့ရခြင်းကို သူပထမဆုံးစ၍ မေ့သွားသည်။ ဂိုရင်အိမ်ကို ပြန်ရောက်သွားသောအခါ နိုဗိကောက်စိတ်ထဲ၌ ဝမ်းနည်းကြေကွဲခြင်းမရှိတော့။

အချိန်မှာ ညဉ့်နက်နေပြီ။ နိုဗိကောက်မှာ ကိုင်းတောကြီးထဲတွင် ကြန့်ကြာ၍နေသည်။ ထိုသို့ကြန့်ကြာ၍နေခြင်းမှာ သူပြောသော မိန်းမခပ်သောသော နှစ်ယောက်ကြောင့်မဟုတ်။ မြင်းကို အပြင်းစီးပြန်လာ၍ ငါးမိုင်ခန့်ရောက်သောအခါ နိုဗိကောက်သည် မီးရောင် ကလေးမှိန်မှိန်တစ်ခုကို လှမ်း၍မြင်လိုက်သည်။ နိုဗိကောက်စိတ်ထဲက မီးရောင်ကလေးရှိရာ သို့သွား၍ကြည့်ချင်စိတ်ပေါ်လာသဖြင့် သွား၍ကြည့်ရာ မြစ်ကမ်းပါးတွင် အဘိုးကြီးတစ်ယောက်နှင့် လူငယ်တစ်ယောက် မီးလှုံနေသည်ကိုတွေ့သည်။ အဘိုးကြီးနှင့်လူငယ်သည် ထိုင်နေရာမှမထဘဲနှင့် နိုဗိကောက်ကို သတိထား၍ကြည့်သည်။ နိုဗိကောက်မှာ မျက်စိမျက်နှာပျက်နေသဖြင့် အဘိုးကြီးနှင့်လူငယ်က အံ့ဩမိကြသည်။ အဘိုးကြီးက "မြို့ကမှတ်တယ်"ဟု နိုဗိကောက်ကိုမေးသည်။

နိုဗိကောက်က တိုက်ရိုက်မဖြေဘဲနှင့် "မီးရောင်မြင်တာနဲ့ ငါ လာခဲ့တာပါ။ ထိုင်ပါရစေ"ဟု ပြောသည်။

"ထိုင်ပါ။ ထိုင်ပါ"ဟု အဘိုးကြီးကပြောသည်။

နိုဗိကောက်သည် ခြေတုန်တုန် လက်တုန်တုန်နှင့် မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။ သူ၏မျက်နှာတွင် တည်ငြိမ်သည့်အခြင်းအရာမရှိသေး။ အဘိုးကြီးက စိတ်မနံ့သူကို ကြည့်ပုံမျိုးဖြင့် နိုဗိကောက်ကို ဂရုစိုက်၍ကြည့်ပြီးလျှင် "ငါတို့ ပီထရောက်စကီရွာ သမဝါယမအသင်းကပါ။ ဒီမှာ မြင်းလာကျောင်းကြပါတယ်"ဟု ပြောသည်။ နိုဗိကောက်က သူ့စီးကရက်ဘူးကိုဖွင့်၍ စီးကရက်တည်သည်။ သူငယ်က ဝမ်းသာအားရနှင့် စီးကရက်တစ်လိပ်ကို နှိုက်ယူသည်။ အဘိုးကြီးကမူ နေပါစေ ငါက မြို့ကဆေးကို သောက်တဲ့အကျင့် မရှိပါဘူး။ ဒါပေမယ့် ကျေးဇူးတော့တင်ပါတယ်"



ဟု ပြောသည်။ အဘိုးကြီးသည် သူ့ဆေးဘူးထဲမှ ဆေးကိုထုတ်၍ စက္ကူစတစ်ခုနှင့် ဆေးလိပ်လိပ်၍သောက်သည်။ လူငယ်က မီးစတစ်စကိုယူ၍ နိုဗိကောက်၏ စီးကရက်ကို မီးညှိပေးသည်။

နိုဗိကောက်သည် စီးကရက်ကိုရှိုက်၍ ရှိုက်၍သောက်ပြီး သူ့စိတ်မှာ အနည်းငယ် တည်ငြိမ်၍သွားသည်။ အဘိုးကြီးတွင် ဖိနပ်မရှိသည်ကို နိုဗိကောက် တွေ့ရသည်။ လူငယ်ကို သူမြင်ဖူးသလိုရှိသဖြင့် ဘယ်မှာမြင်ဖူးသည်ကို စဉ်းစားနေသည်။

ထိုအချိန်သည် တိတ်ဆိတ်နေသဖြင့် မြစ်ရေစီးသံနှင့် ဖားအော်သံများမှတစ်ပါး ဘာသံမျှမကြားရ။ ကောင်းကင်တွင် ကြယ်များပေါက်လျက်ရှိသည်။

လူငယ်က စီးကရက်ကို သောက်၍ "အင်း တကယ်ကောင်းတဲ့ ဆေးလိပ်ပဲ"ဟု ပြောသည်။ သူပြောပုံမှာ မဆန်းသော်လည်း တိတ်ဆိတ်နေသော ညဉ့်အချိန်ဖြစ်သဖြင့် အဓိပ္ပာယ် အထူးဆောင်သကဲ့သို့ထင်ရသည်။ ကိုင်း တောပြင်ကြီးထဲမှ မြင်းဟီသံသဲ့သဲ့ ထွက်ပေါ်လာပြီးနောက် တိတ်ဆိတ်မြဲ တိတ်ဆိတ်၍သွားသည်။

နိုဗိကောက်သည် မျက်စိကိုမှေးကာ မီးလျှံကိုကြည့်၍နေသည်။

ထိုညသည် ခရီးဝေးမှဆိုလိုက်သော တေးသီချင်းကဲ့သို့ စိတ်နှလုံးကို အေးချမ်းစေသည်။ သို့ရာတွင် နိုဗိကောက်မှာ စိတ်အားငယ်၍ တင်ကြို၍မသိနိုင်သော နောင်ဇာတ်ရေးအတွက် တွေး၍ကြောက်လျက်ရှိသည်။ ကုန်ခဲ့သည့်နေ့က အဖြစ်အပျက်များသည် သူ့မျက်စိထဲတွင် မြင်ယောင်၍လာသည်။ သူမြင်ယောင်၍လာသောအရာများမှာ ကြောက်စရာကောင်းလှသဖြင့် တစ်ခါတစ်ခါ သူ့တစ်ကိုယ်လုံး တုန်၍လာသည်။ ဒေါင်းမြစ်ကြီးသည် နိုဗိကောက်၏ စိတ်မချမ်းသာခြင်းကို လျစ်လျူပြုကာ ရှေးယခင်က တသွင်သွင်စီးဆင်းလာခဲ့သည့်နည်းတူ တသွင်သွင်ဆက်၍ စီးဆင်းလျက်ရှိသည်။ လူငယ်သည် မီးဖိုမှ မီးလျှံကိုပြုံးတုံးကြောင် တောင်ကြည့်၍နေသည်။ အဘိုးကြီးမှာမူ ပညာရှိကြီး၏ မျက်နှာထားဖြင့် လှုပ်ယှက်ခြင်း မရှိ။ အဘိုးကြီးမှာ ရှေးဟောင်းပုံပြင်ထဲတွင်ပါသော အဘိုးကြီး၏အသွင်ကို ဆောင်လျက်ရှိသည်။

ထို့နောက် အဘိုးကြီးနှင့်လူငယ်သည် နိုဗိကောက်ရှိသည်ကို ဂရုမစိုက်ဘဲ သူတို့ ပြောစရာရှိသည့် စကားကို ဆက်၍ပြောကြသည်။

"ဒီမှာ ဆီလိတ်ဟန်ကာနဲ့ ငါနဲ့လက်ထပ်ဖို့ကို သင်က ဘာလို့ သဘောမတူရတာလဲ"ဟု လူငယ်က မီးလျှံကိုကြည့်ရင်းမေးသည်။

"ဟန်ကာကို သင် ဖျက်တာပဲ"

"သင့်ဟာက တစ်ခါလာလည်း ဟန်ကာကို သင် ဖျက်တာပဲ။ တစ်ခါလာလည်း ဟန်ကာကို သင် ဖျက်တာပဲနဲ့ သင်ပြောတဲ့စကားက ဘာသဘောလဲ။ သင်က ငါ့ကိုပဲ အပြစ်တင်နေတာပဲ"

အဘိုးကြီးက မျက်မှောင်ကြုတ်၍ "အနို့ သင်ကကော အပြစ်မတင်ထိုက်ဘူးလား။ သင့်ကိုယ်သင်လည်း ပြန်ကြည့်ပါဦး ရှုနိုင်။ သင်ဟာလည်း ငါလို ရိုးရိုး

www.burmeseclassic.com

www.burmeseclassic.com



သမဝါယမအလုပ်သမား တစ်ယောက်ပဲမဟုတ်လား။ သင့်မှာ ဘာပစ္စည်းများရှိလို့လဲ'' ဟုမေးသည်။

ရှုခ္ဓိုင်က အံကြိတ်၍ ငါသာမြင်းတပ်သားတစ်ယောက်ဆိုရင်တော့ သင် သဘောတူမှာပဲ''ဟုပြောသည်။

''ဒီတော့လည်း ငါ သဘောတူချင်တူမပေါ့။ ဒါပေမယ့် သင့်ဟာက နွားသိုးကြီးပြတ်ကျလွန်းတယ်။ ဒီလိုလူမျိုးကို လင်တော်ရမယ့် မိန်းမဟာ ဘယ်လိုနေမလဲ ဆိုတာလည်း စဉ်းစားကြည့်ပါဦး။ ဒါပေမယ့် သင်ဟာ မြင်းတပ်သားတစ်ယောက်ဖြစ်မယ်ဆိုရင်တော့ ဟန်ကာကလည်း ငါ့ကို ဂရုစိုက်ပြီး သဘောတူဖို့ ပြောနေတော့မှာ မဟုတ်ပါဘူး။ သင့်နောက်ကို ကောက်ကောက်ပါအောင် လိုက်သွားမှာပါပဲ''

''ဒါနဲ့တောင် သင်က အခုလို ဘာလို့ခေါင်းမာနေရတာလဲ''

''ဟန်ကာကို သင် ဖျက်တာပဲ''ဟု အဘိုးကြီးက ညည်းသံနှင့်ပြောသည်။

ပြီးလျှင် နှစ်ယောက်စလုံး စကားမပြောဘဲ ငြိမ်နေကြသည်။ ထိုအခိုက် အနားရ ချုံတစ်ချုံမှ ငှက်ကလေးတစ်ကောင်က တွန်မလိုအသံပျိုးပြီး မတွန်ဘဲရပ်နေသည်။

''ငါတို့ အာလူးထပ်ဖုတ်ကြဦးစို့လား''ဟု ရှုခ္ဓိုင်ကမေးပြီးလျှင် အဘိုးကြီး၏ အဖြေကိုမစောင့်ဘဲ အာလူးငါးလုံးခြောက်လုံးကို မီးကျည်းထဲသို့ ပစ်ထည့်လိုက်သည်။ ပြီးလျှင် ''ငါဖြင့် အသားမစားရတာ ကြာလှပြီ။ ငှက်ဖြစ်ဖြစ်၊ ယုန်ဖြစ်ဖြစ် ပစ်ပြီးစားရင် သိပ်ကောင်းမှာပဲ။ ဒါပေမယ့် သေနတ်ကလည်းမရှိဘူး''ဟုပြောသည်။ ထို့နောက် သူ့စိတ်ထဲက တစ်စုံတစ်ခုကို စဉ်းစားမိဟန်ဖြင့် ရှုခ္ဓိုင်က ''တို့စစ်ဗိုလ်က တော်တော်ရယ်စရာ ကောင်းတယ်။ ငါက စစ်ပုံစံအဝတ်နဲ့သေနတ်ကို သူ့ဆီပြန်အပ်တော့ သူက ဒီမှာရှုခ္ဓိုင် အရင်တုန်းကတော့ သင်ကမြင်းစီးတယ်။ နောက်ဆိုရင် မြင်းကသင့်ကို ပြန်စီးလိမ့်မယ်လို့ သူကပြောလိုက်တယ်''ဟုပြောသည်။

''သူ့စကားဟာ မှန်မှာပေါ့''

''အိုး ငါ့ကို ဒီလိုလုပ်လို့ ဘာရမလဲ။ အခုထက်ထိ ငါ့ကို ဘယ်သူမှ ဇက်မခွန့်ပေးဘူး။ နောက်ကိုလည်း ဘယ်သူမှခွန့်ရမှာ မဟုတ်ဘူး။ ဘာရမလဲ ငါ တခြားကို ထွက်ပြေးမှာပေါ့''

''ဘယ်ကိုပြေးမလဲ''

''မြို့ကိုပြေးမှာပေါ့''

''မြို့ကျတော့ ဒီမှာထက်ဆိုးဦးမှာ။ သင့်လိုလူမျိုးဆိုရင် ချက်ချင်းအုတ်နံရံ ကပ်ပြီး ပစ်သတ်လိုက်မှာ''

''ဒါတွေ အရေးမကြီးပါဘူး။ လောကမှာ ဘေးကိုကြောက်နေရင် လာဘ်နဲ့ ဘယ်တော့မှ တွေ့နိုင်မှာမဟုတ်ဘူး။ ငါသွားရင် ဟန်ကာကို ငါနဲ့ တစ်ပါတည်းခေါ်သွားမယ်''



''အေးအေးနေစမ်းပါကွာ''

''ဟန်ကာကို ငါ ခေါ်သွားလည်း သင့်အဖို့ကမထူးပါဘူး။ ဘယ်နည်းနဲ့မဆို ဟန်ကာဟာ သဘာပတိရဲ့ခြင်ထောင်ထဲ ရောက်သွားမှာပဲ''

''အေးအေးနေစမ်းပါကွာ ရှုခ္ဓိုင်ရာ''ဟု ပြောပြီးလျှင် အဘိုးကြီးက လေချိုနှင့်ဆက်၍ ''လူမိုက်ထွက်ထွက်ပြီး မြို့ကိုအလောတကြီး မသွားချင်ပါနဲ့ သူငယ်ရာ။ သင် အခုလောနေတာထက်စောပြီး မြို့ကို သင် ရောက်ချင်ရောက်နေရမှာပါ။ သဘာပတိက သင့်ကို တို့ဆီနဲ့အဝေးဆုံးစက်ရုံတစ်ခုကို ပို့ထားချင်တယ်လို့ပြောနေတယ်။ သဘာပတိက သင့်ကိုကြည့်လို့ကို မရဘူးတဲ့။ သဘာပတိက ပြောတယ်။ ဒီကောင်ရှုပ်ကောင်ပွေရန်က လွတ်အောင် ငါတို့အမျိုးသမီးတွေကို ကင်းစောင့်ချပေးရမလို ဖြစ်နေပြီလို့''

''ဒါက သူ့ကောင်မ မက်ယှာကာအတွက် စိတ်ပူလို့ပြောတာပါ။ သူ့ကောင်မက ငါ့ဆီကို ခိုးခိုးလာနေတာ ငါ ဘယ်တတ်နိုင်မလဲ။ သဘာပတိကြီး ခရီးထွက်တဲ့အခါတိုင်း မက်ယှာကာက ကောက်နယ်တင်းကုတ်ထဲ ထွက်ထွက်လာတယ်။ ငါဖြင့် အိပ်မက်လို့ မျက်စိတောင်မမှိတ်ရသေးဘူး။ မက်ယှာကာက ငါ့ကိုလာစမ်းပြီး ချစ်သူရှုခ္ဓိုင်ရ ငါပါပါလို့ လာပြောတာပဲ။ ဒီတော့ ငါက ခက်ရင်းခွကိုင်ပြီး သူ့ကိုမောင်းပစ်ရမလား''

''ဒီလိုဖြစ်ချင်လည်း ဖြစ်မပေါ့။ ဒါပေမယ့် သဘာပတိကြီးကတော့ စက်ရုံကို ပထမအသုတ်ပို့တဲ့ ချွေးတပ်သားထဲမှာ သင့်ကိုမထည့်သေးပါဘူး။ စက်ရုံဟာ အင်မတန် ကြောက်စရာကောင်းတာ။ ဒီမှာနဲ့မတူဘူး။ ဒီမှာဆိုရင် အနည်းဆုံး လေကိုတော့ ဝအောင် ရှုရသေးတယ်''

''ငါက မလိုက်ဘူးဆိုရင် သူတို့က ဘာတတ်နိုင်မလဲ''

''ဝက်ကို တုပ်ခေါ်သလို အတင်းတုပ်ခေါ်သွားမှာပေါ့''

''ဒီလိုဆိုတော့ သိပ်ကောင်းတာပေါ့''ဟုပြောပြီးလျှင် ရှုခ္ဓိုင် ရုတ်တရက် ထိုင်ရာမှ ထလိုက်သည်။ ပြီးလျှင် ဆက်၍ ''ဒီလိုလုပ်ရင် ငါက ခံနေမယ်ထင်သလား။ မန်ကြီး ထဲကပဲဟု''ဟုပြောသည်။ ''သင့်ထက်မကတဲ့ ကောင်တွေတောင် ဘာမှမတတ်နိုင်ဘူး။ သူတို့အဖို့က အလွယ်လေးရယ်။ တစ်၊ နှစ်ဆိုလိုက်တာနဲ့ တစ်ပြိုင်နက် သင် ဘာမှတတ်နိုင်တော့မှာ မဟုတ်ဘူး''။ ရှုခ္ဓိုင်က လက်သီးဆုပ်၍ ''ဘယ်သူဖြစ်ဖြစ် ကိုယ်ကြိုက်တာကို လုပ်ခွင့်ရှိစေရမှာပေါ့။ တချို့ကလည်း ထမ်းပိုးကိုကြိုက်တယ်။ ငါကတော့ လွတ်လပ်တဲ့လေကို ကြိုက်တယ်။ တစ်ခါခါ ငါ့စိတ်ထဲက အကုန်လုံးကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်ပစ်ချင်တယ်''ဟု ပြောသည်။

နိုဗိကောက်စိတ်ထဲက ရှုခ္ဓိုင်၏ကြမ်းတမ်းသောအသွင်ကိုကြည့်၍ ''ဒီကောင်ကတော့ သူပုန်ပဲ''ဟု ချီးကျူးမိသည်။ ပြီးလျှင် ''ကိုင်းတောကွင်းကြီးထဲမှာ သူ့လို လူတွေ အများကြီးရှိမှာပဲ''ဟုထင်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးက ''အော်ကျယ်အော်ကျယ် မလုပ်ပါနဲ့။ ထိုင်စမ်းပါ''ဟု လေအေးအေးနှင့်ပြောသည်။ ပြီးလျှင် ဆက်၍ ''သင်ဟာ စိတ်ကောင်းတော့ရှိပါတယ်။ ဒါပေမယ့် အရိုက်အနှက် အကန်အကြောက်တော့ ကောင်းကောင်းမခံရသေးဘူး။ သင်ဟာ စိတ်တိုလွန်းတယ်။ သင့်အတွက် ငါ စိုးရိမ်တယ်။ သင်ဟာ ယစ်ထုတ်ကြီးရင်လည်းဖြစ်မယ်။ ဒါမှမဟုတ်ရင်လည်းပဲ ဗိုလ်ချုပ်ကြီးရင်လည်းဖြစ်မယ်''ဟု ပြောသည်။

''သင်ပြောတာ ငါ နားမလည်ဘူး။ ရှင်းအောင်ပြောစမ်းပါ''

''ငါပြောတာ သင် ဘာနားလည်မလဲ။ သင့်ပါးစပ်က နို့သက်နံ့မှ မပျောက်သေးဘဲနဲ့။ လူဆိုတာ ကိုယ်သွားရမယ့်လမ်းကို သိရတယ်''

''ကိုယ်သွားရမယ့်လမ်းကို ကိုယ်သိရတယ်''

''ငါသွားမယ့်လမ်း ငါ သိတာပေါ့''

''မကြွားပါနဲ့ သင်ဟာ နို့စို့အရွယ်ပဲရှိပါသေးတယ်။ လမ်းတွေက အမျိုးမျိုးရှိတယ်။ တချို့က ဖြောင့်တယ်။ တချို့ကကောက်တယ်''

နိုဗိကောက်သည် အဘိုးကြီးကို တစ်စုံတစ်ခုမေးလိုဇောနှင့် စိုက်ကြည့်နေသည်။ အကယ်၍သူသာမရှိပါလျှင် အဘိုးကြီးနဲ့ လူငယ်မှာ သူတို့ပြောလက်စရှိသည့်စကားကို ဆက်၍ပြောနေကြမည်ဖြစ်သည်ကို နိုဗိကောက်ရိပ်မိသည်။ သူတို့နှစ်ယောက်သည် အရေး အင်မတန်ကြီးသည့် စကားပြောနေသည်ဟု တွေးမိသဖြင့် နိုဗိကောက်မှာ တစ်ကိုယ်လုံး အေးပြီးတုန်လာသည်။

''သင် ဘာလိုချင်သလဲ''ဟု အဘိုးကြီးက နိုဗိကောက်ကို မေးသည်။

''ငါ ကြောက်တယ် အဖေ''ဟု နိုဗိကောက်ကပြောပြီးလျှင် အဘိုးကြီးအနားသို့ တိုး၍သွားသည်။

လူငယ်က အာလူးဖုတ်ကိုစားရင်း မှောင်လို့ကြောက်တာလားဟု မေးသည်။

''သင်နဲ့ မဆိုင်ပါဘူး။ လူတစ်ယောက်စိတ်ထဲက ဘာကိုကြောက်တယ်ဆိုတာ ဘယ်သူမှသိနိုင်တာမဟုတ်ပါဘူး''ဟု အဘိုးကြီးက မျက်နှာထားတည်တည်ကြီးနှင့်ပြောသည်။ ပြီးလျှင် နိုဗိကောက်ကို အာလူးဖုတ်တစ်လုံးပေးသည်။ ထို့နောက် အဘိုးကြီးကဆက်၍ ''အို ကိုဧည့်သည် သင်ဟာ တစ်ကိုယ်လုံးတုန်နေတယ်။ သင် ဗော်ဒကာသေရည်နှင့် ငရုတ်ကောင်းရောစ၍ သောက်ရင်ကောင်းမယ်။ အို လူငယ် သင်ရဲ့ရုပ်ရည်ဟာ ထူးခြားသော ရုပ်ရည်ပဲ''ဟုပြောသည်။

''အဖေ ငါသည် ငါ့ကိုငါ ပြန်၍ကြောက်နေပါသည်။ ငါသည် ဘုရားကို ယုံချင်သော်လည်း ယုံ၍မရပါ။ ငါသည် သူတစ်ပါးကို အပြစ်လွှတ်ချင်သော စိတ်ရှိပါသည်။ ဒါပေမယ့် အပြစ်လွှတ်၍မရပါ။ ငါသည် စရိုက်အားဖြင့် မယုတ်မာသော်လည်း ယုတ်မာသောအပြစ်များကို ကျူးလွန်နေပါသည်''ဟု နိုဗိကောက်ကပြောပြီးလျှင် သူ့ဟာသူ ရှက်၍လာသည့်ပမာ ခေါင်းကိုငိုက်စိုက်ချ၍နေသည်။



ရှဒ္ဒိုင်သည် အာလူးစားနေခြင်းကို ရပ်ထားပြီးလျှင် နိုဗိကောက်ကိုကြည့်၍ ''ဒီကောင်က ဘယ်လိုကောင်လဲ''ဟု အဘိုးကြီးကိုမေးသည်။

အဘိုးကြီးသည် လူငယ်ကို အသာနေရန် လက်ပြပြီးလျှင် နိုဗိကောက်ကို ဂရုဏာထား၍ ''သားလေးက ဘယ်ကလဲ''ဟုမေးသည်။

''ငါက ကိုရင့်အိမ်ကပါ''ဟု နိုဗိကောက်ကပြောသည်။

နိုဗိကောက်ပြောလိုက်သောစကားသည် အဘိုးကြီးနှင့် ရှဒ္ဒိုင်နှစ်ယောက်လုံးကို ကြိမ်လုံးနှင့်တစ်အားလွှဲ၍ ရိုက်လိုက်သကဲ့သို့ဖြစ်သွားသည်။ အဘိုးကြီးနှင့် ရှဒ္ဒိုင်တို့သည် ဘာစကားမျှမပြောနိုင်ဘဲ အတော်ကြာငြိမ်၍နေကြသည်။ ပြီးလျှင် ရှဒ္ဒိုင်က ပျင်းပျင်းရိရိနှင့် ထိုင်ရာမှထ၍ ''ငါ မြင်းတွေသွားကြည့်ဦးမယ်''ဟု ပြောပြီးလျှင် အပြင်သို့ထွက်၍သွားသည်။ အဘိုးကြီးသည် လှုပ်ရှားခြင်းမပြု။

နိုဗိကောက်က အဘိုးကြီး ဘာများပြောမည်နည်းဟု စောင့်၍နားထောင်နေသည်။ အဘိုးကြီးက ဘာမျှမပြော အဘိုးကြီးသည် သူ့မုတ်ဆိတ်မည်းကြီးကို လက်နှင့်သပ်၍ မီးလျှံကို စိုက်၍ကြည့်နေသည်။ အဘိုးကြီးသည် တစ်စုံတစ်ခုကို အာရုံစိုက်၍ စဉ်းစားနေဟန်တူသည်။ သူနှင့်အတူ ကိုင်းတောပြင်ကြီးကပါလိုက်၍ သူစဉ်းစားနေသလို စဉ်းစားနေဟန်ထင်ရသည်။ ခဏကြာလျှင် ရှဒ္ဒိုင်ပြန်လာသောခြေသံကို နိုဗိကောက်ကြားရသည်။ ထို့နောက် ရှဒ္ဒိုင်၏ခြေသံများ ပျောက်သွားသည်။ နိုဗိကောက်လှည့်၍ ကြည့်လိုက်မည်အလုပ်တွင် တစ်စုံတစ်ယောက်ကအော်၍ နောက်မှနေ၍ ချုပ်လိုက်ပြီးလျှင် သူ့လက်နှစ်ဖက်ကို ခါးပတ်ဖြင့် တုပ်လိုက်သည်။

ထိုအခိုက်တွင် လှောင်ရယ်ရယ်လိုက်သောအသံကို နိုဗိကောက်ကြားလိုက်ရပြီးလျှင် နိုဗိကောက်မှာ လက်ပြန်ကြိုးအတုပ်ခံရကာ မြေကြီးပေါ်သို့ မှောက်လျက်လဲကျသွားသည်။ နိုဗိကောက်သည် တစ်ကိုယ်လုံး ခြေဆုံးခေါင်းဆုံး တုန်လျက်ရှိပြီးလျှင် သူ့လက်ကောက်ဝတ်နှစ်ဖက်ကို တုပ်နှောင်ထားသောကြိုးကို အတင်းဆွဲ၍ဖြုတ်သည်။ သို့ရာတွင် ကြိုးမပြတ်ဘဲ သူ့လက်များပွန်းပဲ့ကုန်ရုံသာရှိသည်။ ရှဒ္ဒိုင်သည် သူ့မျက်နှာကချွေးများကို ကျေနပ်သောအမူအရာဖြင့် သူ့အင်္ကျီလက်နှင့်သုတ်ပြီး မတ်တတ်ရပ်၍နေသည်။ ပြီးလျှင် ရုတ်တရက်မထိုင်သေးဘဲ ခြေထောက်နှစ်ချောင်းကို ဟိုရွှေ့သည်ရွှေ့လုပ်နေသည်။

''ဒီကောင် တော်တော့်ကိုသန်တယ်။ ဒါလောက် သန်လိမ့်မယ် ငါ မထင်မိဘူး'' ဟုပြောပြီးလျှင် ရှဒ္ဒိုင်သည် မြက်ခင်းပေါ်သို့ ထိုင်ချလိုက်သည်။ ပြီးလျှင် လှုပ်ရှားလျက်ရှိသော မီးလျှံကိုကြည့်၍နေသည်။ မီးလျှံသည် ကျလျက်ရှိသည်။ လက်ပြန်ကြိုးအတုပ်ခံရပြီး လဲနေသောနိုဗိကောက်သည် ဘာစကားမျှမပြော။ ထိုသို့ အားလုံး တိတ်ဆိတ်ငြိမ်သက်၍နေခိုက်တွင် ကောင်းကင်ကကြယ်များသည် တောက်လျက်ရှိသည်။

''တစ်ခါတုန်းက ဒီလိုညတစ်ညမှာပေါ့။ ငါတို့စစ်တပ်ထဲမှာ ကြက်ပွဲပရိယာယ်သင်ရတာ''ဟု ရှဒ္ဒိုင်က သမ်းဝေပြီး အညောင်းအညာဆန့်ရင်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် အဲဒီညက မှောင်လိုက်တာဆိုတာလည်း မပြောပါနဲ့တော့ ပိန်းနေတာပဲ။ အဲဒီတုန်းက ငါတို့တပ်က ရန်သူကလာတိုက်လို့ မြစ်ကိုဖြတ်ပြေးရတဲ့ စစ်ပရိယာယ်ကို ဆင်နေကြတယ်။ အဲဒီညတုန်းက လုံးအမြောက်တပ်ရော၊ မြင်းတပ်ရော၊ ခြေလျှင်တပ်ရော ရှုပ်ပွေနေကြတာမျိုးကို ငါဖြင့် တစ်ခါမှမတွေ့ဖူးဘူး။ မြင်းရော လူရော ဘယ်တော့ မြစ်ထဲကျသေကုန်ကြမယ်ဆိုတာကိုပဲ တပူတည်းပူနေရတယ်။ တကယ်လို့ မြစ်ထဲတစ်ယောက်ယောက်ကျသေမယ်ဆိုရင်လည်း ဘယ်သူမှ သိလိုက်မှာမဟုတ်ဘူး။ ဒါပေမယ့် မိုးလင်းလာလို့ ကြည့်လိုက်တော့လည်း သူ့ဟာက ရှင်းလို့ပဲ။ ရယ်စရာတောင်ကောင်းသေးတယ်''ဟု ဆက်၍ပြောသည်။

''ဟုတ်တာပေါ့။ ညမှာတိုက်ပွဲပရိယာယ်လေ့ကျင့်ရတာ သိပ်ခက်တာပေါ့''

ထိုအခိုက်တွင် နိုဗိကောက်မှာ အကြောက်ပြေစပြုလျက်ရှိပြီးလျှင် သူ့အဖြစ်ကို သူ အပြင်းအထန် လှန်စဉ်းစားနေသည်။ မြေကြီးပေါ်တွင်လဲ၍နေသူမှာ အခြားသူ မဟုတ်။ သူပင်ဖြစ်သည်ကို၊ မီးဖိုက မီးလျှံလည်းတောက်မြဲ တောက်နေသည်ကို ကောက်ဆက်နှစ်ယောက်လည်း သူတို့ပြောမြဲစကားကို ဆက်၍ပြောနေကြသည်ကို နိုဗိကောက်တွေ့ရသည်။

''ဘာဖြစ်လို့ ဒီလိုလုပ်ကြတာလဲ။ ဘာဖြစ်ကြတာလဲ''ဟု နိုဗိကောက်က မေးပြီးလျှင် သူ့အသံကိုပင် သူ မမှတ်မိအောင် ဖြစ်နေသည်။

''တိတ်စမ်း''ဟု ရှဒ္ဒိုင်ကပြောသည်။ ပြီးလျှင် အဘိုးကြီးကို ''သူ့မြင်းကို တို့ဘယ်လိုလုပ်မလဲ''ဟု မေးသည်။ အဘိုးကြီးက ဘာမျှပြန်မပြောဘဲ အေးအေးဆေးဆေး အာလူးတစ်လုံးကို အခွံသင်၍စားနေသည်။

ခဏကြာမှ အဘိုးကြီးက ''ဟိုလူကော ဘယ်လိုနေသလဲ''ဟုမေးသည်။

''သိပ်မဟန်ဘူး''

''ငါ့ကို ဘယ်လိုလုပ်တာလဲ။ သင်တို့ကို ငါက ဘာလုပ်လို့လဲ။ ငါမေးတာလည်း ဘာလို့ပြန်မပြောတာလဲ။ သင်တို့ စိတ်မနှံ့ကြဘူးလား ဘာလဲ''ဟု နိုဗိကောက်က အော်၍မေးသည်။

''ဘာလို့ အရင်လိုနေရတာလဲ။ ငါတို့အာလူးလေး ကုန်အောင်စားပါရစေဦး။ စားပြီးတော့ သင့်ကို မြစ်ထဲချပြီး ငါးစာကျွေးပါမယ်''

နိုဗိကောက်မှာ တစ်ခါတည်းငြိမ်၍သွားသည်။ သူ့ရင်ဘတ်ပေါ်တွင် လေးလံသော ဝန်ထုပ်ကြီးနှင့်ဖိလိုက်ဘိသည့်အလား နိုဗိကောက်မှာ အသက်ရှူကြပ်၍သွားသည်။ ပြီးလျှင် ''မြင်းကိုလိုချင်ရင် သင်တို့ ယူနိုင်ပါတယ်။ ငါ့မြင်းမဟုတ်ပါဘူး''ဟုပြောသည်။

''ဟား…ဟား…ဟား…ဟား ပြီးတော့မှ သင်က ငါတို့ကို မြင်းရောတစ်ခါတည်း လက်ပူးလက်ကြပ် လာဖမ်းမယ်ဆိုပါတော့''ဟု ရှဒ္ဒိုင်ကပြောသည်။



ရှဒ္ဒိုင်၏ ရယ်လိုက်သောအသံကို ကြားလိုက်မှ ရှဒ္ဒိုင်မှာ အခြားသူမဟုတ်။ နီနာနှင့် သူတို့နှစ်ယောက် အဝတ်အစားများ အလုခံစဉ်ကတွေ့ရသော မြင်းစီးတပ်မှ စစ်သားတစ်ယောက်ပင်ဖြစ်သည်ကို နိုဗိကောက်ပြန်၍ စဉ်းစားမိသည်။

''တကယ်ပြောတာပါ။ သင်တို့ ငါ ပြန်မဖမ်းပါဘူး။ မြင်းကို သင်တို့ ယူထားလိုက်ပါ''ဟု နိုဗိကောက်ပြောသည်။

''သင့်မြင်းကို ငါတို့ မလိုချင်ဘူး။ ငါတို့ဟာ သမဝါယမအသင်းဝင်တွေမို့ မြင်းပိုင်ခွင့်မရှိပါဘူး''ဟု အဘိုးကြီးကပြောသည်။

ထို့နောက် မည်သူကမှ စကားမပြောကြ။ ညဉ့်အချိန်သည် တိတ်ဆိတ်လှသဖြင့် ကြောက်စရာလန့်စရာ တစ်ခုခုဖြစ်တော့မည်ဟု ထင်ရသည်။ နိုဗိကောက်စိတ်ထဲကလည်း မြို့ကလူများကို ကိုင်းတောထဲသို့ ခေါ်ခေါ်သတ်ကြသည့် အကြောင်းများကို ပြန်၍သတိရသည်။ သူ့ကိုလည်း သတ်ချင်သတ်လိမ့်မည်။ မသတ်ချင်လည်း ပြန်၍လွှတ်ချင်လွှတ်မည်။

နိုဗိကောက်သည် အသက်ကိုမှန်အောင်မရှူနိုင်ဘဲ အဘိုးကြီးကို အကဲခတ်၍နေသည်။ အဘိုးကြီးနှင့်ရှဒ္ဒိုင်တို့သည် အေးအေးဆေးဆေး အာလူးမီးဖုတ်များကို မှုတ်၍ စည်းစိမ်နှင့်စားနေကြသည်။ သူတို့မျက်နှာများမှာ အရေးကြီးသောအလုပ်ကို လုပ်နေကြသည့် လူများ၏ မျက်နှာများကဲ့သို့ ဣန္ဒြေကြီးတွေနှင့်ဖြစ်သည်။ သူတို့သည် သူ့ကိုလည်း သနားကြင်နာခြင်းမရှိဘဲ မြစ်ထဲသို့ချ၍ သတ်ပစ်ကြမည်သာဖြစ်သည်ကို နိုဗိကောက် သိသည်။ ထူးခြားသောတန်ခိုးသတ္တိတစ်ခုသည် သူတို့ကိုယ်မှ ထွက်လျက်ရှိသဖြင့် နိုဗိကောက်မှာ သူတို့နှစ်ယောက်ထံမှ သူ့မျက်စိများကို လွှဲဖယ်၍မရ။ သူတို့နှစ်ယောက်သည် မီးလျှံနှင့်ညဉ့်၏အမှောင်ဖြင့် တန်ဆာဆင်၍ထားအပ်သော ကြေးရောင်ထနေသော ရုပ်တုနှစ်ခုကဲ့သို့ ငြိမ်သက်နေကြသည်။ နိုဗိကောက်စိတ်ထဲတွင် ရုတ်တရက်ရှေးက အဖြစ်အပျက်များကို မြင်ယောင်လာပြီးလျှင် အတိတ်က စစ်ညာသံများ၊ ဒုန်းပြေး၍နေသော မြင်းများ၏တဖွားဖွားဖြစ်နေသော လည်ဆံမွေးများ၊ ဓားသွားချင်းရိုက်ခတ်သောအသံများ၊ ဝီခနဲ ဝီခနဲမြည်၍သွားသော မြှားသံများနှင့် ကိုင်းတောထဲတွင် တပြောင်ပြောင် လင်း၍နေသော မီးရောင်များသည် သူ၏စိတ်အာရုံ၌ ကွင်းကွင်းကွက်ကွက် ထွက်ပေါ်လာလေသည်။ သူ့စိတ်အာရုံ၌ ထင်လာသူတို့ကား ဆိုက်သီယန်လူမျိုးများပင်တည်း။ ဆိုက်သီ ယန်လူမျိုးတို့သည် ကိုင်းတောပြင်ကြီး၌ အနှစ်တစ်ထောင်ကျော်အထက်က ထိုကဲ့သို့ ကြမ်းတမ်းစွာနေခဲ့ကြသည်။ ယခုလည်း ရှေးကအတိုင်းပင် ဆက်၍နေမြဲနေကြသည်။

ထို့နောက် နိုဗိကောက်စိတ်အာရုံတွင် အဘိုးကြီး၊ ရှဒ္ဒိုင်နှင့်တကွ ရုရှတစ်မျိုးလုံးကို တရေးရေးနှင့် မြင်၍လာသည်။ ရုရှလူမျိုးတို့သည် မတစ်ထောင်သားများဖြစ်ကြသဖြင့် စိတ်သဘောအမျိုးမျိုးရှိကြသည်။ သူတို့သည် ရက်လည်းရက်စက်၍ သနားလည်း သနားတတ်ကြသည်။ နိုဗိကောက်၏ စိတ်အာရုံတွင် ထိုကဲ့သို့ စိတ်

www.burmeseclassic.com

www.burmeseclassic.com



သဘောအမျိုးမျိုးရှိသော ရှုရှုလူမျိုးသည် သူ၏ပခုံးကိုမှီ၍ ဝက်ဝံအော်သကဲ့သို့ ကျယ်လောင်စွာ အော်လိုက်သလို ကြားလိုက်ရပြီး အမျှားကြီးတုန်လှုပ်ချောက်ချား၍သွားသည်။

ထိုအခါတွင် နိုဗိကောက်မှာ ခေါင်းမြစ်ထဲတွင် မျောချင်ရာမျောနေသော ထင်းချောင်းကလေးပမာ စိတ်အားငယ်၍လာသည်။ အဘယ်သို့သော ကံကြမ္မာသည် နိုဗိကောက်အား ပျက်စီးခြင်းသို့ရောက်ရန် ကိုင်းတောကြီးထဲသို့ ပစ်ချလိုက်ပါသနည်း။ သို့သော် နိုဗိကောက်သည် ပျက်စီးခြင်းသို့ရောက်ချင်မှလည်း ရောက်ဦးမည်။ ပျက်စီးခြင်းသို့ မရောက်ဘဲနှင့် သူ၏မျှော်မှန်းချက်များ အောင်မြင်ချင်ပင် အောင်မြင်လိမ့်ဦးမည်။

ထိုအခိုက်တွင် အဘိုးကြီးက သူ့ရှေးဖြစ်ဟောင်းကို စားမြုံ့ပြန်သောသဘောဖြင့် "ရှဒ္ဒိုင်ရ ငါ သတိရသေးသကွာ၊ ၁၉၁၅ ခုနှစ်တုန်းကပေါ့ကွ။ အဲဒီတော့ ငါက စစ်မြေပြင်မှာပေါ့ကွာ။ သင့်အဖေနဲ့ ငါနဲ့အတူတူပေါ့။ မောင်မင်းကြီးသား ကောင်းရာမွန်ရာရောက်ပါစေ။ အဲဒီတုန်းက ငါက ခေါင်းစစ်တပ်ထဲမှာပေါ့ကွာ။ အဲဒါနဲ့ ငါတို့စစ်သားတစ်စုက နဲ့လယ်ကြောင်တောင်ကြီးမှာ စစ်မိုလ်နှစ်ယောက်ကို သတ်ပစ်လိုက်ကြတာကိုးကွ။ စစ်မိုလ်တွေဆိုရင် ငါတို့က သိပ်မုန်းကြတာပဲ။ သူတို့ကလည်း တကယ်ကို မုန်းစရာကောင်းတယ်။ ငါတို့မှာ အပြစ်ကလေးနည်းနည်းမရှိလိုက်နဲ့ ရှိတာနဲ့တစ်ပြိုင်နက်၊ ပါးစပ်ကို လက်သီးနဲ့ တစ်ခါတည်းပိတ်ထိုးပြီး သေနတ်နဲ့ပစ်သတ်တဲ့ အပြစ်ဒဏ်ကို ပေးလိုက်ကြတာပဲ။ ဒါနဲ့ ငါတို့ကောင်တွေက အဲဒီစစ်မိုလ်နှစ်ယောက်ကိုသတ်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ အဲဒီတုန်းက ငါတို့စစ်တပ်က တောတန်းကလေးတစ်ခုသောမှာ စခန်းချနေတယ်။ အဲဒီတောတန်းကလေးရဲ့ အလွန်မှာလည်း ရွာကလေးတစ်ရွာရှိတယ်။ အချိန်ကလည်း နည်းနည်းအားတာနဲ့ တစ်ပြိုင်နက် အဲဒီစစ်မိုလ်နှစ်ယောက်ဟာ ရွာထဲထွက် သွားကြတာပဲကွ။ မြာရာဖို့အတွက်ပေါ့ကွာ။ တခြားကိစ္စတော့ ဘာဟုတ်မလဲ။ ငါတို့က တောလမ်းကစောင့်နေပြီး ဝိုင်းထားတာကိုကွ။ ဒီတော့ သူတို့လည်း သူတို့တော့ သေကြရတော့မှာပဲဆိုတာသိပြီး အော်လိုက်ကြ ငိုလိုက်ကြတာဆိုတာ မပြောပါနဲ့တော့ကွာ။ ဆိုးတဲ့လူများဟာ သူမျာထက်ပိုပြီး သေရမှာကြောက်တာကိုးကွ။ အဲဒီစစ်မိုလ်နှစ်ယောက်ဟာ မပြောပါနဲ့တော့ကွာ။ သေရမှာကြောက်လွန်းလို့ ငါတို့ကို ဒူးထောက်ပြီး တောင်းပန်ကြတာ။ ဒီတော့ ငါတို့က မသနားတဲ့အပြင် ပိုတောင်စိတ်ဆိုးလာကြသေးတယ်။ အဲဒါနဲ့ စစ်မိုလ်တစ်ယောက်ကိုတော့ ငါတို့က ခေါင်းဖြတ်ပြီး သတ်ပစ်လိုက်တယ်။ ကျန်တဲ့တစ်ကောင်ကိုတော့ ငါတို့က ငါတို့က"ဟု ပြော၍စကားထစ်နေစဉ် ရှဒ္ဒိုင်က အာလူးမီးဖုတ်ကို အေးအောင်မှုတ်ပြီး "ဒီတော့ သင်တို့က ဘယ်လိုလုပ်သလဲ မြန်မြန်ပြောစမ်းပါ" ဟုပြောသည်။

အဘိုးကြီးက "ဒီကောင်ကိုတော့ ငါတို့က ခြေနဲ့လက်ကိုကြိုးနဲ့တုပ်ပြီး မြင်းနှစ်ကောင်ကိုချည်ပြီး တစ်ဖက်တစ်ချက်အဆွဲခိုင်းတာပေါ့ကွ။ ဘာပြောကောင်းမလဲကွာ ငနဲဟာ စောင်းကြိုးကို တင်းထားတဲ့အတိုင်း စန့်နေတာပဲ။ အဲဒါနဲ့ ငနဲက ပထမတော့ ကြိတ်ပြီး အော်တယ်ကွ"



ပြီးတော့ ငယ်သံကိုပါအောင်အော်ပြီး သွေးရူးသွေးတန်းနဲ့ ရယ်တော့တာပါပဲကွာ။ သူရယ်တဲ့အသံကြီးက သိပ်ပြီးကြောက်စရာကောင်းတာပဲကွာ။ ငါတို့ကလည်း ဝိုင်းပြီး ရယ်ကြတာပေါ့ကွာ။ အဲဒါနဲ့ နောက်ဆုံးကျတော့ ဒီကောင်ဟာ အရိုးတွေအဆစ်တွေ ပြုတ်ထွက်ကုန်တာပဲကွာ။ ဒီတော့ ငါတို့လည်း ဝမ်းသာကြလွန်းလို့ ထကလိုက်ကြတာ ကွေးနေတာပဲ။ ငါတို့ထဲက တချို့ကလည်း မြင်းနှစ်ကောင်ကို ကြိမ်နဲ့ရိုက်ပေးကြတယ်ကွ။ တချို့ကလည်း ကြိုးကိုကူပြီးဆွဲပေးကြတယ်ကွ။ ဒီနောက်တော့ ငနဲလည်း မအော်နိုင်တော့ဘူးပေါ့ကွာ။ သူ့လက်နှစ်ဖက်က မြင်းတစ်ကောင်နောက်ပါသွားပြီး သူ့ခြေပိုင်းကတော့ တခြားမြင်းတစ်ကောင်နောက် ပါသွားတာပေါ့ကွ။ သွေးတွေထွက်လိုက်တာဆိုတာလည်း မပြောပါနဲ့တော့ကွာ။ မြင်မကောင်း ရှုမကောင်းပါပဲ"ဟု ဆက်၍ပြောသည်။

"ဩော် ဒီလိုလား။ ဒီလိုလား ဒီလိုဆိုရင်တော့ ဒီကောင်လည်း သေပေတော့ပေါ့"ဟုပြော၍ ရှဒ္ဒိုင်သည် သူ့လက်ထဲမှ အာလူးမီးဖုတ်ကို လွှင့်ပစ်လိုက်သည်။ ပြီးလျှင် ကြောက်ဒူးတုန်နေသော နိုဗိကောက်ဆီသို့သွား၍ ဆံပင်ကိုဆွဲ၍ လှည့်လိုက်ပြီးလျှင် ဝမ်းအသာကြီးသာကာ သွားကြီးဖြဲ၍ နိုဗိကောက်၏ မျက်နှာကိုကြည့်နေသည်။

"မသေသေးဘဲကိုး။ ငါ့နောက်ကိုလိုက်ခဲ့စမ်း"ဟု နိုဗိကောက်ကို ရှဒ္ဒိုင်က ခေါ်သည်။

"ဘယ်ကိုလိုက်ရမှာလဲ"

"ဘယ်ကိုဆိုတာ မကြာခင်သိရမှာပေါ့"

※※※

## အခန်း(၂)

အဘိုးကြီးသည် သစ်ကိုင်းခြောက်တစ်ခုကိုမီးရှို့၍ လမ်းကိုကြည့်ပြီးလျှင် ကမ်းပါးစောက်စောက်နှင့် ချောင်းတစ်ခုဆီသို့သွားသည်။ ရှဒ္ဒိုင်က နိုဗိကောက်၏ ပခုံးကိုဆွဲ၍ ခေါ်သွားသည်။ နိုဗိကောက်စိတ်ထဲတွင် အိပ်မက်မက်သကဲ့သို့ဖြစ်နေသည်။

"ငါကိုတော့ ရေထဲနှစ်ပြီး သတ်ကြမှာမဟုတ်ဘူးထင်ပါရဲ့"ဟု နိုဗိကောက်စိတ်ထဲက အောက်မေ့ပြီးလျှင် ကြောက်လန့်ခြင်းပြင်းထန်လာသဖြင့် သူ့မျက်နှာတွင် ချွေးအေးကြီးများ ပြန်လာသည်။ သဲပြင်ပေါ်သို့ရောက်သွားသောအခါ နိုဗိကောက်မှာ ဒူးခွေ၍လဲကျသွားသည်။

ထိုအခါ ရှဒ္ဒိုင်က ဒရွတ်တိုက်၍ဆွဲခေါ်သည်။

ကမ်းဘေးတွင် ချည်၍ထားသော လှေကလေးတစ်စင်းအနားသို့ ရောက်သောအခါ သူတို့ရပ်လိုက်ကြသည်။ လှေထဲတွင် လူသေကဲ့သို့ မလှုပ်နိုင်မယှက်နိုင်ဖြစ်၍နေသော လူတစ်ယောက်လဲနေသည်ကို နိုဗိကောက် တွေ့ရသည်။ မှောင်မည်းနေသဖြင့် ထိုလူ၏ဦးခေါင်းတွင် အဝတ်ဖြူနှင့် ကြပ်စည်း၍ထားသည်ကိုသာ မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



''ဒီဘက်ကို မီးပြစမ်းပါ''ဟု ရှဒ္ဒိုင်က အဘိုးကြီးကိုပြောသည်။ အဘိုးကြီးက မီးပြသောအခါ ရှဒ္ဒိုင်ကတုံးလုံးလဲ၍နေသူကို ''မိတရိတ် သင့်မျက်စိ ကြည့်လို့ရရဲ့လား'' ဟု အဘိုးကြီးကမေးသည်။

လဲ၍နေသူက မလှုပ်နိုင်လှုပ်နိုင် လှုပ်၍ညည်းသည်။ လဲနေသူ၏အောက်ပိုင်းကို ဂုန်အိတ်နှင့်ဖုံးထားသဖြင့် ဒဏ်ရာအပြည့်နှင့်သွေးများထွက်နေသော မျက်နှာကိုသာ သစ်ကိုင်းခြောက်မီးရောင်ဖြင့် နိုဗိကောက် မြင်ရသည်။ ထို့နောက် ဒဏ်ရာနှင့်လဲနေသူမှာ အီဂေါ်၏အဖေ ဂိုရင်၏ဥယျာဉ်မှူးဖြစ်နေကြောင်းကို တွေ့ရသောအခါ နိုဗိကောက်မှာ တုန်၍သွားသည်။ နိုဗိကောက်က သူ့မျက်ခွက်သည်လည်း မိုးသောက်လျှင် အီဂေါ်အဖေ၏မျက်ခွက်ကဲ့သို့ပင် ဖြစ်ရတော့မည်ဟု အောက်မေ့ကာ တွေး၍ပူလိုက်သည်။ ပြီးလျှင် နိုဗိကောက်သည် တခြေသူ့ရဲကို မြင်လိုက်ရသည့်ပမာ နောက်သို့တွန့်၍သွားသည်။

ထိုအခါ ရှဒ္ဒိုင်က ''ဩော် ဩော် သင် သူ့ကို မှတ်မိသကိုး''ဟုပြောသည်။

''မိတရိတ်ရေ ငါတို့ ဧည့်သည်တစ်ယောက်ခေါ်လာတယ်ဟေ့၊ ဘယ်သူဆိုတာ သင် သိပလား''ဟု အဘိုးကြီးက လဲနေသူကိုပြောသည်။

လဲနေသူက မျက်စိများကို ဖြည်းဖြည်းဖွင့်၍ နိုဗိကောက်ကိုကြည့်ပြီးလျှင် နောက်သို့ ရုတ်တရက်တွန့်၍သွားသည်။

''မကြောက်ပါနဲ့။ သူ့ကို ကြိုးနဲ့တုပ်ထားပါတယ်''ဟု အဘိုးကြီးက ပြောသည်။

''အဲဒါနိုဗိကောက်ပေါ့။ သူဟာ ဗိုလ်ပဲ''ဟု လဲနေသူက လေသံသဲ့သဲ့ကလေးဖြင့်ပြောသည်။ ပြီးလျှင် ''ဒီကို သူ ဘယ်လိုလုပ်ရောက်လာသလဲ''ဟုမေးသည်။

''သူ့ဟာသူ ရောက်လာတာပဲ။ ဒီမှာ လူတစ်ယောက်ယောက်လာရှာတာနဲ့ တူပါတယ်''

လဲနေသူသည် အတော်ကြာဘာမျှမပြောဘဲ ငြိမ်၍နေပြီးလျှင် နိုဗိကောက်ကို အမုန်းလျှံများထွက်၍နေသော မျက်စိများဖြင့် စိုက်၍ကြည့်ကာ ''ဟဲ့ လူသတ်သမား အာဏာသား''ဟုပြောသည်။ ပြီးလျှင် တစ်တောင်နှင့်ထောက်၍ထရန် ကြိုးစားသည်။

''ဩော် လက်စသတ်တော့ ဒီကောင်က အရေးကြီးတဲ့ကောင်ကို၊ အစတုန်းကတော့ ဒီကောင်ဟာ ငါတို့လိုအစားထဲကပဲလို့ အောက်မေ့မိတယ်။ ဒီကောင်က မျက်ရည်စက်လက်နဲ့ ဝင်လာတော့ ငါလည်း အထင်မှားသွားတာပေါ့။ ဒါပေမယ့် လက်စသတ်တော့ မျက်ရည်က တယ်ပြီးပေါတာကိုးကွ''ဟု ပြောပြီးလျှင် အဘိုးကြီးသည် လဲနေသူ၏ နားသယ်မှချွေးများကို သုတ်၍ပေးသည်။ ပြီးလျှင် နိုဗိကောက်ဘက်သို့လှည့်၍ ''ဟေ့ လူသတ်ကောင် သင့်ကို ငါတို့ ဘယ်လိုလုပ်မလဲ၊ မြေကြီးထဲကို အရှင်လတ်လတ်မြှုပ်လိုက်ရမလား။ ဒါမှမဟုတ် ယင်မြင်းနှစ်ကောင်နဲ့ ချည်ဆွဲရမလား''ဟု ပြောသည်။ နိုဗိကောက်က ညည်းပြီးလျှင် သူ့ကို ဓားနှင့်ပိုင်းလိုက်သည့်ပမာ သဲပေါ်သို့ ပုံ၍လဲကျသွားသည်။ ရှဒ္ဒိုင်က ထူ၍မပေး။



''မိထရိတ် သင် ဘယ်လိုနေသလဲ''ဟု အဘိုးကြီးက လဲနေသူကိုမေးသည်။

''ငါ ကြာကြာမနေရတော့ပါဘူး။ မနက်ဖြန်ထိအောင်တောင် နေရမှာမဟုတ်ပါဘူး။ ဘုရားမလို့ မနက်ဖြန်ထိများ နေရရင်တော့ သိပ်ကောင်းမှာပဲ''ဟု လဲနေသူက ပြောသည်။

''ဒီကောင်ကို ခဲကြီးကြီးနဲ့ချည်ပြီး ရေထဲချရမယ်''ဟု ရှဒ္ဒိုင်က ပြောသည်။

ထိုသို့ပြောခြင်းမှာ သူ့ကိုရည်စူး၍ပြောခြင်းဖြစ်သည်ကို နိုဗိကောက်သိသည်။

''မနက်ဖြန်ကာအထိပဲ နေရရင်တော်ပါပြီ''ဟု လဲနေသူက ထပ်၍ပြောသည်။ ပြီးလျှင် နိုဗိကောက်ဘက်သို့လှည့်၍ ''ချိပ်ရောက်ဘယ်မှာလဲ ပြောစမ်းပါ။ သေခါနီးမှာ မှန်တာပြောပါ။ ဘယ်မလဲချိပ်ရောက် မြို့ထဲမှာလား''ဟုမေးသည်။

''ချိပ်ရောက် သေပြီ''ဟု နိုဗိကောက်က ပြောသည်။

မိထရိတ်သည် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်သွားပြီး ညည်းသည်။ ဘာကြောင့် မိထရိတ် ထိုကဲ့သို့ဖြစ်သွားသည်ကို နိုဗိကောက် သိသည်။

''ဒါပေမယ့် သင့်သားကလေးအတွက်တော့ ဘာမှမပူပါနဲ့။ သူ ကောင်းကောင်းမွန်မွန်ရှိပါတယ်''ဟု နိုဗိကောက်က ပြောသည်။

''ငါ့သားအကြောင်း သင်က ဘယ်လိုသိသလဲ''

''ငါကိုယ်တိုင် သင့်သားကလေးကို ငါ့ညီဆီကို သွားပို့လိုက်ပါပြီ''

လဲနေသူက နိုဗိကောက်ကို တွေ၍ကြည့်နေသည်။ အဘိုးကြီးက ''သူ လိမ်ပြောနေတာ မဟုတ်ဘူး''ဟု ပြောသည်။

''ငါတို့ကို သင်က ဘာလို့သေနတ်နဲ့ပစ်ပြီး အသတ်ခိုင်းရတာလဲ။ ဟိုတောအုပ်ကလေးထဲမှာ ငါတို့ကို တစ်ယောက်မကျန် အကုန်လုံး အဆုံးစီရင်ပစ်တယ်။ ဘယ်သူကိုမှ သနားရကောင်းမှန်းမသိဘူး။ ငါ မသေတာလည်း အင်မတန် ကံကောင်းလွန်းလို့သာ မသေတာ။ ဒါပေမယ့် ငါလည်း ကြာကြာနေရမှာမဟုတ်ပါဘူး။ မနက်ဖြန်မိုးမလင်းခင်ပဲ ငါလည်း သေရမှာပါပဲ။ ငါတို့ကို သင်တို့က ဘာလို့သတ်ရတာလဲ။ ငါတို့က သင်တို့ကို ဘယ်လိုလုပ်လို့လဲ''ဟု မိထရိတ်က နိုဗိကောက်ကိုမေးသည်။

''သတ်ဖို့အမိန့်ကို ငါက ပေးတာမဟုတ်ပါဘူး။ စစ်ဗိုလ်ကလေးက ငါမသိရဘဲနဲ့ သူ့သဘောနဲ့သူ ပစ်သတ်တာ''

''သူ လိမ်ပြောနေတာ မဟုတ်ဘူး''ဟု အဘိုးကြီးက ထပ်၍ပြောသည်။

ရှဒ္ဒိုင်က ''သူ လိမ်ပြောနေတာ မဟုတ်ဘူးဆိုတာ သင်က ဘယ်လိုလုပ်သိသလဲ။ ထောင်ချောက်ထဲမိနေတဲ့အခါမှာ ဝံပုလွေတောင် မကိုက်တတ်သလို လုပ်နေတတ်တာပဲ။ အခု သူ့ကို လွှတ်ကြည့်စမ်းပါလား။ ဘယ်လိုလုပ်မလဲဆိုတာ သင်သိရမှာပေါ့''ဟု အဘိုးကြီးကိုပြောသည်။

အဘိုးကြီးသည် မီးစကို နိုဗိကောက်မျက်နှာနားသို့ ယူလာပြီး နိုဗိကောက်၏ မျက်နှာကို သေသေချာချာကြည့်ပြီးလျှင် ''သူ လိမ်ပြောနေတာ မဟုတ်ဘူး''ဟု အခိုင်အမာ ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



"လိမ်မပြောပြော လိမ်ပြောပြော ဒီကောင်ကို ငါ ရေထဲချပစ်လိုက်မှာပဲ။ သူ့ကို သတ်မပစ်ရင် တို့ ဘေးတွေ့ချင်တွေ့နေမယ်"ဟု ရှုဒိုင်က ပြောသည်။

အဘိုးကြီးသည် ဘာမျှမပြောဘဲ မိထရိတ်အပေါ်မှာ ကုန်း၍ကြည့်သည်။ မိထရိတ်က "ငါ့ကို တောအုပ်ထဲမှာ ဟိုလူတွေနဲ့ပဲ ရောမြှုပ်ပါ။ ပြီးတော့ ငါ့အလောင်း နေရာကိုလည်း သေသေချာချာမှတ်ထားပါ။ တစ်နေ့တော့ ငါတို့ကို သတိရတဲ့လူတွေလည်း ပေါ်ချင် ပေါ်လာလိမ့်ဦးမယ်"ဟုပြောသည်။

"မပူပါနဲ့ ငါတို့ သင်မှာတဲ့အတိုင်းလုပ်ပါမယ်။ ဒါပေမယ့် သင့်သားအတွက် တော့မပူပါနဲ့။ ဒီကောင်လိမ်ပြောနေတာ မဟုတ်တူးဆိုတာ ငါသိပါတယ်" ဟု ပြောသည်။

"ဒီကောင်ဟာ မှန်တာပြောမယ့် အကောင်မျိုးမဟုတ်ပါဘူး"

"တစ်ခါတလေတော့လည်း ဒီကောင်မျိုးဟာ မှန်တာကိုပြောတတ်ပါတယ်။ လူ့အတွင်းသန္တာန်မှာ ဆင်ခြင်တုံတရားပေါ်နေပါတယ်။ ဒါကြောင့် မှန်တာကို သူ ပြောနေတာပါ"

ထို့နောက် မိထရိတ်သည် အဘိုးကြီးကို မျက်ရိပ်ပြ၍ သူ့ဆီကိုခေါ်ပြီးလျှင် "ဒီမှာ ငါ မသိလို့ မေးစမ်းပါရစေ။ ငါတို့သေသွားတဲ့အခါမှာ အခု ငါတို့ ဒီမှာ မတွေ့ဖူးတဲ့ ကောင်းတဲ့အရာတွေကိုတွေ့ဖို့ လမ်းများရှိသေးသလား"ဟု မေးသည်။

"သေဖို့ စကားတွေ ပြောမနေပါနဲ့ မိထရိတ်ရယ်။ သင့်ကို ငါ မသေအောင် ကုပေးပါမယ်။ အနာချက်ချင်း ကျက်သွားစေတတ်တဲ့ ဆေးမြစ်တွေကို ငါ သိပါတယ်။ အဲဒီလို အနာကျက်သွားစေတတ်တဲ့ ဆေးမြစ်တစ်မျိုး တောထဲမှာရှိတာကို ငါ သိပါတယ်။ ဗလာရီယန်းအမြစ်ဟာလည်း အနာကို မြန်မြန်ပျောက်စေတတ်ပါတယ်။ ဒီ ဆေးမြစ်တွေနဲ့မှ ကုလို့မရဘူးဆိုရင်လည်း ငါ ဒီပြင်ဆေးပင်တွေကို သိပါသေးတယ်"ဟု အဘိုးကြီးက အားပေးစကားပြောသည်။

မိထရိတ်ကပြုံး၍ "ငါ့ကို ဘယ်သူမှ မကုနိုင်တော့ပါဘူး။ ငါ့ကို သောက်စရာ တစ်ခုခုပေးစမ်းပါ"ဟု ပြောသည်။

အဘိုးကြီးက ခွက်တစ်ခုနှင့် မြစ်ထဲမှ ရေခပ်၍ပေးသည်။ ပြီးလျှင် "ရေသောက်ချင်တယ်ဆိုကတည်းက သင် မသေတော့ပါဘူး"ဟု အားပေးစကားပြောသည်။

မိထရိတ်သည် ရေကိုနှစ်ကျိုက်လောက်သောက်ပြီးလျှင် "ပူတယ် ပူတယ် အားကြီးပူတယ်။ ငါ မနေရတော့ပါဘူး။ မနက်ဖြန်ရောက်ရင် သေမှာပါပဲ။ အာရုံမတက်ခင် ငါ့ကို တောအုပ်ထဲခေါ်သွားပါ။ နို့မို့ရင် သူများတွေမြင်ကုန်လိမ့်မယ်"ဟု မချိသောလေသံဖြင့်ပြောသည်။ ပြီးလျှင် အဘိုးကြီးကို သူ့ဆီသို့ခေါ်၍ "သူ့ကိုလွှတ်လိုက်ပါ သူပြောတာ မှန်ချင်မှန်ပါလိမ့်မယ်။ စစ်ဗိုလ်ကလေးက သူ့သဘောနဲ့သူလုပ်တာ။ သူ ဘာမှမသိရဘူးဆိုတာလည်း မှန်ချင်မှန်ပါလိမ့်မယ်။ ဟုတ်တယ် စစ်ဗိုလ်ကလေးဆီကို သူ့မျက်လုံးပြူးပြူး၊ မျက်ဆံပြူးပြူးနဲ့ သူ လာပြီးမေးတော့ စစ်ဗိုလ်ကလေးက ငါတို့ကို မြို့ကိုခေါ်သွားမလို့လို့ ပြောလိုက်တာကိုလည်း ငါ မှတ်မိပါတယ်။ ဟုတ်တယ် ဟုတ်တယ်။



ငါ မှတ်မိပါတယ်။ သူ တကယ်ကို မသိဘူးနဲ့တူပါတယ်။ ပြီးတော့ သူက ငါ့သားကိုကယ်ထားရက်သားနဲ့ သင်တို့က သူ့ကိုပစ်သတ်လိုက်ကြမယ်ဆိုရင်လည်း သင်တို့မှာ အပြစ်ဖြစ်နေစရာရှိတယ်ဆိုတာကိုလည်း ထည့်ပြီးစဉ်းစားပါ"ဟု လေသံကလေးဖြင့်ပြောသည်။

ထိုအခိုက်တွင် ရှုဒိုင်က ကျောက်ခဲကြီးတစ်လုံးကို ယူလာပြီးလျှင် နီဗိကောက် ဘေးနားတွင် ချ၍ထားသည်။

"ငါဟာ မှန်တာတွေ ပြောနေတယ်ဆိုတာကို ငါ့အသည်းကို ခွဲပြရမလား" ဟု နီဗိကောက်က ကျယ်လောင်စွာဖြင့် တည်တည်ကြီးပြောသည်။ သို့ရာတွင် သူ့လေသံမှာ မှန်သည်ကိုပြောဟန်မပေါက်။ နီဗိကောက်သည် လီဒါတို့ နီနာတို့ သူ့ညီတို့နှင့်တကွ သူ့မိတ်ဆွေအားလုံး သူ့ရန်သူအားလုံးကို သတိရ၍ နောင်တအကြီးအကျယ်ဖြစ်လာပြီးလျှင် ထိုသူများအားလုံးကို သူကလည်း ခွင့်လွှတ်၍ သူ့ကိုလည်း ထိုသူများက ခွင့်လွှတ်ကြရန် တောင်းပန်လိုသောစိတ်ပေါ်လာသည်။ သို့ရာတွင် ထိုကဲ့သို့ ခွင့်လွှတ်လိုစိတ်၊ ခွင့်လွှတ်ရန် တောင်းပန်လိုစိတ်များ ပေါ်လာခြင်းမှာ သူ့ တွင် ကျရောက်ဆဲဖြစ်သောဘေးကို ကြောက်လန့်ခြင်းကြောင့်သာဖြစ်သည်ကို နီဗိကောက် သိသည်။ နီဗိကောက်၏ ဝမ်းထဲကစိတ်မှာမူ သူဖွင့်၍ ပြောနေသကဲ့သို့မဟုတ်ဘဲ ပုံဏ္ဏာန်လည်းမရှိ။ သန့်ရှင်းစင်ကြယ်ခြင်းလည်းမရှိဘဲ ယုတ်မာသော သဘောသာရှိသည်။ သူ၏ စိတ်သဘောအမှန်တို့သည် အန်၍ထုတ်သော အစာကဲ့သို့ သူ့လည်ချောင်းထဲတွင် ဆို့၍နေသည်။ သူ့အဖို့တွင် သေရမည့်ဘေးနှင့် ရင်ဆိုင်တိုး၍နေရသောအခိုက်တွင် နီဗိကောက်သည် သူ၏ ယုတ်မာသောစိတ်ထားများကို မြင့်မြတ်သောအခြေအနေသို့ရောက်အောင် မြှင့်တင်၍ပေးလိုသော ဆန္ဒပြင်းစွာ ပေါ်၍နေသည်။ သို့ရာတွင် သူသည် မည်ကဲ့သို့မျှမတတ်နိုင်။ သူ၏ယုတ်မာသော စိတ်ထားများသည် အားကောင်းလျက်ရှိသဖြင့် သန့်ရှင်းစင်ကြယ်သော စိတ်ထားများသည် ပြားဝပ်၍နေကြရသည်။

ထို့နောက် နီဗိကောက်သည် ထိုနေ့တွင်ဖြစ်ပျက်သော အကြောင်းများကို တစ်ခုပြီး တစ်ခု အစဉ်လိုက်ပြန်၍ သတိရသည်။ ပထမ ဂိုရင်နှင့်စကားပြောနှဲခြင်း၊ ထို့နောက် အီဂေါ်ကို သူကယ်ဆယ်ခြင်း၊ ထို့နောက် သူ့ညီနှင့်ကိုင်းတောကွင်း၌ကြုံ၍တွေ့ခြင်း၊ ထို့နောက် မီးလှုံနေကြသော ကောက်ဆက်နှစ်ယောက်နှင့် တွေ့ခြင်းများသည် သူ့စိတ်အာရုံတွင် ပြန်ထင်လာသည်။ ပြီးလျှင် ထိုသူများအဖို့တွင် သူသည် သက်သက်လူပိုတစ်ယောက် ဖြစ်၍နေသည်ကို ကွက်ကွက်ကွင်းကွင်း သဘောပေါက်သွားသည်။ သူ့ပါးစပ်က ဘာစကားပြောပြော သူ့စိတ်ထဲက ဘယ်အကြံကိုပင်ကြံကြံ ထိုသူများအဖို့တွင် သူသည် လူစိမ်းတစ်ယောက်သာဖြစ်သည်။

နီဗိကောက်စိတ်ထဲက "ဒီလူတွေဟာ ငါက နိကိုလေကို ကယ်ဆယ်မိုက်ပါလို့ စိတ်အားထက်သန်စွာနဲ့ မှာခဲ့တဲ့လူတွေပဲ။ သူတို့တွေက ငါ့စိတ်ထဲမှာ စိတ်ကောင်းဝင်လာ တဲ့အကြောင်းကို လုံးလုံးနားမလည်ကြဘူး။ သူတို့အဖို့ဆိုရင် ငါဟာ ရန်သူပဲ။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလည်း ရန်သူဗီဗီ အသနားလုံးလုံးမဖက်ဘဲနဲ့ သူတို့ သုတ်သင်ပစ်ကြမှာပဲ။ ငါက သူတို့အပေါ်မှာ အသနားမဖက်ခဲ့သလိုပဲ''ဟု အောက်မေ့၍နေသည်။

ထိုအခိုက်တွင် ရှဒ္ဒိုင်သည် လှေထဲမှ ပိုက်ဟောင်းတစ်ခုကိုယူလာပြီးလျှင် ကျောက်ခဲကြီးကို ထိုပိုက်နှင့်နိုင်မာစွာ ချည်၍နေသည်။

အဘိုးကြီးက ခေါင်းကိုခါ၍ ''ရှဒ္ဒိုင် သင့်ကျောက်ခဲကြီးကို ချထားလိုက်ပြီး သူ့ကြိုးကို ဖြည်ပေးလိုက်ပါ''ဟု ပြောသည်။

''ဘာလဲ ဆီလီတ်၊ သင် ရူးသလား။ သူ့ကိုလွှတ်လိုက်ရင် တစ်နာရီတောင် ကြာမှာမဟုတ်ဘူး။ လူတွေခေါ်လာပြီး ငါတို့ကို ဖမ်းသတ်ပစ်မှာ''ဟု ရှဒ္ဒိုင်က ပြောသည်။

''သူ ဘယ်နည်းနဲ့မှ ပြန်မလာပါဘူး''

''သင်လုပ်ပုံတွေဟာ သိပ်ဆန်းတယ် ဆီလီတ် သိပ်ဆန်းတယ်။ သင် ဒီလိုကောင်မျိုးကိုယုံတာ ငါ သိပ်အံ့သြတယ်။ ဒီအမျိုးယုတ် သတ်လာတဲ့လူတွေဟာ နည်းတာ မဟုတ်ဘူး။ ဒီတော့ နောက်ထပ် သုံးယောက်လောက်များ သတ်ရလို့တော့ ဒီအကောင်က ဘာမှဖြုံမှာမဟုတ်ဘူး''

''လူကလေးရယ် သင်ပြောတဲ့စကားက ကြမ်းလွန်းပါတယ်။ ပြီးတော့ အချက်လည်းမကျပါဘူး။ သင်ပြောသလိုဆိုတော့ ကောင်းကင်မှာ တိမ်တွေများနေတာနဲ့ နေမရှိဘူးဆိုသလို ဖြစ်နေတယ်။ တိမ်တွေ ဘယ်လောက်ထူထူ တိမ်တွေက နေကို ဖျောက်မပစ်နိုင်ပါဘူး။ ငါတို့ ဝိညာဉ်ဓာတ်ဟာလည်း နေလိုပဲ။ ဒီတော့ လေကောင်း လေသန့်များများ တိုက်ပေးလိုက်ရင် တိမ်တွေဟာ တစ်ခါတည်း လွင့်စင်သွားပြီး ကြည်လင်တောက်ပတဲ့ နေဝန်းကြီးဟာ ပေါ်ပေါက်ပါလိမ့်မယ်''ဟု အဘိုးကြီးက ပြောသည်။

ပြီးလျှင် အဘိုးကြီးသည် သူကိုယ်တိုင် နိုဗိကောက်ဆီသို့သွား၍ ကြိုးကို ဖြည်ပေးသည်။ နိုဗိကောက်သည် သူ၏ လွတ်လပ်ခြင်းကိုပင် သူမယုံနိုင်သဖြင့် သဲပေါ်တွင် ဒူးတုပ်နေမြဲဆက်၍ တုပ်နေသည်။ အဘိုးကြီးသည် နိုဗိကောက်အနားမှ ဖယ်၍မသွားဘဲ နိုဗိကောက်ကို ချည်ထားသောသားရေခါးပတ်ကိုသာ စဉ်းစားရင်း သူ့လက်ထဲတွင် ကိုင်၍နေသည်။ သူ၏ ကိုင်းတောသွားမျက်နှာမှာ အင်မတန် တည်ကြည်သည်။ ပြီးလျှင် အဘိုးကြီးက အားရပါးရပြုံး၍ ''အမောင်လူငယ် လယ်ဆိုတာ စပါးစိုက်ဖို့ ဖြစ်ပေါ်လာရသလိုပဲ။ လူဆိုတာဟာလည်း ကောင်းမှုကိုလုပ်ဖို့ မွေးလာကြရတယ်ဆိုတာကို မမေ့ပါနဲ့။ ကောင်းမှုကိုစိုက်ရင် ကောင်းကျိုးများ သီးလာလိမ့်မယ်။ မကောင်းမှုကိုစိုက်ရင် မကောင်းကျိုးများဘဲ သီးလာမှာပဲ။ ငါတို့ချမ်းသာဖို့ ဆင်းရဲဖို့ဆိုတာဟာ ငါတို့ကောင်းမှုကို လုပ်ခြင်းမလုပ် ခြင်းအပေါ်မှာပဲ တည်တယ်။ ဒါကြောင့် လူတွေဟာ လယ်သမားက သူ့လယ်ကိုချစ်သလို မိမိတို့ရဲ့ အိမ်နီးချင်းတို့ရဲ့ အကျိုးကို ထည့်စဉ်းစားပြီး ချစ်ကြမယ်ဆိုရင် လောကကြီးဟာ ကောင်းကင်ဘုံလို ဖြစ်လာမှာပဲ။ ဒီသဘောဟာ အင်မတန်ရှင်းပါတယ်''ဟု အဘိုးကြီးက ပရိယာယ်မဖက်ဘဲနဲ့ ပြောသည်။



နိုဗိကောက်က မရဲတရဲနှင့် အဘိုးကြီးကိုမော့၍ကြည့်သည်။ အဘိုးကြီးသည် တုတ်တုတ်ခန့်ခန့် ဗလကောင်းကောင်းကြီးဖြစ်သည်။ မှောင်မိုက်ထဲတွင် အဘိုးကြီး၏ မျက်စိကိုမမြင်ရ။ သို့ရာတွင် သူ၏လက်ကြီးသည် နိုဗိကောက်၏ပခုံးကို ဖခင်၏ ချစ်ခြင်းဖြင့် ကိုင်ထားသည်ကို နိုဗိကောက် တွေ့ရသည်။ အဘိုးကြီး၏ အင်အားသည် သူ့တစ်ကိုယ်လုံးထဲသို့ စိမ့်ဝင်၍သွားပြီးလျှင် နိုဗိကောက်အား ယုံကြည်စိတ်ကို ဖြစ်ပေါ်လာစေသည်။ အဘိုးကြီးကို လိမ်ကောက်ပြော၍ မရနိုင်သည့်အဖြစ်ကို နိုဗိကောက် သဘောပေါက်သည်။ စင်စစ်ဆိုသော် အဘိုးကြီးမှာ လူသားတစ်ယောက်လည်းမဟုတ်၊ သာမန်ကျေးတောသားကြမ်းကြမ်းတစ်ယောက်လည်းမဟုတ်ဘဲ၊ ဘယ်အခါမျှ ဖောက်ပြန်ခြင်းမရှိသော နိယာမတရားတုံးကြီးလည်းဖြစ်ပြီးလျှင် ကမ္ဘာနှင့်သက်တူရွယ်တူ ဖြစ်သော ပညာရောင်ခြည်တုံး ကြီးလည်းဖြစ်သည်။ ထိုပညာရောင်ခြည်တုံးကြီးသည် သူ၏နှလုံးကို အောင်မြင်၍သွားခဲ့ပြီ။ နိုဗိကောက်၏နှလုံးသည် အမည်နာမဖော်ထုတ်၍ မပြောနိုင်သော တန်ခိုးအာနိသင်တစ်ခု၏ အစွမ်းဖြင့် ကြည်လင်တောက်ပလျက်ရှိသည်။ နိုဗိကောက်မှာ တရားမှန်ကိုမြင်၍ ရွှင်လန်းကာ တုန်လျက်ရှိသည်။ နိုဗိကောက်သည် ရုတ်တရက် မျက်ရည်များကျလာပြီးလျှင် မည်သည့်အရာကိုမျှ ထင်ရှားအောင်မမြင်တော့။

''ဘကြီးဆီလီတ်တို့ ရှရှလူမျိုးတို့ သင်တို့ဟာ သင်တို့ကိုယ်နှင့်တကွ ရှရှပြည်ကြီးကို ကယ်နိုင်မယ့် သူများဖြစ်တယ်ဆိုတာကို ငါ သိပါတယ်။ ငါတို့ကိုလည်း ငါတို့မကောင်းမှုမှ ကယ်တင်ပေးပါ။ အဆောတလျင်ပင် ကယ်တင်ပေးပါ''ဟု နိုဗိကောက်က လေသံဖြင့် စိတ်ပါလက်ပါပြောသည်။

ရှဒ္ဒိုင်က အံ့အားသင့်စွာဖြင့် ''သူ ဘာတွေလျှောက်ပြောနေသလဲ''ဟု မေးသည်။

''သူ့အသိတရားဟာ အောင်မြင်နေတယ်။ ပြီးတော့ အသက်ချမ်းသာရရတဲ့ အတွက်လည်း သူ ဝမ်းသာနေတာပေါ့''ဟု အဘိုးကြီးကပြောသည်။ ပြီးလျှင် နိုဗိကောက်ဘက်သို့လှည့်၍ ''ကိုင်း မိတ်ဆွေ သင် သွားပေတော့''ဟုပြောသည်။

နိုဗိကောက်သည် ဝမ်းအသာကြီးသာပြီးလျှင် ကမ်းပါးပေါ်သို့ အဇဆာတလျင် ပြေး၍တက်သွားသည်။ ရှဒ္ဒိုင်က အဘိုးကြီးကိုမကြည့်ဘဲ နိုဗိကောက်နောက်သို့ လိုက်သွားသည်။ အဘိုးကြီးက ရှဒ္ဒိုင်၏ အင်္ကျီလက်ကိုဆွဲပြီးလျှင် ''မလိုက်ပါနဲ့ကွာ။ သူပြန်လာမှာ မဟုတ်ပါဘူး။ လာလည်း မလာရဲပါဘူး။ သူ့နှလုံးမှာ သေရာပါမယ့် အမာရွတ်ရသွားပါပြီ။ သူက လူတစ်ယောက်ကို နောက်ထပ်သတ်မယ်ဆိုရင် သူ့ကိုယ်သူ သတ်သလိုဖြစ်နေမှာပဲ''ဟု ပြောသည်။

နိုဗိကောက်သည် မြင်းပေါ်သို့ ရုတ်တရက် တက်၍မရ။ နောက်ဆုံး မြင်းပေါ်သို့ ရောက်သွားသောအခါ နိုဗိကောက်က ''ငါသွားပြီ ဆီလီတ်။ သင့်ကို ငါ ဘယ်တော့မှ မမေ့ပါဘူး''ဟု အသံပြာပြာနှင့်ပြောပြီးလျှင် မြင်းကို ခွာစုံစိုင်း၍သွားသည်။

မြင်းစီးသွားရင်းနှင့် နိုဗိကောက်သည် သူ့အတွင်းသန္တာန်၌ ရုတ်တရက် ပေါ်လာသော စိတ်ကောင်းကလေးကို ပျောက်ပျက်မသွားအောင် ကြိုးစား[illegible]သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ထိုစိတ်ကောင်းကလေးမှာ ချက်ချင်းပင် ပျောက်ကွယ်သွားသဖြင့် သူ့ဟာသူ ပင်အံ့သြမိသည်။

ပြီးလျှင် သေရမည့်ဘေးကို သူ့စိတ်ထဲက ထပ်တလဲလဲပြန်၍ စဉ်းစားမိသည်။ သူ၏ လည်ပင်းတွင် ကျောက်ခဲကြီးချည်၍ မြစ်၏အောက်ခြေသို့ ရောက်နေဘိသကဲ့သို့လည်း ကွက်ကွက်ကွင်းကွင်း သူ့စိတ်အာရုံတွင်း၌ ထင်နေသည်။ ပြီးလျှင် အမျက်ပြင်းစွာထွက်၍ စစ်ဗိုလ်ကလေးကိုခေါ်ပြီး ကောက်ဆက်နှစ်ယောက်ကို အရသာရှိရှိ လက်စားချေကာ သေနတ်နှင့်ပစ်သတ်လိုသော ဆန္ဒပေါ်လာသည်။ သို့ရာတွင် ထိုကဲ့သို့လုပ်လျှင် သူညံ့ဖျင်းသည့်အဖြစ်ကို စစ်ဗိုလ်ကလေးသိသွားရုံသာရှိမည်။ ထို့ကြောင့်ပင် လက်စားချေဖို့အလုပ်ကို သူ လက်လျှော့လိုက်သည်။ ထို့နောက် သူ့ကိုယ်သူလည်း စိတ်ဆိုး၊ ကောက်ဆက်နှစ်ယောက်ကိုလည်းစိတ်ဆိုး။ ကောင်းကင်ကကြယ်များကိုပါ စိတ်ဆိုး၍နေသဖြင့် နိုဗိကောက်သည် သူ့ဟာသူ ဘယ်လိုစိတ်တွေဝင်နေသည်ဟုပင် မသိအောင်ဖြစ်နေသည်။ နောက်ဆုံးတွင် သူ့ဟာသူ ဘယ်လိုဖြစ်နေသည်ကိုမျှမသိလျှင် မိုက်ရာကျမည်ဖြစ်သဖြင့် သူ့အဖြစ်ကို သူ့ဟာသူ သဘောပေါက်သွားသည်။

“ဒီကိစ္စဟာ အများကြီး ရှင်းနေတာပဲ။ ဒီကိစ္စမယ် အလယ်အလတ်လမ်းမရှိဘူး။ ငါဟာ အများကြီးကို ပျော့လွန်းနေတယ်။ ပျော့နေရင် ငါ ဒုက္ခရောက်မှာပဲ။ အဘိုးကြီးပြောတာ မှန်ချင်လည်း မှန်မှာပဲ။ ဒါပေမယ့် သူ့အမှန်က တိုင်းသူပြည်သားတွေအတွက် အမှန်ဖြစ်တော့ အင်မတန်ခက်ပြီး၊ အများကြီး ခရီးကြန့်ကြာမယ့်အမှန်ပဲ။ ငါတို့တစ်သက်မယ် ဖြတ်လမ်းမရှိဘူး။ ငါတို့မှာလည်း ငါတို့ ကိုယ်ပိုင်ကျောက်သားလိုမာတဲ့နှလုံးနဲ့ အကြမ်းမှုကို ခိုင်မြဲစွာ ယုံကြည်တဲ့ အမှန်တရားအရှိသား်ပဲ”ဟု နိုဗိကောက်အောက်မေ့သည်။

နိုဗိကောက်သည် ညနာရီပြန်နှစ်ချက်တီး အချိန်လောက်တွင် ဂိုရင်အိမ်သို့ ပြန်ရောက်သည်။ ထို့နောက် သူ့အသံပြာနေသည်ကို သူဂရုမပြုဘဲနှင့် စစ်ဗိုလ်ကလေးကိုနှိုးသည်။ ပြီးလျှင် မီးဖိုနားက ရေတိုင်ကီသို့သွား၍ သူ့ခေါင်းကို အကြာကြီး ရေနှင့်လောင်းသည်။ ပြီးလျှင် “သိပ်မိုက်တာပဲ။ သိပ်အသုံးမကျတာပဲ။ သိပ်စိတ်ဆိုးစရာကောင်းတာပဲ” ဟု ရေရွတ်သည်။ သို့ရာတွင် သူ့အတွင်းသန္တာန်တွင်မူ ကြောက်လန့်ခြင်းသည် မပျောက်သေး။

ထိုအခိုက်တွင် စစ်ဗိုလ်ကလေးသည် ပြောင်လက်နေအောင် အရောင်တင်ဆေးတိုက်ထားသော ခြေနင်းများကိုစီး၍ နိုဗိကောက်ဆီသို့လာ၍ “အို ရဲဘော်ဗိုလ်ကြီး ပြန်လာပကိုး။ ငါရဲ့ အောင်မြင်မှုကို ငါကိုယ်တိုင်လာပြီး အစီရင်ခံချင်တာနဲ့ သင့်ကိုစောင့်နေလိုက်ရတာ ဖျင်းကိုယူတာပဲ။ ငါက စိတ်ဓာတ်တိုက်ရေး ပရိယာယ်ကိုဆင်ပြလိုက်တာနဲ့ သူနာပဟာ တစ်ခါတည်း အရေးနိမ့်သွားပြီး အခုဆိုရင် ချွေလဲနေပြီ”ဟုပြောသည်။

ပထမတွင် စစ်ဗိုလ်ကလေးပြောသည့် စကား၏အဓိပ္ပာယ်ကို နိုဗိကောက်နားမလည်။ နောက်မှနားလည်၍ “အို ဒါအရေးမကြီးပါဘူး”ဟု လက်ကိုဝှေ့၍ ပြောသည်။



စစ်ဗိုလ်ကလေးက ဘာလို့ ဒါလောက်ကြာနေသလဲဟု မေးသောအခါ နိုဗိကောက်က ကိုင်းတောထဲက မိန်းမနှစ်ယောက်အကြောင်း ထိုးဇာတ်ကို ပြန်၍ ပြောသည်။

စစ်ဗိုလ်ကလေးက ရယ်သည်။ နိုဗိကောက်ကလည်း အတော်မသတ်အောင်ရယ်သည်။ ပြီးလျှင် သူ့စိတ်ထဲက “ငါဟာ အိပ်ပျော်သွားပြီး အိပ်မက်မက်နေတာနဲ့တူတယ်။ အိဂေါ်တို့ အိဂေါ်အဖေတို့ ကောက်ဆက်နှစ်ယောက်တို့ နိကိုလေနဲ့တွေ့တာတို့ဟာ အားကုန်လုံး အိပ်မက်ချည်းပဲ။ ဒါပေမယ့် ငါ့အဝတ်တွေလည်း ကြေနေတယ်။ ငါ့ကိုယ်မှာလည်း သဲတွေပေနေတယ်။ ငါ့လက်ကောက်ဝတ်တွေမှာလည်း သားရေခါးပတ်ဒဏ်ကြောင့် ပွန်းပဲ့အတွင်းကြေကြေပြီး ညိုမည်းနေတယ်”ဟု တွေးမိသည်။

ကောက်ဆက်နှစ်ယောက်နှင့် တွေ့ခဲ့ရခြင်း၊ သေခြင်းနှင့် ရင်ဆိုင်တိုးခဲ့ရခြင်းတို့ကြောင့် နိုဗိကောက်သည် အတော်သတိတရားရ၍သွားသည်။ သေခြင်းမှာလည်း သူကြိုက်သော တိုက်ရင်းခိုက်ရင်းသေရမည့် သေခြင်းမျိုးမဟုတ်ဘဲ အများကြီးစဉ်းစားပြီးမှ သေရမည့်သေခြင်းမျိုးဖြစ်သဖြင့် အလွန်စက်ဆုပ်စရာကောင်းသော သေခြင်းမျိုးဖြစ်သည်။ နိုဗိကောက်သည် နှုတ်ခမ်းကိုကိုက်၍ ဣန္ဒြေကြီးနှင့်စဉ်းစားနေသည်။ ထိုအခိုက်တွင် စစ်ဗိုလ်ကလေးက သူ့ကို သေသေချာချာ ကြည့်၍နေသည်။

“တို့လူတွေအားလုံး ရှိကြရဲ့လား”ဟု နိုဗိကောက်က အသံတုန်တုန်နှင့် မေးသည်။

“ဒီကောင်တွေ အကုန်အိပ်ပျော်နေကြပြီ။ သေရည်ခန်းထဲမှာ အကုန်လုံး မှူးလဲနေကြတယ်။ ဒါနဲ့ သူတို့ခြေထောက်ကို ဒရွတ်တိုက်ဆွဲပြီး ခေါ်လာရတယ်။ ဗိုလ်ကြီးက ဘာလို့ သေရည်ခန်းကသော့ကို ပေးထားခဲ့ရတာလဲ။ သူတို့သောက်ပစ်ကြတာ သေရည်တွေ တစ်ဝက်လောက်ကို ကုန်သွားတာပဲ”

“တော်သေးတာပေါ့။ ကျန်တာဟာလည်း ငါတို့သောက်လောက်ပါသေးတယ်။ လာ ငါတို့ သွားစစ်မယ်။ ငါ့လည်း သေရည်နည်းနည်းပေးပါဦး”

သူတို့နှစ်ယောက်သည် သေရည်ခန်းသို့သွားကြသည်။ သေရည်ခန်းထဲတွင် စစ်သားများ ရမ်းရမ်းကားကား သောက်ထားခြင်း၏ သက်သေခံဖြစ်သော ပုလင်းလွတ်များမှာ ခြေချစရာမရှိလောက်အောင် ဖြစ်နေသည်။ စည်ကြီးတစ်ခု၏ နောက်နားတွင် စစ်သားတစ်ယောက်မှာ အမှူးလွန်၍ ခြေပစ်လက်ပစ်တုံးလုံးကြီးလဲ၍ တဖေါ်ဖေါ်နှင့် ဟောက်ကာ အိပ်ပျော်နေသည်။

နိုဗိကောက်သည် သေရည်မူးစစ်သားကို သေသေချာချာကြည့်၍ “ဒီကောင်ကို ငါအားကျလိုက်တာ”ဟု အောက်မေ့သည်။ ထို့နောက် သေရည်ပုလင်းကိုယူ၍ ပုလင်းလည်ပင်းကို သေရည်သေတ္တာနှင့် ရိုက်ချိုးလိုက်ပြီးလျှင် ဖန်ရွက်တွေကို ငုံ၍ သောက်လိုက်သည်။ သူ၏မျက်နှာတွင် ပြုံးရယ်ခြင်း၏ အခြင်းအရာကို မတွေ့ရဘဲ စိတ်မချမ်းမြေ့ခြင်း၏ လက္ခဏာများကိုသာ တွေ့ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်ကလေးရေ သောက်ဟေ့။ ဒါဟာ ငါ့ရဲ့သေရွာပြန် အထိမ်းအမှတ်ပွဲပဲ"ဟု နိုဗိကောက်က ပြောသည်။

"သူတို့ဒဏ်ကို ခံနိုင်ဖို့ဆိုတာက လွယ်တာမှမဟုတ်ဘဲ"

"ဘယ်သူ့ဒဏ်ကိုလဲ"

"ဘယ်သူ့ဒဏ်ကိုရမလဲ မိန်းမနှစ်ယောက်ရဲ့ ဒဏ်ကိုပေါ့"

"ဟုတ်တာပေါ့"

နိုဗိကောက်သည် သူ့ရင်ဘတ်ကို သူ့ဟာသူလက်နှင့်စမ်း၍ကြည့်သည်။ သူ့ရင်ဘတ်မှာ တဒိန်းဒိန်းခုန်၍နေသည်။ ပြီးလျှင် ရုတ်တရက်ပြုံး၍ "ဗိုလ်ကလေးရေ သင့်ခြောက်လုံးပြူး ငါ့ကို ပေးစမ်းဟေ့"ဟုပြောသည်။

စစ်ဗိုလ်ကလေးမှာ အံ့အားသင့်၍သွားသော်လည်း နိုဗိကောက်တောင်းသည့်အတိုင်း သူ့ခြောက်လုံးပြူးကို ထုတ်၍ပေးသည်။ နိုဗိကောက်သည် ခြောက်လုံးပြူးပြောင်းဝကို စစ်ဗိုလ်ကလေးဘက်သို့လှည့်၍ စစ်ဗိုလ်ကလေး၏ မျက်နှာကို ကြည့်ပုံတစ်မျိုးဖြင့် စူးစိုက်၍ကြည့်နေသည်။

"သတိထားပါ ရဲဘော်ဗိုလ်ကြီး ကျည်ဆန်ထွက်သွားပါဦးမယ်"

"ကြောက်သလား"ဟု နိုဗိကောက်ကမေးသည်။ သူ့အသံမှာ တစ်မျိုးဖြစ်သဖြင့် စစ်ဗိုလ်ကလေး၏ မျက်နှာတွင် သွေးဆုတ်၍သွားသည်။ ပြီးလျှင် စစ်ဗိုလ်ကလေးသည် လန့်၍ နောက်သို့ခြေတစ်လှမ်းဆုတ်လိုက်သည်။ နိုဗိကောက်က ခေါင်းကိုဆတ်ခနဲခါ၍ "ကြောက်သလား"ဟု ထပ်ပြီးမေးသည်။ ထို့နောက် နိုဗိကောက်သည် ဖြုန်းခနဲ တစ်ဘက်သို့ လှည့်လိုက်ပြီးလျှင် သေရည်ခန်းတစ်ဘက်နံရံဘေးတွင်ရှိသော သေရည်စည်အဆို့ကို ခြောက်လုံးပြူးနှင့် ချိန်၍ပစ်လိုက်သည်။ ထိုအခါ နီမြန်းသော သေရည်တို့ ယိုစီး၍ထွက်လာသည်။

စစ်ဗိုလ်ကလေးမှာ လန့်ပြီး နောက်သို့တွန့်သွားသည်။ နိုဗိကောက်ကရယ်၍ "ကြည့်စမ်း။ အသည်းတည့်တည့်ကို မှန်တာပဲ။ သွေးတွေထွက်လာပြီ။ ဟား...ဟား...ဟား...ဟား"ဟု ပြောသည်။

စစ်ဗိုလ်ကလေးမှာ တစ်ခဏတာမျှ စကားမပြောနိုင်ဖြစ်သွားပြီး ခေါင်းကိုညိတ်၍ "အို တကယ့်ကို လက်တည့်တာပဲ။ ပါမောက္ခကြီးတစ်ယောက်ဟာ ဒါလောက်လက်တည့်လိမ့်မယ်လို့ ငါ မထင်မိဘူး"ဟု ပြောသည်။

သေနတ်သံမှာ သေရည်ခန်းတွင် အရှိန်မတိတ်သေး။ မီးခိုးများနှင့် ယမ်းနံ့များလည်း တစ်ခန်းလုံးပြည့်လျက်ရှိသည်။ နိုဗိကောက်သည် အမှတ်မထင်ပြောင်းဝကို ပါးစပ်နှင့်မှုတ်လိုက်ပြီး အရယ်ရပ်သွားသည်။

ပြီးလျှင် နိုဗိကောက်က "ဒီမှာ ဗိုလ်ကလေး သင် ဝိညာဉ်ရှိတယ်ဆိုတာကို ယုံသလား"ဟုမေးသည်။



စစ်ဗိုလ်ကလေးက ထိုသို့မေးသည်ကို သဘောမကျ။ သို့ရာတွင် နိုဗိကောက်၏ လက်ထဲက ခြောက်လုံးပြူးသေနတ်ကို သတိနှင့်ကြည့်နေပြီး "ဝိညာဉ်ရှိတယ်မရှိဘူးဆိုတာကို ငါ အသေအချာမပြောနိုင်ဘူး"ဟု အလိမ္မာပြော ပြောသည်။

"သေသေချာချာ မပြောနိုင်ဘူးဆိုတာက ဘယ်လိုလဲ"

စစ်ဗိုလ်ကလေးက မျက်မှောင်ကြုတ်၍ "စိတ်လည်းမရှိပါနဲ့ ရဲဘော်ဗိုလ်ကြီး။ ငါ့ကို ဘယ်လိုများမှတ်နေလို့ သင်က ဒီလိုမေးရတာလဲ။ ငါဟာ ပညာတတ်တစ်ယောက်ပါ။ ဒီအကြောင်းတွေကို ငါ ကောင်းကောင်းကြီးသိပါတယ်။ နှလုံးရယ်၊ ကျောက်ကပ်ရယ်၊ အူတွေရယ်ကလွဲလို့ ဝိညာဉ်ဆိုတာ မရှိပါဘူး"ဟုပြောသည်။

"ကိုင်း ထားပါတော့။ ဒါပေမယ့် တကယ်လို့ သင့်ကို ဝိညာဉ်ဆိုတာရှိတယ်လို့ ပြောမယ်။ ပြီးတော့ ဝိညာဉ်ဆိုတာရှိကြောင်းကို သင့်ဟာသင်လည်း သိမယ်။ ပြီးတော့ ဒီဝိညာဉ်က သင်လုပ်ချင်တာကို မလုပ်ရအောင် တားဆီးဟန့်တားလုပ်မယ်ဆိုရင် သင် ဘယ်လိုလုပ်မလဲ"

"ဗိုလ်ကြီးတော့ မူးနေပြီ။ ငါ့ကို သူ ဘာများလုပ်ချင်လို့လဲမသိဘူး"ဟု စစ်ဗိုလ်ကလေး စိတ်ထဲကထင်လိုက်သည်။ ပြီးလျှင် ပြုံးပြုံးရွှင်ရွှင်နှင့် "အဲဒီလိုဆိုရင် ငါဟာ ဆရာဝန်ဆီသွားပြီး ဝိညာဉ်ကို ခွဲထုတ်ပစ်လိုက်မယ်။ ဝိညာဉ်က အနှောင့်အယှက်ပေးမယ်ဆိုရင် ဝိညာဉ်ကို ဖယ်ရှားပစ်ရမှာပေါ့"ဟု ပြောသည်။

"အူက အတက်ကို ဖြတ်ပစ်သလိုပေါ့"

"ဟုတ်တယ် မကောင်းတဲ့သွေးကို ခွဲထုတ်ပစ်သလိုပေါ့"

"နိုဗိကောက်သည် ဖြုန်းခနဲ ခြောက်လုံးပူးသေနတ်ကို စစ်ဗိုလ်ကလေးသို့ လှမ်း၍ ပေးလိုက်ပြီးနောက် "သင်နဲ့ ငါနဲ့ဟာ သွေးနဲ့စပ်ထားတဲ့ ညီအစ်ကိုပဲ။ ဗိုလ်ကလေး ငါတို့နှစ်ယောက်လုံးဟာ မာရ်နတ်ရဲ့ တပည့်ချည်းပဲ။ ဝိညာဉ်ကို အလိုမရှိ။ ဘုရားကိုယုံကြည်တဲ့ စောက်ရူးတွေကို အလိုမရှိ။ ငါတို့မှာ ငါတို့ရဲ့ အမှန်တရားပဲ"ဟုပြောသည်။

"ဗိုလ်ကြီးတော့ တကယ့်ကို မူးနေပြီ"ဟု စစ်ဗိုလ်ကလေး စိတ်ကထင်သည်။ သို့ရာတွင် စစ်ဗိုလ်ကလေး၏ အထင်မှာမမှန်။ နိုဗိကောက်သည် သေရည်မမူး အင်မတိ အင်မတန် သတိနှင့်ပြည့်စုံနေသည်။

နိုဗိကောက်၏ အိပ်မက်ထဲတွင် ဂိုရင်က အင်္ကျီဖြူဖြူကိုဝတ်၍ "သင့်ကို ငါ အပြစ်လွှတ်ပါတယ် နိုဗိကောက်။ သင့်အပေါ်မှာ ငါ ဘာမှမွေးမယူပါဘူး။ ငါတို့ဟာ အဲဒီလိုပဲ တစ်ယောက်နဲ့တစ်ယောက် ညီလိုအစ်ကိုလိုချစ်ခင်ပြီး နေကြထိုင်ကြရမယ်"ဟု နိုဗိကောက်ကို သားပမာ ကြင်နာယုယစွာ ကြည့်၍ပြောသည်။ ဂိုရင်၏အသံမှာ အထူးပင် သာယာပျော့ပျောင်းရှိပြီးလျှင် သူ့မျက်နှာမှာလည်း ပြုံးလျက်ရှိသည်။

နိုဗိကောက်မှာ တစ်ကိုယ်လုံး ပီတိလွှမ်း၍သွားသည်။ ဂိုရင်အပေါ်တွင် ရုတ်တရက် မေတ္တာစိတ်ဖြစ်ပေါ်လာခြင်း၏တန်ခိုးဖြင့် နိုဗိကောက်မှာ ဝမ်းမြောက်

www.burmeseclassic.com

www.burmeseclassic.com



ရှင်လန်းခြင်းဖြစ်၍လာသည်။ ပြီးလျှင် သူ၏ဝိညာဉ်သည် ရှင်လန်းခြင်းဖြစ်၍ သူ၏ မျက်စိများတွင် မျက်ရည်များလည်၍လာသည်။ ထို့နောက် ဂိုရင်က အနည်းငယ်ကုန်း၍ နိုဗိကောက်၏ ဆံပင်များကို သူ့လက်ဖြင့်သပ်၍ပေးသည်။ ထိုအခိုက်တွင် နိုဗိကောက်၏ ပတ်ဝန်းကျင်တစ်ခုလုံးသည် သူ့ကလေးဘဝကဲ့သို့ ကြည်လင်ပျော်ရွှင်ဖွယ်ဖြစ်၍လာသည်။ နိုဗိကောက်သည် ဂိုရင်၏ အံ့ဩလောက်အောင် ကြည်ညိုဖွယ်ကောင်းသော မျက်နှာကိုကြည့်ရင်း ဂိုရင်ကို ကျေးဇူးတင်သည့်အကြောင်းနှင့် သူ၏ရွှင်လန်းဝမ်းမြောက်ခြင်းကို ဂိုရင်အား မျှ၍ယူရန် ပြောမည်ဟု ကြံလိုက်သည်။ ထိုအခိုက်တွင် ဂိုရင်၏မျက်နှာ ကွယ်ပျောက်သွားပြီးလျှင် ရှဒ္ဒိုင်၏မျက်နှာ မကောင်းသောစိတ်နှင့် သတိထား၍ကြည့်နေသော မျက်နှာဖြစ်သည်။ ပြီးလျှင် နိုဗိကောက်က ''သင့်ကို ငါ ဘာလို့ ခွင့်လွှတ်ရမှာလဲ။ သင့်လည်ပင်းကို ကျောက်ခဲဆွဲပြီး သင့်ကို ငါ မြစ်ထဲပစ်ချမယ်''ဟု ရှဒ္ဒိုင်ကိုပြောသည်။

နိုဗိကောက်မှာ အိပ်ရာကနိုး၍လာသောအခါ ချွေးအေးကြီးပြန်လာသည်။ သူ အိပ်ပျော်သည်မှာ မကြာ။ အလွန်ဆုံး တစ်နာရီခန့်သာရှိမည်။ ပြတင်းပေါက်မှနေ၍ မြစ်ဘက်သို့ကြည့်လိုက်သောအခါ အရုဏ်တက်၍နေသည်ကို နိုဗိကောက် တွေ့ရသည်။

ဂိုရင်သည် သူ့ကိုယ်သူ သတ်သေပြီဟု အောက်မေ့ပြီးလျှင် နိုဗိကောက်မှာ လန့်၍သွားသဖြင့် ဂိုရင်၏အခန်းထရံကို အသာကပ်၍နားထောင်ကြည့်သည်။ ဂိုရင် အခန်းမှာ တိတ်ဆိတ်နေသည်။ နိုဗိကောက်သည် သူ့အထင်နှင့်သူ အလန့်ကြီးလန့်သွားပြီးလျှင် အသက်ကိုပင် မှန်အောင်မရှူနိုင်။ သို့နှင့် နိုဗိကောက်သည် အဝတ်ကပျာကယာ လဲ၍ စင်္ကြံဆောင်သို့ပြေး၍သွားသည်။ ဂိုရင့်အခန်းပေါက်ကို စောင့်၍နေသောစစ်သားမှာ ဆောင့်ကြောင့်ထိုင်၍ သေနတ်ကို နဖူးနှင့်မှီပြီးလျှင် အိပ်ပျော်နေသည်။

''ဟေ့ ထ ထ''ဟု နိုဗိကောက်က စစ်သားကိုပြောသည်။ စစ်သားလည်း လန့်၍ ဗြုန်းခနဲထလိုက်သည်။ နိုဗိကောက်သည် သူ့သောကကို သူချုပ်တည်း၍ ဂိုရင့် အခန်းတံခါးကို တအားဆွဲ၍ဖွင့်လိုက်သည်။

ဂိုရင်သည် သူ့စားပွဲတွင်ထိုင်၍ စာရေးနေသည်။

''သင် မသေဘူးနော်''ဟု နိုဗိကောက်က ပြောသည်။

သူ့ဝမ်းထဲက ဂိုရင်ကို မုန်းသောစိတ်ပေါ်လာပြန်သဖြင့် နိုဗိကောက်အဖို့မှာ ဖြေဖြတ်၍မရသော ပြဿနာဟောင်း ပြန်၍ပေါ်လာပြန်သည်။

''သင်က ငါ့ကို သေစေချင်နေသလား''ဟု ဂိုရင်ကပြော၍ နိုဗိကောက်ကို မြင်ရလျှင် စိတ်မချမ်းသာသည့်ပမာ ကြည့်၍ပြောသည်။ ပြီးလျှင် ''ငါ့ကို သေစေချင်ရင်လည်း သင်ကိုယ်တိုင်သတ်ပေါ့။ ဒီကိစ္စမှာ ငါကတော့ ကူမပေးပါရစေနဲ့''ဟု ပြောသည်။

''သင် ဘာတွေ ရေးနေသလဲ''ဟု နိုဗိကောက်က တုန်တုန်ယင်ယင်နှင့် မေးသည်။



''ဝမ်းမသာပါနဲ့ဦး။ ငါရေးနေတာဟာ သင် ရေးစေချင်တာမဟုတ်ပါဘူး''ဟု နှုတ်ခမ်းကိုရွဲ၍ပြောသည်။ ဂိုရင်၏ ဖျော့တော့သောမျက်နှာက ''သင်က၊ သင် ရေးစေချင်တာကို ငါ ရေးလိမ့်မယ်လို့ မျှော်လင့်နေတုန်းပဲရှိသေးသကိုး''ဟု ဆိုလိုဟန် ပေါက်နေသည်။

ဂိုရင်၏မျက်နှာထားမှာ ရှင်းလှသဖြင့် နိုဗိကောက်က ''မမျှော်လင့်တော့ပါဘူး ဂိုရင်။ သင့်ကိုလည်း ငါ နောက်ထပ် မတိုက်တွန်းတော့ပါဘူး။ တိုက်တွန်းရင်လည်း အလကားနေမှာပဲဆိုတာကို ငါ သိပါတယ်''ဟုပြောသည်။

''ဒါဖြင့် သင် ဘာလိုချင်သလဲ''

''သင် ဘာရေးနေသလဲ''

''အရင်တုန်းက ငါ့ဟာငါ သတိမထားမိခဲ့တဲ့ ငါ့စိတ်နေ့ဝင်းတွေကို ရေးနေတယ်''

''သင် ရေးတာကို ဘယ်သူဖတ်မှာလဲ''

''သင်လိုလူမျိုးတွေဖတ်ဖို့မဟုတ်ပါဘူး။ ငါ့စိတ်ကူးတွေက သင့်ဖို့မဟုတ်ပါဘူး''

''ငါဖို့ မဟုတ်ဘူးဆိုရင်တော့ ကောင်းပါတယ်''ဟု ပြောပြီးလျှင် နိုဗိကောက်သည် ဂိုရင်အနားသို့တိုး၍ သွားသည်။ ဂိုရင်က ကပျာကယာ သူရေးနေသော စာရွက်ကိုယူ၍ သူ့လက်ထဲတွင် ချေပစ်လိုက်သည်။ ပြီးလျှင် ''မှန်တယ် ငါရေးနေတာ သင့်ဖို့ မဟုတ်ဘူး။ အန်ဒရေလို လူမျိုးတွေအဖို့ အန်ဒရေကို သင် မှတ်မိတယ် မဟုတ်လား''ဟု ဆက်၍ပြောသည်။

''အန်ဒရေလို လူမျိုးတစ်ယောက်ရှိတာ ငါ သိပါတယ်''

''အဲဒီလူက ဘယ်သူလဲ၊ ပြောစမ်းပါဦး''

''ငါ့ညီ နီကိုလေလေ''

''သင်က ပြက်လုံးထုတ်နေတာလား''ဟု ဂိုရင်က ငေါ့၍မေးသည်။

''ဘာလို့ ငါက ပြက်လုံးထုတ်ရမှာလဲ။ ငါ့မှာညီကောင်းတစ်ယောက်ရှိတယ် ဆိုတာကို သင်က မယုံနိုင်ဘူးလား။ ငါမကောင်းတာနဲ့ ငါ့ညီဟာလည်း မကောင်း၊ ရဘူးလို့ သင်က ထင်နေတာလား''

''ဟုတ်တယ် ငါတော့ အဲဒီလိုပဲ ထင်ပါရဲ့''

''ဒီလိုဆိုရင် သင်ထင်နေတာ မှားပြီ။ ငါ့ညီက ငါနဲ့ လုံးလုံးမတူဘူး။ အင်မတန် စိတ်နှလုံးသန့်ရှင်းတယ်။ သန်းပေါင်းများစွာသော တိုင်းသူပြည်သားတွေလိုပဲ ရိုးလည်း ရိုးတယ်။ အဲဒီလိုရိုးတာဟာ သူ့ဂုဏ်ပဲ။ ပြီးတော့ သဘောထားလည်း မြင့်မြတ်တယ်''ဟု နိုဗိကောက်က ပြောပြသည်။ သို့ရာတွင် ထိုသို့ပြောရာ၌ သူသည် သူ့ညီအတွက် ဂုဏ်ယူ၍ ပြောနေသည့်အဖြစ်ကို သူ့ဟာသူမသိ။

ဂိုရင်က အံ့အားသင့်ပြီး နိုဗိကောက်ကို ကြည့်နေသည်။ ထိုအခါ နိုဗိကောက်က ''နေဦး နေဦး ငါ ပြောဦးမယ်။ တစ်ခါတုန်းက ငါက ငါ့ညီကိုပြောဖူးတယ်။ ငါ့မှာလည်း သနားကြင်နာစိတ်ရှိပါတယ်လို့။ ဟုတ်ပါတယ် ငါ ပြောဖူးပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အခုတော့ အဲဒီသနားကြင်နာစိတ်ဟာ မရှိတော့ဘူး။ ပျောက်သွားပြီ။ ငါ့ကို ယုံပါ။ သင်ရေးနေတဲ့စာကို ငါ့ညီကို ငါ သွားပေးလိုက်ပါမယ်။ ပေးပါ ငါ သွားပေး လိုက်ပါမယ်''ဟု ပြောသည်။

''သင့်ကို ငါ ဘယ်တော့မှ မယုံဘူး။ သင်ဟာ အင်မတန်ကောက်ကျစ်တာကို ငါ ကောင်းကောင်းသိတယ်''

နိုဗိကောက်သည် စိတ်ညစ်စပြု၍လာပြီ။ တစ်စုံတစ်ခုကို ချိုးဖျက်ဖယ်ရှားပြီး ပြီးအောင်လုပ်မှသာဖြစ်တော့မည်။ သူ့နဖူးတွင် ချွေးသီးကြီးများထွက်၍လာပြီ။ သူ့မျက်စိများမှာ တေးသွားအရောင်ကဲ့သို့ ပြောင်လက်၍လာပြီ။ နိုဗိကောက်သည် အသက်ရှုကြပ်သဖြင့် သူ့လည်ပင်းကြယ်သီးကိုဖြုတ်၍ ကုလားထိုင်ပေါ်တွင် ထိုင်၍နေသည်။ ပြီးလျှင် စီးကရက်ကိုညှိ၍ ရှိုက်ကာရှိုက်ကာရှူရင်း ဂိုရင်နှင့်ပြောနေသည့် စကားကို မည်ကဲ့သို့အဆုံးသတ်ရမည်ဟု အကြံထုတ်၍နေသည်။ တစ်ခါတစ်ခါလည်း ဟုတ်သမျှတွေကို အကုန်ဖွင့်ပြောပြီး ဂိုရင်ကို လှန့်လိုက်မည်ကြံသည်။ သူနှင့်ဂိုရင်တို့ စပ်ကြားတွင် အဓိပ္ပာယ်သိဖို့လည်းခက်၊ အမည်ပေးဖို့လည်းခက်သော အရာတစ်ခုသည် ပေါ်ပေါက်လျက်ရှိသည်။ ထိုအသိခက်သောအရာသည် သူ့ကိုပြုပြင်၍ မရကောင်းသည့် စည်းကြောင်းဆီသို့ဆွဲ၍ ပို့နေသည်ကို နိုဗိကောက်သိသည်။ ထိုစည်းကြောင်းမှာ သေခြင်းမဟုတ် သေရမှာကို ကြောက်ခြင်းပင်ဖြစ်သည်။

''သင် မသိဘူးနော်၊ ဂိုရင်၊ သင် မသိဘူး''ဟု သူ့ဟာသူ အံ့လောက်အောင်ပင် ချိုသာစွာပြောပြီးလျှင် နိုဗိကောက်စိတ်ထဲက ''အင်း တစ်လှမ်းတော့ နီးသွားပြန်ပြီ''ဟု အောက်မေ့လိုက်သည်။

ဂိုရင်စိတ်ထဲကလည်း ထိုကဲ့သို့ပင် သဘောရဟန်တူသည်။ ထိုအခိုက်တွင် ဂိုရင်မှာ သိသိသာသာကြီးပင် ဂရုစိုက်၍နေသည်။ ပြီးလျှင် ချောက်ချားသော အတွင်းစိတ်သန္တာန်ဖြင့် ''ဒီပြင် ငါ မသိတာ ဘာရှိသေးသလဲ''ဟု မေးသည်။

နိုဗိကောက်၏မျက်နှာမှာ အသနားကင်းမဲ့ပုံပေါက်၍လာသည်။

''သင် ပြဇာတ်ကိုရေးတာဟာ ငါကမြှောက်ပေးလို့ သင် ရေးတာသိရဲ့ မဟုတ်လား။ ငါကမြှောက်ပေးလို့ သင်ရေးတာ''ဟု နိုဗိကောက်က ပြောသည်။

''ငါရေးတာ သင့်ကြောင့်လား နီနာကြောင့်လား''

''နီနာအကြောင်းကို ထည့်မပြောပါနဲ့။ နီနာ့အကြောင်းကို ထည့်မပြောပါနဲ့''ဟု မချိသောအသံနှင့်ပြောပြီးလျှင် နိုဗိကောက်သည် ကပျာကယာထ၍ ဂိုရင်အနားသို့ သွားသည်။ ပြီးလျှင် မှုမမှန်သော လေသံဖြင့် ''ဟုတ်တယ် သင် ပြဇာတ်ရေးတာဟာ ငါ့အလိုအတိုင်းရေးတာ။ ငါ သင့်အိမ်ကိုရောက်လာတာဟာ အစိုးရကြိုက်တာကို သင့်ကို ရေးအောင်လုပ်ဖို့ စိန်ပြေနပြေတွက်ချက်ပြီး ရောက်လာတာ။ မကြာခင်က အဖြစ်အပျက်တွေကို သင် နည်းနည်းပြန်စဉ်းစားကြည့်မယ်ဆိုရင် သင့်ဦးနှောက်ကိုအပိုင်စီးဖို့ ငါတို့ သေသေချာချာ စီမံကိန်းဆွဲပြီး လာခဲ့တာဆိုတာကို သင် သိနိုင်လိမ့်မယ်။ သင်နဲ့ ငါနဲ့ ဂလူယက်က မိတ်ဆွေဖွဲ့ပေးလို့ ပထမဆုံးတွေ့ကြတဲ့အချိန်ကို သင် မေ့ဦးမှာ



မဟုတ်ပါဘူး။ သင်နဲ့ငါ စစ်တုရင်တောင် ထိုးကြသေးတာပဲ။ အဲဒီအခါတုန်းက သင့်စိတ်ထဲက ဘာမှ မသင်္ကာမဖြစ်ဘူး။ ဒါပေမယ့် အဲဒီအချိန်မှာပဲ ငါက သင့်ကို ပြဇာတ်အရေးခိုင်းဖို့ ဆုံးဖြတ်လိုက်တယ်။ ငါ့အထက်လူကြီးတွေကတော့ သင့်ကို ဆောင်းပါးအရေးခိုင်းဖို့လောက်ပဲ မှာလိုက်တယ်။ ငါ့အကြံဟာ အင်မတန်ကောင်းတာ ဟာ ထင်ရှားနေတဲ့အပြင် ငါမျှော်လင့်တာထက်ပဲ ပိုပြီးအောင်မြင်သွားတယ်။ အဲဒီတုန်းက ဂလူယက် တုန်တုန်ယင်ယင်ဖြစ်နေတာလည်း သင် သတိရဦးမှာပေါ့။ ဒီတုန်းကဆိုရင် ဂလူယက်ဟာ သူ့အသက်ဘေးအတွက် သူ တုန်လှုပ်နေတယ်။ နောက်လည်း သေသည့် တိုင်အောင်ပဲဆက်ပြီး တုန်လှုပ်သွားတာပဲ။ ဂလူယက်က သင့်မိန်းမလူဗာကို သတိပေး တာကိုလည်း သင် သတိရဦးမှာပါပဲ။ ဂလူယက်က အဲဒီလို သတိပေးတာဟာလည်း အများကြီး ဒုက္ခခံပြီးပေးရတာ။ ဒါပေမယ့် ဂလူယက် သတိပေးတာကို သင်ရော သင့်မိန်းမရော နှစ်ယောက်စလုံး နားမလည်ဘူး။ ပြီးတော့ မင်္ဂလာဆောင်ကျတော့ ဂလူယက်က အကုန်လုံးဖော်ပြီး ငါ့အကြောင်းပါ သင့်ကို ပြောပြတယ်မဟုတ်လား။ ဒါပေမယ့် ဂလူယက်ဖော်တဲ့အချိန်ဟာ နောက်ကျနေပါပြီ။ ပြီးတော့ ဂလူယက်ကလည်း ငါ့အကြောင်းကို အကုန်မသိတော့ အကုန်မဖော်နိုင်ပါဘူး။ အဲဒီလို နည်းနည်းဖော်တဲ့ အတွက်ပဲ ဂလူယက်ဟာ အသက်ဆုံးသွားရတာ။ ပြီးတော့ သင်နဲ့ငါနဲ့ စကားပြောကြ တော့လည်း ငါဟာ အများကြီး အံ့သြသွားတယ်။ ငါပေးတဲ့အကြံကို သင်က လွယ်လွယ် ကလေးနဲ့ လက်ခံလိုက်တဲ့အတွက်လည်း ငါ့စိတ်ထဲက ကြောက်တောင် ကြောက်သွားမိ တယ်။ အဲဒီတုန်းက သင်ဟာ စိတ်အညစ်ကြီး ညစ်နေတယ်ဆိုတာကို ငါ မသိပါဘူး။ ပြီးတော့ သင်ဟာ သင့်ပတ်ဝန်းကျင်မှာရှိတဲ့ လူများနဲ့ မတည့်မရှုဖြစ်နေတာဟာလည်း ဘာကြောင့်ဆိုတာ ငါ နားမလည်ပါဘူး။ ဒါတွေကို သင် အကုန်ပြန်စဉ်းစားပါ။ ပြန် စဉ်းစားပြီးတော့ ငါ့ကို ကျိန်ဆဲချင်တိုင်း ကျိန်ဆဲပါ။ ဒါပေမယ့် ဒီအထဲမှာ နီနာကိုတော့ ဆွဲမသွင်းပါနဲ့''ဟု နိုဗိကောက်ကပြောသည်။

ဂိုရင်က မြန်းခနဲထိုင်ရာမှထလိုက်ပြီး ထိတ်လန့်တုန်လှုပ်နေသော မျက်နှာဖြင့် ''သင် အခုပြောတာတွေဟာ အကုန်အမှန်ချည်းပဲလား၊ ငါ့ကိုပြောစမ်းပါ။ အကုန်အမှန် ချည်းပဲလား''ဟု မေးသည်။

ထိုသို့သာ မေးသော်လည်း မချိတရိဖြစ်၍နေသော သူ့မျက်နှာကို ကြည့်ရ ခြင်းအားဖြင့် နိုဗိကောက်ပြောသမျှမှာ အမှန်ကြီးဖြစ်သည်ကို ဂိုရင် ကောင်းစွာသိသည်မှာ ထင်ရှားသည်။ ဂိုရင်သည် သူ့ကိုဝိုင်း၍ မကောင်းကြံကြသည့်အဖြစ်ကို ရှင်းရှင်းကြီး သဘောပေါက်လာပြီးလျှင် သက်ပြင်းကြီးချ၍ ကုလားထိုင်ပေါ်တွင် ထိုင်လိုက်သည်။ ယခင်က ဖုံးကွယ်၍နေသော အမှန်တရားသည် သူ့ကို မသက်မညှာ ကိုယ်ထင်ပြနေပြီ။ သူ့အဖို့တွင် အသက်ရှုရန် လေပင်မရှိတော့။ နိုဗိကောက်က သူ့ကို မုန်းသည်ကိုလည်း သူသိပြီ။ သို့ရာတွင် သူ့စိတ်ထဲက ''သူ့ကို မညှာမတာ ပက်ပက်စက်စက်ပြောချ၍နေ သူမှာ နိုဗိကောက်ဟု မထင်ဘဲ အင်မတန်ဆိုးရွားကြမ်းကြုတ်သော နတ်ဆိုးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



သာဖြစ်သည်ဟု ထင်ရသည်။ ထိုနှတ်ဆိုးသည် သူ၏လည်ပင်းကို တဖြည်းဖြည်း စိမ်ပြေနပြေ ညှစ်လျက်ရှိသည်။

***

## အခန်း(၃)

နိုဗိကောက်က "နီနာဟာ ငါ့အဖို့မှာ သွေးတသွင်သွင် ယိုထွက်နေတဲ့ ကုလို့မရကောင်းတဲ့ အနာကြီးပဲ။ ငါကိုယ်ငါ အထင်ကြီးမှု၊ ငါ၏ရက်စက်မှု၊ ငါ၏ နှလုံးမာကျောမှုအတွက် ငါ့ကို အပြစ်ဒဏ်ခတ်ဖို့ ကံကြမ္မာက နီနာကို ဖန်ဆင်းပေးလိုက်တာပဲ။ သင့်အိမ်ကို ငါ ပထမရောက်လာတုန်းကတော့ ငါဟာ ရုပ်ဖျက်ပြီးဝင်လာတဲ့ ရန်သူပဲ။ အဲဒီတုန်းကဆိုရင် ငါ့စိတ်ထဲမှာ သင့်အကြောင်းကို သိချင်တဲ့စိတ်ကလွဲပြီး တခြားဘာစိတ်မှမရှိဘူး။ အဲဒီလိုနေတုန်းမှာ နီနာကို ဗြုန်းခနဲမမျှော်လင့်ဘဲနဲ့ ငါ သွားတွေ့တယ်။ သူနဲ့ ဥယျာဉ်ထဲမှာ စကားနှစ်ခွန်းသုံးခွန်းလောက်ပြောလိုက်မိတယ်ဆိုရင်ပဲ နီနာဟာ အင်မတိ အင်မတန် စိတ်နှလုံးဖြူစင်သိမ်မွေ့တယ်ဆိုတာ ငါ တစ်ခါတည်းသိတာပဲ။ အဲဒီလိုသိပြီးနောက် ငါ့စိတ်ဟာလည်း ဘာလို့လဲတော့ မပြောတတ်ဘူး။ သူ့ဆီကိုတစ်ခါတည်း ညွတ်သွားတာပဲ။ အဲဒီတုန်းကဆိုရင် ငါတို့ဟာ ဘယ်လိုစိတ်ချမ်းသာမှန်းမသိဘူး။ သိပ်ကို စိတ်ချမ်းသာတာပဲ။ ငါဟာ တစ်သက်လုံး မဟုတ်တာပြော မဟုတ်တာကြံလာခဲ့ပေမယ့် နီနာနဲ့တွေ့လိုက်တယ်ဆိုတာနဲ့ တစ်ပြိုင်နက် ငါရဲ့ ယုတ်မာတဲ့အရေဟာ တစ်ခါတည်း ကွာကျသွားပြီး စိတ်နှလုံးသန့်ရှင်းလာတယ်။ တစ်ခါတလေကျတော့ သင်တို့အိမ်ကို ငါ ရောက်လာရတဲ့ အကြောင်းရင်းကို တောင်ပဲ ငါ မေ့သွားတယ်။ အဲဒီအကြောင်းရင်းဟာ ငါ့အဖို့မယ် ဘာမှ အရေးမကြီးတော့ဘူး။ နီနာနဲ့ ငါရဲ့ အံ့ဖွယ်ကောင်းတဲ့ ချစ်ခင်မှုတစ်ခုတည်းပဲ အရေးကြီးတော့တယ်။ နီနာနဲ့ငါနဲ့ အင်း အဲဒီလို ချစ်တုန်းခင်တုန်း တပြုံးပြုံးဖြစ်ပြီး အကုန်လုံး ချောချောမောမောဖြစ်ခါနီးမှာ ဗြုန်းခနဲဆို ဗေရီးယားက ဝင်နှောက်လိုက်တယ်။ ဗေရီးယားက ပြောတယ်။ (ဘော်ရှီဗစ်ဆိုတာ အလုပ်နဲ့ပျော်ရွှင်မှုနဲ့ မရောရဘူး)လို့။ ပြီးတော့ သူက ငါ့ကိုနိုင်တဲ့အချက်ကို တစ်ခါတည်းကိုင်ပြီး လည်မျိုကိုညှစ်လိုက်တော့တာပါပဲ။ ဘယ်လို ညှစ်လိုက်သလဲဆိုတော့ အရင်က ငါ့အပြစ်ကို တစ်ချက်တည်းနဲ့ သူက ဖွင့်ပြောလိုက်တယ်။

အဲဒါနဲ့ ငါလည်း သင်ရဲ့နှလုံးထဲက အမြတ်နိုးဆုံးဖြစ်တဲ့ အချစ်စိတ်ကို ရက်ရက်စက်စက်ကြီး ဖြတ်ပစ်လိုက်ရတယ်။ ငါဟာ ကျောက်တိုင်ကျောက်ခဲ မဟုတ်ပါဘူး။ ငါ့နှလုံးဟာလည်း သံမဏိမဟုတ်ပါဘူး။ အခုဆိုရင် ငါ့နှလုံးဟာ သွေးမြည့်နေပါပြီ။ ဗေရီးယားတို့က ငါ့ကို နီနာနဲ့ အတင်းခွဲပစ်ကြတယ်။ လီဒါကိုလည်း ဒီလိုပဲ ငါ စွန့်ပစ်လိုက်တယ်။ အဲဒါနဲ့ ငါဟာ ငါ့ညီရဲ့မျက်နှာတောင် မကြည့်ရဲတော့ပါဘူး။



ဒီတော့ ငါဟာ ဘာလဲ။ လူလား၊ တိရစ္ဆာန်လား"ဟု ပြောပြီးလျှင် နိုဗိကောက်သည် စားပွဲခုံကို လက်သီးနှင့် ထုလိုက်သည်။ ပြီးလျှင် "ပြောစမ်းပါ ဂိုရင် ငါဟာ ဘာလဲ။ သင်နဲ့ သင်လိုလူမျိုးတွေက ငါတို့ကို မွေးထုတ်လိုက်ကြတယ်။ ဘာအတွက်မွေးထုတ်လိုက်ကြတာလဲ"ဟု အော်၍မေးသည်။

နိုဗိကောက်စကားပြောပုံမှာ သူ့အလိုအလျောက်ပြောပုံမျိုးမဟုတ်ဘဲ။ တစ်စုံတစ်ယောက်က အမိန့်ပေး၍ ပြောပုံမျိုးကဲ့သို့ထင်ရသည်။ သူ့မျက်နှာမှာ မရှိဟန်ဖြင့် ရှုံ့မဲ့၍နေပြီးလျှင် အမုန်းစိတ်များဖြင့် လွှမ်းလျက်ရှိသည်။ ပြီးလျှင် "သင်တို့က ငါတို့ကို လောကနိဗ္ဗာန်ကို ရပါစေမယ်လို့ ကတိပေးတယ်။ ဘယ်မှာလဲ သင်တို့လောကနိဗ္ဗာန်။ ငါတို့ဟာ သင်တို့ရဲ့ အမွေခံမိုက်တွေပဲ။ သင်တို့ကို ငါတို့ သိပ်မုန်းတယ်။ ဟုတ်တယ် ငါတို့ဟာ ချစ်ခင်ခွင့်ဆုံးရှုံးသွားတော့ မုန်းဖို့တစ်ခုတည်းပဲ နားလည်တော့တယ်။ မကောင်းမှုဟာ ငါတို့ရဲ့ နိယာမပတ်ဝန်းကျင်ဖြစ်နေပြီ။ အစိုးရကလည်း ရာဇဝတ်မှုကို အားပေးနေတယ်။ ဗေရီးယားက ငါတို့ကို မကောင်းမှုအဘိဓမ္မာကို ကိုယ်တိုင်သင်ပြပေးတယ်။ ဘယ်လို သင်ပြပေးသလဲဆိုတော့ အစိုးရဟာ လိမ်နိုင်တယ်။ ပစ္စည်းကိုလုနိုင်တယ်။ လူကိုသတ်နိုင်တယ်။ အစိုးရလုပ်ရင် ဘာမှအပြစ်မရှိဘူး။ ဒါပေမယ့် တိုင်းသူပြည်သားတို့ရဲ့ ကိုယ်ရေးကိုယ်တာ အလိုဆန္ဒကလေးများ အသေးအဖွဲ့ စိတ်မချမ်းသာမှု ရှာခြင်းများဟာကတော့ အကြီးလေးဆုံးသော အပြစ်များဖြစ်တယ်လို့ သင်ပြပေးတယ်။ ပြီးတော့ စိတ်နှလုံးကို ပျော့စေတတ်တဲ့ သနားခြင်းကိုလည်း ဖယ်ရှားပစ်ရမယ်။ ကိုယ်ကျင့်တရားကိုလည်း မေ့လျော့ပစ်ရမယ်။ ကြင်နာခြင်းကိုလည်း တစ်ခါတည်း အငုတ်ပါမကျန်အောင် တူးပစ်ရမယ်လို့လည်း သင်ပြပေးတယ်။ အဲဒါနဲ့ ငါဟာ စံပြဘော်ရှီဗစ်တစ်ယောက် ဖြစ်ချင်တဲ့စိတ်ပေါ်လာပြီး အဲဒီလို ပေါ်တဲ့အတိုင်းလည်း အတန်းအမြင့်ဆုံး စံပြဘော်ရှီဗစ်တစ်ယောက်ရဲ့အဖြစ်ကို ရောက်လာခဲ့တယ်။ အဲဒါဟာ'စတာလင်ကိုယ်တိုင်ကတောင် အသိအမှတ်ပြုတဲ့ အချက်ပဲ။ ပြီးတော့ ငါဟာ ငါ့အစွမ်း၊ ငါ့အစနဲ့ ဘော်ရှီဗစ်တရားကို ယုံကြည်တဲ့စိတ်ဓာတ် အဆောက်အဦကိုလည်း တည်ဆောက်ခဲ့တယ်။ ဒါပေမယ့် လောကမှာ ဘယ်သူမှ အစအဆုံးမသိနိုင်ပါဘူး။ ငါ နိုဗိကောက်ဟာ အခုတော့ အမြင်မှားတွေပျောက်ကုန်ပြီ။ ငါ့အသက်ဟာ အခုသုံးဆယ့်နှစ်နှစ်ရှိပြီ။ ငါ့မှာရာထူးတိုးဖို့ဆိုတာကလွဲပြီး ဒီပြင် ဘာရည်ရွယ်ချက်မှမရှိဘူး။ အခုတော့ ဒီရည်ရွယ်ချက်ဟာလည်း ကိုယ့်ကိုယ်ကိုယ် လှည့်စားနေတဲ့ ရည်ရွယ်ချက်ပဲလို့ ငါထင်တယ်။ ပြီးတော့ ငါဟာ ကိုယ်ကျင့်တရား လုံးဝဆိတ်သုဉ်းကင်းမဲ့နေတယ်လို့ သဘောရတယ်။ ငါ့မှာ ဘာအနှစ်မှမရှိဘူး။ ငါဟာ ဆင်ကန်းတောတိုး ဘဝရောက်နေပြီ။ ငါ့စိတ်ထဲက (ငါ့ကို လူဖြစ်ကျိုးနပ်အောင် လုပ်တဲ့နည်းကလေးတစ်ခု ပေးကြစမ်းပါ။ ငါ့အသွင်း သန္တာန်ထဲက သူယုတ်မာတွေလုယူသွားတဲ့ ငါ့အသိတရားကိုလည်း ပြန်ပေးကြပါ)လို့ တစ်ကမ္ဘာလုံးကြားအောင် အခုချက်ချင်း ထအော်ချင်သလို ဖြစ်နေတယ်။ အခုဆိုရင် ငါဟာ ငါရဲ့ ပျောက်ဆုံးသွားတဲ့ လူဖြစ်ကျိုးနပ်မှု စွမ်းရည်သတ္တိနဲ့ ယောက်ျားပီသဖို့ သူ

www.burmeseclassic.com



တစ်ပါးသူ၏ သနားကြင်နာခြင်းကို ခံယူရခြင်းနဲ့ အသစ်ဖြစ်သော ချစ်ခင်မှုကို ပြန်ပြီး ရနိုင်စေရန်အတွက် နောက်ဘဝကို လူပြန်ဖြစ်ဖို့ ငါ စိတ်ကူးနေတယ်'' ဟုပြောသည်။

''အဲဒီလို လူပြန်ဖြစ်ဖို့ သင် ဘယ်လိုလုပ်မယ်ကြံသလဲ''ဟု ဂိုရင်က လေသံသဲ့သဲ့ဖြင့် မေးသည်။

''ဝိညာဉ်ကို အသက်ပြန်ဝင်စေတဲ့ နည်းနဲ့လုပ်မှာပေါ့'' နိုဗိကောက်သည် ဂိုရင်၏ အင်္ကျီလည်ချာကို ဖြုန်းခနဲဆွဲ၍ ဂိုရင်၏မျက်နှာကို သူ့မျက်နှာနှင့်ကပ်၍ ကြည့်ပြီးလျှင် ''ဂိုရင် ကြောက်မက်ဖွယ်ကောင်းတဲ့ ငိုကြွေးသံကို သင် ကြားရဲ့လား။ အဲဒီအသံဟာ ငါတို့အတွင်းသန္တာန်မှာလည်းရှိတယ်။ ငါတို့ပတ်ဝန်းကျင် အနှံ့အပြားမှာလည်းရှိတယ်။ အဲဒီအသံဟာ ကမ္ဘာသူ ကမ္ဘာသားအားလုံး မချိလို့အော်နေတဲ့ အသံ။ သူတို့တွေဟာ ကမ္ဘာရဲ့ဝိညာဉ်ကို သွေးတွေပေနေတဲ့ အမုန်းစိတ်ညှပ်ကြီးနဲ့ အတွင်းဆွဲထုတ်နေကြတယ်။ လူသားအားလုံးဟာ ချစ်ခင်မှုမရှိတော့တဲ့အတွက် အလင်းရောင်မရှိတဲ့ဂြိုဟ် ပုတီဂြိုဟ်ဆိုးလိုဖြစ်နေတယ်ဆိုတာလည်း သင် မြင်မှာပါပဲ။ ကမ္ဘာကြီးတစ်ခုလုံးဟာ မုန်းစိတ်တို့ လက်စားချေစိတ်တို့နဲ့ အထပ်ထပ်အလွှာလွှာ ဖုံးအုပ်နေတယ်။ အကြမ်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ လူသားတို့ရဲ့ ဆင်းရဲခြင်းတွေကို သက်သာရာရအောင် ဘယ်သူက လုပ်ပေးမလဲ။ လူတွေဟာ နောက်ဆယ်နှစ် အနှစ်နှစ်ဆယ်ကြာအောင်တောင် ချမ်းသာမှုကို ရနိုင်ကြပါမလား''ဟု ပြောသည်။

''လူတွေဟာ ချမ်းသာမှုကို ရနိုင်လိမ့်မယ်လို့ သင် မယုံဘူးလား''

''မယုံဘူး''

ဂိုရင်သည် ထိတ်လန့်ခြင်းဖြင့် တုန်လှုပ်၍ ''သင် ဘာလို့ ငါ့ကို ဒါလောက် ပွင့်ပွင့်လင်းလင်းကြီး ပြောနေရတာလဲ။ သင်ပြောတဲ့စကားတွေကို ငါက ငါ့ကို သင် နှိပ်စက်ဖို့ လွှတ်လိုက်တဲ့ စစ်ဗိုလ်ကလေးကို ပြန်ပြောမှာမကြောက်ဘူးလား'' ဟု မေးသည်။

''သင် ပြောချိန်မရတော့ပါဘူး ဂိုရင်။ သင့်ကို ငါ သတ်ပစ်တော့မှာပဲ။ ဖာတ်က အလွမ်းခန်းရောက်နေပြီ။ ဖာတ်ဆရာက ငါ့ကို ကားချလိုက်ဖို့ အမိန့်ပေးပြီးပြီ။ ဒါကြောင့် ငါ ဒီကို ရောက်လာတာ။ ဟုတ်တယ်။ ဒါကြောင့် ငါဒီကို ရောက်လာတာ။ သင့်ကိုသတ်ဖို့ ငါ ဒီကို ရောက်လာတာ''ဟု ပြောပြီးလျှင် နိုဗိကောက်သည် သင့်ကို သတ်ဖို့ ငါ ဒီကို ရောက်လာတာဆိုသောစကားကို မျက်လုံးကြီးများကို ဝိုင်းနေအောင် ပြူးလိုက်၊ မျက်နှာကိုမဲ့လိုက် ရွဲ့လိုက်လုပ်ရင်း ကျယ်လောင်စွာ ရယ်၍ရယ်၍ပြောသည်။ ဂိုရင်က နိုဗိကောက်ကို ထိတ်လန့်ခြင်းသည်းစွာဖြင့် စိုက်၍ကြည့်နေသည်။ ဂိုရင်မှာ သေရဖို့အဆင်သင့် ပြင်ဆင်ထားပြီးလျှင် သေခြင်းကို ရဲရဲဝံ့ဝံ့ကြီး ရင်ဆိုင်ရန်မာနရှိသေးသဖြင့် သနားပါညာတာပါဟုလည်း နိုဗိကောက်ကိုမပြော။ သို့ရာတွင် သူ၏အဖြစ်ကို စဉ်းစားမိသဖြင့် ဂိုရင်မှာ စိတ်မကောင်း။ ဂိုရင်စိတ်ထဲတွင် အမုန်းစိတ်လွှမ်းမိုးနေသဖြင့် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကျောင်းအုပ်ကြီး နိုဗိကောက်၏ မျက်နှာကို တရေးရေး



နှင့်တွေး၍ မြင်ပြီးလျှင် အများကြီး သောကမီးတောက်လောင်သွားသည်။ ပြီးလျှင် ဂိုရင်၏စိတ်ထဲတွင် သူ့ဟာသူ အောက်ခြေကိုမမြင်ရသော ချောက်ကြီးထဲသို့ အရပ်အနား မရှိဘဲ ကျသွားသကဲ့သို့ ထင်လာသည်။

ပြီးလျှင် သူ၏အတွင်းသန္တာန်သည် ကြည်လင်တောက်ပ၍လာသလိုဖြစ်ပြီးလျှင် ဂိုရင်သည် နိုဗိကောက်ကို အများကြီးကရုဏာသက်မိသည်။ ဂိုရင်သည် ဒေါသဖြစ်ခြင်း၊ ကြောက်လန့်ခြင်းမဖြစ်တော့ဘဲ ကံကြမ္မာ၏ဒဏ်ကြောင့် မစွမ်းမသန်ဖြစ်၍ တရားလက်မဲ့ဖြစ်ကာ ဆောက်တည်ရာမရဖြစ်နေသော နိုဗိကောက်ကို အသနားကြီး သနားမိသည်။ ပြီးလျှင် သူ့စိတ်ထဲတွင် နိုဗိကောက်တစ်ယောက်ထဲကိုသာမဟုတ်ဘဲ နိုဗိကောက်နှင့် ခေတ်ပြိုင်ဖြစ်သော ထောင်သောင်းများစွာသောသူတို့ကို မြင်ယောင်၍လာသည်။ ထိုသူတို့က ဂိုရင်ကိုကြည့်ပြီးလျှင် ရယ်ကြပြောင်ကြ အော်ကြဟစ်ကြလုပ်သည်။ ထိုသူတို့သည် သူတို့၏ အတွင်းစိတ်သန္တာန်၌ ယောင်းလောင်းဖြစ်၍နေခြင်းကို ဒေါသမျက်နှာဖုံး မာန်မာနမျက်နှာဖုံးစွပ်၍ ဖုံးအုပ်ထားကြသည်။ သူတို့သည် တောင်လိုပုံနေသော လူတို့၏ဦးခေါင်းခွံများ၊ လက်ပြတ်ခြေပြတ်ဖြစ်၍နေသော လူတို့ကိုယ်များ၊ ညှီဟောက်၍နေသော လူသွေးအိုင်များကို ပတ်ဝန်းကျင်ပြု၍နေကြသည်။ ထိုသူတို့သည် သူတို့၏ ဘဝဆုံးခါနီးအချိန်၌ အင်မတီအင်မတန် အားမြသော လေတိုက်ခတ်လိုက်ဘိသည့်ပမာ ချမ်းတုန်၍နေကြသည်ဟုလည်း ဂိုရင်စိတ်ထဲတွင် ထင်ယောင်၍လာသည်။ ဤသို့လျှင် ထိုသူတို့၏ စိတ်မချမ်းမြေ့ဖွယ်အဖြစ်ကို မြင်ယောင်လာသဖြင့် ဂိုရင်မှာ သူ့သုံးရက်အတွင်းက သူခံစားခဲ့ရသော နှိပ်စက်ညှဉ်းပမ်းမှုများ၊ သူ၏အခြေအနေ သက်ဆင်းလျှော့ကျရခြင်းများနှင့်တကွ၊ နောက်ဆုံးတွင် သူ၏နောင်တဖြစ်ရခြင်းများကိုပင် သူ သတိမရနိုင်အောင်ဖြစ်သွားသည်။ ''သူတို့အားလုံးဟာ စိတ်ကောင်းနှလုံးကောင်းနဲ့ လူကောင်းသူကောင်းများ ဖြစ်နိုင်ပါလျက် ယခုတော့ သူ့ရဲ့သဘက်တွေ ဖြစ်ကုန်ရှာကြရတယ်။ ဒီလိုဖြစ်ကုန်ရှာကြရတာဟာ သူတို့ အပြစ်လား။ သူတို့အပြစ် မဟုတ်လျှင် ဘယ်သူ့အပြစ်လဲ''ဟု ဂိုရင့်စိတ်ထဲက မေးခွန်းထုတ်ကြည့်သည်။

ထို့နောက် နိုဗိကောက်သည် ဂိုရင်က သူ့ရှေ့တွင်လာ၍ ဒူးတုပ်ပြီးလျှင် စိတ်ပါလက်ပါနှင့် တစ်စုံတစ်ရာကို လေသံဖြင့်လာပြောသည်ကို နှုတ်ခမ်းရွှေ့ချိန်း၍ ကယောင်ကတမ်းဖြစ်နေသည့်အခါတွင် မြင်ရသည့်အမြင်မျိုးဖြင့် မြင်ရသည်။ ဂိုရင်၏ မျက်လုံးများမှာ သူ့အတွင်းစိတ်သန္တာန်က ကြည်လင်လာသဖြင့် တောက်ပလျက်ရှိပြီးလျှင် သူ့နဖူးတွင် ချွေးသီးကြီးများထွက်လျက် သူ၏ဆံပင်ရှည်ရှည်ကြီးများကလည်း ခြသေ့်လည်ဆံမွေးများပမာ ဖားလျားကျလျက်ရှိသည်။ ဂိုရင်က သူ့ကို နိုဗိကောက် ကရော အခြားသောသူများကရော အပြစ်လွှတ်ကြဖို့ပြောသည်။ ထိုစကားပြောလျှင်မှု ဂိုရင်သည် စကားအနည်းငယ်သာ ပြောနိုင်သည်။ သို့ရာတွင် သူပြောသမျှ စကားများမှာ သူ့နှစ်ရှည်လများ ဆင်းရဲငြိုငြင်စွာနှင့် အောင့်အည်းထားရသော စကားများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နိုဗီကောက်သည် ဂိုရင်ပြောသော စကားများကိုနားမလည်။ ဂိုရင် ပြောလိုက်သည့် စကားများမှာ သူ၏မျက်နှာကို ကြိမ်လုံးနှင့် တစ်အားလွှဲ၍ ရိုက်လိုက်သကဲ့သို့ ထင်ရသည်။

"သင်က ငါ့ကို သနားဖို့ တောင်းပန်နေသလားဟင် ကောင်ကြောက်ကြီး"

ဟု နိုဗီကောက်က ပြောသည်။

ပြီးလျှင် နိုဗီကောက်သည် ဒေါသအမျက်ချောင်းချောင်းထွက်၍ နှာခေါင်းကြီးပွ၍ မျက်လုံးကြီးများပြူးလာပြီးလျှင် ဂိုရင်၏မျက်နှာကို လက်သီးနှင့် တစ်အားပိတ်၍ ထိုးလိုက်သည်။

ဂိုရင်သည် စောင်း၍လဲကျသွားပြီးလျှင် သူ့ခေါင်းသည် အခန်းကို အပူငွေ့ပေးသော သံဘောင်ဖြင့် ဆောင့်မိသွားသဖြင့် မချိမဆန့်ညည်းညူသည်။ ထို့နောက် ဦးခေါင်းကဝေဒနာသည် ပြင်းထန်လှသဖြင့် ဂိုရင်သည် တစ်ခဏမျှ သတိမေ့၍သွားသည်။

ဂိုရင်ပြန်၍ သတိရလာသောအခါ နိုဗီကောက်သည် သူ့အပေါ်မှစီး၍ မတ်တတ်ရပ်နေသည်ကို တွေ့ရသည်။ နိုဗီကောက်က ထိတ်လန့်ခြင်းဖြင့် ပြူးကြောင်ကြောင်ဖြစ်၍နေသော ဂိုရင်၏မျက်လုံးများကို စိုက်၍ကြည့်နေသည်။ ထို့နောက် နိုဗီကောက်သည် သူ့လက်နှစ်ဖက်ဖြင့် ဂိုရင်၏ ဦးခေါင်းကိုကိုင်ပြီးလျှင် အပူငွေ့ပေးသော သံဘောင်နှင့်တစ်အားဆောင့်၍ရိုက်လိုက်သည်။ ထိုအခိုက်တွင် နိုဗီကောက်မှာ ဂိုရင်၏ ဦးခေါင်းခွံကွဲသွားသံကို အားရဝမ်းသာနားထောင်နေသည်။ ဂိုရင်က သည်းထန်စွာအော်သည်။ ပြီးလျှင် သူ့ပါးစပ်ထဲမှ ဝေါ့ဝေါ့နှင့်သွေးများအန်လာသည်။ သွေးညှီနံ့သည် နိုဗီကောက်၏ နှာခေါင်းထဲသို့တိုး၍ ဝင်လာသည်။ ပြီးလျှင် နိုဗီကောက်သည် သေရည်မူးနေသည့်ပမာ ဂိုရင်ကို အတောမသတ်ဆက်ကာဆက်ကာ ရိုက်ပြန်သည်။ နောက်ဆုံးတွင် ဂိုရင်မှာ ဖွဲအိတ်ကဲ့သို့ ပျော့ကျသွားသည်။ နိုဗီကောက်သည် မောပန်း၍ထပြီးလမ်းမလျှောက်နိုင်သဖြင့် လေးဘက်ထောက်ကာ ဖယ်သွားသည်။ နိုဗီကောက်သည် ဖျားသကဲ့သို့တုန်လာပြီးလျှင် လက်များခြေများကိုပင် မသယ်နိုင်တော့။ ဆယ်ပေခန့်လောက် သို့ ရောက်သွားသောအခါ လိမ်တွန့်ကာ ဝေဒနာခံစားလျက်လဲနေသော ဂိုရင်ကို လှည့်၍ကြည့်သည်။

"ကိုင်း ဓာတ်တော့သိမ်းပြီ။ ငါဟာငါလည်း သတ်သေမှပဲဖြစ်တော့မယ်"

ဟု သူ့စိတ်ထဲက ရုတ်တရက် အောက်မေ့ပြီးလျှင် နိုဗီကောက်မှာ ရင်တွင်းဝမ်းတွင်းက ဟာဟာ ကြီးဖြစ်၍သွားသည်။

ထို့နောက်-ရုတ်တရက် ဂိုရင်က ညည်းလိုက်သည်။ နိုဗီကောက်က ကြောက်ကြောက်လန့်လန့်နှင့် ဂိုရင်ကိုကြည့်နေသည်။ ဂိုရင်သည် စောင်းနေရာမှ မှောက်လိုက်ပြီးလျှင် ခဲယဉ်းပင်ပန်းစွာနှင့် လေးဘက်ထောက်၍သွားပြီးလျှင် စားပွဲခုံခြေထောက်ကို တွယ်၍ထသည်။ နိုဗီကောက်မှာ အကြောက်လွန်၍ ကြက်သေသေနေသည်။ ဂိုရင်သည် မတ်တတ်ရပ်၍နေသည်။ သူ့မျက်နှာတစ်ခုလုံး သွေးများပေနေသည်။ သူ့နှုတ်ခမ်းမွေးကြားမှလည်း သွေးများစီးကျနေသည်။ ပြီးလျှင် သွေးများဖုံးနေသော မျက်စိများကိုဖွင့်၍ နိုဗီကောက်ကိုရှာသည်။ နိုဗီကောက်ကို ဂိုရင် မြင်ပြီ။ နိုဗီကောက်သည် နောက်သို့တွန့်



သွားပြီး ငြိမ်၍နေသည်။ ပြီးလျှင် ဂိုရင်က ယိုင်တိုင်တိုင်ဖြစ်၍နေရာမှ နိုဗီကောက်ကို နှုတ်ဆက်ရန် သူ့ညာဘက်လက်ကို လှမ်း၍ကမ်းလိုက်သည်။ နိုဗီကောက်က ဂိုရင်၏ လက်ကို ကျပ်တည်းစွာ ဆုပ်ကိုင်ထားသည်။ ပြီးလျှင် နိုဗီကောက်သည် အရုပ်အမောင်းကောင်း၍ ကြောက်စရာဖြစ်နေသော ဂိုရင်ကိုကြည့်၍ နောက်သို့ဆုတ်လိုက်သည်။ ထိုအခိုက်တွင် ဂိုရင်သည် သူ့နေရာတွင် သူငြိမ်၍နေသည်။ သို့ရာတွင် နိုဗီကောက်၏ စိတ်ထဲတွင်မူ ဂိုရင်သည် သူ့ကိုဖမ်း၍ လည်မျိုကိုညှစ်ရန်အတွက် ဂိုရင်က သူ့နောက်သို့လိုက်၍နေသည်ဟု ထင်နေသည်။ သူ့ကိုလိုက်၍နေသူမှာ ကိုယ်ထင်ရှိနေသော ဂိုရင်မဟုတ်ဘဲ အမျက်သို၍နေသော ဂိုရင်၏ဝိညာဉ်ဖြစ်သည်ကိုလည်း နိုဗီကောက် ဒိဋ္ဌမြင်ရသည်။

ဂိုရင်သည် သွေးများပေနေသော နှုတ်ခမ်းကို မဖွင့်နိုင်ဖွင့်နိုင်ဖွင့်၍ "ညီမောင် ပေးလိုက်ပါ" ဟု ပြောပြီးလျှင် အရင်းကခုတ်၍လှဲလိုက်သော သစ်ပင်ကြီးကဲ့သို့ ဗိုင်းခနဲ လဲကျသွားသည်။ ထိုသို့လဲကျသွားစဉ်တွင် ကုလားထိုင်တစ်ခုကို ခိုက်မိသဖြင့် ကုလားထိုင်လဲသွားသည်။ ပြီးလျှင် မှန်ကြီးတစ်ခုလည်း ပြုတ်ကျပြီးကွဲသွားသည်။ ဂိုရင်သည် နိုဗီကောက်၏ခြေရင်းတွင် ခေါင်းစိုက်၍ မလှုပ်မယှက် တုံးလုံးကြီးလဲ၍နေသည်။ သူ၏ဦးဆက်မှ ဟ၍နေသော ပါးစပ်ကဲ့သို့ ဟက်တက်ကြီးကွဲ၍နေသော ဒဏ်ရာကြီးသည် ကြောက်မက်ဖွယ်ရာအော်၍နေသည်ဟု ထင်ရသည်။ တင်းကြပ်စွာဆုပ်ထားသော သူ့လက်သည် တဖြည်းဖြည်းပြေ၍လာသည်။ သူ့လက်ထဲက သူ၏ နောက်ဆုံးမှာကြားချက် ရေးထားသောစာရွက်မှာ ကြေ၍သွေးများပေနေသည်။ နိုဗီကောက်သည် ခပ်တိုးတိုးညည်းညူ၍ ဂိုရင့်လက်ထဲမှ စာရွက်ကိုယူပြီး သူ့အိတ်ထဲသို့ထည့်လိုက်သည်။ ပြီးလျှင် ကြောက်မက် ဖွယ်ကောင်းသော သေခြင်း၏နယ်ပယ်ဖြစ်သော အခန်းထဲမှ ဒယီးဒယိုင်နှင့် ထွက်၍သွားသည်။

***

## အခန်း(၄)

အစောင့်စစ်သားသည် နိုဗီကောက်ကိုကြည့်၍ လန့်သွားသည်။ သူ့ဗိုလ်ကြီး၏မျက်စိများမှာ သူကန်း၏မျက်စိကဲ့သို့ ဘာမျှမြင်ရဟန်မရ။ အစောင့်စစ်သားသည် ထိတ်ထိတ်လန့်လန့်နှင့် ဟိုကြည့်သည်ကြည့် ကြည့်ပြီးနောက် စကြံဆောင်ထဲသို့ ဒလကြမ်းပြေးဝင်ပြီး တပ်လှန့်လိုက်သည်။ စစ်ဗိုလ်ကလေးသည် ခြေရင်းခါးပတ်ကို ပတ်၍ အစောင့်စစ်သားနောက်သို့ လိုက်သွားသည်။ စစ်ဗိုလ်ကလေးမှာ ရဲ့ရဲ့သောမျက်နှာကို ဆောင်လျက်ပင်ရှိသေးသည်။ သူ့ခြေနင်းများမှာ အရောင်တလက်လက်ထနေသည်။ သူသည် ခါတိုင်းကဲ့သို့ ခပ်ပေါ့ပေါ့ရယ်မောပြီး အကျိုးအကြောင်းမေးကြည့်ရန် နိုဗီကောက်ဆီသို့သွားသည်။ သို့ရာတွင် နိုဗီကောက်၏အမူအရာမှာ မဟန်သဖြင့် တားမြစ်မနေတော့။ ပြီးလျှင် သူ့ဗိုလ်ကြီးကို ရှောင်လွှဲ၍ ဂိုရင့်အခန်းထဲသို့ လှမ်း၍ကြည့်လိုက်ပြီးနောက်

www.burmeseclassic.com



သူ့မျက်နှာမှာ သွေးများဆုတ်သွားသည်။ ပြီးလျှင် တစ်ခဏတာမျှ စကားမပြောနိုင်ဘဲ ဖြစ်နေသည်။

“ဒါဟာ သင့်တာဝန်ပဲ သင် သိမယ်”ဟု အထိတ်တလန့်အော်ပြီးလျှင် စစ်ဗိုလ်ကလေးသည် နိုဗိကောက်ကို ပတ်ချာလှည့်ပြေးနေသည်။ နိုဗိကောက်သည် မလှုပ်မယှက် စကားမပြောဘဲ မတ်တတ်ရပ်နေသည်။ ပြီးလျှင် စစ်ဗိုလ်ကလေးက “ငါ ချက်ချင်းအစီရင်ခံစာရေးမယ်။ ဒီမှာ သက်သေရှိတယ်”ဟု အစောင့်စစ်သား၏ အင်္ကျီလက်ကို ဆွဲ၍ပြောသည်။ ပြီးလျှင် ဆက်၍ “သင် အခုချက်ချင်း အစီရင်ခံစာရေးစမ်း၊ ဘာလဲ စာမတတ်ဘူးလား။ တယ်ခွကျတဲ့ကောင်ပဲ။ ဒါပေမယ့် ကိစ္စမရှိဘူး။ သင့်ကို ငါ သက်သေထည့်မယ်။ ငါတော့ ဘာမှမသိဘူး။ မြင်လည်းမမြင့်ဘူး။ သူ့နာကို ခေါင်းရိုက်ခွဲဖို့ အမိန့်မရှိဘူး။ ဒါတို့နဲ့ မဆိုင်ဘူး။ သူ့တာဝန်ပဲ”ပြောသည်။ စစ်ဗိုလ်ကလေးမှာ သူ့အပေါ်အပြစ်ကျမည်စိုးသဖြင့် ရူးချင်သလို နှမ်းချင်သလိုဖြစ်နေသည်။

စစ်ဗိုလ်ကလေးသည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့် နိုဗိကောက်၏အခန်းထဲသို့ ပြေး၍ဝင်သွားသည်။ နိုဗိကောက်သည် စစ်ဗိုလ်ကလေး စကားပြောကြေးနန်းဆက်၍ပြောနေသံကို သဲ့သဲ့ကြားရသည်။ “ဟုတ်ကဲ့ ဟုတ်ကဲ့…ငါ စစ်ဗိုလ်ကလေးပါ။ သူ့နာကိုသတ်ပစ်လိုက်ပြီ။ သတ်တဲ့လူဟာ ငါ မဟုတ်ပါဘူး။ ဗိုလ်ကြီးပါ။ …ဟုတ်ပါတယ်။ ငါ အစီရင်ခံစာ ပို့လိုက်ပါမယ်။ သက်သေတစ်ယောက်ရှိပါတယ်”ဟု စစ်ဗိုလ်ကလေးက စကားပြောကြေးနန်းဖြင့် အစီရင်ခံသည်။

စစ်ဗိုလ်ကလေးသည် နိုဗိကောက်အခန်းထဲ၌ပင် ထိုင်၍ အစီရင်ခံစာရေးသည်။ သို့ရာတွင် ဗျာများနေသဖြင့် ရေး၍မရ။ ကလောင်သွားကျိုးပြီး မင်များဖိတ်ကုန်သည်။ စစ်ဗိုလ်ကလေးသည် ဆောက်တည်ရာမရသဖြင့် ခဏခဏစင်္ကြံဆောင်သို့ ထွက်လိုက် အခန်းထဲသို့ ပြန်ဝင်လိုက်ဖြစ်နေသည်။ တစ်ခါတစ်ခါလည်း နိုဗိကောက်ကို ကြည့်လိုက်၊ နိုဗိကောက်လက်တွင် သွေးတွေခဲနေသည်ကိုကြည့်လိုက်၊ နိုဗိကောက်အင်္ကျီ စုတ်သွားပြီး သွေးတွေပေနေသည်ကို ကြည့်လိုက်ဖြစ်နေသည်။ ထို့နောက် စိတ်ပျက်ပျက်နှင့် ကလောင်တံကိုဝေ့ပြီးလျှင် အခန်းထဲသို့ ပြန်ဝင်သွားသည်။

ထို့နောက် စစ်သားများသည် စင်္ကြံဆောင်ထဲသို့ ပြေး၍ထွက်လာကြသည်။ သို့ရာတွင် အကျိုးအကြောင်းကို သိကြသောအခါ ဘာမျှမပြောဘဲ အလျှိုလျှိုဖယ်၍ သွားကြသည်။ မည်သူမျှ သက်သေမခံလိုကြ။ သက်သေခံလျှင် မည်ကဲ့သို့ဖြစ်တတ်သည်ကို သူတို့သိသည်။

နိုဗိကောက်မှာ စောစောပိုင်းက အပြင်းအထန် အမျက်ထွက်လျက်ရှိသော်လည်း ယခုအခါ အမျက်ပြေ၍ ကြောက်စိတ်ဝင်လျက်ရှိသည်။ သူ၏နှောင်ရေးနှင့် သူ၏ရည်မှန်းချက်များသည် ပျက်စီးခြင်းသို့ရောက်သွားပြီ။ စစ်သားများ တစ်ယောက်နှင့်တစ်ယောက် တိုးတိုး တိုးတိုးပြောနေကြသော အသံများနှင့် ခြေမကိုင်မိ လက်မကိုင်မိ



ကျယ်လောင်ကျယ်လောင်ပြောနေသော စစ်ဗိုလ်ကလေး၏အသံကို နားထောင်ရင်းနှင့် နိုဗိကောက်စိတ်ထဲတွင် ဗေရီးယား၏ ငှက်ဆိုးသံနှင့်တူသော အသံကို၊ ဖားပြုတ်မျက်နှာကဲ့သို့ အကျည်းတန်သောမျက်နှာကို မြင်ယောင်၍လာသည်။

နိုဗိကောက်သည် ဒယိမ်းဒယိုင်နှင့် သူ့အခန်းထဲသို့သွား၍ အိပ်ရာပေါ်တွင် လှဲပြီးလျှင် မျက်စိများကို မှိတ်၍နေသည်။

စစ်ဗိုလ်ကလေးသည် အစီရင်ခံစာရေးပြီးသောအခါ နိုဗိကောက်အား မကြားတကြားလှမ်း၍အပြစ်တင်ပြီးလျှင် သူ့ကံဆိုးပုံကိုလည်း တစ်တစ်ခွခွ တိုင်းထွာပြောဆိုနေသည်။ သို့ရာတွင် သူအပြစ်ပြောသံနှင့် တိုင်းထွာပြောသံများကို နိုဗိကောက်မကြား။ အားလုံး တစ်ယောက်တစ်ပေါက် ဆူဆူညံညံ ပြောနေကြသံများထဲမှ သူ့နားထဲတွင် “နိုင်တဲ့သူကို ဘယ်သူကမှ အပြစ်မပြောဘူး။ ဘယ်သူကမှ အပြစ်မပြောဘူး။ ဘယ်သူကမှ အပြစ်မပြောဘူး”ဟူသော ကျယ်လောင်သော အသံကြီးတစ်ခုတည်းကိုသာ ကြားယောင်လာသည်။

ထို့နောက် သူသည် သူသတ်မဟုတ်ဘဲ သူ့ရဲကောင်းတစ်ယောက်သာ ဖြစ်သည်ဟူသောသဘောသည် ရုတ်တရက် သူ့စိတ်အာရုံထဲသို့ ဝင်လာသည်။ ပြီးလျှင် သူ၏ နေမထိထိုင်မထိဖြစ်နေသော အသိဉာဏ်တွင် အုတ်နံရံကိုကပ်၍ သေနတ်နှင့်ပစ်ပြီး အသတ်ခံရမည့် နိမိတ်ထင်မလာဘဲ ရွှင်လန်းဝမ်းမြောက်ဖွယ် နိမိတ်များထင်လာသဖြင့် “အို ငါဟာ သူသတ်မဟုတ်ပါဘူး။ သူရဲကောင်းပါ။ အခုလို ပြည်သူ့ဝိညာဉ်ဂိုရင်ကို ငါ သတ်ပစ်လိုက်တာဟာ နိုင်ငံရေးကြီးကိုင်အဖွဲ့က အင်မတိ အင်မတန် တောင့်တနေတဲ့ အလုပ်ပဲ။ စတာလင်က ဂိုရင်ကို မုန်းတယ်ဆိုတာဟာ အထင်အရှားပဲ။ အခုဆိုရင် ဂိုရင်ဟာ ဟိုဘက်ခန်းထဲမှာ ဦးခေါင်းကွဲပြီး သေနေပြီ။ အာဏာရှင်(စတာလင်)အဖို့ ဒီသတင်းထက် ကောင်းတဲ့သတင်း ဘယ်မှာရှိနိုင်မလဲ။ ဗေရီးယားအဖို့ကတော့ကော ဗေရီးယားကတော့ ဂိုရင်ကို ငါက သတ်ပစ်အောင်လို့ ငါ့ကို တစ်ယောက်တည်း ဂိုရင်ဆီလွှတ်ပြီး မဖြစ်နိုင်တဲ့ အလုပ်ကို အလုပ်ခိုင်းပြီး အားပေးကူညီလုပ်နေတာပဲ။

ဗေရီးယားက ဂိုရင်ကို ဖမ်းဖို့အမိန့်ထုတ်တာလဲ ငါ့အဖို့ ဂိုရင်ကို သတ်မပစ်ဘဲနဲ့နေလို့မရအောင် တမင်သက်သက်လုပ်တာပဲ”ဟု နိုဗိကောက် တွေးလိုက်သည်။

သို့ရာတွင် ထိုသို့တွေးခြင်းကို သူ၏အသိဉာဏ်က လက်မခံ။ နိုဗိကောက်မှာ ကြောက်လန့်ခြင်းသည်းထန်စွာ ဖြစ်မြဲဖြစ်လျက်ရှိသည်။

ထိုသို့တွေးရင်း အချိန်တစ်နာရီကုန်သွားသည်ကို နိုဗိကောက်မသိလိုက်။ ထိုအခိုက်တွင် သူ့အခန်းထဲသို့ ဒရို့ရောက်လာသည်ကို သူ တွေ့ရသည်။ ဒရို့သည် ဘယ်အချိန်က ရောက်လာသနည်း။ သူသည် တစ်ယောက်တည်းမဟုတ်။ သူနှင့်အတူ ရောမလက်ဆွဲ သေတ္တာကြီးကိုကိုင်၍ လိုက်လာသူ ကြွက်မျက်နှာပေါက်နှင့် မျက်လုံးမည်းမည်း သေးသေးကလေးများဖြင့် ဟိုစပ်စပ်သည်စစ်စပ်လုပ်တတ်သူ ပုပုပျပ်ပျပ်တစ်ယောက်ပါလာသည်။ ထိုလူသည် မရောက်ဖူးသောနေရာသို့ ရောက်လာသော

www.burmeseclassic.com

www.burmeseclassic.com



ကြွက်ကဲ့သို့ နှာခေါင်းနှင့် အနံ့တခံခံ လုပ်နေပြီးလျှင် အသေအချာ နိုဗိကောက်ကို စိုက်၍ကြည့်နေသည်။

နိုဗိကောက်သည် အိပ်ရာပေါ်မှ ကပျာကယာခုန်ဆင်းပြီး ဧည့်သည်ကိုကြွက်ရုပ်ကို ကြောက်အားလန့်အားနှင့် တွေ၍ကြည့်နေသည်။ နိုဗိကောက်သည် ဒရို့ကိုမကြောက်ဘဲ ဂနာလည်းမငြိမ် ဟိုဝင်စွက်သည်ဝင်စွက်လည်းလုပ်တတ်သော ဧည့်သည်ကို များစွာကြောက်လျက်ရှိသည်။

စစ်ဗိုလ်ကလေးသည် ကျောက်တိုင်ပမာ မတ်မတ်ကြီးရပ်ပြီးလျှင် ဒရို့လက်ထဲသို့ စာရွက်တစ်ရွက်ပေးလိုက်သည်။

"ဒါဘာလဲဟေ့။ ပြောစမ်းပါဦး"ဟု ဒရို့က မေးသည်။

စစ်ဗိုလ်ကလေးက "အခုဖြစ်နေတဲ့ လူသတ်မှုအတွက် အစီရင်ခံစာပါရဲဘော် ပထမတန်းဝန်ကြီး။ ငါဟာ ဓမ္မတာအတိုင်း နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခိုက်ဖြစ်တဲ့အတွက် ဘယ်လိုဖြစ်တယ်လို့တော့ မသိလိုက်ပါဘူး"ဟု ပြောသည်။ ပြီးလျှင် ခွေးလိမ္မာကဲ့သို့ ဦးထုပ်ထိပ်ချွန်းသို့ရောက်အောင် လက်ကိုမြှောက်၍ ဆလံပေးသည်။ သူ့ဦးထုပ်မှာ ထိပ်ချွန်းမပါ။ ပြီးလျှင် ဆိတ်ငြိမ်စွာ ရပ်မနေနိုင်သည့်အတွက် နေရာမရွေ့ဘဲ ဘယ်ခြေ မြှောက်လိုက် ညာခြေမြှောက်လိုက် ဖြစ်နေသည်။

"ကောင်မိုက်။ ဒီစက္ကူစုတ်ကို အခုချက်ချင်း ဖျက်ဆီးပစ်လိုက်"ဟု ဒရို့က သူ့စကားမဆုံးခင် ဖြတ်၍ပြောလိုက်သည်။ ပြီးလျှင် နိုဗိကောက်ဘက်သို့လှည့်၍ "ကိစ္စချောသွားပြီပေါ့"ဟု ပြောသည်။

နိုဗိကောက်သည် ဒရို့က ဘယ်လိုဆိုလိုသည်ဟု နားမလည်သဖြင့် သေရည်မူးပမာ ယိုင်တီးယိုင်တိုင်ဖြစ်နေပြီး ဘာမျှမပြော။ ဒရို့က အံ့အားသင့်စွာဖြင့် ခေါင်းကိုခါ၍ "ရဲဘော် ကျောင်းအုပ်ကြီး သင် ဘာဖြစ်နေသလဲ။ သင့်မျက်နှာကလည်း ဖောသွပ်သွပ်၊ သင့်မျက်စိ တွေကလည်း ခွေးရူးမျက်စိတွေလို သင့်စိတ်တွေကလည်း ဗယောက်ဗယက်နဲ့။ သတိနည်းနည်းထားပါ။ သတိမထားလျှင် သင် ရူးသွားလိမ့်မယ်။ ဘာလို့ အဲဒီလိုရပ်နေရတာလဲ။ သွားပါ မျက်နှာတွေဘာတွေ သွားသစ်ပစ်ချေပါ။ အို နေဦး၊ နေဦး၊ ငါ့ကို ပထမပြပါဦး" ဟုပြောသည်။

နိုဗိကောက်သည် အိပ်မက်မက်နေသူပမာ ဒရို့နှင့်သူ့အဖော်ကိုခေါ်၍ ဂိုရင်၏အခန်းသို့သွားသည်။ နိုဗိကောက်စိတ်ထဲတွင် သူကို သေမင်းဆီသို့ ခေါ်သွားသလိုထင်သည်။ တံခါးပေါက်သို့ရောက်သောအခါ ရှေ့သို့ဆက်သွားရန် ခြေမသယ်နိုင်သဖြင့် နိုဗိကောက်သည် ရပ်နေသည်။ ဒရို့၏အဖော်သည် အခန်းထဲသို့ ပျာယီးပျာယာဝင်သွားပြီး တုံးလုံးကြီးလဲသေနေသော ဂိုရင်ကို ငုံ့၍ကြည့်သည်။

ဒရို့သည် ဂိုရင့်အလောင်းကို ပတ်ချာလှည့်၍ သေသေချာချာကြည့်ပြီးလျှင် ပြတင်းပေါက်သို့သွား၍ အခန်းစည်းကို ဆွဲဖွင့်လိုက်သည်။ ယခုအခါ အခန်းစည်းကို ပိတ်ထားရန် မလိုတော့။ ဒရို့သည် အပူငွေ့ပေးသောသံဘောင်သို့ ရောက်သောအခါ



သံဘောင်တွင် ပေ၍နေသော သွေးများကိုကြည့်သည်။ ပြီးလျှင် လဲနေသောကုလားထိုင်ကို ပြန်ထောင်၍ မှန်ကွဲများကို စားပွဲခုံအောက်သို့ ခြေနင်းနှင့်ကန်၍သွင်းသည်။ ထို့နောက် နိုဗိကောက်ဆီ ပြန်လာပြီး "လုပ်ပုံက သိပ်မကောင်းဘူး" ဟု မပွင့်တပွင့်ပြောသည်။ ဒရို့မျက်နှာတွင် နိုဗိကောက်ကို အထင်အမြင်သေးသော အချင်းအရာပေါ်လာသည်။

ထိုအခိုက်တွင် ဒရို့၏အဖော်သည် သူ့သားရေသေတ္တာကို စားပွဲခုံပေါ်သို့ တင်လိုက်ပြီးလျှင် "ကိုင်း သင်တို့ သွားကြတော့"ဟု ပြော၍ နိုဗိကောက်ကို အင်မတိအင်မတန် အထင်သေးသော ပုံနှင့်ကြည့်သည်။ ပြီးလျှင် နိုဗိကောက်ကိုကြည့်၍ "သင်မြင်တဲ့အတိုင်းပဲ ဒီအလုပ်ဟာ သေးတဲ့အလုပ်မဟုတ်ဘူး။ ညစာစားချိန်လောက်ပြီးအောင်တောင် ငါ အတော်ကြိုးစားပြီးလုပ်ရမယ်"ဟု ပြောသည်။

ဒရို့နှင့်နိုဗိကောက်တို့သည် အခန်းသို့ပြန်လာသည်။ စိတ်ရှုပ်နေသော စစ်ဗိုလ်ကလေးက အခန်းထဲမှစောင့်နေသည်။ စစ်ဗိုလ်ကလေးသည် သူ့အစီရင်ခံစာကို မီးရှို့ပြီးခါစဖြစ်သည်။ အခန်းထဲတွင် မီးခိုးတောင်မတိတ်သေး။

"စစ်ဗိုလ်ကလေး ရေနဲ့ဆပ်ပြာပေးစမ်း၊ အစောင့်စစ်သားကိုပြောလိုက် ဘာစကားမှမပြောနဲ့လို့။ သင်လည်း ဘာမျှမပြောနဲ့ ကြားလား(စာရေးဆရာ)ကြီးရဲ့"ဟု ငေါ့၍ပြောသည်။

စစ်ဗိုလ်ကလေးထွက်သွားသောအခါ အခန်းထဲတွင် ဒရို့နှင့်နိုဗိကောက် နှစ်ယောက်တည်းကျန်ရစ်သည်။ ဒရို့သည် ဖိုးရိုးဖားရားဖြစ်နေသော နိုဗိကောက်ကို ခြေဆုံးခေါင်းဆုံး ကြည့်၍ ကြိတ်ပြီးရယ်သည်။ ထို့နောက် ကျယ်စွာရယ်သည်။ ထို့နောက် ဆက်တိုက် အူတက်လာလုမတတ်ရယ်သည်။ ပြီးလျှင် နိုဗိကောက်၏ရင်ဘတ်ကို လက်ညှိုးနှင့်ထိုး၍ "စိတ်ဓာတ်ကို ခွဲစိတ်ကုသတဲ့ဆရာကြီး စိတ္တဇရောဂါကုပါရဂူကြီး။ ပြီးတော့ ရုတ်တရက် ဦးခေါင်းကို အပူငွေ့ပေးသံဘောင်နဲ့ ရိုက်ခွဲလိုက်တယ်။ ဟား···ဟား···ဟား (ငါက အကြမ်းမှုကို မယုံကြည်ဘူး။ စိတ်ရဲ့တန်ခိုးကို ယုံကြည်တယ်ဆို)ပြီးတော့ ဂွမ်းခနဲ ခေါင်းကိုရိုက်ခွဲလိုက်တာနဲ့ အုပ်ဆက်ကွဲသွားတယ်။ ဟား···ဟား···ဟား···သင့်ကို ငါ ချီးကျူးပါတယ်" ဟုပြောသည်။

"ဒါပေမယ့် အခြေအနေ အကုန်လုံးကိုလည်း ထည့်စဉ်းစားပါဦး"ဟု နိုဗိကောက်က စိတ်ပျက်လက်ပျက်ဖြင့်ပြောသည်။

"ဩော် ငါက အခြေအနေအကြောင်းကို မေ့နေတယ်ဆိုပါတော့"ဟု ပြောပြီးလျှင် ဒရို့သည် အရယ်ရပ်၍သွားသည်။ ပြီးလျှင် ဆက်၍ "ရဲဘော် နိုဗိကောက် ယေဘုယျသဘောကို ပြောရမယ်ဆိုရင်တော့ သင့်ကိုတော့ ငါ လေးစားပါတယ်"ဟု ပြောပြီးလျှင် စကားကို အပြီးသတ်အောင်မပြော။ ထိုအခိုက်တွင် စစ်ဗိုလ်ကလေးက ရေကရားနှင့် ဇလုံကိုယူ၍လာပြီး နိုဗိကောက်ရှေ့တွင် ချထားသောအခါ ဒရို့က စစ်ဗိုလ်ကလေးကို မျက်ရိပ်ပြ၍ ထွက်သွားရန်ခိုင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဗေရီးယားဆီကို လှမ်းစကားပြောနေတုန်းမှာ သင် မျက်နှာတွေဘာတွေ သစ်ပြီး အင်္ကျီတွေဘာတွေလဲလိုက်ပါ ရဲဘော်ကျောင်းအုပ်ကြီး။ ဗေရီးယားဆီကို ငါတို့ အမြန်ဆုံး သတင်းမပို့လို့မဖြစ်ဘူး" ဟု ဒရိုကပြောသည်။

ဒရိုက စကားပြောကြေးနန်းကို လက်နှင့်ကိုင်၍မလိုက်ရုံနှင့် သူ၏နောင်ရေးကို မည်ကဲ့သို့ထိခိုက်သွားမည်ကို နီဗိကောက် တွေးတောပူပန်လျက်ရှိသည်။

"ခရီးဝေး မော်စကိုမြို့ကို ဆက်ပေးပါ" ဟု စကားပြောကြေးနန်းကို ကိုင်၍ ပြောပြီးလျှင် ဒရိုသည် နီဗိကောက်ဘက်သို့လှည့်၍ "မျက်နှာသစ်ပါ ငါ့လူ၊ ခေါင်းပါ တစ်ခါတည်း ဆေးလိုက်ပါ။ ဟယ်လို ဗဟို ၁-၇-၈-၅ ကို ဆက်ပေးပါ။ ဟုတ်ပါတယ်။ ဟုတ်ပါတယ်။ ဒရို စကားပြောနေပါတယ်။ ဒီမှာ ပထရောက် ငါ့ကို ဗိုလ်ဆီ ဆက်ပေးစမ်းပါ။ ဘာပြောတယ်။ အိပ်ရာကမထသေးဘူးဆိုတာ ငါ သိပါတယ်။ ဒါပေမယ့် သိပ်အရေးကြီးတဲ့ ကိစ္စရှိလို့ပါ။ အထူးအရေးကြီးတဲ့ ကိစ္စရှိလို့ပါ။ ကောင်းပြီ" ဟု ပြောသည်။

ထိုတစ်မိနစ်အတောအတွင်း၌ သူ့ကံကြမ္မာကို ဆုံးဖြတ်လိမ့်မည့်အဖြစ်ကို နီဗိကောက်သိသည်။ သူ့နဖူးသည် မီးကဲ့သို့ပူ၍လာသည်။ နီဗိကောက်သည် အသက်ကို အောင့်၍ အသံမကြားအောင် သူ့ကိုယ်သူ ဆေးကြောနေရင်းနှင့် ဒရိုပြောသောစကားများကို တစ်လုံးမကျန်ကြားအောင် ဂရုစိုက်၍နားထောင်နေသည်။

"ဟဲလို မင်္ဂလာမနက်ပါ ဗေရီးယား။ စောစောစီးစီး စကားပြောကြေးနန်း ဆက်တာ စိတ်မရှိပါနဲ့။ အရေးကြီးတဲ့ ကိစ္စရှိလို့ပါ။ ရာသီဥတုအခြေအနေလား ကောင်းပါတယ်။ သာယာပါတယ်။ ဒါပေမယ့် ငါတို့ပေးရမယ့် သတင်းကတော့ မသာယာလှပါဘူး။ ဘာတဲ့ ဒီအတိုင်း အတိအကျပါပဲ။ သင် အတွေးကောင်းသားပဲ။ အံ့စရာပဲ။ ဟုတ်တယ် ဟုတ်တယ်။ သူနာသေပြီ။ ဟုတ်တယ် ဟုတ်တယ် လေဖြတ်သွားတယ်။ နားလည်ပါတယ်။ အဲဒီအတိုင်း ပါပဲ။ ကျောင်းအုပ်ကြီးလား။ ကောင်းကောင်းမွန်မွန် ရှိပါတယ်။ တစ်ခုပဲရှိပါတယ်" ဟု ပြောပြီးလျှင် ဒရိုသည် နီဗိကောက်ကို မျက်စောင်းထိုးကြည့်၍ "တစ်ခုပဲရှိပါတယ်။ ဒီလိုဖြစ်ရတဲ့အတွက် သူ အများကြီး စိတ်မကောင်းဖြစ်နေတာတစ်ခုပါပဲ။ ဟုတ်ကဲ့ သူ့ကို ပြောလိုက်ပါမယ်။ ဘာတဲ့ ဟုတ်ကဲ့ ပြင်ဆင်တဲ့သူ အလုပ်စလုပ်နေပါပြီ။ စိတ်ချရပါတယ်။ အားလုံးကောင်းပါတယ်" ဟု ပြောသည်။

ဒရိုသည် စကားပြောကြေးနန်းကို ချလိုက်ပြီးလျှင် သက်မချလိုက်သည်။

"သင် ကံကောင်းတယ် ကျောင်းအုပ်ကြီး။ ဗေရီးယားက သင့်ကိုချီးကျူးလိုက်ပါလို့ ငါ့ကိုပြောတယ်။ ဒါပေမယ့် ငါသာ ဗေရီးယားဆိုရင်တော့ ဒီလို လုပ်ပုံမသေသပ်တဲ့အတွက် သင့်ခေါင်းကို ဖြတ်ပစ်မှာပဲ။ သေရည်မူးနေတဲ့လူတောင် သင့်ထက်တော့သာဦးမယ်။ ပြော်ပြီးတော့ စာတွဲအစိမ်းအကြောင်းနဲ့ပတ်သက်လို့လည်း သင့်ကို သတိပေးလိုက်ပါဦးလို့ ပြောသေးတယ်။ အဲဒါ ဘာစာတွဲလဲ" ဟု ဒရိုက နီဗိကောက်ကိုပြောသည်။



ဒရိုသည် စာတွဲအစိမ်းအကြောင်းကို မသိသော်လည်း သူပြောပုံမှာ ဒွိဟရှိစရာမဖြစ်အောင် ပြတ်သားသည်။ ပြီးလျှင် ဒရိုသည် ငြိမ်၍နေသည်။ ထို့နောက် နီဗိကောက်က မော်ကြည့်သည်။ ယခုအခါ အားလုံးအစီပွာယ် ပြောင်း၍သွားပြီ။ နေရောင်သည် တစ်မျိုး ပြောင်းသွားပြီ။ အခန်းလည်း တစ်မျိုးပြောင်းသွားပြီ။ ဒရို၏ မျက်နှာလည်း တစ်မျိုးပြောင်းသွားပြီ။

နီဗိကောက်၏နှလုံးတွင်းမှ ထိတ်လန့်ခြင်းသည် ထွက်၍သွားပြီ။

✳✳✳

## အခန်း(၅)

ဂိုရင်သေသောသတင်းသည် ရုရှတစ်ပြည်လုံး အနှံ့အပြား ပြန့်၍သွားသည်။ ပရဗ္ဗဒါသတင်းစာက မျဉ်းကြောင်းအမည်းကြီးများသား၍ "မနေ့ကနံနက် (   ) နာရီအချိန်တွင် လေဖြတ်သဖြင့် ဂိုရင် သေသွားသည်" ဟု ကြေညာသည်။ သတင်းစာရောင်းသမားများမှာ အော်၍ရောင်းဖို့မလို။ သူ့ထက်ငါ သတင်းစာကို မရအရ လုယက်၍ဝယ်ကြသည်။ အချို့မှာ ပြန်အမ်းသည့်အသပြာကိုတောင် ယူဖို့သတိမရကြ။

နောက်နေ့တွင် ဂိုရင်၏အလောင်းကို မော်စကိုဘူတာသို့ မီးရထားနှင့်တင်၍ ယူလာသည်။ ထိုဘူတာရုံမှ သုံးနှစ်အထက်က နိုင်ငံခြားမှ ဂိုရင်ပြန်ရောက်စဉ်က လူထုက သောင်းသောင်းဖြဖြဆီး၍ ကြိုကြသော ဘူတာပင်ဖြစ်သည်။

သုံးနှစ် -

ထိုအချိန်သည် ကြာရသလော။ ထိုအချိန်အတွင်း၌ ဂိုရင်သည် သူ့ပြည်သို့ သူ ပြန်ရောက်လာသော ဝမ်းသာမှုကို၊ သူ၏မျှော်လင့်ချက်များ တိုးတက်လာသည်ကို၊ သူ၏ မျှော်လင့်ချက်များ ပျက်စီးသွားသည်ကို၊ နောင်တကြီးစွာဖြစ်ခြင်းကို တွေ့ရသည်။ ယခုအခါတွင် တိုင်းသူပြည်သားတို့သည် ထိတ်လန့်ခြင်း အစိုင်အခဲဖြစ်နေသည့် ဂိုရင်၏ ပြဲနေသော မျက်လုံးများကို ပိတ်၍ပေးပြီး သင်္ဂြိုဟ်ကြတော့မည်။

သုံးနှစ်.

ထိုအချိန်အတွင်း၌ ဂိုရင်မှာ သူ့သားပါဗယ်ကို ဆုံးရသည်။ သူ့မိတ်ဆွေကောင်း ချိပ်ရောက်ကို ဆုံးရသည်။ နောက်ဆုံး သူကိုယ်တိုင်ဆုံးရသည်။ "သင်၏ ပျော်ရွှင်မှုသည် အရှည်သဖြင့် တည်တံ့ခိုင်မြဲစေရန်အလို့ငှာ သင်၏ ဆင်းရဲခြင်းများသည် အဆုံးသတ်ခဲ့ပြီ" ဟု ရောက်စတောက်ဂိုဏ်းချုပ် ဆရာတော်က ပါဗယ်၏ခေါင်းကိုဖွင့်၍ ပြောသောအချိန်နှင့် ဂိုရင်သေရသောအချိန်မှာ များစွာမကွာလှ။ မော်စကိုမြို့ အသံလွှင့်ရုံမှ "ယခုအခါ ဘော်ရှီဗစ်အစိုးရနှင့်တကွ နိုင်ငံရေးကြိုးကိုင်အဖွဲ့ဝင်များက လီနင်စတာလင်ပါတီအတွက် ဖွဲ့သတ္တိကြီးစွာနှင့် တိုက်ခိုက်၍ပေးခဲ့သော ဘော်ရှီဗစ်သားကောင်းကြီး၏အလောင်းကို ဦးနှိမ်၍ အလေးပြုလျက်ရှိကြပါသည်" ဟု လိမ်၍အသံလွှင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



မော်စကိုမြို့သူမြို့သားတို့သည် တိတ်ဆိတ်စွာ မသာပို့ကြသည်။ လေထဲတွင် တဖျပ်ဖျပ်လွှင့်လျက်ရှိသော အလံမည်းများ၏ အရိပ်များသည် အိမ်နံရံများပေါ်တွင် ကြေကွဲစွာ လှုပ်ရှားလျက်ရှိသည်။ လမ်းကြီးလမ်းသေး အသွယ်သွယ်တွင် မြို့သူမြို့သားများ ပြည့်ကြပ်လျက်ရှိသည်။ အချို့က သက်မချကြသည်။ အချို့က ဦးထုပ်များကို ချွတ်၍ အလေးပြုကြသည်။ ကလေးများက ခြေဖျားထောက်၍ ဂိုရင်၏မျက်နှာကို ကြည့်ကြသည်။ သို့ရာတွင် ပန်းခွေကြီးများဖုံးနေသဖြင့် ဂိုရင်၏မျက်နှာမှာ မမြင်ရလောက်အောင်ဖြစ်နေသည်။

"ဂိုရင်၏ အလောင်းကို အလုပ်သမားသမဂ္ဂများ၏ အဆောက်အဦးတွင် နှစ်ရက်တာမျှထားသည်။ အဆောက်အဦတိုင်ကြီးများကို ပန်းမန်အမျိုးမျိုးနှင့် ခြယ်လှယ်၍ထားသည်။ ခေါင်းရှေ့တည့်တည့် တောင်လိုပုံနေသော ပန်းခွေပုံကြီးများ၏ အလယ်ခေါင်တွင် အစောင့်စစ်သားရပ်လျက်ရှိသည်။ ခေါင်းဘေးတွင် ကိုယ်ရံတော်တပ်သားများ အထက်တန်း ပါတီဝင်များ၊ စာရေးဆရာများ၊ လောကဓာတ်ဆရာကြီးများရှိသည်။ ညတွင် စစ်တီးဝိုင်းက ချိုပင်၏ မသာချဆိုင်းကို တီးသည်။

ပထမနေ့မွန်းတည့် အချိန်တွင် နိုဗိကောက်သည် ကိုယ်ရံတော်တပ်သားတစ်ဦး အဖြစ်နှင့် ဂိုရင်၏ခေါင်းထိပ်က ရပ်၍စောင့်သည်။ နိုဗိကောက်က မျက်နှာပူသဖြင့် ထိုတာဝန်ကို မလုပ်ချင်သောကြောင့် ငြင်းပယ်မည်ကြံသည်။ သို့ရာတွင် ဗေရီးယားက လုပ်ရမည်ဟု အတင်းအကြပ်ခိုင်းသည်။ စာရေးဆရာ ဆိုလိုကောက်က နိုဗိကောက်၏ ဘေးကရပ်၍နေသည်။ သူတို့နှစ်ယောက်နှင့် မျက်နှာချင်းဆိုင်တွင် ပညာကျော်အဖွဲ့ဥက္ကဋ္ဌ ကိုမာရောက်နှင့် ဂိုရင်၏ပြဇာတ်တွင် အီဗန်ဘုရင်အဖြစ်နှင့် ပါဝင်သူဇာတ်လိုက် ချိပ်ကာဆောက်တို့ရှိသည်။ နိုဗိကောက်မှာ ဂိုရင်၏မျက်နှာကို မမြင်ချင်၍မနေရ။ ဂိုရင့်မျက်နှာမှာ သေခြင်း၏ အခြင်းအရာဖြစ်သော မသာယာသော လက္ခဏာများမရှိဘဲ အင်မတန် တည်ငြိမ်လျက်ရှိသည်။ ကြွက်မျက်နှာပေါက်နှင့်လူသည် သူ့အလုပ်ကို အင်မတန်သပ်ရပ်စွာလုပ်ထားသည်။ ဂိုရင်သည် ကြမ်းတမ်းသော အသွင်အပြင်တို့သည် ပျောက်ကွယ်၍ သန့်ရှင်းစင်ကြယ်သော အခြေအနေသို့ ပြန်ရောက်နေသည်။ ထာဝစဉ် တည်မြဲမည့် အကြည်မာတ်ရောင်ခြည်သည် ဂိုရင်၏နဖူးပြင်တွင် တောက်ပလျက်ရှိသည်။ ညိုးငယ်သောမျက်နှာနှင့် ဂိုရင်၏ အလောင်းကို လာကြည့်ကြသော လူတန်းစားကြီးမှာလည်း အတောမသတ် ရတ်ရတ်ရတ်ဖြစ်နေသော လာကြည့်သူတို့၏ ခြေသံကြားမှ တစ်ခါတစ်ရံ ငိုသံရှိုက်သံများ ထွက်ပေါ်လာသည်။ ဆာဒိုဗယလမ်းမကြီး တစ်လျှောက်လုံးသည် လူတန်းကြီးနှင့် ပြည့်နေသည်ကို နိုဗိကောက်သိသည်။ လူမရှိသော ခန်းမကြီးထဲသို့ စတာလင်၊ မိုလိုတောက်၊ ယိုတ်ဗာကောက်နှင့် ဗေရီးယားတို့ရောက်လာသဖြင့် လူတန်းကြီးသည် ရုတ်တရက်ရပ်သွားသည်။ လျှို့ဝှက်စစ်တပ်ဗိုလ်တစ်ယောက်က ကိုယ်ရံတော်တပ်သားအဖြစ် အစောင့်ကျနေသူများထံသို့ ပျာယီးပျာယာလာ၍ "သင်တို့ နားလှည့်ရောက်ပါပြီ။ ဖယ်ကြပါ" ဟု ပြောသည်။



စတာလင်က ဂိုရင်၏အလောင်း ခေါင်းရင်းဘက်သို့ရောက်အောင် ခြေနှစ်လှမ်းကို ဖြေးညင်းစွာလှမ်းလိုက်ပြီး နိုဗိကောက်၏ နေရာကိုယူလိုက်သည်။ နိုဗိကောက်အဖို့တွင် ထိုသို့စတာလင်က သူ့နေရာကို ယူလိုက်ခြင်းမှာ ထူးခြားသောနိမိတ်ဟု ထင်ရသဖြင့် သူ့စိတ်ထဲက "ငါ သူသတ်ရဲ့နေရာကို စတာလင်က တမင်များ ရွေးယူလေသလား မပြောတတ်ဘူး" ဟု အောက်မေ့မိသည်။ ဤသို့အားဖြင့် စတာလင်၏ စရိုက်သစ်တစ်ခုသည် ထင်ရှား၍လာသည်။ စတာလင်နှင့် နိုဗိကောက်တို့ တွေ့ကြသောအခါ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကြသည်။ နိုဗိကောက်က သူ၏ပုံပန်သောမျက်နှာထားကို မပျက်စေဘဲ သူ့မျက်စိများကို ဘေးသို့ဖယ်လိုက်သည်။ စတာလင်၏ မျက်နှာထားမှာ အကဲခတ်၍မရ။ သူ၏အတွင်းစိတ်သန္တာန်၌မူ ကျေနပ်သော အခြင်းအရာများပေါ်၍နေသည်။

စတာလင်နှင့်အဖော်များသည် ဓာတ်ပုံအရိုက်ခံရန်အတွက် ဆယ်မိနစ်ခန့်မျှသာ ဂိုရင်၏ခေါင်းနားတွင် ရပ်၍နေကြသည်။ ဓာတ်ပုံရိုက်ပြီးသည်နှင့် တစ်ပြိုင်နက် စတာလင်တို့ လူစုထွက်သွားသည်။ စတာလင်တို့သွားသောအခါ ဂိုရင့်အလောင်းကို လာကြည့်သော လူတန်းကြီးသည် ပြန်၍ပေါ်လာသည်။ မိနစ်သုံးဆယ်ခန့်ကြာမှ နိုဗိကောက်နေရာကို တက္ကသိုလ်ကျောင်း ကိုယ်စားလှယ် ကျောင်းသားကလေးတစ်ယောက်က လာ၍ယူသဖြင့် နိုဗိကောက် အနားရသည်။ နောက်တွင် ဂိုရင်၏ခေါင်း ခေါင်းရင်းဘက်တွင် ရပ်၍နေသော စတာလင်၏ဓာတ်ပုံကို ပရဗ္ဗဒါသတင်းစာထဲတွင် နိုဗိကောက်တွေ့ရသည်။ ဓာတ်ပုံထဲတွင် စတာလင်၏မျက်နှာမှာ အင်မတိအင်မတန် ဝမ်းနည်းနေသော အသွင်ကိုဆောင်၍နေသည်။

***

## အခန်း(၆)

ဩဂုတ်လ ၂ ရက်နေ့တွင် ဂိုရင်၏အလောင်းကို လေးစားစွာမြေသို့ချသည်။ ထိုနေ့တွင် မိုးရိပ်မိုးသားမရှိ။ ကရင်မလင်နန်းတော်၏ မျှော်စင်ကြီးများသည် နေရောင်ဖြင့် တောက်ပြောင်လျက်ရှိသည်။ ဗိသုကာအကျော်တို့၏ လက်ရာဖြစ်သော ကြက်သွန်နီဥ သဏ္ဌာန်ရှိသော ရှင်ဗသီလီပြသာဒ်များ၏ ဝေးရာဘက်တွင်ရှိသော မော်စကိုမြစ်ပြင်တွင် မိုးပြာရောင်ဟပ်လျက်ရှိသည်။ မော်စကိုပန်းခြံကြီးတစ်ခုလုံးမှာ မြို့သူမြို့သားများ စစ်သားများဖြင့် ပြည့်ကြပ်လျက်ရှိသည်။

လီနင်၏ ဂူလက်ဝဲဘက်အစွယ်တွင် ကြိုးကိုင်အဖွဲ့ဝင်များ ရပ်နေကြသည်။ စတာလင်က ထိပ်ကရပ်နေသည်။ အဆုံးတစ်ဘက်တွင် ပုပျပ်ပျပ်ဗေရီးယားက ရပ်နေသည်။ သူ၏မျက်နှာတွင် ရသစ်စစိတ်ချမ်းသာမှုသည် အရောင်တောက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



လီနင်ဂူ၏ လက်ျာဘက်လှေကားထစ်များပေါ်တွင် ဘော်ရှီဗစ်အစည်းအရုံးများ၏ ကိုယ်စားလှယ်များရှိသည်။ ထိုကိုယ်စားလှယ်များထဲတွင် နိုဗိကောက်လည်းပါသည်။ လက်ဝဲဘက်တွင်မူ နိုင်ငံခြားအစိုးရ ကိုယ်စားလှယ်များ အတော်များများကလေးရှိသည်။

လူဗာ၊ နီနာနှင့် သူ့ခင်ပွန်းယိုတ်ဗာကောက်တို့မှာ လီနင်ဂူအဝင်ဝ စင်မြင့်ပေါ်တွင် ရှိသည်။

ထင်ရှားသော ဧည့်သည်များနှင့် မျက်နှာချင်းဆိုင်အရပ်တွင် စနစ်တကျဖွဲ့စည်းထားအပ်သော မော်စကိုစစ်တပ်မှ စစ်သားများရှိသည်။ သူတို့၏လက်ဝဲဘက်တွင် ကရင်မလင်စစ်ကျောင်းမှ ကျောင်းသားများရှိသည်။

ဂိုရင်၏ ပြာများကို ကရင်မလင်နန်းတော်နံရံနီထဲတွင် ထည့်၍ထားသည်။ စတာလင်ကိုယ်တိုင်က အလေးပြုအမြောက်ဆယ်ချက် ပစ်ဖောက်သည်ကို နာခံရင်း ပြာအိုးကို နံရံရှိအခန်းငယ်ကလေးထဲသို့ သွား၍ထည့်သည်။ ထို့နောက် ခရာမှုတ်သမားများက ကြည်နူးလွမ်းဆွတ်ဖွယ် ငြိမ့်ညောင်းသာယာစွာ ခရာမှုတ်ကြသည်။ ပြီးလျှင် မိုလိုတောက်က မိန့်ခွန်းမြွက်ကြားသည်။

အစိုးရသည် ဂိုရင်၏မသာကို အဘယ်မျှလောက် ခမ်းနားကြီးကျယ်စွာ ဆင်ယင်ချင်သည်ကို မိုလိုတောက် မိန့်ခွန်းပြောချက်ကို ဂရုတစိုက်နားထောင်ကာ နိုဗိကောက်က အကဲခတ်နေသည်။ မိုလိုတောက်လက်ဦးစ၍ ပြောလိုက်သော စကားများကို ထောက်ထားရခြင်းအားဖြင့် ဘော်ရှီဗစ်အစိုးရသည် ဂိုရင်၏ မသာအခမ်းအနားကို ကြီးကျယ်နိုင်သမျှ ကြီးကျယ်အောင် စီစဉ်ချင်သည်မှာ ထင်ရှားသည်။

''လီနင် သေဆုံးခြင်းမှလွဲ၍ ဂိုရင်သေဆုံးခြင်းသည် ကမ္ဘာတစ်ဝှမ်းလုံးရှိ အလုပ်သမားလူထုကြီး၏အဖို့တွင် အကြီးဆုံးသော နစ်နာဆုံးရှုံးမှုကြီးတစ်ရပ်ဖြစ်သည်'' ဟု မိုလိုတောက်က အစချီလိုက်သည်။ မိုလိုတောက်သည် စကားခပ်လေးလေးပြောတတ်ရာ ဂိုရင်၏ မသာမိန့်ခွန်းကိုပြောသောအခါ ပို၍ပင် လေးလျက်ရှိသဖြင့် သူ့စိတ်ကို အကယ်ပင် များစွာ ထိခိုက်နေသကဲ့သို့ထင်ရသည်။

''ဂိုရင်သည် ရဲရဲတောက် ဘော်ရှီဗစ်မျိုးချစ်ကြီး တစ်ယောက်လည်းဖြစ်သည်။ ငါတို့ ကွန်မြူနစ်ပါတီ၏ အမြင့်ဆုံးရည်မှန်းချက်များကို စိတ်အားထက်သန်စွာ ထုတ်ဖော်ပြောဆိုသူလည်း ဖြစ်သည်။ ငါတို့နှင့်အတူ လက်နက်ကိုင်ဖက် ရဲဘော်လည်းဖြစ်သည်။ လီနင်နှင့် စတာလင်တို့၏ မိတ်ဆွေကြီးလည်းဖြစ်သည်။ ဆိုရှယ်လစ်ဝါဒ (ဘုံဝါဒ)၏ စာကြီးစာကောင်းများကို လက်မွန်မဆွ တည်ထောင်သူလည်းဖြစ်သည်။ ဂိုရင်နှင့်စတာလင်တို့ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြည်ညိုကြခြင်းသည် လူထု၏ အကျိုးစီးပွားကို အထူးပင် ပွားများစေသည်''ဟု မိုလိုတောက်က ပျင်းရိဖွယ်လေသံဖြင့် ပြောလိုက်သောအသံကို ပန်းခြံကြီးတစ်ခုလုံးမှ ကြားရသည်။

သူတို့သင်္ဂြိုဟ်နေသော မသာမှာ စာရေးဆရာတစ်ယောက်၏ မသာဖြစ်သော်လည်း သူတို့အခမ်းအနား ဆင်ယင်ပုံမှာ စစ်ပုံစံဖြစ်သည်။ လျှို့ဝှက်စစ်သားများက



ထောင်ပေါင်းများစွာသော မြို့သူမြို့သားများကို ရှေ့သို့မတိုးရန် ဟန့်တားထားသည်။ မည်သည့်ဘက်သို့ ကြည့်လိုက်သည်ဖြစ်စေ၊ စစ်သားများနှင့် မျက်နှာထားဆိုးဆိုးနှင့် စစ်ဗိုလ်များကိုသာ တွေ့ရသည်။

မိုလိုတောက်၏ မိန့်ခွန်းပြီးဆုံးသောအခါ ''သတိချပ်လက်နက်အပ်''ဟု အမိန့်ပေး၍ စစ်ချီအခမ်းအနားကိုစသည်။

စစ်မိန့်သံများမှာ တစ်တပ်မှ တစ်တပ်သို့ ပြန့်နှံ့၍သွားသည်။ စစ်သားတို့သည် အညီအညွတ်ချီ၍ လက်နက်အပ်ဟန်လုပ်ပြီးလျှင် ကြောက်ရပ်များပမာ မလှုပ်မယှက် ရပ်၍ နေကြသည်။ တီးဝိုင်းက စစ်သည်များကို ကြောက်မက်ဖွယ် လေးလေးတီးသည်။

မသာချအခမ်းအနားကို လာကြည့်ကြသော ပရိသတ်များမှာ ကျောချမ်း၍သွားသည်။ ထို့နောက် စစ်သားများသည် သံခမောက်ဆောင်းလုံ့စွပ်ကိုင် မော်စကိုစစ်သားများနှင့်အတူ အလံများကို မြေသို့ညွှတ်ပြီးလျှင် လီနင်ဂူရှေ့သို့ ခြေလှမ်းညီညီနှင့် စီတန်းသွားကြသည်။ သူတို့သည် မျက်နှာထားများကို တည်သင့်သည်ထက် ပိုမို၍ တည်တည်ကြီးထားပြီးလျှင် ဂူပေါ်ရှိတန်ခိုးရှင်ကြီးတို့အား စားမည့် ဝါးမည့်ပမာ မျက်လုံးကြီးများကို ပြူး၍ကြည့်ကြသည်။ ထိုလက်နက်ကိုင် စက်ရုပ်မျှသာဖြစ်သော စစ်သားများအနက် တစ်ယောက်သောသူသည်မျှ ဂိုရင်၏အကြောင်းတွင် စိတ်ဝင်စားခြင်းမရှိသည်ကို ထင်ရှားစွာတွေ့မြင်ရသည်။

ထိုကဲ့သို့ မျက်နှာဖုံးစွပ်၍ညာခြင်းအလုပ်သည် မိမိ၏တွေ့မြင်ရစဖြ အလုပ်သာ ဖြစ်သည်ဟု ရက်စကွဲယား(ပန်းခြံနီ)သဘောထားသည်။ ပန်းခြံနီအဖို့တွင် ထူးဆန်းသောအရာဟု မရှိတော့။ ရှင်ခြင်းအမျိုးမျိုး၊ သေခြင်းအမျိုးမျိုးကို ပန်းခြံနီတွေ့ဖူး မြင်ဖူးလှပြီ။ များစွာကုန်သော လူဆုလူပူများသည် အထွတ်အထိပ်သို့ရောက်၍ စည်းစိမ်ကြီးစွာနှင့် ရှုပြည်ကို အုပ်စိုးပြီးနောက် ညည်းကာညူကာ ပျက်စီးခြင်းဆိုက် ရောက်သွားသည်ကိုလည်း ပန်းခြံနီတွေ့ဖူးမြင်ဖူးပြီ။ ယုံကြည်ဖို့ပင် ခဲယဉ်းလောက်အောင် ချမ်းသာသုခနှင့် ပြည့်စုံနေရာမှ သွေးရဲရဲသံရဲရဲနှင့် ဘဝဆုံးသွားရသည့် အဖြစ်မျိုးကိုလည်းကောင်း အာဏာရဖို့မျှော်လင့်ရင်း ဘုရားကိုတသွားရသည့် အဖြစ်မျိုးကိုလည်းကောင်း ဟိုးလေးတကျော်နှင့် အောင်နိုင်ခြင်းကိုရပြီးနောက် ပြည်သူအများရှေ့၌ အရှက်တကွဲ အသတ်ခံသွားရခြင်းမျိုးကိုလည်းကောင်း ပန်းခြံနီ တွေ့ဖူးမြင်ဖူးလှပြီ။

နိုဗိကောက်သည် ပူဆွေခြင်းမီးတောက်လောင်လျက်ရှိသော လူဗာ နီနာနှင့် မျက်နှာထားပြောင်လှသော ယိုတ်ဗာကောက်တို့ဘက်သို့ လှမ်း၍ကြည့်သည်။ယိုတ်ဗာကောက်မှာ အားလုံးသော ပါတီဝင်အရာရှိကြီးများနည်းတူ လက်မောင်းတွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်ပိတ်စအမည်းကို ပတ်ထားသည်။ ယိုတ်ဗာကောက်က နီနာကို လက်မောင်းကို ကိုင်၍ ဖေးမထားသည်။ ပြီးလျှင် နီနာဘက်သို့ ဦးခေါင်းငုံ့၍ ပူဆွေးဟန်မျက်နှာထားဖြင့် တစ်စုံတစ်ရာကိုပြောသည်။ ယိုတ်ဗာကောက်သည် ဟန်လုပ်သည့်အတတ်၌ မကျွမ်းကျင်သည်မှာ ထင်ရှားသည်။ ယိုတ်ဗာကောက်သည်

www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ကို သူမထိန်းသိမ်းနိုင်သဖြင့် ထောင်လွှားသောမာန်ဖြင့် ဦးခေါင်းကိုမတ်၍ အောင်နိုင်သူ၏ မျက်နှာထားမျိုးဖြင့် ပရိသတ် ဘက်ကိုကြည့်ပြီးလျှင် သူ့ယောက္ခမ၏ မသာချအခမ်းအနားကို သူ၏အောင်မြင်မှု အထိမ်း အမှတ်ပွဲကဲ့သို့ သဘောထားသည်။ လှဗာသည် မားမားမတ်မတ်ရပ်၍ စိတ်နှလုံးတည်ငြိမ်ဟန်ကို ဆောင်လျှက်ရှိသည်။ သို့ရာတွင် သူ့လည်ပင်းက ပုလဲပုတီးသည် သူ့အား အသက်မရှုနိုင်အောင်လုပ်နေဘိသည့်ပမာ ပုလဲပုတီးကို ကိုင်၍နေသည်။ နီနာသည် ဂါဝန်အမည်းကိုဝတ်ထားသည်။ သူ့ကို လှတိုင်း ဝိုင်း၍ကြည့်နေသည်။ သူ့မျက်နှာသည် ဖိန့်၍ဖြူဖပ် ဖြူရော်ဖြစ်နေသော်လည်း ခါတိုင်းထက်တိုး၍လှနေသည်။ သို့ရာတွင် သူ့တို့ကြည့်ရသည်မှာ ဣန္ဒြေကြီးနှင့် ဖြစ်ပြီးလျှင် အမျက်ထွက်နေဟန်ထင်ရသည်။ ထို့နောက် နီနာသည် ပရိသတ်ကိုကျော်၍ နိုဗိကောက်ဘက်သို့ ကြည့်လိုက်သည်။ ဒေါသဖြင်းထန်သော နီနာ၏ကြည့်ခြင်းသည် နိုဗိကောက်အား မီးနှင့်မြှိုက်လိုက်သကဲ့သို့ ဖြစ်စေသည်။ နိုဗိကောက်သည် နီနာ၏ မျက်နှာကိုမကြည့်ရဲသဖြင့် သူ့မျက်စိများကို ဘေးသို့လွှဲလိုက်သည်။ ထိုအချိန်မှစ၍ နောင်ကိုလည်း အခွင့်ရလျှင်ရသလို အစဉ်အဆက် လက်စားချေမည့် ရန်သူတစ်ယောက် သူ့အဖို့ပေါ်နေပြီဖြစ်သည်ကို နိုဗိကောက်သဘောပေါက်သည်။ နိုဗိကောက် သူထင်သည့်အတိုင်း ဟုတ်မဟုတ်ကိုသိသာနိုင်ရန် နီနာဘက်သို့ နောက်တစ်ကြိမ်လှည့်၍ တိတ်တိတ်ခိုးကြည့်သည်။ သို့ရာတွင် ထိုအကြိမ်တွင် နီနာသည် သူ့ဘက်သို့ကြည့်မနေတော့။ မှန်သည်။ နီနာသည် ခါတိုင်းကဲ့သို့ပင် မာန်ထောင်မြဲ၊ လှမြဲ၊ မျက်နှာဖြူရော်ရော်ဖြစ်မြဲ ဖြစ်နေသည်။ သူ၏နှုတ်ခမ်းများမှာ လုံ့စွာစေ့၍နေပြီးလျှင် သူ၏မျက်တွင်းကျ၍နေသော မျက်စိများထဲတွင် သနားညှာတာခြင်း အရိပ်အရောင်ကို တစ်စိုးတစ်စိမျှမတွေ့ရ။

***

အခန်း(၇)

အစိုးရအမိန့်အရ ရောက်စတောက်မြို့ကို ဂိုရင်မြို့ဟု အမည်ပြောင်းလိုက်သည်။ ဂိုရင်၏ဇနီး လှဗာသည်လည်း အစိုးရထံမှ တစ်သက်ပန်ထောက်ပံ့ငွေ အများကြီးရသည်။ မော်စကိုမြို့နှင့် လီနင်ဂရက်မြို့များရှိ စာကြီးစာကောင်းအသင်းများကလည်း ဂိုရင်၏အမည်ဖြင့် ကျောင်းသားများကို ထောက်ပံ့ကြေးပေးကြသည်။ ထို့နောက် အစိုးရက မော်စကိုမြို့တွင် ဂိုရင်ပြတိုက်ဖွင့်သည်။ ပဏ္ဏဒါသတင်းစာနှင့်တကွ တစ်နိုင်ငံလုံးရှိ သတင်းစာများကလည်း ဝမ်းနည်းခြင်းအထိမ်းအမှတ်ဖြင့် ရက်သတ္တပတ်တာမျှ မျဉ်းမည်းကြီးများတား၍ ထုတ်ဝေကြသည်။ လီနင်သေပြီးသည့်နောက်အဖို့တွင် သတင်းစာများက ထိုကဲ့သို့ ထူးခြားသောအမှုအရာ ထိုအကြိမ်ကလွဲ၍ တစ်ခါမျှမပြုခဲ့စဘူး။

စာရေးဆရာကြီး ဂိုရင်ကို သတိရစေရန်အထိမ်းအမှတ်ပွဲကို အောင်မြင်အောင် ကူညီဝိုင်းဝန်းကြသူများကိုလည်း အစိုးရက ထိုက်လျောက်စွာချီးမြှင့်ဖို့ သတိမမေ့။



ဒရို့က လီနင်ဘွဲ့ကိုရသည်။ နိုဗိကောက်က ပညာကျော်ဘွဲ့ကိုရသည်။ သို့ရာတွင် သူတို့နှစ်ယောက်ဘွဲ့ရခြင်းကို ဂိုရင်သေခြင်းနှင့် အကြောင်းဆက်စပ်၍ မယူနိုင်စေခြင်းအကျိုးငှာ သူတို့ နှစ်ယောက်ဘွဲ့ရသည့်သတင်းကို နောက်တော်တော်ကလေးကြာမှ သတင်းစာများထဲတွင် ထည့်သည်။ ထိုအကြောင်းကို အမှန်အတိုင်းသိသောသူများကလည်း ရေငုံ၍နေကြသည်။

လှဗာသည် မော်စကိုမြို့သို့သွား၍နေပြီးလျှင် ဂိုရင်ပြတိုက်တည်ထောင်ဖို့အလုပ်တွင် ဝင်၍ပါရသည်။ နီနာသည် သူ့ခင်ပွန်းယိုတ်ဗာကောက်နှင့်အတူ ဂိုရင်မြို့ (ယခင်အခေါ် ရောက်စတောက်မြို့)သို့ ပြန်၍နေသည်။ ဂိုရင်ကို သတ်ပစ်သည့်အတွက် အစိုးရကို တော်လှန်ပစ်ထိုက်သည်ဟု မည်သူမျှမပြောနိုင်တော့။ နိုင်ငံရေးကြီးကိုင်အဖွဲ့က ဂိုရင်ကို ထိုမျှလောက်ကြီးကျယ်ခမ်းနားစွာ အသိအမှတ်ပြုလိုက်ပြီးသည့်နောက်အဖို့တွင် စိတ်မနှံ့သူတို့သာလျှင် အစိုးရအပေါ်တွင် မကျေနပ်သော စကားကိုပြောကြလိမ့်မည်။

***

အခန်း(၈)

ဗေရီးယားသည် နိုဗိကောက်ကို အကြာကြီးစိုက်၍ကြည့်နေပြီးနောက်မှ စကားပြောသည်။ ဗေရီးယားက သူ့မျက်မှန်ကို တိုက်ရင်း ချွတ်ရင်းနှင့် “ဒီမှာ ပညာကျော် နိုဗိကောက် သင်နဲ့ ငါနဲ့ဟာ သိပေါင်းကျွမ်းပေါင်းကြီးနှစ်ယောက်ဖြစ်တဲ့အတွက် တစ်ယောက်နဲ့ တစ်ယောက် ပြောစရာရှိရင် ဝှေ့လည်ဝှေ့လည် ပြောကြလို့ မကောင်းဘူး။ အဲဒါနဲ့ ဂိုရင်ကတော့ဖြင့် မကျန်းမမာဖြစ်ပြီး သေသွားပြီ။ သူသေသွားတဲ့အတွက်ကတော့ တိုင်းပြည်အတွက် အများကြီးနစ်နာတာပဲ။ ဒါပေမယ့် ဒီအကြောင်းကိုထားပြီး သင်နဲ့ငါနဲ့ နေရေးအတွက် ပြောကြရအောင်။ သင်ဟာ အရေးကြီးတဲ့ တာဝန်ကြီးတစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ခဲ့ပြီ။ ဒါပေမယ့် ဂိုရင်ဟာက စကားပုံထဲက ပြောသလိုပဲ။ နောက်ဆုံးကျန်နေတဲ့ ကျူငုတ်ပဲ။ ဒီတော့ အခုဆိုရင် သင့်အတွက် လုပ်စရာအလုပ်မရှိတော့ဘူး။ အဲဒါကြောင့် ငါက သင့်လိုစွမ်းရည်သတ္တိရှိတဲ့လူနဲ့ တော်တဲ့ အလုပ်တစ်ခုကို စဉ်းစားထားတယ်”ဟု ခါတိုင်းကဲ့သို့ပင် ငေါ့၍ပြောသည်။

နိုဗိကောက်က ဝမ်းသာအားရနှင့် နားထောင်ပြီး “ဒီလိုဆိုတော့ ငါ့အဖို့ လျှို့ဝှက်တဲ့အလုပ်ကို လုပ်ရမှာဟာ အဆုံးမသတ်သေးဘူးနဲ့ တူတယ်။ အဆုံးတစ်နေ့မှာ ငါ့အဖို့ ခေါင်းတစ်လုံးတည်း “ရေအိုးနှစ်လုံးရွက်ရတဲ့အလုပ်ကို မလုပ်ရဘဲနဲ့ ပညာရှာမှီးတဲ့ဘက်ကိုလိုက်နိုင်တဲ့ လမ်းများရှိမှရှိပါဦးမလား မပြောတတ်ဘူး”ဟု အောက်မေ့လိုက်သည်။ ထို့နောက် တိတ်ဆိတ်သော စာအုပ်စင်ကြီးများအလယ်တွင် ပညာကျော် နိုဗိကောက် ရောက်၍နေပုံသည် သူ့စိတ်အာရုံ၌ ပေါ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်တွင် ဗေရီးယားက သူ့နေရာမှထ၍သွားပြီးလျှင် နီဗိကောက်၏ လက်မောင်းကိုကိုင်၍ "အမှန်ကို ပြောရမယ်ဆိုရင် သင့်ကို အမေရိကန်ပြည် ဝါရှင်တန် မြို့တော်ကို ငါတို့ ပို့ချင်တယ်"ဟု လေသံအေးအေးဖြင့်ပြောသည်။ ဗေရီးယားပြောလိုက်သောစကားသည် နီဗိကောက်၏နားထဲတွင် မိုးကြိုးပစ်လိုက်သကဲ့သို့ ထင်ရသည်။ ပြီးလျှင် ဗေရီးယားက "ဝါရှင်တန်ရောက်တော့ ငါတို့ သံရုံးမှာ သင် ပထမ အတွင်းရေးမှူး လုပ်ရမယ်။ ဒါပေမယ့် သင်ရဲ့ အဓိကတာဝန်ကတော့ သူလျှို(စပိုင်)အလုပ်ကို ကြီးကြပ်ပြီးလုပ်ဖို့ပဲ။ အမေရိကန်ပြည်မှာကျတော့ သင့်အလုပ်ဟာ လူတစ်ယောက်တည်းနဲ့ ပတ်သက်တဲ့အလုပ်ကို လုပ်ရမှာမဟုတ်ဘူး။ အမေရိကန်တစ်တိုင်းပြည်လုံးနဲ့ ပတ်သက်တဲ့အလုပ်ကို လုပ်ရမှာ။ ဒီတော့ သင်လုပ်ရမယ့်အလုပ်က ဂိုရင်နဲ့ ပတ်သက်တုန်းက အလုပ်ထက်တော့ ပိုပြီးခက် ချင်ခက်မပေါ့။ ဘယ့်နှယ်လဲ သဘောကျရဲ့လား"ဟု ဆက်၍ပြောသည်။

နီဗိကောက်က ဘာမျှစကားပြန်မပေး။ သူ့စိတ်ထဲတွင် ဆန့်ကျင်ဘက် အာရုံနှစ်ခုပါလာသည်။ ပထမအာရုံမှာ သူသည် ယခင်ကကဲ့သို့ပင် ခေါင်းတစ်လုံးတည်းဖြင့် ရေအိုး နှစ်လုံးရွက်ရသောအလုပ်ကို လုပ်ရဦးမည်ဖြစ်သည့်အပြင် ပညာရှာမှီးသော အလုပ်ကို လုပ်ခွင့်ရတော့မည် မဟုတ်သဖြင့် စိတ်ပျက်သွားသော အာရုံဖြစ်သည်။ ဒုတိယအာရုံမှာ နိုင်ငံခြားသို့သွားရမည်။ ကြုံကြိုက်ခဲသောအခွင့်ကိုရသဖြင့် ဝမ်းသာသောအာရုံဖြစ်သည်။ (ပါဗယ်နှင့်ဆရာဝန်စီဗိတ်တို့ နိုင်ငံခြားသွားခွင့်ရခဲ့ခြင်းအတွက် သူ အားကျမိခဲ့ဖူးသည်ကို သူ ပြန်၍သတိရသည်။) သူ့စိတ်ထဲတွင် သူမသိဖူး၊ မမြင်ဖူးသော နိုင်ငံခြားကို များစွာ သွား၍ကြည့်ချင်သော ဆန္ဒရှိသည်။ နိုင်ငံခြားသားတို့သည် ရန်စွယ်နှင့်ငေါငေါနေကြလိမ့်မည်ဟုလည်း သူ တစ်ထစ်ချယုံကြည်သည်။

"ဒါပေမယ့် ငါက သမိုင်းဆရာအဖြစ်၊ ပညာကျော်အဖြစ်နဲ့သာ နာမည်ကြီးတာပဲ။ ဒီတော့ ငါ့ကို အခုလို သံအရာရှိခန့်လိုက်တယ်ဆိုရင် အမေရိကန်ပြည်သားတွေက တစ်မျိုးတစ်မည် မထင်ကြပေဘူးလား"ဟု နီဗိကောက်က ပြောသည်။

"သူတို့က တစ်မျိုးတစ်မည်ထင်မှာအတွက်တော့ မစိုးရိမ်ပါနဲ့။ ငါ့သဘောအရဆိုရင် အမေရိကန်ပြည်သားတွေက အများကြီးတောင် ဝမ်းသာသွားကြပါလိမ့်ဦးမယ်။ သူတို့ဆီကို ဝါးခြမ်းပြားလို ပေါင်ပိန်ပိန်နဲ့ ရိုးရိုးသံအရာရှိတစ်ယောက်ကို မပို့တဲ့နဲ့ သင်လို နာမည်ကြီးတစ်လုံးနဲ့နေတဲ့ ပညာရှိကြီးတစ်ယောက်ကို ပို့လိုက်တယ်ဆိုတာနဲ့ကိုပဲ အမေရိကန်လူမျိုးတွေက သင့်ပေါ်မှာ ပိုပြီး အယုံအကြည် ရှိလာကြမှာပါ။ နိုင်ငံခြားတွေမှာတော့ ပညာရှိဆိုတဲ့စကားဟာ ရိုးသားဖြောင့်မတ်တယ်။ စိတ်နှလုံးမွှင့်လင်းတယ်လို့ အဓိပ္ပာယ်ရတယ်"ဟု ဗေရီးယားကပြောသည်။

"သင် ပြောတာကို ငါ နားလည်ပါပြီ"ဟု နီဗိကောက်က ရွှံ့ပြီးပြောသည်။

"သင် ဘာကို လုပ်ရမယ်ဆိုတာကိုတော့ ငါတို့ပါရဂူများက သင့်ကို ပြောပြပါလိမ့်မယ်။ ပြီးတော့ သူများနိုင်ငံရောက်သွားရင် ဘယ်လိုပြုမူဆက်ဆံရမယ်ဆိုတာတွေကိုလည်း သူတို့က ပြောပြကြပါလိမ့်မယ်။ ဒီအတောအတွင်းမှာတော့ သင့်ကိုငါ တစ်ခုပဲ ပြောချင်တယ် နီဗိကောက်။ သင့်နှုတ်ကို သင် လုံလုံကြီးထားပါ။ တိတ်တိတ်နေ့ထောင်တန်တယ်ဆိုမဟုတ်လား ကိုင်းရှင်းရဲ့လား"ဟု ဗေရီးယားက ပြောသည်။



"ရှင်းပါတယ်"

ဗေရီးယားသည် နီဗိကောက်ကို စိုက်၍ကြည့်မြဲကြည့်နေသည်။ ပြီးလျှင်

"ဒီမှာ နီဗိကောက် သင့်မှာ ချွတ်ယွင်းချက်များရှိတာကို ငါ သိတယ်နော်။ တကယ်ပဲ သင့်မှာချွတ်ယွင်းချက်များရှိတယ်။ သင် ငြင်းမနေနဲ့။ အဲဒီ ချွတ်ယွင်းချက်တွေ ရှိရတာဟာ တခြားကြောင့်မဟုတ်ဘူး။ သင်ဟာ စိတ်အာရုံအတွေ့အကြုံကို လိုက်စားချင်တဲ့အတွက်ပဲ။ တကယ်ဆိုတော့ သင်ဟာ စိတ်အာရုံ အတွေ့အကြုံကို ခုံမင်နေတယ်။ ဒါတော့လည်း မတတ်နိုင်ဘူးပေါ့။ မွေးကတည်းက ပါလာတာကိုး။ ဒါပေမယ့် ဒီချွတ်ယွင်းချက်တွေကို သူများကို အားမကိုးဘဲနဲ့ သင့်ဟာသင် ကိုယ့်ဒူးကိုယ်ချွန်ပြီး ပျောက်ပအောင်လုပ်နေတာလည်း ချီးကျူးစရာပဲ။ ဒါကြောင့်မို့သာ သင့်ကို ငါက အမေရိကန်ပြည်ကိုလွှတ်ဖို့ စိတ်ကူးတာပေါ့။ သင့်ကို ငါက ပွင့်ပွင့်လင်းလင်းပဲပြောပြမယ်။ တကယ်လို့ ဒရိုနဲ့သင် နှစ်ယောက်အနက် ဘယ်သူ့ကို အမေရိကန်ပြည်ကို လွှတ်ချင်သလဲလို့ ငါ့ကိုမေးရင် ငါက ဒရိုကို လွှတ်ချင်တယ်လို့ပဲ ပြောမှာပဲ။ ဒရိုက သင့်လို စိတ်အာရုံကို မနှစ်သက်ဘူး"ဟု ပြောသည်။

"ဒါဖြင့် သူ့ကိုဘာလို့ မလွှတ်တာလဲ"ဟု နီဗိကောက်က စိတ်တိုတိုနှင့် မေးသည်။

ဗေရီးယားက သက်မချ၍ "သူ့ကိုလွှတ်လို့မဖြစ်ဘူး။ ဟိုကို ဦးနှောက်ကောင်းတဲ့ လူကိုလွှတ်မှဖြစ်မှာ"ဟု ပြောပြီးလျှင် သူ့ခေါင်းကို လက်ညှိုးနှင့် ထောက်၍ "ဦးနှောက် ဦးနှောက် ဒရို့က ဦးနှောက် လုံးလုံးရှိတာမဟုတ်ဘူး"

ဗေရီးယားက မြှောက်၍ပြောသော်လည်း နီဗိကောက်သည် အမျက်မပြေဘဲ "ဒီမှာဗေရီးယား ငါ့ကို သင် လုံးလုံးလျားလျား ယုံကြည်ခြင်းမရှိဘူးဆိုရင် ငါ့ကိုဘာလို့ လွှတ်မလဲ"ဟုပြောသည်။

"သင့်ကို ငါ ယုံပါတယ်။ တကယ်ပဲယုံပါတယ်။ သင်က ငါပြောတာကို နားမလည်လို့ပါ။ ဒီကိစ္စအတွက်တော့ သင့်ကိုငါ ဒရိုထက်ပိုပြီး ယုံကြည်ပါတယ်။ ဒရိုက ခြေသွက်လွန်းတယ်။ ဒီတော့ အခုနှယ် သူ့ကိုလွှတ်လိုက်လို့ရှိရင် တို့အလုပ်ဂတွေ ဟာ မနိုင်မနင်းဖြစ်ကုန်လိမ့်မယ်။ နောက်တော့ ဒရိုလိုလူမျိုးတွေ လွှတ်ဖို့အချိန် ရောက်လာပါလိမ့်မယ်။ အဲဒီအချိန်မျိုး မြန်မြန်ရောက်အောင်လို့ အခု သင်လိုလူမျိုးကို လွှတ်ရတာ။ ငါပြောတာ နားလည်ရဲ့လား။ ငါပြောရင်ယုံပါ။ အဲဒီအချိန်မျိုးဟာ ရောက်လာပါလိမ့်မယ်။ ဒီတော့မှ ငါတို့ရဲ့ ဒရိုတွေကသွားပြီး အနှောင်းသေရှာအောင် လုပ်ရကြပါလိမ့်မယ်။ အို" ဟုပြောပြီးလျှင် သူ့လက်သီးသေးသေးကလေးကို ဖြူလာအောင် တအား

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်လိုက်သည်။ ပြီးလျှင် 'အဟမ်း ဟုတ်တာပေါ့''ဟု ပြောသည်။ ဖေရီးယား၏ မျက်လုံးများမှာ မျှော်လင့်ချက်ဖြင့် ပြည့်ဝ၍ အရောင်များတောက်လာသည်။

နိုဗိကောက်မှာ လူအဟန့်သေးသော ဖေရီးယားကို ယခင့်ယခင်ကလည်း ကြောက်ခဲ့ဖူးသည့်နည်းတူ ကြောက်၍လာသဖြင့် စကားကို ပြောင်း၍ပြောလိုက်သည်။

''ဒီမှာ ဖေရီးယား၊ အမေရိကန်ပြည်ကိုမသွားခင် ရောက်စတောက်မြို့ကို ငါ ခဏသွားချင်တယ်။ ဟိုမှာ ငါ့ကိုယ်ရေးကိုယ်တာကိစ္စ နည်းနည်းရှိတယ်''ဟု ပြောသည်။

''ရောက်စတောက်မြို့မဟုတ်ပါဘူး။ ဂိုရင်မြို့ပါ''ဟု ဖေရီးယားက ပြောသည်။ ပြီးလျှင် ''သင်က ခေတ်မမီဘဲကို ရဲဘော်ပညာကျော်ရဲ့။ သံအမတ်ကြီး တစ်ယောက်ဟာ ခေတ်နောက်ကျနေမယ်ဆိုရင် ဘောင်းဘီကျွတ်ကျတာထက်တောင် ဆိုးဦးမယ်။ သင် သွားပါ ငါ မတားပါဘူး။ အချိန်တွေ အများကြီးရပါတယ်။ ဒါပေမယ့် တစ်ခုတော့ ငါ သတိပေးပါရစေ။ သင့်ကို နီနာတွေ့မသွားပါစေနဲ့။ တွေ့သွားရင် သင့်ကို အစိမ်းလိုက်ဝါးစားပစ်လိမ့်မယ်။ ဟီ ဟီ ဟီ'' ဆက်၍ပြောသည်။

❋❋❋

## အခန်း(၉)

ဖေရီးယားနှင့်တွေ့ပြီးနောက် ခြောက်လကြာသောအခါ နိုဗိကောက်သည် အမေရိကန်ပြည်သို့သွားသည်။ ထိုခြောက်လအတွင်း၌ နိုဗိကောက်သည် မော်စကိုမြို့တွင် ရှိးရှိးသံအလုပ်အတွက်ရော သူလျှိုလုပ်ဖို့ကိစ္စအတွက်ရော မနားမနေ ပြင်ဆင်မှုများလုပ်သည်။ ရုရှသံအမတ်များသည် သံ၏အလုပ်ကိုသာမဟုတ်ဘဲ သူလျှိုအလုပ်ကိုပါ လုပ်ကြသည်ဟု နိုဗိကောက်နားစွန်နားဖျားများသာ ကြားဖူးသော်လည်း ယခု သူကိုယ်တိုင် သံအရာရှိလုပ်ရန် ပြင်ဆင်တော့မှသာ ရုရှသူလျှိုအလုပ်သည် အင်မတန်အင်မတန် ကျယ်ဝန်းသည်ကို သဘောပေါက်သဖြင့် ကြက်သီးမွေးညင်းပင် ထ၍လာသည်။ သူ ထိုကဲ့သို့ဖြစ်နေသည်ကို သူ့ဆရာများက သဘောကျ၍ ကမ္ဘာပေါ်မှာ ငါတို့ သူလျှိုလုပ်ငန်းဟာ အကြီးအကျယ်ဆုံးပဲ ဂျာမနီသူလျှိုအဖွဲ့လည်း တော်တော်ကောင်းတယ်။

ဒါပေမယ့် သူတို့က ဂျာမနီလူမျိုးကိုသာ သုံးတဲ့အတွက် သူတို့သူလျှိုလုပ်ငန်းဟာ အခြေသိပ်ကျဉ်းတယ်။ သူတို့ဟာက အင်္ဂလန်ပြည်အတွက်လည်း ဂျာမနီလူမျိုး အမေရိကန် ပြည်အတွက်လည်း ဂျာမနီလူမျိုး၊ ကုန်ကုန်ပြောလိုက်မယ်လေ။ ဂျပန်ပြည်အတွက်တောင်ပဲ ဂျာမနီလူမျိုးပဲ အသုံးပြုတယ်။ ဒီတော့ တကယ်လို့ စစ်ဖြစ်လာတယ်ဆိုတာနဲ့ တစ်ပြိုင်နက် ဒီဂျာမနီလူမျိုးတွေကိုဖမ်းပြီး ချုပ်ထားလိုက်ရင် သူတို့သူလျှိုအဖွဲ့ဟာ တစ်ခါတည်းပျက်သွားတာပဲ။ ဒါပေမယ့် ငါတို့ရဲ့ သူလျှိုလုပ်ငန်း



ကတော့ ဒီလိုမဟုတ်ဘူး။ ကိုယ့်လူမျိုးသာ ကိုယ်အားမကိုးဘူး။ ငါတို့လုပ်ငန်းက အကြံညာဏ်မှာရော၊ ဝါဒမှာရော၊ အားလုံးသူလျှို လုပ်ငန်းတွေထက် အခြေကျယ်တယ်။ ဘယ်လူမျိုးမဆို ငါတို့ရဲ့ သူလျှိုဖြစ်နိုင်တယ်။ အင်္ဂလိပ်လူမျိုးလည်း ဖြစ်နိုင်တယ်။ အီတလီလူမျိုးလည်း ဖြစ်နိုင်တယ်။ အက်စ်ကီမို လူမျိုးလည်း ဖြစ်နိုင်တယ်။ သူတို့ စိတ်သဘောကို သိနိုင်ဖို့ခက်တဲ့ ကုဋေကုဋာချမ်းသာတဲ့ သူဌေးကြီးတွေတောင်ပဲ ဖြစ်နိုင်တယ်''ဟု ပြောသည်။

ဖေြဗီလလယ်လောက်တွင် နိုဗိကောက်သည် ''ဖေရီးယား''အမည်ရှိသော သင်္ဘောကိုစီး၍ လီနင်ဂရက်ဆိပ်ကမ်းမှ အမေရိကန်ပြည်သို့ ထွက်ခွာခဲ့သည်။ ''ငါ့ကို ဖေရီးယားက အမေရိကန်ပြည်ထိအောင် လိုက်ပို့ချင်တာကို''ဟု နိုဗိကောက်စိတ်ထဲက အောက်မေ့သည်။ သူအား ''ဖေရီးယား''အမည်ရှိသော သင်္ဘောကိုရွေး၍ အစီးခိုင်းခြင်းမှာ တမင်သက်သက် ဖေရီးယား၏ စီမံချက်ဖြစ်သည်ကို နိုဗိကောက် သိသည်။

သူ့သင်္ဘောထွက်သောနေ့မှာ ပျင်းစရာကောင်းသော နေ့ဖြစ်သည်။ မိုးကလည်း တဖွဲဖွဲရွာနေသည်။ ဖော်လတီတ်ပင်လယ်တစ်ခုလုံးမှာလည်း မွေးမွေးဖြူ၍နေသည်။ လှိုင်းလုံးကြီး၍ သင်္ဘောတလိမ့်လိမ့်ဖြစ်နေသဖြင့် သင်္ဘောစီးအားလုံး ကိုယ့်အခန်းတွင်းသို့ ကိုယ်ဝင်၍နေသည်။ နိုဗိကောက်သည် သင်္ဘောလက်ရမ်းကိုကိုင်၍ သူ၏မြင်ကွင်းကို ပိတ်ဆို့နေသော မိုးပေါက်များကို ငေး၍ကြည့်နေသဖြင့် လှိုင်းများကို မမြင်။ သင်္ဘောက ရှေ့သို့အစဉ် ခုတ်မောင်းနေစဉ် သူ၏စိတ်သည် အတိတ်သို့ ပြန်၍ရောက်နေသည်။ သူ့စိတ်သည် သူ နောက်ဆုံးအလည်သွားခဲ့သော ဂိုရင်မြို့ခေါ် ရောက်စတောက်မြို့သို့ ထပ်တလဲလဲ ပြန်၍ ရောက်နေသည်။ သူသည် ဂိုရင်မြို့သို့ အမေရိကန်ပြည်သို့ မထွက်မီကလေးတွင်မှ အပြေးအလွှား သွားခွင့်ရသည်။ သူသည် အသက်ရှူများမှားလျက် သူ့ကလေးကို ကမန်းကတန်းသွား၍ကြည့်သည်။ သူ့ကလေးမှာ ယောကျ်ားကလေးလား မိန်းကလေးလားဟုပင် သူမသိ။ ပန်းခြံထဲ၌ နီကိုလေက တစ်စုံတစ်ယောက်သောသူကို စောင့်နေသည်ကို တွေ့သောအခါ နီကိုလေမှာ ယခင်ကနှင့် အမူအရာမတူတော့သည်ကို နိုဗိကောက် တွေ့ရသည်။ နီကိုလေမှာ ငယ်ရုပ်ပျောက်၍ ကြီးရုပ်ပေါက်လျက်ရှိပြီးလျှင် ဣန္ဒြေကြီးနှင့် တည်တည်ကြီး ဖြစ်၍နေသည်။ နီကိုလေက သူ့ကို ခပ်စိမ်းစိမ်းစိုက်၍ကြည့်သည်။ နိုဗိကောက်သည် ဟိုထူးဆန်းသောညက သူ့နကိုစိတ်ပျောက်၍ ဘုရားအကြောင်းကိုလည်းကောင်း၊ အပြစ်မရှိသည့် လူတွေ သေရသည့်အကြောင်းကိုလည်းကောင်း၊ သူစိတ်မကောင်းဖြစ်သည့် အကြောင်းများ ကိုလည်းကောင်း၊ နီကိုလေအား သွား၍ပြောမိသည်များကို ပြန်၍သတိရသည်။

''သင့်ကို ငါ ပေးစရာတစ်ခုရှိတယ်။ 'လူတစ်ယောက်က [illegible] ရေးလိုက်ပါလို့နိုင်းတယ်။ စာကတော့ အန်ဒရေဆီကို လိပ်တပ်ထားတယ်။ [illegible] ကယ်ဆယ်ဖို့ ကြိုးစားတဲ့ အန်ဒရေပေါ့။ ဒါပေမယ့် ယခု အန်ဒရေ [illegible] ဒီစာကို သင်ပဲ အမွေခံထိုက်တယ်။ စာပေးလိုက်တဲ့လူတော့ မရှိတော့ဘူး။ [illegible]''

www.burmeseclassic.com

www.burmeseclassic.com



''စာပေးလိုက်တဲ့လူဟာ ဂိုရင် မဟုတ်လား''

''ဟုတ်တယ်။ ဒါပေမယ့် ဒီအကြောင်းကိုတော့ လူမသိစေနဲ့။ ဒီစာအကြောင်းကို ဒီပြင်လူ ဘယ်သူမှမသိဘူး''

နီကိုလေက စာကိုယူ၍ ဖွင့်ကြည့်လိုက်သောအခါ သွေးများစွန်းနေသည်ကို မြင်သဖြင့် ''ဒီသွေးဟာလည်း ဂိုရင့်သွေးပဲမဟုတ်လား''ဟု မေးသည်။

နီဗီကောက် ပါးစပ်ကမပြောဘဲ ခေါင်းညိတ်၍ဝန်ခံသည်။ ပြီးလျှင် သူ မကြိုက်သောမေးခွန်းကို မေးလိုက်မည်စိုးသဖြင့် နီကိုလေဘက်မှ သူ့မျက်နှာကို လွှဲလိုက်သည်။ သို့ရာတွင် နီကိုလေသည် တိတ်ဆိတ်စွာနေပြီး စာကိုခေါက်၍ အိတ်ထဲသို့ ထည့်လိုက်သည်။

''ကိုင်း နီဗီကောက် သွားပေတော့။ သတင်းစာတွေထဲမှာ သင် ပညာကျော်တစ်ယောက်ဖြစ်သွားပြီဆိုတာ ငါ တွေ့တယ်။ သင် ဒီမှာနေမလား။ မော်စကိုမှာနေမလား''

''ငါ နိုင်ငံခြားကို သွားမလို့''

''ဒါပေါ့။ သင့်ကို အစိုးရက အများကြီးယုံကြည်တာပဲ။ ကိုင်း သင် သွားပေတော့''ဟု ပြောပြီးလျှင် နီကိုလေသည် ထိုင်ရာမှထလိုက်သည်။

''နေပါဦး နီကိုလေ။ ဟို နီဗီကောက်ကလေးတစ်ယောက် ဘယ်လိုနေလဲ ပြောစမ်း ပါဦး''

''ငါ မသိဘူး။ သူ ငါတို့နဲ့ မနေဘူး''ဟု နီကိုလေက ပြောသည်။ နီဗီကောက်က စိတ်ဆိုး၍ ''ဒီသူငယ်ကို ကျွေးမွေးစောင့်ရှောက်ပါမယ်လို့ သင် တာဝန်ခံလိုက်တယ် မဟုတ်လား။ အခု ဒီသူငယ် ဘယ်ရောက်သွားသလဲ''ဟု မေးသည်။

''သူ့ဆွေမျိုးနဲ့တွေ့လို့ သူ့ဆွေမျိုးဆီကို ပေးလိုက်ပြီ''

''သူ့ကို ငါ တွေ့ချင်တယ်''

''သင် တွေ့လို့မဖြစ်ဘူး။ မတွေ့ချင်ပါနဲ့။ ဒီမှာ နီဗီကောက်''

''သင်က ဘာဖြစ်ရတာလဲ။ ငါ့ကို မယုံဘူးလား နီကိုလေ''

''သင့်ကိုယုံလို့ ဘယ်ဖြစ်မလဲ။ ပိုမနေပါနဲ့ နီဗီကောက်။ သင့်စိတ်ဟာ ပြောင်းသွားပါပြီ။ ဒီလို ပြောင်းသွားတာကို သင့်ဟာသင်လည်း သိပါတယ်။ ဟိုညက သင် စိတ်ကောင်းဝင်တယ်ဆိုတာက ဘုရားများတန်ခိုးပြာဋိဟာပြတဲ့ အဖြစ်မျိုးပါ။ တန်ခိုးပြာဋိဟာပြတယ်ဆိုတာမျိုးဟာလည်း ခဏခဏ ဖြစ်တာမျိုးမဟုတ်ပါဘူး ။ အင်မတန်မှ ဖြစ်ခဲတာပါ''ဟု နီကိုလေက မချမ်းမြေ့သောစိတ်နှင့်ပြောသည်။

နီကိုလေပြောသည်ကို နီဗီကောက် သဘောပေါက်သည်။ နီဗီကောက်က မချိသောဟန်ဖြင့် မျက်နှာကိုမဲ့၍ ''ကိုင်း ဒါဖြင့် ထားပါတော့။ လီဒါ ဘယ်လိုနေသလဲ။ ကလေးကော ဘယ်လိုနေသလဲ။ ယောကျ်ားလေးလား၊ မိန်းကလေးလား''ဟု မေးသည်။



''ယောကျ်ားလေး သိပ်သဘောကောင်းတယ်။ လီဒါက အန်ဒရေလို့ နာမည်ပေးထားတယ်''

''ဟို အန်ဒရေရဲ့ နာမည်ကိုယူပြီး ပေးတာလား''

''ဟုတ်တယ်''

နီဗီကောက်သည် စိတ်မကောင်းဖြစ်သွားသည်။ ပြီးလျှင် နီဗီကောက်သည် ''ကလေးကို ငါ ကြည့်ချင်တယ်''ဟု ပြောသည်။ ပြီးလျှင် သူ့ကို ကြည့်ခွင့်ပြုမှာ မဟုတ်ဘူးထင်သဖြင့် ''ငါ့ကလေးကို ငါ ကြည့်ချင်တယ်။ ငါ့ကို ဘယ်သူက တားထားချင်သေးသလဲ''ဟု ပြောသည်။

''ကလေးကိုမကြည့်ရလို့ သင့်မှာ ဘာမှဖြစ်သွားမှာ မဟုတ်ပါဘူး။ ပြီးတော့ လီဒါကလည်း သင့်ကိုမြင်ရလို့ ဝမ်းသာမယ်မထင်ပါဘူး''

''မဟုတ်တာတွေ ပြောမနေပါနဲ့။ အခု လီဒါ ဘယ်မှာလဲ''

''စက်ရုံတစ်ခုက ပုံဆွဲရုံးမှာ အလုပ်လုပ်နေတယ်။ နီနာသွင်းပေးတာ''

''အဲဒီစက်ရုံက ဘယ်မှာလဲ။ လီဒါကိုရော ငါ့သားကိုရော ငါ ကြည့်ချင်တယ်''

''ဒီမှာ နီဗီကောက်၊ လီဒါနဲ့ငါဟာ လင်မယားဖြစ်နေပြီ''ဟု နီကိုလေက ပြောသည်။

နီဗီကောက်သည် လန့်၍သွားပြီး ခေါင်းငုံ့နေသည်။ ထို့နောက် တစ်မိနစ်ခန့်ကြာသောအခါ ''ဟုတ်တာပေါ့။ အဲဒါကို ငါ လုံးလုံးမစဉ်းစားမိဘူး။ ဝမ်းသာပါတယ် နီကိုလေ''ဟုပြောသည်။

နီဗီကောက်သည် ထိုင်ရာမှထ၍ ''ငါ မသိလို့ပါ နီကိုလေ။ ဒါပေမယ့် အန်ဒရေကလေးကိုတော့ ငါ ကြည့်ပါရစေ။ သင် သိတဲ့အတိုင်းပဲ။ ငါဟာ တခြားနိုင်ငံကို သွားရတော့မှာပါ။ ဒီတော့ နောက်ကို ငါ ဘယ်လိုဖြစ်မယ်လို့ မပြောနိုင်ပါဘူး''ဟု ပြောပြီးလျှင် လက်ကိုဝှေ့၍သွားရန် ပြင်လိုက်သည်။ ထိုအခိုက်တွင် လီဒါကို သူ ရုတ်တရက် မြင်လိုက် သည်။ လီဒါသည် ကလေးကိုချီ၍ သူတို့ဆီသို့လာနေသည်။ နီကိုလေသည် လီဒါတို့ သားအမိကို စောင့်နေခြင်းဖြစ်သည်။

လီဒါသည် နီဗီကောက်ကို မြင်လိုက်သောအခါ ရှေ့တိုးရမည်လို နောက်ဆုတ်ရမည်လိုဖြစ်ပြီး တုံ့သွားသည်။ လီဒါမှာ အနည်းငယ် ရှက်ကိုးရှက်ကန်း ဖြစ်သွားသော်လည်း ရှေ့သို့ဆက်၍ လာမြဲလာပြီးလျှင် နီဗီကောက်ကိုတွေ့ရသည့်အတွက် အံ့သြခြင်း မဖြစ်။ လီဒါက ဖျတ်လတ်စွာမော့၍ မျက်နှာထားတည်တည်ဖြင့် နီဗီကောက်ကို ကြည့်ပြီးလျှင် ''မာရဲ့လား နီဗီကောက်''ဟုမေးသည်။

လီဒါသည် ခုံတန်းပေါ်တွင် နီကိုလေဘေးမှထိုင်၍ ကလေးကိုပေါင်ပေါ်တွင် တင်ထားသည်။ ပြီးလျှင် ခေါင်းတွင် သူအုပ်ထားသော ပဝါကိုပခုံးပေါ်သို့ [illegible]သည်။ လီဒါ၏မျက်နှာတွင် ချောက်ချားသည့်အခြင်းအရာမရှိ။ သို့ရာတွင် [illegible] တုန်နေသည်ကို နီဗီကောက် မြင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"နီကိုလေက ငါ့ကိုပြောပြီးပါပြီ။ သင်တို့နှစ်ယောက် လက်ထပ်ပြီးလို့ ဝမ်းသာပါတယ် လီဒါ"

"ကျေးဇူးပါပဲ"

နီကိုလေက ထိုင်ရာမှထပြီး "ကိုင်း သင်တို့နှစ်ယောက် ပြောချင်တာ ပြောကြ။ ငါသွားမယ် လီဒါရေ။ ငါ ဟိုပေါ်က စောင့်နေမယ်"ဟု ပြောပြီးလျှင် နီကိုလေက လီဒါအား ပန်းခြံထဲက ကုန်းမြင့်ကလေးကို မျက်စပစ်၍ပြသည်။

လီဒါနှင့်နီဗီကောက်တို့သည် နှစ်ယောက်တည်း ကျန်ရစ်သောအခါ နီဗီကောက်က "လီဒါ အန္ဒရေကလေးကို ငါ ကြည့်ပါရစေ"ဟုပြောသည်။ လီဒါက ကလေးကို ထွေးထားသောစောင်ကို ဖွင့်၍ပြသည်။ ကလေးသည် အသားဖြူပြီး သူနှင့်တူသည်။ ကလေးသည် နှုတ်ခမ်းကလေးကို ချစ်စရာစူ၍ အိပ်ပျော်နေသည်။ သူ့သားကိုမြင်ရသဖြင့် နီဗီကောက် တုန်၍နေသည်။ ပြီးလျှင် နီဗီကောက်၏လက်များသည် ကလေးဆီသို့ အလိုလိုရောက်သွားပြီး "ငါ ချီတော့မယ်နော်"ဟု လီဒါကို ပြောသည်။

လီဒါက ကလေးကိုမြှောက်၍ နီဗီကောက်သို့ ပေးလိုက်သောအခါ ကလေးသည် အိပ်ရာမှနိုးသွားပြီးငိုသည်။ ထိုအခါ လီဒါက ကလေးကို ကမျာကယာ ပြန်၍ယူလိုက်သည်။ ပြီးလျှင် လီဒါက သူ့ဝမ်းထဲက ပြောချင်နေသောစကားကို သတိရသဖြင့် "နီဗီကောက် သင် သိပ်ကြောက်စရာကောင်းတဲ့လူ။ သင် ထိလိုက်တဲ့ အရာမှန်ရင် အကုန်လုံး ပျက်စီးသွားတာချည်းပဲ"ဟု ပြောသည်။

"သနားပါ လီဒါ"ဟု နီဗီကောက်က မချိသောလေသံဖြင့်ပြောသည်။ လီဒါက ဘာမျှပြန်မပြောဘဲနှင့် ထ၍ကုန်းမြင့်အတက် လှေကားဆီသို့သွားသည်။ နီဗီကောက် စိတ်ထဲက လီဒါနောက်သို့ လိုက်သွားချင်သည်။

"စကားလေးတစ်ခွန်းလောက် ပြောပါရစေဦး လီဒါ"

လီဒါက ရုတ်တရက် လှည့်ကြည့်လိုက်ပြီးလျှင် ခလုတ်တိုက်ပြီး ယိုင်သွားသည်။ နီဗီကောက်က လီဒါ၏တစ်တောင်ကို ဆွဲ၍ထားသည်။ လီဒါက နီဗီကောက်၏ လက်ကို ဖယ်လိုက်ပြီးလျှင် ခေါင်းခါ၍ "သွားတော့မယ် နီဗီကောက်" ဟုပြောပြီးလျှင် သုတ်သီးသုတ်ပျာတက်၍သွားသည်။

နီဗီကောက်က နောက်ဆုံးမြင်လိုက်သောအချိန်တွင် လီဒါမှာ သစ်ပင်တွေ ကြားထဲတွင် နောက်သို့လှည့်မကြည့်ဘဲ စိုက်စိုက်စိုက်စိုက်နှင့် သွားလျက်ရှိသည်။ နီဗီကောက်သည် ခေါင်းကိုငုံ့၍ သဲပေါ်တွင် ထင်၍ကျန်ရစ်နေသော လီဒါ၏ ဖိနပ်ရာ ကလေးများကို အကြာကြီး စိုက်၍ကြည့်နေသည်။ ပန်းခြံ၏ ဟိုမှာဘက် ဝေးလံသော နေရာရှိ အသံဖမ်းစက်တစ်ခုမှ-

မေ့ပါနဲ့ ကရုဏာတရားရယ်။
ချစ်လှည့်ပါ ပွေ့လှည့်ပါကွယ်။



တစ်ထုပ်ကြီးသင့်စာတွေ။
မီးရှို့လို့ကုန်ပြီလေ။

နာမည်ကျော်သီချင်းသည်တစ်ယောက်၏ ဆိုသံကိုကြားရသည်။

သဘော်က ဥသြ တဝူဝူမှုတ်၍နေသည်။ လေးငါးမိုင်ခရီးကပင် ကြားနိုင်သည်။ သို့ရာတွင် နီဗီကောက်သည် ကုန်းပတ်ပေါ်တွင် ရပ်နေရင်းနှင့်မကြား။

သူ့စိတ်ထဲတွင် "ကရုဏာတရားရယ်၊ ချစ်လှည့်ပါ၊ ပွေ့လှည့်ပါကွယ်" ဆိုသောအသံနှင့် "မေ့ပါနဲ့"ဆိုသောအသံများကိုသာ ကြားယောင်နေသည်။

"ငါ့မှာ. မိတ်ဆွေတစ်ယောက်မှမရှိဘူး။ တစ်ခါမှလည်း မရှိခဲ့ဖူးဘူး။ နောက်ကိုလည်း ဘယ်တော့မှ ရှိမှာမဟုတ်ဘူး"ဟု အောက်မေ့ပြီးလျှင် ရုတ်တရက် "ငါ့သား အန္ဒရေကလေးတောင်မှပဲ ငါ့မိတ်ဆွေဖြစ်တော့မှာ မဟုတ်ဘူး။ နီကိုလေရဲ့ မိတ်ဆွေသာ ဖြစ်တော့မှာ"ဟု ကြေကွဲသောနှလုံးဖြင့် နီဗီကောက် အောက်မေ့မိသည်။

သဘော်ကြီးသည် မိုးဖွဲများကိုလွင့်စင်သွားအောင် ဥသြ တဝီဝီမှုတ်၍ ဝေးလံရာ တစ်ပါးပြည်ရွာသို့ ခုတ်မောင်း၍သွားပြီ။

※※※

## အခန်း(၁၀)

နီကိုလေသည် လက်ရမ်းကိုမှီ၍ လီဒါကိုစောင့်နေသည်။ သူသည် ဂိုရင်၏ စာကိုဖတ်ပြီးပြီ။ သူ၏လက်များမှာ တုန်၍ သူ့ရင်များမှာခုန်နေသည်။ နီကိုလေသည် သူ့ဇနီးလာသည်ကို အပေါ်မှနေ၍ ကြင်နာစွာကြည့်နေသည်။ သူကြည့်နေသည်ကို သူ့ဇနီးကသိသဖြင့် မော့ကြည့်ပြီး ပြုံးလိုက်သည်။ နီကိုလေ၏ကြည့်ပုံမှာ တစ်မျိုးဖြစ်ပြီးလျှင် အံ့အားသင့်ဟန်လည်းပေါ်နေသည်။ လီဒါက သူ့ဆီသို့သွား၍ ကလေးကို လှမ်း၍ပေးလိုက်ပြီးလျှင် "ဘာဖြစ်သလဲ နီကိုလေ" ဟုမေးသည်။

နီကိုလေက တုန်နေသောအသံဖြင့် သူ့ရှေ့တည့်တည့်သို့ တွေ၍ကြည့်ပြီးလျှင် "ငါတို့ပတ်ပတ်လည်မှာ ယုံကြည်နိုင်စရာ မရှိလောက်အောင်ဖြစ်တဲ့ ရက်စက်မှုတွေ ကြောက်ဖွယ်လိလိဖြစ်တဲ့ အမုန်းစိတ်တွေဟာ ပင်လယ်ဝေနေတယ်။ ဒါနဲ့ ငါ့စိတ်ထဲမှာ လောကကြီးဟာနေလို့မှ ကောင်းပါဦးမလားလို့ အောက်မေ့မိတယ်။ အဲဒီလို စိတ်မချမ်းမြေ့စရာဖြစ်နေတဲ့အထဲမှာ ထာဝစဉ် ထွန်းလင်းတောက်ပနေတဲ့ အလင်းရောင်ကို ငါ မြင်ရတယ်။ အဲဒီအလင်းရောင်ဟာ တခြားမဟုတ်ဘူး။ သင်ရဲ့ဖြူစင်တဲ့ စိတ်နှလုံး။ သင် အသက်ရှင်နေသမျှ ငါလည်း အသက်ရှင်နေမှာပဲ။ ဒါကြောင့် "ဟု ပြော၍ စကားမဆုံးမီ လီဒါက "ဒါကြောင့် သင်နဲ့ငါနဲ့ ဘယ်တော့မှမခွဲတော့ဘူး"ဟု ဖြတ်၍ ပြောလိုက်သည်။ ပြီးလျှင် လီဒါက ကြည်လင်သောမျက်လုံးများဖြင့် ပတ်ဝန်းကျင်သို့

www.burmeseclassic.com



လျှောက်၍ကြည့်ပြီးနောက် ''သာယာလိုက်တာ နီကိုလေရယ်၊ နွေဦးပေါက်အချိန်မို့ ထင်ပါရဲ့၊ အသက်ရှင်နေရခြင်းဟာ တယ်အဖိုးတန်တာပဲနော် နီကိုလေ''ဟုပြောသည်။

ယခင်နေ့က မိုးရွာ၍လေလည်း ပြင်းထန်စွာတိုက်ထားသည်။ ထို့နေ့တွင်မူ မြောင်းများထဲတွင် ရေစီး၍နေသည်မှတစ်ပါး အားလုံးတိတ်ဆိတ်လျက်ရှိသည်။ မြက်ခင်းများတွင်လည်း အစိမ်းရောင်သမ်းစပြုလျက်ရှိသည်။ မြေပြင်အားလုံးသည် ရေငွေ့များဖွတ်လျက်ရှိသည်။ ရေငွေ့များဝေ၍နေသော ရေပွက်ကလေးများတွင် နေတစ်စင်းစီ ပေါ်လျက်ရှိသည်။ လေထုကလည်း နွေဦးပေါက်အချိန်၏ သာယာခြင်းကို ဆောင်လျက်ရှိသည်။ ငှက်လေးများကလည်း ကျောက်တုံးတိုင်း တောင်ပို့တိုင်းမှ၊ လောကအလုံးသည် ပျော်ရွှင်၍နေဘိသည့်အလား နာပျော်ဖွယ် တွန်ကျူး၍နေကြသည်။ နေဝန်းကြီးကလည်း အသက်ရှင်နေမှုကို ချစ်ခင် မြတ်နိုးကြသည့် လူအားလုံးအား အချမ်းပြေ၍ ပျော်ရွှင်စေရန်အလို့ငှာ ကြည်လင်စွာထွန်းတောက် လျက်ရှိသည်။

''နီကိုလေရေ ငါတို့ ဒေါင်းမြစ်ကမ်းကို သွားကြရအောင်၊ ဟိုကျမှ အန်ဒရေကလေးကို ငါ နို့တိုက်မယ်''

''အချိန်ရှိပါဦးမလား သင် ဘာစားခဲ့ပလဲ''

''ငါ အမေနဲ့သရေစာစားလာခဲ့ပြီ။ လာပါ သွားရအောင်ပါ၊ လာပါ။ ဒေါင်းမြစ်ကမ်းကို ငါ သိပ်သွားချင်တာပဲ။ အဲဒီက လေကောင်းလေသန့်ကလေးကို ငါ ရှူချင်လှပြီ''

ဒေါင်းမြစ်ကမ်းသို့သွားကြစဉ်တွင် သူတို့နှစ်ယောက်သည် နီဗိကောက်အကြောင်းကိုထည့်၍မပြောကြ။ သူ့အစ်ကိုက ဘာပြောသလဲဟုတောင် နီကိုလေက မမေး။ နီကိုလေမှာ စဉ်းစားလျက်ရှိသည်။ သူ့အိတ်ထဲတွင် ထည့်၍ထားသော ဂိုရင်၏စာသည် သူ့နှလုံးကို အပူမီးတိုက်လျက်ရှိသည်။

လီဒါမှာ အတွင်းသန္တာန်မှ အကြည်ဓာတ်ထွန်းတောက်၍နေသည့်ပမာ ပျော်ရွှင်လျက်ရှိသည်။ သူ့အဖို့တွင် နီဗိကောက်မှာ သူစိမ်းပြင်ပြင်ကြီးဖြစ်သည်။ နီဗိကောက်နှင့်တွေ့ရသည့်အတွက် သူ့တွင် တုန်လှုပ်ချောက်ချားခြင်းမရှိ။ နွေဦးပေါက်၏သာယာခြင်း၊ နီကိုလေနှင့် နီးနီးနေရခြင်းတို့ကိုသာ သူ့စိတ်ထဲဝင်စားလျက်ရှိသည်။ သူတို့နှစ်ယောက်သည် အမြင့်ဆုံးကမ်းထိပ်သို့ တက်ကြသည်။ ထိုကမ်းထိပ်မှာ ဒေါင်းမြစ်ရေ သုံးဘက်ရံလျက်ရှိသဖြင့် ပတ်ဝန်းကျင်အလုံးကို အပေါ်မှစီး၍ ထင်းထင်းကြီး မြင်ရသည်။ သူတို့နောက်ဘက်မှ ငွေမြူရစ်၍နေသော မြင့်မားသည့် စက်ရုံခေါင်းတိုင်ကြီးများနှင့် မြို့တွင်းရှိ အိမ်များမှ အုတ်အုတ်ကျက်ကျက် အသံများကို ကြားရသည်။ သူတို့၏ရှေ့တူရူရှိ မြစ်ကမ်းပါးသည် စောက်မက်စွာ လျှောဆင်းသွားသဖြင့် ကမ်းစပ်မှ လှိုင်းပုတ်သံများကို ကြားရသည်။ ကမ်းပါး၏ ဝေးရာဆီဘက်တွင် နွေဦးပေါက်၏ အခြင်းအရာဖြစ်သော စိမ်းပြာပြာအရောင် သမ်းလျက်ရှိသည်။



လီဒါသည် လေကောင်းလေသန့်ကို ရှူရှိုက်ရင်း အဝေးဘက်ရှုမျှော်ခင်းတွင်လည်းကောင်း၊ အနှံ့အပြားရေလျှံ၍နေသော ဒေါင်းမြစ်တွင်လည်းကောင်း စိတ်ဝင်စား၍နေသည်။ လီဒါသည် အချမ်းပြေ၍ နွေးစပြုလာသဖြင့် ပါးအို့များပင် နီရောင်သမ်းလာသည်။

''သိပ်သာယာတာပဲ။ သိပ်ပျော်စရာကောင်းတာပဲ။ ငါဖြင့် ကြည့်လို့ကို မဝဘူး။ လေကောင်းလေသန့်ကို ရှူရတာလည်း ငါဖြင့် သေရည်ယစ်သလိုကို ယစ်လာတာပဲ''ဟု လီဒါက အားရဝမ်းသာပြောသည်။

လီဒါထိုင်ရန်အတွက် သူ့အင်္ကျီကိုခင်း၍ပေးခါနီးတွင် နီကိုလေက စက္ကူနှင့်ထုပ်ထားသော အမဲစင်းကောလုံးကို သူ့အိတ်ထဲမှ ထုတ်လိုက်သည်။ အမဲစင်းကောလုံးမှာ ကျောင်းသားများစားပွဲဆောင်မှ သူမစားရက် မသောက်ရက်ယူခဲ့သော အမဲစင်းကောလုံး ဖြစ်သည်။ ထိုအမဲစင်းကောလုံးကို သူမစားဘဲ အဆာခံ၍ ယူလာနိုင်သောအစွမ်းအတွက်လည်း သူ့ဟာသူ ဂုဏ်ယူလျက်ရှိသည်။ သူ့မျက်နှာတွင် ထိုသို့ဂုဏ်ယူနေသည့် လက္ခဏာကိုလည်း လီဒါ မြင်ရသည်။

''ဘာလို့ သင့်ကိုယ်သင် အငတ်ခံပြီး ယူလာရသလဲ''ဟု လီဒါက အပြစ်တင်သည်။ လီဒါသည် နီကိုလေ၏ စေတနာကို မဖယ်ရှားနိုင်၊ သူ့ကိုယ်သူ အစာငတ်ခံပြီး ယူလာသည်ဆိုခြင်းမှာ မဟုတ်ကြောင်းကို နီကိုလေသိသည်။

''ကျေးဇူးပါပဲ နီကိုလေရယ်''

''စက်ရုံမှာ အလုပ်လုပ်ရတာ ဘယ်လိုနေသလဲ''ဟုမေး၍ နီကိုလေသည် ကလေး၏ဘေးက ဝင်ထိုင်ပြီး ကလေးနှင့်ကစားနေသည်။

''အလုပ်တွေသိပ်များတာပဲ။ ငါတို့ဟာ ဆယ်နာရီတစ်ခါ အလုပ်လဲရတယ်။ ငါတို့ နေ့လယ်စာစားချိန်ကိုလည်း လျှော့ပစ်လိမ့်မယ်။ ဒီလိုဆိုရင် ငါလည်း အန်ဒရေကလေးကို နို့ပြန်တိုက်ဖို့အချိန် ရတော့မှာမဟုတ်ဘူး။ ကလေးကို စက်ရုံခေါ်သွားပြီး ကလေးထိန်းခန်းမှာ ပို့ထားလိမ့်မယ်။ ကလေးထိန်းခန်းမှာဆိုတော့ မိခင်က ပြုစုသလို ပြုစုကြမယ် မထင်ဘူး''

ကလေးက ငိုသဖြင့် လီဒါသည် ပြုံးပြီး ကလေးကို ချော့မြူရမည့် စိတ်ချမ်းသာမှုရရှိတော့မည့်အတွက် တင်ကြို၍ဝမ်းသာနေသည်။ သူ၏စိတ်ချမ်းသာမှုကို ရှည်ကြာစိမ့်သောငှာ လီဒါသည် အလျင်စလို ကလေးကို မချော့သေးဘဲ ကလေး လှုပ်ရှားနေဟန် အကုန်လုံးကို စေ့စေ့ပါအောင် ကြည့်နေသည်။ ကလေးသည် ရှတ်တရက် အငိုတိတ်သွားပြီးလျှင် ပါးစပ်က တွတ်တီးတွတ်တာပြော၍ ခြေထောက်ကလေးများကို ရက်ကန်ရက်ကန်လုပ်ပြီးလျှင် လက်ကလေးများကို သူ့အမေ၏နှာခေါင်းဖို့ လှမ်း၍ဆွဲသည်။ လီဒါ၏ နှလုံးတွင် ကရုဏာစိတ်များ ဖြစ်ပေါ်လာပြီးလျှင် သူ့တစ်ကိုယ်လုံး ကရုဏာများယိုစိမ့်၍ လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်းသိပ်လှတာပဲ။ ငါ့စိတ်ထဲက လိုလိုကင်းကင်းကလေးများ မွေးလာမလားဆိုပြီး အများကြီးပူမိတယ်။ အခုတော့ ကြည့်စမ်းပါဦး။ သန့်သန့်မာမာ ဝဝဖြိုးဖြိုးကြီး ဟိုတုန်းကတော့ ငါက လုံးလုံးနားမလည်တော့ တစ်ခါတည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတာပဲ။ တစ်ခါတလေတော့ ခြေမကိုင်မိ လက်မကိုင်မိဖြစ်တဲ့နေရာမှာ သင်က ငါ့ထက်ပဲ ကဲသေးတယ်။ နားထောင်စမ်းပါဦး။ တွတ်တီးဘွတ်တာ ပြောနေလိုက်တာ လူကလေးရယ်။ လက်ကလေးပေးစမ်းပါ အမေ နမ်းချင်လို့"

"နို့တိုက်လိုက်ပါတော့ အချိန်ဆွဲမနေပါနဲ့။ သင်ချစ်တာက သဲလွန်းတယ်။ လှောင်အိမ်လှလှထဲ ထည့်ထားရုံနဲ့ ငှက်ဟာ ဝတာမဟုတ်ဘူးလို့ စကားပုံရှိတယ် မဟုတ်လား"ဟု ပြောပြီးလျှင် နိကိုလေသည် ရယ်၍နေသည်။ သူ့စိတ်ထဲတွင် ကလေးနှင့် သူ့မယားသည် မည်သူကပိုပြီး မြတ်နိုးစရာကောင်းသည်ဟု မဝေခွဲနိုင်။

လီဒါသည် ကလေးကို ရင်တွင်ပွေ့၍ အင်္ကျီကြယ်သီးကိုဖြုတ်ကာ ပြည့်ဝသောရင်သားကိုထုတ်ပြီးလျှင် ကလေးကို နို့တိုက်သည်။ ကလေးသည် လက်ကလေးများဖြင့် သူ့မိခင်၏နို့ကို အသာအယာဆိတ်ပြီးလျှင် နို့ကိုစို့သည်။

နိကိုလေသည် လက်နှစ်ဖက်ကိုခေါင်းအုံး၍ မြေကြီးပေါ်တွင် ပက်လက်လှန်၍ အိပ်ပြီးလျှင် ကောင်းကင်က တိမ်များကိုကြည့်နေသည်။

"ဒီမှာ နိကိုလေ တို့စက်ထဲက လူတွေက စစ်ဖြစ်လိမ့်မယ် စစ်ဖြစ်လိမ့်မယ်လို့ ပြောနေကြတယ်။ မကြာခင် စစ်များဖြစ်မလား"ဟု လီဒါကမေးသည်။

"မပြောတတ်ဘူး။ စစ်ဖြစ်မယ် မဖြစ်ဘူးဆိုတာ ပြောဖို့ခက်တယ်။ ဖြစ်ချင်လည်း မကြာခင်ဖြစ်မှာပဲ"

"စစ်ကို ငါ သိပ်ကြောက်တယ်။ ငါကိုယ်တိုင် စစ်ဒဏ်ကို အများကြီးတွေ့ဖူး ကြုံဖူးခဲ့ပေမယ့် စစ်ဆိုရင် ကြောက်သေးတာပဲ။ စစ်ဖြစ်တယ်ဆိုရင် စိတ်ကောင်းရှိတဲ့ လူတွေ သနားကရုဏာရှိတဲ့လူတွေ၊ ရိုးဖြောင့်တဲ့လူတွေဟာ အကုန်သေကုန်ပြီး မကောင်းတဲ့လူတွေပဲ အမြဲကျန်ရစ်တယ်"

"ငါကတော့ သင်ထင်သလို မထင်ဘူး။ ကမ္ဘာပေါ်မှာ လူကောင်းတွေ အများကြီးရှိသေးတယ်လို့ပဲထင်တယ်"

နိကိုလေသည် ဒေါင်းမြစ်ဘက်သို့မျက်နှာမူ၍ အကန့်အသတ်မရှိအောင် ကျယ်ဝန်းသော ကောင်းကင်ပြင်ကို အာရုံစိုက်၍နေသည်။ သူစိတ်ကူး၍နေသော အကြံအစည်များမှာ အရေးအင်မတန်ကြီးလှသဖြင့် နှုတ်ဖြင့်ဖွင့်ဟ၍ ပြောမပြရဲလောက်အောင်ဖြစ်နေသည်။ သူသည် အားထုတ်ကာ စူးစိုက်၍ကြည့်ရင်း ကြည့်ရင်းနှင့် သူကြည့်နေသော အရာမှာ ဒေါင်းမြစ်မဟုတ်ဘဲ သူ့ကိုယ်တိုင်နှင့်တကွ သူ့မယားလီဒါ သူ့အစ်ကို နီဗိကောက်တို့၏ နောင်ရေးတစ်ခုလုံးသည် အပြည့်အစုံပေါ်လာဘိသကဲ့သို့ ထင်ယောင်လာသည်။ နိကိုလေသည် အိပ်မက်မက်၍နေသလော။ မဟုတ်ချေ။ သူ့ရှေ့တွင် ဒေါင်းမြစ်ရှိသည်။ သူသည် သူ၏နောင်ရေးကို ဝေးဝေးလံလံကြီးလှမ်း၍



စိတ်ကူးကြည့်နေသည်။ သူ၏လူငယ်ဘဝသည် နေရောင်တွင် နှင်းပျောက်ကွယ်သွားသကဲ့သို့ ပျောက်ကွယ်၍သွားခဲ့ပြီး၊ သူသည် ကမ်းသစ်သို့ ဆိုက်ရောက်လျက်ရှိပြီး သူ့ရှေ့တွင် အတိုင်းမသိကျယ်ဝန်းသော ကောင်းကင် ပြင်ရှိသည်။ ထိုထက်အလွန်တွင် သူတွေ့ရမည့် အခက်အခဲမြောက်မြားစွာရှိသည်။

နိကိုလေသည် အသက်ကိုအောင့်ကာ ဂိုရင်၏စာကို သူ့အိတ်ထဲမှနှိုက်၍ စိတ်ဓာထက်သန်စွာနှင့် ဖတ်သည်။ ဟုတ်သည်။ ဟုတ်သည်။ ထိုအရာသည် သူ၏ လမ်းစဉ် ဖြစ်သည်။ ဂိုရင်သည် ထိုလမ်းစဉ်ကို သေခါနီးကလေးတွင်မှ တွေ့၍သွားသည်။ သူလိပ်စာတပ်လိုက်သော အန်ဒရေကတော့သေပြီ။ ဒါပေမယ့် ငါတို့ကတော့ မသေကြသေးဘူး။ ငါလည်း မသေသေးဘူး။ လီဒါလည်း မသေသေးဘူး။ နီဗိကောက်ဆိုတဲ့ သူငယ်လေးလည်း မသေသေးဘူး။ ပြီးတော့ ငါတို့သားလေး အန်ဒရေလည်း အသက်ရှင်နေဦးမှာပဲ။ ဂိုရင်ဟာ အင်မတန်ကြီးမားတဲ့ ဆင်းရဲဒုက္ခနဲ့ ရင်းလို့ရတဲ့အမှန်လမ်းစဉ်ကို ထိုက်တန်တဲ့လူရဲ့လက်ထဲကို ရောက်အောင်ပေးဖို့ အချိန်ရသွားသေးတယ်"ဟု နိကိုလေသည် တွေးလျက်ရှိသည်။ ထို့နောက် နိကိုလေသည် ဂိုရင်၏စာကို ဖြည်းညင်းစွာ သူ့ဒူးပေါ်သို့ချပြီးလျှင် နက်နဲစွာစဉ်းစားရင်း ဒေါင်းမြစ်ကို တွေ၍ကြည့်နေသည်။

"နောက်ဆုံးပိတ်ကျမှပဲ ငါလည်း သဘောပေါက်လာတယ် အန်ဒရေ။ ငါတို့ဟာ လူတစ်ယောက်ရဲ့ အတွင်းစိတ်သန္တာန်မှ ထွက်ပေါ်လာတဲ့အကြံဉာဏ်ကိုသာ မြတ်နိုးရမှာ မဟုတ်ဘူး။ လူကိုယ်တိုင်ကိုလည်း မြတ်နိုးသင့်တယ်။ မြတ်နိုးရမယ်။ အသေးနုပ်ဆုံးဖြစ်တဲ့ လူတစ်ယောက်ဟာ အကြီးကျယ်ဆုံးဖြစ်တဲ့ အကြံဉာဏ်တစ်ခုထက် မြတ်တယ်။ ဒါကြောင့် သင်၏ အမှန်တရားနဲ့ သင်ရဲ့ချမ်းသာခြင်းဟာ ကမ္ဘာပေါ်မှာ အသီးအပွင့်တွေကို ဆောင်လာပါလိမ့်မယ်။ နောင်အဖို့တွင် အကြမ်းမှုဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ဟာ ဘာလဲဆိုတာကို သမိုင်းဆရာများက အကျယ်တဝင့် ရှင်းလင်းပြီး ပြောရမယ့်အဖြစ်ကို ရောက်သွားပြီး အခုအခါမှာ အမှေးအမှိုင်ဖုံးအုပ်နေတဲ့ လွတ်လပ်ခြင်းနဲ့ တရားဖြောင့်မှန်ခြင်းဟာ ကိုယ်တွေ့ လက်တွေ့ခံစားနိုင်တဲ့ သာယာတဲ့တရားအဖြစ်ကို ရောက်လာပြီး ကမ္ဘာသူကမ္ဘာသားတွေရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ အသက်များကို လွတ်လပ်ခြင်းနဲ့ တရားဖြောင့်မှန်ခြင်းတို့ရဲ့ တန်ဖိုးအာနိသင်ကြောင့် ထွန်းကားပြီး လာပါလိမ့်မည်" ဟု ဂိုရင် ရေးထားသော လေးနက်သော စာပိုဒ်ကို နိကိုလေ၏ နားထဲတွင် အကြိမ်ကြိမ်အဖန်ဖန် ကြားယောင်၍နေသည်။

နိကိုလေသည် ပျော်ရွှင်ချမ်းသာ၍နေသော လူသားတို့ပေါ်လာမည့်အဖြစ်ကို မြင်ယောင်၍နေသည်။ ကမ္ဘာမှာ ဤကမ္ဘာပင်ဖြစ်သော်လည်း ယခုကဲ့သို့ စိတ်မချမ်းသာစရာများကို ပြည့်လျှံ၍မနေဘဲ သာယာသင့်သည့်အတိုင်း ပျော်ရွှင်စဖွယ်ဖြစ်သည့်အတိုင်း သာယာ၍ပျော်ရွှင်စဖွယ်ဖြစ်နေသည်။ ဘာတွေ ဖြစ်နေဖြစ်နေ ထိုသာယာသော ကမ္ဘာမှာ နိကိုလေ၏ ကမ္ဘာပင်ဖြစ်သည်။ သူသည် ဖြူစင်စွာနေ၍ ဖြစ်ချောင်းတော

www.burmeseclassic.com

www.burmeseclassic.com



တောင် မိုးကောင်းကင်နှင့်တကွဖြစ်သော ဤကမ္ဘာကြီးနှင့်အားလုံးသော လူသားတို့ကို ချစ်ခင်ကြောင်းကို ထင်ရှားစွာပြမည်။ နီကိုလေ၏ အတွင်းစိတ်သန္တာန်တွင် မကုန်နိုင် မခန်းနိုင်အောင် ကြီးမားသောအားသည် ပေါ်ပေါက်လျက်ရှိသည်။ ရုရှပြည်သည် အဆိုပါ လွတ်လပ်ခြင်းကိုရ၍ အကြီးအကျယ်ပြောင်းလဲသွားသဖြင့် မတရားမှုနှောင်ကြိုး အားလုံး တောင်းတောင်း ပြတ်၍သွားလိမ့်မည်ဟုလည်း နီကိုလေ လှိုက်လှိုက်လှဲလှဲ ယုံကြည်သည်။ နောက်ဆုံးတစ်နေ့တွင် လွတ်လပ်ခြင်းရသွားသည့်အခါတွင် ရုရှလူမျိုး တို့သည် အဘယ်မျှလောက် ပျော်ရွှင်ကြမည့်အဖြစ်ကို မည်သူမျှ ကြိုတင်၍ ဖော်ပြနိုင်မည်မဟုတ်။ နီကိုလေ၏ ထက်သန်သောစိတ်ကူးတို့သည် နောင်အဖို့သို့ လက်ညှိုးညွှန်၍ပြနေကြသည်။ အဆောက်အဦ ကြီးမားလှသော မတရားမှုများကို တိုက်ဖျက်ရန်ချီတက်နေကြသည့် ကုဋေကုဋာများလှသော လူထုကြီးထဲတွင် သူကိုယ်တိုင်လည်း ပါဝင်၍နေသည်ကို နီကိုလေ စိတ်ကူးနှင့်မြင်ယောင်သည်။ တစ်ကမ္ဘာလုံးကလည်း သူ့ကိုမြင်ကြသဖြင့် ရဲဝံ့သူထောင်သောင်းများစွာက သူ့ကို နှုတ်ဆက်ရန် လက်ကမ်း၍ နေကြသည်ကိုလည်း နီကိုလေ၏ စိတ်အာရုံတွင် ပေါ်လာဟန်ထင်ရသည်။ သူ့စိတ်ကူး များ သူ၏မျှော်လင့်ချက်များသည် အအောင်မြင်ကြီး အောင်မြင်လိမ့် မည်အဖြစ်ကိုလည်း သူ တွေး၍မြင်သည်။ သူ၏ အောင်မြင်ခြင်းကား အစဉ်တည်မြဲသော အောင်မြင်ခြင်း အစစ်တည်း။ နီကိုလေသည် သူ၏အတိတ်၊ သူ၏ပစ္စုပ္ပန်နှင့် သူ၏ပေါ်လာ ဆဲအနာဂတ် ကိုဆက်စပ်၍ သူ့စိတ်အာရုံ၌ထင်လာအောင် တွေး၍မြင်သည်။ သူ့စိတ်အာရုံတွင် သူလှမ်း၍ မြင်ရသောမြက်ခင်းကြီးမှာ အင်မတန် ကြည်လင်ပြတ်သားသည်။ အထူး သဖြင့် သူ၏အနာဂတ်အရေးသည် အင်မတန် ကြည်လင်ပြတ်သားသည်။

နီကိုလေသည် သူ့တစ်ကိုယ်တည်း၏ လောလောဆယ်အရေးကိုလည်း ကောင်း၊ သူ့တစ်ကိုယ်တည်း၏ နောင်ရေးကိုလည်းကောင်း တွေး၍နေခြင်းမဟုတ်။ ငြိမ်းချမ်းခြင်းနှင့် ရိုးရိုးစိတ်ချမ်းသာမှုကို တောင့်တနေကြသည့် ရိုးရိုးလူများ၏ အရေးကို သာ နီကိုလေတွေး၍နေခြင်းဖြစ်သည်။ ထိုလူများမှာ ချွတ်ယွင်းချက်ကင်းမဲ့သူများဖြစ် သည်ဟု မဆိုနိုင်သော်လည်း သူတို့၏ ချွတ်ယွင်းချက်များမှာ ရိုးရိုးကြင်နာမှုဖြင့် ပြုပြင်ကာမျှနှင့် ပျောက်ပသွားနိုင်သည့် ချွတ်ယွင်းချက်များသာဖြစ်သည်။ ထိုလူတို့၏ အနာဂတ်စိတ်ချမ်းသာမှုသည် သူတို့၏နှလုံးတွင်း၌ ကိန်းဝပ်နေသည်ကိုလည်းကောင်း မည်ကဲ့သို့သော ဆင်းရဲဒုက္ခနှင့် တွေ့ကြရသည် ဖြစ်စေကာမူ သူတို့၏နှလုံးများသည် ဖောက်ပြန်ခြင်း ရှိလိမ့်မည်မဟုတ်သည့်အဖြစ်ကိုလည်းကောင်း၊ လူတို့အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြခြင်းသည် မတရားအုပ်ချုပ်သူတို့၏ စီမံကိန်း အားလုံးထက် တန်ခိုးအာနိသင်ကြီးသည့် အဖြစ်ကိုလည်းကောင်း နီကိုလေတွေး၍ မြင်သည်။ ချစ်ခင်ခြင်းသည်သာလျှင် ရိုးရိုးလူများ၏ အကြီးဆုံးသောလက်နက်ဖြစ် သည်။ နောက်ဆုံးတွင် ရိုးရိုးလူတို့သည် အောင်မြင်၍ သာယာကျယ်ပြန့်သော လွတ်လပ်ခြင်း လမ်းမကြီးအတိုင်း ချီတက်သွားကြလိမ့်မည်။



ဤသို့နီကိုလေသည် တွေးလျက်ရှိသည်။ သို့ရာတွင် သူတွေး၍နေသော အကြောင်းများကို နှုတ်ဖြင့်ထုတ်ဖော်၍မပြောဝံ့။ အဘယ်ကြောင့်ဆိုသော် အပြောမတတ် အပြောမသေချာလျှင် အတွင်းစိတ်သန္တာန်တွင် ကွက်ကွက်ကွင်းကွင်း တိတိကျကျပေါ်၍ နေသော သူ၏အတွေးများသည် အဓိပ္ပာယ်ပျက်၍သွားဖွယ်ရှိသောကြောင့်ဖြစ်သည်။ ထို့ကြောင့် နီကိုလေက ''အခြားအရာအားလုံးသာ ပျောက်ကွယ်သွားမည်။ လူကောင်း တို့သည် မည်သည့်အခါမျှ ပျောက်ကွယ်သွားလိမ့်မည်မဟုတ်'' ဟုသာ သူ့နှုတ်က ဖွင့်၍ပြောသည်။

လီဒါကိုမြင်လိုက်သောအခါ သူ့စိတ်ထဲက ဖွင့်ပြောရမှာလန့်၍နေခဲ့ခြင်းမှာ အကြောင်းမဲ့သာဖြစ်သည်ကို ရုတ်တရက် သူသဘောပေါက်လာသည်။ လီဒါကလည်း နောင်အဖို့သည် ဘယ်လိုဖြစ်လိမ့်မည်ကို ကောင်းစွာနားလည်သည်။

''ဒီလိုပဲဖြစ်ရမှာပဲ။ ဒီလိုမှမဖြစ်ဘူးဆိုရင် လူဖြစ်နေရတာ အလကား နေမှာပေါ့'' ဟု လီဒါက သက်မချ၍ပြောသည်။

''သူ့ရုပ်က မယ်တော်မာရီပုံနဲ့ သိပ်တူတာပဲ'' ဟု နီကိုလေက လီဒါကိုကြည့် ၍ အောက်မေ့သည်။ ထို့နောက် တိတ်ဆိတ်သောပြတိုက်တစ်ခုထဲတွင် သူမြင်ဖူးသော အလွန်လှပသော မယ်တော်မာရီနှင့် ကိုယ်ရောင်တောက်၍နေသော သားငယ်ပန်းချီရုပ်ပုံ ကို တွေး၍မြင်လိုက်သည်။ ပြီးလျှင် ''ဟုတ်တာပဲ။ မိခင်မှန်ရင် မယ်တော်မာရီတွေ ချည်းပဲ။ မယ်တော်မာရီဟာ အခြားမဟုတ်။ လူသားတွေဖြစ်ပြီး သူ့ရင်ခွင်ထဲက သားကလေးက လူသားတွေရဲ့ မျှော်လင့်အားထားချက်ဖြစ်တယ်'' ဟု သူ့စိတ်ထဲက တွေးမိသည်။

မှောင်ရိပ်မိနေသော လီဒါ၏မျက်နှာတွင် သူ့အတွင်းစိတ်သန္တာန်မှ ဖြစ်ပေါ် လာသော တည်ငြိမ်သည့် ရွှင်လန်းမှုသည် အရောင်ထလျက်ရှိသည်။ လီဒါ၏ မျက်နှာမှ ဖောက်ပြန်ခြင်းမရှိသော ကြင်နာစိတ်သည် တဖိတ်ဖိတ်တောက်လျက်ရှိသည်။ နီကိုလေ သည် ရုတ်တရက် ညှို့ချက်မိဘိသကဲ့သို့ ကြက်သေသေ၍သွားသည်။ သူ့စိတ်ထဲက လီဒါကို ချစ်ခင်ဖွယ်စကား ရိုးရိုးကလေးဖြင့် ပြောလိုသော ဆန္ဒပေါ်လာသည်။ သူသည် လီဒါနှင့် နီးကပ်စွာနေရ၍ သူ့စိတ်များသည် သန့်ရှင်းစင်ကြယ်၍လာပြီးလျှင် မကောင်း သောအမှုကို ပြုချင်သောဆန္ဒမရှိတော့ဘဲ အမွန်မြတ်ဆုံးအမှုကိုသာ ပြုချင်သော အာသီသဖြစ်ပေါ်၍ လာသည်။ သို့ရာတွင် သူ၏ညှို့ချက်မိသလိုဖြစ်သော အခြေအနေကို နှုတ်ဖြင့်လည်းကောင်း၊ ကိုယ်အမူအရာဖြင့်လည်းကောင်း၊ ပျက်ပြားသွားအောင် မလုပ်ဝံ့။ ဤနည်းဖြင့် နီကိုလေသည် သူ့ဇနီးကို ဘာစကားမျှမပြောဘဲ တိတ်ဆိတ်စွာကြည့် နေသည် ကျက်သရေမင်္ဂလာရှိစွာ ဦးခေါင်းကိုငုံ၍ လီဒါက ကလေးကို နို့တိုက်နေသည်။

အထက်မိုးကောင်းကင်ရှိ ဖြူဖွေးပါးလွှာသော တိမ်တိုက်တို့သည် ရုတ်တရက် တစ်ခဏမျှကွဲသွားသဖြင့် သူတို့တောင့်တအပ်သော အနွေးဓာတ်ကိုဆောင်သည့် နေရောင် သည် ထွန်းတောက်၍လာသည်။ တင်းကြပ်စွာပွေ့ဖက်တော့မည့် ဟန်ပြုလျက် နေရောင်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ခြည်တို့သည် နီကိုလေတို့ သားအမိသားအဖသုံးယောက်သို့ ကျလာသဖြင့် သူတို့၏ ပုံသဏ္ဌာန်သည် ရွှေမင်ဖြင့်ခြယ်သကဲ့သို့ဖြစ်နေပြီးလျှင် သူတို့ရှေ့တူရူက ဒေါင်းမြစ်သည် လည်း ရွှေရည်ဖြင့်လိမ်းထားသည့်ပမာ ဝင်းဝါ၍နေသည်။

အန်ဒရေကလေးသည် သူ့မိခင်၏ နို့ကိုလွှတ်၍ နေရှိရာဘက်သို့ လက်ဝါး ကလေးကို ဖြန့်ကာခံသည်။ ပြီးလျှင် နေကိုဖမ်း၍မိပြီးအထင်နှင့် သူ့လက်ဝါးကလေးကို သူ ကြည့်ကြည့်သည်။ ထို့နောက် ရုတ်တရက် ရယ်သည်။

နီကိုလေသည် ကလေးဘက်သို့ သူ့ကိုယ်ကို ငုံ့လိုက်ပြီးလျှင် လက်ကလေး ကို ကိုင်၍ နူးညွတ်သောစိတ်ဖြင့် နမ်းသည်။ ပြီးလျှင် ''သင်သည် ငါတို့အားလုံး၏ မျှော်လင့်အားထားရာပင်ဖြစ်သည်''ဟု ချိုသာစွာပြောသည်။

ကျယ်ဝန်းသော ဒေါင်းမြစ်ကြီးသည် တောင်ကမူကိုခန့်ညားစွာပတ်၍ သမုဒ္ဒရာ ဆီသို့လည်းကောင်း အနာဂတ်ကာလဆီသို့လည်းကောင်း ရှေ့ရှု၍စီးလျက်ရှိသည်။

※※※

သခင်ဘသောင်း

ကျော်မွေးစာပေမှ ထုတ်ဝေပြီး စာအုပ်များ

၁။ မောင်သာမည ယက်ဖ်တူရှင်ကိုနှင့် တွေ့ဆုံခြင်း
၂။ မောင်ဒီ သန်ျာပညာ ငါဆရာ
၃။ ရဲဘုန်းခေါင် မာရ်နတ်မင်း၏ ရယ်မောသံများ
၄။ ဟင်ဦးခက် ညဖြူဖြူ
၅။ ကျော်ဝင်း ပေါက္ခရဝသမိုး
၆။ တက္ကသိုလ်နေဝင်း မာဖီးယားကမ္ဘာ
၇။ ရဲဘုန်းခေါင်၊ မိုးမင်းသိမ်း နွေရာသီဇာတ်လမ်း နှင်းပွင့်တိုင်းပြည်
၈။ ခင်စောတင့် အမေဆောက်ခဲ့သော ရဲတိုက်ကြီးများ
၉။ တက္ကသိုလ်နေဝင်း သူသေကိုယ်သေ
၁၀။ မောင်ဒေး အပျော်စီးပင်လယ်
၁၁။ နတ်နွယ် မနေ့တစ်နေ့ကရွာတဲ့မိုး
၁၂။ တက္ကသိုလ်နေဝင်း အလောင်းပျောက်နေသောလူသတ်မှု
၁၃။ ရဲဘုန်းခေါင် ပိုးအကြိုခရမ်းပြာနှင့်လရောင်နဲ့လင်းတဲ့အရိပ်တွေ
၁၄။ တက္ကသိုလ်နေဝင်း လောကကိုအနိုင်ယူမယ်
၁၅။ တက္ကသိုလ်နေဝင်း ရှိုးဂန်း
၁၆။ တက္ကသိုလ်နေဝင်း လေယာဉ်ပေါ်မှလူသတ်မှု
၁၇။ စိုးစိုး(အင်ဂ်ပူ) ရူပဗေဒသမားတို့ရဲ့ စကြဝဠာ
၁၈။ မောင်လင်းယုန်(ရှမ်းပြည်) စွမ်းသူ့အားမာန်
၁၉။ ကျော်ကျော် ကြံမိကြံရာလျှို့ဝှက်ဆန်းကြယ်ဝတ္ထုတိုများ
၂၀။ ကျော်ဝင်း ဒုတိယအတွေး
၂၁။ တက္ကသိုလ်နေဝင်း လိင်သဘာဝသမိုင်း
၂၂။ တက္ကသိုလ်နေဝင်း ကမ္ဘာဖျက်အန္တရာယ်
၂၃။ နတ်နွယ် မနေ့တစ်နေ့က တိုက်တဲ့မုန်တိုင်း
၂၄။ သန်းထွန်း ဗြိတိသျှရာဇဝင်အကျဉ်း
၂၅။ တက္ကသိုလ်နေဝင်း လူမိုက်ဆိုရင်ဝင်ခဲ့
၂၆။ နတ်နွယ် ဝက်ပါ
၂၇။ သခင်ဘသောင်း သူခိုးအာမက်
၂၈။ တက္ကသိုလ်နေဝင်း သိက္ခာကိုရင်း၍
၂၉။ ကြည်မောင်သန်း ကဗျာ ၁၀၀ နှင့် ကဗျာဆရာကွယ်လွန်ခြင်း
၃၀။ အောင်ခင်မြင့် အဓိပ္ပာယ်မဲ့ပြဇာတ်
၃၀။ တက္ကသိုလ်နေဝင်း ဆပ်ကပ်
၃၂။ တက္ကသိုလ်နေဝင်း ရှီကော
၃၃။ ရဲဘုန်းခေါင် ဝတ္ထုတိုများ ၁

www.burmeseclassic.com